1541

သံယုတ်ပါဠိတော် ငါးကျမ်း၏ အနှစ်သာရများကို
သိပ်သည်း ပီပြင်စွာ ဖော်ပြထားသော

# ပိဋကအနှစ်ချုပ်
# သံယုတ္တနိကာယ်


## ဦးမောင်မောင်လေး

ပထမကျော်၊ ဓမ္မာစရိယ သိရောမဏိ
B.A; R.L.



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၈၅

သံယုတ်ပါဠိတော် ငါးကျမ်း၏ အနှစ်သာရများကို
သိပ်သည်း ပီပြင်စွာ ဖော်ပြထားသော

# ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်

## ဦးမောင်မောင်လေး

ပထမကျော် [illegible] သိရောမဏိ

B.A; R.L.
- ၁၅၄၁ -

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၈၅

ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်

ပထမနှိပ်ခြင်း ၁၉၈၅ ခု၊ ဩဂုတ်လ၊ အုပ်ရေ ၃၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ်(၀၂၅၂၇)က ထုတ်ဝေ၍၊ ဦးချစ်အောင် (၀၂၀၇) လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သံယုတ္တနိကာယ် နိဒါန်း

## ဆက်စပ်မှုရှိသော ဟောကြားချက်များ

ဗုဒ္ဓမြတ်စွာ မိန့်မြွက် ဟောကြားတော်မူခဲ့သော တရားတော်များကို ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့်ငါးရပ် သတ်မှတ်ပိုင်းခြား၍ ထားရာတွင် သံယုတ္တနိကာယ်သည် သုတ္တန္တပိဋကတွင် ပါဝင်သော တတိယမြောက် နိကာယ်ဖြစ်ပေသည်။

ပထမသင်္ဂါယနာ၌ ဝိနယ(ဝိနည်းငါးကျမ်း)ကို ရှေးဦးစွာ သင်္ဂါယနာတင်ပြီးနောက် ဒီဃနိကာယ်ကိုလည်းကောင်း၊ ဒီဃနိကာယ်၏ အခြားမဲ့၌ မဇ္ဈိမနိကာယ်ကိုလည်းကောင်း၊ မဇ္ဈိမနိကာယ်၏ အခြားမဲ့၌ သံယုတ္တနိကာယ်ကိုလည်းကောင်း အသီးသီး၊ သင်္ဂါယနာတင်ခဲ့ကြသည်။ ထို့ပြင် သင်္ဂါယနာတင်ပြီးနောက်ပိုင်းတွင် ထိုနိကာယ်ကျမ်းကြီးများအား အရှည်သဖြင့်မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားရန်အတွက်....

ဒီဃနိကာယ်ကို ရှင်အာနန္ဒာနှင့် တပည့်များအားလည်းကောင်း၊
မဇ္ဈိမနိကာယ်ကို ရှင်သာရိပုတ္တရာ၏ တပည့်များအားလည်းကောင်း၊
သံယုတ္တနိကာယ်ကို ရှင်မဟာကဿပနှင့် တပည့်များအားလည်းကောင်း အသီးသီး တာဝန်ပေးအပ်ခဲ့ကြောင်း အဋ္ဌကထာ ဖွင့်ဆိုချက်များအရ သိရပေသည်။

"သံယုတ္တ" ဟူသော ပါဠိ ဝေါဟာရမှာ ပင်ရင်းသဒ္ဒါနက်အားဖြင့် "ကောင်းစွာ၊ သို့မဟုတ် အတူတကွ ယှဉ်တွဲပေါင်းစပ်ထားသောအရာ"ဟူ၍ အနက်ထွက်ပါသည်။ "သံယုတ္တနိကာယ်"မှ "သံယုတ္တ"၏ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို လူအများ နားလည်သဘောပေါက်စေရန် ခပ်လွယ်လွယ်ပြန်ဆိုရသော် "အချင်းချင်း ဆက်စပ်မှုရှိသော ဟောကြားချက်များ"ဟု ပြန်ဆိုလျှင် သင့်မည်ထင်ပါသည်။ ဤပြန်ဆိုချက်ကို ပေါ်လွင်စေရန် သံယုတ္တနိကာယ်၏ ဖွဲ့စည်းပုံကို အကြမ်းဖျင်းအားဖြင့် ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။

# နိဒါန်း

## သံယုတ်ငါးကျမ်းနှင့် ဖွဲ့စည်းပုံ

သံယုတ္တနိကာယ်[၁] ကို (၁) သဂါထာဝဂ်၊ (၂) နိဒါနဝဂ်၊ (၃) ခန္ဓဝဂ်၊ (၄) သဠာယတနဝဂ်၊ (၅) မဟာဝဂ် ဟူ၍ ကျမ်းအားဖြင့် ငါးကျမ်းခွဲခြားထား၏။

ထိုငါးကျမ်းတို့တွင် ပထမဦးဆုံးဖြစ်သော သဂါထာဝဂ္ဂကျမ်း၌ ဂါထာ (လင်္ကာ)နှင့်တကွဖြစ်သော သုတ်ပေါင်း(၂၇၁)သုတ် ပါရှိ၏။ ထိုသုတ်များကိုလည်း အမည်မထင်ရှားသော နတ်တို့နှင့်စပ်သော ဟောကြားချက်များကို ဒေဝတာသံယုတ်၊ အမည်ထင်ရှားသော နတ်သားတို့နှင့်စပ်သော ဟောကြားချက်များကို ဒေဝပုတ္တသံယုတ်၊ ကောသလမင်းနှင့်စပ်သော ဟောကြားချက်များကို ကောသလသံယုတ် စသည်ဖြင့် သံယုတ်ခေါ် အခန်းပေါင်း (၁၁)ခု ခွဲခြားထား၏။ ယေဘုယျအားဖြင့်ခြုံ၍ပြောမည်ဆိုလျှင် ပထမဦးဆုံးဖြစ်သော သဂါထာဝဂ္ဂကျမ်း၌ နတ်၊ မာရ်နတ်၊ ဗြဟ္မာ၊ သိကြားမင်း၊ နတ်ဘီလူး၊ ကောသလမင်း၊ ရှင်ဝင်္ဂီသမထေရ်၊ ပုဏ္ဏား၊ ဘိက္ခုနီ၊ တောနေရဟန်းတို့နှင့် သက်ဆိုင်သော ဟောကြားချက်များကို အခန်းပေါင်း (၁၁)ခန်းဖြင့် စီစဉ်ဖွဲ့စည်းထားပေသည်။

ဒုတိယမြောက်ဖြစ်သော နိဒါနဝဂ္ဂ ကျမ်း၌ သုတ်ပေါင်း (၄၁၈) သုတ် ပါရှိပြီး ယင်းတို့အနက် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်း (ပဋိစ္စသမုပ္ပါဒ်တရား)နှင့် စပ်သော ဟောကြားချက်များကို နိဒါနသံယုတ်၊ သစ္စာလေးပါးကို သိမြင်ခြင်းနှင့်စပ်သော ဟောကြားချက်များကို အဘိသမယသံယုတ်၊ ဓာတ်သဘောနှင့်စပ်သော ဟောကြားချက်များကို ဓာတုသံယုတ် စသည်ဖြင့် သံယုတ်ခေါ် အခန်းပေါင်း (၁၀)ခန်း ခွဲခြားထား၏။ ယေဘုယျအားဖြင့် ခြုံ၍ပြောမည်ဆိုလျှင် ဒုတိယမြောက်ဖြစ်သော နိဒါနဝဂ္ဂကျမ်း၌ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါးကို သိမြင်ခြင်း၊ ဓာတ်သဘော၊ အစမရှိသောသံသရာ၊ လာဘသက္ကာရတို့နှင့် သက်ဆိုင်သော ဟောကြားချက်များ၊ ရှင်မဟာကဿပ၊ ရှင်ရာဟုလာ၊ ရှင်လက္ခဏတို့နှင့် သက်ဆိုင်သော ဟောကြားချက်များ၊ အဝိဇ္ဇာစသော တရားသဘောများကို ဥပမာဆောင်၍ ဟောကြားချက်များ ပါဝင်ပေသည်။

---

၁။ လန်ဒန် ပါဠိကျမ်းစာအသင်းက သံယုတ္တနိကာယ်ကို Kindred Sayings Of Buddha ဟုပြန်ဆိုပါသည်။

တတိယမြောက်ဖြစ်သော ခန္ဓဝဂ္ဂကျမ်း၌ သုတ်ပေါင်း (၇၁၆) သုတ်ပါရှိပြီး ယင်းတို့အနက် ခန္ဓာငါးပါးနှင့်စပ်သော ဟောကြားချက်များကို ခန္ဓသံယုတ်၊ ရှင်ရာဓနှင့်စပ်သော ဟောကြားချက်များကို ရာဓသံယုတ်၊ အယူမှားခြင်းနှင့် စပ်သော ဟောကြားချက်များကို ဒိဋ္ဌိသံယုတ် စသည်ဖြင့် သံယုတ်ခေါ် အခန်းပေါင်း (၁၃)ခု ခွဲခြားထား၏။ ထိုအခန်း (၁၃)ခုတို့၌ ပါဝင်သော ဟောကြားချက်များမှာ ခန္ဓာငါးပါး၊ အယူမှားဖြစ်ပေါ်ခြင်း၊ မြဲသောသဘောသို့ သက်ရောက်ခြင်း၊ ဒုက္ခဖြစ်ပေါ်ခြင်း၊ ကိလေသာဆယ်ပါး၊ ဈာန်ဝင်စားခြင်းတို့နှင့်စပ်သော ဟောကြားချက်များ၊ ရှင်ရာဓ၊ ရှင်သာရိပုတ္တရာ၊ ဝစ္ဆဂေါတ္တ ပရိဗိုဇ်တို့နှင့်စပ်သော ဟောကြားချက်များ၊ နဂါး၊ ဂဠုန်၊ ဂန္ဓဗ္ဗနတ်၊ ဝလာဟကနတ်တို့နှင့်စပ်သော ဟောကြားချက်များ ဖြစ်ပေသည်။

စတုတ္ထမြောက်ဖြစ်သော သဠာယတနဝဂ္ဂကျမ်း၌ သုတ်ပေါင်း (၄၃၃) သုတ် ပါရှိပြီး ယင်းတို့အနက် အာယတန ၆ပါးနှင့်စပ်သော ဟောကြားချက်များကို သဠာယတန သံယုတ်၊ ဝေဒနာနှင့်စပ်သော ဟောကြားချက်များကို ဝေဒနာသံယုတ်၊ မိန်းမတို့နှင့်စပ်သော ဟောကြားချက်များကို မာတုဂါမ သံယုတ်စသည်ဖြင့် သံယုတ်ခေါ် အခန်းပေါင်း (၁၀)ခု ခွဲခြားထား၏။ ထိုအခန်း (၁၀)ခုတို့၌ ပါဝင်သော ဟောကြားချက်များမှာ အာယတန ခြောက်ပါး၊ ဝေဒနာ သုံးပါး၊ အသင်္ခတ တရား၊ ဗုဒ္ဓက ဟောကြားခြင်း မပြုသော အဗျာကတ ပြဿနာများ၊ မာတုဂါမ (မိန်းမ)တို့နှင့်စပ်သော ဟောကြားချက်များ၊ ရှင်မောဂ္ဂလ္လာန်၏ ဟောကြားချက်များ၊ ဇမ္ဗုခါဒက ပရိဗိုဇ်၊ သာမဏ္ဍကပရိဗိုဇ်၊ စိတ္တသူကြွယ်၊ စဏ္ဍ စသော ရွာသူကြီးများနှင့် စပ်သော ဟောကြားချက်များ ဖြစ်ပေသည်။

သံယုတ်ငါးကျမ်းတွင် ပဉ္စမမြောက်ဖြစ်သော မဟာဝဂ္ဂကျမ်း၌ သုတ်ပေါင်း (၁၂၀၁)သုတ် ပါရှိ၏။ ဤကျမ်းသည် သံယုတ် ငါးကျမ်းအနက် သုတ်အရေအတွက် အများဆုံးကျမ်း၊ ပမာဏလည်း အကြီးဆုံးကျမ်းဖြစ်၏။ ထို့ကြောင့်ပင် 'မဟာဝဂ္ဂ'ဟူ၍ အမည်တပ်ထားခြင်းဖြစ်သည်ဟု ယူဆရပေသည်။ ဤမဟာဝဂ္ဂကျမ်း၌ မဂ္ဂင်ရှစ်ပါးနှင့်စပ်သော ဟောကြားချက်များကို မဂ္ဂသံယုတ်၊ ဗောဇ္ဈင်ခုနစ်ပါးနှင့်စပ်သော ဟောကြားချက်များကို ဗောဇ္ဈင်သံယုတ် စသည်ဖြင့် သံယုတ်ခေါ် အခန်း(၁၂)ခု ခွဲခြားထား၏။ ထိုအခန်း (၁၂)ခုတို့၌ ပါဝင်သော အကြောင်းအရာများမှာ မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ သတိပဋ္ဌာန်လေးပါး၊ ဣန္ဒြေငါးပါး၊ သမ္မပ္ပဓာန် လေးပါး၊

ဗိုလ် ငါးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဈာန် လေးပါး၊ အာနာပါနသတိ၊ သောတာပန်၏အင်္ဂါ၊ သစ္စာလေးပါး စသောတရားများ နှင့် ရှင်အနုရုဒ္ဓါနှင့် စပ်သော ဟောကြားချက်များဖြစ်ပေသည်။

ဤသို့လျှင် သံယုတ္တနိကာယ်၌ 'ဝဂ္ဂ' (ဝဂ်)ဟု အမည်တပ်ထားသော ကျမ်းကြီးငါးကျမ်း ရှိပြီး ထိုကျမ်းအသီးသီး၌လည်း 'သံယုတ်'ဟုခေါ်သော အခန်းပေါင်း အနည်းဆုံး (၁၀)ခုမှ အများဆုံး(၁၃)ခုအထိပါဝင်ကြောင်း တွေ့ရှိရသည်၊ ငါးကျမ်းပေါင်းသော် သံယုတ်ပေါင်း (၅၆)ခု၊ သုတ်ပေါင်း (၃၀၄၂) သုတ် ရေတွက်ရရှိ၏။ သို့သော် ဤသုတ်အရေအတွက်မှာ ဆဋ္ဌသင်္ဂါယနာမူအရ အမှတ်စဉ်ဖြင့် တိုက်ရိုက်ဖော်ပြထားသော သုတ်များကိုသာ ရေတွက်ခြင်းဖြစ်၏။

အဋ္ဌကထာဆရာကမူ

သတ္တ သုတ္တသဟဿာနိ၊ သတ္တ သုတ္တသတာနိစ၊
ဒွါသဋ္ဌိစေဝ သုတ္တာနိ၊ ဧသော သံယုတ္တသင်္ဂဟော။

ဟူ၍ သံယုတ္တနိကာယ်၌ သုတ်ပေါင်း (၇၇၆၂)သုတ် ပါရှိကြောင်းဖွင့်ဆိုခဲ့သည်။ သံယုတ်(၅၆)ခုကို ခြုံ၍ကြည့်သော် သံယုတ္တနိကာယ် ဟူသည် ဟောကြားအပ်သော အကြောင်းအရာ၊ ဟောကြားသောပုဂ္ဂိုလ်၊ နာခံသော ပုဂ္ဂိုလ် စသည်အားဖြင့် ဆက်စပ်မှုရှိသော ဟောကြားချက်များကို တူရာတူရာ စုစည်းပေါင်းစပ်ထားသော နိကာယ်ကြီးဖြစ်ကြောင်း[illegible]လာသိရှိရပေသည်။

အထက်ဖော်ပြချက်များအရ ဤသံယုတ္တနိကာယ်သည် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်တို့ထက် သုတ် အရေအတွက် အားဖြင့် မနှိုင်းယှဉ်သာအောင် များပြားကြောင်း တွေ့ရှိရပေမည်။ သို့သော် ဤသံယုတ္တနိကာယ်လာ သုတ်များသည် ယခင်နိကာယ်ကြီးနှစ်ရပ်မှ သုတ်များလောက် အတိုင်းအတာအား ဖြင့် ရှည်လျားခြင်းမရှိပဲ အများအားဖြင့် သုတ်တိုကလေး များသာ ဖြစ်၏။ အတော်အတန်ရှည်လျားသော သုတ်များကား အနည်းငယ်မျှသာ ပါရှိ၏[၁]။ ဤသို့အများအားဖြင့် သုတ်တိုကလေးများသာ ပါရှိခြင်းမှာလည်း သဘာဝ ကျသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ၏ ဟောကြားချက်များ အနက် ရှည်လျားသော ဟောကြားချက်များသည် ဒီဃနိကာယ်၌လည်းကောင်း၊ အလယ်အလတ်ဖြစ်သော ဟောကြားချက်များသည် မဇ္ဈိမနိကာယ်၌လည်း ကောင်း ပါဝင်ခဲ့ပြီးသောကြောင့် ဖြစ်ပေသည်။

---

၁။ သဠာယတနဝဂ်၊ ဂါမဏိသံယုတ်မှ ရာသိယသုတ်နှင့် ပါဋလိယသုတ်။

# သံယုတ္တနိကာယ်၏ ပမာဏ

သံယုတ္တနိကာယ်၏ အနေအထားကို သာမန်လူများ ခန့်မှန်းနိုင်စေရန် ပြီးခဲ့သော နိကာယ်ကြီးနှစ်ရပ်နှင့် နှိုင်းယှဉ်ဖော်ပြပါဦးမည်။ ဒီဃနိကာယ်သည် ကျမ်းအားဖြင့် သုံးကျမ်းရှိ၍ သုတ်ပေါင်း (၃၄) သုတ် ပါဝင်ပြီး ဆဋ္ဌမူ(စာသား) စာမျက်နှာ(၆၆၄)မျက်နှာ ရှိ၏။ အာဂုံဆောင်ပုဂ္ဂိုလ်တို့၏ (တခွတ်စာ)ဟု ဆိုအပ်သော ဘာဏဝါရအားဖြင့် (၆၄) ဘာဏဝါရ ရှိ၏။ မဇ္ဈိမနိကာယ်သည် ကျမ်းအားဖြင့် သုံးကျမ်းရှိ၍ သုတ်ပေါင်း(၁၅၂)သုတ် ပါဝင်ပြီး ဆဋ္ဌမူ(စာသား)စာမျက်နှာ(၁၂၀၆)မျက်နှာ ရှိ၏။ ဘာဏဝါရအားဖြင့်ကား (၈၀)ရှိသည်ဟု ဆို၏။ သံယုတ္တနိကာယ်ကား ကျမ်းအားဖြင့် ငါးကျမ်း ရှိ၍ သုတ်ပေါင်း သုံးထောင်ကျော် (အဋ္ဌကထာအဆိုအရ ခုနစ်ထောင်ကျော်)ပါဝင်ပြီး ဆဋ္ဌမူ (စာသား) စာမျက်နှာ (၁၄၅၄)မျက်နှာ ရှိ၏။ ဘာဏဝါရအားဖြင့် (၁၀၀)တိတိရှိကြောင်း အဋ္ဌကထာ၌ ဖော်ပြ၏။

သံယုတ္တနိကာယ်တွင် ပါဝင်သော သုတ်များအနက် အများစုတို့မှာ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားသော (ဗုဒ္ဓဘာသိတ)သုတ်များဖြစ်၏။ သို့သော် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန် စသော တပည့်သာဝကကြီးများ ဟောကြားသည့် (သာဝကဘာသိတ) သုတ်တို့ကိုလည်း အတော်များများ တွေ့ရှိရ၏။ စင်စစ်အားဖြင့် ရှင်သာရိပုတ္တရာစသော တပည့်သာဝကကြီးများ၏ ဟောကြားချက်များမှာ ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်ကိုပင် တဆင့်ပြန်၍ ဟောကြားခြင်း၊ သို့မဟုတ် ဗုဒ္ဓမြတ်စွာ၏ အလိုတော်နှင့်ညီစွာ ဟောကြားခြင်းဖြစ်၍ ဗုဒ္ဓဘာသိတနှင့် ထပ်တူယုံကြည်လေးစားအပ်သော ဟောကြားချက်များဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာသည် သုတ္တန်ဒေသနာများကို ဟောကြားရာ၌ နာခံသူ၏ အသိဉာဏ် အနုအရင့်နှင့် 'အဇ္ဈာသယ' ခေါ် အလိုအကြိုက် စရိုက် ဓာတ်ခံစသော အကြောင်းများအားလျော်စွာ အကြောင်းအရာတခုကိုပင် အချို့သုတ်၌ အကျဉ်းအားဖြင့်သာ ဟောကြားပြီး အချို့သုတ်များတွင်မူ အကျယ်နည်းဖြင့်ဖြစ်စေ၊ မကျဉ်းမကျယ်နည်းဖြင့်ဖြစ်စေ ဟောကြားခြင်း ပြုလေသည်။ ထို့ပြင် ပုဂ္ဂိုလ်တဦးအား ဟောကြားခဲ့သော အကြောင်းအရာကိုပင် အခြား ပုဂ္ဂိုလ်တဦးအား ထပ်တူထပ်မျှ ပြန်၍ဟောကြားခြင်း၊ ပုဂ္ဂိုလ်တဦးတည်းအားပင် အချိန်ကာလအမျိုးမျိုး၌ အကြောင်းအရာအမျိုးမျိုး ပြောင်းလဲ ဟော

ကြားခြင်းများလည်း ရှိ၏။ ဥပမာ နိဒါနသံယုတ်လာ သုတ်ပေါင်း(၇၃) သုတ်တို့မှာ အကြောင်းအရာ တမျိုးတည်းကိုပင် အခြေခံ၍ ပုဂ္ဂိုလ်အမျိုးမျိုး အား နည်းအမျိုးမျိုးဖြင့် ဟောကြားခြင်းဖြစ်၏။ ကောသလသံယုတ်လာ သုတ်ပေါင်း(၂၅)သုတ်တို့ကား ပုဂ္ဂိုလ်ဘဦးတည်းအားပင် အချိန်ကာလ အမျိုးမျိုး၌ အကြောင်းအရာအမျိုးမျိုး ပြောင်းလဲ ဟောကြားခြင်း ဖြစ်၏။ ထို့ကြောင့် ဤသံယုတ္တနိကာယ်၌ ထပ်တူထပ်မျှဖြစ်သောသုတ်များ၊ အကြောင်း အရာတူပြီး ဟောပုံဟောနည်းသာ ကွဲပြားသောသုတ်များနှင့် အမည်တူ သုတ် များကို တွေ့ရမည်ဖြစ်ကြောင်း ကြိုတင် သိရှိထားရန် လိုပေသည်။

## သံယုတ္တနိကာယ်၏ အနှစ်သာရများ

ဤသံယုတ္တနိကာယ်ကား သုတ်အရေအတွက် များပြား၍ ကျမ်းပမာဏ ကြီးမားသည်နှင့်အမျှ ပါဝင်သော အကြောင်းအရာတို့မှာလည်း လွန်စွာ ထွေပြား မြားမြောင်လှပေသည်။ အထက်တွင် ဖော်ပြခဲ့သည့် သံယုတ်ခေါင်း အခန်း(၅၆)ခုတို့သည် ဤသံယုတ္တနိကာယ်တွင်ပါဝင်သော အကြောင်းအရာ တို့၏ အဓိကခေါင်းစဉ်များဖြစ်သည်ဟု ဆိုနိုင်၏။ သို့သော် ထိုအဓိကခေါင်းစဉ် တို့၏ အောက်၌ ပါဝင်သော အကြောင်းအရာ အချက်အလက် အသေးစိတ် တို့ကိုမူ ဂဏန်းတပ်၍ ရေတွက်ဖော်ပြရန် မစွမ်းနိုင်ပါချေ။

## နတ်တို့၏ လျှောက်ကြားချက်များ

ပထမဦးဆုံးဖြစ်သော သဂါထာဝဂ္ဂကျမ်း၏ ဒေဝတာသံယုတ်၊ ဒေဝပုတ္တ သံယုတ်တို့၌ ပါရှိသော နတ်တို့၏ လျှောက်ကြားမေးမြန်းချက်များမှာ စိတ် ဝင်စားဖွယ်ကောင်းလှပေသည်။ အဘယ်ကြောင့်ဆိုသော် နတ်တို့၏လျှောက် ကြားမေးမြန်းချက်များဖြစ်သော်လည်း နတ်ပြည်လောက၏ တန်ခိုးဂုဏ်သိန် စည်းစိမ်ချမ်းသာတို့ကို အမွှမ်းတင်ခြင်းမဟုတ်ပဲ သံသရာဝဲသြဃမှ ကူးမြောက် ရေး၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေး၊ သေခြင်းကင်းရေး၊ ကိလေသာ အညစ် အကြေးကင်းစင်ရေး စသော လောကုတ္တရာအကျိုး စီးပွားကို ဦးတည်သော လျှောက်ကြား ချက်များ ဖြစ်ကြောင်း တွေ့ရှိရသောကြောင့် ဖြစ်ပေသည်။

ဒေဝတာသံယုတ်လာ နတ်တို့၏ မေးလျှောက်ချက်များမှ ထူးခြားချက် တခုကို ထုတ်ပြရမည်ဆိုလျှင် -

"အရှင်ဂေါတမ သတ္တဝါအပေါင်းသည် အတွင်းရှုပ်၊ အပြင်ရှုပ် ဟူသော ရှုပ်ထွေးခြင်းနှစ်မျိုးဖြင့် ရှုပ်ထွေး၍ နေပါသည်။ အရှင်ဂေါတမအား ကျွန်ုပ် မေးလျှောက်ပါသည်။ အဘယ်သူသည် ဤအရှုပ်အထွေး နှစ်မျိုးကို ဖြေရှင်းနိုင်ပါမည်နည်း" ဟူ၍ နတ်သားတပါးက ဗုဒ္ဓအား မေးလျှောက်၏။

ထိုအမေးကို ဗုဒ္ဓက

"အချင်းနတ်၊ ပင်ကိုဉာဏ်၊ ထိုးထွင်းဉာဏ်၊ ပြင်းစွာအားထုတ်ခြင်း လုံ့လဝီရိယတို့နှင့် ပြည့်စုံသော ရဟန်းသည် သီလ၌တည်၍ စိတ်ကိုလည်းကောင်း၊ ဝိပဿနာဉာဏ်ကိုလည်းကောင်း ပွားစေသည်ရှိသော် ဤ အရှုပ်အထွေး နှစ်မျိုးကို ဖြေရှင်းနိုင်ပေရာ၏" ဟု ဖြေကြားခဲ့လေသည်။

ဤဖြေကြားချက်မှာ ပိဋကတ်သုံးပုံ၏ အနှစ်သာရဖြစ်သော သီလ၊ သမာဓိ၊ ပညာ သုံးပါးလုံးကို ခြုံငုံမိသော ဖြေကြားချက်ဖြစ်၍ အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသက ထိုအမေးအဖြေ ဂါထာနှစ်ပုဒ်ကို အခြေပြုကာ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ရေးသားခဲ့လေသည်။

## ကောသလမင်းကြီးအား ဟောကြားချက်များ

နိကာယ်ငါးရပ်တွင်ပါဝင်သော ဗုဒ္ဓ၏ ဟောကြားချက်များသည် အဓိကအားဖြင့် မွေးခြင်း၊ သေခြင်း၊ အစရှိသော ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက်ရေးတည်းဟူသော လောကုတ္တရာအကျိုးကို ရှေးရှုသော ဟောကြားချက်များ ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓသည် ထိုအဓိက ဦးတည်ချက်နှင့် မဆန့်ကျင်သည့် ဘဝလမ်းညွှန်ချက်များကိုလည်း အခါအခွင့် အားလျော်စွာ ဟောကြားခဲ့သည်သာဖြစ်၏။ သာဓကတို့ပြရှင် ဘုရင်ကောသလသည် ဗုဒ္ဓနှင့် တွေ့စအချိန်က အသက်အရွယ်အားဖြင့်လည်းကောင်း၊ ရဟန်းဝါအားဖြင့် လည်းကောင်း မကြီးလှသေးသော ဗုဒ္ဓအား ပုရာဏကဿပ အစရှိသော လက်ဟောင်းဂိုဏ်းဆရာကြီးများလောက် အထင်မကြီးသည့်စကားကို လျှောက်ကြားခဲ့၏။ ထိုအခါ ဗုဒ္ဓက လောက၌ မင်းမျိုး၊ မြွေ၊ မီး၊ ရဟန်းဟူသော အရာလေးမျိုးကို သေးငယ်သည်ဟူ၍ အထင်မသေးအပ်ကြောင်း မိန့်ကြားခဲ့၏။ ဤမိန့်ကြားချက်မှာ လောကသဘာဝအားဖြင့် ထင်ရှားသော လမ်း

ညွှန်ချက် ဖြစ်သည်နှင့်အမျှ လူသားတိုင်း ဧ့မြဲမပြတ် သတိမူသင့်သော အချက်လည်း ဖြစ်ပေသည်။

ကောသလမင်းကြီးသည် ပါရမီအခြေခံနှင့် အသိဉာဏ် မရင့်ကျက်သေးသူ ဖြစ်၍ မျက်မှောက်ဘဝ၌ လောကုတ္တရာ တရားထူးကို သိမြင်နိုင်မည် မဟုတ်ကြောင်း ဗုဒ္ဓမြတ်စွာက ကြိုတင်သိမြင်တော်မူခဲ့၏။ သို့ရာတွင် ဗုဒ္ဓသည် ကောသလမင်းကြီးအား သူ၏ အသိဉာဏ်နှင့်ထိုက်တန်သော ဆုံးမဩဝါဒ စကားများကို အခါအခွင့်သင့်တိုင်း မိန့်ကြားတော်မူခဲ့၏၊ စစ်ရှုံး၍ စိတ်ပျက်နေစဉ်၌လည်းကောင်း၊ မလ္လိကာ မိဖုရားမှ သားမမွေးပဲ သမီးမွေး၍ စိတ်မကျေနပ်ဖြစ်နေစဉ်၌ လည်းကောင်း၊ အဘွားဖြစ်သူ ကွယ်လွန်၍ ပူဆွေးသောကရောက်နေစဉ်၌လည်းကောင်း၊ ဖြေသိမ့်သောစကားများကို မိန့်ကြားခဲ့၏။ အဆုံးစွန်အားဖြင့် နေ့စဉ်ဆန်တစိတ်ချက် ထမင်းကိုစားသဖြင့် မအီမသာ ဖြစ်နေသော ကောသလမင်းကြီးအား ဆန်တစလယ်ချက်မျှဖြင့် တင်းတိမ်အောင် သတိပေး ဆုံးမခဲ့ရာ မြတ်စွာဘုရားသည် ငါ့အား စေတနာ သံသရာ နှစ်ဖြာသော အကျိုးဖြင့် ညွှန်ကြား ဆုံးမတော်မူပေသည်’ ဟူ၍ ကောသလမင်းကြီးက မြွက်ဟ ပြောဆိုခဲ့လေသည်။

## ပဋိစ္စသမုပ္ပါဒ်ဒေသနာ

သံယုတ္တနိကာယ်၏ ဒုတိယမြောက်ဖြစ်သော နိဒါနဝဂ္ဂကျမ်းမှ ပထမဆုံး ဖြစ်သော နိဒါနသံယုတ်သည် ‘‘အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ သင်္ခါရတို့ကြောင့် ဝိညာဏ်သည်ဖြစ်၏’’ စသော ပဋိစ္စသမုပ္ပါဒ်နည်းကို ဟောကြားသော သုတ်များဖြစ်၏။ စင်စစ်အားဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းကို ပြည့်စုံကျယ်ဝန်းစွာ ဟောကြားသော မဟာနိဒါနသုတ်သည် ဒီဃနိကာယ်၌ ပါရှိခဲ့ပြီး ဖြစ်၏။ ဤနိဒါန သံယုတ်မှ သုတ်များမှမူ ပဋိစ္စသမုပ္ပါဒ်နည်းကို အကျဉ်းနည်းအားဖြင့် လည်းကောင်း၊ မေးခွန်းပြဿနာအမျိုးမျိုး၊ ဥပမာအမျိုးမျိုးတို့နှင့် ယှဉ်လျက် မကျဉ်းမကျယ်နည်းဖြင့်လည်းကောင်း ဟောကြားသော သုတ်များဖြစ်၏။ မည်သို့ပင်ဖြစ်စေကာ၊ ကံ၏ အကျိုးကို ယုံကြည်သက်ဝင်၍ အစွန်းနှစ်ပါးမှ ကင်းလွတ်သော မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို ပီပြင်ပြတ်သားစွာ တွေ့မြင်ရေးအတွက် ပဋိစ္စသမုပ္ပါဒ်ကို ကျယ်ကျယ်လေ့လာလိုလျှင် အဘိဓမ္မပိဋကဝိဘင်း ပါဠိတော်မှ ပဋိစ္စသမုပ္ပါဒ်ဝိဘင်းနှင့်တကွ ဒီဃနိကာယ်မှ မဟာနိဒါနသုတ်၊ ဤသံယုတ္တနိကာယ်မှ နိဒါနသံယုတ်တို့ကို လက်မလွှတ်တမ်း ဖတ်ရှုလေ့လာဖို့လိုအပ်ကြောင်း တင်ပြလိုပါသည်။

## ခန္ဓာငါးပါးနှင့်စပ်၍

သံယုတ္တနိကာယ်၏ တတိယမြောက်ဖြစ်သော ခန္ဓဝဂ္ဂကျမ်းမှ ပထမဦးဆုံးဖြစ်သော ခန္ဓသံယုတ်သည် ခန္ဓာငါးပါးနှင့်စပ်သော ဟောကြားချက်များကို စုစည်းထားခြင်းဖြစ်၏၊ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးသည် ချမ်းသာခြင်း ဆင်းရဲခြင်းတို့၏ တည်ရာဖြစ်၏။ သတ္တဝါတဦးသည် ဤဘဝမှ ခန္ဓာကိုယ် ပျက်စီး၍ သေလွန်သွားသည့်အခါ မပျက်စီးဘဲ ကျန်ရှိနေပြီး ဘဝသစ်သို့ ကူးပြောင်းသွားသည့် 'အတ္တ'ခေါ် ဝိညာဉ်ကောင် ရှိသည်ဟူသော အယူအဆမှာ ဤကမ္ဘာလောက၌ ဒေလွန်ကျယ်ပြန့်စွာ လွှမ်းမိုး တည်ရှိနေသော အယူအဆဖြစ်၏။ ဗုဒ္ဓဝါဒ အလိုအားဖြင့်ကား ထိုအတ္တဟူသည် အမှန်တကယ်မရှိ၊ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးကိုပင် အတ္တဟု စွဲလမ်း ထင်မှတ်နေကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် ခန္ဓာငါးပါး၌ တပ်မက်စွဲလမ်း မှုကင်းပျောက်ရေး၊ ခန္ဓာငါးပါး၏ မမြဲခြင်း အနိစ္စလက္ခဏာ၊ ဆင်းရဲခြင်း ဒုက္ခလက္ခဏာနှင့်အတ္တမဟုတ်ခြင်း အနတ္တလက္ခဏာတို့ကို ဗုဒ္ဓသည် ထပ်တလဲလဲ ဟောကြားခဲ့၏။ ဗုဒ္ဓ၏တရားဦးဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်ကို ကြားနာရ၍ သစ္စာလေးပါးကို သိမြင်ပြီးသော ပဉ္စဝဂ္ဂီရဟန်းတို့အား အတ္တစွဲ အကြွင်းမဲ့ ကင်းပျောက်ရေးအတွက် အနတ္တလက္ခဏာသုတ်ကို ဆက်လက်ဟောကြားတော်မူခဲ့ရ၏။ ဤခန္ဓသံယုတ်၌ အဆိုပါ အနတ္တလက္ခဏာသုတ်နှင့်တကွ ခန္ဓာငါးပါးအပေါ် အသိအမြင် မှန်ကန်ရေးအတွက် အကြောင်းအထူးပြုတ် အားလျော်စွာ ဥပမာအမျိုးမျိုး၊ ယုတ္တိသာဓက အမျိုးမျိုးဖြင့် ဟောကြားအပ်သော သုတ်ပေါင်း (၁၅၉) သုတ်မျှ ပါရှိသည်။ ထို့ပြင်ဤခန္ဓသံယုတ်၌ ခန္ဓာငါးပါးနှင့်စပ်သော ဟောကြားချက်များကို ကြားနာရ၍ တရားထူးရရှိကြသည့် ရှင်ရာဓ၊ ရှင်သုရာဓ၊ ရှင်အာနန္ဒာ၊ ရှင်တိဿ၊ ရှင်ယမက၊ ရှင်ခေမက၊ ရှင်ဝက္ကလိ၊ ရှင်ဆန္နစသော ပုဂ္ဂိုလ်များအကြောင်းကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိရပေသည်။

## အာယတန ခြောက်ပါး

သံယုတ္တနိကာယ်၏ စတုတ္ထမြောက်ဖြစ်သော သဠာယတနဝဂ္ဂကျမ်းကို သဠာယတနသံယုတ်ဖြင့် အစပြုထား၏။ 'သဠာယတန'ဟူသော ဝေါဟာရသည် ဆ+အာယတနမှ သဒ္ဒါနည်းအရ ပြောင်းလဲလာခြင်းဖြစ်၏။ ဆ= ခြောက်ပါး။ အာယတန=အသိစိတ်၏ တည်ရာဖြစ်သော တရား။ တနည်း

ဆိုသော် အသိစိတ် ဖြစ်ပေါ်လာကြောင်းဖြစ်သော တရားဟူ၍ အဓိပ္ပာယ်ရပေသည်။

အသိစိတ်ဖြစ်ပေါ်လာကြောင်းဖြစ်၍ အာယတနဟု ခေါ်ဆိုခြင်း နှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းရန် လိုပါသည်။ သတ္တဝါတို့သန္တာန်၌ စက္ခုပသာဒခေါ် မျက်စိအကြည်ဓာတ်နှင့် မြင်ရမှု ရူပါရုံတို့ ပေါင်းဆုံထိခိုက်မှုရှိမှသာ စက္ခုဝိညာဏ်ခေါ် မျက်စိအသိစိတ် ဖြစ်ပေါ်လာနိုင်သည်၊ ထိုနှစ်ပါးမရှိပဲ မျက်စိအသိစိတ် ဖြစ်ပေါ်မလာနိုင်ပေ။ ထို့ကြောင့် စက္ခုပသာဒနှင့် ရူပါရုံတို့ကို မျက်စိအသိစိတ်ဖြစ်ပေါ်လာကြောင်းဖြစ်၍ အာယတနဟု ခေါ်လေသည်။

အထက်ပါ နည်းတူပင် နားအကြည်ဓာတ် (သောတပသာဒ)နှင့် သဒ္ဒါရုံ၊ နှာခေါင်းအကြည်ဓာတ်(ဃာနပသာဒ)နှင့် ဂန္ဓာရုံ၊ လျှာအကြည်ဓာတ်(ဇိဝှာပသာဒ)နှင့် ရသာရုံ၊ ကိုယ်အကြည်ဓာတ် (ကာယပသာဒ)နှင့် ဖောဋ္ဌဗ္ဗာရုံ၊ ဘဝင်စိတ်(မနောဓာတ်)နှင့် ဓမ္မာရုံတို့ကို နားအသိစိတ်(သောတဝိညာဏ်)၊ နှာခေါင်းအသိစိတ် (ဃာနဝိညာဏ်)၊ လျှာအသိစိတ် (ဇိဝှာဝိညာဏ်)၊ ကိုယ်အသိစိတ် (ကာယဝိညာဏ်)၊ မနောအသိစိတ် (မနောဝိညာဏ်)တို့ ဖြစ်ပေါ်လာကြောင်းဖြစ်၍ အာယတနဟုခေါ်ခြင်း ဖြစ်ပေသည်။

ဤသို့လျှင် အသိစိတ်ဖြစ်ပေါ်ကြောင်းဖြစ်သော အာယတနတို့သည် စက္ခု၊ သောတ စသော အာရုံခံ အင်္ဂါခြောက်ပါးနှင့် ရူပ၊ သဒ္ဒ စသော အာရုံခြောက်ပါးအားဖြင့် ၁၂ ပါးရှိ၏။ ထို ၁၂ ပါးတို့တွင် စက္ခု၊ သောတ စသော အာရုံခံအင်္ဂါခြောက်ပါးကို သတ္တဝါတို့၏ကိုယ်ခန္ဓာကို စွဲမှီ၍ဖြစ်သောကြောင့် အတွင်းအာယတန (အဇ္ဈတ္တိကအာယတန)ဟုခေါ်သည်။ ရူပ၊ သဒ္ဒ စသော အာရုံ ခြောက်ပါးကို ဗဟိဒ္ဓသန္တာန်၌ တည်ရှိသောကြောင့် အပြင်အာယတန (ဗာဟိရအာယတန)ဟု ခေါ်သည်။ ဗုဒ္ဓမြတ်စွာသည် များစွာသော သုတ္တန်ဒေသနာတို့၌ အာယတန ၁၂ ပါးကို ဟောကြားသည့်အခါ အတွင်းအာယတန ခြောက်ပါးတစု၊ အပြင်အာယတန ခြောက်ပါးတစုဟူ၍ နှစ်စုခွဲ၍ ဟောကြားလေ့ရှိသည်။ ဤသံယုတ်၌လည်း ထိုနည်းအတိုင်းပင် ဟောကြားထား၏။ ထို့ကြောင့် သဠာယတနသံယုတ်ဟု အမည်တပ်ခြင်း ဖြစ်ပေသည်။

ဤအာယတနသံယုတ်၌ အာယတန ၁၂ ပါးနှင့်ပတ်သက်၍ဟောကြားရာတွင် စက္ခု၊ သောတ စသော အတွင်းအာယတနခြောက်ပါးသည်လည်းကောင်း၊ ရူပ၊ သဒ္ဒ စသော အပြင်အာယတန ခြောက်ပါးသည်လည်းကောင်း မမြဲ

သော အနိစ္စတရား၊ ဆင်းရဲသော ဒုက္ခတရား၊ အတ္တမဟုတ်သော အနတ္တတရား ဖြစ်ကြောင်း အဓိကထား၍ ဟောကြားပါသည်။

## ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်

ခန္ဓသံယုတ်၌ ခန္ဓာငါးပါးနှင့်စပ်သော ဟောကြားချက်များကို ကြားနာရ၍ တရားထူးရသော ပုဂ္ဂိုလ်များပါရှိသကဲ့သို့ ဤသဠာယတနသံယုတ်၌လည်း အာယတနခြောက်ပါးနှင့်စပ်သော ဟောကြားချက်များကို ကြားနာရ၍ တရားထူးရသောပုဂ္ဂိုလ်များ ပါရှိ၏။ ထိုပုဂ္ဂိုလ်များမှာ ရှင်ဆန္န၊ ရှင်ပုဏ္ဏ၊ ရှင်ဗာဟိယ၊ ရှင်မာလုကျပုတ္တ၊ ရှင်ရာဟုလာ စသည်တို့ဖြစ်၏။ ထိုပုဂ္ဂိုလ်များအနက် ရှင်မာလုကျပုတ္တအား ဟောကြားသော မာလုကျပုတ္တသုတ်မှာ အထူးမှတ်သားဖွယ် ကောင်းလှ၏။ မဇ္ဈိမနိကာယ်လာ စူဠမာလုကျပုတ္တသုတ်နှင့် မဟာမာလုကျပုတ္တသုတ်တို့ကို ကြားနာခဲ့ရသော်လည်း တရားထူးတစုံတရာ မရခဲ့သော ရှင်မာလုကျပုတ္တသည် အသက်ကြီးသောအခါ ဗုဒ္ဓထံချဉ်းကပ်၍ မိမိဆင်ခြင် ပွားများသင့်သော တရားကို အကျဉ်းအားဖြင့် ဟောကြားရန် တောင်းပန်သည်။ ထိုအခါ ဗုဒ္ဓက ‘အာရုံခြောက်ပါးတို့၌ မြင်လျှင် မြင်ကာမတ္တ၊ ကြားလျှင် ကြားကာမတ္တ၊ တွေ့သိလျှင် တွေ့သိကာမျှသာ ဖြစ်စေပြီး ရာဂဒေါသမဖြစ်အောင် ထိန်းချုပ်နိုင်ခဲ့လျှင် ဒုက္ခကုန်ဆုံးလိမ့်မည်ဟု (ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ကို) ဟောကြားတော်မူ၏။ ရှင်မာလုကျသည် ထိုဟောကြားချက်နှင့် အညီ အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေ၏။

## ဗောဓိပက္ခိယတရား ၃၇ ပါး

သံယုတ္တနိကာယ်၏ ပဉ္စမမြောက်ဖြစ်သော မဟာဝဂ္ဂကျမ်း၌ သံယုတ်ဟုခေါ်သော အခန်းခွဲပေါင်း (၁၂)ခုပါရှိ၏။ ထိုအခန်းခွဲခေါင်းစဉ်များအရ ဤကျမ်း၌ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဗိုလ်ငါးပါး၊ ဣန္ဒြေငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး စသော ဗောဓိပက္ခိယတရား ၃၇ ပါးနှင့်တကွ ဈာန်လေးပါး၊ သစ္စာလေးပါး၊ အာနာပါနသတိတို့နှင့်စပ်သော ဟောကြားချက်များကို သူ့ဂဏ္ဍနှင့်သူ စုစည်းဖော်ပြထားကြောင်း တွေ့မြင်နိုင်ပါသည်။ ထိုတရားများသည် ဗုဒ္ဓဒေသနာ၌ မည်မျှအရေးကြီးသော တရားများဖြစ်ကြောင်း အထူးဖော်ပြရန်မလိုပါ။ ဗုဒ္ဓစာပေနှင့် အဘိဓမ္မာကို အသင့်အတင့်လေ့လာဖူးသူတိုင်း သိရှိထားပြီး ဖြစ်လိမ့်မည်

ဟု ထင်ပါသည်။ အမှန်အားဖြင့်လည်း ဤနိဒါန်း၌ ထိုတရားများ၏ သရုပ်အဓိပ္ပာယ်တို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြရန် နေရာမရှိပါ။ ဆွမြွက်မျှ ညွှန်းလိုသည်ကား ဤမဟာဝဂ္ဂကျမ်းမှ သတိပဋ္ဌာနသံယုတ်ကို ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ် နှစ်ခုလုံး၌ ပါရှိခဲ့သော မဟာသတိပဋ္ဌာနသုတ်နှင့်လည်းကောင်း၊ အာနာပါနသံယုတ်ကို မဇ္ဈိမနိကာယ်မှ အာနာပါနဿတိသုတ်နှင့် လည်းကောင်း၊ သစ္စသံယုတ်ကို မဇ္ဈိမနိကာယ်မှ သစ္စဝိဘင်္ဂသုတ်နှင့် လည်းကောင်း ဆက်စပ်ရှုလေ့လာရန် ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓ၏ တရားဦးဒေသနာ ဖြစ်သည့် ဓမ္မစကြာခေါ် ဓမ္မစက္ကပ္ပဝတ္တနသုတ်မှာလည်း သစ္စသံယုတ် ကျမ်းထွက် ဖြစ်ကြောင်း ဖော်ညွှန်းအပ်ပါသည်။

## ရေးသားပုံအစီအစဉ်နှင့် ရည်ညွှန်းချက်

ကျွန်တော်သည် နိကာယ်ကြီး လေးချပ်အနက် ဒီဃနိကာယ်သုံးကျမ်းကို ''ပိဋကတ်အဖွင့် ဒီဃနိကာယ်'' ဟူသော အမည်ဖြင့်လည်းကောင်း၊ မဇ္ဈိမနိကာယ် သုံးကျမ်းကို ''ပိဋကအနှစ်ချုပ် မဇ္ဈိမနိကာယ်'' ဟူသော အမည်ဖြင့်လည်းကောင်း ရေးသားပြီးနောက် ဤသံယုတ္တနိကာယ်ကို ဆက်လက်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ သံယုတ္တနိကာယ်မှာ ကျမ်းအားဖြင့် ငါးကျမ်းရှိပြီး သုတ်အရေအတွက်အားဖြင့်လည်း သုံးထောင်ကျော် ရှိနေသောကြောင့် ယခင် နိကာယ်ကြီးများမှာကဲ့သို့ တအုပ်တည်းဖြင့် အပြီးထုတ်ဝေရန် များစွာ အခက်အခဲ ရှိခဲ့ပါသည်။ စင်စစ်အားဖြင့် သံယုတ္တနိကာယ်၌ စာသားအားဖြင့်လည်းကောင်း၊ အနက်အဓိပ္ပာယ်အားဖြင့်လည်းကောင်း ထပ်တူထပ်မျှဖြစ်စေ၊ ထပ်တူထင်မျှနီးပါးဖြစ်စေ၊ တူညီသောသုတ်ပေါင်း များစွာ ပါရှိနေသောကြောင့် ထူးခြားသော သုတ်များကိုသာ ရေးသားဖော်ပြမည်ဆိုလျှင်လည်း စာအုပ်တအုပ် ကောင်းစွာဖြစ်နိုင်ပါသည်။ သို့ရာတွင် ကျွန်တော့်အနေဖြင့်မူ နိကာယ်ကြီးတခုလုံးကို ခြုံငုံမိသော အစီအစဉ်ဖြင့်သာ ရေးသားရန် ဆန္ဒရှိခဲ့သည်ဖြစ်ရာ ထိုအစီအစဉ်အတိုင်းသာ ရေးသားခြင်းပြုခဲ့ပါသည်။

ဤသို့ရေးသားရာတွင် ဆဋ္ဌသင်္ဂါယနာမူ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယနှင့် မြန်မာပြန်ကျမ်းများကိုသာ အဓိကထား၍ မှီငြမ်းပြုခဲ့ပါသည်။

သို့ဖြစ်၍ စာဖတ်သူများအနေဖြင့် လိုအပ်သည့်အခါ ဆဋ္ဌမူနှင့် ညှိနှိုင်းတိုက်ဆိုင်လိုလျှင် ညှိနှိုင်း တိုက်ဆိုင်ရန် လွယ်ကူစေမည့် အနေအထားမျိုး ဖြစ်အောင် အားထုတ်စီစဉ်ခဲ့ပါသည်။ စာဖတ်သူများ သိရှိထားပြီ ဖြစ်သည့်အတိုင်း သံယုတ္တနိကာယ်တွင် ကျမ်းငါးကျမ်းရှိသော်လည်း

သဂါထာဝဂ်နှင့် နိဒါနဝဂ်ကို .... ၁ အုပ်၊
ခန္ဓဝဂ်နှင့် သဠာယတနဝဂ်ကို .... ၁ အုပ်၊
မဟာဝဂ်ကို .... ၁ အုပ်၊

ဟူ၍ စာအုပ်ကြီးသုံးအုပ် ခွဲခြား ရိုက်နှိပ်ထားပါသည်။ သို့ရာတွင် ကျမ်းအသီးသီး၌ ပါဝင်သော သံယုတ်၊ ဝဂ်၊ သုတ်နှင့် စာပိုဒ်နံပါတ်စဉ်များကိုမူ တကျမ်းချင်းအလိုက် သီးခြားခွဲ၍တပ်ထားပါသည်။

ထို့ကြောင့် ဤစာအုပ်၌လည်း ကျမ်းငါးကျမ်းကို အပိုင်းကြီးငါးပိုင်းခွဲ၍ တပိုင်းစီ၌ ပါဝင်သော သံယုတ်၊ ဝဂ်၊ သုတ်နှင့် စာပိုဒ်နံပါတ်စဉ်များကို ဆဋ္ဌမူအတိုင်းပင် တပ်ထားပါသည်။ အထူးအားဖြင့် စာပိုဒ် နံပါတ်စဉ်များကို တသုတ်လျှင် တခုသာတပ်ထားသောကြောင့် တကျမ်းစီ၌ပါဝင်သော စာပိုဒ်နံပါတ်သည် ထိုကျမ်း၏သုတ်အရေအတွက်ကို ဖော်ပြသည်ဟု ယေဘုယျအားဖြင့် မှတ်ယူနိုင်ပါသည်။ ယေဘုယျအားဖြင့်ဟု ဆိုရခြင်းမှာ အချို့နေရာတို့၌ ပေယျာလမြှုပ်၍ ဖော်ပြသော သုတ် ၄-၅-၆-သုတ်ကို စာပိုဒ်နံပါတ် တခုတည်း တပ်ထားသောကြောင့်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဤစာအုပ်၌ အပိုင်းလိုက် ဖော်ပြထားသောစာပိုဒ်နံပါတ်နှင့် ဆဋ္ဌမူ၌ ကျမ်းအလိုက် ဖော်ပြထားသော စာပိုဒ်နံပါတ်တို့မှာ ထပ်တူထပ်မျှ ဖြစ်သောကြောင့် ထိုနံပါတ်နှစ်ခုကို တိုက်ဆိုင်ကြည့်ခြင်းဖြင့် ဆဋ္ဌမူနှင့် လွယ်ကူစွာ ညှိနှိုင်းနိုင်မည် ဖြစ်ကြောင်း တင်ပြလိုပေသည်။

## သုတ်ခေါင်းစီးနှင့် မာတိကာ

ဤသံယုတ္တနိကာယ်ကို ပြန်ဆိုရေးသားရာတွင် အချို့သုတ်များ၌ ပါဠိတော် စာသားကို အကျဉ်းချုပ်ရေးသားပြီး အချို့သုတ်များ၌မူ သုတ်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ခြုံငုံ၍ရေးသားပါသည်။ စာသားအားဖြင့်ဖြစ်စေ၊ အနက်အဓိပ္ပာယ်အားဖြင့်ဖြစ်စေ ထပ်တူထပ်မျှ သို့မဟုတ် ထပ်တူနီးပါးတူသော သုတ်များကိုမူ ထပ်တလဲလဲ ပြန်၍ မရေးတော့ပဲ စာပိုဒ်နံပါတ်ဖြင့်သာ ပြန်၍ ညွှန်းသွားပါသည်။

သုတ်အသီးသီး၌ သုတ်အမည်များကို မြန်မာစာသားနှင့်တကွ ခေါင်းစီး တပ်ထားပါသည်။ သို့သော် သုတ်အရေအတွက် လွန်စွာများပြားသော ဤသံယုတ္တနိကာယ်တွင် သုတ်တိုင်း၌ သီးခြားခေါင်းစီးတပ်လျှင် စာမျက်နှာများလွန်းနေမည် ဖြစ်သောကြောင့် ထပ်တူထင်မျှဖြစ်သော သုတ်များနှင့်

ထူးခြားမှုရှိလှသော သုတ်များ၌ ခေါင်းစီးသီးခြား မတပ်တော့ဘဲ သုတ်အမည်ကို စာသားအတွင်း၌သာ ထည့်သွင်းဖော်ပြလိုက်ရပါသည်။

ထို့အပြင် အချို့သောသုတ်များ၌ သုတ်အမည်ကို ကြည့်ရုံဖြင့် ထိုသုတ်တွင် ပါဝင်သော အဓိကအကြောင်းအရာ မပေါ်လွင်ဘဲရှိနေသည်ကို တွေ့ရပါသည်၊ ထို့ကြောင့် သုတ်အသီးသီးတွင် ပါဝင်သော အဓိကအကြောင်းအရာများ ပေါ်လွင်စေရန်နှင့် အခြား မှတ်သားဖွယ်များကိုလည်း စာဖတ်သူများ အလွယ်တကူကြည့်ရှုသေ့လာနိုင်စေရန် မာတိကာကို စာကိုယ်၏ မှတ်သားဖွယ် အညွှန်း အနေဖြင့် စီစဥ်လိုက်ပါသည်။ ယင်းမာတိကာအတွက် စာမျက်နှာ အနည်းငယ် ပိုလာသော်လည်း စာဖတ်သူများအတွက်မူ များစွာ အကျိုးရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

## သုံးမကုန်သော ရတနာသိုက်ကြီး

ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်များသည် အဓိကအားဖြင့် သတ္တဝါ အပေါင်းတို့အား အိုခြင်း၊ သေခြင်းစသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်မှုတည်းဟူသော 'ဝိမုတ္တိရသ'ကို ဦးတည်သော ဟောကြားချက်များသာ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသည် ထိုအဓိကဦးတည်ချက်ကို ဖော်ညွှန်းရာ၌ အခါအခွင့် အားလျော်စွာ လည်းကောင်း၊ နာယူမည့်ပုဂ္ဂိုလ်တို့၏ ပါရမီအခြေခံနှင့် အသိဉာဏ်အဆင့်အားလျော်စွာ လည်းကောင်း၊ နည်းပရိယာယ် အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ဖော်ညွှန်းခြင်း ပြုတော်မူခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သော ရဟန်းရှင်လူများအနေဖြင့် သိရှိမှတ်သားဖွယ် လိုက်နာကျင့်ကြံဖွယ်များစွာတို့ဖြင့် ပြည့်လျှံနေသော ဤ သံယုတ္တနိကာယ်ကြီးမှ မိမိတို့နှင့်သင့်လျော်သော ဟောကြားချက်များကို ရွေးချယ် ဖတ်ရှုကြရန်ဖြစ်ပါသည်။ တပုဒ် တဂါထာမျှသော ဟောကြားချက်ကို ကြားနာရရုံဖြင့် ဉာဏ်အမြင်ပေါက်သွားကြသော ပုဂ္ဂိုလ်များ ခေတ်အဆက်ဆက်တွင် မြောက်မြားစွာ ရှိခဲ့ကြပါသည်။ "တနေ့ဘလံ ပုဂံဘယ်ရွှေ့" ဟူသောစိတ်ဓာတ်ဖြင့် ဗုဒ္ဓ၏ ဟောကြားချက်များကို နှံ့စပ်ကြေညက်စွာ လေ့လာဖတ်ရှုလိုသူများအဖို့မှာမူ ဤသံယုတ္တနိကာယ်သည် ထုတ်ယူသုံးစွဲ၍ မကုန်နိုင်သော ရတနာသိုက်ကြီးဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

ဦးမောင်မောင်လေး

၅၊ ၆၊ ၈၃

# ပိဋကအနှစ်ချုပ်သံယုတ္တနိကာယ်

## အသေးစိတ် မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **သဂါထာဝဂ်** | |
| | **၁။ ဒေဝတာသံယုတ်** | ၃ |
| | [အမည်မထင်ရှားသော နတ်တို့နှင့်စပ်သည့် ဟောကြားချက်များ] | |
| * ၁။ | ဩဃတရဏသုတ်=သံသရာရေအလျဉ်ကို ကူးမြောက်ပုံ (ရပ်တည်၍လည်းမနေ၊ အားထုတ်ခြင်းလည်းမပြု) | ၃ |
| ၂။ | နိမောက္ခသုတ်=ကိလေသာမှ လွတ်မြောက်ပုံ | ၄ |
| ၃။ | ဥပနီယသုတ်=သေခြင်းသို့ဆွဲဆောင်ခြင်းခံနေရပုံ | ၄ |
| ၄။ | အစ္စေန္တိသုတ်=အချိန်ကာလကိုလွန်သွားပုံ | ၅ |
| ၅။ | ကတိဆိန္ဒသုတ်=ဖြတ်တောက်ရမည့်တရားများ | ၅ |
| ၆။ | ဇာဂရသုတ်=နိုးကြားသော တရားများနှင့် အိပ်ပျော်သော တရားများ | ၆ |
| ၇။ | အပ္ပဋိဝိဒိတသုတ်=တရားကိုမသိသူများ | ၆ |
| ၈။ | သုသမ္မုဋ္ဌသုတ်=လွန်စွာမေ့ပျောက်နေသူများ | ၆ |
| ၉။ | မာနကာမသုတ်=ထောင်လွှားမှုကိုလိုလားသူ | ၇ |
| ၁၀။ | အရညသုတ်=တော၌နေလျက် အရေအဆင်း ကြည်လင်ခြင်းအကြောင်း (အတိတ်ကိုမစိုးရိမ်၊ အနာဂတ်ကိုမတောင့်တ၊ ပစ္စုပ္ပန်ဖြင့် မျှတနေခြင်း) | ၇ |
| ၁၁။ | နန္ဒနသုတ်=နန္ဒနဥယျာဉ်၌ ပျော်မွေ့သူ | ၇ |
| ၁၂။ | နန္ဒတိသုတ်=နှစ်သက်ခြင်းနှင့် စိုးရိမ်ခြင်းအကြောင်း | ၈ |
| ၁၃။ | နတ္ထိပုတ္တသမသုတ်=သားသမီးနှင့်တူသော ချစ်ခင်သူမရှိ | ၈ |
| ၁၄။ | ခတ္တိယသုတ်=မင်းမျိုးသည် အမြတ်ဆုံးဟုဆိုပုံ | ၉ |


* ဤမာတိကာနံပါတ်များသည် စာကိုယ်မှ စာပိုဒ်နံပါတ်ကို ညွှန်းပါသည်။

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | သဗ္ဗမာနသုတ် = တောအုပ်ကအသံမြည်ပုံ | ၉ |
| ၁၆။ | နိဒ္ဒါတန္ဒိသုတ် = အိပ်ငိုက်ခြင်းနှင့် ပျင်းရိခြင်း | ၉ |
| ၁၇။ | ဒုက္ကရသုတ် = ရဟန်းအကျင့်ခက်ခဲပုံ | ၁၀ |
| ၁၈။ | ဟိရီသုတ် = အရှက်ဖြင့် အကုသိုလ်ကိုတားနိုင်သူ | ၁၀ |
| ၁၉။ | ကုဋိကာသုတ် = အိမ်ငယ်မရှိသူ | ၁၀ |
| ၂၀။ | သမိဒ္ဓိသုတ် = ရှင်သမိဒ္ဓိအား နတ်သမီးဖြားယောင်းပုံ | ၁၁ |
| ၂၁။ | သတ္တိသုတ် = လှံထိုးခံရသူကဲ့သို့ သတိရှိသင့်ပုံ | ၁၄ |
| ၂၂။ | ဖုသတိသုတ် = ကံသည်တွေ့ထိအပ်သူ | ၁၄ |
| ၂၃။ | ဇဋာသုတ် = အရှုပ်အထွေးကို ဖြေရှင်းနိုင်သူ | |
| ၂၄။ | မနောနိဝါရဏသုတ် = စိတ်ကိုတားမြစ်သင့်သောအရာ | ၁၅ |
| ၂၅။ | အရဟန္တသုတ် = ရဟန္တာ၏ ပြောဆိုပုံ (မာနကင်းပြီးသော်လည်း လောကဝေါဟာရနှင့်အညီ ငါဟုပြောဆိုကြောင်း) | ၁၅ |
| ၂၆။ | ပဇ္ဇောတသုတ် = အလင်းရောင်လေးမျိုး | ၁၆ |
| ၂၇။ | သရသုတ် = သံသရာရေအိုင်ဆုတ်နစ်ရာအရပ် | ၁၆ |
| ၂၈။ | မဟဒ္ဓနသုတ် = ပစ္စည်းဥစ္စာများစွာရှိသူ | ၁၆ |
| ၂၉။ | စတုစက္ကသုတ် = ဣရိယာပုထ်တည်းဟူသော စက်လေးပါး ရှိသော ခန္ဓာကိုယ် | ၁၇ |
| ၃၀။ | ဧဏိဇင်္ဃသုတ် = ဧဏီသားကောင်၏ မြင်းခေါင်းနှင့်တူသော မြင်းခေါင်းရှိသူ | ၁၇ |
| ၃၁။ | သဗ္ဘိသုတ် = သူတော်ကောင်းတို့နှင့်ပေါင်းသင်းအပ်ကြောင်း | ၁၈ |
| ၃၂။ | မစ္ဆရိယသုတ် = ဝန်တိုခြင်းကြောင့်မပေးလှူသူ | ၁၉ |
| ၃၃။ | သာဓုသုတ် = တရားကိုသိခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း | ၂၁ |
| ၃၄။ | နသန္တိသုတ် = တည်မြဲသောကာမဂုဏ်မရှိကြောင်း | ၂၃ |
| ၃၅။ | ဥဇ္ဈာနသညီသုတ် = ဗုဒ္ဓအားကဲ့ရဲ့သောနတ်များ | ၂၄ |
| ၃၆။ | သဒ္ဓါသုတ် = ယုံကြည်ခြင်းသည်လူ၏အဖော် | ၂၅ |
| ၃၇။ | သမယသုတ် = နတ်ဗြဟ္မာတို့အစည်းအဝေး၌လျှောက်ကြား ချက်များ | ၂၆ |
| ၃၈။ | သကလိကသုတ် = ဗုဒ္ဓ၏ ခြေတော်ကို ကျောက်ချပ်ဖြင့် ထိခိုက်ခြင်း | ၂၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉။ | ပထမပဇ္ဇုန္နဓိတုသုတ်=ပဇ္ဇုန္နနတ်သမီး၏ လျှောက်ကြားချက်များ | ၂၀ |
| ၄၀။ | ဒုတိယပဇ္ဇုန္နဓိတုသုတ်=ပဇ္ဇုန္နနတ်သမီး၏ လျှောက်ကြားချက်များ | ၂၉ |
| ၄၁။ | အာဒိတ္တသုတ်=လောင်မြိုက်နေသောတရား | ၂၉ |
| ၄၂။ | ကိံဒဒသုတ်=ဘာကိုပေးလှူသင့်သနည်း | ၃၀ |
| ၄၃။ | အန္နသုတ်=ထမင်းကိုပေးလှူသူ | ၃၁ |
| ၄၄။ | ဧကမူလသုတ်=အမြစ်အမုင်းတခုဘည်းရှိသော သမုဒ္ဒရာ | ၃၁ |
| ၄၅။ | အနောမသုတ်=ပြည့်စုံသောအမည်ရှိသော မြတ်စွာဘုရား | ၃၁ |
| ၄၆။ | အစ္ဆရာသုတ်=နတ်သမီးများပျော်ပါးရာဥယျာဉ် | ၃၂ |
| ၄၇။ | ဝနရောပသုတ်=သစ်ပင်စိုက်သူ နေ့စဉ်ကုသိုလ်တိုးပုံ | ၃၂ |
| ၄၈။ | ဇေတဝနသုတ်=ဇေတဝန်ကျောင်းကိုနှစ်သက်သူ | ၃၃ |
| ၄၉။ | မစ္ဆရိသုတ်=ဝန်တိုသူတို့၏ အလားအလာ | ၃၃ |
| ၅၀။ | ဃဋိကာရသုတ်=ဃဋိကာရပြဟ္မာနှင့် ဗုဒ္ဓ | ၃၄ |
| ၅၁။ | ဇရာသုတ်=အိုသည်အထိကောင်းသောတရား | ၃၅ |
| ၅၂။ | အဇရသာသုတ်=မအိုလျှင်ကောင်းသောတရား | ၃၆ |
| ၅၃။ | မိတ္တသုတ်=အရပ်ဌာနအားလျော်စွာ မိတ်ဆွေဖြစ်သူ | ၃၆ |
| ၅၄။ | ဝတ္ထုသုတ်=လူတို့၏တည်ရာဖြစ်သူ | ၃၇ |
| ၅၅။ | ပထမဇနသုတ်=သတ္တဝါကိုဖြစ်စေသောအရာ | ၃၇ |
| ၅၆။ | ဒုတိယဇနသုတ်=သတ္တဝါကိုဖြစ်စေသောအရာ | ၃၇ |
| ၅၇။ | တတိယဇနသုတ်=သတ္တဝါကိုဖြစ်စေသောအရာ | ၃၈ |
| ၅၈။ | ဥပ္ပထသုတ်=လမ်းမှားဟုဆိုအပ်သောအရာ | ၃၈ |
| ၅၉။ | ဒုတိယသုတ်=အဖော်မွန် | ၃၉ |
| ၆၀။ | ကဝိသုတ်=ပညာရှိသည် ဂါထာ၏တည်ရာဖြစ်ကြောင်း | ၃၉ |
| ၆၁။ | နာမသုတ်=အမည်သည် အားလုံးကို လွှမ်းမိုးကြောင်း | ၃၉ |
| ၆၂။ | စိတ္တသုတ်=စိတ်သည် လောကကိုဆောင်ထားကြောင်း | ၄၀ |
| ၆၃။ | တဏှာသုတ်=တဏှာသည် စိတ်ကိုဆောင်ထားကြောင်း | ၄၀ |
| ၆၄။ | သံယောဇနသုတ်=လောကကို နှောင်ဖွဲ့ထားသောအရာ | ၄၁ |
| ၆၅။ | ဗန္ဓနသုတ်=လောကကို ဆက်စပ်ပေးသောတရား | ၄၁ |
| ၆၆။ | အတ္တဟတသုတ်=လောကကို လွှမ်းမိုးနှိပ်စက်နေသောအရာ | ၄၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၇။ | ဥဒ္ဒိတသုတ်=လောကကို ချိတ်ဆွဲထားသောအရာ | ၄၂ |
| ၆၈။ | ပိဟိတသုတ်=လောကကိုပိတ်ဆို့နေသောအရာ | ၄၂ |
| ၆၉။ | ဣစ္ဆာသုတ်=အလိုရမ္မက်က လောကကိုဖွဲ့နှောင်ထားကြောင်း | ၄၃ |
| ၇၀။ | လောကသုတ်=လောက ဖြစ်ပေါ်နေခြင်းအကြောင်း | ၄၃ |
| ၇၁။ | ဆေတွာသုတ်=ဘာကိုဖြတ်လျှင် ချမ်းသာမည်နည်း | ၄၄ |
| ၇၂။ | ရထသုတ်=ရထား၏အမှတ်လက္ခဏာ | ၄၄ |
| ၇၃။ | ဝိတ္တသုတ်=လူသား၏မြတ်သောဥစ္စာ | ၄၅ |
| ၇၄။ | ဝုဋ္ဌိသုတ်=မိုးရေနှင့်အဝိဇ္ဇာ | ၄၅ |
| ၇၅။ | ဘီတာသုတ်=ကြောက်ရွံ့ခြင်း၏အကြောင်း | ၄၆ |
| ၇၆။ | နဇီရတိသုတ်=မဆွေးမြည့်သောအရာ | ၄၇ |
| ၇၇။ | ဣဿရိယသုတ်=အစိုးရခြင်းဟူသည် | ၄၇ |
| ၇၈။ | ကာမသုတ်=အကျိုးစီးပွားကိုလိုလားသူ | ၄၈ |
| ၇၉။ | ပါထေယျသုတ်=ရိက္ခာထုပ်နှင့်တူသောတရား | ၄၉ |
| ၈၀။ | ပဇ္ဇောတသုတ်=အရောင်အလင်းဟူသည် | ၄၉ |
| ၈၁။ | အရဏသုတ်=အညစ်အကြေးကင်းသူ | ၅၀ |

## ၂။ ဒေဝပုတ္တသံယုတ် ၅၁

**[အမည်ထင်ရှားသည့် နတ်သားတို့နှင့်စပ်သော ဟောကြားချက်များ]**

| | | |
| --- | --- | --- |
| ၈၂။ | ပဌမကဿပသုတ်=ကဿပနတ်သား၏လျှောက်ကြားချက် (ရဟန်းအကျင့်) | ၅၁ |
| ၈၃။ | ဒါမလိသုတ်=ဒါမလိနတ်သား၏လျှောက်ကြားချက် (အညစ်အကြေးကင်းပြီးသူအားပြုဖွယ်ကိစ္စမရှိတော့ကြောင်း) | ၅၂ |
| ၈၄။ | ကာမဒသုတ်=ကာမဒနတ်သား၏လျှောက်ကြားချက် (ရဟန်းတရားခက်ခဲပုံ) | ၅၂ |
| ၈၅။ | ပဉ္စာလစဏ္ဍသုတ်=ပဉ္စာလစဏ္ဍ၏ လျှောက်ကြားချက် | ၅၄ |
| ၈၆။ | တာယနသုတ်=တာယနနတ်သား၏ လျှောက်ကြားချက် (လျော့ရဲသော ရဟန်းအဖြစ်သည် ကိလေသာမြူမှုန်ကို ထစေကြောင်း) | ၅၄ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၉၀။ စန္ဒိမသုတ်=လနတ်သားကို အသူရိန်ဖမ်းခြင်း ၅၅
(လနတ်သားက ဗုဒ္ဓအား ရှိခိုးပုံ၊ ဗုဒ္ဓက လနတ်သားကို လွှတ်ရန် အသူရိန်အား မိန့်ကြားခြင်း)

၉၁။ သူရိယသုတ်=နေနတ်သားကို အသူရိန်ဖမ်းခြင်း ၅၅
(နေနတ်သားက ဗုဒ္ဓအား ရှိခိုးပုံ၊ နေနတ်သားကိုလွှတ်ရန် ဗုဒ္ဓက အသူရိန်အားမိန့်ကြားခြင်း)

၉၂။ စန္ဒိမသသုတ်=စန္ဒိမသနတ်သား၏ လျှောက်ကြားချက် ၅၆

၉၃။ ဝေဏ္ဍုသုတ်=ဝေဏ္ဍုနတ်သား၏လျှောက်ကြားချက် ၅၆

၉၅။ နန္ဒနသုတ်=နန္ဒနနတ်သား၏လျှောက်ကြားချက် ၅၇

၉၆။ စန္ဒနသုတ်=စန္ဒနနတ်သား၏ လျှောက်ကြားချက် ၅၇
(သံသရာရေအလျဉ်၌ မနစ်မြုပ်သူ)

၉၇။ သုဗြဟ္မသုတ်=သုဗြဟ္မနတ်သား၏လျှောက်ကြားချက် ၅၀
(မထိတ်လန့်ကြောင်းတရား)

၉၉။ ကကုဓသုတ်=ကကုဓနတ်သား၏ လျှောက်ကြားချက် ၅၈
(နှစ်သက်ခြင်း၊ စိုးရိမ်ခြင်းရှိသူ)

၁၀၁။ အနာထပိဏ္ဍိကသုတ်=အနာထပိဏ်နတ်သား၏ လျှောက်ကြားချက် ၆၀
(ဇေတဝန်ကျောင်းနှင့်ရှင်သာရိပုတ္တရာအားချီးကျူးခြင်း)

၁၀၃။ ခေမသုတ်=ခေမနတ်သား၏လျှောက်ကြားချက် ၆၀
(နောင်တ တဖန် ပူပန်ရမည့်အလုပ်ကို မလုပ်သင့်၊ ဝမ်းမြောက်ရမည့် အလုပ်ကိုသာ လုပ်သင့်၏)

၁၀၄။ သေရီသုတ်=သေရီနတ်သား၏လျှောက်ကြားချက် ၆၁
(ထမင်းလှူခြင်း အကျိုးကြီးပုံ နှစ်ပေါင်း ရှစ်သောင်း လှူခဲ့သူ)

၁၀၆။ ဇန္တုသုတ်=ဇန္တုနတ်သား၏လျှောက်ကြားချက် ၆၂
(ပေါ့ပေါ့ဆဆနေသော တောကျောင်း ရဟန်းများအား သတိပေးခြင်း)

၁၀၇။ ရောဟိတဿသုတ်=ရောဟိတဿနတ်သားလျှောက်ကြားချက် ၆၃
(လောက၏အဆုံးသို့သွား၍ မရောက်နိုင်၊ နှစ်တရာပတ်လုံး မရပ်မနားသွားခဲ့သော တန်ခိုးရှင် ရသေ့)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၀။ | သုသိမသုတ်=သုသိမနတ်သား၏လျှောက်ကြားချက် (ရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများကို ရှင်အာနန္ဒာနှင့် သုသိမနတ်သားတို့က ချီးကျူးခြင်း) | ၆၄ |
| ၁၁၁။ | နာနာတိတ္ထိယသာဝကသုတ်=တိတ္ထိကယုံကြည်နတ်သားများ၏ လျှောက်ကြားချက် | ၆၅ |


## ၃။ ကောသလသံယုတ်　　၆၈

[ကောသလမင်းကြီးနှင့်စပ်မှသော ဟောကြားချက်များ]


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၂။ | ဒဟရသုတ်=ငယ်သော်လည်း အထင်မသေးသင့်သောအရာ လေးပါး | ၆၈ |
| ၁၁၃။ | ပုရိသသုတ်=လူ၏အကျိုးမဲ့ကို ဖြစ်စေသောတရားများ | ၆၉ |
| ၁၁၄။ | ဇရာမရဏသုတ်=အိုခြင်း၊ သေခြင်းမှ လွတ်မြောက်သူ မရှိကြောင်း | ၆၉ |
| ၁၁၅။ | ပိယသုတ်=မိမိကိုယ်ကို ချစ်သူ (မိမိကိုယ်ကို ချစ်သူသည် မကောင်းမှုကိုမပြုသင့်၊ ကောင်းမှုကိုသာ ပြုသင့်ကြောင်း) | ၇၀ |
| ၁၁၆။ | အတ္တရက္ခိတသုတ်=မိမိကိုယ်ကို စောင့်ရှောက်သူ (ဆင်တပ်၊ မြင်းတပ်များသည် အပြင်အစောင့်အရှောက်၊ သုစရိုက် သုံးပါးသည် အတွင်း အစောင့်အရှောက်) | ၇၁ |
| ၁၁၇။ | အပ္ပကသုတ်=စည်းစိမ် ပေါများလျှင် မမေ့ မလျော့သူ နည်းပါးကြောင်း | ၇၂ |
| ၁၁၈။ | အဍ္ဍကရဏသုတ်=တရား ရုံး၌ မုသားပြောသူများကိုတွေ့ရပုံ | ၇၃ |
| ၁၁၉။ | မလ္လိကာသုတ်=မိမိထက်ချစ်သူ မရှိဟု မလ္လိကာက ဖြေပုံ | ၇၃ |
| ၁၂၀။ | ယညသုတ်=ယဇ်ပူဇော်ခြင်းသည် အကျိုးမရှိကြောင်း | ၇၄ |
| ၁၂၁။ | ဗန္ဓနသုတ်=ခိုင်မြဲသော အနှောင်အဖွဲ့ (သံ၊သစ်သား၊လျှော်ကြိုး အနှောင်အဖွဲ့သည် မခိုင်၊ သားမယားတို့၌ တွယ်တာခြင်းသည်သာ ခိုင်မြဲသော အနှောင် အဖွဲ့ ဖြစ်ကြောင်း) | ၇၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၂။ | သတ္တဇဋိလသုတ်=ရသေ့ ခုနစ်ပါးအား ကောသလမင်းကြီးက ရှိခိုးခြင်း | ၇၅ |
| ၁၂၃။ | ပဉ္စရာဇသုတ်=မင်းငါးပါးတို့ စကားဖြစ်ပေါ်ပုံ (ကာမဂုဏ်ငါးပါးတွင် ဘယ်ဟာအမြတ်ဆုံးလဲ၊ နှစ်သက်မှုလျှင် အပိုင်းအခြားရှိ၏ဟု ဟောပုံ) | ၇၆ |
| ၁၂၄။ | ဒေါဏပါကသုတ်=ကောသလမင်း ဆန်တစိတ်ချက် စားပုံ (ဗုဒ္ဓ၏ ဩဝါဒဂါထာ၊ သုဒဿနလုလင်အား ထမင်းစားတိုင်း ရွတ်ခိုင်းပုံ၊ လျော့၍ လျော့၍ စားသဖြင့် တစလယ်ချက်သာ ကုန်တော့ခြင်း) | ၇၇ |
| ၁၂၅။ | ပဌမသင်္ဂါမသုတ်=ကောသလမင်း ရှုံးခြင်း (ယုတ်မာသောအဆွေခင်ပွန်းရှိသူနှင့် ကောင်းသောအဆွေခင်ပွန်းရှိသူ၊ နိုင်သူနှင့် ရှုံးသူ) | ၇၈ |
| ၁၂၆။ | ဒုတိယသင်္ဂါမသုတ်=ကောသလမင်း စစ်နိုင်ခြင်း (အဇာတသတ်မင်းကို ဖမ်းမိသော်လည်း လွှတ်လိုက်ခြင်း၊ အတုံ့အလှည့်) | ၇၉ |
| ၁၂၇။ | မလ္လိကာသုတ်=မလ္လိကာမိဖုရား သမီးမွေးခြင်း (ကောသလမင်း စိတ်နှလုံးမသာမယာဖြစ်ပုံ၊ သီလ ပညာနှင့်ပြည့်စုံသော မိန်းမသည်လည်း မြင့်မြတ်သူဖြစ်ကြောင်း ဗုဒ္ဓက ဟောခြင်း) | ၉၉ |
| ၁၂၈။ | အပ္ပမာဒသုတ်=မမေ့မလျော့ခြင်း၏ အကျိုး (အကျိုးနှစ်ပါးကို သိမ်းယူနိုင်သောတရား၊ ဆင်ခြေရာဥပမာ၊ အဆင့်ဆင့်တိုးတက်လိုလျှင် သတိရှိရမည်) | ၈၀ |
| ၁၂၉။ | ကလျာဏမိတ္တသုတ်=မိတ်ဆွေကောင်းရှိသူ (ကောသလမင်းကြီး အကြံဖြစ်ပုံ၊ ရှင်အာနန္ဒာ၏ လျှောက်ကြားချက်၊ အလုံးစုံသောအကျင့်မြတ်ကိုပြီးစေနိုင်ကြောင်း မြတ်စွာဘုရားကို အမှီပြု၍ ဆင်းရဲမှလွတ်မြောက်နိုင်ပုံ) | ၈၁ |
| ၁၃၀။ | ပဌမအပုတ္တကသုတ်=သားသမီး မရှိသူသဌေးသေလွန်ခြင်း | ၈၂ |
| ၁၃၁။ | ဒုတိယအပုတ္တကသုတ်=သားသမီးမရှိသူ သဌေးသေလွန်ခြင်း၊ | ၈၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၂။ | ပုဂ္ဂလသုတ်=ကောသလမင်းအား ပုဂ္ဂိုလ်၄မျိုးဟောခြင်း (အမှောင်မှလာ၍ အမှောင်သို့သွားသူ၊ အမှောင်မှလာ၍ အလင်းသို့သွားသူ) | ၈၅ |
| ၁၃၃။ | အယျိကာသုတ်=ကောသလမင်း၏ အဘွား သေဆုံးခြင်း (အသက်တရာ့နှစ်ဆယ်ရှည်သူ၊ သေခြင်းကို ရှာနိဂုံးဇနပုဒ်တို့ဖြင့် လဲလိုသောမင်းကြီး၊ သတ္တဝါအားလုံး သေခြင်းကို မလွန်နိုင်ကြောင်း) | ၈၆ |
| ၁၃၄။ | လောကသုတ်=လောက၏ အကျိုးမဲ့ကို ဖြစ်စေသောတရား | ၈၆ |
| ၁၃၅။ | ဣဿတ္တသုတ်=လေးသမားနှင့် အလှူခံပုဂ္ဂိုလ် | ၈၇ |
| ၁၃၆။ | ပဗ္ဗတူပမသုတ်=တောင်လုံးကြီးကဲ့သို့ တလိမ့်လိမ့် လာနေသော အိုခြင်း၊ သေခြင်း | ၈၉ |
| | ၄။ မာရသံယုတ် | ၉၁ |
| | [မာရ်နတ်နှင့်စပ်သော ဟောကြားချက်များ] | |
| ၁၃၇။ | တပေါကမ္မသုတ်=ခြိုးခြံသောအကျင့်မှ ဖယ်ခွာသူ (အဇပါလ ညောင်ပင်ရင်း၌ဗုဒ္ဓအား အကြံဖြစ်ပုံ၊မာရ်နတ်လာ၍ လျှောက်ပုံ၊ ကိုယ်ဆင်းရဲအောင် ကျင့်ခြင်းသည် အချည်းနှီးသာဖြစ်ကြောင်း) | ၉၁ ၉၁ |
| ၁၃၈။ | ဟတ္ထိရာဇဝဏ္ဏသုတ်=ဆင်မင်းအသွင်ဖြင့် ခြောက်လှန့်ခြင်း | ၉၂ |
| ၁၃၉။ | သုဘသုတ်= ဗုဒ္ဓအား တင့်တယ်သောအဆင်း၊ မတင့်တယ်သော အဆင်းများကိုပြခြင်း | ၉၂ |
| ၁၄၀။ | ပထမမာရပါသသုတ်=မာရ်နတ်၏ ကျော့ကွင်းမှ လွတ်သူ | ၉၃ |
| ၁၄၁။ | ဒုတိယမာရပါသသုတ်=မာရ်နတ်၏ ကျော့ကွင်းမှ လွတ်သူ (ရဟန်းများအား ခရီးလှည့်ရန် မိန့်ကြားခြင်း၊ မာရ်နတ်လာ၍ ဟန့်တားခြင်း) | ၉၃ |
| ၁၄၂။ | သပ္ပသုတ်=မြွေအသွင်ဖြင့် ခြောက်လှန့်ခြင်း | ၉၄ |
| ၁၄၃။ | သုပတိသုတ်=ဗုဒ္ဓ ကျိန်းစက်တော်မူစဉ် မာရ်နတ်လာ၍ အပြစ်တင်ခြင်း | ၉၅ |
| ၁၄၄။ | နန္ဒတိသုတ်=နှစ်သက်ရသူနှင့် စိုးရိမ်ရသူ | ၉၅ |
| ၁၄၅။ | ပထမအာယုသုတ်=လူတို့သက်တမ်းတိုတောင်းပုံ | ၉၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၇။ | ပါသာဏသုတ်=မာရ်နတ်က ဗုဒ္ဓအနီး၌ ကျောက်တုံးကို ခွဲခြင်း | ၉၇ |
| ၁၄၈။ | ကိန္နုသီဟသုတ်=ခြင်္သေ့မင်းကဲ့သို့ ရဲဝံ့စွာကြုံးဝါးသူ | ၉၇ |
| ၁၄၉။ | သကလိကသုတ်=ဗုဒ္ဓခြေတော်ကို ကျောက်ချပ်နှင့်ထိခိုက်ပုံ | ၉၈ |
| ၁၅၀။ | ပတိရူပသုတ်=လောကပတ်သောတရားဟောခြင်း | ၉၉ |
| ၁၅၁။ | မာနသသုတ် စိတ်နှင့်ယှဉ်သောကျော့ကွင်း | ၉၉ |
| ၁၅၂။ | ပတ္တသုတ်=မာရ်နတ်က သပိတ်များကို ခွဲမည်လုပ်ခြင်း | ၉၉ |
| ၁၅၃။ | ဆဖဿာယတနသုတ်=ဖဿာယတန ၆ ပါးကို ဟောစဉ် မာရ်နတ်နှောင့်ယှက်ခြင်း | ၁၀၀ |
| ၁၅၄။ | ပိဏ္ဍသုတ်=ဗုဒ္ဓ ဆွမ်းမရစေရန် မာရ်နတ် နှောင့်ယှက်ပုံ (ပဉ္စသာလရွာမှ လုလင်ပျို၊ လုံမပျိုတို့ လက်ဆောင်ပေးပွဲ၊ ရွာသားများကို မာရ်နတ်ပူးဝင်ခြင်း၊ ဗုဒ္ဓမြတ်စွာ ဆွမ်းမရ၍ သပိတ်ဟောင်းလောင်းဖြင့် ထွက်လာရခြင်း) | ၁၀၀ |
| ၁၅၅။ | ကဿကသုတ်=လယ်သမားအသွင်ဖြင့် နှောင့်ယှက်ခြင်း | ၁၀၁ |
| ၁၅၆။ | ရဇ္ဇသုတ်=ဗုဒ္ဓအား မင်းပြုရန် မာရ်နတ်တိုက်တွန်းခြင်း | ၁၀၂ |
| ၁၅၇။ | သမ္ဗဟုလသုတ်=ရဟန်းများအား မာရ်နတ် လာ၍ ဖြားယောင်းခြင်း | ၁၀၂ |
| ၁၅၈။ | သမိဒ္ဓိသုတ်=ရှင်သမိဒ္ဓိအား မာရ်နတ်လာ၍နှောင့်ယှက်ခြင်း | ၁၀၃ |
| ၁၅၉။ | ဂေါဓိကသုတ်=ရှင်ဂေါဓိက ဓားလက်နက်ဖြင့် မိမိအသက်ကို ဆောင်ခြင်း (ဈာန်သမာပတ်မှ ခြောက်ကြိမ်လျှောကျခြင်း၊ ဗုဒ္ဓအား မာရ်နတ်လာ၍လျှောက်ခြင်း၊ ရှင်ဂေါဓိက၏ ဝိညာဉ်ကို မာရ်နတ်ရှာခြင်း) | ၁၀၄ |
| ၁၆၀။ | သတ္တဝဿာနုဗန္ဓသုတ်=ခုနစ်နှစ် ပတ်လုံး ဗုဒ္ဓ နောက်မှ မာရ်နတ်လိုက်ခြင်း | ၁၀၅ |
| ၁၆၁။ | မာရဓီတုသုတ်=မာရ်နတ်မင်း၏ သမီးများက ဗုဒ္ဓအား ဖြားယောင်းခြင်း (ကြံမှိုင်နေသော မာရ်နတ် သမီးသုံးယောက် ဗုဒ္ဓထံ ချဉ်းကပ်ခြင်း၊ အသွင်အမျိုးမျိုး ဖန်ဆင်း၍ ဖြားယောင်းခြင်း၊ နတ်သမီးများအမေးနှင့် ဗုဒ္ဓ၏အဖြေ) | ၁၀၆ |

အမှတ်စဉ်　　အကြောင်းအရာ　　စာမျက်နှာ

၅။ ဘိက္ခုနီသံယုတ်　　၁၀၉

[ဘိက္ခုနီတို့နှင့်စပ်သော ဟောကြားချက်များ]

၁၆၂။ အာဠဝိကာသုတ်=အာဠဝိကာ ဘိက္ခုနီအား မာရ်နတ် နှောင့်ယှက်ခြင်း　　၁၀၉
၁၆၃။ သောမာသုတ်=သောမာဘိက္ခုနီအား မာရ်နတ် နှောင့်ယှက်ခြင်း　　၁၁၀
၁၆၄။ ကိသာဂေါတမီသုတ်= ကိသာဂေါတမီအား မာရ်နတ် နှောင့်ယှက်ခြင်း　　၁၁၀
၁၆၅။ ဝိဇယာသုတ်=ဝိဇယာဘိက္ခုနီအား မာရ်နတ်သွေးဆောင်ပုံ　　၁၁၁
၁၆၆။ ဥပ္ပလဝဏ္ဏာသုတ်=ဥပ္ပလဝဏ္ဏာဘိက္ခုနီအား မာရ်နတ် သွေးဆောင်ခြင်း　　၁၁၁
၁၆၇။ စာလာသုတ်=စာလာဘိက္ခုနီအား မာရ်နတ်သွေးဆောင်ပုံ　　၁၁၂
၁၆၈။ ဥပစာလာသုတ်=ဥပစာလာ ဘိက္ခုနီအား မာရ်နတ် သွေးဆောင်ခြင်း　　၁၁၂
၁၆၉။ သီသုပစာလာသုတ်=သီသုပစာလာဘိက္ခုနီအား မာရ်နတ် နှောင့်ယှက်ခြင်း　　၁၁၃
၁၇၀။ သေလာသုတ်=သေလာဘိက္ခုနီအား မာရ်နတ်နှောင့်ယှက်ပုံ　　၁၁၃
၁၇၁။ ဝဇိရာသုတ်=ဝဇိရာဘိက္ခုနီအား မာရ်နတ်နှောင့်ယှက်ခြင်း　　၁၁၄

၆။ ဗြဟ္မသံယုတ်　　၁၁၅

[ဗြဟ္မာတို့နှင့်စပ်သော ဟောကြားချက်များ]

၁၇၂။ ဗြဟ္မာယာစနသုတ်=တရားဟောကြားရန် သဟမ္ပတိဗြဟ္မာ တောင်းပန်ခြင်း　　၁၁၅
၁၇၃။ ဂါရဝသုတ်=တရားကိုသာ အလေးပြု၍နေရန်ကြံစည်ခြင်း　　၁၁၇
၁၇၄။ ဗြဟ္မဒေဝသုတ်=ဗြဟ္မဒေဝ၏မိခင်အား ဆုံးမခြင်း　　၁၁၈
(ဗြဟ္မဒေဝလုလင် ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း၊ မိခင် ပုဏ္ဏေးမကြီး ဗြဟ္မာအား နေ့စဉ်ပူဇော်ခြင်း၊ သားရဟန္တာကိုသာ ပူဇော်ရန် သဟမ္ပတိဗြဟ္မာက လာ၍ ဆုံးမခြင်း)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၅။ | ဗကဗြဟ္မာသုတ်=ဗက ဗြဟ္မာအား ဗုဒ္ဓမြတ်စွာ ဆုံးမခြင်း (ဗြဟ္မာအဖြစ်သည် မြဲ၏ဟု ထင်မှတ်ခြင်း၊ ဗုဒ္ဓကြွရောက်၍ ဆုံးမခြင်း၊ မိမိ၏အတိတ်ဘဝ ကို ထုတ်ဖော်ပြောကြားရန် တောင်းပန်ခြင်း) | ၁၁၈ |
| ၁၇၆။ | အညတရဗြဟ္မာသုတ်=မထင်ရှားသော ဗြဟ္မာအား ဆုံးမပုံ (ဗြဟ္မာ့ပြည်သို့ လာနိုင်သော ရဟန်းပုဏ္ဏား မရှိဟုထင်မှတ်သော ဗြဟ္မာ၊ ဗုဒ္ဓနှင့် ရဟန္တာလေးပါး ထိုဗြဟ္မာ့ထံကြွရောက်ခြင်း၊ ရှင်မောဂ္ဂလ္လာန်စကား ကြောင့်အယူကိုစွန့်ခြင်း) | ၁၁၉ |
| ၁၇၇။ | ဗြဟ္မလောကသုတ်=ဗြဟ္မာ့ပြည်၌ မေ့လျော့နေသောဗြဟ္မာ | ၁၂၀ |
| ၁၇၈။ | ကောကာလိကသုတ်=ကောကာလိကအကြောင်း လျှောက်ကြားခြင်း | ၁၂၁ |
| ၁၈၀။ | တုဒုဗြဟ္မာသုတ်=တုဒုဗြဟ္မာက ကောကာလိကအားဆုံးမခြင်း (ကောကာလိက၏ကိုယ်၌ အနာများပေါက်ခြင်း၊ တုဒုဗြဟ္မာက သွား၍ ဆုံးမခြင်း၊ မိမိကိုယ်ကိုခေးဖြင့်ဖြတ်သူ၊ ရဟန္တာအား ပြစ်မှားသျှင် ငရဲသို့ကျကြောင်း) | ၁၂၂ |
| ၁၈၁။ | ကောကာလိကသုတ်=ကောကာလိကရဟန်း သေလွန်ခြင်း | ၁၂၂ |
| ၁၈၂။ | သနင်္ကုမာရသုတ်=သနင်္ကုမာရဗြဟ္မာ၏ လျှောက်ကြားချက် | ၁၂၄ |
| ၁၈၃။ | ဒေဝဒတ္တသုတ်=ဒေဝဒတ်ကို အကြောင်းပြု၍ လျှောက်ကြားချက် (ပူဇော်သက္ကာရသည် လူယုတ်မာကို ဖျက်ဆီးကြောင်း) | ၁၂၄ |
| ၁၈၄။ | အန္ဓကဝိန္ဒသုတ်=အန္ဓကဝိန္ဒရွာ၌ သဟမ္ပတိဗြဟ္မာ လာ၍ လျှောက်ခြင်း (ရဟန်းများ တောကျောင်း၌ မွေ့လျော်သင့်ကြောင်း) | ၁၂၄ |
| ၁၈၅။ | အရုဏဝတီသုတ်= အရုဏဝတီ နေပြည်တော်အကြောင်း | ၁၂၅ |
| ၁၈၆။ | ပရိနိဗ္ဗာနသုတ်=ဗုဒ္ဓ ပရိနိဗ္ဗာန်စံသောအခါက ပြွက်ကြားချက်များ (ဗုဒ္ဓ၏ နောက်ဆုံးစကား၊ ပရိနိဗ္ဗာန်စံပုံ၊ သဟမ္ပတိဗြဟ္မာ၊ သိကြားမင်း၊ ရှင်အနုရုဒ္ဓါ၊ ရှင်အာနန္ဒာတို့၏ မြွက်ကြားချက်များ) | ၁၂၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၇။ ဗြဟ္မဏသံယုတ် | ၁၂၈ |
| | [ပုဏ္ဏားတို့နှင့်စပ်သောဟောကြားချက်များ] | |
| ၁၈၇။ | ဓနဉ္စာနီသုတ်=ဗုဒ္ဓအား ကြည်ညိုသော ဓနဉ္စာနီပုဏ္ဏေးမ (ပုဏ္ဏားအတွက် ထမင်းခွက်ယူလာစဉ်ချော်လဲခြင်း၊ နမော တဿ သုံးကြိမ်ဆိုခြင်း၊ ပုဏ္ဏားစိတ်ဆိုး၍ ဝါဒရေးအဖြစ် တင်ရန် ဗုဒ္ဓထံသွားခြင်း၊ အမျက်ဒေါသကို ဖြတ်လျှင် ချမ်းသာစွာ နေရကြောင်း ဗုဒ္ဓဟောကြားခြင်း၊ ထိုပုဏ္ဏား ရဟန်းပြုခြင်း) | ၁၂၈ |
| ၁၈၈။ | အက္ကောသကသုတ်=ဗုဒ္ဓအား ဆဲရေးသော အက္ကောသက ပုဏ္ဏား | ၁၂၉ |
| ၁၈၉။ | အသုရိန္ဒကသုတ်=ဗုဒ္ဓအား ဆဲရေးသောအသုရိန္ဒကပုဏ္ဏား (ဆဲရေးခြင်းဖြင့်အနိုင်မရ၊ သည်းခံခြင်းဖြင့်သာ အနိုင်ရပုံ) | ၁၃၀ |
| ၁၉၀။ | ဗိလင်္ဂိကသုတ်=ဗိလင်္ဂိကပုဏ္ဏား ရဟန်းပြုခြင်း | ၁၃၀ |
| ၁၉၁။ | အဟိံသကသုတ်=မညှဉ်းဆဲသူသည်သာ စင်စစ်အဟိံသက မည်ကြောင်း | ၁၃၁ |
| ၁၉၂။ | သုဒ္ဓိကသုတ်=သုဒ္ဓိကပုဏ္ဏားအား ဟောကြားချက် (အမျိုးဇာတ်ကြောင့် မစင်ကြယ်နိုင်၊ အကျင့်ဖြင့်သာ စင်ကြယ်နိုင်ကြောင်း) | ၁၃၁ |
| ၁၉၃။ | အဂ္ဂိကသုတ်=မီးပူဇော်သော အဂ္ဂိကပုဏ္ဏားအား ဟော ကြားချက် (နို့ဃနာကို သုံးဆောင်ထိုက်သူ၊ ဝိဇ္ဇာနှင့် စရဏ) | ၁၃၂ |
| ၁၉၄။ | သုန္ဒရိကသုတ်=မီးပူဇော်သော သုန္ဒရိကပုဏ္ဏားအား ဟော ကြားချက် (နို့ဃနာကိုလှူရန် အမျိုးဇာတ်ကိုမေးခြင်း၊ အမျိုးဇာတ် ကို မမေးသင့်၊ အကျင့်ကိုသာမေးသင့်ကြောင်း၊ မီးပူဇော် ခြင်းဖြင့် မစင်ကြယ်၊အသိဉာဏ်ဖြင့် စင်ကြယ်နိုင်ကြောင်း) | ၁၃၂ |
| ၁၉၅။ | ဗဟုဓီတရသုတ်=သမီး ခုနစ်ယောက်ရှိသော ပုဏ္ဏားအား ဟောကြားချက် (နွားပျောက်၍ လိုက်ရှာသူ၊ သမီးခုနစ်ယောက်ကြောင့် ဒုက္ခရောက်ရပုံ၊ ဗုဒ္ဓ၏စကားကြောင့် ရဟန်းပြုသွားခြင်း) | ၁၃၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၇။ | ကသိဘာရဒွါဇသုတ်=လယ်သမား ပုဏ္ဏားအား ဟောကြားချက် | ၁၃၅ |
| ၁၉၈။ | ဥဒယသုတ်=ဥဒယပုဏ္ဏားအား ဟောကြားချက် (ဥဒယပုဏ္ဏား၏ အိမ်သို့ သုံးရက်ဆက်၍ ဗုဒ္ဓဆွမ်းခံကြွခြင်း ဥဒယပုဏ္ဏား ကဲ့ရဲ့ခြင်း၊ စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ပေး လှူခြင်း စသည်ကို အဖန်တလဲလဲ ပြုလုပ်သင့်ကြောင်း မိန့်ကြားခြင်း) | ၁၃၆ |
| ၁၉၉။ | ဒေဝဟိတသုတ်=ဒေဝဟိတပုဏ္ဏားအား ဟောကြားချက် (ဗုဒ္ဓလေနာရောဂါထ၍ ရေနွေးအရှာခိုင်းခြင်း၊ ဒေဝဟိတ ပုဏ္ဏားက ရေနွေးတထမ်းလှူခြင်း၊အကျိုးကြီးသောအလှူ ကို ဟောခြင်း) | ၁၃၆ |
| ၂၀၀။ | မဟာသာလသုတ်=သားလေးယောက်၏ နှင်ထုတ်ခံရသော မဟာသာလပုဏ္ဏား (ဗုဒ္ဓက ဂါထာလေးပုဒ်သင်ပေးခြင်း၊သားများရှိနေသော အစည်းအဝေး၌ ဂါထာများကို ရွတ်ဆိုခြင်း၊သားများက အိမ်သို့ ပြန်ခေါ်ခြင်း) | ၁၃၇ |
| ၂၀၁။ | မာနတ္ထဒ္ဓသုတ်=ခက်ထန်သောပုဏ္ဏားအား ဟောကြားချက် (ဗုဒ္ဓထံလာ၍ စကားမပြောပဲနေသူ၊ ဗုဒ္ဓကတရားဟော ခြင်း၊ ဗုဒ္ဓအား ဦးခိုက်၍ ပြဿနာမေးခြင်း၊ ရိုသေလေး စားသင့်သူများ) | ၁၃၄ |
| ၂၀၂။ | ပစ္စနီကသုတ်=ဆန့်ကျင်ဘက်ကို လိုလားသောပုဏ္ဏားအား ဆုံးမခြင်း | ၁၃၉ |
| ၂၀၃။ | နဝကမ္မိကသုတ်=အိမ်မှုသစ်ပြုလုပ်သော ပုဏ္ဏားအား ဟောကြားချက် | ၁၃၉ |
| ၂၀၄။ | ကဋ္ဌဟာရသုတ်=ထင်းခွေသောပုဏ္ဏားအားဟောကြားချက် | ၁၄၀ |
| ၂၀၅။ | မာတုပေါသကသုတ်=မိဘ လုပ်ကျွေးသော ပုဏ္ဏားအား ဟောကြားချက် | ၁၄၁ |
| ၂၀၆။ | ဘိက္ခကသုတ်=ဘောင်းစား'သော ပုဏ္ဏားအား ဟောကြား ချက်များ | ၁၄၁ |
| ၂၀၇။ | သင်္ဂါရဝသုတ်=သင်္ဂါရဝပုဏ္ဏားအား ဆုံးမခြင်း | ၁၄၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၈။ | ဓေါမဒုဿ သုတ်=ဓေါမဒုဿနိဂုံး၌ ဟောကြားချက် (အစည်းအဝေးစည်းကမ်းကိုမသိသူ ဗုဒ္ဓအားရှုတ်ချခြင်း၊ သူတော်ကောင်းမရှိသော အရပ်သည် အစည်းအဝေးမမည်ကြောင်း) | ၁၄၃ |
| | **၈။ ဝဂ်ီသသံယုတ်** | ၁၄၄ |
| | [ရှင်ဝင်္ဂီသနှင့်စပ်သော ဟောကြားချက်] | |
| ၂၀၉။ | နိက္ခန္တသုတ်=လူ့ဘောင်မှ ထွက်လာသူအား ကာမဝိတက်ဖြစ်ပေါ်ခြင်း (ကျောင်းစောင့်နေစဉ်မိန်းမများကိုမြင်ခြင်း၊ မမွေ့မလျော်ခြင်းဖြစ်လာ၍ မိမိဘာသာဖြေဖျောက်ခြင်း) | ၁၄၄ |
| ၂၁၀။ | အရတိသုတ်=မမွေ့မလျော်ခြင်းကို ဖြေဖျောက်ခြင်း | ၁၄၅ |
| ၂၁၁။ | ပေသလသုတ်=သီလမြတ်နိုးသော ရဟန်းများအား မထီမဲ့မြင် ပြုမိခြင်း | ၁၄၅ |
| ၂၁၂။ | အာနန္ဒသုတ်=ရှင်ဝင်္ဂီသအား ရှင်အာနန္ဒာက ဆုံးမခြင်း | ၁၄၆ |
| ၂၁၃။ | သုဘာသိတသုတ်=ကောင်းစွာ ပြောဆိုအပ်သောစကား (အင်္ဂါလေးပါးနှင့် ပြည့်စုံသောစကား၊ မြတ်စွာဘုရား၏ စကားသည် အမြတ်ဆုံးဖြစ်ကြောင်း) | ၁၄၇ |
| ၂၁၄။ | သာရိပုတ္တသုတ်=ရှင်သာရိပုတ္တရာအား ရှင်ဝင်္ဂီသက ချီးကျူးခြင်း | ၁၄၈ |
| ၂၁၅။ | ပဝါရဏာသုတ်=အပြစ်မြင်လျှင် ဆုံးမရန်ဖိတ်ကြားခြင်း | ၁၄၈ |
| ၂၁၆။ | ပရောသဟဿသုတ်=ရဟန်း တထောင်ကျော်အား တရားဟောခြင်း (ရှင်ဝင်္ဂီသက ဗုဒ္ဓအား ချီးကျူးခြင်း၊ ကြုံတင်၍ ကြံစည် မထားသော ဂါထာများ) | ၁၅၀ |
| ၂၁၇။ | ကောဏ္ဍညသုတ်=ရှင်ကောဏ္ဍညအား ရှင်ဝင်္ဂီသချီးကျူးပုံ | ၁၅၁ |
| ၂၁၈။ | မောဂ္ဂလ္လာနသုတ်=ရှင်မောဂ္ဂလ္လာန်အား ရှင်ဝင်္ဂီသ က ချီးကျူးခြင်း | ၁၅၂ |

| ခမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၉။ | ဂဂ္ဂရာသုတ်=ဂဂ္ဂရာရေကန်၌ ဗုဒ္ဓအား ချီးကျူးခြင်း | ၁၅၂ |
| ၂၂၀။ | ဝင်္ဂီသသုတ်=ရှင်ဝင်္ဂီသ အရဟတ္တဖိုလ်သို့ရောက်ခြင်း | ၁၅၃ |
| | **၉။ ဝနသံယုတ်** | ၁၅၄ |
| | [တောနေရဟန်းတို့နှင့်စပ်သော ဟောကြားချက်များ] | |
| ၂၂၁။ | ဝိဝေကသုတ်=ကိလေသာကင်းဆိတ်ရေး၊ တောစောင့်နတ် သတိပေးခြင်း | ၁၅၄ |
| ၂၂၂။ | ဥပဋ္ဌာနသုတ်=နေ့ခင်း၌အိပ်သော ရဟန်းအား သတိပေးပုံ | ၁၅၄ |
| ၂၂၃။ | ကဿပဂေါတ္တသုတ်=ကဿပအနွယ်ဝင် ရဟန်းအား သတိပေးခြင်း (မုဆိုးအား ဆုံးမသူ) | ၁၅၅ |
| ၂၂၄။ | သမ္ဗဟုလသုတ်=များစွာသော ရဟန်းတို့အား တောစောင့်နတ် တောင့်တခြင်း | ၁၅၅ |
| ၂၂၅။ | အာနန္ဒသုတ်=ရှင်အာနန္ဒာအား တောစောင့်နတ်က သတိပေးခြင်း (တရားဟောခြင်းများသူ စကားပြောခြင်းသည်အကျိုးမရှိ) | ၁၅၆ |
| ၂၂၆။ | အနုရုဒ္ဓသုတ်=ရှင်အနုရုဒ္ဓါအား နတ်သမီးက ဖြားယောင်းခြင်း (ရှေးဘဝက မယား ဖြစ်ခဲ့သူ၊ တာဝတိံသာ နတ်ပြည်ကို တောင့်တရန် တိုက်တွန်းခြင်း) | ၁၅၇ |
| ၂၂၇။ | နာဂဒတ္တသုတ်=ရှင်နာဂဒတ္တအား တောစောင့်နတ်ကသတိပေးခြင်း (ရွာထဲသို့ စောစောဝင်ပြီး နေမြင့်မှပြန်) | ၁၅၇ |
| ၂၂၈။ | ကုလဃရဏီသုတ်=တောစောင့်နတ်က အိမ်ရှင်မအသွင်ဖြင့် သတိပေးခြင်း (အိမ်၌ ကြာမြင့်စွာနေသော ရဟန်း၊ လူများက ပြောကြပုံ၊ ရဟန်းသည်ဆန့်ကျင်ဘက်အသံများကို သည်းခံအပ်ကြောင်း) | ၁၅၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၉။ | ဝဇ္ဇိပုတ္တကသုတ် - ဝဇ္ဇီတိုင်းသား ရဟန်းအား တောစောင့် နတ်က သတိပေးခြင်း | ၁၅၈ |
| | (ပွဲသဘင်မှ တီးမှုတ်သံကြား၍ ငိုကြွေးသူ၊ လူများက ရဟန်းကို အာကျပုံ) | |
| ၂၃၀။ | သဇ္ဈာယသုတ် = တရားကိုရွတ်ဆိုသော ရဟန်းအား တော စောင့် နတ်က မေးခြင်း | ၁၅၈ |
| ၂၃၁။ | အကုသလဝိတက္ကသုတ် = အကုသိုလ်ဝိတက်ကို ကြံမိသော ရဟန်းအား၊ တောစောင့်နတ်က သတိပေးခြင်း | ၁၅၉ |
| ၂၃၄။ | ဂန္ဓတ္ထေနသုတ် = အနံ့ကိုခိုးသူဟု တောစောင့်နတ်ကစွပ်စွဲပုံ | ၁၅၉ |


## ၁၀။ ယက္ခသံယုတ် ၁၆၁

[ဘီလူးတို့နှင့်စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၂၃၅။ | ဣန္ဒကသုတ် = ဣန္ဒကဘီလူးအား သတ္တဝါဖြစ်ပုံကို ဟောပုံ | ၁၆၁ |
| | (သတ္တဝါဖြစ်ပုံကို မေးလျှောက်ခြင်း၊ ကလလရေကြည်မှ အမြှုပ်၊ အမြှုပ်မှ သားတစ်ဖြစ်ပုံ စသည်ကို ဟောခြင်း) | |
| ၂၃၆။ | သက္ကနာမသုတ် = သက္ကဘီလူးအား သူတပါးကို ဆုံးမသင့် ကြောင်း မိန့်ကြားခြင်း | ၁၆၁ |
| ၂၃၇။ | သူစိလောမသုတ် = သူစိလောမဘီလူး၏အမေးကိုဖြေခြင်း | ၁၆၂ |
| | (သူစိလောမဘီလူး၏ ပိမာန်၌ ဗုဒ္ဓသီတင်းသုံးခြင်း၊ ဘီလူးက ရဟန်းတုဟုစွပ်စွဲခြင်း၊ ပြဿနာမေးခြင်း၊ ရာဂ ဒေါသ မောဟတို့သည် အတ္တဘောလျှင်အကြောင်းရင်းရှိကြောင်း) | |
| ၂၃၈။ | မဏိဘဒ္ဒသုတ် = မဏိဘဒ္ဒဘီလူးအား သတိရှိခြင်းနှင့် စပ်၍ မိန့်ကြားချက် | ၁၆၃ |
| | (သတိရှိခြင်းသည် ကောင်း၏၊ သို့သော် မေတ္တာပွားမှ ရန်ကင်း၏) | |
| ၂၃၉။ | သာနုသုတ် = သာနုသာမဏေအား ဘီလူးပူးဝင်ခြင်း | ၁၆၃ |
| | (ငိုကြွေးသောမိခင်အား ဘီလူးကပြောပုံ၊ ရဟန်းပြုပြီးမှ လူထွက်လာသူသည် သူသေနှင့်တူကြောင်း) | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၀။ | ပိယင်္ကသုတ်=ဘီလူးမက သားငယ်ပိယင်္ကအား ချော့ပုံ (ရှင်အနုရုဒ္ဓါ၏ တရားဂါထာများကို ဘီလူးမကြားနာပုံ) | ၁၆၄ |
| ၂၄၁။ | ပုနဗ္ဗသုသုတ်=ဘီလူးမက သားငယ် ပုနဗ္ဗသုအား ချော့ပုံ | ၁၆၅ |
| ၂၄၂။ | သုဒတ္တသုတ်=သုဒတ္တ(အနာထပိဏ်) သဌေးအား ဘီလူးတို့က မြို့တံခါးဖွင့်ပေးခြင်း (အနာထပိဏ်သဌေး ညအမှောင်ထဲတွင် ဘုရားထံသွားခြင်း၊ ဘီလူးတို့က မြို့တံခါးဖွင့်ပေးခြင်း၊ နောက်ဆုတ်ရန်ကြံစဉ်၊သုသာန်စောင့်နတ်က အားပေးခြင်း၊ဗုဒ္ဓက သုဒတ္တဟူသော ငယ်နာမည်ဖြင့် ခေါ်၍ တရားဟောခြင်း) | ၁၆၅ |
| ၂၄၃။ | ပဌမသုက္ကာသုတ်=သုက္ကာဘိက္ခုနီအား ဘီလူး ချီးကျူးပုံ | ၁၆၆ |
| ၂၄၅။ | စီရာသုတ်=စီရာဘိက္ခုနီအား ဘီလူးက ချီးကျူးခြင်း | ၁၆၇ |
| ၂၄၆။ | အာဠဝကသုတ်=အာဠဝကဘီလူး၏ ပြဿနာများကို ဗုဒ္ဓက ဖြေခြင်း (အာဠဝကဘီလူး၏ ဗိမာန်၌ ဗုဒ္ဓသီတင်းသုံးခြင်း၊ဘီလူးက နှင်ထုတ်ခြင်း၊ ပြဿနာမေးခြင်း၊ မြတ်သောဥစ္စာ၊ သံသရာရေအလျဉ်ကို ကူးနိုင်သောတရား၊ ပညာကိုရရှိနိုင်ပုံ၊ ဗုဒ္ဓအား ဘီလူးက ချီးကျူးပုံ) | ၁၆၇ |

## ၁၁။ သက္ကသံယုတ် ၁၇၀

[ သိကြားမင်းနှင့်စပ်သော ဟောကြားချက်များ ]

| | | |
|---|---|---|
| ၂၄၇။ | သုဝီရသုတ်=သုဝီရနတ်သားနှင့် သိကြားမင်းအကြောင်းကို ဟောခြင်း | ၁၇၀ |
| ၂၄၈။ | ဓဇဂ္ဂသုတ်=တံခွန်ဖျားကိုကြည့်ရန် သိကြားမင်း ပြောခြင်း (နတ်နှင့်အသူရာတို့၏ စစ်ပွဲ၊ စစ်မြေပြင်၌ ကြောက်ရွံ့ခြင်းဖြစ်လျှင် မိမိနှင့်နတ်မင်းကြီး သုံးယောက်တို့၏ တံခွန်ဖျားကို ကြည့်ရန် သိကြားမင်းက ပြောခြင်း၊ ရဟန်းတို့အား ကြောက်ရွံ့ခြင်း ဖြစ်လျှင် ဘုရား၊ တရား၊ သံဃာတို့ကို အောက်မေ့ရန် မိန့်ကြားခြင်း) | ၁၇၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၅၀။ ဝေပစိတ္တိသုတ်=ဝေပစိတ္တိအသူရိန်က သိကြားမင်းအား ဆဲရေးခြင်း ၁၇၃
(နတ်နှင့်အသူရာတို့ စစ်ပွဲ၊ ဝေပစိတ္တိအသူရိန်ကို နတ်တို့က ဖမ်းမိခြင်း၊ ဝေပစိတ္တိက သိကြားမင်းအား ဆဲရေးခြင်း၊ သိကြားမင်းက သည်းခံနေ၍မာတလိက မေးခြင်း၊ သည်းခံခြင်း၏ အပြစ်နှင့်အကျိုး)

၂၅၁။ သုဘာသိတဇယသုတ်=ကောင်းသောစကားဖြင့်အောင်မြင်နိုင်ခြင်း ၁၇၄
(သိကြားမင်းနှင့် ဝေပစိတ္တိအသူရိန်တို့၏ စကားစစ်ထိုးပွဲ၊ လူမိုက်ကို အပြစ်ဒဏ်ဖြင့် နှိပ်ကွပ်သင့်သည်ဟု ဝေပစိတ္တိက ဆိုခြင်း၊ သည်းခံခြင်းဖြင့် နှိပ်ကွပ်သင့်သည်ဟု သိကြားမင်းက ဆိုခြင်း၊ သိကြားမင်းအနိုင်ရခြင်း)

၂၅၂။ ကုလာဝကသုတ်=ဂဠုန်ငှက်သိုက်များကို မဖျက်ဆီးရန် ပြောခြင်း ၁၇၅
(နတ်နှင့်အသူရာတို့၏ စစ်ပွဲ၊ နတ်တို့ရှုံး၍ထွက်ပြေးကြခြင်း၊ ဂဠုန်ငှက်သိုက်များမပျက်စီးစေလို၍ သိကြားမင်း၏ရထားပြန်လှည့်ခြင်း၊ အသူရာတို့ကြောက်၍ ထွက်ပြေးခြင်း)

၂၅၃။ နဒုဗ္ဘိယသုတ်=မပြစ်မှားထိုက်သူအား ပြစ်မှားခြင်း ၁၇၆
(နေ့သူငယ်ငယ် မပြစ်မှားရန် သိကြားမင်း ဆုံးဖြတ်ခြင်း၊ ဝေပစိတ္တိအသူရိန်က သိကြားမင်းအား ဖမ်းရန်ကြံခြင်း၊ သိကြားမင်းက ကျိန်စာအဆိုခိုင်းခြင်း)

၂၅၄။ ဝေရောစနအသူရိန္ဒသုတ်=သိကြားမင်းနှင့် ဝေရောစနအသူရိန်တို့ စကားဆိုပုံ ၁၇၆
(ကိစ္စဟူသည် ပြီးမြောက်မှ တင့်တယ်ကြောင်း၊ သည်းခံခြင်းထက် သာလွန်သောတရားမရှိကြောင်း)

၂၅၅။ အရညာယတနဣသိသုတ်=တောကျောင်းနေ ရသေ့များထံ သိကြားမင်းချဉ်းကပ်ခြင်း ၁၇၇
(သိကြားမင်းနှင့် ဝေပစိတ္တိအသူရိန်တို့ ရသေ့များထံသွားခြင်း၊ ရသေ့တို့အား ရိုသေသူနှင့် မရိုသေသူ၊ သီလရှိသူ၏ အနံ့ကို နတ်တို့ နှစ်သက်ကြောင်း)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၆။ | သမုဒ္ဒကသုတ်=သမုဒ္ဒရာ အနီး၌ နေသော ရသေ့များ အကြောင်း | ၁၇၈ |
| ၂၅၇။ | ဝတပဒသုတ်=သိကြားမင်းဆောက်တည်ခဲ့သော ကျင့်ဝတ် (၇)ပါး | ၁၇၈ |
| ၂၅၈။ | သက္ကနာမသုတ်=သိကြားမင်း၏ အမည်(၇)ပါး | ၁၇၉ |
| ၂၅၉။ | မဟာလိသုတ်=မဟာလိအား သိကြားမင်း အကြောင်း ဟောကြားခြင်း | ၁၈၀ |
| ၂၆၀။ | ဒလိဒ္ဒသုတ်=သိကြားမင်းနှင့် ဆင်းရဲသားနတ်သား (သဒ္ဓါ၊ သီလ စသည်တို့နှင့် ပြည့်စုံသော ဆင်းရဲသား ဧယာကျား သေလွန်၍ တာဝတိံသာ၌ ဖြစ်ခြင်း၊ မိမိတို့ ထက် သာလွန်၍ အခြားနတ်များက ရှုတ်ချခြင်း၊ သိကြားမင်းက ဆုံးမရခြင်း) | ၁၈၀ |
| ၂၆၁။ | ရာမဏေယျကသုတ်=မွေ့လျော်ဖွယ်ရှိသော အရပ်ကို မေးလျှောက်ခြင်း (ရဟန္တာတို့ နေရာအရပ်သည် မွေ့လျော်ဖွယ်ကြောင်း) | ၁၈၁ |
| ၂၆၂။ | ယဇမာနသုတ်=အကျိုးကြီးသော ပူဇော်မှုကို ဟောခြင်း (အရိယာသံဃာ၌ လှူခြင်းသည် အကျိုးကြီးကြောင်း) | ၁၈၁ |
| ၂၆၃။ | ဗုဒ္ဓဝန္ဒနာသုတ်=သိကြားမင်းနှင့် သဟမ္ပတိ ဗြဟ္မာတို့က ဗုဒ္ဓအား ရှိခိုးခြင်း | ၁၈၂ |
| ၂၆၄။ | ဂဟဋ္ဌဝန္ဒနာသုတ်=သိကြားမင်းက လူတို့အား ရှိခိုးခြင်း | ၁၈၂ |
| ၂၆၅။ | သတ္ထာရဝန္ဒနာသုတ်=သိကြားမင်းက မြတ်စွာဘုရားအား ရှိခိုးခြင်း | ၁၈၃ |
| ၂၆၆။ | သံဃဝန္ဒနာသုတ်=သိကြားမင်းက သံဃာအား ရှိခိုးခြင်း | ၁၈၃ |
| ၂၆၇။ | ဒုဗ္ဗဏ္ဏိယသုတ်=အဆင်းမလှသော နတ်က သိကြားမင်း၏ စိတ်ကို စမ်းခြင်း (သိကြားမင်း၏ နေရာ၌ ထိုင်နေသူ၊ နတ်တို့က ကဲ့ရဲ့တိုင်း ပို၍ အဆင်းလှလာခြင်း၊ သိကြားမင်းလာသော် ပျောက်ကွယ်သွားခြင်း) | ၁၈၄ |

အမှတ်စဉ်　　　　　အကြောင်းအရာ　　　　　စာမျက်နှာ

၂၆၉။ သမ္မရိမာယာသုတ် = သိကြားမင်းက သမ္မရိအသူရိန်၏ မာယာကို တောင်းခြင်း ၁၀၅
(ဝေပစိတ္တိအသူရိန်ထံ လူမမာမေးခြင်း၊ အသူရိန်က မိမိအား ဆေးကုပေးရန် ပြောခြင်း၊ သမ္မရိမာယာကို သင်ပေးလျှင် ဆေးကုမည်ဟု သိကြားမင်းက ပြောခြင်း၊ သမ္မရိမာယာတတ်လျှင် ငရဲကျလိမ့်မည်ဟု ဆိုခြင်း)

၂၇၀။ အစ္စယသုတ်=အပြစ်ကို ဝန်ခံခြင်းနှင့်သိကြားမင်း၏ဩဝါဒ ၁၀၅
(ရဟန်းနှစ်ပါး ခိုက်ရန်ဖြစ်ခြင်း၊ တပါးက အပြစ်ကို ဝန်ခံသော်လည်း တပါးက သည်းမခံ၊ တဘက်သားက ဝန်ခံပါလျက် သည်းမခံသူသည် လူမိုက်ဖြစ်ကြောင်း၊ အမျက်ဒေါသအလိုသို့ မလိုက်ရန် သိကြားမင်းဆုံးမခဲ့ပုံ)

၂၇၁။ အက္ကောဓသုတ်=အမျက်မထွက်ရန် သိကြားမင်း ဆုံးမခဲ့ပုံ ၁၀၆

# နိဒါနဝဂ်

## ၁။ နိဒါနသံယုတ် ၁၀၉

[အကြောင်းရင်းခံ ဘုရားနှင့်စပ်သော ဟောကြားချက်များ]

၁။ ပဋိစ္စသမုပ္ပါဒသုတ်=အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပုံ ၁၀၉
(အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း၊အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်ခြင်း)

၂။ ဝိဘင်္ဂသုတ်=ပဋိစ္စသမုပ္ပါဒ်ကို အကျယ် ဝေဖန်ဟောကြားပုံ ၁၉၀
(ဇရာ၊ မရဏ၊ ဇာတိ စသည်တို့၏ သရုပ်အဓိပ္ပာယ်)

၃။ ပဋိပဒါသုတ်= မှားသောအကျင့်နှင့် မှန်သောအကျင့် ၁၉၂

၄။ ဝိပဿီသုတ်=ဝိပဿီဘုရားလောင်းအား အကြံဖြစ်ပုံ ၁၉၂
(ဆင်းရဲ၏ထွက်မြောက်ရာ၊ ဖြစ်ပေါ်မှုနှင့်စပ်သော ဉာဏ်အလင်းပေါ်လာပုံ၊ ချုပ်ငြိမ်းမှုနှင့်စပ်သော ဉာဏ်အလင်း ပေါ်ပေါက်လာပုံ)

၅-၁၀။ သိခီသုတ်စသည်=သိခီစသောဘုရားလောင်းတို့အား အကြံဖြစ်ပေါ်ပုံ ၁၉၄

**အမှတ်စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

၁၁။ အာဟာရသုတ်=အာဟာရလေးပါးတို့၏အကြောင်း ၁၉၄
(အာဟာရလေးပါးသည် တဏှာလျှင်အကြောင်းရင်းရှိပုံ)

၁၂။ မောလိယဖဂ္ဂုဏသုတ်=ရှင်မောလိယဖဂ္ဂုအားဟောကြားပုံ ၁၉၄
(ဆောင်သူ၊ တွေ့ထိသူ၊ ခံစားသူစသည်မရှိ၊ ဆောင်ခြင်း၊
တွေ့ထိခြင်း၊ ခံစားခြင်း စသည်တို့၏ အကြောင်းတရား
များသာ ရှိကြောင်း)

၁၃။ သမဏဗြာဟ္မဏသုတ်=စစ်မှန်သော ရဟန်းပုဏ္ဏားများ ၁၉၆
(ပဋိစ္စသမုပ္ပါဒ်ကိုမသိသူရဟန်းပုဏ္ဏားမသည် ပဋိစ္စသမုပ္ပါဒ်
ကို သိမှ ရဟန်းပုဏ္ဏားမည်ကြောင်း)

၁၅။ ကစ္စာနဂေါတ္တသုတ်=ရှင်ကစ္စာနဂေါတ္တအား ဟောကြားပုံ ၁၉၆
(သမ္မာဒိဋ္ဌိ ဖြစ်ခြင်းအကြောင်း၊ ရှိခြင်း-မရှိခြင်းဟူသော
အစွန်းနှစ်ပါးကို မှီပုံ၊ အစွန်းနှစ်ပါးသို့ မကပ်ရောက်သည့်
တည့်မတ်သောလမ်းစဉ်)

၁၆။ ဓမ္မကထိကသုတ်=ဓမ္မကထိကဟုဆိုထိုက်သူ ၁၉၇
(တရားဟောသူ၊ တရားကျင့်သူ နှင့် မျက်မှောက် ဘဝ၌
ငြိမ်းအေးသူ)

၁၇။ အစေလကဿပသုတ်=အစေလကဿပအား ဟောကြားပုံ ၁၉၈
(ဆင်းရဲကို ကိုယ်တိုင်ပြု၏ဟု ဆိုလျှင် သဿတအယူဖြစ်ပုံ၊
သူတပါးပြု၏ဟု ဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ)

၁၈။ တိမ္ဗရုကသုတ်=တိမ္ဗရုက ပရိဗိုဇ်အား ဟောကြားချက် ၁၉၉
(ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏၊ သူတပါးပြုအပ်၏
ဟူသော အယူများဖြစ်ပုံ)

၁၉။ ဗာလပဏ္ဍိတသုတ်=လူမိုက်နှင့် ပညာရှိ ထူးခြားပုံ ၂၀၀
(ချမ်းသာဆင်းရဲကို ခံစားပုံချင်းတူသော်လည်း အကျင့်
မြတ်ကို ကျင့်ခြင်း၊ မကျင့်ခြင်းအားဖြင့်ထူးခြားကြောင်း)

၂၀။ ပစ္စယသုတ်=အကြောင်းနှင့်အကျိုး ၂၀၁

၂၁။ ဒသဗလသုတ်=အားဆယ်ပါးနှင့်ပြည့်စုံသူ ၂၀၁

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၂။ | ဒုတိယဒသဗလသုတ်=အားဆယ်ပါးနှင့်ပြည့်စုံသောတရားစက်ကို လည်စေပုံ<br>(ပျင်းရိသူ ဆင်းရဲစွ နေရ၍လုံ့လရှိသူ ချမ်းသာစွာနေရကြောင်း၊ အကျိုးရှိသောရဟန်းအဖြစ်) | ၂၀၂ |
| ၂၃။ | ဥပနိသသုတ်=အကြောင်းနှင့်တကွဖြစ်သောတရား<br>(သိမြင်သူအားသာလျှင် အာသဝကုန်ခြင်းဖြစ်ကြောင်း၊ ပစ္စဝေက္ခဏာဉာဏ် အရဟတ္တဖိုလ်၊ အရဟတ္တမဂ်စသည်တို့ အကြောင်းနှင့်တကွဖြစ်ပုံ) | ၂၀၃ |
| ၂၄။ | အညတိတ္ထိယသုတ်=တိတ္ထိတို့၏အမေးကိုဖြေခြင်း<br>(ဆင်းရဲသည် ဖဿကိုစွဲ၍ဖြစ်ကြောင်း ရှင်သာရိပုတ္တရာက ဖြေခြင်း၊ ရှင်အာနန္ဒာက ချီးကျူးလျှောက်ကြားပုံ) | ၂၀၅ |
| ၂၅။ | ဘူမိဇသုတ်=ရှင်ဘူမိဇ၏ အမေးကိုဖြေကြားခြင်း<br>(စေ့ဆော်ခြင်းနှင့် အဝိဇ္ဇာကြောင့်ချမ်းသာဆင်းရဲဖြစ်ပုံ) | ၂၀၆ |
| ၂၇။ | ပစ္စယသုတ်=အကြောင်းတရားကို သိမြင်သူ | ၂၀၈ |
| ၂၈။ | ဘိက္ခုသုတ်=ဉာဏ်အမြင်နှင့် ပြည့်စုံသောရဟန်း | ၂၀၉ |
| ၃၀။ | ဒုတိယသမဏဗြာဟ္မဏသုတ်=အိုခြင်းသေခြင်းကို မလွန်နိုင်သော ရဟန်းပုဏ္ဏားများ | ၂၀၉ |
| ၃၁။ | ဘူတသုတ်=ခန္ဓာငါးပါးရှုပုံကိုဟောခြင်း<br>(အဇိတပဉှာ ဂါထာကို ရှင်သာရိပုတ္တရာအား မေးခြင်း၊ ရှင်သာရိပုတ္တရာကဖြေပုံ၊ သေက္ခဖြစ်ပုံနှင့် သိပြီးပြီးသော တရားရှိသူဖြစ်ပုံ) | ၂၀၉ |
| ၃၂။ | ကဠာရသုတ်=ရှင်ကဠာရခတ္တိယနှင့်ယှဉ်သော ဟောချက်<br>(ရှင်သာရိပုတ္တရာသည် အရဟတ္တဖိုလ်ကို ပြောကြားသည်ဟု ရှင်ကဠာရက ဗုဒ္ဓအား လျှောက်ခြင်း၊ ဗုဒ္ဓကမည်သို့ သိမြင်၍ အရဟတ္တဖိုလ်ကိုပြောကြားသနည်းဟု ရှင်သာရိပုတ္တရာအား မေးခြင်း၊ ဇာတိ စသည်တို့၏အကြောင်းကို သိမြင်၍ ပြောကြားခြင်းဖြစ်ကြောင်း ဖြေခြင်း) | ၂၁၁ |
| ၃၃။ | ဉာဏဝတ္ထုသုတ်=ဉာဏ်၏တည်ရာ ၄၄ပါးကိုဟောခြင်း | ၂၁၃ |
| ၃၄။ | ဒုတိယဉာဏဝတ္ထုသုတ်=ဉာဏ်၏တည်ရာ (၇၇) ပါး ကို ဟောခြင်း | ၂၁၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | အဝိဇ္ဇာပစ္စယသုတ်=အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပုံကို ဟောကြားခြင်း | ၂၁၄ |
| | (အသက်သည်ကိုယ်ဟုလည်းကောင်း၊ အသက်သည်တခြား၊ ကိုယ်သည်တခြား ဟူ၍ လည်းကောင်း အယူ ရှိခဲ့သော် အကျင့်မြတ်ကို ကျင့်သုံးခြင်းမဖြစ်နိုင်ကြောင်း) | |
| ၃၇။ | နတုမှသုတ်=ကိုယ်သည် သင်တို့၏ဥစ္စာမဟုတ်ဟုဟော ခြင်း | ၂၁၅ |
| ၃၈။ | စေတနာသုတ်=စေ့ဆော်မှုသည်ဝိညာဏ်၏အကြောင်းရင်း ဖြစ်ကြောင်း | ၂၁၅ |
| | (စေ့ဆော်မှုရှိလျှင် ဝိညာဏ်တည်၊ ဝိညာဏ်တည်လျှင် ဘဝသစ်ဖြစ်ကြောင်း) | |
| ၃၉။ | ဒုတိယ စေတနာသုတ်=စေ့ဆော်မှုသည် ဝိညာဏ်၏ အကြောင်းရင်းဖြစ်ပုံ | ၂၁၆ |
| | (စေ့ဆော်ခြင်းမရှိသော်လည်း ကိန်းအောင်းခြင်းရှိလျှင် ဝိညာဏ်တည်နိုင်ကြောင်း) | |
| ၄၀။ | တတိယ စေတနာသုတ်=စေ့ဆော်မှုသည် ဝိညာဏ်၏ အကြောင်းရင်းဖြစ်ပုံ | ၂၁၆ |
| | (ဝိညာဏ်တည်လျှင် တိမ်းညွတ်ခြင်းဖြစ်ကြောင်း) | |
| ၄၁။ | ပဉ္စဝေရဘယသုတ်=ဘေးရန်ငါးပါးငြိမ်းသူ | ၂၁၇ |
| ၄၂။ | ဒုက္ခသုတ်=ဆင်းရဲဖြစ်ပေါ်ခြင်းနှင့် ဆင်းရဲချုပ်ငြိမ်းခြင်း | ၂၁၈ |
| ၄၃။ | ဉာတိကသုတ်=ဉာတိကရွာ၌ ဟောကြားချက် | ၂၁၈ |
| | (မျက်စိနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်ဖြစ်ပုံစသည်) | |
| ၄၆။ | အညတရဗြာဟ္မဏသုတ်=ပုဏ္ဏားတယောက်၏ အမေးကို ဖြေကြားခြင်း | ၂၂၀ |
| | (ပြုလုပ်သူ သည်ပင် ခံစားသလော....စသည်) | |
| ၄၇။ | ဇာနုဿောဏိသုတ်=ဇာနုဿောဏိ ပုဏ္ဏား၏ မေးခွန်းကို ဖြေကြားခြင်း | ၂၂၀ |
| | (အလုံးစုံသည် ရှိပါသလော....စသည်) | |
| ၄၈။ | လောကာယတိကသုတ်=လောကာယတိကပုဏ္ဏား၏ အမေးကို ဖြေကြားခြင်း | ၂၂၁ |
| | (အလုံးစုံရှိ၏ဟူသောအယူကလောကကို ရှည်စေကြောင်း) | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | အရိယသာဝကသုတ်=အရိယာတပည့်အား အသိဉာဏ်ဖြစ်ပုံ | ၂၂၂ |
| ၅၁။ | ပရိဝီမံသနသုတ်=ဒုက္ခကိုစူးစမ်းဆင်ခြင်ပုံ (အဝိဇ္ဇာကင်းသူအား သင်္ခါရမရှိပုံ၊ ခံစားအပ်သောဝေဒနာကို သိပုံ၊ ကိုယ်အပိုင်းအခြားရှိသော ဝေဒနာနှင့် အသက်အပိုင်းအခြားရှိသော ဝေဒနာ) | ၂၂၂ |
| ၅၂။ | ဥပါဒါနသုတ်=စွဲလမ်းမှု ဖြစ်ခြင်းအကြောင်း | ၂၂၅ |
| ၅၃။ | သံယောဇနသုတ်=သံယောဇဉ် ဖြစ်ခြင်း၏အကြောင်း | ၂၂၅ |
| ၅၅။ | မဟာရုက္ခသုတ်=ဥပါဒါန်သည်သစ်ပင်ကြီးနှင့်တူပုံ | ၂၂၆ |
| ၅၇။ | တရုဏရုက္ခသုတ်=သံယောဇဉ်သည် သစ်ပင်ပျိုနှင့်တူပုံ | ၂၂၇ |
| ၅၈။ | နာမရူပသုတ်=နာမ်ရုပ်သက်ဝင်ခြင်း၏အကြောင်း | ၂၂၇ |
| ၅၉။ | ဝိညာဏသုတ်=ဝိညာဏ်သက်ဝင်ခြင်း၏အကြောင်း | ၂၂၈ |
| ၆၀။ | နိဒါနသုတ်=အကြောင်းရင်းတရားများကို ဟောကြားပုံ | ၂၂၈ |
| ၆၁။ | အဿုတဝါသုတ်=အကြားအမြင်မရှိသူသည် စိတ်၌ ငြီးငွေ့ရန် မလွယ်ကြောင်း | ၂၂၈ |
| ၆၃။ | ပုတ္တမံသူပမသုတ်=အစာအာဟာရသည်သား၏အသားနှင့်တူကြောင်း (ကဗဠီကာရအာဟာရနှင့်သား၏အသား၊ ဖဿအာဟာရနှင့် ကိုက်ခဲတတ်သောသတ္တဝါ၊ မနောသဉ္စေတနာအာဟာရနှင့် မီးကျီးတွင်း၊ ဝိညာဏအာဟာရနှင့်လှံ) | ၂၃၀ |
| ၆၄။ | အတ္ထိရာဂသုတ်=တပ်စွန်းခြင်းရှိလျှင် ဝိညာဏ်တည်ကြောင်း (ပျဉ်ချပ်၌ဆေးဖြင့်ရေးခြယ်လျှင် အရုပ်ထင်သကဲ့သို့ အာဟာရလေးပါး၌တပ်စွန်းခြင်းရှိလျှင်ဝိညာဏ်တည်ကြောင်း) | ၂၃၁ |
| ၆၅။ | နဂရသုတ်=အရိယာမဂ်ကို မြို့ဟောင်းဖြင့် ဥပမာပြု၍ ဟောခြင်း (ဝိညာဏ်ရှိသော်နာမ်ရုပ်ဖြစ်၊နာမ်ရုပ်ရှိသော်ဝိညာဏ်ဖြစ်ပုံ) | ၂၃၃ |
| ၆၆။ | သမ္မသသုတ်=ကိုယ်ခန္ဓာ၌ ဆင်ခြင်သုံးသပ်ခြင်း (အိုခြင်း၊သေခြင်း ဆင်းရဲသည့် ခန္ဓာငါးပါးဟူသော ဥပဓိလျှင် အကြောင်းရင်း ရှိကြောင်း၊ မျက်စိ၊ နား စသည်ကို အတ္တဟုရှုခြင်းသည် အဆိပ်ရောသောဖျော်ရည်ကို သောက်ခြင်းနှင့် တူကြောင်း) | ၂၃၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၇။ | နဠကလာပီသုတ်=နာမ်ရုပ်နှင့်ဝိညာဏ်သည် ကျူရိုးစည်း နှစ်ခုနှင့်တူကြောင်း | ၂၃၇ |
| ၆၈။ | ကောသမ္ဗိသုတ်=ကောသမ္ဗီပြည်၌ ဟောကြားချက် (ဘဝချုပ်ခြင်းသည် နိဗ္ဗာန်ဟုသိတိုင်း အာသဝေါကင်းသော ရဟန္တာမဖြစ်နိုင်ကြောင်း) | ၂၃၉ |
| ၆၉။ | ဥပယန္တိသုတ်=အဝိဇ္ဇာကြောင့် သင်္ခါရ တိုးပွားပုံ စသည်ကို ဟောခြင်း (မဟာသမုဒ္ဒရာနှင့်မြစ်ချောင်းဥပမာ) | ၂၄၀ |
| ၇၀။ | သုသိမသုတ်=တရားကို ခိုးယူရန်ကြံသော သုသိမပရိဗိုဇ် (တရားကိုခိုးယူရန်ကြံ၍သုသိမပရိဗိုဇ်ဟန်းပြုပုံ၊ အရဟတ္တဖိုလ်ကိုရတိုင်း စျာန်သမာပတ်မရနိုင်ကြောင်း) | ၂၄၁ |

## ၂။ အဘိသမယသံယုတ်

[သစ္စာလေးပါးကို သိမြင်ခြင်းနှင့်စပ်သော ဟောကြားချက်များ]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၂။ အဘိသမယသံယုတ် | ၂၄၇ |
| ၇၄။ | နခသိခါသုတ်=လက်သည်းဖျားမှ မြေမှုန့်နှင့် မဟာပထဝီမြေကြီး ဥပမာ (သစ္စာလေးပါးကို သိမြင်ပြီးသူအား ဒုက္ခအနည်းငယ်သာ ကျန်တော့ကြောင်း) | ၂၄၇ |
| ၇၅။ | ပေါက္ခရဏီသုတ်=သမန်းမြက်ဖျားမှရေနှင့်ရေကန်ကြီးထဲမှ ရေဥပမာ | ၂၄၈ |
| ၇၆။ | သံဘေဇ္ဇဥဒကသုတ်=ဘပေါင်းတည်း တည်သောမြစ်ရေ ဥပမာ | ၂၄၈ |
| ၇၈။ | ပထဝီသုတ်=မြေစိုင်ခဲခုနစ်လုံးနှင့်မဟာပထဝီမြေကြီးဥပမာ | ၂၄၉ |
| ၈၀။ | သမုဒ္ဒသုတ်=ရေနှစ်စက်သုံးစက်နှင့်မဟာသမုဒ္ဒရာရေဥပမာ | ၂၅၀ |
| ၈၂။ | ပဗ္ဗတသုတ်=ကျောက်ခဲခုနစ်လုံးနှင့်ဟိမဝန္တာတောင်ဥပမာ | ၂၅၁ |

## ၃။ ဓာတုသံယုတ်

[ဓာတ်သဘောနှင့်စပ်သော ဟောကြားချက်များ]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၃။ ဓာတုသံယုတ် | ၂၅၃ |
| ၈၅။ | ဓာတုနာနတ္တသုတ်=ဓာတ်သဘောအမျိုးမျိုး ကွဲပြားပုံ (စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်စသည်) | ၂၅၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆။ | ဖဿနာနတ္တသုတ်=ဖဿအမျိုးမျိုး ကွဲပြားပုံ (ကြွေဓာတ်ကို စွဲ၍ ကြွေသမ္ဖဿဖြစ်ပုံ စသည်) | ၂၅၃ |
| ၈၇။ | နောဖဿနာနတ္တသုတ်=ဖဿ အမျိုးမျိုးကို စွဲ၍ ဓာတ် အမျိုးမျိုးမဖြစ်ပုံ | ၂၅၄ |
| ၈၈။ | ဝေဒနာနာနတ္တသုတ်=ဖဿ အမျိုးမျိုးကို စွဲ၍ ဝေဒနာ အမျိုးမျိုးဖြစ်ပုံ | ၂၅၄ |
| ၉၀။ | ဗာဟိရဓာတုနာနတ္တသုတ်=အပြင်ဓာတ်အမျိုးမျိုးကို ဟော ကြားခြင်း | ၂၅၅ |
| ၉၁။ | သညာနာနတ္တသုတ်=ဓာတ်အမျိုးမျိုးကို စွဲ၍ သညာ အမျိုးမျိုးဖြစ်ပုံ | ၂၅၅ |
| ၉၂။ | နောပရိယေသနာနာနတ္တသုတ်=ရှာဖွေခြင်း အမျိုးမျိုးကို စွဲ၍ ပူပန်ခြင်းအမျိုးမျိုး မဖြစ်ပုံ | ၂၅၅ |
| ၉၃။ | ဗာဟိရဖဿနာနတ္တသုတ်=အပြင်ဓာတ်ခြောက်ပါးနှင့်တွေ့ထိခြင်း | ၂၅၆ |
| ၉၅။ | သတ္တဓာတုသုတ်=ဓာတ်ခုနစ်ပါးကို ဟောကြားခြင်း | ၂၅၆ |
| ၉၆။ | သနိဒါနသုတ်=ဝိတက်သုံးပါးသည် အကြောင်းတရားနှင့် တကွ ဖြစ်ပုံ | ၂၅၇ |
| ၉၇။ | ဂိဉ္ဇကာဝသထသုတ်=အုတ်ကျောင်း၌ ဟောကြားချက် (ယုတ်သောဓာတ်ကိုစွဲ၍ ယုတ်သောသညာစသည်ဖြစ်ပုံ) | ၂၅၈ |
| ၉၈။ | ဟီနာဓိမုတ္တိကသုတ်=ယုတ်ညံ့သော နှလုံးသွင်း ရှိသူချင်း ပေါင်းစည်းညီညွတ်ပုံ | ၂၅၉ |
| ၉၉။ | စင်္ကမသုတ်=စင်္ကြံသွားခြင်းနှင့်စပ်သော ဟောကြားချက် | ၂၅၉ |
| ၁၀၀။ | သဂါထာသုတ်=ဂါထာနှင့်တကွ ဟောကြားချက် (သတ္တဝါတို့သည် ဓာတ်အားဖြင့်ပေါင်းစည်းပုံ) | ၂၆၀ |
| ၁၀၁။ | အဿဒ္ဓသံသန္ဒနသုတ်=သဒ္ဓါမရှိသူချင်း ပေါင်းစည်းပုံ | ၂၆၁ |
| ၁၁၄။ | စတုဓာတုသုတ်=ဓာတ်လေးပါးကိုဟောကြားခြင်း | ၂၆၃ |
| ၁၁၅။ | ပုဗ္ဗေသမ္ဗောဓသုတ်=သစ္စာလေးပါးကို မသိမီ အကြံဖြစ်ခဲ့ပုံ | ၂၆၃ |
| ၁၁၆။ | အစရိံသုတ်=ဓာတ်လေးပါးသဘောကို ရှာဖွေခဲ့ပုံ | ၂၆၄ |
| ၁၁၇။ | နောစေဒံသုတ်=ဓာတ်လေးပါး၌သာယာဖွယ်စသည်ရှိခြင်း | ၂၆၄ |
| ၁၁၈။ | ဧကန္တဒုက္ခသုတ်=ဓာတ်လေးပါးသည် စင်စစ်ဆင်းရဲခြင်းသို့ သက်ဝင်ကြောင်း | ၂၆၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁၉။ | အဘိနန္ဒသုတ်=ခဲဘ်သေးပါးကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်သူဖြစ်ကြောင်း | ၂၆၅ |
| ၁၂၀။ | ဥပ္ပ ဒသုတ် =ခဲတ်ငါးပါးဖြစ်ခြင်းသည် ဆင်းရဲဖြစ်ခြင်းပင် ဖြစ်ကြောင်း ဟောခြင်း | ၂၆၅ |
| ၁၂၁။ | သမဏဗြဟ္မဏသုတ်=ခဲတ် ၄ ပါးကို မသိသူသည် ရဟန်း ပုဏ္ဏားမဟုတ်ကြောင်း | ၂၆၆ |

၄။ အနမတဂ္ဂသံယုတ် ၂၆၇

[မသိအင်သော အစရှိသည့်သံသရာနှင့်စပ်သောဟောကြားချက်များ]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂၄။ | တိဏကဋ္ဌသုတ်=သံသရာနှင့်မြက်ထင်းဥပမာ | ၂၆၇ |
| ၁၂၅။ | ပထဝီသုတ်=သံသရာနှင့်မြေကြီးဥပမာ | ၂၆၇ |
| ၁၂၆။ | အဿုသုတ်=သမုဒ္ဒရာရေထက်များသော မျက်ရည်များ | ၂၆၈ |
| ၁၂၇။ | ခီရသုတ်=သမုဒ္ဒရာရေထက်များသော နို့ရည်များ | ၂၆၈ |
| ၁၂၈။ | ပဗ္ဗတသုတ်=ကမ္ဘာ့သက်တမ်းနှင့် ကျောက်တောင်ဥပမာ | ၂၆၉ |
| ၁၂၉။ | သာသပသုတ်=ကမ္ဘာ့သက်တမ်းနှင့် မုန်ညင်းစေ့ဥပမာ | ၂၆၉ |
| ၁၃၀။ | သာဝကသုတ်=ကုန်လွန်ပြီးသော ကမ္ဘာများကို သာဝကလေးပါး မရေတွက်နိုင်ကြောင်း | ၂၇၀ |
| ၁၃၁။ | ဂင်္ဂါသုတ်=ကုန်လွန်ပြီးသော ကမ္ဘာတို့သည် ဂင်္ဂါသဲစုထက်များကြောင်း | ၂၇၀ |
| ၁၃၂။ | ဒဏ္ဍသုတ်=သံသရာနှင့်တုတ်ချောင်း ဥပမာ | ၂၇၁ |
| ၁၃၃။ | ပုဂ္ဂလသုတ်=သတ္တဝါတယောက်၏ အရိုးစုများ ဝေပုလ္လတောင်ကြီးမျှရှိကြောင်း | ၂၇၁ |
| ၁၃၄။ | ဒုဂ္ဂတသုတ်=ဆင်းရဲသူကိုမြင်လျှင် ဆင်ခြင်သင့်ကြောင်း | ၂၇၂ |
| ၁၃၅။ | သုခိတသုတ်=ချမ်းသာသူကိုမြင်လျှင် ဆင်ခြင်သင့်ကြောင်း | ၂၇၂ |
| ၁၃၆။ | တိံသမတ္တာသုတ်=သုံးကျိပ်သောရဟန်းများအား ဟောပုံ (ခေါင်းဖြတ်ခံရ၍ ယိုစီးသောသွေးသည် သမုဒ္ဒရာရေထက်များကြောင်း) | ၂၇၂ |
| ၁၃၇။ | ဝေပုလ္လပဗ္ဗတသုတ်=ဝေပုလ္လတောင် အမည် အမျိုးမျိုး ပြောင်းလဲခဲ့ကြောင်း | ၂၇၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၅။ ကဿပသံယုတ် | ၂၇၅ |
| | [ရှင်မဟာကဿပနှင့်စပ်သော ဟောကြားချက်များ] | |
| ၁၄၄။ | သန္တုဋ္ဌသုတ်=ရောင့်ရဲလွယ်သူဖြစ်ကြောင်း | ၂၇၅ |
| ၁၄၅။ | အနောတ္တပ္ပီသုတ်=ထိတ်လန့်ခြင်း မရှိသူ ဖြစ်ကြောင်းကို ဟောကြားခြင်း | ၂၇၅ |
| ၁၄၆။ | စန္ဒူပမသုတ်=လဖိမာန်ဖြင့် ဥပမာပြု၍ ဟောကြားခြင်း | ၂၇၇ |
| ၁၄၇။ | ကုလူပကသုတ်=ဒါယကာတို့အိမ်သို့ ချဉ်းကပ်ထိုက်သော ရဟန်းအကြောင်း | ၂၇၈ |
| ၁၄၈။ | ဇိဏ္ဏသုတ်=အိုမင်းသောရှင်မဟာကဿပအားမိန့်ကြားပုံ | ၂၇၉ |
| ၁၄၉။ | ဩဝါဒသုတ်=ရဟန်းတို့အား ဆုံးမရန် တိုက်တွန်းခြင်း (ရှင်အာနန္ဒ၏ တပည့်နှင့် ရှင်အနုရုဒ္ဓါ၏ တပည့် တို့ တရားဟော ပြိုင်ကြခြင်း) | ၂၈၀ |
| ၁၅၀။ | ဒုတိယဩဝါဒသုတ်=ရဟန်းတို့အား ဆုံးမရန်တိုက်တွန်း ပုံ (ယုံကြည်ခြင်း၊ ရှက်ကြောက်ခြင်းမရှိသူအား ဆုတ်ယုတ်မှုကိုသာ မျှော်လင့်အပ်ကြောင်း) | ၂၈၀ |
| ၁၅၁။ | တတိယဩဝါဒသုတ်=ရဟန်းတို့အား ဆုံးမရန်တိုက်တွန်းပုံ (ရှေးက မထေရ်ကြီးများ ဓုတင်ဆောင်ပုံနှင့် နောက်ပိုင်း မထေရ်ကြီးများ ဓုတင်မဆောင်ကြပုံ) | ၂၈၁ |
| ၁၅၂။ | ဈာနာဘိညသုတ်=ရှင်မဟာကဿပသည် အလိုရှိသမျှ ဈာန် ဝင်စားနိုင်ကြောင်း | ၂၈၂ |
| ၁၅၃။ | ဥပဿယသုတ်=ဘိက္ခုနီကျောင်းသို့သွားခြင်း (ရှင်အာနန္ဒာ နှင့် ရှင်မဟာကဿပ ဘိက္ခုနီကျောင်းသို့ သွားပုံ၊ ထုလ္လတိဿာ ဘိက္ခုနီက ရှင်မဟာကဿပအား ကဲ့ရဲ့ခြင်း၊ ရှင်မဟာကဿပကရှင်အာနန္ဒာအားမိန့်ကြားခြင်း) | ၂၈၃ |
| ၁၅၄။ | စီဝရသုတ်=ဗုဒ္ဓနှင့် ရှင်မဟာကဿပ သင်္ကန်းချင်းလဲပုံ (ရှင်အာနန္ဒာအား ရှင်မဟာကဿပက သူငယ်ဟူသော စကားဖြင့် ဆုံးမခြင်း၊ ထုလ္လနန္ဒာဘိက္ခုနီက ရှင်မဟာ ကဿပအား တိတ္ထိဟု ကဲ့ရဲ့ခြင်း၊ ရှင်မဟာကဿပက မိမိ သည် ဗုဒ္ဓကိုရည်ညွှန်း၍ ရဟန်းပြုခဲ့ခြင်းကို ပြန်လည် မိန့် ကြားခြင်း) | ၂၈၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၅။ | ပရိမဏ္ဍလသုတ်=သေပြီးနောက် ဖြစ်မဖြစ်မေးခြင်း | ၂၀၇ |
| ၁၅၆။ | သဒ္ဓမ္မပဋိရူပကသုတ်=သူတော်ကောင်းတရား အတုကြောင့် တရားအစစ် ကွယ်ရခြင်း | ၂၀၇ |

## ၆။ လာဘသက္ကာရသံယုတ်  ၂၀၉

[လာဘသက္ကာရနှင့် စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၁၅၇။ | ဒါရုဏသုတ်=လာဘသက္ကာရသည် ခက်ထန်ကြောင်း | ၂၀၉ |
| ၁၅၈။ | ဗဠိသသုတ်=လာဘသက္ကာရသည် ငါးမျှားချိတ်နှင့်တူခြင်း | ၂၀၉ |
| ၁၅၉။ | ကုမ္မသုတ်=မှိန်းထိုးခံရသောလိပ်နှင့်တူသောရဟန်း | ၂၉၀ |
| ၁၆၀။ | ဒီဃလောမိကသုတ်=အမွေးရှည်သော သိုးနှင့် တူသော ရဟန်း | ၂၉၁ |
| ၁၆၁။ | မိဠှကသုတ်=မစင်ပိုးနှင့်တူသောရဟန်း | ၂၉၁ |
| ၁၆၂။ | အသနိသုတ်=လာဘသက္ကာရသည် မိုးကြိုးသွားနှင့်တူပုံ | ၂၉၁ |
| ၁၆၃။ | ဒိဒ္ဓသုတ်=လာဘသက္ကာရသည် အဆိပ်လူးမြားနှင့်တူပုံ | ၂၉၂ |
| ၁၆၄။ | သိင်္ဂါလသုတ်=ဝဲစွဲသောမြေခွေးနှင့်တူသူ | ၂၉၂ |
| ၁၆၅။ | ဝေရမ္ဘသုတ်=ဝေရမ္ဘလေဖြင့် မျောပါသောငှက်နှင့်တူသူ | ၂၉၂ |
| ၁၆၆။ | သဂါထကသုတ်=ဂါထာနှင့်တကွဟောကြားခြင်း (လာဘသက္ကာရကြောင့်အပါယ်သို့ရောက်သူကိုမြင်ရခြင်း) | ၂၉၃ |
| ၁၆၇။ | သုဝဏ္ဏပါတိသုတ်=ရွှေခွက်ကြောင့်ပင် မုသားမဆိုသူ (လာဘသက္ကာရကြောင့် မုသားဆိုကြောင်း) | ၂၉၃ |
| ၁၆၈။ | ရူပိယပါတိသုတ်=ငွေခွက်ကြောင့်ပင် မုသားမဆိုသူ | ၂၉၄ |
| ၁၆၉။ | မာတုဂါမသုတ်=(လာဘသက္ကာရသည်) မာတုဂါမ ထက်ပင် ဆွဲဆောင်နိုင်ကြောင်း | ၂၉၄ |
| ၁၇၀။ | ကလျာဏီသုတ်=(လာဘသက္ကာရသည်) ဇနပဒ်ကလျာဏီထက်ပင် ဆွဲဆောင်နိုင်ကြောင်း | ၂၉၄ |
| ၁၇၁။ | ဧကပုတ္တကသုတ်=တယောက်တည်းသောသားကို တောင်းပန်သင့်ပုံ | ၂၉၅ |
| ၁၇၂။ | ဧကဓီတုသုတ်=တယောက်တည်းသောသမီးအား တောင်းပန်သင့်ကြောင်း | ၂၉၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၄။ | သမဏဗြဟ္မဏသုတ်-ရဟန်းပုဏ္ဏားဟုတ်သူ | ၂၉၆ |
| ၁၇၈။ | ရဇ္ဇုသုတ်=(လာဘသက္ကာရသည်) သာမြီးကြိုးနှင့်တူပုံ | ၂၉၇ |
| ၁၇၉။ | ဘိက္ခုသုတ်= (လာဘသက္ကာရသည်) ရဟန္တာကိုပင် အန္တရာယ်ပြုနိုင်ကြောင်း | ၂၉၇ |
| ၁၈၀။ | အစိရပက္ကန္တသုတ်=ဒေဝဒတ် သင်းခွဲ၍ ထွက်သွားစတွင် မိန့်ကြားချက် | ၂၉၈ |
| ၁၈၁။ | ပဉ္စရထသတသုတ်= ရထားငါးရာဖြင့် ဒေဝဒတ်အား ဆည်းကပ်သူ | ၂၉၈ |
| | **၇။ ရာဟုလသံယုတ်** | **၃၀၀** |
| | [ရှင်ရာဟုလာနှင့်စပ်သော ဟောကြားချက်များ] | |
| ၁၈၈။ | စက္ခုသုတ်=မျက်စိသည်မြဲသည်ဖြင့်ဟောခြင်း | ၃၀၀ |
| ၂၀၀။ | အနုသယသုတ်=အနုသယဖြစ်ကြောင်းကိုဟောခြင်း | ၃၀၁ |
| ၂၀၁။ | အပဂတသုတ်=အနုသယကင်းသောစိတ်ဖြစ်ပုံကိုဟောခြင်း | ၃၀၂ |
| | **၈။ လက္ခဏသံယုတ်** | **၃၀၃** |
| | [ရှင်လက္ခဏနှင့်စပ်သောဟောကြားချက်များ] | |
| ၂၀၂။ | အဋ္ဌိသုတ်=အရိုးစုပြိတ္တာကို တွေ့မြင်ခြင်း | ၃၀၃ |
| ၂၀၃။ | ပေသိသုတ်=အသားတစ် ပြိတ္တာကိုတွေ့မြင်ခြင်း | ၃၀၄ |
| ၂၀၄။ | ပိဏ္ဍသုတ်=အသားဘုံးပြိတ္တာကိုတွေ့မြင်ခြင်း | ၃၀၄ |
| ၂၀၅။ | နိစ္ဆဝိတ္ထိသုတ်=အရေမရှိသော မိန်းမပြိတ္တာကိုတွေ့မြင်ခြင်း | ၃၀၄ |
| ၂၀၆။ | အသိလောမသုတ်=သန်လျက်မွေးပြိတ္တာကိုတွေ့မြင်ခြင်း | ၃၀၄ |
| | **၉။ ဩပမ္မသံယုတ်** | **၃၀၈** |
| | [ဥပမာနှင့်ယှဉ်သော ဟောကြားချက်များ] | |
| ၂၂၃။ | ကူဋသုတ်=ဒိဗ္ဗသည် အိမ်အထွက်နှင့်တူကြောင်း | ၃၀၈ |
| ၂၂၄။ | နခသိခသုတ်=လူအဖြစ်သည် လက်သည်းဖျားမှမြေမှုန့်နှင့် တူကြောင်း | ၃၀၉ |
| ၂၂၅။ | ကုလသုတ်=မိန်းမများသော အိမ်နှင့်တူသူ (မေတ္တာမပွားသူကို မြေဘုတ်ဘီလူးတို့ဖျက်ဆီးရန်လွယ်ပုံ) | ၃၀၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၆။ | သြက္ခာသုတ်=(နွားနို့တညှစ်မျှ) မေတ္တာ ပွားခြင်းသည် တနေ့သုံးကြိမ် ထမင်းအိုးတရာ လှူခြင်းထက် အကျိုးကြီးကြောင်း | ၃၀၉ |
| ၂၂၇။ | သတ္တိသုတ်=လှံဖျားကို ဆုပ်ကိုင်သူဥပမာ | ၃၁၀ |
| ၂၂၈။ | ဓနုဂ္ဂဟသုတ်=လေးသမား (လေးယောက်)တို့၏ မြားကို ဖမ်းနိုင်သူဥပမာ | ၃၁၀ |
| | (အသက်သည် နတ်တို့၏လျင်မြန်ခြင်းထက်ပို၍မြန်ကြောင်း) | |
| ၂၂၉။ | အာဏိသုတ်=ဒသာရဟာမင်းတို့၏ မုရိုးစည်ဥပမာ | ၃၁၁ |
| | (တရားအစစ်ပျောက်၍တရားအတုသာကျန်မည်ဖြစ်ကြောင်း) | |
| ၂၃၀။ | ကလိင်္ဂရသုတ်=သစ်သားတုံးကို ခေါင်းအုံးပြု၍ နေသူများ | ၃၁၁ |
| | (မမေ့မလျော့သူများကိုမာရ်နတ်မနှောင့်ယှက်နိုင်ကြောင်း) | |
| ၂၃၁။ | နာဂသုတ်=ကြာစွယ်ကိုစားသောဆင်ဥပမာ | ၃၁၂ |
| | (ပစ္စည်းလေးပါး၌အပြစ်ကိုမရှုပဲ သုံးဆောင်လျှင် ပျက်စီးတတ်ကြောင်း) | |
| ၂၃၂။ | ဗိဠာရသုတ်=ကြွက်ကိုမဝါးပဲစားသောကြောင် ဥပမာ | ၃၁၄ |
| | (ကိုယ်နှုတ်စိတ်သုံးပါးကို မစောင့်စည်းပဲဆွမ်းခံလျှင် ပျက်စီးတတ်ကြောင်း) | |
| ၂၃၃။ | သိင်္ဂါလသုတ်=မြေခွေးအိုကဲ့သို့ သာယာမှု မခံစားရသော ရဟန်း | ၃၁၄ |
| ၂၃၄။ | ဒုတိယသိင်္ဂါလသုတ်=မြေခွေးအိုကဲ့သို့ ကျေးဇူး မသိတတ်သော ရဟန်း | ၃၁၅ |
| | **၁၉။ ဘိက္ခုသံယုတ်** | ၃၁၆ |
| | [ရဟန်းတို့နှင့်စပ်သော ဟောကြားချက်] | |
| ၂၃၅။ | ကောလိတသုတ်=ရှင်မဟာမောဂ္ဂလ္လာန်၏မိန့်ကြားချက် | ၃၁၆ |
| | (မြတ်သော ဆိတ်ဆိတ်နေခြင်းဖြင့် နေခဲ့ပုံ) | |
| ၂၃၆။ | ဥပတိဿသုတ်=ရှင်သာရိပုတ္တရာ၏ မိန့်ကြားချက် | ၃၁၇ |
| | (မြတ်စွာဘုရား၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့်ပင် စိုးရိမ်ခြင်း မဖြစ်တော့ကြောင်း) | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၇။ | ဃဋသုတ်=ဆားအိုးဖြင့်ဥပမာပြု၍ မိန့်ကြားခြင်း (ဝေဠုဝန်ကျောင်း၌နေသော ရှင်မောဂ္ဂလ္လာန် ဇေတဝန်ကျောင်း၌နေသော ဗုဒ္ဓနှင့် တရား ဆွေးနွေးခြင်းဖြစ်ပုံ၊ ရှင်သာရိပုတ္တရာ က အရှင်မောဂ္ဂလ္လာန်အား ချီးကျူးပုံ၊ ရှင်မောဂ္ဂလ္လာန်ကလည်း သေးငယ်သော ဆားခဲနှင့်ဆားအိုးကြီးကို ဥပမာ ပြု၍ ရှင်သာရိပုတ္တရာအား ချီးကျူးပုံ) | ၃၁၈ |
| ၂၃၈။ | နဝသုတ်= (ဆိတ်ဆိတ်နေသော) ရဟန်းငယ်တပါးအား ဗုဒ္ဓက ချီးကျူးခြင်း | ၃၂၀ |
| ၂၃၉။ | သုဇာတသုတ်=အရှင်သုဇာတအား ဗုဒ္ဓက ချီးကျူးခြင်း | ၃၂၀ |
| ၂၄၀။ | လကုဏ္ဋကဘဒ္ဒိယသုတ်=အရှင်လကုဏ္ဋကဘဒ္ဒိယအားဗုဒ္ဓက ချီးကျူးခြင်း | ၃၂၁ |
| ၂၄၁။ | ဝိသာခသုတ်=အရှင်ဝိသာခအား ဗုဒ္ဓကချီးကျူးခြင်း | ၃၂၂ |
| ၂၄၂။ | နန္ဒသုတ်= (ညီတော်)အရှင်နန္ဒအား ဗုဒ္ဓက ဆုံးမခြင်း | ၃၂၂ |
| ၂၄၃။ | တိဿသုတ်= (ညီတော်)အရှင်တိဿအား ဗုဒ္ဓကဆုံးမခြင်း | ၃၂၃ |
| ၂၄၄။ | ထေရနာမကသုတ်=ထေရမည်သော ရဟန်းအား ဟောကြားချက် (ပြည့်စုံသောအဓိပ္ပာယ်ရှိသော တပါးတည်းနေခြင်း) | ၃၂၄ |
| ၂၄၅။ | မဟာကပ္ပိနသုတ်=ရှင်မဟာကပ္ပိနအား ဗုဒ္ဓက ချီးကျူးခြင်း | ၃၂၅ |
| ၂၄၆။ | သဟာယကသုတ် = အရှင်ကပ္ပိန၏ သူငယ်ချင်းများအား ဗုဒ္ဓက ချီးကျူးခြင်း | ၃၂၅ |

## ၃။ ခန္ဓဝဂ်

| | | |
|---|---|---|
| | **၁။ ခန္ဓသံယုတ်** [ခန္ဓာငါးပါးနှင့်စပ်သော ဟောကြားချက်များ] | ၃၂၉ |
| ၁။ | နကုလပိတုသုတ်=နကုလပိတာသူကြွယ်အား ဟောကြားပုံ (ကိုယ်၏ နာကျင်မှုခံစားရသူသည် စိတ်နာကျင်မှုမရှိအောင် ဆင်ခြင်သင့်ကြောင်း၊ ခန္ဓာငါးပါးကို အတ္တဟု ရှုသူအား ကိုယ်နာကျင်မှုဖြစ်တတ်ကြောင်း၊ ခန္ဓာငါးပါးကို အတ္တဟု မရှုသူအား ကိုယ်နာကျင်မှုဖြစ်သော်လည်း စိတ်နာကျင်မှု မရှိတော့ကြောင်း) | ၃၂၉ |

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ


၂။ ဒေဝဒဟသုတ်=ဒေဝဒဟနိဂုံး၌ ဟောကြားချက် ၃၃၁
(ဗုဒ္ဓသည် ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှုပယ်ဖျောက်ရေးကို ဟောကြားလေ့ ရှိကြောင်း၊ တပ်မက်မှု ကင်းသူအား စိုးရိမ်ပူဆွေးခြင်း မဖြစ်တော့ကြောင်း၊ အကုသိုလ်ကို အားထုတ်သူသည် မျက်မှောက်၌ ဆင်းရဲ၍ တမလွန်၌လည်း ဒုဂ္ဂတိသို့ ရောက်မည်ဖြစ်ကြောင်း၊ ကုသိုလ်ကို အားထုတ်သူသည်မျက်မှောက်၌ ချမ်းသာ၍ တမလွန်၌လည်း သုဂတိသို့ ရောက်မည်ဖြစ်ကြောင်း)
၃။ ဟာလိဒ္ဒိကာနိသုတ်=ဟာလိဒ္ဒိကာနိ သူကြွယ်အား ဟောကြားချက် ၃၃၃
(ခန္ဓာငါးပါးသည် အိမ်၊ ကမ္မဝိညာဏ်သည် အိမ်ထဲသို့ ဝင်သူ မည်ကြောင်း)
၄။ ဒုတိယဟာလိဒ္ဒိကာနိသုတ်=ဟာလိဒ္ဒိကာနိ သူကြွယ်အား ဟောကြားချက် ၃၃၄
(ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်သော စိတ်ဟု ဆိုအပ်ခြင်း)
၅။ သမာဓိသုတ်=သမာဓိကိုပွားလျှင် ဟုတ်တိုင်းမှန်စွာသိခြင်း ၃၃၄
၆။ ပဋိသလ္လာဏသုတ်=ဆိတ်ငြိမ်ရာ၌နေလျှင် ဟုတ်တိုင်းမှန်စွာ သိခြင်း ၃၃၅
၇။ ဥပါဒါပရိတဿနသုတ်=စွဲလမ်းသဖြင့် တပ်မက်မှုဖြစ်ခြင်း ၃၃၅
၈။ ဒုတိယဥပါဒါပရိတဿနသုတ်=စွဲလမ်းသဖြင့် တပ်မက်မှု ဖြစ်ခြင်းတမျိုး ၃၃၆
၉။ ကာလတ္တယအနိစ္စသုတ်=ကာလသုံးပါး၌ မမြဲခြင်းကိုရှုခြင်း ၃၃၇
၁၂။ အနိစ္စသုတ်= ခန္ဓာငါးပါး၏ မမြဲခြင်းကိုရှုခြင်း ၃၃၇
၁၈။ သဟေတုအနိစ္စသုတ်=အကြောင်းနှင့်တကွ မမြဲခြင်းကိုရှုပုံ ၃၃၈
၂၁။ အာနန္ဒသုတ်=ရှင်အာနန္ဒာ၏မေးခွန်းကိုဖြေခြင်း ၃၃၉
(ခန္ဓာငါးပါးချုပ်ငြိမ်းသော် ချုပ်ငြိမ်းခြင်းဟုဆိုအပ်ခြင်း)
၂၂။ ဘာရသုတ်=ခန္ဓာငါးပါးကို ဝန်ထုပ်ဟုဆိုအပ်ခြင်း ၃၃၉
၂၃။ ပရိညသုတ်=ပိုင်းခြား၍ သိအပ်သောတရား ၃၄၀
၂၄။ အဘိဇာနသုတ်=ခန္ဓာငါးပါးကို အထူးသိသူ ၃၄၀

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅။ | ဆန္ဒရာဂသုတ်=ခန္ဓာငါးပါး၌ လိုချင်တပ်စွန်းမှုကို စွန့်ရန်ဟောခြင်း | ၃၄၀ |
| ၂၆။ | အဿာဒသုတ်=(ခန္ဓာငါးပါး၏) သာယာဖွယ် စသည်ကို သိမြင်ခဲ့ကြောင်း | ၃၄၁ |
| ၂၇။ | ဒုတိယအဿာဒသုတ်=(ခန္ဓာငါးပါး၏) သာယာဖွယ်တို့ကို ရှာခဲ့ခြင်း | ၃၄၁ |
| ၂၈။ | တတိယအဿာဒသုတ်= (ခန္ဓာငါးပါး၏) သာယာဖွယ် စသည် ရှိကြောင်း | ၃၄၂ |
| ၂၉။ | အဘိနန္ဒနသုတ်=ဆင်းရဲကိုနှစ်သက်သူ | ၃၄၂ |
| ၃၀။ | ဥပ္ပာဒသုတ်=ဆင်းရဲဖြစ်ပေါ်ခြင်း | ၃၄၃ |
| ၃၃။ | နတုမှာကသုတ်=(ခန္ဓာငါးပါးသည်) သင်တို့၏ဥစ္စာမဟုတ် | ၃၄၃ |
| ၃၅။ | အညတရဘိက္ခုသုတ်=ရဟန်းတပါးအားဟောကြားချက် | ၃၄၄ |
| ၃၆။ | ဒုတိယအညတရဘိက္ခုသုတ်=အခြား ရဟန်း တပါးအား ဟောကြားချက် | ၃၄၅ |
| ၃၇။ | အာနန္ဒသုတ်=ရှင်အာနန္ဒာအား မေးမြန်းခြင်း | ၃၄၅ |
| ၃၈။ | ဒုတိယအာနန္ဒသုတ်=ရှင်အာနန္ဒာအား နောက်တမျိုးမေးပုံ | ၃၄၆ |
| ၃၉။ | အနုဓမ္မသုတ်=တရားနှင့်လျော်သောအကျင့်ကိုကျင့်သူ | ၃၄၆ |
| ၄၃။ | အတ္တဒီပသုတ်=မိမိကိုယ်ကို ကိုးကျွန်းသဖွယ်ပြု၍နေသင့်ပုံ | ၃၄၇ |
| ၄၄။ | ပဋိပဒါသုတ်=သက္ကာယချုပ်ငြိမ်းစေသောအကျင့် | ၃၄၈ |
| ၄၅။ | အနိစ္စသုတ်=ခန္ဓာငါးပါး၏ မမြဲခြင်းကိုရှုပုံ | ၃၄၈ |
| ၄၆။ | ဒုတိယအနိစ္စသုတ်=ခန္ဓာငါးပါး၏မမြဲခြင်းကိုရှုပုံ | ၃၄၈ |
| ၄၇။ | သမနုပဿနာသုတ်=အမျိုးမျိုးသောအတ္တကိုရှုသူ | ၃၄၉ |
| ၄၈။ | ခန္ဓသုတ်=ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ထူးခြားကြောင်း | ၃၄၉ |
| ၄၉။ | သောဏသုတ်=သောဏသူကြွယ်အား ဟောကြားချက် (ခန္ဓာငါးပါးဖြင့် ငါသည် မြင့်မြတ်သူဖြစ်၏ဟု မထင်မှတ်သင့်ကြောင်း ဟောကြားချက်) | ၃၅၀ |
| ၅၁။ | နန္ဒိက္ခယသုတ်=နှစ်သက်ခြင်းကုန်ပုံ | ၃၅၁ |
| ၅၃။ | ဥပယသုတ်=ကပ်ရောက်မှုရှိသူသည် ကိလေသာတို့မှမလွတ်နိုင်ကြောင်း | ၃၅၁ |
| ၅၄။ | ဗီဇသုတ်=ဝိညာဏ်သည်မျိုးစေ့နှင့်တူကြောင်း | ၃၅၂ |

| ဒံမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | ဥဒါနသုတ်=ဗုဒ္ဓကဥဒါန်းကျူးရင့်ခြင်း | ၃၅၂ |
| ၅၆။ | ဥပါဒါန ပရိဝတ္တနသုတ်=ဥပါဒါနက္ခန္ဓာ ငါးပါး ကို အပြန် လေးပါးဖြင့်ဟောခြင်း | ၃၅၄ |
| ၅၇။ | သတ္တဋ္ဌာနသုတ်=ခုနစ်ပါးသောဌာနတို့၌ လိမ္မာသူ | ၃၅၅ |
| ၅၈။ | သမ္မာသမ္ဗုဒ္ဓသုတ်=မြတ်စွာဘုရား နှင့် ပညာဝိမုတ္တိရဟန်း ထူးခြားကြောင်း | ၃၅၆ |
| ၅၉။ | အနတ္တလက္ခဏသုတ်=ခန္ဓာငါးပါးသည် အတ္တမဟုတ် | ၃၅၇ |
| ၆၀။ | မဟာလိသုတ်=မဟာလိ(မည်သော)လိစ္ဆဝီမင်းအား ဟော ကြားချက် (ခန္ဓာငါးပါးသည် ညစ်နွမ်းခြင်း၊ ဖြူစင်ခြင်း၏အကြောင်း ဖြစ်ကြောင်း) | ၃၅၈ |
| ၆၁။ | အာဒိတ္တသုတ်=ခန္ဓာငါးပါးသည် တောက်လောင်နေသော တရားဖြစ်ကြောင်း | ၃၅၉ |
| ၆၂။ | နိရုတ္တိပထသုတ်=ပညာရှိမစွန့်အပ်သော ဝေါဟာရ ၃မျိုး | ၃၆၀ |
| ၆၃။ | ဥပါဒိယမာနသုတ်=စွဲလမ်းလျှင် နှောင်ဖွဲ့ခြင်းခံရကြောင်း | ၃၆၀ |
| ၆၆။ | အနိစ္စသုတ်=မမြဲသောတရား၌ ဆန္ဒကိုပယ်သင့်ကြောင်း | ၃၆၁ |
| ၇၁။ | ရာဓသုတ်=ရှင်ရာဓ၏အမေးကိုဖြေခြင်း | ၃၆၁ |
| ၇၂။ | သုရာဓသုတ်=ရှင်သုရာဓ၏ မေးခွန်းကိုဖြေခြင်း | ၃၆၂ |
| ၇၃။ | အဿာဒသုတ်=ခန္ဓာငါးပါး၏ သာယာဖွယ် စသည်ကို မသိသူ | ၃၆၃ |
| ၇၆။ | အရဟန္တသုတ်=ရဟန္တာသည် အမြတ်ဆုံးဖြစ်ကြောင်း | ၃၆၃ |
| ၇၈။ | သီဟသုတ်=မြတ်စွာဘုရားသည် ခြင်္သေ့မင်းနှင့်တူကြောင်း | ၃၆၄ |
| ၇၉။ | ခဇ္ဇနိယသုတ်=ခန္ဓာငါးပါး၏ ခဲစားခြင်းကို ခံနေရခြင်း | ၃၆၅ |
| ၈၀။ | ပိဏ္ဍောလျသုတ်=ဆွမ်းခံ၍ စားခြင်းသည် ယုတ်ညံ့သော အသက်မွေးခြင်းဖြစ်ကြောင်း | ၃၆၇ |
| ၈၁။ | ပါလိလေယျကသုတ်=ပါလိလေယျက တော၌ ဟောခြင်း (ပါလိလေယျတောသို့ ဗုဒ္ဓ တပါးတည်း ကြွသွားခြင်း) | ၃၆၈ |
| ၈၂။ | ပုဏ္ဏမသုတ်=လပြည့်နေ့ည၌ ဟောကြားချက်များ | ၃၇၀ |
| ၈၃။ | အာနန္ဒသုတ်=အရှင်ပုဏ္ဏ၏ ဩဝါဒကို ရှင်အာနန္ဒာကပြန်၍ မိန့်ကြားခြင်း | ၃၇၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | တိဿသုတ် - ညီတော်တိဿအားဆုံးမခြင်း | ၃၇၄ |
| ၈၅။ | ယမကသုတ် = ရှင်ယမကအား ရှင်သာရိပုတ္တရာက ဆုံးမခြင်း (သတ္တဝါဟူသည်ကို အစစ်အမှန်အားဖြင့် မရအပ်ပဲလျက် သေပြီးလျှင်မြတ်၏ဟု ယူခြင်းသည် မသင့်ကြောင်း ဆုံးမခြင်း၊ ရှင်ယမက အယူကိုစွန့်ခြင်း) | ၃၇၅ |
| ၈၆။ | အနုရာဓသုတ် = ရှင်အနုရာဓအား ဟောကြားချက် | ၃၇၈ |
| ၈၇။ | ဝက္ကလိသုတ် = ရှင်ဝက္ကလိအား ဆုံးမစကားမိန့်ကြားချက် | ၃၇၉ |
| ၈၈။ | အဿဇိသုတ် = ရှင်အဿဇိအား ဆုံးမစကားမိန့်ကြားချက် | ၃၈၁ |
| ၈၉။ | ခေမကသုတ် = ရှင်ခေမကနှင့် မထေရ်ကြီးများဆွေးနွေးပုံ | ၃၈၃ |
| ၉၀။ | ဆန္နသုတ် = ရှင်ဆန္နတရား ထူးခြင်း (ရှင်ဆန္နက မထေရ်ကြီးများကို မိမိအားဆုံးမရန် တောင်းပန်ခြင်း၊ ကစ္စာနဂေါတ္တသုတ်ကိုကြားနာ၍ ရှင်ဆန္န တရားထူးခြင်း) | ၃၈၅ |
| ၉၃။ | နဒီသုတ် = မြစ်ရေအလျဉ်ဖြင့်မျှောပါသူ | ၃၈၆ |
| ၉၄။ | ပုပ္ဖသုတ် = ကြာပွင့်နှင့်တူသော ပုဂ္ဂိုလ် | ၃၈၆ |
| ၉၅။ | ဖေဏပိဏ္ဍူပမသုတ် = ရုပ်ကို ရေမြှုပ်နှင့်ဥပမာပြု၍ ဟောကြားချက် | ၃၈၇ |
| ၉၆။ | ဂေါမယပိဏ္ဍသုတ် = နွားချေးစိုင်မျှပင် ခိုင်မြဲသော အတ္တဘော မရှိကြောင်း ဟောကြားချက် | ၃၈၉ |
| ၉၇။ | နခသိခါသုတ် - လက်သည်းဖျားမျှပင် မြဲသောတရားမရှိ | ၃၉၀ |
| ၉၈။ | ဂဒ္ဒူလဗဒ္ဓသုတ် = တောက်ဖြင့် ဖွဲ့ချည်ထားသော ခွေးနှင့်တူသောပုဂ္ဂိုလ် | ၃၉၀ |
| ၁၀၀။ | ဒုတိယဂဒ္ဒူလဗဒ္ဓသုတ် = တောက်ဖြင့်ဖွဲ့ချည်ခံသော ခွေးနှင့်တူသောပုဂ္ဂိုလ် | ၃၉၁ |
| ၁၀၁။ | ဝါသိဇဋသုတ် = အာသဝကုန်ခြင်းသည် ပဲကွပ်ရိုးကုန်ခြင်းနှင့်တူကြောင်း | ၃၉၂ |
| ၁၀၂။ | အနိစ္စသညာသုတ် = အနိစ္စသညာသည် ရာဂကိုပယ်နိုင်ပုံ | ၃၉၄ |
| ၁၀၃။ | အန္တသုတ် = သက္ကာယအဖို့အစုလေးပါး | ၃၉၅ |
| ၁၀၆။ | ပရိညေယျသုတ် = ပိုင်းခြား၍သိအပ်သော တရား | ၃၉၅ |
| ၁၁၁။ | ဆန္ဒပဟာနသုတ် = ခန္ဓာငါးပါး၌ ဆန္ဒကိုပယ်အပ်ကြောင်း | ၃၉၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၃။ | အဝိဇ္ဇာသုတ်=အဝိဇ္ဇာဟူသည် အဘယ်နည်း | ၃၉၆ |
| ၁၁၄။ | ဝိဇ္ဇာသုတ်=ဝိဇ္ဇာဟူသည် အဘယ်နည်း | ၃၉၇ |
| ၁၁၅။ | ဓမ္မကထိကသုတ်=ဓမ္မကထိကဟု ဆိုထိုက်သူ | ၃၉၇ |
| ၁၁၇။ | ဗန္ဓနသုတ်=ခန္ဓာငါးပါး၌ နှောင်ဖွဲ့ခြင်းခံရသူ | ၃၉၈ |
| ၁၁၈။ | ပရိပုစ္ဆိတသုတ်=ရဟန်းတို့အား မေး၍ဟောကြားခြင်း | ၃၉၈ |
| ၁၂၂။ | သီလဝန္တသုတ်=သီလရှိသူ နှလုံးသွင်းရမည့်တရား | ၃၉၉ |
| ၁၂၃။ | သုတဝန္တသုတ်=သုတရှိသူ နှလုံးသွင်းရမည့်တရား | ၄၀၀ |
| ၁၂၆။ | သမုဒယဓမ္မသုတ်=ဖြစ်ခြင်းသဘောရှိသော တရားကိုသိသူ | ၄၀၀ |
| ၁၃၆။ | ကုက္ကုဠသုတ်=ခန္ဓာငါးပါးသည် ပြာပူနှင့်တူကြောင်း | ၄၀၂ |
| ၁၃၇။ | အနိစ္စသုတ်=မမြဲသောတရား၌ ဆန္ဒကိုပယ်အပ်ကြောင်း | ၄၀၂ |
| ၁၄၀။ | ဒုက္ခသုတ်=ဆင်းရဲသောတရား၌ ဆန္ဒကိုပယ်အပ်ကြောင်း | ၄၀၃ |
| ၁၄၃။ | အနတ္တသုတ်=အတ္တဟုတ်သောတရား၌ ဆန္ဒကိုပယ်အပ်ပုံ | ၄၀၃ |
| ၁၄၆။ | နိဗ္ဗိဒါဗဟုလသုတ်=ခန္ဓာငါးပါး၌ ငြီးငွေ့ခြင်းများသည် | ၄၀၃ |
| | ဖြစ်၍ နေအပ်ကြောင်း | ၄၀၃ |
| ၁၅၀။ | အဇ္ဈတ္တသုတ်=ခန္ဓာငါးပါးကိုစွဲ၍ ချမ်းသာဆင်းရဲဖြစ်ခြင်း | ၄၀၄ |
| ၁၅၁-၁၅၈။ | ဧတံမမသုတ်စသည်=ခန္ဓာငါးပါးကိုစွဲ၍ အယူလွဲမှား | |
| | မှုများ ဖြစ်ပုံ | ၄၀၅ |
| ၁၅၉။ | အာနန္ဒသုတ်=ရှင်အာနန္ဒာအား ဟောကြားချက် | ၄၀၅ |


## ၂။ ရာဓသံယုတ် ၄၀၇

[ရှင်ရာဓအား ဟောကြားချက်များ]


| | | |
|---|---|---|
| ၁၆၀။ | မာရသုတ်=သေခြင်းဖြစ်ပုံ | ၄၀၇ |
| ၁၆၁။ | သတ္တသုတ်=သတ္တဝါဟု ခေါ်ခြင်းအကြောင်း | ၄၀၈ |
| ၁၆၂။ | ဘဝနေတ္တိသုတ်=ဘဝနှောင်ကြိုးဟု ဆိုအပ်သောတရား | ၄၀၉ |
| ၁၇၀။ | မာရသုတ်=သေခြင်းမည်သောတရား | ၄၁၀ |
| ၁၈၂။ | မာရသုတ်=သေခြင်းမည်သောတရား၌ ဆန္ဒကိုပယ်အပ်ခြင်း | ၄၁၁ |


## ၃။ ဒိဋ္ဌိသံယုတ် ၄၁၂

[အယူမှားခြင်းနှင့်စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၂၀၆။ | ဝါတသုတ်=လေတိုက်ခြင်း၌အမြင်မှားခြင်း | ၄၁၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၇-၂၀၉။ | ဧတံမမသုတ်စသည်=ငါ့ဘာ၊ ငါ စသောအယူများ ဖြစ်ခြင်းအကြောင်း | ၄၁၃ |
| ၂၁၀။ | နတ္ထိဒိန္နသုတ်=ပေးလှူခြင်းသည်မရှိဟူသောအယူဖြစ်ပုံ | ၄၁၄ |
| ၂၁၁။ | ကရောတောသုတ်=ကောင်းမှု မကောင်းမှုကို ပြုလုပ်ခြင်း သည် မရှိဟူသောအယူဖြစ်ပုံ | ၄၁၄ |
| ၂၁၂။ | ဟေတုသုတ်=(သတ္တဝါတို့အား ညစ်ညူးခြင်း၊ဖြူစင်ခြင်း ၏) အကြောင်းသည် မရှိဟူသော အယူဖြစ်ပုံ | ၄၁၅ |
| ၂၁၃။ | မဟာဒိဋ္ဌိသုတ်=သံသရာသည် ပြုအပ်ပြီးသောအဆုံးအပိုင်း အခြားရှိ၏ ဟူသော အယူမှာကြီးတမျိုးဖြစ်ပုံ | ၄၁၅ |
| ၂၁၄-၂၂၃။ | သဿတဒိဋ္ဌိသုတ်စသည်=လောကသည်မြဲ၏ စသော အယူများဖြစ်ပုံ | ၄၁၆ |
| ၂၄၂-၂၄၉။ | ရူပီအတ္တသုတ်စသည်=အတ္တသည် ရုပ်ရှိသောတရား ဖြစ်၏ စသော အယူများဖြစ်ပုံ | ၄၁၇ |


## ၅။ ဩက္ကန္တသံယုတ်　　　　၄၁၈

[မြဲသော၇သဘောသို့သက်ရောက်ခြင်းနှင့်စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၃၀၂။ | စက္ခုသုတ်=မျက်စိစသည်တို့၏မမြဲခြင်းသဘောကိုသိမြင်သူ | ၄၁၈ |
| ၃၀၃-၃၁၁။ | ရူပသုတ်စသည်=အဆင်း အသံ စသည်တို့၏မမြဲခြင်း | ၄၁၉ |


## ၅။ ဥပ္ပာဒသံယုတ်　　　　၄၂၀

[ဒုက္ခဖြစ်ပေါ်ခြင်းနှင့်စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၃၁၂။ | စက္ခုသုတ်=မျက်စိစသည်တို့သည် ဒုက္ခဖြစ်ပေါ်ကြောင်း | ၄၂၀ |


## ၆။ ကိလေသသံယုတ်　　　　၄၂၁

[ကိလေသာနှင့်စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၃၂၂။ | စက္ခုသုတ်=မျက်စိ(စသည်တို့)သည် စိတ်ညစ်ညူးကြောင်း | ၄၂၁ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၇။ သာရိပုတ္တသံယုတ် ၄၂၂

[ရှင်သာရိပုတ္တရာ၏ ဟောကြားချက်များ]

၃၃၂။ ဝိဝေကဇသုတ်=ကိလေသာ ကင်းဆိတ်သောနေခြင်း ၄၂၂
၃၄၁။ သုစိမုခီသုတ်=သုစိမုခီ ပရိဗိုဇ်မ၏ မေးခွန်းကိုဖြေခြင်း (မိစ္ဆာဇီဝဖြင့် အသက်မမွေ့၊ တရားသဖြင့်ဆွမ်းကို ရှာ၍ စားကြောင်း) ၄၂၃

၈။ နာဂသံယုတ် ၄၂၄

[နဂါးတို့နှင့်စပ်သော ဟောကြားချက်များ]

၃၄၂။ သုဒ္ဓိကသုတ်=နဂါးလေးမျိုးရှိကြောင်း ၄၂၄
၃၄၃။ ပဏီတတရသုတ်=နဂါးအချင်းချင်း အမျိုးအားဖြင့် သာလွန်ပုံ ၄၂၄
၃၄၄။ ဥပေါသထသုတ်=နဂါးများဥပုသ်စောင့်ခြင်းအကြောင်း ၄၂၄
၃၄၈။ သုတသုတ်=နဂါးဖြစ်သို့ရောက်ခြင်းအကြောင်း ၄၂၅
၃၅၂။ အဏ္ဍဇဒါနူပကာရသုတ်=ဒါနကြောင့် အဏ္ဍဇနဂါးအဖြစ်သို့ ရောက်ခြင်း အကြောင်း ၄၂၆

၉။ သုပဏ္ဏသံယုတ် ၄၂၇

[ဂဠုန်တို့နှင့်စပ်သော ဟောကြားချက်များ]

၃၉၂။ သုဒ္ဓိကသုတ်=ဂဠုန် လေးမျိုးရှိကြောင်း ၄၂၇
၃၉၃။ ဟရန္တိသုတ်=ဂဠုန်က နဂါးကိုဖမ်းယူနိုင်ခြင်းအကြောင်း ၄၂၇
၃၉၄။ ဒွယကာရီသုတ်=ဂဠုန်အဖြစ်သို့ ရောက်ခြင်းအကြောင်း ၄၂၇

၁၀။ ဂန္ဓဗ္ဗကာယသံယုတ် ၄၂၈

[ဂန္ဓဗ္ဗနတ်တို့နှင့်စပ်သော ဟောကြားချက်များ]

၄၃၀။ သုဒ္ဓိကသုတ်=ဂန္ဓဗ္ဗနတ် ဆယ်မျိုး ရှိကြောင်း ၄၂၈

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၄၃၉။ သုစရိတသုတ်=ကောင်းသောအကျင့်ကြောင့်ဂန္ဓဗ္ဗနတ်ဖြစ်ပုံ ၄၂၀
၄၄၀။ မူလဂန္ဓဒါတာသုတ်=အမြစ်နံ့သာကို ပေးလှူသူ ၄၂၀

၁၁။ ဝလာဟကသံယုတ် ၄၂၉
[ဝလာဟကနတ်တို့နှင့်စပ်သော ဟောကြားချက်များ]

၅၅၀။ သုဒ္ဓိကသုတ်=ဝသာဟကနတ် ငါးမျိုးရှိကြောင်း ၄၂၉
၅၅၁။ သုစရိတသုတ်=ဝလာဟကနတ်ဖြစ်ခြင်းအကြောင်း ၄၂၉
၅၅၂-၆၀၁။ ဒါနုပကာရသုတ်များ=ဒါနကြောင့်ဝလာဟကနတ်
ဖြစ်ခြင်းအ ကြောင်း ၄၂၉
၆၀၂-၆၀၆။ သီတဝလာဟကသုတ် စသည်=အေးခြင်း၊ ပူခြင်း
စသည်တို့ ဖြစ်ပေါ်ခြင်းအကြောင်း ၄၃၀

၁၂။ ဝစ္ဆဂေါတ္တသံယုတ် ၄၃၁
[ဝစ္ဆဂေါတ္တပရိဗိုဇ်အား ဟောကြားချက်]

၆၀၇။ ရူပအညာဏသုတ်=ရုပ်၌မသိခြင်းကြောင့် အယူမှားဖြစ်ခြင်း ၄၃၁

၁၃။ ဈာနသံယုတ် ၄၃၂
[ဈာန်ဝင်စားခြင်းနှင့်စပ်သော ဟောကြားချက်များ]

၆၆၂။ သမာဓိမူလကသမာပတ္တိသုတ်=သမာဓိ၌လိမ္မာသူ ၄၃၂


## ၄။ သဠာယတနဝဂ်


၁။ သဠာယတန သံယုတ် ၄၃၃
[အာယတန ၆ပါးနှင့် စပ်သော ဟောကြားချက်များ]

၁။ အဇ္ဈတ္တာနိစ္စသုတ်=အတွင်းအာယတန ၆ ပါး သည်မမြဲ ၄၃၃
၄။ ဗာဟိရာနိစ္စသုတ်=အပြင်အာယတန ၆ ပါး သည်မမြဲ ၄၃၆
၇။ အဇ္ဈတ္တာနိစ္စာတီတာနာဂတသုတ်=အတိတ် နှင့် အနာဂတ်
အတွင်း အာယတနများသည် မမြဲကြောင်း ၄၃၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | ပဌမ ပုဗ္ဗေသမ္ဗောဓိသုတ်=သမ္ဗောဓိဉာဏ်မရမီ အကြံဖြစ်ပုံ | ၄၃၆ |
| ၁၅။ | ပဌမ အဿာဒပရိယေသနသုတ်=သာယာဖွယ် စသည်ကို ရှာခဲ့ကြောင်း | ၄၃၇ |
| ၁၇။ | ပဌမ နောစေအဿာဒသုတ်=သာယာဖွယ် စသည် အမှန်တကယ်မရှိကြောင်း | ၄၃၈ |
| ၁၉။ | ပဌမာဘိနန္ဒသုတ်=ဆင်းရဲကိုနှစ်သက်သူ | ၄၃၉ |
| ၂၁။ | ပဌမဒုက္ခုပ္ပာဒသုတ်=ဆင်းရဲဖြစ်ပေါ်ခြင်း | ၄၃၉ |
| ၂၃။ | သဗ္ဗသုတ်=အလုံးစုံဟုဆို အပ်သောတရား | ၄၄၀ |
| ၂၄။ | ပဟာနသုတ်=ပယ်ရမည့်တရားများ | ၄၄၀ |
| ၂၅။ | အဘိညာပရိညာပဟာနသုတ်=ပယ်အပ်သောတရား | ၄၄၀ |
| ၂၆။ | ပဌမအပရိဇာနနသုတ်=ပိုင်းခြား၍ မသိပဲ ဆင်းရဲ မကုန် | ၄၄၁ |
| ၂၈။ | အာဒိတ္တသုတ်=မီး (၁၁)ပါး တောက်လောင်သောအရာ | ၄၄၁ |
| ၂၉။ | အန္ဓဘူတသုတ်=အနှိပ်စက်ခံနေရသောအရာ | ၄၄၂ |
| ၃၀။ | သမုဂ္ဃာတသာရုပ္ပသုတ်=အထင်မှားမှုကို ပယ်ခွာရန် သင့်လျော်သော အကျင့် | ၄၄၃ |
| ၃၁။ | ပဌမသမုဂ္ဃာတသပ္ပာယသုတ်=အထင်မှားမှုကို ပယ်ခွာရန် လျောက်ပတ်သောအကျင့် | ၄၄၃ |
| ၅၃။ | အဝိဇ္ဇာပဟာနသုတ်=အဝိဇ္ဇာကင်းပျောက်ပုံ | ၄၄၅ |
| ၆၀။ | သဗ္ဗုပါဒါနပရိညာသုတ်=ဥပါဒါန်အားလုံးကိုပိုင်းခြား၍ သိမြင်ကြောင်း တရား | ၄၄၅ |
| ၆၂။ | ပဌမ မိဂဇာလသုတ်=ရှင်မိဂဇာလအားဟောကြားချက် | ၄၄၆ |
| ၆၄။ | ဒုတိယမိဂဇာလသုတ်=ရှင်မိဂဇာလအားဟောကြားချက် | ၄၄၇ |
| ၆၅။ | သမိဒ္ဓိမာရပဉှာသုတ်=မာရအကြောင်းလျှောက်ခြင်း | ၄၄၈ |
| ၆၆။ | ဥပသေနအာသိဝိသသုတ်=ဥပသေနကိုယ်ပေါ်သို့ မြွေကျပုံ | ၄၄၈ |
| ၆၇။ | ဥပဝါဏသန္ဒိဋ္ဌိကသုတ်=ရှင်ဥပဝါဏက မေးလျှောက်ခြင်း | ၄၄၉ |
| ၇၁။ | ပဌမ ဆဖဿာယတနသုတ်=ဖဿ၏တည်ရာကိုမသိသူ | ၄၅၀ |
| ၇၄။ | ပဌမ ဂိလာနသုတ်=မကျန်းမာသော ရဟန်းအားဟောပုံ | ၄၅၂ |
| ၇၅။ | ဒုတိယဂိလာနသုတ်=မကျန်းမာသော ရဟန်းအား ဟောပုံ | ၄၅၃ |
| ၇၆။ | ရာဓအနိစ္စသုတ်=မမြဲသောတရား၌ ဆန္ဒကို ပယ်အပ်ခြင်း | ၄၅၃ |
| ၇၉။ | ပဌမအဝိဇ္ဇာပဟာနသုတ်=အဝိဇ္ဇာ ကင်းပျောက်ပုံ | ၄၅၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | သမ္ဘာဝလာဘိက္ခုသုတ်=ဟင်းများစွာတို့အားဟောကြားပုံ | ၄၅၆ |
| ၈၂။ | လောကပဉှာသုတ်=လောကဟု ခေါ်ခြင်းအကြောင်း | ၄၅၆ |
| ၈၃။ | ဖဂ္ဂုနပဉှာသုတ်=ရှင်ဖဂ္ဂုနအမေး ကို ဖြေခြင်း | ၄၅၇ |
| ၈၄။ | ပလောကဓမ္မသုတ်=လောကဟု ခေါ်ခြင်းအကြောင်း | ၄၅၇ |
| ၈၅။ | သုညတလောကသုတ်=ဆိတ်သုဉ်းသော လောက ဆိုရပုံ | ၄၅၈ |
| ၈၆။ | သံခိတ္တဓမ္မသုတ်=အကျဉ်းအားဖြင့် ဟောသော တရား | ၄၅၈ |
| ၈၇။ | ဆန္နသုတ်=ရှင်ဆန္န ဓားလက်နက်ဖြင့် အသက်ကိုဆောင်ပုံ | ၄၅၈ |
| ၈၈။ | ပုဏ္ဏသုတ်=ရှင်ပုဏ္ဏအားဟောကြားချက် | ၄၆၁ |
| ၈၉။ | ဗာဟိယသုတ်=ရှင်ဗာဟိယအား ဟောကြားချက် | ၄၆၃ |
| ၉၀။ | ပထမဧဇာသုတ်=တဏှာကင်းလျက်နေပုံ | ၄၆၄ |
| ၉၁။ | ဒုတိယဧဇာသုတ်=တဏှာကင်းလျက်နေပုံ | ၄၆၄ |
| ၉၂။ | ပထမဒွယသုတ်=စုံတွဲတရားများ | ၄၆၅ |
| ၉၃။ | ဒုတိယဒွယသုတ်=စုံတွဲတရားများကိုစွဲ၍ ဝိညာဏ် ဖြစ်ပုံ | ၄၆၅ |
| ၉၄။ | အဒန္တအဂုတ္တသုတ်=မဆုံးမလျှင် အကျိုးမဲ့ကို ဆောင်တတ်သော တရားများ | ၄၆၆ |
| ၉၅။ | မာလုကျပုတ္တသုတ်=ရှင်မာလုကျပုတ္တအားဟောကြားချက် | ၄၆၇ |
| ၉၆။ | ပရိဟာနဓမ္မသုတ်=ဆုတ်ယုတ်ခြင်းသဘောရှိသူ | ၄၆၈ |
| ၉၇။ | ပမာဒဝိဟာရီသုတ်=မေ့လျော့စွာနေလေ့ရှိသူ | ၄၆၉ |
| ၉၈။ | သံဝရသုတ်=စောင့်စည်းခြင်းနှင့်မစောင့်စည်းခြင်း | ၄၇၀ |
| ၉၉။ | သမာဓိသုတ်=သမာဓိပွားများရန်တိုက်တွန်းခြင်း | ၄၇၁ |
| ၁၀၀။ | ပဋိသလ္လာနသုတ်=ကိုယ်စိတ်ကိုဆိတ်ငြိမ်စွာထားခြင်း | ၄၇၁ |
| ၁၀၃။ | ဥဒကသုတ်=ဥဒကရာမသောသူနှင့်စပ်သော ဟောကြားချက် | ၄၇၂ |
| ၁၀၄။ | ယောဂက္ခေမိသုတ်=ယောဂမှ ကင်းသူ | ၄၇၃ |
| ၁၀၅။ | ဥပါဒါယသုတ်=မျက်စိစသည်ကိုစွဲ၍ ချမ်းသာဆင်းရဲဖြစ်ပုံ | ၄၇၃ |
| ၁၀၆။ | ဒုက္ခသမုဒယသုတ်=ဒုက္ခဖြစ်ပုံနှင့်ချုပ်ပုံ | ၄၇၄ |
| ၁၁၃။ | ဥပဿုတိသုတ်=တရားကိုမှတ်သားရန်တိုက်တွန်းခြင်း | ၄၇၅ |
| ၁၁၄။ | ပထမမာရပါသသုတ်=မာရ်နတ်၏ကျော့ကွင်းမှလွတ်သူ | ၄၇၅ |
| ၁၁၆။ | လောကန္တဂမနသုတ်=လောက၏အဆုံးသို့သွားခြင်း | ၄၇၆ |
| ၁၁၇။ | ကာမဂုဏသုတ်=ကာမဂုဏ်၌ စိတ်ကိုစောင့်ထိန်းသင့်ပုံ | ၄၇၇ |
| ၁၁၈။ | သက္ကပဉှသုတ်=သိကြားမင်း၏အမေးကို ဖြေခြင်း | ၄၇၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၀။ | သာရိပုတ္တသဒ္ဓိဝိဟာရိကသုတ်=ရှင်သာရိပုတ္တရာ၏ တပည့်လူထွက်ခြင်း | ၄၇၈ |
| ၁၂၁။ | ရဟုလောဝါဒသုတ်=ရှင်ရဟုလာအား ဆုံးမခြင်း | ၄၈၀ |
| ၁၂၄။ | ဝေသာလီသုတ်=ဝေသာလီပြည်မှဥဂ္ဂသူကြွယ်အား ဟောကြားချက်များ | ၄၈၁ |
| ၁၂၇။ | ဘာရဒွါဇသုတ်=ဥတေနမင်း၏အမေးနှင့် ရှင်ဘာရဒွါဇ၏အဖြေ | ၄၈၂ |
| ၁၂၉။ | ဃောသိတသုတ်=ဃောသိတသူကြွယ်အမေးနှင့်ရှင်အာနန္ဒာ၏ အဖြေ | ၄၈၄ |
| ၁၃၀။ | ဟာလိဒ္ဒိကာနိသုတ်=ဟာလိဒ္ဒိကာနိ သူကြွယ်၏ အမေးနှင့် ရှင်ကစ္စည်း၏ အဖြေ | ၄၈၄ |
| ၁၃၂။ | လောဟိစ္စသုတ်=လောဟိစ္စပုဏ္ဏားအား ဟောကြားချက် | ၄၈၅ |
| ၁၃၃။ | ဝေရဟစ္စာနိသုတ်=ဝေရဟစ္စာနိပုဏ္ဏေးမအား နှင့်ဥဒါယီ တရားဟောခြင်း | ၄၈၇ |
| ၁၃၄။ | ဒေဝဒဟသုတ်=ဒေဝဒဟနိဂုံး၌ ဟောကြားချက် | ၄၈၈ |
| ၁၃၅။ | ခဏသုတ်=အခွင့်ကောင်းကို ရရှိသူ | ၄၈၉ |
| ၁၃၆။ | ပထမရူပါရာမသုတ်=ရူပါရုံစသည်၌ မွေ့လျော်သူ | ၄၈၉ |
| ၁၄၆။ | ကမ္မနိရောဓသုတ်=ကံ၏ချုပ်ငြိမ်းရာ | ၄၉၁ |
| ၁၅၁။ | အဇ္ဈတ္တဝါသိကသုတ်=အတွင်းနေဘပည့်နှင့်နေသူနှင့်မနေသူ | ၄၉၂ |
| ၁၅၂။ | ကိမတ္ထိယဗြဟ္မစရိယသုတ်=အကျင့်မြတ်ကို ကျင့်ခြင်း၏ ရည်ရွယ်ချက် | ၄၉၂ |
| ၁၅၃။ | အတ္ထိနုခေါပရိယာယသုတ်=ဇာတိကုန်ပြီဟု ပြောနိုင်သော အကြောင်း | ၄၉၃ |
| ၁၅၄။ | ဣန္ဒြိယသမ္ပန္နသုတ်=ဣန္ဒြေနှင့်ပြည့်စုံသူဖြစ်ပုံ | ၄၉၃ |
| ၁၅၅။ | ဓမ္မကထိကပုစ္ဆာသုတ်=ဓမ္မကထိကဟု ခေါ်ထိုက်သူ | ၄၉၃ |
| ၁၅၆။ | အဇ္ဈတ္တနန္ဒိက္ခယသုတ်=အဇ္ဈတ္တ ခြောက်ပါး တို့၌ နှစ်သက်ခြင်း ကုန်ပုံ | ၄၉၃ |
| ၁၅၈။ | အဇ္ဈတ္တအနိစ္စနန္ဒိက္ခယသုတ်=အတွင်းအာယတနခြောက်ပါးတို့၏ မမြဲပုံကိုရှု၍ နှစ်သက်မှုကုန်ခြင်း | ၄၉၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၀။ | ဇီဝကမ္ဗဝနသမာဓိသုတ်=ဇီဝကအရက်ဥယျာဉ်၌သမာဓိကို ပွားရန် ဟောကြားခြင်း | ၄၉၅ |
| ၂၂၈။ | ပထမသမုဒ္ဒသုတ်=သမုဒ္ဒရာကို ကူးနိုင်သူ | ၄၉၆ |
| ၂၃၀။ | ဗာဠိသိကောပမသုတ်=ငါးမျှားချိတ်ကို မျိုမိသောငါးနှင့် တူသူ | ၄၉၇ |
| ၂၃၁။ | ခီရရုက္ခောပမသုတ်=အစေးထွက်သောသစ်ပင်နှင့်တူသူ | ၄၉၇ |
| ၂၃၂။ | ကောဋ္ဌိကသုတ်=ရှင်ကောဋ္ဌိက၏အမေးကို ရှင်သာရိပုတ္တရာက ဖြေခြင်း | ၄၉၈ |
| ၂၃၃။ | ဥဒါယီသုတ်=ရှင်ဥဒါယီ၏အမေးကို ရှင်အာနန္ဒာဖြေခြင်း | ၄၉၈ |
| ၂၃၅။ | အာဒိတ္တပရိယာယသုတ်=ရဲ ရဲ ညီး သော သံချောင်းဖြင့် မျက်စိကို ထိုးခြင်းဥပမာ | ၄၉၉ |
| ၂၃၆။ | ပထမဟတ္ထပါဒေါပမသုတ်=စက္ခုပသာဒစသည်တို့ကိုလက် ခြေနှင့်ဥပမာပြု၍ ဟောခြင်း | ၅၀၁ |
| ၂၃၈။ | အာသီဝိသောပမသုတ်=အဆိပ်ပြင်းသော မြွေကြီး လေး ကောင်ဖြင့် ဥပမာပြု၍ဟောခြင်း | ၅၀၁ |
| ၂၃၉။ | ရထောပမသုတ်=ရထားထိန်းဥပမာဖြင့်ဟောခြင်း | ၅၀၂ |
| ၂၄၀။ | ကုမ္မောပမသုတ်=လိပ်ဖြင့်ဥပမာပြု၍ဟောခြင်း | ၅၀၃ |
| ၂၄၁။ | ပထမဒါရုက္ခန္ဓောပမသုတ်=မြစ်ထဲ၌မျောသောသစ်တုံးဖြင့် ဥပမာပြု၍ ဟောခြင်း | ၅၀၄ |
| ၂၄၃။ | အဝဿုတပရိယာယသုတ်=ကိလေသာ စွတ်စိုသူနှင့်မစွတ်စို သူ ဖြစ်ပုံ | ၅၀၅ |
| ၂၄၄။ | ဒုက္ခဓမ္မသုတ်=ဆင်းရဲခြင်းသဘောရှိသောတရားကိုသိသူ | ၅၀၆ |
| ၂၄၅။ | ကိံသုကောပမသုတ်=ပေါက်ပင်ဖြင့်ဥပမာပြု၍ဟောခြင်း | ၅၀၇ |
| ၂၄၆။ | ဝီဏောပမသုတ်=စောင်း ဥပမာပြု၍ဟောကြားခြင်း | ၅၀၉ |
| ၂၄၇။ | ဆပ္ပာဏကောပမသုတ်=အာယတန ၆ပါး ကို တိရစ္ဆာန် ၆ ကောင်ဖြင့် ဥပမာပြု၍ ဟောခြင်း | ၅၁၀ |
| ၂၄၈။ | ယဝကလာပီသုတ်=ကောက်လှိုင်းစည်းဥပမာဖြင့်ဟောပုံ | ၅၁၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂။ ဝေဒနာသံယုတ် ၁၁၂
[ဝေဒနာ နှင့်စပ်သော ဟောကြားချက်များ]
၂၄၉။ သမာဓိသုတ်=သမာဓိရှိသူ ဝေဒနာကို သိမြင်ကြောင်း ၁၁၂
၂၅၀။ သုခသုတ်=သုခကို ဒုက္ခဟုရှုသင့်ကြောင်း ၁၁၂
၂၅၁။ ပဟာနသုတ်=ဝေဒနာသုံးပါး၌ပယ်ရမည့်တရားများ ၁၁၃
၂၅၂။ ပါတာလသုတ်=ဝဲဩဃ၌ ထောက်တည်ရာမရသူ ၁၁၃
၂၅၃။ ဒဋ္ဌဗ္ဗသုတ်=ဝေဒနာသုံးပါးကိုရှုပုံ ၁၁၃
၂၅၄။ သလ္လသုတ်=မြား(စူး)ခြင်း ဥပမာပြု၍ ဟောကြားခြင်း ၁၁၄
၂၅၅။ ပဌမဂေလညသုတ်=သူနာဇရပ်၌ဟောကြားချက် ၁၁၅
၂၅၀။ ဖဿမူလကသုတ်=ဝေဒနာသည်ဖဿ၌ အကြောင်းရင်းရှိပုံ ၁၁၆
၂၅၉။ ရဟောဂတသုတ်=ဆိတ်ငြိမ်ရာ၌နေစဉ်အကြံဖြစ်ပုံ ၁၁၇
၂၆၃။ ပဌမအာနန္ဒသုတ်=ရှင်အာနန္ဒာ၏အမေးကိုဖြေခြင်း ၁၁၈
၂၆၇။ ပဉ္စကင်္ဂသုတ်=ပဉ္စကင်္ဂလက်သမားနှင့်ရှင်ဥဒါယီဆွေးနွေးပုံ ၁၁၈
၂၆၉။ သီဝကသုတ်=သီဝကပရိဗိုဇ်အားဟောကြားချက် ၁၂၀
(ဝေဒနာသည် ရှေးကံကြောင့်သာဖြစ်သည်မဟုတ်၊ သလိပ် သည်းခြေ စသည်တို့ကြောင့်လည်းဖြစ်ကြောင်း)
၂၇၀။ အဋ္ဌသတသုတ်=ဝေဒနာအပြား တရာ့ရှစ်ပါး ၁၂၁
၂၇၉။ နိရာမိသသုတ်=ကိလေသာ အာမိသကင်းသောတရား ၁၂၃

၃။ မာတုဂါမသံယုတ် ၁၂၄
[မာတုဂါမနှင့်စပ်သော ဟောကြားချက်များ]
၂၈၀။ မာတုဂါမသုတ်=ယောကျ်ားနှစ်သက်သောမိန်းမ၏ အင်္ဂါ ၅ ပါး အကြောင်း ဟောကြားချက် ၁၂၃
၂၈၁။ ပုရိသသုတ်=မိန်းမနှစ်သက်သောယောကျ်ား၏အင်္ဂါ၅ပါး ၁၂၄
၂၈၂။ အာဝေဏိကဒုက္ခသုတ်=မိန်းမတို့၏ သီးသန့်ဒုက္ခ၅ပါး ၁၂၅
၂၈၃။ တီဟိဓမ္မေဟိသုတ်=ငရဲသို့ရောက်ကြောင်း တရားသုံးပါး ၁၂၅
၂၈၃။ ကောဓနသုတ်=ဒေါသကြီးသူအပါယ်ငရဲသို့ရောက်ကြောင်း ၁၂၅
၂၈၄။ ကောဓနသုတ်=ဒေါသကြီးသူ အပါယ်ငရဲသို့ ရောက်ခြင်း ၁၂၅

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉၃။ | ပဥ္စဝရသုတ်=ဘေးရန်ဖြစ်သောဘေး ငါးပါး | ၅၂၆ |
| ၂၉၄။ | အက္ကောသနသုတ်= ဒါသမကြီးသူ နတ်ပြည်သို့ ရောက်ခြင်း | ၂၉၆ |
| ၃၀၄။ | ဝိသာရဒသုတ်=ရဲရင့်သောမိန်းမ (မိန်းမ၏အား ငါးပါး) | ၅၂၇ |
| ၃၀၇။ | ဧကသုတ်=မိန်းမကိုလွှမ်းမိုးနိုင်သော ယောကျ်ား၏ အား တပါး အကြောင်း ဟောကြားချက် | ၅၂၇ |
| ၃၁၀။ | ဟေတုသုတ်=နတ်ပြည်ရောက်ကြောင်း အားတပါး | ၅၂၇ |
| ၃၁၁။ | ဌာနသုတ်=မိန်းမများ ရနိုင်ခဲသောအရာ ငါးပါး | ၅၂၈ |


## ၄။ ဇမ္ဗုခါဒကသံယုတ် ၅၂၉

[ဇမ္ဗုခါဒကပရိဗိုဇ်နှင့် စပ်သော ဟောကြားချက်များ]


| | | |
|---|---|---|
| ၃၁၄။ | နိဗ္ဗာနပဥှသုတ်=နိဗ္ဗာန်ပြဿနာ | ၅၂၉ |
| ၃၁၆။ | ဓမ္မဝါဒီပဥှသုတ်=တရားကိုဆိုလေ့ရှိသူပြဿနာ | ၅၂၉ |
| ၃၁၇။ | ကိမတ္ထိယသုတ်=အကျင့်မြတ်၏အကျိုး | ၅၃၀ |
| ၃၁၈–၃၁၉။ | အဿာသပတ္တသုတ်နှင့်ပရမဿာသပတ္တသုတ် ထောက်တည်ရာသို့ရောက်သူနှင့် မြတ်သောထောက်တည်ရာသို့ ရောက်သူ | ၅၃၀ |
| ၃၂၀။ | ဝေဒနာပဥှာသုတ်=ဝေဒနာပြဿနာ | ၅၃၀ |
| ၃၂၁။ | အာသဝပဥှာသုတ်= အာသဝပြဿနာ | ၅၃၀ |
| ၃၂၈။ | သက္ကာယပဥှာသုတ်=သက္ကာယပြဿနာ | ၅၃၂ |
| ၃၂၉။ | ဒုက္ကရပဥှာသုတ်=ခက်ခဲသောအရာများကို မေးခြင်း | ၅၃၂ |


## ၅။ သာမဏ္ဍကသံယုတ် ၅၃၃

[သာမဏ္ဍကပရိဗိုဇ်နှင့် စပ်သော ဟောကြားချက်]


| | | |
|---|---|---|
| ၃၃၀-၃၃၁။ | သာမဏ္ဍကသုတ် စသည်=နိဗ္ဗာန် ဟူသည် အဘယ်နည်း စသော ပြဿနာ ၁၆ရပ်ကို ဖြေကြားခြင်း | ၅၃၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ၆။ မောဂ္ဂလ္လာနသံယုတ် | ၅၃၄ |
| | [ရှင်မောဂ္ဂလ္လာန်၏ ဟောကြားချက်များ] | |
| ၃၃၂။ | ပဌမစျာနပဥှာသုတ်=ပထမစျာန်ပြဿနာ | ၅၃၄ |
| ၃၄၀။ | အနိမိတ္တပဥှာသုတ်=အနိမိတ္တသမာဓိပြဿနာ | ၅၃၅ |
| ၃၄၁။ | သက္ကသုတ်=သိကြားမင်းအားဟောကြားချက် | ၅၃၅ |
| ၃၄၂။ | စန္ဒနသုတ်=စန္ဒနနတ်သားအား ဟောကြားချက် | ၅၃၅ |
| | ၇။ စိတ္တသံယုတ် | ၅၃၆ |
| | [စိတ္တသူကြွယ်နှင့်စပ်သောဟောကြားချက်များ] | |
| ၃၄၃။ | သံယောဇနသုတ်=သံယောဇဉ်နှင့်သံယောဇနိယ ထူးခြားပုံ | ၅၃၆ |
| ၃၄၄။ | ပဌမဣသိဒတ္တသုတ်=စိတ္တသူကြွယ်၏ မေးခွန်းကို ရှင်ဣသိဒတ္တက ဖြေကြားခြင်း (ဓာတ် ၁၈-ပါး ကွဲပြားပုံ) | ၅၃၇ |
| ၃၄၅။ | ဒုတိယဣသိဒတ္တသုတ်=စိတ္တသူကြွယ်၏ မေးခွန်း ကို ရှင်ဣသိဒတ္တက ဖြေကြားခြင်း (သက္ကာယဒိဋ္ဌိရှိ၍ မိစ္ဆာအယူများဖြစ်ပေါ်ကြောင်း) | ၅၃၈ |
| ၃၄၆။ | မဟာကပါဋိဟာရိယသုတ်=ရှင်မဟာကတန်ခိုးပြခြင်း | ၅၃၉ |
| ၃၄၇။ | ပဌမကာမဘူသုတ်=စိတ္တသူကြွယ်ကရှင်ကာမဘူ၏မေးခွန်း ကို ဖြေခြင်း | ၅၄၀ |
| ၃၄၈။ | ဒုတိယကာမဘူသုတ်=စိတ္တသူကြွယ်၏မေးခွန်းကို ရှင်ကာမ ဘူက ဖြေခြင်း (သေသူနှင့် နိရောဓသမာပတ်ဝင်စားသူ ထူးခြားပုံ) | ၅၄၀ |
| ၃၄၉။ | ဂေါဒတ္တသုတ်=ရှင်ဂေါဒတ္တ၏ မေးခွန်းကို စိတ္တသူကြွယ်က ဖြေကြားခြင်း (ဝိမုတ္တိလေးပါးသည် အနက်အားဖြင့် ထူးပုံနှင့်တူပုံ) | ၅၄၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၀။ | နိဂဏ္ဌနာဋပုတ္တသုတ်=နိဂဏ္ဌနာဋပုတ္တ၏ မေးခွန်းကိုဖြေခြင်း (အသိဉာဏ်သည်ယုံကြည်ခြင်းသဒ္ဓါထက်သာလွန်ကြောင်း) | ၅၄၄ |
| ၃၅၁။ | အစေလကဿပသုတ်=ကဿပတက္ကဘွန်းနှင့် စိတ္တသူကြွယ် | ၅၄၅ |
| ၃၅၂။ | ဂိလာနဒဿနသုတ်=စိတ္တသူကြွယ်နာမကျန်းဖြစ်ခြင်း | ၅၄၆ |

## ၈။ ဂါမဏိသံယုတ် ၅၄၇

[ရွာသူကြီးတို့နှင့်စပ်သော ဟောကြားချက်များ]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၃။ | စဏ္ဍသုတ်=စဏ္ဍရွာသူကြီးအား ဟောကြားချက် (ကြမ်းတမ်းသူနှင့် သိမ်မွေ့သူ) | ၅၄၇ |
| ၃၅၄။ | တာလပုဋသုတ်=သဘင်အဖွဲ့ ခေါင်းဆောင်၏ မေးခွန်းကို ဖြေခြင်း | ၅၄၇ |
| ၃၅၅။ | ယောဓာဇီဝသုတ်=စစ်သူကြီး၏မေးခွန်းကိုဖြေခြင်း | ၅၄၈ |
| ၃၅၈။ | အသိဗန္ဓကပုတ္တသုတ်=အသိဗန္ဓကပုတ္တရွာသူကြီး၏ မေးခွန်းကို ဖြေခြင်း | ၅၄၉ |
| ၃၅၉။ | ခေတ္တူပမသုတ်=လယ်မြေသုံးစား ဥပမာပြု တရား | ၅၅၀ |
| ၃၆၀။ | သင်္ခဓမ္မသုတ်=ခရုသင်းမှုတ်သူ ဥပမာဖြင့် ဟောကြားခြင်း | ၅၅၁ |
| ၃၆၁။ | ကုလသုတ်=ဆွမ်းလောင်းခြင်းကြောင့်ပျက်စီးသောအမျိုး မရှိခဲ့ကြောင်း | ၅၅၂ |
| ၃၆၂။ | မဏိစူဠကသုတ်=မဏိစူဠက ရွာသူကြီးအား ဟောပုံ (ရဟန်းတို့အား ရွှေငွေသည် မအပ်စပ်ကြောင်း) | ၅၅၃ |
| ၃၆၃။ | ဘဒြကသုတ်=ဘဒြကရွာသူကြီးအားဟောကြားချက် (ဒုက္ခဟူသမျှသည် အလိုဆန္ဒလျှင် အကြောင်းရင်းရှိပုံ) | ၅၅၄ |
| ၃၆၄။ | ရာသိယသုတ်=ရာသိယရွာသူကြီးအား ဟောကြားချက် | ၅၅၅ |
| ၃၆၅။ | ပါဋလိယသုတ်=ပါဋလိယရွာသူကြီးအားဟောကြားချက် | ၅၅၇ |

## ၉။ အသင်္ခတသံယုတ် ၅၅၉

[အသင်္ခတတရားနှင့်စပ်သော ဟောကြားချက်များ]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆၆။ | ကာယဂတာသတိသုတ်=ကာယဂတာ သတိသည် နိဗ္ဗာန် ရောက်ကြောင်း ဖြစ်ပုံ | ၅၅၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆၇။ | သမထဝိပဿနာသုတ်=သမထနှင့် ဝိပဿနာသည် နိဗ္ဗာန် ရောက်ကြောင်း ဖြစ်ပုံ | ၅၆၁ |
| ၃၆၈။ | သဝိတက္ကသဝိစာရသုတ်=ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော သမာဓိသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်ပုံ | ၅၆၁ |
| ၃၇၇-၃၀၉။ | အသင်္ခတသုတ်စသည်=နိဗ္ဗာန် ပရိယာယ် (၃၃)ပုဒ် | ၅၆၁ |

## ၁၀။ အဗျာကတသံယုတ် ၅၆၂

[အဗျာကတတရားနှင့်စပ်သော ဟောကြားချက်များ]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁၀။ | ခေမာသုတ်=ကောသလမင်းအမေးနှင့်ခေမာဘိက္ခုနီအဖြေ (သတ္တဝါသည် သေပြီးနောက်၌ဖြစ်၏၊ မဖြစ် စသည်ဖြင့် ဗုဒ္ဓက မဟောကြားကြောင်း) | ၅၆၂ |
| ၄၁၁။ | အနုရာဓသုတ်=ပရိဗိုဇ်တို့၏အမေးနှင့် ရှင်အနုရာဓ၏အဖြေ | ၅၆၃ |
| ၄၁၂။ | ပဌမသာရိပုတ္တကောဋ္ဌိကသုတ်=ရှင်ကောဋ္ဌိက၏ အမေး နှင့် ရှင်သာရိပုတ္တရာ၏အဖြေ | ၅၆၄ |
| ၄၁၅။ | ဒုတိယသာရိပုတ္တကောဋ္ဌိကသုတ်=ရှင်သာရိပုတ္တရာ၏အမေး နှင့် ရှင်ကောဋ္ဌိက၏အဖြေ | ၅၆၅ |
| ၄၁၆။ | မောဂ္ဂလ္လာနသုတ်=ဝစ္ဆဂေါတ္တပရိဗိုဇ်၏အမေးနှင့် ရှင်မဟာ မောဂ္ဂလ္လာန်၏ အဖြေ | ၅၆၆ |
| ၄၁၇။ | ဝစ္ဆဂေါတ္တသုတ်=ဝစ္ဆဂေါတ္တပရိဗိုဇ်၏အမေးနှင့်ဗုဒ္ဓအဖြေ | ၅၆၆ |
| ၄၁၈။ | ကုတူဟလသာလသုတ်=အစည်းအဝေး ဇရပ်၌ ဖြစ်ပေါ်သော ပြဿနာ | ၅၆၇ |
| ၄၁၉။ | အာနန္ဒသုတ်=ရှင်အာနန္ဒာ၏အမေးနှင့်ဗုဒ္ဓ၏အဖြေ | ၅၆၈ |
| ၄၂၀။ | သဘိယကစ္စာနသုတ်=ဝစ္ဆဂေါတ္တ၏ အမေးနှင့် ရှင်သဘိယ ၏ အဖြေ | ၅၆၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၅။ မဟာဝဂ်** | |
| | **၁။ မဂ္ဂသံယုတ်** | ၃၇၃ |
| | [မဂ္ဂင်ရှစ်ပါးနှင့်စပ်သော ဟောကြားချက်များ] | |
| ၁။ | အဝိဇ္ဇာသုတ်= အကုသိုလ်တရားများ၏အဝိဇ္ဇာရှေ့သွားရှိပုံ | ၃၇၃ |
| ၂။ | ဥပဍ္ဎသုတ်= အကျင့်မြတ်၏ထက်ဝက်ကို ပြီးစေသောတရား | ၃၇၄ |
| ၄။ | ဇာနုဿောဏိသုတ်=ဇာနုဿောဏိ ပုဏ္ဏား နှင့် စပ်သော ဟောကြားချက် | ၃၇၅ |
| ၅။ | ကိမတ္ထိယသုတ်= အကျင့်မြတ်၏အကျိုး | ၃၇၅ |
| ၆။ | ပဌမ အညတရဘိက္ခုသုတ်=ရဟန်းတပါးအမေးကိုဖြေခြင်း | ၃၇၆ |
| ၇။ | ဒုတိယအညတရဘိက္ခုသုတ်=ရဟန်းတပါးအမေးကိုဖြေပုံ | ၃၇၆ |
| ၈။ | ဝိဘင်္ဂသုတ်=အရိယမဂ်ကိုအကျယ်ဝေဖန်၍ ဟောခြင်း | ၃၇၇ |
| ၉။ | သူကသုတ်=အရိယမဂ် ပည့်စပါးဆူးနှင့်တူကြောင်း | ၃၇၈ |
| ၁၀။ | နန္ဒိယသုတ်=နန္ဒိယပရိဗိုဇ်အား ဟောကြားချက် | ၃၇၉ |
| ၁၁။ | ပဌမဝိဟာရသုတ်=တပါးတည်း ကင်းဆိတ်စွာနေခြင်း | ၃၈၀ |
| ၁၃။ | သေက္ခသုတ်=သေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်သူ | ၃၈၁ |
| ၁၄။ | ပဌမဥပ္ပါဒသုတ်= အရိယမဂ်ဖြစ်ပေါ်လာပုံ | ၃၈၁ |
| ၁၈။ | ပဌမကုက္ကုဋာရာမသုတ်=ကုက္ကုဋာရာမကျောင်း၌ ဟောကြားချက် | ၃၈၁ |
| ၂၁။ | မိစ္ဆတ္တသုတ်=မှားသောသဘောနှင့် မှန်သောသဘော | ၃၈၂ |
| ၂၃။ | ပဌမပဋိပဒါသုတ်=မှားသောအကျင့်နှင့် မှန်သောအကျင့် | ၃၈၂ |
| ၂၅။ | ပဌမအသပ္ပုရိသသုတ်=သူယုတ်မာနှင့်သူတော်ကောင်း | ၃၈၃ |
| ၂၇။ | ကုမ္ဘသုတ်=စိတ်သည် အိုးနှင့်တူပုံ | ၃၈၃ |
| ၂၈။ | သမာဓိသုတ်=အခြံအရံနှင့်တကွဖြစ်သော သမာဓိ | ၃၈၄ |
| ၃၃။ | ဝိရဒ္ဓသုတ်=လမ်း မှန်မှလွဲချော်သူ | ၃၈၄ |
| ၄၁။ | ရာဂဝိရာဂသုတ်=ရာဂကင်းရေး | ၃၈၅ |
| ၄၉။ | ကလျာဏမိတ္တသုတ်=မိတ်ဆွေကောင်းရှိခြင်း | ၃၈၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၉။ | တထာဂတသုတ်=သတ္တဝါတို့ဘွင် မြတ် စွာ ဘုရား သည် အမြတ်ဆုံးဖြစ်ကြောင်း | ၅၀၀ |
| ၁၄၉။ | ဗလကရဏီယသုတ်=ခွန်အား ဖြင့် ပြုလုပ်အပ်သော အလုပ် | ၅၀၉ |
| ၁၅၀။ | ဗီဇသုတ်=အရိယမဂ်သည်မျိုးစေ့နှင့်တူကြောင်း | ၅၀၉ |
| ၁၅၁။ | နာဂသုတ်=သီလရှိသောရဟန်းသည်နဂါးနှင့်တူကြောင်း | ၅၀၉ |
| ၁၅၂။ | ရုက္ခသုတ်=အရိယမဂ်ကို ပွားသောရဟန်းသည် သစ်ပင်နှင့် တူကြောင်း | ၅၉၀ |
| ၁၅၃။ | ကုမ္ဘသုတ်=အရိယမဂ်ကို ပွားသောရဟန်းသည် အိုးနှင့်တူပုံ | ၅၉၀ |
| ၁၅၄။ | သူကသုတ်=ကောင်းစွာထားအပ်သောအယူသည်စပါးဆူး နှင့် တူကြောင်း | ၅၉၀ |
| ၁၅၅။ | အာကာသသုတ်=သတိပဋ္ဌာန်ကို ပွားသော ရဟန်းသည် ကောင်းကင်နှင့်တူကြောင်း | ၅၉၀ |
| ၁၅၆–၁၅၇။ | မေဃသုတ်များ=အရိယမဂ်ကို ပွားသော ရဟန်း သည် မိုးရေနှင့်တူကြောင်း | ၅၉၁ |
| ၁၅၈။ | နာဝါသုတ်=သံယောဇဉ်တို့သည် လှေကြိုးနှင့်တူကြောင်း | ၅၉၁ |
| ၁၅၉။ | အာဂန္တုကသုတ်=အရိယမဂ်သည်ဧည့်ရိပ်သာနှင့်တူကြောင်း | ၅၉၁ |
| ၁၆၀။ | နဒီသုတ်=အရိယမဂ်ကိုပွားသောရဟန်းသည် မြစ်နှင့်တူပုံ | ၅၉၂ |
| ၁၆၁။ | သေနာသုတ်=ရှာမှီးခြင်းသုံးမျိုး | ၅၉၂ |

## ၂။ ဗောဇ္ဈင်္ဂသံယုတ် ၅၉၄

[ဗောဇ္ဈင်ခုနစ်ပါးနှင့်စပ်သော ဟောကြားချက်များ]

| | | |
|---|---|---|
| ၁၀၂။ | ဟိမဝန္တသုတ်=သီလသည် ဟိမဝန္တာတောင်နှင့်တူကြောင်း | ၅၉၄ |
| ၁၀၃။ | ကာယသုတ်=နီဝရဏငါးပါးကို ကိုယ်ဖြင့်ဥပမာပြု ဟောပုံ | ၅၉၄ |
| ၁၀၄။ | သီလသုတ်=သီလရှိသော ရဟန်းအား ဆည်းကပ်သင့်ပုံ | ၅၉၆ |
| ၁၀၅။ | ဝတ္ထသုတ်=ဗောဇ္ဈင်ခုနစ်ပါးကိုအဝတ်ပုဆိုးဖြင့်ဥပမာပြု၍ ဟောခြင်း | ၅၉၇ |
| ၁၀၆။ | ဘိက္ခုသုတ်=ရဟန်းတပါးအား ဗောဇ္ဈင်ခေါ်ပုံကို ဟော ခြင်း အကြောင်း | ၅၉၈ |
| ၁၀၇။ | ကုဏ္ဍလိယသုတ်=ကုဏ္ဍလိယပရိဗိုဇ်အား ဟောကြားချက် | ၅၉၈ |

## အသေးစိတ် မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈၉။ | ဥပဝါနသုတ်=ရှင်သာရိပုတ္တရာ၏မေးခွန်းကို ရှင်ဥပဝါနက ဖြေခြင်း | ၆၀၀ |
| ၁၉၅။ | ပဌမဂိလာနသုတ်=ဗောဇ္ဈင်တရားဖြင့်ရောဂါပျောက်ပုံ | ၆၀၁ |
| ၂၀၄။ | ဌာနိယသုတ်=ဗောဇ္ဈင်တို့၏ တည်ရာ အကြောင်းများကို နှလုံးသွင်းခြင်း | ၆၀၃ |
| ၂၀၅။ | အယောနိသောမနသိကာရသုတ် = မသင့်သောအားဖြင့် နှလုံးသွင်းခြင်း | ၆၀၃ |
| ၂၀၇။ | တဏှက္ခယသုတ်=တဏှာကုန်ကြောင်းအကျင့် | ၆၀၃ |
| ၂၀၉။ | နိဗ္ဗေဓဘာဂိယသုတ်=ဖောက်ခွဲခြင်းအဖို့ရှိသောတရား | ၆၀၄ |
| ၂၁၀။ | ဧကဓမ္မသုတ်=သံယောဇဉ်ကို ပယ်အပ်သောတရား | ၆၀၅ |
| ၂၁၁။ | ဥဒါယိသုတ်=ရှင်ဥဒါယီ၏လျှောက်ကြားချက် | ၆၀၅ |
| ၂၁၂။ | ပဌမကုသလသုတ်=ကုသိုလ်တရားတို့၏အခြေအမြစ် | ၆၀၆ |
| ၂၁၄။ | ဥပက္ကိလေသသုတ်=စိတ်၏အညစ်အကြေးငါးပါး | ၆၀၆ |
| ၂၁၉။ | အာဝရဏနီဝရဏသုတ်=စိတ်ကို တားဆီး ပိတ်ဆို့ တတ်သော တရားများ | ၆၀၇ |
| ၂၂၀။ | ရုက္ခသုတ်=နီဝရဏငါးပါးကို သစ်ပင်နှင့်ဥပမာပြု၍ဟောပုံ | ၆၀၇ |
| ၂၂၁။ | နီဝရဏသုတ်=နီဝရဏငါးပါးသည် ဉာဏ်မျက်စိကို ကန်းစေတတ်ကြောင်း | ၆၀၈ |
| ၂၂၂။ | ဝိဓာသုတ်=မာနထောင်လွှားမှုကိုပယ်သူ | ၆၀၈ |
| ၂၂၃။ | စက္ကဝတ္တိသုတ် = (ဗောဇ္ဈင်ခုနစ်ပါးသည်) စကြာမင်း၏ ရတနာခုနစ်ပါးနှင့်တူကြောင်း | ၆၀၈ |
| ၂၃၂။ | အာဟာရသုတ်=နီဝရဏနှင့်ဗောဇ္ဈင်တို့၏ အကြောင်းများ (နီဝရဏဖြစ်ပေါ်ခြင်း၏ အကြောင်းငါးပါးနှင့် ဗောဇ္ဈင်ဖြစ်ပေါ်ခြင်း၏အကြောင်းခုနစ်ပါး) | ၆၀၉ |
| ၂၃၃။ | ပရိယာယသုတ်=ပရိယာယ်စကားဖြင့် နီဝရဏ ၁၀ ပါး၊ ဗောဇ္ဈင် ၁၄ ပါးဖြစ်ပုံ | ၆၁၁ |
| ၂၃၄။ | အဂ္ဂိသုတ်=ဗောဇ္ဈင်ပွားပုံကို မီးတောက်ဥပမာဖြင့် ဟောပုံ | ၆၁၂ |
| ၂၃၅။ | မေတ္တာသဟဂတသုတ်=မေတ္တာနှင့်တကွ ဗောဇ္ဈင်ပွားများနည်းအကြောင်း | ၆၁၃ |
| ၂၃၆။ | သင်္ဂါရဝသုတ်=သင်္ဂါရဝပုဏ္ဏားအား ဟောကြားချက် | ၆၁၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၇။ | အဘယသုတ်=အဘယမင်းသားအားဟောကြားချက်<br>(နိဝရဏငါးပါးသည်မသိမမြင်ခြင်း၏အကြောင်း) | ၆၁၆ |
| ၂၃၈။ | အင်္ဂသညာသုတ်=အရိုးစုကမ္မဋ္ဌာန်းကို ပွားပုံ | ၆၁၇ |

## ၃။ သတိပဋ္ဌာနသံယုတ် ၆၁၈

[သတိပဋ္ဌာန်လေးပါးနှင့်စပ်သော ဟောကြားချက်များ]



| | | |
|---|---|---|
| ၃၆၇။ | အမ္ဗပါလိသုတ်=အမ္ဗပါလီဥယျာဉ်၌ဟောကြားချက်<br>(နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တကြောင်းတည်းသောလမ်း) | ၆၁၈ |
| ၃၆၈။ | သတိသုတ်=သတိသမ္ပဇဉ်ရှိလျက်နေပုံ | ၆၁၈ |
| ၃၆၉။ | ဘိက္ခုသုတ်=ရဟန်းတပါးအား ဟောကြားချက် | ၆၁၉ |
| ၃၇၀။ | သာလသုတ်=သာလရွာ၌ ဟောကြားချက်<br>(ရဟန်းသစ်များကို သတိပဋ္ဌာန်လေးပါး၌တည်စေအပ်ပုံ) | ၆၂၀ |
| ၃၇၁။ | အကုသလရာသိသုတ်=အကုသိုလ်အစုနှင့်ကုသိုလ်အစု | ၆၂၀ |
| ၃၇၂။ | သကုဏဂ္ဃိသုတ်=သိန်းငှက်နှင့်ဗီလုံးငှက်ဥပမာ<br>(မိမိ၏ကျက်စားရာနယ်မြေ၌သာ ကျက်စားအပ်ကြောင်း) | ၆၂၁ |
| ၃၇၃။ | မက္ကဋသုတ်=မျောက်နဲ့စေးကိုထိကိုင်သောမျောက်ဥပမာ | ၆၂၁ |
| ၃၇၄၊ | သူဒသုတ်=စားဘော်ကဲနှင့်တူသောရဟန်း | ၆၂၂ |
| ၃၇၅။ | ဂိလာနသုတ်=နာမကျန်းဖြစ်စဉ်ဟောကြားချက်<br>(တရားတို့၌ ဆရာလက်ဆုပ်ပြု၍မထားကြောင်း၊ တရားကို<br>သာ အားထား၍ နေအပ်ကြောင်း) | ၆၂၃ |
| ၃၇၆။ | ဘိက္ခုနုပဿယသုတ်=ဘိက္ခုနီတို့နှင့်စပ်သော ဟောကြားပုံ | ၆၂၅ |
| ၃၇၇။ | မဟာပုရိသသုတ်=ယောကျ်ားမြတ်ဟုဆိုထိုက်သူ | ၆၂၆ |
| ၃၇၈။ | နာလန္ဒသုတ်=နာလန္ဒမြို့၌ ဟောကြားချက်<br>(ရှင်သာရိပုတ္တရာက ရဲရင့်သောစကားကိုလျှောက်ကြားပုံ) | ၆၂၇ |
| ၃၇၉။ | စုန္ဒသုတ်=ရှင်စုန္ဒအား ဟောကြားချက်<br>(ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုခြင်း) | ၆၂၈ |
| ၃၈၀။ | ဥက္ကာစေလသုတ်=ဥက္ကာစေလမြို့၌ဟောကြားချက်<br>(ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်ပရိနိဗ္ဗာန်ပြုခြင်း) | ၆၂၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၈၁။ | ဗာဟိယသုတ်=ရှင်ဗာဟိယအား ဟောကြားချက် (သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးကိုပွားအင်ကြောင်း) | ၆၃၀ |
| ၃၈၄။ | ဗြဟ္မသုတ်=သဟမ္ပတိဗြဟ္မာလျှောက်ကြားချက် | ၆၃၁ |
| ၃၈၅။ | သေဒကသုတ်=သေဒကနိဂုံး၌ဟောကြားချက် | ၆၃၁ |
| ၃၈၆။ | ဇနပဒကလျာဏီသုတ်=အလှမယ်နှင့်ဆီခွက်ကိုဆောင်သော ယောကျ်ားဥပမာ | ၆၃၂ |
| ၃၈၇။ | သီလသုတ်=ကုသိုလ်သီလတို့၏အကျိုး | ၆၃၄ |
| ၃၈၈။ | စိဋ္ဌိတိသုတ်=သူတော်ကောင်းတရားတည်တံ့ခြင်း | ၆၃၃ |
| ၃၉၂။ | ပဒေသသုတ်=(သတိပဋ္ဌာန်ကို)တစိတ်အားဖြင့်ပွားခြင်း | ၆၃၄ |
| ၃၉၃။ | သမတ္တသုတ်=(သတိပဋ္ဌာန်ကို)အပြည့်အစုံပွားများခြင်း | ၆၃၄ |
| ၃၉၄။ | လောကသုတ်=တင့်ထောင်သောစကြဝဠာကိုသိမြင်သူ | ၆၃၄ |
| ၃၉၅။ | သိရိဝဍ္ဎသုတ်=သိရိဝဍ္ဎအရပ်တ္တာဖိုလ်ကိုပြောကြားခြင်း | ၆၃၄ |
| ၃၉၆။ | မာနဒိန္နသုတ်=မာနဒိန္နသူကြွယ်က အနာဂါမ်ဖိုလ်ကို ပြောပုံ | ၃၅ |
| ၃၉၇။ | အနနုဿုတသုတ်=မကြားဖူးသောတရား၌အသိဉာဏ်ဖြစ်ပုံ | ၆၃၅ |
| ၄၀၁။ | သတိသုတ်=သတိသမ္ပဇဉ်ရှိလျက်နေသူ | ၆၃၆ |
| ၄၀၃။ | ဆန္ဒသုတ်=သတိပဋ္ဌာန်ပွားသူ၌ အလိုဆန္ဒ ကင်းပျောက်ပုံ | ၆၃၆ |
| ၄၀၄။ | ပရိညာတသုတ်=သတိပဋ္ဌာန်လေးပါးကို ပိုင်းခြား၍သိသူ | ၆၃၇ |
| ၄၀၆။ | ဝိဘင်္ဂသုတ်=သတိပဋ္ဌာန်လေးပါးကို ဝေဖန်ဟောကြားပုံ | ၆၃၇ |
| ၄၀၇။ | အမတသုတ်=အံမြိုက်နိဗ္ဗာန်ကို မဆုံးရှုံးစေသင့်ကြောင်း | ၆၃၈ |
| ၄၀၈။ | သမုဒယသုတ်=သတိပဋ္ဌာန်လေးပါးတို့၏ ဖြစ်ပုံ-ချုပ်ပုံ | ၆၃၈ |
| ၄၀၉။ | မဂ္ဂသုတ်=နိဗ္ဗာန်မျက်မှောက်ပြုရန်တခုတည်းသောလမ်း | ၆၃၈ |
| ၄၁၀။ | သတိသုတ်=သတိရှိလျက်နေသူ | ၆၃၉ |
| ၄၁၂။ | ပါတိမောက္ခသံဝရသုတ်=ပါတိမောက်သီလစောင့်စည်းပုံ | ၆၄၉ |
| ၄၁၃။ | ဒုစ္စရိတသုတ်=ဒုစရိုက်ကိုပယ်ရန်ဟောကြားခြင်း | ၆၄၀ |
| ၄၁၄။ | မိတ္တသုတ်=မိတ်ဆွေတို့အား သတိပဋ္ဌာန်၌တည်စေသင့်ပုံ | ၆၄၀ |


## ၄။ ဣန္ဒြိယသံယုတ် ၆၄၁

[ဣန္ဒြေငါးပါးနှင့်စပ်နေသော ဟောကြားချက်များ]


| | | |
| --- | --- | --- |
| ၄၇၁။ | သုဒ္ဓိကသုတ်=ဣန္ဒြေငါးပါးသရုပ်ကိုဟောခြင်း | ၆၄၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇၂။ | ပထမသောတာပန္နသုတ်=သောတာပန်ဟုဆိုထိုက်သူ | ၆၄၁ |
| ၄၇၃။ | ပထမအရဟန္တသုတ်=ရဟန္တာဟုဆိုထိုက်သူ | ၆၄၁ |
| ၄၇၆။ | ပထမသမဏဗြာဟ္မဏသုတ်=ရဟန်းပုဏ္ဏားဟုဆိုထိုက်သူ | ၆၄၂ |
| ၄၇၇။ | ဒဋ္ဌဗ္ဗသုတ်=ဣန္ဒြေငါးပါးကိုမှတ်သားအပ်သောဌာနများ | ၆၄၂ |
| ၄၇၉။ | ပထမဝိဘင်္ဂသုတ်=ဣန္ဒြေငါးပါးကို အကျယ်ဝေဖန်ခြင်း | ၆၄၂ |
| ၄၈၀။ | ဒုတိယဝိဘင်္ဂသုတ်=ဣန္ဒြေ ငါးပါးကို တနည်း အကျယ်ဝေဖန်ခြင်း | ၆၄၃ |
| ၄၈၁။ | ပဋိလာဘသုတ်=ဣန္ဒြေတို့ကိုရရှိခြင်း | ၆၄၄ |
| ၄၈၂။ | ပထမသံခိတ္တသုတ်=ဣန္ဒြေငါးပါးကိုအကျဉ်းဟောကြားပုံ | ၆၄၅ |
| ၄၈၅။ | ဝိတ္ထာရသုတ်=ဣန္ဒြေငါးပါးကို အကျယ်ဟောကြားခြင်း | ၆၄၆ |
| ၄၈၈။ | ပဋိပန္နသုတ်=ဣန္ဒြေငါးပါးပြည့်စုံအောင်ကျင့်သူ | ၆၄၆ |
| ၄၉၁။ | ပုနဗ္ဘဝသုတ်=နောက်ဘဝမရှိဘော့ဟုသိမြင်ခြင်း | ၆၄၇ |
| ၄၉၄။ | ဧကဗီဇသုတ်=တဘဝသာဖြစ်မည့်သောတာပန် | ၆၄၇ |
| ၅၀၆–၅၀၈။ | ဝိဘင်္ဂသုတ်များ=ဣန္ဒြေငါးပါးကို ဝေဖန်ခြင်း | ၆၄၉ |
| ၅၀၉။ | ကဋ္ဌောပမသုတ်–ဝေဒနာကို သစ်သားချင်း ပွတ်တိုက်မှုကြောင့် ဖြစ်သော မီးနှင့် ဥပမာပြု၍ ဟောခြင်း | ၆၄၉ |
| ၅၁၀။ | ဥပ္ပဋိပါဋိကသုတ်=ဣန္ဒြေငါးပါးကိုအစဉ်ဖျက်၍ဟောခြင်း | ၆၅၀ |
| ၅၁၁။ | ဇရာဓမ္မသုတ်=အိုခြင်းတရားကနှိပ်စက်နေပုံ | ၆၅၀ |
| ၅၁၂။ | ဥဏ္ဏာဘဗြာဟ္မဏသုတ်=ဥဏ္ဏာဘပုဏ္ဏား၏မေးခွန်းကိုဖြေပုံ | ၆၅၁ |
| ၅၁၃။ | သာကေတသုတ်=သာကေတမြို့၌ဟောကြားချက် (ဣန္ဒြေငါးပါးမှ ဗိုလ်ငါးပါးဖြစ်ပုံ) | ၆၅၂ |
| ၅၁၄။ | ပုဗ္ဗကောဋ္ဌကသုတ်=ပုဗ္ဗကောဋ္ဌကအရပ်၌ဟောကြားချက် (ဣန္ဒြေငါးပါးသည် အမြိုက်နိဗ္ဗာန်လျှင် ပြီးဆုံးခြင်းရှိပုံ) | ၆၅၃ |
| ၅၁၅။ | ပထမပုဗ္ဗာရာမသုတ်=ပုဗ္ဗာရုံကျောင်း၌ ဟောကြားချက် | ၆၅၃ |
| ၅၁၉။ | ပိဏ္ဍောလဘာရဒ္ဒါဇသုတ်=ရှင်ပိဏ္ဍောလ အရဟတ္တဖိုလ်ကို ပြောကြားခြင်း | ၆၅၄ |
| ၅၂၀။ | အာပဏသုတ်=အာပဏ နိဂုံး၌ဟောကြားချက် | ၆၅၄ |
| ၅၂၁။ | သာလသုတ်=သာလရွာ၌ဟောကြားချက် | ၆၅၄ |
| ၅၂၂။ | မလ္လိကသုတ်=မလ္လတိုင်း၌ဟောကြားချက် | ၆၅၆ |
| ၅၂၃။ | သေက္ခသုတ်=မိမိကိုယ်ကိုသေက္ခဟုသိမြင်ခြင်း၏အကြောင်း | ၆၅၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၂၄။ | ပါဒသုတ်=ပညာသည် ဆင်ခြေရာနှင့်တူကြောင်း | ၆၅၇ |
| ၅၂၆။ | ပတိဋ္ဌိတသုတ်=ကုသိုလ်တရားတို့၏ တည်ရာဖြစ်သောတရား | ၆၅၈ |
| ၅၂၇။ | သဟမ္ပတိဗြဟ္မသုတ်=သဟမ္ပတိဗြဟ္မာ၏လျှောက်ကြားချက် | ၆၅၈ |
| ၅၂၈။ | သူကရခတသုတ်=သူကရခတလိုဏ်ဂူ၌ဟောကြားချက် | ၆၅၈ |
| ၅၃၅။ | ပဌမဖလသုတ်=ဣန္ဒြေငါးပါးပွားများခြင်း အကျိုး၂ပါး | ၆၅၉ |
| ၅၃၆။ | ဒုတိယဖလသုတ်=ဣန္ဒြေငါးပါးပွားများခြင်း အကျိုး၇ပါး | ၆၆၀ |
| ၅၃၇=၅၄၀။ | ရုက္ခသုတ်များ=ပညာကိုသစ်ပင်တို့နှင့်နှိုင်းယှဉ်ခြင်း | ၆၆၀ |


## ၅။ သမ္မပ္ပဓာနသံယုတ် ၆၆၁

[သမ္မပ္ပဓာန်လေးပါး နှင့်စပ်သော ဟောကြားချက်များ]


| | | |
| --- | --- | --- |
| ၆၅၁။ | ပါစီနနိန္နသုတ်=သမ္မပ္ပဓာန် ပွားသူသည် အရှေ့ဘက်သို့ စီးသော ဂင်္ဂါမြစ်နှင့်တူကြောင်း | ၆၆၁ |


## ၆။ ဗလသံယုတ် ၆၆၂

[ဗိုလ်ငါးပါးနှင့်စပ်သော ဟောကြားချက်များ]


| | | |
| --- | --- | --- |
| ၇၅၃။ | ဗလသုတ်=ဗိုလ်ငါးပါးကို ပွားများသူ | ၆၆၂ |


## ၇။ ဣဒ္ဓိပါဒသံယုတ် ၆၆၃

[ဣဒ္ဓိပါဒ်လေးပါးနှင့်စပ်သော ဟောကြားချက်များ]


| | | |
| --- | --- | --- |
| ၈၁၃။ | အပါရသုတ်=တဘက်ကမ်းသို့ရောက်စေနိုင်သောတရား | ၆၆၃ |
| ၈၂၁။ | ဉာဏသုတ်=ဉာဏ်အမြင်ဖြစ်ပေါ်ခဲ့ပုံ | ၆၆၄ |
| ၈၂၂။ | စေတိယသုတ်=စာပါလစေတီ၌ဟောကြားချက် | ၆၆၅ |
| ၈၂၃။ | ပုဗ္ဗသုတ်=ရှေးအခါက ဗုဒ္ဓအားအကြံဖြစ်ခဲ့ပုံ | ၆၆၆ |
| ၈၂၅။ | ဆန္ဒသမာဓိသုတ်=ဆန္ဒကိုမှီ၍ဖြစ်သောသမာဓိ | ၆၆၇ |
| ၈၂၆။ | မောဂ္ဂလ္လာနသုတ်=ဝိသာခါပြာသာဒ်ကို ရှင်မောဂ္ဂလ္လာန်က တုန်လှုပ်စေခြင်း | ၆၆၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၂၇။ | ဥဏ္ဏာဘဗြာဟ္မဏသုတ်=ဥဏ္ဏာဘပုဏ္ဏား၏အမေးကိုဖြေခြင်း | ၆၆၈ |
| ၈၃၁။ | ဣဒ္ဓါဒိဒေသနာသုတ်=ဣဒ္ဓိစသည်ကို ဟောကြားခြင်း | ၆၆၉ |
| ၈၃၂။ | ဝိဘင်္ဂသုတ်=ဣဒ္ဓိပါဒ်လေးပါးကို ဝေဖန်ဟောကြားခြင်း | ၆၇၀ |
| ၈၃၄။ | အယောဂုဠသုတ်=ပူသော သံချောင်းကဲ့သို့ ပေါ့ပါးသော ကိုယ်ရှိခြင်း | ၆၇၂ |

## ၈။ အနုရုဒ္ဓသံယုတ ၆၇၄

[ရှင်အနုရုဒ္ဓာ၏ ဟောကြားချက်]

| | | |
|---|---|---|
| ၈၉၉။ | ပဌမရဟောဂတသုတ်=ဆိတ်ငြိမ်ရာ၌နေစဉ် အကြံဖြစ်ပုံ (သတိပဋ္ဌာန်လေးပါးကို ပြီးမြောက်စေသူ) | ၆၇၄ |
| ၉၀၁။ | သုတနုသုတ်=သုတနုမြစ်ကမ်း၌ ဟောကြားချက် | ၆၇၅ |
| ၉၀၆။ | သဠာဂါရသုတ်=သင်းရှူးပင်တော၌ ဟောကြားချက် (သတိပဋ္ဌာန်လေးပါးကို ပွားများသော ရဟန်းသည် လူထွက်ဖွယ်အကြောင်းမရှိကြောင်း) | ၆၇၆ |
| ၉၀၇။ | အမ္ဗပါလိသုတ်=အမ္ဗပါလီဥယျာဉ်၌ဟောကြားချက် | ၆၇၆ |
| ၉၀၈။ | ဗာဠှဂိလာနသုတ်=နာမကျန်းဖြစ်နေစဉ်ဟောကြားချက် | ၆၇၇ |
| ၉၀၉။ | ကပ္ပသဟဿသုတ်=ကမ္ဘာပေါင်းတထောင်ကို အောက်မေ့နိုင်ခြင်း | ၆၇၇ |

## ၉။ ဈာနသံယုတ် ၆၇၈

[ဈာန်နှင့်စပ်သော ဟောကြားချက်များ]

| | | |
|---|---|---|
| ၉၂၃။ | ဈာနသုတ်=ဈာန်လေးပါးကိုဟောကြားခြင်း | ၆၇၈ |

## ၁၀။ အာနာပါနသံယုတ် ၆၇၉

[ထွက်သက်ဝင်သက်နှင့်စပ်သော ဟောကြားချက်များ]

| | | |
|---|---|---|
| ၉၇၇။ | ဧကဓမ္မသုတ်=အကျိုးများသောတရားတပါး | ၆၇၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၈၂။ | အရိဋ္ဌသုတ် = ရှင်အရိဋ္ဌအား အာနာပါနသတိ ပွားပုံကို ဟောကြားခြင်း | ၆၈၁ |
| ၉၈၃။ | မဟာကပ္ပိနသုတ်=ရှင်မဟာကပ္ပိနနှင့်စပ်သော ဟောကြားချက်များ | ၆၈၁ |
| ၉၈၄။ | ပဒီပေါပမသုတ်=ခံစားမှုများ ဆိမ်းပမာငြိမ်းအေးပုံ | ၆၈၂ |
| ၉၈၅။ | ဝေသာလီသုတ် = ဝေသာလီပြည်၌ အသုဘကမ္မဋ္ဌာန်းကို ဟောကြားခြင်း | ၆၈၃ |
| ၉၈၆။ | ကိမိလသုတ်=ရှင်ကိမိလအား အာနာပါနသတိကို ဟောကြားခြင်း (အာနာပါနသတိကို ပွားခြင်းဖြင့် သတိပဋ္ဌာန်လေးပါးနှင့် ပြည့်စုံခြင်း) | ၆၈၄ |
| ၉၈၇။ | ဣစ္ဆာနင်္ဂလသုတ်=ဣစ္ဆာနင်္ဂလမြို့၌ ဟောကြားချက်များ (ဝါတွင်းသုံးလပတ်လုံး အာနာပါနသတိဖြင့်နေပုံ၊ အရိယာတို့၏ နေခြင်းဟုဆိုအပ်ကြောင်း) | ၆၈၅ |
| ၉၈၈။ | ကင်္ခေယျသုတ်=ယုံမှားမှုကို ပယ်ဖျောက်ခြင်း (သေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းနှင့် မြတ်စွာဘုရား၏ နေခြင်း ခြားနားပုံ) | ၆၈၆ |
| ၉၈၉။ | ပဌမအာနန္ဒသုတ်=ရှင်အာနန္ဒာ၏ မေးခွန်းကိုဖြေခြင်း (အာနာပါနသတိကို ပွားလျှင် သတိပဋ္ဌာန်လေးပါးနှင့် ဗောဇ္ဈင်ခုနစ်ပါးပြည့်စုံကြောင်း) | ၆၈၇ |
| | ၁၁။ သောတာပတ္တိသံယုတ် | ၆၈၉ |
| | [သောတာပတ္တိဖိုလ်နှင့်စပ်သော ဟောကြားချက်များ] | |
| ၉၉၇။ | စက္ကဝတ္တိရာဇသုတ်=သောတာပန်သည် စကြာမင်းထက်သာလွန်ကြောင်း (သောတာပန်၏အင်္ဂါလေးပါး) | ၆၈၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၉၈။ | ဗြဟ္မစရိယောဂသုတ်=အကျင့်မြတ်၌ အကျုံး ဝင် သော ချမ်းသာ (မကျန်းမာသောဒီဃာဝုထံ ဗုဒ္ဓကြွရောက်ခြင်း) | ၆၉၀ |
| ၁၀၀၀။ | ပထမသာရိပုတ္တသုတ်=ရှင်အာနန္ဒာ၏အမေးနှင့် ရှင်သာရိပုတ္တရာ၏ အဖြေ (သောတာပန်ဟု ဆိုအပ်ခြင်းအကြောင်း) | ၆၉၁ |
| ၁၀၀၁။ | ဒုတိယသာရိပုတ္တသုတ်=ဗုဒ္ဓ၏အမေးနှင့် ရှင်သာရိပုတ္တရာ၏ အဖြေ (သောတာပန်ဖြစ်ခြင်း၏ အကြောင်းလေးပါး) | ၆၉၁ |
| ၁၀၀၂။ | ထပတိသုတ်=လက်သမားဆရာနှစ်ယောက်အား ဟောခြင်း (ဗုဒ္ဓဒေသစာရီ ကြွမည်ဆို၍ ဝမ်းနည်းခြင်းဖြစ်ရကြောင်းကို လျှောက်ထားခြင်း) | ၆၉၂ |
| ၁၀၀၃။ | ဝေဠုဒွါရေယျသုတ်=ဝေဠုဒွါရရွာသားတို့အားဟောပုံ (မိမိ၌ဆောင်ထားသော တရားခုနစ်ပါးနှင့် လိုလားအပ်သော အကြောင်းလေးပါး) | ၆၉၄ |
| ၁၀၀၄။ | ပထမဂိဉ္ဇကာဝသထသုတ်=အုတ် ကျောင်း ၌ ဟောကြားသော တရားကြီးမှု (သောတာပန်ဖြစ်ပြီဟု ပြောနိုင်ကြောင်း တရားလေးပါး) | ၆၉၅ |
| ၁၀၀၇။ | သဟာဿဘိက္ခုနီသံဃသုတ်=ဘိက္ခုနီအထောင်အား ဟောကြားချက်များ | ၆၉၆ |
| ၁၀၀၈။ | ဗြာဟ္မဏသုတ်=ပုဏ္ဏားတို့ ဆောက်တည်အပ်သောအကျင့် | ၆၉၆ |
| ၂၀၀၉။ | အာနန္ဒတ္ထေရသုတ်=ရှင်သာရိပုတ္တရာအမေးနှင့် ရှင်အာနန္ဒာ၏ အဖြေ | ၆၉၇ |
| ၁၀၁၂။ | ပထမမိတ္တာမစ္စသုတ်=မိတ်ဆွေ အပေါင်း အဖော်တို့အား ဆောက်တည်အပ်သောတရား | ၆၉၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁၄။ | ပထမဒေဝစာရိကသုတ်=ရှင်မောဂ္ဂလ္လာန် နတ်ပြည်သို့ကြွ၍ တရားဟောခြင်း | ၆၉၈ |
| ၁၀၁၇။ | မဟာနာမသုတ်=မဟာနာမ်အား ဟောကြားချက် (သဒ္ဒါသီလနှင့်ပြည့်စုံသူအား မယုတ်ညံ့သော သေခြင်း ဖြစ်လိမ့်မည်ဟု မိန့်ကြားခြင်း) | ၆၉၉ |
| ၁၀၁၉။ | ဂေါဓသက္ကသုတ်=ဂေါဓနှင့် မဟာနာမ်တို့ ဆွေးနွေးခြင်း | ၇၀၀ |
| ၁၀၂၀။ | သရဏာနိသက္ကသုတ်=သရဏာနိ သာကီဝင်နှင့် စပ်သော ဟောကြားချက်များ (သရဏာနိသာကီဝင်ကွယ်လွန်သွားရာ ၎င်းအားသောတာပန်ဟု ဗုဒ္ဓက မိန့်ကြားခြင်း) | ၇၀၁ |
| ၁၀၂၂။ | ပဌမအနာထပိဏ္ဍိကသုတ် = အနာထပိဏ် သူဌေးအား ရှင်သာရိပုတ္တရာဆုံးမခြင်း | ၇၀၃ |
| ၁၀၂၃။ | ဒုတိယအနာထပိဏ္ဍိကသုတ် = အနာထပိဏ် သူဌေးအား ရှင်အာနန္ဒာ ဆုံးမခြင်း | ၇၀၅ |
| ၀၂၄။ | ပထမဘယဝေရူပသန္တသုတ်=ဘေးရန်ငါးပါးငြိမ်းအေးသူ | ၇၀၅ |
| ၁၀၂၆။ | နန္ဒကလိစ္ဆဝိသုတ်=နန္ဒကမည်သော လိစ္ဆဝီအမတ်ကြီးအား ဟော ကြားချက် (သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် အသက်ရှည်ခြင်း စသောအကျိုးငါးပါးနှင့်ယှဉ်ကြောင်း) | ၇၀၆ |
| ၁၀၂၇။ | ပထမပုညာဘိသန္ဒသုတ်=ကောင်းမှုအလျဉ်လေးပါး | ၇၀၇ |
| ၁၀၃၀။ | ပထမဒေဝပဒသုတ်=နတ်တို့ဉာဏ်ဖြင့်သက်ရောက်အပ်သော တရားလေးပါး | ၇၀၇ |
| ၁၀၃၂။ | ဒေဝသဘာဂသုတ်=နတ်တို့နှင့်သဘောတူသူ | ၇၀၈ |
| ၁၀၃၃။ | မဟာနာမသုတ်=မဟာနာမ်အား ဟော ကြားချက် (ဥပါသကာဖြစ်ခြင်း၏ အကြောင်းများ) | ၇၀၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃၄။ | ဝဿသုတ်=မိုးရေကဲ့သို့ စီးသွားသောတရားလေးပါး | ၇၀၉ |
| ၁၀၃၅။ | ကာဠိဂေါဓသုတ်=ကာဠိဂေါဓာ မည်သော သာကီဝင် မင်းသမီးအား ဟောကြားချက် | ၇၁၀ |
| ၁၀၃၆။ | နန္ဒိယသက္ကသုတ်=နန္ဒိယသာကီဝင်အားဟောကြားချက် (မေ့လျော့စွာနေလေ့ရှိသူနှင့် မမေ့မလျော့နေလေ့ရှိသူ) | ၇၁၀ |
| ၁၀၃၇။ | ပဌမအဘိသန္ဒသုတ်=ကောင်းမှုဘည်းဟူသော ရေအလျဉ် လေးမျိုး အကြောင်း | ၇၁၂ |
| ၁၀၄၆။ | အင်္ဂသုတ်=သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး | ၇၁၃ |
| ၁၀၄၇။ | သဂါထကသုတ်=ဂါထာနှင့်တကွဟောကြားချက် | ၇၁၃ |
| ၁၀၄၈။ | ဝဿံဝုဋ္ဌသုတ်=ဝါကျွတ်ချိန်တွင် ရောက်လာသော ရဟန်း၏ ဟောကြားချက် (အသက်အထက်ဖြစ်သောအရိယာတို့က နည်းပြီး အောက် အောက်ဖြစ်သောအရိယာတို့က များပုံ) | ၇၁၄ |
| ၁၀၄၉။ | ဓမ္မဒိန္နသုတ်=ဓမ္မဒိန္နဉပါသကာအားဟောကြားချက် | ၇၁၄ |
| ၁၀၅၀။ | ဂိလာနသုတ်=မကျန်းမာသော ဥပါသကာအားဆုံးမပုံကို ဟောကြားခြင်း (လေးပါးသောတရားတို့ဖြင့် နှစ်သိမ့်စေအပ်ပုံ၊ ငါ့ကွက်ခြင်း ကို စွန့်ပယ်ရန် တိုက်တွန်းခြင်း၊ နိဗ္ဗာန်သို့ စိတ်ကိုရှေးရှု ဆောင်စေခြင်း၊ လူ၏လွတ်မြောက်မှုနှင့် ရဟန်း၏ လွတ် မြောက်မှု ခြားနားခြင်းမရှိ) | ၇၁၅ |

၁၂။ သစ္စသံယုတ် ၇၁၈

[သစ္စာလေးပါးနှင့်စပ်သော ဟောကြားချက်များ]

| | | |
|---|---|---|
| ၁၀၇၁။ | သမာဓိသုတ်=သမာဓိရှိသူသည်အမှန်ကိုသိမြင်ကြောင်း | ၇၁၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၇၂။ | ပဋ္ဌိသလ္လာနသုတ်=ဘာပါးတည်းကိန်းအောင်းသူသည် အမှန်ကို သိမြင်ကြောင်း ဟောကြားချက် | ၇၁၈ |
| ၁၀၇၃။ | ပဌမကုလပုတ္တသုတ်=သစ္စာ၄ပါးကိုသိရန် အမျိုးကောင်းသားများ ရဟန်းပြုကြကြောင်း | ၇၁၉ |
| ၁၀၇၅။ | ပဌမသမဏဗြာဟ္မဏသုတ်=ဟုဘ်တိုင်းမှန်စွာ သိမြင်သောရဟန်းပုဏ္ဏားများ | ၇၁၉ |
| ၁၀၇၇။ | ဝိတက္ကသုတ်=မကောင်းသောအကြံနှင့်ကောင်းသောအကြံ | ၇၂၀ |
| ၁၀၇၉။ | ဝိဂ္ဂါဟိကကထာသုတ်=ငြင်းခုံစကားမပြောရန် ဆုံးမခြင်း | ၇၂၀ |
| ၁၀၈၀။ | တိရစ္ဆာနကထာသုတ်=မဂ်ဖိုလ်နှင့် ဖီလာဖြစ်သောစကားကို မပြောဆိုရန် ဆုံးမခြင်း | ၇၂၁ |
| ၁၀၈၁။ | ဓမ္မစက္ကပဝတ္တနသုတ်=တရားဟူသောဘီးကိုလည်စေခြင်း (မမှီဝဲအပ်သော အစွန်း နှစ်ပါး၊ ဗုဒ္ဓ သိမြင်အပ်သော အလယ်လမ်း၊ အရိယသစ္စာလေးပါး၊ ထိုအရိယသစ္စာလေးပါးကို အချင်းအရာ ၁၂ ပါးဖြင့် သိမြင်ပုံ၊ သမ္မာသမ္ဗောဓိဉာဏ်ကို ဝန်ခံပုံ၊ ရှင်ကောဏ္ဍညအား တရားမျက်စိဖြစ်ပေါ်ခြင်း၊နတ်တို့ကြွေးကြော်ပုံ၊ ရှင်ကောဏ္ဍည ရဟန်းဖြစ်ခြင်း) | ၇၂၁ |
| ၁၀၈၂။ | တထာဂတသုတ်=မြတ်စွာဘုရားတို့အားဉာဏ်အမြင်ဖြစ်ပုံ | ၇၂၄ |
| ၁၀၈၅။ | ပဌမခာရဏသုတ်=သစ္စာလေးပါးကို မှတ်သားနိုင်ကြရန် တိုက်တွန်းခြင်း | ၇၂၄ |
| ၁၀၈၆။ | ဒုတိယခာရဏသုတ်=သစ္စာလေးပါးကို မှတ်သားပုံ | ၇၂၈ |
| ၁၀၈၉။ | သက်သာနသုတ်=(အရိယသစ္စာကိုအကျယ်ချဲ့လျှင်)အကွာရာ ပုဒ်ဗျည်းမဆုံးနိုင်ကြောင်း | ၇၂၉ |
| ၁၀၉၁။ | ပဌမကောဋိဂါမသုတ်=ကောဋိရွာ၌ဟောကြားချက် (သစ္စာလေးပါးကို မသိခြင်းကြောင့် သံသရာရှည်ခဲ့ခြင်း) | ၇၃၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၉၅။ | အာသဝက္ခယသုတ်=သိမြင်သူတို့အားသာလျှင် အာသဝ ကုန်ခြင်းကို ဟောကြားကြောင်း | ၄၃၁ |
| ၁၁၉၆။ | မိတ္တသုတ်=မိတ်ဆွေတို့ ဆောက်တည်စေသင့်သောတရား | ၄၃၁ |
| ၁၁၀၀။ | ဂဝမ္ပတိသုတ်=မထေရ်ကြီးတို့အပြဿနာ ရှင်ဂဝမ္ပတိ ဖြေပုံ (ဒုက္ခသစ္စာကိုမြင်လျှင် ကျန်သစ္စာသုံးပါးကိုမြင်ကြောင်း) | ၄၃၂ |
| ၁၁၀၁။ | သီသပါဝနသုတ်=ယင်းတိုက်ရွက်ဥပမာဖြင့် မိန့်ကြားခြင်း | ၄၃၂ |
| ၁၁၀၂။ | ခဒိရပတ္တသုတ်=ရှားရွက်ဥပမာဖြင့် မိန့်ကြားခြင်း (သစ္စာလေးပါးကို မသိဘဲ ဒုက္ခကုန်နိုင်ကြောင်း) | ၄၃၃ |
| ၁၁၀၃။ | ဒဏ္ဍသုတ်=(သံသရာ၌ ကျင်လည်ရခြင်းကို) ကောင်းကင်သို့ ပစ်လိုက်သော တုတ်ချောင်းဥပမာဖြင့် မိန့်ကြားခြင်း | ၄၃၃ |
| ၁၁၀၄။ | စေလသုတ်=ပုဆိုးကိုမီးလောင်ခြင်းဥပမာဖြင့်မိန့်ကြားခြင်း (သစ္စာလေးပါးကိုသိရန်အားထုတ်အပ်ကြောင်း) | ၄၃၄ |
| ၁၁၀၅။ | သတ္တိသတသုတ်=လှံချက်တရာ ထိုးခြင်း ဥပမာဖြင့် မိန့်ကြားခြင်း | ၄၃၄ |
| ၁၁၀၆။ | ပါဏသုတ်=မဟာသမုဒ္ဒရာရှိသတ္တဝါများ အသွန်များပုံ | ၄၃၅ |
| ၁၁၀၇။ | ပဌမသူရိယသုတ် = နေအရုဏ် တက်ခြင်း ဥပမာဖြင့် ဟောကြားခြင်း (မှန်သောအယူသည် သစ္စာလေးပါးကိုသိခြင်း၏ ရှေ့ပြေးဖြစ်ကြောင်း ဟောကြားချက်) | ၄၃၅ |
| ၁၁၀၈။ | ဒုတိယသူရိယသုတ်=နေနှင့်လဥပမာဖြင့်မိန့်ကြားခြင်း (မြတ်စွာဘုရား ဖြစ်ပေါ်လာမှသာ သစ္စာလေးပါးကို ဟောကြားခြင်းရှိကြောင်း) | ၄၃၆ |
| ၁၁၀၉။ | ဣန္ဒခီလသုတ်=တံခါးတိုင်ဥပမာဖြင့် မိန့်ကြားခြင်း (သစ္စာလေးပါးကိုသိပြီးလျှင် ယိမ်းယိုင်ခြင်းမရှိကြောင်း) | ၄၃၆ |
| ၁၁၁၀။ | ဝါဒတ္ထိကသုတ်=ဝါဒရေးရာတို့ဖြင့် အပြစ် ရှာလိုသူများ မချောက်ချားစေနိုင်သူ | ၄၃၇ |
| ၁၁၁၁။ | လောကစိန္တာသုတ်=လောကအကြောင်းကို မကြံစည်သင့်ပုံ (ကြာတောထဲသို့ စစ်တပ်ကြီးဝင်သွားသည်ကိုတွေ့မြင်သူ) | ၄၃၇ |
| ၁၁၁၂။ | ပပါတသုတ်=ဇာတိစသော ဆင်းရဲသည် အဲလွန်နက်သော ချောက်ကမ်းပါးနှင့်တူကြောင်း | ၄၃၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၁၃။ | မဟာပရိဠာဟသုတ်=ဇာတိစသော ဆင်းရဲသည် အလွန်ပြင်းသော ပူလောင်ခြင်းဖြစ်ကြောင်း | ၇၃၉ |
| ၁၁၁၅။ | ဝါလသုတ်=သားမြီးများကို ဖောက်ထွင်းခြင်း ဥပမာဖြင့် မိန့်ကြားခြင်း | ၇၄၀ |
| | (မြှားပစ်လေ့ကျင့်နေသော လိစ္ဆဝီမင်းသားများကို အရှင်အာနန္ဒာ မြင်ခြင်း၊ သစ္စာလေးပါးသည် ဖောက်ထွင်းရန် ပို၍ ခဲယဉ်းသောတရားဖြစ်ကြောင်း ဗုဒ္ဓကမိန့်ကြားခြင်း) (သစ္စာလေးပါးကို သိပြီးသူအား ကုန်ပြီးသော ဒုက္ခများ၍ မကုန်သေးသောဒုက္ခ နည်းပါးပုံ) | |
| ၁၁၁၆။ | အန္ဓကာရသုတ်=လောကန္တရိတ်ငရဲထက် ကြီးသော အမိုက်တိုက်အကြောင်း | ၇၄၀ |
| ၁၁၁၇။ | ပထမဆိဒ္ဒယုဂဋ္ဌသုတ်=လိပ်ကန်း၊ နှင့် ထမ်းပိုးပေါက်ဥပမာ (အပါယ်ကျသူ လူပြန်ဖြစ်ရန်မလွယ်ကြောင်း) | ၇၄၁ |
| ၁၁၁၈။ | ပထမသိနေရုပဗ္ဗတရာဇသုတ်=မြင်းမိုရ်တောင်နှင့် ကျောက်စရစ်ခဲ ဥပမာ | ၇၄၂ |
| ၁၁၂၁။ | အာမကဓညပေယျာလဝဂ်=လက်သည်းများပေါ်မှ မြေမှုန့်နှင့် ဥပမာပြု၍ ဟောကြားချက်များ | ၇၄၃ |
| ၁၁၇၂။ | ပဉ္စဂတိပေယျာလဝဂ်=လူ့ပြည် နတ်ပြည်၌ ဖြစ်သူ နည်းပုံကို ဟောကြားချက် | ၇၄၄ |



သံယုတ္တနိကာယ်

# ၁။ သဂါထာဝဂ်

# ၁။ ဒေဝတာသံယုတ်

[အမည်မထင်ရှားသော နတ်တို့နှင့်စပ်သည့် ဟောကြားချက်များ]

## ၁။ နဠဝဂ်

### ၁။ ဩဃတရဏသုတ်

[သံသရာ ရေအလျဉ်ကို ကူးမြောက်ပုံ]

၁။ အရှင်ဘုရားကဿပ၊ ကျွန်ုပ်အာနန္ဒာသည် မြတ်စွာဘုရားထံမှ ဤသို့ ကြားနာမှတ်သားခဲ့ရပါသည်။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် အနာထပိဏ် သဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်သားတယောက်သည် သန်းခေါင်ယံ အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို အရောင်အဝါဖြင့် လင်းစေကာ ဗုဒ္ဓထံသို့ ချဉ်းကပ်လေ၏။ ထိုနတ်သားသည် ဗုဒ္ဓအား ရှိခိုး၍ တခုသောနေရာ၌ ရပ်ဟည်ကာ မေးခွန်းကို မေးလျှောက်သည်။ ဗုဒ္ဓကလည်း ထိုမေးခွန်းကို ဖြေကြားတော်မူသည်။

—အရှင်မြတ်၊ အရှင်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် သံသရာရေအလျဉ်ကို ကူးမြောက်ခဲ့ပါသနည်း။

—အချင်းနတ်သား၊ ငါသည် ရပ်တန့်၍လည်း မနေ၊ အားထုတ်ခြင်းလည်း မပြုသည်ဖြစ်၍ သံသရာရေအလျဉ်ကို ကူးမြောက်ခဲ့ပေ၏။

—အရှင်မြတ်၊ အရှင်သည် အဘယ်သို့လျှင် ရပ်တန့်၍မနေ၊ အားထုတ်ခြင်းလည်း မပြုပဲ သံသရာရေအလျဉ်ကို ကူးမြောက်ခဲ့ပါသနည်း။

—အချင်းနတ်သား၊ ငါသည် ရပ်တန့်၍နေသောအခါ နစ်မြုပ်၏၊ အားထုတ်သောအခါမျောပါသွား၏။ ဤသို့လျှင် ငါသည် ရပ်တန့်၍မနေ၊ အားထုတ်ခြင်းလည်း မပြုပဲ သံသရာရေအလျဉ်ကို ကူးမြောက်ခဲ့ပေ၏။

—ကျွန်ုပ်သည် လောက၌ ရပ်တန့်၍လည်း မနေ၊ အားထုတ်ခြင်းလည်း မပြုပဲ သံသရာရေအလျဉ်ကိုကူးမြောက်၍ကပ်ငြိတွယ်တာခြင်းကင်းကာ ကိလေသာ ငြိမ်းအေးကင်းစင်ပြီးသော ပုဂ္ဂိုလ်မြတ်ကို ကာလကြာမြင့်မှ ဖူးမြင်ရပေသည် တကား။

ဤသို့ နတ်သားက မြွက်ဆိုရာ ဗုဒ္ဓကလည်း ထိုစကားကို ကျေနပ်လက်ခံတော်မူ၏။ နတ်သားသည် မိမိမြွက်ဆိုသောစကားကို ဗုဒ္ဓက ကျေနပ်လက်ခံကြောင်း သိလျှင် ဗုဒ္ဓကိုရှိခိုး၍ အရိုအသေပြုပြီး ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေ၏။

(နိဒါန်းနှင့် နိဂုံးစကားများ၌ ဤသုတ်နှင့် တူညီသော နောက်သုတ်တို့တွင် ၎င်းတို့ကိုမဖော်ပြတော့ပဲ အမေး အဖြေ စကားရပ်များကိုသာ ဖော်ပြသွားပါမည်။)

## ၂။ နိမောက္ခသုတ်

### [ကိလေသာမှ လွတ်မြောက်ပုံ]

၂။ "အရှင်ဘုရား၊ အရှင်သည် သတ္တဝါတို့၏ ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်ခြင်း၊ လုံးဝလွတ်မြောက်ခြင်း၊ ကင်းဆိတ်ခြင်းကို သိမြင်ပါသလော"

"အချင်းနတ်သား၊ ငါသည် သတ္တဝါတို့၏ ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်ခြင်း၊ လုံးဝလွတ်မြောက်ခြင်း၊ ကင်းဆိတ်ခြင်းကို သိပေ၏"

"အရှင်မြတ်၊ အရှင်သည် အဘယ်သို့လျှင် သတ္တဝါတို့၏ ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်ခြင်း၊ လုံးဝလွတ်မြောက်ခြင်း၊ ကင်းဆိတ်ခြင်းကို သိမြင်ပါသနည်း"

"အချင်းနတ်သား၊ နှစ်သက်မှု အရင်းခံရှိသော ဘဝ၏ ကုန်ခြင်း၊ သညာနှင့် ဝိညာဏ်တို့၏ကုန်ခြင်း၊ခံစားမှုဝေဒနာတို့၏ ချုပ်ပျောက်ငြိမ်းအေးခြင်းကြောင့် သတ္တဝါတို့၏ ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်ခြင်း၊ လုံးဝ လွတ်မြောက်ခြင်း၊ ကင်းဆိတ်ခြင်းကို ငါသိပေ၏"

## ၃။ ဥပနိယသုတ်

### [သေခြင်းသို့ ဆွဲဆောင်ခြင်းခံနေရပုံ]

၃။ "အရှင်ဘုရား၊ သတ္တဝါတို့၏အသက်သည် အိုခြင်းတရားက သေခြင်း၏ အနီးသို့ ဆွဲဆောင်မှုကို ခံနေရသည်ဖြစ်၍ တိုတောင်းလှပါ၏။ အိုခြင်းတရား၏ ဆွဲဆောင်မှုကို ခံနေရသူအား ခိုကိုးရာမရှိပါ။ သေခြင်း၌ ဤသို့သော ကြောက်

လန့်ဖွယ်ကို ရှုမြင်သူသည် ချမ်းသာကိုဆောင်သော ကုသိုလ်ကောင်းမှုတို့ကိုပြုသင့်လှပါသည်”

“အချင်းနတ်သား၊ သတ္တဝါတို့၏ အသက်သည် အိုခြင်းတရားက သေခြင်း၏အနီးသို့ ဆွဲဆောင်မှုကို ခံနေရသည်ဖြစ်၍ တိုတောင်းလှပေ၏။ အိုခြင်းတရား၏ ဆွဲဆောင်မှုကို ခံနေရသူအား ခိုကိုးရာမရှိပေ။ သေခြင်း၌ ဤသို့သော ကြောက်လန့်ဖွယ်ကို ရှုမြင်၍ ငြိမ်းချမ်းမှုကို အလိုရှိသူသည် နှစ်သက်တွယ်တာဖွယ်ဖြစ်သော လောကီအာရုံတို့ကို စွန့်ပယ်သင့်ပေသည်”

## ၄။ အစ္စေန္တိသုတ်

### [အချိန်က လူကို လွန်သွားတတ်ပုံ]

၄။ “အရှင်ဘုရား၊ အချိန်ကာလတို့သည် လူကို လွန်သွားကုန်၏။ နေ့နှင့်ညတို့သည် လူကို လွန်သွားကုန်၏။ အရွယ် အပိုင်းအခြားတို့သည် အစဉ်အတိုင်းလူကို စွန့်သွားကုန်၏။ သေခြင်း၌ ဤသို့သော ကြောက်လန့်ဖွယ်ကို ရှုမြင်သူသည် ချမ်းသာကိုဆောင်သော ကုသိုလ်ကောင်းမှုတို့ကို ပြုသင့်လှပါသည်”

“အချင်းနတ်သား၊ အချိန်ကာလတို့သည် လူကို လွန်သွားကုန်၏။ နေ့နှင့်ညတို့သည် လူကို လွန်သွားကုန်၏။ အရွယ်အပိုင်းအခြားတို့သည် အစဉ်အတိုင်းလူကို စွန့်သွားကုန်၏။ သေခြင်း၌ ဤသို့သော ကြောက်လန့်ဖွယ်ကို ရှုမြင်၍ ငြိမ်းချမ်းမှုကို အလိုရှိသူသည် နှစ်သက်တွယ်တာဖွယ်ဖြစ်သော လောကီအာရုံတို့ကို စွန့်ပယ်သင့်ပေသည်”

## ၅။ ကတိဆိန္ဒသုတ်

### [ဖြတ်တောက်ရမည့် တရားများ]

၅။ “အရှင်ဘုရား၊ အဘယ်မျှသောတရားတို့ကို ဖြတ်ရပါမည်နည်း။ အဘယ်မျှသောတရားတို့ကို စွန့်ပယ်ရပါမည်နည်း။ အဘယ်မျှသောတရားတို့ကို တိုးတက်ပွားများရပါမည်နည်း။ အဘယ်မျှသော ငြိကပ်မှုကို လွန်မြောက်သည့် ရဟန်းကို သံသရာရေအလျဉ်မှ ကူးမြောက်သော ရဟန်းဟု ဆိုအပ်ပါသနည်း”

“အချင်းနတ်သား၊ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ဖြတ်ရာ၏။ အထက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို စွန့်ပယ်ရာ၏။ သဒ္ဓါ စသော ဣန္ဒြေငါးပါးကို တိုးတက်ပွားများရာ၏။ (လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ

ဟူသော) ကပ်ငြိမှုငါးပါးကို လွန်မြောက်သည့် ရဟန်းကို သံသရာ ရေအလျဉ်မှ ကူးမြောက်သောရဟန်းဟု ဆိုအပ်၏''

## ၆။ ဇာဂရသုတ်

### [နိုးကြားသောတရားများ]

၆။ ''အရှင်ဘုရား၊ နိုးကြားသောတရားတို့အလယ်၌ အဘယ်မျှသော တရားတို့သည် အိပ်ပျော်သည် မည်ပါကုန်သနည်း။ အိပ်ပျော်သောတရားတို့ အလယ်၌လည်း အဘယ်မျှသောတရားတို့သည် နိုးကြားသည် မည်ပါကုန်သနည်း။ အဘယ်မျှသော တရားတို့ဖြင့် ကိလေသာမြူကိုဆွဲယူသုံးသပ်ပါသနည်း။ အဘယ်မျှသော တရားတို့ဖြင့် စင်ကြယ်နိုင်ပါသနည်း''

''အချင်းနတ်သား၊ နိုးကြားသောတရားတို့အလယ်၌ နီဝရဏငါးပါးတို့သည် အိပ်ပျော်သည်မည်ကုန်၏။ အိပ်ပျော်သောတရားတို့အလယ်၌လည်း ဣန္ဒြေငါးပါးတို့သည် နိုးကြားသည် မည်ကုန်၏။ နီဝရဏငါးပါးတို့ဖြင့် ကိလေသာမြူကို ဆွဲယူသုံးသပ်၏။ ဣန္ဒြေငါးပါးတို့ဖြင့် စင်ကြယ်နိုင်ပေ၏။

## ၇။ အပ္ပဋိဝိဒိတသုတ်

### [တရားကို မသိသူများ]

၇။ ''အရှင်ဘုရား၊ အမှန်တရားကို ထိုးထွင်း မသိမြင်ကုန်သည်ဖြစ်၍ အယူဝါဒတပါးသို့ ဆွဲဆောင်ခြင်းခံနေရသူတို့သည် မနိုးကြားပဲ အိပ်ပျော်နေကြပါကုန်၏။ ယခုအခါ ထိုသူတို့အား နိုးကြားရန် အချိန်တန်ပါပြီ''

''အချင်းနတ်သား၊ အမှန်တရားကို ထိုးထွင်းသိမြင်ကုန်သည်ဖြစ်၍ အယူဝါဒတပါးသို့ ဆွဲဆောင်ခြင်း မခံရသူတို့သည် ကောင်းစွာ နိုးကြားနေကြကုန်၏။ ထိုသူတို့သည် မှန်ကန်စွာသိမြင်၍ မညီမျှသော လောက၌ ညီမျှစွာ ကျင့်နေကြကုန်၏''

## ၈။ သုသမ္မုဋ္ဌသုတ်

### [လွန်စွာမေ့ပျောက်နေသူများ]

၈။ ''အရှင်ဘုရား၊ အမှန်တရားကို မေ့ပျောက်၍ အယူတပါးသို့ ဆွဲဆောင်ခြင်း ခံနေရသူတို့သည် မနိုးကြားပဲ အိပ်ပျော်နေကြပါကုန်၏။ ယခုအခါ ထိုသူတို့အား နိုးကြားရန် အချိန်တန်ပါပြီ''

"အချင်းနတ်သား၊ အမှန်တရားကို မမေ့ပျောက်ကုန်သည်ဖြစ်၍ အယူတပါးသို့ ဆွဲဆောင်ခြင်း မခံရသူတို့သည် ကောင်းစွာ နိုးကြားနေကြကုန်၏။ ထိုသူတို့သည် မှန်ကန်စွာသိမြင်၍ မညီမျှသောလောက၌ ညီမျှစွာ ကျင့်နေကြကုန်၏။"

### ၉။ မာနကာမသုတ်

### [ထောင်လွှားမှုလိုလားသူ]

၉။ "အရှင်ဘုရား၊ ဤလောက၌ ထောင်လွှားမှုကို လိုလားသူအား စိတ်ကို တည်ငြိမ်အောင် ဆုံးမခြင်းသည် မရှိ။ စိတ်တည်ကြည်မှုမရှိသူအား အသိဉာဏ်သည် မရှိ။ တောထဲ၌ တယောက်တည်း မေ့လျော့စွာ နေသူသည် သေမင်း၏ တည်ရာ၊ သံသရာမှ တဘက်ကမ်းသို့ ကူးသွားနိုင်သည် မဟုတ်ပါ"

"အချင်းနတ်သား၊ ထောင်လွှားမှုကိုပယ်၍ တည်ကြည်သောစိတ်ရှိကာ အလုံးစုံသောအာရုံတို့၌ တပ်မက်ခြင်းမှ ကင်းလွတ်လျက် တောထဲ၌ တယောက်တည်း မမေ့မလျော့နေသူသည် သေမင်း၏ တည်ရာသံသရာမှ တဘက်ကမ်းသို့ ကူးသွားနိုင်ပေရာ၏"

### ၁၀။ အရညသုတ်

### [တော၌နေလျက် အရေအဆင်းကြည်လင်ခြင်း အကြောင်း]

၁၀။ "အရှင်ဘုရား၊ တောထဲ၌ အေးချမ်းစွာနေလျက် အကျင့်မြတ်ကို ကျင့်သော ရဟန်းတို့အား တထပ် တည်းသောဆွမ်းကိုသာ စားသုံးပါကုန်လျက် အဘယ့်ကြောင့် အရေအဆင်းသည် ကြည်လင်ပါသနည်း"

"အချင်းနတ်သား၊ အတိတ်ကိုလည်း မစိုးရိမ်၊ အနာဂတ်ကိုလည်း မတောင့်တပဲ ပစ္စုပ္ပန်ဖြင့်သာ မျှတနေသူတို့အား ထိုသို့နေခြင်းကြောင့်ပင် အရေအဆင်းသည် ကြည်လင်၏။ လူမိုက်တို့သည် အနာဂတ်ကို တောင့်တခြင်း၊ အတိတ်ကို ပြန်၍စိုးရိမ်နေခြင်းတို့ကြောင့် ရိတ်ဖြတ်အပ်သော ကျူပင်ကဲ့သို့ ခြောက်သွေ့နေကြကုန်၏"

## ၂။ နန္ဒနဝဂ်

### ၁။ နန္ဒနသုတ်

### [နန္ဒနဉယျာဉ်၌ပျော်မွေ့သူ]

၁၁။ ရဟန်းတို့၊ ရှေးအခါက တာဝတိံသာနတ်ဘုံ၌ ဖြစ်သော နတ်တပါးသည် နန္ဒနဉယျာဉ်၌ နတ်သမီးအပေါင်း ခြံရံလျက် နတ်၌ဖြစ်သော ကာမဂုဏ်တို့ဖြင့် ပြည့်စုံစွာခံစားနေစဉ် ဤဂါထာကို ရွတ်ဆိုခဲ့၏။

"အခြံအရံနှင့် ပြည့်စုံသည့် သုံးကျိပ်သောနတ်တို့၏နေရာ နန္ဒနဥယျာဉ်ကို မမြင်ဖူးသူတို့သည် ချမ်းသာခြင်းကို မသိသူများ ဖြစ်ကုန်၏"

ရဟန်းတို့၊ ထိုအခါ အခြားနတ်တပါးသည် ထိုနတ်ကို ဤသို့ တုံ့ပြန်ရွတ်ဆိုလေ၏။

"အချင်းနတ်မိုက်၊ သင်သည် ရဟန္တာတို့ မိန့်ဆိုသောစကားကို မသိ၊ ပြုပြင်ဖန်တီးအပ်သော သင်္ခါရတရား အားလုံးတို့သည် မမြဲကုန်။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ရှိကုန်၏။ ထိုတရားတို့သည် ဖြစ်ပြီးသော် ချုပ်ပျောက်သွားတတ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်သည်သာ စင်စစ်ချမ်းသာပေ၏"

## ၂။ နန္ဒတိသုတ်

## [နှစ်သက်ခြင်းနှင့်စိုးရိမ်ခြင်းအကြောင်း]

၁၂။ "အရှင်ဘုရား၊ သားသမီးရှိသူသည်သားသမီးတို့ဖြင့် နှစ်သက်၏။ ထို့အတူ နွားရှိသူသည် နွားတို့ဖြင့်နှစ်သက်ရ၏။ လူအပေါင်းအား ချမ်းသာမှု၏တည်ရာ ကာမဂုဏ်တည်းဟူသော ဥပဓိတို့ဖြင့် နှစ်သက်ခြင်းသည် ဖြစ်၏[၁]။ ချမ်းသာမှု၏ တည်ရာကာမဂုဏ် ဥပဓိရှိသူသည်ကား နှစ်သက်မှုကို မခံစားရတော့ချေ"

"အချင်းနတ်သား၊ သားသမီးရှိသူသည် သားသမီးတို့ဖြင့် စိုးရိမ်ရ၏။ ထို့အတူ နွားရှိသူသည် နွားတို့ဖြင့် စိုးရိမ်ရ၏။ လူအပေါင်းအား ချမ်းသာမှု၏တည်ရာ ကာမဂုဏ်ဥပဓိတို့ဖြင့် စိုးရိမ်ခြင်းသည်ဖြစ်၏။ ချမ်းသာမှု၏တည်ရာကာမဂုဏ်ဥပဓိ မရှိသူသည်ကား စိုးရိမ်မှုကို မခံစားရတော့ပေ"

## ၃။ နတ္ထိပုတ္တသမသုတ်

## [သားသမီးနှင့်တူသောချစ်ခင်သူမရှိ]

၁၃။ "အရှင်ဘုရား၊ သားသမီးနှင့်တူသော ချစ်ခင်သူမရှိ။ နွားနှင့်တူသော ပစ္စည်းဥစ္စာသည် မရှိ။ နေနှင့်တူသောအလင်းရောင်သည် မရှိ။ သမုဒ္ဒရာထက် သာလွန်သော အိုင်သည် မရှိပါ"

---

၁။ ဥပဓိ-ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့၏ တည်ရာဟု အနက်ရ၏။ ကာမဂုဏ်ငါးပါးသည် ချမ်းသာခံစားမှု၏ တည်ရာဖြစ်၍ ဥပဓိမည်၏။ ခန္ဓာငါးပါးသည် ခန္ဓာနှင့်စပ်သော ဆင်းရဲခြင်း၏ တည်ရာဖြစ်၍ ဥပဓိမည်၏၊ ကိလေသာတို့သည် အပါယ်ဆင်းရဲ၏ တည်ရာဖြစ်၍ ဥပဓိမည်၏။ အဘိသင်္ခါရ (စေတနာ) သည် ဘဝဆင်းရဲ၏တည်ရာဖြစ်၍ ဥပဓိမည်၏။

"အချင်းနတ်သား၊ မိမိကိုယ်နှင့်တူသော ချစ်ခင်သူမရှိ။ စပါးနှင့်တူသော ပစ္စည်းဥစ္စာသည်မရှိ။ ပညာနှင့်တူသော အလင်းရောင်သည်မရှိ။ မိုးရေထက် သာလွန်သောအိုင်သည် မရှိပေ"

## ၄။ ခတ္တိယသုတ်

[မင်းသည်အမြတ်ဆုံးဟုဆိုပုံ]

၁၄။ "အရှင်ဘုရား၊ ခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် မင်းသည် အမြတ်ဆုံးဖြစ်၏။ ခြေလေးချောင်းရှိသော သတ္တဝါတို့တွင် နွားလား ဥသဘ သည်အမြတ်ဆုံး ဖြစ်၏။ သားသမီးတို့တွင် သားဦးသည်အမြတ်ဆုံးဖြစ်ပါ၏"

"အချင်းနတ်သား ခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် မြတ်စွာဘုရား သည် အမြတ်ဆုံးဖြစ်၏။ ခြေလေးချောင်းရှိသော သတ္တဝါတို့တွင် ဆင်၊ မြင်း အာဇာနည်သည် အမြတ်ဆုံးဖြစ်၏။ မယားတို့တွင် လင့်ကိုကောင်းစွာလုပ်ကျွေး ပြုစုသော မယားသည် အမြတ်ဆုံးဖြစ်၏။ သားသမီး တို့တွင် မိဘစကားကို နားထောင်သောသားသမီးသည် အမြတ်ဆုံးဖြစ်၏"

## ၅။ သဏမာနသုတ်

[တောအုပ်က အသံမြည်ပုံ]

၁၅။ "အရှင်ဘုရား၊ နေမွန်းတည့်ချိန်ရောက်၍ ငှက်အပေါင်းတို့ငြိမ်သက်စွာ နားနေကြကုန်သည်ရှိသော် တောအုပ်ကြီးသည်ပြင်းထန်သောအသံကိုပြုသကဲ့သို့ ဖြစ်ပါသည်။ထိုအသံသည် ကျွန်ုပ်အား ကြောက်လန့်ဖွယ်ဟု ထင်လာပါသည်"

"အချင်းနတ်သား၊ မွန်းတည့်ချိန်ရောက်၍ ငှက်အပေါင်းတို့ ငြိမ်သက်စွာ နားနေကြကုန်သည်ရှိသော် တောအုပ်ကြီးသည် ပြင်းထန်သောအသံကိုပြုသကဲ့သို့ ဖြစ်၏။ ထိုအသံသည် ငါ့အားမွေ့လျော်ဖွယ်ဟုထင်လာပေ၏"

## ၆။ နိဒ္ဒါတန္ဒီသုတ်

[အိပ်ငိုက်ခြင်းနှင့်ပျင်းရိခြင်း]

၁၆။ "အရှင်ဘုရား၊ အိပ်ငိုက်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက် တဆန့်ငင်ငင် နေခြင်း၊ မမွေ့လျော်ခြင်း၊ ထမင်းဆီယစ်ခြင်းဟူသော အကြောင်းများကြောင့် ဤလောက၌ သတ္တဝါတို့အား အရိယမဂ်သည် ထင်ရှားဖြစ်ပေါ် မလာပဲရှိခဲ့ ပါသည်"

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

"အချင်းနတ်သား၊ အိပ်ငိုက်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက်တဆန့်ငင်ငင် နေခြင်း၊ မမွေ့လျော်ခြင်း၊ ထမင်းဆီယာစ်ခြင်းတို့ကို လုံ့လဝီရိယဖြင့် မောင်း ထုတ်နိုင်သည်ရှိသော် အရိယမဂ်သည် စင်ကြယ်ပေ၏"

## ၇။ ဒုက္ကရသုတ်

### [ရဟန်းအကျင့်ခက်ခဲပုံ]

၁၇။ "အရှင်ဘုရား၊ ကျွမ်းကျင်လိမ္မာမှုမရှိသူသည် ရဟန်းအကျင့်ကိုပြုကျင့် ရန် ခက်ခဲလှပါသည်။ သည်းခံနိုင်ရန်လည်း ခက်ခဲလှပါသည်။ရဟန်းအကျင့်၌ မိုက်မဲ့သူများအတွက် ဆုတ်နစ်ဖွယ်ရာဖြစ်သော အခက်အခဲ အကျပ်အတည်း တို့သည် များစွာရှိပါသည်"

"အချင်းနတ်သား၊ တွေးတော ကြံစည်မှုတို့၏ အလိုသို့ လိုက်ကာ စိတ်ကို မထိန်းနိုင်သူသည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ဆုတ်နစ်နေရာ၏။ ရဟန်း အကျင့်ကို ရက်အနည်းငယ်မျှပင် ကျင့်နိုင်မည်မဟုတ်"

"လိပ်သည်အင်္ဂါကြီးငယ်တို့ကိုမိမိ၏အခွံထဲ၌ ဖုံးဝှက်ထားသကဲ့သို့ ထို့အတူ ရဟန်းသည် စိတ်ထဲ၌ဖြစ်ပေါ်လာသောအကြံတို့ကို ကောင်းစွာထိန်းသိမ်းထား ရာ၏။ တဏှာဒိဋ္ဌိတို့ကို မှီတွယ်ခြင်းမရှိသည်ဖြစ်၍ သူတပါးတို့ကို ညှဉ်းဆဲနှိပ်စက် ခြင်း၊ ကဲ့ရဲ့စွပ်စွဲခြင်းမပြုသောရဟန်းသည် ငြိမ်းအေးမှုကို ရရှိပေရာ၏"

## ၈။ ဟိရိသုတ်

### [အရှက်ဖြင့်အကုသိုလ်ကို တားဆီး နိုင်သူ]

၁၈။ "အရှင်ဘုရား၊ အာဇာနည်မြင်းကောင်းသည် ကြိမ်ဝင့်ရုံဖြင့်ပြေးသွား သကဲ့သို့၊ ထို့အတူကဲ့ရဲ့မှုကိုကြိုတင်သိမြင်၍ အရှက်ဖြင့်အကုသိုလ်ကို တားဆီး နိုင် သည့် တစုံတယောက်သောပုဂ္ဂိုလ်သည် လောက၌ ရှိပါသလော"

"အချင်းနတ်သား၊ အခါခပ်သိမ်း သတိရှိစွာ လှည့်လည်ကုန်လျက် အရှက် ဖြင့် အကုသိုလ်ကိုတားဆီးနိုင်သူတို့သည် လောက၌အနည်းငယ်သာ ရှိကုန်၏။ ထိုသူတို့သည် ဒုက္ခ၏အဆုံးသို့ရောက်၍ မညီမျှသောလောက၌ ညီမျှစွာကျင့် နေကြကုန်၏"

## ၉။ ကုဋိကာသုတ်

### [အိမ်ငယ်မရှိသူ]

၁၉။ "အရှင်ဘုရား၊ အရှင့်အား အိမ်ငယ်သည် မရှိပါသလော။ အရှင့်အား

အသိုက်အမြုံသည် မရှိပါသလော။ အရှင့်အား အမြေးအယှက်သည် မရှိပါသလော။ အရှင်သည် အနှောင်အဖွဲ့မှလွတ်သူ ဖြစ်ပါသလော''

''အချင်းနတ်သား၊ စင်စစ် ငါ့အား အိမ်ငယ်သည်မရှိ။ ငါ့အား အသိုက်အမြုံသည်မရှိ။ ငါ့အားအမြေးအယှက်သည်မရှိ။ စင်စစ်ငါသည်အနှောင်အဖွဲ့မှလွတ်သူဖြစ်၏''

''အရှင်ဘုရား၊ အဘယ်ကိုအိမ်ငယ်ဟု အရှင့်အား ကျွန်ုပ် ဆိုပါသနည်း။ အဘယ်ကိုအသိုက်အမြုံဟု အရှင့်အား ကျွန်ုပ်ဆိုပါသနည်း။ အဘယ်ကို အမြေးအယှက်ဟုအရှင့်အား ကျွန်ုပ်ဆိုပါသနည်း။ အဘယ်ကိုအနှောင်အဖွဲ့ဟုအရှင့်အား ကျွန်ုပ်ဆိုပါသနည်း''

''အချင်းနတ်သား၊ မိခင်ကိုအိမ်ငယ်ဟုသင်ဆို၏။ မယားကိုအသိုက်အမြုံဟု သင်ဆို၏။ သားသမီးတို့ကို အမြေးအယှက်ဟု သင်ဆို၏။ တဏှာကို အနှောင်အဖွဲ့ဟု သင်ဆို၏''

''အရှင်ဘုရား၊ အရှင့်အား အိမ်ငယ်မရှိခြင်းသည် ကောင်းလှပါ၏။ အရှင့်အား အသိုက်အမြုံမရှိခြင်းသည် ကောင်းလှပါ၏။ အရှင့်အား အမြေးအယှက်မရှိခြင်းသည် ကောင်းလှပါ၏။ အနှောင်အဖွဲ့မှ လွတ်သူဖြစ်ခြင်းသည် ကောင်းလှပါ၏''

## ၁၀။ သမိဒ္ဓိသုတ်

### [ရှင်သမိဒ္ဓိအား နတ်သမီး ဖြားယောင်းမှု]

၂၀။ ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌ ဗုဒ္ဓမြတ်စွာသီတင်းသုံးစဉ် အရှင်သမိဒ္ဓိသည် နံနက်စောစော ထ၍ တပေါဒါမြစ်သို့ သွားပြီး ရေချိုး၏။ ရေချိုးပြီးသော် ကမ်းပေါ်သို့တက်၍ ကိုယ်ကို ခြောက်သွေ့စေရန် ကိုယ်ဝတ်သင်္ကန်း တထည်တည်းဖြင့် ရပ်နေလေ၏။ ထိုအခါ နတ်သမီး တပါးသည် ရှင်သမိဒ္ဓိထံ ချဉ်းကပ်၍ ကောင်းကင်၌တည်ကာ ဂါထာဖြင့် ပြောဆိုလေသည်။

''ရဟန်း၊ သင်သည် ကာမဂုဏ်ငါးပါးကို မခံစားမူ၍ ဆွမ်းခံ စားဘိ၏။ သင်သည် ကာမဂုဏ်ငါးပါးကို မခံစားမူ၍ ဆွမ်းခံမစားပါလင့်။ ကာမဂုဏ်ငါးပါးကို ခံစားပြီးမှသာ ဆွမ်းခံစားပါလော့။ အချိန်သည် သင့်ကို လွန်၍ မသွားပါစေလင့်''

ထိုအခါ ရှင်သမိဒ္ဓိကလည်း ဂါထာဖြင့်ပင်ပြန်ပြော၏။

''အချင်း နတ်သမီး၊ ငါသည် (သေရမည့်) အချိန်ကို မသိ။ (သေရမည့်) အချိန်သည် အဝိဇ္ဇာဖြင့်ဖုံးကွယ်နေသည်ဖြစ်၍ ငါ့အား မထင်ရှား။ ထို့ကြောင့်

အချိန်က ငါ့ကို လွန်မသွားစေရန် ငါသည် ကာမဂုဏ် ငါးပါးကို မခံစားခြင်း ဖြစ်၏''

ဤသို့ ရှင်သမိဒ္ဓိက ပြန်ပြောသောအခါ ထိုနတ်သမီးသည် မြေကြီးပေါ်၌ ရပ်၍''ရဟန်း၊ သင်သည် ကာမဂုဏ်တို့၌ ခံစားပျော်ပါးရခြင်း မပြုရသေးပဲ ငယ်ငယ်ရွယ်ရွယ်ဖြင့် ရဟန်းပြုခဲ့၏။ လူ့စည်းစိမ် ကာမဂုဏ်တို့ကို ခံစားပါဦး။ မျက်မှောက်ခံစားရမည့်ချမ်းသာကိုစွန့်၍၊ကာလခြားပြီးမှခံစားရမည့်ချမ်းသာသို့ မပြေးသွားပါလင့်'' ဟု ဆိုပြန်၏။

''အချင်းနတ်သမီး၊ငါသည် မျက်မှောက် ချမ်းသာကို စွန့်၍ ကာလခြားပြီးမှ ခံစားရမည့်ချမ်းသာသို့ ပြေးသွားသည် မဟုတ်။ အချင်းနတ်သမီး၊ စင်စစ် ငါသည် ကာလခြားပြီးမှ ခံစားရမည့်ချမ်းသာကိုစွန့်၍ မျက်မှောက် ချမ်းသာသို့ ပြေးသွားခြင်းသာ ဖြစ်၏။ အချင်းနတ်သမီး၊ ကာလခြားပြီးမှ ခံစားရမည့် ကာမဂုဏ်တို့ကို များသော ဆင်းရဲပင်ပန်းခြင်း ရှိကုန်၏ဟု မြတ်စွာဘုရားသည် ဟောကြား၏။ ဤ ကာမဂုဏ်တို့၌ အပြစ်သည် များလှ၏။ ဤ မြတ်စွာဘုရား၏ တရားသည်ကား မျက်မှောက်ထင်ထင်သိမြင်နိုင်၏။ အခါမလင့် အကျိုးပေး၏။ လာလှည့် ရှုလှည့်ဟု ပြနိုင်သောတရားဖြစ်၏။ မိမိစိတ်ထဲ၌ စွဲအောင် ဆောင်ကပ် ထားထိုက်သော တရားဖြစ်၏။ ပညာရှိတို့ ကိုယ်စီကိုယ်ငှ သိအပ် ခံစားအပ်သော တရားဖြစ်၏''

''ရဟန်း၊ အဘယ်သို့လျှင် ကာလခြားပြီးမှ ခံစားရမည့် ကာမဂုဏ် ကို များသော ဆင်းရဲပင်ပန်းခြင်းရှိ၏ဟု မြတ်စွာဘုရားသည် ဟောကြားအပ်ပါ သနည်း။ အဘယ်သို့လျှင် ဤ ကာမဂုဏ်တို့၌ အပြစ်သည် များပါသနည်း။ အဘယ်သို့လျှင် မြတ်စွာဘုရား၏တရားသည် မျက်မှောက်ထင်ထင် သိမြင်နိုင်ပါ သနည်း။ ပညာရှိတို့ ကိုယ်စီကိုယ်ငှ သိအပ်ခံစားအပ်သော တရားဖြစ်ပါသနည်း''

''အချင်းနတ်သမီး၊ ငါသည်ရဟန်းပြုစ သီတင်းငယ်မျှသာဖြစ်၏။ သင့်အား အကျယ်အားဖြင့် ဟောခြင်းငှာမစွမ်းနိုင်။ သင်သည်မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေးလျှောက်လော့''

''ရဟန်း၊ မြတ်စွာဘုရားကို တန်ခိုးကြီးသောနတ်တို့ ခြံရံနေကြ၏။ ကျွန်ုပ် ချဉ်းကပ်ရန်မလွယ်ပါ။ အရှင်ကိုယ်တိုင်ချဉ်းကပ်၍ ထိုအကြောင်းကိုမေးလျှောက် ပါမူ ကျွန်ုပ်လည်း တရားနာရန် လိုက်ခဲ့ပါမည်''

ဤသို့ ထို နတ်သမီးက တောင်းပန်သောအခါ အရှင်သမိဒ္ဓိသည် မြတ်စွာ ဘုရားထံချဉ်းကပ်၍ အကြောင်းစုံကို လျှောက်ကြားလေ၏။ ထိုအခါ မြတ်စွာ

ဘုရားသည် ရှင်သမိဒ္ဓိနှင့်အတူ အနီး၌တည်သော ထိုနတ်သမီးကို ဂါထာတို့ဖြင့် မိန့်ကြားလေသည်။

"ခန္ဓာငါးပါးတို့၌ ပုဂ္ဂိုလ်သတ္တဝါဟု မှတ်ထင်ခြင်းရှိသော သတ္တဝါတို့သည် ခန္ဓာငါးပါးတို့၌တည်လျက် ခန္ဓာငါးပါးကို ပိုင်းခြား၍ မသိခြင်းကြောင့်သာ သေမင်း၏လက်တွင်းသို့ ရောက်ကြကုန်၏"

"ခန္ဓာငါးပါးကို ပိုင်းခြား၍ သိသော ပုဂ္ဂိုလ်သည်ကား တစုံတခုသော အမည်နာမဖြင့် ပြောကြားဖွယ် ဝတ္ထုဒြပ်ကို မမြင်။ အဘယ်ကြောင့် ဆိုသော် ထိုပုဂ္ဂိုလ်အား ယင်းသို့ ပြောကြားဖွယ်အကြောင်းမရှိတော့သောကြောင့် ဖြစ်၏"

"အချင်းနတ်သမီး၊ သင်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို သိလျှင်ဖြေကြားလော့"ဟုဗုဒ္ဓက မိန့်ကြားတော်မူ၏။ ထိုအခါနတ်သမီးကမိမိမသိသဖြင့် အကျယ်ဟောကြားရန် တောင်းပန်ရာ ဗုဒ္ဓက အောက်ပါအတိုင်းမိန့်ကြားတော်မူပြန်၏။

"မိမိကိုယ်ကို အခြားသူတဦးနှင့် တူသူဖြစ်သည်၊ သာလွန်သူ ဖြစ်သည်၊ သို့မဟုတ် နိမ့်ကျသူဖြစ်သည်ဟူ၍ ထင်မှတ်သူသည် ယင်း ထင်မှတ်မှုဖြင့် အခြားသူတို့နှင့် ငြင်းခုံရာ၏။ သုံးပါးသော မာန်မာနတို့ကြောင့် တုန်လှုပ်ခြင်း မရှိသော ပုဂ္ဂိုလ်အား တူသူ၊ သာလွန်သူ၊ နိမ့်ကျသူ ဟူ၍ ထင်မှတ်ခြင်း မရှိတော့ချေ"

"အကြင် ပုဂ္ဂိုလ်သည် အမည်ပညတ်ကို စွန့်ပယ်ပြီး ဖြစ်၏။ မာန်မာနသို့ ကပ်ရောက်ခြင်း မရှိ။ နာမ်ရုပ်၌ တပ်မက်မှုကို ဖြတ်ပြီး ဖြစ်၏။ ကိလေသာ အထုံးအဖွဲ့ကို ဖြတ်ပြီးဖြစ်၍ တောင့်တမှုကင်းပြီးသော ထိုပုဂ္ဂိုလ်ကို လူ့ပြည်စသော ဘုံဌာနတို့၌ မည်သို့ပင် ရှာသော်လည်း တွေ့ရှိနိုင်ကြတော့မည်မဟုတ်ချေ"

ဗုဒ္ဓက ဤသို့ ဟောကြားသောအခါ နတ်သမီးသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောကြားအပ်သောစကားကို တပည့်တော် ဤသို့ နားလည်ပါသည်ဟု ဆိုကာ အောက်ပါ ဂါထာကို လျှောက်ကြားလေ၏။

"အလုံးစုံသောလောက၌ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း၊ မကောင်းမှုကို စိုးစဉ်းမျှမပြုလုပ်ရာ။ သတိသမ္ပဇဉ်နှင့် ပြည့်စုံလျက် ကာမဂုဏ်တို့ကိုဖယ်ရှားပြီး အကျိုးမဲ့နှင့် ယှဉ်သော ဆင်းရဲကိုလည်း မှီဝဲခြင်းမပြုရာ"

(ဤသုတ်၌ "အညတရာ ဒေဝတာ" ဟု ဆိုသော်လည်း၊အဋ္ဌကထာ၊ စာမျက်နှာ ၄၂ ပါ "အမှာဒိသာနံ အပ္ပေသက္ခာနံ မာတုဂါမ ဇာတိကာနံ" ဟူသောစကားနှင့် ရှင်သမိဒ္ဓိအား ဖြားယောင်း သွေးဆောင်ပုံကိုထောက်၍နတ်သမီး ဖြစ်ကြောင်း သိရပါသည်။)

## ၃။ သတ္တိဝဂ်

### ၁။ သတ္တိသုတ်

[လှံထိုးခံရသူကဲ့သို့ သတိရှိသင့်ပုံ]

၂၁။ "အရှင်ဘုရား၊ ရဟန်းသည် လှံဖြင့်အထိုးခံရသူကဲ့သို့ လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသူကဲ့သို့ လည်းကောင်း ထင်မှတ်ကာ ကာမဂုဏ်၌ တပ်စွန်းမှုကိုပယ်ရန် အမြဲသတိရှိလျက်နေရာ၏"

"အချင်း နတ်သား၊ ရဟန်းသည် လှံဖြင့် အထိုးခံရသူ ကဲ့သို့ လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသူကဲ့သို့လည်းကောင်း မှတ်ထင်ကာ သက္ကာယဒိဋ္ဌိကို ပယ်ရန် အမြဲသတိရှိလျက်နေရာ၏"

### ၂။ ဖုသတိသုတ်

[ကံသည် တွေ့ထိအပ်သူ]

၂၂။ "အရှင်ဘုရား၊ ကံသည် မတွေ့ထိအပ်သောပုဂ္ဂိုလ်ကို ကံ၏ အကျိုးသည် မတွေ့ထိ၊ ကံ ၎ည် တွေ့ထိအပ်သော ပုဂ္ဂိုလ်ကိုမူကား ကံ၏အကျိုးသည် တွေ့ထိ၏။ ထိုကြောင့် မပြစ်မှားထိုက်သောပုဂ္ဂိုလ်ကို ပြစ်မှားမိ၍ ကံသည် တွေ့ထိအပ်သော ပုဂ္ဂိုလ်ကို ကံ၏အကျိုးသည် တွေ့ထိ၏"

"အချင်းနတ်သား၊ အကြင်လူမိုက်သည် စင်ကြယ်၍ ကိလေသာ အညစ်အကြေးကင်းသည့် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှား၏။ လေညာသို့ ပစ်လွှင့်အပ်သောမြူမှုန်သည် ပစ်လွှင့်သူထံသို့သာ ပြန်ရောက်သကဲ့သို့ ထို့အတူ ထိုလူမိုက်၏ မကောင်းမှုသည် ထိုလူမိုက်ထံသို့သာပြန်ရောက်၏"

### ၃။ ဇဋာသုတ်

[အရှုပ်အထွေးကို ဖြေရှင်းနိုင်သူ]

၂၃။ "ဂေါတမနွယ်ဝင်အရှင်ဘုရား၊ သတ္တဝါအပေါင်းသည် အတွင်းရှုပ်၊ အပြင်ရှုပ်ဟူသော အရှုပ်အထွေးနှစ်မျိုးဖြင့် ရှုပ်ထွေးနေပါ၏။ အရှင့်ကို ကျွန်ုပ် မေးလျှောက်ပါ၏။ အဘယ်သူသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်ပါမည်နည်း"

"အချင်းနတ်၊ ပင်ကိုယ်ဉာဏ်၊ ထိုးထွင်းဉာဏ်၊ အပူတပြင်းအားထုတ်မှုတို့နှင့် ပြည့်စုံသောရဟန်းသည် သီလ၌တည်၍ စိတ်ကိုလည်းကောင်း၊ ဝိပဿနာ

ဉာဏ်ကိုလည်းကောင်း၊ ပွားစေသည်ရှိသော် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်ပေရာ၏”

“ရာဂ ဒေါသ မောဟ ကင်း၍ အာသဝေါ ကုန်ပြီးသော ရဟန္တာတို့အား တဏှာတည်းဟူသော အရှုပ်အထွေးကို ဖြေရှင်းပြီး ဖြစ်လေ၏”

“ရုပ်နှင့်နာမ်၊ ထိပါးမှုရှိသော အမှတ်သညာနှင့် ရုပ်သညာတို့ အကြွင်းမဲ့ ချုပ်ရာဖြစ်သော နိဗ္ဗာန်၌ ဤ တဏှာ တည်း ဟူ သော အရှုပ် အထွေး သည် ပြတ်လေ၏”

## ၄။ မနောနိဝါရဏသုတ်

## [စိတ်ကိုတားမြစ်သင့်သောအရာ]

၂၄။ “အရှင်ဘုရား၊ အကြင်အကြင်အမှုမှ စိတ်ကိုတားမြစ်ရာ၏။ ထိုထိုအမှုမှ ဆင်းရဲခြင်းသည် ထိုသူ့ထံမရောက်လာရာ။ အကြင်သူသည် အလုံးစုံသော အမှုမှ စိတ်ကိုတားမြစ်ရာ၏။ ထိုသူသည် အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်၏”

“အချင်းနတ်သား၊ အလုံးစုံသောအမှုမှ စိတ်ကိုမတားမြစ်ရာ။ စောင့်စည်းခြင်းသို့ရောက်သော စိတ်ကိုမတားမြစ်ရာ။ အကြင်အကြင်အမှုမှ မကောင်းမှုသည်ဖြစ်၏။ ထိုထိုအမှုမှ စိတ်ကိုတားမြစ်ရာ၏”

## ၅။ အရဟန္တသုတ်

## [ရဟန္တာ၏ ပြောဆိုပုံ]

၂၅။ “အရှင်ဘုရား၊ အကြင်ရဟန်းသည် ပူဇော်အထူးကိုခံထိုက်၏။ ပြုအပ်ပြီးသော ကိစ္စရှိ၏။ အာသဝေါကုန်၍ အဆုံးစွန်သောကိုယ်ကို ဆောင်၏။ ထိုရဟန်းသည် ‘ငါပြော၏’ ဟုဆိုရာပါသလော။ ‘ငါ့ကိုပြောကုန်၏’ ဟုလည်း ဆိုရာပါသလော”

“အချင်းနတ်သား၊ ထိုရဟန်းသည် ‘ငါပြော၏’ ဟု ဆိုရာ၏။ ‘ငါ့ကို ပြောကြကုန်၏’ ဟုလည်းဆိုရာ၏။ လောကဝေါဟာရ၌ လိမ္မာသော ထိုရဟန်းသည် လောက၌သတ်မှတ်အပ်သော အမည်သညာကိုသိ၍ ဝေါဟာရနှင့် အညီသာလျှင် ခေါ်ဝေါ်ပြောဆိုရာ၏”

“အရှင်ဘုရား၊ ထိုရဟန်းသည် ထောင်လွှားခြင်းမာနတို့ ကပ်ရောက်၍ ‘ငါပြော၏’ ဟုဆိုရာပါသလော။ ‘ငါ့ကိုပြောကြကုန်၏’ ဟု ဆိုရာပါသလော”

"အချင်းနတ်သား၊ မာနကိုပယ်ပြီး၍ အထုံးအဖွဲ့မရှိတော့သော ရဟန်းသည် 'ငါပြော၏' ဟုဆိုရာ၏။ 'ငါ့ကိုပြော၏' ဟုလည်းဆိုရာ၏။ လောကဝေါဟာရ၌ လိမ္မာသော ထိုရဟန်းသည် လောက၌ သတ်မှတ်အပ်သော အမည်သညာကိုသိ၍ ဝေါဟာရနှင့်အညီသာလျှင် ခေါ်ဝေါ်ပြောဆိုရာ၏"

## ၆။ ပဇ္ဇောတသုတ်

### [အလင်းရောင်လေးမျိုး]

၂၆။ "အရှင်ဘုရား၊ လောက၌ ထွန်းလင်းတောက်ပသော အလင်းရောင်တို့သည်၊ အဘယ်မျှရှိပါသနည်း။ ဤအကြောင်းကို မေးလျှောက်ရန် မြတ်စွာဘုရားထံ ကျွန်ုပ်လာခဲ့ပါသည်"

"အချင်းနတ်သား၊ လောက၌ အလင်းရောင်လေးမျိုးရှိ၏။ ငါးခုမြောက် အလင်းရောင်သည် ဤလောက၌မရှိ။ နေသည် နေ့အခါ ထွန်းလင်းတောက်ပ၏။ လသည်ညအခါ၌ ထွန်းလင်း တောက်ပ၏။ မီးသည် နေ့ရောညပါ ထိုထိုအရပ်၌ ထွန်း လင်း တောက် ပ ၏။ မြတ်စွာဘုရားသည် ထွန်းလင်းတောက်ပသူအားလုံးတို့တွင် အမြတ်ဆုံးဖြစ်၏။ မြတ်စွာဘုရား၏ အလင်းရောင်သည် အတုမရှိသော အလင်းရောင် ဖြစ်၏"

## ၇။ သရသုတ်

### [သံသရာရေအိုင် ဆုတ်ရာအရပ်]

၂၇။ "အရှင်ဘုရား၊ သံသရာရေအိုင်ကြီးသည် အဘယ်အရပ်မှ နောက်သို့ပြန်၍ ဆုတ်ပါသနည်း။ သံသရာဝဋ်သည် အဘယ်အရပ်၌မဖြစ်ပါသနည်း။ နာမ်နှင့် ရုပ်သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ငြိမ်းပါသနည်း"

"အချင်းနတ်သား၊ အကြင်အရပ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်လေးပါးသည် မတည်၊ ထိုအရပ်မှ သံသရာ ရေအိုင်ကြီးသည် နောက်သို့ ပြန်ဆုတ်၏။ ထိုအရပ်၌ ဝဋ်ဆင်းရဲသည်မဖြစ်၊ ထိုအရပ်၌ နာမ်နှင့် ရုပ်သည် အကြွင်းမဲ့ ချုပ်ငြိမ်း၏"

## ၈။ မဟဒ္ဓနသုတ်

### [ပစ္စည်းဥစ္စာများစွာရှိသူ]

၂၈။ "အရှင်ဘုရား၊ များသော ဥစ္စာစည်းစိမ်ရှိသည့် တိုင်း နိုင်ငံ ရှင်ဘုရင်မင်းတို့သည်ပင် ကာမဂုဏ်တို့၌ တင်းတိမ်ကျေနပ်ခြင်း မရှိကုန်သည်ဖြစ်၍ တဦး၏

ပစ္စည်းကို အခြားတဦးက မက်မောတောင့်တနေကြပါကုန်၏။ ဤသို့ ကြောင့်ကြဗျာပါရ များပြားလျက် ဘဝရေစီးကြောင်းသို့ မျောပါနေကြသော သတ္တဝါအပေါင်းတို့တွင် အဘယ်သူတို့သည် တပ်မက်မှုတဏှာကို ပယ်စွန့်သူများ ဖြစ်ကြပါသနည်း။ အဘယ်သူတို့သည် ကြောင့်ကြဗျာပါရ မရှိသူများ ဖြစ်ကြပါသနည်း"

"အချင်းနတ်သား၊ အကြင်ပုဂ္ဂိုလ်တို့သည် ချစ်ခင် နှစ်သက်တတ်သော အိုးအိမ်၊ သား၊ မယား၊ ပစ္စည်း၊ ဥစ္စာတို့ကိုစွန့်၍ ရာဂ၊ ဒေါသ၊ မောဟ တို့ကို ပယ်သတ်ကာ ရဟန်းအကျင့်ကို ကျင့်ကြကုန်၏။ အာသဝေါကုန်ခန်း သော ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ဤလောက၌ ကြောင့်ကြဗျာပါရ မရှိသူများ ဖြစ်ကုန်၏"

## ၉။ စတုစက္ကသုတ်

## [စက်လေးပါးရှိသောခန္ဓာကိုယ်]

၂၉။ "ကြီးမြတ်သော လုံ့လဝီရိယရှိသော မြတ်စွာဘုရား၊ ဣရိယာပုဒ်တည်း ဟူသော စက်လေးပါးနှင့် ကိုးပါးသော ဒွါရရှိသော၊ မစင်ဖြင့် ပြည့်သော၊ လိုချင်ဖွယ်နှင့် ယှဉ်သော၊ မိခင် ဝမ်းတည်း ဟူသောညွန်၌ဖြစ်သော ဤခန္ဓာ ကိုယ်အား အဘယ်သို့လျှင် ထွက်မြောက်ခြင်းသည် ဖြစ်ပါမည်နည်း"

"အချင်းနတ်သား၊ ရန်ငြိုးဖွဲ့ခြင်း၊ လိုချင်မက်မောခြင်းဟူသော ကိလေသာ နှောင်ကြိုးများကို ဖြတ်၍ တဏှာကို အမြစ်နှင့်တကွ နုတ်ပယ်သည် ရှိသော် ဤခန္ဓာကိုယ်၏ ထွက်မြောက်ခြင်းသည် ဖြစ်၏"

## ၁၀။ ဧဏိဇင်္ဃသုတ်

## [ဧဏီသားကောင်၏ မြင်းခေါင်းရှိသူ]

၃၀။ "ဧဏီသားကောင်၏သလုံးမြင်းခေါင်းနှင့်တူသောမြင်းခေါင်းရှိသော၊ ကြံ့သောကိုယ်ရှိသော၊ နည်းသောအာဟာရရှိသော၊ လျှပ်ပေါ်မှုကင်းသော၊ တစီးတည်း လှည့်လည်သောခြင်္သေ့၊ တစီးတည်း လှည့်လည်သော ဆင်ကဲ့သို့ တပါးတည်းကျင့်သော၊ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းကင်းသော မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ကျွန်ုပ်တို့ မေးလျှောက်ပါကုန်၏။ အဘယ်သို့လျှင် ဆင်းရဲမှ လွတ်မြောက်နိုင်ပါသနည်း"

"အချင်းနတ်သား၊ လောက၌ စိတ်လျှင်ခြောက်ခုမြောက်ရှိသော ကာမဂုဏ် ငါးပါးတို့ကို ဟောကြားအပ်ကုန်၏။ ဤကာမဂုဏ်ငါးပါးတို့၌ လိုချင်နှစ်သက် မှုကို ကင်းကွာစေသည်ရှိသော် ဆင်းရဲမှ လွတ်မြောက်၏"

# ၄။ သတုလ္လပကာယိကဝဂ်

## ၁။ သဗ္ဘိသုတ်

[သူတော်ကောင်းတို့နှင့်ပေါင်းသင်းအစ်ကြောင်း]

၃၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သူတော်ကောင်း တရားကို ကျင့်သုံး၍ နတ်ပြည်၌ဖြစ်သည့် သတုလ္လပကာယိကာ မည်သော နတ်တို့သည် ဗုဒ္ဓထံ ချဉ်းကပ်၍ သူတော်ကောင်းတို့နှင့် ပေါင်းဖော်သင့်ကြောင်း ကို ဂါထာတစ်ခုစီဖြင့် လျှောက်ကြားကြလေသည်။

"သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏တရားကို သိသည်ရှိသော် မြင့်မြတ်သူ ဖြစ်၏။ ယုတ်ညံ့သူ မဖြစ်"

(အခြား နတ်သား တို့၏ လျှောက်ကြားချက်များ၌ နောက် စာပိုဒ် နှစ်ခုစီသာ ကွဲပြားသောကြောင့် ယင်းကွဲပြားချက်ကိုသာ ဖော်ပြ လိုက်ပါသည်။)

"သူတော်ကောင်း တရားကို သိသည်ရှိသော် ပညာကို ရနိုင်၏။အခြား သူသုတ်မာတို့ထံမှ ပညာကို မရနိုင်"

"သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ပူဆွေးသူတို့၏ အလယ်၌ နေသော်လည်း မပူဆွေးရတော့ချေ"

"သူတော်ကောင်းတို့၏တရားကို သိသည်ရှိသော် ဆွေမျိုးတို့၏ အလယ်၌ တင့်တယ်၏"

"သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ကောင်းရာသုဂတိသို့ ရောက်ရ၏"

"သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် အမြဲမပြတ်ချမ်းသာစွာ နေရ၏"

ဤသို့ နတ်သားခြောက်ယောက်တို့က အသီးသီး လျှောက်ကြားသော အခါ ကျန်သော နတ်သားတယောက်က "အရှင်ဘုရား၊ ထိုနတ်သား ခြောက်ယောက်တို့တွင် အဘယ်သူ၏ လျှောက်ကြားချက်သည် ကောင်းသော လျှောက်ကြားချက် ဖြစ်ပါသနည်း"ဟု မေးလျှောက်၏။ ဗုဒ္ဓက "ထိုနတ် အားလုံးတို့၏ လျှောက်ကြားချက်များသည် ပရိယာယ်အားဖြင့်ကောင်းသော လျှောက်ကြားချက်များ ဖြစ်၏။ သို့သော် ငါ့စကားကိုလည်း သင်တို့

နားထောင်ကြဦးလော့”ဟု မိန့်ကြားပြီး အောက်ပါဂါထာကို ဟောကြားတော်မူသည်။

“သူတော်ကောင်းတို့နှင့် သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏တရားကို သိသည်ရှိသော် အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်၏”

## ၂။ မစ္ဆရိသုတ်

### [ဝန်တိုခြင်းကြောင့် မပေးလှူသူ]

၃၂။ သတုလ္လပကာယိကာမည်သော နတ်တို့သည် ဂါထာအသီးသီးဖြင့် ဗုဒ္ဓကို လျှောက်ကြားကြသည်။ ဗုဒ္ဓကလည်း ဂါထာတခုဖြင့် ပြန်၍မိန့်ကြား၏။

ပဌမနတ် ။ ။“သတ္တဝါတို့သည် ဝန်တိုခြင်း၊ မေ့လျော့ခြင်းကြောင့် အလှူကို မပေးလှူပဲ နေကြ၏။ ကောင်းမှုအကျိုးကို သိမြင်၍ ကောင်းမှုကို လိုလားသူသည်ကား အလှူကို ပေးလှူအပ်၏” (၁)

ဒုတိယနတ် ။ ။“ဝန်တိုခြင်းရှိသူသည် မိမိ ဆာလောင် မွတ်သိပ်မည်ကို ကြောက်ရွံ့ စိုးရိမ်သောကြောင့် မပေးလှူ။ သို့သော် ထိုသူသည် ဤဘဝ၌ဖြစ်စေ၊ နောက်ဘဝတွင်ဖြစ်စေ မိမိ ကြောက်ရွံ့သော ဆာလောင် မွတ်သိပ်မှုကိုပင် ခံစားရလေ၏။ ထို့ကြောင့် ဝန်တိုမှုကို ဖျောက်ဖျက် နှိမ်နင်း၍ အလှူကို ပေးလှူရာ၏။ ကုသိုလ်ကောင်းမှုတို့သည် တမလွန်လောက၌သတ္တဝါတို့၏ ထောက်တည်ရာ ဖြစ်ကုန်၏” (၂)

တတိယနတ် ။ ။“ခရီးသွား ယောကျ်ားသည် အနည်းငယ်သော မိမိ၏ ရိက္ခာကို ခရီးသွားဖော်တို့အား ခွဲဝေပေးသကဲ့သို့၊ ထို့အတူ အကြင်သူတို့သည် အနည်းငယ်သော ပစ္စည်း၌ပင် ခွဲဝေပေးလှူခြင်း ပြုကုန်၏။ ထိုသူတို့သည် သေသူတို့၏အလယ်၌ မသေသူများမည်ကုန်၏။ ဤသို့ ပေးလှူခြင်းသည် ရှေးရိုးစဉ်လာတရားဖြစ်၏”

“အချို့သူတို့သည် အနည်းငယ်သောပစ္စည်း၌ပင် ခွဲဝေပေးခြင်း ပြုကုန်၏။ အချို့သူတို့ကား များစွာသော

ပစ္စည်းကိုပင် ခွဲဝေပေးလှူခြင်း မပြုကြကုန်။ အနည်းငယ်သော ပစ္စည်းမှ ခွဲဝေပေးလှူခြင်းသည် တထောင်သော ဒါနနှင့် ညီမျှ၏" (၃)

စတုတ္ထနတ် ။ ။"ပေးလှူနိုင်ခဲ့သော ပစ္စည်းကို ပေးလှူသူတို့၏ ဒါနကိုလည်းကောင်း၊ ပြုနိုင်ခဲ့သော အမှုကို ပြုလုပ်သူတို့၏ ကောင်းမှုကိုလည်းကောင်း သူတော်မဟုတ် သူယုတ်မာတို့သည် အတုလိုက်၍ မပြုနိုင်ကုန်။ သူတော်ကောင်းတို့၏ တရားသည် အတုလိုက်ရန် ခဲယဉ်း၏"
"ထို့ကြောင့် သူတော်ကောင်းနှင့် သူယုတ်မာ တို့၏ လားရာဂတိသည် ကွဲပြားခြားနား၏။ သူယုတ်မာတို့သည် ငရဲသို့ ကျရောက်ကုန်၏။ သူတော်ကောင်းတို့ကား နတ်ပြည်လျှင် လဲလျောင်းရာ ရှိကုန်၏" (၄)

ဗုဒ္ဓ ။ ။"အကြင်သူသည် သားမယားကိုလုပ်ကျွေးလျက် လည်းကောင်း၊ အနည်းငယ်သော ပစ္စည်း၌ပင် ခွဲဝေပေးလှူခြင်း ပြုလျက်လည်းကောင်း တရားကိုကျင့်၏။ တံမြက်လှည်းမှု၊ ပစ္စည်း ပေး လှူ မှု ကို သော်လည်း ပြု၏။ အသပြာတထောင်စီ ပေးလှူသော ယောကျ်ားတသိန်းတို့၏ ဆယ်ကုဋေတန် ဒါနသည် ထိုကဲ့သို့သော ဒါန၏ ရာစိတ် တစိတ်မျှကိုပင် မမီနိုင်ချေ"

ပဥ္စမ နတ်သားမေး ။ ။"မြင့်မြတ်ကြီးကျယ်သော၍ဒါနသည်အဘယ်ကြောင့် တရားမျှတစွာ ပေးလှူအပ်သော ဒါန၏ တန်ဖိုးကို မမီနိုင်ပါသနည်း။ အသပြာတထောင်စီ ပေးလှူသော ယောကျ်ား တသိန်းတို့၏ ဆယ်ကုဋေတန် ဒါနသည် အဘယ်ကြောင့် အနည်းငယ်သော ဒါန၏ ရာစိတ် တစိတ်မျှကိုပင် မမီနိုင်ပါသနည်း"

ဗုဒ္ဓဖြေ ။ ။"အချို့သူတို့သည် မသင့်သောအရာ၌ တည်လျက် သတ်ဖြတ်ခြင်း၊ စိုးရိမ်ပူဆွေးစေခြင်းတို့ကို ဖြစ်စေ၍ ပေးလှူကြကုန်၏။ မျက်ရည်ပြည့်သောမျက်နှာ ရှိသည် ဖြစ်၍ အပြစ်ဒဏ်နှင့်တကွ ဖြစ်သော ထို ဒါနသည် တရားမျှတစွာ ပေးလှူအပ်သော ဒါန၏ တန်ဖိုးကို

မမီနိုင်။ ဤသို့လျှင် အသပြာတထောင်စီပေးလှူသော ယောကျ်ားတသိန်းတို့၏ ဒါနသည် အနည်းငယ်သော ဒါန၏ ရာစိတ်တစိတ်မျှကို မမီနိုင်ချေ"

## ၃။ သာဓုသုတ်

### [တရားကိုသိခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း]

၃၃။ သတုလ္လပကာယိကာနတ်တို့သည် မြတ်စွာဘုရားထံ၌ ဂါထာအသီးသီးဖြင့် ဥဒါန်းစကားကို မြွက်ဆိုကြသည်။

ပထမနတ် ။ ။"အရှင်၊ ဒါနသည် စင်စစ် ကောင်းမြတ်၏။ ဝန်တိုခြင်း၊ မေ့လျော့နေခြင်းတို့ကြောင့် ဒါနကို မပြုလုပ်ကြခြင်းဖြစ်၏။ ကောင်းမှုအကျိုးကို သိမြင်၍ ကောင်းမှုကို လိုလားသူသည် ဒါနကို ပြုလုပ်သင့်၏"

ဒုတိယနတ် ။ ။"အရှင်၊ ဒါနသည် စင်စစ် ကောင်းမြတ်၏။ အနည်းငယ်သော ပစ္စည်း၌ပင် ခွဲဝေ ပေးလှူခြင်းသည် ကောင်းမြတ်၏။ အချို့သူတို့သည် အနည်းငယ်သော ပစ္စည်း၌ပင် ခွဲဝေ ပေးလှူ တတ်ကြကုန်၏။ အချို့သူတို့ကား ပစ္စည်းဥစ္စာ များစွာ ရှိပါလျက်လည်း ပေးလှူခြင်း မပြုကြချေ။ အနည်းငယ်သောပစ္စည်းမှ ခွဲဝေပေးလှူခြင်းသည် တထောင်သောဒါနနှင့် ညီမျှ၏"

ဘတိယနတ် ။ ။"အရှင်၊ ဒါနသည် ကောင်းမြတ်၏။ အနည်းငယ်သော ပစ္စည်း၌ပင် ခွဲဝေလှူခြင်းသည်ကောင်းမြတ်၏။ စင်စစ်ကား ယုံကြည်မှုဖြင့် လှူခြင်းသည် ကောင်း၏။ ပေးလှူခြင်းနှင့် စစ်ထိုးခြင်းကို တူ၏ဟု ဆိုကြ၏။ သူတော်ကောင်း တို့သည် အနည်းငယ်မျှ ဖြစ်ကုန်သော်လည်း များစွာသောသူတို့ကို အောင်မြင်ကုန်၏။ အနည်းငယ်မျှသော ပစ္စည်းကိုပင် ယုံကြည်မှုရှိလျက် ပေးလှူသူသည် တမလွန်ဘဝ၌ ချမ်းသာခံစားရ၏"

စတုတ္ထနတ် ။ ။"အရှင်၊ ဒါနသည် ကောင်းမြတ်၏။ အနည်းငယ်သော ပစ္စည်း၌ပင် ခွဲဝေ လှူ ခြင်း သည် ကောင်းမြတ်၏။ ယုံကြည်မှုဖြင့် လှူခြင်းသည်လည်း ကောင်းမြတ်၏။

စင်စစ်သော်ကား တရားသဖြင့် ရသော ပစ္စည်းကို လှူခြင်းသည် ကောင်းမြတ်၏။ ထကြွလုံ့လ ပြုခြင်း အားထုတ်ခြင်းဖြင့် ရအပ်သော ပစ္စည်းကို တရားရပြီး သူအား ပေးလှူသူသည် ယမမင်း၏ ကြိမ်ပိုက်ချောင်း ရဲကိုလွန်၍ နတ်ပြည်သို့ ရောက်ရ၏”

ပဉ္စမနတ် ။ ။“အရှင်၊ ဒါနသည်ကောင်း မြတ်၏။ အနည်းငယ်သော ပစ္စည်း၌ပင် ပေး လှူ ခြင်း သည် ကောင်းမြတ်၏။ ယုံကြည်မှုဖြင့် ပေးလှူခြင်းသည် ကောင်းမြတ်၏။ တရားသဖြင့် ရသော ပစ္စည်းကို ပေးလှူခြင်းသည် ကောင်းမြတ်၏။ စင်စစ်သော်ကား ရွေးချယ် စိစစ်၍ ပေးလှူခြင်းသည် ကောင်းမြတ်၏။ ရွေးချယ် စိစစ်၍ လှူခြင်းကို မြတ်စွာဘုရားသည်ချီးမွမ်းအပ်၏။ ကောင်းသော လယ်မြေ၌ စိုက်ပျိုးသော မျိုးစေ့သည် အကျိုးများသကဲ့သို့ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးများ၏”

ဆဋ္ဌနတ် ။ ။“အရှင်၊ ပေးလှူခြင်းသည် ကောင်းမြတ်၏။ အနည်းငယ်သော ပစ္စည်း၌ပင် ပေးလှူခြင်းသည် ကောင်းမြတ်၏။ ယုံကြည်မှုဖြင့် ပေးလှူခြင်းသည် ကောင်းမြတ်၏။ ရွေးချယ်စိစစ်၍ ပေးလှူခြင်းသည် ကောင်းမြတ်၏။ စင်စစ်သော်ကား သတ္တဝါတို့အပေါ်၌ ကိုယ် နှုတ် စိတ်တို့ကို စောင့်စည်းခြင်းသည် ကောင်းမြတ်၏။ သတ္တဝါတို့သည် သူတပါး ကဲ့ရဲ့ စွပ်စွဲမည်ကို ကြောက်သောကြောင့် မကောင်းမှုကို မပြုကြကုန်။ မကောင်းမှုမှ ကြောက်သူကို သူတော်ကောင်းတို့ ချီးမွမ်းကြကုန်၏။ မကောင်းမှု၌ ရဲရင့်သူကို မချီးမွမ်းကြကုန်။ သူတော်ကောင်းတို့သည် သူတပါး ကဲ့ရဲ့စွပ်စွဲမှုမှ ကြောက်သောကြောင့်သာလျှင် မကောင်းမှုကို မပြုကြခြင်း ဖြစ်၏”

ဗုဒ္ဓ ။ ။“ယုံကြည်မှုဖြင့်ပေးလှူခြင်းကို များစွာချီးမွမ်းအပ်၏။ သို့သော် ပေးလှူခြင်းထက် တရားကို သိမြင်ခြင်းသည် သာလျှင် ပို၍ မြတ်၏။ ရှေးရှေး ကာလတို့၌ ပညာရှိ

သော သူတော်ကောင်းတို့သည် နိဗ္ဗာန်ကိုသာ သိမြင်ခဲ့ကြကုန်၏”

## ၄။ နသန္တိသုတ်

### [တည်မြဲသော ကာမဂုဏ် မရှိ]

၃၄။ သတုလ္လပကာယိကာ မည်သော နတ်တပါးက ဗုဒ္ဓကို ဂါထာများဖြင့် လျှောက်ကြား၏။

“လူတို့၌ မြဲသောကာမဂုဏ်တို့သည် မရှိ။ ဤလောက၌ နှစ်သက်ဖွယ် ဖြစ်သော ကာမဂုဏ်တို့သည် ရှိကုန်၏။ ယင်းကာမဂုဏ်တို့၌ ဖွဲ့နှောင်ခြင်းခံရသည် ဖြစ်၍ မေ့လျော့နေသောသတ္တဝါသည် သေမင်း၏နိုင်ငံမှ တဖန် ပြန်မလာရာ ဖြစ်သော နိဗ္ဗာန်သို့ မရောက်နိုင်ချေ”

ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြား၏—

“ခန္ဓာငါးပါးသည် လိုချင်မှုကြောင့် ဖြစ်၏။ ဆင်းရဲသည် လိုချင်မှုကြောင့် ဖြစ်၏။ လိုချင်မှုကို ဖျောက်လျှင် ခန္ဓာငါးပါး ပျောက်၏။ ခန္ဓာငါးပါး ပျောက်လျှင် ဆင်းရဲပျောက်၏။ လောက၌ ဆန်းကြယ်သော အာရုံတို့သည် ကာမဂုဏ်မဟုတ်။ သတ္တဝါ၏ ကြံစည်တပ်မက်မှုသည်သာလျှင် ကာမဂုဏ် ဖြစ်၏။ လောက၌ ဆန်းကြယ်သော အာရုံတို့သည် အစဉ် တည်ရှိနေကုန်သည်သာ ဖြစ်၏။ စင်စစ် ပညာရှိတို့သည် ထို အာရုံတို့၌ လိုချင်မှုကို ပယ်ဖျောက်ကြကုန်၏”

“စိတ်ဆိုးခြင်း၊ မာန်တက်ခြင်းကို စွန့်ရာ၏။ သံယောဇဉ် အားလုံးကို လွန်မြောက်ရာ၏။ နာမ်ရုပ်၌ ကပ်ငြိမှုကင်း၍ တုန်လှုပ်ခြင်းမရှိသူသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်”

“အကြင်သူသည် ပုဂ္ဂိုလ်သတ္တဝါဟူသော အမည် ပညတ်ကို ပယ်ပြီး ဖြစ်၏။ ထောင်လွှားခြင်းသို့လည်းမကပ်ရောက်။ နာမ်ရုပ်၌တပ်မက်မှုနှင့်အထုံးအဖွဲ့ကို ဖြတ်ပြီးဖြစ်၍ ဆင်းရဲခြင်း၊ တောင့်တခြင်းကင်း၏။ ထိုသူကို လူ့ဘုံ နတ်ဘုံ အလုံးစုံတို့၌ ရှာဖွေသော်လည်း မတွေ့နိုင်တော့ပေ”

ထိုအခါ အရှင်မောဃရာဇာက ကြားဝင်၍ မေးလျှောက်၏—

“ထိုသို့ ဘဝမှ လွတ်မြောက်သွားသော ပုဂ္ဂိုလ်ကို လူ့ဘုံ နတ်ဘုံ အလုံးစုံတို့၌ ရှာ၍မတွေ့နိုင်ခဲ့သော် ထိုပုဂ္ဂိုလ်ကို ရှိခိုးသူတို့သည် ချီးမွမ်းထိုက်သူများ ဖြစ်ကြပါ၏လော”

ရှင်မောဃရာဇာ၏ အမေးကို ဗုဒ္ဓက ဖြေကြား၏—

"ရဟန်း၊ ထိုသို့ ဘဝမှ လွတ်မြောက်သွားသော ပုဂ္ဂိုလ်ကို ရှိခိုးသူတို့သည် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ ယင်းသို့ ရှိခိုးသူတို့သည်လည်း တရားကို သိမြင်၍ ယုံမှားမှုကိုပယ်၍ ကပ်ငြိတွယ်တာမှုကို လွန်မြောက်သူများ ဖြစ်ကုန်၏"

## ၅။ ဥဇ္ဈာနသညီသုတ်

[ဗုဒ္ဓအား ကဲ့ရဲ့သောနတ်များ]

၃၅။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ကဲ့ရဲ့တတ်သောကြောင့် ဥဇ္ဈာနသညီ မည်သော နတ်သားများစွာတို့သည် ဗုဒ္ဓထံ ချဉ်းကပ်လာကြပြီး နတ်သားတယောက်က ဗုဒ္ဓအား ဂါထာတို့ဖြင့် လျှောက်ကြား၏။

"အပြောနှင့်အလုပ် မညီသော ရဟန်းသည် ပစ္စည်းလေးပါးကို ခိုး၍ စားသုံးသူ ဖြစ်၏။ ငှက်များကို လှည့်ဖြား၍ ဖမ်းဆီးသော ငှက်မုဆိုးနှင့် တူ၏။ ရဟန်းသည် မိမိလုပ်သည်ကိုသာ ပြောသင့်၏။ မိမိ မလုပ်သည်ကို မပြောသင့်။ မိမိမလုပ်ပဲ ပြောရုံသာပြောသူကို ပညာရှိတို့က သိကြ၏"

ထိုနတ်သားကို ဗုဒ္ဓက အောက်ပါအတိုင်း တုံ့ပြန် မိန့်ကြားတော်မူ၏။

"ဈာန်ဝင်စားလေ့ရှိသော ပညာရှိတို့၏ မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြောင်း ဖြစ်သည့် ခိုင်မြဲသောအကျင့်ကိုပြောရုံမျှဖြင့်လည်းကောင်း၊ ကြားရုံမျှဖြင့် လည်းကောင်း သက်ဝင်ရန် မစွမ်းနိုင်"

"ကိလေသာ ငြိမ်းအေး၍ လောက၌ ကပ်ငြိမှုကို လွန်မြောက်ပြီးသော ပညာရှိတို့သည် လောက ပရိယာယ်ကို သိမြင်၍ ပြောရုံ ကြားရုံမျှဖြင့် ခိုင်မြဲသော အကျင့်သို့ သက်ဝင်ခြင်း မပြုကြချေ"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ထိုနတ်သားတို့သည် မြေ၌တည်၍ ခြေတော်အစုံကိုဦးခိုက်ကာ ဗုဒ္ဓအား ထိပါးပြောဆိုမိသော မိမိတို့၏အပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်ကြသည်။ ဗုဒ္ဓက ပြုံးတော်မူရာ ထိုနတ်တို့သည် အတိုင်းထက် အလွန် ကဲ့ရဲ့လိုကြသဖြင့် ကောင်းကင်သို့ ပျံတက် သွားကြပြီး နတ်သားတယောက်က ဂါထာဖြင့် လျှောက်ကြားပြန်၏။ ထိုနတ်သား၏ လျှောက်ကြားချက်ကို ဗုဒ္ဓကလည်း ဂါထာဖြင့်ပင် တုံ့ပြန်တော်မူ၏။

နတ်သား ။ ။ "အပြစ်ကို ဖွင့်ဟ ပြောကြားသူတို့၏ စကားကိုဒေါသစိတ်ဖြင့် လက်မခံပဲနေသူသည် ရန်ကို မိမိအပေါ်၌ စွပ်ထားသည်မည်၏"

ဗုဒ္ဓ ။ ။ "အကယ်၍ ဤလောက၌ ကျူးလွန်မှုလည်း မဖြစ်၊ ပြစ်မှားခြင်းလည်း မရှိ။ ရန်သူတို့သည်လည်း မငြိမ်းခဲ့သော် အဘယ်သို့သော အကြောင်းဖြင့် လိမ္မာသူဖြစ်ရာသနည်း"

နတ်သား ။ ။ "အဘယ်သူအား ကျူးလွန်မှုမရှိပါသနည်း။ အဘယ်သူအား ပြစ်မှားခြင်း မရှိပါသနည်း။ အဘယ်သူသည် ပြင်းစွာတွေဝေခြင်းသို့ မရောက်ပါသနည်း။ အဘယ်သူသည် အခါခပ်သိမ်း သတိရှိသော ပညာရှိ မည်ပါသနည်း"

ဗုဒ္ဓ ။ ။ "သတ္တပါအားလုံးကို အစဉ်သနားသော မြတ်စွာဘုရားအား ကျူးလွန်မှု မရှိ။ ပြစ်မှားခြင်းလည်း မရှိ။ ထိုမြတ်စွာဘုရားသည် ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ အခါခပ်သိမ်း သတိရှိသူ ပညာရှိသူလည်း မည်ပေ၏" "အပြစ်ကို ဖွင့်ဟပြောကြားသူတို့၏ စကားကို ဒေါသစိတ်ဖြင့် လက်မခံပဲနေသူသည် ရန်ကို မိမိ အပေါ်၌ စွပ်ထားသည်မည်၏။ ငါသည်ကားထိုရန်ကိုမနှစ်သက်။ သင်တို့၏ အပြစ်ကို လက်ခံ၏"

## ၆။ သဒ္ဓါသုတ်

### [ယုံကြည်ခြင်းသည် လူ၏အဖော်]

၃၆။ သတုလ္လ ပကာယိကာ နတ်တို့၏ လျှောက်ကြားချက်နှင့် ဗုဒ္ဓ၏တုံ့ပြန်မိန့်ကြားချက်များ ဖြစ်၏။

ပထမနတ် ။ ။ "ယုံကြည်ခြင်းသဒ္ဓါသည်လူ၏အဖော်ဖြစ်၏။ ယုံကြည်ခြင်း ရှိသူအား အခြံအရံအကျော်အစောသည် ဖြစ်၏။ ထိုသူသည် သေလွန်သော အခါ၌လည်း နတ်ပြည်သို့ ရောက်၏"

ဒုတိယနတ် ။ ။ "အမျက် ထွက်ခြင်း၊ မာန်တက်ခြင်းကို စွန့်ရမည်။ သံယောဇဉ် အားလုံးကိုလည်းလွန်မြောက်ရမည်။ နာမ်

ရုပ်၌ မကပ်ငြိသည်ဖြစ်၍ ကြောင့်ကြမှုကင်းသော ထို
သူသို့ ကပ်ငြိမှုတို့သည် မကျရောက်နိုင် တော့ချေ”

ဗုဒ္ဓ ။ ။“ပညာမဲ့သောလူမိုက်တို့သည် မေ့လျော့ကြောင်းအလုပ်
ကိုသာ အားထုတ်နေကြ၏။ ပညာရှိသည်ကား မမေ့
မလျော့ခြင်းကို မြတ်သော ပစ္စည်းဥစ္စာကဲ့သို့ စောင့်
ရှောက်၏”

“မေ့လျော့ကြောင်း အလုပ်ကို အားမထုတ် သင့်။
ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း၊အရောဝင်ခြင်းကိုလည်း
မပြုသင့်။ မမေ့မလျော့သည် ဖြစ်၍ တရားကို ရှုမှတ်
ဆင်ခြင်သူသည် အမြတ်ဆုံးချမ်းသာသို့ ရောက်၏”

## ၇။ သမယသုတ်

[နတ်ဗြဟ္မာတို့ အစည်းအဝေး၌ လျှောက်ကြားချက်များ]

၃၇။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သက္ကတိုင်း ကပိလဝတ်ပြည်မဟာဝုန်
တော၌ ရဟန္တာဖြစ်ပြီးစ ရဟန်းငါးရာနှင့်တကွသီတင်းသုံးနေ၏။လောကဓာတ်
ဆယ်ခုမှ များစွာသော နတ်ဗြဟ္မာ တို့သည်လည်း ဗုဒ္ဓနှင့် ရဟန်းအပေါင်းကို
ဖူးမြော်ရန် စုဝေးရောက်ရှိလာကြ၏။ ထိုအခါ သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှဗြဟ္မာကြီး
လေးယောက်တို့သည် ဗုဒ္ဓရှေ့၌ ရုတ်တရက် ထင်ရှားပေါ်လာကြပြီး ဗုဒ္ဓအား
ဂါထာတပုဒ်စီဖြင့် အသီးအသီး လျှောက်ကြားကြလေသည်။

ပထမဗြဟ္မာ ။ ။“မဟာဝုန် တော၌ နတ်ဗြဟ္မာ အပေါင်းတို့ စုဝေး
ရောက်ရှိလာကြသဖြင့် အစည်းအဝေးကြီး ဖြစ်နေပါ
သည်။ ကျွန်ုပ်တို့သည်လည်းကိလေသာရန်ကို အောင်
ပြီးသော ရဟန်းအပေါင်းကို ဖူးမြော်ရန် ဤတရား
သဘင် အစည်းအဝေးသို့ လာရောက်ကြခြင်း ဖြစ်ပါ
သည်”

ဒုတိယဗြဟ္မာ ။ ။“ထို အစည်းအဝေး၌ ရဟန်း တို့သည် မိမိစိတ်ကို
တည်ကြည် စေကြကုန်၏။ ဖြောင့်မတ်အောင် ပြုကြ
ကုန်၏။ ရထားထိန်းသည် မြင်းဇက်ကြိုးကို ထိန်း
သကဲ့သို့ ပညာရှိတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းကြ
ကုန်၏”

စာကြည့်ခန်း
-၁၅၄၂-



တတိယပြဟ္မာ။ ။"ကောင်းစွာ ဆုံးမအပ်ပြီးဖြစ်၍ တဏှာ ကင်းလျက် သန့်ရှင်း စင်ကြယ်သော ထို ရဟန္တာငယ်တို့သည် ရာဂ ဒေါသ စသော ကြောင့်တံသင်း၊ တံခါးကျည်း၊ တံခါး တိုင်တို့ကို ဖြတ်တောက် နုတ်ပယ်၍ လှည့်လည် နေကြ ပါသည်"

စတုတ္ထပြဟ္မာ ။ ။"မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သူ အားလုံးတို့သည် အပါယ်ဘုံသို့ ရောက်မည်မဟုတ်ပါ။ လူ့ခန္ဓာကိုယ်ကို စွန့်လျှင် နတ်ပြည်သို့သာရောက်ကြပါ လိမ့်မည်"

(ဤသုတ်၏ အကျယ်ကို ဒီဃနိကာယ် သုတ်စဉ် ၂၀၊ မဟာသမယသုတ်၌ ရှုပါ။)

## ၈။ သကလိကသုတ်

### [ဗုဒ္ဓခြေတော်ကို ကျောက်ချပ်နှင့်ထိခိုက်ခြင်း]

၃၈။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိတောင်၌ ၊ သီတင်းသုံးစဉ် ခြေတော်၌ ကျောက်ချပ်နှင့်ထိခိုက်မိသဖြင့် ပြင်းထန်သော ဝေဒနာဖြစ်ပေါ် နေ၏။ ဗုဒ္ဓသည် ထိုဝေဒနာကိုမညည်းညူပဲ သတိသမ္ပဇဉ်ဖြင့် သည်းခံလျက် မြတ်သောလျောင်းစက်ခြင်းကိုပြုတော်မူ၏။ ထိုအခါ သတုလ္လပကာယိကာမည် သော နတ်သားခုနစ်ရာတို့သည် ဗုဒ္ဓထံ ချဉ်းကပ်လာကြပြီး နတ်သားတယောက် က ဝမ်းမြောက်စွာ ဥဒါန်းစကားကိုမြွက်ဆို၏။

"အချင်းတို့၊ ရဟန်းဂေါတမသည် ဆင်ပြောင်နှင့်တူပေ၏။ ဆင်ပြောင်နှင့် တူသောကြောင့်သာလျှင် ပြင်းထန်သော ဆင်းရဲဝေဒနာတို့ကို သတိသမ္ပဇဉ်ဖြင့် သည်းခံတော်မူနိုင်ခြင်းဖြစ်၏"

ထို့နောက် အခြားသောနတ်သားတို့ကလည်း ဗုဒ္ဓအား ခြင်္သေ့ အာဇာနည် နွားလားဥသဘတို့နှင့် ဥပမာပြု၍ ချီးကျူးစကား မြွက်ဆိုကြ၏။ နတ်သား တယောက်ကမူ အောက်ပါအတိုင်း မြွက်ဆို၏။

"ကောင်းစွာ ပွားများအပ်သော သမာဓိကိုလည်းကောင်း၊ ကောင်းစွာ လွတ်မြောက်သောစိတ်ကိုလည်းကောင်း ရှုလော့။ ထိုစိတ်သည် တဏှာရာဂ ကြောင့်လည်းမညွတ်။ အမျက်ဒေါသကြောင့်လည်း သွေဖည်ခြင်းမရှိ။ အား ထုတ်မှု ဖြင့် ဖိနှိပ် ၍ တား မြစ် ရ ခြင်း သို့ လည်း မရောက်။ ဤ ကဲ့ သို့ သော

ယောကျ်ားမြတ်ကို ဖိနှိပ်ချုပ်ချယ်သင့်၏ ဟူ၍ ထင်မှတ်သူကား မသိနားမလည် ခြင်းမှတပါး အခြားအကြောင်းမရှိချေ''

ထိုနတ်သားတို့၏ ချီးကျူးစကားများကို ဗုဒ္ဓက ဂါထာလေးပုဒ်ဖြင့်တုံ့ပြန် မိန့်ကြားတော်မူ၏။

''ဣဘိဟာသကျမ်းလျှင်ငါးခုမြောက်ရှိသောဝေဒကျမ်းတတ်ပုဏ္ဏားတို့သည် အနှစ်တရာပတ်လုံး ခေါင်းပါးသော အကျင့်ကို ကျင့်ကြကုန်သော်လည်း ထိုပုဏ္ဏားတို့၏ စိတ်သည် ကိလေသာမှ မလွတ်မြောက်နိုင်ချေ။ ယုတ်ညံ့သော သဘောရှိသော ထိုပုဏ္ဏားတို့သည် သံသရာတဘက်ကမ်းသို့မရောက်နိုင်ကြချေ''

''တဏှာ၏ လွှမ်းမိုးခြင်း၊လွဲမှားသောအလေ့အကျင့်တို့ဖြင့် နှောင်ဖွဲ့ခြင်း ခံနေရသူတို့သည် ခေါင်းပါးသော အကျင့်ကို အနှစ်တရာပတ်လုံး ကျင့်ကြ ကုန်သော်လည်း ထိုသူတို့၏ စိတ်သည် ကိလေသာမှမလွတ်နိုင်။ ထိုသူတို့သည် လည်း သံသရာတဘက်ကမ်းသို့ မရောက်နိုင်ကြချေ''

''ဤလောက၌ ထောင်လွှားလိုသူအား ယဉ်ကျေးခြင်းသည်မရှိ။ စိတ် ယဉ်ကျေးတည်ကြည်ခြင်းမရှိသူအား အမှန်တရားကို သိမြင်ခြင်းလည်းမရှိ။ တောထဲ၌ တယောက်တည်းနေသော်လည်း မေ့လျော့သူသည် သေမင်း၏နယ် မှမလွတ်မြောက်နိုင်ချေ''

''ထောင်လွှားမှုကိုပယ်၍ကောင်းစွာတည်ကြည်သောစိတ်ရှိသော၊ ခန္ဓာငါး ပါးတို့၌ တပ်မက်မှုမှကင်းလွတ်ပြီးသော ပုဂ္ဂိုလ်သည်ကား တောထဲ၌ မမေ့ မလျော့ တယောက်တည်းနေသည်ရှိသော် သေမင်း၏နယ်မှ လွတ်မြောက်နိုင် ရာ၏''

## ၉။ ပထမ ပဇ္ဇုန္နဓီတုသုတ်

## [ပဇ္ဇုန္နနတ်သမီး၏ လျှောက်ကြားချက်]

၃၉။ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်၌ဗုဒ္ဓသီတင်း သုံးစဉ် ပဇ္ဇုန္နနတ်၏ သမီးဖြစ်သော ကောကနဒါ နတ်သမီးသည် ဗုဒ္ဓထံ ချဉ်းကပ်လာပြီး အောက်ပါ ဂါထာလေးပုဒ်ကို လျှောက်ကြား၏။

''ကျွန်ုပ်သည် ပဇ္ဇုန္နနတ်၏သမီး ကောကနဒါနတ်သမီး ဖြစ်ပါသည်။ ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေသော သတ္တဝါအပေါင်းထက် မြင့်မြတ်သော မြတ်စွာဘုရားကို ကျွန်ုပ်ရှိခိုးပါသည်''

''ဉာဏ်မျက်စိ ရှိသော မြတ်စွာဘုရားသည် သိမြင်အပ်သော တရားကို ဟောအခါက ကျွန်ုပ်ကြားဖူးရုံမျှသာရှိခဲ့ပါသည်။ ယခုအခါ၌ကား မြတ်စွာ

ဘုရားဟောကြားအပ်သောတရားကို ကျွန်ုပ်သည် မျက်မှောက်ထင်ထင် သိမြင်ရပါပြီ"

"အရိယာတရားကိုကွဲရှရှင်ချသောပညာမဲ့သူတို့သည် ရေရှင ရေ့သို့ရောက်၍ ပြင်းပြသောဆင်းရဲကိုကြာမြင့်စွာ ခံစားကြရပါသည်။ အရိယာတရား၌နှစ်သက်ခြင်း၊ ငြိမ်းအေးခြင်းနှင့်ပြည့်စုံသူတို့သည်ကား လူ့ခန္ဓာကိုစွန့်သော် နတ်ပြည်သို့ ရောက်ကြပါလိမ့်မည်"

### ၁၀။ ဒုတိယ ပဇ္ဇုန္နဓီတုသုတ်

[ပဇ္ဇုန္န နတ်သမီး၏ လျှောက်ကြားချက်]

၄၀။ ပဇ္ဇုန္နနတ်၏သမီးဖြစ်သော စူဠကောကနဒါ နတ်သမီးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါဂါထာသုံးပုဒ်ကိုလျှောက်ကြား၏။

"လျှပ်စစ်ရောင်အဆင်းရှိသော ပဇ္ဇုန္နနတ်၏သမီး ကောကနဒါမည်သော နတ်သမီးသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်းရှိခိုးလိုသည်ဖြစ်၍ ဤမဟာဝုန်တောသို့လာပါ၏။ အနက် နှင့် ပြည့် စုံသော ဤဂါထာတို့ကိုရွတ်ဆိုပါ၏"

"မြတ်စွာဘုရား၏ တရားတော်သည်များစွာသော ပရိယာယ်ဖြင့် ဝေဖန်ပြောဆိုနိုင်သော တရားဖြစ်ပါသည်။ သို့သော်လည်းကျွန်ုပ်သည်ကား မိမိစိတ်ဖြင့် သင်ယူမှတ်သားထားသည့် အကျဉ်းချုပ်ဖြစ်သော အနက်ကိုသာ ဆိုပါအံ့"

"အလုံးစုံသောလောက၌ ကိုယ်နှုတ်စိတ်တို့ဖြင့် တရံတဆစ်မျှ မကောင်းမှုကို မပြုလုပ်ရာ။ သဘိသမ္ပဇဉ်ရှိသည်ဖြစ်၍ ကာမဂုဏ်တို့ကို စွန့်ပယ်ပြီးအကျိုးစီးပွား နှင့် မယှဉ်သော ဆင်းရဲမှုတို့ကိုမှီဝဲအားထုတ်ခြင်းမပြုရာ"

## ၅။ အာဒိတ္တဝဂ်

### ၁။ အာဒိတ္တသုတ်

[လောင်မြိုက်နေသောလောက]

၄၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် နတ်သား တယောက်သည် ဗုဒ္ဓထံချဉ်းကပ်၍ ဂါထာလေးပုဒ်ကိုလျှောက်ကြား၏။

"အိမ်ကိုမီးလောင်စဉ် အပြင်သို့ထုတ်အပ်သော အိုးခွက်သည် အိမ်ရှင်၏ အကျိုးစီးပွားအလို့ငှာဖြစ်၏။ အပြင်သို့မထုတ်အပ်သော အိုးခွက်ကိုကား

မီးလောင်သွားသည်သာဖြစ်၏။ ထို့အတူ အိုခြင်းသေခြင်းဖြင့် လောင်မြိုက်နေသော လောကကို ဒါနဖြင့်ထုတ်ဆောင်အပ်၏။ ပေးလှူအပ်သော ပစ္စည်းသည် ကောင်းစွာထုတ်ဆောင်အပ်သောပစ္စည်းမည်၏”

“ပေးလှူခြင်းသည် ချမ်းသာသော အကျိုးကိုဖြစ်စေ၏။ မပေးလှူခြင်းသည်ကား ချမ်းသာသောအကျိုးကိုမဖြစ်စေနိုင်။ မပေးလှူပဲထားသောဥစ္စာကို ခိုးသူ၊ မင်းတို့သည် ယူဆောင်တတ်ကုန်၏။ မီးသော်လည်း လောင်တတ်၏။ ပျောက်ပျက်ရှိသော်လည်း သွားတတ်၏။ သို့မဟုတ် ဥစ္စာရှင်သည် သေဆုံးသဖြင့် ပစ္စည်းဥစ္စာများနှင့်အတူ မိမိ၏ကိုယ်ခန္ဓာကိုပင် စွန့်ခွာသွားရတတ်၏။ ပညာရှိသူသည် ဤသဘောကိုသိမြင်ပြီး ပစ္စည်းဥစ္စာကို သုံးဆောင်ခြင်းလည်း ပြုသင့်၏။ ပေးလှူခြင်းလည်း ပြုသင့်၏။ ယင်းသို့ပြုသည်ရှိသော် ထိုသူသည် ကဲ့ရဲ့ခြင်းမခံရပဲ နတ်ပြည်သို့ရောက်ရ၏”

## ၂။ ကိံဒဒသုတ်

### [ဘာကိုပေးလှူသင့်သနည်း]

၄၂။

နတ်သား ။ ။“ဘယ်အရာကိုပေးလှူသူသည် ခွန်အားကိုပေးလှူသည် မည်သနည်း။ ဘယ်အရာကိုပေးလှူသူသည် အဆင်းကိုပေးလှူသည် မည်သနည်း။ ဘယ်အရာကို ပေးလှူသူသည် ချမ်းသာခြင်းကို ပေးလှူသည် မည်သနည်း။ ဘယ်အရာကို ပေးလှူသူသည် မျက်စိကိုပေးလှူသည်မည်သနည်း။ ဘယ်သူသည်အလုံးစုံကို ပေးလှူသည်မည်ပါသနည်း”

ဗုဒ္ဓ ။ ။“ဆွမ်းကိုပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်၏။ အဝတ်သင်္ကန်းကိုပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်၏။ ယာဉ်ရထားကိုပေးလှူသူသည် ချမ်းသာခြင်းကို ပေးလှူသည်မည်၏။ ဆီမီးကိုပေးလှူသူသည် မျက်စိကို ပေးလှူသည်မည်၏။ ကျောင်းကို ပေးလှူသူသည် အလုံးစုံကို ပေးလှူသည်မည်၏။ တရားကိုဟောကြား ဆုံးမသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏”

### ၃။ အန္နသုတ်

[ထမင်းကိုပေးလှူခြင်း]

၄၃။

နတ်သား ။ ။"နတ်နှင့်လူ နှစ်ပါးလုံးတို့သည် ထမင်းကိုသာလိုလား နှစ်သက်ကြပါသည်။ ထမင်းကို မနှစ်သက်သောနတ် ဟူ၍ အဘယ်မှာရှိပါအံ့နည်း"

ဗုဒ္ဓ ။ ။"ကြည်လင်သောစိတ်ဖြင့်ထမင်းကိုယုံကြည်စွာပေးလှူ သောသူသို့ ထိုထမင်းသည်ဤလောက၌လည်းကောင်း၊ တပါးသောလောက၌လည်းကောင်း အစဉ်လိုက်၏။ ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ အလှူကို ပေးလှူသင့်၏။ ကုသိုလ်ကောင်းမှုတို့သည် တမလွန် လောက၌ သတ္တဝါတို့၏ ထောက်တည်ရာဖြစ်ကုန်၏"

### ၄။ ဧကမူလသုတ်

[အရင်းအမြစ်တခုတည်းရှိသောသမုဒ္ဒရာ]

၄၄။

နတ်သား ။ ။"တဏှာဟူသော အမြစ်အရင်းတခုရှိသော၊ တည်မြဲ ခြင်း ပြတ်စဲခြင်း ဟူသော လည်ခြင်း နှစ်ခုရှိသော၊ ရာဂ ဒေါသ မောဟဟူသော အညစ်အကြေး သုံးခုရှိ သော၊ ကာမဂုဏ်ငါးပါးဟူသော အပြန့်ငါးခုရှိသော၊ အာယတန တဆယ့်နှစ်ပါးဟူသော ဝဲဧလုတ်တဆယ့် နှစ်ခုရှိသော၊ သံသရာတည်းဟူသော သမုဒ္ဒရာကို ရဟန်းမြတ်သည် ကူးမြောက်လေပြီ"

### ၅။ အနောမသုတ်

[ပြည့်စုံသောအမည်ရှိသူ]

၄၅။

နတ်သား ။ ။"ပြည့်စုံသော အမည်ရှိသော၊ သိမ်မွေ့သော အနက် သဘောကို မြင်တော်မူသော၊ ပညာကိုပေးတတ်သော၊ ကပ်ငြိဖွယ် ကာမဂုဏ်တို့၌ ကပ်ငြိခြင်းမရှိသော၊ တရား

အားလုံးကို သိမြင်သော၊ ကောင်းသော ပညာရှိသော၊ အရိယာသမ်းခရီး၌ကြွသွားတော်မူသော မြတ်စွာဘုရားကို ဖူးမြော်ကြကုန်လော့"

### ၆။ အစ္ဆရာသုတ်

[နတ်သမီးတို့ပျော်ရာဥယျာဉ်]

၄၆။

နတ်သား ။ ။"နတ်သမီးအပေါင်း၏ သီချင်းကျူးရင့်ရာ ဖြစ်သော၊ မြေဖုတ်ဘီလူးအပေါင်း မှီခဲအပ်သော ၊ မောဟနမည်သော ထိုဥယျာဉ်ကို အဘယ်သို့လျှင် လွန်မြောက်နိုင်ပါအံ့နည်း"

ဗုဒ္ဓ ။ ။"အရိယမဂ်တည်းဟူသော ဖြောင့်မတ်သော လမ်းသည် ရှိ၏။ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာ အရပ်သည် ရှိ၏။ တရားတည်းဟူသော ဘီးရှိသည့် အသံမမြည်သော ရထားသည် ရှိ၏။ ဟိရိနှင့် ဩတ္တပ္ပသည် ထိုရထား၏ အမှီတံကဲ ဖြစ်၏"

"သတိသည် အကာအရံ ဖြစ်၏။ သမ္မာဒိဋ္ဌိလျှင် ရှေ့သွားရှိသော တရားကို ရထားမှူးဟု ဆို၏။ ထိုကဲ့သို့သော ယာဉ်ရထားရှိသော မိန်းမ ယောကျ်ားသည် နိဗ္ဗာန်သို့ ရောက်နိုင်၏"

### ၇။ ဝနရောပသုတ်

[သစ်ပင်စိုက်သူ နေ့စဉ်ကုသိုလ်တိုးပုံ]

၄၇။

နတ်သား ။ ။"အဘယ်သူတို့အား နေ့၌လည်းကောင်း ညဉ့်၌ လည်းကောင်း၊ အခါခပ်သိမ်း ကောင်းမှုသည် တိုးပွားပါသနည်း။ အဘယ်သူတို့သည် တရား၌ လည်းကောင်း၊ သီလ၌ လည်းကောင်း တည်ကုန်သည်ဖြစ်၍ နတ်ပြည်သို့ သွားပါကုန်သနည်း"

---

၁။ နတ်သမီးများကိုပင် မြေဖုတ် ဘီလူးဟု ဆိုခြင်းဖြစ်၏။ (တခမဝ အစ္ဆရာ ဂဏ် ပိသာစဂဏံ ဂ တွာဝဒတိ။ ။အဋ္ဌကထာ)

ဗုဒ္ဓ ။ ။"အကြင်သူတို့သည် သီးပင်၊ ပန်းပင်၊ တောသစ်ပင်တို့ကို စိုက်ကုန်၏။ တံတား ခင်းကုန်၏။ ရေအိုးစင်၊ ရေတွင်း၊ အိမ်ကျောင်းဇရပ်တို့ကို လှူကုန်၏။ထိုသူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွား၏။ ထိုသူတို့သည် တရား၌လည်းကောင်း၊သီလ၌လည်းကောင်း တည်ကုန်သည်ဖြစ်၍ နတ်ပြည်သို့ သွားရကုန်၏"

## ဂ။ ဇေတဝနသုတ်

[ဇေတဝန်ကျောင်းကိုနှစ်သက်သူ]

၄ဂ။

အနာထပိဏ် ။ ။"ရဟန်း အပေါင်းသည် မှီဝဲအပ်သော မြတ်စွာဘုရား
နတ်သား သီတင်းသုံးရာဖြစ်သော ဇေတဝန်ကျောင်းသည် ကျွန်ုပ်အား နှစ်သိမ့်ခြင်းကို ဖြစ်စေပါ၏။ ကံ၊ အသိဉာဏ်၊ တည်ကြည်မှု၊ သီလ၊ မြတ်သော အသက်မွေး မှုတို့ကြောင့် သတ္တဝါတို့သည် စင်ကြယ်ကြပါသည်။ အမျိုးအနွယ် ကြောင့် လည်းကောင်း၊ ပစ္စည်း ဥစ္စာကြောင့် လည်းကောင်း စင်ကြယ်ကြ သည် မဟုတ်ပါ။ ထို့ကြောင့် မိမိ အကျိုးကို ရှုမြင်သော ပညာရှိသူသည် ခန္ဓာငါးပါး သင့်တင့်စွာ စူးစမ်းဆင်ခြင်ရာ၏။ ဤသို့ စူးစမ်း ဆင်ခြင် သည် ရှိသော် သစ္စာလေးပါး တို့၌ စင်ကြယ်သော ဉာဏ်အမြင်ကို ရရှိနိုင်ပေသည်"

## ၉။ မစ္ဆရီသုတ်

[ဝန်တိုသူတို့၏အလားအလာ]

၄၉။

နတ်သား ။ ။"ဤလောက၌ အကြင်သူတို့သည် ဝန်တိုစဉ်းလဲကုန်၏။ ခြိမ်းခြောက်တတ်ကုန်၏။ တပါးသူတို့ ပေးလှူခြင်းကို အန္တရာယ်ပြုတတ်ကုန်၏။ထိုသူတို့အား အဘယ်သို့သော

အကျိုးသည် ဖြစ်ပါသနည်း။ အဘယ်သို့သော တမလွန်ဘဝသည် ဖြစ်ပါသနည်း”

ဗုဒ္ဓ ။ ။“ထိုသူတို့သည် ငရဲသို့ လည်းကောင်း၊ တိရစ္ဆာန်ဘုံသို့ လည်းကောင်း ရောက်ရကုန်၏။ လူ့အဖြစ်သို့ ရောက်လျှင်လည်း စားစရာ ဝတ်စရာ ပျော်ရွှင်စရာ ရှားပါးသည့် ဆင်းရဲသောမျိုးရိုး၌ ဖြစ်ကုန်၏။ သူတပါးတို့ထံမှ ပစ္စည်းကိုမျှော်လင့်သော်လည်း မျှော်လင့်တိုင်းမရချေ”

နတ်သား ။ ။“အကြင်သူတို့သည်အလှူခံပုဂ္ဂိုလ်တို့၏ဆန္ဒကိုသိကုန်၏။ ဝန်တိုခြင်းကင်းလျက် ဘုရား တရား သံဃာ၌ ကြည်ညိုလေးစားကုန်၏။ ထိုသူတို့အား အဘယ်သို့သော အကျိုးသည် ဖြစ်ပါသနည်း။ အဘယ်သို့သော တမလွန်ဘဝသည် ဖြစ်ပါသနည်း”

ဗုဒ္ဓ ။ ။“ထိုသူတို့သည် နတ်ပြည်၌ ဖြစ်သော် အရောင်အဝါ လွန်စွာ ထွန်းပကုန်၏။ လူ့အဖြစ်သို့ ရောက်သော် စားစရာ ဝတ်စရာ ပျော်ရွှင်စရာ ပေါများသည့် ချမ်းသာ ကြွယ်ဝသော အမျိုး၌ ဖြစ်ကုန်၏။ ထိုသူတို့သည် သူတပါးတို့စုဆောင်းအပ်သော ပစ္စည်းတို့၌ မိမိအလိုသို့ လိုက်စေနိုင်ကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြရကုန်၏”

## ၁၀။ ကင္ဒိကာရသုတ်

[ဃဋီကာရဗြဟ္မာနှင့်ဗုဒ္ဓ]

၅၀။

နတ်သား ။ ။“ခုနစ်ပါးသောရဟန်းတို့သည် ရာဂ ဒေါသ ကုန်၍ လောက၌ ကပ်ငြိမှုကို လွန်မြောက်လျက် ကိလေသာမှ လွတ်မြောက်ကုန်သည်ဖြစ်၍ အဝိဟာဘုံသို့ ရောက်ကုန်၏။ လူ့ခန္ဓာကို စွန့်သော် နတ်ပြည်၌ ဖြစ်ကြောင်း သံယောဇဉ်ကို လွန်မြောက်သွားသည့် ထို ရဟန်းခုနစ်ပါးကား အဘယ်သူတို့ပါနည်း”

ဗုဒ္ဓဖြေ ။ ။“လူ့ခန္ဓာကိုစွန့်သော် နတ်ပြည်၌ဖြစ်ကြောင်း သံယောဇဉ်ကို လွန်မြောက်သွားသည့် ရဟန်း ခုနစ်ပါးကား

ဥပက၊ ပလဂဏ္ဍ၊ ပုက္ကုသာတိ၊ ဘဒ္ဒိယ၊ ခဏ္ဍဒေဝ၊ ဗာဟုရဂ္ဂိ၊ သိင်္ဂိယတို့ ဖြစ်၏”

ဗုဒ္ဓမေး ။ ။“ထိုရဟန်းတို့သည် အဘယ်သူ၏တရားကို သိ၍ ဘဝနှောင်ကြိုးကို ဖြတ်ခဲ့ကြကုန်သနည်း”

နတ်သားဖြေ ။ ။“ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ အဆုံးအမနှင့် ကင်း၍ ဘဝနှောင်ကြိုးကို ဖြတ်နိုင်ခဲ့ကြသည်မဟုတ်ပါ။ ထိုရဟန်းတို့သည် နာမ်နှင့်ရုပ် အကြွင်းမဲ့ ချုပ်ငြိမ်းရာ ဖြစ်သော တရားကိုသိမြင်၍ ဘဝနှောင်ကြိုးကို ဖြတ်နိုင်ခဲ့ကြခြင်း ဖြစ်ပါသည်”

ဗုဒ္ဓမေး ။ ။“သင်သည် သိမြင်ရန်ခက်ခဲသည့် နက်နဲသောစကားကို ဆိုဘိ၏။ အဘယ်သူ၏တရားကိုသိ၍ ဤသို့သောစကားကို ဆိုဘိသနည်း”

နတ်သားဖြေ ။ ။“ကျွန်ုပ်သည် ရှေးအခါက ဝေကဠိင်္ဂရွာ၌ မိဘနှစ်ပါးကို လုပ်ကျွေးသည့် ဃဋီကာရမည်သော ကဿပမြတ်စွာဘုရား၏ ဥပါသကာ ဖြစ်ခဲ့ပါသည်။ အရှင်ဘုရားနှင့် တရွာတည်းနေ အဆွေခင်ပွန်းဖြစ်ခဲ့ပါသည်။ ထို ရဟန်းခုနစ်ပါးကိုလည်း ကျွန်ုပ်သိပါသည်”

ဗုဒ္ဓမိန့် ။ ။“ဘဂ္ဂဝ၊ သင်ဆိုသည့်အတိုင်း မှန်ပေ၏။ သင်သည် ရှေးအခါက ဝေကဠိင်္ဂရွာ၌ ဃဋီကာရမည်သော ကဿပမြတ်စွာဘုရား၏ ဥပါသကာ ဖြစ်ခဲ့၏။ ငါနှင့်လည်း တရွာတည်းနေ မိတ်ဆွေဖြစ်ခဲ့၏”

(နိဂုံးစကား) ဤသို့လျှင် ပွားများအပ်ပြီးသောစိတ် ရှိသည်ဖြစ်၍ အဆုံးစွန်သောကိုယ်ကို ဆောင်ကုန်သော မိတ်ဆွေဟောင်းနှစ်ဦးတို့၏ ပေါင်းဆုံခြင်းသည် ဖြစ်လေ၏။

(ဤဃဋီကာရကား သုဒ္ဓါဝါသဘုံမှ ဗြဟ္မာတဦးဖြစ်၏။ အကျယ်ကို မဇ္ဈိမနိကာယ် ဃဋီကာရသုတ်ကို ကြည့်ပါ။)

## ၆။ ဇရာဝဂ်

### ၁။ ဇရာသုတ်

[အိုသည်အထိ ကောင်းသောတရား]

၅၁။

နတ်သားမေး။ ။“ဘယ်တရားသည် အိုသည်အထိ ကောင်းပါသနည်း။

ဘယ်တရားသည် တည်မြဲလျှင် ကောင်းပါသနည်း။ ဘယ်တရားသည် လူတို့၏ ရတနာ မည်ပါသနည်း။ ဘယ်တရားကို ခိုးသူတို့ ခိုးယူရန် ခက်ခဲပါသနည်း"

ဗုဒ္ဓဖြေ ။ ။"သီလသည် အိုသည်အထိ ကောင်း၏။ သဒ္ဓါသည် စွဲမြဲစွာတည်လျှင် ကောင်း၏။ ပညာသည် လူတို့၏ ရတနာမည်၏။ ကောင်းမှုကို ခိုးသူတို့သည် မခိုးယူနိုင်"

## ၂။ အဇရသာသုတ်

[မအိုလျှင်ကောင်းသောတရား]

၅၂။

နတ်သားမေး။ ။"ဘယ်တရားလျှင် မအိုလျှင်(မဆွေးမြည့်လျှင်)ကောင်းပါသနည်း။ဘယ်တရားသည် စွဲမြဲစွာတည်လျှင် ကောင်းပါသနည်း။ ဘယ်တရားသည် လူတို့၏ရတနာ မည်ပါသနည်း။ဘယ်တရားကို ခိုးသူများ မယူနိုင်ပါသနည်း"

ဗုဒ္ဓဖြေ ။ ။"သီလသည် မအိုလျှင် (မဆွေးမြည့်လျှင်) ကောင်း၏။ သဒ္ဓါသည် စွဲမြဲစွာတည်လျှင် ကောင်း၏။ ပညာသည် လူတို့၏ရတနာ မည်၏။ ကောင်းမှုကို ခိုးသူများ မယူနိုင်ပေ"

## ၃။ မိတ္တသုတ်

[အရာဌာန ၄ ပါးလျော်စွာ မိတ်ဆွေဖြစ်သူ]

၅၃။

နတ်သား ။ ။"အဘယ်သည် ခရီးသွားသူ၏ မိတ်ဆွေ ဖြစ်သနည်း။ အဘယ်သည် မိမိအိမ်၌ မိတ်ဆွေဖြစ်သနည်း။ အဘယ်သည် ပြုဖွယ်ကိစ္စရှိသူ၏ မိတ်ဆွေဖြစ်သနည်း။ အဘယ်သည် တမလွန်၌ဖြစ်သော မိတ်ဆွေ ဖြစ်သနည်း"

ဗုဒ္ဓ ။ ။"အတူသွားဖော်သည် ခရီးသွားသူ၏ မိတ်ဆွေဖြစ်၏။ မိခင်သည် မိမိအိမ်၌ မိတ်ဆွေဖြစ်၏။ သူငယ်ချင်းသည် ပြုဖွယ်ကိစ္စရှိသူ၏ မိတ်ဆွေ ဖြစ်၏။ မိမိကိုယ်တိုင် ထပ်

တလဲလဲ ပြုလုပ်အပ်သော ကောင်းမှုတို့သည် တမလွန်၌ ဖြစ်သော မိတ်ဆွေ ဖြစ်၏"

## ၄။ ဝတ္ထုသုတ်
## [လူတို့၏တည်ရာဖြစ်သူ]

၅၄။
နတ်သား ။ ။"အဘယ်သည် လူတို့၏ တည်ရာဖြစ်သနည်း။ အဘယ်သည် ဤလောက၌ မြတ်သော အဆွေခင်ပွန်း ဖြစ်သနည်း။မြေ၌မှီ၍နေသောသတ္တဝါတို့သည် ဘာကိုမှီ၍ အသက်မွေးကြပါသနည်း"

ဗုဒ္ဓ ။ ။"သားသမီးတို့သည် လူတို့၏တည်ရာဖြစ်၏။ မယားသည် ဤလောက၌ မြတ်သော မိတ်ဆွေဖြစ်၏။ မြေ၌မှီ၍နေသော သတ္တဝါတို့သည် မိုးရေကိုမှီ၍ အသက်မွေးကြကုန်၏"

## ၅။ ပဌမ ဇနသုတ်
## [သတ္တဝါကိုဖြစ်စေသောအရာ]

၅၅။
နတ်သား ။ ။"ဘယ်အရာသည် သတ္တဝါကို ဖြစ်စေသနည်း။ ထိုသတ္တဝါ၏ ဘယ်အရာသည် ပြေးသွားသနည်း။ ဘယ်အရာသည် သံသရာသို့ရောက်သနည်း။ ဘယ်အရာသည် ထိုသတ္တဝါ၏ ကြီးစွာသောဘေး ဖြစ်ပါသနည်း"

ဗုဒ္ဓ ။ ။"တဏှာသည် သတ္တဝါကို ဖြစ်စေ၏။ ထိုသတ္တဝါ၏ စိတ်သည် ပြေးသွား၏။ သတ္တဝါသည် သံသရာသို့ ရောက်၏။ ဒုက္ခသည် ထိုသတ္တဝါ၏ ကြီးစွာသောဘေး ဖြစ်၏"

## ၆။ ဒုတိယ ဇနသုတ်
## [သတ္တဝါကိုဖြစ်စေသောအရာ]

၅၆။
နတ်သား ။ ။"ဘယ်အရာသည် သတ္တဝါကို ဖြစ်စေသနည်း။ ထိုသတ္တဝါ၏ ဘယ်အရာသည် ပြေးသွားသနည်း။ ဘယ်

အရာသည် သံသရာသို့ရောက်သနည်း။ ထိုသတ္တဝါသည် ဘယ်အရာမှမလွတ်သနည်း"

ဗုဒ္ဓ ။ ။"တဏှာသည် သတ္တဝါကိုဖြစ်စေ၏။ ထိုသတ္တဝါ၏ စိတ်သည် ပြေးသွား၏။ သတ္တဝါသည် သံသရာသို့ ရောက်၏။ သတ္တဝါသည် ဆင်းရဲမှမလွတ်"

၇။ တတိယ ဧနသုတ်

[သတ္တဝါကိုဖြစ်စေသောအရာ]

၅၇။

နတ်သား ။ ။"ဘယ်အရာသည် သတ္တဝါကို ဖြစ်စေသနည်း။ ထိုသတ္တဝါ၏ ဘယ်အရာသည် ပြေးသွားသနည်း။ ဘယ်အရာသည် သံသရာသို့ရောက်သနည်း။ ဘယ်အရာသည် ထိုသတ္တဝါ၏ မှီခိုရာဖြစ်ပါသနည်း"

ဗုဒ္ဓ ။ ။"တဏှာသည် သတ္တဝါကိုဖြစ်စေ၏။ ထိုသတ္တဝါ၏ စိတ်သည် ပြေးသွား၏။ သတ္တဝါသည် သံသရာသို့ရောက်၏။ ကံသည် ထိုသတ္တဝါ၏ မှီခိုရာဖြစ်၏"

၈။ ဥပ္ပထသုတ်

[လမ်းမှားဟုဆိုအပ်သောအရာ]

၅၈။

နတ်သား ။ ။"ဘယ်အရာကိုမှ လမ်းမှားဟုဆိုအပ်သနည်း။ ဘယ်အရာသည် ညတိုင်း နေ့တိုင်း ကုန်ခန်းပါသနည်း။ ဘယ်အရာသည် အကျင့်မြတ်၏ အညစ်အကြေး ဖြစ်ပါသနည်း။ ဘယ်အရာသည် ရေမဟုတ်သော ဆေးကြောဖွယ် ဖြစ်ပါသနည်း"

ဗုဒ္ဓ ။ ။"တပ်စွန်းခြင်းရာဂကို လမ်းမှားဟု ဆိုအပ်၏။ အရွယ်သည် ညတိုင်း နေ့တိုင်း ကုန်ခန်း၏။ မိန်းမသည် အကျင့်မြတ်၏ အညစ်အကြေးဖြစ်၏။ ခြိုးခြံသောအကျင့်နှင့် မေထုန်မှရှောင်ကြဉ်ခြင်းအကျင့်သည် ရေမဟုတ်သော ဆေးကြောဖွယ်ဖြစ်၏"

## ၉။ ဒုတိယသုတ်

[အဖော်မွန်]

၅၉။

နတ်သား ။ ။"ဘယ်အရာသည် သတ္တဝါ၏ အဖော်ဖြစ်ပါသနည်း။ ဘယ်အရာသည် ထိုသတ္တဝါကို ဆုံးမသနည်း။ သတ္တဝါသည် ဘယ်အရာ၌ မွေ့လျော်သည်ဖြစ်၍ ဒုက္ခအားလုံးမှ လွတ်မြောက်ပါသနည်း"

ဗုဒ္ဓ ။ ။"သဒ္ဓါသည် သတ္တဝါ၏ အဖော်ဖြစ်၏။ ပညာသည် ထို သတ္တဝါကို ဆုံးမ၏။ သတ္တဝါသည် နိဗ္ဗာန်၌ မွေ့လျော်သည်ဖြစ်၍ ဒုက္ခအားလုံးမှ လွတ်မြောက်၏"

## ၁၀။ ကဝိသုတ်

[ပညာရှိသည်ဂါထာ၏တည်ရာဖြစ်ကြောင်း]

၆၀။

နတ်သား ။ ။"ဘယ်အရာသည် ဂါထာတို့၏ အခြေခံဖြစ်သနည်း။ ဘယ်အရာသည် ထိုဂါထာတို့ကို ပီပြင် ထင်ရှားစေသနည်း။ ဂါထာတို့သည် ဘယ်အရာကို မှီကုန်သနည်း။ ဘယ်အရာသည် ဂါထာတို့၏ တည်ရာဖြစ်ပါသနည်း"

ဗုဒ္ဓ ။ ။"ဂါထာတို့၏ အခြေခံကား ဆန်းကျမ်းတည်း။ ထို ဂါထာတို့ကို ပီပြင်ထင်ရှားစေသောအရာကား အက္ခရာတည်း။ ဂါထာတို့သည် အမည်ပညတ်ကို မှီကုန်၏။ ဂါထာတို့၏တည်ရာကား ပညာရှိတည်း"

## ၇။ အဒ္ဓဝဂ်

## ၁။ နာမသုတ်

[အမည်သည် အားလုံးကိုလွှမ်းမိုးကြောင်း]

၆၁။

နတ်သား ။ ။"ဘယ်အရာသည် အားလုံးကိုလွှမ်းမိုးသနည်း။ ဘယ် အရာထက် သာလွန်သောအရာမရှိသနည်း။ အလုံးစုံ

သော အရာတို့သည် အဘယ်မည်သော တရားတခု၏ အလိုသို့ လိုက်ကြရသနည်း”

ဗုဒ္ဓ ။ ။“အမည်သည် အားလုံးကို လွှမ်းမိုး၏။ အမည်ထက် သာလွန်သော အရာသည် မရှိ။ အလုံးစုံသော အရာတို့ သည် အမည်ဟူသော တရားတခု၏ အလိုသို့ လိုက်ပါ ကြရကုန်၏”

(ပုဂ္ဂိုလ်သတ္တဝါအရာဝတ္ထုတို့သည် အမည်နှင့်ကင်း၍မတည်နိုင်သောကြောင့် အမည်သည် အားလုံးကိုလွှမ်းမိုး၏ဟု ဆိုလိုသည်။)

## ၂။ စိတ္တသုတ်

[စိတ်သည် လောကကိုဆောင်ထားကြောင်း]

၆၂။

နတ်သား ။ ။“ဘယ်အရာသည် လောကကိုဆောင်ပါသနည်း။ ဘယ် အရာသည် လောကကိုဆွဲငင်အပ်ပါသနည်း။ အလုံးစုံ သော အရာတို့သည် အဘယ်မည်သော တရားတပါး၏ အလိုသို့ လိုက်ပါကြရပါကုန်သနည်း”

ဗုဒ္ဓ ။ ။“စိတ်သည် လောကကို ဆောင်အပ်၏။ စိတ်သည် လောကကို ဆွဲငင်အပ်၏။ အလုံးစုံသောအရာတို့သည် စိတ်ဟူသော တရားတပါး၏ အလိုသို့ လိုက်ပါကြရ ကုန်၏”

## ၃။ တဏှာသုတ်

[တဏှာသည် လောကကိုဆောင်ထားကြောင်း]

၆၃။

နတ်သား ။ ။“ဘယ်အရာသည် လောကကို ဆောင်အပ်ပါသနည်း။ ဘယ်အရာသည် လောကကို ဆွဲငင်အပ်ပါသနည်း။ အလုံးစုံသော အရာတို့သည် အဘယ်မည်သော တရား တပါး၏ အလိုသို့ လိုက်ပါကြရပါသနည်း”

ဗုဒ္ဓ ။ ။“တဏှာသည် လောကကိုဆောင်အပ်၏။ တဏှာသည် လောကကိုဆွဲငင်အပ်၏။ အလုံးစုံသော အရာတို့သည်

တဏှာဟူသော တရားတပါး၏အလိုသို့ လိုက်ပါကြရကုန်၏”

### ၄။ သံယောဇနသုတ်

[လောကကိုနှောင်ဖွဲ့သောတရား]

၆၄။

နတ်သား ။ ။“ဘယ်အရာသည် လောကကို နှောင်ဖွဲ့အပ်ပါသနည်း။ ထိုလောက၏ ခြေတို့ကား အဘယ်တို့ပါနည်း။ ဘယ်တရားမှ ကင်းခြင်းကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်ပါသနည်း”

ဗုဒ္ဓ ။ ။“နှစ်သက်မှုသည် လောကကို နှောင်ဖွဲ့အပ်၏။ ထိုလောက၏ ခြေတို့ကား ကြံစည်ခြင်းဝိတက်ပင်တည်း။ တဏှာမှကင်းခြင်းကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏”

### ၅။ ဗန္ဓနသုတ်

[လောကကိုဆက်စပ်ပေးသောတရား]

၆၅။

နတ်သား ။ ။“ဘယ်အရာသည် လောကကို ဆက်စပ်ပေးပါသနည်း။ ထိုလောက၏ခြေထောက်တို့ကား အဘယ်တို့ပါနည်း။ ဘယ်အရာကိုပယ်ခြင်းကြောင့် အဆက်အစပ်အားလုံး ပြတ်ပါသနည်း”

ဗုဒ္ဓ ။ ။“နှစ်သက်ခြင်းသည် လောကကိုဆက်စပ်ပေး၏။ ဝိတက်သည် ထိုလောက၏ ခြေထောက်ဖြစ်၏။ တဏှာကို ပယ်ခြင်းကြောင့် အဆက်အစပ်အားလုံးပြတ်၏”

### ၆။ အတ္တဟတသုတ်

[လောကကိုလွှမ်းမိုးနှိပ်စက်နေသောအရာ]

၆၆။

နတ်သား ။ ။“ဘယ်အရာသည် လောကကို လွှမ်းမိုးနှိပ်စက်အပ်ပါသနည်း။ ဘယ်အရာသည် လောကကို ခြံရံအပ်ပါ

သနည်း။ အဘယ်သို့သောမြားသည် လောကကို စူးဝင်နေအပ်ပါသနည်း။ ဘယ်အရာဖြင့် လောကသည် အမြဲတောက်လောင်နေပါသနည်း”

ဗုဒ္ဓ ။ ။“သေခြင်းသည် လောကကို လွှမ်းမိုးနှိပ်စက်အပ်၏။ အိုခြင်းသည် လောကကို ခြံရံအပ်၏။ တဏှာတည်းဟူသော မြားသည် လောကကို စူးဝင်အပ်၏။ အလိုရမွက်ဖြင့် လောကသည် အမြဲ တောက်လောင်နေ၏”

## ၇။ ဥဍ္ဍိတသုတ်

[လောကကို ချိတ်ဆွဲထားသောအရာ]

၆၇။

နတ်သား ။ ။“ဘယ်အရာဖြင့် လောကကို ချိတ်ဆွဲထားအပ်ပါသနည်း။ ဘယ်အရာသည် လောကကို ခြံရံအပ်ပါသနည်း။ ဘယ်အရာသည် လောကကို ပိတ်ဆို့အပ်ပါသနည်း။ဘယ်အရာ၌ လောကသည် တည်ပါသနည်း”

ဗုဒ္ဓ ။ ။“တဏှာဖြင့် လောကကို ချိတ်ဆွဲထားအပ်၏။အိုခြင်းသည်လောကကိုခြံရံအပ်၏။သေခြင်းသည် လောကကို ပိတ်ဆို့အပ်၏။ ဆင်းရဲခြင်း၌ လောကသည် တည်၏”

## ၈။ ပိဟိတသုတ်

[လောကကို ပိတ်ဆို့နေသောအရာ]

၆၈။

နတ်သား ။ ။“ဘယ်အရာသည် လောကကို ပိတ်ဆို့အပ်ပါသနည်း။ ဘယ်အရာ၌ လောကသည် တည်ပါသနည်း။ ဘယ်အရာဖြင့် လောကကို ဆွဲချိတ်ထားအပ်ပါသနည်း။ ဘယ်အရာသည် လောကကို ခြံရံအပ်ပါသနည်း”

ဗုဒ္ဓ ။ ။“သေခြင်းသည် လောကကိုပိတ်ဆို့အပ်၏။ဆင်းရဲခြင်း၌လောကသည် တည်၏။တဏှာဖြင့် လောကကိုချိတ်ဆွဲထားအပ်၏။ အိုခြင်းသည် လောကကို ခြံရံအပ်၏”

## ၉။ ဝုဍ္ဍသုတ်

[အလိုရမ္မက်က လောကကို ဖွဲ့နှောင်ထားကြောင်း]

၆၉။

နတ်သား ။ ။"ဘယ်အရာသည် လောကကို ဖွဲ့နှောင်ထားပါသနည်း။ ဘယ်အရာကို ပယ်ခြင်းဖြင့် လောကမှ လွတ်မြောက်ပါသနည်း။ ဘယ်အရာကို ပယ်ခြင်းကြောင့် အနှောင်အဖွဲ့အားလုံး ပြတ်ပါသနည်း"

ဗုဒ္ဓ ။ ။"အလိုရမ္မက်သည် လောကကို ဖွဲ့နှောင်ထား၏။ အလိုရမ္မက်ကို ပယ်ခြင်းဖြင့် လောကမှ လွတ်မြောက်၏။ အလိုရမ္မက်ကို ပယ်ခြင်းကြောင့် အနှောင်အဖွဲ့အားလုံး ပြတ်၏"

## ၁၀။ လောကသုတ်

[လောက ဖြစ်ပေါ်နေခြင်းအကြောင်း]

၇၀။

နတ်သား ။ ။"ဘယ်အရာဖြစ်ပေါ်၍ လောကသည် ဖြစ်ပေါ်နေပါသနည်း။ ဘယ်အရာ၌ လောကသည် ပေါင်းဖော်ခြင်းကို ပြုပါသနည်း။ ဘယ်အရာကို အကြောင်းပြု၍ လောကသည်ဖြစ်ပေါ်ပါသနည်း။ဘယ်အရာသည် လောကကို နှိပ်စက်အပ်ပါသနည်း"

ဗုဒ္ဓ ။ ။"မျက်စိ၊ နား စသော အတွင်းအာယတန ခြောက်ပါး ဖြစ်ပေါ်၍ လောကသည်ဖြစ်ပေါ်၏။ယင်းခြောက်ပါးတို့၌ လောကသည် ပေါင်းဖော်ခြင်းကိုပြု၏။ ယင်းခြောက်ပါးကို အကြောင်းပြု၍သာလျှင် လောကသည် ဖြစ်ပေါ်၏။ ယင်းခြောက်ပါးတို့သည်ပင် လောကကို နှိပ်စက်အပ်၏"

# ၈။ သေတ္တဝဂ်

## ၁။ သေတ္တသုတ်

[ဘာကိုဖြတ်လျှင် ချမ်းသာမည်နည်း]

၇၁။

နတ်သား ။ ။"ဘယ်အရာကိုဖြတ်လျှင် ချမ်းသာစွာ နေရပါသနည်း။ ဘယ်အရာကိုဖြတ်လျှင် မစိုးရိမ်ရပါသနည်း။ အဘယ်မည်သော တရားတပါးကို ဖြတ်တောက်ခြင်းကို အရှင်ဘုရားသည် နှစ်သက်ပါသနည်း"

ဗုဒ္ဓ ။ ။"အမျက်ဒေါသကို ဖြတ်လျှင် ချမ်းသာစွာ နေရ၏။ အမျက်ဒေါသကို ဖြတ်လျှင် မစိုးရိမ်ရ။ အဆိပ်လျှင် အရင်းအမြစ်ရှိသော၊ ချိုသော အဖျားရှိသော အမျက်ဒေါသကို ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်းကြကုန်၏။ အကြောင်းကား ယင်းကိုဖြတ်လျှင် မစိုးရိမ်ရသောကြောင့် ဖြစ်၏"

(ဝိသမူလဿ တိဒုက္ခ ဝိပါကဿ–ဟူသော အဋ္ဌကထာအရ ဆင်းရဲသော အကျိုးကို ခံစားရခြင်းသည် အဆိပ်လျှင် အရင်းအမြစ်ရှိခြင်းဖြစ်၏။ မဓုရဂ္ဂဿတိကုဒ္ဓဿပတိကုဇ္ဈိက္ခာ၊အက္ကုဋ္ဌဿမစ္စက္ကောသိတွာ၊ပဟဋ္ဌဿစပဋိပဟရိတွာသုခံ ဥပ္ပဇ္ဇတိ-ဟူသော အဋ္ဌကထာအရ မိမိအား စိတ်ဆိုးသူကို ပြန်၍စိတ်ဆိုး၊ မိမိအားဆဲသူကို ပြန်၍ဆဲ၊မိမိအားရိုက်နှက်သူကို ပြန်၍ ရိုက်နှက်လိုက်ရသဖြင့် စားဝင်အိပ်ပျော်ရှိခြင်းကို ရည်ရွယ်၍-ချိုသောအဖျားရှိသော ဟု ဟောကြားခြင်း ဖြစ်ပါသည်။)

## ၂။ ရထသုတ်

[ရထား၏ အမှတ်လက္ခဏာ]

၇၂။

နတ်သား ။ ။"ရထား၏ အမှတ်လက္ခဏာကား အဘယ်ပါနည်း။ မီး၏ အမှတ်လက္ခဏာကား အဘယ်ပါနည်း။ တိုင်းနိုင်ငံ၏ အမှတ်လက္ခဏာကား အဘယ်ပါနည်း။ မိန်းမ၏အမှတ်လက္ခဏာကား အဘယ်ပါနည်း"

ဗုဒ္ဓ ။ ။"ရထား၏ အမှတ်လက္ခဏာကား အလံတည်း။ မီး၏ အမှတ်လက္ခဏာကား မီးခိုးတည်း။ တိုင်းနိုင်ငံ၏အမှတ် လက္ခဏာကား မင်းတည်း။ မိန်းမ၏ အမှတ်လက္ခဏာ ကား လင်ယောကျ်ားတည်း"

### ၃။ ဝိတ္တသုတ်

### [မြတ်သောဥစ္စာ]

၇၃။

နတ်သား ။ ။"ဤလောက၌ လူသားတယောက်၏ မြတ်သောဥစ္စာ ကား အဘယ်ပါနည်း။ ဘယ်အရာသည်ကောင်းစွာ လေ့ကျက်အပ်သော် ချမ်းသာကို ဆောင်တတ်ပါ သနည်း။ အရသာတို့တွင် စင်စစ်အကောင်းမြတ်ဆုံးဖြစ် သောအရသာကား အဘယ်ပါနည်း။ မည်သို့အသက် မွေးသူကို မြတ်သော အသက်မွေးခြင်းရှိသူဟု ဆိုကြ ပါသနည်း"

ဗုဒ္ဓ ။ ။"ဤလောက၌ လူသားတယောက်၏ မြတ်သောဥစ္စာ ကား ယုံကြည်ခြင်းသဒ္ဓါတည်း၊ ကုသိုလ်တရားသည် ကောင်းစွာ လေ့ကျက်အပ်သည် ရှိသော် ချမ်းသာကို ဆောင်တတ်၏။ အရသာတို့တွင် စင်စစ်အကောင်း မြတ်ဆုံးဖြစ်သော အရသာကား သစ္စာတရားတည်း။ ပညာဖြင့်အသက်မွေးသူကို မြတ်သောအသက်မွေးခြင်း ရှိသူဟု ဆိုကြ၏"

### ၄။ ဝုဋ္ဌိသုတ်

### [မိုးရေနှင့် အဝိဇ္ဇာ]

၇၄။

ပထမ နတ်သား ။ ။"အပေါ်သို့တက်သော အရာတို့တွင် ဘယ်အရာသည် မြတ်ပါသနည်း။ အောက်သို့ကျသော အရာတို့တွင် ဘယ်အရာသည်မြတ်ပါသနည်း။ ခြေဖြင့်သွားတတ်သူတို့

တွင်အဘယ်သူသည် မြတ်ပါသနည်း။ စကားပြောတတ်သူတို့တွင် အဘယ်သူသည် မြတ်ပါသနည်း"

ဒုတိယ နတ်သား ॥ ॥"အပေါ်သို့တက်သော အရာတို့တွင် မျိုးစေ့သည်မြတ်၏။ အောက်သို့ကျသောအရာတို့တွင် မိုးရေ မိုးပေါက်သည်မြတ်၏၊ ခြေဖြင့်သွားတတ်သူတို့တွင် နွားသည်မြတ်၏။ စကားပြောတတ်သူတို့တွင်သားသည်မြတ်၏"

ဗုဒ္ဓ ॥ ॥"အပေါ်သို့တက်သော အရာတို့တွင် အသိဉာဏ်ဝိဇ္ဇာသည်မြတ်၏။ အောက်သို့ကျသောအရာတို့တွင် မသိမြင်ခြင်း အဝိဇ္ဇာသည်မြတ်၏ (သာလွန်၏)။ ခြေဖြင့်သွားတတ်သူတို့တွင် သံဃာသည်မြတ်၏။ စကားပြောတတ်သူတို့တွင် မြတ်စွာဘုရားသည်မြတ်၏"

## ၅။ ဘီတာသုတ်

## [ကြောက်ရွံ့ခြင်း၏အကြောင်း]

၇၅။

နတ်သား ॥ ॥"များစွာသောအကြောင်းဖြင့် ဟောကြားအပ်သော နိဗ္ဗာန်လမ်းခရီးသည် ရှိပါလျက် ဤလောက၌များစွာသော လူအပေါင်းသည် အဘယ့်ကြောင့် ကြောက်ရွံ့နေကြပါသနည်း။ မြေကြီးအထုနှင့်တူသော ပညာရှိသည့် ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ကျွန်ုပ်မေးလျှောက်ပါသည်။ ဘယ်အရာ၌တည်သော သူသည် တမလွန်လောကကိုမကြောက်ပါသနည်း"

ဗုဒ္ဓ ॥ ॥"အကြင်သူသည်နှုတ်နှင့်စိတ်ကို ကောင်းစွာစောင့်ထိန်းပြီး ကိုယ်ဖြင့်လည်း မကောင်းမှုကိုမပြုပဲ ပေါများသော စားဖွယ်သောက်ဖွယ်ရှိသည့် အိုးအိမ်ကိုအုပ်ချုပ်နေ၏။ ယုံကြည်ခြင်း၊ နူးညံ့ပြေပြစ်ခြင်း၊ ခွဲခြမ်းဝေဖန်ခြင်း၊ ပြောဆိုမှု၌ လိမ္မာခြင်းဟူသော တရားလေးပါးတို့၌လည်း တည်၏။ ထိုသူသည် တမလွန်လောကကို ကြောက်ရွံ့မည်မဟုတ်ပေ"

## ၆။ နဇီရတိသုတ်

[မဆွေးမြည့်သောအရာ]

၇၆။

နတ်သား ။ ။"ဘယ်အရာသည် ဆွေးမြည့်၍ ဘယ်အရာသည် မဆွေးမြည့်ပါသနည်း။ ဘယ်အရာကို လမ်းမှား ဟုဆိုပါသနည်း။ ဘယ်အရာသည် တရားတို့၏ ဘေးရန်မည်ပါသနည်း။ ဘယ်အရာသည်နေ့တိုင်းညတိုင်းကုန်ခန်းသွားပါသနည်း။ ဘယ်အရာသည် အကျင့်မြတ်၏ အညစ်အကြေးမည်ပါသနည်း။ ရေမဟုတ်သော ဆေးကြောဖွယ်သည် အဘယ်ပါနည်း။ စီးပွား ဥစ္စာ မ တည် မြဲကြောင်းဖြစ်သည့် အပေါက်အကြားတို့သည် ဘယ်မျှရှိပါသနည်း"

ဗုဒ္ဓ ။ ။"သတ္တဝါတို့၏ ရုပ်သည် ဆွေးမြည့်တတ်၏။ အမည်အနွယ်သည် မဆွေးမြည့်တတ်။ ရာဂကိုလမ်းမှားဟုဆို၏။ လောဘသည် တရားတို့၏ ဘေးရန်မည်၏။ အရွယ်သည် နေ့တိုင်း ညတိုင်း ကုန်ခန်းသွား၏။မိန်းမသည် အကျင့်မြတ်၏ ဘေးရန်မည်၏။ ခြိုးခြံစွာကျင့်ခြင်း၊ မေထုန်မှ ရှောင်ကြဉ်ခြင်းသည် ရေမဟုတ်သော ဆေးကြောဖွယ်ဖြစ်၏။ စီးပွားဥစ္စာ မတည်မြဲကြောင်းဖြစ် သော အပေါက် အကြား တို့သည် ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ ထကြွမှုမရှိခြင်း၊ မစောင့်စည်းခြင်း၊ အအိပ်ကျူးခြင်း၊ ထုံထိုင်းခြင်းဟူ၍ ခြောက်ပါး ရှိ၏။ ယင်းအပေါက် ခြောက်ခုကို အမြဲ ပိတ်ဆို့ထားရာ၏"

## ၇။ ဣဿရိယသုတ်

[အစိုးရခြင်းဟူသည်]

၇၇။

နတ်သား ။ ။"လောက၌ အစိုးရခြင်း ဟူသည် အဘယ်ပါနည်း။ ပစ္စည်းဥစ္စာတို့တွင်ဘယ်အရာသည်မြတ်သောပစ္စည်းဥစ္စာဖြစ်ပါ သ နည်း။ လော က တွင် ပညာ လက် နက်၏

အ ညစ် အ ကြေး သည် အ ဘယ်ပါ နည်း။ လော ကဥ္စ ဘေးရန်သည် အဘယ်ပါနည်း။ အဘယ်ကို ယူဆောင် သူကို တားမြစ်ပါသနည်း။ ယူဆောင်သောအဘယ်သူကို ချစ်မြတ်နိုးအပ်ပါသနည်း။ အဖန်တလဲလဲ လာသော အ ဘယ် သူ ကို ပညာ ရှိ တို့ လွန် စွာ နှစ် သက် ကြ ပါ သနည်း''

ဗုဒ္ဓ ။ ။''လောကဥ္စ အစိုးရခြင်း ဟူသည် အာဏာ၌ တည်စေ နိုင်ခြင်းဖြစ်၏။ပစ္စည်းဥစ္စာတို့တွင်မိန်းမသည်မြတ်သော ပစ္စည်းဥစ္စာဖြစ်၏။ လောကဥ္စပညာလက်နက်၏ အညစ် အ ကြေး ကား အ မျက် ဒေါ သ ဖြစ် ၏။ လော က ဥ္စ ဘေးရန်ဟူသည် ခိုးသူ ဖြစ်၏။ ပစ္စည်းဥစ္စာကို ခိုးယူ သော ခိုးသူကို တားမြစ်ကြကုန်၏။ စာရေးတံ ဆွမ်း စသည်ကို ယူဆောင်သွားသော ရဟန်း ကို ချစ်ခင် မြတ်နိုးအပ်၏။ အဖန် တလဲလဲ လာ သော ရဟန်းကို ပညာရှိတို့ လွန်စွာ ချစ်ခင် မြတ်နိုးကြကုန်၏''

## ၈။ ကာမသုတ်

[အကျိုးစီးပွားကိုလိုလားသူ]

၇၈။

နတ်သား ။ ။''အကျိုးစီးပွားကိုလိုလားသူသည် အဘယ်ကိုမပေးလှူ သင့်ပါသနည်း။ အဘယ်ကို မစွန့်လွှတ်သင့်ပါသနည်း။ ကောင်းသော ဘယ်အရာကို ထွက်စေသင့်ပါသနည်း။ မကောင်း သော ဘယ်အရာကို မ ထွက် စေ သင့် ပါ သနည်း''

ဗုဒ္ဓ ။ ။''အကျိုး စီးပွားကို လို လား သူ သည် မိမိ ကိုယ်ကို (ကျွန်အဖြစ်ဖြင့်) မပေးလှူသင့်။ မိမိကိုယ်ကို (ခြင်္သေ့၊ ကျား စသည်တို့အား) မစွန့်လွှတ်သင့်။ ကောင်းသော စကားကို နှုတ်မှ ထွက်စေ သင့်၏။ မကောင်း သော စကားကို နှုတ်မှ မထွက်စေသင့်''

## ၉။ ပါထေယျသုတ်

### [ရိက္ခာထုပ်နှင့်တူသောတရား]

၇၉။

နတ်သား ။ ။"ဘယ်အရာသည် ရိက္ခာထုပ်မည်ပါသနည်း။ စည်းစိမ် ဥစ္စာတို့၏ တည်ရာသည် အဘယ်ပါနည်း။ ဘယ်အရာ သည် လူကို ဆွဲငင်ပါသနည်း။ လောက၌ ဘယ်အရာကို စွန့်နိုင်ခဲပါသနည်း။ ကျော့ကွင်းဖြင့် ငှက်ကိုဖွဲ့ချည်ထား သကဲ့သို့ ဘယ်အရာသည် များစွာသော သတ္တဝါတို့ကို ဖွဲ့ချည်ထားပါသနည်း"

ဗုဒ္ဓ ။ ။"သဒ္ဓါသည် ရိက္ခာထုပ် မည်၏။ စည်းစိမ်ဥစ္စာတို့၏ တည်ရာကား အစိုးရခြင်း ဖြစ်၏။ အလိုရမ္မက်သည် လူကို ဆွဲငင်၏။ လောကတွင် အလိုရမ္မက်ကို စွန့်နိုင် ခဲ၏။ ကျော့ ကွင်း ဖြင့် ငှက်ကို ဖွဲ့ချည်ထား သကဲ့သို့ အလိုရမ္မက်သည် များစွာသော သတ္တဝါတို့ကို ဖွဲ့ချည် ထား၏"

## ၁၀။ ပဇ္ဇောတသုတ်

### [အရောင်အလင်း ဟူသည်]

၈၀။

နတ်သား ။ ။"လောကတွင် အရောင်အလင်း ဟူသည် အဘယ်ပါ နည်း။ လောက၌ ဘယ်အရာသည် နိုးကြားခြင်းမည်ပါ သနည်း။ အသက်မွေးဝမ်းကျောင်း အလုပ်၌ အဖော် သည်အဘယ်ပါနည်း။ ထိုသူ၏ အသက်မွေးကြောင်း ကား အဘယ်ပါနည်း။ မိခင်သည် သားကို ကျွေးမွေး သကဲ့သို့ ပျင်း ရိ သူ ကို လည်း ကောင်း၊ မပျင်းရိ သူကို လည်းကောင်း၊ ကျွေးမွေးသော အရာကား အဘယ် ပါနည်း။ မြေ၌ တည်သော သတ္တဝါတို့သည် ဘာကို မှီ၍ အသက်မွေးကြရပါကုန်သနည်း"

ဗုဒ္ဓ ။ ။"လောက၌ ပညာသည် အရောင်အလင်း မည်၏။ လောက၌ သတိသည် နိုးကြားခြင်းမည်၏။ အသက်မွေး ဝမ်းကျောင်း အ လုပ် ၌ နွား သည် အဖော်မည်၏။

ထိုသူ၏ အသက်မွေးကြောင်းကား ထွန်တုံး ဖြစ်၏။ မိခင်သည် သားကို ကျွေးမွေးသကဲ့သို့ မိုးသည် ပျင်းရိသူကို လည်း ကောင်း၊ မပျင်းရိ သူကို လည်းကောင်း ကျွေးမွေး၏။ မြေ၌ တည်သော သတ္တဝါ တို့ သည် မိုးကို မှီ၍ အသက်မွေးကြရကုန်၏"

## ၁၁။ အရဏသုတ်

[မည်စစ်အကြေးကင်းသူ]

ဂ၁။

နတ်သား ။ ။"ဤလောက၌ အညစ်အကြေး ကင်းသူများ သည် မည်သူတို့ ဖြစ်ပါသနည်း။ အဘယ်သူတို့ ကျင့်သုံးအပ်သော သီလသည် မပျက်စီးပါသနည်း။ အဘယ်သူတို့သည် အလိုရမ္မက်ကို ပိုင်းခြား၍ သိပါကုန်သနည်း။ အဘယ်သူတို့အား တဏှာ၏ကျွန်အဖြစ်မှ အစဉ် လွတ်မြောက်ခြင်းသည် ဖြစ်ပါသနည်း။ အဘယ်သူကို မိဘသားချင်းတို့က ရှိခိုးကြပါသနည်း။ ဇာတ်အားဖြင့် ယုတ်သော်လည်း အဘယ်သူကို မင်းမျိုးတို့က ရှိခိုးကြပါသနည်း"

ဗုဒ္ဓ ။ ။"ဤလောက၌ ကိလေသာငြိမ်းပြီးသောရဟန်းတို့သည် အညစ်အကြေးကင်းသူများဖြစ်၏။ ထိုရဟန်းတို့ ကျင့်သုံးအပ်သောသီလသည် မပျက်စီးနိုင်။ ထိုရဟန်းတို့သည် အလိုရမ္မက်ကို ပိုင်းခြား၍သိကုန်၏။ ထိုရဟန်းတို့အား တဏှာ၏ကျွန်အဖြစ်မှအစဉ်ကင်းလွတ်ခြင်းသည် ဖြစ်၏။ ထိုရဟန်းကို မိဘသားချင်းတို့က ရှိခိုးကြကုန်၏။ ဇာတ်အားဖြင့် ယုတ်သော်လည်း ထိုရဟန်းကို မင်းမျိုးတို့က ရှိခိုးကြကုန်၏"

# ၂။ ဒေဝပုတ္တသံယုတ်

[အမည်ထင်ရှားသော နတ်သားတို့နှင့် စပ်သည့် ဟောကြားချက်များ]

## ၁။ ပဌမဝဂ်

### ၁။ ပဌမကဿပသုတ်

[ကဿပနတ်သား၏လျှောက်ကြားချက်]

၈၂။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာသီတင်းသုံးနေစဉ်ကဿပ နတ်သားသည် သန်းခေါင်ယံအချိန်တွင် ဗုဒ္ဓထံချဉ်းကပ်၍ 'မြတ်စွာဘုရားသည် ရဟန်း အမျိုးအစားကိုသာ ဟောကြားတော်မူ၏။ ရဟန်းအား ဆုံးမသော စကားကိုမူ ဟောကြားတော်မမူ'ဟူ၍ လျှောက်ကြားလေ၏။ ထိုအခါ ဗုဒ္ဓက 'ကဿပ၊ သို့ဖြစ်သော် အဆုံးအမကို ဟောကြားရေး၌ သင့်ဉာဏ်အား ထင်ပါ စေလော့'(သင့်ဉာဏ်မှာ ထင်သည့်အတိုင်း လျှောက်ကြားလော့)ဟု မိန့်တော်မူရာ နတ်သားသည် အောက်ပါဂါထာကို လျှောက်ကြားလေ၏။

"ရဟန်းသည် ကောင်းစွာ ပြောဆိုအပ်သော စကားကို လည်းကောင်း၊ ရဟန်းတို့ မှီဝဲအပ်သော ကမ္မဋ္ဌာန်း အလုပ်ကို လည်းကောင်း၊ ဆိတ်ငြိမ်ရာ၌ တပါးတည်း နေခြင်း ကို လည်း ကောင်း၊ စိတ် ငြိမ်သက် အေးချမ်း ကြောင်း ဖြစ်သော ဈာန် သမာပတ်ကိုလည်းကောင်း ကျင့်သုံးအားထုတ်သင့်၏"

ကဿပ နတ်သား၏ လျှောက်ကြားချက်ကို ဗုဒ္ဓက နှစ်သက်လက်ခံတော်မူ၏။ ထိုအခါ နတ်သားသည် ဗုဒ္ဓအား အရိုအသေပေးပြီး ထိုနေရာ၌ပင် ကွယ်ပျောက်သွားလေသည်။

### ၂။ ဒုတိယ ကဿပသုတ်

၈၃။ ဒုတိယ ကဿပသုတ်၌ "အရဟတ္တဖိုလ်ကို အလိုရှိသော ရဟန်းသည် ဈာန်ဝင်စားနိုင်သူ၊ ကိလေသာမှ လွတ်မြောက်သောစိတ် ရှိသူ ဖြစ် ရာ ၏။

လောက၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိ၍ တစုံတခုသော အာရုံကို မှီတွယ်ခြင်း မရှိပဲ အရဟတ္တဖိုလ်ကို မျှော်လင့်တောင့်တလျက်သာနေရာ၏''ဟု ဟောကြား၏။

၈၄။ မာဃသုတ်၌ မာဃနတ်သား၏လျှောက်ကြားချက်မှာ သုတ်စဉ် ၇၁။ (ဆေတွာသုတ်နှင့် တူ၏)

၈၅။ မာဂဓသုတ်၌ မာဂဓနတ်သား၏လျှောက်ကြားချက်မှာသုတ်စဉ်၂၆။ ပဇ္ဇောတသုတ်နှင့် တူ၏။

## ၅။ ဒါမလိသုတ်

### [ဒါမလိနတ်သား၏ လျှောက်ကြားချက်]

၈၆။

နတ်သား ။ ။''ကာမဂုဏ်တို့ကိုပယ်ပြီး၍ အညစ်အကြေး ကင်းစင်ပြီးသော ပုဂ္ဂိုလ်သည် ပျင်းရိခြင်း မရှိပဲ ကမ္မဋ္ဌာန်းကို အားထုတ်အပ်၏''

ဗုဒ္ဓ ။ ။''အညစ်အကြေး ကင်းစင်ပြီးသောပုဂ္ဂိုလ်အား ပြုဖွယ် ကိစ္စသည်မရှိ။ ထိုပုဂ္ဂိုလ် သည် ကိစ္စပြီး မြောက် ပြီး သူ ဖြစ်၏။ မြစ်ချောင်းတို့၌ ကူးခပ်သူသည် မိမိကိုယ်ဖြင့် ထောက်တည်ရာ မရမီသာလျှင် အားထုတ်ကူးခပ်ရ၏။ ထောက်တည်ရာ ရ၍ ကုန်း မြေ ၌ တည် သော အခါ အားထုတ်ခြင်း မပြုတော့ချေ။ ဒါမလိ ထို့အတူပင် အာသဝ ကုန်ခန်း၍ ငြိမ်း ကျက် သော ပညာ ရှိ သည့် အညစ်အကြေး ကင်းစင်ပြီးသော ပုဂ္ဂိုလ်အား ပြုဖွယ် ကိစ္စသည်မရှိ။ စင်စစ် ထိုပုဂ္ဂိုလ်သည်မွေးခြင်း၊ သေခြင်း တို့၏ အဆုံးသို့ ရောက်၍ တဘက်ကမ်းသို့ ရောက်ပြီးသူ ဖြစ်၏''

## ၆။ ကာမဒသုတ်

### [ကာမဒနတ်သား၏ လျှောက်ကြားချက်]

၈၇။

နတ်သား ။ ။''မြတ်စွာဘုရား(ရဟန်းတရားသည်) ပြုကျင့်ရန် ခက်ခဲလှပါ၏။ အလွန်ပင် ခက်ခဲလှပါ၏''

ဗုဒ္ဓ ။ ။"ကာမဒ၊ သီလနှင့် ပြည့်စုံ၍ တည်တံ့သော သဘော ရှိသော သေက္ခပုဂ္ဂိုလ်တို့သည် ပြုကျင့်ရန် ခက်ခဲသော အကျင့်ကို ပြုကျင့်ကြကုန်၏။ ရဟန်း အဖြစ်သို့ ကပ်ရောက်သော ပုဂ္ဂိုလ်၏ ရောင့်ရဲခြင်းသည် ချမ်းသာကို ဆောင်တတ်၏"

နတ်သား ။ ။"မြတ်စွာဘုရား၊ ရောင့်ရဲခြင်းသည် ရရှိရန် ခက်ခဲလှပါ၏"

ဗုဒ္ဓ ။ ။"ကာမဒ၊ နေ့ရောညပါ ဘာဝနာ၌ ပျော်မွေ့သော စိတ်ရှိ၍ စိတ်ငြိမ်းအေးကြောင်း တရား၌ မွေ့လျော်သော ပုဂ္ဂိုလ်တို့သည် ရနိုင်ခဲသော ရောင့်ရဲမှုကို ရရှိကြကုန်၏"

နတ်သား ။ ။"မြတ်စွာဘုရား၊ စိတ်ကို ကောင်းစွာထားရန် ခက်ခဲလှပါ၏"

ဗုဒ္ဓ ။ ။"ကာမဒ၊ ဣန္ဒြေတို့၏ ငြိမ်သက်မှု၌ မွေ့လျော်သော အရိယာပုဂ္ဂိုလ်တို့သည် ကောင်းစွာထားရန် ခက်ခဲသော စိတ်ကို ကောင်းစွာထားနိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် သေမင်း၏ ပိုက်ကွန်ကို ဖြတ်၍ သွားနိုင်ကြကုန်၏"

နတ်သား ။ ။"မြတ်စွာဘုရား၊ မညီညွတ်သော လမ်းခရီးကိုသွားရန် ခက်ခဲလှပါ၏"

ဗုဒ္ဓ ။ ။"ကာမဒ၊ အရိယာပုဂ္ဂိုလ်တို့သည် မညီညွတ်၍ ခက်ခဲသော လမ်းခရီး၌လည်း သွားနိုင်ကြကုန်၏။ အရိယာ မဟုတ်သူတို့သည်ကား မညီညွတ်သော လမ်းခရီး၌ ဦးခေါင်းစောက်ထိုး လဲကျကြကုန်၏။ အရိယာတို့၏ လမ်းခရီးသည် ညီညွတ်၏။ မှန်၏။ အရိယာတို့သည် မညီညွတ်သောလောက၌ ညီညွတ်မှုရှိသူများဖြစ်၏"

## ၇။ ပဥ္စာလစဏ္ဍသုတ်

### [ပဥ္စာလစဏ္ဍနတ်သား၏လျှောက်ကြားချက်]

၁၁။
နတ်သား ။ ။ "မြေကြီးအထုနှင့် တူသော ပညာရှိ၍ ဈာန်ကိုသိမြင်သော မြတ်စွာဘုရားသည် ကျဉ်းမြောင်းသောလောက၌ ထောက်တည်ရာကို ရတော်မူ၏"
ဗုဒ္ဓ ။ ။ "ပဥ္စာလစဏ္ဍ၊ နိဗ္ဗာန်သို့ရောက်ကြောင်း သတိကိုရရှိ၍ ကောင်းစွာတည်ကြည်မှုရှိသော ပုဂ္ဂိုလ်တို့သည် ကျဉ်းမြောင်းသောလောက၌ထောက်တည်ရာကိုရကြကုန်၏"

## ၈။ တာယနသုတ်

### [တာယနနတ်သား၏လျှောက်ကြားချက်]

၁၉။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် တာယနမည်သော နတ်သားသည် သန်းခေါင်ယံအချိန်၌ ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာများကို လျှောက်ကြားလေသည်။

"အညစ်အကြေးကင်းစင်ပြီးသော မြတ်စွာဘုရား၊ လုံ့လပြု၍ တဏှာ ရေအလျဉ်ကို ဖြတ်တောက်ပါလော့။ ကာမဂုဏ်တို့ကို ပယ်နုတ်ပါလော့။ ရဟန်းသည် ကာမဂုဏ်တို့ကို မပယ်မူ၍ တည်ငြိမ်မှုသို့ မရောက်နိုင်ပါ။

"အားထုတ်မှုကိုပြုလုပ်သော် မဆုတ်မနစ်ပြုလုပ်ရာ၏။ စွဲမြဲစွာ အားထုတ်ရာ၏။ လျော့လျဲ သောရဟန်းအဖြစ်သည် ကိလေသာမြူကို လွန်စွာ ထစေ၏။

"နောင်တတဖန် ပူပန်ရမည့် မကောင်းသောအလုပ်ကို မပြုလုပ်ခြင်းသည် ကောင်း၏။ နောင်တ တဖန် မပူပန်ရမည့် ကောင်းသောအလုပ်ကို ပြုလုပ်ခြင်းသည်လည်း ကောင်း၏။ မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် လက်ကိုသာလျှင် ရှသကဲ့သို့၊ ထို့အတူ မကောင်းသဖြင့် သုံးသပ်အပ်သော ရဟန်းအဖြစ်သည် ငရဲသို့ ဆွဲငင်တတ်၏။

"လျော့လျဲသောအမှု၊ ညစ်နွမ်းသောအကျင့်နှင့် ယုံမှားဖွယ်ရှိသော အကျင့် မြတ်သည် အကျိုးမများပေ"

ထိုညလွန်၍ နောက်နေ့သို့ရောက်သောအခါ ဗုဒ္ဓသည် ရဟန်းတို့အား တာယနနတ်သား လျှောက်ကြားသွားသောဂါထာတို့ကို ပြန်လည် ဟောကြားပြီး ထိုဂါထာတို့ကို သင်ယူမှတ်သားထားကြရန် တိုက်တွန်းတော်မူလေသည်။

## ၉။ စန္ဒိမသုတ်

## [လနတ်သားကို အသူရိန်ဖမ်းခြင်း]

၉၀။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် လနတ်သားကို ရာဟုအသူရိန်က ဖမ်းထားလေသည်။ ထိုအခါ လနတ်သားသည် ဗုဒ္ဓကို အာရုံပြုလျက် အောက်ပါဂါထာကို ရွတ်ဆိုလေသည်။

"ကြီးမြတ်သော လုံ့လရှိသောမြတ်စွာဘုရား၊ အရှင်ဘုရားအား ကျွန်ုပ်ရှိခိုးပါ၏။ အရှင်ဘုရားသည် အရာအားလုံး၌ လွတ်မြောက်ပြီးသူဖြစ်ပါ၏။ ကျွန်ုပ်ကား အကျဉ်းအကျပ်သို့ ရောက်နေသူဖြစ်ပါသည်။ အရှင်ဘုရားသည် ကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော်မူပါလော့"

ထိုအခါ ဗုဒ္ဓသည် လနတ်သားကိုအကြောင်းပြု၍ ရာဟုအသူရိန်အား အောက်ပါ ဂါထာကိုမြွက်ကြားတော်မူ၏။

"အပူဇော်ခံထိုက်သော မြတ်စွာဘုရားကို လနတ်သားသည် ကိုးကွယ်ခြင်းသို့ရောက်၏။ အိုရာဟု၊ သင်သည်လနတ်သားကိုလွှတ်လော့။ မြတ်စွာဘုရားတို့သည် လောကကို သနားကြင်နာတော်မူကြကုန်၏"

ဗုဒ္ဓက ထိုသို့မြွက်ကြားလေသော် ရာဟုအသူရိန်သည် လနတ်သားကိုလွှတ်၍ ဝေပစိတ္တိအသူရိန်ထံ လျင်မြန်စွာချဉ်းကပ်ပြီး ထိတ်လန့်တုန်လှုပ်စွာ ရပ်နေလေသည်။ ဝေပစိတ္တိအသူရိန်က "အိုရာဟု၊ သင်သည်အဘယ့်ကြောင့် လနတ်သားကို အဆောတလျင်လွှတ်ခဲ့ပြီး ထိတ်လန့်တုန်လှုပ်လျက် ရပ်နေဘိသနည်း"ဟု မေးလေသည်။ ထိုအခါ ရာဟုအသူရိန်က "ကျွန်ုပ်သည် ဗုဒ္ဓမြွက်အပ်သော ဂါထာကို ကြောက်ရွံ့လှပါသည်။ လနတ်သားကို မလွှတ်လျှင် ကျွန်ုပ်၏ခေါင်းသည် ခုနစ်စိတ်ကွဲပါလိမ့်မည်။ ကျွန်ုပ်သည် အသက်ရှင်နေလျှင်လည်း ချမ်းသာခြင်းကို ရနိုင်တော့မည်မဟုတ်ပါ"ဟု ဖြေကြားလေသည်။

## ၁၀။ သူရိယသုတ်

## [နေနတ်သားကို အသူရိန်ဖမ်းခြင်း]

၉၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် နေနတ်သားကို ရာဟုအသူရိန်ကဖမ်းထားလေသည်။ ထိုအခါ နေနတ်သားသည် ဗုဒ္ဓကိုအာရုံပြု၍ လနတ်သားရွတ်ဆိုသော ဂါထာကိုရွတ်ဆိုရာ ဗုဒ္ဓက ရာဟုအသူရိန်အား အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူ၏။

"အပူဇော်ခံထိုက်သော မြတ်စွာဘုရားကို နေနတ်သားသည် ကိုးကွယ်ခြင်းသို့ရောက်၏။ အိုရာဟု၊ သင်သည် နေနတ်သားကိုလွှတ်လော့။ မြတ်စွာဘုရားတို့သည် လောကကို သနားကြင်နာတော်မူကြကုန်၏။

"အိုရာဟု၊ နေသည်အမိုက်တိုက်အတွင်း၌ အလင်းရောင်ကိုပြုတတ်၏။ ထွန်းလင်းတောက်ပ၍ ဝန်းဝိုင်းသောသဏ္ဌာန်ရှိ၏။ ထက်မြက်သောတန်ခိုးလည်းရှိ၏။ ကောင်းကင်၌သွားသော ထိုနေနတ်သားကို သင်မျိုမထားလင့်။ ငါ၏ သားတော်ဖြစ်သော နေနတ်သားကို သင်လွှတ်လော့"

ဗုဒ္ဓက ထိုသို့မိန့်မြွက်လေသော် ရာဟုအသူရိန်သည် နေနတ်သားကို လွှတ်၍ ဝေပစိတ္တိအသူရိန်ထံ လျင်မြန်စွာချဉ်းကပ်ပြီး ထိတ်လန့်တုန်လှုပ်စွာရပ်နေလေသည်။ ဝေပစိတ္တိအသူရိန်က အကြောင်းကိုမေးမြန်းသောအခါ လနတ်သားနည်းတူ ဖြေကြားလေသည်။

## ၂။ အနာထပိဏ္ဍိကဝဂ်

### ၁။ စန္ဒိမသသုတ်

[စန္ဒိမသ နတ်သား၏ လျှောက်ကြားချက်]

၉၂။

နတ်သား ။ ။"ချာန်တို့ကိုပြည့်စုံစေ၍တည်ကြည်သောစိတ်၊ရင့်ကျက်သောပညာ၊ စွဲမြဲသောသတိရှိသူတို့သည် မှက်ခြင်တို့ကင်းသော တောင်ကြား မြစ်ကြား၌ သားသမင်များနေသကဲ့သို့ ချမ်းသာခြင်းသို့ရောက်ကြပါလိမ့်မည်"

ဗုဒ္ဓ ။ ။"ချာန်တို့ကို ပြည့်စုံစေ၍ မမေ့မလျော့ပဲ ကိလေသာကို စွန့်ပယ်သူတို့သည် ပိုက်ကွန်ကိုဖြတ်၍ ချမ်းသာရာသို့သွားသော ငါးများကဲ့သို့ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ရောက်ကြလိမ့်မည်"

### ၂။ ဝေဏ္ဍုသုတ်

[ဝေဏ္ဍုနတ်သား၏ လျှောက်ကြားချက်]

၉၃။

နတ်သား ။ ။"ဂေါတမမြတ်စွာဘုရား၏ သာသနာ၌ မမေ့မလျော့အားထုတ်ကျင့်ကြံသူတို့သည် မြတ်စွာဘုရားကို ဆည်းကပ်ခြင်းကြောင့် လွန်စွာ ချမ်းသာ လှပါကုန်သည်"

ဗုဒ္ဓ ။ ။"မျာန် နှင့် ပြည့် စုံလျက် ငါ ဟော ကြား အပ် သော အကျင့်ကို ကျင့်ကြံသူတို့သည် အ ခါ ခပ် သိမ်း မမေ့ မလျော့ကုန်သည်ဖြစ်၍ သေမင်း၏အလိုသို့ မလိုက်ကြ ရချေ"

၃။ ဒီဃလဋ္ဌိသုတ်

၉၄။ ဒီ ဃ လ ဋ္ဌိ သုတ် ၌ ဒီ ဃ လ ဋ္ဌိ နတ်သား၏ လျှောက်ကြားချက်မှာ သုတ်စဉ် ၁၃။ ဒုတိယ ကဿပသုတ်နှင့်တူ၏။

၄။ နန္ဒနသုတ်

[နန္ဒနနတ်သား၏ လျှောက်ကြားချက်]

၉၅။

နတ်သား ။ ။"မြေကြီးအထုနှင့်တူသော ပညာရှိသည့် မြတ်စွာဘုရားကို ကျွန်ုပ်မေးလျှောက်ပါသည်။ မြတ်စွာ ဘုရား၏ ဉာဏ်အမြင်သည် အပိတ်အပင်မရှိပါ။ အ ဘယ် သို့ သောသူကို သီလရှိသူဟုဆိုပါသနည်း။ အဘယ်သို့ သောသူကို ပညာရှိသူဟုဆိုပါသနည်း။အဘယ်သို့သော သူသည်ဆင်းရဲကို ကျော်လွန်သွားပါသနည်း။ အဘယ် သို့သောသူကို နတ်တို့သည် ပူဇော်ကြပါသနည်း"

ဗုဒ္ဓ ။ ။"အကြင်သူသည် သီလရှိ၏။ ပညာရှိ၏။ ပွားများအပ် ပြီးသော စိတ်ရှိ၏။တည်ကြည်၏။ဈာန်၌မွေ့လျော်၏။ သတိနှင့်ပြည့်စုံ၏။ အခါခပ်သိမ်းစိုးရိမ်ခြင်းမှ ကင်း၏။ အာသဝေါကုန်ပြီး ဖြစ်၏။ အဆုံးစွန်သော ကိုယ်ကို ဆောင်၏။ ထိုသို့ သဘောရှိသောသူကို သီလရှိသူ၊ ပညာရှိသူဟု ဆိုကြ၏။ ထိုကဲ့သို့သောသူသည် ဆင်းရဲကို ကျော်လွန်၍သွား၏။ ထိုကဲ့သို့သောသူကို နတ်တို့သည် ပူဇော်ကြ၏"

၅။ စန္ဒနသုတ်

[စန္ဒနနတ်သား၏လျှောက်ကြားချက်]

၉၆။

နတ်သား ။ ။"အဘယ်သူသည် နေ့ရောညပါ မပျင်းရိသည်ဖြစ်၍ သံသရာတည်းဟူသော ရေအလျဉ်ကို ကူးပါသနည်း။

အဘယ်သူသည် ထောက်တည်ရာ၊ ဆွဲကိုင်ရာမရှိသည့် နက်လှစွာသော သံသရာ ရေအလျဉ်၌ မနစ်မြုပ်ပါ သနည်း”

ဗုဒ္ဓ ။ ။“အကြင်သူသည် အစဉ်သဖြင့် သီလပညာတို့နှင့်ပြည့်စုံ၍ ကောင်းစွာတည်ကြည်၏။ ထက်သန်သောလုံ့လဝီရိယ ရှိ၏။ နိဗ္ဗာန်သို့ စေလွှတ်အပ်သော လုံ့လဝီရိယ ရှိ၏။ ထိုသူသည် ကူးမြောက်နိုင်ခဲသော သံသရာရေအလျဉ်ကို ကူးမြောက်နိုင်၏။ကာမသညာကင်း၍ရူပသံယောဇဉ်ကို လွန်မြောက်ပြီး နှစ်သက် စွဲမက်ခြင်း ကုန်ပြီးသူသည် နက်လှစွာသော သံသရာရေအလျဉ်၌ မနစ်မြုပ်နိုင်ချေ”

၆။ ဝါသုဒတ္တသုတ်

၉၇။ ဝါသုဒတ္တသုတ်၌ ဝါသုဒတ္တနတ်သား၏ လျှောက် ကြား ချက် မှာ သုတ်စဉ် ၂၁။ သတ္တိသုတ်နှင့်တူ၏။

၇။ သုဗြဟ္မသုတ်

[သုဗြဟ္မနတ်သား၏လျှောက်ကြားချက်]

၉၈။

နတ်သား ။ ။“မဖြစ်သေးသော ဆင်းရဲ၊ ဖြစ်ပြီးသော ဆင်းရဲတို့၌ ကျွန်ုပ်၏စိတ်သည် အမြဲထိတ်လန့်နေပါသည်။အကယ်၍ မထိတ်လန့်ကြောင်း ဖြစ်သော တရားရှိခဲ့သော် အရှင် ဘုရားသည် ထိုတရားကို ကျွန်ုပ်အား ဟောကြား ပါလော့”

ဗုဒ္ဓ ။ ။“ဗောဇ္ဈင်ခုနစ်ပါးကို ပွားများ ခြင်း၊ ခြိုး ခြံ သော အကျင့်ကို ကျင့်ခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်းနှင့် ငြိတွယ်မှုကင်းရာနိဗ္ဗာန်မှတပါး သတ္တဝါတို့၏ ချမ်းသာ ခြင်းကို ငါမမြင်ပေ”

၈။ ကကုဓသုတ်

[ကကုဓနတ်သား၏ လျှောက်ကြားချက်]

၉၉။ သာကေတမြို့အနီးရှိ အဉ္စနမည်သော သမင်တော၌ ဗုဒ္ဓသီတင်းသုံးစဉ် ကကုဓ မည်သော နတ်သားသည် ဗုဒ္ဓထံချဉ်းကပ်၍ မေး ခွန်း အ ချို့ ကို မေးလျှောက်ရာ ဗုဒ္ဓကလည်း မေးသမျှကို ဖြေကြားတော်မူ၏။

နတ်သား ။ ။ "ရဟန်း၊ သင်သည် နှစ်သက်ပါသလော"

ဗုဒ္ဓ ။ ။ "အချင်းနတ်သား၊ အဘယ်ကိုရ၍နှစ်သက်ရမည်နည်း"

နတ်သား ။ ။ "ရဟန်း၊ သို့ဖြစ်လျှင် စိုးရိမ်ပါသလော"

ဗုဒ္ဓ ။ ။ "အချင်း နတ်သား၊ ဘယ်အရာ ဆုံးမြည့်၍ စိုးရိမ်ရမည်နည်း"

နတ်သား ။ ။ "ရဟန်း၊ သို့ဖြစ်လျှင် နှစ်သက်ခြင်းလည်းမဖြစ်၊ စိုးရိမ်ခြင်းလည်း မဖြစ်ပါသလော"

ဗုဒ္ဓ ။ ။ "အချင်းနတ်သား၊ သင်ဆိုတိုင်းမှန်ပေ၏"

နတ်သား ။ ။ "ရဟန်း၊ သင်သည်အသို့နည်း။ ဆင်းရဲမရှိသူ ဖြစ်ပါသလော။ သင့်အား နှစ်သက်ခြင်း မရှိပါသလော။ တယောက်တည်း နေလေ့ရှိသော သင့်ကို မမွေ့လျော်ခြင်းသည်မနှိပ်စက်ပါသလော"

ဗုဒ္ဓ ။ ။ "နတ်သား၊ ငါသည် ဆင်းရဲကင်းသူဖြစ်၏။ ငါ့အား နှစ်သက်ခြင်းလည်း မရှိ။ တယောက်တည်း နေလေ့ရှိသော ငါ့ကိုမမွေ့လျော်ခြင်းသည်လည်းမနှိပ်စက်ပေ"

နတ်သား ။ ။ "ရဟန်း၊ သင်သည် အဘယ်သို့လျှင် ဆင်းရဲကင်းသူဖြစ်သနည်း။ သင့်အား အဘယ်သို့လျှင် နှစ်သက်ခြင်းသည် မရှိသနည်း။ တယောက်တည်း နေလေ့ရှိသော သင့်ကို အဘယ်သို့လျှင် မမွေ့လျော်ခြင်းသည်မနှိပ်စက်ပါသနည်း"

ဗုဒ္ဓ ။ ။ "နတ်သား၊ ဆင်းရဲခြင်းဖြစ်သူအား စင်စစ် နှစ်သက်ခြင်းလည်း ဖြစ်၏။ နှစ်သက်ခြင်းဖြစ်သူအား စင်စစ် ဆင်းရဲခြင်းသည် ဖြစ်၏။ နှစ်သက်ခြင်းမရှိသော ရဟန်းအား ဆင်းရဲခြင်းလည်း မရှိတော့ချေ"

နတ်သား ။ ။ "လောက၌ ငြိတွယ်ခြင်းကင်း၍ နှစ်သက်ခြင်း ဆင်းရဲခြင်း မရှိသည့် ကိလေသာ ငြိမ်းအေးပြီးသော ရဟန်းကို ကျွန်ုပ်သည် အချိန်ကြာမြင့်မှ တွေ့မြင်ရပါသည်"

## ၆။ ဥတ္တရသုတ်

၁၀၀။ ဥတ္တရသုတ်၌ ဥတ္တရနတ်သား၏ လျှောက်ကြားချက်မှာသုတ်စဉ် ၃။ ဥပနီယသုတ်နှင့်တူ၏။

## ၁၀။ အနာထပိဏ္ဍိကသုတ်

[အနာထပိဏ်နတ်သား၏ လျှောက်ကြားချက်]

၁၀၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် နတ်သား တပါးသည် ဗုဒ္ဓထံချဉ်းကပ်၍ ဇေတဝန်ကျောင်းတော်နှင့် ရှင်သာရိပုတ္တရာအား ချီးကျူးသောစကားများကို လျှောက်ကြားပြီး ပျောက်ကွယ်သွားလေသည်။ ဗုဒ္ဓသည် နံနက်လင်းသောအခါ ရဟန်းတို့အား နတ်သားလျှောက်ကြားသွား ပုံကို ပြန်လည်မိန့်ကြားတော်မူ၏။ ထိုအခါရှင်အာနန္ဒာက ယင်းသို့ လျှောက် ကြားသွားသော နတ်သားမှာ အနာထပိဏ်နတ်သား ဖြစ်ဖွယ်ရှိကြောင်း၊ အနာထပိဏ်သဌေးသည် ရှင်သာရိပုတ္တရာ၌ လွန်စွာကြည်ညိုခဲ့ကြောင်း လျှောက် ကြား၏။ ယင်းသို့ လျှောက်ကြားလေသော် ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"အာနန္ဒာ၊ ကောင်းပေစွ။ ကောင်းပေစွ။ သင်သည် ကြံစည်တွေးဆခြင်း ဖြင့် ရောက်သင့်ရောက်ထိုက်သောအရာသို့ ရောက်ပေ၏။ ထိုနတ်သားသည် အနာထပိဏ်ပင် ဖြစ်ပေ၏"

(နတ်သား၏ လျှောက်ကြားချက် အပြည့်အစုံမှာ သုတ်စဉ် ၄၈။ ဇေတဝန သုတ်၌ ပါပြီးဖြစ်၏။)

# ၃။ နာနာတိတ္ထိယဝဂ်

## ၁။ သိဝသုတ်

၁၀၂။ သိဝသုတ်၌သိဝနတ်သား၏ လျှောက်ကြားချက်မှာ သုတ်စဉ် ၃၁။ သဗ္ဘိသုတ်နှင့်တူ၏။

## ၂။ ခေမသုတ်

[ခေမနတ်သား၏ လျှောက်ကြားချက်]

၁၀၃။

နတ်သား ။ ။ "ပညာမဲ့သော လူမိုက်တို့သည် ခါးစပ်သော အကျိုး ရှိသည့် ယုတ်ညံ့သော အမှုကို ပြုကုန်လျက် မိမိသည်ပင် မိမိ၏ ရန်သူအဖြစ်ဖြင့် ကျင်လည်နေကြကုန်၏။

ပြုလုပ်ပြီးနောက် နောင်တတဖန် ပူပန်ရသော အမှု၊ မျက်ရည်ပြည့်သော မျက်နှာဖြင့် ငိုယိုလျက် အကျိုးကို ခံစားရသည့်အမှုကို ပြုလုပ်ခြင်းသည် မကောင်း။

ပြုလုပ်ပြီးနောက် နောင်တ တဖန် မပူပန်ရသောအမှု၊ နှစ်သက်ဝမ်းမြောက်စွာ အကျိုးခံစားရမည့် အမှုကို ပြုလုပ်ခြင်းသည် ကောင်း၏။ ပညာရှိသည် မိမိအကျိုး စီးပွားရှိမည့် အလုပ်ကိုသိ၍ ထိုအလုပ်ကို စေ့စီးစွာ ပြုလုပ်ရာ၏။ ဝင်ရိုးကျိုးသော လှည်းသမားကဲ့သို့ နောက်မှအားမထုတ်ရာ။

ညီညာသော လမ်းမကြီးကိုစွန့်၍ မညီညာသောလမ်း ခရီးကိုလိုက်သော လှည်းသမားသည် လှည်း ဝင်ရိုး ကျိုးသည်ဖြစ်၍ ကြံမှိုင်ရသကဲ့သို့၊ ထို့အတူ တရား လမ်းကြောင်းမှဖယ်၍ မတရားမှုနောက်သို့ လိုက်သော ပညာမဲ့သူသည် သေမင်းခံတွင်းဝသို့ရောက်သည်ရှိသော် ကြံမှိုင်ရလေ၏”

## ၃။ သေရီသုတ်

### [သေရီနတ်သား၏ လျှောက်ကြားချက်]

၁၀၄။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သေရီသက မည်သော နတ်သားသည် ဗုဒ္ဓထံချဉ်းကပ်၍ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ မည်သူ မဆို ထမင်းကိုလိုလား တောင့်တကြကြောင်း လျှောက်ကြား၏။ ဗုဒ္ဓကလည်း လူတိုင်းတောင့်တအပ်သော ထမင်းကိုပေးလှူခြင်းသည် အကျိုးကြီးကြောင်း ဟောကြားတော်မူ၏။ ထိုအခါ သေရီသကနတ်သားက ဗုဒ္ဓ၏ ဟောကြားချက် သည် လွန်စွာထူးခြား ဆန်းကြယ်လှကြောင်း ချီးကျူးပြောဆိုပြီးရှေးဘဝကမိမိ အလှူဒါနပြုလုပ်ခဲ့ပုံကို ဖွင့်ဟလျှောက်ကြားလေသည်။

“အရှင်ဘုရား၊ ကျွန်ုပ်သည် ရှေးအခါက သေရီအမည်ရှိသောမင်းဖြစ်၍ ရဟန်းပုဏ္ဏား ခရီးသွားစသည်တို့အား မြို့တံခါးလေးပေါက်တို့၌အလှူပေးခြင်း ကို ပြုလုပ်ခဲ့ပါသည်။ ထိုအခါမောင်းမအပေါင်းက မိမိတို့လည်း အလှူပြု လုပ်လိုပါသည်ဟု တောင်းဆိုလာသောကြောင့် ပထမတံခါးမှမိမိအလှူကို ရုပ်သိမ်း၍ မောင်းမအပေါင်းအား လွှဲပြောင်းပေးခဲ့ရပါသည်။ ထို့အတူပင်

လက်အောက်ခံမင်းများ၊ စစ်သည်ဗိုလ်ပါများနှင့် ပုဏ္ဏားသူကြွယ်တို့ကလည်း လာရောက်တောင်းဆိုကြပြန်ရာ ကျန်တံခါးသုံးပေါက်ကိုလည်း ယင်းတို့အား လွှဲပြောင်းပေးခဲ့ပြန်ပါသည်။ ထိုအခါ ကျွန်ုပ်သည် မြို့တော်၏ ပြင်ပဖြစ်သော နယ်ပယ်တို့မှရရှိသော အခွန်ဘဏ္ဍာများကို ထက်ဝက်မျှသာ နန်းတော်သို့ ယူဆောင်စေပြီး ကျန်ထက်ဝက်ကို ထိုနယ်ပယ်အတွင်းရှိ ရဟန်းပုဏ္ဏားစသည်တို့ အား ပေးလှူစေခဲ့ပါသည်။ ဤသို့လျှင် ကျွန်ုပ်သည် နှစ်ပေါင်းရှစ်သောင်း ပတ်သုံး အပိုင်းအခြားမရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့ပါသည်”

နတ်သားရှေးဦးစွာလျှောက်သော ဂါထာနှင့်ဗုဒ္ဓဟောကြားသောဂါထာ များမှာ သုတ်စဉ်၄၃။ အနုသုတ်၌ ပါပြီးဖြစ်၏။

## ၄။ ကဍ္ဍိကာရသုတ်

၁၀၅။ ဃဋ္ဍိကာရသုတ်၌ ဃဋ္ဍိကာရနတ်သား၏ လျှောက်ကြားချက်မှာ သုတ်စဉ် ၅၀။ ဃဋိကာရသုတ်နှင့်တူ၏။

## ၅။ ဇန္တုသုတ်

[ဇန္တုနတ်သား၏ လျှောက်ကြားချက်]

၁၀၆။ အခါတပါး၌များစွာသော ရဟန်းတို့သည် ကောသလတိုင်းအတွင်း ဟိမဝန္တာတောင်ဘေးရှိ တောကျောင်း၌နေကြသည်။ ထိုရဟန်းတို့သည် ပျံ့လွင့်သောစိတ်ရှိကြကုန်၏။ နှုတ်ကို စောင့်စည်းခြင်းမပြုကြ။ သတိသမ္ပဇဉ် ကင်းမဲ့ကြ၏။ ထိုအခါ ဇန္တုမည်သော နတ်သားသည် ဥပုသ်နေ့တနေ့တွင် ထိုရဟန်းများထံ ချဉ်းကပ်၍အောက်ပါ ဂါထာတို့ကိုရွတ်ဆိုလေသည်။

“ဂေါတမမြတ်စွာဘုရား၏ တပည့်ရဟန်းတို့သည် ရှေးအခါက ချမ်းသာစွာ အသက်မွေးလေ့ရှိကြ၏။ မက်မောခြင်းမရှိသည်ဖြစ်၍ ဆွမ်းကိုရှာကြ၏။ မက်မောခြင်းမရှိသည်ဖြစ်၍ အိပ်ရာနေရာတို့ကိုရှာကြ၏။ ထိုရဟန်းတို့သည် လောက၌ မမြဲခြင်းသဘောကိုသိမြင်၍ ဆင်းရဲကုန်ဆုံးမှုကိုပြုကြကုန်၏။

“ဤသာသနာ၌ အချို့သောရဟန်းတို့သည် ရွာ၌ရွာသူကြီးကဲ့သို့ မိမိကိုယ် ကို မကောင်းသော အသက်မွေးခြင်းဖြင့် မွေးမြူခြင်းပြုကြ၏။ သူတပါး အိမ်ရာတို့၌ မက်မောကုန်လျက် စားပြီးအိပ်နေကြကုန်၏။ ကျွန်ုပ်သည်သံဃာ တော်အား လက်အုပ်ချီ၍ လျှောက်ကြားပါ၏။ ကိုးကွယ်ရာမရှိသောရဟန်း တို့သည် သူသေကောင်ကဲ့သို့ စွန့်ပစ်ထိုက်သူများဖြစ်ပါသည်။ ကျွန်ုပ်သည် မေ့လျော့စွာနေသော ရဟန်းတို့ကို ရည်ရွယ်၍ ပြောဆိုခြင်းဖြစ်ပါသည်။ မမေ့မလျော့နေသော ရဟန်းတို့အား ကျွန်ုပ်ရှိခိုးပါသည်”

## ၆။ ရောဟိတဿသုတ်

[ရောဟိဘဿနတ်သား၏ လျှောက်ကြားချက်]

၁၀၇။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရောဟိတဿနတ်သားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'အရှင်ဘုရား၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း မရှိသည့် လောက၏အဆုံးကို သွားခြင်းဖြင့် သိမြင်ဆိုက်ရောက်ခြင်းငှာ တတ်ကောင်းပါသလော'ဟု မေးလျှောက်၏။ ဗုဒ္ဓက ထိုကဲ့သို့သော လောက၏အဆုံးကိုသွားခြင်းဖြင့် သိမြင်ဆိုက်ရောက်နိုင်မည်မဟုတ်ကြောင်း ဖြေကြားတော်မူသည်။ ထိုအခါ ရောဟိတဿနတ်သားက ဗုဒ္ဓ၏မိန့်ကြားချက်သည် ကောင်းသော မိန့်ကြားချက်ဖြစ်ကြောင်း၊ မိမိသည် ရှေးအခါက တန်ခိုးကြီးသော ရသေ့ဖြစ်၍ လောက၏အဆုံးသို့ ရောက်ရှိရန် နှစ်ပေါင်းတရာပတ်လုံး လွန်ကဲသော လျင်မြန်ခြင်းဖြင့် မရပ်မနား သွားသော်လည်း မရောက်ခဲ့ကြောင်း လျှောက်ကြား၏။ ယင်းသို့ လျှောက်သော် ဗုဒ္ဓသည် နတ်သားအား အောက်ပါစကားကို မိန့်ကြားတော်မူ၏။

"အချင်းနတ်သား၊ လောက၏အဆုံးသို့မရောက်ခဲ့ပဲ ဆင်းရဲကုန်ဆုံးအောင် ပြုနိုင်လိမ့်မည်ဟု ငါမဆို။ စင်စစ်အားဖြင့် မှတ်သားခြင်းသညာနှင့် အသိစိတ်ရှိသည့် တလံမျှသော ဤကိုယ်၌သာလျှင် လောကကို လည်းကောင်း၊ လောကဖြစ်ကြောင်းကို လည်းကောင်း၊ လောကချုပ်ငြိမ်းခြင်းကို လည်းကောင်း၊ လောကချုပ်ငြိမ်းကြောင်းအကျင့်ကို လည်းကောင်း ငါဟောကြား၏။

"လောက၏ အဆုံးသို့ ခြေလျင်သွားခြင်းဖြင့် ဘယ်အခါမျှ မရောက်နိုင်။ လောက၏အဆုံးသို့ မရောက်ပဲလည်း ဆင်းရဲမှလွတ်မြောက်ခြင်းသည် မရှိပေ။ ထို့ကြောင့် လောက၏အဆုံးသို့ရောက်ပြီးသူသည် ဤလောကကိုလည်းကောင်း၊ တပါးသောလောကကို လည်းကောင်း မတောင့်တတော့ချေ"

## ၇။ နန္ဒသုတ်

၁၀၈။ နန္ဒသုတ်၌နန္ဒနတ်သား၏လျှောက်ကြားချက်မှာ သုတ်စဉ် ၄။အစ္စေန္တိသုတ်နှင့်တူ၏။

## ၈။ နန္ဒိဝိသာလသုတ်

၁၀၉။ နန္ဒိဝိသာလသုတ်၌ နန္ဒိဝိသာလနတ်သား၏ လျှောက်ကြားချက်မှာ သုတ်စဉ် ၂၉။ စတုစက္ကသုတ်နှင့်တူ၏။

## ၉။ သုသိမသုတ်

### [သုသိမနတ်သား၏ လျှောက်ကြားချက်]

၁၁၀။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရှင်အာနန္ဒာအား 'အာနန္ဒာ၊ သင်သည်လည်း သာရိပုတ္တရာကိုနှစ်သက်ပါသလော' ဟု မေးတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာက အောက်ပါအတိုင်း ပြန်၍လျှောက်ကြား၏။

"အရှင်ဘုရား၊ မိုက်မဲခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းကင်းသည့် ဖောက်ပြန်သော စိတ်မရှိသည့် အဘယ်မည်သောသူသည် ရှင်သာရိပုတ္တရာကို မနှစ်သက်ပဲ ရှိပါမည်နည်း။ အရှင်ဘုရား၊ ရှင်သာရိပုတ္တရာသည် ကြီးသောပညာ၊ ကျယ်ပြန့်သော ပညာ၊ ရွှင်သောပညာ၊ လျင်သောပညာ၊ ထက်သောပညာ၊ ဖောက်ထွင်းနိုင်သော ပညာတို့နှင့် ပြည့်စုံပါ၏။ အရှင်ဘုရား၊ ရှင်သာရိပုတ္တရာသည် အလိုနည်းသူ၊ ရောင့်ရဲလွယ်သူ၊ ကိလေသာကင်းဆိတ်သူ၊ လူတို့နှင့် ရောယှက်ခြင်းကင်းသူ၊ ထက်သန်သောလုံ့လရှိသူ ဖြစ်ပါ၏။ အရှင်ဘုရား၊ ရှင်သာရိပုတ္တရာသည် ဆိုဆုံးမတတ်သူ၊ ဆိုဆုံးမမှုကို ခံနိုင်သူ၊ အပြစ်ကိုစောကြောတတ်သူ၊ မကောင်းမှုကို ကဲ့ရဲ့တတ်သူဖြစ်ပါ၏"

ဤသို့ ရှင်အာနန္ဒာက လျှောက်ကြားလျှင် ဗုဒ္ဓကလည်း ထိုစကားကို ထောက်ခံမိန့်ကြားတော်မူ၏။ ထိုအချိန်တွင် သုသိမနတ်သားသည် များစွာသော နတ်ပရိသတ်ဖြင့် ခြံရံလျက် ဗုဒ္ဓထံ ချဉ်းကပ်လာပြီး ဗုဒ္ဓ၏ မိန့်ကြားချက်သည် ကောင်းသော မိန့်ကြားချက်ဖြစ်ကြောင်း၊ မိမိသည်လည်း ထိုကဲ့သို့သော စကားကို နတ်ပရိသတ်တို့ထံမှ မကြာခဏ ကြားခဲ့ရကြောင်း လျှောက်ကြား၏။ ဤသို့ ရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုနေကြစဉ် သုသိမနတ်သား၏ နတ်ပရိသတ်သည် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ထင်ရှား ဖြစ်စေ၏။ ဥပမာ အမျိုးကောင်းသော ကျောက်မျက်ရတနာ၊ ကောင်းစွာလှော်အပ်ပြီးသော ဇမ္ဗူရာဇ်ရွှေတို့ကို ကမ္ဗလာနီပေါ်၌တင်ထားလျှင် အရောင်တောက်သကဲ့သို့ လည်းကောင်း၊ တန်ဆောင်မုန်းလ၏ မိုးသောက်ယံအချိန်ဝယ် မြူတိမ်ကင်းစင်သော ကောင်းကင်၌ သောက်ရှူး ကြယ် သည် တောက်ပသကဲ့သို့ လည်းကောင်း၊ တန်ဆောင်မုန်းလ၏ နေ့အချိန်ဝယ် မြူတိမ်ကင်းစင်သော ကောင်းကင်၌ နေသည် တောက်ပသကဲ့သို့လည်းကောင်း ဖြစ်၏။

ထိုအခါ သုသိမနတ်သားသည် ရှင်သာရိပုတ္တရာကို အကြောင်းပြု၍ အောက်ပါဂါထာကို ရွတ်ဆို၏။

"ပညာရှိဟူ၍ သမုတ်အပ်သော၊ အမျက်ဒေါသနှင့် အလိုရမ္မက်ကင်းသော၊ ယဉ်ကျေးသိမ်မွေ့သော ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံမှ ချီးမွမ်းခြင်းကို ရရှိပေ၏"

ဗုဒ္ဓကလည်း ရှင်သာရိပုတ္တရာကို အကြောင်းပြု၍ အောက်ပါ ဂါထာကို မိန့်မြွက်တော်မူ၏။

"ပညာရှိဟူ၍ သမုတ်အပ်သော၊ အမျက်ဒေါသနှင့် အလိုရမ္မက်ကင်းသော၊ ယဉ်ကျေးသိမ်မွေ့သော သာရိပုတ္တရာသည် ကောင်းစွာ ယဉ်ကျေးပြီးသည် ဖြစ်၍ ခန္ဓာဝန်ချုပ်ငြိမ်းမည့်အချိန်ကို မျှော်လင့်တောင့်တနေ၏"

## ၁၀။ နာနာတိတ္ထိယသာဝကသုတ်

## [တိတ္ထိတပည့်နတ်သားများ၏ လျှောက်ကြားချက်]

၁၁၁။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် တိတ္ထိတို့၏ တပည့်ဖြစ်သော နတ်သားများစွာတို့သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဂါထာ အသီးအသီးကို လျှောက်ကြားကြ၏။

အသမ နတ်သား ။ ။"ဤလောက၌ (ပူရဏ)ကဿပသည် သတ်ခြင်း ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ပစ္စည်းဥစ္စာကို ဆုံးရှုံးစေခြင်းတို့၌ မိမိ၏ မကောင်းမှုဟူ၍လည်းကောင်း၊ ကောင်းမှုဟူ၍လည်းကောင်း မရှုမြင်။ ကဿပသည် သတ္တဝါတို့၏ မှီခိုအားထားရာကို ဟောကြားသော ဆရာ ဖြစ်၍ မြတ်နိုးပူဇော်ခြင်းငှာ ထိုက်တန်ပေ၏"

(ပူရဏကဿပကို ရည်ရွယ်၍ဆိုခြင်းဖြစ်သည်)

သဟလိ နတ်သား ။ ။"အကြင်သူသည် ခြိုးခြံစွာကျင့်ခြင်း၊ မကောင်းမှုကို စက်ဆုပ်ခြင်းဖြင့် ကောင်းစွာစောင့်စည်းအပ်သောစိတ်ရှိ၏။ လူတို့နှင့်ငြင်းခုံသောစကားကိုပယ်၍လွဲမှားသောစကားကိုပြောဆိုခြင်းမှလည်း ရှောင်ကြဉ်၏။ မှန်သောစကားကိုသာ ပြောဆိုလေ့ရှိ၏။ ထိုသူ သည် စင် စစ် မကောင်းမှုကိုမပြုလုပ်သူဖြစ်၏"

(မက္ခလိဂေါသာလကိုရည်ရွယ်၍ဆိုခြင်းဖြစ်သည်)

နိကနတ်သား။ ။"အကြင်ရဟန်းသည် မကောင်းမှုကို စက်ဆုပ်တတ်၏။ ရင့်ကျက်သောပညာရှိ၏။ လေးပါးသော စောင့်စည်း

ခြင်းဖြင့်စောင့်စည်း၏။ မြင်သမျှ ကြားသမျှကိုလည်း လျှို့ဝှက်မထားပဲ ထုတ်ဖော်ပြောကြားတတ်၏။ ထို ရဟန်းသည် ဧင်စစ်မကောင်းမှုကို ပြုလုပ်သူ မ ဖြစ်နိုင်ပေ"

(နိဂဏ္ဌနာဋပုတ္တကိုရည်ရွယ်၍ဆိုခြင်းဖြစ်သည်)

အာကောဋက။ နတ်သား ။"ပကုဓကစ္စာယန၊နိဂဏ္ဌနာဋပုတ္တ၊မက္ခလိဂေါသာလ၊ ပူရဏကဿပဟူသော ဂိုဏ်းဆရာကြီးတို့သည် ရဟန်း တရား၏ အထွတ်အထိပ်သို့ရောက်ကုန်သည်ဖြစ်၍ ဧင်စစ် သူတော်ကောင်းတို့နှင့် အလှမ်း မ ဝေး သူ များ ဖြစ်ကုန်၏"

ဝေဂဗ္ဘရိ ။ နတ်သား ။"ယုတ်ညံ့သော မြေခွေးသည် ခြင်္သေ့နှင့်အတူသွားကာမျှဖြင့် ခြင်္သေ့နှင့်တန်းတူမဖြစ်နိုင်။ ဂိုဏ်းဆရာဟူသမျှ သည် အချည်းနှီးသာဖြစ်၏။ မုသားပြောဆိုလေ့ရှိ၏။ ရွံရှာဖွယ်အကျင့်ရှိ၏။ သူတော်ကောင်းတို့နှင့်မတူချေ'

ထိုအခါ မာဂဓနတ်ယုတ်သည် ဝေဂဗ္ဘရိနတ်သားကိုပူးဝင်၍ အောက်ပါ ဂါထာကိုရွတ်ဆို၏။

"အကြင်ဆရာတို့သည် ကိလေသာ ကင်းဆိတ်ကြောင်း အကျင့်ကို စောင့်ရှောက်လျက် ခြိုးခြံစွာကျင့်ခြင်း၊ မကောင်းမှုကို စက်ဆုပ်ခြင်းနှင့် ယှဉ်ကုန်၏။ အဆင်း ရူပါရုံ၌ သက်ဝင်လျက် နတ်လောကကိုလွန်စွာနှစ်သက်ကြကုန်၏။ ထိုဆရာတို့သည် ဧင်စစ် တမလွန်လောက အလို့ငှာ သတ္တဝါတို့ကိုကောင်းစွာ ဆုံးမသူများဖြစ်ကုန်၏"

ထိုအခါ ဗုဒ္ဓသည် မာဂဓနတ်မှန်းသိ၍အောက်ပါဂါထာကိုမြွက်ဆိုတော်မူ၏။

"အချင်းမာဂဓနတ်၊ ဤလောက၌လည်းကောင်း၊တပါးသော လောက၌လည်းကောင်း၊ ကောင်းကင်၌လည်းကောင်း တောက်ပသောအဆင်းရှိသော ရူပါရုံဟူသမျှ တို့သည် ငါးများကိုသေစေရန် ပစ်ချအပ်သောငါးစာကဲ့သို့ သင်ပစ်ချအပ်သော အစာများသာဖြစ်ကုန်၏"

ထိုအခါ မာဃဝဂါမိယမည်သော နတ်သားသည် မြတ်စွာဘုရားကိုရည်ရွယ်၍ အောက်ပါဂါထာများကိုရွတ်ဆိုလေ၏။

"ရာဇဂြိုဟ်ပြည်ကို ဝိုင်းရံနေသော တောင်တို့တွင် ဝေပုလ္လတောင်ကို အမြတ်ဆုံးဟုဆိုအပ်၏။ ဟိမဝန္တာ တောင်တို့တွင် ကေလာသတောင်ကို အမြတ်ဆုံးဟုဆို အပ်၏။ ကောင်းကင်၌သွားသောအရာတို့တွင် နေကို အမြတ်ဆုံးဟုဆိုအပ်၏။ ရေ၏တည်ရာတို့တွင် သမုဒ္ဒရာကို အမြတ်ဆုံးဟုဆိုအပ်၏။ နက္ခတ်တို့တွင် လကို အမြတ်ဆုံးဟုဆိုအပ်၏။ နတ်နှင့်တကွသော လောက၌ မြတ်စွာဘုရားကို အမြတ်ဆုံးဟုဆိုအပ်၏"

# ၃။ ကောသလသံယုတ်

## [ကောသလမင်းကြီးနှင့် စပ်သော ဟောကြားချက်များ]

### ၁။ ပထမဝဂ်

### ၁။ ဒဟရသုတ်

#### [ငယ်သော်လည်း အထင်မသေးသင့်သော အရာလေးပါး]

၁၁၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ပသေနဒီကောသလမင်းသည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင်ဂေါတမသည်လည်း အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို သိမြင်၏ဟု ဝန်ခံပါသလော" ဟု မေးလျှောက်သည်။ ဗုဒ္ဓကဝန်ခံကြောင်းဖြေကြားလျှင် ကောသလမင်းက အောက်ပါအတိုင်း လျှောက်ကြားပြန်၏။

"အရှင်ဂေါတမ၊ တပည့်လက်သားများစွာနှင့် ပြည့်စုံ၍ လွန်စွာထင်ရှားကျော်ကြားသည့် ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ဂိုဏ်းဆရာကြီးတို့သည် သမ္မာသမ္ဗောဓိဉာဏ်ကို ဝန်မခံကြပါ။ အသက်အရွယ်အားဖြင့် ငယ်ရွယ်ပြီး ရဟန်းပြုစမျှသာဖြစ်သော အရှင်ဂေါတမသည် အဘယ့်ကြောင့် သမ္မာသမ္ဗောဓိဉာဏ်ကို ဝန်ခံဘိသနည်း"

"မင်းကြီး၊ ငယ်သည်ဟူ၍ မထီမဲ့မြင်မပြုအပ်သော အရာလေးပါးရှိ၏။ ယင်းတို့ကား မင်း၊ မြွေ၊ မီး၊ ရဟန်း တို့ဖြစ်၏"

ဗုဒ္ဓက ယင်းသို့ဖြေကြားတော်မူပြီး မိမိအကျိုးစီးပွားကိုကောင်းစွာသိမြင်သော ပညာရှိသည် ထိုအရာလေးပါးတို့၌ မထီမဲ့မြင်မပြုပဲ ကောင်းစွာပြုကျင့်သင့်ကြောင်း ဘုံးမတော်မူသည်။ ကောသလမင်းသည် ကိုးဟောကြားချက်ကို လွန်စွာနှစ်သက်လှသဖြင့် ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ၂။ ပုရိသသုတ်

[လူ၏အကျိုးမဲ့ဖြစ်စေသော တရားများ]

၁၁၃။

ကောသလမင်း။ ။"အရှင်ဘုရား၊ အဘယ်မျှသောတရားတို့သည် သတ္တဝါ၏ ကိုယ်တွင်း၌ ဖြစ်သည်ရှိသော် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာစွာမနေရခြင်းငှာ ဖြစ်ပါကုန်သနည်း"

ဗုဒ္ဓ ။ ။"မင်းကြီး၊ လောဘ၊ ဒေါသ၊ မောဟဟူသော ဤတရားသုံးပါးတို့သည် သတ္တဝါ၏ကိုယ်တွင်း၌ဖြစ်သည်ရှိသော် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာစွာမနေရခြင်းငှာဖြစ်ကုန်၏"

ဗုဒ္ဓသည် ယင်းသို့ဖြေကြားပြီး အောက်ပါဂါထာကို မိန့်မြွက်တော်မူ၏။

"အခွံလျှင် အနှစ်ရှိသည့် ဝါးပင်၊ ကျူပင်တို့ ကို ၎င်းတို့၏ အသီးကနှိပ်စက်ဖျက်ဆီးသကဲ့သို့ သတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်းသောစိတ်ရှိသည့် သတ္တဝါကို နှိပ်စက်ဖျက်ဆီးကုန်၏"

## ၃။ ဇရာမရဏသုတ်

[အိုခြင်းသေခြင်းမှ လွတ်မြောက်သူမရှိကြောင်း]

၁၁၄။

ကောသလမင်း။ ။"အရှင်ဘုရား၊ ဘဝ၌ဖြစ်လာသူအား အိုခြင်း၊ သေခြင်းမှ လွတ်ခြင်းသည်ရှိပါသလော"

ဗုဒ္ဓ ။ ။"မင်းကြီး၊ ဘဝ၌ဖြစ်လာသူအား အိုခြင်း၊ သေခြင်းမှ လွတ်ခြင်းသည်မရှိ။ ပစ္စည်းဥစ္စာ လွန်စွာ ချမ်းသာကြွယ်ဝသည့် ခတ္တိယမဟာသာလမင်းမျိုး၊ ဗြာဟ္မဏမဟာသာလပုဏ္ဏားမျိုး၊ ဂဟပတိမဟာသာလသူကြွယ်မျိုးတို့အားသော်လည်း သေခြင်းမှလွတ်ခြင်းသည်မရှိ။ မင်းကြီး၊ အာသဝေါကုန်ပြီးသော ရဟန္တာ တို့ ၏ ကိုယ်သည်ပင် ပျက်စီးခြင်းသဘောရှိ၏။ ပစ်ချရခြင်း

သဘောရှိ၏။ (ဂါထာ)လွန်စွာ ဆန်းကြယ်သောမင်း၏ ရထားတို့သည် ဧင်စစ်ဆွေးမြည့်ကုန်၏။ ခန္ဓာကိုယ် သည်လည်းဆွေးမြည့်ခြင်းသို့ရောက်၏။သူတော်ကောင်း တို့၏ တရား သည်ကား ဆွေးမြည့်ခြင်းသို့မရောက်။ သူတော်ကောင်းတို့သည် ဧင်စစ် ကောင်း မြတ် သော တရားကိုဟောကြားကုန်၏"

## ၄။ ပိယသုတ်

## [မိမိကိုယ်ကိုချစ်သူ]

၁၁၅။

ကောသလမင်း။ ။"အရှင်ဘုရား၊ ဆိတ်ငြိမ်ရာအရပ်၌ တယောက်တည်း နေစဉ်တပည့်တော်အား အဘယ်သူတို့သည် မိမိကိုယ်ကို ချစ်အပ်သည်မည်သနည်း။ အဘယ်သူတို့သည် မိမိကိုယ် ကိုမချစ်အပ်သည် မည်သနည်းဟူ၍ အကြံဖြစ်ပေါ်ခဲ့ ပါသည်။ ထို့နောက်တပည့်တော်အား 'ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို ပြုကျင့်သူတို့သည် မိမိ ကိုယ်ကိုမချစ်အပ် သည် မည်၏။ သုစရိုက် သုံးပါးကို ပြုကျင့်သူတို့သည်သာ မိမိကိုယ်ကို ချစ်အပ်သည်မည်၏' ဟူ၍ အကြံဖြစ်ခဲ့ပြန်ပါသည်"

ကောသလမင်းကြီးက ယင်းသို့လျှောက်ကြားသောအခါ ဗုဒ္ဓက ထိုစကား မှန်ကန်ကြောင်း ထောက်ခံ၍အောက်ပါဂါထာများကို မြွက်ကြားတော်မူ၏။

"မိမိကိုယ်ကိုချစ်အပ်၏ဟုသိခဲ့သော်ယင်းကိုမကောင်းမှု နှင့် မယှဉ်စေရာ။အဘယ့်ကြောင့်ဆိုသော်မကောင်းမှုကို ပြုသူအား ချမ်းသာမှုကိုရရှိရန် မလွယ်သောကြောင့် ဖြစ်၏"

"သေမင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ လူ့ဘဝကို စွန့်ရသူအား ဘာမျှကိုယ်ပိုင်ဥစ္စာမရှိ။ ဘာကိုမျှယူ၍ မသွားနိုင်။ ဘာမျှလည်း အ ရိပ် ကဲ့ သို့အစဉ်လိုက်ပါ မလာချေ"

"ဤလောက၌ သတ္တဝါအား မိမိပြုသောကောင်းမှု၊ မကောင်းမှု နှစ်မျိုးသည်သာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်၏။ ယင်းကိုသာလျှင်ယူ၍သွားနိုင်၏။ ယင်းသည်သာလျှင် အရိပ်ကဲ့သို့အစဉ်လိုက်ပါလာ၏"

"ထို့ကြောင့် တမလွန်ဘဝ၌ အကျိုးရှိသောကောင်းမှုကိုသာလျှင် ဆည်းပူးခြင်းပြုရာ၏။ ကုသိုလ်ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏တည်ရာဖြစ်ကုန်၏"

### ၅။ အတ္တရက္ခိတသုတ်

[မိမိကိုယ်ကိုစောင့်ရှောက်သူ]

၁၁၆။

ကောသလမင်း။ ။"အရှင်ဘုရား၊ ဆိတ်ငြိမ်ရာအရပ်၌ တယောက်တည်း နေစဉ်တပည့်တော်အား 'အဘယ်သူတို့သည်မိမိကိုယ်ကို စောင့်ရှောက်သည်မည်သနည်း။ အဘယ်သူတို့သည်မိမိကိုယ်ကို မစောင့်ရှောက်သည်မည်သနည်း'ဟူ၍ အကြံဖြစ်ခဲ့ပါသည်။ ထို့နောက်တဖန် တပည့်တော်အား ဤသို့အကြံဖြစ်ခဲ့ပြန်ပါသည်။ 'ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို ပြုကျင့်သူတို့သည် မိမိကိုယ်ကိုမစောင့်ရှောက်သည်မည်၏။ အကယ်၍ထိုသူတို့ကို ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များ စောင့်ရှောက်နေစေကာမူ ထိုသူတို့သည်မိမိကိုယ်ကို စောင့်ရှောက်သည်မမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအစောင့်အရှောက်များသည် အပြင်အစောင့်အရှောက်များသာဖြစ်ပြီး အတွင်းအစောင့်အရှောက်များ မဟုတ်သောကြောင့်ဖြစ်၏။ သုစရိုက်သုံးပါးကို ပြုကျင့်သူတို့သည်ကား မိမိကိုယ်ကိုစောင့်ရှောက်သည်မည်၏။ ထိုသူတို့ကို ဆင်တပ်၊ မြင်းတပ်စသည်တို့ စောင့်ရှောက်မနေစေကာမူ မိမိကိုယ်ကို စောင့်ရှောက်သည်မည်၏။အဘယ့်ကြောင့်ဆိုသော် သုစရိုက်သုံးပါးဟူသော ဤအစောင့်အရှောက်သည် အပြင်အစောင့်

အရှောက်မဟုတ်၊ အတွင်းအစောင့်အရှောက် ဖြစ်သော
ကြောင့်တည်း။ အရှင်ဘုရား၊ တပည့်တော်အား ဤသို့
အကြံဖြစ်ပေါ်ခဲ့ပါသည်”

ကောသလမင်းကြီးက ယင်းသို့လျှောက်ကြားသောအခါ ဗုဒ္ဓသည် ထိုစကား မှန်ကန်ကြောင်း ထောက်ခံ၍အောက်ပါဂါထာကို မိန့်မြွက်ဆိုတော်မူသည်။

“ကိုယ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ စိတ်ဖြင့်စောင့်စည်း ခြင်းသည်ကောင်း၏။ အလုံးစုံတို့၌ စောင့်စည်းခြင်း သည် ကောင်း၏။ အလုံးစုံတို့၌ စောင့်စည်း၍အရှက်ရှိ သောသူကို မိမိကိုယ်ကို စောင့်ရှောက် သော သူဟူ၍ ဆိုအပ်၏”

## ၆။ အပ္ပကသုတ်

[မခွဲလျော့သူနည်းကြောင်း]

၁၁၄။

ကောသလမင်း။ ။“အရှင်ဘုရား၊ ဆိတ်ငြိမ်ရာ၌ တ ယောက် တည်း နေ သော တပည့်တော်အား ဤ သို့ အကြံဖြစ်ခဲ့ပါသည်။ ‘ဤလောက၌ များပြားကောင်းမြတ်သော စည်းစိမ် ဥစ္စာတို့ကိုရလျှင်ယစ်မူးမေ့လျော့ခြင်း၊ မက်မောခြင်း၊ သူတပါးအပေါ်၌ ဖောက်ပြန်စွာ ကျင့်ခြင်းမရှိသူ တို့သည်နည်းပါးကုန်၏။ များပြားကောင်းမြတ်သော စည်း စိမ် ဥ စ္စာတို့ကိုရလျှင် ယစ် မူး မေ့ လျော့ ခြင်း၊ မက်မောခြင်း၊ သူတပါးတို့အပေါ် ဖောက် ပြန် စွာ ကျင့်ခြင်းသို့ရောက်သော သတ္တဝါတို့သည် များပြား ကုန်၏’ ဤသို့တပည့်တော်အား အကြံ ဖြစ်ပေါ်ခဲ့ ပါသည်”

ကောသလမင်းကြီးက ယင်းသို့လျှောက်ကြားသောအခါ ဗုဒ္ဓသည်ထိုစကား မှန်ကြောင်း ထောက်ခံပြီး အောက်ပါဂါထာကို မိန့်တော်မူ၏။

“အကြင်သူတို့သည် ကာမစည်းစိမ်တို့၌လွန်စွာတပ်မက် ကုန်၏။ ကာမဂုဏ်တို့၌ မက် မော တွေ ဝေ ကုန် ၏။ သားသမင်တို့သည် ကျော့ကွင်းကိုမမြင်သကဲ့သို့မိမိတို့၏

ကျူးလွန်မှုကိုမသိကုန်။ ထိုသူတို့အား နောင်အခါ၌ ခါးစပ်သော အကျိုးသည် ဖြစ်၏။ မှန်၏။ မိမိ၏ ကျူးလွန်မှုကိုမသိသောသူအား ယုတ်ညံ့သော အကျိုးသည်သာဖြစ်ပေ၏"

## ၇။ အဋ္ဋကရဏသုတ်
### [တရားရုံး၌ မုသားပြောသူများကိုတွေ့ရပုံ]

၁၁၈။

ကောသလမင်း။ ။"အရှင်ဘုရား၊ တရားရုံး၌ထိုင်နေသော ကျွန်ုပ်သည် ပစ္စည်းအလွန်ချမ်းသာကြွယ်ဝသော သဌေး သူကြွယ်များဖြစ်ပါလျက်၊ ကာမဂုဏ် ဟူသော အကြောင်းကြောင့် သိလျက်မုသားစကား ပြောဆိုသူများကိုတွေ့မြင်ခဲ့ရပါသည်။ ထိုအခါတပည့်တော်သည် 'ငါ့အား တရားစီရင်ခြင်းဖြင့် အကျိုးမရှိ။ ယခုအခါ ကောင်းသော မျက်နှာရှိသော ဝိဋူဍဘသည် တရားစီရင်ခြင်းဖြင့်ထင်ရှားလိမ့်မည်' ဟု အကြံဖြစ်ပေါ်ခဲ့ပါသည်"

ဗုဒ္ဓ ။ ။"မင်းကြီး၊ သင်၏အကြံသည် မှန်ပေ၏။ ကာမဂုဏ် ဟူသောအကြောင်းကြောင့် သိလျက် မုသားစကား ပြောဆိုသူတို့အား ရှည်မြင့်စွာ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းသည်ဖြစ်လတ္တံ့"

(ဂါထာ) "အကြင်သူတို့သည် ကာမစည်းစိမ် တို့၌ လွန်စွာတပ်မက်ကုန်၏။ ကာမဂုဏ်တို့၌မက်မောတွေဝေကုန်၏။ သားသမင်တို့သည် ကျော့ကွင်းကိုမမြင်သကဲ့သို့ မိမိကျူးလွန်မှုကိုမသိကုန်။ ထိုသူတို့အား နောင်အခါ၌ ခါးစပ်သောအကျိုးသည်ဖြစ်၏။ မှန်၏။ မိမိကျူးလွန်မှုကိုမသိသောသူအား ယုတ်ညံ့သော အကျိုးသည်သာဖြစ်၏"

## ၈။ မလ္လိကာသုတ်
### [မိမိထက်ချစ်သူမရှိဟု မလ္လိကာဖြေပုံ]

၁၁၉။ အခါတပါး၌ ကောသလမင်းကြီးသည် မလ္လိကာ မိဖုရား နှင့် အတူ နန်းပြာသာဒ်ထက်၌ နေစဉ် 'မလ္လိကာ၊ သင့်မှာ မိမိ ထက်ပို၍ ချစ်အပ်သူ တစုံ

တယောက် ရှိပါသလော’ဟု မေးရာ မလ္လိကာမိဖုရားက‘မရှိပါ’ဟုဖြေကြား၏။ ‘အရှင်မင်းကြီးမှာလည်း မိမိထက်ပို၍ချစ်အပ်သူတစုံတယောက်ရှိပါသလော’ဟု မိဖုရားက ပြန်၍ မေးသောအခါ မင်းကြီးကလည်း‘မရှိပါ’ဟုပင် ဖြေကြား၏။ ထို့နောက် ကောသလ မင်းကြီးသည် ဗုဒ္ဓထံ ချဉ်း ကပ်၍ မိမိနှင့် မလ္လိကာ မိဖုရားတို့အမေးအဖြေပြုပုံကိုလျှောက်ကြားလေသည်။ထိုအခါ ဗုဒ္ဓကအောက်ပါ ဂါထာကို မိန့်မြွက်တော်မူ၏။

“အရပ်မျက်နှာ အားလုံးကို စိတ်ဖြင့်လှည့်လည်ရှာဖွေသော်လည်း တစုံတခု သော အရပ်၌ မိမိထက် ပို၍ ချစ်အပ်သူကို မရနိုင်။ ထို့အတူ များစွာသော အခြားသူတို့သည်လည်း မိမိကိုယ်ကိုသာ ချစ်ခင်ကြကုန်၏။ ထို့ကြောင့် အကျိုး စီးပွားကို လိုလားသူသည် သူတပါးကို ညှဉ်းဆဲခြင်း မပြုသင့်ပေ”

## ၉။ ယညသုတ်

### [ယဇ်ပူဇော်ခြင်းသည် အကျိုးမရှိကြောင်း]

၁၂၀။ အခါတပါး ကောသလမင်းကြီးသည်ယဇ်ပူဇော်ပွဲကြီးတခုပြုလုပ်ရန် အတွက် နွားလား၊ နွားထီးငယ်၊ နွားမငယ်၊ ဆိတ်၊ သိုးငါးရာစီတို့ကိုယဇ်တိုင်၌ ချည်ထားစေ၏။ ကျေးကျွန်၊ အစေအပါးနှင့် အလုပ်သမားတို့သည် သေဘေး ဖြင့် ကြောက်ရွံ့ကုန်သည်ဖြစ်၍ မျက်ရည်ပြည့်သော မျက်နှာဖြင့် ငိုကြွေးကာ ယဇ်အမှုကို ပြုလုပ်နေကြလေသည်။ များစွာသော ရဟန်းတို့သည် ဆွမ်းခံယင်း ထိုအခြင်းအရာကို တွေ့မြင်ကြပြီး ကျောင်းသို့ ပြန်ရောက် သောအခါ ဗုဒ္ဓအား လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါ ဂါထာတို့ကိုမိန့်မြွက် တော်မူ၏။

“အဿမေဓ၊ ပုရိသမေဓ စသည့် ယဇ်ကြီး တို့သည် ပြုဖွယ်ကိစ္စ များပြား သော်လည်း အကျိုး မများချေ။ ယင်းယဇ်ကြီး တို့ ၌ ဆိတ် သိုး နွား စသည့် သတ္တဝါအမျိုးမျိုးကို သတ်ဖြတ်ရ၏။ ညီညွတ်သော အကျင့်ရှိသော ပုဂ္ဂိုလ် တို့သည် ထိုယဇ်သို့ မချဉ်းကပ်ကြကုန်။ သူတပါးတို့ကို သတ်ဖြတ်ရခြင်းမရှိသည့် မျိုး ရိုးစဉ်လာ ပေးလှူခြင်း ဟူသော ယဇ်သို့သာ ညီညွတ်သော အကျင့်ရှိသော ပုဂ္ဂိုလ်တို့သည် ချဉ်းကပ်ကြကုန်၏။ ထိုယဇ်သည် ကြီးမြတ်သော အကျိုး ရှိ၏။ ထိုယဇ်ကို ပူဇော်သူအား မြင့်မြတ်သော အကျိုးသည် ဖြစ်၏။ နတ်တို့ကလည်း ကြည်ညိုကြကုန်၏”

### ၁၀။ ဇဋိလသုတ်

[နိုင်မြဲသောအနှောင်အဖွဲ့]

၁၂၁။ အခါတပါး၌ ကောသလမင်းကြီးသည် များစွာသော လူတို့ကို ကြိုး၊ လက်ထိတ်၊ သံခြေကျဉ်းတို့ဖြင့် ဖွဲ့နှောင်ထားလေ၏။ ဆွမ်းခံသော ရဟန်းတို့သည် ထိုသူတို့ကိုမြင်ခဲ့ပြီး ကျောင်းသို့ပြန်ရောက်သော် ဗုဒ္ဓအားလျှောက်ကြားကြလေ၏။ ထိုအခါ ဗုဒ္ဓက အောက်ပါ ဂါထာတို့ကို မိန့်မြွက်တော်မူလေသည်။

"သံ၊ သစ်သား၊ လျှော်တို့ဖြင့် ပြုအပ်သော အနှောင်အဖွဲ့တို့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့မဆို။ ပတ္တမြား၊ နားတောင်း ဝတ်ဆင် ထားသော ဇနီးမယား သမီးသား တို့၌ တပ်မက် တွယ်တာ ခြင်း ကိုသာ ခိုင် မြဲ သော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ ဆိုကြ၏။ လျော့လျဲ သော်လည်း အဖြေရခက်သော ထိုအနှောင်အဖွဲ့သည် အပါယ်သို့ ပို့ဆောင်တတ်၏။ ပညာရှိတို့သည်ထိုအနှောင်အဖွဲ့ကိုလည်း ဖြတ်၍ ကာမ ချမ်းသာကို ငဲ့ကွက်ခြင်း မရှိပဲ ရှင်နှ ထွက် သွားကြကုန်၏"

## ၂။ ဒုတိယဝဂ်

### ၁။ သတ္တဇဋိလသုတ်

[ရသေ့ခုနစ်ပါး အားရှိခြင်း]

၁၂၂။ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ၏ ပြာသာဒ်၌ သီတင်း သုံးတော်မူသော ဗုဒ္ဓသည် အခါတပါး၌ ညနေစောင်းအချိန်တွင်တပါးတည်း ကိန်းအောင်းရာမှထ၍အပြင်တံခါးမုခ်၌ ထိုင်နေတော်မူ၏။ ထိုအခါ ကောသလ မင်းသည်ဗုဒ္ဓထံချဉ်းကပ်၍ ရှိခိုးပြီး တခုသော နေရာ၌ ထိုင်နေလေ၏။ ထိုအချိန် တွင် ရှည်သော ချိုင်းမွေး၊ လက်သည်း၊ ခြေသည်း၊ အမွေးအမျှင် ရှိသော ရသေ့ခုနစ်ပါး၊ နိဂဏ္ဌတက္ကတွန်း ခုနစ်ပါး၊ အဝတ် မဝတ်သော အစေလက တက္ကတွန်း ခုနစ်ပါး၊ အဝတ်တထည်သာ ဝတ်သော ဧကသာဋကတက္ကတွန်း ခုနစ်ပါးနှင့် ပရိဗိုဇ် ခုနစ်ပါးတို့သည် ရသေ့ပရိက္ခရာ အမျိုးမျိုးကို ယူဆောင်၍ ဗုဒ္ဓအနီးမှဖြတ်သန်းသွားကြ၏။ ကောသလမင်းကြီးသည်ထိုပုဂ္ဂိုလ်တို့ကိုမြင်လျှင် ကိုယ်ဝတ်ပုဆိုးကိုလက်ကတော့တင်၍လက်ယာဒူးကို မြေကြီးပေါ်၌ ထောက်ပြီး ထိုပုဂ္ဂိုလ်များ ရှိရာသို့ လက်အုပ်ချီကာ 'အရှင်ဘုရားတို့၊ ကျွန်ုပ်သည် ပသေနဒီ ကောသလမင်းပါတည်း'ဟု သုံးကြိမ် ကြွေးကြော်လေသည်။

ထိုရသေ့၊ တက္ကတွန်းနှင့် ပရိဗိုဇ်များ အဝေးသို့ ရောက်သွားသောအခါ ကောသလမင်းသည်ဗုဒ္ဓအနီး၌ပြန်ထိုင်ပြီး"အရှင်ဘုရား၊ ဤရသေ့၊တက္ကတွန်း၊ ပရိဗိုဇ်တို့သည် ဤလောက၌ ရဟန္တာပုဂ္ဂိုလ် သို့မဟုတ် အရဟတ္တမဂ်သို့ ရောက်သော ပုဂ္ဂိုလ်တို့တွင် အပါအဝင်ဖြစ်ပါ၏"ဟု လျှောက်၏။

ကောသလမင်းကြီးက ယင်းသို့ လျှောက်သောအခါ ဗုဒ္ဓက ကာမဂုဏ်ဖြင့် ပျော်မွေ့နေသော လူတို့သည် ရဟန္တာ ဟုတ်မဟုတ်ကို သိရန် မလွယ်ကြောင်း မိန့်ကြားတော်မူ၏။

"မင်းကြီး၊ ကာမဂုဏ်ကို ခံစား၍ သားသမီးတို့ကြား၌နေသော သင်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်သော ပုဂ္ဂိုလ်တို့ကို လည်းကောင်း သိမြင်ရန်မလွယ်ပေ။မင်းကြီး၊အလေ့အကျင့်ကို အတူနေခြင်းဖြင့် သိနိုင်၏။ ကိုယ်နှုတ်စင်ကြယ်မှုကို နှီးနှောပြောဆိုခြင်းဖြင့် သိနိုင်၏။ အင်္ဂါမိမ်း ရှိမရှိကို ဘေးအန္တရာယ်ကြုံသောအခါတို့၌ သိနိုင်၏။ ပညာ ရှိမရှိကို ဆွေးနွေး တိုင်ပင်ခြင်းဖြင့် သိနိုင်၏။ ထိုသို့ သိနိုင်ခြင်းမှာလည်း ကာလကြာမြင့်မှသာ သိနိုင်၏။ တိုတောင်းသောကာလဖြင့် မသိနိုင်။ နှလုံးသွင်းသူသည်သာ သိနိုင်၏။ နှလုံးမသွင်းသူသည် မသိနိုင်။ ပညာရှိသူသည်သာ သိနိုင်၏။ ပညာမရှိသူသည် မသိနိုင်"

ဗုဒ္ဓ၏မိန့်ကြားချက်ကိုကြားနာရလေသော် ကောသလမင်းကြီးသည် လွန်စွာ နှစ်သက်ကျေနပ်လျက် အောက်ပါစကားကို လျှောက်ကြားလေသည်။

"အရှင်ဘုရား၊မြတ်စွာဘုရား၏စကားသည် ထူးခြားဆန်းကြယ်လှပါသည်။ ကောင်းစွာမိန့်ကြားအပ်သော စကားဖြစ်ပါသည်။ အရှင်ဘုရား၊ ကျွန်ုပ်သည် ဇနပုဒ်အတွင်း၌ လျှို့ဝှက်စွာ လှည့်လည်သော မင်းချင်းယောကျ်ားတို့ စုံစမ်း အပ်ပြီးသော အကြောင်းအရာကို အပြီးသတ် ဆုံးဖြတ်ပါသည်။ ယခုအခါ၌ကား ထိုမင်းချင်းတို့သည် အညစ်အကြေးကိုဆေးကြောသန့်စင်၍ ဖြူစင်သောအဝတ် ကို ဝတ်ဆင်ပြီး ကာမဂုဏ်ငါးပါးတို့ဖြင့် ပျော်ပါးနေကြပါကုန်လိမ့်မည်"

ထိုအခါ ဗုဒ္ဓသည် အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူလေသည်။

"အသွင်အပြင်မျှဖြင့် လူကို သိရန် မလွယ်။ အခိုက်အတန့် မြင်ကာမျှဖြင့် အကျွမ်းဝင်ခြင်းမပြုသင့်။ ကိုယ်နှုတ်စောင့်စည်းခြင်း မရှိသူတို့သည် ကိုယ်နှုတ် စောင့်စည်းခြင်းရှိသူတို့၏ အသွင်အပြင်ဖြင့် ဤလောကကို လှည့်လည်နေကြ၏။ အတွင်းဓာတ်မစင်ကြယ်သူတို့သည် အတုအပဖြစ်သော မြေနားတောင်း၊ အဖိုး မတန်သည့် ရွှေရည်ပွတ်နားတောင်းကဲ့သို့ အပေါ်ယံအသွင်အပြင်ဖြင့် ဖုံးလျက် အပြင်ပန်းအားဖြင့် တင့်တယ်စွာ လောက၌ လှည့်လည်နေကြ၏"

## ၂။ ပဉ္စရာဇသုတ်

[မင်းငါးပါးတို့ စကား ဖြစ်ပေါ်ပုံ]

၁၂၃။ အခါတပါး၌ ပသေနဒီကောသလမင်းအမှူးရှိသော မင်းငါးပါးတို့အား ကာမဂုဏ်ဖြင့် ပျော်ပါးနေကြစဉ် 'ကာမဂုဏ်ငါးပါးတို့တွင် ဘယ်ကာမဂုဏ်သည် မြတ်သနည်း' ဟူ၍ စကားဖြစ်ပေါ်လေသည်။ အချို့က ရူပါရုံသည် မြတ်၏ဟူ၍လည်းကောင်း၊ အချို့ကလည်း သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့သည် မြတ်၏ဟူ၍လည်းကောင်း တယောက်တမျိုးစီ ပြောဆိုကြရာ သဘောတူညီမှု မရနိုင်ကြသဖြင့် ဗုဒ္ဓထံ သွားရောက် မေးလျှောက်ကြသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

"မင်းကြီး၊ ကာမဂုဏ်ငါးပါးတို့တွင် နှစ်သက်မှုလျှင် အပိုင်းအခြားရှိသော ကာမဂုဏ်ကို မြတ်၏ဟု ငါဆို၏။ တယောက်သူအား နှစ်သက်ဖွယ်ဖြစ်သော အာရုံတို့သည် အခြားတယောက်သူအား နှစ်သက်ဖွယ်မဖြစ်ချေ။ မိမိ နှစ်သက်သော အာရုံကို ရရှိသူသည် ထို့ထက် သာလွန်သော အာရုံကို ရရှိရန် မတောင့်တပေ"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ စန္ဒနင်္ဂလိက မည်သော ဥပါသကာသည် မိမိစိတ်၌ ထင်မြင်လာသော အကြောင်းအရာတခုကို လျှောက်ကြားလိုကြောင်း ဗုဒ္ဓထံ၌ ခွင့်တောင်းပြီး အောက်ပါဂါထာကို လျှောက်ကြားလေသည်။

"ကောင်းသောအနံ့ရှိသော၊ နံနက်ခင်း၌ပွင့်သည့် အဆင်းအနံ့နှင့်ပြည့်စုံသော ကောကနဒမည်သော ပဒုမ္မာကြာပန်းကဲ့သို့လည်းကောင်း၊ ကောင်းကင်၌ ထွန်းလင်းတောက်ပသော နေမင်းကဲ့သို့ လည်းကောင်း၊ ကိုယ်တော်မှ ပြိုးပြိုး ပြက်ပြက် အရောင်ထွက်၍ လွန်စွာတင့်တယ်တော်မူသော မြတ်စွာဘုရားကို သင်တို့သည် ဖူးမြင်ကြပါလော့"

ထိုအခါ မင်းငါးပါးတို့သည် ထိုဥပါသကာအား အပေါ်ဝတ်ပုဆိုးငါးထည်ကို ပေးကြ၏။ ဥပါသကာက ယင်းတို့ကို ဗုဒ္ဓအား လှူလိုက်လေသည်။

## ၃။ ဒေါဏပါကသုတ်

[ကောသလမင်း ဆန်တစိတ်ချက်ထမင်းကိုစားပုံ]

၁၂၄။ အခါတပါး၌ ကောသလမင်းသည် ဆန်တစိတ်ချက်ထမင်းကိုစားပြီး မြတ်စွာဘုရားထံချဉ်းကပ်၍ မြတ်စွာဘုရားအနီး၌ မအီမသာဖြစ်ကာ ထိုင်နေလေသည်။ ထိုအခါ ဗုဒ္ဓသည် ကောသလမင်း၏ အဖြစ်ကိုမြင်၍ အောက်ပါဂါထာကို မိန့်မြွက်တော်မူ၏။

''အခါခပ်သိမ်းသဘိရှိလျက် မိမိရအပ်သော စားသောက်ဖွယ်၌ အတိုင်းအရှည်ကို သိသူအား ရောဂါဝေဒနာများ နည်းပါး၏။ စားသုံးအပ်သောအစာသည်လည်း အသက်ကိုစောင့်သည်ဖြစ်၍ နူးညံ့စွာကြေညက်၏''

ထိုအခါ ကောသလ မင်းကြီးသည်မိမိနောက်၌တည်သော သုဒဿနလုလင်အား ထိုဂါထာကို သင်ယူမှတ်သား၍ မိမိထမင်းစားတိုင်း ရွတ်ဆိုရန်မှာကြား၏။ နေ့စဉ် အသပြာ တရာပေးမည်ဟုလည်း ငန်ခံ၏။ သုဒဿနလုလင်သည် မင်းကြီး မှာကြားသည့်အတိုင်း မင်းကြီး ထမင်းစားသည့်အခါ အနားမှနေ၍ ထိုဂါထာကို ရွတ်ဆို၏။ မင်းကြီးသည် အစဉ်သဖြင့် ထမင်းကိုလျှော့၍လျှော့၍ စားရာ နောက်ဆုံးတွင် တစလယ်ချက်မျှ၌ တည်လေသည်။ ထိုအခါ ကောသလမင်းကြီးသည်ကောင်းစွာလျော့ပါးသောကိုယ်ရှိသည်ဖြစ်၍ မိမိကိုယ်ကိုအဖန်ဖန်သုံးသပ်လျက် 'မြတ်စွာဘုရားသည် ငါ့ကို မျက်မှောက်အကျိုး၊ တမလွန်အကျိုး နှစ်ပါးစုံဖြင့်စောင့်ရှောက်တော်မူပါပေသည်' ဟူ၍ ကျူးရင့်မြွက်ဆိုလေသည်၊

## ၄။ ပထမသင်္ဂါမ သုတ်

### [ကောသလမင်း စစ်ရှုံးခြင်း]

၁၂၅။ အခါတပါး၌ မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သားဖြစ်သည့် အဇာတသတ်မင်းသည် ကောသလမင်းကို တိုက်ရန် ကာသိရွာသို့ စစ်အင်္ဂါလေးပါးဖြင့် ချီတက်လာ၏၊ ကောသလမင်းသည်လည်း စစ်အင်္ဂါလေးပါးဖြင့် ကာသိရွာသို့ချီတက်၍ တိုက်ခိုက်ရာ စစ်ရှုံးသဖြင့် သာဝတ္ထိပြည်သို့ ဆုတ်ခွာလာရ၏။ ဆွမ်းခံလာသော ရဟန်းတို့သည် မင်းကြီးစစ်ရှုံး၍ ဆုတ်ခွာလာရပုံကို တွေ့မြင်ကြလျှင် ဗုဒ္ဓအား ထိုအကြောင်းကို လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓက အဇာတသတ်မင်းသည် ယုတ်မာသော အဆွေခင်ပွန်းရှိသူဖြစ်ကြောင်း၊ ကောသလမင်းသည်ကား ကောင်းသော အဆွေခင်ပွန်းရှိသူဖြစ်၍ ထိုတနေ့သာလျှင် စိတ် ဆင်း ရဲ ရ မည် ဖြစ်ကြောင်း မိန့်ကြားတော်မူပြီး အောက်ပါဂါထာကိုမိန့်မြွက်တော်မူ၏။

''အနိုင်ရသောသူသည်ရန်ကိုပွားစေ၏။ ရှုံးသောသူသည်ဆင်းရဲစွာနေရ၏။ အနိုင်ရခြင်း၊ ရှုံးခြင်းကိုစွန့်၍ ငြိမ်းအေးစွာ နေသောသူသည်သာ စင်စစ်ချမ်းသာစွာနေရလိမ့်မည်''

## ၃။ ဒုတိယ သင်္ဂါမ သုတ်

[ကောသလမင်း စစ်နိုင်ခြင်း]

၁၂၆။ အခါတပါး၌ မဂဓတိုင်းကို အစိုးရသော အဇာတသတ်မင်းနှင့် ကောသလမင်းတို့သည် ကာသိရွာကို အကြောင်းပြု၍ စစ်တိုက်ကြပြန်ရာ အဇာတသတ်မင်းစစ်ရှုံးလေသည်။ ကောသလမင်းသည် အဇာတသတ်မင်းကို လက်ရဖမ်းမိသော်လည်း မိမိ၏တူဖြစ်၍ အသေမသတ်ပဲ စစ်သည်ဗိုလ်ပါ အားလုံးကိုသာသိမ်းပြီး အဇာတသတ်ကို လွှတ်လိုက်၏။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ကြားသောအခါ ဗုဒ္ဓက အောက်ပါဂါထာတို့ကို မိန့်မြွက် တော်မူ၏။

"သူတပါးကိုနှိပ်စက်ဖျက်ဆီးသူသည်မိမိနှိပ်စက်ဖျက်ဆီးသည့်အတိုင်းအတာ နှင့်အမျှ မိမိကိုယ်တိုင်လည်း နှိပ်စက်ဖျက်ဆီးခြင်းခံရ၏"

"သူမိုက်သည်မကောင်းမှုအကျိုးမပေးသေးသမျှကာလပတ်လုံး သင့်လျော် လျောက်ပတ်၏ဟု ထင်မှတ်၍နေ၏။ မကောင်းမှု အကျိုးပေးသောအခါ၌ကား ဆင်းရဲခြင်းသို့ရောက်ရ၏"

"သူတပါးကိုညှဉ်းဆဲသတ်ဖြတ်သူသည် သူတပါး၏ညှဉ်းဆဲသတ်ဖြတ်ခြင်းကို ခံရ၏။ သူတပါးကို အနိုင်ယူသူသည် သူတပါး၏ အနိုင်ယူခြင်းကို ခံရ၏။ သူတပါးကို ဆဲရေးသူသည် သူတပါး၏ ဆဲရေးခြင်းကို ခံရ၏။ သူတပါးကို ချုပ်ချယ်သူသည် သူတပါး၏ ချုပ်ချယ်ခြင်းကို ခံရ၏။ သူတပါးကို လုယက် သူသည် အတုံ့အလှည့်အားဖြင့် သူတပါး၏ လုယက်ခြင်းကို ခံရ၏။"

## ၆။ မလ္လိကာ သုတ်

[မလ္လိကာ မိဖုရား **သမီးမွေးခြင်း**]

၁၂၇။ အခါတပါး၌ ကောသလမင်းကြီး ဗုဒ္ဓထံပါးသို့ ရောက်နေစဉ် မင်းချင်းတယောက်သည် မင်းကြီးနားသို့ ကပ်၍ မလ္လိကာမိဖုရား၌ သမီး မွေးဖွားကြောင်းလျှောက်ကြားလေသည်။ ထိုအခါသားမမွေးပဲ သမီးမွေးသည့် အတွက် မင်းကြီး စိတ်နှစ်လုံး မသာမယာဖြစ်သွား၏။ ဗုဒ္ဓသည် ထိုအကြောင်း ကို သိ၍ အောက်ပါဂါထာကို မြွက်ဆိုတော်မူ၏။

"မင်းကြီး၊ သင်သည်သမီးကို ကျေးမွေးပြုစုလော့။ အသိပညာ အကျင့် သီလတို့နှင့် ပြည့်စုံ၍ ယောက္ခမကို နတ်ကဲ့သို့ ရိုသေသော၊ လင်ကိုလုပ်ကျွေး သော အချို့မိန်းမသည်မြတ်၏။ ထိုကဲ့သို့သောမိန်းမမှ မွေးဖွားသည့် ရဲရင့်သော သားသည် တိုင်းပြည်ကိုအုပ်ချုပ်နိုင်၏"

## ၇။ အပ္ပမာဒသုတ်

### [မမေ့မလျော့ခြင်း၏ အကျိုး]

၁၂၈။ အခါတပါး၌ ကောသလမင်းကြီးသည်ဗုဒ္ဓထံသို့ချဉ်းကပ်၍ မေးခွန်းတခုကိုမေးလျှောက်ရာ ဗုဒ္ဓကလည်းဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ မျက်မှောက်အကျိုး တမလွန်အကျိုးဟူသော အကျိုးနှစ်ပါးကို လွှမ်းခြုံ၍ တည်သော တရားတပါးသည် ရှိပါသလော"

"မင်းကြီး၊ ထိုအကျိုးနှစ်ပါးကို လွှမ်းခြုံ၍တည်သော တရားတပါးသည် ရှိပေ၏"

"အရှင်ဘုရား ထိုတရားတပါးကား အဘယ်ပါနည်း"

"မင်းကြီး၊ထိုတရားတပါးကား မမေ့မလျော့ခြင်းဖြစ်၏။ မင်းကြီး၊ ဥပမာ ကုန်းသတ္တဝါတို့၏ခြေရာဟူသမျှတို့သည်ဆင်ခြေရာ၏အတွင်းသို့ဝင်ကုန်သကဲ့သို့၊ ထို့အတူမမေ့မလျော့ခြင်းသည် မျက်မှောက်အကျိုး၊ တမလွန်အကျိုးဟူသော အကျိုးနှစ်ပါးလုံးကို လွှမ်းခြုံ၍တည်၏"

ဗုဒ္ဓသည် ယင်းသို့ဖြေကြားပြီး အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူ၏။

"အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ အဆင်းလှခြင်း၊ နတ်စည်းစိမ်၊ အမျိုးမြတ်ခြင်း၊ မွေ့လျော်ခြင်း စသော မြင့်မြတ်မှု အဆင့်ဆင့်ကို လိုလားတောင့်တသူသည် မမေ့မလျော့ခြင်းကို ပြုအပ်၏။ ပညာရှိတို့သည် ကုသိုလ်၏ တည်ရာအကြောင်းတို့၌ မမေ့မလျော့ခြင်းကို ချီးမွမ်းကြကုန်၏။ မမေ့မလျော့သော ပညာရှိသည် အကျိုးနှစ်ပါးကို သိမ်းယူနိုင်၏။ အကျိုးနှစ်ပါးကိုရရှိခြင်းကြောင့် ထိုသူကို ပညာရှိဟု ဆိုအပ်၏"

## ၈။ ကလျာဏမိတ္တသုတ်

### [မိတ်ဆွေကောင်းရှိသူ]

၁၂၉။ အခါတပါး၌ ကောသလမင်းကြီးသည်ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါစကားကို လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တရားကို ကောင်းစွာ ဟောကြားအပ်ပါသည်။ ထိုသို့ ကောင်းစွာ ဟောကြားအပ်သော တရားတော်သည် လည်း ကောင်းသော မိတ်ဆွေ၊ ကောင်းသော အပေါင်းအဖော်ရှိသူအားသာဖြစ်၏။ သူတော်ကောင်းတို့၌ စိတ်ညွတ်သူအားသာ ဖြစ်၏။ ယုတ်မာသော မိတ်ဆွေ၊ ယုတ်မာသော အပေါင်းအဖော် ရှိသူအား မဖြစ်။ သူယုတ်မာတို့၌ စိတ်ညွတ်သူအား မဖြစ်၊ ဤသို့ တပည့်တော်အား တခါက အကြံဖြစ်ခဲ့ပါသည်"

"မင်းကြီး၊ သင်အကြံ ဖြစ်သည့် အတိုင်း မှန်ပေ၏။ မင်းကြီး တခါက သက္ကတိုင်း နဂရကနိဂုံး၌ ငါ သီတင်းသုံးနေစဉ် အာနန္ဒာသည် ငါ့အား ဤသို့ လျှောက်ကြားခဲ့ဖူး၏။ 'အရှင်ဘုရား၊ ကောင်းသော မိတ်ဆွေရှိခြင်း၊ ကောင်းသောအပေါင်းအဖော်ရှိခြင်း၊ သူတော်ကောင်းတို့၌စိတ်ညွှတ်ခြင်းသည် အကျင့်မြတ်၏ ထက်ဝက်ကို ပြီးစေနိုင်ပါ၏'

"မင်းကြီး၊ အာနန္ဒာကယင်းသို့လျှောက်ကြားသောအခါ ငါသည်အာနန္ဒာအား ဤသို့မိန့်ကြားခဲ့၏။ 'အာနန္ဒာ၊ ဤသို့မဆိုလင့်။ ကောင်းသော မိတ်ဆွေရှိခြင်း၊ ကောင်းသော အပေါင်းအဖော်ရှိခြင်း၊ သူတော်ကောင်းတို့၌ စိတ်ညွှတ်ခြင်းသည် အလုံးစုံသော အကျင့်မြတ်ကို ပြီးစေနိုင်၏။ ကောင်းသောမိတ်ဆွေရှိသူ၊ ကောင်းသော အပေါင်းအဖော်ရှိသူ၊ သူတော်ကောင်း တို့၌ စိတ်ညွှတ်သူသည် အရိယမဂ်ကို ဖြစ်ပွားစေလိမ့်မည်ဟူ၍ မှတ်ယူလင့်အပ်၏။ အာနန္ဒာ၊ အဆွေခင်ပွန်းကောင်း ဖြစ်သော ငါ့ကိုအကြောင်းပြု၍ ဘဝသစ်၌ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိသော သတ္တဝါတို့သည် ထိုသဘောများမှ လွတ်မြောက်ကြကုန်၏။

"မင်းကြီး၊ထို့ကြောင့် သင်သည် ကောင်းသောမိတ်ဆွေရှိသူ၊ကောင်းသော အပေါင်းအဖော်ရှိသူ၊ သူတော်ကောင်းတို့၌ စိတ်ညွှတ်သူဖြစ်ရန် လေ့ကျင့်အားထုတ်ရမည်။ မင်းကြီး ကောင်းသောမိတ်ဆွေရှိသော၊ ကောင်းသော အပေါင်းအဖော်ရှိသော၊ သူတော်ကောင်းတို့၌ စိတ်ညွှတ်သော သင်သည် မမေ့မလျော့ခြင်းဟူသော တရားတပါးကို အမှီပြု၍ နေရမည်။ မင်းကြီး မမေ့မလျော့ခြင်းကို အမှီပြု၍ နေသော သင်၏ မောင်းမအပေါင်း၊ နောက်လိုက်မင်းအပေါင်း၊ စစ်သည် ရဲမက်အပေါင်း၊ တိုင်းသူပြည်သား အပေါင်းတို့သည်လည်း မမေ့မလျော့နေရန် ကြံစည် စဉ်းစားကြလိမ့်မည်။ မမေ့မလျော့ခြင်းကို အမှီပြု၍နေသော သင့်အား၊ မိမိကိုယ်နှင့်တကွ မောင်းမအပေါင်းကို လည်းကောင်း၊ ဘဏ္ဍာတိုက်ကိုလည်းကောင်း၊ လုံခြုံအောင် စောင့်ရှောက်ပြီး ဖြစ်လိမ့်မည်"

ဗုဒ္ဓသည် ကောသလမင်းကြီးအား ယင်းသို့ မိန့်ကြားပြီး အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူ၏။

"အဆင့်ဆင့်မြင့်သော စည်းစိမ်တို့ကိုလိုလားတောင့်တသူသည် မမေ့မလျော့နေရာ၏။ ကုသိုလ်၏တည်ရာအကြောင်းတို့၌ မမေ့မလျော့ခြင်းကို ပညာရှိ

တို့သည် ချီးမွမ်းကြ၏။ မမေ့မလျော့သောပညာရှိသည်မျက်မှောက်အကျိုး၊ တမလွန်အကျိုးဟူသောအကျိုးနှစ်ပါးကိုသိမ်းယူနိုင်၏။ထိုအကျိုးနှစ်ပါးကို ရခြင်းကြောင့် ထိုသူကို ပညာရှိဟုဆိုအပ်၏"

## ၉။ ပထမအာပုတ္တကသုတ်

## [သားသမီးမရှိသော သဌေး သေလွန်ခြင်း]

၁၃၀။ အခါတပါး၌ ကောသလမင်းကြီးသည် နေမွန်းတည့်ချိန်တွင် ဗုဒ္ဓထံသို့ ချဉ်းကပ်သွားရာ ဗုဒ္ဓက "မင်းကြီး ယခု နေမွန်းတည့်ချိန်၌ ဘယ်ကလာသနည်း" ဟု မေးမြန်းတော်မူ၏။

"အရှင်ဘုရား၊ ဤသာဝတ္ထိပြည်၌ သားသမီးမရှိသော သဌေးတယောက်သေဆုံးရာ ထိုသဌေး၏ပစ္စည်းဥစ္စာများကို နန်းတော်တွင်းသို့သွင်းခဲ့ရပါသည်။ ထိုသဌေး၏ ပစ္စည်းများမှာ ရွှေသက်သက်သည်ပင် ရှစ်ကုဋေရှိပါသည်။ငွေသားမှာမူ ဆိုဖွယ်မရှိပါ။ သို့သော်လည်း ထိုသဌေးကား ပုန်းရည်ဟင်းနှင့်ဆန်ကွဲထမင်းကိုသာ စားပါသည်။ သုံးလွှာစပ်၍ချုပ်သော ပိုက်ဆံ လျှော်အဝတ်ကိုသာ ဝတ်ပါသည်။ ရထားအိုကို စီး၍ သစ်ရွက်ထီးကိုသာဆောင်းပါသည်"

"မင်းကြီး ယင်းသို့ပင်ဖြစ်တတ်၏။ ယုတ်ညံ့သော သူတို့သည် စည်းစိမ်ဥစ္စာများစွာကို ရသော်လည်း မိမိကိုယ်တိုင်နှင့်တကွ မိဘ၊ သားမယား၊ ကျေးကျွန် အဆွေခင်ပွန်းတို့ကို ချမ်းသာ ဝပြိုးအောင်မပြုကြ။ ချမ်းသာသောအကျိုးကို ဖြစ်စေမည့် အလှူဒါနကိုလည်း မပြုလုပ်ကြ။ ထိုသူတို့မသုံးဆောင်ပဲထားသော ပစ္စည်းဥစ္စာများကို မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်အပ်သော အမွေခံတို့သည် ယူဆောင်ကြကုန်၏။ မီးလောင်ခြင်း၊ ရေမျောခြင်းသို့သော်လည်းရောက်ရ၏။ မင်းကြီး၊ ဥပမာ လူမရှိသောအရပ်၌ တည်သော ရေကန်မှ ရေများသည် လူတို့မသုံးရပဲ ကုန်ခန်းသွားသကဲ့သို့၊ ထို့အတူ ယုတ်ညံ့သူတို့၏ ပစ္စည်းဥစ္စာများသည် မသုံးဆောင်ရပဲ ကုန်ခန်းသွားကုန်၏။

"မင်းကြီး၊ သူတော်မြတ်သည်ကား ပစ္စည်းဥစ္စာများစွာကို ရသော် မိမိကိုယ်တိုင်နှင့်တကွ မိဘ သားမယား စသည်တို့ကို ချမ်းသာပြည့်ဖြိုးစေ၏။အလှူဒါနကိုလည်း ပြုလုပ်၏။ ဥပမာ ရွာနီးအနီး၌ တည်သောရေကန်မှရေများကို လူများ သောက်ချိုး သုံးစွဲရသကဲ့သို့၊ ထို့အတူ သူတော်သူမြတ်၏ ပစ္စည်းဥစ္စာတို့သည်လည်း သုံးဆောင်ခြင်းသို့သာရောက်၏။ အချည်းနှီးကုန်ခန်းသွားရခြင်းသို့ မရောက်ချေ"

ဗုဒ္ဓသည် ကောသလမင်းကြီးအား ယင်းသို့မိန့်ကြားပြီးအောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

''လူမရှိသောအရပ်၌ တည်သည့် အေးမြသောရေသည်သောက်သုံးခြင်းမပြုရပဲ ကုန်ခန်းသွားသကဲ့သို့၊ ထို့အတူ ယုတ်ညံ့သောသူသည် ပစ္စည်းဥစ္စာတို့ကို ရသော်လည်း မိမိကိုယ်တိုင်လည်းမသုံးစွဲ၊ သူတပါးအားလည်း ပေးကမ်းခြင်းမပြုချေ''

''ဉာဏ်ပညာရှိသူသည်ကားပစ္စည်းဥစ္စာတို့ကိုရလျှင်ကိုယ်တိုင်လည်းသုံးဆောင်ခံစား၏။ပြုဖွယ်ကိစ္စကိုလည်းပြုလုပ်၏။ထိုသူသည် ဆွေမျိုးအပေါင်းအားလည်း ကူညီထောက်ပံ့ခြင်း ပြုသဖြင့် ကဲ့ရဲ့ခြင်းမခံရပဲ ကောင်းမှုပြုသူတို့၏ တည်ရာဖြစ်သောနတ်ပြည်သို့ ရောက်ရ၏''

## ၁၀။ ဒုတိယအပုတ္တကသုတ်

## [သားသမီးမရှိသော သဌေး]

၁၃၁။ အခါတပါး၌ကောသလမင်းကြီးသည် နေမွန်းတည့်ချိန်တွင်ဗုဒ္ဓထံသို့ ချဉ်းကပ်လာ၍ ဗုဒ္ဓက (ရှေးသုတ်နည်းတူ) မေးမြန်းရာ သားသမီးမရှိသော သဌေးတယောက် သေဆုံး၍ ထိုသဌေး၏ ပစ္စည်းများကို နန်းတော်သို့ သိမ်းယူခဲ့ရကြောင်း။ ပစ္စည်းများမှာ ရွှေသားသက်သက်ပင် သိန်းတရာမျှရှိကြောင်း။ ထိုသဌေးမှာမူ မိမိ၏ ပစ္စည်းများကို မစားရက် မသုံးရက်ပဲ ဆင်းရဲစွာနေခဲ့ကြောင်း လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓသည် ထိုသဌေးကြီး၏ ရှေးဘဝက အကြောင်းကို ပြန်ပြောင်းဟောကြားတော်မူ၏။

ရှေးအခါက ထိုသဌေးကြီးသည် တဂ္ဂရသိခိ မည်သော ပစ္စေကဗုဒ္ဓအား ဆွမ်းလောင်းစေပြီးနောက်မှ 'ဒီဆွမ်းကို ငါ့ရဲ့ ကျေးကျွန် အလုပ်သမားတွေကို ကျွေးလိုက်ရတာကမှ ကောင်းသေးရဲ့'ဟု အကြံဖြစ်၏။ ပစ္စည်းကို အကြောင်းပြု၍ အစ်ကို၏ တဦးတည်းသော သားကိုလည်း သတ်ခဲ့၏။ ထိုသူသည် ပစ္စေကဗုဒ္ဓအား ဆွမ်းလောင်းစေသော ကောင်းမှုကြောင့် သာဝတ္ထိပြည်၌ပင် သဌေးခုနစ်ကြိမ် ဖြစ်ခဲ့၏။ ဆွမ်းလောင်းစေပြီး မကောင်းသော စိတ်အကြံ ဖြစ်ခဲ့ခြင်းကြောင့် ပစ္စည်းဥစ္စာတို့ကို သုံးဆောင် ခံစားရန် စိတ်မညွတ်ပဲ ရှိခဲ့၏။ အစ်ကို၏ သားကို သတ်ခဲ့မှုကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံခဲ့ရပြီး သဌေးဖြစ်သော ခုနစ်ဘဝတို့၌လည်း သားသမီးမရခဲ့ချေ။ ကုသိုလ်ကံဟောင်းကုန်ပြီး ကုသိုလ်ကံအသစ်ကိုလည်း မဆည်းပူးခြင်းကြောင့် သဌေးဘဝမှ သေလွန်သော် မဟာရောရုဝ ငရဲ၌ ဖြစ်လေသည်။

ဗုဒ္ဓသည်ဤသို့သဌေးကြီး၏အကြောင်းကိုဟောကြားပြီးအောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူသည်။

"သတ္တဝါတို့သည် ရွှေငွေဥစ္စာ လယ်ယာပစ္စည်းတို့ကိုလည်း ကောင်း၊ ကျေးကျွန် အလုပ်သမားတို့ကိုလည်းကောင်း ယူ၍ မသွားနိုင်။ အားလုံးကို စွန့်ခွာ၍ သွားရ၏။ ကိုယ်နှုတ်စိတ် သုံးပါးဖြင့် မိမိပြုအပ်သော ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်၏။ ထိုကံကိုသာလျှင်ယူ၍သွားနိုင်၏။ထိုကံသည်သာ အရိပ်ကဲ့သို့အစဉ်လိုက်၏။တမလွန်အကျိုးကိုဆည်းပူးလိုသူသည်ကုသိုလ်ကောင်းမှု ပြုလုပ်သင့်၏။ ကုသိုလ်ကောင်းမှုတို့သည် တမလွန်ဘဝ၌သတ္တဝါတို့၏ ထောက်တည်ရာဖြစ်၏"

## ၃။ တတိယဝဂ်

### ၁။ ပုဂ္ဂလသုတ်

[ကောသလမင်းအား ပုဂ္ဂိုလ်လေးမျိုးကို ဟောခြင်း]

၁၃၂။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသလမင်းကြီးအား ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားတော်မူ၏။

"မင်းကြီး၊ ဤလောက၌ အချို့သူသည်ဆင်းရဲနိမ့်ကျသော အမျိုး၌ ဖြစ်၍ အဝတ်အစား အသုံးအဆောင်တို့ကို ခက်ခဲစွာ ရရှိ၏။ ရုပ်အဆင်းလည်း မလှ။ အနာရောဂါလည်းများ၏။ ထိုသူသည် ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် မကောင်းမှုဒုစရိုက်ကို ပြုကျင့်၍ သေလွန်သောအခါအပါယ်ငရဲသို့ကျရောက်၏။ ထိုသူသည် အမှောင်မှလာ၍ အမှောင်သို့ သွားသူဖြစ်၏"

"မင်းကြီး၊ ဤလောက၌ အချို့သူသည် ဆင်းရဲ နိမ့်ကျသောအမျိုး၌ဖြစ်၍ အဝတ်အစား အသုံးအဆောင်တို့ကို ခက်ခဲစွာရရှိ၏။ ရုပ်အဆင်းလည်း မလှ။ အနာရောဂါလည်းများ၏။ သို့သော် ထိုသူ သည် ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် ကုသိုလ်ကောင်းမှုသုစရိုက်ကိုပြုကျင့်သဖြင့်သေလွန်သောအခါနတ်ပြည်သုဂတိသို့ ရောက်၏။ ထိုသူသည် အမှောင်မှလာ၍ အလင်းသို့သွားသူဖြစ်၏"

"မင်းကြီး၊ ဤလောက၌ အချို့သူသည် ချမ်းသာကြွယ်ဝ၍မြင့်မြတ်သော အမျိုး၌ဖြစ်ပြီး အဝတ်အစား အသုံး အဆောင်တို့ကို အလွယ်တကူ ရရှိ၏။ ရုပ်အဆင်းလည်း တင့်တယ်ခန့်ညားၡ။ အနာရောဂါလည်း ကင်း၏။ သို့သော် ထိုသူသည်ကိုယ်နှုတ်နှလုံးသုံးပါးဖြင့်မကောင်းမှုဒုစရိုက်ကို ပြုကျင့်သောကြောင့် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်၏။ ထိုသူသည် အလင်းမှလာ၍ အမှောင်သို့သွားသူဖြစ်၏"

"မင်းကြီး၊ ဤလောက၌ အချို့သူသည်ချမ်းသာကြွယ်ဝ၍ မြင့်မြတ်သော အမျိုး၌ဖြစ်ပြီး အဝတ်အစား အသုံးအဆောင် တို့ကို အလွယ်တကူ ရရှိ၏။ ရုပ်အဆင်းလည်းတင့်တယ်ခန့်ညား၏။ အနာရောဂါလည်းကင်း၏။ ထိုသူသည် ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် ကုသိုလ်ကောင်းမှု သုစရိုက်ကို ပြုကျင့်သဖြင့် သေလွန်သောအခါနတ်ပြည်သုဂတိသို့ရောက်၏။ ထိုသူသည် အလင်းမှလာ၍ အလင်းသို့ သွားသူဖြစ်၏"

ဗုဒ္ဓသည် ကောသလမင်းကြီးအားယင်းသို့ပုဂ္ဂိုလ်လေးမျိုးကိုဟောကြားပြီး အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူလေသည်။

"မင်းကြီး၊ အကြင်သူသည် ဆင်းရဲ၍သဒ္ဓါတရားမရှိ၊ ဝန်တိုစေးနှဲ၍ယုတ်ညံ့သောစိတ်အကြံရှိ၏။ မှားသောအယူရှိ၏။ သူတော်သူမြတ်တို့ကိုရိုသေခြင်းမရှိ။ ဆဲရေးခြိမ်းခြောက်တတ်၏။ ပေးလှူခြင်းကိုပိတ်ပင်တတ်၏။ ထိုသို့သဘောရှိသူသည် သေလွန်သော အခါ ကြမ်းတမ်းသော ငရဲသို့ ရောက်ရ၏။ ထိုသူသည် အမှောင်မှလာ၍အမှောင်သို့သွားသူဖြစ်၏"

"မင်းကြီး၊ အကြင်သူသည်ဆင်းရဲသော်လည်းသဒ္ဓါတရားရှိ၏။ ဝန်တိုခြင်းမရှိ။ ပေးလှူတတ်၏။ ကောင်းသောအကြံကိုကြံတတ်၏။တည်ကြည်သောစိတ်ရှိ၏။သူတော်သူမြတ်တို့အားရိုသေလေးစား၏။ပေးလှူခြင်းကို မပိတ်ပင်တတ်။ ထိုသို့သဘောရှိသူသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်၏။ ထိုသူသည် အမှောင်မှလာ၍ အလင်းသို့ သွားသူဖြစ်၏"

"မင်းကြီး၊ အကြင်သူသည် ချမ်းသာ ကြွယ်ဝသော်လည်းသဒ္ဓါတရားမရှိ။ ဝန်တိုစေးနှဲ၍ယုတ်ညံ့သော်စိတ်အကြံရှိ၏။မှားသောအယူရှိ၏။သူတော် သူမြတ်တို့ကို ရိုသေခြင်းမရှိ။ ဆဲရေးခြိမ်းခြောက်တတ်၏။ပေးလှူခြင်းကိုလည်း ပိတ်ပင်တတ်၏။ ထိုသို့သဘောရှိသူသည် သေလွန်သောအခါ ကြမ်းတမ်းသောငရဲသို့ ရောက်၏။ထိုသူသည်အလင်းမှလာ၍အမှောင်သို့သွားသူဖြစ်၏"

"မင်းကြီး၊ အကြင်သူသည် ချမ်းသာကြွယ်ဝ၍ သဒ္ဓါတရားလည်းရှိ၏။ ဝန်တိုခြင်းမရှိပဲပေးလှူတတ်၏။ ကောင်း သော အ ကြံ ကို ကြံ စည် တတ် ၏။ တည်ကြည်သောစိတ်ရှိ၏။ သူတော်သူမြတ်တို့ကို ရိုသေလေးစား၏။ ပေးလှူခြင်းကိုလည်း မပိတ်ပင်တတ်။ ထိုသို့သဘောရှိသူသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်ရ၏။ ထိုသူသည် အလင်းမှလာ၍ အလင်းသို့သွားသူဖြစ်၏"

## ၂။ အယျိကာသုတ်

### [ကောသလမင်း၏ အဘွားသေဆုံးခြင်း]

၁၃၃။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် နေမွန်းတည့်ချိန်၌ရောက်လာသော ကောသလမင်းကြီးအား "မင်းကြီး၊ ယခုနေမွန်းတည့်ချိန်၌ဘယ်ကလာသနည်း" ဟုမေးတော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်အလွန်ချစ်သည့် အသက်တရာ့နှစ်ဆယ်ရှိသော အဘွားသည် သေလွန်သွားပါသည်။ အရှင်ဘုရား၊ အကယ်၍ တပည့်တော်သည် ဆင်၊ မြင်းစသော ရတနာတို့ဖြင့်လည်းကောင်း၊ ရွာနိဂုံး ဇနပုဒ်တို့ဖြင့် လည်းကောင်း၊ အဘွားမသေစေရန် လဲလှယ်၍ရပါမူ လဲလှယ်မည်သာဖြစ်ပါသည်"

"မင်းကြီး၊ သတ္တဝါအားလုံးတို့သည် သေခြင်းသဘောရှိကုန်၏။ သေခြင်း လျှင်အဆုံးရှိကုန်၏။ သေခြင်းကိုမလွန်ဆန်နိုင်ကုန်"

"အရှင်ဘုရား၊ အံ့ဩဖွယ်ကောင်းလှပါသည်။ မြတ်စွာဘုရား၏စကားသည် ကောင်းစွာမိန့်ကြားအပ်သော စကားစင်စစ်ဖြစ်ပါပေသည်"

"မင်းကြီး၊ မှန်ပေ၏။ အိုးထိန်းသည်တို့၏ အိုးခွက်ဟူသမျှတို့သည် စိမ်းသည်ဖြစ်စေ၊ ကျက်သည်ဖြစ်စေ ကွဲခြင်းသဘောရှိကုန်၏။ ကွဲခြင်းလျှင်အဆုံး ရှိကုန်၏။ ကွဲခြင်းကိုမလွန်ဆန်နိုင်ကုန်။ ထို့အတူ သတ္တဝါအားလုံးတို့သည် သေခြင်းသဘောရှိကုန်၏။ သေခြင်းလျှင် အဆုံးရှိကုန်၏။ သေခြင်းကိုမလွန် ဆန်နိုင်ကုန်"

ဗုဒ္ဓသည် ယင်းသို့မိန့်ကြားပြီး အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

"သတ္တဝါအားလုံးတို့သည် သေကြရလိမ့်မည်။ မှန်၏။ အသက်ရှင်ခြင်း သည် သေခြင်းလျှင်အဆုံးရှိ၏။ သတ္တဝါအားလုံးတို့သည် ကောင်းမှုမကောင်း မှုတို့၏ အကျိုးကိုရရှိ၍ ကံအားလျော်စွာ လားကြရလိမ့်မည်။ မကောင်းမှု ပြုသူတို့သည် ငရဲသို့ရောက်၍ ကောင်းမှုပြုသူတို့သည် နတ်ပြည်သို့ရောက်ကြရ လိမ့်မည်။ ထို့ကြောင့် တမလွန်အကျိုးကို ဆည်းပူးလိုသူသည် ကုသိုလ်ကောင်း မှုကိုပြုသင့်၏။ ကုသိုလ်ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ ထောက်တည်ရာဖြစ်၏"

## ၃။ လောကသုတ်

### [လောက၏အကျိုးမဲ့ကိုဖြစ်စေသောတရားများ]

၁၃၄။
ကောသလမင်း။ ။"အရှင်ဘုရား၊ လောက၏ စီးပွားမဲ့ရန်၊ ဆင်းရဲရန်၊ ချမ်းသာစွာ မနေရရန်ဖြစ်သော တရားတို့သည် အဘယ်မျှရှိပါသနည်း"

ဗုဒ္ဓ ။ ။"မင်းကြီး၊ လောက၏ စီးပွားမဲ့ရန်၊ ဆင်းရဲရန်၊ ချမ်းသာစွာမနေရရန်ဖြစ်သောတရားတို့သည်လောဘ၊ ဒေါသ၊ မောဟအားဖြင့်သုံးပါးရှိ၏"

(ဂါထာ)အတွင်းသန္တာန်၌ဖြစ်ပေါ်လာသည့်လောဘ၊ ဒေါသ၊ မောဟတို့သည် ယုတ်မာသော စိတ်ရှိသူကို နှိပ်စက်ဖျက်ဆီးကုန်၏။အခွံ လျှင် အနှစ်ရှိသော ဝါးပင် ကျူပင်တို့ကို ယင်းတို့၏အသီးများကဖျက်ဆီးသကဲ့သို့ ဖြစ်၏"

## ၄။ ဣဿတ္တသုတ်

### [လေးသမားနှင့် အလှူခံပုဂ္ဂိုလ်]

၁၃၅။ အခါတပါး၌ ကောသလမင်းကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင်ဘုရား၊အဘယ်ပုဂ္ဂိုလ်၌ အလှူကိုပေးလှူထိုက်ပါသနည်း" ဟုမေးလျှောက်၏။

"မင်းကြီး၊ အကြင်ပုဂ္ဂိုလ်၌ စိတ်သည်ကြည်ညို၏။ ထိုပုဂ္ဂိုလ်၌ အလှူကို ပေးလှူထိုက်၏"

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည်အကျိုးကြီးပါသနည်း"

"မင်းကြီး၊ အဘယ်ပုဂ္ဂိုလ်၌ အလှူကို ပေးလှူထိုက်သနည်း ဟူသော မေးခွန်းနှင့် အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီးပါသနည်း ဟူသော မေးခွန်းတို့သည် တမျိုးစီဖြစ်၏။ မင်းကြီး၊ စင်စစ်သီလရှိသောပုဂ္ဂိုလ် အားပေးလှူခြင်းသည် အကျိုးကြီး၏။ သီလမရှိသောပုဂ္ဂိုလ်အားပေးလှူခြင်း သည် အကျိုးမကြီး။မင်းကြီး၊ ဤအရာ၌ သင့်ကိုငါတခုမေးအံ့။ သင်မင်းကြီး အား စစ်တိုက်ရန်အကြောင်း ဖြစ်ပေါ်နေသော အချိန်၌ လေးအတတ်ကို မကျွမ်းကျင်၍ ကြောက်ရွံ့တတ်သော လုလင်တယောက် သင့်ထံသို့ ရောက်လာ ခဲ့သော် သင်သည် ထိုလုလင်ကိုအလိုရှိပါမည်လော"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သောအချိန်၌ ထိုကဲ့သို့သော လုလင်ကို အလိုရှိမည်မဟုတ်ပါ"

"မင်းကြီး၊ အကယ်၍ သင်မင်းကြီးအား စစ်တိုက်ရန်အကြောင်းဖြစ်ပေါ် နေချိန်တွင် လေးအတတ်၌ကျွမ်းကျင်၍ ရဲရင့်သောလုလင်တဦး သင့်ထံရောက် လာခဲ့သော် သင်သည် ထိုလုလင်ကိုအလိုရှိပါမည်လော"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သောအချိန်၌ ထိုကဲ့သို့သော လုလင်ကိုအလိုရှိမည်သာဖြစ်ပါသည်"

"မင်းကြီး၊ ထိုနည်းတူပင် မည်သည့် အမျိုးမှမဆို ထွက်၍ ရဟန်း ပြုပြီး ကာမစ္ဆန္ဒ စသော နီဝရဏ ငါးပါးကို ပယ်၍ ရဟန္တာတို့၏ဥစ္စာဖြစ်သော သီလ သမာဓိ စသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား ပေးလှူအပ်သော အလှူသည်အကျိုးကြီး၏"

ဗုဒ္ဓသည် ကောသလမင်းကြီးအား ယင်းသို့ဖြေကြားတော်မူပြီး အောက်ပါ ဂါထာတို့ကို မိန့်မြွက်တော်မူ၏။

"မင်းကြီး၊ လေးအတတ်၊ ခွန်အား၊ လုံ့လနှင့် ပြည့်စုံသော လုလင်ကိုသာ စစ်တိုက်ရာ၌ အလိုရှိသည်ဖြစ်၍ ကျေးမွေးပြုစုရာ၏။ ရဲရင့်ခြင်း မရှိသူကို အမျိုး တူသော အကြောင်းကြောင့် ကျေးမွေးပြုစုရန် မသင့်ချေ။ ထို့အတူပင် သည်းခံ ခြင်း၊ ရဲရင့်ခြင်း ဟူသော တရားနှစ်ပါးတို့နှင့် ပြည့်စုံ၍ မြတ်သော အသက် မွေးခြင်းရှိသော ပညာရှိကို အမျိုးအားဖြင့် ယုတ်သော်လည်း ပူဇော်ခြင်း ပြုရာ၏"

"နှလုံးမွေ့လျော်ဖွယ်ဖြစ်သောကျောင်းသခမ်းတို့ကိုပြုလုပ်ရာ၏။ထိုကျောင်း ၌ အကြားအမြင်များသူတို့ကို နေစေရာ၏။ တောအရပ်၌ ရေအိုးစင်တို့ကိုလည်း ပြုလုပ်ရာ၏။ မညီညွတ်သော အရပ်၌ တံတား လမ်းတို့ကို လည်း ပြုလုပ်ရာ၏။ ဖြောင့်မတ်စွာ ကျင့်သော ပုဂ္ဂိုလ်တို့အား ကြည်လင်သော စိတ်ဖြင့် ဆွမ်းခဲဖွယ် အဖျော်ယမကာ၊ အဝတ်သင်္ကန်း၊ ကျောင်းအိပ်ရာနေရာတို့ကို ပေးလှူရာ၏"

"များစွာသော လျှပ်စီးလက်ခြင်း၊ တိမ်တောင် တိမ်လိပ်တို့နှင့် ပြည့်စုံသော မိုးသည်ထစ်ချုန်း၍မြေကြီးကို စွတ်စိုစေလျက် ကုန်းကိုလည်းကောင်း၊ ချိုင့်ဝှမ်း ကိုလည်းကောင်း ပြည့်စေသကဲ့သို့ ထို့အတူ သဒ္ဓါတရား၊ အကြားအမြင်တို့နှင့် ပြည့်စုံသော ပညာရှိသည် စားသောက်ဖွယ်များကိုပြုလုပ်စီမံ၍ အလှူခံပုဂ္ဂိုလ် တို့ကို ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏။ အလွန်ဝမ်းမြောက်လျက် ပေးလှူ၏။ အခြားသူများကိုလည်း 'ပေးကြပါ၊ လှူကြပါ'ဟု ပြောဆို၏။ ထိုသို့ပြောဆို ခြင်းသည် မိုးချုန်းသံကဲ့သို့ဖြစ်၏။ ပြန့်ပြောသော ထိုကောင်းမှုရေအလျဉ်သည် ပေးလှူသူကို စွတ်စိုစေ၏"

## ၅။ ပဗ္ဗတူပမသုတ်

### [တောင်ကြီးနှင့် အိုခြင်းသေခြင်း]

၁၃၆။ အခါတပါး၌ဗုဒ္ဓမြတ်စွာသည်နေမွန်းတည့်ချိန်တွင် ရောက်လာသော ကောသလမင်းကြီးအား ဘယ်ကလာသနည်းဟုမေးရာ၊ မင်းကြီးက အောက်ပါအတိုင်း လျှောက်ကြား၏။

"အရှင်ဘုရား၊ ကျယ်ဝန်းသော မြေပြင်ကို အုပ်စိုးနေရသော မင်းတို့အား မင်းမှုရေးရာ ကိစ္စများ ရှိပါသည်။ တပည့်တော်သည် ယနေ့အခါ ထိုကိစ္စများ၌ ကြောင့်ကြ၍ နေရပါသည်"

"မင်းကြီး၊ ယုံကြည်စိတ်ချရသော မင်းချင်းတယောက်သည် အရှေ့အရပ်မှ ပြန်လာပြီး၊ အရှေ့အရပ်မှတောင်ကြီးတလုံးသည်သတ္တဝါအားလုံးကို သေကြေပျက်စီးစေလျက် လိမ့်လာနေသည်ကို မိမိမြင်ခဲ့ရကြောင်း ပြောကြားရာ၏။ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်တို့မှလာသော မင်းချင်းယောကျ်ားတို့ကလည်း ထို အတူပင် ပြောကြားကြရာ၏။ မင်းကြီး၊ ရခဲသော လူ့အဖြစ်၌ ဤသို့လူအပေါင်းကို ပျက်စီးစေမည့် ဘေးကြီးပေါ်လာခဲ့သော် သင်အဘယ်သို့ ပြုလုပ်မည်နည်း"

"အရှင်ဘုရား၊ရခဲသော လူ့အဖြစ်၌ဤကဲ့သို့ လူအပေါင်းကိုပျက်စီးစေမည့် ဘေးကြီး ဖြစ်ပေါ်လာခဲ့သော် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကိုပြုခြင်းမှတပါး အခြား ပြုဖွယ်ကိစ္စ ရှိတော့မည် မဟုတ်ပါ"

"မင်းကြီး၊ စင်စစ် အိုခြင်း၊ သေခြင်းသည် သင့်ကိုလွှမ်းမိုး၍နေ၏။ ဤသို့ အိုခြင်း၊ သေခြင်း၊ လွှမ်းမိုးနေစဉ် သင်သည် အဘယ်ကိစ္စကို ပြုသင့်သနည်း"

"အရှင်ဘုရား၊ အိုခြင်း၊ သေခြင်း၊ လွှမ်းမိုးနေစဉ် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းမှတပါး အခြား ပြုသင့်သော ကိစ္စ မရှိပါ"

"အရှင်ဘုရား၊ ကျယ်ပြန့်သော မြေပြင်ကို အုပ်စိုးနေသော မင်းတို့အား ဆင်မြင်းရထား ခြေလျင်စစ်သားတို့ဖြင့် စစ်ထိုးနိုင်ခြင်းသည် ရှိပါ၏။ အိုခြင်း၊ သေခြင်း၊ လွှမ်းမိုးနေစဉ် ထိုသို့စစ်ထိုးခြင်း၏ အလားအလာသည်မရှိပါ။ အရှင်ဘုရား မင်းမျိုး၌ ရန်သူတို့ကို နည်းဗျူဟာ အမျိုးမျိုးဖြင့် ပြိုကွဲစေ နိုင်သော မင်းတိုင်ပင် အမတ်များ ရှိပါသည်။ အိုခြင်း၊ သေခြင်း လွှမ်းမိုးနေစဉ် ထိုသို့ နည်းဗျူဟာဖြင့် စစ်ထိုးခြင်း၏ အလားအလာသည်လည်း မရှိပါ။ အရှင်

ဘုရား၊ မင်းမျိုး၌ရန်သူတို့ကို ဖြားယောင်းသွေးဆောင်ရန် ရွှေငွေဥစ္စာ မြောက်မြားစွာရှိပါသည်။အိုခြင်း၊ သေခြင်း လွှမ်းမိုးနေစဉ် ထိုသို့ပစ္စည်းဥစ္စာဖြင့် စစ်ထိုးခြင်း၏ အလားအလာသည်လည်း မရှိပါ"

"မင်းကြီးမှန်ပေ၏။အိုခြင်း၊သေခြင်းလွှမ်းမိုးနေစဉ်တရားသဖြင့်ကျင့်ခြင်း၊ မျှတစွာကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကိုပြုခြင်းမှတပါး အခြားပြုသင့်သောကိစ္စ မရှိပေ"

ဗုဒ္ဓသည် ကောသလမင်းကြီးအား ယင်းသို့ မိန့်ကြားပြီး အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

"ကြီးမားသော ကျောက်တောင်တို့သည် မိုးကောင်းကင်ပြင်ကို ထိ၍အရပ်လေးမျက်နှာမှ သတ္တဝါတို့ကို ကြိတ်ချေလျက် လိမ့်လာကုန် သကဲ့သို့ ထို့အတူ အိုခြင်း၊ သေခြင်းတို့သည် မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသား၊ ဒွန်းစဏ္ဍား၊ အမှိုက်လှည်းသမား စသော သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်၍နေကုန်၏။ မည်သူ့ကိုမျှ မရှောင်ပဲအားလုံးကို ဖိနှိပ်ညှဉ်းဆဲ၍နေ၏။ ထိုအရာ၌ ဆင်၊ မြင်း၊ ရထား၊ ခြေလျင်စစ်သားတို့၏တည်ရာသည်မရှိ။နည်းဗျူဟာ ပစ္စည်းဥစ္စာတို့ဖြင့်တိုက်ခိုက်၍လည်း အနိုင်မရနိုင်ချေ။ ထို့ကြောင့် မိမိ၏အကျိုးကို မြော်မြင်သော ပညာရှိသည် ဘုရား တရား၌ ယုံကြည်မှုကို တည်စေရာ၏။ ကိုယ် နှုတ် နှလုံး သုံးပါးဖြင့် တရားကိုကျင့်သူကို ဤဘဝ၌လည်း ချီးမွမ်းကြ၏။ တမလွန်ဘဝ၌လည်း နတ်ပြည်၌ ပျော်စံရ၏"

# ၄။ မာရသံယုတ်

[မာရ်နတ်နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ပထမဝဂ်

### ၁။ တပေါကမ္မသုတ်

[ခြိုးခြံသောအကျင့်မှ ဖယ်ခွာသူဟု စွပ်စွဲခြင်း]

၁၃၇။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ထူးမြတ်သောဉာဏ်အမြင်ကို ရရှိပြီးဖြစ်၍ဥရုဝေလတော နေရဥ္စရာမြစ်ကမ်းရှိအဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေ၏။ ထိုအခါ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ တပါးတည်း ငြိမ်သက်စွာနေသော ဗုဒ္ဓအား ဤသို့ စိတ်အကြံ ဖြစ်လေသည်။

"ငါသည် ကျင့်နိုင်ခဲသော အကျင့်မှ လွတ်မြောက်လေပြီ။ အကျိုးမဲ့နှင့်ယှဉ်သော အကျင့်မှ လွတ်မြောက်လေပြီ။ ကောင်းစွာ လွတ်မြောက်၍ ဉာဏ်အမြင်ထူးကို ရလေပြီ"

ထိုအခါ ယုတ်မာသောမာရ်နတ်သည် ဗုဒ္ဓ၏စိတ်အကြံကိုသိ၍ ဗုဒ္ဓထံချဉ်းကပ်ပြီး အောက်ပါဂါထာကို ရွတ်ဆိုလေသည်။

"သင်သည် သတ္တဝါတို့၏ စင်ကြယ်ကြောင်းဖြစ်သော ခြိုးခြံစွာကျင့်ခြင်းမှ ဖယ်ခွာ၍ မစင်ကြယ်သေးသူဖြစ်ပါလျက် စင်ကြယ်သူဖြစ်ပြီဟု မှတ်ထင်ဘိ၏။ သင်ကား စင်ကြယ်ကြောင်း လမ်းစဉ်မှ လွဲချော်လေပြီ"

ထိုအခါ ဗုဒ္ဓသည် 'ဤသူကား ယုတ်မာသော မာရ်နတ်တည်း' ဟု သိ၍ အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

"လှော်တက်သည် ကုန်းပေါ်၌ အချည်းနှီးဖြစ်သကဲ့သို့ မသေရန်အတွက် ကိုယ်ဆင်းရဲအောင်ကျင့်ခြင်းဟူသမျှသည် အကျိုးမဲ့ကိုဆောင်တတ်၏။ ငါသည် ဤသို့ သိ၍ အကျိုးမဲ့နှင့်ယှဉ်သော အကျင့်အားလုံးကို စွန့်ခဲ့ပြီ။ ငါသည်

အရိယမဂ်ကိုသိမြင်ရန် သီလသမာဓိပညာတို့ကို ပွားများသည်ဖြစ်၍ အမြတ်ဆုံးဖြစ်သော စင်ကြယ်ခြင်းသို့ ရောက်ခဲ့ပြီ။မာရ်နတ်ယုတ်၊ သင်ကား ရှုံးလေပြီ"

ထိုအခါ မာရ်နတ်သည် 'မြတ်စွာဘုရားသည် ငါ့ကို သိ၏' ဟု စိတ်နှလုံး မသာမယာဖြစ်ကာ ထိုအရပ်၌ပင် ပျောက်ကွယ်သွားလေ၏။

## ၂။ ဟတ္ထိရာဇဝဏ္ဏသုတ်
## [ဆင်မင်းအသွင်ဖြင့်ခြောက်လှန့်ခြင်း]

၁၃၇။ အခါတပါး၌ ဗုဒ္ဓသည်ထူးမြတ်သော ဘုရားအမြင်ကိုရရှိပြီးစဖြစ်၍ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံး၏။ ထိုအခါ ဗုဒ္ဓသည်အလွန်မှောင်မိုက်သော ညအချိန်တွင် လွင်တီးခေါင်၌ထိုင်နေ၏။ မိုးကလည်း တဖြောက်ဖြောက်ရွာသွန်းနေ၏။ ထိုအခါ မာရ်နတ်ယုတ်သည် ဗုဒ္ဓအား ကြောက်လန့်မှုဖြစ်စေရန် ကြီးမားသော ဆင်မင်းအသွင်ဖန်ဆင်းလျက် ချဉ်းကပ်လာ၏။ ထိုဆင်၏ ခေါင်းသည်မည်းနက်သော ကျောက်တုံးကြီးကဲ့သို့ဖြစ်၏။ အစွယ်များမှာ ငွေစင်ကဲ့သို့ဖြစ်ကုန်၏။ နှာမောင်းကား ထွန်တုံးကြီးကဲ့သို့ဖြစ်၏။ ထိုအခါ ဗုဒ္ဓသည် မာရ်နတ်မှန်းသိ၍ အောက်ပါဂါထာကို ရွတ်ဆိုတော်မူ၏။

"ဟယ် မာရ်နတ်ယုတ်၊ သင်သည်တင့်တယ်သောအဆင်း၊ မတင့်တယ်သောအဆင်းများကို ပြုလုပ်၍ ကာလရှည်မြင့်စွာကျင်လည်ခဲ့၏။ ထိုသို့ပြုခြင်းဖြင့် သင့်မှာအကျိုးမရှိ။ မာရ်နတ်ယုတ်၊ သင်ကားရှုံးလေပြီ"

## ၃။ သုဘသုတ်
## [တင့်တယ်သောအဆင်း မတင့်တယ်သောအဆင်းများကိုပြခြင်း]

၁၃၈။ ဗုဒ္ဓသည် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေစဉ် မှောင်မိုက်သော ညအချိန်တွင် လွင်တီးခေါင်၌ထိုင်နေ၏။ မိုးကလည်းတဖြောက်ဖြောက်ရွာနေ၏။ ထိုအခါ မာရ်နတ်ယုတ်သည် ဗုဒ္ဓအား ကြောက်လန့်ခြင်းဖြစ်စေရန် မြတ်သောအဆင်း၊ ယုတ်သောအဆင်း၊ တင့်တယ်သောအဆင်း၊ မတင့်တယ်သောအဆင်းတို့ကိုပြ၏။ ဗုဒ္ဓသည် မာရ်နတ်မှန်းသိ၍ အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

"ဟယ် မာရ်နတ်ယုတ်၊ သင်သည် တင့်တယ်သောအဆင်း၊ မတင့်တယ်သောအဆင်းများကို ပြုလျက် ကာလရှည်မြင့်စွာ ကျင်လည်ခဲ့လေပြီ။ ထိုသို့ပြုခြင်းဖြင့် သင့်မှာအကျိုးမရှိ။ သင်ကားရှုံးလေပြီ"

"ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် ကောင်းစွာစောင့်စည်းသူတို့သည် မာရ်နတ်၏အလိုသို့မလိုက်ကုန်။ မာရ်နတ်၏ နှောင်ဖွဲ့ခြင်းကိုမခံရကုန်"

## ၄။ ပထမ မာရပါသသုတ်

[မာရ်နတ်၏ ကျော့ကွင်းမှလွတ်သူ]

၁၄၀။ ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

''ရဟန်းတို့၊ ငါသည် သင့်လျော်စွာ နှလုံးသွင်းခြင်း၊ သင့်လျော်စွာအားထုတ်ခြင်းကြောင့် အမြတ်ဆုံးဖြစ်သော လွတ်မြောက်မှုသို့ ဆိုက်ရောက်ခဲ့ပြီ။ သင်တို့သည်လည်း သင့်လျော်စွာ နှလုံးသွင်းခြင်း၊ သင့်လျော်စွာအားထုတ်ခြင်းဖြင့် အမြတ်ဆုံးဖြစ်သော လွတ်မြောက်မှုသို့ ဆိုက်ရောက်ကြကုန်လော့''

ထိုအခါ မာရ်နတ်ယုတ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါဂါထာတို့ကို ရွတ်ဆို၏။

''အို ရဟန်း၊ နတ်၌ဖြစ်သောကျော့ကွင်း၊ လူ၌ဖြစ်သောကျော့ကွင်းတည်းဟူသော မာရ်နတ်၏ ကျော့ကွင်းနှစ်မျိုးဖြင့် သင့်ကိုနှောင်ဖွဲ့အပ်ပြီ။ သင်သည် ငါ၏နယ်ပယ်မှ လွတ်နိုင်တော့မည်မဟုတ်''

ထိုအခါ ဗုဒ္ဓက အောက်ပါဂါထာဖြင့် မာရ်နတ်ကို တုံ့ပြန်မိန့်ကြားတော်မူ၏။

''မာရ်နတ်ယုတ်၊ ငါသည် နတ်၌ဖြစ်သောကျော့ကွင်း၊ လူ၌ဖြစ်သောကျော့ကွင်းဟူသော မာရ်နတ်၏ကျော့ကွင်းနှစ်မျိုးမှလွတ်မြောက်ပြီးဖြစ်၏။ သင်ကားရှုံးလေပြီ''

## ၅။ ဒုတိယ မာရပါသသုတ်

[မာရ်နတ်၏ ကျော့ကွင်းမှ လွတ်သူ]

၁၄၁။ ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ရဟန်းတို့ကို ဤသို့ မိန့်ကြားတော်မူ၏။

''ရဟန်းတို့၊ ငါသည်နတ်၌ဖြစ်သော ကျော့ကွင်း၊လူ၌ဖြစ်သောကျော့ကွင်းဟူသော ကျော့ကွင်းအားလုံးမှ လွတ်မြောက်ပြီဖြစ်၏။ သင်တို့သည်လည်း ထိုကျော့ကွင်းအားလုံးမှ လွတ်မြောက်ပြီဖြစ်၏။ ရဟန်းတို့၊သင်တို့သည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ၊ လောကကိုစောင့်ရှောက်ရန်အလို့ငှာ၊နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအလို့ငှာ ခရီးလှည့်လည်ကြကုန်လော့။တကြောင်းတည်းသော ခရီးဖြင့် နှစ်ပါးမသွားကြကုန်လင့်။ သင်တို့သည် အစ အလယ် အဆုံး သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော၊ သဒ္ဒါအနက် နှစ်ပါးလုံးနှင့် ပြည့်စုံသော တရားကို ဟောကြကုန်လော့။ အကြွင်းမဲ့ ပြည့်စုံ၍ စင်ကြယ်သော

အကျင့်မြတ်ကို ထင်ရှားပြကြကုန်သော၊ ညဏ်ချက်စိဒ္ဒ ကိလေသာမြူနည်းပါးသော်လည်း တရားကို မကြားနာရ၍ ဆုတ်ယုတ်နေသော သတ္တဝါတို့သည် ရှိကုန်၏။ တရားကိုသိမြင်မည့်သူများ ရှိကြလိမ့်မည်။ ရဟန်းတို့၊ ငါသည်လည်း ဥရုဝေလတော သေနာနိဂုံးသို့ တရားဟောရန် သွားပေအံ့''

ထိုအခါ မာရ်နတ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

''အိုရဟန်း၊ လူ့ဘုံဖြစ်သောကျော့ကွင်း၊ နတ်ဘုံဖြစ်သောကျော့ကွင်းဟူသော ကျော့ကွင်းအားလုံးဖြင့် သင့်ကို နှောင်ဖွဲ့အပ်ပြီ။ ကြီးမားသော အနှောင်အဖွဲ့ဖြင့် သင့်ကို နှောင်ဖွဲ့အပ်ပြီ။ သင်သည် ငါ၏ နယ်ပယ်မှ လွတ်နိုင်ဟော့မည်မဟုတ်''

ထိုအခါ ဗုဒ္ဓက အောက်ပါဂါထာဖြင့် မာရ်နတ်ကို တုံ့ပြန်မိန့်ကြားတော်မူ၏။

''မာရ်နတ်ယုတ်၊ ငါသည် လူ့ဘုံဖြစ်သော ကျော့ကွင်း၊ နတ်ဘုံဖြစ်သော ကျော့ကွင်းအားလုံးမှ လွတ်မြောက်ပြီးဖြစ်၏။ ကြီးမားသော အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးဖြစ်၏။ သင်ကား ရှုံးလေပြီ''

## ၆။ သပ္ပသုတ်
## [မြွေအသွင်ဖြင့် ခြောက်လှန့်ခြင်း]

၁၄၂။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် မှောင်မိုက်သောညအချိန်တွင် လွင်တီးခေါင်၌ ထိုင်နေတော်မူ၏။ မိုးကလည်း တဖြောက်ဖြောက် ရွာနေ၏။ ထိုအခါ မာရ်နတ်ယုတ်သည် ဗုဒ္ဓအား ထိတ်လန့်မှုဖြစ်စေရန် ကြီးမားသော မြွေမင်းအသွင်ကို ဖန်ဆင်း၍လာ၏။ မြွေမင်း ၏ ကိုယ်သည်လုံးထွင်းလှေကဲ့သို့ဖြစ်၏။ ပါးပျဉ်းသည်အရက်ချက်သမားတို့ဖုန်ညက်လုန်းသော ဖျာကဲ့သို့ ဖြစ်၏။ မျက်စိများမှာ ကောသလမင်းကြီး၏ ကြေးခွက်ကြီးကဲ့သို့ ဖြစ်၏။ လျှာတို့သည် မိုးထစ်ချုန်းသောအခါ လျှပ်စီးလက်သကဲ့သို့ ဖြစ်၏။ ထိုမြွေမင်း၏ ရှူရှိုက်သံသည် ပန်းပဲဖိုမှ လေမှုတ်သော အသံကဲ့သို့ ဖြစ်၏။

ထိုအခါ ဗုဒ္ဓသည် မာရ်နတ်မှန်းသိ၍ အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

''မိမိကိုယ်ကို စောင့်စည်းလျက် ဆိတ်ငြိမ်သောကျောင်းများကိုမှီဝဲ၍ လွတ်လွတ်ကျွတ်ကျွတ်ကျင့်သော ရဟန်း၏ ထိုသို့ကျင့်ခြင်းသည် သင့်လျော်လျောက်ပတ်သည်သာ ဖြစ်၏''

"များစွာသော သားရဲတိရစ္ဆာန်၊ ကျောက်မက်ဖွယ် မြေကင်းသန်းများ ရှိစေကာမူ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်သော ပုဏ္ဏားမြတ်သည်ကား မွေးညင်း တပင်မျှပင် မတုန်လှုပ်ချေ"

"မိုးတိမ်တိုက်များပြိုကွဲ၍ မြေကြီးလှုပ်စေကာမူ သတ္တဝါအားလုံးထိတ်လန့် နေကြစေကာမူ၊ ငြဝဒ္ဓလုံးကိုထိုးစိုက်စေကာမူမြတ်စွာဘုရားတို့သည် ကိုယ်ခန္ဓာ၌ ငဲ့ကွက်ခြင်း မပြုကြကုန်"

## ၇။ သုပတိသုတ်

### [ဗုဒ္ဓကျိန်းစက်တော်မူစဉ် မာရ်နတ်လာ၍အပြစ်တင်ခြင်း]

၁၄၃။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် များစွာသော ညအချိန်ပတ်လုံး လင်းတီးခေါင်၌ ကြွကြွ၍ မိုးသောက်ယံသို့ ရောက်သော် ခြေဆေးပြီး ကျောင်းတွင်းသို့ဝင်၍၊ လက်ယာဘက်နံပါးဖြင့် မြတ်သော အိပ်စက်ခြင်းကိုပြုတော်မူ၏။ ထိုအခါ မာရ်နတ်ယုတ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆိုလေ၏။

"သင်သည် အဘယ့်ကြောင့်အိပ်သနည်း။ သင်သည်သူသေကဲ့သို့ အဘယ့် ကြောင့် အိပ်သနည်း။ ဆိတ်ငြိမ်သောကျောင်းဟု နှလုံးသွင်း၍ အိပ်သလော။ နေထွက်တော့မည်ဖြစ်ပါလျက် အဘယ့်ကြောင့်အိပ်ဘိသနည်း"

ထိုအခါ ဗုဒ္ဓက အောက်ပါဂါထာဖြင့် မာရ်နတ်ကို တုံ့ပြန်မိန့်ကြားတော်မူ၏။

"မာရ်နတ်ယုတ်၊ တစုံတခုသောဘဝသို့ပို့ဆောင်ရန် တွယ်တာငြိကပ်တတ် သော တဏှာမရှိသောမြတ်စွာဘုရားသည် ဥပဓိအားလုံးကုန်ခန်းခြင်းကြောင့် အိပ်စက်၏။ ဤသို့အိပ်ခြင်း၌ သင်မည်သို့ဆိုဖွယ်ရှိသနည်း"

(ဒုတိယဝဂ်၊ ဝိယာတိ မတောဝိယ၊ ဝိသညီဝိယစ။ အဋ္ဌကထာ)

## ၈။ နန္ဒတိသုတ်

### [နှစ်သက်ရသူနှင့် စိုးရိမ်ရသူ]

၁၄၄။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် မာရ်နတ်ယုတ် သည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

"သားသမီးများစွာရှိသူသည် သားသမီးတို့ဖြင့် နှစ်သက်ရ၏။ နွားများစွာ ရှိသူသည်လည်း နွားများဖြင့်နှစ်သက်ရ၏။ လူအပေါင်းအား ချမ်းသာမှု၏ တည်ရာ ကာမဂုဏ်တည်းဟူသော ဥပဓိတို့ဖြင့် နှစ်သက်ခြင်းသည်ဖြစ်ရ၏။ ဥပဓိ မရှိသူကား မနှစ်သက်ရချေ"

ထိုအခါ ဗုဒ္ဓက အောက်ပါဂါထာဖြင့် မာရ်နတ်ကိုဘုံ့ပြန်မိန့်ကြားတော်မူ၏။

"သားသမီးများစွာရှိသူသည် သားသမီးတို့ဖြင့်စိုးရိမ်ရ၏။ နွားများစွာရှိသူသည် နွားများဖြင့်စိုးရိမ်ရ၏။ လူအပေါင်းအား ကာမဂုဏ်ဟူသော ဉပဓိတို့ဖြင့်စိုးရိမ်ခြင်းသည်ဖြစ်ရ၏။ ဉပဓိ မရှိသူသည်ကားမစိုးရိမ်ရချေ"

## ၉။ ပထမ အာယုသုတ်

### [လူတို့သက်တမ်းတိုတောင်းပုံ]

၁၄၅။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

"ရဟန်းတို့ လူတို့၏အသက်သည်တို၏။ တမလွန်ဘဝသို့သွားရမည်သာဖြစ်၏။ ကုသိုလ်ကိုပြုအပ်၏။ အကျင့်မြတ်ကိုကျင့်အပ်၏။ ဘဝ၌ ဖြစ်လာသူအား မသေခြင်းသည်မရှိ။ ရဟန်းတို့ ကြာမြင့်စွာအသက်ရှင်သူသည် နှစ်ပေါင်းတရာသော်လည်းကောင်း၊ နှစ်ပေါင်းတရာထက် အနည်းငယ်ပို၍သော်လည်းကောင်း အသက်ရှင်ရ၏"

ထိုအခါ မာရ်နတ်ယုတ်သည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

"လူတို့၏အသက်သည်ရှည်၏။ သူတော်ကောင်းသည်ထိုအသက်ကို မကဲ့ရဲ့ရာ။ နို့ရည်ဖြင့် ယစ်သောကလေးငယ်ကဲ့သို့ ကျင့်ရာ၏။ သေမင်း၏ လာခြင်းသည် မရှိ"

ထိုအခါဗုဒ္ဓကလည်း ဂါထာဖြင့်ပင် မာရ်နတ်ကို တုံ့ပြန်တော်မူ၏။

"လူတို့၏အသက်သည်တို၏။ သူတော်ကောင်းသည် ထိုအသက်ကိုကဲ့ရဲ့ရာ၏။ ခေါင်းပေါ်၌ မီးလောင်သောသူကဲ့သို့ကျင့်ရာ၏။ သေမင်း မလာနိုင်သော အရပ်သည်မရှိ"

## ၁၀။ ဒုတိယအာယုသုတ်

### [လူတို့၏သက်တမ်းတိုတောင်းပုံ]

၁၄၆။ ဒုတိယအာယုသုတ်၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား လူတို့၏သက်တမ်းတိုပုံကို(ရှေးသုတ်နည်းတူ) မိန့်ကြား၏။ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာကိုဆို၏။

"နေ့ညတို့သည် ကုန်လွန်၍မသွား။ အသက်သည် ချုပ်ပျောက်၍မသွား။ ရထား၏အကွပ်သည် ပုံတောင်းသို့ အစဉ်လိုက်သကဲ့သို့ အသက်သည်သတ္တဝါတို့ကို အစဉ်လိုက်၏"

ထိုအခါ ဗုဒ္ဓက မာရ်နတ်ကိုအောက်ပါဂါထာဖြင့်တုံ့ပြန်တော်မူ၏။

"နေ့ညတို့သည် ကုန်လွန်၍သွားကုန်၏။ အသက်သည်ချုပ်ပျောက်၍သွား၏။ သတ္တဝါတို့၏အသက်သည် မြစ်ငယ်တို့၏ ရေကဲ့သို့ ကုန်ခန်းသွားတတ်၏"

## ၂။ ဒုတိယဝဂ်

### ၁။ ပါသာဏသုတ်

[မာရ်နတ်က ကျောက်တုံးကိုခွဲခြင်း]

၁၄၇။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သိတင်းသုံးစဉ် အလွန်မှောင်မိုက်သော ညအချိန်ဝယ် လွင်တီးခေါင်၌ ထိုင်နေတော်မူ၏။ မိုးကလည်း တဖြောက်ဖြောက်ရွာနေ၏။ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓအားထိတ်လန့်ခြင်း ဖြစ်စေရန် မနီးမဝေး၌ရှိသော ကျောက်တုံးကြီးတခုကို ခွဲပစ်လိုက်လေသည်။ ဗုဒ္ဓသည် မာရ်နတ်မှန်းသိ၍ အောက်ပါဂါထာကို မြွက်ဆိုတော်မူ၏။

"မာရ်နတ်ယုတ်၊ အကယ်၍သင်သည် ဂိဇ္ဈကုဋ်တောင်တခုလုံးကို လှုပ်ရှားစေကာမူ ကိလေသာမှကောင်းစွာလွတ်ပြီးသော မြတ်စွာဘုရားတို့အား တုန်လှုပ်ခြင်းမရှိသည်သာတည်း"

### ၂။ ကိန္နုသီဟသုတ်

[ခြင်္သေ့မင်းကဲ့သို့ကြုံးဝါးခြင်း]

၁၄၈။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ပရိသတ်များစွာ ခြံရံလျက် တရားဟောနေတော်မူ၏။[၁] ထိုအခါ မာရ်နတ်သည် ပရိသတ်၏ ပညာမျက်စိကို ဖျက်ဆီးခြင်းငှာ ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါဂါထာကို ဆို၏။

"သင်သည် အဘယ့်ကြောင့် ပရိသတ် အလယ်၌ ခြင်္သေ့မင်း ကဲ့သို့ ရဲဝံ့စွာ ကြုံးဝါးနေဘိသနည်း။ သင့်အား ယှဉ်ပြိုင်မည့်သူသည်ရှိ၏။ သင်သည်အနိုင်ရပြီးသူ ဖြစ်၏ဟု ထင်ပါသလော"

---

၁။ ဝိစက္ခု ကမ္မာယာတိ ပရိသာယ ပညာစက္ခုံ ဝိနာသေတု ကမျတာယ။ (အဋ္ဌကထာ)

ဗုဒ္ဓသည် မာရ်နတ်ကို အောက်ပါ ဂါထာဖြင့် တုံ့ပြန်တော်မူ၏။

"လုံ့လ ကြီးမားသောဘုရားရှင်တို့သည် ပရိသတ်အလယ်၌ ရဲဝံ့စွာ ကြုံးဝါးကြကုန်၏။ လောက၌ ကပ်ငြိမှုကို လွန်မြောက်ပြီးသော ဘုရားရှင်တို့သည် အားအစွမ်းနှင့် ပြည့်စုံကြကုန်၏"

## ၃။ သကလိကသုတ်
## [ကျောက်ချပ်နှင့် ထိခိုက်ခြင်း]

၁၄၉။ ဗုဒ္ဓမြတ်စွာ သည် ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိတော၌ သီတင်း သုံးစဉ် ခြေကို ကျောက်ချပ်နှင့် ထိခိုက်သဖြင့် ပြင်းထန်သောဝေဒနာကို ခံစားနေရ၏။ ဗုဒ္ဓသည် ပြင်းထန်သော ဝေဒနာကို သတိသမ္ပဇဉ်ဖြင့် သည်းခံလျက် လက်ယာနံပါးဖြင့် လျောင်းစက်ခြင်း ပြုနေတော်မူ၏။ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါ ဂါထာကို ရွတ်ဆိုလေ၏။

"သင်သည် မိန်းမောတွေဝေသဖြင့် အိပ်သလော။ သို့မဟုတ် ရွတ်ဆိုဖွယ်ရာ ကဗျာလင်္ကာဖြင့် ယစ်မူးသည်ဖြစ်၍ အိပ်သလော[၁]။ သင့်အား များစွာသော အကျိုးတို့သည် မရှိကုန်သလော။ သင်သည် ဆိတ်ငြိမ်သော အိပ်ရာ၌ တယောက်တည်း ငိုက်မျဉ်းလျက် အဘယ့်ကြောင့် အိပ်သနည်း"

ဗုဒ္ဓသည် မာရ်နတ်ကို အောက်ပါ ဂါထာတို့ဖြင့် တုံ့ပြန်တော်မူ၏။

"ငါသည် မိန်းမော တွေဝေသဖြင့် အိပ်သည် မဟုတ်။ ကဗျာ လင်္ကာဖြင့် ယစ်မူးသည်ဖြစ်၍ အိပ်သည်လည်းမဟုတ်။ ငါသည် လိုလားအပ်သောအကျိုးသို့ ရောက်၍ စိုးရိမ်ကြောင့်ကြခြင်း ကင်းသည် ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်း၌ သတ္တဝါတို့ကို အစဉ်သနားလျက် တယောက်တည်း အိပ်ခြင်းဖြစ်၏"

"ဤလောကတွင် ရင်ဝတွင် မြားစူးဝင်သောကြောင့် နှလုံးသားတလှုပ်လှုပ် တုန်လှုပ်နေသူတို့ သော်မှလည်း မြားတန်းလန်းဖြင့်ပင်အိပ်ပျော်ကြကုန်သေး၏။ မြားစူးဝင်ခြင်း ကင်းသော ငါကား အဘယ့်ကြောင့် မအိပ်ပဲရှိမည်နည်း"

"ငါသည် ဘေးရန်ရှိသော လမ်းခရီး၌သော်လည်း စိုးရွံ့ခြင်းမရှိ။အိပ်ခြင်းငှာလည်း မကြောက်ရွံ့။ ည နေ့ တို့သည် ငါ့ကို မပူပန်စေကုန်။ လောက၌ တစုံတခုသော ဆုတ်ယုတ်ခြင်းကို ငါမမြင်။ ထို့ကြောင့် သတ္တဝါ အားလုံးကို အစဉ်သနားခြင်းရှိသည်ဖြစ်၍ ငါအိပ်၏"

---

၁။ ဥဒါဟု ကာဝေယျ မတ္တောတိ ဥဒါဟု ယထာကဝိကမ္မံ ခိန္နေ္နော တေန ကဗ္ဗကရဏေန မတ္တော သယတိ၊ ဝေသယသိ။ (အဋ္ဌကထာ)

## ၄။ ပတိရူပသုတ်

[လျော်ကပ်ပတ်သော တရားဟောခြင်း]

၁၅၀။ အခါတပါး၌ဗုဒ္ဓသည်ကောသလတိုင်း၊ ပုဏ္ဏားရွာရှိဇရပ်တဆောင်၌ လူပရိသတ်များစွာအား တရားဟောနေ၏။ ထိုအခါ မာရ်နတ်သည် ပရိသတ်၏ ပညာမျက်စိကို ဖျက်ဆီးလိုသဖြင့် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါ ဂါထာကို ရွတ်ဆို၏။

"သင်သည် သူတပါးကို ဆုံးမနေဘိ၏။ ဤသို့ သူတပါးကို ဆုံးမခြင်းသည် သင့်အား မလျော်ကပ်ပတ်။ တရားဟောမှု ပြုသော သင်သည် လိုက်လျောခြင်း ဆန့်ကျင်ခြင်းတို့၌ [၁] မကပ်ငြိစေလင့်"

ဗုဒ္ဓသည် မာရ်နတ်ကို အောက်ပါ ဂါထာဖြင့် တုံ့ပြန်တော်မူ၏။

"မြတ်စွာဘုရားသည် ဝေနေယျတို့၏ အစီးအပွားကို လိုလားသည် ဖြစ်၍ သူတပါးတို့အား ဆုံးမ ခြင်း ဖြစ်၏။ မြတ်စွာ ဘုရားသည် လိုက် လျော ခြင်း၊ ဆန့်ကျင်ခြင်းတို့မှ လွတ်မြောက်ပြီး ဖြစ်ပေ၏"

## ၅။ မာနသသုတ်

[စိတ်နှင့်ယှဉ်သော ကျော့ကွင်း]

၁၅၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် မာရ်နတ်သည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါ ဂါထာကို ရွတ်ဆို၏။

"ငါသည် ကောင်းကင်၌ သွားသူကိုပင် ဖွဲ့ချည်နိုင်သည့် စိတ်နှင့် ယှဉ်သော [၂] ကျော့ကွင်းဖြင့် သင့်ကို ဖမ်းအံ့။ ရဟန်း၊ သင်သည် ငါ၏ကျော့ကွင်းမှ လွတ်နိုင်လိမ့်မည်မဟုတ်"

ဗုဒ္ဓသည် မာရ်နတ်ကို အောက်ပါ ဂါထာဖြင့် တုံ့ပြန်တော်မူ၏။

"စိတ်ကို မွေ့လျော်စေတတ်သည့် အဆင်းအသံ စသော အာရုံငါးပါးတို့၌ ငါ့အား အလိုဆန္ဒသည် ကင်းပြီးဖြစ်၏။ မာရ်နတ်ယုတ်၊ သင်ကား ရှုံးလေပြီ"

## ၆။ ပတ္တသုတ်

[သပိတ်များကိုခွဲမည်လုပ်ခြင်း]

၁၅၂။ အခါတပါး၌ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဥပါဒါနက္ခန္ဓာငါးပါးကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကားကို ဟောကြား

---

၁။ အနုရောဓ ဝိရောဓေသူတိ ရာဂပဋိဃေသု။ (အဋ္ဌကထာ)

၂။ မာနသောတိ မနသမ္ပယုတ္တော။

တော်မူ၏။ ထိုအခါ မာရ်နတ်သည် ပရိသတ်၏ပညာမျက်စိကို ဖျက်ဆီးလိုသဖြင့် နွားလားအသွင်ဖန်ဆင်းလျက် ရဟန်းတို့၏ သပိတ်များထားရာအရပ်သို့ ချဉ်းကပ်လာ၏။ ရဟန်းတပါးက အခြားရဟန်းတပါးအား "ဤနွားလားကား သပိတ်များကို ခွဲတော့မည်" ဟု ပြောဆိုရာ ဗုဒ္ဓက နွားလားမဟုတ်၊ မာရ်နတ်ဖြစ်ကြောင်းမိန့်ကြားပြီး အောက်ပါဂါထာကို ရွတ်ဆိုတော်မူ၏။

"ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာငါးပါးကို 'ငါ မဟုတ်၊ ငါ့ဟာမဟုတ်' ဟူ၍ ရှုသူသည် ယင်းတို့၌တပ်ခြင်းကင်း၏။ ဤသို့တပ်ခြင်းကင်းသည်ဖြစ်၍ သံယောဇဉ်အားလုံးကိုလွန်မြောက်ကာ ဘေးကင်းရာသို့ ရောက်သူကို မာရ်နတ်၏စစ်တပ်သည် အရပ်ဒေသအားလုံး နှံ့စပ်အောင်ရှာစေကာမူ တွေ့မြင်နိုင်မည်မဟုတ်ပေ"

## ၇။ ဆဖဿာယတနသုတ်

[ဖဿာယတနခြောက်ပါးကို ဟောစဉ် မာရ်နတ်နှောင့်ယှက်ခြင်း]

၁၅၃။ အခါတပါး၌ ဗုဒ္ဓသည် ဝေသာလီပြည် ကူဋာဂါရ ကျောင်း၌ တွေ့ထိမှု၏တည်ရာ အာယတနခြောက်ပါးကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကားဟောကြားနေ၏။ ထိုအခါ မာရ်နတ်သည် ပရိသတ်၏ပညာမျက်စိကို ဖျက်ဆီးလိုသဖြင့် ဗုဒ္ဓနှင့်မနီးမဝေးသောအရပ်၌ မြေပြိုသကဲ့သို့ကြောက်မက်ဖွယ်အသံကြီးကိုပြု၏။ ရဟန်းတပါးကအခြားရဟန်းတပါးအား မြေပြိုသည်ဟု ထင်ကြောင်းပြောရာ ဗုဒ္ဓက မြေပြိုခြင်းမဟုတ်၊ မာရ်နတ်ပြုလုပ်ခြင်းဖြစ်ကြောင်း မိန့်ကြားပြီး အောက်ပါဂါထာတို့ကိုမြွက်ဆိုတော်မူ၏။

"အဆင်း အသံ စသော အာရုံ ၆ ပါးသည် လောက၏ သာယာဖွယ် အာမိသဖြစ်၏။ လူအပေါင်းသည် ထိုအာရုံ ၆ ပါး၌ နစ်မြုပ်နေ၏။ သတိနှင့်ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သည် ယင်းအာရုံ ၆ ပါးကိုကောင်းစွာလွန်မြောက်ပြီး မာရ်နတ်၏နယ်ပယ်မှ ထွက်မြောက်၍ နေမင်းကဲ့သို့တင့်တယ်၏"

## ၈။ ပိဏ္ဍသုတ်

[ဗုဒ္ဓအားဆွမ်းမရစေရန်နှောင့်ယှက်ခြင်း]

၁၅၄။ မဂဓတိုင်း ပဉ္စသာလာမည်သောပုဏ္ဏားရွာ၌လုလင်ပျို၊ လုံမပျိုတို့၏ လက်ဆောင်ပေးပွဲကျင်းပနေစဉ် ဗုဒ္ဓသည် ရွာတွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓဆွမ်းမရစေရန် ရွာသားတို့ကိုပူးဝင်လေ၏။ ဆွမ်း မရ၍ သပိတ်ဟောင်းလောင်းဖြင့် ရွာထဲမှထွက်လာသောဗုဒ္ဓကို မာရ်နတ်က

ဒုတိယအကြိမ် ဆွမ်းခံကြွရန်ပြောဆို၏။ ဗုဒ္ဓကားနောက်ထပ်ဆွမ်းခံမကြွတော့ပဲ အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူ၏။

"မာရ်နတ်ယုတ်၊ သင်သည် မြတ်စွာဘုရားကို ထိပါးနှောင့်ယှက်လျက် မကောင်းမှုကိုပွားစေဘိ၏။ အသို့နည်း၊ မကောင်းမှုသည် အကျိုးမပေးဟု သင်ထင်သလော။ ကြောင့်ကြမှုကင်းသောငါတို့သည် စင်စစ်ချမ်းသာစွာနေရကုန်၏။ အာဘဿရဗြဟ္မာတို့ကဲ့သို့ နှစ်သက်မှုဟူသော အစာရှိသည်ဖြစ်၍ နေကြကုန်၏"

## ၉။ ကဿကသုတ်

## [လယ်သမားအသွင်ဖြင့် နှောင့်ယှက်ခြင်း]

၁၅၅။ အခါတပါး၌ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်သောတရားစကားကို ဟောကြား၏။ ထိုအခါမာရ်နတ်သည် ပရိသတ်၏ ပညာမျက်စိကိုဖျက်ဆီးလိုသဖြင့် လယ်သမားအသွင်ဖန်ဆင်း၍ ကြီးစွာသောထွန်တုံးကို ပခုံးပေါ်၌ထမ်းပြီး ရှည်သော နှင်တံကိုကိုင်ကာ ဗုဒ္ဓထံချဉ်းကပ်လာ၏။ ဆံပင်မှာဖရိုဖရဲကျနေပြီး ခြေထောက်၌လည်း ရွှံ့များပေကျံနေ၏။ ထို့နောက် မာရ်နတ်သည် ဗုဒ္ဓအား ဤသို့မေးလေသည်။

"ရဟန်း၊ သင်သည်ကျွန်ုပ်၏ နွားများကိုမြင်လိုက်ပါသလော"

"မာရ်နတ်ယုတ်၊ သင့်အားနွားဖြင့် အဘယ်အကျိုးရှိအံ့နည်း"

"ရဟန်း၊ ငါ့အား မျက်စိ၊ နား စသော အာယတနခြောက်ပါးသည်လည်းကောင်း၊ အဆင်း အသံ စသော အာရုံ ၆ ပါးသည်လည်းကောင်း၊ တွေ့ထိမှုဖဿနှင့် ဝိညာဏ်တို့သည် လည်းကောင်း ရှိကုန်၏။ ရဟန်း၊ သင်သည် ဘယ်အရပ်သို့သွား၍ ငါ၏နယ်ပယ်မှလွတ်နိုင်မည်နည်း"

"မာရ်နတ်ယုတ်၊ အကြင်အရပ်၌ မျက်စိနားစသော အာယတနခြောက်ပါးသည် လည်းကောင်း၊ အဆင်း အသံစသော အာရုံ ၆ ပါးသည်လည်းကောင်း၊ တွေ့ထိမှု ဖဿနှင့်ဝိညာဏ်တို့သည်လည်းကောင်းမရှိ။ ထိုအရပ်သို့ သင်မရောက်နိုင်ချေ"

"ရဟန်း၊ ငါ့ဥစ္စာ ငါ့ပစ္စည်း ဟူ၍ ပြောဆိုအပ်သော အရာတို့၌ သင်၏စိတ်သည် အကယ်၍ရှိငြားအံ့၊ သင်သည်ငါ၏နယ်ပယ်မှလွတ်နိုင်လိမ့်မည်မဟုတ်"

"မာရ်နတ်ယုတ်၊ ငါ့ဥစ္စာ ငါ့ပစ္စည်း ဟူ၍ ပြောဆိုအပ်သော အရာသည် ငါ့အားမရှိ။ ငါသည်လည်း ထိုသို့ပြောဆိုသူမဟုတ်။ ငါ၏သွားရာလမ်းကိုလည်း သင်မသိနိုင်ပေ"

## ၁၀။ ရဇ္ဇသုတ်

### [ဗုဒ္ဓအား မင်းပြုရန်တိုက်တွန်းခြင်း]

၁၅၆။ အခါတပါး၌ ဗုဒ္ဓသည် ကောသလတိုင်း ဟိမဝန္တာအနီးရှိ တောကျောင်း၌ သီတင်းသုံးစဉ် 'ငါသည် သတ်ဖြတ်ခြင်း၊ သတ်ဖြတ်စေခြင်း၊ ပစ္စည်းဥစ္စာကို ဆုံးရှုံးအောင်ပြုလုပ်ခြင်း၊ ပြုလုပ်စေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ စိုးရိမ်ပူဆွေးစေခြင်းမရှိပဲ တရားသဖြင့် မင်းပြုရန် တတ်ကောင်းအံ့လော' ဟု အကြံဖြစ်၏။ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ မြတ်စွာဘုရားသည် သတ်ဖြတ်ခြင်း၊ သတ်ဖြတ်စေခြင်း၊ ပစ္စည်းဥစ္စာကို ဆုံးရှုံးအောင် ပြုလုပ်ခြင်း၊ ပြုလုပ်စေခြင်း၊စိုးရိမ်ပူဆွေးခြင်း၊စိုးရိမ်ပူဆွေးစေခြင်းမရှိပဲ တရားသဖြင့် မင်းပြုတော်မူပါလော့' ဟု လျှောက်ကြား၏။

"မာရ်နတ်ယုတ်၊ သင်သည် အဘယ်ကိုမြင်၍ ယင်းသို့ ဆိုဘိသနည်း"

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို ပွားများလေ့လာအပ်ပြီး ဖြစ်ပါသည်။ အကယ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် ဟိမဝန္တာတောင်မင်းကိုပင် ရွှေဖြစ်စေနိုင်ရာပါ၏"

"ဟိမဝန္တာတောင်တခုလုံးသည် ရွှေတောင်ဖြစ်ရာ၏။ သို့သော် ယင်းထက်နှစ်ဆကြီးသော တောင်သည်ပင် တဦးတယောက်သော ပုဂ္ဂိုလ်အား အလိုပြည့်စေရန်မစွမ်းနိုင်ပေရာ။ဆင်းရဲခြင်း၏အကြောင်းကိုသိမြင်သူသည် ကာမဂုဏ်တို့၌ စိတ်မညွတ်သင့်ပေ။ ကာမဂုဏ်တို့သည် ငြိတွယ်စရာဖြစ်ကြောင်းသိ၍ ထိုငြိတွယ်ခြင်းကို ဖျောက်ပယ်နိုင်ရန် ကျင့်ကြံအားထုတ်သင့်၏"

## ၃။ တတိယဝဂ်

## ၁။ သမ္ဗဟုလသုတ်

### [ရဟန်းများအား မာရ်နတ်လာ၍ဖြားယောင်းခြင်း]

၁၅၇။ သက္ကတိုင်း သိလာဝတီကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် များစွာသော ရဟန်းတို့သည် ဗုဒ္ဓနှင့် မနီးမဝေးသောအရပ်၌ မမေ့မလျော့ အပူတပြင်း အားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍ နေကြကုန်၏။ ထိုအခါ မာရ်နတ်သည် ဆံကျစ်ထုံး၍ သစ်နက်ရေ ဝတ်ဆင်ထားသော ပုဏ္ဏားအသွင်ဖြင့် ရေသဖန်းသားတောင်ဝှေးကို ကိုင်ကာ ထိုရဟန်းများထံ ချဉ်းကပ်လာပြီး ဤသို့ ပြောဆိုလေသည်။

"အရှင်တို့၊သင်တို့သည် ငယ်ရွယ်နုပျိုကြကုန်သေး၏။လူ့လောကစည်းစိမ်ကို ခံစားကြကုန်ဦးလော့။ မျက်မှောက် ချမ်း သာ ကို စွန့်၍ မျက်ကွယ်ချမ်းသာ နောက်သို့ မလိုက်ကြကုန်လင့်"

"ပုဏ္ဏား၊ ငါတို့သည် မျက်မှောက်ချမ်းသာကို စွန့်၍ မျက်ကွယ်ချမ်းသာ နောက်သို့ လိုက်ကြသည်မဟုတ်။စင်စစ် မျက်ကွယ်ချမ်းသာကိုစွန့်၍ မျက်မှောက် ချမ်းသာနောက်သို့ လိုက်ကြခြင်းသာ ဖြစ်၏။ မှန်၏။ အရိယမဂ်တရားသည် မျက်မှောက်ထင်ထင် ကိုယ်တိုင် သိမြင်နိုင်သော တရား ဖြစ်၏။ အခါမလင့် အကျိုးပေးနိုင်သော တရားဖြစ်၏"

ရဟန်းတို့က ယင်းသို့ ပြောဆိုသောအခါ မာရ်နတ်သည် ခေါင်းကိုညိတ်၊ လျှာကိုထုတ်၍ နဖူးရေများကို တွန့်ကာ ထွက်ခွာသွားလေ၏။ ထို့နောက် ရဟန်း တို့သည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိတို့အား ပုဏ္ဏားတယောက်လာ၍ သွေးဆောင် ပုံကို လျှောက်ကြားကြ၏။ ထိုအခါ ဗုဒ္ဓက ထိုသူသည်ပုဏ္ဏားမဟုတ်၊ မာရ်နတ် ဖြစ်ကြောင်း မိန့်ကြားပြီး အောက်ပါဂါထာကို ရွတ်ဆိုတော်မူ၏။

"ကာမဂုဏ်တို့သည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကြောင်း သိမြင်သူသည် ထိုကာမဂုဏ်တို့၌ စိတ်ကိုမညွတ်စေသင့်ပေ။ ကာမဂုဏ်တို့သည် ငြိတွယ်ဖွယ်ရာ ဖြစ်ကြောင်းသိ၍ ထိုငြိတွယ်မှုကို ပယ်ဖျောက်နိုင်ရန် ကျင့်ကြံအားထုတ်သင့်၏"

## ၂။ သမိဒ္ဓိသုတ်

### [ရှင်သမိဒ္ဓိအား နှောင့်ယှက်ခြင်း]

၁၅၈။ သက္ကတိုင်း သိလာဝတိကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ်ဗုဒ္ဓနှင့်မနီးမဝေး သောအရပ်၌ တရားကို နှလုံးသွင်းနေသော ရှင်သမိဒ္ဓိအား ဤသို့ စိတ်အကြံ ဖြစ်ပေါ်၏။

"ကိလေသာ အညစ်အကြေးကင်းစင်၍ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရားကို ဆရာအဖြစ်ဖြင့် ဆည်းကပ်ရသောငါအား အရတော်လှပေစွ။ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော သာသနာ၌ ရဟန်းပြုရသော ငါအား အရတော်လှပေစွ။သီလရှိသော သီတင်း သုံးဖော်တို့နှင့် အတူနေရသောငါအား အရတော်လှပေစွ"

ထိုအခါ မာရ်နတ်သည် ရှင်သမိဒ္ဓိ၏ စိတ်အကြံကိုသိ၍ ရှင်သမိဒ္ဓိအနီးသို့ ချဉ်းကပ်ပြီး မြေပြိုသကဲ့သို့ကြောက်မက်ဖွယ်ကောင်းသော အသံကိုပြုလေသည်။ ရှင်သမိဒ္ဓိသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ထားရာ ဗုဒ္ဓက မာရ်နတ်နှောင့်ယှက်ခြင်းဖြစ်ကြောင်း မိန့်ကြားပြီး၊ ရှင်သမိဒ္ဓိအား ယခင်နေရာ

သို့ပင် ပြန်၍ တရားကို နှလုံးသွင်းနေရန် ညွှန်ကြားတော်မူ၏။ ဒုတိယအကြိမ် မာရ်နတ်က ရှေးနည်းတူ လာရောက် နှောင့်ယှက်သောအခါ ရှင်သမိဒ္ဓိသည် အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

“ငါသည် ယုံကြည်ချက်ဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သူ ဖြစ်၏။ ငါသည် သတိနှင့်ပညာကို သိမြင်ပြီးသူဖြစ်၏။ စိတ်ကိုလည်းကောင်းစွာ ဆောက်တည်အပ်ပြီးဖြစ်၏။ ကြောက်မက်ဖွယ်အဆင်းသဏ္ဌာန်တို့ကို သင်အလို ရှိသလို ပြုလုပ်စေကာမူ ငါ့ကား တုန်လှုပ်မည်မဟုတ်ပေ”

ထိုအခါ မာရ်နတ်သည် စိတ်နှလုံးမသာမယာဖြင့်ထိုနေရာ၌ပင် ပျောက်ကွယ် သွားလေ၏။

## ၃။ ဂေါဓိကသုတ်

[ရှင်ဂေါဓိက ဓားလက်နက်ဖြင့် မိမိအသက်ကို ဆောင်ခြင်း]

၁၅၉။ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ဗုဒ္ဓသီတင်းသုံးစဉ်ရှင်ဂေါဓိကသည် ဣသိဂိလိတောင်ဘေးရှိ ကာဠသိလာမည်သောအရပ်၌နေ၏။ ထိုအခါရှင်ဂေါဓိကသည် မမေ့မလျော့အပူတပြင်းအားထုတ်သဖြင့် အလိုရှိတိုင်းဝင်စားနိုင်သော လောကီချာန်သမာပတ်[၁] ကိုရ၏။ သို့သော် ထိုသမာပတ်မှခြောက်ကြိမ်တိုင်အောင် လျှောကျ၍[၂] ခုနစ်ကြိမ်မြောက်ပြန်လည်ရရှိသောအခါ ‘ငါသည်ဓားလက်နက်ဖြင့် မိမိအသက်ကိုဆောင်ရမူ ကောင်းလေစွ’ဟု အကြံဖြစ်၏။ ထိုအခါ မာရ်နတ် သည် ရှင်ဂေါဓိက၏ စိတ်အကြံကိုသိ၍ ဗုဒ္ဓထံချဉ်းကပ်ပြီး ရှင်ဂေါဓိကအား ဓားလက်နက်ဖြင့် မိမိအသက်ကိုဆောင်ခြင်းမှ တားဆီးရန်တောင်းပန်၏[၃]။

ထိုသို့ မာရ်နတ်က ဗုဒ္ဓအားတောင်းပန်ချိန်တွင် ရှင်ဂေါဓိကကား ဓားလက်နက် ဖြင့် အသက်ကို ဆောင်ပြီးဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက ရှင်ဂေါဓိကသည် ဘဝ

---

၁။ သာမယိကံ စေတောဝိမုတ္တိန္တိ အပ္ပိတပ္ပိတက္ခဏေ ပစ္စနီက ဓမ္မေဟိဝိမုစ္စတိ၊ အာရမ္မဏေစ အဓိမုစ္စတီတိ လောကိယ သမာပတ္တိ သာမယိကာ စေတော ဝိမုတ္တိနာမ။ (အဋ္ဌကထာ)

၂။ ဈာန်သမာပတ်မှ လျှောကျခြင်းမှာရောဂါခံစားနေရသောကြောင့်ဖြစ်၏။

၃။ ရှင်ဂေါဓိက ဓားလက်နက်ဖြင့် အသက်ကို မဆောင်အောင် တားဆီးရန် မာရ်နတ်က ဗုဒ္ဓအား တောင်းပန်ခြင်းမှာ ရှင်ဂေါဓိကသည် မသေမီ အပူတပြင်း အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်သွားမည်စိုးသောကြောင့် ဖြစ်၏။

ဇာတ် ငြိမ်းပြီဖြစ်ကြောင်း မာရ်နတ်အား မိန့်ကြားလိုက်၏။ ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့နှင့်အတူ ကာဠသိလာသို့ ကြွတော်မူရာ ညောင်စောင်းပေါ်၌ ခေါင်းတဘက်စောင်းကာ လဲကျနေသော ရှင်ဂေါဓိကကို တွေ့မြင်တော်မူ၏။ ထိုအခါ အခိုးအငွေ့ဟု ထင်ရသော အရာများသည် အ ရပ် လေး မျက် နှာ နှင့် ထက်အောက်အရပ်များသို့ ပြေးသွားနေ၏။ ဗုဒ္ဓက ထိုအရာများမှာရှင်ဂေါဓိက ၏ ဝိညာဉ်ကိုလိုက်၍ရှာနေသောမာရ်နတ်ဖြစ်ကြောင်း ရဟန်းတို့အား မိန့်ကြားတော်မူ၏။ ထို့နောက် မာရ်နတ်သည်ဥသျှစ်သီးမှည့် အဆင်းရှိသောစောင်းကို ပိုက်လျက် ဗုဒ္ဓထံချဉ်းကပ်လာပြီး အောက်ပါဂါထာကို ရွတ်ဆို၏။

"အရှင်ဘုရား၊ထက်အောက်ဝန်းကျင်အရပ်မျက်နှာအားလုံးကိုလှည့်လည်၍ ရှာသော်လည်း ကျွန်ုပ်သည် ရှင်ဂေါဓိက လားရာအရပ် ကိုမတွေ့ရပါ"

"မာရ်နတ်ယုတ်၊ ခိုင်မြဲသောပညာ၊ တည်ကြည်သောစိတ်ရှိသော ဂေါဓိက သည် နေ့ညမပြတ်အားထုတ်သဖြင့် အဝိဇ္ဇာနှင့်တဏှာကိုပယ်ကာ ဘဝဇာတ်ငြိမ်း လေပြီ"

ထိုအခါ မာရ်နတ်သည် စိတ်နှလုံးမသာမယာဖြင့် ထိုနေရာ၌ပင် ပျောက်ကွယ် သွားလေ၏။

## ၄။ သတ္တဝဿာနုဗန္ဓသုတ်
## [ခုနစ်နှစ်ပတ်လုံး ဗုဒ္ဓနောက်မှလိုက်ခြင်း]

၁၆၀။ ဥရုဝေလတော နေရဥ္စရာမြစ်ကမ်းရှိ အဇပါလညောင်ပင်ရင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် နှောင့်ယှက်ရန် အခါအခွင့်ကို မျှော်လင့်လျက် ခုနစ်နှစ်ပတ်လုံး ဗုဒ္ဓနောက်သို့ အစဉ်လိုက်ခဲ့သော မာရ်နတ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဂါထာဖြင့် မေးမြန်းလေသည်။

"ရဟန်း၊ သင်သည် ပစ္စည်းဥစ္စာ ဆုံးရှုံးသောကြောင့် ကြံမှိုင်နေသလော။

"သို့မဟုတ် ပစ္စည်းဥစ္စာကို တောင့်တလျက် ကြံမှိုင်နေသလော။

"သို့မဟုတ် မြို့ထဲ၌ရွာထဲ၌ တစုံတခုသော မကောင်းမှုကိုပြုခဲ့မိသလော။

"သင်သည် အဘယ့်ကြောင့် လူအပေါင်းနှင့် မိတ်ဖွဲ့ခြင်း မပြုသနည်း"

"အချင်းမာရ်နတ်၊ ငါသည် စိုးရိမ်ပူဆွေးခြင်း၏အရင်းအမြစ် အားလုံးကို တူးဖြို၍အပြစ်မရှိ စိုးရိမ်ခြင်း မရှိပဲ ဈာန်ဝင်စား၍ နေ၏။ ဘဝ၌ တွယ်တာ မက်မောမှု အားလုံးကို ဖြတ်၍ အာသဝေါကင်းလျက် ဈာန်ဝင်စား၍ နေ၏"

"ရဟန်း၊ ငါ့ဟာဟု ပြောဆိုအပ်သော အရာတို့၌လည်းကောင်း၊ ငါ့ဟာဟု ပြောဆိုတတ်သူတို့၌လည်းကောင်း သင်၏စိတ်သည်အကယ်၍ရှိခဲ့သော် သင်သည် ငါ၏ လက်မှ လွတ်မည်မဟုတ်"

"အချင်းမာရ်နတ်၊ ငါ့ဟာဟု ပြောဆိုအပ်သော အရာသည် ငါ့အားမရှိ။ ငါသည်လည်း ငါ့ဟာဟု ပြောဆိုတတ်သူ မဟုတ်။ ငါ၏လားရာအရပ်ကိုလည်း သင်မြင်နိုင်မည်မဟုတ်"

"ရဟန်း၊ အကယ်၍ သင်သည် သေခြင်း ကင်း၍ အေးချမ်းသော နိဗ္ဗာန်ခရီးကို အစဉ်လိုက်လိုသည်ဖြစ်အံ့။ သင်တယောက်တည်းသာ သွားပါလော့။ အခြားသူများကို အဘယ်ကြောင့် သွန်သင်ဆုံးမလိုဘိသနည်း"

"အချင်းမာရ်နတ်၊ ငါသည် သံသရာတဘက်ကမ်းသို့ရောက်လို၍ သေမင်းနယ်ပယ်မှ လွတ်မြောက်ရာအရပ်ကိုမေးမြန်းသူတို့အား ဥပဓိကင်းရာနိဗ္ဗာန်တည်းဟူသော အမှန်တရားကို ဟောကြား၏"

ဗုဒ္ဓကယင်းသို့မိန့်ကြားလေသော်မာရ်နတ်သည်ဗုဒ္ဓအားအောက်ပါစကားကို လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ ဥပမာ-ရွာနိဂုံး တခုမှ ကလေးငယ်တို့သည် မိမိတို့ရွာနိဂုံးအနီးရှိ ရေကန်မှ ပုစွန်လုံးတကောင်ကို ကုန်း ပေါ် သို့ ဆယ် တင် ကြရာ၏။ ထို့နောက် ထိုပုစွန်လုံး၏ ထောင်ထ လာသည့် လက်မ မှန်သမျှကို တုတ် ခဲ တို့ဖြင့် ရိုက်နှက် ချိုးဖြတ်ကြရာ၏။ဤသို့ဖြင့်လက်မအားလုံး ကျိုးသောထိုပုစွန်လုံးသည် ရေကန်ထဲသို့ပြန်ဆင်းရန်မစွမ်းနိုင်ရာပါ။ထို့အတူမြတ်စွာဘုရားသည်ဖောက်ပြန်သော အယူဝါဒတည်းဟူသော ဆူးငြောင့်အားလုံးကို ချိုးဖဲ့ ဖျက်ဆီးအပ်ပြီး ဖြစ်ပါသည်။ယခုအခါ ကျွန်ုပ်သည်နှောင့်ယှက်ရန်အခါအခွင့်ကိုမျှော်လင့်လျက် မြတ်စွာဘုရားထံ တဖန်ချဉ်းကပ်ခြင်းငှာ မထိုက်တော့ပါ"

"အဆီခဲနှင့်တူသော အဆင်းရှိသော ကျောက်တုံး၌ သာယာဖွယ်ကို ရရှိလိမ့်မည်ဟု ထင်သော ကျီးကန်းသည် ထိုကျောက်တုံး၌ သာယာဖွယ်ကို မရသဖြင့် ဖဲသွားသကဲ့သို့ ထို့အတူ ကျွန်ုပ်သည်လည်း မြတ်စွာ ဘုရားထံမှ ဖဲသွားပါတော့အံ့"

## ၅။ မာရဓီတုသုတ်

### [မာရ်နတ်၏သမီးများက ဗုဒ္ဓအား ဖြားယောင်းခြင်း]

၁၆၁။ ဗုဒ္ဓမြတ်စွာထံမှ စိတ်ပျက်စွာ ဖဲခွာခဲ့သော မာရ်နတ်သည်ဗုဒ္ဓမြတ်စွာနှင့် မနီးမဝေးသော အရပ်၌ မျက်နှာ မသာမယာဖြင့် ခေါင်းငိုက်စိုက် ချကာ ထိုင်နေလေသည်။ ထိုအခါ တဏှာ၊ အရတိ၊ ရဂါဟူသော မာရ်နတ်၏ သမီးသုံးယောက်တို့သည် ဖခင်ထံ ချဉ်းကပ်၍ အဘယ့် ကြောင့် ကြံမှိုင်နေကြောင်း မေးမြန်းကြသည်။မာရ်နတ်ကလည်းဗုဒ္ဓမြတ်စွာကိုဆွဲဆောင်၍ မရသောကြောင့်

ကြံမှိုင်နေခြင်းဖြစ်ကြောင်းပြောကြား၏။ ထိုအခါ မာရ်နတ်၏ သမီးသုံးယောက်တို့သည် ဗုဒ္ဓထံ ချဉ်းကပ်၍ "ရဟန်း၊ ကျွန်ုပ်တို့သည် သင်၏ခြေရင်း၌လုပ်ကျွေး၍နေကြပါမည်"ဟု ပြောဆိုကြ၏။ ဗုဒ္ဓကား ဥပဓိကုန်ရာ နိဗ္ဗာန်ကို အာရုံပြုလျက် ထိုနတ်သမီးတို့၏ စကားကို နှလုံးမသွင်းပဲ နေတော်မူ၏။

ထို့နောက် မာရ်နတ်၏ သမီးသုံးယောက်တို့သည် ယောကျ်ားတို့ မည်သည် အလိုဆန္ဒအမျိုးမျိုးရှိကြကြောင်း ဆင်ခြင်စဉ်းစားပြီး တယောက်လျှင် မိန်းမပျို တရာစီကိုလည်းကောင်း၊ သားမဖွားသေးသော မိန်းမတရာစီကိုလည်းကောင်း၊ သားဖွားပြီးသော မိန်းမတရာစီကိုလည်းကောင်း၊ မိန်းမလတ် တရာစီကိုလည်းကောင်း၊ မိန်းမကြီး တရာစီကိုလည်းကောင်း အသီးသီး ဖန် ဆင်း၍ ဗုဒ္ဓထံ အကြိမ်ကြိမ်ချဉ်းကပ်ဖြားယောင်းကြပြန်၏။သို့သော်ဗုဒ္ဓကား ယင်းတို့ကို လုံးဝ နှလုံးသွင်းခြင်းမပြုချေ။

ထိုအခါ မာရ်နတ်၏ သမီးသုံးယောက်တို့သည် ဗုဒ္ဓအား ဂါထာတပုဒ်စီဖြင့် အသီးအသီး မေးလျှောက်ကြပြန်ရာ ဗုဒ္ဓကလည်း ဂါထာဖြင့်ပင်ဖြေကြားတော်မူ၏။

တဏှာ ။ ။"ရဟန်း၊ သင်သည် ပစ္စည်းဥစ္စာ ဆုံးရှုံးသောကြောင့် ပူဆွေးခြင်းသို့ရောက်ကာကြံမှိုင်နေသလော။ သို့မဟုတ် ပစ္စည်း ဥစ္စာကို လိုလား တောင့်တလျက် ကြံမှိုင်နေသလော။ သို့မဟုတ် မြို့ထဲ ရွာထဲ၌ တစုံတခုသော မကောင်းမှုကို ပြုလုပ်ခဲ့မိသလော။ သင်သည် အဘယ့်ကြောင့် လူအပေါင်းနှင့်မိတ်ဖွဲ့ခြင်း မပြုသနည်း။ သင့်အား တစုံတယောက်သောသူနှင့်မျှ မိတ်ဖွဲ့ခြင်းသည် အဘယ့်ကြောင့် မဖြစ်သနည်း"

ဗုဒ္ဓ ။ ။"ချစ်ခင်သာယာဖွယ် ဖြစ်သော ကိလေသာ စစ်သည် အပေါင်းကို အောင်မြင်ပြီး၍ တပါးတည်း ဈာန်ဝင်စားလေ့ရှိသောငါသည် အကျိုးစီးပွားသို့ရောက်သော၊ စိတ်နှလုံး အေးချမ်းခြင်းရှိသော ချမ်းသာကိုသိတော်မူပြီ။ထို့ကြောင့် ငါသည် လူအပေါင်းနှင့်မိတ်ဖွဲ့ခြင်းကို မပြု။ တစုံတယောက်သောသူနှင့်မျှလည်း မိတ်ဖွဲ့ခြင်းသည် မဖြစ်"

-၁၅၄၁-



အရတိ ။ ။"ရဟန်း၊ အဘယ်သို့သောနေခြင်းဖြင့် များစွာနေသော ရဟန်းသည် ဒွါရခြောက်ပါး၌ဖြစ်သော ကိလေသာ ရေအလျဉ်ကို ကူးမြောက်ပါသနည်း။ အဘယ်သို့သော စျာန်ကို များစွာ ဝင်စား လေ့ ရှိသော ရဟန်းအား ကာမသညာတို့သည် ကင်းကွာပါကုန်သနည်း"

ဗုဒ္ဓ ။ ။"အကြင် ရဟန်းသည် ငြိမ်းချမ်းသော ကိုယ်၊ လွတ်မြောက်သောစိတ် ရှိ၏။ အားထုတ်ခြင်း မပြုပဲ သတိရှိလျက် တရားကိုသိ၍ ဝိတက်ကင်းသော စတုတ္ထစျာန်ကို ဝင်စားလေ့ရှိ၏။ အမျက်ထွက်ခြင်း၊ စိတ်ပူပန်ခြင်း၊ ထိုင်းမှိုင်းခြင်းတို့မှလည်း ကင်း၏။ ဤသို့သော နေခြင်းဖြင့် များစွာနေလေ့ရှိသော ရဟန်းသည် ဒွါရ ၆ ပါး၌ဖြစ်သော ကိလေသာ ရေအလျဉ်ကို ကူးမြောက်၏။ ဤသို့သောစျာန်ကို များစွာဝင်စားလေ့ရှိသော ရဟန်းအား ကာမသညာတို့သည် ကင်းကွာကုန်၏"

မာရ် ။ ။"များစွာသော ရဟန်းအပေါင်းဖြင့် လှည့်လည်သော မြတ်စွာဘုရားသည် တဏှာကိုဖြတ်ပြီးဖြစ်၏။ သဒ္ဓါတရားရှိသော လူအပေါင်း တို့ သည် လည်း သူ့ နောက်သို့ လိုက်ကြလိမ့်မည်။ တဏှာတည်းဟူသော အိမ်မရှိသော မြတ်စွာဘုရားသည် လူအပေါင်းကို သေမင်း၏လက်မှ လု ယက် ၍ နိဗ္ဗာန်တည်းဟူသော တ ဘက် ကမ်း သို့ ဆောင်လိမ့်မည်"

ထို့နောက် မာရ်နတ်၏ သမီးသုံးယောက်တို့သည် မိမိတို့၏ဖခင်ထံသို့ သွားကြရာ သင်းတို့ကိုမြင်လျှင် မာရ်နတ်က အောက်ပါဂါထာတို့ကို ရွတ်ဆိုလေသည်။

"မိုက်မဲသောသင်တို့သည် ကြာရိုးဖြင့် တောင်ကိုရိုက်ကြကုန်၏။ လက်သည်းဖြင့် ကျောက်တုံးကို ရွက်၍ ရေဝဲ၌ ထောက်တည်ရာကို ရှာကြကုန်၏။သင်တို့သည် ရင်၌ သစ်ငုတ် ဆောင့်မိသကဲ့သို့ဖြစ်၍ ရဟန်းဂေါတမထံမှ စိတ်ပျက်စွာထွက်ခွာလာကြကုန်၏"

# ၅။ ဘိက္ခုနီသံယုတ်

[ဘိက္ခုနီတို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ အာဠဝိကာသုတ်

[အာဠဝိကာဘိက္ခုနီအားမာရ်နတ်ခနှောင့်ယှက်ခြင်း]

၁၆၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသိတင်းသုံးစဉ် အာဠဝိကာ မည်သော ဘိက္ခုနီသည် နံနက်ချိန်တွင် မြို့တွင်း၌ ဆွမ်းခံ၍ ဆွမ်းခံရာမှ ပြန်သောအခါ ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်ဖြစ်၍ အန္ဓဝန်တောသို့ ချဉ်းကပ်လေသည်။ ထိုအခါ မာရ်နတ်သည် ထိုဘိက္ခုနီအား ထိတ်လန့်ကြောက်ရွံ့မှုဖြစ်စေ၍ ဆိတ်ငြိမ်စွာနေခြင်းမှ ရွေ့လျောစေလိုသဖြင့် အနီးသို့ ချဉ်းကပ်၍ အောက်ပါ ဂါထာကို ရွတ်ဆိုလေသည်။

"လောက၌ ထွက်မြောက်ရာသည် မရှိ။ သင့်အား ဆိတ်ငြိမ်စွာ နေခြင်းဖြင့် ဘာအကျိုးရှိမည်နည်း၊ သင်သည် ကာမဂုဏ်ကို ခံစားလော့။ နောင်မှ ပူပန်ခြင်း မဖြစ်စေလင့်"

ထိုအခါ အာဠဝိကာဘိက္ခုနီသည် မာရ်နတ်မှန်းသိ၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

"မာရ်နတ်ယုတ်၊ လောက၌ ထွက်မြောက်ရာသည် ရှိ၏။ ငါသည် ထိုထွက်မြောက်ရာကို ပညာဖြင့် ကောင်းစွာတွေ့ထိပြီးဖြစ်၏။ သင်သည်ကား ထိုထွက်မြောက်ရာကို သိမည်မဟုတ်"

ထိုအခါ မာရ်နတ်သည် စိတ်နှလုံးမသာမယာဖြင့် ထိုနေရာ၌ပင်ပျောက်ကွယ်သွားလေသည်။

## ၂။ သောမသုတ်

[သောမာဘိက္ခုနီအား မာရ်နတ်နှောင့်ယှက်ခြင်း]

၁၆၃။ အခါတပါး၌ သောမာမည်သောဘိက္ခုနီသည် ဆွမ်းခံရာမှ ပြန်လာသော် အန္ဓဝန်တောသို့ နေ့သန့်စင်ရန် ချဉ်းကပ်၍ သစ်ပင်တပင်အောက်၌ ထိုင်နေ၏။ ထိုအခါ မာရ်နတ်သည် ထိုဘိက္ခုနီအား ထိတ်လန့်၍ သမာဓိမှ ရွေ့လျောစေလိုသဖြင့် အနီးသို့ချဉ်းကပ်ပြီး အောက်ပါဂါထာကို ရွတ်ဆိုလေသည်။

"သင်သည် မိန်းမတို့၏ လက်နှစ်သစ်မျှသော ပညာဖြင့် ရောက်နိုင်ခဲသော အရဟတ္တဖိုလ်ကို ရောက်ခြင်းငှာ တတ်စွမ်းနိုင်မည်မဟုတ်"

သောမာဘိက္ခုနီသည် မာရ်နတ်ကို ဂါထာဖြင့်ပင် တုံ့ပြန်ပြောဆိုလေသည်။

"ကောင်းစွာ တည်ကြည်သော စိတ်၌ ဉာဏ်အမြင် ဖြစ်ပေါ်သည်ရှိသော် တရားကို ကောင်းစွာမြင်သောသူအား မိန်းမဖြစ်ခြင်းသည် အဘယ်ပြုအံ့နည်း။ ငါသည် မိန်းမဖြစ်၏ဟူ၍လည်းကောင်း၊ ယောကျာ်းဖြစ်၏ ဟူ၍လည်းကောင်း ထင်မှတ်ခြင်း ရှိသူအားသာလျှင် မာရ်နတ်သည် ယင်းသို့ ဆိုခြင်းငှာ သင့်ပေ၏"

## ၃။ ကိသာဂေါတမီသုတ်

[ကိသာဂေါတမီအား မာရ်နတ်နှောင့်ယှက်ခြင်း]

၁၆၄။ အခါတပါး၌ မာရ်နတ်သည် အန္ဓဝန်တော သစ်ပင်တပင်အောက် ထိုင်နေသော ကိသာဂေါတမီ ဘိက္ခုနီထံ ချဉ်းကပ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေသည်။

"အရှင်မ၊ သင်သည် သားသေသောမိခင်ကဲ့သို့ ငိုမဲ့မဲ့မျက်နှာဖြင့် အဘယ့်ကြောင့် တယောက်တည်းနေဘိသနည်း။ တယောက်တည်းတောကြီးအလယ်သို့ ယောကျာ်းကိုရှာရန်လာဘိသလော"

ကိသာဂေါတမီသည် မာရ်နတ်ကို အောက်ပါဂါထာဖြင့်တုံ့ပြန်လေသည်။

"အချင်းမာရ်နတ်၊ ငါသည်သေခြင်းမှလည်းကောင်း၊ ယောကျာ်းကိုရှာခြင်းမှလည်းကောင်း လွတ်မြောက်ပြီးဖြစ်၏။ ခန္ဓာငါးပါးစသည်တို့၌ နှစ်သက်ခြင်းကင်း၍ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကိုလည်း ဖျက်ဆီးပြီးဖြစ်၍ အာသဝေါကင်းကာနေနိုင်လေပြီ"

## ၄။ ဝိဇယာသုတ်

[ဝိဇယာဘိက္ခုနီအား မာရ်နတ်နှောင့်ယှက်ခြင်း]

၁၆၅။ အခါတပါး၌ မာရ်နတ်သည် အန္ဓဝန်တောအတွင်းရှိ သစ်ပင်အောက်၌ တပါးတည်းထိုင်နေသော ဝိဇယာဘိက္ခုနီထံချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

"အရှင်မ၊ သင်သည်ငယ်ရွယ်၍ အဆင်းလှသူဖြစ်၏။ ငါသည်လည်းငယ်ရွယ်၍ အဆင်းလှသူဖြစ်၏။ လိုက်ခဲ့ပါ။ အင်္ဂါငါးပါးရှိသော တူရိယာဖြင့်ငါတို့နှစ်ယောက်ပျော်ပါးကြပါစို့"

ထိုအခါ ဝိဇယာသည် မာရ်နတ်ကို အောက်ပါဂါထာတို့ဖြင့်တုံ့ပြန်လိုက်လေသည်။

"အချင်းမာရ်နတ်၊ နှစ်သက်ဖွယ်ဖြစ်သော အာရုံငါးပါးကို သင့်အားသာလျှင် ငါအပ်နှင်း၏။ ငါမူကား ထိုအာရုံတို့ဖြင့်အလိုမရှိပါ။ ငါသည် ပျက်စီးခြင်းသဘောရှိသော ဤအကောင်ပုပ်ဖြင့် ငြီးငွေ့၏။ ကာမဂုဏ်၌ တပ်မက်မှုကို ငါပယ်ပြီးဖြစ်၏။ ရုပ်ရှိရုပ်မဲ့ဖြစ်သော သတ္တဝါတို့နှင့်တကွ ငြိမ်သက်သော စျာန် သမာပတ်တို့၌ အဝိဇ္ဇာမှောင်ကိုလည်း ငါဖျက်ဆီးပြီးဖြစ်၏"

## ၅။ ဥပ္ပလဝဏ္ဏာသုတ်

[ဥပ္ပလဝဏ္ဏာဘိက္ခုနီအား မာရ်နတ်နှောင့်ယှက်ခြင်း]

၁၆၆။ အခါတပါး၌ မာရ်နတ်သည် အန္ဓဝန်တောအတွင်းရှိ အင်ကြင်းပင်အောက်၌ တပါးတည်းထိုင်နေသော ဥပ္ပလဝဏ္ဏာဘိက္ခုနီထံချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

"ရဟန်းမ၊ သင် သည် ပင် လုံး ကျွတ် ပွင့် သော အင် ကြင်း ပင် သို့ ကပ်၍ တယောက်တည်း နေဘိ၏။ သင် ၏ အ ဆင်း နှင့် တူ သော အဆင်းသည်မရှိ။ အမိုက်မ၊ သင်သည်လူဆိုးတို့ကိုမကြောက်ဘိသလော"

ဥပ္ပလဝဏ္ဏာသည် မာရ်နတ်ကို အောက်ပါဂါထာတို့ဖြင့် တုံ့ပြန်လိုက်လေသည်။

"အချင်းမာရ်နတ်။ ငါသည် သင်ကဲ့သို့သောလူဆိုးရာထောင်လာစေကာမူ တုန်လှုပ်မည်မဟုတ်။ တယောက်တည်းဖြစ်သော်လည်း သင့်ကိုငါမကြောက်။ ငါသည်ကွယ်ပျောက်နိုင်၏။သင်၏ဝမ်းတွင်း၌လည်းကောင်း၊ သင်၏မျက်မှောင်

ကြား၍လည်းကောင်း တည်သောငါ့ကို သင်မြင်နိုင်မည်မဟုတ်။ ဂုဒ္ဒိပါဒ် လေးပါးကိုပွားများ၍ အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်ပြီးဖြစ်သောငါသည် သင့်ကိုမကြောက်ပေ”

## ၆။ စာလာသုတ်

### [စာလာဘိက္ခုနီအားမာန်နတ်နှောင့်ယှက်ခြင်း]

၁၆၇။ အခါတပါး၌ မာရ်နတ်သည်အန္ဓဝန်တောအတွင်းရှိ သစ်ပင်အောက်၌ တပါးတည်းထိုင်နေသော စာလာဘိက္ခုနီထံချဉ်းကပ်၍ ‘ရဟန်းမ၊ သင်သည် အဘယ်ကိုမနှစ်သက်သနည်း’ ဟုမေးရာ၊ ဘိက္ခုနီက ‘ငါသည်ဘဝ၌ဖြစ်ရခြင်းကို မနှစ်သက်’ဟု ဖြေကြား၏။ ထိုအခါ မာရ်နတ်ကဆက်လက်မေးပြန်၏။

“ရဟန်းမ၊ သင်သည် အဘယ့်ကြောင့် ဘဝ၌ဖြစ်ရခြင်းကို မနှစ်သက်သနည်း။ ဘဝ၌ဖြစ်သူသည် ကာမဂုဏ်ကိုခံစားရ၏။ ဘဝ၌ဖြစ်ခြင်းကိုမနှစ်သက်ရဟူသောအယူကို ဘယ်သူကယူစေသနည်း”

“မာရ်နတ်ယုတ်၊ ဘဝ၌ဖြစ်သူအား သေခြင်းသည်ဖြစ်၏။ ဘဝ၌ဖြစ်သူသည် နှောင်ဖွဲ့ခြင်း၊ သတ်ဖြတ်ခြင်း၊ ဘေးရန်အမျိုးမျိုးနှင့် တွေ့ခြင်းဟူသော ဆင်းရဲများကိုခံစားရ၏။ ဘဝ၌ဖြစ်ခြင်းမှလွန်မြောက်ကြောင်းတရားကို မြတ်စွာဘုရားသည် ဟောကြားအပ်၏။ ထိုမြတ်စွာဘုရားသည် ဆင်းရဲအားလုံးကို ပယ်နိုင်ရန်အတွက် ငါ့ကိုပရမတ္ထသစ္စာ၌တည်စေခဲ့၏။ ရုပ်ရှိသောဘုံ၊ ရုပ်မရှိသောဘုံ၌တည်သော သတ္တဝါတို့သည် ဒုက္ခချုပ်ငြိမ်းရာကို မသိသဖြင့် ဘဝသစ်သို့ရောက်ကြရကုန်၏”

## ၇။ ဥပစာလာသုတ်

### [ဥပစာလာဘိက္ခုနီအား နှောင့်ယှက်ခြင်း]

၁၆၈။ အခါတပါး၌မာရ်နတ်သည်အန္ဓဝန်တောအတွင်းရှိသစ်ပင်အောက်၌ တပါးတည်းထိုင်နေသော ဥပစာလာဘိက္ခုနီထံ ချဉ်းကပ်၍ ‘ရဟန်းမ၊ သင်သည်အဘယ်ဘုံ၌ဖြစ်လိုသနည်း’ဟုမေးရာ ဘိက္ခုနီက ‘ငါသည်တစုံတခုသောဘုံ၌ ဖြစ်ရန်အလိုမရှိ’ဟုဖြေကြားလေသည်။ ထိုအခါ မာရ်နတ်ကဆက်၍ပြောပြန်၏။

“တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ဝသဝတ္တီနတ်တို့၏ နေရာဘုံ၌ သင်၏စိတ်ကို ညွတ်စေလော့။ ထိုနတ်ဘုံ၌ စည်းစိမ်ကိုခံစားရလိမ့်မည်”

“အချင်းမာရ်နတ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ဝသဝတ္တီနတ်တို့သည် ကာမဂုဏ်အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်းခံရကုန်သည်ဖြစ်၍ တဖန် မာရ်နတ်၏ နိုင်ငံသို့ ရောက်ကြရကုန်၏”

"အချင်းမာရ်နတ်၊ လောကသည် ရဲရဲပြောင်ပြောင် တောက်လောင်နေ၏။ အခိုးတလူလူထနေ၏။ မီးတောက်မီးလျှံထွက်နေ၏။ တုန်လှုပ်နေ၏။ တုန်လှုပ်ခြင်း၊ တောက်လောင်ခြင်းကင်း၍ မာရ်နတ်မရောက်နိုင်သော အရပ်၌ ငါ၏စိတ်သည်မွေ့လျော်ပေ၏"

## ၈။ သီသုပစာလာသုတ်

[သီသုပစာလာဘိက္ခုနီအားမာရ်နတ်နှောင့်ယှက်ခြင်း]

၁၆၉။ အခါတပါး၌ မာရ်နတ်သည်အန္ဓဝန်တောအတွင်းရှိသစ်ပင်အောက်၌ တပါးတည်းထိုင်နေသော သီသုပစာလာဘိက္ခုနီထံ ချဉ်းကပ်၍ 'ရဟန်းမ၊ သင်သည် အဘယ်သူ၏အယူကိုနှစ်သက်သနည်း' ဟု မေးရာ ဘိက္ခုနီက 'ငါသည် မည်သူ၏ အယူကိုမျှမနှစ်သက်' ဟု ဖြေကြား၏။

ထိုအခါ မာရ်နတ်က ဆက်၍ပြောပြန်၏။

"သင့်ကိုရဟန်းမအသွင်ဖြင့် ငါတွေ့ရ၏။ သင်သည် ဘယ်သူ့ကိုရည်မှတ်၍ ဦးပြည်းကတုံးပြုသနည်း။ အကယ်၍အယူကိုမနှစ်သက်ခဲ့သော် အဘယ့်ကြောင့် ယောင်ယောင်ဝါးဝါးကျင့်ဘိသနည်း"

"မာရ်နတ်၊ ဤသာသနာမှအပ၌သာလျှင် ပါသဏ္ဍအယူတို့သည်ရှိကုန်၏။ ထိုသူတို့သည် မိစ္ဆာအယူ၌ နစ်မြုပ်၍နေကြကုန်၏။ ထိုသူတို့၏တရားကို ငါ မနှစ်သက်။ ထိုသူတို့သည်တရား၌ မ လိ မ္မာ ကုန်။ စွဲလမ်းဖွယ်အားလုံးတို့မှ လွတ်မြောက်၍ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော သာကီဝင်မင်းသား မြတ်စွာဘုရားသည် တရားအားလုံးကို သိမြင်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ငါ၏ဆရာဖြစ်၏။ ထို မြတ်စွာဘုရား၏တရားကို ငါသည်နှစ်သက်၏"

## ၉။ သေလာသုတ်

[သေလာဘိက္ခုနီအားမာရ်နတ်နှောင့်ယှက်ခြင်း]

၁၇၀။ အခါတပါး၌ မာရ်နတ်သည် အန္ဓဝန်တောအတွင်းရှိသစ်ပင်အောက်၌ တပါးတည်း သီတင်းသုံးနေသော သေလာဘိက္ခုနီထံ ချဉ်းကပ်၍ ဂါထာဖြင့် မေးမြန်းရာ ဘိက္ခုနီကလည်းဂါထာဖြင့်ပင် ဖြေကြားလေသည်။

"ဤကိုယ်ခန္ဓာကို အဘယ်သူကဖြစ်စေအပ်သနည်း။ ဤကိုယ်ခန္ဓာကိုပြုလုပ်သူသည် မည်သူနည်း။ အဘယ့်ကြောင့် ဤကိုယ်ခန္ဓာသည်ဖြစ်ပေါ်လာသနည်း။ အဘယ့်ကြောင့် ဤကိုယ်ခန္ဓာသည်ချုပ်ငြိမ်းသနည်း"

"ဤကိုယ်ခန္ဓာကို မိမိကိုယ်တိုင် ပြုလုပ်အပ်သည်လည်းမဟုတ်။ သူတပါး ပြုလုပ်အပ်သည်လည်းမဟုတ်။ ဤကိုယ်ခန္ဓာသည်အကြောင်းကိုစွဲ၍ ဖြစ်ပေါ်၏။ အကြောင်းပျက်ခြင်းကြောင့်ချုပ်၏။ လယ်၌စိုက်ပျိုးအပ်သော မျိုးစေ့သည် မြေဩဇာနှင့်ရေကိုစွဲ၍ ပေါက်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါး၊ ဓာတ်ခြောက်ပါး၊ အာယတနခြောက်ပါးတို့သည် အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ကုန်၏။ အကြောင်းပျက်ခြင်းကြောင့်ချုပ်ကုန်၏"

## ၁၀။ ဝဇိရာသုတ်

### [ဝဇိရာဘိက္ခုနီအားမာရ်နတ်နှောင့်ယှက်ခြင်း]

၁၇၁။ အခါတပါး၌ မာရ်နတ်သည် အန္ဓဝန်တောအတွင်းရှိသစ်ပင်အောက်၌ တပါးတည်း သီတင်းသုံးနေသော ဝဇိရာဘိက္ခုနီထံ ချဉ်းကပ်၍ ဂါထာဖြင့်မေးမြန်းရာ ဘိက္ခုနီကလည်းဂါထာဖြင့်ပင် ဖြေကြားလေသည်။

"အဘယ်သူသည် ဤသတ္တဝါကိုဖြစ်စေသနည်း။ သတ္တဝါကိုပြုလုပ်သူကား အဘယ်သူနည်း။ အဘယ့်ကြောင့် ဤသတ္တဝါသည်ဖြစ်ပေါ်လာသနည်း။ အဘယ့်ကြောင့် ဤသတ္တဝါသည်ချုပ်ငြိမ်းသွားသနည်း"

"မာရ်နတ်၊ သင်သည် အဘယ်ကိုသတ္တဝါဟု ယုံကြည်သနည်း။ သင့်အား မကောင်းသောအမြင်သည် အစဉ်လိုက်၏။ ဤသတ္တဝါဟူသည် သင်္ခါရအစု အဝေးသက်သက်သာဖြစ်၏။ ဤသင်္ခါရအစုအဝေး၌ သတ္တဝါဟူသည်တရား ကိုယ်အားဖြင့်ရှာ၍မရနိုင်ပေ"

"အစိတ်အပိုင်း ပစ္စည်းများရှိခြင်းကြောင့် ရထားဟူ၍ ခေါ်ဝေါ်ရခြင်းသည်ဖြစ်သကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါးထင်ရှားရှိသဖြင့် သတ္တဝါဟုခေါ်ဝေါ်ခြင်းသည်ဖြစ်၏။ မှန်၏။ ခန္ဓာငါးပါးဟူသောဆင်းရဲသည်သာလျှင်ဖြစ်၊ တည်၊ ပျက်၍နေ၏။ ဤခန္ဓာငါးပါးမှတပါး ဖြစ်ပျက်နေသော တရားဟူ၍ မရှိပေ"

# ၆။ ဗြဟ္မသံယုတ်

[ဗြဟ္မာတို့နှင့်စပ်သောဟောကြားချက်များ]

## ၁။ ပထမဝဂ်

### ၁။ ဗြဟ္မာယာစနသုတ်

[တရားဟောရန် ဗြဟ္မာ့တောင်းပန်ခြင်း]

၁၇၂။ အခါတပါး၌ ဗုဒ္ဓသည် သမ္မောဓိဉာဏ်ကိုရရှိပြီးစဖြစ်၍ ဥရုဝေလ တော၊ နေရဥ္စရာမြစ်ကမ်းရှိ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာ၌ တပါးတည်းကိန်းအောင်းနေစဉ် ဗုဒ္ဓမြတ်စွာအား ဤသို့စိတ်အကြံဖြစ်လေသည်။ "ငါသိထားသောဤတရားကား နက်နဲ၏။ သိနိုင်မြင်နိုင်ခဲ၏။ ငြိမ်းအေးမွန်မြတ်၏။ တက္ကီပုဂ္ဂိုလ်တို့ကျက်စားရာမဟုတ်။ သိမ်မွေ့၏။ ပညာရှိတို့သာသိနိုင်၏။ ဤသတ္တဝါအပေါင်းကား ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်၍နေကြ၏။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်ခြင်းဟူသော သဘောကို သိမြင်ရန်မလွယ်။ ပူပြင်မှုငြိမ်း၍ ဥပဓိအားလုံးကို ပယ်စွန့်ရာ၊ တဏှာ ရာဂကင်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို သိမြင်ရန် မလွယ်။ အကယ်၍ ငါတရားဟောခဲ့သော် သတ္တဝါအပေါင်းသည် နားလည်နိုင်မည်မဟုတ်။ ငါ့အားစိတ်ပင်ပန်းရုံ၊ ကိုယ်ဆင်းရဲရုံမျှသာဖြစ်ရာ၏"

ထို့နောက် ဗုဒ္ဓမြတ်စွာအား အလွန်အံ့ဩဖွယ်ကောင်းသော ဤဂါထာတို့သည် ရှေးကမကြားဖူးပဲ စိတ်တော်၌ထင်လာလေသည်။

"ငါသည်ခဲယဥ်းစွာကျင့်သဖြင့် သိအပ်သောတရားကို ယခုဟောပြခြင်းငှာ မသင့်။ ရာဂ ဒေါသ နှိပ်စက်ခြင်းခံနေရသူတို့သည် ဤတရားကိုအလွယ်တကူ

သိနိုင်မည်မဟုတ်။ အမှောင်ထုဖုံးလွှမ်း၍ ရာဂစွဲကပ်နေသူတို့သည် သိမ်မွေ့နက်နဲ၍ အနုမြူသဖွယ်မြင်နိုင်ခဲသော သံသရာရေစဆန်တရားကို မြင်နိုင်ကြမည်မဟုတ်ချေ"

ယင်းသို့ ဆင်ခြင်တော်မူသော ဗုဒ္ဓမြတ်စွာ၏စိတ်သည် တရားဟောရန်မညွတ်ပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူလေသည်။ ထိုအခါ ဗုဒ္ဓ၏စိတ်အကြံကိုသိ၍ သဟမ္ပတိဗြဟ္မာအား ဤသို့စိတ်အကြံဖြစ်လေသည်။

"အချင်းတို့၊ လောကသည် ပျက်စီးတော့မည်တကား။ အပူဇော်ခံထိုက်၍ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရား၏စိတ်သည် တရားဟောရန်မညွတ်ပဲ ကြောင့်ကြမဲ့နေရန်ညွတ်ဘိ၏"

ထို့နောက် ခွန်အားရှိသောယောကျ်ားသည် ကွေးထားသောလက်ကို ဆန့်ဘိသကဲ့သို့လည်းကောင်း၊ ဆန့်ထားသောလက်ကို ကွေးဘိသကဲ့သို့လည်းကောင်း သဟမ္ပတိဗြဟ္မာသည် ဗြဟ္မာ့ဘုံမှကွယ်ခဲ့ပြီး ဗုဒ္ဓမြတ်စွာ၏ရှေ့မှောက် ထင်ရှားပေါ်လာ၏။

ထို့နောက် သဟမ္ပတိဗြဟ္မာသည် အပေါ်ရုံအဝတ်ကို ပခုံးတဘက်၌တင်၍ လက်ယာဒူးကိုမြေ၌ထောက်လျက် ဗုဒ္ဓမြတ်စွာအား လက်အုပ်ချီကာ "မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့။ ပညာမျက်စိ၌ ကိလေသာမြူနည်းသော သတ္တဝါတို့သည်ရှိကြပါသည်။ ထိုသူတို့သည် တရားကိုမနာရသဖြင့်ဆုံးရှုံးနေကြပါသည်။ တရားကိုနားလည်သူများရှိကြပါလိမ့်မည်" ဟု လျှောက်ကြားလေသည်။ ထို့နောက် သဟမ္ပတိဗြဟ္မာသည် အောက်ပါ စကားကိုလည်းထပ်မံလျှောက်ကြားပြန်၏။

"ရှေးအခါကမဂဓတိုင်း၌ကိလေသာအညစ်အကြေးမကင်းသောဂိုဏ်းဆရာကြီးများ ကြံဆအပ်သည့် မစင် ကြယ် သော မိစ္ဆာအယူ တရား သည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်။ မြတ်စွာဘုရားသည် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်တော်မူပါလော့။အညစ်အကြေးကင်းသောမြတ်စွာဘုရားသည် သဘာဝနှင့်လျော်စွာ သိအပ်သော သစ္စာလေးပါး တရားကို သတ္တဝါများအား နာကြားခွင့်ပေးတော်မူပါလော့"

"ထက်ဝန်းကျင် မြင်ရှုမ်းနိုင်သော ပညာရှိ တော် မူ သော မြတ် စွာ ဘုရား။ တောင်ထိပ်၌ ရပ်နေသော ယောကျ်ားသည် ထက်ဝန်းကျင်မှ လူ အ ပေါင်း ကို ကြည့်ရှုသကဲ့သို့ ထို့အတူစိုးရိမ်ပူဆွေးခြင်းကင်းဝေးတော်မူသော မြတ်စွာဘုရားသည်ပညာဖြင့်ပြီးသောပြာသာဒ်ထက်သို့တက်၍မွေးခြင်းသေခြင်းတို့ဖြင့် နှိပ်စက်

သဖြင့်စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်း ကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့”

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဗြဟ္မာ၏ တောင်းပန်ခြင်းကို အသိ အမှတ်ပြုပြီး သတ္တဝါတို့၌ သနားခြင်းကိုလည်းအကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့်လောကကို ကြည့်တော်မူလတ်သော်ပညာမျက်စိ၌ကိလေသာမြူနည်းသူများသူ၊ ဣန္ဒြေနုသူရင့်သူ၊ ကောင်းသောအချင်းအရာရှိသူမကောင်းသောအချင်းအရာရှိသူ၊ သိစေရန်လွယ်သူခက်သူ၊ တမလွန်လောက၏အပြစ်တို့ကိုဘေးဟုရှုသူမရှုသူတို့ကိုမြင်တော်မူ၏။ ဥပမာ ကြာတော၌ ပေါက်သောကြာပင်တို့တွင် အချို့ကြာပင်များသည် ရေ၌ပေါက်၊ရေ၌ကြီးပွား၍ရေ၌ နစ်မြုပ်နေကြ၏။ အချို့သော ကြာပင်များသည် ရေ၌ပေါက်၊ရေ၌ကြီးပွား၍ရေနှင့်အညီတည်နေကြ၏။အချို့ကြာပင်များကား ရေ၌ပေါက်၊ ရေ၌ကြီးပွားသော်လည်း ရေပေါ်သို့တက်၍ တည်နေကြကုန်၏။ ထို့အတူ ဗုဒ္ဓသည်သတ္တဝါအမျိုးမျိုးကို မြင်တော်မူသဖြင့် သဟမ္ပတိဗြဟ္မာအား အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

“အချင်းဗြဟ္မာ၊ ငါသည် လေ့လာပွားများအပ်သောတရားကို ပင်ပန်းရုံသာ ရှိမည်ဟုထင်သဖြင့် မဟောပဲနေရန် အကြံဖြစ်ခဲ့၏။ သို့သော်လည်း ပညာတည်းဟူသောနားနှင့်ပြည့်စုံသူတို့သည်ယုံကြည်ခြင်းသဒ္ဓါတရားကို လွှတ်ကြကုန်လော့။ ထိုသူတို့အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားအပ်ပေပြီ”

ထိုအခါ သဟမ္ပတိဗြဟ္မာသည်‘မြတ်စွာဘုရားသည် တရားဟောရန် ငါ့အား ဝန်ခံလေပြီ’ဟု သိသဖြင့် မြတ်စွာဘုရားကို ရှိခိုး အရိုအသေပြုပြီး ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေသည်။

## ၂။ ဂါရဝသုတ်

## [တရားကိုသာ အလေးပြု၍ နေရန် ကြံစည်ခြင်း]

၁၇၃။ ဗုဒ္ဓ မြတ်စွာ သည် ဥရုဝေလတော နေရဉ္စရာမြစ်ကမ်းရှိ အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးစဉ် ‘ရိုသေ လေးစား အားထားရမည့်သူ မရှိပဲ နေရခြင်းသည်ဆင်းရဲ၏။ငါသည် အဘယ်သို့သော ရဟန်းပုဏ္ဏားကို ရိုသေလေးစား အားထားခြင်းပြု၍ နေရပါမည်နည်း’ဟု စဉ်းစားမိလေသည်။ ထို့နောက် ဗုဒ္ဓသည် နတ်နှင့်တကွသောလောက၌သီလ သမာဓိ ပညာ စသည်အားဖြင့် မိမိထက်သာလွန်သည့်တစုံတယောက်သောပုဂ္ဂိုလ်ကိုမျှမတွေ့မြင်သဖြင့်‘ငါသည်ငါသိမြင်အပ်သောတရားကိုသာလျှင် ရိုသေလေးစားအားထားခြင်းပြု၍ နေတော့အံ့’ဟု ကြံစည်တော်မူလေသည်။

ထိုအခါသဟမ္ပတိဗြဟ္မာသည် ဗုဒ္ဓမြတ်စွာ၏ ရှေ့၌ရုတ်တရက် ပေါ်လာပြီး ဤသို့လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ ရှေးအခါကပွင့်တော်မူခဲ့သောမြတ်စွာဘုရားတို့သည် တရားကိုသာ ရိုသေလေးစားခြင်းပြု၍နေခဲ့ကြပါသည်။နောင်အနာဂတ်၌ပွင့်တော်မူမည့် မြတ်စွာဘုရားတို့သည်လည်းတရားကိုသာရိုသေလေးစားခြင်းပြု၍နေကြပါလိမ့်မည်။ယခုမျက်မှောက်၌ထင်ရှားရှိသော မြတ်စွာဘုရားသည်လည်း တရားကိုသာရိုသေလေးစားခြင်းပြု၍နေတော်မူပါလော့။ ဤသို့တရားကိုရိုသေလေးစားခြင်းပြု၍ နေခြင်းသည်မြတ်စွာဘုရားတို့၏အစဉ်အလာပင်ဖြစ်ပါသည်"

## ၃။ ဗြဟ္မဒေဝသုတ်

### [ဗြဟ္မဒေဝ၏မိခင်အား ဆုံးမခြင်း]

၁၇၄။ သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ဗုဒ္ဓ သီတင်း သုံးစဉ် ဗြဟ္မဒေဝမည်သောလုလင်သည်သာသနာ့ဘောင်သို့ဝင်၍ရဟန်းပြုပြီး တရားအားထုတ်ရာ မကြာမီရဟန္တာအဖြစ်သို့ရောက်လေသည်။တနေ့သ၌ရှင်ဗြဟ္မဒေဝသည် သာဝတ္ထိမြို့တွင်းသို့ဝင်၍အိမ်စဉ်အတိုင်းဆွမ်းခံလှည့်လည်ရာမိခင်ပုဏ္ဏေးမကြီး၏ အိမ်ရှေ့သို့ ဆိုက်ရောက် လေသည်။ ထိုအချိန် တွင် ပုဏ္ဏေးမကြီးသည် နေ့စဉ် ပြုလုပ်မြဲဖြစ်သည့်အတိုင်း ဗြဟ္မာအား ပူဇော်ပသမှုကို ပြုလုပ်နေ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည်ပုဏ္ဏေးမကြီး၏ ရှေ့မှောက်၌ ထင်ရှားပေါ်လာပြီး ထိတ်လန့်စေရန် အောက်ပါဂါထာတို့ကိုရွတ်ဆိုလေသ__။

"ပုဏ္ဏေးမ၊ သင်ပူဇော်ပသနေသော ဗြဟ္မာ၏နေရာဘုံသည် ဤလူ့ပြည်မှဝေးလှ၏။ သင်ပသသော စားဖွယ်သည်လည်း ဗြဟ္မာ၏အစာမဟုတ်။ သင့်အိမ်သို့ ဆွမ်းခံရန်ဝင်လာသည့် သင့်သားဖြစ်သော ဗြဟ္မဒေဝသည်သာလျှင် ပူပန်ကြောင့်ကြခြင်းကင်း၍ နတ်လူတို့၏ပူဇော်မှုကိုခံထိုက်သောပုဂ္ဂိုလ်ဖြစ်၏။ ထိုဗြဟ္မဒေဝသည် သင်၏ဆွမ်းဦးကို ဘုဉ်းပေးသုံးဆောင်ပါစေလော့"

ထိုအခါ ပုဏ္ဏေးမသည် သဟမ္ပတိဗြဟ္မာ၏ပြောကြားချက်အရရှင်ဗြဟ္မဒေဝ၌ မြတ်သောအလှူကို ဖြစ်စေလေသည်။

## ၄။ ဗကဗြဟ္မာသုတ်

### [ဗကဗြဟ္မာအား ဗုဒ္ဓမြတ်စွာဆုံးမခြင်း]

၁၇၅။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးနေစဉ် ဗကဗြဟ္မာအား 'ဗြဟ္မာ၏အဖြစ်သည် အိုခြင်း၊ သေခြင်းမရှိပဲ တည်မြဲ၏။ဗြဟ္မာ့အဖြစ်ထက်

သာလွန်သော အခြား ထွက်မြောက်ရာသည် မရှိ’ ဟူသော အယူဖြစ်ပေါ်၏။ ထိုအခါ ဗုဒ္ဓသည် ဗကဗြဟ္မာ၏ စိတ်အကြံကိုသိ၍ ဗြဟ္မာ့ပြည်သို့ ချက်ချင်း ကြွရောက်ပြီး ဗကဗြဟ္မာ၏ရှေ့၌ ထင်ရှားဖြစ်ပေါ်လေသည်။ ဗကဗြဟ္မာသည် ဗုဒ္ဓအား ခရီးဦးကြိုဆိုပြီး မိမိ၏ဘဝသည် တည်မြဲသောဘဝဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလေသည်။ ထိုအခါ ဗုဒ္ဓက သူ၏အယူ လွဲမှားကြောင်း မိန့်ကြားတော်မူ၏။

“အချင်းတို့၊ ဗကဗြဟ္မာကား အဝိဇ္ဇာမှောင်ဖုံးနေရှာ၏။ မတည်မြဲသော ဘဝကိုပင် တည်မြဲသည်ဟု ပြောဆိုနေဘိ၏”

“အရှင်ဂေါတမ၊ ကောင်းမှုပြုဘက်ဖြစ်သည့် ခုနစ်ဆယ့်နှစ်ယောက်သော ကျွန်ုပ်တို့သည် သူတပါးကို မိမိအလိုသို့ လိုက်စေနိုင်သူများ ဖြစ်ကြပါသည်။ မွေးခြင်း၊ အိုခြင်း၊ သေခြင်းကို လွန်မြောက်ပြီးသူများ ဖြစ်ကြပါသည်။ ဤဗြဟ္မာ၏အဖြစ်သည် နောက်ဆုံးဘဝ ဖြစ်ပါသည်”

“အချင်း ဗက၊ နိရဗ္ဗုဒတသိန်း အရေအတွက်ရှိသော သင်၏ အသက်ကို ရှည်လှပြီဟုမထင်လင့်။ စင်စစ် ထိုအသက်သည် အနည်းငယ်မျှသာဖြစ်၏”

“အရှင်ဂေါတမ၊ အဆုံးအဆမရှိမြင်နိုင်သူဖြစ်၏ဟု ဝန်ခံသော သင်သည် ကျွန်ုပ်၏ ရှေးဘဝကကျင့်သုံးခဲ့သောအကျင့်ကို ဟောကြားပါလော့”

ဤသို့ ဗကဗြဟ္မာကတောင်းပန်သောအခါ ဗုဒ္ဓသည် ဗကဗြဟ္မာ၏ ရှေးဘဝက ကျင့်သုံးခဲ့သောအကျင့်ကို ထုတ်ဖော်ဟောကြားတော်မူ၏။ ဗကဗြဟ္မာသည် ရှေးဘဝက အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံသော ရသေ့ဖြစ်၍ ရေဆာနေသော ခရီးသည်တို့အား သောက်ရေပေးခဲ့၏။ သို့ပန်းအဖြစ်အဖမ်းခံနေရသောလူများ ကိုလည်း လွတ်မြောက်အောင်ပြုလုပ်ခဲ့၏။ ယင်းသို့ ထုတ်ဖော်ဟောကြားသော အခါ ဗကဗြဟ္မာသည် ဗုဒ္ဓအား ဗုဒ္ဓဟူသောအမည်နှင့် ညီပါပေသည်ဟု ချီးကျူး ပြောဆိုလေသည်။

(ဤဗကဗြဟ္မာအား ဆုံးမပုံအကျယ်ကို မဇ္ဈိမနိကာယ် သုတ်စဉ် ၄၉။ ဗြဟ္မနိမန္တနိကသုတ်၌ရှုပါ။)

## ၅။ အညတရဗြဟ္မာသုတ်

### [မထင်ရှားသောဗြဟ္မာအား ဆုံးမခြင်း]

၁၇၆။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် မထင်ရှား သော ဗြဟ္မာတယောက်အား ‘ဤဗြဟ္မာ့ပြည်သို့လာနိုင်သော ရဟန်း၊ ပုဏ္ဏား သည် မရှိ’ ဟူ၍ အယူဖြစ်ပေါ်နေ၏။ ဗုဒ္ဓသည် ထိုဗြဟ္မာ၏ စိတ်အကြံကိုသိ၍

ဗြဟ္မာ့ပြည်သို့ ချက်ချင်း ကြွရောက်ပြီး ထိုဗြဟ္မာ၏ အထက် ကောင်းကင် ပြင်၌တေဇောကသိုဏ်းကိုဝင်စားကာထိုင်နေတော်မူ၏။ထိုအခါရှင်မောဂ္ဂလ္လာန်၊ ရှင်မဟာကဿပ၊ ရှင်မဟာကပ္ပိန၊ ရှင်အနုရုဒ္ဓါတို့သည်လည်း ဗြဟ္မာ့ပြည်သို့ ကြွရောက်လာကြပြီး ဗုဒ္ဓ၏ အရှေ့၊ တောင်၊ အနောက်၊ မြောက်အရပ်တို့၌ အသီးသီး ထိုင်နေကြလေသည်။

ယင်းသို့ ထိုင်နေပြီးသော် ရှင်မောဂ္ဂလ္လာန်သည် ထိုဗြဟ္မာနှင့် စကားပြောဆို လေသည်။

"အချင်း ဗြဟ္မာ၊ သင့်အား ရှေးကဖြစ်ခဲ့သောအယူသည် ယခုတဝ၌လည်း ဖြစ်ပြန်၏။ သင်သည် ဗြဟ္မာ့ဘုံ၌ တောက်ပသော အရောင်အားလုံးတို့ထက် သာလွန်သော မြတ်စွာဘုရား၏အရောင်ကို မြင်ပါ၏လော"

"အရှင်မောဂ္ဂလ္လာန်၊ ကျွန်ုပ်အား ရှေးကဖြစ်ခဲ့သောအယူသည် ယခု မဖြစ် တော့ပါ။ ကျွန်ုပ်သည် ဗြဟ္မာ့ဘုံ၌ တောက်ပသော အရောင်အားလုံးထက် သာလွန်သော မြတ်စွာဘုရား၏ အရောင်ကို မြင်ပါ၏။ ယခုအခါ 'ငါသည် တည်မြဲ၏'ဟူ၍ ကျွန်ုပ် ပြောဆိုတော့မည်မဟုတ်ပါ"

ယင်းသို့ ထိုဗြဟ္မာကို ထိတ်လန့်စေပြီးသော် ဗုဒ္ဓသည် ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူ၏။ ထိုအခါ ထိုဗြဟ္မာသည် အလုပ်အကျွေးဗြဟ္မာတယောက်ကို ခေါ်၍ ရှင်မောဂ္ဂလ္လာန်စသော မထေရ်လေးပါးကဲ့သို့ တန်ခိုးကြီးသော အခြား ဗုဒ္ဓ၏တပည့်များ ရှိပါသေးသလောဟု မေးလျှောက်ရန် ရှင်မောဂ္ဂလ္လာန်ထံသို့ စေလွှတ်လိုက်၏။ အလုပ်အကျွေး ဗြဟ္မာသည် ထို ဗြဟ္မာ စေခိုင်းသည့်အတိုင်း ရှင်မောဂ္ဂလ္လာန်ထံချဉ်းကပ်မေးလျှောက်ရာ ရှင်မောဂ္ဂလ္လာန်က အဘိညာဉ်တန်ခိုး နှင့်ပြည့်စုံသော မြတ်စွာဘုရား၏တပည့်တို့သည် များစွာပင်ရှိကြောင်း ဖြေကြား လိုက်လေသည်။

## ၆။ ဗြဟ္မလောကသုတ်

### [ဗြဟ္မာ့ပြည်၌ မေ့လျော့နေသော ဗြဟ္မာ]

၁၇၇။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သုဗြဟ္မာနှင့် သုဒ္ဓါဝါသမည်သောပစ္စေကဗြဟ္မာတို့သည်ဗုဒ္ဓထံချဉ်းကပ်၍ ငနှက်ရှိတိုက်တံခါး ဘောင်ကိုမှီကာ ရပ်နေကြ၏။ ထိုအချိန်တွင် ဗုဒ္ဓသည် တပါးတည်းကိန်းအောင်း ကာ နေ့သန့်တော်မူလျက်ရှိ၏။ ထို့ကြောင့် ဗြဟ္မာနှစ်ယောက်တို့သည် မြတ်စွာ ဘုရားအား ဆည်းကပ်ရန်အခါမဟုတ်ဟုကြံစည်မိကြပြီး မေ့လျော့စွာနေသော ဗြဟ္မာတယောက်အား ထိတ်လန့်စေရန် (သတိပေးဆုံးမရန်) တခုသော ဗြဟ္မ

လောကသို့ သွားကြလေသည်။ ထိုဗြဟ္မလောကသို့ ရောက်သောအခါ မေ့လျော့စွာနေသော ဗြဟ္မာအား 'အချင်း သင်သည် မြတ်စွာဘုရားအား ဆည်းကပ်ရန် သွားပါလော့'ဟု တိုက်တွန်းပြောဆိုကြ၏။

ထိုအခါ မေ့လျော့စွာနေသောဗြဟ္မာသည် သည်းမခံနိုင်အောင် စိတ်ဆိုးသဖြင့် မိမိကိုယ်ကို အဆတထောင်ကြီးအောင် ဖန်ဆင်းပြီး 'အချင်း၊ ဤမျှ တန်ခိုးကြီးသောငါသည် အဘယ်သူအားသွား၍ ဆည်းကပ်ရမည်နည်း' ဟု ပြောလေသည်။ ယင်းသို့ဆိုသော် သုဗြဟ္မာသည် မိမိကိုယ်ကို အဆနှစ်ထောင်ကြီးအောင်ဖန်ဆင်းပြီးမြတ်စွာဘုရားသည်ကား ထို့ထက်ပင်တန်ခိုးကြီးကြောင်း ပြော၍ မြတ်စွာဘုရားထံသွား၍ဆည်းကပ်ရန် ထပ်မံ၍ တိုက်တွန်း၏။ သို့သော် ထိုဗြဟ္မာက အောက်ပါအတိုင်း တုံ့ပြန်ပြောဆို၏။

"အချင်းဗြဟ္မာ၊ ရွှန်ဝင်းသော ငါ၏ ဂဠုန်ရုပ် သုံးရာတို့သည်လည်းကောင်း၊ ဟင်္သာရုပ် လေးရာတို့သည်လည်းကောင်း၊ ကျားရုပ် ငါးရာတို့သည်လည်းကောင်း၊ ဗိမာန်သည်လည်းကောင်း မြောက်အရပ်၌ ထွန်းလင်းတောက်ပလျက်နေ၏"

"အချင်းဗြဟ္မာ သင်၏ဗိမာန်သည်မြောက်အရပ်၌ထွန်းလင်းတောက်ပလျက်ရှိသော်လည်း အဆင်း၌ အခါခပ်သိမ်းတုန်လှုပ်သော အပြစ်ကိုမြင်၍ ပညာရှိသူသည် ထိုအဆင်း၌မမွေ့လျော်ချေ"

ဗြဟ္မာနှစ်ယောက်တို့သည် ယင်းသို့ပြောဆိုပြီးနောက် နေရာမှပျောက်ကွယ်သွားကြ၏။ မေ့လျော့စွာနေသော ဗြဟ္မာသည်လည်း နောက်အခါ၌ ဗုဒ္ဓထံသွားရောက်ဆည်းကပ်လေသည်။

## ၇။ ကောကာလိကသုတ်

## [ကောကာလိကအကြောင်း လျှောက်ကြားခြင်း]

၁၇၈။ အခါတပါး၌ သုဗြဟ္မာနှင့် သုဒ္ဓါဝါသမည်သော ပစ္စေကဗြဟ္မာတို့သည် ဗုဒ္ဓထံချဉ်းကပ်လာကြပြီး သုဗြဟ္မာက ကောကာလိကကို အကြောင်းပြု၍ အောက်ပါဂါထာကို ရွတ်ဆိုလေသည်။

"ဤလောက၌ မနှိုင်းယှဉ်အပ်သူအား နှိုင်းယှဉ်သူကို ပညာရှိဟူ၍မည်သူ ယူဆမည်နည်း။ မနှိုင်းယှဉ်အပ်သူအား နှိုင်းယှဉ်သူကို ဉာဏ်အမြင် မှောက်မှားသော ပညာမဲ့သူဟူ၍ ယူဆသင့်ပါသည်"

## ၈။ ကတမောဒက တိဿသုတ်

၁၇၉။ ကာဘမောဒကတိဿသုတ်၌ ကတမောဒကတိဿမည်သောရဟန်းကို အကြောင်းပြု၍ မြတ်စွာ ၂ ယောက်က ရွှေ့သုတ် နည်းတူ လာရောက် လျှောက်ထားသည်။

## ၉။ တုရူမြတ်စွာသုတ်

### [တုရူမြတ်စွာက ကောကာလိကအား ဆုံးမခြင်း]

၁၈၀။ သာဝတ္ထိပြည်ဇေတဝန် ကျောင်း၌ဗုဒ္ဓသီတင်းသုံးစဉ် ကောကာလိက ရဟန်းသည်ကိုယ်၌အနာများ အဖူးအဖူးပေါက်သဖြင့် ပြင်းထန်သောရောဂါကို ခံစားနေရ၏။ ထိုအခါ တုရူမည်သော ပစ္စေကမြတ်စွာသည် ရှင်ကောကာလိကထံ လာ၍ 'သင်သည်သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့အပေါ်၌ စိတ်ကို ကြည်လင်စေပါလော့'ဟုဆို၏။'သင်ဘယ်သူလဲ'ဟုမေးသဖြင့်တုရူ မြတ်စွာဖြစ်ကြောင်းပြောသော် ကောကာလိက ရဟန်းက 'သင့်ကို အနာဂါမ်ဟု ဗုဒ္ဓက မိန့်ကြားထားပါလျက် အဘယ့်ကြောင့် ဤလူ့ပြည်သို့ လာဘိသနည်း'ဟု ဆိုလေသည်။ ထိုအခါမြတ်စွာ သည် အောက်ပါ ဂါထာတို့ကို ရွတ်ဆိုလေသည်။

"မကောင်းသောစကားကို ပြောဆိုသော လူမိုက်သည်မိမိပါးစပ်၌ဖြစ်သည့် ကြမ်းကြုတ်သော စကားတည်းဟူသောဓားမဖြင့် မိမိကိုယ်ကိုဖြတ်၏။ ကဲ့ရဲ့သင့်သူကို ချီးမွမ်း၍ ချီးမွမ်းသင့်သူကို ကဲ့ရဲ့သူသည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူးသူ မည်၏။ ထိုအပြစ်များကြောင့် ထိုသူသည် ချမ်းသာကိုမရပဲရှိလေ၏။ ကြွေအန် လောင်းကစားပွဲ၌ မိမိကိုယ်နှင့်တကွ ပစ္စည်းဥစ္စာ အားလုံး ဆုံးရှုံးခြင်းသည် အနည်းငယ်သော အပြစ်မျှသာဖြစ်၏။ ညီမျှသော အကျင့်သီလရှိသော ပုဂ္ဂိုလ်တို့၌ ပြစ်မှားခြင်းသည်သာ ပို၍ ကြီးလေးသော အပြစ်ဖြစ်၏။ ယုတ်ညံ့သော စကားကိုပြောဆို၍ ယုတ်ညံ့သောစိတ်ထားဖြင့် အရိယာတို့ကို ကဲ့ရဲ့သော လူမိုက် သည် နိရဗ္ဗုဒပေါင်း သုံးသန်းခြောက်သိန်းနှင့်ငါးအဗ္ဗုဒတို့ပတ်လုံး ငရဲ၌ခံရ၏"

## ၁၀။ ကောကာလိကသုတ်

### [ကောကာလိကရဟန်း သေလွန်ခြင်း]

၁၈၁။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ကောကာလိက ရဟန်းသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့သည် အလိုဆိုးရှိသူများ ဖြစ်ပါသည်' ဟု လျှောက်ကြား၏။ ဗုဒ္ဓက 'ကောကာလိက ဤသို့မဆိုသင့်။ သာရိပုတ္တရာ နှင့် မောဂ္ဂလ္လာန်တို့သည် သီလကို မြတ်နိုး ကုန်၏။

သင်သည် ယင်းတို့၌ စိတ်ကို ကြည် လင် စေ လော့’ဟု မိန့် ကြား တော် မူ ၏။ ကောကာလိက ရဟန်းက ရှေးနည်းတူ သုံးကြိမ်တိုင်အောင် လျှောက်ကြားရာ ဗုဒ္ဓကလည်း သုံးကြိမ်တိုင်အောင် တားမြစ်တော်မူ၏။

ထိုအခါ ကောကာလိကသည် ဗုဒ္ဓထံပါးမှ ဖဲခွာသွားလေ၏။ ယင်းသို့ဖဲခွာသွား၍ မကြာမီမှာပင် ရှင်ကောကာလိက၏ တကိုယ်လုံး၌ မုန်ညင်းစေ့ပမာဏ ရှိသောအဖုအပိန့်များပေါက်လေသည်။ ထိုအဖုအပိန့်များသည်တစတစကြီးလာ၍ဥသျှစ်သီးမှည့်ပမာဏရှိသောအခါပေါက်ကွဲ၍ပြည်သွေးများ ယိုစီးကျကုန်၏။ ကောကာလိကသည် ထိုအနာဖြင့်ပင် သေလွန်၍ ပဒုမငရဲ၌ဖြစ်လေ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ဗုဒ္ဓ ရှေ့တော်၌ ထင်ရှား ပေါ် လာ ပြီး ကောကာလိက သေ၍ ပဒုမငရဲ၌ ဖြစ်ကြောင်းကို လျှောက်ကြားလေသည်။

ဗုဒ္ဓသည်နံနက်လင်းသောအခါ သဟမ္ပတိဗြဟ္မာလာ၍ လျှောက်ကြားပုံကို ရဟန်းတို့အား ထပ်ဆင့် မိန့်ကြားတော်မူ၏။ ထိုအခါ ရဟန်းတပါးက မေး လျှောက်၏။

“အရှင်ဘုရား၊ ပဒုမငရဲ၌ အသက်မည်မျှရှည်ပါသနည်း”

“ရဟန်း၊ ပဒုမငရဲ၌ အသက်ကို နှစ်ပေါင်း ရာထောင်သောင်းသိန်းတို့ဖြင့် ရေတွက်ရန်မလွယ်ပေ”

“အရှင်ဘုရား၊ ဥပမာပြုရန် တတ်ကောင်းပါသလော”

“ရဟန်း၊ဥပမာပြုရန်ကားတတ်ကောင်းပေ၏။ရဟန်းဥပမာကားကောသလ တိုင်းဖြစ် တို့နှစ်ဆယ်ဝင်သောနှမ်းလှည်းတစီးမှနှစ်ပေါင်းတရာလွန်သော အခါ တိုင်း တစေ့တစေ့သော နှမ်းကို ထုတ်ပစ်ခဲ့သော်၊ ထိုနှမ်းလှည်းသည်သာကုန် ရာ၏။တခုသောအဗ္ဗုဒငရဲသည်ကားမကုန်နိုင်ပေ။ ရဟန်း၊ အဗ္ဗုဒ ငရဲနှစ်ဆယ် သည်နိရဗ္ဗုဒငရဲတခုနှင့် ညီမျှ၏။နိရဗ္ဗုဒငရဲနှစ်ဆယ်သည် အဗဗငရဲတခုနှင့်၊ အဗဗ ငရဲနှစ်ဆယ်သည် အဋဋငရဲတခုနှင့်၊ အဋဋ ငရဲနှစ်ဆယ်သည်အဟဟငရဲတခုနှင့်၊ အဟဟငရဲနှစ်ဆယ်သည် ကုမုဒငရဲတခုနှင့်၊ ကုမုဒငရဲနှစ်ဆယ်သည် သောဂန္ဓိက ငရဲတခုနှင့်၊ သောဂန္ဓိက ငရဲနှစ်ဆယ်သည် ဥပ္ပလငရဲတခုနှင့်၊ ဥပ္ပလငရဲနှစ်ဆယ် သည် ပုဏ္ဍရိကငရဲတခုနှင့်၊ ပုဏ္ဍရိကငရဲနှစ်ဆယ်သည် ပဒုမငရဲတခုနှင့် ညီမျှ၏။ ရဟန်း၊ ကောကာလိကသည် သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့၌ စိတ်ဖြင့်ပြစ်မှားရှိ သောကြောင့် ပဒုမငရဲ၌ဖြစ်၏”

ဗုဒ္ဓသည်ယင်းသို့မိန့်ကြားပြီး(ရှေးသုတ်၌ပါပြီးသော) ဂါထာတို့ကို မြွက်ဆိုတော်မူ၏။

(သုတ်စဉ် ၁၇၈၊ ၁၈၀ နှင့် ဤသုတ်၌ ပါဝင်သော ကောကာလိကမှာ စူဠကောကာလိကဖြစ်၏။ ဒေဝဒတ်၏အဖော် မဟာကောကာလိက မဟုတ်။ အဗ္ဗုဒ၊ နိရဗ္ဗုဒ စသော ငရဲများ သည် အဝီစိငရဲ၏ အ စိတ် အပိုင်း များ ဖြစ်သည်။)

## ၂။ ဒုတိယဝဂ်

### ၁။ သနင်္ကုမာရသုတ်

[သနင်္ကုမာရသုတ် ဗြဟ္မာလျှောက်ကြားခြင်း]

၁၈၂။ ရာဇဂြိုဟ်ပြည် သပ္ပိနီမြစ်ကမ်း၌ ဗုဒ္ဓသီတင်းသုံးစဉ်သနင်္ကုမာရဗြဟ္မာသည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

"လူလောက၌ အမျိုးအနွယ်ကိုစိစစ်လေ့ရှိသူတို့တွင် မင်းမျိုးသည်အမြတ်ဆုံးဖြစ်၏။ နတ်လူ အပေါင်းတွင် ဝိဇ္ဇာသုံးပါး၊ စရဏ ၁၅ ပါးနှင့် ပြည့်စုံသောသူသည် အမြတ်ဆုံးဖြစ်၏"

ထိုအဆိုကို ဗုဒ္ဓက ကျေနပ် လက်ခံတော်မူသဖြင့် ဗြဟ္မာသည် ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေ၏။

### ၂။ ဒေဝဒတ္တသုတ်

[ဒေဝဒတ်ကိုအကြောင်းပြု၍ လျှောက်ကြားချက်]

၁၈၃။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဗုဒ္ဓသီတင်းသုံးစဉ် သဟမ္ပတိဗြဟ္မာသည်ဗုဒ္ဓထံချဉ်းကပ်၍ ဒေဝဒတ်ကို အကြောင်းပြုကာ အောက်ပါ ဂါထာကို ရွတ်ဆို၏။

"ငှက်ပျောပင်၊ ဝါးပင်၊ ကျူပင်တို့ကို ယင်းတို့၏ အသီးများက ဖျက်ဆီးသကဲ့သို့လည်းကောင်း၊အသတိုရ်မြင်းမကို ယင်း၏ ကိုယ်ဝန်ကဖျက်ဆီးသကဲ့သို့လည်းကောင်း၊ထို့အတူ ပူဇော်သက္ကာရသည်သူယုတ်မာကိုဖျက်ဆီး၏"

### ၃။ အန္ဓကဝိန္ဒသုတ်

[အန္ဓကဝိန္ဒရွာ၌ သဟမ္ပတိဗြဟ္မာလာ၍လျှောက်ခြင်း]

၁၈၄။ ဗုဒ္ဓမြတ်စွာသည် မဂဓတိုင်း အန္ဓကဝိန္ဒရွာ၌ သီတင်းသုံးစဉ် အလွန်မှောင်မိုက်သော ညအချိန်ဝယ် လင်းတီးခေါင်၌ ထိုင်နေတော်မူ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည်ဗုဒ္ဓထံချဉ်းကပ်၍အောက်ပါဂါထာတို့ကို ရွတ်ဆိုလေသည်။

"ရဟန်းသည်အစွန်အဖျားကျသောကျောင်းကိုမှီ၍ နေရာ၏။ သံယောဇဉ်နှောင်ကြိုးမှလွတ်ရန် ကျင့်ရာ၏။ အစွန်အဖျားကျသောကျောင်း၌ မွေ့လျော်မှုကိုမရခဲ့သော်စောင့်ရှောက်အပ်သောကိုယ်စိတ်ရှိလျက်သတိနှင့် ပြည့်စုံသည်ဖြစ်၍ သံဃာ့ဘောင်၌ နေရာ၏"

"ဣန္ဒြေကိုစောင့်ရှောက်ကာ ရင့်ကျက်သော ပညာသတိနှင့်ပြည့်စုံသည်ဖြစ်၍ အိမ်စဉ်လျှောက်၍ဆွမ်းခံလှည့်လည်သောရဟန်းသည်ဝဋ်ဆင်းရဲဘေးမှ လွတ်လိုသောစိတ်ရှိသည်ဖြစ်၍ ဘေးကင်းရာ နိဗ္ဗာန်၌ နှလုံးသွင်းလျက် အစွန်အဖျားကျသောကျောင်းများကို မှီ၍နေရာ၏"

"အကြင်အရပ်၌ ကြောက်မက်ဖွယ်ဘေးရန်တို့သည်လည်းကောင်း၊ မြွေကင်းသန်းတို့သည်လည်းကောင်း ရှိကုန်၏။ မှောင်မိုက်သောည၌ လျှပ်စီးလက်၏။ မိုးကြိုးထစ်ချုန်း၏။ ထိုအရပ်၌ရဟန်းသည် ကြက်သီးမွေးညင်းထခြင်းကင်းသည်ဖြစ်၍နေရာ၏"

"ဤစကားကို ကျွန်ုပ်သည် တဆင့်ကြားဖြင့် စိတ်ကူး၍ ပြောသည် မဟုတ်။ တခုသော အကျင့်မြတ်ကိုဟောကြားခြင်း၌ သေခြင်းသဘောကို စွန့်ပြီးသော ဗဟုဿုတထောင်ငါးရာကျော်၊ သေက္ခပုဂ္ဂိုလ်တရာ့တဆယ်၊ တိရစ္ဆာန်ဘုံသို့ မလားနိုင်သော သောတာပန်ပုဂ္ဂိုလ်များစွာတို့ဖြစ်ပေါ်ခဲ့သည်ကို စင်စစ်ကျွန်ုပ်ကိုယ်တိုင်တွေ့မြင်ရပါ၏။ ထိုမှတပါး ကောင်းမှုအဖို့ရှိသော သတ္တဝါအပေါင်းကား ဤမျှရှိ၏ဟူ၍ ကျွန်ုပ်၏စိတ်ဖြင့်ရေတွက်ခြင်းငှာမစွမ်းနိုင်ပါ။ ဤအကြောင်းသော်ကား လွဲမှားသည်ကိုစိုးရိမ်သောကြောင့်ဖြစ်ပါသည်"

## ၄။ အရုဏဝတီသုတ်

## [အရုဏဝတီနေပြည်တော်အကြောင်း]

၁၈၅။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား အောက်ပါအကြောင်းကို ဟောကြားတော်မူ၏။

ရှေးအခါက အရုဏဝတီပြည်၌ အရုဏဝါမည်သော မင်းသည်မင်းပြု၏။ သိခီမြတ်စွာဘုရားသည် အရုဏဝတီပြည်ကိုအမှီပြု၍ သီတင်းသုံးတော်မူ၏။ အခါတပါး၌ သိခီမြတ်စွာဘုရားသည် အဘိဘူမည်သော ရဟန်းကိုခေါ်၍ တခုသောဗြဟ္မာ့ပြည်သို့ ကြွသွားတော်မူပြီး ဗြဟ္မာတို့အား တရားစကားဟောပြောရန် အဘိဘူကိုတိုက်တွန်းတော်မူ၏။ အဘိဘူရဟန်းက တရားစကား ဟော

---

၁။ ကေသွိံ ဗြဟ္မစရိယသ္မိံ ဧကောယ ဓမ္မဒေသနာယ။ (အဋ္ဌကထာ)

ပြောသောအခါ "တပည့်ဖြစ်သောရဟန်းသည် ဆရာဖြစ်သောမြတ်စွာဘုရား၏ ရှေ့မှောက်၌ အဘယ့်ကြောင့်တရား ဟောဘိသနည်း"ဟူ၍ ဗြဟ္မာတို့ကကဲ့ရဲ့ကြ၏။ ထိုအခါ သိခီမြတ်စွာဘုရားသည်အဘိဘူရဟန်းအား "ဗြဟ္မာတို့ကိုထိတ်လန့်အောင်ပြုလော့" ဟုမိန့်ကြားတော်မူ၏။ အဘိဘူရဟန်းသည် ထင်ရှားမြင်ရသောကိုယ်ဖြင့်လည်း တရားဟော၏။ ထင်ရှားမမြင်ရသော ကိုယ်ဖြင့်လည်း တရားဟော၏။ တပိုင်းကိုသာထင်ရှားမြင်ရပြီး တပိုင်းကိုထင်ရှားမမြင်ရသောကိုယ်ဖြင့်လည်း တရားဟော၏။ ဗြဟ္မာတို့သည် အဘိဘူရဟန်း၏တန်ခိုးအာနုဘော်ကို လွန်စွာအံ့သြခြင်းဖြစ်ကြ၏။ ထို့နောက်အဘိဘူရဟန်းသည် သိခီမြတ်စွာဘုရားအား ခွင့်ပန်ပြီး လောကဓာတ်တထောင်ကို သိကြားစေခြင်းငှာ စွမ်းနိုင်သောအသံဖြင့် အောက်ပါဂါထာကိုရွတ်ဆို၏။

"မြတ်စွာဘုရား၏ သာသနာ၌အားထုတ်ကြကုန်လော့။ ထွက်မြောက်နိုင်ရန် လုံ့လပြုကြကုန်လော့။ဆင်ပြောင်ကြီးသည် ကျူအိမ်ကိုဖျက်သကဲ့သို့သေမင်း၏ စစ်သည်ကိုချေဖျက်ကြလော့၊ ဘာဝနာနှင့်ယှဉ်သော လုံ့လကိုပြုကြကုန်လော့။ ဤသာသနာ၌ မမေ့မလျော့နေသူသည် ဘဝသံသရာကိုစွန့်၍ ဝဋ္ဋဆင်းရဲ၏ အဆုံးကိုပြုပါလိမ့်မည်"

ထို့နောက် သိခီမြတ်စွာဘုရားသည် အဘိဘူရဟန်းနှင့်အတူ ဗြဟ္မာ့ပြည်မှ ကွယ်၍ အရုဏဝတီပြည်သို့ပြန်ကြွလာပြီး၊ ရဟန်းတို့အား "အဘိဘူသည်ဗြဟ္မာ့ပြည်၌တည်စဉ် ရွတ်ဆိုအပ်သော ဂါထာကို သင်တို့ကြားကြကုန်၏လော" ဟု မေးတော်မူ၏။ ရဟန်းတို့ကလည်းမိမိတို့ကြားရကြောင်းဖြေကြားကြလေသည်။

## ၅။ ပရိနိဗ္ဗာနသုတ်

### [ဗုဒ္ဓပရိနိဗ္ဗာန်စံသောအခါမြွက်ကြားချက်များ]

၁၈၆။ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်ပြုခါနီးဝယ် ကုသိနာရုံပြည်မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ သိတင်းသုံးတော်မူ၏။ ထိုအခါဗုဒ္ဓသည်ရဟန်းတို့အား "ရဟန်းတို့၊ သင်တို့အားယခုငါမှာကြားခဲ့အံ့။ ပြုပြင်အပ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ သင်တို့သည် မမေ့မလျော့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့"ဟုမိန့်ကြားတော်မူ၏။

ထို့နောက် ဗုဒ္ဓသည်ပထမဈာန်ကိုဝင်စား၏။ ပထမဈာန်မှထသော် ဒုတိယဈာန်ကိုဝင်စား၏။ ထို့အတူ တတိယဈာန်၊ စတုတ္ထဈာန် အာကာသာနဉ္စာယတနဈာန်၊ ဝိညာနဉ္စာယတနဈာန်၊အာကိဉ္စညာယတနဈာန်၊နေဝသညာနာ

သညာယတနစျာန်တို့ကိုဝင်စား၏။နေဝသညာနာသညာယတနစျာန်မှထသော် အာကိဉ္စညာယတနစျာန်ကို ဝင်စား၏။ ထို့အတူ ဝိညာနဉ္စယတနစျာန်မှ၍ ပထမစျာန်တိုင်အောင် ပြန်၍ဝင်စား၏။ တဖန် ပထမစျာန်မှထသော် ဒုတိယစျာန်၊ ဒုတိယစျာန်မှထသော် တတိယစျာန်၊ တတိယစျာန်မှထသော် စတုတ္ထစျာန်ကိုဝင်စား၏။ စတုတ္ထစျာန်မှထပြီးသည်၏ အခြားမဲ့၌ ဗုဒ္ဓသည်ပရိနိဗ္ဗာန်ပြုတော်မူ၏။ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူပြီးသည်နှင့်တပြိုင်နက် သဟမ္ပတိဗြဟ္မာသည် ဤဂါထာကို ရွတ်ဆို၏။

"အကြင်လောက၌ တရားအားလုံးကို ကိုယ်တိုင် မှန် စွာသိ မြင်၍ အားဆယ်ပါးနှင့် ပြည့်စုံသော အတုမဲ့ ဘုရားရှင်သော်မှလည်း ပရိနိဗ္ဗာန်ပြုရချေသေး၏။ထိုလောက၌ရှိသမျှ သတ္တဝါအားလုံးတို့သည် ရုပ်နာမ်အစုကိုစွန့်ရမည်ကေန်ဖြစ်ချေ၏"

ထိုအခါနတ်တို့ကိုအစိုးရသော သိကြားမင်းသည် ဤဂါထာကိုရွတ်ဆို၏။

"ပြုပြင်အပ်သော သင်္ခါရတရားတို့သည် ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန်သည်ဖြစ်၍ စင်စစ်မမြဲကုန်။ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်ကြကုန်သည်သာဖြစ်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာသည်သာလျှင် စင်စစ်ချမ်းသာလေ၏"

ထိုအခါရှင်အာနန္ဒာသည် ဤဂါထာကိုရွတ်ဆို၏။

"မြတ်သောဂုဏ်တို့နှင့် ပြည့်စုံ၍ တရားအားလုံးကို ကိုယ်တိုင်မှန်စွာသိမြင်တော်မူသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ်သော် ထိုအချိန်၌ ကြောက်မက်ဖွယ်၊ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သော မြေလှုပ်ခြင်းသည် ဖြစ်လေပြီတကား"

ထိုအခါ ရှင်အနုရုဒ္ဓါက ဤဂါထာကိုရွတ်ဆို၏။

"တဏှာကင်း၍ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငြိမ်းအေးသောနိဗ္ဗာန်ကိုရည်စူး၍ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ စိတ်ဓာတ်ကြံ့ခိုင်၍ ကောင်းဆိုးနှစ်ပါးကို ထပ်တူထပ်မျှရှုတော်မူနိုင်သော မြတ်စွာဘုရားသည် ထွက်သက်ဝင်သက်မရှိတော့ချေပြီတကား"

"မြတ်စွာဘုရားသည် ညှိုးငယ်ခြင်းမရှိသောစိတ်ဖြင့် ဝေဒနာကိုသည်းခံတော်မူခဲ့၏။ ထိုမြတ်စွာဘုရား၏စိတ်တော်သည် ဆီမီးလျှံငြိမ်းသကဲ့သို့ ချုပ်ငြိမ်းလွတ်မြောက်တော်မူလေပြီတကား"

(ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၌ အကျယ်ပါ၏)

# ၇။ ဗြာဟ္မဏသံယုတ်

[ပုဏ္ဏားတို့နှင့်စပ်သောဟောကြားချက်များ]

## ၁။ အရဟန္တဝဂ်

### ၁။ ဓနဉ္စာနီသုတ်

[ဗုဒ္ဓအားကြည်ညိုသော ဓနဉ္စာနီပုဏ္ဏေးမ]

၁၈၇။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဘာရဒွါဇ အနွယ်ဖြစ်သော ပုဏ္ဏားတယောက်၏ ဓနဉ္စာနီမည်သော ပုဏ္ဏေးမသည် ဘုရား တရားသံဃာ၌အလွန်ကြည်ညို၏။ သူမသည်ပုဏ္ဏားအတွက် ထမင်းကိုယူဆောင် လာစဉ်ချော်၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟုသုံးကြိမ်ကျူးရင့်၏။ ထိုအခါပုဏ္ဏားသည် "ဤသူယုတ်မကား အရာရာ၌ ထိုဦးပြည်း၏ဂုဏ်ကျေးဇူးကိုဆိုဘိ၏။ ယခုငါသည်သင်၏ ဆရာအားအယူဝါဒ ဖြင့်စွဲချက်တင်အံ့" ဟု ဆိုလေသည်။ ပုဏ္ဏေးမလည်း "ဤလောက၌ငါ၏ဆရာ အား အယူဝါဒဖြင့်စွဲချက်တင်နိုင်မည့်သူကိုမမြင်ပါ" ဟု ဆိုလေသည်။

ထို့နောက်ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်ပြီး မေးခွန်းဂါထာ တပုဒ်ကိုမေးရာ ဗုဒ္ဓကလည်းဂါထာဖြင့်ပင်ဖြေကြားတော်မူလေသည်။

"အရှင်ဂေါတမ၊ အဘယ်ကိုဖြတ်သော် ချမ်းသာစွာနေရသနည်း။ အဘယ် ကိုဖြတ်သော် မစိုးရိမ်ရသနည်း။ အဘယ်မည်သော တရားတပါးအား ဖြတ် တောက်ခြင်းကို သင်နှစ်သက်ပါသနည်း"

"ပုဏ္ဏား၊ အမျက်ဒေါသကိုဖြတ်သော် ချမ်းသာစွာနေရ၏။ အမျက်ဒေါသ ကိုဖြတ်သော်မစိုးရိမ်ရ။ အဆိပ်လျှင်အရင်းအမြစ်ရှိ၍ ချိုမြိန်ခြင်းလျှင် အဖျား ရှိသော အမျက်ဒေါသအား ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်း ကုန်၏"

ဗုဒ္ဓက ယင်းသို့ဖြေကြားလေသော် ပုဏ္ဏားသည် ထိုဖြေကြားချက်ကိုလွန်စွာ နှစ်သက်လှသဖြင့် ဗုဒ္ဓထံ၌ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီရဟန္တာဖြစ်သွားလေသည်။

## ၂။ အက္ကောသကသုတ်

### [ဗုဒ္ဓအား ဆဲရေးသောအက္ကောသကပုဏ္ဏား]

၁၈၈။ အက္ကောသက ဘာရဒွါဇမည်သောပုဏ္ဏားသည် (မိမိအစ်ကို) ဘာရဒွါဇ ပုဏ္ဏား ရဟန်း ပြု သွား ကြောင်း ကို ကြားသိသော် ဗုဒ္ဓထံချဉ်းကပ်၍ ကြမ်းကြုတ်သောစကားလုံးတို့ဖြင့် ဆဲရေးခြိမ်းခြောက်၏။ ထိုအခါ ဗုဒ္ဓက ထိုပုဏ္ဏားအား အကျိုးသင့်အကြောင်းသင့်စကားများကို မိန့်ကြားတော်မူ၏။

"ပုဏ္ဏား၊ သင်၏အိမ်သို့ ဆွေမျိုးမိတ်ဆွေများ လာသည့်အခါ သင်သည် ထိုသူတို့အား စားဖွယ်သောက်ဖွယ်များပေးကမ်းခြင်းပြုပါသလော"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် တခါတရံထိုသူတို့အား စားဖွယ်သောက်ဖွယ်များ ပေးကမ်းခြင်းပြုပါသည်"

"ပုဏ္ဏား၊ အကယ်၍သင်ပေးသော စားဖွယ်သောက်ဖွယ်ကို ထိုသူတို့က လက်မခံခဲ့သော် ထိုစားဖွယ်သောက်ဖွယ်သည် အဘယ်သို့ရောက်သွားသနည်း"

"အရှင်ဂေါတမ၊ ယင်းသို့လက်မခံခဲ့သော် ထိုစားဖွယ်သောက်ဖွယ်သည် ကျွန်ုပ်ထံသို့ပင် ပြန်ရောက်ပါသည်"

"ပုဏ္ဏား၊ ထိုနည်းတူပင် သင်၏ဆဲရေးခြိမ်းခြောက်ခြင်းများကို ငါသည် လက်မခံပေ။ ထို့ကြောင့် ယင်းတို့သည် သင့်ထံသို့ပင်ပြန်ရောက်၏။ ပုဏ္ဏား၊ မိမိကိုဆဲရေးသူအားပြန်၍ဆဲရေးသူသည် ထိုသူနှင့်အတူ ခံစားခြင်း၊ ဖက်ပြိုင်ခြင်းပြုသည်မည်၏။ ငါသည်ကား သင်နှင့်အတူခံစားခြင်း၊ ဖက်ပြိုင်ခြင်းပြုသူမဟုတ်ပေ။ ထို့ကြောင့် သင်၏ဆဲရေးခြင်းသည် သင့်ထံသို့သာပြန်ရောက်၏"

"အရှင်ဂေါတမ၊ မင်း နှင့် တ ကွ သော ပ ရိ သတ်သည် အရှင်ဂေါတမကို အပူဇော် ခံထိုက်သော ပုဂ္ဂိုလ်ဟု သိနေကြပါသည်။ သို့ဖြစ်ပါလျက် အရှင်ဂေါတမသည် အမျက်ထွက်တုံဘိ၏"

"ပုဏ္ဏား၊ ယဉ်ကျေးသောတရားနှင့် အသက်မွေးသော၊ သစ္စာလေးပါး တရားကိုကောင်းစွာသိ၍ ကိလေသာမှလွတ်ကာ ငြိမ်သက်အေးချမ်းသောစိတ်ရှိသောပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ မိမိကို အမျက်ထွက်သူအားပြန်၍ အမျက်ထွက်သူသည် လူယုတ်မာဖြစ်၏။ မိမိကိုအမျက်ထွက်သူအားပြန်၍ အမျက်မထွက်သူသည်အောင်နိုင်ခဲသောရန်ကိုအောင်မြင်၏။

တပါးသူက မိမိအား အမျက်ထွက်နေသည်ကို သိလျှင် သတိဖြင့်ထိုအမျက်ကို ငြိမ်းစေသူသည် မိမိသူတပါး နှစ်ဦးသား၏ အကျိုးစီးပွားကိုကျင့်သည်မည်၏။ တရားဥမလိမ္မာသူတို့သည်ကား မိမိသူတပါး နှစ်ဦးသားအမျက်ကို ငြိမ်းအောင် ကုစားခြင်းပြုသူကို လူမိုက်ဟူ၍ထင်မှတ်ကြကုန်၏"

အက္ကောသကပုဏ္ဏားသည် ဗုဒ္ဓ၏မိန့်ကြားချက်ကိုကြားနာရလျှင် လွန်စွာ နှစ်သက်လှသဖြင့် ဗုဒ္ဓထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီရဟန္တာ ဖြစ်လေသည်။

## ၃။ အသုန္ဒရိကသုတ်

## [ဗုဒ္ဓအားဆဲရေးသော အသုန္ဒရိကပုဏ္ဏား]

၁၇၉။ အသုန္ဒရိကဘာရဒ္ဒါဇမည်သောပုဏ္ဏားသည်လည်း (မိမိအစ်ကို)ဘာရဒ္ဒါဇပုဏ္ဏားရဟန်းပြုသွားကြောင်းသိလျှင် ဗုဒ္ဓထံချဉ်းကပ်၍ ကြမ်းကြုတ်သော စကားတို့ဖြင့် ဆဲရေးပြန်၏။ ယင်းသို့ဆဲရေးသော်လည်း ဗုဒ္ဓက ဆိတ်ဆိတ်နေသော် ပုဏ္ဏားက "အောင်ပြီ၊ အောင်ပြီ" ဟု ကြွေးကြော်လေသည်။ ထိုအခါ ဗုဒ္ဓက ကြမ်းကြုတ်သောစကားဖြင့် အောင်မြင်မှုကိုမရနိုင်။ သည်းခံခြင်းဖြင့်သာလျှင် အောင်မြင်မှုကိုရနိုင်ကြောင်း မိန့်ကြားပြီး(ရှေးသုတ်ပါ)ဂါထာများကို ဟောကြားတော်မူ၏။ ထိုအခါ ပုဏ္ဏားသည် ဗုဒ္ဓထံ၌ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီရဟန္တာဖြစ်လေသည်။

## ၄။ ဗိလင်္ဂိကသုတ်

## [ဗိလင်္ဂိကပုဏ္ဏားရဟန်းပြုခြင်း]

၁၈၀။ (မိမိအင်ကို) ဘာရဒ္ဒါဇ ပုဏ္ဏား ရဟန်းပြုကြောင်းကိုကြားသော် ဗိလင်္ဂိကမည်သောပုဏ္ဏားသည်လည်းအမျက်ထွက်သည်ဖြစ်၍ ဗုဒ္ဓထံချဉ်းကပ်ပြီး စကားမပြောပဲ တခုသောနေရာ၌ရပ်နေ၏။ဗုဒ္ဓသည် ထိုပုဏ္ဏား၏စိတ်ကိုသိတော်မူသဖြင့် အောက်ပါဂါထာကိုမိန့်ကြားတော်မူ၏။

"အကြင်သူမိုက်သည် ကိလေသာကင်းစင်၍ မပြစ်မှားထိုက်သော ရဟန္တာပုဂ္ဂိုလ်အားပြစ်မှား၏။ ထိုသူ၏ မကောင်းမှုသည် လေညာသို့ လွှင့်အပ်သည့်သိမ်မွေ့သော မြူမှုန်ကဲ့သို့ ထိုလူမိုက်ထံသို့သာ ပြန်ရောက်ရာ၏"

ဗုဒ္ဓက ယင်းသို့ မိန့်ကြားသော် ထိုပုဏ္ဏားသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လှသဖြင့် ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီရဟန္တာဖြစ်လေသည်။

## ၅။ အဟိံသကသုတ်

[မညှဉ်းဆဲသူသာ အဟိံသကမည်ကြောင်း]

၁၉၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အဟိံသကမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ မိမိအမည်ကို လျှောက်ကြားရာ ဗုဒ္ဓက အောက်ပါဂါထာကို ဟောကြား၏။

"အကြင်သူသည် ကိုယ်နှုတ်စိတ်ဖြင့် သူတပါးကို မညှဉ်းဆဲ၊ ထိုသူသည် အဟိံသကမည်၏။ သင်သည်အကယ်၍အဟိံသကမည်ခဲ့မူအမည်အားလျော်စွာ မညှဉ်းဆဲသူ ဖြစ်ပါလေ့။ သူတပါးကို မညှဉ်းဆဲသူသ ည်သာလျှင်စင်စစ် အဟိံသကမည်၏"

အဟိံသက ပုဏ္ဏားသည် ဗုဒ္ဓ၏ဟောကြားချက်ကို နှစ်သက်၍ ရဟန်းပြုပြီး တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

## ၆။ ဇဋာသုတ်

၁၉၂။ ဇဋာသုတ်သည် သုတ်စဉ် ၂၃။ ဇဋာသုတ်နှင့် တူ၏။

## ၇။ သုဒ္ဓိကသုတ်

[သုဒ္ဓိက ပုဏ္ဏားအား ဟောကြားချက်]

၁၉၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သုဒ္ဓိကမည်သော ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာကို ရွတ်ဆို၏။

"လောက၌ ဗြဟ္မဏမဟုတ်သူသည် သီလရှိ၍ ခြိုးခြံသော အကျင့်ကို ကျင့်သော်လည်း မစင်ကြယ်နိုင်။ ဗေဒင် သုံးပုံတည်းဟူသော ဝိဇ္ဇာမျိုးရိုး အကျင့်တည်းဟူသော စရဏနှင့် ပြည့်စုံသူသည်သာလျှင် စင်ကြယ်နိုင်၏"

"ပုဏ္ဏား၊စင်ကြယ်၏ဟူသောစကားကို များစွာဆိုသော်လည်း အတွင်း ပုပ်သော ယောက်သွားကဲ့သို့ ကိလေသာဖြင့် ညစ်ညူး၍ ဟန်ဆောင်မှုကို မှီနေသော သူသည် အမျိုးဇာတ်ကြောင့် ဗြဟ္မဏ မဖြစ်နိုင်ပေ"

"မင်းဖြစ်စေ ပုဏ္ဏားဖြစ်စေ ကုန်သည် သူဆင်းရဲပင်ဖြစ်စေ ထက်သန်သော ဝီရိယရှိ၊ စွန့်လွှတ်အပ်သော ကိုယ်စိတ်ရှိလျက် ခိုင်မြဲစွာ အားထုတ်သူသည် မြတ်သောစင်ကြယ်ခြင်းသို့ ရောက်နိုင်၏"

ဗုဒ္ဓက ယင်းသို့ မိန့်ကြားသောအခါ သုဒ္ဓိကပုဏ္ဏားသည် ထိုမိန့်ကြားချက်ကို လွန်စွာနှစ်သက်လှသဖြင့် ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေ၏။

## ၈။ အဂ္ဂိကသုတ်

[မီးပူဇော်သော အဂ္ဂိက ပုဏ္ဏားအား ဟောကြားချက်]

၁၉၄။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် အဂ္ဂိကမည်သော ဘာရဒွါဇပုဏ္ဏားသည် မီးပူဇော်ရန် ထောပတ်နှင့် နို့ဃနာကို ရောစပ်နေ၏။ ထိုအချိန်တွင် မိမိအိမ်ရှေ့သို့ ဆွမ်းခံကြွလာသော ဗုဒ္ဓကိုမြင်သော် ပုဏ္ဏားသည် အောက်ပါဂါထာကို ရွတ်ဆို၏။

"အရှင်ဂေါတမ၊ သန့်စင်သော အမျိုးဇာတ်ရှိ၍ အကြားအမြင်များသော ဗေဒင်သုံးပုံတည်းဟူသော ဝိဇ္ဇာမျိုးရိုးအကျင့်တည်းဟူသော စရဏနှင့် ပြည့်စုံသူသည် ဤနို့ဃနာကို သုံးဆောင်ထိုက်ပါ၏"

"ပုဏ္ဏား၊ အမျိုးဇာတ်စသောစကားကို များစွာပြောဆိုစေကာမူ အတွင်းပုပ်သော ယောက်သွားကဲ့သို့ ကိလေသာဖြင့် ညစ်ညူး၍ ဟန်ဆောင်မှုဖြင့် ဖုံးကွယ်သူသည် အမျိုးဇာတ်ကြောင့် ဗြဟ္မဏမဖြစ်နိုင်"

"အကြင်ရဟန်းသည် ရှေးက မိမိဖြစ်ခဲ့သောခန္ဓာအစဉ်ကိုသိမြင်၏။ နတ်ပြည်နှင့် အပါယ်ဘုံတို့ကိုလည်းသိမြင်၏။ ဇာတိကုန်ရာသို့လည်း ရောက်၏။ ထူးသောဉာဏ်ဖြင့်သိ၍ ဘဝ၏အဆုံးသို့ရောက်၏။ ဤဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောရဟန်းသည်သာလျှင် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ဗြဟ္မဏမည်၏။ ထိုဝိဇ္ဇာစရဏနှင့် ပြည့်စုံသော ဗြဟ္မဏသည် ဤနို့ဃနာကို သုံးဆောင်ထိုက်၏"

ဗုဒ္ဓက ယင်းသို့မိန့်ကြားသော် အဂ္ဂိကပုဏ္ဏားက "အရှင်ဂေါတမသည် ဤနို့ဃနာကို သုံးဆောင်ပါ။ အရှင်ဂေါတမသည် ဗြဟ္မဏစင်စစ်ဖြစ်ပါ၏"ဟု လျှောက်ကြား၏။ သို့သော် ဗုဒ္ဓက ဂါထာဖြင့်သီဆို၍ရအပ်သောဘောဇဉ်ကို သုံးဆောင်ရန် ငြင်းပယ်ပြီး တရား ဟောကြားတော်မူ၏။ ပုဏ္ဏားသည် ထိုဟောကြားချက်ကို နှစ်သက်လှသဖြင့် ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

## ၉။ သုန္ဒရိကသုတ်

[မီးပူဇော်သော သုန္ဒရိကပုဏ္ဏားအား ဟောကြားချက်]

၁၉၅။ အခါတပါး၌ ဗုဒ္ဓသည်ကောသလတိုင်းအတွင်းရှိသုန္ဒရိကာမြစ်ကမ်းနား၌ သီတင်းသုံးနေ၏။ ထိုအခါသုန္ဒရိကမည်သော ဘာရဒွါဇပုဏ္ဏားသည် ထိုမြစ်ကမ်းအနီး၌ပင် မီးပူဇော်ခြင်းကို ပြုလုပ်ပြီး၍ ပိုလျှံနေသော နို့ဃနာကို မည်သူ့အား ကျွေးရမည်နည်းဟု အရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုသော်

သစ်ပင်တပင်အောက်၌ ခေါင်းမြီးခြုံ၍ ထိုင်နေသော ဗုဒ္ဓကို မြင်လေ၏။ ထိုအခါ ပုဏ္ဏားသည် နို့ဃနာကိုလှူရန် ဗုဒ္ဓထံ ချဉ်းကပ်လေ၏။ ခြေသံကြားသဖြင့် ဗုဒ္ဓကခေါင်းကို ဖွင့်လိုက်သောအခါ ပုဏ္ဏားသည်"ဤသူကားဦးပြည်းကတုံးတည်း"ဟု ဆို၍ နောက်ဆုတ်ရန်ကြံ၏။ သို့သော် ဦးပြည်းကတုံးထားသော ပုဏ္ဏားများလည်းရှိကြောင်း စဉ်စားမိသဖြင့် ဗုဒ္ဓထံချဉ်းကပ်၍ အမျိုးဇာတ်ကို မေးလေသည်။ ထိုအခါဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"ပုဏ္ဏား၊ သင်သည်ဇာတ်ကိုမမေးလင့်။အကျင့်ကိုသာမေးလော့။အမျိုးပင်ယုတ်သော်လည်း အကျင့်မြတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်ပူဇော်သူသည် မြတ်သောအလှူခံပုဂ္ဂိုလ်တို့ကိုပူဇော်သည်မည်၏"

"အရှင်ဂေါတမ၊ အရှင်ကဲ့သို့သော ပုဂ္ဂိုလ်ကိုဖူးမြင်ရသော ကျွန်ုပ်အားကောင်းသောပူဇော်ခြင်းသည်ဖြစ်ပါလတ္တံ့။ အရှင်ကဲ့သို့သောပုဂ္ဂိုလ်တို့ကိုမဖူးမြင်ရသောကြောင့်သာ အခြားသူတို့အား နို့ဃနာကိုလှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ အရှင်ဂေါတမသည် ကျွန်ုပ်၏နို့ဃနာကိုသုံးဆောင်တော်မူပါလော့"

"ပုဏ္ဏား၊ ဂါထာရွတ်ဆို၍ရသော စားဖွယ်သည် ငါ့အားသုံးဆောင်ခြင်းငှာမထိုက်ချေ"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် ဤနို့ဃနာကိုမည်သူ့အား လှူရပါမည်နည်း"

"ပုဏ္ဏား၊ ဤလောက၌ မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကမှတပါး ဤနို့ဃနာကိုစား၍ အစာကြေညက်စေနိုင်မည့်သူကို ငါမမြင်ပေ။ ထို့ကြောင့် သင်သည် ဤနို့ဃနာကို စိမ်းစိုသော မြက်သစ်ပင်မရှိရာအရပ်၌ဖြစ်စေ၊ ပိုးမွှားမရှိသောရေထဲ၌ဖြစ်စေ စွန့်ပစ်လိုက်လော့"

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ ပုဏ္ဏားသည် နို့ဃနာကို ပိုးမွှားမရှိသောရေထဲသို့စွန့်ပစ်လိုက်၏။ ထိုအခါတနေ့ပတ်လုံး အပူတိုက်ထားသောသံတုံးခဲကိုရေထဲသို့ပစ်ချဘိသကဲ့သို့ တဖျစ်ဖျစ်မြည်လျက် အခိုးအလျှံများထွက်ပေါ်လာလေသည်။ ဘာရဒွါဇပုဏ္ဏားသည် ထိတ်လန့်တုန်လှုပ်လျက် ဗုဒ္ဓထံချဉ်းကပ်သွားရာ ဗုဒ္ဓကမီးပူဇော်ခြင်းဖြင့် ကိလေသာအညစ်အကြေးမှ မစင်ကြယ်နိုင်။ မိမိ၏အတွင်းသန္တာန်၌ အသိဉာဏ်တည်းဟူသော မီးကိုတောက်စေခြင်းဖြင့်သာ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်နိုင်ကြောင်း ဟောကြားတော်မူ၏။ ဘာရဒွါဇပုဏ္ဏားသည် ထိုဟောကြားချက်ကို နှစ်သက်လှသဖြင့် ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ၁၀။ ဗဟုဓိတရသုတ်

## [သမီးခုနစ်ယောက်ရှိသောပုဏ္ဏားအားဟောကြားချက်]

၁၉၆။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပျောက်သောနွားများကို လိုက်ရှာသော ဘာရဒွါဇအနွယ်ဝင်ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ အောက်ပါဂါထာတို့ကို ရွတ်ဆိုလေသည်။

“ဤရဟန်းသည်၊ နိုင်းနွားတဆယ့်လေးကောင် ပျောက်ဆုံးသူမဟုတ်သောကြောင့် ချမ်းသာစွာနေရလေယောင်တကား။

“ဤရဟန်းသည် နှမ်းခင်း၌အရွက်တရွက်နှစ်ရွက်သာကျန်သော နှမ်းပင်ငုတ်များရှိသူမဟုတ်သောကြောင့် ချမ်းသာစွာနေရလေယောင်တကား။

“ဤရဟန်းသည်ကြွက်များပျော်မြူးရာအချည်းနှီးသော စပါးကျီရှိသူမဟုတ်သောကြောင့် ချမ်းသာစွာနေရလေယောင်တကား။

“ဤရဟန်းသည် ခုနစ်လပတ်လုံး သုတ်သင်မှုကင်း၍ ဥပ္ပါဠကပိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော မြက်အခင်းရှိသူ မဟုတ်သောကြောင့် ချမ်းသာစွာနေရလေယောင်တကား။

“ဤရဟန်းသည် သားတယောက်နှစ်ယောက်စီဖြင့်မုဆိုးမဖြစ်နေသောသမီးခုနစ်ယောက်ရှိသူမဟုတ်သောကြောင့် ချမ်းသာစွာ နေရလေယောင်တကား။

“ဤရဟန်းသည်နီကြောင်ကြောင်မျက်စိ၊ မည်းနက်သောမှည့်ရှိ၍အိပ်နေသူကိုခြေဖြင့် ကန်ကျောက်၍ နှိုးတတ်သော မယားရှိသူ မဟုတ်သောကြောင့် ချမ်းသာစွာနေရလေယောင်တကား။

“ဤရဟန်းသည် နံနက်စောစောတွင် ကြွေးရှင်တို့လာ၍ ကြွေးတောင်းခြင်းခံရသူမဟုတ်သောကြောင့် ချမ်းသာစွာနေရလေယောင်တကား”

ယင်းသို့ပုဏ္ဏားက မြွက်ဆိုလေသော် ဗုဒ္ဓကမိမိသည် ထိုကဲ့သို့ဆင်းရဲဒုက္ခများကင်း၍ ချမ်းသာစွာနေရသူဖြစ်ကြောင်း တုံ့ပြန်မိန့်ကြားတော်မူ၏။ ထိုအခါပုဏ္ဏားသည် ဗုဒ္ဓ၏မိန့်ကြားချက်ကို နှစ်သက်လှသဖြင့် ရဟန်းပြုပြီးတရားအားထုတ်ရာ မကြာမီရဟန္တာဖြစ်လေသည်။

# ၂။ ဥပါသကဝဂ်

## ၁။ ကသိဘာရဒွါဇသုတ်

[လယ်သမားပုဏ္ဏားအားဟောကြားချက်]

၁၈၇။ အခါတပါး၌ဗုဒ္ဓသည် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ်၊ ဧကနာဠပုဏ္ဏား ရွာ၌ သီတင်းသုံးနေ၏။ ထိုအခါ ဗုဒ္ဓသည် နံနက်ချိန်ဝယ်ထွန်ရှဉ်းပေါင်းငါးရာ ဖြင့် စပါးစိုက်ပျိုးနေသော ဘာရဒွါဇပုဏ္ဏား၏ လယ်ကွင်းသို့ ကြွတော်မူ၏။ လယ်လုပ်သားတို့အား ထမင်းကျွေးနေသောပုဏ္ဏားသည် ဗုဒ္ဓကိုမြင်လျှင် (ဆွမ်း မလောင်းလိုသဖြင့်) အောက်ပါအတိုင်းပြောဆိုလေသည်။

"ရဟန်း၊ ကျွန်ုပ်သည် ထွန်ယက်စိုက်ပျိုး၍ စားရပါသည်။ သင်သည်လည်း ထွန်ယက်စိုက်ပျိုး၍ စားပါလော့"

"ပုဏ္ဏား၊ ငါသည်လည်း သင်ကဲ့သို့ပင် ထွန်ယက်စိုက်ပျိုး၍စားပေ၏"

"အရှင်ဂေါတမ၊ ကျွန်ုပ်တို့သည် သင်၏ထွန်တုံး၊ထွန်သွား၊ နွားများကို မတွေ့မြင်ပါ"

"ပုဏ္ဏား၊ ငါ့အားသဒ္ဓါသည် မျိုးစေ့ဖြစ်၏။ အကျင့်သည် မိုးရေဖြစ်၏။ ပညာသည် ထမ်းပိုးနှင့်ထွန်တုံးဖြစ်၏။ ဟိရိသည်ထွန်သန်ဖြစ်၏။ စိတ်သည် ကြိုး ဖြစ်၏။ သတိသည် ထွန်သွားနှင့် နှင်တံဖြစ်၏။

"ပုဏ္ဏား၊ ငါသည် ကိုယ်နှုတ်ကိုစောင့်စည်းသူဖြစ်၏။ အာဟာရကိုရှာမှီး သုံးဆောင်ရာ၌ စောင့်စည်းသူဖြစ်၏။ ငါ့အားသစ္စာသည် ရိတ်ဖြတ်သောတံစဉ် ဖြစ်၏။ ကောင်းသောအာရုံ၌ မွေ့လျော်ခြင်းသည် လွတ်မြောက်ခြင်းဖြစ်၏။ ငါ့အားဝီရိယသည်ဘေးကင်းရာသို့ရောက်အောင်ပို့ဆောင်ပေးသောဝန်ဆောင် နွားဖြစ်၏။

"ပုဏ္ဏား၊ငါ့အား ဤသို့လျှင်လယ်ထွန်ခြင်းသည်ဖြစ်၏။ထိုလယ်ထွန်ခြင်းသည် အမြိုက်နိဗ္ဗာန်တည်းဟူသောအသီးကိုဖြစ်စေ၏။ ဤသို့သော လယ်ထွန်ခြင်းကို ထွန်သည်ရှိသော် ဆင်းရဲအားလုံးမှ လွတ်မြောက်၏"

"အရှင်ဂေါတမသည် လယ်သမားစင်စစ်ဖြစ်ပါပေသည်။ ကျွန်ုပ်၏ထမင်း ကို သုံးဆောင်ပါလော့"

"ပုဏ္ဏား၊ငါသည်ဂါထာရွတ်ဆိုခြင်းကြောင့်ရသောထမင်းကိုမသုံးဆောင်။ ထိုကဲ့သို့သောထမင်းကို သုံးဆောင်ခြင်းသည် ကျိုးကြောင်းမြင်သိ ပညာရှိတို့၏ အစဉ်အလာမဟုတ်ပေ"

ဗုဒ္ဓက ယင်းသို့မိန့်ကြားသောအခါ ပုဏ္ဏားသည် ထိုမိန့်ကြားချက်ကို လွန်စွာ နှစ်သက်လှသဖြင့် ဥပါသကာအဖြစ် ခံယူလိုက်လေသည်။

## ၂။ ဥဒယသုတ်

### [ဥဒယပုဏ္ဏားအား ဟောကြားချက်]

၁၉၈။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဥဒယ မည်သော ပုဏ္ဏား၏အိမ်သို့ သုံးရက်ဆက်၍ ဆွမ်းခံကြွရာ ပုဏ္ဏားကလည်း သုံးရက် လုံးပင် သပိတ်ပြည့်အောင် ဆွမ်းလောင်းလိုက်၏။ သို့သော်သုံးကြိမ်ဆွမ်းလောင်း ပြီးသောအခါ "ရဟန်းဂေါတမသည် အရသာ၌ တပ်မက်သည်ဖြစ်၍ အဖန် တလဲလဲလာ၏" ဟု ဆိုလေသည်။ ထိုအခါ ဗုဒ္ဓသည် ပုဏ္ဏားအား ဂါထာတို့ဖြင့် တုံ့ပြန်မိန့်ကြားတော်မူ၏။

"ပုဏ္ဏား၊ မျိုးစေ့ကို အဖန်တလဲလဲစိုက်ပျိုးကြ၏။ မိုးသည် အဖန်တလဲလဲ ရွာ၏။ လယ်သမားသည်အဖန်တလဲလဲ လယ်ကိုထွန်ကုန်၏။ နိုင်ငံသူနိုင်ငံသားများ သည် အဖန်တလဲလဲ စပါးအလို့ငှာချဉ်းကပ်၏။ သူတောင်းစားတို့သည် အဖန် တလဲလဲ တောင်းရမ်းကုန်၏။ အလှူရှင်တို့သည် အဖန်တလဲလဲပေးလှူ၍အဖန် တလဲလဲ နတ်ပြည်သို့ ရောက်ကုန်၏။ နို့ညှစ်သမားတို့သည် အဖန်တလဲလဲနို့ညှစ် ကြကုန်၏။ နွားငယ်သည်အဖန်တလဲလဲ မိခင်နွားမထံ ချဉ်းကပ်၏။ အဖန်တလဲလဲ တုန်လှုပ်ပင်ပန်း၏။ ပညာနည်းသူသည် အဖန်တလဲလဲ အမိဝမ်းသို့ ရောက်ရ၏။ အဖန်တလဲလဲမွေးခြင်း သေခြင်းကိုပြု၍ အဖန်တလဲလဲသင်္ချိုင်းသို့ ရောက်ရ၏။ ပညာရှိသူသည်ကား အဖန်တလဲလဲဘဝ၌ မဖြစ်ခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်ကိုရ၍ အဖန်တလဲလဲပဋိသန္ဓေနေခြင်း မပြုရတော့ချေ"

ဗုဒ္ဓ၏ မိန့်ဆိုချက်ကိုကြားနာရသောအခါ ပုဏ္ဏားသည် လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူလိုက်လေသည်။

## ၃။ ဒေဝဟိတသုတ်

### [ဒေဝဟိတ ပုဏ္ဏားအား ဟောကြားချက်]

၁၉၉။ ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် လေနာ ရောဂါစွဲကပ်သဖြင့် အလုပ်အကျွေးဖြစ်သော ရှင်ဥပဝါဏအား ရေနွေးအလို ရှိကြောင်း မိန့်ကြား၏။ ရှင်ဥပဝါဏသည် ဒေဝဟိတမည်သော ပုဏ္ဏား၏ အိမ်သို့ ချဉ်းကပ်၍ ဗုဒ္ဓမြတ်စွာအတွက် ရေနွေးအလိုရှိကြောင်း ပုဏ္ဏားအားမိန့်ကြား၏။ ပုဏ္ဏားသည် ရေနွေးတထမ်းကို ယောက်ျားတယောက်ဖြင့် ပို့စေပြီး တင်လဲ

တထုပ်ကို ရှင်ဥပဝါဏအား ဆပ်ကပ်၏။ ရှင်ဥပဝါဏသည် ဗုဒ္ဓအား ရေနွေးဖြင့် ရေချိုးစေပြီး တင်လဲကိုလည်း ရေနွေးဖြင့် ဖျော်၍ဆက်ကပ်ရာ ဗုဒ္ဓ၏ လေနာသည် ပျောက်ကင်းသွားလေ၏။

ထိုအခါ ဒေဝဟိတပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ လေ့ကဝတ်စကား ပြောကြားပြီး၊ အလှူနှင့်စပ်သောမေးခွန်းတခုကို မေးလျှောက်လေသည်။

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ အလှူဝတ္ထုကို ပေးလှူရပါမည်နည်း။ အဘယ်ပုဂ္ဂိုလ်၌လှူအပ်သော အလှူသည် အကျိုးကြီးပါသနည်း။ အဘယ်သို့ ပေးလှူပူဇော်သူအား အဘယ်သို့လျှင် အလှူသည် ပြည့်စုံပါသနည်း"

"ပုဏ္ဏား၊ အကြင်ရဟန်းသည် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကိုသိ၏။ နတ်ဘုံနှင့်အပါယ်ဘုံကို မြင်၏။ ဇာတိကုန်ခြင်းသို့ ရောက်၏။ ထူးသော အသိဉာဏ်ဖြင့် အကျင့်မြတ်ကိုကျင့်သုံးပြီးဖြစ်၏။ ဤရဟန်း၌ အလှူဝတ္ထုကိုပေးလှူရာ၏။ ဤရဟန်း၌ ပေးလှူအပ်သောအလှူသည် အကျိုးကြီး၏၊ ဤသို့ပေးလှူပူဇော်သူအား ဤသို့လျှင် အလှူသည်ပြည့်စုံ၏"

ဗုဒ္ဓ၏ဖြေကြားချက်ကိုကြားနာရသောအခါ ပုဏ္ဏားသည် လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ၄။ မဟာသာလသုတ်

### [သားလေးယောက်၏ နှင်ထုတ်ခြင်းခံရသော မဟာသာလပုဏ္ဏား]

၂၀၀။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ် မဟာသာလပုဏ္ဏားတယောက်သည် ဟောင်းနွမ်းသော ဝတ်ရုံရှိသည်ဖြစ်၍ ဗုဒ္ဓထံ ချဉ်းကပ်လာ၏။ 'ပုဏ္ဏား၊ သင်သည်အဘယ့်ကြောင့် ဟောင်းနွမ်းသောဝတ်ရုံရှိသည်ဖြစ်၍ လာဘိသနည်း'ဟု ဗုဒ္ဓကမေးရာ 'ကျွန်ုပ်၏သား လေးယောက်တို့သည် မိမိတို့၏မယားများနှင့် တိုင်ပင်၍ ကျွန်ုပ်ကို အိမ်မှ နှင်ထုတ်လိုက်ကြပါသည်'ဟု ပုဏ္ဏားက လျှောက်၏။ ထိုအခါ ဗုဒ္ဓသည်ထိုပုဏ္ဏားအား သားလေးယောက်တို့ထိုင်နေသော အစည်းအဝေးသဘင်တို့၌ ရွတ်ဆိုရန် ဂါထာငါးပုဒ်ကို သင်ကြားပေးလိုက်၏။

ပုဏ္ဏားသည် ထိုဂါထာ ငါးပုဒ်ကို သင်ယူ၍ သားလေးယောက် ထိုင်နေသော အစည်းအဝေးသဘင်သို့သွားကာရွတ်ဆိုလေသည်။

"အကြင်သားတို့ဖြင့် ငါသည်နှစ်သက်ဝမ်းမြောက်ခဲ့ရ၏။ အကြင်သားတို့၏ ကြီးပွားခြင်းကိုငါသည်လိုလားခဲ့၏။ ခွေးများသည်ဝက်ကို မောင်းထုတ်သကဲ့သို့၊ ထိုသားတို့သည်မိမိတို့၏မယားများနှင့်တိုင်ပင်ကာငါ့ကိုအိမ်မှ မောင်းထုတ်လိုက်ကြကုန်၏။

ယုတ်မာသောရက္ခိုက်တို့သည်သားအသွင်ဖန်ဆင်းကာငါ့ကို'အဘ၊အဘ'ဟု ခေါ်ကြလေယောင်တကား။ ထိုသားတို့သည် အရွယ်လွန်သော ငါ့ကို စွန့်ပစ်ထားကြ၏။

အိုးင်း၍အသုံးမပြုနိုင်သောမြင်းကိုအစာမကျွေးပဲဖယ်ထားသကဲ့သို့သားမိုက်တို့၏ ပစ်ထားခြင်းခံရသော အဘအိုသည် သူတပါးအိမ်တို့၌ တောင်းစားရ၏။ ငါ၏သက်စွဲတောင်ဝှေးသည် မြတ်သေး၏။ ငါ့အား ရိုသေကျိုးနွံခြင်းမရှိသော သားတို့သည် မမြတ်ကုန်။ တောင်ဝှေးသည်ကြမ်းကြုတ်သောနွားခွေးတို့ကို တားမြစ်နိုင်၏။ မှောင်ထဲ၌ ရှေ့သွားဖြစ်နိုင်၏။ နက်သောရေ၌ ထောက်တည်ရာကိုရနိုင်၏။ ချော်လဲသည်ရှိသော်တောင်ဝှေး၏အစွမ်းအားဖြင့် ရပ်တည်နိုင်၏"

ဤသို့ပုဏ္ဏားကရွတ်ဆိုသောအခါသားလေးယောက်တို့သည်ထိုပုဏ္ဏားကိုအိမ်သို့ခေါ်၍ ရေချိုးပေးပြီး ပုဆိုးတစုံစီပေးကြလေ၏။ ပုဏ္ဏားသည်ပုဆိုးတစုံကို ဗုဒ္ဓထံသွား၍လှူပြီးဥပါသကာအဖြစ် ခံယူလိုက်လေသည်။

## ၅။ မာနတ္ထဒ္ဓသုတ်

### [မာနခက်ထန်သော ပုဏ္ဏားအား ဟောကြားချက်]

၂၀၁။ သာဝတ္ထိပြည်၌ မိဘ ဆရာသမားများကိုပင် ရှိမခိုးသည့် အလွန်မာနကြီးသောပုဏ္ဏားတယောက်ရှိ၏။ တနေ့သ၌ထိုပုဏ္ဏားသည်များစွာသောပရိသတ်အလယ်၌ တရားဟောနေသော ဗုဒ္ဓထံချဉ်းကပ်၍ စကားမပြောပဲ ဆိတ်ဆိတ်နေလေ၏။ "ရဟန်းဂေါတမကငါ့ကိုစ၍မပြောလျှင် ငါကလည်း သူ့ကို စကားမပြော"ဟု ထိုပုဏ္ဏားသည် စိတ်ထဲမှ စဉ်းစားထား၏။ ဗုဒ္ဓက စကားမပြောသောအခါ "ဤရဟန်းဂေါတမကား ဘာမျှမသိ"ဟု ထင်၍ ထပြန်သွားရန်ကြံ၏။ ဗုဒ္ဓသည် ပုဏ္ဏား၏ စိတ်အကြံကို သိတော်မူသဖြင့် အောက်ပါဂါထာကို မြွက်ဆိုတော်မူ၏။

"ပုဏ္ဏား၊ ဤလောက၌ မာန်မူခြင်းသည် မကောင်း။ အကျိုးစီးပွားကို အလိုရှိ၍ ငါ့ထံသို့လာသူသည်မိမိအလိုရှိသော အကျိုးစီးပွားကိုသာလျှင်တိုးပွားစေသင့်၏"

ထိုအခါ ပုဏ္ဏားသည် "ရဟန်းဂေါတမကား ငါ့စိတ်ကိုသိ၏"ဟု ကြံ၍ ဗုဒ္ဓ၏ ခြေတော်အစုံကို ဦးတိုက်၍ ပါးစပ်ဖြင့် စုပ်၏။ လက်ဖြင့်လည်း ဆုပ်နယ်၏။ မိမိ၏အမည်ကိုလည်း ထုတ်ဖော်မြွက်ကြား၏။ အလွန် မာနကြီးသော ပုဏ္ဏားက ဗုဒ္ဓအား အလွန်အကဲ အရိုအသေပြုခြင်းကို မြင်ရသောအခါ ပရိသတ်

သည် လွန်စွာ အံ့ဩသွားလေ၏။ ထို့နောက် ပုဏ္ဏားသည် ဗုဒ္ဓအား အောက်ပါ မေးခွန်းကိုမေးလျှောက်လေသည်။

"အရှင်ဂေါတမ၊ အဘယ်သူတို့အပေါ်၌ မာန်မူခြင်း မပြုသင့်ပါသနည်း။ အဘယ်သူတို့အပေါ်၌ ရိုသေလေးစားခြင်း၊ ကောင်းစွာ ပူဇော်ခြင်းပြုသင့်ပါသနည်း"

"ပုဏ္ဏား၊ မိဘ၊ အစ်ကို၊ ဆရာသမားတို့ အပေါ်၌ မာန်မူခြင်း မပြုသင့်။ ထိုပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း ကောင်းစွာ ပူဇော်ခြင်း ပြုသင့်၏။ ကိလေသာငြိမ်းအေး၍အာသဝေါကင်းကာ ပြုဖွယ်ကိစ္စ ပြီးမြောက်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့ကို သင်သည်မာန်ချ၍ရှိခိုးသင့်၏"

ပုဏ္ဏားသည်ဗုဒ္ဓ၏အဖြေကိုကြားရသောအခါလွန်စွာ နှစ်သက်၍ ဥပါသကာ အဖြစ် ခံယူလိုက်လေသည်။

## ၆။ ပစ္စနီကသုတ်

### [ဆန့်ကျင်ဘက်ကို လိုလားသော ပုဏ္ဏားအား ဆုံးမခြင်း]

၂၀၂။ သာဝတ္ထိပြည်မှပစ္စနီကသာတမည်သောပုဏ္ဏားသည် 'ရဟန်းဂေါတမ ပြောသမျှစကားကိုဆန့်ကျင်ဘက်ပြောမည်' ဟူသော အကြံဖြင့် ဗုဒ္ဓထံ ချဉ်းကပ်လေသည်။ ကျောင်းသို့ ရောက်သောအခါ လှည်ပြင်၌ စင်္ကြံလျှောက်နေသော ဗုဒ္ဓကို 'ရဟန်း၊ တရားဟောလော့' ဟု ဆို၏။ ထိုအခါ ဗုဒ္ဓက အောက်ပါဂါထာတို့ဖြင့် တုံ့ပြန်မိန့်ကြားတော်မူ၏။

"ဆန့်ကျင်ဘက်ပြုရခြင်းကို သာယာသောစိတ်ဖြင့်လည်းကောင်း၊ ညစ်ညူးသောစိတ်ဖြင့်လည်းကောင်း၊ ချုပ်ချယ်လိုမှုများသော စိတ်ဖြင့်လည်းကောင်း နားထောင်သူသည် ကောင်းစွာဆိုအပ်သော စကားကိုမသိနိုင်။ ချုပ်ချယ်လိုသောစိတ်၊ မကြည်လင်သောစိတ်ကိုပယ်ဖျောက်၍ အမျက် ဒေါသ ကို စွန့်၍ နားထောင်သူသည်သာလျှင် ကောင်းစွာဆိုအပ်သော စကားကိုစင်စစ်သိနိုင်၏"

ဗုဒ္ဓ၏မိန့်ကြားချက်ကိုကြားနာရသောအခါ ထိုပုဏ္ဏားသည်လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ၇။ နဝကမ္မိကသုတ်

### [အမှုသစ်ပြုလုပ်သောပုဏ္ဏားအား ဟောကြားချက်]

၂၀၃။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၏အင်ကြင်းပင်ရင်း၌ ဗုဒ္ဓ မြတ်စွာထိုင်နေစဉ် ထိုတောအုပ်အတွင်း၌ အမှုသစ်ကို ဆောင်ရွက်နေသော နဝကမ္မိကပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့မေးလျှောက်လေသည်။

"ရဟန်း၊ သင်သည်ဇင်ကြင်းတော၌ အဘယ်အမှုကို ပြုလုပ်နေသနည်း။ တောထဲ၌ တယောက်တည်းနေသော အရှင်ဂေါတမသည် မွေ့လျော်မှုကိုရပါ၏လော"

"ပုဏ္ဏား၊ ငါ့အားတောထဲ၌ပြုဖွယ်ကိစ္စမရှိ။ ငါသည်တောကိုလည်းကောင်း၊ ငြောင့်ကိုလည်းကောင်း အမြစ်နှင့်တကွဖြတ်ပြီးဖြစ်၏။ ငါသည်ကိလေသာတည်းဟူသောတော၊ ကိလေသာတည်းဟူသောငြောင့် မရှိသည်ဖြစ်၍ မမွေ့လျော်မှုကိုပယ်ကာ တောထဲ၌တယောက်တည်းမွေ့လျော်နေပေ၏"

ဗုဒ္ဓကယင်းသို့ ဖြေကြားသောအခါ ထိုပုဏ္ဏားသည် လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ဂ။ ကင္ဒဟာရသုတ်

## [ထင်းခွေသောပုဏ္ဏားအားဟောကြားချက်]

၂၀၄။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဘာရဒွါဇ အနွယ်ဖြစ်သော ပုဏ္ဏား၏တပည့်လုလင်တို့သည် ထင်းခွေသွားကြရာ တောအုပ်ထဲ၌တင်ပျဉ်ခွေ၍ထိုင်နေသော ဗုဒ္ဓကိုမြင်၍ ဆရာပုဏ္ဏားအားပြန်ပြောကြ၏။ ပုဏ္ဏားသည် လုလင်တို့နှင့်အတူလိုက်လာပြီး ဗုဒ္ဓထံချဉ်းကပ်၍ အဘယ့်ကြောင့် တောထဲ၌ တပါးတည်းနေကြောင်း မေးလျှောက်လေသည်။

"ရဟန်း၊ သင်သည် နက်ရှိုင်း၍ ကြောက်မက်ဖွယ်ကောင်းသော တောအုပ်ထဲ၌ တည်ငြိမ်သောကိုယ်ဖြင့် တင့်တယ်စွာ စျာန်ဝင်စားနေဘိ၏။ သီဆိုခြင်း၊ တီးမှုတ်ခြင်းမရှိသောတောထဲ၌ တပါးတည်းနှစ်သက်စွာနေခြင်းသည်အံ့ဩဖွယ်ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါ၏။ ဗြဟ္မာ့ပြည်သို့ ရောက်ရန်အလို့ငှာ ဤကဲ့သို့ ကျင့်ကြံနေပါသလော"

"ပုဏ္ဏား၊ ငါသည် ယုံမှားခြင်း၊ နှစ်သက်ခြင်း၊ အဝိဇ္ဇာလျှင် အကြောင်းရင်းရှိသော တောင့်တခြင်းတို့ကို အမြစ်နှင့်တကွ ဖျက်ဆီးပြီးဖြစ်၏။ ငါသည် တရားအားလုံးတို့၌ ယုံမှားခြင်း၊ မှီတွယ်ခြင်း၊ ကပ်ရောက်ခြင်း မရှိပဲ စင်ကြယ်သော ဉာဏ်အမြင်ရှိသည်ဖြစ်၍ အတုမဲ့ငြိမ်းအေးသော သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ပြီးဖြစ်ရကား ဆိတ်ငြိမ်သော တောကြီးထဲ၌ ရဲရင့်စွာ စျာန်ဝင်စား၍ နေခြင်းဖြစ်ပေ၏"

ဗုဒ္ဓ၏ အဖြေကို ကြားနာရသောအခါ ပုဏ္ဏားသည် လွန်စွာ နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၉။ မာတုပေါသကသုတ်

### [မိဘလုပ်ကျွေးသော ပုဏ္ဏားအား ဟောကြားချက်]

၂၀၅။ အခါတပါး၌ မိဘကိုလုပ်ကျွေးသောပုဏ္ဏားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင်ဂေါတမ၊ ကျွန်ုပ်သည် တရားသဖြင့် ထမင်းကိုရှာ၍မိဘများကိုလုပ်ကျွေးပါသည်။ ဤသို့ လုပ်ကျွေးသူသည် ပြုသင့်ပြုထိုက်သော ကိစ္စကို ပြုသူ ဖြစ်ပါသလော"ဟု မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"ပုဏ္ဏား၊ တရားသဖြင့် ထမင်းကိုရှာ၍ မိဘကို လုပ်ကျွေးသူသည် ပြုသင့်ပြုထိုက်သော ကိစ္စကို ပြုသူ ဖြစ်၏။ မိဘအား လုပ်ကျွေးသူသည် ဤဘဝ၌ပင် ပညာရှိတို့၏ ချီးမွမ်းခြင်းကိုခံရ၏။ တမလွန်ဘဝသို့ရောက်လျှင်လည်း နတ်ပြည်၌ ပျော်မွေ့ရ၏"

ဗုဒ္ဓ၏ အဖြေကို ကြားနာရသောအခါ ထိုပုဏ္ဏားသည် လွန်စွာ နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၁၀။ ဘိက္ခကသုတ်

### [တောင်းစားသောပုဏ္ဏားအား ဟောကြားချက်]

၂၀၆။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် တောင်းစားတတ်သော ပုဏ္ဏားတယောက်သည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင်ဂေါတမ၊ ကျွန်ုပ်သည်လည်း တောင်းစားသူဖြစ်ပါသည်။ အရှင်သည်လည်း တောင်းစားသူ ဖြစ်ပါသည်။ဤသို့ တောင်းစားခြင်း၌ ကျွန်ုပ်တို့၏ထူးခြားမှု မည်သို့ရှိပါသနည်း" ဟု မေးလျှောက်၏။ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"ပုဏ္ဏား၊ သူတပါးတို့ထံ၌ တောင်းရမ်းတတ်ရုံမျှဖြင့် ဘိက္ခုမည်သည်မဟုတ်။ ကိလေသာတည်းဟူသော အညှီနံ့ရှိသော တရားကို ကျင့်သုံးဆောက်တည်သူသည် ဘိက္ခုမမည်ပေ။ဤလောက၌ ကောင်းမှု မကောင်းမှု ဟူသမျှကို ခွာချပြီး ဉာဏ်ပညာဖြင့်ဆင်ခြင်၍ ကျင့်ကြံသူကိုသာလျှင် စင်စစ် ဘိက္ခုဟု ဆိုအပ်ပေ၏"

ဗုဒ္ဓ၏ အဖြေကို ကြားနာရသောအခါ ထိုပုဏ္ဏားသည် လွန်စွာ နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၁၁။ သင်္ဂါရဝသုတ်

### [သင်္ဂါရဝပုဏ္ဏားအား ဆုံးမခြင်း]

၂၀၇။ အခါတပါး၌ ရှင်အာနန္ဒာသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွပြီး ဆွမ်းခံရာမှပြန်သောအခါ ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ လျှောက်ကြားလေသည်။ "အရှင်ဘုရား၊ ဤသာဝတ္ထိမြို့၌ သင်္ဂါရဝမည်သော ပုဏ္ဏားသည် ရေချိုးခြင်းဖြင့် စင်ကြယ်ခြင်းကို ယုံကြည်သူ ဖြစ်ပါသည်။ ညတိုင်း နံနက်တိုင်း ရေချိုးခြင်း အကျင့်ကို အားထုတ်၍နေသူဖြစ်ပါသည်။ မြတ်စွာဘုရားသည် သနားကြင်နာမှုကို အကြောင်းပြု၍ သင်္ဂါရဝပုဏ္ဏား၏အိမ်သို့ ချဉ်းကပ်တော်မူပါလော့"

ဗုဒ္ဓသည် ရှင်အာနန္ဒာ၏တောင်းပန်ချက်ကို လက်ခံ၍ နောက်တနေ့နံနက်တွင် သင်္ဂါရဝပုဏ္ဏား၏အိမ်သို့ ကြွတော်မူပြီး ခင်းထားသောနေရာ၌ ထိုင်ကာ ဤသို့ မေးမြန်းတော်မူ၏။

"ပုဏ္ဏား၊ သင်သည် ရေချိုးခြင်းဖြင့် စင်ကြယ်ခြင်းကို ယုံကြည်သူဖြစ်၏ဟု ဆိုသည်မှာ မှန်ပါသလော"

"အရှင်ဂေါတမ၊ မှန်ပါ၏"

"ပုဏ္ဏား၊ သင်သည် မည်သို့သောအကျိုးထူးကိုမြော်မြင်ကာ ညတိုင်း နံနက်တိုင်း ရေချိုးခြင်း အကျင့်ကို အားထုတ်နေဘိသနည်း"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် နေ့အချိန်၌ ပြုလုပ်မိသော မကောင်းမှုကို ညအချိန်၌ ရေချိုးခြင်းဖြင့် မျှောပစ်အံ့။ ညအချိန်၌ ပြုလုပ်မိသော မကောင်းမှုကို နံနက်အချိန်၌ ရေချိုးခြင်းဖြင့် မျှောပစ်အံ့။ ကျွန်ုပ်သည် ဤသို့သော အကျိုးထူးကိုမြော်မြင်ကာညတိုင်း၊ နံနက်တိုင်းရေချိုးခြင်းအကျင့်ကိုအားထုတ်၍နေပါသည်"

"ပုဏ္ဏား၊ အကြင်တရားတည်းဟူသောရေအိုင်၌အသိဉာဏ်၏အထွတ်အထိပ်သို့ ရောက်သော (ရဟန္တာ)ပုဂ္ဂိုလ်တို့သည် ရေချိုးကြကုန်လျက် မစွတ်စိုသော ကိုယ်ရှိကုန်သည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ကူးသွားကြကုန်၏။ ထိုတရားတည်းဟူသော ရေအိုင်သည် သီလတည်းဟူသော ဆိပ်ကမ်း ရှိ၏။ နောက်ကျုခြင်းကင်း၏။ သူတော်ကောင်းတို့ ချီးမွမ်းအပ်၏"

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားနာရသောအခါ သင်္ဂါရဝပုဏ္ဏားသည်လွန်စွာ နှစ်သက်၍ ဥပါသကာအဖြစ် ခံယူလိုက်လေသည်။

## ၁၂။ ခေါမဒုဿသုတ်

[ခေါမဒုဿ နိဂုံး၌ ဟောကြားချက်]

၂၀၈။ အခါတပါး၌ဗုဒ္ဓမြတ်စွာသည်သက္ကတိုင်း သာကီဝင်မင်းတို့၏ ခေါမဒုဿမည်သောနိဂုံး၌ သီတင်းသုံးနေ၏။ ထိုအခါဗုဒ္ဓသည် နံနက်ချိန်တွင် ခေါမဒုဿနိဂုံးသို့ ဆွမ်းခံကြွတော်မူ၏။ ထိုအချိန်တွင် ခေါမဒုဿနိဂုံး၌ နေသောပုဏ္ဏားသူကြွယ်တို့သည် တစုံတခုသောကိစ္စဖြင့် အစည်းအဝေး ပြုလုပ်နေကြ၏။ ထိုသူတို့သည် ဗုဒ္ဓကြွလာသည်ကိုမြင်လျှင် "ဦးပြည်း ရဟန်းတို့သည် အစည်းအဝေး စည်းကမ်းကို သိသူများမဟုတ်"ဟု ပြောဆိုကြ၏။ ထိုအခါ ဗုဒ္ဓသည် ထိုသူတို့ကို ဤသို့ မိန့်ကြားတော်မူ၏။

"သူတော်ကောင်းများမရှိသောအရပ်သည် အစည်းအဝေးမမည်။ တရားလမ်းမှန်ကို မပြောဆိုတတ်သူတို့သည် သူတော်ကောင်းမမည်။ ရာဂ ဒေါသ မောဟတို့ကိုပယ်၍ တရားလမ်းမှန်ကို ပြောဆိုတတ်သူတို့သည်သာလျှင် သူတော်ကောင်းဖြစ်ကုန်၏"

ဗုဒ္ဓ၏မိန့်ကြားချက်ကို ကြားနာရသောအခါ ထို ပုဏ္ဏား သူကြွယ်တို့သည် လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူလိုက်ကြလေသည်။

# ၈။ ဝင်္ဂီသသံယုတ်

[ရှင်ဝင်္ဂီသနှင့်ငင်သော ဟောကြားချက်များ]

## ၁။ နိက္ခန္တသုတ်

[လူ့ဘောင်မှထွက်လာသူအား ကာမဝိတက်ဖြစ်ပေါ်ခြင်း]

၂၀၉။ အခါတပါး၌ အရှင်ဝင်္ဂီသသည် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်နိဂြောဓကပ္ပနှင့်အတူ အာဠဝီပြည်အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေ၏။ ထိုအခါ အရှင်ဝင်္ဂီသသည်ရဟန်းပြုစဖြစ်၍(အခြားရဟန်းများဆွမ်းခံသွားစဉ်)ကျောင်းစောင့်နေခဲ့ရ၏။ ထိုအချိန်တွင် များစွာသော မိန်းမတို့သည် လှပတင့်တယ်စွာ ဝတ်စားဆင်ယင်လျက် ကျောင်းကြည့်လာကြရာ ထိုမိန်းမများကို မြင်ရသဖြင့် အရှင်ဝင်္ဂီသအား သာသနာ၌ မမွေ့လျော်ခြင်းဖြစ်လေ၏။ ထိုအခါ အရှင်ဝင်္ဂီသသည် "ငါ၏မမွေ့လျော်ခြင်းကို တပါးသောသူသည် ဖျောက်နိုင်မည် မဟုတ်။ ငါ့ဘာသာ ငါပင် ဖျောက်အံ့" ဟု ကြံ၍ မမွေ့လျော်ခြင်းကို မိမိဘာသာပင် ကြိုးစားဖြေဖျောက်ပြီး အောက်ပါဂါထာတို့ကို ရွတ်ဆိုလေသည်။

"လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ ငြိမ်းချမ်းစွာနေသော ငါ့ထံသို့ ညစ်ညမ်းယုတ်မာသော မာရ်နတ်ထံမှ ဆိုးသွမ်းသော ကာမဝိတက်တို့သည် ပြေးဝင်လာကြကုန်၏။ (သို့သော်)လေးအတတ်၌ကျွမ်းကျင်သည့် တထောင်သော မင်းသားတို့ထက် သာလွန်သောမိန်းမတို့သည်အကယ်၍ လာစေကာမူ၊ထိုမိန်းမတို့သည် မိမိတရား၌တည်သောငါ့ကိုတုန်လှုပ်စေရန် စွမ်းနိုင်မည်မဟုတ်။ငါသည် နိဗ္ဗာန်သို့သွားရာလမ်းကို မြတ်စွာဘုရား၏ မျက်မှောက်မှကြားနာခဲ့ရ၏။ ငါ၏စိတ်သည် ထိုနိဗ္ဗာန်သို့ သွားရာလမ်း၌ မွေ့လျော်၏။ ဟယ်မာရ်နတ်ယုတ်၊ ဤသို့နေသော ငါ့ထံသို့သင်ချဉ်းကပ်လာငြားသော်လည်းငါ၏ သွားရာလမ်းကို သင်မမြင်နိုင်အောင် ငါ ပြုလုပ်ပေအံ့"

## ၂။ အရတိသုတ်

### [မမွေ့လျော်ခြင်းကို ဖြေဖျောက်ပုံ]

၂၁၀။ အခါတပါး၌အရှင်ဝင်္ဂီသသည်ဥပဇ္ဈာယ်ဆရာဖြစ်သောအရှင်နိဂြောဓကပ္ပနှင့်အတူအာဠဝီပြည်အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေ၏။ အရှင်နိဂြောဓ ကပ္ပ ကားနံနက်ဆွမ်းခံရာမှ ပြန်သည့်အချိန်မှစ၍ ကျောင်းခန်းထဲသို့ ဝင်နေရာညနေစောင်းသို့မဟုတ်နောက်တနေ့သို့ရောက်မှထွက်၏။ ထိုအခါတွင်အရှင်ဝင်္ဂီသအားသာသနာ၌ မမွေ့လျော်ခြင်းဖြစ်ပေါ်လာရာ ထိုမမွေ့လျော်ခြင်းကို (အထက်သုတ်နည်းတူ)မိမိဘာသာဖြေဖျောက်ပြီးအောက်ပါဂါထာတို့ကိုရွတ်ဆိုလေ၏။

"အကျင့်မြတ်၌ မမွေ့လျော်ခြင်း၊ ကာမဂုဏ် ငါးပါး၌ မွေ့လျော်ခြင်း၊ ကာမဂုဏ်နှင့် စပ်သောကြံစည်ခြင်းတို့ကို အကြွင်းမဲ့ပယ်၍ တစုံတခုသော အာရုံ၌ ငြိကပ် တွယ်တာခြင်းမရှိသော ပုဂ္ဂိုလ်သည် စင်စစ်ဘိက္ခုမည်၏။

"ဤလောကဝယ် မြေပေါ် မြေအောက်၌လည်းကောင်း၊ ကောင်းကင်၌လည်းကောင်း တည်သောရူပါရုံဟူသမျှသည်ဆွေးမြည့်ခြင်းသဘောရှိ၏။ မမြဲ။ ပညာရှိတို့သည်ဤသို့ဉာဏ်ဖြင့်သက်ဝင်၍နေကြကုန်၏။

"လူအပေါင်းတို့သည် မြင်အပ်၊ ကြားအပ်၊ တွေ့သိအပ်သော အာရုံတို့၌မက်မောကြကုန်၏။ ထိုအာရုံတို့၌ကပ်ငြိခြင်းမရှိသူကိုမုနိဟုဆိုကုန်၏။

"အာရုံ ၆ ပါးကိုမှီသော၊ ကြံစည်ခြင်းနှင့်တကွဖြစ်သော၊ တရားဆိုးတို့သည် လူအပေါင်း၌သက်ဝင်၍ နေကုန်၏။ တစုံတခုသောအာရုံ၌ ကိလေသာ အသင်းအပင်းတို့မဝင်ရောက်သူ၊ ရုန့်ရင်းသောစကားကိုမဆိုသူသည်ဘိက္ခုမည်၏"

"ရှည်မြင့်စွာတည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ရင့်ကျက်သော ပညာရှိသော ဟန်ဆောင်ခြင်းတပ်မက်ခြင်းကင်းသောထိုရဟန်းသည် ငြိမ်းချမ်းသောနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရရှိပြီးဖြစ်၏။ ဘဝဇာတ် ချုပ်ငြိမ်းရန် အချိန်အခါကို ငံ့လင့်၍နေသူဖြစ်၏"

## ၃။ ပေသလသုတ်

### [သီလမြတ်နိုးသောရဟန်းများအား မထီမဲ့မြင်ပြုမိခြင်း]

၂၁၁။ အရှင်ဝင်္ဂီသသည်အာဠဝီပြည်အဂ္ဂါဠဝစေတီ၌ဥပဇ္ဈာယ်ဆရာနှင့် အတူ သီတင်းသုံးနေစဉ် မိမိ၏ဉာဏ်ပဋိဘာန် ထက်မြက်မှုကို အကြောင်းပြု၍ သီလကို မြတ်နိုးသောအခြားရဟန်းများကိုမထီမဲ့မြင်ပြုမိလေ၏။ ထို့နောက် အရှင်ဝင်္ဂီသသည်ယင်းသို့အခြားရဟန်းများကိုမထီမဲ့မြင်ပြုခြင်းမှာ မသင့်လျော်ဟု စဉ်းစား မိကာနှလုံးမသာယာခြင်းဖြစ်လျက်အောက်ပါဂါထာတို့ကိုရွတ်ဆိုလေသည်။

''ဂေါတမအနွယ်ဖြစ်သောဝင်္ဂီသ၊ သင်သည်မာနကို ပယ်လော့။ မာနဖြစ်ကြောင်းတရားကိုလည်းအကြွင်းမဲ့ပယ်လော့။ သင်သည်မာနဖြစ်ကြောင်း တရား၌ တွေဝေသည်ဖြစ်၍ရှည်မြင့်စွာနှလုံးမသာယာခြင်းဖြစ်ခဲ့ပြီ။

''မာနနှိပ်စက်အပ်သည်ဖြစ်၍သူ့ကျေးဇူးကို ချေဖျက်တတ်သောသတ္တဝါတို့သည်ငရဲသို့ကျရောက်သျက်ရှည်မြင့်စွာစိုးရိမ်ပူပန်၍ နေကြရကုန်၏။ ကောင်းစွာကျင့်သည်ဖြစ်၍မဂ်ဖြင့်ကိလေသာတို့ကိုအောင်ပြီးသောရဟန်းသည်တရံတဆစ်မျှစိုးရိမ်ပူပန်ရခြင်းမရှိတော့ချေ။ ထိုရဟန်းသည်ကျော်စောခြင်း၊ ချမ်းသာခြင်းကိုခံစားရ၏။ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ရှိသော ထိုပုဂ္ဂိုလ်ကိုတရားကိုမြင်သူဟု ဆိုအပ်၏။

''ထို ကြောင့်ညှိုးသာသနာ၌ဝီရိယနှင့်ပြည့်စုံ၍ဒေါသတည်း ဟူသော ငြောင့်တံသင်းကင်းသည့် စင်ကြယ်သော ပုဂ္ဂိုလ်သည် မာနနှင့်ကက္ခနိဝရဏဒေါးပါးကို အကြွင်းမဲ့ပယ်၍ငြိမ်းအေးပြီးသူဖြစ်ကာ ဝိဇ္ဇာဉာဏ်ဖြင့် ကိလေသာတို့၏ ကုန်ဆုံးခြင်းကိုပြုလေတော့သည်''

## ၄။ အာနန္ဒသုတ်

### [ရှင်ဝင်္ဂီသအား ရှင်အာနန္ဒာက ဆုံးမခြင်း]

၂၁၂။ အခါတပါး ရှင်အာနန္ဒာသည်ရှင်ဝင်္ဂီသအားနောက်လိုက်ရဟန်းပြု၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်၏။ ထိုအခါ ရှင်ဝင်္ဂီသသည် (ဆွမ်းခံယင်း) သာသနာ၌မမွေ့လျော်သောစိတ်ဖြစ်ပေါ်လာသဖြင့် ထိုစိတ်ကို ဖြေဖျောက်ပေးရန် ရှင်အာနန္ဒာအား တောင်းပန်၏။ ရှင်အာနန္ဒာက အောက်ပါ ဂါထာတို့ကို ဟောကြား၏။

''ဝင်္ဂီသ၊ သညာဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်သည်ပူလောင်နေခြင်းဖြစ်၏။ သင်သည် ရာဂနှင့်ယှဉ်သည့် တင့်တယ်၏ဟူသော အမှတ် နိမိတ်ကို ရှောင်ကြဉ်ပါလော့။ သင်သည် သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အားဖြင့် ရှုလော့။ အတ္တအားဖြင့် မရှုလင့်။ သင်သည်ပူပြင်းသောရာဂကို ငြိမ်းစေလော့။ အဖန်ဖန်လဲလဲမလောင်မြိုက်စေလင့်။ မတင့်တယ်မှု၌စူးစိုက်သောစိတ်ကိုပွားများလော့။ ကိုယ်အစု၌ဖြစ်သော သတိကိုဖြစ်စေလော့။ သင်သည် ငြီးငွေ့ခြင်းများသူ ဖြစ်စေလော့။

''ဝင်္ဂီသ၊ သင်သည် အမှတ်နိမိတ်ကင်းသော ဝိပဿနာကို ပွားများလော့၊ ကိန်းအောင်းနေသောမာနကိုစွန့်လော့။ မာနကိုပယ်စွန့်ခြင်းကြောင့်သင်သည် ငြိမ်းအေးသောစိတ် ရှိသည်ဖြစ်၍ လှည့်လည်ရလိမ့်မည်''

## ၅။ သုဘာသိတသုတ်
## [ကောင်းစွာပြောဆိုအပ်သောစကား]

၂၁၃။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ကောင်းစွာ ပြောဆိုအပ်သောစကားကို ဟောကြားတော်မူ၏။

"ရဟန်းတို့၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသောစကားသည် ကောင်းစွာပြောဆိုအပ်သောစကားမည်၏။မကောင်းသဖြင့် ဆိုအပ်သောစကားမမည်။အပြစ်ကင်း၍ ပညာရှိတို့ မကဲ့ရဲ့အပ်သောစကား မည်၏။ အဘယ်လေးပါးတို့နည်းဆိုသော် ရဟန်းတို့၊ ဤသာသနာ၌ ရဟန်းသည် ကောင်းစွာဆိုအပ်သောစကားကိုသာ လျှင်ဆို၏။ မကောင်းသဖြင့် ဆိုအပ်သောစကားကိုမဆို။ တရားနှင့်ညီသော စကားကိုသာလျှင်ဆို၏။တရားနှင့်မညီသောစကားကိုမဆို။ ချစ်ဖွယ်သောစကားကိုသာလျှင်ဆို၏။ ချစ်ဖွယ်မဟုတ်သောစကားကိုမဆို။ မှန်သောစကားကိုသာလျှင် ဆို၏။ လွဲမှားသော စကားကိုမဆို။ ရဟန်းတို့၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားသည် ကောင်းစွာဆိုအပ်သော စကားမည်၏။ မကောင်းသဖြင့် ဆိုအပ်သော စကားမမည်။ အပြစ်ကင်း၍ ပညာရှိတို့ မကဲ့ရဲ့အပ်သော စကားမည်၏။

ဗုဒ္ဓမြတ်စွာသည် ယင်းသို့ဟောကြားတော်မူပြီး အောက်ပါစကားကို ထပ်မံမိန့်ကြားတော်မူ၏။

"သူတော်ကောင်းတို့သည် ကောင်းစွာ ဆိုအပ်သောစကားကို အမြတ်ဆုံးစကားဟု မိန့်ဆိုကြ၏။ တရားနှင့် လျော်သောစကားကိုသာဆိုရာ၏။ တရားနှင့်မလျော်သောစကားကို မဆိုရာ။ ထိုစကားကို ဒုတိယ အမြတ်ဆုံး စကားဟု မိန့်ဆိုကြ၏။ ချစ်ဖွယ်သောစကားကိုသာ ဆိုရာ၏။ ချစ်ဖွယ်မဟုတ်သောစကားကို မဆိုရာ။ ထိုစကားကို တတိယအမြတ်ဆုံးစကားဟု မိန့်ဆိုကြ၏။မှန်သောစကားကိုသာ ဆိုရာ၏။ လွဲမှားသော စကားကို မဆိုရာ။ ထိုစကားကို စတုတ္ထ အမြတ်ဆုံးစကားဟု မိန့်ဆိုကြ၏"

ထိုအခါ အရှင်ဝင်္ဂီသသည် ဗုဒ္ဓမြတ်စွာထံ၌ ခွင့်တောင်းပြီး မိမိဉာဏ်၌ ရုတ်တရက် ထင်မြင်လာသော အကြောင်းအရာ များကိုဖွင့်ဟလျှောက်ကြားလေသည်။

"မိမိကိုယ်ကို ပူပန်စေခြင်း၊ သူတပါးအားလည်း ထိခိုက်ခြင်း မရှိသော စကားကိုသာ ပြောဆိုရာ၏။ ထိုစကားသည်သာ ကောင်းစွာပြောဆိုအပ်သော

စကားမဘ်၏။ သူဘပါးတို့နှစ်သက်အပ်သည့် ချစ်ဖွယ်သောစကားကိုသာလျှင် ဆိုသ၏။ သူဘပါးတို့၏မကောင်းမှုတို့ကို စွဲယူခြင်းမပြုပဲ ချစ်ဖွယ်သော စကားကိုသာ ဆိုရာ၏။

မှန်သောစကားသည် စင်စစ် အမြိုက်သုဓာဘုတ်နှင့်တူ၏။ မှန်သောစကားကိုဆိုခြင်းသည် ရှေးရိုးစဉ်လာတရားဖြစ်၏။ သူတော်ကောင်းတို့သည် မှန်ကန်ခြင်း၊ အကျိုးရှိခြင်း၊ အကြောင်းယုတ္တိရှိခြင်းတို့၌တည်လျက် စကားကို ပြောဆိုကြကုန်၏။

နိဗ္ဗာန်သို့ ရောက်ခြင်း၊ ဆင်းရဲကုန်ဆုံးခြင်း အလို့ငှာ မြတ်စွာဘုရားသည် ဟောကြားအပ်သည့် ဘေးကင်းသောစကားတော်သည် စကားဟူသမျှတို့တွင် အမြတ်ဆုံးဖြစ်ပေ၏”

## ၆။ သာရိပုတ္တသုတ်

[ရှင်သာရိပုတ္တရာအား ရှင်ဝင်္ဂီသက ချီးကျူးခြင်း]

၂၁၄။ ရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ပြေပြင်သန့်ရှင်းသောတရားစကားဖြင့် ဟောကြားဆုံးမတော်မူ၏။ ရဟန်းတို့ကလည်း တရားကို အာရုံစိုက်၍ နာကြားကြကုန်၏။ ထိုအခါ အရှင်ဝင်္ဂီသသည်ရှင်သာရိပုတ္တရာထံ၌ခွင့်တောင်းပြီး မိမိဉာဏ်၌ထင်မြင်လာသော အကြောင်းအရာများကို ပွင့်ဟလျှောက်ကြားလေသည်။

“နက်နဲသော ပညာ၊ ထိုးထွင်းနိုင်သော ပညာ၊ ကြီးမြတ်သော ပညာနှင့်ပြည့်စုံ၍ အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား တရားကို ဟောကြား၏။ အကျဉ်းအားဖြင့် လည်းကောင်း၊ အကျယ်အားဖြင့်လည်းကောင်း တရားကိုဟောကြား၏။ သာလိကာမ၏ သာယာသောမြည်ကြွေးသံကဲ့သို့ ဉာဏ်၌ထင်မြင်ချက်ကိုထုတ်ဖော်၏။ရှင်သာရိပုတ္တရာ၏ သာယာသောတရားသံကို နာကြားရသော ရဟန်းတို့သည် ထိုသာယာသော အသံကြောင့် တက်ကြွဝမ်းမြောက်သောစိတ် ရှိကုန်သည်ဖြစ်၍ နားစိုက်၍ထောင်ကြကုန်၏”

## ၇။ ပဝါရဏာသုတ်

[အပြစ်မြင်လျှင် ဆုံးမရန် ဖိတ်ကြားခြင်း]

၂၁၅။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန္တာဖြစ်ပြီးသော ရဟန်းငါးရာတို့နှင့်အတူ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေ၏။ထိုအခါ ဗုဒ္ဓသည်

တဆယ့်ငါးရက်မြောက်ဖြစ်သော ဥပုသ်နေ့၌ ပဝါရဏာပြုရန် ရဟန်းအပေါင်း ခြံရံလျက် လွင်တီးခေါင်၌နေစဉ် ငြိမ်သက်သော ရဟန်းအပေါင်းကို စောင်းငဲ့ ကြည့်ရှု၍ ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ယခု ငါသည် သင်တို့အား ဖိတ်ကြား၏။ ငါ၏ တစုံတခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို သင်တို့ ကဲ့ရဲ့ရန်ရှိသလော"

ထိုအခါ ရှင်သာရိပုတ္တရာက ဗုဒ္ဓအား ဤသို့ လျှောက်ကြား၏။

"အရှင်ဘုရား၊ တပည့်တော်တို့သည် မြတ်စွာဘုရား၏ တစုံတခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာတို့ကို ကဲ့ရဲ့ရန် မရှိပါ။ မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသောလမ်းကို ဖြစ်ပေါ်စေသူဖြစ်ပါသည်။ သူတပါးတို့ မပြောကြားအပ်သောလမ်းကို ပြောကြားသူဖြစ်ပါသည်။ လမ်းကိုသိမြင်လိမ္မာသူ ဖြစ်ပါသည်။ ယခုအခါ တပည့်တော်တို့သည်မြတ်စွာဘုရား၏လမ်းသို့လိုက်၍နေကြရပါသည်။ အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရားအား ဖိတ်ကြားပါသည်။ တပည့်တော်၏ တစုံတခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို မြတ်စွာဘုရားသည် ကဲ့ရဲ့ရန်ရှိပါသလော"

"သာရိပုတ္တရာ၊ ငါသည် သင်၏ တစုံတခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို ကဲ့ရဲ့ရန် မရှိ။ သင်သည် ကြီးသော ပညာ၊ ကျယ်ပြန့်သော ပညာ၊ ရွှင်သော ပညာ၊ လျင်သောပညာ၊ ထက်သောပညာ၊ ထိုးထွင်းနိုင်သောပညာတို့နှင့် ပြည့်စုံသူ ဖြစ်၏။ သာရိပုတ္တရာ၊ စကြဝတေးမင်း၏ သားကြီးသည် ဖခင် လည်စေအပ်သောစကြာရတနာကို ကောင်းစွာအတုလိုက်၍လည်စေနိုင်သကဲ့သို့ သင်သည်လည်း ငါ လည်စေအပ်သော ဓမ္မစက်ကို ကောင်းစွာအတုလိုက်၍ လည်စေနိုင်၏"

"အရှင်ဘုရား၊ သို့ဖြစ်သော် မြတ်စွာဘုရားသည် ဤငါးရာသောရဟန်းတို့၏ တစုံတခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို ကဲ့ရဲ့ရန်ရှိပါသလော"

"သာရိပုတ္တရာ၊ ငါသည် ဤငါးရာသောရဟန်းတို့၏ တစုံတခုသော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာကို ကဲ့ရဲ့ရန်မရှိ။ ဤငါးရာသောရဟန်းတို့တွင် ခြောက်ကျိပ်သော ရဟန်းတို့သည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်၏။ ခြောက်ကျိပ်သော ရဟန်းတို့သည် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်၏။ ခြောက်ကျိပ်သော ရဟန်းတို့သည် နှစ်ပါးသောအဖို့ဖြင့် လွတ်မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်များဖြစ်၏။ ဤမှ တပါးသောရဟန်းတို့သည်ကား ပညာဖြင့်လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်များဖြစ်၏။

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ အရှင်ဝင်္ဂီသသည် ဗုဒ္ဓထံ၌ခွင့်တောင်းပြီး မိမိဉာဏ်၌ ရုတ်တရက် ထင်မြင်လာသည့်အတိုင်း ဗုဒ္ဓနှင့် ရဟန်းအပေါင်းအား ချီးကျူးစကား မြွက်ကြားလေသည်။

"သံယောဇဉ်နှောင်ကြိုးကိုဖြတ်၍ ဆင်းရဲခြင်း၊ ဘဝသစ်၌ဖြစ်ခြင်း ကုန်ဆုံးပြီးသော ရဟန္တာငါးရာတို့သည် လဆန်းတဆယ့်ငါးရက်မြောက်သော ဤနေ့၌ စင်ကြယ်စွာပဝါရဏာပြုခြင်းငှာ အညီအညွတ်စည်းဝေးကြကုန်၏။

"အမတ်အပေါင်းခြံရံအပ်သောစကြဝတေးမင်းသည်သမုဒ္ဒရာလေးစင်းလျှင် အပိုင်းအခြားရှိသော ကမ္ဘာမြေကြီးကိုလှည့်လည်သကဲ့သို့ ကိလေသာစစ်မြေပြင်ကိုအောင်မြင်ပြီး၍ အတုမရှိသောမြတ်စွာဘုရားကို ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော တပည့်တို့သည် ဆည်းကပ်ကြကုန်၏။

"မြတ်စွာဘုရား၏သားတော်အားလုံးအတွင်း၌ သီလ ဟူသော အနှစ်သာရ ကင်းသူသည် မရှိ။ တဏှာ ဟူသော ငြောင့်တံသင်းကိုနုတ်ပယ်ပြီး၍ နေမင်း၏ အဆွေဖြစ်သော မြတ်စွာဘုရားကို ကျွန်ုပ်ရှိခိုးပါ၏"

## ၈။ ပရောသဟဿသုတ်

### [ရဟန်းတထောင်ကျော်အား တရားဟောခြင်း]

၂၁၆။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တထောင်နှစ်ရာ့ငါးကျိပ်သောရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်လျဉ်းသော တရားစကားကို ဟောကြားတော်မူ၏။ ရဟန်းတို့ကလည်း ကောင်းစွာ နာယူမှတ်သားကြ၏။ ထိုအခါ အရှင်ဝင်္ဂီသသည် ဗုဒ္ဓထံ၌ခွင့်တောင်းပြီး မိမိ ဉာဏ်၌ ထင်မြင်လာသည့်အတိုင်း ဗုဒ္ဓအား ချီးကျူးစကား လျှောက်ကြားလေသည်။

"ကိလေသာအညစ်အကြေးကင်းစင်သည့် နိဗ္ဗာန်တရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရားကို ရဟန်းတထောင်ကျော်တို့သည် ဆည်းကပ်၍နေကြကုန်၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောကြားသည့် ဖြူစင်သောတရားကို နာကြားကြကုန်၏။ ရဟန်းအပေါင်းတို့ဖြင့်ခြံရံအပ်သော မြတ်စွာဘုရားသည် တင့်တယ်လှပေစွ။

"ခုနစ်ဆူမြောက်သော မြတ်စွာဘုရားသည် တပည့်တို့အား တရားတည်း ဟူသော မိုးကို ရွာသွန်းတော်မူ၏။ ကြီးမားသောလုံ့လရှိသော မြတ်စွာဘုရား၊ အရှင်ဘုရား၏တပည့် ဝင်္ဂီသသည် အရှင်ဘုရားကိုဖူးမြင်လိုသောကြောင့် နေ့သန့်ရာမှ ထွက်၍ အရှင်ဘုရား၏ခြေတော်တို့ကိုရှိခိုးပါ၏"

"ဝင်္ဂီသ၊ သင်သည် ဤဂါထာတို့ကို ရှေးက ကြံတင်၍ကြံစည်ထားသလော။ သို့မဟုတ် သင်၏ဉာဏ်၌ ရုတ်တရက်ပေါ်လာသလော"

"အရှင်ဘုရား၊ တပည့်တော်သည် ဤဂါထာတို့ကို ရှေးက ကြံတင်၍ကြံစည်ထားသည် မဟုတ်ပါ။ တပည့်တော်၏ဉာဏ်၌ ရုတ်တရက် ပေါ်လာခြင်း ဖြစ်ပါသည်"

"ဝင်္ဂီသ၊ သို့ဖြစ်သော် ရှေးကကြံတင်၍ကြံစည်မထားသည့်ဂါထာများသည် သင့်ဉာဏ်၌ နောက်ထပ်ထင်စေဦးလော့"

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါအရှင်ဝင်္ဂီသသည် "ကောင်းပါပြီဘုရား" ဟု ဝန်ခံ၍ နောက်ထပ် ချီးကျူးဂါထာများကို လျှောက်ကြားပြန်၏။

"အကြင်မြတ်စွာဘုရားသည် လွဲမှားသော မာရ်နတ်၏လမ်းကို လွှမ်းမိုးပြီး ငြောင့်တံသင်းများကို ဖျက်ဆီး၍ ကြွသွားတော်မူတတ်၏။ တရားကို ခွဲခြား ဝေဖန်၍ ဟောကြားတတ်၏။ အနှောင်အဖွဲ့မှလွတ်မြောက်အောင်လည်း ပြုတော်မူတတ်၏။ ထိုမြတ်စွာဘုရားကို ဖူးမြင်ကြပါကုန်လော့။

"မြတ်စွာဘုရားဟောကြားအပ်သော တရားကို မြင်သူတို့သည် မရွေ့လျောသည်ဖြစ်၍ တည်ကုန်၏။ ထိုမြတ်စွာဘုရားသည် မြတ်သောတရားကို ကိုယ်တိုင် သိမြင်၍ ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူခဲ့၏။ တရားကိုသိသောပညာရှိတို့အား မေ့လျော့ခြင်းသည် မရှိ။ ထို့ကြောင့် ကျွန်ုပ်သည်လည်း အခါခပ်သိမ်း မေ့လျော့ခြင်းမရှိပဲကျင့်ပါအံ့"

## ၉။ ကောဏ္ဍညသုတ်

### [အရှင်ကောဏ္ဍညအား ရှင်ဝင်္ဂီသ ချီးကျူးခြင်း]

၂၁၇။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် အရှင်ကောဏ္ဍညသည် ဗုဒ္ဓထံချဉ်းကပ်၍ ခြေတော်အစုံကို ခေါင်းဖြင့် ဦးတိုက်ကာ ပါးစပ်ဖြင့်စုပ်၏။ လက်နှစ်ဘက်ဖြင့်လည်း ဆုပ်နယ်၏။

"အရှင်ဘုရား၊ တပည့်တော်သည် ကောဏ္ဍညပါတည်း။ အရှင်ဘုရား တပည့်တော်သည် ကောဏ္ဍညပါတည်း" ဟူ၍ မိမိအမည်ကိုလည်း လျှောက်ကြား၏။

ထိုအခါ အရှင်ဝင်္ဂီသသည် ဗုဒ္ဓထံ၌ခွင့်တောင်းပြီး မိမိဉာဏ်၌ ရုတ်တရက် ထင်မြင်လာသည့်အတိုင်း အရှင်ကောဏ္ဍညအား ချီးကျူးထောမနာပြုသည့် စကားများကို မြွက်ဆိုလေသည်။

"ကောဏ္ဍညမည်သော ထိုမထေရ်သည် မြတ်စွာဘုရားသို့ အတုလိုက်၍ သစ္စာလေးပါးတရားကိုသိမြင်တော်မူ၏။ထက်သောလုံ့လနှင့်လည်းပြည့်စုံတော်

မူ၏။ ဈာန်သမာပတ်ကိုရရှိသောပုဂ္ဂိုလ်ဖြစ်၏။အမြဲချမ်းသာဆိတ်ငြိမ်စွာနေလေ့ရှိ၏။မြတ်စွာဘုရား၏တပည့်သည် ရရောက်ထိုက်သောတရားကိုရရောက်ပြီးသောပုဂ္ဂိုလ်ဖြစ်၏။ မြတ်စွာဘုရား၏ အမွေဖြစ်သော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသည့် ထိုအရှင်ကောဏ္ဍညသည် မြတ်စွာဘုရား၏ခြေတော်အစုံကို ရှိခိုး၏"

## ၁၀။ မောဂ္ဂလ္လာနသုတ်

### [ရှင်မောဂ္ဂလ္လာန်အား ရှင်ဝင်္ဂီသချီးကျူးခြင်း]

၂၁၈။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်နံပါးရှိ ကာဠသိလာအရပ်၌ ရဟန္တာဖြစ်ပြီးသော ရဟန်းငါးရာနှင့်အတူ သီတင်းသုံးနေ၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် ထိုရဟန်းငါးရာတို့၏ ကိလေသာမှလွတ်သောစိတ်ကို မိမိစိတ်ဖြင့် ဆင်ခြင်သိမြင်တော်မူ၏။

ထိုအခါ အရှင်ဝင်္ဂီသသည် ဗုဒ္ဓထံ၌ ခွင့်တောင်းပြီး မိမိဉာဏ်၌ ရုတ်တရက်ထင်မြင်လာသည့်အတိုင်း အရှင်မောဂ္ဂလ္လာန်အား ချီးကျူး ထောမနာပြုသည့် စကားများကို မြွက်ကြားလေသည်။

"ဣသိဂိလိတောင်နံပါး၌ သီတင်းသုံးသော မြတ်စွာဘုရားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသည့် ရဟန္တာငါးရာတို့သည် ဆည်းကပ်နေကြကုန်၏။ တန်ခိုးကြီးသော ရှင်မောဂ္ဂလ္လာန်သည် ထိုရဟန်းငါးရာတို့၏ ကိလေသာမှလွတ်သောစိတ်ကို မိမိစိတ်ဖြင့် ဆင်ခြင်သိမြင်တော်မူ၏။ များစွာသောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ဂေါတမနွယ်ဖွားမြတ်စွာဘုရားကို တပည့်အပေါင်းတို့သည် ဆည်းကပ်၍နေကြကုန်၏"

## ၁၁။ ဂဂ္ဂရာသုတ်

### [ဂဂ္ဂရာရေကန်၌ ဗုဒ္ဓအား ချီးကျူးခြင်း]

၂၁၉။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် စမ္ပာမြို့အနီးရှိ ဂဂ္ဂရာရေကန်ဘေး၌ ရဟန်းငါးရာ၊ ဥပါသကာခုနစ်ရာ၊ ဥပါသိကာမ ခုနစ်ရာ၊များစွာသော နတ်တို့နှင့်အတူသီတင်းသုံးနေ၏။ ထိုအခါ အရှင်ဝင်္ဂီသသည် ထိုရဟန်းလူနတ်တို့ထက်သာလွန်၍ တင့်တယ်တော်မူသော ဗုဒ္ဓမြတ်စွာကိုမြင်၍ အောက်ပါချီးကျူးထောမနာစကားကို မြွက်ကြားလေသည်။

"တိမ်တိုက်ကင်းသော ကောင်းကင်၌ လမင်းသည် တင့်တယ်သကဲ့သို့လည်းကောင်း၊ အညစ်အကြေးကင်းသော နေမင်းသည် တင့်တယ်သကဲ့သို့လည်းကောင်း၊ ထို့အတူ ကိုယ်တော်မှ ပြိုးပြိုး ပြက်ပြက် ထွက်သော အရောင်ရှိတော်မူသော မြတ်စွာဘုရားသည် အခြံအရံဖြင့် တလောကလုံးထက်သာလွန်၍ တင့်တယ်တော်မူပါပေသည်"

## ၁၂။ ဝင်္ဂီသသုတ်

### [အရှင်ဝင်္ဂီသ အရဟတ္တဖိုလ်သို့ ရောက်ခြင်း]

၂၂၀။ အခါတပါး၌ အရှင်ဝင်္ဂီသသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး၏။ ထိုအခါ အရှင်ဝင်္ဂီသသည် ရဟန်းဖြစ်၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်သည်ဖြစ်၍ ဝိမုတ္တိသုခကို ခံစားလျက် အောက်ပါဂါထာတို့ကို ရွတ်ဆို၏။

"ငါတို့သည် ကဗျာဖွဲ့ဆိုခြင်းဖြင့် တရွာမှတရွာ တမြို့မှတမြို့သို့ လှည့်လည်စဉ် မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရ၏။ မြတ်စွာဘုရားသည် ငါ့အား တရားကို ဟောကြားတော်မူခဲ့၏။ ငါသည် မြတ်စွာဘုရား၏ တရားကို ကြားနာရန် ရဟန်းပြုခဲ့၏။ မြတ်စွာဘုရားထံသို့ ငါ၏ ရောက်လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်၏။ ငါသည် ဝိဇ္ဇာသုံးပါးနှင့် အဘိညာဉ်တို့ကို ရရှိခဲ့ပြီး မြတ်စွာဘုရား၏ အဆုံးအမကိုလည်း လိုက်နာကျင့်ကြံရပေပြီ"

# ၉။ ဝနသံယုတ်

[တောနေရဟန်းတို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဝိဝေကသုတ်

[ကိလေသာကင်းဆိတ်ရေးသတိပေးခြင်း]

၂၂၁။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌ နေသော ရဟန်းတပါးသည် နေ့သန့်ရာအရပ်သို့ ကပ်ရောက်နေစဉ် ကာမဂုဏ်နှင့် စပ်သော အကြံတို့ကို ကြံ၏။ ထိုအခါ ထိုတောအုပ်ကိုအုပ်စိုးနေသောနတ်သည် ရဟန်းကို ထိတ်လန့်စေလိုသဖြင့် အောက်ပါဂါထာတို့ကို ရွတ်ဆိုရာ ရဟန်းသည် ထိတ်လန့်ခြင်းသို့ ရောက်လေသည်။

"ရဟန်း၊ သင်သည် ကိလေသာကင်းဆိတ်မှုကို လိုလားသည်ဖြစ်၍ တောထဲသို့ ဝင်ခဲ့၏။ သို့ဖြစ်ပါလျက် သင်၏ စိတ်သည် ဗဟိဒ္ဓအာရုံတို့၌ ကျက်စားဘိ၏။ လူဖြစ်သောသင်သည် အခြားလူဖြစ်သောသူ၌ အလိုဆန္ဒကို ပယ်ဖျောက်လော့။ ယင်းသို့ ပယ်ဖျောက်ခဲ့သော် သင်သည် ရာဂကင်းသည်ဖြစ်၍ ချမ်းသာစွာ နေရလတ္တံ့။"

## ၂။ ဥပဋ္ဌာနသုတ်

[နေ့ခင်း၌ အိပ်သောရဟန်းအား သတိပေးခြင်း]

၂၂၂။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌ နေသော ရဟန်းသည် နေ့သန့်ရာအရပ်သို့ ကပ်ရောက်နေစဉ် အိပ်ပျော်သွား၏။ ထိုအခါ ထိုတောအုပ်၌ အုပ်စိုးနေသော နတ်သည် ရဟန်းကို ထိတ်လန့်စေလိုသဖြင့် အောက်ပါ ဂါထာတို့ကိုရွတ်ဆို၏။

"ရဟန်း၊ ထလော့ အဘယ်ကြောင့် အိပ်ဘိသနည်း။ ကိုလေသာဟူသော နာကျင်ခြင်းရှိလျက် တဏှာတည်းဟူသော မြားသည် စူးဝင်အပ်သော သင့်အား အိပ်ခြင်းသည် ဘာအကျိုးရှိမည်နည်း"

ထိုနတ်ကို ရဟန်းက အောက်ပါဂါထာဖြင့် တုံ့ပြန်ပြောဆို၏။

"နတ်သား၊ ပညာနည်းသူသည်သာ မမြဲသောကာမဂုဏ်တို့၌ပြင်းစွာတွေဝေ၏။ အနှောင်အဖွဲ့တို့မှ လွတ်၍ ကာမဂုဏ်တို့၌ မှီတွယ်ခြင်းမရှိသော ရဟန်းကို နေ့၌ အိပ်ခြင်းသည် ပူပန်ခြင်းကို မဖြစ်စေနိုင်ပေ"

## ၃။ ကဿပဂေါတ္တသုတ်

### [ကဿပ အနွယ်ဝင် ရဟန်းအား သတိပေးခြင်း]

၂၂၃။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌ နေသော အရှင်ကဿပ ဂေါတ္တသည် နေ့သန့်ရာ အရပ်သို့ ကပ်ရောက်နေစဉ် သားမုဆိုး တယောက်ကို ဆုံးမ၏။ ထိုအခါ ထိုတောအုပ်၌ အုပ်စိုးနေသော နတ်သည် အရှင် ကဿပကို ထိတ်လန့်စေလိုသဖြင့်အောက်ပါဂါထာတို့ကိုရွတ်ဆို၏။

"ရဟန်း၊ ပညာမဲ့သောမုဆိုးကို အချိန်အခါမဟုတ်ပဲဆုံးမသော ရဟန်းသည် မိုက်မဲသူဖြစ်၏ဟုကျွန်ုပ်ထင်ပါ၏။ မုဆိုးမိုက်သည်နားထောင်၏။ သို့သော်မသိ။ ကြည့်၏။သို့သော်မမြင်။သင်ကတရားဟောသော်လည်း သူကားအနက်အဓိပ္ပာယ် ကိုနားလည်မည်မဟုတ်။ ကဿပ၊ သင်သည် မီးတိုင်ဆယ်တိုင် ထွန်းစေကာမူ မုဆိုးကား မြင်မည်မဟုတ်။ အကြောင်းကား ပညာမျက်စိ မရှိသောကြောင့် ပင်တည်း"

## ၄။ သမ္ဗဟုလသုတ်

### [များစွာသော ရဟန်းတို့အား တောစောင့်နတ်က တောင့်တခြင်း]

၂၂၄။ ကောသလတိုင်း အတွင်းရှိ တောအုပ်တခု၌ နေသည့် များစွာသော ရဟန်းတို့သည်ဝါကျွတ်သော်ခရီးထွက်သွားကြ၏။ထိုအခါထိုတောအုပ်၌အုပ်စိုး နေသောနတ်သည်ငိုကြွေးလျက်အောက်ပါဂါထာကိုရွတ်ဆို၏။

"ရဟန်းတို့မှ ဆိတ်သုဉ်းသည့် များစွာသော နေရာတို့ကို မြင်ရသောကြောင့် ငါ့အား ယခုမမွေ့လျော်သကဲ့သို့ ထင်၏။ ဂေါတမ ဘုရား၏ တပည့် ဖြစ်သည့် အကြားအမြင်များသော ထိုရဟန်းတို့သည် ဘယ်အရပ်သို့သွားကြကုန်ပြီနည်း"

ထိုအခါ အခြားနတ်သားတယောက်က အောက်ပါဂါထာကိုဆိုလေသည်။

"အချို့သော ရဟန်းတို့သည် ကောသလတိုင်းသို့သွားကြ၏။ အချို့သော ရဟန်းတို့သည် မဂဓတိုင်းသို့သွားကြ၏။ အချို့သောရဟန်းတို့ကား ဝဇ္ဇီတိုင်းသို့ သွားကြ၏။ သားသမင်ကဲ့သို့ကပ်ငြိမှုမရှိသော ရဟန်းတို့သည် အိုးအိမ်အတည် တကျမရှိသည်ဖြစ်၍နေကြကုန်၏"

## ၅။ အာနန္ဒသုတ်

[ရှင်အာနန္ဒာအားတောစောင့်နတ်ကသတိပေးခြင်း]

၂၂၅။ အခါတပါး၌ရှင်အာနန္ဒာသည် ကောသလတိုင်းအတွင်းရှိ တောအုပ် တခု၌နေစဉ်လူတို့အားသိစေခြင်း (တရားဟောခြင်း) များသည်အချိန်ကိုကုန်လွန် စေ၏။ထိုအခါထိုတောအုပ်၌အုပ်စိုးနေသောနတ်သည် ရှင်အာနန္ဒာကို ထိတ်လန့် စေလိုသဖြင့်အောက်ပါဂါထာကိုရွတ်ဆို၏။

"ဂေါတမအနွယ် ဖြစ်သော ရဟန်း၊ သင်သည် သစ်ပင်ရင်း၊ တောချုံသို့ ဝင်လျက်နိဗ္ဗာန်ကိုမျှော်မှန်းကာတရားကိုရှုမှတ်ဆင်ခြင်ပါလော့။ မေ့လျော့ခြင်း မဖြစ်ပါလင့်။စကားကိုတဗျစ်ဗျစ်ပြောဆိုနေခြင်းသည် သင့်အားအကျိုးမရှိပါ"

## ၆။ အနုရုဒ္ဓသုတ်

[ရှင်အနုရုဒ္ဓါအား နတ်သမီး ဖြားယောင်းခြင်း]

၂၂၆။ အခါတပါး၌ရှင်အနုရုဒ္ဓါသည်ကောသလတိုင်းအတွင်းရှိ တခုသော တောအုပ်၌ သီတင်းသုံး၏။ ထိုအခါ ရှေးဘဝက ရှင်အနုရုဒ္ဓါ၏ မယားဖြစ်ခဲ့ဖူး သည့် ဇာလိနီမည်သော နတ်သမီးသည် ရှင်အနုရုဒ္ဓါထံ ချဉ်းကပ်၍ အောက်ပါ ဂါထာတို့ကိုဆို၏။

"ရဟန်း၊ သင်သည် ရှေးကနေခဲ့ဖူးသည့်နေရာကိုစိတ်ဖြင့် တောင့်တလော့။ သင်သည်ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံသော တာဝတိံသာနတ်ပြည်၌ နတ်သမီး အပေါင်းခြံရံလျက်စံစားခဲ့ဖူး၏။ များသော အခြံအရံရှိသော တာဝတိံသာနတ် တို့၏နေရာ နန္ဒဝန် ဥယျာဉ်ကို မမြင်ဖူးသူတို့သည် ချမ်းသာခြင်းကို မသိသူများ ဖြစ်ကုန်၏"

ထိုနတ်သမီးကို ရှင်အနုရုဒ္ဓါက အောက်ပါစကားဖြင့် တုံ့ပြန်မိန့်ကြားတော် မူ၏။

"မိုက်သောနတ်သမီး၊ သင်သည်ရဟန္တာပုဂ္ဂိုလ်တို့၏ မိန့်ကြားချက်ကိုမသိ။ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန်။ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန်၏။ ဖြစ်ပြီးသော်ချုပ်ပျောက်တတ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာစင်စစ်ချမ်းသာ၏"

"နတ်သမီး၊ ယခုငါ့အား နတ်ပြည်၌တဖန်နေခြင်းသည်မရှိတော့ချေ။ ဘဝသစ်၌ဘဖန်ဖြစ်ခြင်းသည်ကုန်ပြီ"

## ၇။ နာဂဒတ္တသုတ်

### [အရှင်နာဂဒတ္တအား တောစောင့်နတ်က သတိပေးခြင်း]

၂၂၇။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌ နေသော အရှင်နာဂဒတ္တသည် ရွာထဲသို့စောစောဝင်ပြီး နေမြင့်မှပြန်၏။ ထိုအခါထိုတောအုပ်၌အုပ်စိုးနေသောနတ်သည်အရှင်နာဂဒတ္တကိုထိတ်လန့်စေလိုသဖြင့် အောက်ပါဂါထာတို့ကို ရွတ်ဆို၏။

"အရှင်နာဂဒတ္တ၊ သင်သည် ရွာထဲသို့စောစောဝင်၍ နေမြင့်မှ ပြန်လာ၏။ အချိန်လွန်အောင်လှည့်လည်ပြီးလူတို့နှင့်ရောနှောကာ တူမျှသော ချမ်းသာဆင်းရဲရှိသည်ဖြစ်၍ နေ၏။ လူတို့၌ ဖွဲ့ယှက်သော စိတ်ရှိလျက် လွန်စွာ ခက်ထန်သော အရှင်နာဂဒတ္တကို ကျွန်ုပ် ကြောက်လှပါ၏။ သင်သည် အင်အား ကြီးသော မာရ်နတ်၏အလိုနိုင်ငံသို့မလိုက်ပါလင့်"

## ၈။ ကုလဃရဏီသုတ်

### [တောစောင့်နတ်က အိမ်ရှင်မအသွင်ဖြင့် ဆုံးမခြင်း]

၂၂၈။ ကောသလတိုင်း အတွင်းရှိ တောအုပ်တခု၌ နေသော ရဟန်းတပါးသည် အိမ်ဘအိမ်၌ အချိန်ကြာမြင့်စွာနေလေ့ရှိ၏။ ထိုတောအုပ်ကို အုပ်စိုး၍နေသောနတ်သည် ထိုအိမ်မှ အိမ်ရှင်မအသွင်ဖြင့် ရဟန်းထံ ချဉ်းကပ်၍ အောက်ပါဂါထာကိုရွတ်ဆို၏။

"ရဟန်း၊ လူတို့သည်မြစ်ဆိပ်၊ ပွဲသဘင်၊ လမ်းမတို့၌ စုဝေးကြသည် ရှိသော် သင်နှင့်ကျွန်ုပ်အကြောင်းကိုပြောဆိုကြကုန်၏။ ထိုလူတို့ပြောဆိုသောအကြောင်းသည်မည်သို့သောအကြောင်းဖြစ်ပါသနည်း"

ထိုနတ်၏စကားကိုရဟန်းကအောက်ပါအတိုင်းတုံ့ပြန်ပြောဆို၏။

"လောက၌ ဆန့်ကျင်ဘက် ပြောဆိုသော အသံတို့သည် များစွာ ရှိကုန်၏။ ရသေ့ ရဟန်းသည် ထိုကဲ့သို့သော ဆန့်ကျင်ဘက် အသံတို့ကို သည်းခံ အပ်၏။ စိတ်နှလုံးမသာယာခြင်းမဖြစ်သင့်။ အသံကြောင့် ညစ်နွမ်းခြင်းဖြစ်မည် မဟုတ်။ သားကောင်ကဲ့သို့ အသံဖြင့် ထိတ်လန့်သူကိုပေါ့သော စိတ်ရှိသူ ဟူ၍ ပညာရှိတို့ ဆိုကြ၏။ ထိုသူအားအကျင့်သည်မပြည့်စုံနိုင်ချေ"

(ဤရဟန်းကားရဟန္တာဖြစ်သည်ဟုအဋ္ဌကထာ၌ဖွင့်၏)

## ၉။ ဝဇ္ဇိပုတ္တသုတ်

[ဝဇ္ဇီတိုင်းသား ရဟန်းအား တောစောင့်နတ်က သတိပေးခြင်း]

၂၂၉။ ဝေသာလီပြည် တောအုပ်တခုအတွင်း၌ နေသည့် ရဟန်းတပါးသည် ဝဇ္ဇီတိုင်းသားအပေါင်းတို့၏နက္ခတ်ပွဲသဘင်၌တညလုံး တူရိယာတီးမှုတ်သီဆိုနေကြသည့် အသံများကိုကြားလျှင် ငိုကြွေးလျက် အောက်ပါဂါထာကိုရွတ်ဆို၏။

"ငါတို့သည် အသုံးမဝင်သော သစ်ပင်အိုကဲ့သို့ တောထဲ၌ တယောက်တည်း နေကြရကုန်၏။ ဤကဲ့သို့ပွဲသဘင်ကျင်းပသောညဉ့်၌ ငါတို့အောက် နိမ့်ကျသူကား ဘယ်မှာရှိပါတော့အံ့နည်း"

ထိုအခါထိုတောအုပ်၌အုပ်စိုးနေသောနတ်သည် ထိုရဟန်းကိုထိတ်လန့်စေရန် အောက်ပါဂါထာကိုရွတ်ဆို၏။

"ရဟန်း၊ သင်သည် အသုံးမဝင်သော သစ်ပင်အိုကဲ့သို့တောထဲ၌ တယောက်တည်းနေရ၏။ သို့သော်လည်း ငရဲသားတို့သည် နတ်ပြည်သို့ ရောက်သူများကို အားကျကုန်သကဲ့သို့ ထို့အတူများစွာသော လူတို့သည် သင့်ကိုအားကျကုန်၏"

## ၁၀။ သဇ္ဈာယသုတ်

[တရားကိုရွတ်ဆိုသောရဟန်းအား တောစောင့်နတ်က မေးမြန်းခြင်း]

၂၃၀။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌နေသော ရဟန်းတပါးသည် ယခင်က တရားကိုရွတ်ဆိုလျက် ကြာမြင့်စွာနေခဲ့ပြီး နောက်အခါတွင်မူ တိတ်ဆိတ်စွာဖြင့် ဖလသမာပတ်ချမ်းသာကိုခံစားလျက်နေ၏။ ထိုအခါ ထိုတောအုပ်၌အုပ်စိုးနေသောနတ်သည် တရားသံကိုမကြားရသဖြင့် ရဟန်းထံချဉ်းကပ်၍ မေးလျှောက်ရာ ရဟန်းကလည်း သူ့အမေးကိုဖြေကြား၏။

"ရဟန်း၊ သင်သည် ဘာ့ကြောင့် တရားကိုမရွတ်ဆိုပါသနည်း။ ရဟန်းတို့နှင့် ပေါင်းဖော်သောသူသည် တရားကိုနာရသောကြောင့် မျက်မှောက်ဘဝ၌ စိတ်ကြည်လင်ခြင်းကိုလည်းကောင်း၊ ချီးမွမ်းခြင်းကိုလည်းကောင်း ရရှိပါသည်"

"အချင်းနတ်၊ ငါတို့သည် အရိယာမဂ်သို့မရောက်မီ ရှေးအခါက တရားကို ရွတ်ဆိုခြင်း၌ ဆန္ဒဖြစ်ပေါ်ခဲ့၏။ အရိယာမဂ်သို့ ရောက်ပြီးသောအခါ၌မူကား မြင်အပ် ကြားအပ် တွေ့သိအပ်သော တရားအားလုံးကို သိ၍ ၄န်လွှင့်ခြင်းကို သူတော်ကောင်းတို့ ချီးမွမ်းကုန်၏"

## ၁၁။ အကုသလဝိတက္ကသုတ်

[အကုသိုလ်ဝိတက်ကိုကြံသောရဟန်းအား တောစောင့်နတ်ကသတိပေးခြင်း]

၂၃၁။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌နေသော ရဟန်းတပါး သည် နေ့သန့်ရာသို့ ကပ်ရောက်နေစဉ် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာ ဝိတက် ဟူသော အကုသိုလ်ဝိတက်တို့ကို ကြံစည်မိလေ၏။ ထိုအခါ ထိုတောအုပ်၌ အုပ်စိုးနေသောနတ်သည် ရဟန်းကိုထိတ်လန့်စေရန် အောက်ပါဂါထာတို့ကို ရွတ်ဆိုလေသည်။

"ရဟန်း၊ မသင့်သောအားဖြင့်နှလုံးသွင်းခြင်းကြောင့် သင့်ကို ဝိတက်တို့သည် ကိုက်ခဲကုန်၏။ သင်သည် မသင့်သောနှလုံးသွင်းခြင်းကို စွန့်လော့။ သင့်သော အားဖြင့် အဖန်တလဲလဲကြံစည်လော့။ ဘုရား၊ တရား၊ သံဃာနှင့် မိမိ၏သီလကို အာရုံပြုသည်ရှိသော် ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်း၊ ချမ်းသာခြင်းကို စင်စစ် ရလိမ့်မည်။ များစွာ ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲကုန်ဆုံးမှုကို ပြုနိုင် လိမ့်မည်"

## ၁၂။ မဇ္ဈန္ဟိကသုတ်

၂၃၂။ မဇ္ဈန္ဟိကသုတ်သည် သုတ်စဉ် ၁၅။ ဒေဝတာသံယုတ် သဏှမာန သုတ်နှင့်တူ၏။

## ၁၃။ ပါကတိန္ဒြိယသုတ်

၂၃၃။ ပါကတိန္ဒြိယသုတ်သည် ဒေဝပုတ္တသံသုတ် သုတ်စဉ် ၁၀၆။ ဇန္တု သုတ်နှင့်တူ၏။

## ၁၄။ ဂန္ဓတ္ထေနသုတ်

[အနံ့ကိုခိုးသူဟု တောစောင့်နတ်က စွပ်စွဲခြင်း]

၂၃၄။ ကောသလတိုင်းအတွင်းရှိ တောအုပ်တခု၌နေသော ရဟန်းတပါး သည် ရေကန်ထဲသို့ဆင်း၍ ပဒုမ္မာကြာကိုနမ်း၏။ ထိုအခါ တောစောင့်နတ်က ရဟန်းကိုထိတ်လန့်စေရန် အပြစ်တင်စကားပြောဆို၏။ ရဟန်းကလည်း တုံ့ပြန် ပြောဆို၏။

"ရဟန်း၊ သင်သည် ပိုင်ရှင်ကမပေးသော ကြာပန်းကို နမ်းဘိ၏။ ယင်းသို့ နမ်းခြင်းသည် ခိုးခြင်းအင်္ဂါတို့တွင် တပါးအပါအဝင်ဖြစ်၏။ သင်သည် အနံ့သူခိုး ဖြစ်၏"

"အချင်းနတ်၊ ငါသည် ပဒုမ္မာကြာကိုချိုးယူသည်မဟုတ်။ အဝေးမှနမ်းခြင်းသာဖြစ်၏။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ငါ့ကို အနံ့ခိုးသူဟူ၍ဆိုဘိသနည်း။ ကြာစွယ်ကိုတူး၍ ကြာပွင့်ကို ချိုးဖွဲ့ချက်ဆီးသူကိုမူ အဘယ့်ကြောင့် ကြာသူခိုးဟူ၍ မဆိုသနည်း"

"ရဟန်း၊ မကောင်းမှုအမျိုးမျိုးဖြင့်ပြွမ်း၍ နို့ထိန်းသည်၏ အဝတ်ကဲ့သို့ အညစ်အကြေးတို့ဖြင့် လိမ်းကပ်နေသူကို ကျွန်ုပ် တစုံတရာ ပြောဆိုဖွယ်မရှိပါ။ သင့်ကိုသာလျှင် ကျွန်ုပ် ပြောဆိုရန်ရှိပါသည်။ အမြဲစင်ကြယ်မှုကိုရှာနေသူအား သားမြီးဖျားမျှလောက်သောမကောင်းမှုသည် တိမ်တိုက်ကဲ့သို့ထင်ရပါသည်"

"အချင်းနတ်၊ သင်သည် ငါ့ကို စင်စစ် သိပေ၏။ သင်သည် ငါ့ကို အစဉ်သနားစောင့်ရှောက်ပေ၏။ ဤသို့သဘောရှိသောအမှုကိုမြင်ခဲ့သော် နောက်ထပ်လည်း ငါ့ကို ပြောဆိုပါလော့"

# ၁၀။ ယက္ခသံယုတ်

[ဘီလူးတို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဣန္ဒကသုတ်

[ဣန္ဒကဘီလူးအား သတ္တဝါဖြစ်ပုံကိုဟောခြင်း]

၂၃၅။ အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်ဣန္ဒကူဋတောင်၊ ဣန္ဒက ဘီလူး၏ဗိမာန်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ဣန္ဒကဘီလူးက သတ္တဝါ ဖြစ်ပေါ်လာပုံကို မေးလျှောက်သဖြင့် ဗုဒ္ဓက ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားတို့သည် ရုပ်ကို ဇီဝဟုမဆိုကြပါ။ အဘယ် အကြောင်းကြောင့် ဤသတ္တဝါသည် ဤခန္ဓာကိုယ်ကို ရပါသနည်း။ ထိုသတ္တဝါ အား အရိုးစု အသားစုသည် ဘယ်က ရောက်လာပါသနည်း။ အဘယ်အကြောင်း ကြောင့် ဤသတ္တဝါသည် မိခင်ဝမ်း၌ ကပ်ငြိပါသနည်း"

"ဘီလူး၊ ရှေးဦးစွာ ကလလရေကြည်သည်ဖြစ်၏။ ကလလ ရေကြည်မှ အမြှုပ်သည်ဖြစ်၏။ အမြှုပ်မှ သားတစ်သည်ဖြစ်၏။ သားတစ်မှ အခဲသည်ဖြစ် ၏။ အခဲမှ ခက်မငါးဖြာတို့သည် ဖြစ်ကုန်၏။ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက် သည်းတို့သည်လည်း ဖြစ်ကုန်၏။ မိခင်ဝမ်း၌တည်သော သတ္တဝါသည် မိခင် စားအပ်သောအစာဖြင့်ပင် မိခင်ဝမ်း၌ မျှတနေရ၏"

## ၂။ သက္ကနာမသုတ်

[ သက္ကဘီလူးအား သူတပါးကို ဆုံးမသင့်ကြောင်းမိန့်ကြားခြင်း ]

၂၃၆။ ဂိဇ္ဈကုဋ်တောင်၌ ဗုဒ္ဓသီတင်းသုံးစဉ် သက္ကမည်သောဘီလူးက သူ တပါးအား ဟောပြော ဆုံးမခြင်းသည် မသင့်ကြောင်း လျှောက်ကြားသဖြင့် ဗုဒ္ဓကတုံ့ပြန် မိန့်ကြားတော်မူ၏။

"အရှင်ဘုရား၊ အဆုံးအဖွဲ့အားလုံးကိုပယ်၍ ဘဝသုံးပါးမှ လွတ်မြောက်ပြီးသော အရှင်ဘုရားအား သူတပါးကို ဟောပြောဆုံးမ နေခြင်းသည် မသင့်လျော်ပါ"

"အချင်းသက္က၊ ပညာရှိသည် တစုံတခုသော အကြောင်းကြောင့် မိမိနှင့် အတူတကွနေထိုင်သူကို စိတ်ဖြင့်သာလျှင် စောင့်ရှောက်ခြင်းငှာ မထိုက်။ ကြည်လင် သန့်ရှင်းသောစိတ်ဖြင့် သွန်သင်ဆုံးမခဲ့သော် အတူတကွ စပ်ယှက်မှုသည် မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အစဉ်စောင့်ရှောက်ခြင်း၊ အစဉ်သနားခြင်းရှိသောကြောင့် ဖြစ်၏"

## ၃။ သူစိလောမသုတ်

### [ သူစိလောမ ဘီလူး၏ အမေးကို ဖြေခြင်း]

၂၃၇။ အခါတပါး၌ ဗုဒ္ဓသည် ဂယာရွာ သူစိလောမဘီလူး၏ဗိမာန်ညောင်စောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ခရလောမ ဘီလူးနှင့် သူစိလောမ ဘီလူးတို့သည် ဗုဒ္ဓအနီး၌ သွားချည် လာချည်ပြုကာ ဗုဒ္ဓအား ရဟန်းတဟူ၍ ပြောဆိုနေကြသည်။ ထို့နောက် သူစိလောမက ဗုဒ္ဓအနီးသို့ချဉ်းကပ်ရာ ဗုဒ္ဓက ကိုယ်ကို ဖယ်ရှားပေး၏။

"ရဟန်း၊ သင်သည်ငါ့ကို ကြောက်သလော"

"ဘီလူး၊ ငါသည်သင့်ကိုမကြောက်။သို့သော်သင်၏အတွေ့သည်ကြမ်းတမ်းလှ၏"

"ရဟန်း၊ သင့်ကို ငါပြဿနာ မေးအံ့။ မဖြေနိုင်ခဲ့သော် သင်၏ စိတ်ကို ပျံ့လွင့်စေအံ့။ သင်၏ နှလုံးသားကိုသော်လည်း ခွဲအံ့။ ခြေထောက်နှစ်ဘက်ကို ကိုင်၍ မြစ်ဘဘက်ကမ်းသို့သော်လည်း ပစ်အံ့"

"ဘီလူး၊ ဤလောက၌ ငါ့ကို ထိုကဲ့သို့ပြုလုပ်နိုင်သူကို ငါမမြင်ပေ။ သို့ဖြစ်စေကာမူ သင်မေးလိုခဲ့သော် ပြဿနာကို မေးပါလော့"

ဗုဒ္ဓကယင်းသို့ မိန့်ကြားလျှင် သူစိလောမ ဘီလူးသည် အောက်ပါပြဿနာကို မေး၏။ ဗုဒ္ဓကလည်းဖြေကြား၏။

"ရဟန်း၊ ရာဂ ဒေါသတို့သည် အဘယ် အကြောင်းရင်းရှိပါကုန်သနည်း။ မမွေ့လျော်ခြင်း မွေ့လျော်ခြင်း ကြက်သီးမွေးညင်းထခြင်း တို့သည် အဘယ်မှ ဖြစ်ပါကုန်သနည်း။ သူငယ်တို့သည် ကျီးကိုဖမ်း၍ ကြိုးဖြင့် ချည်ကာ လွှတ်ကုန်သကဲ့သို့မနောဝိတက်တို့သည်ဘယ်မှဖြစ်၍ဘာကိုလွှတ်ကြပါကုန်သနည်း"

"ဘိက္ခုတို့၊ ရာဂ ဒေါသတို့သည် ဤအတ္တဘောလျှင် အကြောင်းရင်းရှိကုန်၏။ မမွေ့လျော်ခြင်း၊ မွေ့လျော်ခြင်း၊ ကြက်သီး မွေးညင်း ထခြင်း တို့ သည် ဤ အတ္တဘောမှဖြစ်ကုန်၏။ သူငယ်တို့သည်ကျီးကိုဖမ်း၍ ကြိုးဖြင့် လွှတ်ကုန်သကဲ့သို့ မနောဝိတက်တို့သည်ဤအတ္တဘောမှဖြစ်၍စိတ်ကိုလွှတ်ကုန်၏။

"အတ္တဘော၌ဖြစ်သော တရားတို့သည် ညောင်ပင်၏မြစ်ပျဉ်းကဲ့သို့ တဏှာ ကြောင့်ဖြစ်ကုန်၏။မာလောနွယ်သည် သစ်ပင်ကို ရစ်ပတ်သကဲ့သို့ များစွာသော ကိလေသာတို့သည်ကာမဂုဏ်တို့၌ငြိတွယ်ကုန်၏။

"ဘိက္ခုး၊ဤအတ္တဘောကိုလည်းကောင်း၊ဤအတ္တဘောလျှင်အကြောင်းရင်း ရှိသောတဏှာကိုလည်းကောင်း သိသူတို့သည် ထိုတဏှာကို ပယ်၍ ကူးမြောက် နိုင်ခဲသော ဤသံသရာဝဲသြဃကိုကူးမြောက်ကြကုန်၏"

(ဤသုတ်သည် သုတ္တနိပါတ် စူဠဝဂ်၌လည်း ပါ၏)

## ၄။ မဏိဘဒ္ဒသုတ်

[မဏိဘဒ္ဒဘီလူးအား သတိရှိခြင်းနှင့် စပ်၍ မိန့်ကြားချက်]

၂၃၀။ မဂဓတိုင်း မဏိဘဒ္ဒဘီလူး၏ ဗိမာန်၌ ဗုဒ္ဓ သီတင်းသုံးစဉ် မဏိဘဒ္ဒ ဘီလူးက သတိရှိခြင်းနှင့်ပတ်သက်၍လျှောက်ကြားသဖြင့် ဗုဒ္ဓကတုံ့ပြန်မိန့်ကြား တော်မူ၏။

ဘီလူး ။ ။"သတိရှိသောသူအား အခါခပ်သိမ်း ကောင်းမြတ်၏။ သတိရှိသော သူသည် ချမ်းသာခြင်းကိုရ၏။ ဘေးရန်မှ လည်းလွတ်၏"

ဗုဒ္ဓ ။ ။"သတိရှိသောသူအား အခါခပ်သိမ်း ကောင်းမြတ်၏။ သတိရှိသော သူသည် ချမ်းသာခြင်းကိုရ၏။ သို့သော် ဘေးရန်မှကား မလွတ်သေးပေ။ နေ့ညမပြတ် သတ္တဝါ အားလုံးအပေါ်၌ မေတ္တာကိုပွားများနေသော ပုဂ္ဂိုလ် အားမူတစုံတယောက်သော သူနှင့်မျှ ခိုက်ရန်ဖြစ်ခြင်း မရှိတော့ချေ"

## ၅။ သာနုသုတ်

[သာနုသာမဏေအား ဘီလူးပူးဝင်ခြင်း]

၂၃၉။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဥပါသိကာမ တယောက်၏သားဖြစ်သောသာနု(သာမဏေ)ကိုဘီလူးဖမ်းလေသည်။ ထိုအခါ ဥပါသိကာမသည်ငိုကြွေးမြည်တမ်း၏။

"အကြင်သူတို့သည် လပြည့်လကွယ် စသောနေ့တို့၌ ရှစ်ပါးသီလကို စောင့်ကုန်၏။ အကျင့်မြတ်ကို ကျင့်ကုန်၏။ ထိုသူတို့ကို ဘီလူး မနှိပ်စက်ကုန်ဟူ၍ရဟန္တာတို့၏စကားကို ငါကြားဖူး၏။ ယခုသော်ကား သာနုမည်သော သာမဏေအား ဘီလူးနှိပ်စက်သည်ကိုငါတွေ့မြင်နေရ၏"

ထိုအခါဘီလူးပူးဝင်နေသောသာနုကအောက်ပါအတိုင်းပြောဆို၏။

"ဥပါသိကာမ၊ ရဟန္တာတို့ထံမှသင် ကြားဖူးသောစကားသည်ကောင်းသော စကားပင်ဖြစ်၏။ မကောင်းမှုကိုပြုလျှင်ကောင်းကင်သို့ပျံတက်၍ပြေးသော်လည်း ဆင်းရဲမှ လွတ်နိုင်မည် မဟုတ်ကြောင်း သာနုသာမဏေ သတိရလာသောအခါ ပြောလိုက်ပါလော့"

သာနုသာမဏေသည် ဘီလူးထွက်သွား၍ သတိရလာသောအခါ မိခင်အား အဘယ့်ကြောင့်ငိုကြွေးနေကြောင်းမေးလေသည်။

"မိခင်၊ လောက၌ သေသောသူ၊ အသက်ရှင်လျက် ပျောက်ဆုံးနေသူတို့ကို အကြောင်းပြု၍ငိုကြွေးကြပါသည်။ မိခင်သည်ကား အသက်ရှင်သော ကျွန်ုပ်ကို တွေ့မြင်နေရပါလျက်အဘယ့်ကြောင့်ငိုကြွေးဘိသနည်း"

"ချစ်သား၊ လောက၌ကာမဂုဏ်တို့ကိုစွန့်ပြီးဖြစ်လျက်တဖန်လူထွက်လာသူကို အကြောင်းပြု၍လည်းငိုကြွေးကြကုန်၏။ မှန်၏။ ယင်းသို့ လူထွက်လာသူသည် အသက်ရှင်လျက်နှင့်သူသေနှင့်တူ၏။

"ချစ်သား၊ သင်သည်ပြာပူထဲမှတက်လာပြီး တဖန် ပြာပူထဲသို့ဆင်းရန်အလို ရှိဘိ၏။ ချောက်ထဲမှ တက်လာပြီး တဖန် ချောက်ထဲသို့ဆင်းရန် အလိုရှိဘိ၏။ မီးလောင်အိမ်မှထုတ်ယူလာသောပစ္စည်းကိုတဖန်မီးရှို့ရန်အလိုရှိဘိ၏"

## ၆။ ပိယင်္ကရသုတ်

[ဘီလူးမက သားငယ် ပိယင်္ကရအား ချော့၍]

၂၄၀။ အခါတပါး၌ အရှင်အနုရုဒ္ဓါသည်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေစဉ်နံနက်စောစောထ၍တရားဂါထာတို့ကိုရွတ်ဆို၏။ ထိုအခါပိယင်္ကရမာတာမည်သောဘီလူးမသည်သားငယ်ကိုဤသို့နှစ်သိမ့်စကားပြောဆို၏။

"ချစ်သားပိယင်္ကရ၊ အသံမပြုလင့်။ ရဟန်းသည် တရားဂါထာတို့ကို ရွတ်ဆိုနေ၏။ ငါတို့သည်ထိုတရားကိုသိ၍ကျင့်ခဲ့သော်အကျိုးစီးပွားဖြစ်တန်ရာ၏။ ငါတို့သည် သတ္တဝါတို့အား မညှဉ်းဆဲရန် စောင့်စည်းခြင်း၊ မုသားစကား မဆိုခြင်း၊ ကောင်းသော အကျင့်သီလကို စောင့်သုံးခြင်း ပြုခဲ့သော် မြေဖုတ် ဘီလူးဘဝမှ လွတ်တန်ရာ၏"

## ၇။ ပုနဗ္ဗသုသုတ်

[ဘီလူးမက သားငယ် ပုနဗ္ဗသုအား ချော့ခြင်း]

၂၄၁။ အခါတပါး၌ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးလျက် ရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူ၏။ ထိုအခါ ပုနဗ္ဗသုမာတာမည်သော ဘီလူးမသည် သားသမီးတို့ကို ဤသို့နှစ်သိမ့်စကားပြောဆို၏။

"ချစ်သမီး ဥတ္တရိကာ၊ သင်သည် နတ်လူတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရား၏တရားကို ငါနာနေစဉ်ဆိတ်ဆိတ်နေပါလော့။ ချစ်သား ပုနဗ္ဗသု သင်သည်လည်းဆိတ်ဆိတ်နေပါလော့။ မြတ်စွာဘုရားသည်အထုံးအဖွဲ့ အားလုံးမှ လွတ်မြောက်စေနိုင်သည့် နိဗ္ဗာန်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူ၏။ ဤတရားတော်၌ မြတ်နိုးရခြင်းသည် ကြာတောင်းကြာမှသာ ဖြစ်ရ၏။ လောက၌ သားသမီးကိုလည်းကောင်း၊ ခင်ပွန်းကိုလည်းကောင်း ချစ်အပ်၏။ ငါသည်ကား သားသမီးခင်ပွန်းတို့ထက်တရားရှာခြင်းကိုသာ၍ ချစ်ခင် မြတ်နိုး၏။ ချစ်ခင်အပ်သော သားသမီးခင်ပွန်းတို့သည် တရားနာခြင်းကဲ့သို့ ဆင်းရဲမှ မလွတ်စေနိုင်ချေ"

ဤသို့မိခင်က ပြောဆိုသောအခါ သားပုနဗ္ဗသုနှင့် သမီး ဥတ္တရိကာတို့သည် တိတ်ဆိတ်စွာနေကြ၏။ ဘီလူးမသည်တရားနာယင်းသစ္စာလေးပါးကိုသိမြင်သွားလေ၏။

## ၈။ သုဒတ္တသုတ်

[သုဒတ္တသူဌေးအား ဘီလူးတို့က မြို့တံခါးဖွင့်ပေးခြင်း]

၂၄၂။ အခါတပါး၌ဗုဒ္ဓသည်ရာဇဂြိုဟ်ပြည်ယင်းတိုက်တော၌သီတင်းသုံး၏။ ထိုအခါအနာထပိဏ်သူဌေးသည် ကိစ္စတခုဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လာ၏။ ထိုသူဌေးသည်လောက၌ဘုရားပွင့်နေပြီဟုကြားလျှင်ချက်ချင်း ထိုဘုရားကိုဖူးမြင်လို၏။ သို့သော်အချိန်မှဲ့နေသဖြင့် 'နက်ဖြန်နံနက်မှ သွားမည်' ဟူသော အကြံဖြင့် အိပ်လေရာ မိုးလင်းပြီထင်၍ သုံးကြိမ်တိုင်အောင် ထမိလေသည်။ ထို့နောက် ဗုဒ္ဓသီတင်းသုံးသည့်ယင်းတိုက်တောသချိုင်းသို့သွားလေရာဘီလူးတို့က တံခါးကို ဖွင့်ပေးကြ၏။ မြို့ပြင်သို့ရောက်၍ အမှောင်ထု လွှမ်းမိုးလာသောအခါသူဌေးသည် ကြောက်ရွံ့၍ နောက်သို့ ပြန်ဆုတ်ရန်ကြံ၏။ ထိုအခါ သုသာန်စောင့်နတ်သည် ကိုယ်ထင်ရှားမပြပဲအောက်ပါစကားကိုပြောဆို၏။

"သဋ္ဌေး၊ တသိန်းစီ အရေအတွက် ရှိသော ဆင်မြင်း ရထား၊ ပတ္တမြား နားတောင်းဝတ်သော သမီးကညာတို့ သည် (ကျောင်းသို့ တရားနာအံ့ဟုသွားသော သူ၏) ဖဝါးတလှမ်း၏ တဆယ့်ခြောက်စိတ် တစိတ်လောက်မျှင် အဖိုးမထိုက်ချေ။ သဋ္ဌေး၊ ရှေ့သို့တိုးပါလော့။ သင့်အား ရှေ့သို့တိုးခြင်းသည် မြတ်၏။ နောက်သို့ဆုတ်ခြင်းသည်မမြတ်"

ထိုအခါအနာထပိဏ်သဋ္ဌေးအားအမိုက်မှောင်ကွယ်၍အလင်းရောင်ပေါ်လာသဖြင့် ကြောက်ရွံ့ခြင်း ပျောက်သွား၏။ ထိုနည်းတူ သုံးကြိမ်တိုင်အောင်ဖြစ်၍ ဗုဒ္ဓထံရောက်သွားသောအခါ ဗုဒ္ဓကကြွချောက်ရာမှ ဆင်းလာပြီး ငံ့ထား သောနေရာ၌ လိုက်ကာ 'သုဒတ္တ၊ ဒီကိုလာလော့'ဟု မိန့်တော်မူ၏။ သဋ္ဌေးသည် မိမိအားသုဒတ္တဟုသောပေါ်နာမည်ဖြင့် ခေါ်ခြင်းကို နှစ်သက်၍ ဗုဒ္ဓ၏ခြေတော်နှစ်ဘက်ကိုခေါင်းဖြင့်ဦးတိုက်လျက်'အရှင်ဘုရား၊ချမ်းသာစွာအိပ်ရပါ၏လော' ဟု မေးလျှောက်၏။ ထိုအခါဗုဒ္ဓကအောက်ပါအတိုင်းမိန့်ကြားတော်မူ၏။

"သုဒတ္တ၊ အကြင်သူသည်ကာမဂုဏ်တို့၌မကပ်ငြိ၊ ဥပဓိမရှိသည်ဖြစ်၍ ငြိမ်းအေးခြင်းသို့ရောက်၏။ ထိုသူသည်မကောင်းမှုကို ဆေးကြောပြီးသူ၊ ကိလေသာငြိမ်းအေးပြီးသူဖြစ်၍အခါခပ်သိမ်းချမ်းသာစွာအိပ်ရနေရ၏"

## ၉။ ပထမ သုက္ကာသုတ်

### [သုက္ကာဘိက္ခုနီအား ဘီလူးက ချီးကျူးခြင်း]

၂၄၃။ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ဗုဒ္ဓသိတင်းသုံးစဉ်သုက္ကာမည်သော ဘိက္ခုနီသည် ပရိသတ်များစွာ ခြံရံလျက် တရားဟော၏။ ထိုအခါ ထိုဘိက္ခုနီ၌ အလွန်ကြည်ညိုသော ဘီလူးသည် ရာဇဂြိုဟ်မြို့လှည်းနှ၌ တလမ်းမှ တလမ်းသို့ လှည့်လည်လျက်အောက်ပါဂါထာတို့ကိုရွတ်ဆိုလေသည်။

"ဤရာဇဂြိုဟ်ပြည်၌သေခြင်းကင်းသောဘုရားကို ဟောကြားသော သုက္ကာဘိက္ခုနီထံသို့ဆည်းကပ်ခြင်းမပြုသူတို့သည် အရက်ချိုကိုသောက်သကဲ့သို့ အသာယအမှုကိုပြုကုန်လျက်အိပ်နေကြကုန်သနည်း။ တိမ်တိုက်မှလွတ်သောရေကိုခရီးသွားတို့သည်သောက်ကြသကဲ့သို့တားမြစ်ခြင်းငှာမထိုက်သော၊ သြဇာရှိ၍တစုံတခုဖြင့် မသွန်းလောင်းအပ်သောထိုတရားကိုလည်းစင်စစ်ပညာရှိတို့သည်သာသောက်ကြကုန်၏"

## ၁၀။ ဒုတိယ သုက္ကာသုတ်

၂၄၄။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသိတင်းသုံးစဉ် ဥပါသကာ တယောက်သည် သုက္ကာဘိက္ခုနီအားစားဖွယ်ကိုလှူ၏။ ထိုအခါ ထိုဘိက္ခုနီ၌

အလွန်ကြည်ညိုသောဘီလူးသည် ရာဇဂြိုဟ်မြို့၌ တလမ်းမှတလမ်းသို့ လှည့်လည်လျက်အောက်ပါဂါထာကိုရွတ်ဆို၏။

"အလုံးစုံသောအထုံးအဖွဲ့တို့မှလွတ်မြောက်ရန်ရည်ရွယ်၍သက္ကာဘိက္ခုနီအား စားဖွယ်ကိုလှူသောဥပါသကာသည်စင်စစ်များစွာ သောကောင်းမှုကိုပွားစေ၏။ စင်စစ်ပညာရှိပေ၏"

## ၁၁။ စီရာသုတ်

### [စီရာဘိက္ခုနီအား ဘီလူးက ချီးကျူးခြင်း]

၂၄၅။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဥပါသကာတယောက်သည် စီရာမည်သော ဘိက္ခုနီအား သင်္ကန်းကိုလှူ၏။ ထိုအခါ ထိုဘိက္ခုနီ၌ အလွန်ကြည်ညိုသောဘီလူးသည် ရာဇဂြိုဟ်မြို့၌ တလမ်းမှတလမ်းသို့ လှည့်လည်လျက် အောက်ပါဂါထာကိုရွတ်ဆို၏။

"ယောဂလေးပါးတို့မှ လွတ်မြောက်ရန် ရည်ရွယ်လျက် စီရာမည်သော ဘိက္ခုနီအား သင်္ကန်းကိုလှူသော ဥပါသကာသည် စင်စစ် များစွာသော ကောင်းမှုကို ပွားစေ၏။ စင်စစ် ပညာရှိပေ၏"

## ၁၂။ အာဠဝကသုတ်

### [အာဠဝကဘီလူး၏ပြဿနာများကို ဗုဒ္ဓကဖြေခြင်း]

၂၄၆။ အခါတပါး၌ ဗုဒ္ဓသည် အာဠဝီပြည် အာဠဝကဘီလူး၏ဗိမာန်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အာဠဝကဘီလူးက ဗုဒ္ဓအား 'ရဟန်း၊ ထွက်လေ'ဟုဆိုလျှင် ဗုဒ္ဓသည် 'ကောင်းပြီ'ဟုဆို၍ ဗိမာန်မှထွက်တော်မူ၏။ ဘီလူးက 'ရဟန်း၊ ဝင်လေ' ဟုဆိုသောအခါ၌လည်း ဗုဒ္ဓသည် 'ကောင်းပြီ' ဟုဆို၍ ဗိမာန်သို့ဝင်တော်မူ၏။ ဤသို့ သုံးကြိမ်တိုင်အောင် ထွက်ချည်ဝင်ချည် ပြုတော်မူပြီး စတုတ္ထအကြိမ်အထွက်ခိုင်းသောအခါ၌မူကား ဗုဒ္ဓက 'ဘီလူး၊ ငါမထွက်။ သင် ပြုချင်သလိုပြုလေ'ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ဘီလူးက 'ရဟန်း၊ သင့်ကို ငါပြဿနာမေးအံ့။ မဖြေနိုင်သော် သင့်စိတ်ကို ပျံ့လွင့်စေအံ့။ သင်၏နှလုံးကိုသော်လည်း ခွဲအံ့။ ခြေနှစ်ချောင်းကိုကိုင်၍ မြစ်တဘက်ကမ်းသို့ သော်လည်း ပစ်အံ့'ဟုဆို၏။

"ဘီလူး၊ တလောကလုံး၌ ငါ့အား ဤကဲ့သို့ပြုနိုင်သူ တစုံတယောက်ကိုမျှ ငါမမြင်ပေ။ သို့သော် သင် မေးလိုသောပြဿနာကို မေးလေ"ဟု ဗုဒ္ဓက မိန့်ကြားလျှင် ဘီလူးသည် ပြဿနာများကို မေးလျှောက်၏။ ဗုဒ္ဓကလည်း ဖြေကြားတော်မူ၏။

"ဤလောက၌ လူသတ္တဝါ၏ မြတ်သော ဥစ္စာကား အဘယ်ပါနည်း။ ကောင်းစွာ လေ့ကျက်အပ်သော အဘယ်တရားသည် ချမ်းသာကို ဆောင်ပါသနည်း။ အရသာတို့တွင် အဘယ်အရသာသည် စင်စစ် အကောင်းဆုံး ဖြစ်ပါသနည်း။ အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟု ဆိုကြပါသနည်း"

"ဘီလူး၊ ဤလောက၌ လူသတ္တဝါ၏ မြတ်သောဥစ္စာကား သဒ္ဓါဖြစ်၏။ ကောင်းစွာလေ့ကျက်အပ်သော ကုသိုလ်တရားသည် ချမ်းသာကို ဆောင်၏။ အရသာတို့တွင် သစ္စာသည် စင်စစ် အကောင်းဆုံးဖြစ်၏။ ပညာဖြင့် အသက်မွေးခြင်းကို မြတ်သောအသက်မွေးခြင်းဟု ဆိုကြ၏"

"အဘယ်မည်သောတရားဖြင့် သံသရာရေအလျဉ်ကိုကူးမြောက်ပါသနည်း။ အဘယ်မည်သောတရားဖြင့် သံသရာပင်လယ်ကိုကူးမြောက်ပါသနည်း။ အဘယ်မည်သောတရားဖြင့် ဆင်းရဲကိုလွန်မြောက်ပါသနည်း။ အဘယ်မည်သောတရားဖြင့် စင်ကြယ်ပါသနည်း"

"ဘီလူး၊ သဒ္ဓါဖြင့် သံသရာရေအလျဉ်ကိုကူးမြောက်၏။ မမေ့မလျော့ခြင်းဖြင့် သံသရာပင်လယ်ကို ကူးမြောက်၏။ ဝီရိယဖြင့် ဆင်းရဲကို လွန်မြောက်၏။ ပညာဖြင့်စင်ကြယ်၏"

"အဘယ်သို့လျှင် ပညာကိုရသနည်း။ အဘယ်သို့လျှင် ဥစ္စာကိုရသနည်း။ အဘယ်သို့လျှင်ကျော်စောခြင်းကိုရောက်သနည်း။ အဘယ်သို့လျှင်အဆွေခင်ပွန်းတို့ကိုရသနည်း။ အဘယ်သို့လျှင် တပါးသောလောကသို့ ရောက်သည်ရှိသော် မစိုးရိမ်ရပါသနည်း"

"ဘီလူး၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ရဟန္တာတို့၏တရားကို ယုံကြည်စွာ နာယူလျက် မမေ့မလျော့သူသည် ပညာကို ရ၏။ ထကြွလုံ့လပြုလျက် လျောက်ပတ်သောအမှုကို ပြုလေ့ရှိသူသည် ဥစ္စာကိုရ၏။ မှန်ကန်မှုသစ္စာဖြင့် ကျော်စောခြင်းသို့ ရောက်၏။ ပေးကမ်းသူသည် အဆွေခင်ပွန်းတို့ကို ရ၏။ မှန်ကန်ခြင်းသစ္စာ၊ ထိုးထွင်းသိမြင်ခြင်းပညာ၊ အားထုတ်ခြင်းဝီရိယ၊ စွန့်လွှတ်ခြင်းစာဂဟူသော ဤတရားလေးပါးတို့နှင့်ပြည့်စုံသူသည် တမလွန်ဘဝသို့ ရောက်သော် မစိုးရိမ်ရပေ။ ဘီလူး၊ ဤတရားလေးပါးထက် သာလွန်သည့် အခြားတရား ရှိမရှိကို အခြားသောရဟန်းပုဏ္ဏားတို့အားလည်း မေးလေဦးလော့"

"မြတ်စွာဘုရား၊ တပည့်တော်သည် ယခုအခါ တမလွန်အကျိုးစီးပွားကို သိမြင်ရပါပြီ။ အခြားသော ရဟန်းပုဏ္ဏားတို့အား မေးရန် မရှိတော့ပါ။ မြတ်စွာဘုရားသည် တပည့်တော်၏အကျိုးငှာ အားဋ္ဌဝီပြည်သို့ ကြွလာပါပေသည်။ တပည့်တော်သည် မြတ်သောအလှူခံပုဂ္ဂိုလ်ကို တွေ့ရပါပြီ။ ယခုအခါ တပည့်တော်သည် မြတ်စွာဘုရားကိုရှိခိုးလျက် လည်းကောင်း၊ တရားတော်ကို ချီးမွမ်းလျက် လည်းကောင်း၊ တရွာမှတရွာ၊ တပြည်မှတပြည်သို့ လှည့်လည်ပါအံ့"

(ဤသုတ်သည် သုတ္တနိပါတ် ဥရဂဝဂ်၌လည်း ပါ၏။)

# ၁၁။ သက္ကသံယုတ်

[သိကြားမင်းနှင့်စပ်သောဟောကြားချက်များ]

## ၁။ ပထမဝဂ်

### ၁။ သုဝီရသုတ်

[သုဝီရနတ်သားနှင့်သိကြားမင်းအကြောင်းကိုဟောခြင်း]

၂၄၇။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား အောက်ပါအကြောင်းကို ဟောကြားတော်မူ၏။

"ရဟန်းတို့၊ ရှေးအခါက အသုရာတို့သည် နတ်ပြည်သို့ ချီတက်လာကြ၏။ ထိုအခါ နတ်တို့၏အရှင်ဖြစ်သောသိကြားမင်းသည် သုဝီရနတ်သားအား အသုရာတို့ကို ချီတက်တိုက်ခိုက်ရန် မိန့်ကြား၏။ သုဝီရသည် ကောင်းပါပြီဟု ဝန်ခံပြီး မေ့လျော့ခြင်းသို့ရောက်နေ၏။ သုံးကြိမ်တိုင်အောင် ပြောသော်လည်း သုဝီရက မေ့လျော့နေသောအခါ သိကြားမင်းက

"သုဝီရ၊ အကြင်အရပ်၌ အားထုတ်လုံ့လမပြုပဲ ချမ်းသာခြင်းကို ရရှိနိုင်၏။ ထိုအရပ်သို့ သင်သည် သွားပါလော့။ ငါ့ကိုလည်း ထိုအရပ်သို့ပင် ပို့ပါလော့" ဟု ပြောဆို၏။

"ထိုအခါ သုဝီရကလည်း

"အရှင်သိကြားမင်း၊ အကြင်အရပ်၌ ကြိုးစားအားထုတ်၍ အမှုကိစ္စတို့ကို မပြုလုပ်ရပဲ အလိုရှိသမျှ ပြည့်စုံ၏။ ထိုအရပ်ကို ကျွန်ုပ်အား ညွှန်ပြပါလော့" ဟု ပြန်ပြောလေသည်။

"ရဟန်းတို့၊ မိမိကောင်းမှု၏အကျိုးကိုမှီ၍ အသက်မွေးသော နတ်တို့၏ အရှင် သိကြားမင်းသည်ပင် ထကြွလုံ့လရှိခြင်း၏ အကျိုးကို ဆိုတုံဘိသေး၏။

ရဟန်းတို့၊ ကောင်းစွာဟောကြားအပ်သော သာသနာ၌ ရဟန်းပြုသော သင်တို့သည်ဝီရိယကိုတင့်တယ်စေကြကုန်လော့။ မရောက်သေးသောတရားသို့ရောက်ရန်၊ မရသေးသောတရားကိုရရန်၊ မျက်မှောက်မပြုသေးသောတရားကို မျက်မှောက်ပြုရန် အားထုတ်ကြကုန်လော့။ စေ့ဆော်ကြကုန်လော့။ လုံ့လပြုကြကုန်လော့”

## ၂။ သုသိမသုတ်

၂၄၀။ သုသိမသုတ်၌ သုသိမနတ်သားအား သိကြားမင်းက ပြောပုံကို အထက်သုတ်နည်းတူဟော၏။

## ၃။ ဓဇဂ္ဂသုတ်

### [တံခွန်ဖျားကိုကြည့်ရန် သိကြားမင်းက ပြောကြားခြင်း]

၂၄၉။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

“ရဟန်းတို့၊ ရှေးအခါက နတ်နှင့်အသုရာတို့၏ စစ်ပွဲသည်ဖြစ်ခဲ့၏။ ထိုအခါ နတ်တို့၏အရှင်ဖြစ်သော သိကြားမင်းသည် တာဝတိံသာနတ်တို့ကို ခေါ်၍ ဤသို့ ပြောဆိုခဲ့၏။

“အချင်းတို့၊ စစ်မြေပြင်သို့သွားသော သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ဖြစ်ခဲ့သော် ငါ၏ တံခွန်ဖျားကိုကြည့်ကြကုန်လော့။ ယင်းသို့ ကြည့်ခဲ့သော် သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်းစသည် ပျောက်ကင်းလိမ့်မည်။ အကယ်၍ သင်တို့သည် ငါ၏ တံခွန်ဖျားကို မကြည့်မိခဲ့သော် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းတို့တွင် တပါးပါးသော နတ်မင်း၏တံခွန်ဖျားကို ကြည့်ကြကုန်လော့။ ယင်းသို့ ကြည့်ခဲ့သော် သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်းစသည် ကင်းပျောက်လိမ့်မည်။

“ရဟန်းတို့၊ သိကြားမင်း၏ တံခွန်ဖျားကိုသော်လည်းကောင်း၊ ပဇာပတိစသော နတ်မင်းတို့၏ တံခွန်ဖျားကို သော်လည်းကောင်း ကြည့်ကုန်သော နတ်တို့အားကြောက်ခြင်း၊ တုန်လှုပ်ခြင်းစသည် ပျောက်ကင်းသည်လည်းရှိရာ၏။ မပျောက်ကင်းသည်လည်း ရှိရာ၏။ အဘယ်ကြောင့်ဆိုသော် သိကြားမင်းနှင့် နတ်မင်းတို့သည် ရာဂ ဒေါသ မောဟ မကင်းသေး၍ ကြောက်၍ ထိတ်လန့်တတ်သူဖြစ်သောကြောင့်ပေတည်း။

"ရဟန်းတို့၊ ငါသည်လည်းဤသို့ဆို၏။ တောတောင်သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ်တခုခုသို့ ကပ်ရောက်၍ နေကုန်သော သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းဖြစ်ပေါ်ခဲ့သော် သင်တို့သည်ငါ့ကို သာလျှင် အောက်မေ့ကြကုန်လော့။[၁]

"အကယ်၍ ငါ့ကို မအောက်မေ့မိကုန်သော် တရားတော်ကို အောက်မေ့ကြကုန်လော့။[၂]

"အကယ်၍ တရားတော်ကို မအောက်မေ့မိကုန်သော် သံဃာတော်ကို အောက်မေ့ကြကုန်လော့။[၃]

"ယင်းသို့ အောက်မေ့ခဲ့သော်သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း စသည်ကင်းပျောက်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် ရာဂ ဒေါသ မောဟကင်း၍ ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိသူဖြစ်သောကြောင့် ပေတည်း"

ဗုဒ္ဓသည် ယင်းသို့မိန့်ကြားတော်မူပြီး အောက်ပါဂါထာတို့ကို မြွက်ဆိုတော်မူလေသည်။

"ရဟန်းတို့၊ တော၌ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်၌ဖြစ်စေ သင်တို့သည် မြတ်စွာဘုရားကို အောက်မေ့ကြကုန်လော့။ ယင်းသို့ အောက်မေ့ခဲ့သော် သင်တို့အား ကြောက်ခြင်းသည် မဖြစ်ရာ။

"မြတ်စွာဘုရားကို အကယ်၍ မအောက်မေ့မိကုန်သော်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သည့် ကောင်းစွာ ဟောကြားအပ်သောတရားတော်ကို အောက်မေ့ကြကုန်လော့။ အကယ်၍ တရားတော်ကို မအောက်မေ့မိကုန်သော် ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ အမြတ်ဆုံးလယ်မြေဖြစ်သော သံဃာတော်ကိုအောက်မေ့ကြကုန်လော့။

"ရဟန်းတို့၊ ဤသို့ ဘုရား တရား သံဃာကို အောက်မေ့သော သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ဖြစ်တော့မည် မဟုတ်"

---

၁။ "ငါ့ကိုသာလျှင် အောက်မေ့ကြကုန်လော့"ဟူရာ၌ ငါဘုရား၏ အရဟံ သမ္မာသမ္ဗုဒ္ဓေါစသောဂုဏ်တော်ကိုးပါးကိုအောက်မေ့ကြရန် ဟောကြား၏။

၂။ တရားတော်ကိုအောက်မေ့ရာ၌ တရားတော်၏ သွာက္ခာတ စသော ဂုဏ်တော် ၆ ပါးကို အောက်မေ့ကြရန် ဟောကြား၏။

၃။ သံဃာတော်ကိုအောက်မေ့ရာ၌ သံဃာတော်၏သုပ္ပဋိပန္နစသော ဂုဏ် ၉ ပါးကို အောက်မေ့ကြရန် ဟောကြား၏။

## ၄၈ ဝေပစိတ္တိသုတ်

[ဝေပစိတ္တိ အသုရိန်က သိကြားမင်းအား ဆဲရေးခြင်း]

၂၅၀။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

"ရဟန်းတို့၊ ရှေးအခါက နတ်နှင့်အသုရာတို့ စစ်ဖြစ်ကြလေသော် ဝေပစိတ္တိ အသုရိန်သည် သိကြားမင်းကို ဖမ်းမိလျှင် လည်ပင်းလျှင် ငါးခုမြောက်ရှိသော အနှောင်အဖွဲ့ဖြင့် ဖွဲ့၍ မိမိထံခေါ်လာရန်အသုရာတို့ကိုမှာကြား၏။ သိကြားမင်းကလည်း ဝေပစိတ္တိအသုရိန်ကို ဖမ်းမိလျှင် အလားတူ နှောင်ဖွဲ့၍ မိမိထံခေါ်လာရန် နတ်တို့ကို မှာထား၏။ စစ်ပွဲ၌ နတ်တို့က အနိုင်ရ၍ အသုရာတို့က ရှုံးလေသည်။ ထိုအခါ နတ်တို့သည် ဝေပစိတ္တိ အသုရိန်ကို ဖမ်းပြီး သုဓမ္မာနတ်သဘင်သို့ ခေါ်သွားကြရာ ထိုအသုရိန်သည် သိကြားမင်းကို ကြမ်းတမ်းသောစကားတို့ဖြင့် ဆဲရေး ခြိမ်းခြောက်၏။ ထိုအခါ မာတလိနတ်သားက အဘယ့်ကြောင့် သည်းခံနေပါသနည်းဟု မေးသဖြင့် သိကြားမင်းက သည်းခံခြင်း၏ အကြောင်းကို ပြောကြားလေသည်။

"အရှင်သိကြားမင်း၊ အရှင်သည်ဝေပစိတ္တိအသုရိန်က ကြမ်းတမ်းစွာ ဆဲဆိုနေသည်ကို ကြားပါလျက် အဘယ်ကြောင့် သည်းခံနေပါသည်း။ ကြောက်သောကြောင့်၊ သို့မဟုတ် ခွန်အားနည်းသောကြောင့် သည်းခံနေခြင်း ဖြစ်ပါသလော"

"အချင်းမာတလိ၊ ငါသည် ဝေပစိတ္တိ အသုရိန်ကို ကြောက်သောကြောင့်လည်းကောင်း၊ ခွန်အားနည်းသောကြောင့် လည်းကောင်း သည်းခံနေသည် မဟုတ်။ ငါကဲ့သို့သောပညာရှိသည် လူမိုက်နှင့် ယှဉ်ပြိုင်ဖွယ် အကြောင်းမရှိသောကြောင့် သည်းခံနေခြင်း ဖြစ်၏"

"အရှင်သိကြားမင်း၊သူမိုက်တို့သည်မတားဆီးလျှင်ပို၍ဆိုးလာနိုင်ပါသည်။ ထို့ကြောင့်ရင်းတို့ကိုပြင်းထန်စွာနှိပ်ကွပ်သင့်ပါသည်"

"အချင်းမာတလိ၊ တပါးသူက အမျက်ထွက်လျှင်သတိဖြင့် ထိန်းသိမ်းလျက် အေးချမ်းစွာနေခြင်းသည်သာလျှင်သူမိုက်ကိုတားဆီးခြင်းမည်ပေ၏"

"အရှင်သိကြားမင်း၊ ကျွန်ုပ်ကား သည်းခံခြင်း၌ အပြစ်ကိုသာမြင်ပါသည်။ သူမိုက်သည် မိမိအားသည်းခံသူကို ကြောက်၍သည်းခံခြင်းဖြစ်သည်ဟုထင်ကာ လွှမ်းမိုးလာတတ်ပါသည်"

"အချင်းမာတလိ၊ ကြောက်၍ သည်းခံသည်ဟု ထင်သည်ဖြစ်စေ၊ မထင်သည်ဖြစ်စေ သည်းခံသူအား မိမိအကျိုးကား မဆုတ်ယုတ်ချေ။ သည်းခံခြင်းထက် သာလွန်သောအကျိုးကားမရှိပေ။ ခွန်အားရှိသူဖြစ်လျက် ခွန်အားနည်းသူအား သည်းခံခြင်းသည်မြတ်သောသည်းခံခြင်းဖြစ်သည်ဟုပညာရှိတို့ဆိုကုန်၏။ လူမိုက်၏ မိုက်ခြင်းဟူသောအားသည် စင်စစ် အားမဟုတ်။ အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်ခြင်းသည် အလွန်ယုတ်မာ၏။ အမျက်ထွက်သူအား ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်မြင်၏။ တပါးသူ အမျက်ထွက်သည်ကိုသိလျှင်သတိဖြင့်ထိန်းသိမ်း၍အေးချမ်းစွာနေသူသည် မိမိ သူတပါးနှစ်ဦးသားလုံး၏အကျိုးကို ကျင့်သည်မည်၏။ မလိမ္မာသူတို့ကမူ ထိုကဲ့သို့သောသူကိုပင် သူမိုက်ဟုထင်ကြကုန်၏"

"ရဟန်းတို့၊ နတ်တို့၏ အရှင်ဖြစ်သောသိကြားမင်းသည်ပင် သည်းခံခြင်း၏ ကျေးဇူးကိုဆိုတုံဘိသေး၏။ ကောင်းစွာဟောကြားအပ်သောသာသနာ၌ ရဟန်းပြုသော သင်တို့သည် သည်းခံသူ၊ တရား၌ မွေ့လျော်သူဖြစ်ကြမှသာ တင့်တယ်ကုန်ပေရာ၏"

## ၅။ သုဘာသိတဇယသုတ်
## [ကောင်းသော စကားဖြင့် အောင်မြင်ခြင်း]

၂၅၁။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အားဤသုတ်ကိုဟောကြားတော်မူ၏။

"ရဟန်းတို့၊ ရှေးအခါကနတ်နှင့်အသုရာတို့စစ်ပွဲဖြစ်ပွားစဉ်ဝေပစိတ္တိအသုရိန်ကသိကြားမင်းအား 'ကောင်းစွာဆိုအပ်သောစကားဖြင့်အောင်မြင်ခြင်းသည်ဖြစ်ပါစေလော့' ဟုဆို၏။ သိကြားမင်းကလည်း 'ကောင်းပြီ' ဟုဝန်ခံ၏။ ထို့နောက် အလုပ်အကျွေး ဖြစ်သော နတ်တို့ကို သက်သေထား၍ ဝေပစိတ္တိအသုရိန်နှင့် သိကြားမင်းတို့သည် စကားစစ်ထိုးပွဲ ပြုလုပ်ကြလေသည်"

"သိကြားမင်း၊ သူမိုက်ကိုတားဆီးနှိပ်ကွပ်ခြင်းမပြုလျှင် ထိုသူမိုက်သည် ပို၍ ပျက်စီးဖွယ်ရာ ရှိပါသည်။ ထို့ကြောင့် ပညာရှိသည် သူမိုက်ကို ပြင်းထန်သော အပြစ်ဒဏ်ဖြင့် တားဆီးနှိပ်ကွပ်သင့်ပါသည်"

"အချင်း အသုရိန်၊ တပါးသူ၏ အမျက်ထွက်သည်ကိုသိလျှင် ပြန်၍အမျက်မထွက်ပဲ သတိဖြင့် မိမိစိတ်ကို ထိန်းသိမ်းလျက် အေးချမ်းစွာ နေခြင်းဖြင့်သာလျှင် လူမိုက်ကို တားဆီးနှိပ်ကွပ်နိုင်၏ဟု ငါထင်ပေ၏"

"သိကြားမင်း၊ သူမိုက်သည် မိမိအား ကြောက်၍သည်းခံသည်ဟု ထင်မှတ်သောအခါ ပြေးသောနွားကို အခြားသောနွားတို့က လိုက်သကဲ့သို့ ပညာရှိကို အလွန်လွှမ်းမိုးတတ်၏။ ကျွန်ုပ်သည် သည်းခံခြင်း၌ ဤသို့သော အပြစ်ကို သာမြင်ပါ၏"

"အချင်း အသုရိန်၊ မိမိအား ကြောက်၍ သည်းခံသည် ထင်သည် ဖြစ်စေ၊ မထင်သည်ဖြစ်စေ မိမိ၏အကျိုး ပြီးစီးခြင်းသည်သာ ပဓာနဖြစ်၏။ သည်းခံခြင်းထက် သာလွန်သောတရားကား မရှိချေ။ ခွန်အားရှိသူ ဖြစ်လျက် ခွန်အားနည်းသူအား သည်းခံခြင်းကိုသာ မြတ်သောသည်းခံခြင်းဟူ၍ ဆိုကြ၏။ ခွန်အားနည်းသူသည်ကား အမြဲသည်းခံနေရသည်သာ ဖြစ်၏၊ လူမိုက်၏ မိုက်အားသည် စင်စစ် ခွန်အားမဟုတ်ချေ။ အမျက်ထွက်သူအား ပြန်၍ အမျက်ထွက်ခြင်းသည် ယုတ်မာမှုပင် ဖြစ်၏။ အမျက်ထွက်သူအား ပြန်၍ အမျက် မထွက် သူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်မြင်၏။ တပါးသူက အမျက်ထွက်သည်ကို သိလျှင် ပြန်၍ အမျက်မထွက်ပဲ သတိဖြင့် စိတ်ကိုထိန်းလျက် အေးချမ်းစွာနေသူသည် မိမိ သူတပါး နှစ်ဦးသားလုံး၏ အကျိုး စီးပွားကို ကျင့်သူ ဖြစ်၏။ တရား၌ မလိမ္မာသူတို့ကား ထိုကဲ့သို့သော သူကိုပင် လူမိုက်ဟု ထင်မှတ်ကြလေသည်"

ဤသို့ ဝေပစိတ္တိအသုရိန်နှင့် သိကြားမင်းတို့ စကားစစ်ပွဲ ကျင်းပနေစဉ် ဝေပစိတ္တိ၏စကားကို အသုရိန်တို့က နှစ်သက်ကြ၏။ သိကြားမင်း၏ စကားကို နတ်တို့က နှစ်သက်ကြ၏။ စကားစစ်ပွဲ ပြီးဆုံးသောအခါ သက်သေ ဖြစ်သော နတ်တို့က သိကြားမင်း၏စကားသည်သာ နိုင်စက်ခြင်း၊ ငြင်းခုံ ခိုက်ရန် ပြုခြင်း၊ ကျူးကျော် စော်ကားခြင်း ကင်းသည်ဖြစ်၍ ကောင်းစွာ ဆိုအပ်သောစကား ဖြစ်ကြောင်း အဆုံးအဖြတ်ပေးကြလေသည်။

## ၆။ ကုလာဝကသုတ်

### [ငှက်သိုက်များကို မဖျက်ဆီးရန် ပြောခြင်း]

၂၅၂။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

ရဟန်းတို့၊ ရှေးအခါက နတ်နှင့် အသုရာတို့ စစ်ပွဲဖြစ်ပွားရာ နတ်တို့ရှုံး၍ မြောက်အရပ်သို့ ပြေးကြ၏။ အသုရာတို့က နောက်မှလိုက်ကြ၏။ ထိုအခါ သိကြားမင်းက မာတလိအား ဤသို့ပြော၏။

''အချင်း မာတလိ၊ လက်ပံတော၌ ဂဠုန်ငှက်တို့၏အသိုက်များရှိ၏။ သင်သည် ထိုအသိုက်များကို ရထားဦးမှ ရှောင်လွှဲပါလော့။ ငါတို့သည် အသုရာတို့၏ လက်၌ အသက်ကိုစွန့်ရစေကာမူ ဤဂဠုန်ငှက်တို့ကို အသိုက်ကင်းအောင် မပြုပါလင့်''

မာတလိသည် 'ကောင်းပါပြီ' ဟု ဆို၍ အာဇာနည်မြင်းတထောင်ကသော ရထားကို နောက်သို့ပြန်လှည့်၏။ ထိုအခါ အသုရာတို့သည် မိမိတို့အားတိုက်ရန် နတ်တို့ပြန်လှည့်လာသည်ဟူသောအဆင်ဖြင့် ကြောက်လန့်ကာ အသုရာပြည်သို့ ပြန်ပြေးကြ၏။ ဤသို့ဖြင့် သိကြားမင်းအား တရားသဖြင့်အောင်မြင်ခြင်းသည် ဖြစ်ခဲ့၏။

## ၇။ နဒုဗ္ဘိယသုတ်

### [မပြစ်မှားထိုက်သူအား ပြစ်မှားခြင်း]

၂၅၃။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကိုဟောကြားတော်မူ၏။

''ရဟန်းတို့၊ ရှေးအခါက သိကြားမင်းအား 'ငါသည် ရန်သူဖြစ်သူအားပင် ပြစ်မှားခြင်းမပြုတော့အံ့' ဟု အကြံဖြစ်ခဲ့၏။ ဝေပစိတ္တိအသုရိန်သည် သိကြားမင်း၏ စိတ်အကြံကို သိ၍ သိကြားမင်းထံ ချဉ်းကပ်သွားရာ သိကြားမင်းက 'ဝေပစိတ္တိ၊ ရပ်လော့။ သင့်ကို ငါ ဖမ်း၏' ဟု ဆိုလေသည်။ ထိုအခါ အသုရိန်က 'အချင်း သိကြားမင်း၊ သင်သည် ရန်ငြိုးဖွဲ့သောစိတ်ကိုမစွန့်သေး' ဟု ဆိုလေ၏။ 'ဝေပစိတ္တိ၊ သို့ဖြစ်သော် သင်သည် ငါ့အား မပြစ်မှားရန် ကျိန်စာဆိုလော့' ဟု သိကြားမင်းကဆိုသဖြင့် အသုရိန်က ကျိန်စာဆိုလေသည်။

''သိကြားမင်း၊ မုသားစကားပြောသူ၊ အရိယာတို့ကိုစွပ်စွဲသူ၊ အဆွေခင်ပွန်းကို ပြစ်မှားသူ၊ သူ့ကျေးဇူးကိုမသိတတ်သူတို့အား မကောင်းမှုသည် ကျရောက်သကဲ့သို့ သင့်ကို ပြစ်မှားသူအားလည်း မကောင်းမှုသည် ကျရောက်ပါစေသတည်း''

## ၈။ ဝေရောစနအသုရိန္ဒသုတ်

### [သိကြားမင်းနှင့် ဝေရောစနအသုရိန်တို့ စကားဆိုပုံ]

၂၅၄။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သိကြားမင်းနှင့် ဝေရောစနအသုရိန်တို့သည် ဗုဒ္ဓထံ ချဉ်းကပ်ပြီး တံခါးတိုင်ကို မှီ၍ရပ်ကာ အောက်ပါပါထာတို့ကို အသီးသီးရွတ်ဆိုကြ၏။

ဝေရောစန ။ ။ "ယောကျ်ားသည် ကိစ္စကိုပြီးမြောက်သည့်တိုင်အောင် အားထုတ်အပ်၏။ ကိစ္စသည် ပြီးမြောက်မှသာ တင့်တယ်၏။ ဤကား ဝေရောစနစကားတည်း"

သိကြားမင်း ။ ။ "ယောကျ်ားသည် ကိစ္စကိုပြီးမြောက်သည့်တိုင်အောင် အားထုတ်အပ်၏။ ကိစ္စသည် ပြီးမြောက်မှသာတင့်တယ်၏။ သည်းခံခြင်းထက် လွန်ကဲသောတရားကား မရှိ"

ဝေရောစန ။ ။ "သတ္တဝါအားလုံးတို့အား ထိုထိုအရပ်၌ ထိုက်သည့် အားလျော်စွာကိစ္စတို့သည်ဖြစ်ကုန်၏။ သတ္တဝါအားလုံးတို့အား ခံစားသုံးဆောင်ဖွယ်ဝတ္ထုတို့သည် ကောင်းစွာစီ ရင် ရ ခြင်း လျှင် အမှန်အစရှိကုန်၏။ ကိစ္စဟူသည် ပြီးမြောက်မှသာတင့်တယ်၏။ ဤကား ဝေရောစန၏ စကားတည်း"

သိကြားမင်း ။ ။ "သတ္တဝါအားလုံးတို့အား ထိုထိုအရပ်၌ ထိုက်သည့် အားလျော်စွာ ကိစ္စတို့သည်ဖြစ်ကုန်၏။ သတ္တဝါ အားလုံးတို့အား ခံစားသုံးဆောင်ဖွယ်ပစ္စည်းဝတ္ထုတို့သည် ကောင်းစွာစီရင်ရခြင်းလျှင် အမှန်အစရှိကုန်၏။ ကိစ္စဟူသည် ပြီးမြောက်မှသာ တင့်တယ်၏။ သည်းခံခြင်းထက် လွန်ကဲသောတရားကား မရှိချေ"

## ၉။ အရညာယတနဉ္စသိသုတ်

### [တောကျောင်းမှနေရသေ့များထံ သိကြားမင်းချဉ်းကပ်ခြင်း]

၂၅၅။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

ရှေးအခါက သိကြားမင်းနှင့် ဝေပစိတ္တိအသုရိန်တို့သည် တောထဲ၌ သစ်ရွက်မိုး ကျောင်းဖြင့် အေးချမ်းစွာနေသော ရသေ့တို့ထံ သွားကြ၏။ ထိုအခါ ဝေပစိတ္တိအသုရိန်သည် အလှာများစွာရှိသော ဖိနပ်ကိုစီးလျက် သန်လျက်ကို လွယ်ကာ ထီးကိုဆောင်းလျက် တံခါးဦးဖြင့် ကျောင်းသခ်မ်းသို့ဝင်ပြီး ရသေ့တို့ကို ရိုသေကိုင်းညွတ်ခြင်းမပြုပဲ သွား၏။ သိကြားမင်းကမူ ဖိနပ်ကိုချွတ်၍ သန်လျက်ကို သူတပါးတို့အားပေး၍ ထီးကိုပိတ်ကာ ရိုးရိုး တံခါးဖြင့်သာ ကျောင်းသခ်မ်းသို့ဝင်ပြီး ရသေ့တို့ကို လေအောက်မှနေ၍ လက်အုပ်ချီရှိခိုး၍

ရပ်နေ၏။ ထိုအခါ ရသေ့တို့က 'သိကြားမင်း၊ ရသေ့တို့၏ကိုယ်မှ မစင်ကြယ်သောအနံ့သည် လေဖြင့်လွင့်ထွက်၏။ သင်သည် ဤအရပ်မှဖဲသွားပါလော့ ဟု ပြောဆို၏။ ယင်းသို့ဆိုသော် သိကြားမင်းသည် ရ သေ့တို့အား အောက်ပါ အတိုင်း ပြန်ပြောလေ၏။

"အရှင်ဘုရားတို့၊ ရှည်မြင့်စွာဆောက်တည်အပ်သောအကျင့်ရှိသော ရသေ့တို့၏ကိုယ်မှ မစင်ကြယ်သောအနံ့သည် လေဖြင့်လွင့်ထွက်ပါစေ၊ အလွန် လှပ ဆန်းကြယ်၍ မွှေးကြိုင်သောပန်းကို ခေါင်း၌ပန်ဆင်လိုသကဲ့သို့ ကျွန်ုပ်သည် အရှင်တို့၏အနံ့ကိုနှစ်သက်ပါ၏။ သီလရှိသူတို့၏အနံ့၌ နတ်တို့သည် စက်ဆုပ် ဖွယ်ဟု မထင်ကြပါ"

## ၁၀။ သမုဒ္ဒကသုတ်

[သမုဒ္ဒရာနား၌နေသောရသေ့များအကြောင်း]

၂၅၆။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

ရှေးအခါက အကျင့်သီလနှင့်ပြည့်စုံသည့် များစွာသော ရသေ့တို့သည် သမုဒ္ဒရာကမ်းနား၌ သစ်ရွက်မိုးကျောင်းဖြင့် အေးချမ်းစွာ နေကြ၏။ ထိုအခါ နတ်နှင့်အသုရာတို့ စစ်ပွဲဖြစ်ပွားရာ ရသေ့တို့သည် မိမိတို့အား ဘေးအန္တရာယ် ဖြစ်မည်စိုးသဖြင့် သမ္ဗရအသုရိန်ထံ သွား၍ မိမိတို့အား ဘေးမဲ့ပေးရန်တောင်းဆိုကြသည်။ သမ္ဗရအသုရိန်က သိကြားမင်း၏ ဆည်းကပ်ခြင်းကို ခံယူနေရသော ရသေ့တို့အား ဘေးမဲ့ မပေးနိုင်ကြောင်း ပြန်ပြော၏။ ထိုအခါရသေ့ တို့က အသုရိန်အား အောက်ပါအတိုင်းတုံ့ပြန် ပြောဆိုကြလေသည်။

"ဘေးမဲ့အလှူကို တောင်းသော ငါတို့အား သင်သည် ဘေးအန္တရာယ် အလှူကိုသာ လှူဘိ၏။ သင်၏အလှူကို ငါတို့ခံယူ၏။ သင့်အားလည်း ဘေး အန္တရာယ်သည် မကုန်နိုင်ပါစေသတည်း"

ဤသို့ သီလရှိသော ရသေ့တို့၏ ကျိန်ဆဲခြင်းကို ခံရသော သမ္ဗရအသုရိန် အား တညလျှင် သုံးကြိမ် ထိတ်လန့်ခြင်းဖြစ်လေသည်။

# ၂။ ဒုတိယဝဂ်

## ၁။ ဝတပဒသုတ်

[သိကြားမင်း ဆောက်တည်ခဲ့သော ကျင့်ဝတ်များ]

၂၅၇။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်း တို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

ရဟန်းတို့၊ သိကြားမင်းသည် ရှေး လူဖြစ်စဉ်အခါက ခုနစ်ပါးသော ကျင့်ဝတ်တို့ကို ပြည့်စုံကောင်းမွန်စွာ ဆောက်တည် ခဲ့ခြင်းကြောင့် သိကြားမင်းအဖြစ်ကို ရရှိခဲ့၏။ ခုနစ်ပါးသော ကျင့်ဝတ်ဟူသည်-

(၁) အသက်ထက်ဆုံး မိဘကို လုပ်ကျွေးခြင်း
(၂) အသက်ထက်ဆုံးအသက်ကြီးသောဆွေမျိုးတို့ကို ရိုသေလေးစားခြင်း
(၃) အသက်ထက်ဆုံး သိမ်မွေ့သောစကားကို ဆိုလေ့ရှိခြင်း
(၄) အသက်ထက်ဆုံး ကုန်းချောစကားကို မဆိုခြင်း
(၅) အသက်ထက်ဆုံး ရက်ရောစွာ စွန့်ကြဲခြင်းရှိသူ၊ ပေးလှူခြင်း၌ မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသောစိတ်ဖြင့် အိုးအိမ်ကို အုပ်ချုပ်နေခြင်း
(၆) အသက်ထက်ဆုံး မှန်သောစကားကို ဆိုလေ့ရှိခြင်း
(၇) အသက်ထက်ဆုံး အမျက်ထွက်လေ့ မရှိခြင်းတို့ဖြစ်၏။

## ၂။ သက္ကနာမသုတ်
## [သိကြားမင်း၏ အမည်များ]

၂၅၀။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကိုဟောကြားတော်မူ၏။

ရဟန်းတို့ သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက မဃမည်သော လုလင်ဖြစ်ခဲ့၏။ ထို့ကြောင့်'မဃဝ'ဟုခေါ်အပ်၏။

သိကြားမင်းသည် ရှေးလူဖြစ်စဉ် အခါက ဦးဦးဖျားဖျားအလှူကို ပေးလှူခဲ့၏။ ထို့ကြောင့်'ပုရိန္ဒဒ'ဟုခေါ်အပ်၏။

သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရိုရိုသေသေအလှူကို ပေးလှူခဲ့၏။ ထို့ကြောင့်'သက္က'ဟုခေါ်အပ်၏။

သိကြားမင်းသည် ရှေးလူဖြစ်စဉ် အခါက တည်းခိုရာဇရပ်ကို ပေးလှူခဲ့၏။ ထို့ကြောင့်'ဝါသဝ'ဟုခေါ်အပ်၏။

သိကြားမင်းသည်တထောင်မျှသောအကြောင်းအရာတို့ကိုပင် တမုဟုတ်ချင်းဖြင့်ကြံစည်စဉ်းစားနိုင်၏။ ထို့ကြောင့်'သဟဿက္ခ'ဟုခေါ်အပ်၏။

သိကြားမင်းအားသုဇာမည်သောမယားသည်ရှိ၏။ ထို့ကြောင့် 'သုဇမ္ပတိ'ဟုခေါ်အပ်၏။

သိကြားမင်းသည် တာဝတိံသာနတ်တို့၏ အကြီးအကဲအဖြစ်ဖြင့် အုပ်ချုပ်စိုးမိုးနေ၏။ထို့ကြောင့်'ဒေဝါနမိန္ဒ'ဟုခေါ်အပ်၏။

သိကြားမင်းသည်ရှေးလူဖြစ်စဉ်အခါက အသက်ထက်ဆုံး မိဘကို လုပ်ကျွေးခြင်း စသောကျင့်ဝတ်ခုနစ်ပါးကို ဆောက်တည်ခဲ့၏။ ထို့ကြောင့် သိကြားမင်းအဖြစ်ကိုရခဲ့ခြင်းဖြစ်၏။

## ၃။ မဟာလိသုတ်

### [မဟာလိအား သိကြားမင်းအကြောင်း ဟောကြားခြင်း]

၂၅၉။ ဝေသာလီပြည်ကူဋာဂါရကျောင်းတိုက်၌ဗုဒ္ဓသီတင်းသုံးစဉ်မဟာလိမည်သော လိစ္ဆဝီမင်းသားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ သိကြားမင်း အကြောင်းကို မေးလျှောက်၏။

"အရှင်ဘုရား၊မြတ်စွာဘုရားသည်သိကြားမင်းကို မြင်ဖူးပါသလော"

"မဟာလိ၊ငါသည်သိကြားမင်းကိုမြင်ဖူး၏"

"အရှင်ဘုရား၊ မြတ်စွာဘုရားမြင်ဖူးသော သိကြားမင်းသည်အတုအယောင်မျှသာဖြစ်ပါလိမ့်မည်။ သိကြားမင်း စင်စစ်ကို တွေ့မြင်ရန်မလွယ်ပါ"

"မဟာလိ၊ငါသည်သိကြားမင်းကိုလည်းသိ၏။သိကြားမင်းအဖြစ်သို့ရောက်စေနိုင်သောတရားများကိုလည်းသိ၏"

(ထို့နောက် ဗုဒ္ဓက ရှေးသုတ်များ၌ပါခဲ့သော သိကြားမင်း ဖြစ်ကြောင်းကျင့်ဝတ်ခုနစ်ပါးနှင့်သိကြားမင်း၏အမည်(၇)မျိုးကို ဟောကြားတော်မူ၏။)

## ၄။ ဒလိဒ္ဒသုတ်

### [သိကြားမင်းနှင့် ဆင်းရဲသား နတ်သား]

၂၆၀။ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အားဤသုတ်ကိုဟောကြားတော်မူ၏။

ရဟန်းတို့၊ ရှေးအခါက ဤရာဇဂြိုဟ်ပြည်၌ အလွန် ဆင်းရဲ နွမ်းပါးသော ယောကျ်ားတယောက်ရှိခဲ့၏။ ထိုယောကျ်ားသည် မြတ်စွာဘုရားဟောကြားအပ်သောအဆုံးအမ၌ယုံကြည်ခြင်း သဒ္ဓါ၊ အကျင့်၊ သီလ၊ အကြား အမြင် သုတ၊ စွန့်ကြဲခြင်းစာဂနှင့်အသိဉာဏ်ပညာတို့ကို ကျင့်သုံးဆောက်တည်၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်သို့ရောက်လေ၏။ ထိုနတ်သည် အခြားသော နတ်တို့ထက် ရုပ်အဆင်း အားဖြင့် လည်း ကောင်း၊ အခြံအရံ အားဖြင့် လည်း ကောင်း သာလွန်၏။ တာဝတိံသာနတ်တို့သည်ဆင်းရဲသားဘဝမှဖြစ်လာသောနတ်သား

ကမိမိတို့ထက် သာလွန်သည်ကို သည်းမခံနိုင်သဖြင့် ကဲ့ရဲ့ရှုတ်ချကြ၏။ ထိုအခါ သိကြားမင်းကထိုနတ်သားသည်သဒ္ဓါသီလစသောတရားတို့ကို ကျင့်သုံးဆောက်တည်ခဲ့ခြင်းကြောင့် တပါးသောနတ်တို့ထက် သာလွန်ခြင်း ဖြစ်ကြောင်း ပြောကြားပြီး အောက်ပါဂါထာဖြင့် နတ်တို့ကိုဆုံးမလေသည်။

"အချင်းတို့၊ အကြင်သူအား မြတ်စွာဘုရား၌ စွဲမြဲစွာယုံကြည်ခြင်း၊သံဃာ၌ ကြည်ညိုခြင်းသည်ရှိ၏။ အရိယာတို့နှစ်သက်အပ်သော သီလ၊ ဖြောင့်မတ်သော အမြင်လည်းရှိ၏။ထိုသူကိုဆင်းရဲသား မဟုတ်ဟူ၍ ပညာရှိတို့ ဆိုကြ၏။ ထိုသူ၏ အသက်ရှင်ခြင်းသည် အချည်းနှီးမဖြစ်ချေ။ ထို့ကြောင့် အသိပညာ ရှိသူသည် မြတ်စွာဘုရား၏ အဆုံးအမကို အောက်မေ့သတိရလျက် သဒ္ဓါသီလနှင့် မှန်ကန်သောအမြင်ကိုအဖန်ဖန်အားထုတ်သင့်ပေသည်"

## ၅။ ရာမဏေယျကသုတ်

### [မွေ့လျော်ဖွယ်ရှိသော အရပ်ကို မေးလျှောက်ခြင်း]

၂၆၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သိကြားမင်းသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ မည်သို့သောအရပ်သည် မွေ့လျော်ဖွယ်ရှိပါသနည်း'ဟုမေးလျှောက်၏။ဗုဒ္ဓကအောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"ကောင်းစွာဖန်တီးစီမံအပ်သောအဆန်းတကြယ် ပြုအပ်သောအရံဥယျာဉ်သစ်ပင် တောတောင် ရေကန်တို့သည် စင်စစ် လူတို့မွေ့လျော်ဖွယ်ရာ ဖြစ်သောအရပ်၏တဆယ့်ခြောက်စိတ်တစိတ်မျှကိုပင်မမီနိုင်ကုန်။

"မြို့ရွာဖြစ်စေ၊တော၌ဖြစ်စေ၊ချိုင့်ဝှမ်း၌ဖြစ်စေ၊ကြည်းကုန်း၌ဖြစ်စေအကြင်အရပ်၌ ရဟန္တာတို့သည် နေကုန်၏။ ထိုအရပ်သည် မွေ့လျော်ဖွယ်ရှိသော အရပ်မည်၏"

## ၆။ ယဇမာနသုတ်

### [အကျိုးကြီးသော ပူဇော်မှုကို ဟောကြားခြင်း]

၂၆၂။ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံးစဉ် သိကြားမင်းလာ၍မေးလျှောက်သဖြင့်အရိယာသံဃာ၌ လှူခြင်းသည် အကျိုးကြီးကြောင်းဟောကြားတော်မူ၏။

"အရှင်ဘုရား၊ကုသိုလ်ကိုအလိုရှိသည်ဖြစ်၍ပူဇော်မှုကိုပြုသူတို့၏ခန္ဓာငါးပါးဟူသော ဥပဓိနှင့်စပ်သော အကျိုးကို ဖြစ်စေနိုင်သော ကောင်းမှုသည်[၁] အဘယ်ပုဂ္ဂိုလ်၌လှူသည်ရှိသော်အကျိုးကြီးပါသနည်း"

---

၁။ သြပဓိက် ပုညန္တိ ဥပဓိဝိပါကံ ပုညံ။ (အဋ္ဌကထာ)

"သိကြားမင်း၊ကုသိုလ်ကိုအလိုရှိသည်ဖြစ်၍ပူဇော်မှုကိုပြုသူတို့၏ခန္ဓာငါးပါးဟူသောဥပဓိနှင့်ဥပဓိစပ်သောအကျိုးကိုဖြစ်စေနိုင်သောကောင်းမှုသည်အရိယာသံဃာ၌လှူသည်ရှိသော်အကျိုးကြီးပေ၏"

## ၇။ ဗုဒ္ဓဝန္ဒနာသုတ်

## [သိကြားမင်းနှင့် သဟမ္ပတိဗြဟ္မာတို့က ဗုဒ္ဓအား ရှိခိုးခြင်း]

၂၆၃။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ်သိကြားမင်းနှင့်သဟမ္ပတိဗြဟ္မာတို့သည်ဗုဒ္ဓထံချဉ်းကပ်၍တံခါးဘောင်ကိုမှီကာ အသီးသီးရပ်နေကြ၏။ထို့နောက်သိကြားမင်းကဂါထာကိုရွတ်ဆို၍ဗုဒ္ဓအားရှိခိုး၏။

"လုံ့လရှိသောမြတ်စွာဘုရား၊ထတော်မူပါလော့။ မာရ်စစ်သည်ကို အောင်မြင်ပြီးသောမြတ်စွာဘုရား၊လောက၌လှည့်လည်တော်မူပါလော့။အရှင်ဘုရား၏စိတ်သည် လပြည့်နေ့ည၌ ထွက်ပေါ်လာသော လမင်းကဲ့သို့ ကိလေသာ အညစ်အကြေးတို့မှကင်းလွတ်ပြီးဖြစ်ပါ၏"

တဖန်သဟမ္ပတိဗြဟ္မာကလည်းအောက်ပါဂါထာဖြင့်ဗုဒ္ဓအားရှိခိုးလေ သည်။

"လုံ့လရှိသောမြတ်စွာဘုရား၊ထတော်မူပါလော့။ မာရ်စစ်သည်ကိုအောင်မြင်ပြီးသော မြတ်စွာဘုရား၊ လောက၌ လှည့်လည်တော်မူပါလော့။ တရားကိုသိမြင်နားလည်မည့်သတ္တဝါတို့သည်ရှိကြပါလိမ့်မည်"

## ၈။ ဂဟဋ္ဌဝန္ဒနာသုတ်

## [သိကြားမင်းက လူတို့အား ရှိခိုးခြင်း]

၂၆၄။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ် ရဟန်းတို့အားဤသုတ်ကိုဟောကြားတော်မူ၏။

ရဟန်းတို့ ရှေးအခါက သိကြားမင်းသည်ဥယျာဉ်သို့ထွက်လိုသဖြင့် မာတလိနတ်သားအားအာဇာနည်မြင်းတထောင်ကသောရထားကိုအပြင်ခိုင်း၏။ ရထားအသင့် ဖြစ်သောအခါ ဝေဇယန္တာပြာသာဒ်မှ ဆင်း၍ အရပ်လေးမျက်နှာတို့ကိုရှိခိုး၏။ မာတလိက"အရှင်သိကြားမင်းသည်အဘယ်နတ်မင်းကြီးအား ရှိခိုးပါသနည်း"ဟုမေးရာ၊သိကြားမင်းကအောက်ပါအတိုင်းဖြေကြား၏။

"အချင်း မာတလိ၊ ငါသည်သီလနှင့်ပြည့်စုံ၍အကျင့်မြတ်လျှင် လဲလျောင်းရာရှိသောရဟန်းတို့ကိုရှိခိုး၏။အကြင်သူတို့သည်အိမ်ရာထောင်သော လူ့ဘောင်၌နေ၍ကောင်းမှုကို ပြုကုန်၏။ သီလရှိကုန်၏။ရတနာသုံးပါးကို ဆည်းကပ်ကုန်၏။ တရားနှင့်အညီ သားမယားကို လုပ်ကျွေးကုန်၏။ ထိုသူတို့ကိုလည်း ငါရှိခိုး၏"

ထိုအခါ မာတလိက "အရှင်သိကြားမင်း ရှိခိုးအပ်သော ပုဂ္ဂိုလ်တို့ကိုကျွန်ုပ် လည်း ရှိခိုးပါ၏"ဟုဆိုလေသည်။

## ၉။ သတ္ထာရဝန္ဒနာသုတ်
## [သိကြားမင်းက မြတ်စွာဘုရားအား ရှိခိုးခြင်း]

၂၆၅။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကိုဟောကြားတော်မူ၏။

ရှေးအခါကသိကြားမင်းသည်ဥယျာဉ်သို့ထွက်ရန်အတွက်ဝေဇယန္တ-ပြာသာဒ်မှဆင်း၍အာဇာနည်မြင်းတထောင်ကသောရထားသို့မတက်မီ မြတ်စွာဘုရားရှိရာအရပ်သို့လက်အုပ်ချီ၍ရှိခိုး၏။မာတလိက "အရှင် သိကြားမင်းသည် အဘယ်နတ်မင်းကိုရှိခိုးပါသနည်း" ဟု မေးရာသိကြားမင်းက အရိယာပုဂ္ဂိုလ်ရှစ်ယောက်နှင့် တကွမြတ်စွာဘုရားကိုရှိခိုးကြောင်းဖြေကြား၏။ ထိုအခါ မာတလိက "အရှင် သိကြားမင်းရှိခိုးအပ်သောပုဂ္ဂိုလ်တို့ကိုကျွန်ုပ်လည်း ရှိခိုးပါ၏"ဟု ဆိုလေသည်။

## ၁၀။ သံဃဝန္ဒနာသုတ်
## [သိကြားမင်းက သံဃာအား ရှိခိုးခြင်း]

၂၆၆။ ဗုဒ္ဓသည်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကိုဟောကြားတော်မူ၏။

ရှေးအခါက သိကြားမင်းသည်ဥယျာဉ်သို့ ထွက်ရန်အတွက်အာဇာနည်မြင်းတထောင်ကသောရထားသို့ မတက်မီ လက်အုပ်ချီ၍ ရဟန်းသံဃာ အပေါင်းကို ရှိခိုး၏။ထိုအခါ မာတလိနတ်သားက"အရှင်သိကြားမင်းသည်မစင်ကြယ်သော မိခင်ဝမ်းမှ မွေးဖွားသော လူတို့ကို အဘယ့်ကြောင့် ရှိခိုးပါသနည်း။ အရှင် သိကြားမင်း ရှိခိုးသော ရဟန်းတို့၏ အကျင့်သီလသည် မည်သို့ရှိပါသနည်း"ဟု မေး၏။ သိကြားမင်းက ရဟန်းတို့၏ ဂုဏ်ကျေးဇူးများကို ချီးကျူး ပြောဆို လေသည်။

"အချင်း မာတလိ၊ ရဟန်းတို့သည် ပစ္စည်းဥစ္စာကို သိမ်း သိမ်းဆည်းခြင်း မရှိကုန်။ သူတပါးတို့ လောင်းလှူအပ်သောဆွမ်းဖြင့်သာ မျှတကုန်၏။ ကောင်း သောစကားကိုသာ တိုင်ပင် ပြောဆိုကုန်၏။ ဆိတ်ဆိတ်နေလျက် ညီညွတ်စွာ သွားလာကြကုန်၏။ နတ်တို့သည် အသုရာတို့နှင့်ဆန့်ကျင်ကုန်၏။ များစွာသော သတ္တဝါတို့သည်လည်း အချင်းချင်း ဆန့်ကျင်ကုန်၏။ ရဟန်းတို့သည်ကား တစုံ

တယောက်သောသူနှင့်မျှဆန့်ကျင်ခြင်းမရှိကုန်။ သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်ကြောင်းဖြစ်သောလက်နက်ကိုစွန့်လွှတ်ပြီးဖြစ်ကုန်၏။ အချင်းမာတလိ၊ ငါသည် ထိုကဲ့သို့သောရဟန်းတို့ကို ရှိခိုးခြင်းဖြစ်၏”

သိကြားမင်းကဤသို့ပြောဆိုသောအခါမာတလိက “အရှင်သိကြားမင်း ရှိခိုးသောရဟန်းတို့ကိုကျွန်ုပ်လည်းရှိခိုးပါ၏” ဟုဆိုလေသည်။

## ၃။ တတိယဝဂ်

### ၁။ ဆေတွာသုတ်

၂၆၇။ ဆေတွာသုတ်၌သိကြားမင်းကဗုဒ္ဓအားမေး၍ဗုဒ္ဓကဖြေသောဂါထာများသည် ဒေဝတာသံယုတ်၊ သုတ်စဉ် ၇၁။ ဆေတွာသုတ်နှင့် တူ၏။

### ၂။ ဒုဗ္ဗဏ္ဏိယသုတ်

[အဆင်းမလှသော နတ်ကသိကြားမင်း၏စိတ်ကို စမ်းခြင်း]

၂၆၈။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကိုဟောကြားတော်မူ၏။

ရှေးအခါကအဆင်းမလှ ပုကွသောနတ်သားတယောက်သည်သိကြားမင်း၏နေရာ၌ထိုင်နေ၏။ အခြားသောနတ်တို့ကမြင်၍ကဲ့ရဲ့ရာထိုနတ်သားကား ကဲ့ရဲ့တိုင်း ကဲ့ရဲ့တိုင်း ပို၍ပို၍ အဆင်းလှလာ၏။ ထိုအခါနတ်တို့သည် သိကြားမင်းထံသွား၍ ထိုအကြောင်းကို ပြောကြားကြသည်။ သိကြားမင်းသည် ထိုနတ်သားအား ကောဓဘက္ခ မည်သောနတ်သား ဖြစ်လိမ့်မည်ဟုဆို၏။ ထို့နောက် သိကြားမင်းသည် ထိုနတ်သားရှိရာသို့ သွား၍ လက်အုပ်ချီကာ မိမိသည် သိကြားမင်းဖြစ်ကြောင်းပြောလေသည်။ သိကြားမင်းကယင်းသို့ ပြောကြားသောအခါ ထိုနတ်သားသည်ပို၍ပို၍အရုပ်ဆိုးလာပြီးနေရာမှပျောက်ကွယ်သွားလေသည်။ ထိုအခါ သိကြားမင်းသည် နတ်တို့အား အမျက်ဒေါသ၏ အလိုသို့မလိုက်ပါပဲ မိမိကိုယ်ကို ချုပ်တည်းသင့်ကြောင်းဆုံးမလေသည်။

(ကောဓဘက္ခဟူသောအမည်မှာ သိကြားမင်းကပေးသောအမည်သာဖြစ်၏။ စင်စစ် ထိုနတ်သည်ဗြဟ္မာတဦးဖြစ်၏။ သိကြားမင်း၏စိတ်ကိုစုံစမ်းလို၍ ထိုသို့ပြုခြင်းဖြစ်သည်ဟုဆို၏။)

## ၃။ သမ္မဒိမာယာသုတ်

### [သိကြားမင်းက သမ္ဗရိအသုရိန်၏မာယာကို တောင်းခြင်း]

၂၆၉။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

ရှေးအခါက ဝေပစိတ္တိအသုရိန် နာမကျန်းဖြစ်နေ၍ သိကြားမင်းသည် လူနာမေး သွား၏။ 'သိကြားမင်း၊ ကျွန်ုပ်အား ဆေးကုပါလော့'ဟု ဝေပစိတ္တိက ဆိုရာ 'သင်သည်လည်း ငါ့အား သမ္ဗရိမာယာကို သင်ပေးပါလော့'ဟု သိကြားမင်းက ဆို၏။ ထိုအခါ ဝေပစိတ္တိအသုရိန်သည် အသုရာတို့နှင့်တိုင်ပင်ပြီး 'သိကြားမင်း၊ သင်သည် သမ္ဗရိအသုရာ၏မာယာကို မသင်ယူပါလင့်။ သမ္ဗရိမာယာကိုတတ်လျှင် သမ္ဗရိအသုရာကဲ့သို့ နှစ်ပေါင်းတရာပတ်လုံး ငရဲ၌ကျ၍ နှိပ်စက်ခံရသော အသုရာ ဖြစ်ရပါလိမ့်မည်'ဟု ဆိုလေသည်။

## ၄။ အစ္စယသုတ်

### [အပြစ်ကိုဝန်ခံခြင်းနှင့်သိကြားမင်း၏ဩဝါဒ]

၂၇၀။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရဟန်းနှစ်ပါးတို့ ခိုက်ရန်ဖြစ်ကြ၏။ ပထမရဟန်းက အလွန်အကျူးပြောဆို၏။ ဒုတိယရဟန်းက မိမိအပြစ်ကိုဝန်ခံသော်လည်း ပထမရဟန်းသည် သည်းမခံ။ ထိုအဖြစ်အပျက်ကိုမြင်သော ရဟန်းတို့က ဗုဒ္ဓထံသွား၍ လျှောက်ကြားကြရာ ဗုဒ္ဓက ဆုံးမစကား မိန့်ကြားတော်မူ၏။

"ရဟန်းတို့ သူမိုက်တို့သည် အပြစ်ကို အပြစ်ဟုမမြင်သူ၊ အပြစ်ကို တဘက်သားက ဝန်ခံလျှင် တရားနှင့်အညီ သည်းမခံသူဟူ၍ နှစ်မျိုးရှိ၏။

"ရဟန်းတို့၊ ပညာရှိတို့သည် အပြစ်ကို အပြစ်ဟုမြင်သူ၊ အပြစ်ကို တဘက်သားကဝန်ခံလျှင် တရားနှင့်အညီ သည်းခံသူဟူ၍ နှစ်မျိုးရှိ၏။

"ရဟန်းတို့၊ ရှေးအခါက သိကြားမင်းသည် သုဓမ္မာသဘင်၌ သာဝတိံသာနတ်တို့ကို အောက်ပါအတိုင်း ဆုံးမခဲ့၏။

''သင်တို့သည် အမျက်ဒေါသ၏အလိုသို့မလိုက်ကြလင့်။ အဆွေခင်ပွန်းတို့နှင့် မိတ်မပျက်စေကြလင့်။ မကဲ့ရဲ့ထိုက်သူကို မကဲ့ရဲ့ကြလင့်။ ကုန်းချောစကား မပြောကြလင့်။ အမျက်ဒေါသသည် သူယုတ်ကို တောင်ကဲ့သို့လွှမ်းမိုးနိုင်၏''

## ၅။ အက္ကောသသုတ်

### [အမျက်မထွက်ရန် သိကြားမင်းကဆုံးမခဲ့ပုံ]

၂၇၁။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သုဓမ္မာသဘင်၌ သိကြားမင်းက တာဝတိံသာနတ်တို့အား ဆုံးမခဲ့သည့် အောက်ပါဂါထာကို ရဟန်းတို့အား ထပ်ဆင့်ဟောကြားတော်မူ၏။

“အချင်းနတ်တို့၊ အမျက်ဒေါသသည် သင်တို့ကို မလွှမ်းမိုးစေလင့်။ စိတ်ဆိုးသူကို ပြန်၍ စိတ်မဆိုးကြလင့်။ အမျက်မထွက်ခြင်း၊မညှဥ်းဆဲခြင်းသည် အရိယာတို့၏အကျင့်ဖြစ်၏။ အမျက်ဒေါသသည် သူယုတ်ကို တောင်ကဲ့သို့လွှမ်းမိုးနိုင်၏”



သံယုတ္တနိကာယ်

# ၂။ နိဒါနဝဂ်

# ၁။ နိဒါနသံယုတ်

[အကြောင်းရင်းခံတရားနှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဗုဒ္ဓဝဂ်

### ၁။ ပဋိစ္စသမုပ္ပါဒသုတ်

[အကြောင်းကိုစွဲ၍အကျိုးဖြစ်ပုံ]

၁။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ်ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူ၏။

ရဟန်းတို့၊ အကြောင်းကိုစွဲ၍အကျိုးဖြစ်ပေါ်ခြင်း''ပဋိစ္စသမုပ္ပါဒ်''ဟူသည် အဘယ်နည်းဆိုသော်—မသိခြင်းအဝိဇ္ဇာကြောင့် ပြုလုပ်မှုသင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် အာရုံကိုသိခြင်း ဝိညာဏ်သည် ဖြစ်၏။ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်နှင့်ရုပ်သည်ဖြစ်၏။နာမ်နှင့်ရုပ်ဟူသော အကြောင်းကြောင့် အသိစိတ်၏တည်ရာဖြစ်သော အာယတန ခြောက်ပါးတို့သည် ဖြစ်ကုန်၏။ အာယတနခြောက်ပါးဟူသောအကြောင်းကြောင့် တွေ့ထိခြင်း ဖဿသည် ဖြစ်၏။ ဖဿဟူသောအကြောင်းကြောင့် ခံစားခြင်းဝေဒနာသည် ဖြစ်၏။ ဝေဒနာဟူသော အကြောင်းကြောင့် တပ်မက်ခြင်းတဏှာသည် ဖြစ်၏။ တဏှာဟူသောအကြောင်းကြောင့် စွဲလမ်းခြင်းဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသောအကြောင်းကြောင့် ဘဝသည်ဖြစ်၏။ဘဝဟူသောအကြောင်းကြောင့် မွေးဖွားခြင်းဇာတိသည် ဖြစ်၏။ ဇာတိဟူသော အကြောင်းကြောင့် အိုခြင်း ဇရာ၊ သေခြင်း မရဏ၊ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ဆင်းရဲခြင်း ဒုက္ခ၊ နှလုံးမသာခြင်း ဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း ဥပါယာသ တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ချမ်းသာမဖက်သော ဆင်းရဲအစု၏ ဖြစ်ပေါ်နေ

ခြင်းသည် ထင်ရှား၏။ ရဟန်းတို့၊ ဤသို့ဖြစ်ပေါ်နေခြင်းကို "ပဋိစ္စသမုပ္ပါဒ်"ဟု ဆိုအပ်၏။

ရဟန်းတို့၊ အဝိဇ္ဇာ၏အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည် ဖြစ်၏။ ——— ဇာတိချုပ်ခြင်းကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့လျှင် ချမ်းသာမဖက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ထင်ရှား၏။

## ၂။ ဝိဘင်္ဂသုတ်

## [အကျယ်ဝေဖန်ဟောကြားခြင်း]

၂။ ရဟန်းတို့၊ ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်နည်းဆိုသော် အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏။ ——— ဤသို့လျှင် ချမ်းသာမဖက်သော ဆင်းရဲအစု၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။

ရဟန်းတို့၊ အိုခြင်း သေခြင်း "ဇရာ မရဏ"ဟူသည် အဘယ်နည်း ဆိုသော် ထိုထိုသတ္တဝါတို့၏ထိုထိုဘုံဘဝ၌အိုမင်းခြင်း၊ အိုမင်းသူဖြစ်ရခြင်း၊ သွားကျိုးခြင်း ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ အသက်၏ဆုတ်ယုတ်ခြင်း၊ ဣန္ဒြေတို့၏ရင့်ရော်ခြင်း ဟူသော သဘောများကို "အိုခြင်း"ဟူ၍ ဆိုအပ်၏[၁]။ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း၊ ရွေ့လျောသူဖြစ်ရခြင်း၊ ပျက်ခြင်း၊ ကွယ်ပျောက်ခြင်း၊ အသက်စွန့်ခြင်း၊ ဘဝဆုံးခြင်း၊ ခန္ဓာပျက်စီးခြင်း၊ ကိုယ်ကောင်ကို ပစ်ချရခြင်းဟူသော သဘောများကို "သေခြင်း"ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ မွေးဖွားခြင်း "ဇာတိ"ဟူသည်အဘယ်နည်းဆိုသော်ထိုထိုသတ္တဝါ၏ ထိုထိုဘုံဘဝ၌ ဖြစ်ပေါ်လာခြင်း၊ အပြည့်အစုံ ဖြစ်ပေါ်လာခြင်း၊ မိခင်ဝမ်းသို့သက်ရောက်ခြင်း၊ ထင်ရှားဖြစ်ပေါ်ခြင်း၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း၊ အာယတနတို့ကို ရခြင်းဟူသော ဤသဘောကို "မွေးဖွားခြင်း"ဟူ၍ဆိုအပ်၏။

---

၁။ အိုခြင်းဇရာသည် ဖုံးကွယ်နေသော ပဋိစ္ဆန္နဇရာနှင့် ထင်ရှားသော ပါကဋဇရာဟု နှစ်မျိုးရှိ၏။ ထိုတွင် နာမ်တရားတို့၏အိုခြင်းသည် မထင်ရှားသောကြောင့် ပဋိစ္ဆန္နဇရာမည်၏။ ရုပ်တရားတို့၏အိုခြင်းသည်ထင်ရှားသောကြောင့် ပါကဋဇရာမည်၏။

ရဟန်းတို့၊ စွဲလမ်းခြင်း "ဥပါဒါန်"ဟူသည်အဘယ်နည်းဆိုသော် ကာမကို စွဲလမ်းခြင်း၊ အယူတို့ကိုစွဲလမ်းခြင်း၊ အတ္တကို စွဲလမ်းခြင်း၊ အလေ့အကျင့်ကို စွဲလမ်းခြင်းဟူသော ဤလေးပါးပင်တည်း။

ရဟန်းတို့၊ "တဏှာ"ဟူသည် အဘယ်နည်းဆိုသော် အဆင်းကို တပ်မက်ခြင်း၊ အသံကို တပ်မက်ခြင်း၊ အနံ့ကိုတပ်မက်ခြင်း၊ အရသာကို တပ်မက်ခြင်း၊ အတွေ့အထိကို တပ်မက်ခြင်း၊ ဓမ္မအာရုံကို တပ်မက်ခြင်းဟူသော ဤခြောက်ပါးပင်တည်း။

ရဟန်းတို့၊ ခံစားခြင်း"ဝေဒနာ"ဟူသည် အဘယ်နည်းဆိုသော် မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း၊ စိတ်အတွေ့ကြောင့် ဖြစ်သော ခံစားခြင်းဟူသော ဤခြောက်ပါးပင်တည်း။

"ရဟန်းတို့၊ တွေ့ထိခြင်း"ဖဿ"ဟူသည် အဘယ်နည်းဆိုသော် မျက်စိဖြင့် တွေ့ထိခြင်း၊ နားဖြင့်တွေ့ထိခြင်း၊ နှာခေါင်းဖြင့်တွေ့ထိခြင်း၊ လျှာဖြင့်တွေ့ထိခြင်း၊ ကိုယ်ဖြင့် တွေ့ထိခြင်း၊ စိတ်ဖြင့် တွေ့ထိခြင်းဟူသော ဤခြောက်ပါးပင်တည်း။

ရဟန်းတို့၊ အသိစိတ်၏ တည်ရာ "အာယတနခြောက်ပါး"ဟူသည်အဘယ်နည်းဆိုသော် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဤ အာယတန ခြောက်ပါးပင်တည်း။

ရဟန်းတို့၊"နာမ်နှင့်ရုပ်"ဟူသည် အဘယ်နည်းဆိုသော် ခံစားခြင်းဝေဒနာ၊ မှတ်သားခြင်းသညာ၊ စေ့ဆော်ခြင်း စေတနာ၊ တွေ့ထိခြင်းဖဿ၊ နှလုံးသွင်းခြင်း မနသိကာရဟူသော ဤတရားအပေါင်းကို နာမ်ဟုဆိုအပ်၏။ မဟာဘုတ်လေးပါးနှင့် ယင်းတို့ကိုမှီ၍ဖြစ်သော ရုပ်အပေါင်းကို ရုပ်ဟုဆိုအပ်၏။

ရဟန်းတို့၊ အာရုံကို သိခြင်း"ဝိညာဏ်"ဟူသည် အဘယ်နည်း ဆိုသော် မျက်စိကိုမှီ၍ သိခြင်း၊ နားကိုမှီ၍ သိခြင်း၊ နှာခေါင်းကိုမှီ၍ သိခြင်း၊ လျှာကို မှီ၍ သိခြင်း၊ ကိုယ်ကိုမှီ၍ သိခြင်း၊ စိတ်ကိုမှီ၍ သိခြင်းဟူသော ဤခြောက်ပါး ပင်တည်း။

ရဟန်းတို့၊ ပြုလုပ်ခြင်း "သင်္ခါရ"တို့သည် အဘယ်နည်းဆိုသော် ကိုယ်ဖြင့် ပြုလုပ်ခြင်းကာယသင်္ခါရ၊ နှုတ်ဖြင့်ပြုလုပ်ခြင်းဝစီသင်္ခါရ၊ စိတ်ဖြင့်ပြုလုပ်ခြင်း စိတ္တသင်္ခါရဟူသော ဤသုံးပါးပင်တည်း။

ရဟန်းတို့၊ မသိခြင်း"အဝိဇ္ဇာ"ဟူသည် အဘယ်နည်းဆိုသော် ဆင်းရဲ၌ မသိခြင်း၊ ဆင်းရဲဖြစ်ပေါ်ကြောင်း၌ မသိခြင်း၊ ဆင်းရဲချုပ်ရာ၌ မသိခြင်း၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ မသိခြင်းဟူသော ဤ လေးပါး ပင်တည်း။

## ၃။ ပဋိပဒါသုတ်

### [မှားသောအကျင့်နှင့် မှန်သောအကျင့်]

၃။ ရဟန်းတို့၊ ငါသည် သင်တို့အား မှားသောအကျင့်နှင့် မှန်သောအကျင့်ကို ဟောကြားအံ့။ နာကြလော့။ ရဟန်းတို့၊ မှားသောအကျင့်ဟူသည်အဘယ်နည်း ဆိုသော်- အဝိဇ္ဇာဟူသော အကြောင်းကြောင့်သင်္ခါရတို့သည်ဖြစ်ကုန်၏[၁]။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏။ ——— ဤသို့လျှင် ချမ်းသာမဖက်သော ဆင်းရဲအစု၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ ရဟန်းတို့၊ ဤသဘောတရားကို မှားသောအကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့၊ မှန်သောအကျင့်ဟူသည် အဘယ်နည်း ဆိုသော် အဝိဇ္ဇာ၏ အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့်ဝိညာဏ်၏ချုပ်ခြင်းသည် ဖြစ်၏။ ——— ဤသို့လျှင်ချမ်းသာ မဖက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ထင်ရှား၏။ ရဟန်းတို့၊ ဤသဘော တရားကို မှန်သောအကျင့်ဟု ဆိုအပ်၏။

## ၄။ ဝိပဿိသုတ်

### [ဝိပဿီဘုရားအလောင်းအား အကြံဖြစ်ပုံ]

၄။ ရဟန်းတို့၊ ဝိပဿီမြတ်စွာဘုရားအား သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းဖြစ်စဉ်က ဤသို့အကြံဖြစ်ခဲ့၏။ "ပဋိသန္ဓေနေခြင်း၊ အိုခြင်း သေခြင်း၊ စုတေခြင်း၊ တဖန်ပဋိသန္ဓေနေခြင်းသို့ ရောက်ရသော ဤသတ္တဝါ အပေါင်းကား ဆင်းရဲလှပေစွ။ သို့ဖြစ်လျက်လည်း အိုခြင်း သေခြင်း ဆင်းရဲ၏ ထွက်မြောက်ရာကို မသိနိုင်၊ ဘယ်အခါ၌ ယင်းထွက်မြောက်ရာသည် ထင်ရှား ပါအံ့နည်း"

---

၁။ အဝိဇ္ဇာကြောင့် သင်္ခါရသုံးပါးဖြစ်ရာတွင် အပုညာဘိသင်္ခါရကိုသာ မှားသော အကျင့် (မိစ္ဆာပဋိပဒါ)ဟု ဆိုအပ်သည်မဟုတ်၊ ဘဝ သုံး ပါး ဟူ သော သံသရာဝဋ္ဋကို ရှေ့ရှုသည့် ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့ကိုလည်း မှားသောအကျင့်ဟု ဆိုအပ်၏။ (ဝဋ္ဋသီသတ္တာ-အဋ္ဌကထာ)

ရဟန်းတို့၊ ထိုနောက်ဝိပဿီဘုရားလောင်းအား “ဘယ်တရားရှိသော်အိုခြင်း သေခြင်းသည် ဖြစ်သနည်း။ ဘယ်အကြောင်းကြောင့် အိုခြင်း သေခြင်းသည် ဖြစ်သနည်း”ဟု အကြံဖြစ်၏။ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်တင့်စွာ နှလုံးသွင်းခြင်းကြောင့် “မွေးဖွားခြင်း ရှိသော် အိုခြင်း သေခြင်းသည် ဖြစ်၏။ မွေးဖွားခြင်းဟူသောအကြောင်းကြောင့်အိုခြင်းသေခြင်းသည် ဖြစ်၏”ဟု ပညာဖြင့်ထိုးထွင်း၍ သိခြင်းသည်ဖြစ်လေ၏။

ရဟန်းတို့၊ထို့နောက်ဝိပဿီဘုရားလောင်းအား“ဘယ်တရားရှိသော်မွေးဖွားခြင်းသည်ဖြစ်သနည်း။ဘယ်တရားဟူသောအကြောင်းကြောင့်မွေးဖွားခြင်းသည် ဖြစ်သနည်း”ဟုအကြံဖြစ်၏။ထိုအခါဝိပဿီဘုရားလောင်းအားသင့်တင့်စွာနှလုံးသွင်းခြင်းကြောင့် “ဘဝရှိသော် မွေးဖွားခြင်းဖြစ်၏။ဘဝဟူသော အကြောင်းကြောင့် မွေးဖွားခြင်းသည်ဖြစ်၏”ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်လေ၏။

(ဘဝရှိခြင်းသည် ဥပါဒါန်ကြောင့်၊ ဥပါဒါန် ရှိခြင်းသည် တဏှာကြောင့် စသည်ဖြင့်အဝိဇ္ဇာတိုင်အောင်ပြန်၍ဟောကြားတော်မူသည်။)

ရဟန်းတို့ ဤသို့လျှင် ဝိပဿီဘုရားလောင်းအား ဖြစ်ပေါ်မှုနှင့်စပ်၍ဉာဏ် အလင်းရောင်သည်ဖြစ်ပေါ်၏။

ရဟန်းတို့၊ထို့နောက်ဝိပဿီဘုရားလောင်းအား“ဘယ်တရားမရှိသော်အိုခြင်း သေခြင်းသည်မဖြစ်သနည်း။ဘယ်တရားချုပ်ခြင်းကြောင့် အိုခြင်း သေခြင်းသည် ချုပ်သနည်း”ဟုအကြံဖြစ်၏။ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်တင့်စွာ နှလုံးသွင်းခြင်းကြောင့် “မွေးဖွားခြင်းမရှိသော် အိုခြင်း သေခြင်းသည် မဖြစ်။ မွေးဖွားမှုချုပ်ခြင်းကြောင့်အိုခြင်းသေခြင်းသည်ချုပ်၏”ဟုအကြံဖြစ်၏။

(ဘဝမရှိသော်မွေးဖွားခြင်းသည်မဖြစ်၊စွဲလမ်းခြင်းမရှိသော် ဘဝသည်မဖြစ် စသည်ဖြင့်အကြံဖြစ်ပုံများကိုလည်းအလားတူဟောကြား၏။)

ဤသို့လျှင် အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရစသည်ချုပ်ခြင်းကြောင့်ဝိညာဏ်စသည်တို့၏ ချုပ်ခြင်းသည်ဖြစ်၏။ဤသို့လျှင် ချမ်းသာမဖက်သော ဆင်းရဲအစု၏ချုပ်ခြင်းသည် ထင်ရှား၏။ ရဟန်းတို့၊ ဤသို့လျှင်ဝိပဿီဘုရားလောင်းအားချုပ်ခြင်းနှင့် စပ်၍ ရှေးက မကြားဖူးသေးသောတရားတို့၌ ဉာဏ်အလင်းရောင်သည်ဖြစ်ပေါ်ခဲ့၏။

၅-၁၀။ သိခိသုတ် စသည်တို့၌ သိခိ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားလောင်းတို့အကြံဖြစ်ပုံများကိုလည်းနည်းတူ ဟောကြား၏။ အထူးကား ဂေါတမဘုရားသုတ်၌ "ငါ့အားသစ္စာလေးပါးကိုမသိမီ ဘုရားလောင်းဖြစ်စဉ်ကဤသို့အကြံဖြစ်ခဲ့၏" စသည်ဖြင့်ဟောကြားတော်မူ၏။

## ၂။ အာဟာရဝဂ်

### ၁။ အာဟာရသုတ်

[အာဟာရ လေးပါးတို့၏ အကြောင်း]

၁၁။ ရဟန်းတို့၊ ဖြစ်ပြီးသတ္တဝါ၊ ဖြစ်ဆဲသတ္တဝါ တို့အား တည်တံ့စေရန် ထောက်ပံ့ကူညီမှုပြုရန်ဆောင်တတ်သောအာဟာရတို့သည် အကြမ်းအနုအားဖြင့် နှစ်မျိုးရှိသည့် အလုတ်အလွေး ပြုအပ်သော ကဗဠိကာရ အာဟာရ၊ တွေ့ထိခြင်း ဖဿအာဟာရ၊ စိတ်ကို စေ့ဆော်ခြင်း မနောသဉ္စေတနာအာဟာရ၊ အာရုံကို သိခြင်း ဝိညာဏအာဟာရ အားဖြင့် လေးပါးရှိ၏။

ရဟန်းတို့၊ ဤ လေး ပါး သော အာဟာရ တို့ သည် အဘယ် တရားလျှင် အကြောင်းရင်း အမွန်အစရှိကုန်သနည်း ဆိုသော် တဏှာလျှင် အကြောင်းရင်း အမွန်အစရှိကုန်၏။ တဏှာသည် အဘယ်တရားလျှင်အကြောင်းရင်းအမွန်အစရှိသနည်းဆိုသော် ဝေဒနာလျှင် အကြောင်းရင်း အမွန်အစရှိ၏။ --- သင်္ခါရတို့သည် အဘယ်တရားလျှင် အကြောင်းရင်း အမွန် အစရှိကုန်သနည်း ဆိုသော် အဝိဇ္ဇာလျှင်အကြောင်းရင်းအမွန်အစရှိကုန်၏။

ရဟန်းတို့၊ ဤသို့လျှင်အဝိဇ္ဇာဟူသော အကြောင်းကြောင့်သင်္ခါရတို့သည်ဖြစ်ကုန်၏။ သင်္ခါရဟူသောအကြောင်းကြောင့်ဝိညာဏ်သည်ဖြစ်၏။--- အဝိဇ္ဇာ၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည် ဖြစ်၏။ --- ဤသို့လျှင်ချမ်းသာ မဖက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ထင်ရှားလေ၏။

### ၂။ မောဠိယဖဂ္ဂုဏသုတ်

[ရှင်မောဠိယဖဂ္ဂုဏအား ဟောကြားချက်]

၁၂။ ဗုဒ္ဓသည်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ်ရဟန်းတို့အား (ရှေးသုတ်နည်းတူ) အာဟာရ လေးပါးကို ဟောကြားတော်မူ၏။ ထိုအခါ ရှင်မောဠိယဖဂ္ဂုဏက ပြဿနာများကို မေးလျှောက်သဖြင့် ဗုဒ္ဓက ဖြေကြားတော်မူ၏။

"အရှင်ဘုရား၊ မည်သူသည် ဝိညာဏအာဟာရကိုဆောင်ပါသနည်း"

"မောဠိယ၊ ဤအမေးသည်မသင့်၊ တစုံတယောက်သောသူသည်ဆောင်၏ဟူ၍ ငါမဟော။ 'ဝိညာဏအာဟာရသည် အဘယ်တရား၏ အကြောင်း ဖြစ်သနည်း' ဟူ၍ မေးလျှင်ကား သင့်လျော်ပေရာ၏။ မောဠိယ၊ ဝိညာဏ အာဟာရသည် နောက်တဖန်ဘဝသစ်၌ဖြစ်ခြင်း အလို့ငှါဖြစ်၏။ ထိုဝိညာဏအာဟာရ ဖြစ်သည်ရှိသော် အာယတန ခြောက်ပါးသည် ဖြစ်၏။ အာယတန ခြောက်ပါးဟူသော အကြောင်းကြောင့် ဖဿသည် ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်သူသည် တွေ့ထိပါသနည်း"

"မောဠိယ၊ ဤအမေးသည်မသင့်။ တစုံတယောက်သောသူသည် တွေ့ထိ၏ဟု ငါ မဟော။ 'အဘယ်အကြောင်းကြောင့် တွေ့ထိခြင်း ဖဿ သည် ဖြစ်ပါသနည်း'ဟု မေးခဲ့သော်ထိုအမေးသည် သင့်လျော်ရာ၏။ မောဠိယ၊ အာယတန ခြောက်ပါးဟူသော အကြောင်းကြောင့် တွေ့ထိခြင်း ဖဿသည်ဖြစ်၏။ ဖဿ ဟူသော အကြောင်းကြောင့် ခံစားခြင်း ဝေဒနာသည်ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်သူသည် ခံစားပါသနည်း"

"မောဠိယ၊ ဤအမေးသည်မသင့်။ တစုံတယောက်သောသူသည်ခံစား၏ဟု ငါမဟော။ 'အဘယ်အကြောင်းကြောင့် ခံစားခြင်း ဝေဒနာ သည် ဖြစ်ပါသနည်း'ဟု မေးခဲ့သော်ထိုအမေးသည်သင့်လျော်ပေရာ၏။ မောဠိယ၊ တွေ့ထိခြင်း ဖဿဟူသော အကြောင်းကြောင့် ခံစားခြင်း ဝေဒနာသည် ဖြစ်၏။ ဝေဒနာ ဟူသောအကြောင်းကြောင့် တပ်မက်ခြင်း တဏှာသည်ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်သူသည်တပ်မက်ပါသနည်း"

"မောဠိယ၊ ဤအမေးသည်မသင့်။ တစုံတယောက်သောသူသည်တပ်မက်၏ဟု ငါမဟော။ 'အဘယ်အကြောင်းကြောင့် တပ်မက်ခြင်း တဏှာသည် ဖြစ်ပါသနည်း'ဟုမေးခဲ့သော် ထိုအမေးသည် သင့်လျော်ပေရာ၏။ မောဠိယ၊ ခံစားခြင်း ဝေဒနာကြောင့် တပ်မက်ခြင်း တဏှာသည်ဖြစ်၏။ တဏှာကြောင့် စွဲလမ်းခြင်း ဥပါဒါန်သည်ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်သူသည် စွဲလမ်းပါသနည်း"

"မောဠိယ၊ ဤအမေးသည်မသင့်။ တစုံတယောက်သောသူသည် စွဲလမ်း၏ဟု ငါမဟော။ 'အဘယ်အကြောင်းကြောင့် စွဲလမ်းခြင်း ဥပါဒါန်သည် ဖြစ်ပါသနည်း'ဟူ၍မေးခဲ့သော်ထိုအမေးသည်သင့်လျော်ပေရာ၏။ မောဠိယ၊ တပ်မက်ခြင်း တဏှာဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း ဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသောအကြောင်းကြောင့်ဘဝသည်ဖြစ်၏။

"မောင်ဥယ၊ တွေ့ထိခြင်းဖဿ၏အကြောင်းဖြစ်သော အာယတနခြောက်ပါးတို့၏အကြွင်းမဲ့ချုပ်ခြင်းကြောင့်တွေ့ထင်ခြင်းဖဿသည် ချုပ်၏။ ဖဿချုပ်ခြင်းကြောင့်ဝေဒနာသည်ချုပ်၏။ — — — ဇာတိချုပ်ခြင်းကြောင့်ဇရာ မရဏစသည်တို့သည်ချုပ်ကုန်၏။ ဤသို့လျှင် ဆင်းရဲအစု၏ချုပ်ငြိမ်းခြင်းသည် ထင်ရှား၏"

## ၃။ သမဏ ဗြာဟ္မဏသုတ်

### [စစ်မှန်သော ရဟန်း ပုဏ္ဏားများ]

၁၃။ ရဟန်းတို့၊အကြင်ရဟန်း ပုဏ္ဏားတို့သည်အိုခြင်းသေခြင်း "ဇရာမရဏ" ကို မသိကုန်။ အိုခြင်းသေခြင်းတို့၏ ဖြစ်ပေါ်ကြောင်း၊ အိုခြင်း သေခြင်း တို့၏ချုပ်ရာ၊ အိုခြင်းသေခြင်းတို့၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်တို့ကို မသိကုန်။ ထိုရဟန်းပုဏ္ဏားတို့ကိုရဟန်းပုဏ္ဏားဟူ၍ အသိအမှတ်မပြုအပ်ကုန်။ ထိုသူတို့သည် ရဟန်းပုဏ္ဏားပြုခြင်း၏အကျိုးကိုလည်းမျက်မှောက်ဘဝ၌ ကိုယ်တိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍မနေရကုန်။

(ဇာတိမှစ၍အဝိဇ္ဇာအထိ တရားများကိုလည်း နည်းတူဟောကြား၏။)

ရဟန်းတို့၊ အကြင်ရဟန်းပုဏ္ဏားတို့သည် အိုခြင်း သေခြင်းကို သိကုန်၏။ အိုခြင်း၊ သေခြင်းတို့၏ ဖြစ်ပေါ်ကြောင်း၊ အိုခြင်း သေခြင်းတို့၏ ချုပ်ရာ၊ အိုခြင်း သေခြင်းတို့၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်တို့ကို သိကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့ကို ရဟန်းပုဏ္ဏား ဟူ၍ အသိအမှတ်ပြုအပ်ကုန်၏။ ထိုသူတို့သည် ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုးကို မျက်မှောက်ဘဝ၌ ကိုယ်တိုင် အသိဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍နေရကုန်၏။

(ဇာတိမှစ၍အဝိဇ္ဇာအထိတရားများ၌လည်းနည်းတူဟောကြား၏၊)

၁၄။ ဒုတိယသမဏဗြာဟ္မဏသုတ်၌လည်း အိုခြင်း သေခြင်းစသော တရားတို့ကို မသိသူများသည် ရဟန်း ပုဏ္ဏား မမည်ကြောင်း ရှေးသုတ် နည်းတူပင် ဟောကြားပါသည်။

## ၅။ ကစ္စာနဂေါသုတ်

### [ကစ္စာနဂေါတ္တအား ဟောကြားချက်]

၁၅။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်ရှင်ကစ္စာနဂေါတ္တက မေးလျှောက်သဖြင့် သမ္မာဒိဋ္ဌိမည်ခြင်း အကြောင်းကိုဖြေကြားတော်မူ၏။

"အရှင်ဘုရား၊သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိဟုဆိုကြရာ၌အဘယ်မျှဖြင့်သမ္မာဒိဋ္ဌိဖြစ်ပါသနည်း"

"ကစ္စာန၊ ဤလောကသည် များသောအားဖြင့် ရှိခြင်း မရှိခြင်းဟူသော တရားနှစ်ပါးကို မှီ၍နေ၏[၁]။ လောက၏ ဖြစ်ပေါ်ကြောင်းကို အမှန်အတိုင်း ပညာဖြင့် ကောင်းစွာမြင်သောသူအား လောက၌ မရှိခြင်းဟူသော အယူသည် မဖြစ်။ လောက၏ချုပ်ငြိမ်းရာကို အမှန်အတိုင်း ပညာဖြင့် ကောင်းစွာမြင်သော သူအား လောက၌ ရှိခြင်းဟူသောအယူသည် မဖြစ်။ ကစ္စာန၊ ဤလောကကို များသောအားဖြင့် ကပ်ရောက်ခြင်း စွဲလမ်းခြင်း သက်ဝင် နှစ်မြုပ်ခြင်းတို့က ဖွဲ့နှောင်ထား၏။ အရိယာ တပည့်သည်ကား စိတ်၏တည်ရာ၊ သက်ဝင်နှစ်မြုပ်ရာ၊ ကိန်းအောင်းရာဖြစ်သည့် ကပ်ရောက်စွဲလမ်းအပ်သောတရားကို ငါ၏အတ္တဟူ၍ ကပ်ရောက် စွဲလမ်းခြင်းမပြု။ ဆင်းရဲခြင်းသည် ဖြစ်၏၊ ဆင်းရဲခြင်းသည် သာ ချုပ်၏ဟူ၍ တွေးတောယုံမှားခြင်းကင်းစွာ ယုံကြည်၏။ သူတပါးအား အားကိုးခြင်းမပြုပဲ ကိုယ်တိုင်သိ၏။ ကစ္စာန၊ ဤမျှဖြင့် သမ္မာဒိဋ္ဌိသည်ဖြစ်၏။

"ကစ္စာန၊ 'အားလုံးသည်ရှိ၏' ဟူသောအယူသည် အစွန်းတခုဖြစ်၏။ 'အားလုံးသည် မရှိ' ဟူသော အယူသည် အစွန်းတခုဖြစ်၏။ မြတ်စွာဘုရားသည် ဤ အစွန်းနှစ်ပါးသို့ မကပ်ရောက်ပဲ အဝိဇ္ဇာကြောင့် သင်္ခါရသည်ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်သည်ဖြစ်၏ စသည်ဖြင့် တည့်မတ်စွာ တရားကိုဟောကြား၏"

## ၆။ ဓမ္မကထိကသုတ်

[ဓမ္မကထိကဟုဆိုထိုက်သူ]

၁၆။ ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ရဟန်းတပါးက ဓမ္မကထိက မည်ခြင်း အကြောင်းကို မေးလျှောက်သဖြင့် ဖြေကြားတော်မူခဲ့၏။

"အရှင်ဘုရား၊ ဓမ္မကထိက ဓမ္မကထိကဟုဆိုကြရာ၌ အဘယ်မျှဖြင့် ဓမ္မကထိက ဖြစ်ပါသနည်း"

"ရဟန်း၊ အိုခြင်း၊ သေခြင်းကို ငြီးငွေ့ရန်၊ ကင်းကွာချုပ်ငြိမ်းစေရန် တရားဟောခဲ့သော် ဓမ္မကထိကဟု ဆိုခြင်းငှာထိုက်၏။ အိုခြင်း၊ သေခြင်းကိုငြီးငွေ့ရန်၊ ကင်းကွာချုပ်ငြိမ်းစေရန်ကျင့်ခဲ့သော်တရားနှင့်လျော်သောအကျင့်ကိုကျင့်သော ရဟန်းဟူ၍ ဆိုခြင်းငှာ ထိုက်၏။ အိုခြင်း သေခြင်းကို ငြီးငွေ့၍ အိုခြင်း သေခြင်း

---

၁။ သဿတဝါသည် သေပြီးနောက်၌ ပျက်စီးမသွားပဲ တည်မြဲ၏ဟူသော သဿတဝါဒနှင့် သေပြီးနောက် ပြတ်စဲ သွား၏ ဟူသော ဉစ္ဆေဒဝါဒ ဟူသော အစွန်းနှစ်ပါးကိုမှီ၍နေ၏ ဟုဆိုလိုပါသည်။

ကင်းကွာချပ်ငြိမ်း၍ စွဲလမ်းခြင်းကင်းလျက် လွတ်မြောက်သည်ရှိသော် မျက်မှောက် ဘဝ၌ ငြိမ်းအေးခြင်းသို့ရောက်သော ရဟန်းဟူ၍ ဆိုခြင်းငှာ ထိုက်၏။

(ဇာတိမှစ၍ အဝိဇ္ဇာတိုင်အောင်သော တရားများဖြင့်လည်း နည်းတူ ဟောကြားတော်မူသည်။)

## ၇။ အစေလကဿပသုတ်

### [အစေလကဿပအား ဟောကြားချက်]

၁၇။ အခါတပါး၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌သီတင်းသုံးစဉ် မြို့တွင်းသို့ဆွမ်းခံကြွတော်မူ၏။ ထိုအခါ အစေလကဿပသည်ဗုဒ္ဓထံချဉ်းကပ်၍ တခုသောအကြောင်းအရာကို မေးလျှောက်လိုကြောင်း ခွင့်တောင်း၏။ ဗုဒ္ဓက အချိန်အခါမဟုတ်ဟု ငြင်းပယ်သော်လည်း သုံးကြိမ်တိုင်အောင် တောင်းပန်သဖြင့် ခွင့်ပြုတော်မူလိုက်ရ၏။

"အရှင်ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်ပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"[၁]

"အရှင်ဂေါတမ၊ ဆင်းရဲကိုသူတပါးပြုအပ်ပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"

"အရှင်ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ်၊ သူတပါးလည်းပြုအပ်ပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"

"အရှင်ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်သည်လည်း မဟုတ်၊ သူတပါးပြုအပ်သည်လည်း မဟုတ်၊ အကြောင်းမဲ့ဖြစ်ပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"

"အရှင်ဂေါတမ၊ အသို့ပါနည်း။ ဆင်းရဲသည် မရှိပါသလော"

"ကဿပ၊ ဆင်းရဲသည် မရှိသည် မဟုတ်၊ စင်စစ် ရှိသည်သာဖြစ်၏"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် အရှင်ဂေါတမသည် ဆင်းရဲကို မသိမမြင်ပါသလော"

"ကဿပ၊ ငါသည် ဆင်းရဲကို မသိမမြင်သည်မဟုတ်၊ စင်စစ် သိမြင်သည်သာဖြစ်၏"

---

၁။ ဆင်းရဲကိုပြုလုပ်ပေးသည့် အတ္တမည်သည်မရှိ၊ ထို့ကြောင့် ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ ဟူ၍ ဆိုရန် မသင့်ဟု ဆိုလိုပါသည်။

"အရှင်ဂေါတမ၊ သို့ဖြစ်သော် အရှင်ဂေါတမသည် ကျွန်ုပ်အား ဆင်းရဲကို သိမြင်အောင် ဟောကြားတော်မူပါလော့"

"ကဿပ၊ 'ထိုသူသည် ပြု၏၊ ထိုသူသည် ခံစား၏' ဟူ၍ မူလက နှလုံးသွင်း ခြင်းရှိခဲ့သော် ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟုဆိုသော သူသည် သဿတအယူသို့ ရောက်၏။ 'သူတပါးပြု၏၊သူတပါးခံစား၏'ဟု မူလက နှလုံးသွင်းခြင်းရှိခဲ့သော် ဝေဒနာနှိပ်စက်ခြင်းခံရသူအား ဆင်းရဲခြင်းကို သူတပါး ပြုအပ်၏ဟု ဆိုသော သူသည် ဥစ္ဆေဒဒိဋ္ဌိသို့ရောက်၏။ ကဿပ၊ မြတ်စွာဘုရားသည် ထိုနှစ်ပါးသော အစွန်းသို့ မကပ်ရောက်မူ၍ အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရ တို့ကြောင့် ဝိညာဏ်သည်ဖြစ်၏ စသည်ဖြင့် တည့်မတ်စွာတရားကိုဟောကြား၏"

ဗုဒ္ဓက ဤသို့ မိန့်ကြားသော် အစေလကဿပသည် ထိုဟောကြားချက်ကို လွန်စွာနှစ်သက်၍ မိမိအား ရဟန်းပြုပေးရန် တောင်းပန်၏။အယူတပါးရှိသော တိတ္ထိတို့အား ရဟန်းပြုလိုလျှင် လေးလပရိဝါသ်ကျင့်ပြီးမှ ရဟန်းပြုပေးလေ့ ရှိသော်လည်း ပုဂ္ဂိုလ်ချင်း ကွဲပြားခြားနားမှုကို သိရှိတော်မူသဖြင့် ဗုဒ္ဓသည် ကဿပအား ချက်ချင်းပင် ရဟန်းပြုပေးတော်မူ၏။ အရှင်ကဿပသည် ဆိတ်ငြိမ် ရာ၌ တပါးတည်းနေလျက်တရားကိုအားထုတ်ရာ မကြာမီရဟန္တာဖြစ်လေသည်။

## ၈။ တိမ္ဗရုကသုတ်

### [တိမ္ဗရုကပရိဗိုဇ်အား ဟောကြားချက်]

၁၈။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် တိမ္ဗရုကပရိဗိုဇ် သည် ဗုဒ္ဓထံချဉ်းကပ်၍(အစေလကဿပနည်းတူ) 'ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်ပါသလော' စသော မေးခွန်းများကို မေးလျှောက်၏။ ဗုဒ္ဓက 'ချမ်းသာ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏' ဟူ၍လည်းကောင်း၊ 'သူတပါးပြုအပ်၏' စသည် ဖြင့် မဆိုသင့်ကြောင်း မိန့်ကြားတော်မူပြီး အောက်ပါအတိုင်း ဆက်လက် ဟောကြားတော်မူ၏။

"တိမ္ဗရုက၊ 'ထိုအရာသည်ပင် ဝေဒနာဖြစ်၏၊ ထိုသူသည်ပင် ခံစား၏' ဟူ၍ မူလက နှလုံးသွင်းခြင်းရှိခဲ့သော် 'ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏' ဟူ သော အယူသည်ဖြစ်၏။ ငါသည်ကား 'ထိုအရာသည်ပင် ဝေဒနာဖြစ်၏၊ထိုသူ သည်ပင် ခံစား၏' ဟူ၍ မဆိုပေ။ တိမ္ဗရုက၊ 'ဝေဒနာသည်တခြား၊ ခံစား သူသည်တခြားဖြစ်၏'ဟူ၍ မူလက နှလုံးသွင်းခြင်းရှိခဲ့သော် ဝေဒနာနှိပ်စက် ခြင်းခံနေရသူအား 'ချမ်းသာဆင်းရဲကို သူတပါးပြုအပ်၏'ဟူသော အယူသည်

ဖြစ်၏။ ငါသည်ကား ဤသို့'ဝေဒနာသည် တခြား၊ ခံစားသူသည်တခြားဖြစ်၏' ဟူ၍လည်းမဆိုပေ။ တိမ္ဗရုက၊ ငါသည် ထိုနှစ်ပါးသော အစွန်းများသို့မကပ် ရောက်ပဲ 'အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏၊ သင်္ခါရတို့ကြောင့် ဝိညာဏ်သည်ဖြစ်၏' စသည် အလယ်တည့်မတ်စွာ တရားကို ဟောကြား၏"

ဗုဒ္ဓက ဤသို့ဟောကြားလျှင် တိမ္ဗရုကပရိဗိုဇ်သည် လွန်စွာ နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၉။ ဗာလပဏ္ဍိတသုတ်
### [လူမိုက်နှင့် ပညာရှိ]

၁၉။ ရဟန်းတို့၊ အဝိဇ္ဇာပိတ်ဖုံး၍တဏှာနှင့်ယှဉ်သောလူမိုက်အား ဤကိုယ် သည်ဤသို့ ဖြစ်ပေါ်လာ၏။ ဤကိုယ်နှင့် ဗဟိဒ္ဓလောကရှိ နာမ်ရုပ် နှစ်ပါးစုံကို လည်းကောင်း၊ အာယတနခြောက်ပါးကိုလည်းကောင်း စွဲ၍ တွေ့ထိခြင်း ဖဿသည် ဖြစ်၏။ ထိုဖဿ၏ တည်ရာအာယတန ခြောက်ပါး တို့ဖြင့် လည်း ကောင်း၊ ထိုခြောက်ပါးတွင် တပါးပါးဖြင့်လည်းကောင်း တွေ့ထိအပ်သည် ဖြစ်၍ သူမိုက်သည်ချမ်းသာ ဆင်းရဲကို ခံစား၏။

ရဟန်းတို့၊ အဝိဇ္ဇာပိတ်ဖုံး၍ တဏှာနှင့်ယှဉ်သော ပညာရှိအားဤကိုယ်သည် ဤသို့ဖြစ်ပေါ်လာ၏။ ဤကိုယ်နှင့် ဗဟိဒ္ဓလောကရှိ နာမ်နှင့်ရုပ် နှစ်ပါးစုံကို လည်းကောင်း၊ အာယတန ခြောက်ပါးကို လည်းကောင်း စွဲ၍တွေ့ထိခြင်း ဖဿသည်ဖြစ်၏။ထိုဖဿ၏တည်ရာအာယတနခြောက်ပါးတို့ဖြင့်လည်းကောင်း၊ ထိုခြောက်ပါးတို့တွင် တပါးပါးဖြင့်လည်းကောင်း တွေ့ထိအပ်သည် ဖြစ်၍ ပညာရှိသည် ချမ်းသာဆင်းရဲကို ခံစား၏။

ရဟန်းတို့၊ ဤသို့ ခံစားကြရာ၌ လူမိုက်နှင့်ပညာရှိတို့၏ ထူးခြားချက်ကား အဘယ်နည်း။

"အရှင်ဘုရား၊တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင်အမှန် အစရှိပါကုန်၏။ မြတ်စွာဘုရား၏ ဉာဏ်တော်၌ ထင်မြင်သည့် အတိုင်းဟော ကြားတော် မူပါလော့"

---

၁။ "ဤကိုယ်"ဟူသော စကားဖြင့်မိမိ၏သဝိညာဏကကိုယ်ကို ညွှန်းပါ သည် "ဗဟိဒ္ဓလောကရှိ နာမ်ရုပ်နှစ်ပါး" ဟူသောစကားဖြင့် သူတပါး တို့၏ သဝိညာဏကကိုယ်ကို ညွှန်းသည်။

ရဟန်းတို့၊ အဝိဇ္ဇာပိတ်ဖုံးလျက် တဏှာနှင့်ယှဉ်သော သူမိုက်အား ဤကိုယ်သည်ဖြစ်ပေါ်လာ၏။ ထိုသူမိုက်သည် ထိုအဝိဇ္ဇာကို မပယ်ရသေး၊ တဏှာသည်လည်းမကုန်ခန်းသေးချေ။ အဘယ့်ကြောင့်ဆိုသော် အကျင့်မြတ်ကို မကျင့်သုံးသောကြောင့်ဖြစ်၏။ ထို့ကြောင့် သူမိုက်သည် ဤခန္ဓာကိုယ်ပျက်စီးသော်အခြားခန္ဓာကိုယ်ကို ယူပြန်၏။ သို့အားဖြင့် သူမိုက်သည် အိုခြင်း သေခြင်း စသောဆင်းရဲတို့မှ မလွတ်မြောက်နိုင်ချေ။

ရဟန်းတို့၊ အဝိဇ္ဇာပိတ်ဖုံးလျက် တဏှာနှင့်ယှဉ်သောပညာရှိအား ဤကိုယ်သည်ဖြစ်ပေါ်လာ၏။ ထိုပညာရှိသည် အဝိဇ္ဇာကိုပယ်၏။ တဏှာကို ကုန်ခန်းစေ၏။ အဘယ့်ကြောင့်ဆိုသော်ထိုပညာရှိသည်ငဲ့ဆင်းရဲကုန်ရန်အကျင့်မြတ်ကို ကောင်းစွာ ကျင့်သုံးပြီးဖြစ်သောကြောင့်ပင်တည်း။ ထိုကြောင့်ထိုပညာရှိသည် ဤခန္ဓာကိုယ် ပျက်စီးလတ်သော် အခြားသောခန္ဓာကိုယ်ကို မယူတော့ချေ။ သို့အားဖြင့် ထိုပညာရှိသည် အိုခြင်း သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်လေ၏။

## ၁၀။ ပစ္စယသုတ်

### [အကြောင်းနှင့် အကျိုး]

၂၀။ ရဟန်းတို့၊ ငါသည် သင်တို့အား အကျိုးတရားကို ဖြစ်ပေါ်စေသော အကြောင်းတရား (ပဋိစ္စသမုပ္ပါဒ်) ကိုလည်းကောင်း၊ အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရား (ပဋိစ္စသမုပ္ပန္နဓမ္မ) ကိုလည်းကောင်း ဟောကြားပေအံ့။ ရဟန်းတို့၊ အကျိုးတရားကို ဖြစ်ပေါ်စေသော အကြောင်းတရား ဟူသည် အဘယ်နည်းဆိုသော် မွေးဖွားခြင်း ဇာတိဟူသောအကြောင်းကြောင့် အိုခြင်း သေခြင်းသည်ဖြစ်ပေါ်၏။ ဤသို့ဇာတိကြောင့် အိုခြင်း၊ သေခြင်းတို့ ဖြစ်ပေါ်ခြင်းဟူသောသဘောသည်မြတ်စွာဘုရားပွင့်ပေါ်သည်ဖြစ်စေ၊ မပွင့်ပေါ်သည် ဖြစ်စေ တည်ရှိနေသည်သာဖြစ်၏။ ဤသဘောကိုမြတ်စွာဘုရားသည် ဉာဏ်ဖြင့် သိမြင်၍ရှင်းလင်း ဟောကြားတော်မူ၏။

(ဘဝကြောင့် ဇာတိဖြစ်ခြင်း၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ခြင်း စသည်တို့ကိုလည်း နည်းတူဟောကြားတော်မူ၏။)

ရဟန်းတို့၊ အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရား ဟူသည် အဘယ်နည်းဆိုသော်၊ ရဟန်းတို့၊ အိုခြင်းသေခြင်းသည် မတည်မြဲ။ ပြုပြင်စီရင်အပ်သောတရားဖြစ်၏။ အကြောင်းကိုစွဲ၍ ဖြစ်၏။ ကုန်ခန်းခြင်း၊ ပျက်စီးခြင်း၊ ကင်းကွာခြင်း၊ ချုပ်ပျောက်ခြင်းသဘောရှိ၏။— — —ရဟန်းတို့၊ အဝိဇ္ဇာသည်

မတည်မြဲ။ပြုပြင်စီရင်အပ်သောတရားဖြစ်၏။ ကုန်ခန်းခြင်း ပျက်စီးခြင်း ကင်းကွာခြင်း၊ ချုပ်ပျောက်ခြင်းသဘောရှိ၏။ ရဟန်းတို့၊ဤတရားတို့ကိုအကြောင်းတရားကိုစွဲ၍ဖြစ်သော အကျိုးတရားဟု၍ ဆိုအပ်၏။

ရဟန်းတို့၊ အကျိုးကိုဖြစ်စေတတ်သောအကြောင်းတရား၊ အကြောင်းကိုစွဲ၍ဖြစ်သော အကျိုးတရားတို့ကို အမှန်အတိုင်း ပညာဖြင့် ကောင်းစွာသိမြင်သော အရိယာ တပည့်အား အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့၌ သို့လော သို့လောဟူ၍ တွေးတောယုံမှားခြင်းဖြစ်ရန် အကြောင်း မရှိတော့ပေ။

## ၃။ ဒသဗလဝဂ်

### ၁။ ဒသဗလသုတ်

[အားဆယ်ပါးနှင့် ပြည့်စုံသူ]

၂၁။ ရဟန်းတို့၊မြတ်စွာဘုရားသည် အားဆယ်ပါးနှင့် ပြည့်စုံသူ[၁]၊ ရဲရင့်ခြင်းလေးပါးနှင့် ပြည့်စုံသူဖြစ်၍ မြင့်မြတ်သော အရာကို ဝန်ခံတော်မူ၏[၂]။ပရိသတ်အလယ်၌ရဲရင့်သောစကားကိုမြွက်ဆိုတော်မူ၏။မြတ်သောတရားစက်ကိုလည်စေတော်မူ၏။အဘယ်သို့လည်စေသနည်းဆိုသော်ဤကားရုပ်တည်း။ဤသို့ရုပ်သည်ဖြစ်ပေါ်၏။ ဤသို့ရုပ်သည်ချုပ်၏။ ဤကားဝေဒနာတည်း။သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်း။ ဤသို့ဝိညာဏ်သည်ဖြစ်၏။ ဤသို့ဝိညာဏ်သည်ချုပ်၏။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရ ဟူသော အကြောင်းကြောင့်ဝိညာဏ်သည်ဖြစ်၏။ — — — အဝိဇ္ဇာ၏ အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည်ဖြစ်၏။ — — — ဤသို့လျှင်ဆင်းရဲအစု၏ချုပ်ခြင်းသည် ထင်ရှား၏။ ဤသို့လျှင်မြတ်သောတရားစက်ကိုလည်စေတော်မူ၏။

### ၂။ ဒုတိယဒသဗလသုတ်

[အားဆယ်ပါးနှင့် ပြည့်စုံသူ]

၂၂။ မြတ်စွာဘုရားသည်အားဆယ်ပါးနှင့်ပြည့်စုံသူ၊ ရဲရင့်ခြင်းလေးပါးနှင့် ပြည့်စုံသူဖြစ်၍ မြင့်မြတ်သော အရာကို ဝန်ခံကြောင်း အထက်သုတ် နည်းတူ ဟောကြားပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူ၏။

---

၁။ ကာယဗလ ဉာဏဗလနှစ်ပါးတို့တွင်ဉာဏဗလကိုဆိုလိုသည်ဟုဖွင့်ပါသည်။
၂။ မြင့်မြတ်သူဖြစ်ကြောင်းဝန်ခံတော်မူ၏ဟုဆိုလိုပါသည်။

"ရဟန်းတို့၊ ဤသို့ငါဘုရားက ဟောကြားအပ်သည်ရှိသော် ယုံကြည်ခြင်း သဒ္ဓါဖြင့် ရဟန်းပြုသော အမျိုးကောင်းသားသည် မိမိကိုယ်၌ အသေးအသား ခန်းခြောက်၍ အရေ၊ အကြောနှင့်အရိုးများသာကြွင်း စေကာမူ ယောကျ်ာတို့၏ စွမ်းအင်လုံ့လဖြင့်ရောက်သင့်ရောက်ထိုက်သောအရာသို့မရောက်ပဲ အားထုတ်မှုကို ရပ်တန့်ခြင်းမပြုမူ၍အားထုတ်ခြင်းငှာသင့်၏။

"ရဟန်းတို့၊ ပျင်းရိသောသူသည်ယုတ်ညံ့သောအကုသိုလ်တရားတို့နှင့်ရောပြွမ်း သည်ဖြစ်၍ဆင်းရဲစွာနေရ၏။ မိမိ၏အကျိုးကိုလည်းဆုတ်ယုတ်စေ၏။ ရဟန်းတို့၊ ထက်သန်သော လုံ့လရှိသူသည်ကား ယုတ်ညံ့သော အကုသိုလ် တရားတို့မှ ကင်းဆိတ်သည်ဖြစ်၍ ချမ်းသာစွာနေရ၏။ မိမိအကျိုးကိုလည်း ပြည့်စုံစေ၏။ ရဟန်းတို့ ယုတ်ညံ့သော လုံ့လဖြင့် မြတ်သောအရာသို့ မရောက်နိုင်။ မြတ်သော လုံ့လဖြင့်သာမြတ်သောအရာသို့ရောက်နိုင်၏။ ရဟန်းတို့၊ ဤအကျင့် မြတ်သည် ကြည်လင်သောသောက်သုံးဖွယ်ဖြစ်၏။ မြတ်စွာဘုရားသည်လည်း ထင်ရှား၍၏။ ရဟန်းတို့၊ ထို့ကြောင့်သင်တို့သည် ဤသာသနာ၌ မရသေးသော အရာကို ရရှိရန် လုံ့လကို အားထုတ်ကြကုန်လော့။ ယင်းသို့ အားထုတ်သည် ရှိသော် သင်တို့၏ ရဟန်း အဖြစ်သည် အကျိုး ရှိလိမ့်မည်။ သင်တို့အား ပစ္စည်း လေး ပါးဖြင့် ထောက်ပံ့သူတို့အားလည်း အကျိုး များလိမ့်မည်။ ရဟန်းတို့၊ မိမိအကျိုး၊ သူတပါးအကျိုးကို မြင်သောသူသည် မမေ့မလျော့သော သတိဖြင့် အမှုကိစ္စ ဟူသမျှကို ပြီးမြောက်စေခြင်းငှာ သင့်ပေ၏"

## ၃။ ဥပနိသသုတ်

## [အကြောင်းနှင့်တကွဖြစ်သောတရား]

၂၃။ ရဟန်းတို့၊ သိသောသူ၊ မြင်သောသူအားသာ အာသဝတို့၏ကုန်ခြင်းကို ငါဟောကြား၏။ မသိသောသူ၊ မမြင်သောသူအား အာသဝတို့၏ ကုန်ခြင်းကို ငါမဟော။ ရဟန်းတို့၊ အဘယ်ကိုသိသောသူ၊ မြင်သောသူအား အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်သနည်း ဆိုသော် 'ဤကား ရုပ်တည်း။ ဤသို့ ရုပ်သည် ဖြစ်ပေါ်၏။ ဤသို့ရုပ်သည်ချုပ်၏။ — — — ဤသို့ ဝိညာဏ်သည်ချုပ်၏' ဟူ၍ သိသောသူ၊ မြင်သောသူအားအာသဝတို့ကုန်ခြင်းသည်ဖြစ်၏။

ရဟန်းတို့၊ ထိုသို့သိသောသူ၊ မြင်သောသူအား အာသဝတို့ ကုန်ခြင်းသည် ဖြစ်လတ်သော် ယင်းသို့ကုန်ခြင်း၌ သိသော "ပစ္စဝေက္ခဏာ" ဉာဏ်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။

ထို"ပစ္စဝေက္ခဏာ"ဉာဏ်၏အကြောင်းကားအဘယ်နည်းဆိုသော် အာသဝတို့မှ လွတ်မြောက်မှု"အရဟတ္တဖိုလ်"ဟူ၍ဆိုရာ၏။ရဟန်းတို့၊လွတ်မြောက်မှုကိုလည်း အကြောင်းနှင့်တကွဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆိုပေ။ ထိုလွတ်မြောက်မှု၏အကြောင်းကား အဘယ်နည်းဆိုသော် တပ်စွန်းမှုကင်းခြင်း "အရဟတ္တမဂ်"ဟုဆိုရာ၏။

(တပ်စွန်းမှုကင်းခြင်း၏ အကြောင်းသည်ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်၊ ငြီးငွေ့ခြင်း၏အကြောင်းသည် အမှန်အတိုင်းသိမြင်ခြင်း ယထာဘူတဉာဏ်၊ ဟုတ်တိုင်း မှန်စွာသိမြင်ခြင်း၏အကြောင်းသည်တည်ကြည်ခြင်းသမာဓိ၊ တည်ကြည်ခြင်း၏ အကြောင်းသည်ချမ်းသာခြင်းသုခ၊ချမ်းသာခြင်း၏ အကြောင်းသည် ငြိမ်းချမ်းခြင်းပဿဒ္ဓိ၊ငြိမ်းချမ်းခြင်း၏အကြောင်းသည်နှစ်သက်ခြင်းပီတိ၊ နှစ်သက်ခြင်း၏ အကြောင်းသည် ဝမ်းမြောက်ခြင်းပါမောဇ္ဇ၊ ဝမ်းမြောက်ခြင်း၏ အကြောင်း သည်ယုံကြည်ခြင်းသဒ္ဓါ၊ ယုံကြည်ခြင်း၏ အကြောင်းသည် ဆင်းရဲခြင်း ဒုက္ခ၊ ဆင်းရဲခြင်း၏အကြောင်းသည်မွေးဖွားခြင်း ဇာတိ၊ မွေးဖွားခြင်း၏ အကြောင်း သည်ဘဝ၊ ဘဝ၏ အကြောင်းသည် ဥပါဒါန်၊ ဥပါဒါန်၏ အကြောင်းသည် တဏှာ၊တဏှာ၏အကြောင်းသည်ဝေဒနာ၊ ဝေဒနာ၏ အကြောင်းသည်ဖဿ၊ ဖဿ၏အကြောင်းသည် အာယတန ခြောက်ပါး၊ အာယတန ခြောက်ပါး၏ အကြောင်းသည် ဝိညာဏ်၊ ဝိညာဏ်၏ အကြောင်းသည် သင်္ခါရ၊ သင်္ခါရ၏ အကြောင်းသည်အဝိဇ္ဇာဖြစ်ကြောင်းများကိုနည်းတူဟောကြားတော်မူ၏။)

ရဟန်းတို့၊ ဤသို့လျှင် သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏။ ဝိညာဏ်သည် သင်္ခါရလျှင်အကြောင်းရှိ၏။ ——— အာသဝတို့၏ ကုန်ခြင်း၌ သိသော(ပစ္စဝေက္ခဏာ) ဉာဏ်သည် လွတ်မြောက်ခြင်း (အရဟတ္တဖိုလ်)လျှင် အကြောင်းရှိ၏။ ရဟန်းတို့၊ ဥပမာကား တောင်ထိပ်၌ မိုးသည်းထန်စွာရွာသော အခါ မိုးရေသည် နိမ့်ရာသို့ စီး၍ တောင်ချောက်ကြား မြောင်းကြီးမြောင်းငယ် တို့ကို ပြည့်စေ၏။ မြောင်းကြီးမြောင်းငယ်တို့ ပြည့်သောအခါ အိုင်ငယ်တို့ကို ပြည့်စေ၏။ အိုင်ငယ်တို့ပြည့်သောအခါ အိုင်ကြီးတို့ကိုပြည့်စေ၏။ အိုင်ကြီးများ ပြည့်သောအခါမြစ်ငယ်တို့ကို ပြည့်စေ၏။ မြစ်ငယ်တို့ ပြည့်သောအခါ မြစ်ကြီး တို့ကို ပြည့်စေ၏။ မြစ်ကြီးတို့ပြည့်သောအခါ မဟာသမုဒ္ဒရာကို ပြည့်စေ၏။ ရဟန်းတို့၊ ထို့အတူပင် သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏။ ဝိညာဏ်စသည်တို့သည်လည်းသင်္ခါရစသည်လျှင် အကြောင်းရှိကုန်၏။

## ၄။ အညတိတ္ထိယသုတ်

### [တိတ္ထိတို့၏အမေးကို ဖြေကြားခြင်း]

၂၄။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် အရှင်သာရိပုတ္တရာသည် မြို့တွင်းသို့ဆွမ်းခံကြွယင်းအယူတပါးရှိသောပရိဗိုဇ်တို့၏ကျောင်းသို့ ဝင်သွား၏။ ပရိဗိုဇ်တို့သည် လောကဝတ်စကားဖြင့် နှုတ်ဆက်ကြပြီး ရှင်သာရိပုတ္တရာအား ဆင်းရဲဒုက္ခနှင့် စပ်လျဉ်းသော မေးခွန်းများကို မေးကြလေသည်။

''ငါ့ရှင်သာရိပုတ္တရာ၊ ဆင်းရဲကို ကိုယ်တိုင်ပြုလုပ်အပ်၏ဟု ပညတ်သည့် ကမ္မဝါဒီ ရဟန်းပုဏ္ဏားအချို့ ရှိကြပါသည်။ ထိုအတူ ဆင်းရဲကို သူတပါး ပြုအပ်၏ဟူ၍ လည်းကောင်း ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ် သူတပါး လည်း ပြုအပ်၏ ဟူ၍လည်းကောင်း ဆင်းရဲကို ကိုယ်တိုင် ပြုအပ်သည်လည်း မဟုတ် သူတပါးပြုအပ်သည်လည်း မဟုတ်ဟူ၍ လည်းကောင်း ပညတ်သော ကမ္မဝါဒီ ရဟန်းပုဏ္ဏားအချို့လည်း ရှိကြပါသည်။ ငါ့ရှင်သာရိပုတ္တရာ၊ ဤအရာ၌ ရဟန်းဂေါတမသည်အဘယ်သို့အယူရှိပါသနည်း။ အဘယ်သို့ပြောကြားသည် ရှိသော် ရဟန်းဂေါတမ၏ စကားနှင့် ညီညွတ်ပါမည်နည်း''

''ငါ့ရှင်တို့၊ ဆင်းရဲသည်အကြောင်းကို စွဲ၍ ဖြစ်သောတရားဟု မြတ်စွာဘုရားသည် ဟောကြားအပ်၏။ အဘယ်အကြောင်းကိုစွဲ၍ ဖြစ်သနည်းဆိုသော် တွေ့ထိခြင်း ဖဿကို စွဲ၍ ဖြစ်၏။ ဤသို့ပြောဆိုသူသည် မြတ်စွာဘုရား၏စကား နှင့် ညီညွတ်ပေ၏။

''ငါ့ရှင်တို့၊ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ ဟူ၍လည်းကောင်း၊ ဆင်းရဲကို သူတပါးပြုအပ်၏ စသည်ဖြင့် လည်းကောင်း ပြောဆိုသော ရဟန်း ပုဏ္ဏားတို့၏ ဆင်းရဲဒုက္ခသည်လည်း ဖဿဟူသော အကြောင်းကြောင့်ပင်ဖြစ်၏။ ထိုရဟန်း ပုဏ္ဏားတို့သည် ဖဿနှင့်ကင်း၍ ဆင်းရဲဒုက္ခကို ခံစားနိုင်ဖွယ်အကြောင်းမရှိပေ''

ဤသို့ ပရိဗိုဇ်များနှင့် ရှင်သာရိပုတ္တရာတို့ စကား ပြော ဆို နေကြသည်ကို ရှင်အာနန္ဒာကကြား၍ ဆွမ်းခံရာမှပြန်သောအခါ ဗုဒ္ဓအား လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက ရှင်သာရိပုတ္တရာ၏ဖြေကြားချက်သည် ကောင်းသော ဖြေကြားချက်ဖြစ်ကြောင်း၊မိမိသည်လည်း တခါက ပရိဗိုဇ်တို့အား ယင်းသို့ပင် ဖြေကြားခဲ့ဖူးကြောင်း မိန့်ကြားတော်မူ၏။ ထိုသို့မိန့်ကြားသော် ရှင်အာနန္ဒာက ဆက်လက် လျှောက်ကြားပြန်၏။

''အရှင်ဘုရား၊ အံ့ဩဖွယ် ကောင်းလှပါသည်။ တပုဒ်တည်းဖြင့် အနက် အဓိပ္ပာယ်အားလုံးကို ဟောကြားအပ်ပြီးဖြစ်ပါတော့သည်။ ဤအနက်အဓိပ္ပာယ်ကိုပင် အကျယ်အားဖြင့် ဟောကြားအပ်သည်ရှိသော် နက်နဲသည်လည်း ဖြစ်ရာပါ၏။ နက်နဲသောအသွင်ရှိသည်လည်း ဖြစ်ရာပါ၏''

''အာနန္ဒာ၊ သို့ဖြစ်လျှင် သင့်ဉာဏ်၌ ထင်မြင်သည့်အတိုင်း လျှောက်ကြားလော့''

''အရှင်ဘုရား၊ အိုခြင်း၊ သေခြင်းသည် အဘယ်တရားလျှင် အကြောင်းရင်း အမှန်အစရှိသနည်းဟူ၍ တပည့်တော်အား အကယ်၍ မေးခဲ့သော် အိုခြင်း၊ သေခြင်းသည် မွေးဖွားခြင်းဇာတိလျှင် အကြောင်းရင်းအမှန်အစရှိ၏ဟူ၍ တပည့်တော် ဖြေကြားပါအံ့''

(ဇာတိ၊ ဘဝ စသောတရားများကိုလည်း နည်းတူ ဟောကြား၏။)

''အရှင်ဘုရား၊ တွေ့ထိခြင်းဖဿသည် အဘယ်တရားလျှင် အကြောင်းရင်း အမှန်အစရှိသနည်းဟူ၍ တပည့်တော်အား အကယ်၍မေးခဲ့သော် တွေ့ထိခြင်း ဖဿသည် အာယတနခြောက်ပါးလျှင်အကြောင်းရင်းအမှန်အစရှိ၏။ အာယတန ခြောက်ပါး၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဖဿ၏ ချုပ်ခြင်းသည် ဖြစ်၏။ ဖဿ၏ ချုပ်ခြင်းကြောင့် ဝေဒနာ စသည်တို့၏ ချုပ်ခြင်းသည် ဖြစ်၏ ဟူ၍ တပည့်တော် ဖြေကြားပါအံ့''

## ၅။ ဘူမိဇသုတ်

[ရှင်ဘူမိဇ၏အမေးကို ရှင်သာရိပုတ္တရာဖြေကြားခြင်း]

၂၅။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်ဘူမိဇသည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ ''ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်ပါသလော'' စသော မေးခွန်းကို ရှေးသုတ်နည်းတူ မေးလျှောက်ရာ ရှင်သာရိပုတ္တရာကလည်း ထိုနည်းအတိုင်းပင် ဖြေကြား၏။ ယင်းသို့ ဖြေကြားသည်ကို ရှင်အာနန္ဒာက ကြား၍ ဗုဒ္ဓအားလျှောက်ကြား၏။ ဗုဒ္ဓကကောင်းစွာဖြေကြားခြင်းဖြစ်ကြောင်း ထောက်ခံတော်မူပြီးအောက်ပါအတိုင်းဆက်လက်ဟောကြားတော်မူလေသည်။

''အာနန္ဒာ၊ ကိုယ်ရှိခဲ့သော်ကိုယ်ဖြင့်စေ့ဆော်မှုဟူသောအကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏။ နှုတ်ရှိခဲ့သော် နှုတ်ဖြင့် စေ့ဆော်မှုဟူသောအကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည်

ဖြစ်ပေ၏။ စိတ်ရှိခဲ့သော် စိတ်ဖြင့် စေ့ဆော်မှုဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေ၏။ ယင်း စေ့ဆော်ခြင်းတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေကုန်၏။

"အာနန္ဒာ၊ မိမိသန္တာန်၌ချမ်းသာဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းဖြစ်သော ကာယသင်္ခါရကို ကိုယ်တိုင်ပြုလုပ်သည်လည်း ဖြစ်နိုင်၏။ သူတပါးပြုလုပ်သည်လည်း ဖြစ်နိုင်၏။ ကောင်းစွာသိသည်ဖြစ်၍ ပြုလုပ်သည်လည်း ဖြစ်နိုင်၏။ ကောင်းစွာမသိသည်ဖြစ်၍ ပြုလုပ်သည်လည်း ဖြစ်နိုင်၏"

(ဝစီသင်္ခါရ၊ မနောသင်္ခါရတို့၌လည်း နည်းတူဟောကြား၏။)

"အာနန္ဒာ၊ ဤတရားတို့၌ အဝိဇ္ဇာသည် ကျရောက်၏။ မိမိသန္တာန်၌ချမ်းသာဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သော ကိုယ် နှုတ် စိတ် တို့သည် အဝိဇ္ဇာအကြွင်းမဲ့ ချုပ်သည်ရှိသော် မဖြစ်ကုန်တော့ချေ။ ချမ်းသာဆင်းရဲ၏ပေါက်ပွားဖြစ်ပေါ်ရာ မဟုတ်တော့ပေ"

၂၆။ ဥပဝါဏသုတ်၌လည်း ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ စသောအယူများနှင့် စပ်လျဉ်း၍ ရှင်ဥပဝါဏ၏ အမေးနှင့် ဗုဒ္ဓ၏အဖြေကို ဖော်ပြထား၏။ အထက်သုတ်မှ ရှင်ဘူမိဇ၏အမေးကို ရှင်သာရိပုတ္တရာဖြေပုံနှင့် အတူပင်ဖြစ်ပါသည်။

## ၇။ ပစ္စယသုတ်

### [အကြောင်းတရားကို ဟောကြားခြင်း]

၂၇။ ရဟန်းတို့၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏။ — — —ဤသို့လျှင် ဆင်းရဲအစု၏ဖြစ်ခြင်းသည်ထင်ရှား၏။

ရဟန်းတို့၊ အိုခြင်း သေခြင်းဟူသည် အဘယ်နည်းဆိုသော် ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ ရင့်ရော်ခြင်း၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ အသက်ဆုတ်ယုတ်ခြင်း၊ဣန္ဒြေရင့်ကျက်ခြင်းသဘောတို့ကို အိုခြင်းဟူ၍ဆိုအပ်၏။ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း၊ ပျက်စီးခြင်း၊ ပျောက်ကွယ်သွားခြင်း၊ အသက်ကိုစွန့်ခြင်း၊ ဘဝအဆုံးကိုပြုခြင်း၊ ခန္ဓာကိုယ်ပျက်စီးခြင်း၊ ကိုယ်ကောင်ကိုပစ်ချရခြင်းသဘောကို သေခြင်းဟူ၍ဆိုအပ်၏။ မွေးဖွားမှု ဖြစ်ပေါ်ခြင်းကြောင့် အိုခြင်း သေခြင်းသည် ဖြစ်ပေ၏။ မွေးဖွားမှု ချုပ်ခြင်း

ကြောင့် အိုခြင်း သေခြင်းသည် ချုပ်၏။ သမ္မာဒိဋ္ဌိ သမ္မာသမာဓိ စသည့် အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်သည် အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက် ကြောင်း အကျင့်ဖြစ်၏။

(ဇာတိ၊ ဘဝ စသော တရားတို့၌လည်း နည်းတူဟောကြား၏။)

ရဟန်းတို့၊ သင်္ခါရဟူသည် အဘယ်နည်း ဆိုသော် ကိုယ်ဖြင့် ပြုလုပ်ခြင်း ကာယသင်္ခါရ၊ နှုတ်ဖြင့်ပြုလုပ်ခြင်း ဝစီသင်္ခါရ၊ စိတ်ဖြင့်ပြုလုပ်ခြင်း စိတ္တသင်္ခါရ အားဖြင့် ဤသုံးပါးတို့ပင်တည်း။ အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့သည် ချုပ်ကုန်၏။ အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသော အရိယမဂ်သည် သင်္ခါရချုပ်ရာသို့ရောက်ကြောင်း အကျင့်ဖြစ်၏။

ရဟန်းတို့၊ အကြင်အရိယာတပည့်သည် အကြောင်းတရားကိုလည်းကောင်း၊ ယင်း အကြောင်းတရားဖြစ်ပေါ်ခြင်းကိုလည်းကောင်း၊ ယင်း အကြောင်းတရား ချုပ်ရာကို လည်းကောင်း၊ ယင်း အကြောင်းတရား ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို လည်းကောင်း သိ၏။ ထို အရိယာတပည့်ကို အယူနှင့် ပြည့်စုံသူ၊ ဉာဏ်အမြင်နှင့်ပြည့်စုံသူ၊ သူတော်ကောင်းတရားသို့ ရောက်လာသူ၊ ဤသူတော် ကောင်းတရားကိုမြင်သူ၊ သေက္ခဉာဏ် သေက္ခဝိဇ္ဇာပြည့်စုံသူ၊ တရားတည်းဟူသော ချေအလျဉ်သို့ ရောက်သူ၊ ဖောက်ထွင်းနိုင်သော အရိယာပညာရှိသူ၊ အမြိုက် တံခါးသို့ရောက်သူဟူ၍ ဆိုအပ်၏။

## ၈။ ဘိက္ခုသုတ်

### [ဉာဏ်အမြင်နှင့်ပြည့်စုံသော ရဟန်း]

၂၈။ ရဟန်းတို့၊ ဤသာသနာ၌ အကြင်ရဟန်းသည် အိုခြင်း သေခြင်းကို လည်းကောင်း၊ အိုခြင်း သေခြင်း၏ ဖြစ်ပေါ်ကြောင်းကို လည်းကောင်း၊ အိုခြင်း သေခြင်း၏ ချုပ်ရာကို လည်းကောင်း၊ အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိ၏။ မွေးဖွားခြင်းဇာတိကို၊ — — — သင်္ခါရကို၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုသိ၏။ ထိုရဟန်းကို အယူနှင့် ပြည့်စုံသူ၊ — — — အမြိုက်နိဗ္ဗာန်တံခါးသို့ရောက်၍ တည်သူဟူ၍ ဆိုအပ်၏။

၂၉။ သမဏဗြာဟ္မဏသုတ်သည် သုတ်စဉ် ၁၃။ သမဏဗြာဟ္မဏသုတ်နှင့် တူ၏။

### ၁၀။ ဒုတိယ သမဏဗြာဟ္မဏသုတ်

[အိုခြင်းသေခြင်းကို မလွန်နိုင်သော ရဟန်း ပုဏ္ဏားများ]

၃၀။ ရဟန်းတို့၊ အကြင်ရဟန်း ပုဏ္ဏားတို့သည် အိုခြင်း သေခြင်းကိုလည်းကောင်း၊ အိုခြင်း သေခြင်း၏ ဖြစ်ပေါ်ကြောင်းကို လည်းကောင်း၊ အိုခြင်းသေခြင်း၏ချုပ်ရာကိုလည်းကောင်း၊ အိုခြင်းသေခြင်းချုပ်ရာသို့ရောက်ကြောင်းအကျင့်ကိုလည်းကောင်းမသိကုန်။ ထိုရဟန်းပုဏ္ဏားတို့သည် အိုခြင်းသေခြင်းကိုလွန်၍တည်နိုင်ဖွယ်အကြောင်းမရှိချေ။ (ဇာတိမှသင်္ခါရအထိတရားများ၌လည်းနည်းတူ ဟောကြား၏။)

ရဟန်းတို့၊ အကြင်ရဟန်းပုဏ္ဏားတို့သည် အိုခြင်းသေခြင်းကိုလည်းကောင်း၊ အိုခြင်းသေခြင်း၏ ဖြစ်ပေါ်ကြောင်းကိုလည်းကောင်း၊အိုခြင်း သေခြင်း၏ချုပ်ရာကိုလည်းကောင်း၊အိုခြင်းသေခြင်း ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကိုလည်းကောင်းသိကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် အိုခြင်းသေခြင်းကိုလွန်၍ တည်နိုင်ဖွယ် အကြောင်းရှိပေ၏။ (ဇာတိမှ သင်္ခါရအထိ တရားတို့၌လည်း နည်းတူ ဟောကြား၏။)

## ၄။ ကဠာရခတ္တိယဝဂ်

### ၁။ ဘူတသုတ်

[ခန္ဓာငါးပါးအား ရှုပုံကို ဟောကြားချက်]

၃၁။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာအား ဤသို့မိန့်ကြားတော်မူ၏။

သာရိပုတ္တရာ၊ ‘ဤသာသနာ၌ အကြင်ပုဂ္ဂိုလ်တို့သည် သိအပ်ပြီးသောတရားရှိကုန်၏။ များစွာသောအကြင်ပုဂ္ဂိုလ်တို့သည်လည်းကျင့်ဆဲဖြစ်ကုန်၏။ရင့်ကျက်သော ပညာရှိသော မြတ်စွာဘုရားသည် ထိုပုဂ္ဂိုလ်တို့၏အကျင့်ကို ဟောကြားတော် မူပါလော့’ ဟူ၍ ပါရာယနဝဂ်အဇိတပဉှာ၌ အကျဉ်းအားဖြင့်ပါရှိသောတရားဂါထာ၏အနက်ကို အကျယ်အားဖြင့် မည်သို့ မှတ်ယူအပ်ပါသနည်း။

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ ရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေ၏။ သုံးကြိမ်တိုင်အောင် မိန့်ကြားသော်လည်း ဖြေဆိုခြင်းမပြုချေ[၁]။ ‘သာရိပုတ္တရာ

၁။ ထိုအမေးကို မည်သို့ဖြေစေလိုသနည်း။ ခန္ဓာဖြင့် ဖြေစေလိုသလော။ အာယတနစသည်ဖြင့် ဖြေစေလိုသလောဟူ၍ မြတ်စွာဘုရား၏ အလိုဆန္ဒကို မသိသောကြောင့် မဖြေပဲ ဆိတ်ဆိတ်နေခြင်းဖြစ်၏။

သင်သည် ခန္ဓာငါးပါးတည်းဟုရှုလော့’ ဟူ၍ ဗုဒ္ဓက မိန့်ကြားသောအခါကျမှ ရှင်သာရိပုတ္တရာက ဖြေဆိုခြင်း ပြုလေသည်။

အရှင်ဘုရား၊ ရဟန်းသည် ‘ဤ ခန္ဓာငါးပါးကား ဖြစ် ပေါ် လာခြင်း သဘောရှိ၏’ဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှု၏။ ယင်းသို့ရှုပြီး ထို ဖြစ်ပေါ်လာခြင်း သဘောရှိသော တရားကိုငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ကျင့်၏။ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်း ရှိ၏ဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှု၏။ ယင်းသို့ရှုပြီး ထိုအာဟာရ လျှင် ဖြစ်ကြောင်းရှိသောတရားကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်း စေခြင်းငှာကျင့်၏။ ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်၏ဟု ဟုဘ်တိုင်းမှန်စွာပညာဖြင့် ကောင်းစွာရှု၏။ယင်းသို့ ရှုပြီး ထို ချုပ်ခြင်းသဘော ရှိသော တရားကို ငြီးငွေ့ခြင်း၊ တပ်မက်မှု ကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ကျင့်၏၊ အရှင်ဘုရား၊ ဤသို့လျှင် ကျင့်ဆဲ သေက္ခဖြစ်ပါ၏။

အရှင်ဘုရား၊ အဘယ်သို့လျှင် သိအပ်ပြီးသောတရားရှိသူ ဖြစ်သနည်းဆိုသော် ရဟန်းသည် ဤခန္ဓာငါးပါးသည် ဖြစ်ပေါ်လာခြင်းသဘောရှိ၏ဟု ဟုတ်တိုင်း မှန်စွာ ပညာဖြင့်ကောင်းစွာရှု၏။ ယင်းသို့ ရှုပြီး ထို ဖြစ်ပေါ်လာခြင်း သဘော ရှိသော တရားကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းကြောင့် စွဲလမ်းမှုမရှိပဲ ကိလေသာတို့မှ လွတ်မြောက်၏။ ထို ခန္ဓာငါးပါးသည် အာဟာရ လျှင် ဖြစ်ကြောင်းရှိ၏ဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှု၏။ ယင်းသို့ ရှုပြီး ထိုအာဟာရလျှင် ဖြစ်ကြောင်းရှိသော တရားကို ငြီးငွေ့ခြင်း၊ တပ်မက်မှု ကင်းခြင်း၊ချုပ်ငြိမ်းစေခြင်းကြောင့် စွဲလမ်းခြင်းမရှိပဲ ကိလေသာတို့မှ လွတ်ခြင်း သည် ဖြစ်၏။ ထိုအာဟာရ၏ ချုပ်ခြင်းကြောင့် ခန္ဓာငါးပါး၏ ချုပ်ခြင်းသည် ဖြစ်၏ဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှု၏။ ယင်းသို့ ရှုပြီး ချုပ်ငြိမ်း ခြင်း သဘောရှိသောတရားကို ငြီးငွေ့ခြင်း၊တပ်မက်မှုကင်းခြင်းကြောင့် စွဲလမ်း ခြင်းမရှိပဲ ကိလေသာတို့မှလွတ်မြောက်ခြင်းသည်ဖြစ်၏။အရှင်ဘုရား၊ ဤသို့လျှင် သိအပ်ပြီးသောတရားရှိသူဖြစ်ပါသည်။ အရှင်ဘုရား၊ ဤသို့လျှင် ပါရာယနဝဂ် အဇိတပဉှာ၌ အကျဉ်းအားဖြင့်ပါရှိသော တရား၏ အနက်ကို တပည့်တော် အကျယ်အားဖြင့် သိနားလည်ပါသည်။

အရှင်သာရိပုတ္တရာက ယင်းသို့ ဖြေကြားသောအခါ ဗုဒ္ဓသည်‘ကောင်းပေစွ၊ ကောင်းပေစွ’ဟု မိန့်ကြား၍ အရှင်သာရိပုတ္တရာ၏ အဖြေကို ထောက်ခံတော်မူ လေသည်။

## ၂။ ကဠာရသုတ်

[ရှင်ကဠာရခတ္တိယနှင့် စပ်လျဉ်းသော ဟောကြားချက်]

၃၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ကဠာရခတ္တိယ မည်သော ရဟန်းသည် အရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ မောဠိယဖဂ္ဂုဏ မည်သော ရဟန်းသည် လူထွက်သွားကြောင်း လျှောက်ကြား၏။ 'မောဠိယသည် ဤသာသနာ၌ ထောက်တည်ရာကို မရလေယောင်တကား'ဟု အရှင်သာရိပုတ္တရာ ကမိန့်ကြားရာ 'အရှင်သာရိပုတ္တရာသည်ကား ဤသာသနာ၌ ထောက်တည်ရာကို ရပါပြီလော'ဟု အရှင်ကဠာရက မေးလျှောက်ပြန်၏။ 'ငါ့ရှင်၊ ငါကား တွေး တောခြင်းမရှိ'ဟု ရှင်သာရိပုတ္တရာကဖြေကြားပြန်၏။ ထိုအခါ အရှင်ကဠာရသည် အရှင်သာရိပုတ္တရာထံမှ ထသွားပြီး ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ အရှင်သာရိ ပုတ္တရာသည် ဇာတိကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ တဖန် ပြုဖွယ်ကိစ္စမရှိတော့ပြီဟုသိ၏'ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု ဗုဒ္ဓအား လျှောက်ကြားလေသည်။

ဗုဒ္ဓသည် ရှင်သာရိပုတ္တရာကို ခေါ်၍ ကဠာရခတ္တိယ လျှောက် ကြား တိုင်း မှန်မမှန်ကို မေးတော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်သည် ထိုပုဒ်၊ ထိုသဒ္ဒါတို့ဖြင့် ဤအဓိပ္ပာယ်ကို တိုက်ရိုက်မဆိုပါ"

"သာရိပုတ္တရာ၊ အမျိုးကောင်းသားသည် မည်သည့် ပရိယာယ်ဖြင့် မဆို အရဟတ္တဖိုလ်ကို ပြောကြားခဲ့သော် ယင်းသို့ ပြောကြားသည်ဟူ၍ပင် မှတ်အပ် ပေ၏"

"အရှင်ဘုရား၊ ထို့ကြောင့်ပင် တပည့်တော်သည်လည်း ထိုပုဒ် ထိုသဒ္ဒါ တို့ဖြင့် ဤအဓိပ္ပာယ်ကို တိုက်ရိုက်မဆိုပါဟူ၍ လျှောက်ထားခြင်းဖြစ်ပါသည်"

"သာရိပုတ္တရာ၊ သင်သည် မည်သို့ သိမြင်သောကြောင့် အရဟတ္တဖိုလ်ကို ပြောကြားဘိသနည်းဟု အကယ်၍ မေးခဲ့သော် မည်သို့ ဖြေမည်နည်း"

"အရှင်ဘုရား၊ အကြင်အကြောင်းကြောင့် ဇာတိသည်ဖြစ်၏။ ထိုအကြောင်း ၏ ကုန်ခြင်းကြောင့် ဇာတိသည်ကုန်၏ဟု သိမြင်ကြောင်း တပည့်တော် ဖြေကြား ပါအံ့"

"သာရိပုတ္တရာ၊ ဇာတိသည် အဘယ်တရားလျှင် အကြောင်းရင်း အမွန်အစ ရှိသနည်းဟူ၍ မေးခဲ့သော် သင် မည်သို့ဖြေကြားမည်နည်း"

“အရှင်ဘုရား၊ ဇာတိသည် ဘဝလျှင် အကြောင်းရင်း အမှန်အငရှိ၏ဟု တပည့်တော် ဖြေကြားပါအံ့”

(ဘဝ၊ ဥပါဒါန်၊ တဏှာတို့နှင့်ပတ်သက်၍လည်း နည်းတူဟောကြား၏။)

“သာရိပုတ္တရာ၊ သင်သည် မည်သို့ သိမြင်သောကြောင့် ဝေဒနာတို့၌နှစ်သက်ခြင်းသည် မထင်ပါသနည်းဟူ၍မေးခဲ့သော် မည်သို့ ဖြေမည်နည်း”

“အရှင်ဘုရား၊ သုံးပါးသော ဝေဒနာတို့သည် မမြဲကုန်၊ မမြဲသော တရားဟူသမျှသည်လည်း ဆင်းရဲ၏ဟူ၍ သိမြင်သည်ရှိသော် ဝေဒနာ၌ နှစ်သက်ခြင်းသည် မထင်ဟူ၍ တပည့်တော် ဖြေကြားပါအံ့”

“သာရိပုတ္တရာ၊ ကောင်းစွ၊ ကောင်းစွ၊ ဝေဒနာဟူသမျှသည် ဒုက္ခသာဖြစ်၏ဟူသော ဤစကားသည် ထိုအနက်သဘောကို အကျဉ်းအားဖြင့် ဖြေကြားခြင်းငှာ သင့်လျော်သော ပရိယာယ်တမျိုးဖြစ်၏”

“သာရိပုတ္တရာ၊ သင်သည်မည်သို့သော လွတ်မြောက်ခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြားသနည်းဟူ၍ မေးခဲ့သော် မည်သို့ဖြေမည်နည်း”

“အရှင်ဘုရား၊ တပည့်တော်သည်မိမိကိုယ်ကိုအာရုံပြု၍ဖြစ်သောလွတ်မြောက်ခြင်းဖြင့် လွတ်မြောက်၍ စွဲလမ်းခြင်းဟူသမျှ ကုန်ခြင်းကြောင့် ကိလေသာ အာသဝတို့ စီးဝင်ခြင်းမရှိ၊ မိမိကိုယ်ကို အထင်သေးခြင်းလည်းမရှိအောင် သတိနှင့် ပြည့်စုံလျက် နေပါသည်ဟူ၍ ဖြေကြားပါအံ့”

“သာရိပုတ္တရာ၊ ကောင်းပေစွ၊ ကောင်းပေစွ၊ ‘ရဟန်း မြတ်ဖြစ်သော မြတ်စွာဘုရားသည် ဟောကြားအပ်သော အာသဝတို့၌ ငါ့အားယုံမှားခြင်းမရှိ။ ထိုအာသဝတို့ကိုလည်း ငါသည် ပယ်အပ်ပြီးလေသာဟူ၍ တွေးတောခြင်းမဖြစ်’ ဟူသော ဤစကားသည် ထိုအနက်အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် ဖြေကြားခြင်းငှာ သင့်လျော်သော ပရိယာယ်တမျိုးပင်ဖြစ်၏”

ဗုဒ္ဓသည် ယင်းသို့ မိန့်ကြားပြီးနေရာမှထ၍ ကျောင်းတွင်းသို့ ဝင်သွား၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား ဤသို့ မိန့်ကြားလေသည်။

“ငါ့ရှင်တို့၊ ငါ့အားမြတ်စွာဘုရားက ကြိုတင်၍ မသိအပ်သောပြဿနာကို မေးသောအခါ နှောင့်နှေးခြင်းသည်ဖြစ်ခဲ့၏။ ပထမပြဿနာကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူသောအခါ၌ကား တနေ့တရက်မျှမက၊ ခုနစ်ရက် ခုနစ်နေ့တိုင်အောင်ပင် ဖြေကြားလိုသော ဆန္ဒသည် ငါ့အား ဖြစ်ပေါ်ခဲ့၏”

ရှင်သာရိပုတ္တရာ၏ မိန့်ကြားချက်ကိုကြားသော ကဠာရခတ္တိယရဟန်းသည် ဗုဒ္ဓထံသို့သွား၍ရှင်သာရိပုတ္တရာသည် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်သောစကားကို မြွက်ဆိုကြောင်း လျှောက်ကြား၏။ ထိုအခါဗုဒ္ဓက 'သာရိပုတ္တရာသည် ပြဿနာ တခုကို ခုနစ်ရက် ခုနစ်နေ့တိုင်အောင် ပုဒ်အမျိုးမျိုး၊ ပရိယာယ် အမျိုးမျိုးဖြင့် ဖြေဆိုနိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို ထိုးထွင်း၍ သိပြီးသူ ဖြစ်ပေ၏'ဟူ၍ မိန့်ကြားတော်မူလေသည်။

## ၃။ ဉာဏဝတ္ထုသုတ်

## [ဉာဏ်၏တည်ရာ ၄၄ ပါးကို ဟောခြင်း]

၃၃။ ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့ အား ဉာဏ်၏တည်ရာ 'ဉာဏဝတ္ထု' လေးဆယ့်လေးပါးကို ဟောကြားတော်မူ၏။ ဉာဏဝတ္ထုလေးဆယ့်လေးပါးဟူသည် ဇရာမရဏ၌ သိသောဉာဏ်၊ ဇရာမရဏ ဖြစ်ကြောင်း၌ သိသောဉာဏ်၊ ဇရာမရဏ ချုပ်ရာ၌သိသောဉာဏ်၊ ဇရာမရဏ ချုပ်ရာသို့ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်အားဖြင့် ဇရာမရဏ၌ဉာဏ ဝတ္ထုလေးပါး၊ ထို့အတူ ဇာတိ၊ ဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်၊ သင်္ခါရတို့၌လည်း လေးပါးစီအားဖြင့် ဉာဏ ဝတ္ထုလေးဆယ့်လေးပါးဖြစ်၏။

ထို့နောက် ဗုဒ္ဓသည် ဇရာမရဏတို့၏ သရုပ်ကိုထုတ်ပြပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူ၏။

ရဟန်းတို့၊ ဤသို့ အရိယာတပည့်၏ ဇရာမရဏ၊ ဇရာမရဏဖြစ်ကြောင်း စသည်ကို သိခြင်းသည် တရားကိုသိသောဓမ္မဉာဏ်ဖြစ်၏။ ထိုအရိယာတပည့်သည် မိမိမျက်မှောက်သိမြင်အပ်သောတရားဖြင့် အတိတ်အနာဂတ်တို့၌နည်းကိုဆောင် ၏။ ဤသို့နည်းကိုဆောင်၍ သိခြင်းသည် အစဉ်လိုက်၍သိသော အန္ဝယဉာဏ် ဖြစ်၏။ 'ရဟန်းတို့၊ အကြင်အခါ၌ အရိယာတပည့်အား တရားကိုသိသော ဓမ္မဉာဏ်၊ နည်းကိုဆောင်၍သိသော အန္ဝယဉာဏ်အားဖြင့် နှစ်ပါးသော ဉာဏ် တို့သည် စင်ကြယ်ကုန်၏။ထိုအခါ ဤအရိယာတပည့်ကို မှန်သောအယူ၊မှန်သော ဉာဏ်အမြင်နှင့် ပြည့်စုံသူ၊ သေက္ခဉာဏ် သေက္ခဝိဇ္ဇာနှင့်ပြည့်စုံသူ၊အမြိုက်တံခါးဝ သို့ ရောက်၍တည်သူ'ဟူ၍ဆိုအပ်၏။

(ဇာတိ၊ ဘဝစသည်တို့၌လည်း နည်းတူဟောကြား၏။)

## ၄။ ဒုတိယဉာဏဝတ္ထုသုတ်
### [ဉာဏ်၏တည်ရာ ၇၇ ပါးကို ဟောခြင်း]

၃၄။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဉာဏဝတ္ထု(၇၇)ပါးကို ဟောကြားတော်မူ၏။ ဉာဏဝတ္ထု(၇၇)ပါးဟူသည် ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်၏ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဟု သိသောဉာဏ်၊ အတိတ်ကာလ၌လည်း ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်ခဲ့၏ဟုသိသောဉာဏ်၊ဇာတိမရှိခဲ့သော် ဇရာမရဏ ရှိခဲ့မည် မဟုတ်ဟု သိသောဉာဏ်၊ နောင် အနာဂတ် ကာလ၌ လည်း ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏ ဖြစ်လိမ့်မည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏ ရှိမည်မဟုတ်ဟု သိသောဉာဏ်၊ အကျိုး၏ တည်ရာအကြောင်းကိုသိသောဓမ္မဋ္ဌိတိဉာဏ်သည်လည်းချုပ်ပျောက်ပျက်စီးခြင်းသဘောရှိ၏ဟု သိသောဉာဏ်အားဖြင့် ဇရာမရဏ၌ ဉာဏဝတ္ထု(၇)ပါး၊ ထို့အတူဇာတိ၊ ဘဝစသည်တို့၌လည်း (၇)ပါးစီအားဖြင့် ဉာဏဝတ္ထု(၇၇)ပါးဖြစ်၏။

## ၅။ အဝိဇ္ဇာပစ္စယသုတ်
### [အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ စသည်ကို ဟောခြင်း]

၃၅။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား 'အဝိဇ္ဇာဟူသောအကြောင်းကြောင့်သင်္ခါရတို့သည် ဖြစ်ကုန်၏။သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏' စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားတော်မူ၏။ ထိုအခါ ရဟန်းတပါးက 'အရှင်ဘုရား၊ ဇရာမရဏဟူသည် အဘယ်ပါနည်း၊ အဘယ်သူ၏ ဇရာမရဏ ဖြစ်ပါသနည်း'ဟူ၍ မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

ရဟန်း၊ သင်၏မေးခွန်းသည် မသင့်၊ "ဇရာမရဏဟူသည် အဘယ်နည်း။ အဘယ်သူ၏ဇရာမရဏနည်း"ဟူ၍ဆိုခြင်းနှင့်"ဇရာမရဏသည်တပါးတခြားဖြစ်၏။တပါးသောသူ၏ဇရာမရဏဖြစ်၏"ဟုဆိုခြင်းသည်အနက်အဓိပ္ပာယ်အားဖြင့်တူ၏။ သဒ္ဒါမျှသာထူး၏။ ရဟန်း၊ "အသက်သည်ပင်ကိုယ်ဟူ၍လည်းကောင်း၊ အသက်သည်တခြား၊ကိုယ်သည်တခြားဖြစ်၏"ဟူ၍လည်းကောင်းအယူရှိခဲ့သော် အကျင့်မြတ်ကို ကျင့်သုံးမှုသည် မဖြစ်နိုင်ပေ။ ရဟန်း၊ မြတ်စွာဘုရားသည်ကားထိုနှစ်ပါးသောအစွန်းသို့ မကပ်ရောက်ပဲ တည့်မတ်စွာတရားကို ဟောကြား၏။

(ဇာတိ စသည်တို့၌လည်း နည်းတူဟောကြား၏။)

ရဟန်း၊ အဝိဇ္ဇာအကြွင်းမဲ့ ချုပ်ခြင်းကြောင့်''ဇရာမရဏဟူသည် အဘယ်နည်း။အဘယ်သူ၏ ဇရာမရဏဖြစ်သနည်း''စသော မိစ္ဆာအယူတို့ကိုပယ်အပ်ပြီး ဖြစ်ကုန်၏။

၃၆။ ဒုတိယအဝိဇ္ဇာသုတ်သည် အထက်ပါသုတ်နှင့်ထပ်တူပင်ဖြစ်၏။

## ၇။ နတုမှသုတ်

[ကိုယ်သည် သင်တို့၏ဥစ္စာ မဟုတ်ဟု ဟောခြင်း]

၃၇။ ရဟန်းတို့၊ ဤကိုယ်သည် သင်တို့၏ဥစ္စာမဟုတ်။သူတပါးတို့၏ ဥစ္စာလည်းမဟုတ်။ ဤကိုယ်သည် ရှေးကံကြောင့် ဖြစ်၏။ အကြောင်း တရားတို့ ပြုလုပ်စီရင်အပ်သောအရာဖြစ်၏။ စေ့ဆော်မှုသည်အကြောင်းရင်းရှိ၏။ ခံစားမှု၏တည်ရာဖြစ်၏ဟူ၍ မှတ်အပ်၏။ ရဟန်းတို့၊ ဤအရာ၌ အကြား အမြင်နှင့် ပြည့်စုံသောအရိယာ တပည့်သည် ''အကြောင်းတရားရှိခဲ့သော် အကျိုးတရား သည်ဖြစ်၏။ အကြောင်းတရားမရှိခဲ့သော် အကျိုးတရားသည်မဖြစ်''စသည်ဖြင့် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းကိုသာလျှင် သင့်လျော်စွာနှလုံးသွင်း၏။

## ၈။ စေတနာသုတ်

[စေ့ဆော်မှုသည် ဝိညာဏ်အကြောင်းရင်းဖြစ်ပုံ

၃၈။ ရဟန်းတို့၊ စေ့ဆော်ခြင်း၊ ကြံစည်ခြင်း၊ ကိန်းအောင်းခြင်းရှိခဲ့သော် ထိုစေ့ဆော်ခြင်းသည် ဝိညာဏ်တည်ရန်အကြောင်းဖြစ်၏။အကြောင်းရှိခဲ့သော် ဝိညာဏ်တည်ခြင်းသည်ဖြစ်၏။ ဝိညာဏ်တည်ခြင်း စည်ပင်တိုးပွားခြင်းဖြစ်လတ်သော် နောက်ထပ်ဘဝသစ်သည်ဖြစ်၏။ နောက်ထပ် ဘဝသစ် ဖြစ်လတ်သော် ဇာတိ၊ ဇရာမရဏ စသည်တို့သည်ဖြစ်ကုန်၏။

ရဟန်းတို့၊ အကြင်အခါ၌ စေ့ဆော်ခြင်း၊ ကြံစည်ခြင်း၊ ကိန်းအောင်း ခြင်းသည် မရှိ။ထိုအခါ ဝိညာဏ်တည်ရန်အကြောင်းသည် မရှိ။ အကြောင်းမရှိခဲ့သော် ဝိညာဏ်သည်မတည်။ ဝိညာဏ်တည်ခြင်း၊ စည်ပင် တိုးပွားခြင်း မရှိလတ်သော် နောက်ထပ် ဘဝသစ်သည် မဖြစ်။ နောက်ထပ် ဘဝသစ် မဖြစ်လတ်သော် ဇာတိ၊ ဇရာမရဏစသည်တို့သည်မဖြစ်ကုန်။ဤသို့လျှင်အလုံးစုံသော ဆင်းရဲအစု၏ ချုပ်ငြိမ်းခြင်းသည်ဖြစ်၏။

## ၉။ ဒုတိယစေတနာသုတ်

### [စေ့ဆော်မှုသည် ဝိညာဏ်၏အကြောင်းဖြစ်ပုံ]

၃၉။ ရဟန်းတို့၊ စေ့ဆော်ခြင်း၊ ကြံစည်ခြင်း၊ ကိန်းအောင်းခြင်းရှိခဲ့သော် ယင်းစေ့ဆော်ခြင်း စသည် တို့သည် ဝိညာဏ်တည်ရန် အကြောင်း ဖြစ်၏။ အကြောင်းရှိခဲ့သော် ဝိညာဏ်တည်ခြင်းသည်ဖြစ်၏။ ဝိညာဏ်တည်ခြင်း၊ စည်ပင် တိုးပွားခြင်း ဖြစ်လတ်သော် နာမ်ရုပ်၏ သက်ဝင်ခြင်းသည် ဖြစ်၏။ နာမ်ရုပ် ဟူသော အကြောင်းကြောင့်အာယတန ခြောက်ပါးသည် ဖြစ်၏။ — — — ဤသို့လျှင် အလုံးစုံသောဆင်းရဲအစု၏ ဖြစ်ခြင်းသည် ထင်ရှား၏။

ရဟန်းတို့၊ စေ့ဆော်ခြင်း၊ ကြံစည်ခြင်းမရှိသော်လည်း ကိန်းအောင်းခြင်း ရှိခဲ့သော် ယင်းကိန်းအောင်းခြင်းသည် ဝိညာဏ်တည်ရန် အကြောင်း ဖြစ်၏။ အကြောင်းရှိသော် ဝိညာဏ်တည်ခြင်းသည် ဖြစ်၏။ ဝိညာဏ်တည်ခြင်း၊ စည်ပင် တိုးပွားခြင်းရှိခဲ့သော် နာမ်ရုပ်၏ သက်ဝင်ခြင်းသည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတန ခြောက်ပါးသည် ဖြစ်၏။ ဤသို့လျှင် အလုံး စုံသောဆင်းရဲအစု၏ ဖြစ်ခြင်းသည် ထင်ရှား၏။

ရဟန်းတို့၊ အကြင်အခါ၌ စေ့ဆော်ခြင်း၊ ကြံစည်ခြင်း၊ ကိန်းအောင်းခြင်း သည်မရှိ။ ထိုအခါ ဝိညာဏ်တည်ရန် အကြောင်းသည် မရှိ။ အကြောင်းမရှိ ခဲ့သော် ဝိညာဏ်တည်ခြင်းသည် မဖြစ်။ ဝိညာဏ်တည်ခြင်းစည်ပင် တိုးပွားခြင်း မရှိခဲ့သော် နာမ်ရုပ်၏ သက်ဝင်ခြင်းသည် မဖြစ်။ နာမ်ရုပ် ချုပ်ခြင်းကြောင့် အာယတနခြောက်ပါးသည် ချုပ်၏။ အာယတနခြောက်ပါး ချုပ်ခြင်းကြောင့် ဖဿသည် ချုပ်၏။— — — ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၏ ချုပ်ခြင်း သည် ထင်ရှား၏။

## ၁၀။ တတိယ စေတနာသုတ်

### [စေ့ဆော်မှုသည်ဝိညာဏ်၏ အကြောင်းဖြစ်ပုံ]

၄၀။ ရဟန်းတို့၊ စေ့ဆော်ခြင်း၊ ကြံစည်ခြင်း၊ ကိန်းအောင်းခြင်း ရှိခဲ့ သော် ယင်းစေ့ဆော်ခြင်း စသည်တို့သည် ဝိညာဏ်တည်ရန် အကြောင်းဖြစ်၏။ အကြောင်း ရှိခဲ့သော် ဝိညာဏ် တည်ခြင်းသည် ဖြစ်၏။ ဝိညာဏ် တည်ခြင်း၊ စည်ပင်တိုးပွားခြင်းရှိခဲ့သော် တိမ်းညွှတ်ခြင်းသည် ဖြစ်၏။ တိမ်းညွှတ်ခြင်းရှိခဲ့ သော် လားရာဂတိသည်ဖြစ်၏။ လားရာဂတိ ရှိခဲ့သော် စုတိပဋိသန္ဓေသည်

ဖြစ်၏။စုတိပဋိသန္ဓေရှိခဲ့သော်နောက်ထပ် ဇာတိဇရာမရဏ စသည် တို့သည် ဖြစ်ကုန်၏။— — —ဤသို့လျှင် အလုံးစုံသောဆင်းရဲအစု၏ဖြစ်ခြင်းသည်ထင်ရှား၏။

ရဟန်းတို့၊ စေ့ဆော်ခြင်း၊ ကြံစည်ခြင်းမရှိသော်လည်း ကိန်းအောင်းခြင်းရှိခဲ့သော် ယင်း ကိန်း အောင်း ခြင်း သည် ဝိညာဏ် တည်ရန် အကြောင်းဖြစ်၏။ အကြောင်းရှိခဲ့သော် ဝိညာဏ်တည်ခြင်းသည် ဖြစ်၏။ ဝိညာဏ်တည်ခြင်း၊စည်ပင်တိုးပွားခြင်းရှိခဲ့သော် ဟိမ်းညွတ်ခြင်းသည် ဖြစ်၏။ တိမ်းညွတ်ခြင်း ရှိခဲ့သော် လားရာဂတိသည်ဖြစ်၏။ လားရာဂတိရှိခဲ့သော် စုတိ ပဋိသန္ဓေသည်ဖြစ်၏။ စုတိပဋိသန္ဓေရှိခဲ့သော် နောက်ထပ် ဇာတိ၊ ဇရာ မရဏ စသည်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့၊ အကြင်အခါ၌ စေ့ဆော်ခြင်း၊ ကြံစည်ခြင်း၊ ကိန်းအောင်းခြင်းတို့သည် မရှိ။ ထိုအခါ ဝိညာဏ်တည်ရန် အကြောင်းသည်မရှိ။ အကြောင်းမရှိခဲ့သော် ဝိညာဏ်တည်ခြင်းသည် မဖြစ်။ဝိညာဏ်တည်ခြင်း၊စည်ပင်တိုးပွားခြင်း မရှိခဲ့သော် တိမ်းညွတ်ခြင်းသည် မဖြစ်။တိမ်းညွတ်ခြင်းမရှိခဲ့သော် လားရာဂတိသည် မဖြစ်။ လားရာဂတိမရှိခဲ့သော်စုတိပဋိသန္ဓေသည် မဖြစ်။စုတိပဋိသန္ဓေမရှိခဲ့သော် နောက်ထပ် ဇာတိ၊ ဇရာမရဏ စသည်တို့သည် မဖြစ်ကုန်။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၏ချုပ်ခြင်းသည် ထင်ရှား၏။

## ၅။ ဂဟပတိဝဂ်

### ၁။ ပဉ္စဝေရဘယသုတ်

### [ဘေးရန်ငါးပါးငြိမ်းသူ]

၄၁။ ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ် အနာထပိဏ်သဌေးအား အောက်ပါအတိုင်း ဟောကြားတော်မူ၏။

သူကြွယ်၊ ဘေးရန်ငါးပါးငြိမ်း၍ သောတာပတ္တိအင်္ဂါလေးပါးတို့နှင့် ပြည့်စုံပြီး အရိယာတို့၏နည်းကို သိမြင်သော အရိယာတပည့်သည် အလိုရှိခဲ့သော် 'ငါသည် ငရဲ၊ တိရစ္ဆာန် ပြိတ္တာအပါယ်ဘုံတို့၌ ဖြစ်ရခြင်းကုန်ပြီးသူ ဖြစ်၏။အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဖြစ်၏'ဟူ၍ ဖွင့်ဟပြောကြားနိုင်၏။ ဘေးရန်ငါးပါးဟူသည်—

(၁) သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်သူအား သူ့အသက်ကို သတ်ခြင်း ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်နိုင်သည့် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်နှင့် ကိုယ်စိတ်ဆင်းရဲခြင်းတို့သည် ငြိမ်းကုန်၏။

(၂) သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူအား သူ့ဥစ္စာကို ခိုးယူခြင်း ဟူသောအကြောင်းကြောင့်ဖြစ်ပေါ်နိုင်သည့် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်နှင့် ကိုယ်စိတ်ဆင်းရဲခြင်းတို့သည် ငြိမ်းကုန်၏။

(၃) ကာမဂုဏ်တို့၌ ဖောက်ပြန်စွာကျင့်ခြင်းမှ ရှောင်ကြဉ်သူအား ကာမဂုဏ်တို့၌ ဖောက်ပြန်စွာကျင့်ခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်နိုင်သည့် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်နှင့် ကိုယ်စိတ်ဆင်းရဲခြင်းတို့သည် ငြိမ်းကုန်၏။

(၄) မုသားပြောခြင်းမှ ရှောင်ကြဉ်သူအား မုသားပြောခြင်း ဟူသော အကြောင်းကြောင့်ဖြစ်ပေါ်နိုင်သည့် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်နှင့် ကိုယ်စိတ်ဆင်းရဲခြင်းတို့သည် ငြိမ်းကုန်၏။

(၅) မေ့လျော့ယစ်မူးကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်သူအား သေရည်သေရက် သောက်စားခြင်း ဟူသော အကြောင်းကြောင့်ဖြစ်ပေါ်နိုင်သည့်မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်နှင့် ကိုယ်စိတ်ဆင်းရဲခြင်းတို့သည် ငြိမ်းကုန်၏။

သောတာပတ္တိအင်္ဂါလေးပါးဟူသည် ဘုရား၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်း၊ တရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ သံဃာ၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်းတို့ဖြစ်၏။

ထိုပုဂ္ဂိုလ်သည် အဘယ်သို့သော အရိယာတို့၏နည်းကို ပညာဖြင့် ကောင်းစွာ ထိုးထွင်းသိမြင်သနည်းဆိုသော် 'ဤအကြောင်းတရားရှိသော် ဤအကျိုးတရားသည် ဖြစ်၏။ ဤအကြောင်းတရားမရှိသော် ဤအကျိုးတရားသည် မဖြစ်။ ဤ အကြောင်းတရား ဖြစ်ခြင်းကြောင့် ဤ အကျိုးတရားသည် ဖြစ်၏။ ဤ အကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏။ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏ – – – ထို အရိယာတပည့်သည် ဤသို့ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင် သင့်လျော်စွာ နှလုံးသွင်း၏။ ဤသို့လျှင် အရိယာတပည့်သည် အရိယာတို့၏နည်းကို ပညာဖြင့် ကောင်းစွာ ထိုးထွင်းသိမြင်၏။

၄၂။ ဒုတိယ ပဉ္စဝေရဘယသုတ်၌ ရဟန်းတို့အား ဟောကြားခြင်းမျှသာ အထက်သုတ်နှင့်တူ၏။

## ၃။ ဒုက္ခသုတ်
## [ဆင်းရဲဖြစ်ပေါ်ခြင်းနှင့် ဆင်းရဲချုပ်ငြိမ်းခြင်း]

၄၃။ ရဟန်းတို့၊ဆင်းရဲဖြစ်ပေါ်ခြင်း ဟူသည် အဘယ်နည်းဆိုသော် မျက်စိနှင့် ရူပါရုံတို့ကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ ယင်းသုံးပါးတို့ပေါင်းဆုံခြင်းကြောင့်တွေ့ထိခြင်းဖဿသည်ဖြစ်၏။ဖဿဟူသောအကြောင်းကြောင့်ခံစားခြင်းဝေဒနာသည် ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏။ ရဟန်းတို့၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်းတည်း။

(နားနှင့် သဒ္ဒါရုံ၊ နှာခေါင်းနှင့် ဂန္ဓာရုံစသည်တို့ကိုစွဲ၍ သောတဝိညာဏ်၊ ဃာနဝိညာဏ်စသည်ဖြစ်ပုံကိုနည်းတူဟောကြား၏။)

ရဟန်းတို့၊ ဆင်းရဲချုပ်ခြင်းသည် အဘယ်နည်းဆိုသော်၊ မျက်စိနှင့်ရူပါရုံတို့ကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ ယင်းသုံးပါးတို့ ပေါင်းဆုံခြင်းကြောင့် တွေ့ထိခြင်း ဖဿဖြစ်၏။ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏။ ထိုတဏှာ၏အကြွင်းမဲ့ချုပ်ခြင်းကြောင့်ဥပါဒါန်သည် ချုပ်၏။ဥပါဒါန်ချုပ်ခြင်းကြောင့်ဘဝ၊ ဇာတိစသည်တို့သည် ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။

(နားနှင့်သဒ္ဒါရုံစသည်တို့၌လည်း ဆင်းရဲချုပ်ပုံကို နည်းတူဟော၏။)

၄၄။ လောကသုတ်၌ အထက်သုတ်ပါ ဆင်းရဲဖြစ်ပေါ်ခြင်း၊ ဆင်းရဲချုပ်ခြင်းဟူသော စကား၌ လောကဖြစ်ပေါ်ခြင်း၊ လောကချုပ်ခြင်းဟူ၍ပြောင်းလဲဟောကြားပုံမျှသာထူး၏။

## ၅။ ဉာတိကသုတ်
## [ဉာတိကရွာ၌ ဟောကြားချက်]

၄၅။ ဗုဒ္ဓသည် ဉာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးစဉ် ဆိတ်ငြိမ်ရာ၌ တပါးတည်းနေလျက် မျက်စိနှင့်ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်စသည်ဖြစ်ပေါ်၍ ဆင်းရဲဖြစ်ပုံ၊ ချုပ်ပုံတို့ကို ရွတ်ဆိုတော်မူ၏။ ထို့နောက် ဗုဒ္ဓသည် မိမိအသံကို ကြားလောက်ရာအရပ်၌ ရပ်နေသော ရဟန်းတပါးကိုမြင်၍—

“ရဟန်း၊ သင်သည် ဤရွတ်ဆိုသောတရားကို ကြားသည်မဟုတ်လော”ဟု မေးရာ ထိုရဟန်းက ‘ကြားပါသည်’ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက ‘ရဟန်း သင်သည် ဤတရားကို မှတ်သားလေ့လာလော့၊ ဤတရားသည် အကျိုးစီးပွားနှင့် ယှဉ်သည်ဖြစ်၍ အကျင့်မြတ်၏အစ ဖြစ်၏’ဟု မိန့်ကြားတော်မူလေသည်။

## ၆။ အညတရဗြာဟ္မဏသုတ်

[ပုဏ္ဏားတယောက်၏အမေးကိုဖြေခြင်း]

၄၆။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ဗုဒ္ဓသီတင်းသုံးစဉ်ပုဏ္ဏားတယောက်သည် ဗုဒ္ဓထံချဉ်းကပ်၍ ပြဿနာတခုကိုမေးလျှောက်ရာ ဗုဒ္ဓကလည်း ထိုပြဿနာကို ဖြေကြားတော်မူ၏။

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ ပြုလုပ်သူသည်ပင် ခံစားရပါသလော"

"ပုဏ္ဏား၊ ပြုလုပ်သူသည်ပင် ခံစားရ၏ဟူသောအယူသည် တခုသောအစွန်းဖြစ်၏"

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ ပြုလုပ်သူသည်တခြား ခံစားရသူသည် တခြားဖြစ်ပါသလော"

"ပုဏ္ဏား၊ ပြုလုပ်သူသည်တခြား၊ ခံစားရသူသည် တခြားဖြစ်၏ဟူသော အယူသည် ဒုတိယအစွန်းဖြစ်၏။ ပုဏ္ဏား၊ မြတ်စွာဘုရားသည်ကား ထိုနှစ်ပါးသော အစွန်းသို့ မကပ်ရောက်ပဲ အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရကြောင့် ဝိညာဏ်သည်ဖြစ်၏ စသည်ဖြင့် တည့်မတ်စွာတရားကို ဟောကြား၏"

ပုဏ္ဏားသည် ဗုဒ္ဓ၏ ဟောကြားချက်ကို လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ၇။ ဇာဏုဿောဏိသုတ်

[ဇာဏုဿောဏိပုဏ္ဏား၏ အမေးကို ဖြေခြင်း]

၄၇။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ဇာဏုဿောဏိပုဏ္ဏားသည်[၁] ဗုဒ္ဓထံချဉ်းကပ်၍ ပြဿနာ မေးလျှောက်သဖြင့် ဗုဒ္ဓက ထိုပြဿနာကို ဖြေကြားတော်မူ၏။

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ အလုံးစုံရှိပါသလော"

"ပုဏ္ဏား၊ အလုံးစုံသည်ရှိ၏ဟူသော အယူသည် တခုသောအစွန်း ဖြစ်၏"

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ အလုံးစုံသည် မရှိပါသလော"

---

၁ 'ဇာဏုဿောဏိ'မှာ ရာထူးဌာန်အားဖြင့် ရသောအမည်ဖြစ်၏။

"ပုဏ္ဏား၊ အလုံးစုံသည် မရှိဟူသောအယူသည် ဒုတိယအစွန်းဖြစ်၏။ ပုဏ္ဏား မြတ်စွာဘုရားသည်ကား ထိုနှစ်ပါးသောအစွန်းသို့ မကပ်ရောက်ပဲ 'အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရကြောင့် ဝိညာဏ်သည်ဖြစ်၏' စသည်ဖြင့် တည့်မတ်စွာ တရားကို ဟောကြား၏။

ဇာဏုဿောဏိပုဏ္ဏားသည် ဗုဒ္ဓ၏အဖြေကို လွန်စွာနှစ်သက်၍ ဥပါသကာ အဖြစ် ခံယူသွားလေသည်။

## ၈။ လောကာယတိကသုတ်

### [လောကာယတိက ပုဏ္ဏား၏အမေးကို ဖြေခြင်း]

၄၈။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် လောကာယတ ကျမ်း၌ ကျွမ်းကျင်သော အယူရှိသော ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ ပြဿနာ မေးလျှောက်သဖြင့် ဗုဒ္ဓက ထိုပြဿနာကို ဖြေကြားတော်မူ၏။

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ အလုံးစုံသည် ရှိပါသလော"

"ပုဏ္ဏား၊ အလုံးစုံသည် ရှိ၏ဟူသောအယူသည် လောကကို ရှည်စေသော တရားဖြစ်၏"

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ အလုံးစုံသည် မရှိပါသလော"

"ပုဏ္ဏား၊ အလုံးစုံသည် မရှိဟူသောအယူသည် လောကကို ရှည်စေသော ဒုတိယတရားဖြစ်၏"

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ အလုံးစုံသည် တခုတည်းသောသဘော ရှိပါသလော"

"ပုဏ္ဏား၊ အလုံးစုံသည် တခုတည်းသောသဘော ရှိ၏ဟူသော အယူသည် လောကကိုရှည်စေသော တတိယတရားဖြစ်၏"

"အရှင်ဂေါတမ၊ အသို့ပါနည်း၊ အလုံးစုံသည် ထူး ထွေ ကွဲ ပြား သော သဘောရှိပါသလော"

"ပုဏ္ဏား၊ အလုံးစုံသည် ထူးထွေကွဲပြားသော သဘောရှိ၏ဟူသော အယူသည် လောကကို ရှည်စေသော စတုတ္ထတရားဖြစ်၏။ ပုဏ္ဏား၊ မြတ်စွာဘုရားသည်ကား ထိုနှစ်ပါးသော အစွန်းသို့ မကပ်ရောက်ပဲ တည့်မတ်စွာ တရားကို ဟောကြား၏"

ထို ပုဏ္ဏားသည် ဗုဒ္ဓ၏ ဖြေကြားချက်ကို လွန်စွာနှစ်သက်၍ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၉။ အရိယသာဝကသုတ်
[အရိယာတပည့်အား အသိဉာဏ်ဖြစ်ပုံ]

၄၉။ ''ရဟန်းတို့၊ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား 'အဘယ်တရားသည် ရှိသော် အဘယ်တရားဖြစ်သနည်း၊ အဘယ်တရားဖြစ်ခြင်းကြောင့် အဘယ်တရားသည် ဖြစ်သနည်း၊ အဘယ်တရားရှိသော် သင်္ခါရတို့သည် ဖြစ်ကုန်သနည်း၊ အဘယ်တရားရှိသော် ဝိညာဏ်သည် ဖြစ်သနည်း' စသည်ဖြင့် တွေးတော ယုံမှားခြင်းသည်မဖြစ်။ 'ရဟန်းတို့၊ စင်စစ်သော်ကား အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား ဤတရားရှိသော် ဤတရားသည် ဖြစ်၏၊ ဤတရား၏ဖြစ်ခြင်းကြောင့် ဤတရားသည်ဖြစ်၏။ အဝိဇ္ဇာရှိသော် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရရှိသော် ဝိညာဏ်သည် ဖြစ်၏' စသည်ဖြင့် သူတပါးကို ယုံကြည်အားထားခြင်းမပြုရပဲ အသိဉာဏ်သည် ဖြစ်ပေါ်၏။ ဤလောကသည် ဤသို့ဖြစ်၏ဟု ထိုအရိယာတပည့်သည် သိ၏။

ရဟန်းတို့၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်အား 'အဘယ်တရားမရှိသော်အဘယ်တရားသည်မဖြစ်သနည်း၊အဘယ်တရားချုပ်ခြင်းကြောင့် အဘယ်တရားသည်ချုပ်သနည်း၊ အဘယ်တရားမရှိသော် သင်္ခါရတို့သည် မဖြစ်ကုန်သနည်း၊ အဘယ်တရားမရှိသော် ဝိညာဏ်သည်မဖြစ်သနည်း' စသည် တွေးတောယုံမှားခြင်းသည် မဖြစ်။ ရဟန်းတို့၊ စင်စစ်သော်ကား အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်အား 'ဤတရားမရှိသော် ဤတရားသည်မဖြစ်၊ ဤတရားချုပ်ခြင်းကြောင့် ဤတရားသည်ချုပ်၏။ အဝိဇ္ဇာမရှိသော် သင်္ခါရတို့သည် မဖြစ်ကုန်၊ သင်္ခါရမရှိသော် ဝိညာဏ်သည်မဖြစ်' စသည်ဖြင့် သူတပါးကို ယုံကြည်အားထားခြင်းမပြုရပဲ အသိဉာဏ်သည် ဖြစ်ပေါ်၏။ ဤလောကသည် ဤသို့ချုပ်၏ဟု ထိုအရိယာ တပည့်သည်သိ၏။ ရဟန်းတို့၊ ဤသို့လောက၏ ဖြစ်ခြင်းချုပ်ခြင်းတို့ကို အမှန်အတိုင်း သိမြင်သော အရိယာတပည့်ကို ကောင်းသောအယူနှင့် ပြည့်စုံသူဟူ၍ ဆိုအပ်၏။

၅၀။ ဒုတိယ အရိယသာဝကသုတ်သည် အထက်သုတ်နှင့် တူပါသည်။

# ၆။ ဒုက္ခဝဂ်

## ၁။ ပရိဝီမံသနသုတ်
[ကုဒုက္ခကို စူးစမ်းဆင်ခြင်ပုံ]

၅၁။ ''ရဟန်းတို့ စူးစမ်းဆင်ခြင်သောရဟန်းသည် အဘယ်မျှဖြင့် ဒုက္ခလုံးဝ ကုန်ခြင်းငှာ စူးစမ်းဆင်ခြင်သည် မည်ပါသနည်း''

''အရှင်ဘုရား၊ တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အမှန်အစရှိပါကုန်၏။ မြတ်စွာဘုရားဉာဏ်တော်၌ ထင်မြင်သည့် အတိုင်းသာလျှင် ဟောကြားတော်မူပါလော့''

''ရဟန်းတို့၊ သို့ဖြစ်သော် ငါဟောကြားအံ့၊ နာကြကုန်လော့။ ရဟန်းတို့၊ ဤသာသနာ၌ စူးစမ်းဆင်ခြင်သောရဟန်းသည် 'ဤလောက၌ အိုခြင်းသေခြင်းဟူသော ဆင်းရဲအမျိုးမျိုးသည် အဘယ်တရားလျှင် အကြောင်းရင်းရှိသနည်း၊ အဘယ်တရားရှိသော် အိုခြင်းသေခြင်းသည်ဖြစ်သနည်း၊ အဘယ်တရားမရှိသော် အိုခြင်းသေခြင်းသည် မဖြစ်သနည်း' ဟူ၍ စူးစမ်းဆင်ခြင်၏။ ယင်းသို့ စူးစမ်းဆင်ခြင်သောရဟန်းသည် လောက၌အိုခြင်းသေခြင်းဟူသော ဆင်းရဲအမျိုးမျိုးသည် ဇာတိလျှင် အကြောင်းရင်းရှိ၏။ ဇာတိရှိသော် အိုခြင်း၊ သေခြင်းသည် ဖြစ်၏။ ဇာတိမရှိသော် အိုခြင်းသေခြင်းသည် မဖြစ်' ဟူ၍ သိ၏။ ထို ရဟန်းသည် အိုခြင်းသေခြင်းကိုလည်းသိ၏။ အိုခြင်း၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။ အိုခြင်းသေခြင်း၏ ချုပ်ရာကိုလည်းသိ၏။ အိုခြင်း သေခြင်း၏ချုပ်ရာသို့ ရောက်ရန်လျော်ကပ်သောအကျင့်ကိုလည်းသိ၏။ ယင်းသို့သိသည်နှင့်လျော်စွာ ထိုအကျင့်သို့ အစဉ်လိုက်၍လည်း ကျင့်၏။ ရဟန်းတို့၊ ဤရဟန်းကို ဒုက္ခလုံးဝကုန်ရန်အိုခြင်းသေခြင်းချုပ်ရန် ကျင့်သောရဟန်းဟူ၍ ဆိုအပ်၏''

(ဇာတိစသည်တို့၌လည်း နည်းတူဟောကြား၏။)

''ရဟန်းတို့၊ အဝိဇ္ဇာကပ်ရောက်နေသောပုဂ္ဂိုလ်သည်ကုသိုလ်သင်္ခါရကိုပြုသော် ကုသိုလ်ဝိညာဏ်သည်ဖြစ်၏။ အကုသိုလ်သင်္ခါရကိုပြုသော် အကုသိုလ် ဝိညာဏ်သည်ဖြစ်၏။ အာနေဥ္စသင်္ခါရကိုပြုသော်အာနေဥ္စဝိညာဏ်သည်ဖြစ်၏။ ရဟန်းတို့၊ အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသောအခါ၌ ထိုရဟန်းသည် ကုသိုလ်သင်္ခါရကိုလည်းကောင်း၊ အကုသိုလ်သင်္ခါရ၊ အာနေဥ္စသင်္ခါရကိုလည်းကောင်း မပြု၊ ပြုလုပ်ခြင်း စေ့ဆော်ခြင်းမရှိသော် လောက၌ တစုံတခုကိုမျှ မစွဲလမ်း၊ မစွဲလမ်းသော်မတပ်မက်၊ မတပ်မက်သော် မျက်မှောက်၌ပင် ငြိမ်းအေး၏။ ဇာတိကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်မရှိပြီ ဟူ၍ သိလေ၏။

''ထိုရဟန်းသည် သုခဝေဒနာကိုခံစားလျှင် ဤသုခဝေဒနာသည်မမြဲသောတရား၊ တဏှာဖြင့်မစွဲယူအပ်သောတရား၊ မနှစ်သက်အပ်သောတရားဟူ၍သိ၏။

ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ခံစားရာ၌လည်း ထို့အတူသိ၏။ ထိုရဟန်းသည် သုခဝေဒနာကိုသော်လည်းကောင်း၊ ဒုက္ခဝေဒနာကိုသော်လည်းကောင်း၊ ဥပေက္ခာဝေဒနာကိုသော်လည်းကောင်း ခံစားသော်တဏှာဒိဋ္ဌိတို့နှင့် မသုဥ်မူ၍ ခံစား၏။ ထိုရဟန်းသည်ကိုယ်ဖြင့် ပိုင်းခြားအပ်သော ဝေဒနာကို ခံစားသော် ကိုယ်ဖြင့်ပိုင်းခြားအပ်သောဝေဒနာကိုခံစား၏ဟုသိ၏။ အသက်ဖြင့် ပိုင်းခြားအပ်သောဝေဒနာကို ခံစားသော်အသက်ဖြင့် ပိုင်ခြားအပ်သောဝေဒနာကို ခံစား၏ဟု သိ၏။ ကိုယ်ခန္ဓာပျက်စီးပြီးနောက်ဝယ် ခံစားမှု အားလုံးသည် မနှစ်သက်အပ်သည်ဖြစ်၍ — ဤအတ္တဘော၌ပင် ငြိမ်းလိမ့်မည်။ ဤကိုယ်ကောင် မျှသာ ကြွင်းလိမ့်မည်ဟုသိ၏။ ဥပမာ အိုးဖုတ်သောဖိုမှ ပူသောအိုးတလုံးကို ထုတ်ယူ၍ အအေးခံထားသည်ရှိသော် အပူငွေ့သည်ငြိမ်းသွားပြီး အိုးသည်သာ ကျန်သကဲ့သို့ဖြစ်၏။

"ရဟန်းတို့၊ သင်တို့သည် မည်သို့ထင်ကြသနည်း။ အာသဝကုန်ပြီးသော ရဟန်းသည် ပုညာဘိသင်္ခါရကိုသော်လည်းကောင်း၊ အပုညာဘိသင်္ခါရကို သော်လည်းကောင်း၊ အာနေဉ္ဇာဘိသင်္ခါရကိုသော်လည်းကောင်း ပြုရာပါသေးသလား"

"အရှင်ဘုရား၊ မပြုရာတော့ပါ"

"ရဟန်းတို့၊ သင်္ခါရတို့သည် လုံးဝမရှိခဲ့သော် ဝိညာဏ်သည် ထင်ရာပါသေးသလော"

"အရှင်ဘုရား၊ မထင်ရာပါ"

(ဝိညာဏ်မရှိလျှင် နာမ်ရုပ်မထင်၊ နာမ်ရုပ်မရှိလျှင် သဠာယတနမထ စသည်တို့ကိုလည်း နည်းတူဟောကြား၏။)

---

၁၊ ကိုယ်ဖြင့်ပိုင်းခြားအပ်သော ကာယပရိယန္တိက ဝေဒနာဟူသည် ကိုယ်နှင့် စပ်သော ခံစားမှုသို့မဟုတ် ပဉ္စဒွါရ၌ဖြစ်သော ဝေဒနာဖြစ်၏။

၂။ အသက်ဖြင့် ပိုင်းခြားအပ်သော 'ဇီဝိတပရိယန္တိကဝေဒနာ'ဟူသည် အသက်ရှင်နေသမျှ ဖြစ်ပေါ်နိုင်သောဝေဒနာ၊ သို့မဟုတ် မနောဒွါရ၌ ဖြစ်သော ဝေဒနာဖြစ်၏။

"ရဟန်းတို့၊ ကောင်းစွ ကောင်းစွ၊ ဤတရားသည် ဤအတိုင်းပင် ဖြစ်၏။ တပါးသောအခြင်းအရာအားဖြင့်မဖြစ်။ သင်တို့သည် ဤတရားကိုယုံမှားကင်းစွာ သက်ဝင်ယုံကြည်ကြလော့။ ဤတရားသည်ပင်ဝဋ်ဆင်းရဲ၏ အဆုံးဖြစ်ပေ၏"

(မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဒွါရ ၅ ပါး ရှိလျှင်ဖြစ်သောဝေဒနာကိုကိုယ်ဖြင့် ပိုင်းခြားအပ်သော ဝေဒနာဟုခေါ်၏။ အသက်ရှင်စဉ်ဖြစ်သောဝေဒနာကိုအသက်ဖြင့်ပိုင်းခြားအပ်သောဝေဒနာဟုခေါ်သည်။)

## ၂။ ဥပါဒါနသုတ်

### [စွဲလမ်းမှုဖြစ်ခြင်းအကြောင်း]

၅၂။ ရဟန်းတို့ဥပါဒါန်၏အကြောင်းဖြစ်သောတရားတို့၌ [၁] သာယာဖွယ်ဟု ရှုသည်ဖြစ်၍နေသူအားတဏှာသည်ဖြစ်၏။ တဏှာဟူသော အကြောင်းကြောင့် စွဲလမ်းခြင်းဥပါဒါန်သည်ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝ၊ ဇာတိစသည်တို့သည်ဖြစ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား ကြီးစွာ တောက်လောင်နေသော မီးပုံကြီးထဲသို့ မြက်ထင်းစသော လောင်စာတို့ကိုထည့်သည် ရှိသော် ထိုမီးပုံကြီးသည်ကြာမြင့်စွာ တောက်လောင်သကဲ့သို့ ဖြစ်ပေ၏။

ရဟန်းတို့၊ ဥပါဒါန်၏အကြောင်းဖြစ်သော တရားတို့၌အပြစ်ဟု ရှုသည်ဖြစ်၍ နေသူအားတဏှာသည်ချုပ်၏။ တဏှာချုပ်ခြင်းကြောင့် စွဲလမ်းခြင်း ဥပါဒါန်သည်ချုပ်၏။ ဥပါဒါန်ချုပ်ခြင်းကြောင့်ဘဝ၊ ဇာတိစသည်တို့သည် ချုပ်ကုန်၏။ ရဟန်းတို့၊ ဥပမာကားကြီးစွာတောက်လောင်နေသောမီးပုံထဲသို့မြက်ထင်းစသော လောင်စာတို့ကိုနောက်ထပ်မထည့်သည်ရှိသော်ထိုမီးပုံသည်ယခင်ရှိသော လောင်စာကုန်၍ နောက်ထပ်လည်း လောင်စာကိုမရရှိခြင်းကြောင့် မကြာမီငြိမ်းသွားသကဲ့သို့ဖြစ်ပေ၏။

## ၃။ သံယောဇနသုတ်

### [သံယောဇဉ် ဖြစ်ခြင်း၏အကြောင်း]

၅၃။ ရဟန်းတို့၊ နှောင်ဖွဲ့ခြင်းသံယောဇဉ်၏ အကြောင်းဖြစ်သော တရားတို့၌ သာယာဖွယ်ဟု ရှု၍နေသူအား တဏှာသည်ပွား၏။ တဏှာဟူသော အကြောင်းကြောင့်ဥပါဒါန်၊ ဘဝစသည်တို့သည်ဖြစ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား ဆီနှင့်

---

၁။ ဥပါဒါန်၏ အကြောင်းဖြစ်သော "ဥပါဒါနိယ" တရား ဟူသည်ဥပါဒါန်၏ အာရုံဖြစ်သော တေဘူမကတရားများပင်ဖြစ်၏။

မီးစာကိုစွဲ၍တောက်လောင်နေသော မီးခွက်ထဲသို့ အခါအားလျော်စွာ ဆီထည့်ပေးခြင်း မီးစာထည့်ပေးခြင်း ပြုသည် ရှိသော် ထိုမီးခွက်သည် ကြာမြင့်စွာ မီးတောက်နေရာသကဲ့သို့ပင်တည်း။

ရဟန်းတို့၊ သံယောဇဉ်၏အကြောင်းဖြစ်သောတရားတို့၌ အပြစ်ဟုရှုနေသူအား တဏှာသည် ချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်၊ ဘဝစသည်တို့သည် ချုပ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား ဆီနှင့်မီးစာကိုစွဲ၍တောက်လောင်နေသောမီးခွက်ထဲသို့ အခါအားလျော်စွာ ဆီထည့်ပေးခြင်း၊ မီးစာထည့်ပေးခြင်းမပြုခဲ့သော် ထိုမီးခွက်သည် မီးစာဟောင်းကုန်၍ မီးစာသစ်ကိုလည်း မရခြင်းကြောင့် လောင်စာမရှိသည်ဖြစ်၍ ငြိမ်းရာသကဲ့သို့ ဖြစ်ပေ၏။

၅၄။ ဒုတိယ သံယောဇန သုတ်မှာ ဥပမာကို ရှေ့ထား၍ ဟောခြင်းသာ အထက်သုတ်နှင့်တူ၏။

## ၅။ မဟာရုက္ခသုတ်

### [ဥပါဒါန်သည် သစ်ပင်ကြီးနှင့် တူပုံ]

၅၅။ ရဟန်းတို့၊ ဥပါဒါန်၏အကြောင်းဖြစ်သော တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍နေသူအား တဏှာသည်တိုးပွား၏။ တဏှာ ဟူသော အကြောင်းကြောင့် ဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝ၊ ဇာတိစသည်တို့သည်ဖြစ်ကုန်၏။ရဟန်းတို့၊ဥပမာသော်ကားသစ်ပင်ကြီး၏အမြစ်တို့သည် သြဇာဓာတ်ကို အထက်သို့ဆောင်ကုန်သဖြင့် ထိုသစ်ပင်ကြီးသည်သြဇာဓာတ်လျှင် အစာရှိသည်ဖြစ်၍ ကြာမြင့်စွာတည်ရာ၏သကဲ့သို့ ဖြစ်ပေ၏။

ရဟန်းတို့၊ ဥပါဒါန်၏အကြောင်းဖြစ်သော တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍နေသူအား တဏှာသည်ချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ၊ ဇာတိ စသည်တို့သည် ချုပ်ကုန်၏။ ရဟန်းတို့ဥပမာကား ကြီးပွားနေသော သစ်ပင်ကြီးကို ယောကျ်ားတယောက်က အရင်းအမြစ်မှ ခုတ်ဖြတ်၍ မီးရှို့ပစ်ခဲ့သော် ထိုသစ်ပင်ကြီးသည်တဖန် မစည်ပင်နိုင်တော့သကဲ့သို့ ဖြစ်ပေ၏။

၅၆။ ဒုတိယ မဟာရုက္ခသုတ်၌ ဥပမာကိုရှေ့ထား၍ ဟောခြင်းသာ အထက်သုတ်နှင့်တူ၏။

## ၇။ တရုဏရုက္ခသုတ်

### [သံယောဇဉ်သည် သစ်ပင်ပျိုနှင့်တူပုံ]

၅၇။ ရဟန်းတို့၊ သံယောဇဉ်၏အကြောင်းဖြစ်သော တရားတို့၌ သာယာဖွယ်ဟုရှုသည်ဖြစ်၍နေသူအား တဏှာသည်ပွား၏။ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်သည် ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝ၊ ဇာတိစသည်တို့သည်ဖြစ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား အခါ အားလျော်စွာ ရေမြေ ဩဇာကို ရရှိသောသစ်ပင်ပျိုသည် ထို ရေ၊ မြေ ဩဇာလျှင်အစာရှိသည် ဖြစ်၍ ကြီးပွားစည်ပင်ခြင်းသို့ ရောက်သကဲ့သို့ ဖြစ်ပေ၏။

ရဟန်းတို့၊ သံယောဇဉ်၏အကြောင်းဖြစ်သော တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍နေသူအား တဏှာသည်ချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ၊ ဇာတိ စသည်တို့သည် ချုပ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား နုပျိုသော သစ်ပင်ကို ယောကျ်ားတယောက်က အမြစ်ရင်းမှ ခုတ်ထွင်၍မီးရှို့ပစ်ခဲ့သော် ထိုသစ်ပင်ပျိုသည် တဖန် မစည်ပင်နိုင်တော့သကဲ့သို့ ဖြစ်ပေ၏။

## ၈။ နာမရူပသုတ်

### [နာမ်ရုပ် သက်ဝင်ခြင်းအကြောင်း]

၅၈။ ရဟန်းတို့၊ သံယောဇဉ်၏အကြောင်းဖြစ်သောတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍နေသူအား နာမ်ရုပ်၏သက်ဝင်ခြင်းသည်ဖြစ်၏။နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတနခြောက်ပါးတို့သည် ဖြစ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား စည်ပင်နေသောသစ်ပင်ကြီး၏အမြစ်တို့သည် မြေဩဇာကိုအထက်သို့ ဆောင်ကုန်သဖြင့် ထိုသစ်ပင်ကြီးသည် မြေဩဇာလျှင် အစာရှိသည်ဖြစ်၍ ကြာမြင့်စွာ တည်သကဲ့သို့ ဖြစ်ပေ၏။

ရဟန်းတို့၊ သံယောဇဉ်အကြောင်းဖြစ်သော တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသူအား နာမ်ရုပ်၏သက်ဝင်ခြင်းသည် မဖြစ်။နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတန၊ ဖဿ စသည်တို့သည် ချုပ်ကုန်၏။ ရဟန်းတို့၊ ဥပမာကား စည်ပင်နေသော သစ်ပင်ကြီးကို ယောကျ်ားတယောက်က အမြစ်မှခုတ်ဖြတ်၍မီးရှို့ပစ်ခဲ့သော် ထိုသစ်ပင်ကြီးသည် တဖန် မစည်ပင်နိုင်တော့သကဲ့သို့ ဖြစ်ပေ၏။

## ၉။ ဝိညာဏသုတ်
[ဝိညာဏ်သက်ဝင်ခြင်းအကြောင်း]

၅၉။ ရဟန်းတို့၊ သံယောဇဉ်၏အကြောင်းဖြစ်သောတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသူအား ဝိညာဏ်၏ သက်ဝင်ခြင်းသည် ဖြစ်၏။ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတန၊ ဖဿ စသည်တို့သည် ဖြစ်ကုန်၏။

(ထို့နောက် သစ်ပင်ကြီးဥပမာဖြင့် အထက်သုတ်နည်းတူဟောကြားသည်။)

## ၁၀။ နိဒါနသုတ်
[အကြောင်းရင်းတရားများကိုဟောကြားခြင်း]

၆၀။ ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်အာနန္ဒာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ပဋိစ္စသမုပ္ပါဒ်သည် မိမိညဏ်၌ တိမ်သကဲ့သို့ထင်ပါကြောင်း လျှောက်ကြား၏[၁]။ ထိုအခါ ဗုဒ္ဓက ဤသို့ မိန့်ကြားတော်မူ၏။

"အာနန္ဒာ၊ ဤသို့ မဆိုလင့်၊ စင်စစ် ဤ ပဋိစ္စသမုပ္ပါဒ်သည် နက်လည်းနက်နဲ၏။ နက်နဲသောအရိပ်အရောင်လည်းရှိ၏။ သတ္တဝါအပေါင်းသည် ဤ ပဋိစ္စသမုပ္ပါဒ်ကို ကြံဆ၍ မသိခြင်း၊ ထိုးထွင်း၍ မသိခြင်းကြောင့် ရက်ကန်းချည်ထွေး၊ စာပေါင်းသိုက်၊ ဖြူဆံမြက်၊ ပြိတ်မြက်တို့ကဲ့သို့ရှုပ်ထွေးကာ ချမ်းသာကင်း၍ ဖရိုဖရဲ ပျက်စီး ကျရောက်ရာ ဖြစ်သော သံသရာကို မလွန်မြောက်နိုင်ပဲ ဖြစ်နေကြ၏။ (ထို့နောက် သုတ်စဉ် ၅၅၊ မဟာရုက္ခ သုတ်အတိုင်း ဆက်လက်ဟောကြား၏။)

# ၇။ မဟာဝဂ်

## ၁။ အဿုတဝါသုတ်
[အကြားအမြင်မရှိသူသည် စိတ်၌ ငြီးငွေ့ရန်မလွယ်ကြောင်း]

၆၁။ ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် မဟာဘုတ်လေးပါးဖြင့် ပြီးသောကိုယ်၌ ငြီးငွေ့ခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ လွတ်မြောက်လိုခြင်း

---

၁။ ဈေးကောင်းမှုနှင့် ပြည့်စုံခြင်း၊ ဆရာသမားတို့အား မှီဝဲ ဆည်းကပ် ရ ခြင်း၊ သောတာပန်ဖြစ်ခြင်း၊ ဗဟုသုတများခြင်း ဟူသော အကြောင်းလေးပါးကြောင့် ရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ်သည် တိမ်သကဲ့သို့ထင်ခြင်းဖြစ်သည်။

ဖြစ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤ ကိုယ်၏တိုးပွားခြင်း၊ဆုတ်ယုတ်ခြင်း၊ ဖြစ်ခြင်းပျက်ခြင်းသည် ထင်သောကြောင့် ဖြစ်၏။ ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် စိတ်၊မနော၊ဝိညာဏ် ဟူ၍ ခေါ်ဆိုအပ်သော တရား၌ကား ငြီးငွေ့ခြင်း၊ တပ်စွန်းမှု ကင်းခြင်း၊ လွတ်မြောက်လိုခြင်းဖြစ်စေရန် မစွမ်းနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ထို စိတ်ဟူသော သဘောတရားကို ငါ၊ ငါ့ဟာ၊ ငါ၏ကိုယ်ဟူ၍ ကာလ ကြာမြင့် စွာကပင် စွဲယူသုံးသပ်၊ မြတ်နိုးအပ်သောကြောင့် ဖြစ်ပေ၏။

ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်၏ မဟာဘုတ် လေးပါးဖြင့် ပြီးသော ဤ ကိုယ်ကိုအတ္တဟူ၍ မှတ်ယူခြင်းသည် မြတ်သေး၏။ စိတ်ကိုအတ္တ ဟူ၍ မှတ်ယူခြင်းကား မမြတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မဟာဘုတ်လေးပါး ဖြင့် ပြီးအပ်သော ဤ ကိုယ်၏ နှစ်ပေါင်းငါးဆယ်၊ နှစ်ပေါင်းတရာ တည်နေ သည်ကို မြင်ရသောကြောင့်ဖြစ်၏။ ရဟန်းတို့၊ စိတ်ဟု ခေါ်ဆိုအပ်သော တရား သည်ကား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း တမျိုးပြီးတမျိုးပြောင်းလဲ ဖြစ်ပေါ်၏။ ဥပမာ တောထဲ၌လှည့်လည်သော မျောက်သတ္တဝါသည်သစ်ကိုင်း များကို တကိုင်းပြီးတကိုင်းဆွဲကာ လွှတ်ကာ လှည့်လည်သကဲ့သို့ ဖြစ်၏။

ရဟန်းတို့၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာ တပည့် သည်ကား "အကြောင်းတရားဖြစ်သော် အကျိုးတရားဖြစ်၏။ အကြောင်းတရားမရှိသော် အကျိုးတရားမရှိ" ဟူ၍ ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင် သင့်လျော်စွာနှလုံးသွင်း၏။ ရဟန်းတို့၊ ဤသို့သိမြင်သော အရိယာတပည့်သည် ရုပ်၊ ဝေဒနာစသည်တို့၌ ငြီးငွေ့၏။ ငြီးငွေ့သည်ရှိသော် တပ်စွန်းခြင်းကင်း၏။ တပ်စွန်းမှု ကင်းခြင်း ကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ လွတ်မြောက်သော်လွတ်မြောက်ပြီဟု သိ၏။ ကိစ္စပြီးပြီဟု သိ၏။

၆၂။ ဒုတိယ အဿုတဝါသုတ်၌ အထက်သုတ်နည်းတူ အကြားအမြင် မရှိ သော ပုထုဇဉ်သည် မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်ကို အတ္တဟူ၍ မှတ်ယူဖွယ် ရှိသော်လည်း အကြားအမြင်နှင့် ပြည့်စုံသော အရိယာ တပည့် သည်ကား ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင် နှလုံး သွင်းကြောင်း ဟောကြားပြီး အောက်ပါအတိုင်း ဆက်လက် ဟောကြားတော်မူသည်။

ရဟန်းတို့၊ သုခဝေဒနာ၏တည်ရာဖြစ်သောတွေ့ထိမှုကိုစွဲ၍သုခဝေဒနာသည် ဖြစ်၏။ထိုတွေ့ထိမှု၏ ချုပ်ခြင်းကြောင့် ယင်းကိုစွဲ၍ဖြစ်သော သုခဝေဒနာသည် ချုပ်၏။ ဒုက္ခဝေဒနာ၏ တည်ရာဖြစ်သော တွေ့ထိမှုကိုစွဲ၍ ဒုက္ခဝေဒနာသည်

ဖြစ်၏။ ထိုတွေ့ထိမှု၏ ချုပ်ခြင်းကြောင့် ယင်းကိုစွဲ၍ဖြစ်သော ဒုက္ခဝေဒနာသည် ချုပ်၏။ အဒုက္ခ အသုခဝေဒနာ၏ အကြောင်းဖြစ်သောတွေ့ထိမှုကိုစွဲ၍ အဒုက္ခ အသုခဝေဒနာသည်ဖြစ်၏။ ထိုတွေ့ထိမှု၏ ချုပ်ခြင်းကြောင့် ယင်းကို စွဲ၍ဖြစ်သော အဒုက္ခ အသုခဝေဒနာသည် ချုပ်၏။ ရဟန်းတို့၊ ဥပမာကား ထင်းချောင်း နှစ်ချောင်းတို့၏ ထိခိုက် ပွတ်တိုက်ခြင်းကိုစွဲ၍ မီးသည်ဖြစ်ပေါ် လာပြီးယင်းတို့တကွဲတပြားစီ ဖြစ်ခြင်းကြောင့် မီးသည် ငြိမ်းသွားသကဲ့သို့ ဖြစ်ပေ၏။

ရဟန်းတို့၊ဤသို့ သိမြင်သော အရိယာတပည့်သည် ဖဿ၊ ဝေဒနာ၊သညာ၊ သင်္ခါရ၊ဝိညာဏ်တို့၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်လေ၏။

## ၃။ ပုတ္တမံသူပမသုတ်

## [အာဟာရသည် သား၏အသားနှင့်တူကြောင်း]

၆၃။ ရဟန်းတို့၊ ဖြစ်ပြီးသတ္တဝါတို့ တည်တံ့ခြင်းငှာလည်းကောင်း၊ဖြစ်ဆဲ သတ္တဝါတို့အား ထောက်ပံ့ခြင်းငှာလည်းကောင်း ဆောင်တတ်သောအာဟာရ တို့သည် ကဗဠီကာရ အာဟာရ၊ ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ ဝိညာဏအာဟာရဟူ၍လေးပါးရှိ၏။

ရဟန်းတို့၊ ကဗဠီကာရ အာဟာရကို မည်သို့ မှတ်အပ်သနည်း ဆိုသော် အနည်းငယ်သောရိက္ခာဖြင့် ကန္တာရခရီးကိုဖြတ်သန်း သွားလာသောလင်မယား နှစ်ယောက်တို့သည် လမ်းခရီး၌ရိက္ခာပြတ်သည်ရှိသော်ချစ်လှစွာသောသားငယ် ကိုသတ်လျက် ထိုကန္တာရခရီးကို လွန်မြောက်ကြရာ၏။ယင်းသို့ လွန်မြောက်ရာ၌ ထိုလင်မယားနှစ်ယောက်တို့၏ သားကို သတ်စားခြင်းသည် မြူးတူးပျော်ပါး ရန်မဟုတ်။ ကန္တာရခရီးမှ လွန်မြောက်ရန်သာဖြစ်၏။ ရဟန်းတို့၊ ကဗဠီကာရ အာဟာရကို သား၏ အသား ကဲ့သို့ မှတ်အပ်၏။ ရဟန်းတို့၊ ကဗဠီကာရ အာဟာရကိုပိုင်းခြား၍သိသည်ရှိသော် ကာမဂုဏ်ငါးပါးနှင့်ယှဉ်သော ရာဂကို ပိုင်းခြား၍ သိ၏။ ယင်းကို ပိုင်းခြား၍သိသော အရိယာတပည့်အား ကာမဘုံသို့ လာရောက်ကြောင်းဖြစ်သော သံယောဇဉ်မရှိတော့ချေ။

ရဟန်းတို့၊ ဖဿအာဟာရကို အဘယ်သို့ မှတ်အပ်သနည်းဆိုသော်အရေခွံ မရှိသော နွားမသည် နံရံ၊ သစ်ပင်စသည့် တစုံတခုသောအရပ်ကိုမှီ၍ တည်သည် ရှိသော် ထိုအရပ်၌ရှိသော သတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏။ ရဟန်းတို့၊ ဖဿအာဟာရကို ကိုက်ခဲသောသတ္တဝါကဲ့သို့မှတ်အပ်၏။ရဟန်းတို့၊

ဖဿအာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် ဝေဒနာသုံးပါးကို ပိုင်းခြား၍ သိ၏။ ဝေဒနာသုံးပါးကို ပိုင်းခြား၍သိသော အရိယာတပည့်အား တစုံတခု ပြုဖွယ်ကိစ္စမရှိတော့ပြီဟူ၍ ငါဟောကြား၏။

ရဟန်းတို့၊ မနောသဉ္စေတနာ အာဟာရကို အဘယ်သို့ မှတ်အပ်သနည်း ဆိုသော် ချမ်းသာစွာ အသက်ရှည်လိုသော ယောကျ်ားကို အားကောင်းသော ယောကျ်ားနှစ်ယောက်တို့က လက်မောင်း၌ ဆွဲကိုင်၍ လက်ခုပ် တဖောင်မျှ နက်သော မီးကျီးတွင်းထဲသို့ ဆွဲချသည်ရှိသော် ထိုယောကျ်ားအားမီးကျီးတွင်းမှ ဝေးလိုသောစိတ် တောင့်တမှုသည် ဖြစ်ပေ၏။ ရဟန်းတို့၊ မနောသဉ္စေတနာ အာဟာရကို မီးကျီးတွင်းကဲ့သို့ မှတ်အပ်၏။ ရဟန်းတို့၊ မနောသဉ္စေတနာအာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် တဏှာသုံးပါးကို ပိုင်းခြား၍ သိ၏။ တဏှာသုံးပါးကို ပိုင်းခြား၍သိသော အရိယာတပည့်အား တစုံတခု ပြုဖွယ်ကိစ္စမရှိတော့ပြီဟု ငါဟောကြား၏။

ရဟန်းတို့၊ ဝိညာဏအာဟာရကို အဘယ်သို့ မှတ်အပ်သနည်း ဆိုသော် မင်းချင်း ယောကျ်ားတို့သည် ခိုးသူတယောက်ကို ဖမ်း၍ မင်းအား ပြသည်ရှိသော် မင်းသည် ထိုခိုးသူအားနံနက်တကြိမ်၊နေ့လယ်တကြိမ်၊ညတကြိမ်လှံဖြင့် အချက်ပေါင်းတရာစီထိုးရန် အမိန့်ပေးရာ၏။ မင်းချင်းတို့ ကလည်း ထိုအမိန့် အတိုင်းပြုသည်ရှိသော် ထိုခိုးသူအား ပြင်းစွာသော ဆင်းရဲသည် ဖြစ်ရာ၏။ ရဟန်းတို့၊ ဝိညာဏအာဟာရကို လှံဖြင့် ထိုးခြင်းကဲ့သို့ မှတ်အပ်၏။ ရဟန်းတို့၊ ဝိညာဏအာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် နာမ်ရုပ်ကို ပိုင်းခြား၍သိ၏။ နာမ်ရုပ်ကို ပိုင်းခြား၍ သိသော အရိယာတပည့်အား တစုံတခု ပြုဖွယ်ကိစ္စမရှိ တော့ပြီဟု ငါဟောကြား၏။

## ၄။ အတ္ထိရာဂ သုတ်

### [တပ်စွန်းခြင်းရှိလျှင် ဝိညာဏ်တည်ကြောင်း]

၆၄။ အာဟာရလေးပါး ရှိကြောင်းကို အထက်သုတ် နည်းတူ ဟောပြီး အောက်ပါအတိုင်းဆက်၍ ဟောသည်။

ရဟန်းတို့၊ ကဗဠီကာရအာဟာရတို့၌တပ်စွန်းခြင်း၊ နှစ်သက်ခြင်း၊တပ်မက်ခြင်း ရှိခဲ့သော် တေဘူမကဝဋ်၌ ဝိညာဏ်သည်တည်၏။ စည်ပင်၏။ အကြင် တေဘူမကဝဋ်၌ ဝိညာဏ်သည်တည်၏။ စည်ပင်၏ ။ထိုတေဘူမကဝဋ်၌ နာမ်ရုပ် သက်ဝင်၏။ အကြင်တေဘူမကဝဋ်၌နာမ်ရုပ်သည်သက်ဝင်၏။ ထိုတေဘူမကဝဋ်

၌သင်္ခါရတို့သည်ကြီးပွားကုန်၏။အကြင်တေဘူမကဝဋ်၌သင်္ခါရတို့သည်ကြီးပွားကုန်၏။ ထို တေဘူမကဝဋ်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းသည် ရှိ၏။ အကြင်တေဘူမကဝဋ်၌ နောင်တဖန် ဘဝသစ်ဖြစ်ခြင်းသည်ရှိ၏။ထိုတေဘူမကဝဋ်၌ ဇာတိ ဇရာ မရဏတို့သည် ရှိကုန်၏။ ရဟန်းတို့၊ ဇာတိ ဇရာ မရဏရှိသော တေဘူမကဝဋ်သည် စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။

(ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ၊ဝိညာဏအာဟာရတို့၌လည်း နည်းတူဟော၏။)

ရဟန်းတို့၊ ဥပမာကား ပန်းဆိုးသမား၊ ပန်းချီဆေးရေးသမားသည် ဆိုးရည် ချိပ်ရည်၊ နနွင်း မဲနယ်စသော ဆေးတမျိုးမျိုးရှိခဲ့သော် ချောမွေ့သော ပျဉ်ချပ်၊ နံရံ၊ အဝတ်ကားတို့၌ အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော မိန်းမရုပ်၊ ယောကျ်ားရုပ်ကို ရေးခြယ်ရာသကဲ့သို့၊ ထို့အတူ အာဟာရလေးပါး၌ တပ်မက်ခြင်း၊ နှစ်သက်ခြင်း တပ်မက်ခြင်းရှိခဲ့သော် ဝိညာဏ်သည်တည်၏။ စည်ပင်၏။

ရဟန်းတို့၊ကဗဠီကာရအာဟာရ၌ တပ်စွန်းခြင်း၊နှစ်သက်ခြင်း၊တပ်မက်ခြင်း မရှိခဲ့သော် ထိုတေဘူမကဝဋ်၌ ဝိညာဏ်သည်မတည်။ ဝိညာဏ်သည်မစည်ပင်။ ဝိညာဏ်တည်ခြင်းစည်ပင်ခြင်းမရှိသောတေဘူမကဝဋ်၌နာမ်ရုပ်သည်မသက်ဝင်။ နာမ်ရုပ်မသက်ဝင်သော တေဘူမကဝဋ်၌ သင်္ခါရတို့သည် ကြီးပွားခြင်းမရှိကုန်။ သင်္ခါရတို့ ကြီးပွားခြင်းမရှိသော တေဘူမကဝဋ်၌ နောင်တဖန် ဘဝအသစ် ဖြစ်ရခြင်းသည်မရှိ။နောင်တဖန်ဘဝအသစ်ဖြစ်ရခြင်းမရှိသော တေဘူမကဝဋ်၌ ဇာတိ ဇရာမရဏတို့သည် မရှိကုန်။ဇာတိ ဇရာ မရဏမရှိသောတေဘူမကဝဋ်သည် စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ ပြင်းစွာပင်ပန်းခြင်း မရှိဟူ၍ငါဆို၏။

(ဖဿအာဟာရစသည်တို့၌လည်း နည်းတူဟော၏။)

ရဟန်းတို့၊ ဥပမာကား အထွတ်တပ်သော အိမ်ဖြစ်စေ၊ ဇရပ်၌ ဖြစ်စေ လေးဘက်လေးတန်တို့၌ လေသွန်တံခါးသည် ရှိခဲ့သော် ယင်းလေသွန်တံခါးဖြင့် ဝင်လာသောနေရောင်ခြည်သည် အနောက်ဘက်နံရံ၌တည်ရာ၏။အကယ်၍ အနောက်ဘက်နံရံမရှိခဲ့သော် မြေပြင်၌တည်ရာ၏။ အကယ်၍ မြေပြင်မရှိခဲ့သော် ရေ၌ တည်ရာ၏။ အကယ်၍ ရေမရှိခဲ့သော် တည်ရာမရှိနိုင်တော့ချေ။ ရဟန်းတို့ ထို့အတူသာလျှင် အာဟာရလေးပါး၌ တပ်စွန်းခြင်း၊ နှစ်သက်ခြင်း၊ တပ်မက်ခြင်း မရှိခဲ့သော် ဝိညာဏ်တည်ခြင်း၊ စည်ပင်ခြင်းစသည်တို့သည် မရှိတော့ချေ။

## ၅။ နဂရသုတ်

## [အရိယမဂ်ကို မြို့ဟောင်းဖြင့် ဥပမာပြု၍ ဟောခြင်း]

၆၅။ ။ရဟန်းတို့၊ "ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းသို့ ရောက်ရသော ဤသတ္တဝါ အပေါင်းကား ဆင်းရဲလေစွ"ဟူ၍သစ္စာလေးပါးကိုမသိသေးသော ဘုရားလောင်း ဖြစ်စဉ်ကပင် ငါ့အား အကြံဖြစ်ခဲ့၏။ ထို့နောက် "အဘယ် တရားရှိသော် အိုခြင်းသေခြင်းသည် ဖြစ်သနည်း။ အိုခြင်းသေခြင်းသည်အဘယ် အကြောင်းကြောင့် ဖြစ်သနည်း"ဟု ကြံစည်သော ငါ့အား သင့်လျော်စွာ နှလုံး သွင်းခြင်းကြောင့် "ဇာတိရှိသော် အိုခြင်းသေခြင်းသည်ဖြစ်၏။ ဇာတိဟူသော အကြောင်းကြောင့် အိုခြင်းသေခြင်းသည်ဖြစ်၏" ဟူ၍ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်ခဲ့၏။

(ဇာတိ၊ ဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတနတို့၌လည်း နည်းတူ ဟောကြား၏။)

ရဟန်းတို့၊ "အဘယ်တရားရှိသော် နာမ်ရုပ်သည်ဖြစ်သနည်း။ အဘယ်တရား ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်သနည်း"ဟူ၍ ကြံစည်သော ငါ့အား "ဝိညာဏ်ရှိသော် နာမ်ရုပ်သည်ဖြစ်၏။ ဝိညာဏ်ဟူသော အကြောင်း ကြောင့် နာမ်ရုပ်သည်ဖြစ်၏"ဟူ၍ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ခဲ့၏။ ထို့နောက် "အဘယ်တရားရှိသော် ဝိညာဏ်သည်ဖြစ်သနည်း။ အဘယ်တရား ဟူသော အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်သနည်း"ဟူ၍ ကြံစည်သော ငါ့အား "နာမ်ရုပ်ရှိသော် ဝိညာဏ်သည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်း ကြောင့် ဝိညာဏ်သည်ဖြစ်၏"ဟူ၍ ပညာဖြင့် ထိုးထွင်းသိခြင်းသည် ဖြစ်ခဲ့၏။

ရဟန်းတို့၊ ထိုအခါ ငါ့အား "ဤဝိညာဏ်သည်နောက်သို့ပြန်ဆုတ်၏။ ရှေ့သို့ မသွား[၁] ဤမျှပင် ဤလောကသည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းသို့ ရောက်လျက် ဆင်းရဲအစုသည် ဖြစ်ပေါ်နေ၏"ဟူ၍ ဖြစ်ပေါ်ခြင်းနှင့်ငင်လျဉ်း၍ ငါ့အား ဉာဏ်အလင်းရောင်သည် ဖြစ်ခဲ့၏။

---

၁။ "အဘယ်တရားရှိသော် ဝိညာဏ်ဖြစ်သနည်း"ဟုဆင်ခြင်သည့်အခါသင်္ခါရ ရှိသော် ဝိညာဏ်ဖြစ်၏။ အဝိဇ္ဇာရှိသော် သင်္ခါရဖြစ်၏ဟူ၍ပဋိစ္စသမုပ္ပါဒ်၏ အရင်းအစတိုင်အောင် ဆက်မသွားပဲ နာမ်ရုပ်ရှိသော် ဝိညာဏ်ဖြစ်၏ ဟူ၍ နောက်သို့ပြန်ဆုတ်လာသည်ဟုဆိုလိုပါသည်။

ရဟန်းတို့၊ "အဘယ်တရားမရှိသော် အိုခြင်းသေခြင်းသည် မဖြစ်သနည်း။ အဘယ်တရား ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်းသည် ချုပ်သနည်း" ဟူ၍ ကြံစည်သော ငါ့အား "ဇာတိ မရှိသော် အိုခြင်းသေခြင်းသည်မရှိ။ ဇာတိ ချုပ်ခြင်းကြောင့် အိုခြင်းသေခြင်းသည် ချုပ်၏" ဟူ၍ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်ခဲ့၏။

(ဇာတိမှစ၍ သဠာယတန တိုင်အောင် နည်းတူ ဟောကြား၏။)

ရဟန်းတို့၊ "အဘယ်တရားမရှိသော် နာမ်ရုပ်သည် မရှိသနည်း။ အဘယ် တရား ချုပ်ခြင်းကြောင့် နာမ်ရုပ်သည်ချုပ်သနည်း"ဟူ၍ ကြံစည်သောငါ့အား ဝိညာဏ်မရှိသော် နာမ်ရုပ်သည်မရှိ။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်သည် ချုပ်၏"ဟူ၍ ငါ့အား ပညာဖြင့်ထိုးထွင်းသိခြင်းသည်ဖြစ်ခဲ့၏။ တဖန်"အဘယ် တရား မရှိသော် ဝိညာဏ်သည် မရှိသနည်း။ အဘယ်တရား ချုပ်ခြင်းကြောင့် ဝိညာဏ်သည် ချုပ်သနည်း" ဟူ၍ ကြံစည်သော ငါ့အား "နာမ်ရုပ် မရှိသော် ဝိညာဏ်မရှိ။ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်သည် ချုပ်၏" ဟူ၍ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်ခဲ့၏။

ရဟန်းတို့၊ ထိုအခါ ငါ့အား "နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်သည် ချုပ်၏။ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတန စသည်တို့သည် ချုပ်ကုန်၏" ဟူ၍ ချုပ်ခြင်းနှင့် စပ်လျဉ်း၍ ဉာဏ်အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

ရဟန်းတို့၊ ဥပမာကား တောအုပ်အတွင်း၌ လှည့်လည်သောယောကျ်ားသည် ရှေးက လူတို့သွားလာခဲ့ဖူးသောလမ်းဟောင်းတခုကို တွေ့သော် ထိုလမ်းဟောင်း အတိုင်းလိုက်၍ ရှေးကလူတို့နေထိုင်ခဲ့ဖူးသော မြို့တော်ဟောင်းတခုတို့ တွေ့ရာ၏။ ထိုယောကျ်ားသည် မင်းထံသို့ချဉ်းကပ်၍ မြို့တော်ဟောင်းတခုကို မိမိတွေ့ရှိခဲ့ ကြောင်း လျှောက်တင်ရာ၏။ မင်းသည်ထိုမြို့တော်ဟောင်းကို ပြန်လည်မွမ်းမံပြီး စည်ပင်ဝပြောသော မြို့တော်ကြီးဖြစ်အောင်ပြုလုပ်ရာ၏။ ရဟန်းတို့၊ထို့အတူပင် ငါသည် ရှေးဘုရားရှင်တို့ ကြွသွားခဲ့သော လမ်းဟောင်းကိုတွေ့မြင်ခဲ့၏။ ထိုလမ်း ဟောင်းကား သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည့် အရိယမဂ်ပင်ဖြစ်၏။ ထိုလမ်းဟောင်းသို့ လိုက်သော ငါသည် အိုခြင်းသေခြင်း ကိုလည်းကောင်း၊ အိုခြင်းသေခြင်း၏ အကြောင်းကိုလည်းကောင်း၊ အိုခြင်း သေခြင်း၏ ချုပ်ရာကိုလည်းကောင်း၊ အိုခြင်းသေခြင်းချုပ်ရာသို့ရောက်ကြောင်း

အကျင့်ကိုလည်းကောင်းသိ၏။ ဇာတိဘဝ စသည်တို့ကိုလည်း ထိုနည်းတူ သိ၏။ ရဟန်းတို့၊ ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်မြတ်သည် စည်ပင် ဝပြောပြီး ဖြစ်၏။ ကျယ်ပြန့်ပြီးဖြစ်၏။ နတ်လူတို့အား ကောင်းစွာ ထင်ရှား ပြအပ်ပြီး ဖြစ်ပေ၏။

## ၆။ သမ္မသသုတ်

## [ကိုယ်ခန္ဓာ၌ ဆင်ခြင်သုံးသပ်ပုံ]

၆၆။ ဗုဒ္ဓသည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ သီတင်းသုံးစဉ် ရဟန်းတို့အား "ရဟန်းတို့သင်တို့သည်ကိုယ်တွင်း၌သုံးသပ်ခြင်းကို[1] သုံးသပ်ကြကုန်၏လော"ဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတပါးက "အရှင်ဘုရား၊ တပည့်တော်သည် ကိုယ်တွင်း၌ သုံးသပ်ခြင်းကို သုံးသပ်ပါသည်"ဟု လျှောက်၏။ 'ရဟန်း၊ သင်သည် အဘယ်သို့လျှင် ကိုယ်တွင်း၌ သုံးသပ်ခြင်းကို သုံးသပ်ဘိသနည်း'ဟု ဗုဒ္ဓက မေးသော် ထို ရဟန်းသည် ကျေနပ်လောက်သော အဖြေကို မပေးနိုင်ချေ[2]။ ထိုအခါ ရှင်အာနန္ဒာက ကိုယ်တွင်း၌ သုံးသပ်ပုံကို ဟောကြားရန် တောင်းပန်သဖြင့် ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူ၏။

"ရဟန်းတို့၊ ဤသာသနာ၌ သုံးသပ်သော ရဟန်းသည် 'လောက၌ အိုခြင်း သေခြင်း ဟူသော ဆင်းရဲအမျိုးမျိုးသည် အဘယ်တရားလျှင် အကြောင်းရင်း အမွန်အစရှိသနည်း။ အဘယ်တရားရှိသော် အိုခြင်း သေခြင်းသည် ဖြစ်သနည်း။ အဘယ်တရားမရှိသော် အိုခြင်း သေခြင်းသည် မဖြစ်သနည်း' ဟူ၍ ကိုယ်တွင်း၌ သုံးသပ်ခြင်းကို သုံးသပ်၏။ ထိုရဟန်းသည် 'လောက၌ အိုခြင်း သေခြင်း ဟူသော ဆင်းရဲအမျိုးမျိုးသည် ခန္ဓာငါးပါးတည်းဟူသော ဥပဓိလျှင်[3]၊ အကြောင်းရင်း အမွန်အစ ရှိ၏။ ဥပဓိရှိသော် အိုခြင်း သေခြင်းသည် ဖြစ်၏။ ဥပဓိ မရှိသော် အိုခြင်း သေခြင်းသည် မဖြစ်' ဟူ၍ သိ၏။ ထိုရဟန်းသည် အိုခြင်း သေခြင်းကို လည်းကောင်း၊ အိုခြင်း သေခြင်း၏ အကြောင်း ကို လည်းကောင်း၊ အိုခြင်း

---

၁။ ကိုယ်တွင်း၌ သုံးသပ်ခြင်း "အန္တရ သမ္မသန" ဟူသည် အဇ္ဈတ္တသန္တာန်၌ ရှိသော ရုပ်နာမ်တရားတို့၏ အကြောင်းရင်းကို ဆင်ခြင် စူးစမ်းခြင်းဖြစ်၏။

၂။ ဗုဒ္ဓက ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်ဖြေကြားစေလို၏။ ထိုရဟန်းကမူ ၃၂ ကောဋ္ဌာသ နည်းဖြင့် ဖြေကြားသည်ဟု ဆိုပါသည်။

၃။ ခန္ဓာငါးပါးသည် ဆင်းရဲခြင်း၏ တည်ရာ မှီရာ ဖြစ်သောကြောင့် ဥပဓိ မည်သည်ဟု ဆိုပါသည်။ ဥပဓိယတိဧတ္ထဒုက္ခန္တိဥပဓိ။ (ဋီကာ)

သေခြင်း ချုပ်ရာကို လည်းကောင်း၊ အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို လည်းကောင်း သိ၏။ အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း လျောက်ပတ်စွာ ကျင့်၏။ ရဟန်းတို့၊ ဤရဟန်းကို အိုခြင်း သေခြင်း လုံးဝ ချုပ်ငြိမ်းရန် ဆင်းရဲကုန်ရန် ကောင်းစွာ ကျင့်သူဟု ဆိုအပ်၏။

'ရဟန်းတို့၊ တဖန် ခန္ဓာငါးပါးဟူသော ဥပမိသည် အဘယ်တရားလျှင် အကြောင်းရင်း အမှန်အစရှိသနည်း။ အဘယ်တရားရှိသော် ဥပမိသည် ဖြစ်သနည်း။ အဘယ်တရားမရှိသော် ဥပမိသည် မဖြစ်သနည်း' ဟူ၍ သုံးသပ်သော ရဟန်းအား 'ဥပမိသည် တဏှာလျှင် အကြောင်းရင်းအမှန်အစရှိ၏' ဟူ၍ သိသော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ယင်းသို့ အသိဉာဏ်ဖြစ်ပေါ်လာသဖြင့် ဥပမိချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို ကျင့်သော ရဟန်းကို ဥပမိ လုံးဝ ချုပ်ငြိမ်းရန် ဆင်းရဲကုန်ရန် ကောင်းစွာ ကျင့်သူဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ တဖန် 'ဤတဏှာသည် ဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း။ တည်သည်ရှိသော် အဘယ်၌ တည်သနည်း' ဟူ၍ သုံးသပ်သော ရဟန်းအား ဤသို့သော အသိဉာဏ်သည် ဖြစ်ပေါ်လာ၏။ — — — 'လောက၌ ချစ်အပ် သာယာအပ်သော သဘောသည် ရှိ၏။ တဏှာသည် ဖြစ်ပေါ်သည် ရှိသော် ဤ ချစ်အပ်၊ သာယာအပ်သော သဘော၌ ဖြစ်ပေါ်၏။ တည်သည်ရှိသော် ဤ ချစ်အပ်၊ သာယာအပ်သော သဘော၌တည်၏' ဟူ၍ အသိဉာဏ်သည် ဖြစ်ပေါ်လာ၏။

လောက၌ ချစ်အပ်သာယာအပ်သော သဘောဟူသည် အဘယ်နည်းဆိုသော် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ပင် ဖြစ်၏။

'ရဟန်းတို့၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူသော ကာလသုံးပါး၌ မျက်စိ၊ နား စသည့် ချစ်အပ်သာယာအပ်သော သဘောကို 'မြဲ၏။ ချမ်းသာ၏။ အနှစ်သာရရှိ၏။ အနာရောဂါဘေးကင်း၏' ဟူ၍ ရှုသော ရဟန်းပုဏ္ဏားတို့သည် တဏှာကို ပွားစေကုန်၏။ တဏှာကို ပွားစေသူတို့သည် ဥပမိကို ပွားစေကုန်၏။ ဥပမိကိုပွားစေသူတို့သည် ဆင်းရဲကိုပွားစေကုန်၏။ ဆင်းရဲကိုပွားစေသူတို့သည် ဇာတိ စသော ဆင်းရဲအပေါင်းမှ မလွတ်နိုင်ဟု ငါ ဆို၏။ ရဟန်းတို့၊ ဥပမာကား အပူဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ အလွန် ရေဆာနေသော ယောကျ်ားသည် အဆိပ်နှင့်ရောထားသည့် အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော အရက်ခွက်၊ ဖျော်ရည်ခွက်ကိုတွေ့လျှင် မစူးစမ်းမဆင်ခြင်ပဲသောက်လေသော် သေခြင်းသို့ သော်လည်းကောင်း၊ သေလောက်သောဆင်းရဲသို့သော်လည်းကောင်း ရောက်သကဲ့သို့ဖြစ်၏။

ရဟန်းတို့၊ အတိတ်ကာလ၌လည်းကောင်း၊ အနာဂတ်ကာလ၌လည်းကောင်း၊ ယခု ပစ္စုပ္ပန်ကာလ၌လည်းကောင်း မျက်စိ၊ နား စသည့် ချစ်အပ် သာယာအပ်သော သဘောကို ဆင်းရဲ၏။ အနှစ်သာရမရှိ။ အနာရောဂါဖြစ်၏။ ဘေးဖြစ်၏ဟူ၍ ရှုသော ရဟန်းပုဏ္ဏားတို့သည် တဏှာကိုပယ်ကုန်၏။ တဏှာကိုပယ်သူတို့သည် ဇာတိ စသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ ဟူ၍ ငါဆို၏။ ရဟန်းတို့၊ ဥပမာကား အပူဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ အလွန်ရေဆာနေသော ယောက်ျားသည် အဆိပ်နှင့်ရောထားသည့် အဆင်းအနံ့ အရသာနှင့်ပြည့်စုံသော အရက်ခွက်(ဖျော်ရည်ခွက်)ကို တွေ့သော်လည်း စူးစမ်းဆင်ခြင်၍ မသောက်ပဲ စွန့်ပစ်ခဲ့သော် သေခြင်းသို့ သော်လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့ သော်လည်းကောင်း မရောက်သကဲ့သို့ ဖြစ်ပေ၏။

## ၇။ နဠကလာပိသုတ်

### [နာမ်ရုပ်နှင့်ဝိညာဏ်သည် ကျူရိုးစည်းနှစ်ခုနှင့်တူပုံ]

၆၇။ အခါတပါး၌ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ နေကြ၏။ ထိုအခါ ရှင်မဟာကောဋ္ဌိကသည် ညနေချမ်း အချိန်တွင် တပါးတည်း ကိန်းအောင်းရာမှ ထ၍ ရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပြီး ပြဿနာမေးလေသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ အသို့ပါနည်း။ ဇရာမရဏကို မိမိကိုယ်တိုင် ပြုအပ်ပါသလော။ သူတပါး ပြုအပ်ပါသလော။ မိမိ သူတပါး နှစ်ဦးသားလုံး ပြုအပ်ပါသလော။ သို့မဟုတ် ဇရာမရဏသည် မိမိ သူတပါး နှစ်ဦး ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်ပါသလော"

"ငါ့ရှင် ကောဋ္ဌိက၊ ဇရာမရဏကို မိမိပြုအပ်သည်မဟုတ်၊ သူတပါး ပြုအပ်သည် မဟုတ်၊ မိမိသူတပါး နှစ်ဦးသား ပြုအပ်သည်လည်းမဟုတ်၊ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်၊ စင်စစ် ဇရာမရဏသည် ဇာတိ ဟူသော အကြောင်းကြောင့် ဖြစ်၏"

(ဇာတိ၊ ဘဝ စသည်တို့၌လည်း နည်းတူမေးလျှောက်၏။)

---

၁။ အရှင်ကောဋ္ဌိကသည် မိမိ သံသယရှိ၍ မေးခြင်း မဟုတ်၊ ရှင်သာရိပုတ္တရာ မည်သို့ ဖြေမည်ကို သိလိုသောကြောင့် မေးခြင်းဖြစ်သည်ဟု ဆိုပါသည်။

''ငါ့ရှင် သာရိပုတ္တရာ၊ အသို့ပါနည်း၊ နာမ်ရုပ်ကို မိမိပြုအပ် ပါသလော၊ သူတပါးပြုအပ်ပါသလော။ မိမိ သူတပါးနှစ်ဦး ပြုအပ်ပါသလော၊ သို့မဟုတ် အကြောင်းမဲ့ဖြစ်ပါသလော''

''ငါ့ရှင် ကောဋ္ဌိက၊ နာမ်ရုပ်သည် မိမိပြုအပ်သည်မဟုတ်အကြောင်းမဲ့ဖြစ်သည်လည်းမဟုတ်။ စင်စစ်နာမ်ရုပ်သည် ဝိညာဏ်ဟူအသော ကြောင်းကြောင့်ဖြစ်၏''

''ငါ့ရှင် ကောဋ္ဌိက၊ အသို့ပါနည်း။ ဝိညာဏ်သည် မိမိပြုအပ်ပါသလော။ သူတပါးပြုအပ်ပါ သလော၊ မိမိ သူတပါးနှစ်ဦးသား ပြုအပ်ပါ သလော။ သို့မဟုတ် အကြောင်းမဲ့ဖြစ်ပါသလော''

''ငါ့ရှင် ကောဋ္ဌိက၊ ဝိညာဏ်သည် မိမိ ပြု အပ် သည် မ ဟုတ် - - - အကြောင်းမဲ့ ဖြစ်သည်လည်းမဟုတ်။ စင်စစ် ဝိညာဏ်သည် နာမ်ရုပ် ဟူသော အကြောင်းကြောင့်ဖြစ်၏''

''ငါ့ရှင် သာရိပုတ္တရာ၊ နာမ်ရုပ်သည် ဝိညာဏ်ဟူသော အကြောင်းကြောင့်ဖြစ်၏ဟူ၍လည်းကောင်း၊ ဝိညာဏ်သည် နာမ်ရုပ်ဟူသော အကြောင်းကြောင့်ဖြစ်၏ ဟူ၍လည်းကောင်း မိန့်ကြားသော အရှင်၏ စကားနှစ်ရပ်ကို မည်သို့မှတ်သားရပါသနည်း''

''ငါ့ရှင် ကောဋ္ဌိက၊ ဥပမာကား ကျူရိုးစည်းနှစ်စည်းတို့သည် အချင်းချင်းမှီ၍ တည်ကုန် သကဲ့သို့၊ ထို့အတူ နာမ်ရုပ် ဟူသော အကြောင်း ကြောင့် ဝိညာဏ်သည် ဖြစ်၏။ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတနစသည် တို့သည် ဖြစ်ကုန်၏''

ဤသို့ ရှင်သာရိပုတ္တရာက ဖြေကြားသော် ရှင်ကောဋ္ဌိကသည် ထိုဖြေကြားချက်ကို လွန်စွာနှစ်သက်၍ (၃၆)ပါးသော အကြောင်းတို့ဖြင့် အနုမောဒနာပြုလေသည်။

''ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းသည် အကယ်၍ ဇရာမရဏကို ငြီးငွေ့ခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ ချုပ်ခြင်းငှာ တရားဟောခဲ့သော် ထိုရဟန်းကို ဓမ္မကထိကရဟန်းဟူ၍ ဆိုထိုက်၏။ အကယ်၍ ဇရာမရဏကို ငြီးငွေ့ရန်၊ တပ်စွန်းမှုကင်းရန်၊ ချုပ်ငြိမ်းစေရန် ကျင့်ခဲ့သော် ထိုရဟန်းကို တရားနှင့်လျော်သော အကျင့်ကိုကျင့်သောရဟန်းဟူ၍ ဆိုထိုက်၏။ အကယ်၍ ဇရာမရဏကို ငြီးငွေ့ခြင်း၊ တပ်

စွန့်မှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်းကြောင့် စွဲလမ်းခြင်းမရှိပဲ ကိလေသာတို့မှလွတ်မြောက်ခဲ့သော် ထိုရဟန်းကို မျက်မှောက်၌ပင် ငြိမ်းအေးခြင်းသို့ ရောက်သော ရဟန်းဟူ၍ ဆိုထိုက်၏"

(ဇာတိ၊ ဘဝ စသည်တို့၌လည်း နည်းတူ သုံးပါးစီအားဖြင့် အကြောင်း (၃၆)ပါးဖြစ်လေသည်။)

## ၇။ ကောသမ္ဗိသုတ်

[ကောသမ္ဗီပြည်၌နေသော မထေရ်ကြီးများဆွေးနွေးပုံ]

၆၇။ အခါတပါး၌အရှင်မုသိလ၊ အရှင်ပဝိဋ္ဌ၊ အရှင်နာရဒနှင့် အရှင်အာနန္ဒာတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေကြ၏။ ထိုအခါ အရှင်ပဝိဋ္ဌသည် အရှင်မုသိလအား ပြဿနာ မေးလျှောက်လေသည်။

"ငါ့ရှင် မုသိလ၊ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း၊ တဆင့်ကြားခြင်း၊ အခြင်းအရာကို ကြံဆခြင်း၊ အယူကို စူးစိုက်ဆင်ခြင်၍ နှစ်သက်ကျေနပ်ခြင်းတို့မှ ကင်းလျက် ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ် သင့်မှာ ရှိပါသလော"

"ငါ့ရှင် ပဝိဋ္ဌ၊ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း စသည်တို့မှ ကင်းလျက်၊ ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏ဟူ၍သိသော ဤအကြောင်းကို ငါသိမြင်ပေ၏"

(ဇာတိ၊ ဘဝ စသည်တို့၌လည်း နည်းတူမေးခြင်း ဖြေခြင်းပြုလေသည်။)

"ငါ့ရှင် မုသိလ၊ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း စသည်တို့မှ ကင်းလျက် ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏသည် ချုပ်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ်သည် သင့်မှာရှိပါသလော"

"ငါ့ရှင် ပဝိဋ္ဌ၊ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း စသည်တို့မှ ကင်းလျက်ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏသည် ချုပ်၏ဟူ၍ ငါသည် သိမြင်ပေ၏"

(ဇာတိဘဝ စသည်တို့၌လည်း နည်းတူ မေးခြင်း၊ ဖြေခြင်းပြု၏။)

"ငါ့ရှင် မုသိလ၊ ယုံကြည်ခြင်း၊ နှစ်သက်ခြင်းစသည်တို့မှ ကင်းလျက် ဘဝချုပ်ခြင်းသည် နိဗ္ဗာန် တည်းဟူ၍ သိသော ကိုယ်ပိုင်ဉာဏ်သည် သင့်မှာ ရှိပါသလော"

"ငါ့ရှင် ပဝိဋ္ဌ၊ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း စသည်တို့မှ ကင်းလျက် ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူသော ဤအကြောင်းကို ငါသိမြင်ပေ၏"

''ငါ့ရှင် မုသိလ၊ သို့ ဖြစ်သော် အရှင်မုသိလသည်အာသဝေါကုန်ပြီးရဟန္တာ ဖြစ်ပါသလော''

ဤသို့မေးသည်ရှိသော် အရှင်မုသိလသည် ဆိတ်ဆိတ်နေ၏။ ထိုအခါ အရှင်နာရဒက ထိုအမေးကို မိမိအားမေးရန် ပြောသဖြင့် အရှင်ပဝိဋ္ဌသည် အရှင်နာရဒအား မေးမြန်းလေသည်။ အရှင်နာရဒက ''ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏသည်ဖြစ်၏'' စသော အကြောင်းများကို မိမိကိုယ်တိုင်သိမြင်ကြောင်း ဖြေကြားပြီး နောက်ဆုံးမေးခွန်းကို အောက်ပါအတိုင်း ဖြေကြားလေသည်။

''ငါ့ရှင်ပဝိဋ္ဌ၊ ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူ၍ ငါသည် ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာသိမြင်အပ်ပြီးဖြစ်၏။ သို့သော်ငါသည် အာသဝေါကုန်ပြီးသော ရဟန္တာကား မဟုတ်သေးပေ။ ငါ့ရှင်ပဝိဋ္ဌ၊ ဥပမာကား ကန္တာရခရီးကို သွားလာသော ယောကျ်ားသည် နေပူဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ပင်ပန်းနေစဉ် ရေတွင်းတခုကို တွေ့မြင်ရာ၏။ သို့သော် ထိုရေတွင်း၌ ရေငင်ရန် ကြိုးနှင့် ရေပုံးမရှိသဖြင့် ခရီးသွားယောကျ်ားသည် ရေကိုတွေ့ထိခြင်းငှာ မစွမ်းနိုင်ရာ။ ရေတွင်းထဲသို့ ငုံ့ကြည့်သဖြင့် ရေဟူသော အသိဉာဏ်မျှသာဖြစ်ရာ၏။ ငါ့ရှင်ပဝိဋ္ဌ၊ ထိုနည်းတူပင် ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူ၍ ငါသည် ပညာဖြင့် ကောင်းစွာသိမြင်အပ်၏။ သို့သော် ငါသည် ရဟန္တာကား မဟုတ်သေးပေ''

အရှင်နာရဒကယင်းသို့ဖြေကြားသောအခါအရှင်အာနန္ဒာကအရှင်ပဝိဋ္ဌအား ''ထိုအဖြေနှင့် ပတ်သက်၍ မည်သို့ပြောလိုပါသနည်း''ဟု မေးရာ အရှင်ပဝိဋ္ဌက မည်သို့မျှ ပြောဆိုရန် မရှိပါကြောင်း ဝန်ခံရလေသည်။

## ၉။ ဥပယန္တိသုတ်

### [အဝိဇ္ဇာကြောင့်သံသရာတိုးပွားပုံစသည်တို့ကို ဟောခြင်း]

၆၉။ ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် ရေပြည့်လျှံသည် ရှိသော် မြစ်ကြီးတို့ကို ပြည့်လျှံစေ၏။ မြစ်ကြီးတို့ ပြည့်လျှံကုန်သည် ရှိသော် မြစ်ငယ်တို့ကို ပြည့်လျှံစေကုန်၏။ မြစ်ငယ်တို့ပြည့်လျှံကုန်သည်ရှိသော် အိုင်ကြီးတို့ကို ပြည့်လျှံ

---

၁။ ဥပယာ ပေတီတိ ဥပရိ ယာပေတိ၊ ဝဍ္ဎတိ ပူရေတီတိအတ္ထော။

စေကုန်၏။အိုင်ကြီးတို့ပြည့်လျှံကုန်သည်ရှိသော်အိုင်ငယ်တို့ကို ပြည့်လျှံစေကုန်၏။ ရဟန်းတို့၊ ထိုနည်းတူပင် အဝိဇ္ဇာပြည့်လျှံသည်ရှိသော်[၁] သင်္ခါရတို့ကို ပြည့်လျှံစေ၏။ သင်္ခါရတို့ကိုပြည့်လျှံကုန်သည်ရှိသော် ဝိညာဏ်ကို ပြည့်လျှံစေကုန်၏။ ဇာတိပြည့်လျှံသည်ရှိသော် ဇရာမရဏကို ပြည့်လျှံစေ၏''

ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် ရေလျော့ကျသည်ရှိသော် မြစ်ကြီးတို့ကို လျော့ကျစေ၏။ မြစ်ကြီးတို့ လျော့ကျကုန်သည်ရှိသော် မြစ်ငယ်တို့ကိုလျော့ကျစေ၏။ မြစ်ငယ်တို့ လျော့ကျကုန်သည်ရှိသော် အိုင်ကြီးတို့ကို လျော့ကျစေ၏။ အိုင်ကြီးတို့ လျော့ကျသည် ရှိသော် အိုင်ငယ်တို့ကို လျော့ကျစေကုန်၏။ ရဟန်းတို့၊ ထိုနည်းတူပင် အဝိဇ္ဇာလျော့ကျသည်ရှိသော်[၂] သင်္ခါရတို့ကိုလျော့ကျစေ၏။[၃] သင်္ခါရတို့ လျော့ကျကုန်သည်ရှိသော် ဝိညာဏ်ကို လျော့ကျစေ၏။ ဇာတိလျော့ကျသည်ရှိသော် ဇရာ မရဏကို လျော့ကျစေ၏။

## ၁၀။ သုသိမသုတ်

### [ရှင်သုသိမအား ဟောကြားချက်]

၇၀။ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဗုဒ္ဓနှင့်တပည့်များမှာ လူတို့၏ရိုသေလေးစားခြင်းခံရပြီး ပစ္စည်းလေးပါး ပေါများနေ၏။ တပါးသော အယူရှိသော ပရိဗိုဇ်တို့မှာမူ လူတို့၏ရိုသေလေးစားခြင်းကိုလည်း မခံရ၊ ပစ္စည်းလေးပါးလည်း ရှားပါးနေကြ၏။ ထိုအခါသုသိမပရိဗိုဇ်၏ တပည့်တို့သည် မိမိတို့ဆရာအား ဤသို့ပြောဆိုကြလေသည်။

“ငါ့ရှင် သုသိမ၊ သင်သည် ရဟန်းဂေါတမထံမှ အကျင့်မြတ်ကိုသင်ယူပြီး ငါတို့အား ဟောကြားပါ၊ ငါတို့ကလည်း လူတို့အားတဆင့် ဟောကြားပါမည်၊ ယင်းသို့ ဟောကြားသည်ရှိသော် လူတို့သည် ငါတို့အား ရိုသေလေးစားလာကြပါလိမ့်မည်၊ ပစ္စည်းလေးပါးလည်း ပေါများလာပါလိမ့်မည်''

---

၁။ အဝိဇ္ဇာ ဥပယန္တီတိ အဝိဇ္ဇာ ဥပရိဂစ္ဆန္တိ၊ သင်္ခါရာနံ ပစ္စယော ဘဝိတုံ သက္ကုဏန္တိ။

၂။ အဝိဇ္ဇာ အပယန္တီတိ အဝိဇ္ဇာ အပဂစ္ဆမာနာ။ ဩသရမာနာ၊ သင်္ခါရာနံ ပစ္စယော ဘဝိတုံ နသက္ကုဏန္တီတိအတ္ထော။

၃။ သင်္ခါရေ အပယာပေတီတိ သင်္ခါရေ အပဂစ္ဆာပေတိ။

သုသိမပရိဗိုဇ်သည် ထို ပရိဗိုဇ်တို့၏ စကားကို ကောင်းပြီဟု ဝန်ခံပြီး ရှင်အာနန္ဒာထံ ချဉ်းကပ်၍ မိမိအား ရဟန်းပြု ပေး ရန် တောင်းပန်၏။ ရှင်အာနန္ဒာသည် သုသိမကို ဗုဒ္ဓထံခေါ်သွားပြီး ရဟန်းပြုပေးလိုက်လေသည်¹။ ထိုအခါ များစွာသောရဟန်းတို့သည် ဗုဒ္ဓထံ၌ မိမိတို့ အရဟတ္တဖိုလ်ကို ရရှိကြောင်း ဖွင့်ဟလျှောက်ကြားကြ၏။ အရှင်သုသိမသည် ထိုရဟန်းများထံ ချဉ်းကပ်၍ ဤသို့မေးလေသည်။

"ငါ့ရှင်တို့၊ သင်တို့သည် မြတ်စွာဘုရားထံ၌ အရဟတ္တဖိုလ်ကို ဖွင့်ဟ လျှောက်ကြားသည်ဆိုခြင်းမှာ မှန်ပါသလော"

"ငါ့ရှင်သုသိမ၊ မှန်ပေ၏"

"ငါ့ရှင်တို့၊ ယင်းသို့ အရဟတ္တဖိုလ်ကို သိမြင်သောသင်တို့သည် တယောက် တည်းဖြစ်လျက် အများဖြစ်ခြင်း၊ အများဖြစ်လျက် တယောက်တည်းဖြစ်ခြင်း စသော တန်ခိုးအမျိုးမျိုးဖန်ဆင်းခြင်းကို ခံစားနိုင်ကြပါကုန်သလော"

"ငါ့ရှင်သုသိမ၊ ငါတို့သည် ဤသို့သောတန်ခိုးအမျိုးမျိုးကို ဖန်ဆင်းခြင်းကို မခံစားနိုင်ကြပါ"

(ဒိဗ္ဗသောတ၊ ဒိဗ္ဗစက္ခုစသော အဘိညာဉ်များ၌လည်းအလားတူမြေကြား ခြင်းပြု၏။)

"ငါ့ရှင်တို့၊ ဤသို့ သိမြင်သော သင်တို့သည် ရူပစျာန်တို့ကိုလွန်၍ ငြိမ်သက် သော အရူပဝိမောက္ခချာန်တို့ကို နာမကာယဖြင့် တွေ့ထိ၍ နေပါကုန်သလော"

"ငါ့ရှင်သုသိမ၊ ငါတို့သည် အရူပဝိမောက္ခစျာန်တို့ကိုလည်း နာမကာယ ဖြင့် တွေ့ထိ၍ မနေကြပါ"

"ငါ့ရှင်တို့၊ ထို အဘိညာဉ်ဝိမောက္ခတို့ကို မရပါပဲလျက် အရဟတ္တဖိုလ်ကို ရ၏ဟု ပြောကြားခြင်းသည် မည်သို့ပါနည်း"

"ငါ့ရှင်သုသိမ၊ ငါတို့သည် ပညာဖြင့် ကိလေသာတို့မှလွတ်မြောက်သော ပညာဝိမုတ္တ ပုဂ္ဂိုလ်များဖြစ်ကုန်၏"

"ငါ့ရှင်တို့၊ အကျဉ်းအားဖြင့်ပြောသော သင်တို့၏စကားကို တပည့်တော် နားမလည်ပါ၊ အကျယ်ဖြေဆိုကြပါကုန်လော့"

---

၁။ တဦးကို ခိုးယူရန်ဟူသော ရည်ရွယ်ချက်ဖြင့် လာခြင်း ဖြစ်သော်လည်း၊ ရဟန်းဖြစ်ပြီး မကြာမီ အရဟတ္တဖိုလ်ကို ရရှိမည်ဟု သိမြင်သောကြောင့် ဗုဒ္ဓက ရဟန်းပြုခွင့်ပေးခြင်းဖြစ်၏။

"ငါ့ရှင်သုသိမ၊ သင်နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ငါတို့ကား ပညာဖြင့် ကိလေသာတို့မှလွတ်မြောက်သော ပညာဝိမုတ္တပုဂ္ဂိုလ်များဖြစ်ကုန်၏"

ထိုရဟန်းတို့က ဤသို့ဖြေသောအခါ အရှင်သုသိမသည် ဗုဒ္ဓထံသို့ချဉ်းကပ်၍ မိမိနှင့် ထိုရဟန်းတို့ ပြောဆိုသည့်စကားအားလုံးကို ပြန်ပြောင်းလျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓက အရှင်သုသိမအား ဤသို့ မိန့်ကြားလေ၏။

"သုသိမ၊ တရား၌ တည်သော ဝိပဿနာဉာဏ်သည် ရှေး ဦး စွာ ဖြစ် ၏။ နိဗ္ဗာန်ကိုမြင်သောမဂ်ဉာဏ်သည် နောက်၌ ဖြစ်၏"

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် မိန့်ကြားအပ်သော ဤစကားကို တပည့်တော် နားမလည်ပါ။ အကျယ်ဟောကြားတော်မူပါလော့"

"သုသိမ၊ သင်နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ တရား၌ တည်သော ဝိပဿနာဉာဏ်သည် ရှေးဦးစွာဖြစ်၏။ နိဗ္ဗာန်ကိုမြင်သောမဂ်ဉာဏ်သည် နောက်၌ဖြစ်၏"

ဗုဒ္ဓသည် ယင်းသို့မိန့်ကြားပြီး ရုပ်၊ ဝေဒနာစသော ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများဖြစ်ကြောင်း၊ ယင်းတို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်'စသည်ဖြင့်ရှုမြင်သူသည် ယင်းတို့၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်၍ လွတ်ပြီဟုသိသော ဉာဏ်လည်း ဖြစ်ပေါ်လာကြောင်း(အနတ္တလက္ခဏသုတ်နည်းတူ) ဟောကြားတော်မူ၏။

ထို့နောက် တဖန် အောက်ပါအတိုင်း မိန့်ကြားတော်မူပြန်၏။

"သုသိမ၊ ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏသည် ဖြစ်၏ဟု သင် ရှုမြင်ပါ၏လော"

"အရှင်ဘုရား၊ ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏသည်ဖြစ်၏ဟု တပည့်တော် ရှုမြင်ပါသည်"

(ဘဝကြောင့် ဇာတိဖြစ်ပုံစသည်တို့၌လည်း နည်းတူဖြေဆို၏။)

"သုသိမ၊ ဇာတိချုပ်ခြင်းကြောင့် ဇရာ မရဏသည် ချုပ်၏ဟု သိမြင်ပါသလော"

---

၁။ ဈာန်သမာဓိမရပဲလည်း ထိုကဲ့သို့သော အဘိညာဉ် ဖြစ်နိုင်ကြောင်း ပြလိုသဖြင့် ဤသို့ မိန့်ကြားခြင်းဖြစ်၏။

"အရှင်ဘုရား၊ဇာတိချုပ်ခြင်းကြောင့်ဇရာမရဏသည်ချုပ်၏ဟုတပည့်တော် ရှုမြင်ပါသည်"

(ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်ပုံစသည်တို့၌လည်း နည်းတူပြဆို၏။)

"သုသိမ၊ ဤသို့သိမြင်သောသူသည် တယောက်တည်းဖြစ်လျက် အများ ဖြစ်ခြင်း၊ အများဖြစ်လျက် တယောက်တည်းဖြစ်ခြင်းစသော တန်ခိုးဖန်ဆင်း ခြင်း အမျိုးမျိုးကို ခံစားနိုင်ပါ၏လော"

"အရှင်ဘုရား၊ တပည့်တော် ထိုကဲ့သို့သော တန်ခိုး ဖန်ဆင်းခြင်းများကို မခံစားနိုင်ပါ"

(ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ စသည်တို့၌လည်း နည်းတူပြကြား၏။)

"သုသိမ၊ ဤသို့သိမြင်သောသင်သည် ရူပစျာန်တို့ကိုလွန်မြောက်၍ငြိမ်သက် သော အရူပဝိမောက္ခစျာန်တို့ကို နာမကာယဖြင့် တွေ့ထိ၍ နေနိုင်ပါသလော"

"အရှင်ဘုရား၊ တပည့်တော်သည် အရူပဝိမောက္ခစျာန်တို့ကို နာမကာယ ဖြင့် တွေ့ထိ၍မနေနိုင်ပါ"

"သုသိမ၊ သင်သည် ထိုအဘိညာဉ်ဝိမောက္ခတို့ကို မရပါပဲလျက် ဇာတိ ဟူသော အကြောင်းကြောင့် ဇရာမရဏသည်ဖြစ်၏ စသည်ဖြင့် ရှုမြင်၏ဟူ၍ ပြောဆိုခြင်းသည် မည်သို့ပါနည်း"

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ သုသိမက မိမိသည် တရားကို ခိုးယူလို သဖြင့် ရဟန်း ပြုခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟလျှောက်ကြားပြီး ထို အပြစ်ကို ခွင့်လွှတ်ပါရန်တောင်းပန်လေ၏။ ဗုဒ္ဓကလည်း တရားကို ခိုးယူလို၍ရဟန်းပြုသူ သည် ခေါင်းဖြတ်၍ အသတ်ခံရသော ခိုးသူသက်ပင် ကြီးမားသောဆင်းရဲကို ခံစားရမည် ဖြစ်ကြောင်း၊ သို့သော် မိမိအပြစ်ကို အပြစ်ဟုမြင်၍ ကုစားခြင်း၊ နောင်အခါတွင် စောင့်စည်းခြင်းသည် အရိယာတို့၏ အဆုံးအမ၌ ကြီးပွား ကြောင်း ဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။

---

၁။ ရှင်သုသိမသည် ခန္ဓာငါးပါးတို့၏ မမြဲခြင်း စသောသဘောကို ကြားနာ ပြီးနောက် ရဟန္တာဖြစ်သွား၏။ ထိုအခါ ဗုဒ္ဓက သင်သည် ဝိပဿနာ သက်သက်ဖြင့် ရဟန္တာ ဖြစ်သကဲ့သို့ အရဟတ္တဖိုလ်ကို ပြောကြားသော ရဟန်းများ လည်း သုက္ခဝိပဿက ရဟန္တာများဖြစ်သည်ဟု သိစေရန် ဤသို့ မေးခြင်းဖြစ်၏။

## ၈။ သမဏဗြာဟ္မဏဝဂ်

### ၁။ ဇရာမရဏသုတ်

[ဇရာမရဏကိုသိသူ]

၃၁။ ရဟန်းတို့၊ ဇရာမရဏကိုလည်းကောင်း၊ ဇရာမရဏ၏ အကြောင်းကို လည်းကောင်း၊ ဇရာမရဏချုပ်ရာကိုလည်းကောင်း၊ ဇရာမရဏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်းကောင်း မသိသောရဟန်းတို့ကို စင်စစ်ရဟန်း ပုဏ္ဏားဟူ၍ မသတ်မှတ်အပ်၊ ထိုသူတို့သည် ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုး ကိုလည်း မျက်မှောက်မပြုနိုင်ကုန်။

ရဟန်းတို့၊ ဇရာမရဏကိုလည်းကောင်း၊ ဇရာမရဏ၏ အကြောင်းကိုလည်း ကောင်း၊ ဇရာမရဏချုပ်ရာကို လည်းကောင်း၊ ဇရာမရဏ ချုပ်ရာသို့ရောက် ကြောင်းအကျင့်ကိုလည်းကောင်း သိသော ရဟန်းပုဏ္ဏားတို့ကို စင်စစ်ရဟန်း ပုဏ္ဏားဟူ၍ သတ်မှတ်အပ်ကုန်၏။ ထိုသူတို့သည်ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုး ကိုလည်း မျက်မှောက် ပြုနိုင်ကုန်၏။

၃၂။ ဇာတိသုတ်စသည်တို့၌လည်းနည်းတူဟောကြား၏။

## ၉။ အန္တရပေယျာလ

### ၁။ သတ္ထုသုတ်

[ဆရာကိုရှာ အင်ပုံ]

၃၃။ ရဟန်းတို့၊ ဇရာမရဏကိုလည်းကောင်း၊ ဇရာမရဏ၏ အကြောင်းကို လည်းကောင်း၊ ဇရာမရဏ ချုပ်ရာကိုလည်းကောင်း၊ ဇရာမရဏချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း၊ အမှန်အတိုင်း မသိသူသည်ယင်းတို့ကို အမှန်အတိုင်းသိရန် ဆရာကိုရှာအပ်၏။

(ဇာတိစသည်တို့၌လည်းနည်းတူဟောကြား၏။ ထို့ပြင် "အမှန်အတိုင်း သိရန် ဆရာကိုရှာအပ်၏" ဟူသော စကားရပ်အစား "အမှန်ကို သိရန် အားထုတ်ခြင်းကို ပြုအပ်၏။ အလိုဆန္ဒကို ပြုအပ်၏။ လွန်ကဲသော လုံ့လကို ပြုအပ်၏။ မဆုတ်မနစ်သော လုံ့လကို ပြုအပ်၏။ ပြင်းစွာ အားထုတ်မှုကို

ပြုအပ်၏။ လုံ့လကိုပြုအပ်၏။မြဲသောလုံ့လကိုပြုအပ်၏။သတိကိုပြုအပ်၏။ သမ္မာဇာဉ်ကိုပြုအပ်၏။မမေ့မလျော့ခြင်းကိုပြုအပ်၏”ဟူသောစကားများဖြင့် ပြောင်း၍လည်း ဟောကြားပါသည်။ ထို့ကြောင့် ဤနိဒါနသံယုတ်၌ ထိုဟောကြားချက်များကို အကျယ်အားဖြင့် ဖော်ထုတ် ရေတွက်လျှင် ဤနိဒါနသံယုတ်၌ သုတ်ပေါင်း ၂၁၃သုတ်ဖြစ်ပါသည်။)

## ၂။ အဘိသမယသံယုတ်

[သစ္စာလေးပါးကို သိမြင်ခြင်းနှင့် စပ်သော ဟောကြားချက်များ]

### ၁။ နခသိခါသုတ်

[လက်သည်းဖျားမှမြေမှုန့်နှင့်ဥပမာပြုခြင်း]

၇၄။ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ် လက်သည်းဖျား၌ မြေမှုန့်အနည်းငယ်ကိုတင်၍ ရဟန်းတို့အား "ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ငါ၏လက်သည်းဖျား၌ တင်ထားသော မြေမှုန့်နှင့် ဤမဟာပထဝီမြေကြီးတို့တွင် ဘယ်ဟာကများသနည်း"ဟုမေးတော်မူ၏။

"အရှင်ဘုရား၊ မဟာပထဝီမြေကြီးသည်သာလျှင် လွန်စွာ ပို၍များပါသည်။ မြတ်စွာဘုရား၏ လက်သည်းဖျား၌ တင်ထားအပ်သော မြေမှုန့်သည်ကား မဟာပထဝီမြေကြီးနှင့် နှိုင်းစာသော် အစိတ်တရာ၊ အစိတ်တထောင်၊ အစိတ်တသိန်းစိတ်၍ တစိတ်မျှပင်မရှိပါ"

"ရဟန်းတို့၊ ထို့အတူပင် ဉာဏ်အမြင်နှင့်ပြည့်စုံ၍ အမှန်တရားကို ထိုးထွင်းသိမြင်ပြီးသော အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်သော ဒုက္ခကား အနည်းငယ်သာ ဖြစ်၏။ ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဒုက္ခသည် ရှေးက ကုန်ဆုံးပြီးသောဒုက္ခနှင့် နှိုင်းစာသော် အစိတ်တရာ၊ အစိတ်တထောင်၊ အစိတ်တသိန်းစိတ်၍ တစိတ်မျှပင်မရှိချေ။ ရဟန်းတို့၊ အမှန်တရားကို ထိုးထွင်း၍သိခြင်းသည် ဤမျှ အကျိုးကြီး၏။ တရားမျက်စိကို ရခြင်းသည် ဤမျှ အကျိုးရှိ၏"

## ၂။ ပေါက္ခရဏီသုတ်

[ရေကန်ကြီးထဲမှရေနှင့် ဥပမာပြခြင်း]

၃၇။ "ရဟန်းတို့၊ ဥပမာကား အလျား၊ အနံ၊ အစောက်အားဖြင့် ယူဇနာငါးဆယ်ရှိသော ရေကန်မှ ယောကျ်ား တယောက်သည် သမန်းမြက်ဖျားဖြင့် ရေကို ထုတ်ယူရာ၏။ ယင်းသို့ သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ်သော ရေနှင့် ရေကန်ထဲ၌ရှိသော ရေတို့တွင် အဘယ်ရေက များသနည်း"

"အရှင်ဘုရား၊ ရေကန်ထဲ၌ရှိသောရေကပို၍များပါသည်။ သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ်သောရေသည် ရေကန်ထဲ၌ရှိသောရေနှင့်နှိုင်းစာသော် အစိတ်တသိန်းစိတ်၌ တစိတ်မျှပင် မရှိပါ"

"ရဟန်းတို့၊ ထိုနည်းတူပင် ဉာဏ်အမြင်နှင့်ပြည့်စုံ၍ အမှန်တရားကို ထိုးထွင်းသိမြင်ပြီးသော အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန် များ၏။ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏"

## ၃။ သံဘေဇ္ဇဥဒကသုတ်

[တပေါင်းတည်းတည်ရှိသော မြစ်ရေဥပမာ]

၃၈။ "ရဟန်းတို့၊ ဥပမာကား ယောကျ်ားတယောက်သည် ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဟူသော မြစ်ကြီးငါးသွယ်တို့ ပေါင်းဆုံရာ အရပ်မှ ရေ နှစ်စက် သုံးစက်တို့ကို ထုတ်ယူရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ ထင်ကြကုန်သနည်း။ ယင်းသို့ ထုတ်ယူအပ်သော ရေ နှစ်စက် သုံးစက်နှင့် တပေါင်းတည်း တည်ရှိသော ရေတို့တွင် အဘယ်ရေကများသနည်း"

"အရှင်ဘုရား၊ တပေါင်းတည်းတည်ရှိသော ရေက ပိုများပါသည်။ ထုတ်ယူအပ်သော ရေ နှစ်စက် သုံးစက်သည်ကား တပေါင်းတည်းတည်ရှိသောရေနှင့် နှိုင်းစာသော် အစိတ်တသိန်းစိတ်၌ တစိတ်မျှပင်မရှိပါ"

"ရဟန်းတို့၊ ထိုနည်းတူပင် ဉာဏ်အမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် ပို၍များ၏။ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏"

---

၁။ သံဘေဇ္ဇ ဥဒကန္တိ အညာဟိနဒီဟိ သမ္ဘိန္နဋ္ဌာနေ ဥဒကံ (အဋ္ဌကထာ)

## ၄။ ဒုတိယသံဘေဇ္ဇသုတ်

### [တပေါင်းတည်း တည်ရှိသော မြစ်ရေဥပမာ]

၇၇။ "ရဟန်းတို့၊ ဥပမာကား မြစ်ကြီးငါးသွယ်တို့ ပေါင်းဆုံရာအရပ်၌ မြစ်ရေတို့သည် နှစ်စက် သုံးစက်မျှသာ ကြွင်းကျန်၍ ကုန်ခန်းခြင်းသို့ရောက်ရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ယင်းသို့ ကုန်ခန်းသွားသောရေနှင့် ကြွင်းကျန်နေသောရေတို့တွင် ဘယ်ရေကများသနည်း"

"အရှင်ဘုရား၊ ကုန်ခန်းသွားသောရေကများပါသည်။ ကြွင်းကျန်နေသော ရေသည်ကား ကုန်ခန်းသွားသောရေနှင့် နှိုင်းစာသော် အနည်းငယ်မျှသာ ဖြစ်ပါသည်"

"ရဟန်းတို့၊ ထိုနည်းတူပင် အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏"

## ၅။ ပထဝီသုတ်

### [မဟာပထဝီမြေကြီးနှင့် ဥပမာပြုခြင်း]

၇၈။ "ရဟန်းတို့၊ ဥပမာကား ယောကျ်ားတယောက်သည် မြေကြီးပေါ်၌ ဆီးစေ့မျှရှိသော မြေစိုင်ခဲ ခုနစ်ခုတို့ကို ချထားရာ၏၊ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ မဟာပထဝီမြေကြီးနှင့် ထိုမြေစိုင်ခဲ ခုနစ်ခုတို့တွင် ဘယ်ဟာက ပို၍ကြီးပါသနည်း"

"အရှင်ဘုရား၊ မဟာပထဝီမြေကြီးက လွန်စွာ ပို၍ကြီးပါသည်။ ဆီးစေ့မျှ ရှိသော မြေစိုင်ခဲတို့သည် မဟာပထဝီမြေကြီးနှင့် နှိုင်းစာသော် အစိတ်တသိန်း စိတ်၍ တစိတ်မျှပင်မရှိပါ"

"ရဟန်းတို့၊ ထိုနည်းတူပင် အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏"

## ၆။ ဒုတိယပထဝီသုတ်

### [မဟာပထဝီမြေကြီး နှင့်ဥပမာပြုခြင်း]

၇၉။ "ရဟန်းတို့၊ ဥပမာကား ဆီးစေ့မျှရှိသော မြေစိုင်ခဲ ခုနစ်ခုမျှသာ ကြွင်းကျန်၍ မဟာပထဝီမြေကြီးသည် ကုန်ခန်းခြင်းသို့ရောက်ရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ယင်းသို့ ကုန်ခန်းသွားသောမဟာပထဝီမြေကြီး နှင့် ကြွင်းကျန်နေသော မြေစိုင်ခဲခုနစ်ခုတို့တွင် ဘယ်ဟာက ပို၍ ကြီးပါသနည်း။

"အရှင်ဘုရား၊ကုန်ခန်းသွားသော မဟာပထဝီမြေကြီးက လွန်စွာ ပို၍ကြီးပါသည်။ ကြွင်းကျန်နေသော မြေစိုင်ခဲ ခုနစ်ခု ကိုသည်ကား မဟာပထဝီမြေကြီးနှင့်နှိုင်းစာသော် အစိတ်တသိန်းစိတ်၌ တစိတ်မျှပင်မရှိပါ"

"ရဟန်းတို့၊ထိုနည်းတူပင် အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်နေသောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏"

## ၇။ သမုဒ္ဒသုတ်

[မဟာသမုဒ္ဒရာရေနှင့်ဥပမာပြုခြင်း]

၁၀။ ရဟန်းတို့၊ ဥပမာကား ယောကျ်ားတယောက်သည် မဟာသမုဒ္ဒရာမှ ရေနှစ်စက် သုံးစက်တို့ကို ထုတ်ယူရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ယင်းသို့ထုတ်ယူအပ်သော ရေနှစ်စက်သုံးစက်နှင့် မဟာသမုဒ္ဒရာရှိ ရေတို့တွင် ဘယ်ဟာက ပို၍များပါသနည်း။

အရှင်ဘုရား၊ မဟာသမုဒ္ဒရာ၌ရှိသော ရေက လွန်စွာပို၍ များပါသည်။ ထုတ်ယူအပ်သော ရေနှစ်စက်သုံးစက်သည်ကား မဟာသမုဒ္ဒရာ ရေနှင့် နှိုင်းစာသော် အစိတ်တသိန်းစိတ်၌ တစိတ်မျှပင် မရှိပါ။

ရဟန်းတို့၊ ထိုနည်းတူပင် အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် လွန်စွာများ၏။ ကြွင်းကျန်နေသောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏။

## ၈။ ဒုတိယသမုဒ္ဒသုတ်

[မဟာသမုဒ္ဒရာရေနှင့် ဥပမာပြုခြင်း]

၁၁။ ရဟန်းတို့၊ ဥပမာကား မဟာသမုဒ္ဒရာသည် ရေနှစ်စက်သုံးစက်မျှသာ ကြွင်းကျန်၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ ထင်ကြသနည်း။ ယင်းသို့ ကုန်ခန်းသွားသော မဟာသမုဒ္ဒရာ ရေနှင့် ကြွင်းကျန်နေသော ရေနှစ်စက် သုံးစက်တို့တွင် ဘယ်ဟာကပို၍ များပါသနည်း။

အရှင်ဘုရား၊ ကုန်ခန်းသွားသော မဟာသမုဒ္ဒရာရေက ပိုများပါသည်။ ကြွင်းကျန်နေသော ရေနှစ်စက် သုံးစက်သည်ကား ကုန်ခန်းသွားသော မဟာသမုဒ္ဒရာရေနှင့်နှိုင်းစာသော် အစိတ်တသိန်းစိတ်၌ တစိတ်မျှပင်မရှိပါ။

ရဟန်းတို့၊ ထိုနည်းတူပင် အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်နေသောဒုက္ခသည်ကား အနည်းငယ်မျှသာ ဖြစ်၏။

## ၉။ ပဗ္ဗတသုတ်

[ဟိမဝန္တာတောင်နှင့်ဥပမာပြုခြင်း]

၈၂။ ရဟန်းတို့၊ ဥပမာကား ယောကျ်ားတယောက်သည် မုန်ညင်းစေ့မျှရှိသော ကျောက်ခဲခုနစ်ခု တို့ကို ဟိမဝန္တာတောင်၏ အနီး၌ ချထားရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ထိုကျောက်ခဲ ခုနစ်ခုနှင့် ဟိမဝန္တာတောင်တို့တွင် ဘယ်ဟာက ပို၍ကြီးပါသနည်း။

အရှင်ဘုရား၊ ဟိမဝန္တာတောင်က လွန်စွာပို၍ကြီးပါသည်။ မုန်ညင်းစေ့မျှရှိသော ကျောက်ခဲခုနစ်ခုတို့သည်ကား ဟိမဝန္တာတောင်နှင့် နှိုင်းစာသော် အစိတ်တသိန်းစိတ်၍ တစိတ်မျှပင် မရှိပါ။

ရဟန်းတို့၊ ထို့နည်းတူပင် အရိယာတပည့်အား ကုန်ဆုံးပြီးသောဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာ ဖြစ်၏။

## ၁၀။ ဒုတိယပဗ္ဗတသုတ်

[ဟိမဝန္တာတောင်နှင့်ဥပမာပြုခြင်း]

၈၃။ ရဟန်းတို့၊ ဥပမာကား ဟိမဝန္တာတောင်သည် မုန်ညင်းစေ့မျှရှိသော ကျောက်ခဲခုနစ်ခုမျှသာ ကြွင်းကျန်၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ယင်းသို့ ကုန်ခန်းသွားသော ဟိမဝန္တာတောင်နှင့် ကြွင်းကျန်နေသော ကျောက်ခဲ ခုနစ်လုံးတို့တွင် ဘယ်ဟာက ပို၍ကြီးပါသနည်း။

အရှင်ဘုရား၊ ဟိမဝန္တာတောင်က ပို၍ကြီးပါသည်။ ကြွင်းကျန်နေသော ကျောက်ခဲ ခုနစ်လုံး တို့သည်ကား ကုန်ခန်းသွားသော ဟိမဝန္တာတောင်နှင့် နှိုင်းစာသော် အစိတ်တသိန်းစိတ်၍ တစိတ်မျှပင် မရှိပါ။

ရဟန်းတို့၊ ထို့နည်းတူပင် အရိယာတပည့်အား ကုန်ခန်းပြီးသောဒုက္ခသည် လွန်စွာများ၏။ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာ ဖြစ်၏။

## ၁၁။ တတိယပဗ္ဗတသုတ်

[မြင်းမိုရ်တောင်နှင့် ဥပမာပြုခြင်း]

၈၄။ ရဟန်းတို့၊ ဥပမာကား ယောကျ်ားတယောက်သည် ပဲနောက်စေ့မျှသာရှိသော ကျောက်ခဲ ခုနစ်လုံးတို့ကို မြင်းမိုရ်တောင်၏အနီး၌ချထားရာ၏။

ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ထိုကျောက်ခဲ ခုနစ်လုံးနှင့် မြင်းမိုရ်တောင်တို့တွင် ဘယ်ဟာက ပို၍ကြီးပါသနည်း။

အရှင်ဘုရား၊ မြင်းမိုရ်တောင်က ပို၍ ကြီးပါသည်။ မြင်းမိုရ်တောင်နှင့် နှိုင်းစာသော် ထိုကျောက်ခဲခုနစ်လုံးတို့သည် အစိတ်တသိန်းစိတ်၍ တစိတ်မျှပင် မရှိပါ။

ရဟန်းတို့၊ ထို့နည်းတူပင် အရိယာ တပည့်အားကုန်ဆုံးပြီးသော ဒုက္ခသည် အလွန်များ၏။ ကြွင်းကျန်နေသောဒုက္ခကား အနည်းငယ်မျှသာဖြစ်၏။

# ၃။ ဓာတုသံယုတ်

[ဓာတ်သဘောနှင့်စပ်သောဟောကြားချက်များ]

## ၁။ နာနတ္တဝဂ်

### ၁။ ဓာတုနာနတ္တသုတ်

[ဓာတ်သဘောအမျိုးမျိုးကွဲပြားပုံ]

၈၅။ ရဟန်းတို့၊ ငါသည် သင်တို့အား ဓာတ်သဘောအမျိုးမျိုးကွဲပြားပုံကို ဟောကြားအံ့။ ကောင်းစွာ နှလုံးမူမှတ်သားကြကုန်လော့။ ရဟန်းတို့၊ ဓာတ်သဘော အမျိုးမျိုးဟူသည် အဘယ်နည်းဆိုသော်....စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဓာတ်၊ ရသဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ်တို့ဖြစ်၏။

### ၂။ ဖဿနာနတ္တသုတ်

[ဖဿအမျိုးမျိုးကွဲပြားပုံ]

၈၆။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ တွေ့ထိခြင်း ဖဿအမျိုးမျိုးသည် ဖြစ်၏။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးဟူသည် အဘယ်နည်းဆိုသော်....စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှာဓာတ်၊ ကာယဓာတ်၊ မနောဓာတ်တို့ ဖြစ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ခါတ်အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးသည် ဖြစ်သနည်းဆိုသော် စက္ခုဓာတ်ကိုစွဲ၍ စက္ခုသမ္ဖဿသည် ဖြစ်၏။ --- မနောဓာတ်ကိုစွဲ၍ မနောသမ္ဖဿသည်ဖြစ်၏။ ရဟန်းတို့၊ ဤသို့လျှင် ဓာတ်အမျိုးမျိုး ကိုစွဲ၍ ဖဿအမျိုးမျိုးသည်ဖြစ်၏။

## ၃။ နောဖဿ နာနတ္တသုတ်

[ဖဿအမျိုးမျိုးကိုစွဲ၍ ဓာတ်အမျိုးမျိုးမဖြစ်ပုံ]

၈၇။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးသည်ဖြစ်၏။ ဖဿအမျိုးမျိုးကိုစွဲ၍ ဓာတ်အမျိုးမျိုးသည်မဖြစ်။ အဘယ်သို့နည်းဆိုသော်....စက္ခုဓာတ်ကိုစွဲ၍ စက္ခုသမ္ဖဿသည် ဖြစ်၏။ စက္ခုသမ္ဖဿကိုစွဲ၍ စက္ခုဓာတ်သည် မဖြစ်။ --- မနောဓာတ်ကိုစွဲ၍ မနောသမ္ဖဿသည်ဖြစ်၏။ မနောသမ္ဖဿကို စွဲ၍ မနောဓာတ်သည်မဖြစ်။ ရဟန်းတို့၊ ဤသို့လျှင် ဓာတ်အမျိုးမျိုးကိုစွဲ၍ ဖဿ အမျိုးမျိုးသည် ဖြစ်၏။ ဖဿအမျိုးမျိုးကိုစွဲ၍ ဓာတ်အမျိုးမျိုးသည် မဖြစ်။

## ၄။ ဝေဒနာ နာနတ္တသုတ်

[ဖဿအမျိုးမျိုးကိုစွဲ၍ ဝေဒနာအမျိုးမျိုးဖြစ်ပုံ]

၈၈။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးသည်ဖြစ်၏။ ဖဿအမျိုးမျိုးကိုစွဲ၍ဝေဒနာအမျိုးမျိုးသည်ဖြစ်၏။ --- အဘယ်သို့နည်းဆိုသော် စက္ခုဓာတ်ကိုစွဲ၍ စက္ခုသမ္ဖဿသည်ဖြစ်၏။ စက္ခုသမ္ဖဿကိုစွဲ၍ စက္ခုသမ္ဖဿဇာ ဝေဒနာသည်ဖြစ်၏။မနောဓာတ်ကိုစွဲ၍ မနောသမ္ဖဿသည်ဖြစ်၏။မနောသမ္ဖဿ ကိုစွဲ၍ မနောသမ္ဖဿဇာဝေဒနာသည် ဖြစ်၏။ ရဟန်းတို့၊ ဤသို့လျှင် ဓာတ် အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးသည် ဖြစ်၏။ ဖဿအမျိုးမျိုးကိုစွဲ၍ ဝေဒနာ အမျိုးမျိုးသည်ဖြစ်၏။

## ၅။ ဒုတိယဝေဒနာ နာနတ္တသုတ်

[ဖဿအမျိုးမျိုးကိုစွဲ၍ ဝေဒနာအမျိုးမျိုးဖြစ်ပုံ]

၈၉။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးသည်ဖြစ်၏။ ဖဿ အမျိုးမျိုးကိုစွဲ၍ ဝေဒနာအမျိုးမျိုးသည်ဖြစ်၏။ ဝေဒနာအမျိုးမျိုးကိုစွဲ၍ ဖဿ အမျိုးမျိုးသည်မဖြစ်။ ဖဿအမျိုးမျိုးကိုစွဲ၍ဓာတ်အမျိုးမျိုးသည်မဖြစ်။ အဘယ် သို့နည်း ဆိုသော်....စက္ခုဓာတ်ကိုစွဲ၍ စက္ခုသမ္ဖဿသည် ဖြစ်၏။ စက္ခုသမ္ဖဿကို

စွဲ၍ စက္ခုသမ္ဖဿဇာဝေဒနာသည် ဖြစ်၏။ စက္ခုသမ္ဖဿဇာဝေဒနာကိုစွဲ၍ စက္ခုသမ္ဖဿသည် မဖြစ်။ စက္ခုသမ္ဖဿကိုစွဲ၍ စက္ခုဓာတ်သည်မဖြစ်။ (သောတဓာတ်စသည်တို့၌လည်း နည်းတူ ဟော၏။)

## ၆။ ဗာဟိရဓာတုနာနတ္တသုတ်

## [အပြင်ဓာတ်အမျိုးမျိုးကိုဟောကြားခြင်း]

၉၀။ ရဟန်းတို့၊ ငါသည် သင်တို့အား ဓာတ်အမျိုးမျိုးကို ဟောကြားအံ့။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးဟူသည် အဘယ်နည်းဆိုသော် ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်တို့ဖြစ်၏။

## ၇။ သညာနာနတ္တသုတ်

## [ဓာတ်အမျိုးမျိုးကိုစွဲ၍ သညာအမျိုးမျိုးဖြစ်ပုံ]

၉၁။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုးသည် ဖြစ်၏။ သညာအမျိုးမျိုးကိုစွဲ၍ ကြံစည်ခြင်းအမျိုးမျိုးသည်ဖြစ်၏။ ကြံစည်ခြင်း အမျိုးမျိုးကိုစွဲ၍ အလိုဆန္ဒအမျိုးမျိုးသည်ဖြစ်၏။ အလိုဆန္ဒအမျိုးမျိုးကိုစွဲ၍ ပူပန်ခြင်းအမျိုးမျိုးသည် ဖြစ်၏။ ပူပန်ခြင်းအမျိုးမျိုးကိုစွဲ၍ ရှာဖွေခြင်းအမျိုးမျိုးသည် ဖြစ်၏။ အဘယ်သို့ဖြစ်သနည်းဆိုသော်....ရူပဓာတ်ကိုစွဲ၍ ရူပသညာသည် ဖြစ်၏။ ရူပသညာကိုစွဲ၍ ရူပါရုံကိုကြံစည်ခြင်းသည်ဖြစ်၏။ ရူပါရုံကိုကြံစည်ခြင်းကိုစွဲ၍ ရူပါရုံ၌လိုချင်ခြင်းသည်ဖြစ်၏။ ရူပါရုံ၌လိုချင်ခြင်းကိုစွဲ၍ ရူပါရုံ၌ပူပန်ခြင်းသည် ဖြစ်၏။ ရူပါရုံ၌ပူပန်ခြင်းကိုစွဲ၍ ရူပါရုံကို ရှာဖွေခြင်းသည် ဖြစ်၏။ (သဒ္ဒဓာတ်စသည်၌ နည်းတူဟော၏။)

## ၈။ နောပရိယေသနာနာနတ္တသုတ်

## [ရှာဖွေခြင်းအမျိုးမျိုးကိုစွဲ၍ ပူပန်ခြင်းအမျိုးမျိုးမဖြစ်ပုံ]

၉၂။ "ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ မှတ်သားခြင်း အမျိုးမျိုးသည် ဖြစ်၏။ မှတ်သားခြင်း အမျိုးမျိုးကိုစွဲ၍ ကြံစည်ခြင်း အမျိုးမျိုးသည် ဖြစ်၏။ ကြံစည်ခြင်းအမျိုးမျိုးကိုစွဲ၍ ဆန္ဒအမျိုးမျိုးသည် ဖြစ်၏။ ဆန္ဒအမျိုးမျိုးကိုစွဲ၍ ပူပန်ခြင်းအမျိုးမျိုးသည် ဖြစ်၏။ ပူပန်ခြင်းအမျိုးမျိုးကိုစွဲ၍ ရှာဖွေခြင်းအမျိုးမျိုးသည်ဖြစ်၏။ ရှာဖွေခြင်းအမျိုးမျိုးကိုစွဲ၍ ပူပန်ခြင်းအမျိုးမျိုးသည် မဖြစ်။ ပူပန်ခြင်းအမျိုးမျိုးကိုစွဲ၍ ဆန္ဒအမျိုးမျိုးသည်မဖြစ်။ ဆန္ဒအမျိုးမျိုးကို

စွဲ၍ ကြံစည်ခြင်းအမျိုးမျိုးသည်မဖြစ်။ ကြံစည်ခြင်း အမျိုးမျိုးကိုစွဲ၍ မှတ်သားခြင်းအမျိုးမျိုးသည်မဖြစ်။ မှတ်သားခြင်းအမျိုးမျိုးကိုစွဲ၍ ဓာတ်ဒ မျိုးမျိုးသည် မဖြစ်။ (အကျယ်မှာ ရူပဓာတ်၊ သဒ္ဒဓာတ် စသည်ဖြင့် တွဲ၍ ဟောကြား၏။)

## ၉။ ဗာဟိရပဿ နာနတ္တသုတ်

[အပြင်ဓာတ်အပေါင်းနှင့် တွေ့သိခြင်းအမျိုးမျိုးဖြစ်ပုံ]

၉၃။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ မှတ်သားခြင်း အမျိုးမျိုးသည် ဖြစ်၏။ မှတ်သားခြင်းအမျိုးမျိုးကိုစွဲ၍ ကြံစည်ခြင်း အမျိုးမျိုးသည် ဖြစ်၏။ ကြံစည်ခြင်းအမျိုးမျိုးကိုစွဲ၍ တွေ့ထိခြင်းအမျိုးမျိုးသည် ဖြစ်၏။ တွေ့ထိခြင်းအမျိုးမျိုးကိုစွဲ၍ ခံစားခြင်းအမျိုးမျိုးသည်ဖြစ်၏။ ခံစားခြင်းအမျိုးမျိုးကိုစွဲ၍ အလိုဆန္ဒအမျိုးမျိုးသည်ဖြစ်၏။ အလိုဆန္ဒအမျိုးမျိုးကိုစွဲ၍ ပူပန်ခြင်း အမျိုးမျိုးသည်ဖြစ်၏။ပူပန်ခြင်းအမျိုးမျိုးကိုစွဲ၍ ရှာဖွေခြင်းအမျိုးမျိုးသည် ဖြစ်၏။ (အကျယ်ကို ရူပဓာတ်၊ သဒ္ဒဓာတ်စသည်တို့နှင့်ယှဉ်တွဲ၍ ဟောကြား၏။)

## ၁၀။ ဒုတိယဗာဟိရပဿ နာနတ္တသုတ်

၉၄။ ရဟန်းတို့၊ ဓာတ်အမျိုးမျိုးကိုစွဲ၍ မှတ်သားခြင်းအမျိုးမျိုးသည်ဖြစ်၏။မှတ်သားခြင်းအမျိုးမျိုးကိုစွဲ၍ ကြံစည်ခြင်း၊ ကြံစည်ခြင်းကို စွဲ၍ တွေ့ထိခြင်း၊ တွေ့ထိခြင်းကို စွဲ၍ ခံစားခြင်း၊ ခံစားခြင်းကိုစွဲ၍ အလိုဆန္ဒ၊ အလိုဆန္ဒကိုစွဲ၍ ပူပန်ခြင်း၊ ပူပန်ခြင်းကို စွဲ၍ ရှာဖွေခြင်း၊ ရှာဖွေခြင်းကို စွဲ၍ ရခြင်းအမျိုးမျိုးသည်ဖြစ်၏။ ရခြင်းအမျိုးမျိုးကို စွဲ၍ ရှာဖွေခြင်းအမျိုးမျိုး စသည်ဟူ၍သည်မဖြစ်ကုန်။ (အကျယ် နည်းတူ)

# ၂။ ဒုတိယဝဂ်

## ၁။ သတ္တဓာတုသုတ်

[ဓာတ်ခုနစ်ပါးကို ဟောခြင်း]

၉၅။ ရဟန်းတို့၊၊ ဓာတ်တို့သည် အာဘာဓာတ်၊ သုဘဓာတ်၊ အာကာသာနဉ္စာယတနဓာတ်၊ဝိညာဏဉ္စာယတနဓာတ်၊ အာကိဉ္စညာယတနဓာတ်၊ နေဝသညာနာသညာယတနဓာတ်၊ သညာဝေဒယိတနိရောဓဓာတ်ဟူ၍ခုနစ်ပါးရှိ၏။

ရဟန်းတို့၊ အလင်းရောင်အာဘာဓာတ်သည် အမိုက်မှောင်ကိုစွဲ၍ထင်ရှား၏။ တင့်တယ်ခြင်း သုဘဓာတ်သည် မတင့်တယ်ခြင်း အသုဘကိုစွဲ၍ ထင်ရှား၏။

ကောင်းကင်ပညတ်လျှင် တည်ရာအာရုံရှိသော အာကာသာနဉ္စာယတနဓာတ်သည် ရုပ်ကိုစွဲ၍ ထင်ရှား၏။ ပထမအရူပဝိညာဏ်လျှင် တည်ရာအာရုံရှိသော ဝိညာနဉ္စာယတနဓာတ်သည် ကောင်းကင်ပညတ်ဟူသော အာရုံကိုစွဲ၍ ထင်ရှား၏။ ပထမအရူပဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်လျှင် တည်ရာအာရုံရှိသော အာကိဉ္စညာယတနဓာတ်သည် ပထမအရူပဝိညာဏ်ဟူသော အာရုံကိုစွဲ၍ ထင်ရှား၏။ သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်း မဟုတ်သော နေဝသညာနာသညာယတနဓာတ်သည် ပထမအရူပဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်ကိုစွဲ၍ ထင်ရှား၏။ သညာဝေဒနာတို့၏ ချုပ်ခြင်း နိရောဓဓာတ်သည် နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကိုစွဲ၍ ထင်ရှား၏”

“အရှင်ဘုရား၊ ဤခုနစ်ပါးသော ဓာတ်တို့သည် အဘယ်မည်သော သမာပတ်သို့ ရောက်အပ်ပါကုန်သနည်း”

“ရဟန်း၊ အာဘာဓာတ်၊ သုဘဓာတ်၊ အာကာသာနဉ္စာယတနဓာတ်၊ အာကိဉ္စညာယတနဓာတ်ဟူသော ဤဓာတ်လေးပါးတို့သည် သညာသမာပတ်သို့ရောက်အပ်ကုန်၏။ နေဝသညာနာသညာယတနဓာတ်သည် သင်္ခါရမှုကြွင်းသော သမာပတ်သို့ရောက်အပ်၏။ သညာဝေဒယိတနိရောဓဓာတ်သည် နိရောဓသမာပတ်သို့ ရောက်အပ်၏”

## ၂။ သနိဒါနသုတ်

### [ဝိတက်သုံးပါးတို့သည် အကြောင်းတရားနှင့်တကွဖြစ်ပုံ]

၉၆။ ရဟန်းတို့၊ ကာမကိုကြံစည်ခြင်း ကာမဝိတက်၊ ပျက်စီးစေရန်ကြံစည်ခြင်း ဗျာပါဒ ဝိတက်၊ ညှဉ်းဆဲရန် ကြံစည်ခြင်း ဝိဟိံသာဝိတက်တို့သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏။ အကြောင်းမရှိပဲ မဖြစ်ကုန်။ အဘယ်သို့လျှင် အကြောင်းနှင့်တကွ ဖြစ်ကုန်သနည်းဆိုသော် ရဟန်းတို့၊ ကာမဓာတ်ကိုစွဲ၍ ကာမကို မှတ်သားခြင်း ကာမသညာသည်ဖြစ်၏။ ကာမသညာကိုစွဲ၍ ကာမကို ကြံစည်ခြင်း ကာမသင်္ကပ္ပသည်ဖြစ်၏။ ကာမသင်္ကပ္ပကိုစွဲ၍ ကာမကို လိုချင်ခြင်း ကာမဆန္ဒဖြစ်၏။ ကာမဆန္ဒကိုစွဲ၍ ကာမ၌ ပူလောင်ခြင်းသည် ဖြစ်၏။ ကာမ၌ ပူလောင်ခြင်းကိုစွဲ၍ ကာမကို ရှာဖွေခြင်းသည် ဖြစ်၏။ ကာမကိုရှာဖွေသော ပုထုဇဉ်သည် ကိုယ် နှုတ် စိတ် သုံးပါးဖြင့် မှားသောအကျင့်ကို ကျင့်၏။

(ဗျာပါဒဓာတ်ကိုစွဲ၍ ဗျာပါဒဝိတက်ဖြစ်ပုံ၊ ဝိဟိံသာဓာတ်ကိုစွဲ၍ ဝိဟိံသာဝိတက်ဖြစ်ပုံကိုလည်း နည်းတူဟောကြား၏။)

ရဟန်းတို့၊ ဥပမာအားဖြင့် တောက်လောင်နေသောမြက်မီးရှူးကို ခြောက်သွေ့သောမြက်တော၌ ပစ်ချသော ယောကျ်ားသည် ထိုမီးကို လျင်မြန်စွာ မငြိမ်းသတ်ခဲ့သော် ထိုမြက်တော၌နေသော သတ္တဝါတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့၊ ထို့အတူပင် ဖြစ်ပေါ်လာသည့် ဖောက်ပြန်သော အမှတ်သညာတို့ကို လျင်မြန်စွာမပယ်ဖျောက်သော ရဟန်းပုဏ္ဏားတို့သည်မျက်မှောက်ဘဝ၌ပင် ဆင်းရဲစွာ နေရကုန်၏။ သေပြီးနောက်၌လည်း မကောင်းသောဂတိသို့ ရောက်လိမ့်မည်ဟု မျှော်လင့်အပ်ကုန်၏။

ရဟန်းတို့၊ ကာမမှ ထွက်မြောက်ရန် ကြံစည်ခြင်း နေက္ခမ္မဝိတက်၊ မပျက်စီးစေရန် ကြံစည်ခြင်း အဗျာပါဒဝိတက်၊ မညှဉ်းဆဲရန် ကြံစည်ခြင်း အဝိဟိံသာဝိတက်တို့သည် အကြောင်းနှင့်တကွဖြစ်ကုန်၏။ အကြောင်းကင်းလျက် မဖြစ်ကုန်။ အဘယ်သို့လျှင် အကြောင်းနှင့်တကွ ဖြစ်ကုန်သနည်းဆိုသော် ကာမမှ ထွက်မြောက်လိုသော နေက္ခမ္မဓာတ်ကိုစွဲ၍ နေက္ခမ္မသညာသည်ဖြစ်၏၊ နေက္ခမ္မသညာကိုစွဲ၍ နေက္ခမ္မသင်္ကပ္ပသည်ဖြစ်၏။ နေက္ခမ္မသင်္ကပ္ပကိုစွဲ၍ နေက္ခမ္မဆန္ဒသည်ဖြစ်၏။ နေက္ခမ္မဆန္ဒကိုစွဲ၍ နေက္ခမ္မပရိဠာဟသည်ဖြစ်၏။ နေက္ခမ္မပရိဠာဟကိုစွဲ၍ နေက္ခမ္မကိုရှာခြင်းသည်ဖြစ်၏။ နေက္ခမ္မကိုရှာသောအကြားအမြင်နှင့်ပြည့်စုံသည့် အရိယာတပည့်သည် ကိုယ် နှုတ် စိတ် သုံးပါးဖြင့် ကောင်းစွာကျင့်၏။

(အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်တို့၌ နည်းတူဟော၏။)

ရဟန်းတို့၊ ဥပမာအားဖြင့် တောက်လောင်နေသောမြက်မီးရှူးကို ခြောက်သွေ့သော မြက်တော၌ ပစ်ချသော ယောကျ်ားသည် ထိုမီးကိုလက်ခြေတို့ဖြင့် လျင်မြန်စွာ ငြိမ်းသတ်ခဲ့သော် ထိုမြက်တော၌နေသော သတ္တဝါတို့သည် အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်ကုန်ရာသကဲ့သို့ ထို့အတူပင် ဖြစ်ပေါ်လာသည့် ဖောက်ပြန်သော သညာကို လျင်မြန်စွာပယ်ဖျောက်သော ရဟန်းပုဏ္ဏားသည် မျက်မှောက်ဘဝ၌ စိုးရိမ်ပူလောင်ခြင်း မရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏။ သေပြီးနောက်၌လည်း သုဂတိသို့ ကောင်းရောက်လိမ့်မည်ဟု မျှော်လင့်အပ်၏။

## ၃။ ဂိဉ္ဇကာဝသထသုတ်

## [အုတ်ကျောင်း၌ ဟောကြားချက်]

၉၇။ ''ရဟန်းတို့၊ ဓာတ်ကိုစွဲ၍ မှတ်သားမှုသညာသည် ဖြစ်၏။ အယူသည် ဖြစ်၏။ ကြံစည်ခြင်းသည် ဖြစ်၏''

ရှင်မဟာကစ္စည်း။ ။"အရှင်ဘုရား၊ ဘုရားမဟုတ်သူတို့၌ ဘုရားဟု ယူဆ
မေးလျှောက်ပုံ ခြင်းသည် အဘယ်ကိုစွဲ၍ ထင်ရှားပါသနည်း"

ဗုဒ္ဓ ဖြေပုံ ။ ။"ကစ္စာန၊ အဝိဇ္ဇာဓာတ်သည်ကြီးမားလှ၏။ယုတ်သော ဓာတ်ကိုစွဲ၍ ယုတ်သောသညာ၊ ယုတ်သော အယူ၊ ယုတ်သောအကြံ၊ယုတ်သောစေ့ဆော်ခြင်း၊ ယုတ်သော တောင့်တခြင်း၊ ယုတ်သောဆောက်တည်ခြင်း၊ ယုတ်သော ပုဂ္ဂိုလ်၊ ယုတ်သော စကားသည် ဖြစ်၏။ ထိုသူသည်ယုတ်သောစကားကိုပြော၏။ ထိုသူ၏ဖြစ်ရာ ဘဝသည် လည်းယုတ်ညံ့၏။ ကစ္စာန၊ အလယ်အလတ် ဖြစ်သော ဓာတ်ကိုစွဲ၍ အလယ်အလတ် ဖြစ်သော သညာ အလယ်အလတ်ဖြစ်သော အယူ စသည်တို့သည် ဖြစ်ကုန်၏။ကစ္စာန၊ မြတ်သော ဓာတ်ကိုစွဲ၍ မြတ် သော သညာ၊ မြတ်သောအယူ စသည်တို့သည် ဖြစ် ကုန်၏။

## ၄။ ဟီနာဓိမုတ္တိကသုတ်

[ယုတ်ညံ့သောနှလုံးသွင်းရှိသူချင်း ပေါင်းစည်းပုံ]

၉၇။ ရဟန်းတို့၊အတိတ်ကာလ၌လည်းကောင်း၊ အနာဂတ် ကာလ၌လည်း ကောင်း၊ ပစ္စုပ္ပန်ကာလ၌လည်းကောင်း၊ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် ပေါင်းစည်းညီညွတ်ကုန်၏။ ယုတ်ညံ့သော နှလုံးသွင်းရှိသူတို့သည် ယုတ်ညံ့သောနှလုံးသွင်းရှိသူတို့နှင့် ပေါင်းစည်းညီညွတ်ကုန်၏။ ကောင်းသော နှလုံးသွင်းရှိသူတို့သည် ကောင်းသော နှလုံးသွင်းရှိသူတို့နှင့်ပေါင်းစည်းညီညွတ် ကုန်၏။

## ၅။ စင်္ကမသုတ်

[စင်္ကြံသွားခြင်းနှင့် စပ်သော ဟောကြားချက်]

၉၉။ ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်၌ ဗုဒ္ဓသီတင်းသုံးစဉ်ရှင်သာရိပုတ္တရာသည် များစွာသောရဟန်းတို့နှင့်အတူ ဗုဒ္ဓနှင့် မနီးမဝေးသောအရပ်၌ စင်္ကြံသွား၏။ ထို့အတူ ရှင်မဟာကဿပ၊ ရှင်အနုရုဒ္ဓါ၊ ရှင်ပုဏ္ဏ၊ရှင်ဥပါလိ၊ရှင်အနန္ဒာတို့သည် လည်း စင်္ကြံသွားနေကြ၏။

ထိုအခါ ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

"ရဟန်းတို့သင်တို့သည်များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံ သွားနေသော သာရိပုတ္တရာကိုမြင်ကြ၏လော"

"အရှင်ဘုရား၊ တပည့်တော်တို့ မြင်ကြပါသည်"

"ရဟန်းတို့၊ ထိုရဟန်းအားလုံးတို့သည် ကြီးသောပညာရှိကုန်၏"

(ရှင်မောဂ္ဂလာန်နှင့်အတူစင်္ကြံသွားသော ရဟန်းအားလုံး တန်ခိုးကြီးသူများ ဖြစ်ကြောင်း။ ရှင်မဟာကဿပနှင့် စင်္ကြံသွားသော ရဟန်းအားလုံး ဓုတင်ဆောင်သူများဖြစ်ကြောင်း။ ရှင်အနုရုဒ္ဓါနှင့်အတူ စင်္ကြံသွားသော ရဟန်း အားလုံးဒိဗ္ဗစက္ခုဉာဏ်ရသူများဖြစ်ကြောင်း။ ရှင်ပုဏ္ဏနှင့်အတူစင်္ကြံသွားသောရဟန်းအားလုံး ဓမ္မကထိကများဖြစ်ကြောင်း။ ရှင်ဥပါလိနှင့်အတူ စင်္ကြံသွားသော ရဟန်းအားလုံး ဝိနည်းကိုဆောင်သူများ ဖြစ်ကြောင်း။ ရှင်အာနန္ဒာနှင့် အတူ စင်္ကြံသွားသောရဟန်းအားလုံးသည်အကြားအမြင်များသူများ ဖြစ်ကြောင်း။ ရှင်ဒေဝဒတ်နှင့်အတူ စင်္ကြံသွားသောရဟန်းအားလုံးတို့သည်အလိုဆိုးရှိသူများ ဖြစ်ကြောင်း မိန့်ကြားတော်မူ၏။ ထို့နောက် သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် ပေါင်းစည်းညီညွတ်ကြကြောင်း ဆက်လက် ဟောကြားတော်မူ၏။)

## ၆။ သဂါထာသုတ်

### [ဂါထာနှင့်တကွဟောကြားချက်]

၁၀၀။ ရဟန်းတို့၊ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် ပေါင်းစည်း ညီညွတ်ကြကုန်၏။ ဥပမာ မစင်သည် မစင်နှင့်သာလျှင် ပေါင်းစည်းညီညွတ် သကဲ့သို့ ထို့အတူ ယုတ်ညံ့သောနှလုံးသွင်းရှိသူတို့သည် ယုတ်ညံ့သောနှလုံးသွင်း ရှိသူတို့နှင့်သာလျှင် ပေါင်းစည်းညီညွတ်၏။ နို့ရည်သည် နို့ရည်နှင့်သာလျှင် ပေါင်းစည်းညီညွတ်သကဲ့သို့ ထို့အတူ ကောင်းသော နှလုံးသွင်း ရှိသူတို့သည် ကောင်းသောနှလုံးသွင်းရှိသူတို့နှင့်သာလျှင် ပေါင်းစည်းညီညွတ်၏"

ထို့နောက် ဗုဒ္ဓသည် အောက်ပါဂါထာတို့ကို မြွက်ကြားတော်မူ၏။

"ရဟန်းတို့၊ တဏှာဖြင့် ဂပ်ငြိခြင်းကြောင့် ကိလေသာ တောကြီးသည် ဖြစ်ပေါ်လာ၏။

"တဏှာဖြင့်မကပ်ငြိခြင်းကြောင့် ကိလေသာတောကြီးသည် ပြတ်၏။ မဟာသမုဒ္ဒရာအတွင်း၌ သစ်တုံးငယ်ကို တက်စီးမိ၍ နစ်မြုပ်ရသူကဲ့သို့ ထို့အတူပင် ကောင်းသော အသက်မွေးခြင်း ရှိသူပင် ဖြစ်သော်လည်း ပျင်းရိသောသူကို

အကြောင်းပြု၍ နစ်မြုပ်ရတတ်၏။ ထို့ကြောင့် ပျင်းရိသောသူကို ရှောင်ကြဉ်သင့်၏။ ဆိတ်ငြိမ်ရာသို့ကပ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည့် လုံ့လဝီရိယထက်သန်သော ပညာရှိတို့နှင့်သာလျှင် ပေါင်းဖော်နေသင့်၏”

## ၇။ အဿဒ္ဓသံသန္ဒနသုတ်

### [သဒ္ဓါမရှိသူချင်း ပေါင်းစည်းပုံ]

၁၀၁။ ရဟန်းတို့၊ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် ပေါင်းစည်းညီညွတ်ကြကုန်၏။ သဒ္ဓါမရှိသူသည် သဒ္ဓါမရှိသူတို့နှင့်လည်းကောင်း၊ အရှက်မရှိသူတို့သည် အရှက် မရှိသူတို့နှင့် လည်းကောင်း၊ အကြောက် မရှိသူတို့သည် အကြောက်မရှိသူတို့နှင့်လည်းကောင်း၊ အကြားအမြင်နည်းသူတို့သည် အကြားအမြင် နည်းသူတို့နှင့် လည်းကောင်း၊ ပျင်းရိသူတို့သည် ပျင်းရိသူတို့နှင့် လည်းကောင်း၊ သတိလွတ်သူတို့သည် သတိလွတ်သူတို့နှင့်လည်းကောင်း၊ ပညာမဲ့သူတို့သည် ပညာမဲ့သူတို့နှင့်လည်းကောင်း ပေါင်းစည်းညီညွတ်ကြကုန်၏။

ရဟန်းတို့၊ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် ပေါင်းစည်းညီညွတ်ကြကုန်၏။ သဒ္ဓါရှိသူတို့သည် သဒ္ဓါရှိသူတို့နှင့်လည်းကောင်း၊ အရှက်ရှိသူတို့သည် အရှက်ရှိသူတို့နှင့် လည်းကောင်း၊ ထိတ်လန့်ခြင်းရှိသူတို့သည် ထိတ်လန့်ခြင်းရှိသူတို့နှင့်လည်းကောင်း၊ အကြားအမြင်များသူတို့သည် အကြားအမြင်များသူတို့နှင့် လည်းကောင်း၊ လုံ့လရှိသူတို့သည် လုံ့လရှိသူတို့နှင့်လည်းကောင်း၊ သတိရှိသူတို့သည် သတိရှိသူတို့နှင့် လည်းကောင်း၊ ပညာရှိသူတို့သည် ပညာရှိသူတို့နှင့် လည်းကောင်း ပေါင်းစည်းညီညွတ်ကြကုန်၏။

## ၈။ အဿဒ္ဓမူလကသုတ်

### [သဒ္ဓါမရှိသူကို မူထား၍ဟောကြားခြင်း]

၁၀၂။ ရဟန်းတို့၊ သတ္တဝါတို့သည် ဓာတ်သဘောအားဖြင့်သာလျှင် ပေါင်းစည်း ညီညွတ်ကြကုန်၏။ သဒ္ဓါမရှိသူတို့သည် သဒ္ဓါမရှိသူတို့နှင့် လည်းကောင်း၊ အရှက်မရှိသူတို့သည် အရှက်မရှိသူတို့နှင့် လည်းကောင်း၊ ပညာမရှိသူတို့သည် ပညာမရှိသူတို့နှင့်လည်းကောင်း ပေါင်းစည်းညီညွတ်ကြကုန်၏။ သဒ္ဓါရှိသူတို့သည် သဒ္ဓါရှိသူတို့နှင့် လည်းကောင်း၊ အရှက်ရှိသူတို့သည် အရှက်ရှိသူတို့နှင့် လည်းကောင်း၊ ပညာရှိသူတို့သည် ပညာရှိသူတို့နှင့်လည်းကောင်း ပေါင်းစည်းညီညွတ်ကြကုန်၏။

၁၀၃။ အပဟိရိကမူလကသုတ်၌ အရှက်မရှိသူ၊အကြောက်မရှိသူ၊ ပညာမရှိသူတို့ဖြင့် အထက်ပါနည်းအတိုင်း ဟော၏။

၁၀၄။ အနောတ္တပ္ပမူလကသုတ်၌ အကြောက်မရှိသူ၊ အကြားအမြင်မရှိသူ၊ ပညာမရှိသူတို့ဖြင့် အထက်ပါနည်းအတိုင်း ဟော၏။

၁၀၅။ အပ္ပဿုတမူလကသုတ်၌ အကြားအမြင်မရှိသူ၊ ပျင်းရိသူ၊ ပညာမရှိသူတို့ဖြင့် အထက်ပါနည်းအတိုင်း ဟော၏။

၁၀၆။ ကုသီတမူလကသုတ်၌ ပျင်းရိသူ၊ သတိလက်လွတ်နေသူ၊ ပညာမရှိသူတို့ဖြင့် အထက်ပါနည်းအတိုင်း ဟော၏။

## ၃။ ကမ္မပထဝဂ်

### ၁။ အသမာဟိတသုတ်

[တည်ကြည်ခြင်းမရှိသူချင်း ပေါင်းစည်းပုံ]

၁၀၇။ ရဟန်းတို့၊ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် ပေါင်းစည်း ညီညွတ်ကြကုန်၏။ ယုံကြည်ခြင်းမရှိသူတို့သည် ယုံကြည်ခြင်းမရှိသူတို့နှင့် လည်းကောင်း၊ အရှက်မရှိသူတို့သည်အရှက်မရှိသူတို့နှင့် လည်းကောင်း၊အကြောက်မရှိသူတို့သည်အကြောက်မရှိသူတို့နှင့်လည်းကောင်း၊တည်ကြည်ခြင်း မရှိသူတို့သည် တည်ကြည်ခြင်းမရှိသူတို့နှင့် လည်းကောင်း ပေါင်းစည်း ညီညွတ်ကြကုန်၏။

(ယုံကြည်ခြင်းရှိသူ စသည်တို့၌လည်း နည်းတူ ဟောကြား၏။)

### ၂။ ဒုဿီလသုတ်

[သီလမရှိသူချင်း ပေါင်းစည်းပုံ]

၁၀၈။ ရဟန်းတို့၊ ယုံကြည်ခြင်း မရှိသူတို့သည် ယုံကြည်ခြင်း မရှိသူတို့နှင့်၊ လည်းကောင်း၊ အရှက် မရှိသူတို့သည် အရှက် မရှိသူတို့နှင့် လည်းကောင်း အကြောက်မရှိသူတို့သည် အကြောက်မရှိသူတို့နှင့်လည်းကောင်း၊ သီလမရှိသူတို့သည် သီလမရှိသူတို့နှင့်လည်းကောင်း၊ ပညာမရှိသူတို့သည် ပညာမရှိသူတို့နှင့် ပေါင်းစည်း ညီညွတ်ကြကုန်၏။

(ယုံကြည်ခြင်းရှိသူစသည်တို့၌လည်း နည်းတူဟောကြား၏။)

၁၀၉။ ပဥ္စသိက္ခာပဒသုတ်၌ ပါဏာတိပါတ စသော သိက္ခာပုဒ်ငါးပါးတို့ ကျူးလွန်သူ မကျူးလွန်သူတို့ဖြင့် အလားတူ ဟောကြား၏။

၁၁၀။ သတ္တကမ္မပထသုတ်၌ ပါဏာတိပါတ စသောရှေးသိက္ခာပုဒ်လေးပါး နှင့် ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဟူသော ကမ္မပထခုနစ်ပါးကို ကျူးလွန်သူ မကျူးလွန်သူတို့ဖြင့် အလားတူ ဟောကြား၏။

၁၁၁။ ဒသကမ္မပထသုတ်၌ အထက်ပါခုနစ်ပါးတွင် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိသုံးပါးထည့်၍ ကမ္မပထဆယ်ပါးဖြင့် နည်းတူဟောကြား၏။

၁၁၂။ အဋ္ဌင်္ဂိကသုတ်၌ မိစ္ဆာဒိဋ္ဌိ၊ မိဂ်ါသက်ပွစသည်ရှိသူချင်း၊ သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပွစသည်ရှိသူချင်း ပေါင်းစည်း ညီညွတ်ကြောင်းများကိုလည်း မဂ္ဂင် ရှစ်ပါးဖြင့် အလားတူ ဟောကြားသည်။

၁၁၃။ ဒသင်္ဂသုတ်၌ အထက်ပါ မဂ္ဂင်ရှစ်ပါး၌မိစ္ဆာဉာဏ် သမ္မာဉာဏ်၊ မိစ္ဆာ ဝိမုတ္တိ သမ္မာဝိမုတ္တိ နှစ်ပါးစီထည့်၍အင်္ဂါဆယ်ပါးဖြင့် အလားတူဟောကြား၏။

## ၄။ စတုတ္ထဝဂ်

### ၁။ စတုဓာတုသုတ်

[ဓာတ်လေးပါးကို ဟောကြားခြင်း]

၁၁၄။ ပထဝီ၊ အာပေါ တေဇော ဝါယောဟူ၍ ဓာတ်လေးပါးရှိကြောင်း ဟောကြားသည်။

### ၂။ ပုဗ္ဗေသမ္ဗောဓသုတ်

[သစ္စာလေးပါးကို မသိမီက အကြံဖြစ်ခဲ့ပုံ]

၁၁၅။ ရဟန်းတို့၊ သစ္စာလေးပါးကို မသိမီ ဘုရားလောင်းဖြစ်စဉ်က ငါ့အား 'ပထဝီဓာတ်၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ် နည်း၊ ထွက်မြောက်ကြောင်းသည် အဘယ်နည်း' ဟူ၍ အကြံဖြစ်ခဲ့၏။ ထို့ အတူ အာပေါဓာတ်စသည်တို့၌လည်း အကြံဖြစ်ခဲ့၏။ ရဟန်းတို့၊ ထို့နောက် ငါ့အား ဤသို့အကြံ ဖြစ်ပြန်၏။ 'ပထဝီဓာတ်ကိုစွဲ၍ဖြစ်သော ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းသည်ပထဝီဓာတ်၏ သာယာဖွယ်ဖြစ်၏။ ပထဝီဓာတ်၏မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောသည် ပထဝီဓာတ်၏ အပြစ်ဖြစ်၏။ ပထဝီ ဓာတ်၌ လိုချင်စွဲလမ်းမှုကို ပယ်ခြင်းသည် ပထဝီဓာတ်၏ ထွက်မြောက်ရာဖြစ်၏'
(အာပေါဓာတ် စသည်တို့၌လည်း နည်းတူဟောကြား၏။)

## ၃။ အစရိ ်သုတ်

[ခတ်လေးပါး၏သဘောကို ရှာဖွေလှည့်လည်ခဲ့ပုံ]

၁၁၆။ ရဟန်းတို့၊ ငါသည် ပထဝီဓာတ်၏ သာယာဖွယ်ကို ရှာဖွေလျက် လှည့်လည်ခဲ့၏။ ပထဝီဓာတ်၏ သာယာဖွယ်ကို သိခဲ့၏။ ပထဝီဓာတ်၏သာယာဖွယ် ဟူသမျှကို ပညာဖြင့် ကောင်းစွာမြင်ခဲ့၏။ ရဟန်းတို့၊ ငါသည် ပထဝီဓာတ် အပြစ်ကို ရှာဖွေလျက်လှည့်လည်ခဲ့၏။ ပထဝီဓာတ်၏ အပြစ်ကို သိခဲ့၏။ ပထဝီဓာတ်၏ အပြစ်ဟူသမျှကို ပညာဖြင့်ကောင်းစွာ သိမြင်ခဲ့၏။ ရဟန်းတို့ ငါသည် ပထဝီဓာတ်၏ ထွက်မြောက်ရာကို ရှာဖွေလှည့်လည်ခဲ့၏။ ပထဝီဓာတ်၏ ထွက်မြောက်ရာကို သိခဲ့၏။ ပထဝီဓာတ်၏ ထွက်မြောက်ရာဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့၏။

(အာပေါဓာတ် စသည်တို့၌လည်း နည်းတူဟောကြား၏။ ဓာတ်လေးပါး၏ သာယာဖွယ်စသည်ကို ဟုတ်တိုင်းမှန်စွာသိမြင်ပြီးမှ အရဟတ္တမဂ်ဉာဏ်ကို ဝန်ခံကြောင်းကိုလည်း ရှေးနည်းတူ ဟောကြားသည်။)

## ၄။ နောစေဒံသုတ်

[ဓာတ်လေးပါး၌ သာယာဖွယ်စသည်ရှိပုံ]

၁၁၇။ ရဟန်းတို့၊ အကယ်၍ ပထဝီဓာတ်၏ သာယာဖွယ်သည် မရှိခဲ့မူ သတ္တဝါတို့သည်ဤပထဝီဓာတ်၌မတပ်မက်ကုန်ရာ။စင်စစ်ပထဝီဓာတ်၌ သာယာဖွယ် ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ပထဝီဓာတ်၌ တပ်မက်ကြခြင်း ဖြစ်၏။

ရဟန်းတို့အကယ်၍ပထဝီဓာတ်၏အပြစ်သည်မရှိခဲ့မူသတ္တဝါတို့သည်ဤပထဝီဓာတ်၌ မငြီးငွေ့ကြကုန်ရာ။ စင်စစ်ပထဝီဓာတ်၌ အပြစ်သည် ရှိသောကြောင့် သာလျှင် သတ္တဝါတို့သည် ပထဝီဓာတ်၌ ငြီးငွေ့ကြခြင်းဖြစ်၏။

ရဟန်းတို့၊ အကယ်၍ ပထဝီဓာတ်၏ ထွက်မြောက်ရာသည်မရှိခဲ့မူ သတ္တဝါတို့သည်ဤပထဝီဓာတ်မှမထွက်မြောက်ကုန်ရာ။စင်စစ်ပထဝီဓာတ်၏ထွက်မြောက်ရာသည် ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည်ပထဝီဓာတ်မှ ထွက်မြောက်ကြခြင်းဖြစ်၏။

(အာပေါဓာတ်စသည်၌ နည်းတူဟော၏။)

ရဟန်းတို့၊ သတ္တဝါတို့သည် ဤဓာတ်လေးပါးတို့၏ သာယာဖွယ် စသည်ကို ဟုတ်တိုင်းမှန်စွာ မသိသေးသမျှ ကာလပတ်လုံး ဤလောကမှ ထွက်မြောက်

ကင်းလွတ်လျက် အပိုင်းအခြား မရှိသော စိတ်ဖြင့် မနေနိုင်ကုန်။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိသောအခါ၌သာ ဤလောကမှ ထွက်မြောက်ကင်းလွတ်လျက် အပိုင်းအခြားမရှိသော စိတ်ဖြင့် နေနိုင်ကုန်၏။

## ၅။ ကေန္တုကသုတ်
### [စင်စစ်ဆင်းရဲခြင်းသို့ သက်ဝင်ပုံ]

၁၁၈။ ရဟန်းတို့အကယ်၍ဤပထဝီဓာတ်သည် ဆင်းရဲခြင်းသို့သာ သက်ဝင်ကျရောက်လျက် ချမ်းသာခြင်းသို့ သက်ဝင်ကျရောက်ခြင်း မရှိခဲ့သော် သတ္တဝါတို့သည် ဤပထဝီဓာတ်၌ မတပ်မက်ကုန်ရာ။ စင်စစ် ပထဝီဓာတ်သည် ချမ်းသာခြင်းသို့လည်း သက်ဝင်ကျရောက်ခြင်း ရှိသောကြောင့်သာလျှင်သတ္တဝါတို့သည် ပထဝီဓာတ်၌ တပ်မက်ကြခြင်းဖြစ်၏။

(အာပေါဓာတ် စသည်၌ နည်းတူပေတာ၏။)

ရဟန်းတို့၊ အကယ်၍ ဤပထဝီဓာတ်သည် ချမ်းသာခြင်းသို့သာ သက်ဝင်ကျရောက်လျက် ဆင်းရဲခြင်းသို့ သက်ဝင်ကျရောက်ခြင်း မရှိခဲ့သော် သတ္တဝါတို့သည် ဤပထဝီဓာတ်၌ ငြီးငွေ့ကြကုန်ရာ။ စင်စစ်ပထဝီဓာတ်သည် ဆင်းရဲခြင်းသို့လည်း သက်ဝင်ကျရောက်ခြင်းရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ပထဝီဓာတ်၌ ငြီးငွေ့ကြခြင်းဖြစ်၏။

(အာပေါဓာတ် စသည်၌ နည်းတူ။)

## ၆။ အဘိနန္ဒသုတ်
### [ဓာတ်လေးပါးကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်သူ ဖြစ်ကြောင်း]

၁၁၉။ ရဟန်းတို့၊ ပထဝီဓာတ်ကို အလွန်နှစ်သက်သူသည်ဆင်းရဲကို အလွန်နှစ်သက်သူဖြစ်၏။ ဆင်းရဲကို အလွန်နှစ်သက်သူသည် ဆင်းရဲမှ မလွတ်နိုင်ဟုငါဆို၏။

(အာပေါဓာတ် စသည်၌ နည်းတူ။)

ရဟန်းတို့၊ပထဝီဓာတ်ကို မနှစ်သက်သူသည်ဆင်းရဲကို မနှစ်သက်သူ ဖြစ်၏။ ဆင်းရဲကိုမနှစ်သက်သူသည်ဆင်းရဲမှ လွတ်၏ဟုငါဆို၏။

## ၇။ ဥပ္ပါဒသုတ်
### [ဆင်းရဲ၏ဖြစ်ခြင်း]

၁၂၀။ ရဟန်းတို့၊ ပထဝီဓာတ်၏ဖြစ်တည်ထင်ရှားခြင်းသည်ဆင်းရဲဖြစ်ခြင်း၊ ရောဂါတို့၏ တည်ခြင်း၊ အိုခြင်းသေခြင်းတို့၏ ထင်ရှားခြင်းသာတည်း။

(အာပေါဓာတ် စသည်၌ နည်းတူ)

ရဟန်းတို့၊ ပထဝီဓာတ်၏ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းသည် ဆင်းရဲချုပ်ခြင်း ဖြစ်၏။ ရောဂါတို့၏ ငြိမ်းခြင်းဖြစ်၏။ အိုခြင်းသေခြင်းတို့၏ ပျောက်ကွယ်သွားခြင်းဖြစ်၏။

(အာပေါဓာတ် စသည်နည်းတူ)

## ၈။ သမဏဗြာဟ္မဏသုတ်

[ဓာတ်လေးပါးကို မသိသူသည် ရဟန်း ပုဏ္ဏား မဟုတ်ကြောင်း]

၁၂၁။ ရဟန်းတို့၊ ပထဝီစသော ဓာတ်လေးပါးတို့၏သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ကြောင်းတို့ကို ဟုတ်တိုင်းမှန်စွာ မသိသော ရဟန်း ပုဏ္ဏားတို့ကို စင်စစ် ရဟန်း ပုဏ္ဏားဟူ၍မသမုတ်အပ်ကုန်။ ထိုသူတို့သည် ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုးကိုလည်း ယခုဘဝ၌ ကိုယ်တိုင်ဉာဏ်ထူးဖြင့်မျက်မှောက်ပြု၍မနေနိုင်ကုန်။

ရဟန်းတို့၊ ပထဝီစသော ဓာတ်လေးပါးတို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်ရာ သိသော ရဟန်း ပုဏ္ဏားတို့ကိုသာလျှင် စင်စစ် ရဟန်းပုဏ္ဏားဟူ၍ သမုတ်အပ်ကုန်၏။ ထိုသူတို့သည်သာလျှင် ယခုဘဝ၌ပင် ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုးကို ကိုယ်တိုင် ဉာဏ်ထူးဖြင့်မျက်မှောက်ပြု၍ နေနိုင်ကုန်၏။

၁၂၂။ ဒုတိယသမဏဗြာဟ္မဏသုတ်၌ရဟန်းတို့၊ ပထဝီစ သောဓာတ်လေးပါးတို့၏ဖြစ်ခြင်း ချုပ်ခြင်း၊ သာယာဖွယ်၊ အပြစ်၊ လွတ်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိသော ရဟန်းပုဏ္ဏားတို့ကို စင်စစ်ရဟန်းပုဏ္ဏားဟူ၍မသမုတ်အပ်ကုန်။ ထိုသူတို့သည် ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုးကိုလည်း ယခုဘဝ၌ ကိုယ်တိုင် ဉာဏ်ထူးဖြင့်မျက်မှောက်ပြု၍ မနေနိုင်ကုန်ဟု ဟောသည်။

၁၂၃။ တတိယ သမဏ ဗြာဟ္မဏသုတ်၌ ရဟန်းတို့၊ ပထဝီဓာတ်ကိုလည်း ကောင်း၊ ပထဝီဓာတ်၏ဖြစ်ခြင်း၊ ချုပ်ခြင်း ကို လည်း ကောင်း၊ ချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်ကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိသော ရဟန်း ပုဏ္ဏားတို့ကို စင်စစ် ရဟန်းပုဏ္ဏားဟူ၍ မသမုတ်အပ်ကုန်။ ထိုသူတို့သည် ရဟန်း ပုဏ္ဏားပြုခြင်း၏အကျိုးကိုလည်း ယခုဘဝ၌ ကိုယ်တိုင်ဉာဏ်ထူးဖြင့် မျက်မှောက် ပြု၍ မနေနိုင်ကုန် စသည်ဖြင့်ဟောသည်။

# ၄။ အနမတဂ္ဂသံယုတ်

[မသိအပ်သော အစရှိသည့် သံသရာနှင့်စပ်သော ဟောကြားချက်များ]

## ၁။ ပဌမဝဂ်

### ၁။ တိဏကဋ္ဌသုတ်

[သံသရာနှင့် မြက်ထင်း ဥပမာ]

၁၂၄။ ရဟန်းတို့၊ ဤသံသရာ၏အစကို မသိနိုင်။ အဝိဇ္ဇာဖြင့်ဖုံး၍ တဏှာဖြင့် ဖွဲ့နှောင်အပ်သည်ဖြစ်၍၊ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ရှေးအစွန်းသည်မထင်။ ဥပမာ ဤဇမ္ဗူဒိပ်တကျွန်းလုံး၌ရှိသော မြက်ထင်း သစ်ရွက်တို့ကို စု၍ လက်လေးသစ်စီဖြတ်ပြီး ဤကား ငါ့အမိတည်း၊ "ဤကား ငါ့အမိ၏ အမိတည်း" စသည်ဖြင့် တခုစီချထားသည် ရှိသော် ထိုမြက်ထင်း စသည်တို့သည်သာလျှင် ကုန်သွားရာ၏။ ထိုသူ၏ အမိအဆက်ဆက်တို့သည်ကား မကုန်နိုင်ပေရာ။ ရဟန်းတို့၊ သင်တို့သည် ဤမျှ ရှည်လျားသောကာလပတ်လုံးဆင်းရဲကို ခံစားခဲ့ရလေပြီ။ ပြင်းထန်သော ဆင်းရဲခြင်း၊ ပျက်စီးခြင်းကို ခံစားခဲ့ရလေပြီ။ သင်္ချိုင်းမြေပုံသည် တိုးပွားမှု လေပြီ။ ရဟန်းတို့၊ ဤအလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်း၊ တပ်စွန်းခဲ့ကင်းခြင်း၊ လွတ်မြောက်ခြင်းငှာ သင့်လှပေ၏။

### ၂။ ပထဝီသုတ်

[သံသရာနှင့် မြေကြီးဥပမာ]

၁၂၅။ ရဟန်းတို့၊ ဥပမာကား၊ တယောက်သောသူသည် ဤမဟာပထဝီ မြေကြီးကို ဆီးစေ့မျှသာရှိသော မြေစိုင်ခဲများပြု၍ "ဤကား ငါ၏အဖတည်း၊

ဤကား ငါ၏အဖ၏ အဖတည်း”ဟူသည်ဖြင့် တခုစီ ချထားခဲ့သော် ဤမဟာပထဝီမြေကြီးသည်သာ ကုန်သွားရာ၏။ ထိုသူ၏ အဖအဆက်ဆက်တို့သည်ကား မကုန်နိုင်ပေရာ။ (ကျန် ဟောကြားချက်များ အထက်သုတ်နှင့်တူ၏။)

## ၃။ အဿုသုတ်

[သမုဒ္ဒရာရေထက်များသော မျက်ရည်များ]

၁၂၆။ ရဟန်းတို့၊ ဤသံသရာ၏အစကို မသိနိုင်။ ရဟန်းတို့၊ သင်တို့မည်သို့ထင်ကြသနည်း။ ဤမျှရှည်လျားသော ကာလ၌ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ကျင်လည်ပြေးသွား နေကြရစဉ်၊ မချစ်မနှစ်သက်သော သူတို့နှင့် ပေါင်းဖော်ရခြင်းကြောင့် လည်းကောင်း၊ ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်းကြောင့်လည်းကောင်း၊ ငိုကြွေးမြည်တမ်းရသော သင်တို့၏ မျက်စိမှယိုစီးသော မျက်ရည်နှင့် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့တွင် အဘယ်ကပို၍ များပါသနည်း”

“အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားချက်အရ တပည့်တော် တို့၏ မျက်စိမှ ယိုစီးသော မျက်ရည်တို့သည် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့ထက် ပို၍ များသည်ဟု တပည့်တော်တို့သိရပါသည်”

“ရဟန်းတို့၊ မှန်ပေ၏။ သင်တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး မိခင်၏ သေခြင်းကို တွေ့ကြုံ ခံစားခဲ့ကြရ၏။ ယင်းသို့ မိခင်၏ သေခြင်းကို ခံစားကြရသည်ဖြစ်၍ ငိုကြွေးမြည်တမ်းသော သင်တို့၏ မျက်စိမှ ယိုစီးသော မျက်ရည်တို့သည် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့ထက်ပင် များကုန်၏”

(ဖခင်၊ အစ်ကို၊ သားသမီး၊ ဆွေမျိုးများသေခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ရောဂါနှိပ်စက်ခြင်းတို့ကို ခံစားခဲ့ရပုံများကိုလည်း နည်းတူ ဟောကြားသည်။)

## ၄။ ခီရသုတ်

[သမုဒ္ဒရာရေထက်များသောနို့ရည်များ]

၁၂၇။ “ရဟန်းတို့၊ ဤသံသရာ၏ အစကို မသိနိုင်။ ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ဤမျှ ရှည်လျားသော ကာလပတ်လုံး၊ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ကျင်လည်ပြေးသွားရစဉ်၊ သင်တို့သောက်စို့ခဲ့သောအမိနို့ရည်နှင့် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့တွင် အဘယ်က ပို၍ များပါသနည်း”

"အရှင်ဘုရား မြတ်စွာဘုရား ဟောကြားချက်အရ၊ တပည့်တော်တို့ သောက်စို့ခဲ့သော အမိနို့ရည်သည် မဟာသမုဒ္ဒရာ လေးစင်းမှ ရေတို့ထက် ပို၍ များသည်ဟု တပည့်တော်တို့ သိရပါသည်"

"ရဟန်းတို့၊ မှန်ပေ၏။ အဘယ်ကြောင့်ဆိုသော် ဤသံသရာ၏ အစကို မသိနိုင်သောကြောင့်ဖြစ်၏"

## ၅။ ပဗ္ဗတသုတ်

### [ကမ္ဘာ့သက်တမ်းနှင့် ကျောက်တောင် ဥပမာ]

၁၂၈။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသိတင်းသုံးစဉ်ရဟန်းတပါး သည် ဗုဒ္ဓထံချဉ်းကပ်၍ မေးလျှောက်၏။

"အရှင်ဘုရား၊ ကမ္ဘာသည် အဘယ်မျှ ရှည်လျားပါသနည်း"

"ရဟန်း၊ ကမ္ဘာသည် ရှည်လျားလှ၏။ နှစ်ပေါင်း ရာထောင်သိန်း မည်မျှ ရှိသည်ဟူ၍ ရေတွက်ခြင်းငှာ မစွမ်းနိုင်"

"အရှင်ဘုရား၊ ဥပမာပြုခြင်းငှာမူ တတ်ကောင်းပါသလော"

"ရဟန်း၊ ဥပမာပြုခြင်းငှာမူ တတ်ကောင်းပေ၏။ ရဟန်း၊ ဥပမာကား အလျား၊ အနံ၊ အစောက်အားဖြင့် တယူဇနာစီ ရှိသော ကျောက်တောင် ကြီးကို ယောကျ်ားတယောက်သည် နှစ်ပေါင်း တရာလွန်သော အခါတိုင်း၊ ကာသိတိုင်းဖြစ် အဝတ်ဖြင့် တကြိမ်တကြိမ် ပွတ်တိုက်ခဲ့သော်၊ ထိုကျောက် တောင်ကြီးသည်သာလျှင် ကုန်ခြင်းသို့ရောက်ရာ၏။ကမ္ဘာသည်ကား ကုန်ခြင်းသို့ မရောက်နိုင်ပေ။ ရဟန်း၊ ကမ္ဘာသည် ဤမျှရှည်လျားပေ၏"

## ၆။ သာသပသုတ်

### [ကမ္ဘာ့သက်တမ်းနှင့် မုန်ညင်းစေ့ဥပမာ]

၁၂၉။ "အရှင်ဘုရား၊ ကမ္ဘာသည် မည်မျှရှည် လျားပါသနည်း"

"ရဟန်း၊ ကမ္ဘာသည် အလွန်ရှည်လျား၏။ နှစ်ပေါင်းဤမျှ့ ဤမျှ ရှိ၏ ဟူ၍ ရေတွက်ခြင်းငှာ မလွယ်ပေ"

"အရှင်ဘုရား၊ ဥပမာပြုခြင်းငှာမူ တတ်ကောင်းပါသလော"

"ရဟန်း၊ ဥပမာ ပြုခြင်းငှာမူ တတ်ကောင်း၏။ ရဟန်း၊ ဥပမာကား အလျားအနံအားဖြင့် တယူဇနာစီရှိသောမြို့၌ တယူဇနာတိုင်အောင် မြင့်မောက် ပြည့်လျှံနေသော မုန်ညင်းစေ့ပုံကြီးမှ ယောကျ်ားတယောက်သည် နှစ်ပေါင်း

တရာ တရာလွန်သောအခါတိုင်း မုန်ညင်းစေ့တစေ့စီကိုသာ ထုတ်ယူခဲ့သော် ထိုမုန်ညင်းစေ့ပုံကြီးသည် သာလျှင်ကုန်ခန်းသွားရာ၏။ကမ္ဘာသည်ကားကုန်ခန်း ခြင်းသို့ မရောက်နိုင်ပေရာ''

## ၇။ သာဝကသုတ်

[ကုန်လွန်ပြီးသောကမ္ဘာများကို သာဝကလေးပါး မအောက်မေ့နိုင်ကြောင်း]

၁၃၀။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ဗုဒ္ဓသီတင်းသုံးစဉ် များစွာသော ရဟန်းတို့သည် ဗုဒ္ဓထံချဉ်းကပ်၍ မေးလျှောက်ကြသည်။

''အရှင်ဘုရား၊ ကုန်လွန်ပြီးသော ကမ္ဘာတို့သည် အဘယ်မျှ များပြားပါ ကုန်သနည်း''

''ရဟန်းတို့၊ ကုန်လွန်ပြီးသောကမ္ဘာတို့သည်အလွန်များကုန်၏။နှစ်ပေါင်း မည်၍မည်မျှ ရှိ၏ဟု ရေတွက်ခြင်းငှာ မလွယ်ပေ''

''အရှင်ဘုရား၊ ဥပမာပြုခြင်းငှာမူ တတ်ကောင်းပါသလော''

''ရဟန်းတို့၊ ဥပမာ ပြုခြင်းငှာမူ တတ်ကောင်းပေ၏။ ရဟန်းတို့၊ ဥပမာ ကား၊ ဤသာသနာ၌ နှစ်ပေါင်းတရာ အသက်ရှည်သော သာဝက လေးပါး တို့သည် နေ့တိုင်းနေ့တိုင်း ကမ္ဘာပေါင်းတသိန်း တသိန်းကို အောက်မေ့ကုန် သည်ရှိသော် ထိုသာဝကလေးပါးတို့သည်သာလျှင် သက်တမ်းကုန်၍သေလွန် သွားကုန်ရာ၏။ ကုန်လွန်ပြီးသောကမ္ဘာတို့ကိုမူ ကုန်စင်အောင် အောက်မေ့ ခြင်းငှာ မစွမ်းနိုင်ကြကုန်ရာ''

## ၈။ ဂင်္ဂါသုတ်

[ကမ္ဘာနှင့်ဂင်္ဂါသဲစုဥပမာ]

၁၃၁။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ပုဏ္ဏား တယောက်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ မေးလျှောက်၏။

''အရှင်ဂေါတမ၊ ကုန်လွန်ပြီးသောကမ္ဘာတို့သည် အဘယ်မျှလောက် များ ပြားပါသနည်း''

''ပုဏ္ဏား၊ ကုန်လွန်ပြီးသော ကမ္ဘာတို့သည် အလွန်များပြားကုန်၏။ နှစ် ပေါင်း ဤမျှရှိ၏. ဤမျှဟု ရေတွက်ခြင်းငှာ မတတ်ကောင်းပေ''

''အရှင်ဂေါတမ၊ ဥပမာပြုခြင်းငှာမူ တတ်ကောင်းပါသလော''

"ပုဏ္ဏား၊ ဥပမာပြုခြင်းငှာမူ တတ်ကောင်း၏။ ပုဏ္ဏား၊ ဥပမာကား ဤဂင်္ဂါမြစ်၏စတင်စီးဆင်းရာ အရပ်မှ၎င်း မဟာသမုဒ္ဒရာသို့ စီးဝင်ရာ အရပ်တိုင်အောင် ထိုအကြား၌ရှိသော သဲတို့ကို ရေတွက်ခြင်းငှာ မတတ်ကောင်းပေ။ ကုန်လွန်ပြီးသော ကမ္ဘာတို့သည်ကား ထိုသဲလုံးတို့ထက်ပင် များပြားပေ၏"

## ၉။ ဒဏ္ဍသုတ်

[သံသရာနှင့်တုတ်ချောင်းဥပမာ]

၁၃၂။ ရဟန်းတို့၊ ဤသံသရာ၏အစကိုမသိနိုင်၊ ဤဘဝမှထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ကျင်လည်ပြေးသွားကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်။ ရဟန်းတို့၊ ဥပမာကား အထက်ကောင်းကင်သို့ပစ်လွှတ်အပ်သော တုတ်ချောင်းသည် အရင်းဖြင့်လည်းကောင်း၊ အလယ်ဖြင့်လည်းကောင်း၊ အဖျားဖြင့် လည်းကောင်း ကျသကဲ့သို့ ထို့အတူ သတ္တဝါတို့သည် ဤလောကမှ တပါးသော လောကသို့လည်းကောင်း၊ တပါးသော လောကမှ ဤလောကသို့လည်းကောင်း ရောက်ကြရကုန်၏။

## ၁၀။ ပုဂ္ဂလသုတ်

[သတ္တဝါတယောက်၏အရိုးစုများ ဝေပုလ္လတောင်မျှရှိကြောင်း]

၁၃၃။ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဟောကြားတော်မူ၏။

ရဟန်းတို့၊ ဤသံသရာ၏ အစကို မသိနိုင်၊ တကမ္ဘာပတ်လုံး ကျင်လည်ပြေးသွားသောသတ္တဝါတယောက်၏အရိုးစုတို့ကိုမပျောက်ပျက်အောင်စုပေါင်းသိမ်းဆည်းထားခဲ့သော် ဤ ဝေပုလ္လတောင်နှင့်အမျှဖြစ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ဤသံသရာ၏အစကို မသိနိုင်သောကြောင့်ဖြစ်၏။

ထို့နောက် ဗုဒ္ဓသည် အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူ၏။

တခုသောကမ္ဘာ၌ဖြစ်သော သတ္တဝါတယောက်၏ အရိုးစုသည် ဝေပုလ္လတောင်နှင့်အမျှဖြစ်ရာ၏။ တောင်တို့ဖြင့် ခြံရံအပ်သော ရာဇဂြိုဟ်ပြည်၌ ဝေပုလ္လတောင်သည် ကြီးမားသောတောင်ဖြစ်၏။ ဂိဇ္ဈကုဋ်တောင်၏ မြောက်ဘက်၌တည်၏။ ထိုသတ္တဝါသည်ဆင်းရဲခြင်း၊ ဆင်းရဲခြင်းဖြစ်ခြင်း၏ အကြောင်းစသော အရိယသစ္စာလေးပါးကို ပညာဖြင့် ကောင်းစွာ မြင်သောအခါ အလွန်ဆုံး ခုနစ်ကြိမ်မျှသာ ကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုလေသည်။

## ၂။ ဒုတိယဝဂ်

### ၁။ ဒုဂ္ဂတသုတ်

[ဆင်းရဲသူကိုမြင်လျှင် ဆင်ခြင်သင့်ပုံ]

၁၃၄။ ရဟန်းတို့၊ သံသရာ၏အစကို မသိနိုင်။ ရဟန်းတို့၊ သင်တို့သည် ဆင်းရဲ၍ မကောင်းသော အသွင်အပြင်ရှိသော သတ္တဝါတို့ကို တွေ့မြင်ခဲ့သော် "ဤမျှ ရှည်လျားသော ကာလ၌ ငါတို့သည်လည်း ဤသို့သောဆင်းရဲကို ခံစားခဲ့ဖူး၏" ဟူ၍ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။

### ၂။ သုခိတသုတ်

[ချမ်းသာသူကိုမြင်လျှင် ဆင်ခြင်သင့်ပုံ]

၁၃၅။ ရဟန်းတို့၊ သံသရာ၏အစကို မသိနိုင်။ ရဟန်းတို့၊ သင်တို့သည် ချမ်းသာ၍ အဆင်တန်ဆာနှင့်ပြည့်စုံသော သတ္တဝါကိုမြင်ခဲ့သော် "ဤမျှရှည်လျားသော ကာလ၌ ငါတို့သည်လည်း ဤသို့သောချမ်းသာကို ခံစားခဲ့ဖူး၏" ဟူ၍ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။

### ၃။ တိံသမတ္တာသုတ်

[သုံးကျိပ်သော ရဟန်းများအား ဟောကြားချက်]

၁၃၆။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဓုတင်ဆောင်သည့် ပါဝေယျတိုင်းသား ရဟန်းသုံးကျိပ်တို့သည် ဗုဒ္ဓထံ ချဉ်းကပ်လာကြ၏။ ဗုဒ္ဓသည် သံယောဇဉ်မကုန်သေးသော ထိုရဟန်းတို့အား အာသဝေါတရားတို့မှ လုံးဝ လွတ်မြောက်စေရန် ရည်ရွယ်လျက် အောက်ပါတရားကို ဟောကြားတော်မူ၏။

"ရဟန်းတို့၊ ဤသံသရာ၏အစကို မသိနိုင်။ ရဟန်းတို့၊ သင်တို့မည်သို့ ထင်ကြသနည်း။ ဤမျှ ရှည်လျားသော ကာလ၌ ကျင်လည်ပြေးသွားကြရသော သင်တို့၏ ဦးခေါင်းဖြတ်ခြင်းခံရသဖြင့် ယိုစီးသောသွေးနှင့် မဟာသမုဒ္ဒရာ လေးစင်းမှ ရေတို့တွင် အဘယ်အရာက ပို၍များသနည်း"

"အရှင်ဘုရား၊ မြတ်စွာဘုရားဟောကြားချက်အရ ဦးခေါင်းကို ဖြတ်ခြင်း ခံရ၍ ယိုစီးသောသွေးသည် မဟာသမုဒ္ဒရာလေးစင်းမှရေတို့ထက်ပို၍များသည် ဟု တပည့်တော်တို့ သိရပါသည်"

(နွား၊ ကျွဲ၊ ဆိတ်၊ ခိုးသူစသည်ဖြစ်၍ ခေါင်းဖြတ် ခံရခြင်းများကိုလည်း နည်းတူဟောကြား၏။)

"ရဟန်းတို့၊ မှန်ပေ၏။ ရှည်လျားသောကာလ၌ ဦးခေါင်းကို ဖြတ်လို ဖြတ်ခြင်းခံရသဖြင့် ယိုစီးသော သင်တို့၏သွေးသည် မဟာသမုဒ္ဒရာလေးစင်းမှ ရေတို့ထက်များ၏။ ထို့ကြောင့် သင်တို့သည် အလုံးစုံသောသခါရတို့၌ ငြီးငွေ့ခြင်းငှာ သင့်၏"

ဗုဒ္ဓက ဤသို့ ဟောကြားသော် ထိုရဟန်းသုံးကျိပ်တို့သည် အာသဝေါတရားတို့မှ လွတ်မြောက်သွားလေသည်။

၁၃၇ - ၁၄၂။ မာတုသုတ်၊ ပိတုသုတ် စသည်တို့၌ ရှည်လျားသောကာလ၌ မိခင်၊ ဖခင်၊ ညီအစ်ကိုနှမ၊ သား၊ သမီး မဖြစ်ဖူးသူများကို ရှာဖွေတွေ့ရှိရန် မလွယ်ကြောင်း ဟောတော်မူသည်။

## ၁၀။ ဝေပုလ္လပဗ္ဗသုတ်

### [ဝေပုလ္လတောင်နှင့် စပ်သော ဟောကြားချက်]

၁၄၃။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဟောကြားသည်။

"ရဟန်းတို့၊ ဤသံသရာ၏အစကို မသိနိုင်။ ရဟန်းတို့၊ ရှေးအခါက ဤ ဝေပုလ္လတောင်သည် ပါစီနဝံသတောင်ဟု ထင်ရှားခဲ့၏။ ထိုအခါ၌ (ဤရာဇဂြိုဟ် ပြည်သား) လူတို့၏အမည်သည် တိဝရဟု ထင်ရှားခဲ့၏။ ထိုလူတို့၏သက်တမ်းသည် နှစ်ပေါင်း လေးသောင်းဖြစ်၏။ ထိုလူတို့သည် ပါစီနဝံသတောင်ကို လေးရက်တက်ရ၏။ လေးရက်ဆင်းရ၏။ ထိုအခါ ကကုသန် မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရား၏ မြတ်သော တပည့်အစုံကား ဝိဓုရနှင့် သဉ္ဇီဝတို့ဖြစ်၏။ ရဟန်းတို့၊ ရှုကြကုန်လော။ ယခုအခါ ဤတောင်၏ ပါစီနဝံသ ဟူသော အမည်သည် ကွယ်ပျောက်လေပြီ။ ထိုလူတို့သည်လည်း သေကုန်ပြီ။ ထိုကကုသန်မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလေပြီ။ ရဟန်းတို့၊ ဤသို့လျှင် သခါရတို့သည် မမြဲကုန်၊ မခိုင်ခံ့ကုန်၊ သာယာဖွယ်မရှိကုန်၊ သက်သာရာမရှိကုန်။ ရဟန်းတို့၊ သင်တို့သည် အလုံးစုံသောသခါရတို့၌ ငြီးငွေ့ခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ လွတ်မြောက်ခြင်းငှာ သင့်လှပေ၏"

(ဝေပုလ္လတောင်သည် ဝင်္ကတောင်၊ လူတို့သည် ရောဟိတဿဟု ထင်ရှားစဉ်က သက်တမ်းနှစ်ပေါင်းသုံးသောင်းရှိ၍ ဝင်္ကတောင်ကို သုံးရက်စီဖြင့်

ဆင်းနိုင်တက်နိုင်ပုံ၊ ကောဏာဂုံ ဘုရားပွင့်၍ ဘိယျောသနှင့် ဥတ္တရဟူသော တပည့်အစုံဖြစ်ပုံကို နည်းတူဟောကြား၏။ ဝေပုလ္လတောင်သည် သုပဿ တောင်၊ လူတို့သည် သုပ္ပိယဟု ထင်ရှားစဉ်က သက်တမ်း နှစ်ပေါင်း နှစ် သောင်းရှိ၍ သုပဿတောင်ကို နှစ်ရက်ဖြင့် တက်နိုင်ဆင်းနိုင်ပုံ၊ ကဿပ မြတ်စွာဘုရားပွင့်၍ တိဿနှင့် ဘာရဒွါဇဟူသော တပည့်အစုံ ဖြစ်ပုံတို့ကို နည်းတူဟောကြား၏။

''ရဟန်းတို့၊ ယခုအခါ ဤဝေပုလ္လတောင်သည် ဝေပုလ္လတောင် ဟူ၍သာ ထင်ရှား၏။ (ဤရာဇဂြိုဟ်ပြည်သား) လူတို့၏အမည်သည် မာဂဓကဟူ၍ ထင်ရှား၏။ ထိုလူတို့၏သက်တမ်းသည် အလွန်တိုတောင်း၏။ ကြာမြင့်စွာ အသက်ရှင်သူသည် နှစ်ပေါင်း တရာသော်လည်းကောင်း၊ တရာထက်အနည်း ငယ်လွန်၍သော်လည်းကောင်း နေရ၏။ ထိုလူတို့သည် ဝေပုလ္လတောင်ကို တမုဟုတ်ချင်း တက်နိုင်ဆင်းနိုင်ကုန်၏။ ယခုအခါ ငါဘုရားသည် လောက၌ ဖြစ်ပေါ်လာ၏။ ငါ၏ မြတ်သော တပည့် အစုံကား သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ဖြစ်၏။ ရဟန်းတို့၊ ဤဝေပုလ္လတောင်၏ ဝေပုလ္လဟူသော အမည်လည်း ကွယ်ပျောက်လတ္တံ့။ ဤလူတို့သည်လည်း သေကုန်လတ္တံ့။ ငါ ဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုလိမ့်မည်။ ရဟန်းတို့၊ ဤသို့လျှင် သင်္ခါရတို့ သည် မတည်မြဲကုန်။ သင်တို့သည် သင်္ခါရတို့၌ ငြီးငွေ့သင့်လှ၏''

ထို့နောက် ဗုဒ္ဓက အောက်ပါဂါထာကို ရွတ်ဆိုတော်မူ၏။

သင်္ခါရတို့သည် မမြဲကုန်။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ် ပြီး၍ ချုပ်ကုန်၏။ ထိုသင်္ခါရတို့၏ ငြိမ်းရာသည်သာလျှင် စင်စစ်ချမ်းသာ ပေ၏။

# ၅။ ကဿပသံယုတ်

[ရှင်မဟာကဿပနှင့် စပ်သော ဟောကြားချက်များ]

## ၁။ သန္တုဋ္ဌသုတ်

[ရောင့်ရဲလွယ်သူဖြစ်ကြောင်း]

၁၄၄။ "ရဟန်းတို့၊ ကဿပသည် ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲဘိ၏။ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ သင်္ကန်းဟူသော အကြောင်းကြောင့် မသင့်သော ရှာဖွေခြင်းသို့ မရောက်၊ သင်္ကန်းကို မရသော် မတောင့်တ၊ သင်္ကန်းကိုရ၍လည်း မက်မောခြင်းမရှိ၊ အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်၏။

(ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းတို့၌လည်း နည်းတူဟော၏။)

"ရဟန်းတို့၊ သင်တို့သည်လည်း ကဿပနည်းတူ ကျင့်အပ်၏။ ရဟန်းတို့၊ ငါသည် သင်တို့အား ကဿပဖြင့် လည်းကောင်း၊ ကဿပနှင့် တူသော ရဟန်းဖြင့် သော်လည်းကောင်း ဥပမာပြု၍ ဆုံးမ၏။ ယင်းသို့ ဆုံးမခြင်း ခံရသော သင်တို့သည် မချွတ်သွင်းအောင် ကျင့်ကြံ အားထုတ်ရမည်"

## ၂။ အနောတ္တပ္ပီသုတ်

[ထိတ်လန့်ခြင်းမရှိသူ ဖြစ်ပုံကို ဟောကြားခြင်း]

၁၄၅။ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာသည် ရှင်မဟာကဿပထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်၏။

"ငါ့ရှင်ကဿပ၊ ပြင်းစွာ အားထုတ်ခြင်းမရှိသူ၊ ထိတ်လန့်ခြင်း မရှိသူသည် သစ္စာလေးပါးကို သိခြင်းငှာ မထိုက်၊ ငြိမ်းအေးခြင်းငှာ မထိုက်၊ ယောဂကုန်ရာ အမြတ်ဆုံး အရဟတ္တဖိုလ်ရခြင်းငှာ မထိုက်၊ ပြင်းစွာအားထုတ်ခြင်းရှိသူ၊ ထိတ်လန့်ခြင်းရှိသူသည်သာ သစ္စာလေးပါးကိုသိခြင်းငှာ ထိုက်၏။ ငြိမ်းအေးခြင်းငှာထိုက်၏။ ယောဂကုန်ရာအမြတ်ဆုံး အရဟတ္တဖိုလ် ရခြင်းငှာ ထိုက်၏ဟု ဆိုအပ်ပါ၏။ ငါ့ရှင်ကဿပ၊ အဘယ်မျှ ပြင်းစွာအားထုတ်ခြင်း မရှိသူ ဖြစ်ပါသနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် 'ငါ့အား မဖြစ်သေးသော အကုသိုလ်တရားဆိုးတို့ ဖြစ်ပွားလာခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏။ ဖြစ်ပေါ်လာသော အကုသိုလ်တရားဆိုးများကို မပယ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏။ မဖြစ်သေးသော ကုသိုလ်တရားများ မဖြစ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏။ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ ချုပ်ပျောက်သွားခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏' ဟူ၍ ပြင်းစွာအားထုတ်ခြင်းကိုမပြု။ ငါ့ရှင် သာရိပုတ္တရာ၊ ဤမျှဖြင့် ပြင်းစွာ အားထုတ်ခြင်း မရှိသူ ဖြစ်၏"

"ငါ့ရှင်ကဿပ၊ အဘယ်မျှဖြင့် ထိတ်လန့်ခြင်း မရှိသူဖြစ်သနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် 'ငါ့အား မဖြစ်သေးသော အကုသိုလ်တရားဆိုးများ ဖြစ်ပေါ်လာခဲ့သော် လည်းကောင်း၊ ဖြစ်ပေါ်လာသော အကုသိုလ်တရားဆိုးများကို မပယ်ခဲ့သော်လည်းကောင်း၊ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပေါ်မလာခဲ့သော် လည်း ကောင်း၊ ဖြစ်ပေါ်လာခဲ့သောကုသိုလ်တရားများချုပ်ပျောက်သွားခဲ့သော်လည်းကောင်း အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏' ဟူ၍ ထိတ်လန့်ခြင်း မရှိ၊ ငါ့ရှင် သာရိပုတ္တရာ၊ ဤမျှဖြင့် ထိတ်လန့်ခြင်း မရှိသူဖြစ်၏"

"ငါ့ရှင်ကဿပ၊ အဘယ်မျှဖြင့် ပြင်းစွာအားထုတ်ခြင်းရှိသူဖြစ်ပါသနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာ၌ရဟန်းသည် 'ငါ့အား မဖြစ်သေးသည့် အကုသိုလ်တရားဆိုးများဖြစ်ပေါ်လာခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏။ ဖြစ်ပေါ်လာသော အကုသိုလ်တရားဆိုးများကို မပယ်ခဲ့သော်အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏။ မဖြစ်သေးသော ကုသိုလ်တရားများ မဖြစ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ

ဖြစ်ရာ၏။ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ ချုပ်ပျောက်သွားခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏' ဟူ၍ ပြင်းစွာ အားထုတ်ခြင်းကိုပြု၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဤမျှဖြင့် ပြင်းစွာ အားထုတ်ခြင်းရှိသူဖြစ်၏''
(ထိတ်လန့်ခြင်းရှိသူကိုလည်း နည်းတူဟောကြား၏။)

## ၃။ စန္ဒူပမသုတ်

[လဝိမာန်ကို ဥပမာပြု၍ ဟောကြားခြင်း]

၁၄၆။ ''ရဟန်းတို့၊ သင်တို့သည် လ,သည် ကောင်းကင်၌ မကပ်ငြိသကဲ့သို့ ကိုယ်စိတ်ကို ခွာ၍ အချင်းခပ်သိမ်း ညွတ်သည်ကဲ့သို့ဖြစ်လျက် ကိုယ်၊ နှုတ်၊ စိတ် ကြမ်းခြင်း မရှိကုန်သည် ဖြစ်၍ ဒါယကာတို့၏အိမ်သို့ ချဉ်းကပ်ကြကုန်လော့။ ရဟန်းတို့၊ ဥပမာ- ရေဘွင်းဟောင်း၊ တောင်ကမ်းပါး၊ မြစ်ကမ်းပါးတို့ကို ကြည့်သူသည် ကိုယ်စိတ်ကို ခွာ၍သာလျှင် ကြည့်သကဲ့သို့ ထို့အတူ သင်တို့သည် ကိုယ်စိတ်ကို ခွာ၍သာလျှင် ဒါယကာတို့၏ အိမ်သို့ ချဉ်းကပ်ကြကုန်လော့။ ရဟန်းတို့၊ ကဿပသည် ထိုကဲ့သို့ကျင့်၍ ဒါယကာတို့၏ အိမ်သို့ ချဉ်းကပ်၏။ ရဟန်းတို့၊ အဘယ်သို့ သဘောရှိသော ရဟန်းသည် ဒါယကာတို့၏ အိမ်သို့ ချဉ်းကပ်ခြင်းငှာ ထိုက်သနည်း''

ရဟန်းတို့က မြတ်စွာဘုရားကိုယ်တိုင်သာလျှင် ထိုအကြောင်းကို ဟောကြားရန် တောင်းပန်ကြ၏။ ထိုအခါ ဗုဒ္ဓသည် ကောင်းကင်၌ လက်ကိုဝှေ့ယမ်းပြီး အောက်ပါအတိုင်း ဆက်၍ ဟောကြားတော်မူ၏။

''ရဟန်းတို့၊ ဤဝှေ့ယမ်းအပ်သော လက်သည် ကောင်းကင်၌ မငြိကပ်သကဲ့သို့ ထို့အတူ ဒါယကာတို့ အိမ်သို့ ချဉ်းကပ်သော အကြင်ရဟန်း၏ စိတ်သည် ဒါယကာတို့၌ ကပ်ငြိခြင်းမရှိ၊ လာဘ်ကိုအလိုရှိသူတို့သည် လာဘ်ကိုရကြပါစေ၊ ကောင်းမှုကို အလိုရှိသူတို့သည် ကောင်းမှုကို ရကြပါစေဟု နှလုံးသွင်း၏။ မိမိလာဘ်ရခြင်းဖြင့် ဝမ်းမြောက်သကဲ့သို့ သူတပါး လာဘ်ရခြင်းဖြင့်လည်း ဝမ်းမြောက်၏။ ရဟန်းတို့၊ ဤသို့ သဘောရှိသော ရဟန်းသည် ဒါယကာတို့အိမ်သို့ ချဉ်းကပ်ခြင်းငှာထိုက်၏။ ရဟန်းတို့၊ကဿပသည် ထိုသို့ သဘောရှိသည်ဖြစ်၍ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၏။

"ရဟန်းတို့၊ အဘယ်သို့ သဘောရှိသော ရဟန်း၏ တရားကိုဟောခြင်းသည် မစင်ကြယ်သနည်းဆိုသော် 'ရဟန်းတို့၊ ငါ၏တရားကို နာကြမူ ကောင်းလေစွ၊ နာပြီး၍ ကြည်ညိုကြမူ ကောင်းလေစွ၊ ကြည်ညိုပြီး၍ ကြည်ညိုသော အခြင်းအရာကို ပြုကြမူ[၁] ကောင်းလေစွ' ဟူ၍ စိတ်ထားရှိသော ရဟန်း၏တရားဟောခြင်းသည် မစင်ကြယ်သော တရားဟောခြင်းဖြစ်၏။

"ရဟန်းတို့၊ အဘယ်သို့ သဘောရှိသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်သနည်းဆိုသော် 'ရဟန်းတို့၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော တရားသည် ကိုယ်တိုင် သိမြင်နိုင်၏။ အခါမလင့် အကျိုးပေးနိုင်၏။ လာလှည့် ရှုလှည့်ဟု ပြခြင်းငှာထိုက်၏။ မိမိကိုယ်ထဲ စိတ်ထဲ၌ဆောင်ထားခြင်းငှာ ထိုက်၏။ ပညာရှိတို့ အသီး အသီး သိမြင်ထိုက်၏။ ငါ၏တရားကို နာကြမူ ကောင်းလေစွ၊ နာပြီး၍ တရားကိုသိကြမူ ကောင်းလေစွ၊ သိပြီး၍ အရဟတ္တဖိုလ်ဟူသော အကျိုးငှာ ကျင့်ကြံကြမူ ကောင်းလေစွ' ဟူသော စိတ်ထားဖြင့် သနားကြင်နာခြင်း၊ အစဉ်စောင့်ရှောက်လိုခြင်းကို အကြောင်းပြု၍ တရားကို ဟောကြားသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်၏။ ရဟန်းတို့၊ ကဿပသည် ဤသို့သော စိတ်ထားရှိသည်ဖြစ်၍ သူတပါးတို့အား တရားဟော၏"

## ၄။ ကုလုပကသုတ်

## [ဒါယကာတို့အိမ်သို့ ချဉ်းကပ်ထိုက်သော ရဟန်း]

၁၄၇။ "ရဟန်းတို့၊ အဘယ်သို့သော သဘောရှိသော ရဟန်းသည် ဒါယကာတို့အိမ်သို့ချဉ်းကပ်ခြင်းငှာ ထိုက်သနည်းဆိုသော် ရဟန်းတို့၊ တပါးသော ရဟန်းသည် 'ငါ့ အား လှူကြပါစေ၊ များစွာ လှူကြပါစေ၊ အလွန်မွန်မြတ်စွာလှူကြပါစေ၊ လျင်မြန်စွာ လှူကြပါစေ၊ ရိုသေစွာ လှူကြပါစေ' ဟူသော စိတ်ရှိသည်ဖြစ်၍ ဒါယကာတို့ အိမ်သို့ ချဉ်းကပ်၏။ သူကြံစည်တောင့်တသည့်အတိုင်း ဒါယကာတို့က မလှူသည်ရှိသော် ထိုရဟန်းသည်

---

၁။ "သက်နီး-စသော ပစ္စည်းလေးပါးပေးလှူခြင်းတို့ ကြည်ညိုသော အခြင်းအရာပြုသည်"ဟု ဆိုသည်။

စိတ်နှာကျည်း၏။ ကိုယ်စိတ်ဆင်းရဲခြင်းကို ခံစားရ၏။ ရဟန်းတို့၊ ဤသို့ သဘောရှိသော ရဟန်းသည် ဒါယကာတို့အိမ်သို့ ချဉ်းကပ်ခြင်းငှာမထိုက်ချေ။

"ရဟန်းတို့၊ အဘယ်သို့သော သဘောရှိသော ရဟန်းသည် ဒါယကာတို့ အိမ်သို့ ချဉ်းကပ်ခြင်းငှာ ထိုက်သနည်းဆိုသော် ရဟန်းတို့၊ တပါးသော ရဟန်းသည် 'ငါ့အား လှူကြပါစေ၊ များစွာလှူကြပါစေ' စသည်ဖြင့် ကြံစည်တောင့်တ၍ ဘယ်မှာရနိုင်ပါမည်နည်း ဟူသော စိတ်ထားရှိသည်ဖြစ်၍ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၏။ ထိုရဟန်းသည် မိမိကြံစည်တောင့်တသည့်အတိုင်း မလှူသော်လည်း စိတ်မနှာကျည်း၊ ကိုယ်စိတ်ဆင်းရဲခြင်းကို မခံစားရ။ ရဟန်းတို့၊ ဤသို့သဘောရှိသော ရဟန်းသည် ဒါယကာတို့အိမ်သို့ ချဉ်းကပ်ခြင်းငှာ ထိုက်၏။ ရဟန်းတို့၊ ကဿပသည် ဤသို့သော စိတ်ထားရှိသည်ဖြစ်၍ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၏"

## ၅။ ဇိဏ္ဏသုတ်

[အိုမင်းသော ရှင်မဟာကဿပအား မိန့်ကြားပုံ]

၁၄၀။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဗုဒ္ဓသည် ရှင်မဟာကဿပအား ဤသို့ မိန့်ကြားတော်မူ၏။

"ကဿပ၊ သင်သည် ယခုအိုမင်းပြီ၊ ပိုက်ဆံလျှော်ဖြင့် ရက်အပ်သော သင်၏ သင်္ကန်းသည် ဟောင်းနွမ်းလေးလံလှ၏။ ထို့ကြောင့် သင်သည် ဒါယကာတို့ လှူအပ်သော သင်္ကန်းကိုလည်း ဆောင်လော့၊ ဖိတ်အပ်သော ဆွမ်းကိုလည်း သုံးဆောင်လော့၊ ငါ၏အနီး၌လည်းနေလော့"

"အရှင်ဘုရား၊ တပည့်တော်သည် ရှည်မြင့်စွာသော ကာလပတ်လုံး အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိက်ဓုတင်တို့ကို ဆောင်ခဲ့ပါသည်။ ယင်းဓုတင်တို့ကို ဆောင်ခြင်း၏ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါသည်။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကင်းဆိတ်စွာနေခြင်း၊ လူတို့နှင့် ရောနှောမှုမရှိခြင်းတို့နှင့် ပြည့်စုံသည်ဖြစ်၍ နေခဲ့ပါသည်။ ယင်းနေခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါသည်"

"ကဿပ၊ သင်သည် အဘယ်သို့သော အကျိုးထူးကို မြော်မြင်သည်ဖြစ်၍ ဤကဲ့သို့နေသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်း၊ နောင်လာနောက်သားတို့အား အစဉ် သနားခြင်းဟူသော ဤအကျိုးနှစ်ပါးကို မြော်မြင်သည်ဖြစ်၍ ထိုကဲ့သို့နေခြင်း ဖြစ်ပါသည်"

"ကဿပ၊ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည်များစွာသော လူတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ပေ၏။ ကဿပ၊ သို့ဖြစ်၍ သင်သည် ပိုက်ဆံလျှော်ဖြင့်ရက်အပ်သော သင်္ကန်းဟောင်းတို့ကို ဆောင်မြဲဆောင်လော့၊ ဆွမ်းခံမြဲခံလော့၊ တော၌လည်း နေမြဲနေလော့"

## ၆။ ဩဝါဒသုတ်

### [ရဟန်းတို့အား ဆုံးမရန် တိုက်တွန်းခြင်း]

၁၄၉။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဗုဒ္ဓသည် ရှင်မဟာကဿပအား ဤသို့ မိန့်ကြားတော်မူ၏။

"ကဿပ၊ သင်သည် ရဟန်းတို့ကို ဆုံးမလော့၊ တရားစကား ဟောပြောလော့၊ သင်သည်လည်းကောင်း၊ ငါသည်လည်းကောင်း ရဟန်းတို့ကို ဆုံးမသင့်၏။ တရားစကား ဟောပြောသင့်၏"

"အရှင်ဘုရား၊ ယခုအခါ ရဟန်းတို့သည် ဆုံးမခက်လှပါသည်။ သည်းမခံကြပါ အရှင်ဘုရား။ အာနန္ဒာ၏တပည့် ဘဏ္ဍရဟန်းနှင့် အနုရုဒ္ဓါ၏တပည့် အဘိဇိကရဟန်းတို့သည် ဘယ်သူက တရားပို၍ ဟောနိုင်သနည်းဟူ၍ အကြားအမြင် သုတဖြင့် အချင်းချင်း ငြင်းခုံနေကြသည်ကို တပည့်တော် မြင်ခဲ့ရပါသည်"

ထိုအခါ ဗုဒ္ဓသည် ထိုရဟန်းနှစ်ပါးကို အခေါ်ခိုင်းပြီး မေးစိစစ်တော်မူ၏။ ထိုရဟန်းတို့က မိမိတို့အပြစ်ကို ဝန်ခံ၍ ခွင့်လွှတ်ရန် တောင်းပန်ကြသည်။ ဗုဒ္ဓကလည်း အပြစ်ကိုမြင်၍ ကုစားခြင်းသည် ကြီးပွားကြောင်းဖြစ်ကြောင်း မိန့်တော်မူပြီး ခွင့်လွှတ်တော်မူလေသည်။

## ၇။ ဒုတိယဩဝါဒသုတ်

### [ရဟန်းတို့အား ဆုံးမရန် တိုက်တွန်းခြင်း]

၁၅၀။ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ရှင်မဟာကဿပအား ရဟန်းတို့ကို ဆုံးမရန် တိုက်တွန်းတော်မူ၏။ ထိုအခါ ရှင်မဟာကဿပက အောက်ပါအတိုင်း လျှောက်၏။

"အရှင်ဘုရား၊ ယခုအခါ ရဟန်းတို့သည် ဆုံးမခက်လှပါသည်။ သည်းခံခြင်းမရှိပါ။ အဆုံးအမကို ရိုသေစွာ မနာယူကြပါ အရှင်ဘုရား။ ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း၊ ရှက်ခြင်း၊ ကြောက်ခြင်း၊ အားထုတ်ခြင်း၊ သိမြင်ခြင်း မရှိသူများအား ရောက်လာသမျှသော ညဉ့်နေ့တိုင်း ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် မျှော်လင့်အပ်ပါ၏။ ကြီးပွားခြင်းကို မမျှော်လင့်အပ်ပါ။ ဥပမာ လဆုတ်ပက္ခ၌ ရောက်လာသမျှသော ညဉ့်နေ့တိုင်း လ၏အဆင်းအရောင်၊ အဝန်းအဝိုင်းပုံသဏ္ဌာန်အားဖြင့် ဆုတ်ယုတ်ခြင်းသည်သာလျှင် ထင်သကဲ့သို့ ဖြစ်ပါသည်။

"အရှင်ဘုရား၊ ယုံကြည်ခြင်းမရှိသူ၊ အရှက်မရှိသူ၊ အကြောက်မရှိသူ၊ ပျင်းရိသူ၊ ပညာမဲ့သူ၊ အမျက်ထွက်တတ်သူ၊ ရန်ငြိုးဖွဲ့တတ်သူ၊ ဆုံးမမည့်သူမရှိသူ ဟူသော စကားများသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားများ ဖြစ်ပါသည်။

"အရှင်ဘုရား၊ ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း၊ ရှက်ခြင်း၊ ကြောက်ခြင်း၊ အားထုတ်ခြင်း၊ သိမြင်ခြင်းရှိသူအား ရောက်လာသမျှသော ညဉ့်နေ့တိုင်း ကုသိုလ်တရားတို့၌ ကြီးပွားခြင်းကိုသာလျှင် မျှော်လင့်အပ်ပါသည်။ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်ပါ။ ဥပမာ လဆန်းပက္ခ၌ရောက်လာသမျှသော ညဉ့်နေ့တိုင်း လ၏အဆင်းအရောင်၊ အဝန်းအဝိုင်း ပုံသဏ္ဌာန်အားဖြင့် တိုးပွားခြင်းသည်သာလျှင် ထင်သကဲ့သို့ ဖြစ်ပါသည်။

"အရှင်ဘုရား၊ ယုံကြည်ခြင်းရှိသူ၊ အရှက်ရှိသူ၊ အကြောက်ရှိသူ၊ ထက်သန်သော လုံ့လရှိသူ၊ အသိပညာရှိသူ၊ အမျက်မထွက်သူ၊ ရန်ငြိုးမဖွဲ့သူ၊ ဆုံးမမည့်သူ ရှိသူဟူသော ဤစကားများသည် မဆုတ်ယုတ်ခြင်းကို ပြသော စကားများ ဖြစ်ပါသည်"

ထိုအခါ ဗုဒ္ဓက ရှင်မဟာကဿပ၏ လျှောက်ကြားချက်သည် မှန်ကန်ကြောင်း ထောက်ခံ မိန့်ကြားတော်မူ၏။

## ၈။ တတိယဩဝါဒသုတ်

### [ရဟန်းတို့အား ဆုံးမရန် တိုက်တွန်းခြင်း]

၁၅၁။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဗုဒ္ဓက ရဟန်းတို့အား ဆုံးမစကား ပြောကြားရန် မိန့်ကြားရာ၊ ရှင်မဟာကဿပက ယခုအခါ ရဟန်းများသည် ဆုံးမခက်လှကြောင်း လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"ကဿပ၊ ရှေးအခါက မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင် စသည်တို့ကို ဆောင်ကြကုန်၏။ ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိကြ၏။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့နှင့်လည်း ပြည့်စုံကုန်၏။ ယင်းတို့၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိကြ၏။ ထိုကဲ့သို့သော အကျင့်နှင့် ပြည့်စုံသော ရဟန်းကို မထေရ်ကြီးတို့က (ပရိသတ်အလယ်၌) နေရာဖြင့် ဖိတ်ကြားလေ့ရှိကြကုန်၏။ ရဟန်းငယ်တို့သည် ထိုကဲ့သို့သော အကျင့်များနှင့် ပြည့်စုံရန် အားထုတ်ကြကုန်၏။

"ကဿပ၊ ယခုအခါ၌ကား မထေရ်ကြီးရဟန်းတို့သည် ဓုတင်ကို မဆောက်တည်ကြကုန်။ ဓုတင်ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့မရှိကြကုန်။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသော အကျင့်တို့နှင့်လည်း မပြည့်စုံကြကုန်။ ထင်ရှားခြင်း၊ အခြံအရံများခြင်း၊ ပစ္စည်းလေးပါးကို ရခြင်းတို့နှင့် ပြည့်စုံကြကုန်သော ရဟန်းတို့သာ မထေရ်ကြီးတို့က (ပရိသတ် အလယ်၌) နေရာဖြင့် ဖိတ်ကြားကြကုန်၏။ ရဟန်းငယ်တို့သည်လည်း ထင်ရှားခြင်း၊ အခြံအရံများခြင်း စသည်အလို့ငှါသာ အားထုတ်ကြကုန်၏"

## ၉။ ဈာနာဘိညသုတ်

[ရှင်မဟာကဿပသည် အလိုရှိသမျှ ဈာန်ဝင်စားနိုင်ကြောင်း]

၁၅၂။ "ရဟန်းတို့၊ ငါသည် အလိုရှိသမျှ ကာလပတ်လုံး ပဌမဈာန်ကို ဝင်စား၍ နေနိုင်သကဲ့သို့ ကဿပသည်လည်း အလိုရှိသမျှ ကာလပတ်လုံး ပဌမဈာန်ကို ဝင်စား၍ နေနိုင်၏"

(ဒုတိယဈာန်မှ နေဝသညာ နာသညာယတနဈာန် တိုင်အောင်လည်း နည်းတူဟောကြားသည်။)

"ရဟန်းတို့၊ ငါသည် အလိုရှိသမျှ ကာလပတ်လုံး သညာ၊ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စား၍ နေနိုင်သကဲ့သို့ ထို့အတူ ကဿပသည်လည်း အလိုရှိသမျှကာလပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍နေနိုင်၏"

"ရဟန်းတို့၊ ငါသည် အလိုရှိသမျှကာလပတ်လုံး တန်ခိုးဖန်ဆင်းခြင်း အမျိုးမျိုးကို ပြီးမြောက်စေနိုင်သကဲ့သို့ ထို့အတူ ကဿပသည်လည်း အလိုရှိသမျှကာလပတ်လုံး ဖန်ဆင်းခြင်းအမျိုးမျိုးကို ပြီးမြောက်စေနိုင်၏"

(နတ်နားကဲ့သို့ ကြားနိုင်ခြင်း ဒိဗ္ဗသောတ၊ သူတပါးစိတ်ကို သိခြင်း ပရစိတ္တဝိဇာနန၊ ရှေးဘဝကို ပြန်အောက်မေ့နိုင်ခြင်း ပုဗ္ဗေနိဝါသာနုဿတိ၊ နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း ဒိဗ္ဗစက္ခု အဘိညာဏ်တို့၌လည်း နည်းတူဟော ကြားသည်။)

"ရဟန်းတို့၊ ငါသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်း၍ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တ ဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် မျက်မှောက်ပြုလျက် ဝင်စား၍ နေနိုင် သကဲ့သို့ ထို့အတူ ကဿပသည်လည်း ဝင်စား၍နေနိုင်၏"

## ၁၀။ ဥပဿယသုတ်

[ဘိက္ခုနီကျောင်းသို့ သွားခြင်း]

၁၅၃။ အခါတပါး၌ အရှင်အာနန္ဒာသည် ရှင်မဟာကဿပထံ ချဉ်းကပ်၍ ဘိက္ခုနီ ကျောင်းတကျောင်းသို့ သွားကြရန် ဖိတ်ခေါ်၏။ ရှင်မဟာကဿပ သည် ရှင်အာနန္ဒာအား "သင်သာသွားပါလော့"ဟု မိန့်ကြား၏။ သို့သော် (၃)ကြိမ်တိုင်အောင် ပင့်ဖိတ်သောအခါ ရှင်မဟာကဿပသည် ရှင်အာနန္ဒာ နှင့်အတူ ဘိက္ခုနီကျောင်းသို့ လိုက်ပါသွား၏။ ဘိက္ခုနီတို့အားလည်း တရား စကားကို ဟောပြော၏။ ရှင်မဟာကဿပတို့ ပြန်သွားကြသောအခါ ထုလ္လ တိဿာ မည်သော ဘိက္ခုနီက "ရှင်မဟာကဿပသည် အဘယ်ကြောင့် ပညာ ရှိတပါးဖြစ်သော ရှင်အာနန္ဒာ၏မျက်မှောက်၌ တရားကို ဟောကြားဘိသ နည်း၊ အပ်လုပ်သူထံ၌ အပ်ရောင်းသော ကုန်သည်ကဲ့သို့ ဖြစ်ဘိ၏"ဟူ၍ ကဲ့ရဲ့ စကားဆိုလေသည်။ ထိုစကားကို ရှင်မဟာကဿပကြားသော် ရှင်အာနန္ဒာ အား ဤသို့ မိန့်ကြားတော်မူ၏။

"ငါ့ရှင်အာနန္ဒာ၊ သင်သည် အပ်ကုန်သည်လော၊ ငါသည် အပ်ကုန်သည် လော"

"အရှင်ဘုရား၊ သည်းခံတော်မူပါ၊ မာတုဂါမသည် မိုက်မဲလှပါ၏"

"ငါ့ရှင်အာနန္ဒာ၊ သင်မည်သို့ ထင်သနည်း။ ရဟန်းတို့၊ ငါသည် အလိုရှိ သမျှကာလပတ်လုံး ပဌမဈာန်ကို ဝင်စား၍ နေနိုင်သကဲ့သို့ ထို့အတူ အာနန္ဒာသည်လည်း ဝင်စား၍ နေနိုင်၏ဟူ၍ မြတ်စွာဘုရားသည် သင့်ကို သံဃာ့အလယ်၌ မိမိနှင့် ထပ်တူထပ်မျှ ပြုခဲ့ဖူးပါသလော"

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား ဤကဲ့သို့ ထပ်တူထပ်မျှ မပြုခဲ့ဖူးပါ''

''အာနန္ဒာ၊ မြတ်စွာဘုရားသည် ငါ့ကိုမူ ထိုကဲ့သို့ ထပ်တူထပ်မျှ ပြုခဲ့၏''

(ဒုတိယစျာန်မှ အာသဝက္ခယဉာဏ် တိုင်အောင်လည်း နည်းတူ မိန့်ကြား၏။)

''ငါ့ရှင် အာနန္ဒာ၊ 'ရဟန်းတို့၊ ငါသည် အာသဝေါကင်း၍ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဝင်စား၍ နေနိုင်သကဲ့သို့ ထို့အတူ အာနန္ဒာသည်လည်း ဝင်စား၍ နေနိုင်၏' ဟူ၍ မြတ်စွာဘုရားသည် သင့်ကို သံဃာ့အလယ်၌ မိမိနှင့် ထပ်တူထပ်မျှ ပြုခဲ့ဖူးပါသလော''

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား ထိုကဲ့သို့ ထပ်တူထပ်မျှ မပြုခဲ့ဖူးပါ''

''အာနန္ဒာ၊ မြတ်စွာဘုရားသည် ငါ့ကိုမူ ထိုကဲ့သို့ ထပ်တူထပ်မျှ ပြုခဲ့၏။ ငါ့ရှင် အာနန္ဒာ၊ ငါ၏ အဘိညာဉ်ခြောက်ပါးကို ဖုံးကွယ်ရန် အားထုတ်သူသည် ခုနစ်တောင်၊ သို့မဟုတ် ခုနစ်တောင့်ထွာမျှရှိသော ဆင်ကောင်ကြီးကို ထန်းရွက်ဖြင့်ဖုံးကာရန် ကြံသူကဲ့သို့ဖြစ်ဘိ၏''

## ၁၁။ စီဝရသုတ်

### [ဗုဒ္ဓနှင့် ရှင်မဟာကဿပ သက်နိုးချင်းလဲပုံ]

၁၅၄။ အခါတပါး၌ ရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေ၏။ ထိုအချိန်တွင် ဒက္ခိဏာဂိရိဇနပုဒ်အတွင်း၌ ခရီးလှည့်နေသော ရှင်အာနန္ဒာ၏ တပည့်ရင်း ရဟန်းငယ် သုံးကျိပ်တို့သည် လူထွက်ကြလေ၏¹။

ရှင်မဟာကဿပသည် ခရီးလှည့်ရာမှ ပြန်ရောက်လာသော အရှင်အာနန္ဒာအား ဤသို့ မိန့်ကြား၏။

၁။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ရှင်မဟာကဿပသည် သင်္ဂါယနာတင်ရန် ကုသိနာရုံမှ ရာဇဂြိုဟ်သို့ ကြွ၏။ ရှင်အာနန္ဒာကား သာဝတ္ထိပြည်မှတဆင့် ရာဇဂြိုဟ်သို့ ကြွ၏၊ ထိုသို့ကြွသွားစဉ် လမ်းခရီး၌ တပည့်များ လူထွက်ကြခြင်းဖြစ်၏။

"ငါ့ရှင်အာနန္ဒာ၊ အဘယ်မျှသော အကျိုးထူးတို့ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် ဒါယကာတို့အိမ်၌ ရဟန်းသုံးပါး တပေါင်းတည်း ခံယူနိုင်သော တိကဘောဇဉ်ကို ပညတ်ခဲ့ပါသနည်း"

"အရှင်ဘုရား၊ သီလမရှိသော ပုဂ္ဂိုလ်တို့ကို ဖိနှိပ်၍ သီလရှိသော ရဟန်းတို့ ချမ်းသာစွာနေရခြင်း၊ အလိုဆိုးရှိသော ရဟန်းတို့သည် အသင်းအပင်းကို မှီ၍ သံဃာကို မဖျက်ဆီးနိုင်ခြင်း၊ ဒါယကာတို့အား ချီးမြှောက်လိုခြင်း ဟူသော အကျိုးထူးသုံးပါးကို ရည်ရွယ်၍ မြတ်စွာဘုရားသည် တိကဘောဇဉ်ကို ပညတ်ခဲ့ပါသည်"

"ငါ့ရှင် အာနန္ဒာ၊ သို့ဖြစ်ပါလျက် သင်သည် အဘယ်ကြောင့် ဣန္ဒြေကို မစောင့်စည်းခြင်း၊ ဘောဇဉ်၌အတိုင်းအဆကိုမသိခြင်း၊ နိုးကြားခြင်းမရှိသော ရဟန်းငယ်တို့နှင့်အတူ ခရီး လှည့်ဘိသနည်း။ ကောက်ခင်းများ ဖျက်ဆီးဘိသနည်း။ ဤသူငယ်ကား အတိုင်းအရှည်ကို မသိလေစွ"

ဤသို့ ရှင်အာနန္ဒာအား ရှင်မဟာကဿပက 'သူငယ်' ဟူသော စကားဖြင့် မောင်းမဲသည့်အကြောင်းကို ထုလ္လနန္ဒာမည်သော ဘိက္ခုနီကြားလျှင် "သာသနာပအယူရှိသူ တိတ္ထိဖြစ်ဖူးသော ရှင်မဟာကဿပသည် ရှင်အာနန္ဒာအား အဘယ်ကြောင့် ဤသို့ မောင်းမဲဘိသနည်း" ဟူ၍ မကျေနပ်သောစကားကို ပြောဆိုလေသည်။ ထိုသို့ပြောဆိုသည်ကို ရှင်မဟာကဿပ ကြားသော် ရှင်အာနန္ဒာကို ခေါ်၍ ဤသို့ မိန့်ကြားလေသည်။

"ငါ့ရှင်အာနန္ဒာ၊ ထုလ္လနန္ဒာဘိက္ခုနီသည် မစဉ်းစား မဆင်ခြင်မူ၍ အဆော တလျင် ပြောဆိုဘိ၏။ ငါသည် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သည့်အချိန်မှစ၍ မြတ်စွာဘုရားမှတပါး အခြားပုဂ္ဂိုလ်ကို ဆရာဟူ၍ မရည်ညွှန်းခဲ့ဖူးပေ။ ငါသည် လူ့ဘောင်၏ ကျဉ်းမြောင်းပုံကို စဉ်းစားမိသဖြင့် ပုဆိုးခေါင်းတို့ကို ဒုကုဋ်ပြု၍ လောက၌ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တို့ကို ရည်စူးကာ ရဟန်းပြုခဲ့၏။ ဤသို့ ရဟန်းပြု၍ ထွက်လာသောငါသည် ရာဇဂြိုဟ်နှင့် နာလန္ဒအကြားရှိ ဗဟုပုတ္တစေတီ၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ ထိုမြတ်စွာဘုရား၏ခြေတို့ကို ဦးခိုက်ကာ 'အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါသည်၊ တပည့်တော်သည် အရှင်ဘုရား၏ တပည့် ဖြစ်ပါသည်' ဟူ၍ လျှောက်ကြားခဲ့၏"

"ငါ့ရှင် အာနန္ဒာ၊ ထိုအခါမြတ်စွာဘုရားသည် ငါ့အား ဤသို့မိန့်ကြားခဲ့၏"

"ကဿပ၊ အကြင်သူသည် ဤသို့အလုံးစုံသော စိတ်နှင့် ပြည့်စုံသော တပည့်ကို¹ မသိမြင်ပဲလျက် သိမြင်၏ဟူ၍ ဆိုငြားအံ့၊ ထိုသူ၏ဦးခေါင်းသည် ပြုတ်ကျရာ၏။ ကဿပ၊ ငါသည်ကား သိမြင်သောကြောင့်သာလျှင် သိမြင်၏ဟူ၍ ဆိုခြင်းဖြစ်၏။ ကဿပ၊ ထို့ကြောင့် သင်သည် ဤသာသနာ၌ သီတင်းကြီး၊ သီတင်းငယ်၊ သီတင်းလတ် ရဟန်းအားလုံးတို့ အပေါ်ဝယ် အရှက်အကြောက်ကို ဖြစ်စေမည်ဟူ၍ ကျင့်ရမည်၊ ကုသိုလ်နှင့် စပ်သောတရားအားလုံးကို ဂရုစိုက်၍ နာယူမည်ဟူ၍ ကျင့်ရမည်၊ သုခနှင့် တကွဖြစ်သော ကာယဂတာသတိ မကင်းကွာရန် ကျင့်ရမည်"

"ငါ့ရှင်အာနန္ဒာ၊ မြတ်စွာဘုရားသည် ငါ့ကို ဤသို့ ဆုံးမရာနေရာမှထ၍ ကြွသွားတော်မူ၏။ ငါသည် ခုနစ်ရက်သာလျှင် ကိလေသာနှင့်တကွဖြစ်လျက် ပြည်သူတို့၏ ဆွမ်းကို စားခဲ့၏။ ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။ ငါ့ရှင်အာနန္ဒာ၊ လမ်းပေါ်မှ ဖဲ၍ တခုသောသစ်ပင်ရင်းသို့ ချဉ်းကပ်သော မြတ်စွာဘုရားအား ငါသည် ဒုကုဋ်သင်္ကန်းကို ခင်းပေး၏။ ကဿပ၊ သင်၏ သင်္ကန်းကား နူးညံ့လှပေ၏ ဟူ၍ မြတ်စွာဘုရားက မိန့်ကြားသောအခါ ဒုကုဋ်သင်္ကန်းကို အလှူခံရန် ငါက လျှောက်ထားခဲ့၏"

"ကဿပ၊ သင်သည် ငါဝတ်ရုံပြီးသော ပိုက်ဆံလျှော်သင်္ကန်းကို ဆောင်နိုင်ပါမည်လော"ဟူ၍ မြတ်စွာဘုရားက မိန့်ကြားရာ ငါက ဆောင်နိုင်ပါကြောင်း လျှောက်ကြားခဲ့၏။ ဤသို့ဖြင့် ငါသည် မိမိ၏ ပုဆိုးဟောင်းသင်္ကန်းကို မြတ်စွာဘုရားအား ကပ်လှူ၍ မြတ်စွာဘုရား၏ ပိုက်ဆံလျှော်သင်္ကန်းကို မိမိဆောင်ခဲ့၏"

"ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရား၏ရင်၌ ဖြစ်သော ဘုရားအမွေကို ခံ၍ယူသော သားတော်ဟူ၍ ပြောဆိုလိုသော် ငါ့ကိုသာ ရည်ညွှန်း၍ပြောဆိုရာ၏။ ငါ့ရှင် အာနန္ဒာ၊ ငါသည် စျာန်အဘိညာဏ်တို့ကို အလိုရှိသလောက်ဝင်စား၍ နေနိုင်၏။ ငါ၏အဘိညာဏ်ခြောက်ပါးကို ဖုံးကွယ်ရန် ကြံသူသည် ၇-တောင်သို့မဟုတ် ၇-တောင့်ထွာမျှရှိသော ဆင်ကောင်ကြီးကို ဖုံးကွယ်ရန်ကြံသူကဲ့သို့ ဖြစ်ဘိ၏"

ထုလ္လနန္ဒာဘိက္ခုနီကား သာသနာတော်မှ ရွေ့လျောသွားလေသည်။

---

၁။ "ဝေ သဗ္ဗစေတသာ သမန္နာဂတော ပသန္နစိတ္တော"ဟူသော အဋ္ဌကထာဖွင့်အရ "ဤမျှကြည်ညိုသော တပည့်ကို" ဟုလည်း ပြန်ဆိုနိုင်ပါသည်။

## ၁၂။ ပရံမရဏာသုတ်
## (သေပြီးနောက် ဖြစ်-မဖြစ် မေးခြင်း)

၁၅၅။ အခါတပါး၌ ရှင်မဟာ ကဿပနှင့် အရှင်သာရိပုတ္တရာတို့သည် ဗာရာဏသီပြည် မိဂဒါဝုန်တောသခင်း၌သီတင်းသုံးနေကြ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် အရှင်မဟာကဿပအား မေးမြန်း၏။

"ငါ့ရှင်ကဿပ၊ သတ္တဝါသည် သေပြီးနောက်၌ ဖြစ်ပါသလော"

"ငါ့ရှင်သာရိပုတ္တရာ၊ မြတ်စွာဘုရားသည် ဤသို့ မဟောပါ"

(သတ္တဝါသည် သေပြီးနောက် မဖြစ်သလော၊ ဖြစ်လည်းဖြစ်၊ မဖြစ်လည်း မဖြစ်သလော၊ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်သလောဟူသော မေးခွန်းများကိုလည်းနည်းတူ ဖြေကြား၏။)

"ငါ့ရှင်ကဿပ၊ အဘယ့်ကြောင့် မြတ်စွာဘုရားသည် ထိုအကြောင်းအရာများကို မဟောပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ထိုအကြောင်းများသည် အကျိုးစီးပွားနှင့် မစပ်၊ အကျင့်မြတ်၏ အဦးအစလည်းမဟုတ်၊ ဆင်းရဲ ငြိမ်းအေးရေး အတွက်လည်း အထောက်အကူ မဖြစ်သောကြောင့် မဟောခြင်း ဖြစ်ပါသည်"

"ငါ့ရှင်ကဿပ၊ သို့ဖြစ်သော် မြတ်စွာဘုရားသည် အဘယ်သို့ ဟောပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ မြတ်စွာဘုရားသည် ဤကား ဒုက္ခတည်း၊ ဤကား ဒုက္ခ ဖြစ်ကြောင်းတည်း၊ ဤကား ဒုက္ခချုပ်ရာတည်း၊ ဤကား ချုပ်ရာသို့ ရောက်ကြောင်းအကျင့်တည်း ဟူ၍ ဟောကြားပါသည်"

"ငါ့ရှင်ကဿပ၊ မြတ်စွာဘုရားသည် အဘယ့်ကြောင့် ထိုအကြောင်းများကို ဟောကြားပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ထိုအကြောင်းများသည် အကျိုးစီးပွားနှင့်စပ်၏။ အကျင့်မြတ်၏အဦးအစလည်းဖြစ်၏။ဒုက္ခငြိမ်းအေးခြင်း အလို့ငှာလည်း ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုအကြောင်းများကို ဟောကြားခြင်း ဖြစ်ပါသည်။"

## ၁၃။ သဒ္ဓမ္မပဋိရူပကသုတ်
## (သူတော်ကောင်းတရား အတုကြောင့် အစစ်ကွယ်ပုံ)

၁၅၆။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် အရှင်မဟာကဿပသည် ဗုဒ္ဓထံချဉ်းကပ်၍ မေးလျှောက်၏။

"အရှင်ဘုရား၊ ရှေးအခါက သိက္ခာပုဒ်တို့သည် အလွန်နည်းပါးပါသည်။ ရဟန်းတို့သည်ကား များစွာ အရဟတ္တဖိုလ်၌ တည်ခဲ့ကြပါသည်၊ ယခုအခါ၌ကား သိက္ခာပုဒ်တို့သည် အလွန် များပြားပါသည်။ ရဟန်းတို့သည်ကား အနည်းငယ်သာ အရဟတ္တဖိုလ်၌ တည်ကြပါသည်၊ ယင်းသို့ ဖြစ်ခြင်းမှာ အဘယ်အကြောင်းကြောင့်ပါနည်း"

"ကဿပ၊ သတ္တဝါတို့ ဆုတ်ယုတ်၍ သူတော်ကောင်းတရား ကွယ်သည် ရှိသော် ဤသို့ပင် ဖြစ်တတ်၏။ သိက္ခာပုဒ်တို့သည် များ၍၊ ရဟန်းတို့သည်ကား အနည်းငယ်သာ အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ ကဿပ၊ ဤလောက၌ တရားတု တရားယောင် မပေါ်သေးသမျှ ကာလပတ်လုံး သူတော်ကောင်း တရားသည်မကွယ်သေး၊ တရားတု တရားယောင် ပေါ်လာသော အခါ၌ကား သူတော်ကောင်းတရား ကွယ်ပခြင်းသည်ဖြစ်၏"

"ကဿပ၊ ဥပမာကား လောက၌ ရွှေတုမပေါ်မီ ရွှေစစ်သည် မကွယ်သကဲ့သို့ ဖြစ်၏။ ကဿပ၊ ပထဝီစသော ဓာတ်လေးပါးသည် သူတော်ကောင်း တရားကို မကွယ်စေနိုင်။ သူတော်ကောင်းတရားကို ကွယ်စေ နိုင်သည့် အချည်းနှီးသော ယောကျ်ားတို့သည် စင်စစ် ဤသာသနာ၌သာလျှင် ဖြစ်ပေါ်လာကုန်၏။ လှေသည် ဝန်ပြည့်ခြင်းကြောင့် နစ်မြုပ်သကဲ့သို့ ထို့အတူ (ပရိယတ္တိ စသည်ဖြင့် ပြည့်ခြင်းကြောင့်) သူတော်ကောင်းတရား၏ကွယ်ခြင်း သည် မဖြစ်"[၁]

"ကဿပ၊ အောက်သို့ သက်စေသော တရားငါးပါးတို့သည် သူတော်ကောင်းတရား မေ့မှိန်ကွယ်ပျောက်ခြင်းငှာ ဖြစ်ကုန်၏။ အဘယ်ငါးပါးတို့နည်းဆိုသော် - ဤသာသနာ၌ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့သည် မြတ်စွာဘုရား၌ ရိုသေခြင်းမရှိပဲ နေကြကုန်၏။ တရား၊ သံဃာ၊ အကျင့်သိက္ခာ၊ သမာဓိ တို့၌ ရိုသေခြင်းမရှိပဲ နေကြကုန်၏။ ဤတရားငါးပါးတို့သည် သူတော်ကောင်းတရား မေ့မှိန် ကွယ်ပခြင်းငှာ ဖြစ်ကုန်၏။

"ကဿပ၊ ထို့အတူ ဘုရား၌ ရိုသေစွာနေခြင်း၊ တရား၌ ရိုသေစွာ နေခြင်း စသော တရားငါးပါးတို့သည် သူတော်ကောင်းတရား မမေ့မှိန် မကွယ်ပခြင်းငှာ ဖြစ်ကုန်၏"

---

၁။ ပရိယတ္တိအာဒီနံ ပူရဏေန သဒ္ဓမ္မဿ အန္တရဓာနံ န ဟောတိ (အဋ္ဌကထာ)

# ၆။ လာဘသက္ကာရသံယုတ်

[ လာဘသက္ကာရနှင့်စပ်သော ဒေသနာကြီးချက်များ ]

## ၁။ ပဌမဝဂ်

### ၁။ ဒါရုဏသုတ်

[ လာဘသက္ကာရသည် ခက်ထန်ကြောင်း ]

၁၅၇။ ရဟန်းတို့၊ လာဘ သက္ကာရသည် [၁] ခက်ထန်၏၊ ထက်၏၊ ကြမ်းတမ်း၏၊ အမြတ်ဆုံးဖြစ်သော ယောဂလေးပါးကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဖြစ်ပေါ်လာသော လာဘသက္ကာရကို စွန့်နိုင်ရန်လည်းကောင်း၊ ယင်းတို့က လည်း မိမိတို့၏ ကုသိုလ်စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်စေရန်လည်း ကောင်း ကျင့်ကြံအားထုတ်ရမည်။

### ၂။ ဗဠိသသုတ်

[ ငါးများချိတ်နှင့်တူကြောင်း ]

၁၅၈။ ရဟန်းတို့၊ ဥပမာကား တံငါသည်တယောက်သည် အစာတပ်သော ငါးများချိတ်ကို နက်သောရေအိုင်၌ ပစ်ချရာ၏။ အစာကို မြင်သော ငါး သည် ငါးများချိတ်ကိုမျိုရာ၏။ ယင်းသို့ ငါးများချိတ်ကို မျိုမိသော ငါး

---

၁။ လာဘ-ပစ္စည်းလေးပါးကို ရခြင်း၊ သက္ကာရ- ပစ္စည်းလေးပါးဖြင့် ပူဇော် ဂုဏ်ပြုခံရခြင်း၊ သိလောက- ဂုဏ်သတင်းကျော်စောခြင်းသုံးမျိုးကို လွယ်ကူ စေရန် 'လာဘသက္ကာရ'ဟုပင် ပြန်ဆိုလိုက်ပါသည်။

သည် ဆင်းရဲခြင်းသို့ ရောက်ရ၏။ တံငါသည် အလိုရှိတိုင်း ပြုလုပ်ခြင်း ခံရရာ၏၊

ရဟန်းတို့ ဤဥပမာ၌ တံငါသည်ဟူသည် ယုတ်မာသော ကိလေသာမာရ်ကို ဆိုလိုခြင်းဖြစ်၏။ ငါးမျှားချိတ်ဟူသည် လာဘ သက္ကာရကို ဆိုလိုခြင်း ဖြစ်၏။ ရဟန်းတို့ ဖြစ်ပေါ်လာသော လာဘသက္ကာရကို သာယာသော ရဟန်း၊ အလိုရှိသော ရဟန်းသည် ကိလေသာမာရ် တည်းဟူသော ငါးမျှားချိတ်၌မိလျက် ကိလေသာမာရ်၏အလိုရှိတိုင်း ပြုလုပ်ခြင်းကိုခံရရာ၏။ ရဟန်းတို့ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏၊ ထက်၏၊ ကြမ်းတမ်း၏။

## ၃။ ကုမ္မသုတ်

### [မိုန်းယိုးခံရသော လိပ်နှင့် တူသောရဟန်း]

၁၅၉။ ရဟန်းတို့ ရှေး၌ဖြစ်ဖူးသည်ကား တခုသော ရေအိုင်၌ လိပ်ကြီးမျိုးတစုနေခဲ့၏။ ထိုအခါလိပ်တကောင်သည် အခြားလိပ်များက မသွားရန် တားမြစ်သောအရပ်ကိုသွား၏။ ထိုလိပ်သည် မုဆိုး၏ ကြိုးရှည်ရှည်တပ်ထားသောမိုန်းဖြင့် ထိုးပစ်ခြင်းကိုခံရလေသည်။ အခြားသောလိပ်တို့သည်ကြိုးတန်းလန်းဖြင့်လာသော ထိုလိပ်ကိုမြင်လျှင် "အချင်းလိပ်၊သင်သည် မိုန်းဖြင့် ထိုးမိနေ၏။ သေတော့မည်၊ အချင်းလိပ်၊ သင်၏အဖ၊ သင်၏ အမိတို့ သည်လည်း ဤမိုန်းကြိုးဖြင့်ပင် ပျက်စီးခြင်းသို့ရောက်ခဲ့ကြကုန်၏။ ယခုသင်သွားပေတော့။ ယခုသင်သည် ငါတို့ အပေါင်းအဖော် မဟုတ်တော့ချေ" ဟူ၍ ပြောဆိုရကြကုန်၏။

ရဟန်းတို့၊ ဤဥပမာ၌ မုဆိုးဟူသည် ယုတ်မာသော ကိလေသာမာရ်ကို ဆိုလိုခြင်းဖြစ်၏။ ကြိုးရှည်ရှည် တပ်သော မိုန်းဟူသည် လာဘသက္ကာရကို ဆိုလိုခြင်းဖြစ်၏။ ကြိုးဟူသည် နှစ်သက် စွဲမက်ခြင်းကို ဆိုလိုခြင်း ဖြစ်၏။ ရဟန်းတို့၊ ဖြစ်ပေါ်လာသော လာဘသက္ကာရကို သာယာသောရဟန်း၊ အလိုရှိသောရဟန်းကို လာဘသက္ကာရ ဟူသော မိုန်းဖြင့်စူးဝင်အပ်သည်ဖြစ်၍ကိလေသာမာရ်၏ အလိုရှိတိုင်း ပြုလုပ်ခြင်းခံရသော ရဟန်းဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏။ ထက်၏၊ ကြမ်းတမ်း၏။

## ၄။ ဒီဃလောမိကသုတ်

[အမွေးရှည်သော သိုးနှင့်တူသောရဟန်း]

၁၆၀။ ရဟန်းတို့၊ ဥပမာကား ရှည်သော အမွေးရှိသော သိုးသည် ဆူးချုံသို့ ဝင်သည်ရှိသော် ထိုထိုအရပ်၌ ငြိကပ် ဖွဲ့နှောင်မိသဖြင့် ဆင်းရဲခြင်းသို့ ရောက်ရာသကဲ့သို့ ထို့အတူ ဤသာသနာ၌ အချို့သော ရဟန်းသည် လာဘသက္ကာရဖြင့် လွှမ်းမိုးဆွဲငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ရွာနိဂုံးသို့ ဆွမ်းအလို့ငှာ ဝင်သည်ရှိသော် ထိုထိုအရပ်၌ ကပ်ငြိ ဖွဲ့နှောင်မိသဖြင့် ပျက်စီးခြင်းသို့ ရောက်၏။ ရဟန်းတို့၊ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏။ ထက်၏၊ ကြမ်းတမ်း၏။

## ၅။ မိဠှကသုတ်

[မစင်ပိုးနှင့်တူသောရဟန်း]

၁၆၁။ ရဟန်းတို့၊ ဥပမာကား ကျင်ကြီးကို စားသော မစင်ပိုးသည် "ငါကား မစင်ကို အဝစားထားပြီး ဖြစ်သည့်ပြင် ငါ၏ ရှေ့၌လည်း များစွာသော မစင်ရှိ၏" ဟူ၍ တပါးသော မစင်ပိုးတို့ကို မထီမဲ့မြင် ပြုသကဲ့သို့၊ ထို့အတူ ဤသာသနာ၌ အချို့သောရဟန်းသည် လာဘသက္ကာရ လွှမ်းမိုး ဆွဲငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ရွာနိဂုံးသို့ ဆွမ်းခံဝင်သည် ရှိသော်၊ အရှိလိုတိုင်း စား၍ သပိတ်၌လည်း ဆွမ်းအပြည့်ရသည့်ပြင် နောက်နေ့အတွက်လည်း ပင့်ဖိတ်ခြင်းခံရ၏။ ထိုရဟန်းသည် ကျောင်းသို့ ရောက်သောအခါ မိမိကဲ့သို့ ပစ္စည်းလေးပါးကို မရသော ရဟန်းတို့အား 'ဘုန်းကံနည်းသူများဖြစ်သည်' ဟူ၍ မထီမဲ့မြင်ပြု၏။ ရဟန်းတို့၊ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏။ ထက်၏၊ ကြမ်းတမ်း၏။

## ၆။ အသနိသုတ်

[လာဘသက္ကာရသည် မိုးကြိုးသွားနှင့်တူကြောင်း]

၁၆၂။ ရဟန်းတို့၊ မိုးကြိုးသွားသည် အဘယ်ပုဂ္ဂိုလ်သို့ ကျရောက်သနည်း ဆိုသော် အရဟတ္တဖိုလ်ကို မရသေးသော သေက္ခပုဂ္ဂိုလ်သို့ ကျရောက်၏။ ရဟန်းတို့ ဤ၌ ကြိုးသွားဟူသည် လာဘသက္ကာရကို ဆိုလိုခြင်းဖြစ်၏။

## ၇။ ဒိဒသုတ်

[အဆိပ်လူးမြားနှင့်တူကြောင်း]

၁၆၃။ ရဟန်းတို့၊ အဆိပ်လူးသောမြားဖြင့် အဘယ်သူသည် စူးဝင်အပ် သနည်းဆိုသော် အရဟတ္တဖိုလ်ကို မရသေးသော သေက္ခ ပုဂ္ဂိုလ်သည် စူးဝင်အပ်၏။ ရဟန်းတို့၊ ဤ၌ အဆိပ်လူးမြား ဟူသည် လာဘသက္ကာရကို ဆိုလိုခြင်းဖြစ်၏။

## ၈။ သိင်္ဂါလသုတ်

[ဝဲစွဲသောမြေခွေးနှင့်တူသူ]

၁၆၄။ ရဟန်းတို့၊ ဥပမာကား ဝဲနာရောဂါ စွဲကပ်နေသော မြေခွေး အိုသည် တွင်းထဲ၌လည်းကောင်း၊ သစ်ပင်ရင်း၊ လှင်တီးခေါင်စသော အရပ် တို့၌လည်းကောင်း မပျော်မွေ့နိုင်သကဲ့သို့၊ ထို့အတူ ဤသာသနာ၌ လာဘ သက္ကာရဖြင့် လွှမ်းမိုးဆွဲငင်အပ်သော စိတ်ရှိသော ရဟန်းသည် သစ်ပင်ရင်း၊ လှင်တီးခေါင်စသည့် ဆိတ်ငြိမ်ရာ အရပ်တို့၌ မပျော်မွေ့နိုင်၊ ရောက်ရာ အရပ်၌ အကျိုးမဲ့ပျက်စီးခြင်းသို့သာ ရောက်ရ၏။

## ၉။ ဝေရမ္ဘသုတ်

[ဝေရမ္ဘလေဖြင့် မျောပါသောငှက်နှင့်တူသူ]

၁၆၅။ ရဟန်းတို့၊ ဥပမာကား အထက်ကောင်းကင်၌ ဝေရမ္ဘ မည်သော လေတို့သည် တိုက်ခတ်ကုန်၏၊ ထိုဝေရမ္ဘလေ တိုက်ရာအရပ်သို့ သွားသော ငှက်သည် ထိုလေတိုက်ခတ် သဖြင့် ခြေတခြား၊ ခေါင်းတခြား၊ တောင်ပံ တခြား လွင့်ပါသွားရာ၏။ ရဟန်းတို့၊ ထို့အတူပင် ဤသာသနာ၌ အချို့ သော ရဟန်းသည် လာဘသက္ကာရဖြင့် လွှမ်းမိုး ဆွဲငင်အပ်သော စိတ်ရှိသည် ဖြစ်၍ ကိုယ်နှုတ်စိတ်ကိုမစောင့်၊ ဣန္ဒြေတို့ကို မထိန်းပဲ သတိကင်းမဲ့စွာဖြင့် ရွာ နိဂုံးသို့ ဆွမ်းအလို့ငှာ ဝင်၏။ ထိုရဟန်းသည် မလုံမလဲ ဝတ်ဆင်ထားသော မာတုဂါမကိုမြင်သော် ရာဂနှိပ်စက်ခြင်း ခံရသည်ဖြစ်၍ လူထွက်၏။ ယင်းသို့ လူထွက်သောရဟန်း၏ သပိတ် သင်္ကန်း စသော ပရိက္ခရာတို့ကို တပါးသော ရဟန်းတို့သည် အသီးအသီး ယူဆောင်သွားကြလေသည်။ ရဟန်းတို့၊ ဤသို့ လျှင် လာဘသက္ကာရသည် ခက်ထန်၏။ ထက်၏၊ ကြမ်းတမ်း၏။

## ၁၀။ သဂါထာကသုတ်

[ဂါထာနှင့်တကွ ဟောကြားခြင်း]

၁၆၆။ ရဟန်းတို့၊ ငါသည် လာဘသက္ကာရဖြင့် လွှမ်းမိုးခြင်း ခံရသည်ဖြစ်၍ သေသည့်အခါ အပါယ်ငရဲသို့ကျရောက်သောပုဂ္ဂိုလ်ကိုလည်းကောင်း၊ လာဘသက္ကာရမရခြင်းဖြင့် လွှမ်းမိုးခြင်းခံရသည်ဖြစ်၍ အပါယ်ငရဲသို့ ကျရောက်သော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ လာဘသက္ကာရကို ရခြင်း မရခြင်း နှစ်ပါးစုံ လွှမ်းမိုးခြင်းခံရသည်ဖြစ်၍ အပါယ်ငရဲသို့ကျရောက်သော ပုဂ္ဂိုလ်ကိုလည်းကောင်း မြင်ရ၏။ ရဟန်းတို့၊ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏။ ထက်၏။ ကြမ်းတမ်း၏။

ထို့နောက် ဗုဒ္ဓသည် အောက်ပါ ဂါထာတို့ကို ဟောကြားတော်မူ၏။

အပိုင်းအခြားမရှိသော ဖလသမာပတ်ဖြင့် နေလေ့ရှိသော အကြင်ပုဂ္ဂိုလ်၏ သမာဓိသည် ပူဇော်ခြင်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ မတုန်လှုပ်။ ချာန်ဝင်စားလေ့ရှိသော၊ အမြဲမပြတ် သတိဖြင့် ပြုလေ့ရှိသော၊ သိမ်မွေ့သောဉာဏ်ဖြင့် ကောင်းစွာရှုလေ့ရှိသော၊ စွဲလမ်းခြင်းကုန်ရာ၌ မွေ့လျော်တတ်သော ထိုပုဂ္ဂိုလ်ကို သူတော်ကောင်းဟူ၍ ဆိုကုန်၏။

## ၂။ ဒုတိယဝဂ်

## ၁။ သုဝဏ္ဏပါတိသုတ်

[ရွှေခွက်ကြောင့်ပင် မုသားမဆိုသူ]

၁၆၇။ ရဟန်းတို့၊ ငါသည် အချို့သော ပုဂ္ဂိုလ်ကို 'ဤသူကားငွေမှုန့်တို့ဖြင့် ပြည့်သည့် ရွှေခွက်ဟူသောအကြောင်းကြောင့်သော်လည်း မုသားစကားကို မဆို' ဟူ၍ စိတ်ဖြင့်ပိုင်းခြားသိ၏။ တပါးသောအခါ၌ ထိုသူသည် လာဘသက္ကာရ လွှမ်းမိုးခြင်းခံရသည် ဖြစ်၍ မုသားစကား ပြောဆိုနေသည်ကို ငါ မြင်ရ၏။ ရဟန်းတို့၊ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏။ထက်၏။ ကြမ်းတမ်း၏။

## ၂။ ရူပိယပါတိသုတ်

[ငွေခွက်ကြောင့်ပင် မုသားမဆိုသူ]

၁၆၇။ ရဟန်းတို့၊ ငါသည် အချို့သောပုဂ္ဂိုလ်ကို ရွှေမှုန့်တို့ဖြင့်ပြည့်သည့် ငွေခွက်ဟူသော အကြောင်းကြောင့်သော်လည်း မုသားစကားကိုမဆိုဟု စိတ်ဖြင့် ပိုင်းခြားသိ၏၊ တပါးသောအခါ၌ ထိုသူသည် လာဘသက္ကာရဖြင့် လွှမ်းမိုးခြင်း ခံရသည်ဖြစ်၍ မုသားစကားပြောဆိုနေသည်ကို ငါမြင်ရ၏။ ရဟန်းတို့ ဤသို့လျှင် လာဘသက္ကာရသည် ခက်ထန်၏။ ထက်၏။ ကြမ်းတမ်း၏။

၁၆၈။ သုဝဏ္ဏနိက္ခသုတ် စသည်တို့၌ ရွှေစင်တနိက္ခ၊ ရွှေစင်နိက္ခတရာ၊ သိင်္ဂီနိက်ရွှေတနိက္ခ၊ သိင်္ဂီနိက်ရွှေ နိက္ခတရာ၊ ရွှေဖြင့်ပြည့်သော မဟာပထဝီမြေကြီး၊ တစုံတခုသောအာမိသ၊အသက်၊ ဇနပုဒ်အလှမယ်(ဇနပဒကလျာဏီ) ဟူသော အကြောင်းတို့ကြောင့် မုသားမဆိုသူများသည်ပင် လာဘသက္ကာရကြောင့် မုသားဆိုသည်ကို တွေ့မြင်ရကြောင်းဟောသည်။

## ၃။ တတိယဝဂ်

## ၁။ မာတုဂါမသုတ်

[မာတုဂါမထက်ပင် ဆွဲဆောင်နိုင်ကြောင်း]

၁၇၀။ ရဟန်းတို့၊ အကြင်ရဟန်း၏စိတ်ကို မာတုဂါမသည် သိမ်းကျုံးဆွဲငင်၍မတည်နိုင်၊ ထိုရဟန်း၏စိတ်ကို လာဘသက္ကာရသည် သိမ်းဆွဲကျုံးငင်၍ တည်နိုင်၏။

## ၂။ ကလျာဏီသုတ်

[ဇနပုဒ်အလှမယ်ထက်ပင်ဆွဲဆောင်နိုင်ပုံ]

၁၇၁။ ရဟန်းတို့၊ အကြင်ရဟန်း၏စိတ်ကို ဇနပုဒ် အလှမယ်သည် သိမ်းကျုံးဆွဲငင်၍ မတည်နိုင်၊ ထိုရဟန်း၏စိတ်ကို လာဘသက္ကာရသည် သိမ်းကျုံးဆွဲငင်၍တည်နိုင်၏။

## ၃။ ဧကပုတ္တကသုတ်

### [တယောက်တည်းသောသားအား တောင်းပန်မှု]

၁၇၂။ ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည် မိမိချစ်သည့် တယောက်တည်းသောသားကို ကောင်းစွာ တောင်းပန်လိုသည် ရှိသော် 'ချစ်သား၊ သင်သည် စိတ္တသူကြွယ် ဟတ္ထကအာဠဝကသူကြွယ်တို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလော'ဟု တောင်းပန်ရာ၏။ ရဟန်းတို့၊ စိတ္တနှင့် ဟတ္ထကအာဠဝကတို့သည် ငါ၏တပည့် ဥပါသကာတို့တွင် စံထားထိုက်သူများဖြစ်၏။ 'ချစ်သား၊ အကယ်၍ သင်သည် ရဟန်းပြုခဲ့သော် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့နှင့်တူသော သဘောရှိသူဖြစ်ပါလော'ဟုတောင်းပန်ရာ၏။ 'ချစ်သား အရဟတ္တဖိုလ်သို့ မရောက်သေး၍ သေက္ခမျှသာဖြစ်သော သင့်ကို လာဘသက္ကာရသည် မကျရောက်ပါစေလင့်' ဟု တောင်းပန်ရာ၏။ ရဟန်းတို့၊ သေက္ခမျှသာ ဖြစ်သော ရဟန်းကို လာဘသက္ကာရ ကျရောက်သည် ရှိသော် ယင်းလာဘသက္ကာရသည် ထိုရဟန်းအား အန္တရာယ်ပြုခြင်းငှာ ဖြစ်၏။ ရဟန်းတို့၊ လာဘသက္ကာရသည် ဤမျှခက်ထန်၏။

## ၄။ ဧကဓီတုသုတ်

### [တယောက်တည်းသော သမီးအား တောင်းပန်ပုံ]

၁၇၃။ ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည် မိမိချစ်အပ်သည့် တယောက်တည်းသောသမီးကို ကောင်းစွာ တောင်းပန်လိုသည်ရှိသော် 'ချစ်သမီး၊ သင်သည် ခုဇ္ဇုတ္တရာ ဥပါသိကာမ၊ ဝေဠုကဏ္ဍကီ ဥပါသိကာမ တို့နှင့် တူသောသဘောရှိသူ ဖြစ်ပါသလော'ဟု တောင်းပန်ရာ၏။ ရဟန်းတို့၊ ထိုဥပါသိကာမ နှစ်ယောက်တို့သည် ငါ၏တပည့် ဥပါသိကာမတို့တွင် စံထားနိုင်ထိုက်သူများ ဖြစ်၏။ 'ချစ်သမီး အကယ်၍ သင်သည် ရဟန်းပြုခဲ့သော် ခေမာ၊ ဥပ္ပလဝဏ် တို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလော' ဟု တောင်းပန်ရာ၏။ ရဟန်းတို့၊ ထိုဘိက္ခုနီ နှစ်ယောက်တို့သည် ငါ၏တပည့် ဘိက္ခုနီတို့တွင် စံထားထိုက်သူများဖြစ်၏။

'ချစ်သမီး၊ အရဟတ္တဖိုလ်သို့ မရောက်သေး၍ သေက္ခသာဖြစ်သော သင့်ကို လာဘသက္ကာရသည် မကျရောက်ပါစေလင့်'ဟု တောင်းပန်ရာ၏။ ရဟန်းတို့၊ သေက္ခမျှ ဖြစ်သော ဘိက္ခုနီကို လာဘသက္ကာရ ကျရောက်သည်ရှိသော်

ထိုလာဘသက္ကာရသည် ထိုဘိက္ခုနီအား အန္တရာယ်ပြုခြင်းငှာ ဖြစ်၏။ ရဟန်းတို့၊ လာဘသက္ကာရသည် ဤမျှခက်ထန်၏။

## ၅။ သမဏ ဗြာဟ္မဏသုတ်

[ရဟန်း၊ ပုဏ္ဏားမဟုတ်သူ]

၁၇၄။ ရဟန်းတို့ လာဘသက္ကာရ၏ သာယာဖွယ်အဖြစ် ထွက်မြောက်ရာတို့ကိုဟုတ်တိုင်းမှန်စွာ မသိသူကို စင်စစ် ရဟန်းပုဏ္ဏားဟူ၍ မဆိုအပ်၊ ထိုသူတို့သည် ရဟန်းပုဏ္ဏားပြုခြင်း၏အကျိုးကို မျက်မှောက်ဘဝ၌ ကိုယ်တိုင်ဉာဏ်ထူးဖြင့် သိ၍ မျက်မှောက်ပြုကာ မနေနိုင်ကြကုန်၊ လာဘသက္ကာရ၏ သာယာဖွယ် အဖြစ် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်း မှန်စွာ သိသူကိုသာလျှင် စင်စစ် ရဟန်း ပုဏ္ဏားဟူ၍ သမုတ်အပ်ကုန်၏။ ထိုသူတို့သည်သာလျှင် ရဟန်းပုဏ္ဏားပြုခြင်း၏အကျိုးကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ပြုကာ ရောက်၍နေနိုင်ကုန်၏။

၁၇၅။ ဒုတိယသမဏဗြာဟ္မဏသုတ်၌ လာဘသက္ကာရ၏ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်အဖြစ်နှင့် ထွက်မြောက်ရာတို့ကို မသိသူကို ရဟန်း ပုဏ္ဏားဟု မဆိုအပ်ကြောင်း ဟောကြားသည်။

၁၇၆။ တတိယ သမဏ ဗြာဟ္မဏသုတ်၌လာဘသက္ကာရကိုလည်းကောင်း၊ လာဘသက္ကာရ၏ ဖြစ်ကြောင်း၊ လာဘသက္ကာရ၏ ချုပ်ရာ။ ထိုချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း မသိသူကို ရဟန်းပုဏ္ဏားဟု မဆိုအပ်ကြောင်း ဟောကြားသည်။

၁၇၇။ ဆဝိသုတ်၌ လာဘသက္ကာရသည် ခက်ထန်ကြောင်း။ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတိုင်အောင် ထိ၍တည်ကြောင်း ဟောသည်။

## ၉။ ရင္ဟသုတ်

### [သားမြီးကြိုးနှင့် တူကြောင်း]

၁၇၈။ ရဟန်းတို့၊ ဥပမာကား အားကောင်းသော ယောကျ်ားသည် ခိုင်လုံစွာသော သားမြီးကြိုးဖြင့် ခြေသလုံးကို ရစ်ပတ်လျက် ပွတ်တိုက်ခဲ့သော် ထိုသားမြီးကြိုးသည် အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို ဖြတ်၍ ရိုးတွင်းခြင်ဆီတိုင်အောင် ထိလျက်တည်သကဲ့သို့ ထို့အတူ လာဘသက္ကာရသည် အရေပါး၊ အရေထူ စသည်တို့ကို ဖြတ်၍ ရိုးတွင်းခြင်ဆီတိုင်အောင် ထိလျက်တည်၏။

## ၁၀။ ဘိက္ခုသုတ်

### [ရဟန္တာကိုပင် အန္တရာယ်ပြုနိုင်ကြောင်း]

၁၇၉။ 'ရဟန်းတို့၊ လာဘသက္ကာရသည် အာသဝေါ ကုန်ပြီးသော ရဟန္တာအားသော်လည်း အန္တရာယ်ပြုနိုင်၏' ဟု ဗုဒ္ဓက မိန့်တော်မူရာ ရှင်အာနန္ဒာက 'ရဟန္တာအား မည်သို့ အန္တရာယ်ပြုနိုင်ပါသနည်း' ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက ဤသို့ ဖြေကြားတော်မူ၏။

"အာနန္ဒာ၊ လာဘသက္ကာရသည် ရဟန္တာ၏ အရဟတ္တဖိုလ် သမာဓိကို အန္တရာယ်ပြုနိုင်၏ဟု ငါမဆို၊ ရဟန္တာသည် ရအပ်သော မျက်မှောက်ဘဝ၌ (ဖလသမာပတ်ဖြင့်) ချမ်းသာစွာနေခြင်းကို အန္တရာယ်ပြုနိုင်၏ ဟု ငါဆို၏"

## ၄။ စတုတ္ထဝဂ်

၁၈၀။ ဘိန္ဒိသုတ်၌ လာဘသက္ကာရသည် ခက်ထန်ကြောင်း။ ဒေဝဒတ်သည် လာဘသက္ကာရ လွှမ်းမိုးဆွဲငင်ခြင်းခံရသော စိတ်ရှိသည်ဖြစ်၍ သံဃာကို သင်းခွဲခဲ့ကြောင်း ဟောသည်။

၁၈၁။ ကုသလမူလသုတ်၌ လာဘသက္ကာရသည် ခက်ထန်ကြောင်း။ လာဘသက္ကာရ လွှမ်းမိုးဆွဲငင်ခြင်းခံရသော စိတ်ရှိသူဖြစ်၍ ဒေဝဒတ်အား ကုသိုလ်မူလသည် ပြတ်ခြင်းသို့ ရောက်ခဲ့ကြောင်း ဟောသည်။

၁၀၂။ ကုသလဓမ္မသုတ်၌ လာဘသက္ကာရသည် ခက်ထန်ကြောင်း။ လာဘသက္ကာရလွှမ်းမိုးဆွဲငင်ခြင်း ခံရသောစိတ်ရှိသည်ဖြစ်၍ ဒေဝဒတ်အား ကုသိုလ်တရားသည် ပြတ်ခြင်းသို့ ရောက်ခဲ့ကြောင်း ဟောသည်။

၁၀၃။ သုက္ကဓမ္မသုတ်၌ လာဘသက္ကာရသည် ခက်ထန်ကြောင်း။ လာဘသက္ကာရလွှမ်းမိုးဆွဲငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ဒေဝဒတ်အား ဖြူစင်သောတရားသည် ပြတ်ခြင်းသို့ ရောက်ခဲ့ကြောင်း ဟောသည်။

## ၅။ အစိရပက္ကန္တသုတ်

[ဒေဝဒတ်ထွက်သွားစတွင် မိန့်ကြားချက်]

၁၀၄။ ဗုဒ္ဓမြတ်စွာသည် ဒေဝဒတ် သင်းခွဲထွက်သွား၍ မကြာမီ ဤသို့ မိန့်ကြားတော်မူ၏။ "ရဟန်းတို့၊ ငှက်ပျောပင်၊ ဝါးပင်၊ ကျူပင်တို့သည် မိမိကိုယ် မိမိသတ်ခြင်းငှာ အသီးကို သီးကုန်သကဲ့သို့လည်းကောင်း၊ အဿတိုရ်မြည်းမသည် မိမိကိုယ် မိမိ သတ်ခြင်းငှာ ကိုယ်ဝန်ကို ယူသကဲ့သို့လည်းကောင်း ထို့အတူပင် ဒေဝဒတ်အား မိမိကိုယ် မိမိ သတ်ခြင်းငှာ၊ မိမိကိုယ် မိမိ ပျက်စီးစေခြင်းငှာ လာဘသက္ကာရသည် ဖြစ်ပေ၏"

## ၆။ ပဉ္စရထသတသုတ်

[ရထားငါးရာဖြင့် ဒေဝဒတ်အားဆည်းကပ်သူ]

၁၀၅။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် အဇာတသတ်မင်းသားသည် ရထားငါးရာတို့ဖြင့် ညတိုင်း နံနက်တိုင်း ဒေဝဒတ်အား ဆည်းကပ်ချန်သွား၏။ ဆွမ်းအိုးငါးရာတို့ကိုလည်း ပို့၏။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ကြားသောအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် ဒေဝဒတ်၏ လာဘသက္ကာရကို မတောင့်တကြကုန်လင့်၊ အဇာတသတ်မင်းသားသည် ဒေဝဒတ်အား ရထားငါးရာတို့ဖြင့် ညဉ့်တိုင်း နံနက်တိုင်း ဆည်းကပ်ခြင်း၊ ထမင်းအိုးငါးရာ ပို့ခြင်းပြုသမျှကာလပတ်လုံး ဒေဝဒတ်အား ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာ

မျှော်လင့်အပ်၏။ တိုးပွားခြင်းကို မမျှော်လင့်အပ်။ ရဟန်းတို့၊ ဥပမာကား ကြမ်းတမ်းသောခွေး၏ နှာခေါင်း၌ ငါးစသည်တို့၏ သည်းခြေကိုထည့်သည် ရှိသော် ပို၍ကြမ်းတမ်းသကဲ့သို့ ဖြစ်၏။

၁၀၆။ မာတုသုတ်၌ လာဘသက္ကာရသည် ခက်ထန်ကြောင်း။ မိခင် ဟူသော အကြောင်းကြောင့်ပင် မုသားစကားကို မဆိုသူသည် တပါးသော အခါ၌ လာဘသက္ကာရ လွှမ်းမိုးခြင်းခံရသည်ဖြစ်၍ မုသားစကားကို ဆိုသည် ကို တွေ့မြင်ရကြောင်း ဟောသည်။

၁၀၇။ ပိတုသုတ်စသည်တို့၌ ဖခင်၊ အစ်ကို၊ နှမ၊ သား၊ သမီး၊ မယား ဟူ သော အကြောင်းများကြောင့် မုသားမဆိုသူတို့သည် လာဘသက္ကာရ လွှမ်း မိုး၍ မုသားဆိုသည်ကို တွေ့မြင်ရကြောင်း ဟောသည်။

# ၇။ ရာဟုလသံယုတ်

[ရှင်ရာဟုလာနှင့်စပ်သော ဟောကြားချက်များ]

## ၁။ ပထမဝဂ်

### ၁။ စက္ခုသုတ်

[မျက်စိသည် မမြဲစသည်ဖြင့် ဟောခြင်း]

၁ဂဂ။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ရှင်ရာဟုလာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့လျှောက်၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါ။ တပည့်တော်သည်ယင်းတရားကိုနာပြီး ဆိတ်ငြိမ်ရာ၌ တပါးတည်းနေလျက်အားထုတ်ပါအံ့"

ထိုအခါ ဗုဒ္ဓက အောက်ပါတရားကို ဟောကြားတော်မူ၏။

"ရာဟုလာ၊ သင် မည်သို့ထင်သနည်း၊ စက္ခုပသာဒသည် မြဲသလော၊ မမြဲသလော"

"အရှင်ဘုရား၊ စက္ခုပသာဒသည် မမြဲပါ"

"မမြဲသော စက္ခုပသာဒသည် ဆင်းရဲလော၊ ချမ်းသာလော"

"အရှင်ဘုရား၊ မမြဲသော စက္ခုပသာဒသည် ဆင်းရဲပါသည်"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော စက္ခုပသာဒကို ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လော"

"အရှင်ဘုရား ဤသို့ရှုခြင်းငှာ မသင့်ပါ"

(သောတပသာဒစသည်တို့၌ နည်းတူဟော၏)

ရာဟုလာ၊ ဤသို့သိမြင်သော အကြားအမြင်နှင့်ပြည့်စုံသည့် အရိယာတပည့်သည် စက္ခုပသာဒ၌ ငြီးငွေ့၏။ သောတပသာဒစသည်တို့၌လည်း ငြီး

ငြီးငွေ့၏။ ငြီးငွေ့သည်ရှိသော် တပ်စွန်းခြင်းကင်း၏။ တပ်စွန်းခြင်း ကင်းသည်ရှိသော် ကိလေသာမှလွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သည်ရှိသော် လွတ်မြောက်ပြီဟူသောအသိဉာဏ်ဖြစ်၏။ ဘဝအသစ်ဖြစ်ခြင်းကုန်ပြီ။ အကျင့်မြတ်ကို ကျင့်ပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ တပါးသောပြုဖွယ် မရှိတော့ပြီဟုလည်း သိမြင်လေ၏။

၁၈၉-၁၉၇။ ရူပါရုံစသော အာရုံခြောက်ပါး၊ စက္ခုဝိညာဏ် စသော ဝိညာဏ်ခြောက်ပါး၊ စက္ခုသမ္ဖဿစသော ဖဿ ၆ ပါး၊ စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာစသော ဝေဒနာ ၆ ပါး၊ အဆင်း၌မှတ်သားခြင်း ရူပသညာစသော သညာ ၆ ပါး၊ အဆင်း၌ စေ့ဆော်ခြင်း ရူပသဉ္စေတနာစသော စေတနာ ၆ ပါး၊ အဆင်း၌ တပ်မက်ခြင်း ရူပတဏှာ စသော တဏှာ ၆ ပါး၊ ပထဝီစသော ဓာတ်လေးပါး၊ ရူပက္ခန္ဓာ စသော ခန္ဓာ ငါးပါးတို့၏ မမြဲပုံကို အထက်သုတ်နည်းတူ ဟောကြားသည်။

၁၉၈—၁၉၉။ ဒုတိယဝဂ်မှ ပထမ(၁၀)သုတ်မှာလည်း ပထမဝဂ်ကသုတ်များအတိုင်းပင် ဖြစ်၏။ ရှင်ရာဟုလာက မမေးလျှောက်ပဲ မြတ်စွာဘုရားက ဟောကြားခြင်းမျှသာထူး၏။

## ၁၁။ အနုသယသုတ်

### [အနုသယမဖြစ်ပုံကိုဟောခြင်း]

၂၀၀။ ရှင်ရာဟုလာက ဗုဒ္ဓအား မေးလျှောက်၏။

“အရှင်ဘုရား အဘယ်သို့ သိမြင်သူအား ဝိညာဏ်နှင့်တကွဖြစ်သော ဤကိုယ်၌လည်းကောင်း၊ ဗဟိဒ္ဓနိမိတ်အာရုံ ဟူသမျှတို့၌လည်းကောင်း၊ ငါ၊ ငါ့ဟာဟုစွဲယူခြင်း၊ ထောင်လွှားခြင်း အနုသယတို့သည်[၁] မဖြစ်ကုန်သနည်း”

ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

---

၁။ အဟံကာရ မမံကာရ မာနာနုသယာတိ အဟံကာရဒိဋ္ဌိစ၊ မမံကာရ တဏှာစ၊ မာနာနုသယာစ-အဋ္ဌကထာ။

"ရာဟုလာ၊ ရုပ်၊ဝေဒနာစသော ခန္ဓာငါးပါးတို့၌ ငါ့ဟာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ် မဟုတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်သောသူ အား ဝိညာဏ်နှင့်တကွဖြစ်သော ဤကိုယ်၌လည်းကောင်း၊ ဗဟိဒ္ဓနိမိတ်အာရုံ ဟူသမျှတို့၌လည်းကောင်း ငါ၊ ငါ့ဟာဟု စွဲယူခြင်း၊ ထောင်လွှားခြင်း အနု သယ တို့သည် မဖြစ်ကုန်"

## ၁၂။ အပဂတသုတ်

## [အနုသယကင်းသော စိတ်ဖြစ်ပုံကိုဟောခြင်း]

၂၀၁။ ရှင်ရာဟုလာက ဗုဒ္ဓအား မေးလျှောက်၏။

"အရှင်ဘုရား၊ အဘယ်သို့သိမြင်သူအား ဝိညာဏ်နှင့်တကွဖြစ်သော ဤ ကိုယ်၌လည်းကောင်း၊ ဗဟိဒ္ဓ နိမိတ်အာရုံဟူသမျှတို့၌လည်းကောင်း၊ ငါ၊ ငါ့ဟာဟု စွဲယူခြင်း၊ ထောင်လွှားခြင်း အဖို့ကို ကောင်းစွာ လွန်မြောက် သော၊ ပူပန်ခြင်းငြိမ်းသော၊ ကိလေသာမှ ကောင်းစွာ လွတ်မြောက်သော စိတ်သည် ဖြစ်ပါသနည်း"

ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရာဟုလာ၊ ရုပ်၊ဝေဒနာစသော ခန္ဓာငါးပါး တို့၌ ငါ့ဟာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ် မဟုတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်သည်ရှိ သော် မစွဲလမ်းပဲ ကိလေသာ တို့မှလွတ်မြောက်၏။ ရာဟုလာ၊ ဤသို့သိမြင်သူ အား ဝိညာဏ်နှင့်တကွဖြစ်သော ဤကိုယ်၌လည်းကောင်း၊ ဗဟိဒ္ဓနိမိတ်အာရုံ ဟူသမျှတို့၌လည်းကောင်း၊ ငါ၊ ငါ့ဟာဟု စွဲယူခြင်း၊ ထောင်လွှားခြင်းကင်း သော၊ထောင်လွှားခြင်းအဖို့ကို ကောင်းစွာလွန်မြောက်သော၊ ပူပန်ခြင်းမှငြိမ်း သော၊ ကိလေသာမှ ကောင်းစွာလွတ်မြောက်သောစိတ်သည် ဖြစ်၏။

# ၈။ လက္ခဏသံယုတ်

[ရှင်လက္ခဏနှင့် စပ်သော ဟောကြားချက်များ]

## ၁။ ပထမဝဂ်

### ၁။ အဋ္ဌိသုတ်

[အရိုးစုပြိတ္တာကို တွေ့မြင်ခြင်း]

၂၀၂။ အခါတပါး၌ ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်လက္ခဏတို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် အလို့ငှာ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာကြ၏။ တခုသောနေရာ၌ ရှင်မောဂ္ဂလ္လာန် ပြုံးသည်ကို ရှင်လက္ခဏ မြင်၍ ပြုံးခြင်း၏ အကြောင်းကိုမေး၏။ ရှင်မောဂ္ဂလ္လာန်က မြတ်စွာဘုရားရှေ့သို့ ရောက်မှ ထို အကြောင်းကို မေးပါဟုဆို၏။ ဆွမ်းကိစ္စပြီး၍ မြတ်စွာဘုရားရှေ့သို့ ရောက်သောအခါ ရှင်လက္ခဏက မေးသဖြင့် ရှင်မောဂ္ဂလ္လာန်က အောက်ပါအတိုင်း ဖြေကြား၏။

"ငါ့ရှင်လက္ခဏ၊ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ်ကကောင်းကင်၌ သွားနေသော အရိုးစုပြိတ္တာကိုမြင်ခဲ့၏။ ထိုပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့သည် လိုက်၍၊လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ် ကြကုန်၏။ ထိုပြိတ္တာသည် နာကျင်သောအသံကိုပြု၏။ ငါ့ရှင်လက္ခဏ၊ ထိုအခါ ငါ့အား 'အချင်းတို့၊ အံ့ဖွယ် ရှိစွ တကား၊ မဖြစ်ဖူးမြဲ ဖြစ်စွတကား၊ ဤကဲ့သို့သော သတ္တဝါဟု ရှိရတုံဘိ၏။ ဤကဲ့သို့သော ပြိတ္တာဟု ရှိရတုံဘိ၏။ ဤကဲ့သို့သော အတ္တဘောကို ရသူဟု ရှိရတုံဘိ၏' ဟု အကြံဖြစ်ခဲ့ပါသည်"

ထိုအခါ ဗုဒ္ဓက ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ အကြင်တပည့် သာဝကတို့သည် ဤသို့သော သတ္တဝါကိုပင် သိနိုင်မြင်နိုင်၊ သက်သေပြုနိုင်ကြကုန်၏။ ထိုတပည့် သာဝကတို့သည် စင်စစ် မျက်စိအမြင်ရှိကြကုန်သည်ဖြစ်၍ နေကြကုန်၏။ ဉာဏ်အမြင် ရှိသည်ဖြစ်၍ နေကြကုန်၏။ ရဟန်းတို့၊ ငါသည် ထိုသတ္တဝါကို ရှေးအခါကပင် မြင်ခဲ့၏။ ငါသည် ထိုအကြောင်းကို ပြောဆိုခဲ့သော် တပါးသူတို့က မယုံကြည် ကြကုန်ရာ၊ ယင်းသို့ မယုံကြည်သူအား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းငှာဖြစ်ရာ၏။ ရဟန်းတို့၊ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် နွားသတ်သမားဖြစ်ခဲ့၏၊ သူသည် ထိုကံ၏ အကျိုးအားဖြင့် နှစ်သိန်းပေါင်း များစွာ ငရဲ၌ကျခဲ့၏၊ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင် ဤသို့သောအတ္တဘောကို ရရှိခံစားနေရ၏"

၂၀၃။ ပေသိသုတ်၌ ရှင်မောဂ္ဂလ္လာန်က ကောင်းကင်၌ သွားနေသည့် သားတစ်ပြိတ္တာအား လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍ ထိုးဆိတ်နေသည်ကို မြင်ခဲ့ရကြောင်း ပြောကြား၏။ ဗုဒ္ဓက ထိုသူသည် ရာဇဂြိုဟ်ပြည်၌ပင် နွားသတ်သမား ဖြစ်ခဲ့ကြောင်း ဟောကြား၏။

၂၀၄။ ပိဏ္ဍသုတ်၌ ကောင်းကင်၌ သွားနေသည့် အသားတုံးပြိတ္တာကို မြင်ခဲ့ရကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေကြား၏။ ထိုသူသည် ရာဇဂြိုဟ်ပြည်၌ပင် ငှက်သစ်မုဆိုးဖြစ်ခဲ့ကြောင်း ဗုဒ္ဓက ဟောကြား၏။

၂၀၅။ နိစ္ဆဝိတ္ထိသုတ်၌ ကောင်းကင်၌ သွားနေသည့် အရေမရှိသောပြိတ္တာကို မြင်ခဲ့ရကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ထိုသူသည် ရာဇဂြိုဟ် ပြည်၌ပင် ဆိတ်သတ်သမားဖြစ်ခဲ့ကြောင်း ဗုဒ္ဓက မိန့်ကြား၏။

၂၀၆။ အသိလောမသုတ်၌ ကောင်းကင်၌ သွားနေသည့် သန်လျက်မွေးရှိသောပြိတ္တာကို မြင်ခဲ့ရကြောင်းရှင်မောဂ္ဂလ္လာန်ကဖြေ၏။ ထိုသူသည်ရာဇဂြိုဟ်ပြည်၌ပင် ဝက်သတ်သမားဖြစ်ခဲ့ကြောင်း ဗုဒ္ဓကမိန့်ကြား၏။

၂၀၇။ သတ္တိသုတ်၌ ကောင်းကင်၌သွားနေသည့် လှံအမွေး ပေါက်သော ပြိတ္တာကို မြင်ခဲ့ရကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ထိုသူသည် ရာဇဂြိုဟ်ပြည်၌ပင် သားသတ်သမားဖြစ်ခဲ့ကြောင်း ဗုဒ္ဓက မိန့်ကြား၏။

၂၀၈။ ဥသုလောမသုတ်၌ ကောင်းကင်၌ သွားနေသည့် မြား အမွေး ပေါက်သော ပြိတ္တာကို မြင်ခဲ့ရကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ထိုသူသည် ရာဇဂြိုဟ်ပြည်၌ပင် လက်မရှိ အာဏာသားဖြစ်ခဲ့ကြောင်း ဗုဒ္ဓကမိန့်ကြား၏။

၂၀၉။ သုစိလောမသုတ်၌ ကောင်းကင်၌သွားနေသည့် အပ်အမွေးပေါက်သော ပြိတ္တာကို မြင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်ကဖြေ၏။ ထိုသူသည် ရာဇဂြိုဟ်ပြည်၌ပင် ရထားထိန်းဖြစ်ခဲ့ကြောင်း ဗုဒ္ဓကမိန့်ကြား၏။

၂၁၀။ ဒုတိယသုစိလောမသုတ်၌ ကောင်းကင်၌ပျံသွားသည့် အပ်အမွေးပေါက်သော ပြိတ္တာကိုမြင်ခဲ့ရကြောင်း ရှင်မောဂ္ဂလ္လာန်ကဖြေ၏။

"ငါ့ရှင်လက္ခဏ၊ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းစဉ် ကောင်းကင်၌ ပျံသွားသည့် အပ်အမွေးပေါက်သောပြိတ္တာကို မြင်ခဲ့၏။ ထိုပြိတ္တာ၏ အပ်အမွေးတို့သည် ခေါင်းမှဝင်၍ ပါးစပ်မှ ထွက်ကုန်၏။ ပါးစပ်မှဝင်၍ ရင်မှ ထွက်ကုန်၏။ ရင်မှဝင်၍ ဝမ်းဗိုက်မှ ထွက်ကုန်၏။ ဝမ်းဗိုက်မှဝင်၍ ပေါင်တို့မှ ထွက်ကုန်၏။ ပေါင်တို့မှဝင်၍ ခြေသလုံးတို့မှ ထွက်ကုန်၏။ ခြေသလုံးတို့မှဝင်၍ ခြေဖဝါးတို့မှ ထွက်ကုန်၏"

"ရဟန်းတို့၊ ထိုပြိတ္တာသည် ဤရာဇဂြိုဟ်ပြည်၌ပင် ကုန်းချောစကားပြောတတ်သူ ဖြစ်ခဲ့၏"ဟု ဗုဒ္ဓက မိန့်ကြားလေသည်။

၂၁၁။ ကုမ္ဘဏ္ဍသုတ်၌ "ငါ့ရှင် လက္ခဏ၊ ငါသည် ဂိဇ္ဈကုဋ်တောင်မှဆင်းစဉ် ကောင်းကင်၌ ပျံသွားသည့် အိုးပမာအမျှ ဝှေးစေ့ရှိသောပြိတ္တာကို မြင်ခဲ့၏။ ထိုပြိတ္တာသည် သွားသောအခါ ဝှေးစေ့တို့ကို ပခုံး၌တင်၍သွားရ၏။ ထိုင်သောအခါ ထိုဝှေးစေ့ပေါ်၌ပင် ထိုင်ရ၏။ ထိုပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲ တို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏"ဟု ရှင်မောဂ္ဂလ္လာန်က ဖြေ၏။

"ရဟန်းတို့၊ ထိုပြိတ္တာသည် ဤရာဇဂြိုဟ်ပြည်၌ပင် စဉ်းလဲကောက်ကျစ်သော ဘရားသူကြီး ဖြစ်ခဲ့၏"ဟု ဗုဒ္ဓက မိန့်ကြားလေသည်။

## ၂။ ဒုတိယဝဂ်

၂၁၂။ သသီသကသုတ်၌ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် မစင်ထဲ၌ခေါင်းနှင့်တကွ မြုပ်နေသော ပြိတ္တာကို မြင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ထိုပြိတ္တာသည် ရာဇဂြိုဟ်ပြည်၌ပင် သူတပါးမယားကို ပြစ်မှားသောသူဖြစ်ခဲ့ကြောင်း ဗုဒ္ဓက မိန့်ကြား၏။

၂၁၃။ ဂူထခါဒကသုတ်၌ မစင်ထဲ၌ ခေါင်းနှင့်တကွ နစ်မြုပ်လျက် လက်နှစ်ဘက်တို့ဖြင့် မစင်ကိုစားနေသော ယောကျ်ားပြိတ္တာကိုမြင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြား၏"

"ရဟန်းတို့၊ ထိုပြိတ္တာသည် ဤရာဇဂြိုဟ်ပြည်၌ပင် ပုဏ္ဏားပျက်ဖြစ်ခဲ့၏။ ထိုပုဏ္ဏားပျက်သည် ကဿပ မြတ်စွာဘုရား၏ သာသနာ၌ ရဟန်းသံဃာကို ဆွမ်းဖိတ်၍ စားကျင်း၌ မစင်ဖြင့် ပြည့်စေလျက် "အရှင်တို့ အလိုရှိတိုင်းစားကြပါ"ဟု ဆိုခဲ့၏။

၂၁၄။ နိစ္ဆဝိတ္ထိသုတ်၌ ကောင်းကင်၌သွားနေသည့် အရေမရှိသော ပြိတ္တာမကို မြင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ဗုဒ္ဓက ထိုပြိတ္တာမသည် ရာဇဂြိုဟ် ပြည်၌ပင် လင်ကိုလွန်ကျူး၍ ကျင့်သော မိန်းမ ဖြစ်ခဲ့ကြောင်းမိန့်ကြားခဲ့၏။

၂၁၅။ မင်္ဂုလိတ္ထိသုတ်၌ ကောင်းကင်၌ သွားနေသည့် အနံ့မကောင်းသော အရုပ်ဆိုးသော ပြိတ္တာမကို မြင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်ကဖြေ၏။ ထိုပြိတ္တာမသည် ရာဇဂြိုဟ်ပြည်၌ပင် နတ်ဝင်သည်မဖြစ်ခဲ့ကြောင်း ဗုဒ္ဓက မိန့်ကြား၏။

၂၁၆။ ဩကိလိနိသုတ်၌ ထက်ဝန်းကျင်၌ မီးခဲတဖွားဖွားကျ၍ မီးကျီးပုံထဲ၌ လူးလိမ့်နေသော မီးလောင်ဖုဘို့မှ အရည်တစက်စက် ယိုထွက်နေသော ပြိတ္တာမကို မြင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်က ဖြေ၏။ ဗုဒ္ဓကအောက်ပါအတိုင်း မိန့်ကြား၏။

"ရဟန်းတို့၊ ထိုပြိတ္တာမသည် ကလိင်္ဂမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့၏။ ထိုမိဖုရားခေါင်ကြီးသည် ငြူစူခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ လင်တူမိန်းမကို မီးကျီးအိုးကင်းဖြင့် လောင်းခဲ့၏"

၂၁၇။ အသီသကသုတ်၌ "ငါ့ရှင်လက္ခဏ၊ ငါသည် ဂိဇ္ဈကုဋ် တောင်မှ ဆင်းလာစဉ် ကောင်းကင်၌သွားနေသည့် ခေါင်းမပါ ကိုယ်သာရှိသောပြိတ္တာကို တွေ့မြင်ခဲ့၏။ ထိုပြိတ္တာ၏ ရင်၌ မျက်လုံးနှင့် ပါးစပ်တို့သည် ဖြစ်ပေါ်ကုန်၏"ဟု ရှင်မောဂ္ဂလ္လာန်ကဖြေ၏။

ထိုသတ္တဝါသည် ရာဇဂြိုဟ် ပြည်၌ပင် ဟာရိက မည်သော ခိုးသူသတ်ယောကျ်ား ဖြစ်ခဲ့ကြောင်း ဗုဒ္ဓက မိန့်ကြား၏။

၂၁၈။ ပါပတိက္ခုသုတ်၌ "ငါ့ရှင် လက္ခဏ၊ ငါသည် ကောင်းကင်၌ သွား နေသည့် ရဟန်းပြိတ္တာကို မြင်ခဲ့၏။ ထိုရဟန်းပြိတ္တာ၏ ဒုကုဋ်သင်္ကန်း၊ ခါး ပန်းကြိုးနှင့် ကိုယ်တို့သည် တပြောင်ပြောင် တောက်လောင်နေကုန်၏။ ထက် ဝန်းကျင်၌ မီးတောက်မီးလျှံများထနေ၏"ဟု ရှင်မောဂ္ဂလ္လာန်ကပြော၏။

ထိုသတ္တဝါသည် ကဿပမြတ်စွာဘုရား၏ သာသနာ၌ ရဟန်းယုတ် ဖြစ်ခဲ့ ကြောင်း ဗုဒ္ဓက မိန့်ကြား၏။

၂၁၉။ ပါပဘိက္ခုနီသုတ်၌ "ငါ့ရှင်လက္ခဏ၊ ငါသည်ကောင်းကင်၌ သွား နေသည့် ဘိက္ခုနီ ပြိတ္တာကို မြင်ခဲ့၏။ ထိုပြိတ္တာ၏ ဒုကုဋ်သည်လည်း မီး တပြောင်ပြောင် တောက်လောင်နေ၏"ဟု ရှင်မောဂ္ဂလ္လာန်ကပြော၏။

"ရဟန်းတို့၊ ထိုပြိတ္တာမသည် ယုတ်မာသော ဘိက္ခုနီ ဖြစ်ခဲ့၏"ဟု ဗုဒ္ဓက မိန့်ကြား၏။

၂၂၀--၂၂၂။ ပါပသိက္ခမာနသုတ် စသည်တို့၌ ယုတ်မာသော သိက္ခမာန် ပြိတ္တာ၊ သာမဏေပြိတ္တာ၊ သာမဏေရီ ပြိတ္တာတို့အား မြင်ခဲ့ပုံကို အထက်သုတ် နည်းတူ ဟောသည်။

# ၉။ ဩပမ္မသံယုတ်

[ဥပမာနှင့်ယှဉ်သော ဟောကြားချက်များ]

## ၁။ ကူဋသုတ်

[အဝိဇ္ဇာသည် အိမ်အထွတ်နှင့်တူကြောင်း]

၂၂၃။ ရဟန်းတို့၊ ဥပမာကား အထွတ်တပ်သော အိမ်၏ အခြင်ဟူသမျှတို့သည် အထွတ်သို့ရောက်ကုန်၏။ အထွတ်လျှင် စုဝေးရာရှိကုန်၏။ အထွတ်ကို ဖျက်ဆီးခြင်းဖြင့် အခြင်အားလုံး ပျက်စီးခြင်းသို့ရောက်ကုန်၏။ ရဟန်းတို့၊ ထိုနည်းတူပင် အကုသိုလ်တရား ဟူသမျှတို့သည် အဝိဇ္ဇာလျှင် အရင်းမူလ ရှိကုန်၏။ အဝိဇ္ဇာလျှင် စုဝေးရာ ရှိကုန်၏။ အဝိဇ္ဇာကိုဖျက်ဆီးခြင်းဖြင့် အကုသိုလ် တရားအားလုံးတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် မမေ့မလျော့သည် ဖြစ်၍ နေကုန်အံ့ဟူ၍ ကြင့်ကြံအားထုတ်အပ်၏။

## ၂။ နခသိခါသုတ်

[လူ့အဖြစ်သည် လက်သည်းဖျားမှ မြေမှုန့်နှင့်တူကြောင်း]

၂၂၄။ ဗုဒ္ဓသည် လက်သည်းဖျား၌ မြေမှုန့် အနည်းငယ်ကိုတင်၍ ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့ မည်သို့ထင်ကြသနည်း၊ ငါ၏ လက်သည်းဖျား၌ တင်ထားအပ်သော ဤမြေမှုန့်အနည်းငယ်နှင့် မဟာပထဝီမြေကြီးတို့တွင် အဘယ်က ပို၍များသနည်း"

"အရှင်ဘုရား၊ မဟာပထဝီမြေကြီးသည်ပို၍များပါသည်။ မြတ်စွာဘုရား၏ လက်သည်း၌ဖျား၌ တင်ထားအပ်သော မြေမှုန့် သည်ကား မဟာပထဝီ မြေကြီးနှင့်စာသော် မပြောပလောက်မျှသာ ရှိပါ၏"

"ရဟန်းတို့၊ ထိုနည်းတူပင် လူတို့၌ လူပြန်ဖြစ်သော သတ္တဝါတို့သည် နည်းလှကုန်၏။ စင်စစ်လူမှတပါး အခြားသော ဘုံတို့၌ဖြစ်သော သတ္တဝါတို့ သည်သာလျှင် အလွန်များကုန်၏။ ထို့ကြောင့် သင်တို့သည် မမေ့မလျော့ သည်ဖြစ်၍ နေကုန်အံ့ဟူ၍ ကျင့်ကြံအားထုတ်အပ်၏"

## ၃။ ကုလသုတ်

### [မိန်းမများသောအိမ်နှင့် တူသူ]

၂၂၅။ "ရဟန်းတို့၊ မိန်းမများ၍ ယောကျ်ားနည်းသောအိမ် ဟူသမျှကို မီးအုပ်ဆောင် ခိုးသူတို့သည် ဖျက်ဆီးရန် လွယ်ကူသကဲ့သို့ ထို့အတူ ဆန့်ကျင် ဘက်တို့မှ လွတ်မြောက်သောမေတ္တာစိတ်ကို ပွားများ လေ့လာခြင်းမပြုသော ရဟန်းကို မြေဖုတ်ဘီလူးတို့သည် ဖျက်ဆီးရန် လွယ်ကူ၏။ ရဟန်းတို့၊ ဥပမာ ကား မိန်းမနည်း၍ ယောကျ်ားများသောအိမ် ဟူသမျှကို မီးအုပ်ဆောင် ခိုး သူတို့သည် ဖျက်ဆီးရန်မလွယ်သကဲ့သို့ထို့အတူ ဆန့်ကျင်ဘက်တို့မှလွတ်မြောက် သော မေတ္တာစိတ်ကို ပွားများလေ့လာသော ရဟန်းတို့ကို မြေဖုတ် ဘီလူးတို့ သည် ဖျက်ဆီးရန်မလွယ်ပေ။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် မေတ္တာ စိတ်ကို ပွားများလေ့လာမည် ဟူ၍ ကျင့်ကြံ အားထုတ်အပ်၏"

## ၄။ ဩက္ခာသုတ်

### [မေတ္တာပွားခြင်းသည် ထမင်းအိုးတရာလှူခြင်းထက် အကျိုးကြီးကြောင်း]

၂၂၆။ ရဟန်းတို့၊ အကြင်သူသည် နံနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညနေ တကြိမ် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ပြည့်သော ထမင်းအိုး တရာဖြင့်[၁] အလှူကိုပေးလှူရာ၏။ အကြင်သူသည်ကား နံနက် အခါ၌ ဖြစ်စေ၊ နေ့လယ် အခါ၌ဖြစ်စေ၊ ညနေအချိန်အခါ၌ဖြစ်စေ၊ နွားနို့တညှစ်ခန့်ကာလ[၂]မျှလည်း

---

၁။ ဩက္ခာသုတ်ဟု ရှိလျှင် "မီးတိုင် တရာဖြင့်"ဟု ပြန်ရမည် ဖြစ်ကြောင်း အဋ္ဌကထာ၌ ဖွင့်သည်။

၂။ "ဂဒ္ဒူဟနမတ္တ"ဟုရှိလျှင်'နို့သာတရှူ့ခန့်ကာလမျှသည်း'ဟု ပြန်ရမည် ဖြစ်ကြောင်း အဋ္ဌကထာဖွင့်သည်။

မေတ္တာစိတ်ကို ပွားများရာ၏။ ဤသို့ နွားနို့ တည့်ခန့်မျှ မေတ္တာစိတ်ကို ပွားများခြင်းသည် ထိုတနေ့သုံးကြိမ် ပေးလှူခြင်းထက်ပို၍အကျိုးရှိ၏။ ထို့ကြောင့် သင်တို့သည် မေတ္တာစိတ်ကို ပွားများရန် လေ့ကျင့် အားထုတ်အပ်၏။

## ၅။ သတ္တိသုတ်

[လှံများကို ဆုပ်ကိုင်သူပမာ]

၂၂၇။ ရဟန်းတို့၊ ဥပမာကား အသွားထက်သော လှံကို လက်ဝါးဖြင့်သော်လည်းကောင်း၊ လက်ဆုပ်ဖြင့်သော်လည်းကောင်း ဖျစ်ညှစ် ဆုပ်ကိုင်သော ယောကျ်ားသည် ဆင်းရဲ ပင်ပန်းခြင်းသို့ ရောက်ရာ သကဲ့သို့ ထို့အတူ မေတ္တာစိတ်ကို လေ့လာပွားများသော ရဟန်း၏ စိတ်ကို ပျံ့လွင့်စေရန် ကြံသော မြေဖုတ်ဘီလူးသည် ဆင်းရဲပင်ပန်းခြင်းသို့သာ ရောက်ရာ၏။ ထို့ကြောင့် သင်တို့သည် မေတ္တာစိတ်ကို လေ့လာ ပွားများရန် လေ့ကျင့် အားထုတ်အပ်၏။

## ၆။ ဓနုဂ္ဂဟသုတ်

[လေးသမားတို့၏မြားကို ဖမ်းနိုင်သူပမာ]

၂၂၈။ "ရဟန်းတို့၊ ဥပမာကား ခိုင်ခံ့သော လေးရှိသော၊ ကောင်းစွာသင်ကြားလေ့ကျင့်ပြီး၍ ပွဲဝင်ပြီးသော လေးသမား လေးယောက် တို့သည် အရပ်လေးမျက်နှာသို့ ပစ်အပ်သောမြားတို့ကို မြေသို့မကျမီ ဖမ်းယူ နိုင်သူကို အလွန်လျင်မြန်ခြင်းနှင့် ပြည့်စုံသောသူ ဟူ၍ ဆိုသင့်ပါသလော"

"အရှင်ဘုရား၊ ထိုကဲ့သို့သော လေးသမား တယောက်သည် ပစ်အပ်သော မြားကို မြေသို့မကျမီ ဖမ်းယူနိုင်သူကိုပင် အလွန်လျင်မြန်ခြင်းနှင့် ပြည့်စုံသူဟူ၍ ဆိုသင့်ပါ၏။ လေးသမားလေးယောက်သည် ပစ်အပ်သော မြားတို့ကို မြေသို့ မကျမီ ဖမ်းယူနိုင်သူကိုမူ ဆိုဖွယ်ပင်မရှိပါ"

"ရဟန်းတို့၊ ထိုသို့ မြားကိုဖမ်းနိုင်သောသူ၏ လျင်မြန်ခြင်းထက်၊ လ နေတို့၏ လျင်မြန်ခြင်းသည် သာလွန်၏။ လ- နေတို့၏ လျင်မြန်ခြင်းထက် လ-နေတို့၏ ရှေ့မှပြေးသွားသော နတ်တို့၏လျင်မြန်ခြင်းသည် သာလွန်၏။ သတ္တဝါတို့၏ အသက်တို့သည်ကား ထိုနတ်တို့၏ လျင်မြန်ခြင်းထက် ပို၍ လျင်မြန်စွာ

ကုန်ဆုံးကုန်၏။ ထို့ကြောင့် သင်တို့သည် ဤသာသနာ၌ မမေ့ မလျော့သည် ဖြစ်၍ နေကုန်အံ့ဟု ကျင့်ကြံအားထုတ်အပ်၏''

## ၇။ အာဏိသုတ်

[ဒသာရဟမင်းတို့၏ မုရိုးစည်ဥပမာ]

၂၂၉။ ''ရဟန်းတို့၊ ရှေးအခါက ဒသာရဟ မင်းတို့အား အာနက မည်သော မုရိုးစည်သည် ရှိခဲ့၏။ ဒသာရဟမင်းတို့သည် ထိုမုရိုးစည်ကို တီးခတ်သည်ရှိသော် ထိုမုရိုးစည်အား အခြားသောမယ်နအစပ်ကို ထည့်သွင်းဆက်စပ်ကုန်၏။ ရဟန်းတို့၊ နောက်အခါ၌ ထိုမုရိုးစည်၏ အဟောင်းဖြစ်သော စည်ခေါင်းသည် ကွယ်ပျောက်၍ မယ်နအစပ်သည်သာလျှင် ကြွင်းကျန်လေ၏။ ရဟန်းတို့၊ ထို့အတူပင် နောင်အခါ၌ ရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားအပ်သည့် နက်နဲသော၊ နက်နဲသောအနက်သဘောရှိသော၊ လောကမှထွက်မြောက်ကြောင်းဖြစ်သော၊ ကိလေသာဆိတ်သုဉ်းမှုနှင့်ယှဉ်သော သုတ္တန်တို့ကို ဟောကြားအပ်သည်ရှိသော် ကောင်းစွာနာယူခြင်း၊ နားထောင်ခြင်းပြုကြမည်မဟုတ်၊ သိမြင်နားလည်ရန် လိုလားကြမည်မဟုတ်၊ သင်ယူလေ့လာခြင်းပြုကြမည်မဟုတ်။

''ကဗျာဆရာတို့ ဖွဲ့ဆိုအပ်သော၊ ဆန်းကြယ်သောအက္ခရာပုဒ် ဗျည်းရှိသော၊ သာသနာ၏ ပြင်ပဖြစ်သော၊ သာဝကတို့ဟောကြားအပ်သော သုတ္တန်တို့ကို ဟောကြားအပ်သည်ရှိသော် နာယူခြင်း၊ နားထောင်ခြင်းပြုကြလိမ့်မည်။ သိမြင်နားလည်ရန် လိုလားကြလိမ့်မည်။ သင်ယူလေ့လာသင့်သည်ဟု မှတ်ထင်ကြလိမ့်မည်။

''ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် မြတ်စွာဘုရား ဟောကြားအပ်သည့် နက်နဲသောတရားတို့ကို ဟောကြား အပ်သည်ရှိသော် ကောင်းစွာနာယူမည်၊ လေ့လာအားထုတ်မည်ဟူ၍ ကျင့်ကြံအားထုတ်အပ်၏''

## ၈။ ကလိင်္ဂရသုတ်

[သစ်သားတုံးကို ခေါင်းအုံးပြု၍ နေသူများ]

၂၃၀။ ဗုဒ္ဓသည် ဝေသာလီပြည် ကူဋာဂါရကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ဤသို့ဟောကြားတော်မူ၏။

“ရဟန်းတို့၊ ယခုအခါ လိစ္ဆဝီမင်းတို့သည် အတတ်သင်ခြင်း၌မမေ့မလျော့ ကြမူ၍၊ ဆည်းကပ်ခြင်း၌ ပြင်းစွာအားထုတ်ကုန်သည် ဖြစ်၍၊ သစ်သားတုံးကို ခေါင်းအုံးပြုကြ၍ နေကြကုန်၏။ မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ထို လိစ္ဆဝီမင်းတို့အား ဘိုက်ခိုက်ရန် အခါအခွင့် ရနိုင်မည်မဟုတ်။ ရဟန်းတို့၊နောင် အခါ၌ လိစ္ဆဝီမင်းတို့သည် သိမ်မွေ့သူ၊ သိမ်မွေ့သော လက်ခြေရှိသူများ ဖြစ်ကြလိမ့်မည်။ လဲမှို့ခေါင်းအုံးရှိသည့် နူးညံ့သောအိပ်ရာ၌ နေထွက်သည့် တိုင်အောင် အိပ်ကြလိမ့်မည်။ ထိုအခါ အဇာတသတ်မင်းသည် ထိုလိစ္ဆဝီမင်း တို့အား တိုက်ခိုက်ရန်အခါအခွင့် ရကြလိမ့်မည်။

“ရဟန်းတို့၊ ယခုအခါ၌ ရဟန်းတို့သည် မမေ့မလျော့ကုန်မူ၍၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်း၌ ပြင်းစွာအားထုတ်ကြကုန်သည်ဖြစ်၍ သစ်သားကို ခေါင်းအုံး ပြု၍ နေကြကုန်၏။ မာရ်နတ်ယုတ်သည် ထိုရဟန်းတို့အား နှောင့်ယှက်ရန် အခါအခွင့်ကို မရနိုင်။ ရဟန်းတို့ နောင်အခါ၌ ရဟန်းတို့သည် သိမ်မွေ့သူ၊ သိမ်မွေ့သော လက်ခြေရှိသူများ ဖြစ်ကြလိမ့်မည်။ လဲမှို့ခေါင်းအုံးရှိသည့် နူးညံ့သောအိပ်ရာတို့၌ နေထွက်သည့်တိုင်အောင် အိပ်ကြလိမ့်မည်။ ထိုအခါ၌ မာရ်နတ်ယုတ်သည် ထိုရဟန်းတို့အား နှောင့်ယှက်ရန် အခါအခွင့်ကို ရလိမ့် မည်။ ထို့ကြောင့် သင်တို့သည် မမေ့မလျော့မူ၍ ကမ္မဋ္ဌာန်း၌ ပြင်းစွာအားထုတ် ခြင်း ရှိသည်ဖြစ်၍၊ သစ်သားတုံးကို ခေါင်းအုံးပြု၍ နေကုန်အံ့ဟု လေ့ကျင့် အားထုတ်အပ်၏”

## ၉။ နာဂသုတ်

### [ကြာစွယ်ကိုစားသော ဆင်ဥပမာ]

၂၃၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရဟန်းငယ် တပါးသည် ဒါယကာတို့၏ အိမ်များသို့ အလွန် အချိန်ကြာမြင့်စွာချဉ်းကပ် ၏။ အခြားသော ရဟန်းတို့က ထိုသို့မပြုရန် ဆုံးမသောအခါ ထိုရဟန်းငယ်က မထေရ်ကြီး ရဟန်းများသည်လည်း ဒါယကာတို့၏အိမ်များသို့ ချဉ်းကပ်ကြ သည်ပင်ဖြစ်ကြောင်း ချေပပြောဆို၏။ထိုအကြောင်းကို ရဟန်းများက လျှောက် ကြားရာ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူ၏။

“ရဟန်းတို့၊ ရှေးအခါက တောအုပ်ကြီးတခုအတွင်း၌ ရေအိုင်တအိုင်ရှိ၏။ ထိုရေအိုင်ကို အမှီပြု၍ ဆင်များနေကြ၏။ ထိုဆင်တို့သည် ရေအိုင်သို့ဆင်း၍၊

နှာမောင်းဖြင့် ကြာစွယ်ကြာရင်းများကို နုတ်၍ ညွန်မရှိအောင် ကောင်းစွာ လုပ်ခါ ဆေးကြောပြီးလျှင် ကျွတ်ကျွတ်ဝါး၍ စားကြကုန်၏။ ယင်းသို့ စားမျိုခြင်းကြောင့် ထိုဆင်တို့အား အဆင်းခွန်အားတိုးပွားခြင်းသည်ဖြစ်၏။ ယင်းသို့ စားမျိုခြင်းဟူသော အကြောင်းကြောင့် ထိုဆင်တို့သည် သေခြင်းသို့သော်လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့သော်လည်းကောင်း မရောက်ကြချေ။ ထိုဆင်ကြီးများကို အတုလိုက်၍ ကျင့်သောဆင်ငယ်တို့သည် ရေအိုင်သို့ သက်ဆင်း၍ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းများကို နုတ်၍ ကောင်းစွာ လုပ်ခါဆေးကြောခြင်း မပြုပဲ၊ ကောင်းစွာမဝါးပဲ ညွန်နှင့်တကွစားမျိုကုန်၏။ ယင်းသို့စားမျိုခြင်းကြောင့် ထိုဆင်တို့အား အဆင်းခွန်အား တိုးပွားခြင်းသည် မဖြစ်။ ယင်းသို့ စားမျိုခြင်းဟူသော အကြောင်းကြောင့် ထိုဆင်တို့သည် သေခြင်း သို့သော်လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့သော်လည်းကောင်း ရောက်ကြကုန်၏။

"ရဟန်းတို့၊ ထိုနည်းတူပင်ဤသာသနာ၌ မထေရ်ကြီးရဟန်းတို့သည် နံနက်ချိန်၌ သင်္ကန်းကို ဝတ်ရုံ၍ သပိတ်ကိုဆောင်ကာ ရွာနိဂုံးသို့ ဆွမ်းခံဝင်ကုန်၏။ လူတို့အား တရားဟောကုန်၏။ လူတို့သည် ထိုရဟန်းတို့အား ကြည်ညိုသော အခြင်းအရာကို ပြုကုန်၏။ ထိုရဟန်းတို့သည် လူတို့လှူသော ပစ္စည်းလေးပါးကို မက်မောခြင်းမရှိပဲ အပြစ်ကိုရှုလျက် သုံးဆောင်ကုန်၏။ ယင်းသို့ သုံးဆောင်ခြင်းကြောင့် ထိုရဟန်းတို့အား အဆင်းခွန်အား တိုးပွားခြင်းသည် ဖြစ်၏။ ယင်းသို့သုံးဆောင်ခြင်းဟူသော အကြောင်းကြောင့် ထိုရဟန်းတို့သည် သေခြင်းသို့သော်လည်းကောင်း သေလောက်သော ဆင်းရဲသို့သော်လည်းကောင်း မရောက်ကုန်။

"ရဟန်းတို့၊ ထိုမထေရ်ကြီး ရဟန်းတို့ကို အတုလိုက်၍ကျင့်သော ရဟန်းငယ်တို့သည် ရွာနိဂုံးသို့ ဆွမ်းခံဝင်၍ တရားဟောကုန်၏။ လူတို့သည် ထိုရဟန်းငယ်တို့အား ကြည်ညိုသောအခြင်းအရာကို ပြုကုန်၏။ ထိုရဟန်းငယ်တို့သည် လူတို့လှူဒါန်းအပ်သော ပစ္စည်းများကို မက်မောတွေဝေကုန်သည်ဖြစ်၍ အပြစ်ကိုမရှုကုန်ပဲ သုံးဆောင်ကုန်၏။ ယင်းသို့သုံးဆောင်ခြင်းကြောင့် ထိုရဟန်းငယ်တို့အား အဆင်း၊ ခွန်အား တိုးပွားခြင်းသည်မဖြစ်၊ ယင်းသို့ သုံးဆောင်ခြင်းဟူသောအကြောင်းကြောင့် ထိုရဟန်းငယ်တို့သည် သေခြင်းသို့ သော်လည်းကောင်း၊သေလောက်သော ဆင်းရဲသို့သော်လည်းကောင်း ရောက်ကုန်၏။ ရဟန်းတို့၊ ထို့ကြောင့် ဤသာသနာ၌ သင်တို့သည် မိမိတို့ရရှိသည့်

ပဏ္ဏည်းလေးပါးကို မက်မောတွေဝေခြင်း မရှိပဲ အပြစ်ကိုရှုကုန်လျက် လွတ်မြောက်ကြောင်း ပညာရှိကုန်သည်ဖြစ်၍ သုံးဆောင်ကုန်အံ့ဟူ၍ လေ့ကျင့်အားထုတ်အပ်၏''

## ၁၀။ ဗိလာရသုတ်

[ကြွက်ကိုမဝါးပဲစားသော ကြောင်ဥပမာ]

၂၃၂ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရဟန်းတပါးသည် ဒါယကာတို့၏ အိမ်များ၌ အချိန်ကြာမြင့်စွာ လှည့်လည်နေ၏။ တပါးသော ရဟန်းတို့က ဆုံးမသော်လည်း မရချေ။ ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ကြားသောအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

''ရဟန်းတို့၊ ရှေးအခါက ကြောင်တကောင်သည် ကြွက်ငယ်ထွက်လာလျှင် ဖမ်းယူစားရန်ကြံလျက် အမှိုက်ပုံအနီး၌ စောင့်နေ၏။ ကြွက်ငယ် ထွက်လာသောအခါ ဖမ်းယူ၍ မဝါးပဲ ချက်ချင်း မျိုချလိုက်၏။ ကြွက်ငယ်က အူသိမ် အူမတို့ကိုကိုက်ခဲခြင်းကြောင့် ထိုကြောင်သည် သေခြင်းသို့သော်လည်းကောင်း၊ သေလောက်သောဆင်းရဲသို့သော်လည်းကောင်း ရောက်လေ၏။

''ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ အချို့သောရဟန်းသည် ကိုယ်နှုတ် စိတ် သုံးပါးကို မစောင့်စည်းပဲ သတိကင်းလျက် ထိန်းသိမ်းခြင်းမပြုအပ်သော ဣန္ဒြေတို့ဖြင့် ရွာနိဂုံးသို့ ဆွမ်းခံဝင်၏။ ထိုရဟန်းသည် မလုံမလဲဝတ်ဆင်ထားသော မာတုဂါမကို မြင်ရသဖြင့် တပ်စွန်းခြင်းရာဂသည် ဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ သေခြင်းသို့သော်လည်းကောင်း၊ သေလောက်သောဆင်းရဲသို့ သော်လည်းကောင်း ရောက်ရာ၏။ ရဟန်းတို့၊ လူထွက်ခြင်းသည် အရိယာတို့၏အဆုံးအမ၌ သေခြင်းမည်၏။ ညစ်နွမ်းသော အာပတ်သို့ ရောက်ခြင်းသည် သေလောက်သော ဆင်းရဲသို့ ရောက်ခြင်းမည်၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာ၌ သင်တို့သည် ကိုယ်နှုတ်စိတ် သုံးပါးကို စောင့်စည်းလျက်စွဲမြဲသော သတိရှိလျက် ထိန်းသိမ်းအပ်သော ဣန္ဒြေတို့ဖြင့် ရွာနိဂုံးသို့ ဆွမ်းခံဝင်အံ့ဟူ၍ လေ့ကျင့်အားထုတ်အပ်၏''

## ၁၁။ သိင်္ဂါလသုတ်

[မြေခွေးအိုကဲ့သို့ သာယာမှုမခံစားရသော ရဟန်း]

၂၃၃။ ''ရဟန်းတို့၊ သင်တို့သည် မိုးသောက်ယံ၌ ညည်းတွားနေသော မြေခွေးအို၏ အသံကို ကြားဖူးကြပါ၏လော''

"ကြားဖူးကြပါသည်အရှင်ဘုရား"

"ရဟန်းတို့၊ ထိုမြေခွေးအိုသည် ယားနာဖြင့် တွေ့ထိနှိပ်စက်အပ်သည် ဖြစ်၍ သွားလိုရာသို့ သွား၏။ ရပ်လိုရာ၌ရပ်၏။ ထိုင်လိုရာ၌ထိုင်၏။ အိပ်လိုရာ၌ အိပ်၏။ သို့သော်လည်း မြေခွေးအိုသည်၊ အေးသောလေ၏ တိုက်ခတ်မှုကိုကား ခံစားရသေး၏။ ရဟန်းတို့ ဤသာသနာ၌ သာကီဝင်မင်းသား ဘုရားသား တော်ဟူ၍ ဝန်ခံနေသူအချို့သည် ထိုမြေခွေးအို ကဲ့သို့သော သာယာမှုကို ပင် ခံစားရဖွယ်မရှိ။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤသာသနာ၌ မမေ့ မလျော့သည်ဖြစ်၍ နေ့ကုန်အံ့ဟူ၍ လေ့ကျင့်အားထုတ်အပ်၏"

## ၁၂။ ဒုတိယသိဂါလသုတ်

[မြေခွေးအိုကဲ့သို့ ကျေးဇူးမသိသောရဟန်း]

၂၃၄။ "ရဟန်းတို့၊ သင်တို့သည် ညဉ့်၏ မိုးသောက်ယံ၌ ညည်းတွားရှိနေသော မြေခွေးအို၏ အသံကို ကြားဖူးကြပါသလော"

"ကြားဖူးကြပါသည် အရှင်ဘုရား"

"ရဟန်းတို့၊ ထိုမြေခွေးအို၌ သူတပါးပြုဖူးသော ကျေးဇူးကို သိခြင်း သည်လည်းကောင်း၊ သူတပါး ပြုဖူးသော ကျေးဇူးကို ထင်စွာပြုခြင်း သည်လည်းကောင်း ဖြစ်ဖွယ်ရှိသေး၏။ ဤသာသနာ၌ သာကီဝင်မင်းသား ဘုရားသားတော်ဟူ၍ ဝန်ခံနေသူ အချို့အား သူတပါးပြုဖူးသော ကျေးဇူး တစုံတခုကို သိခြင်း၊ ထင်စွာပြုခြင်းသည် မရှိချေ။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤသာသနာ၌ သင်တို့သည် သူတပါးပြုဖူးသော ကျေးဇူးကိုသိသူ၊ ထင်စွာ ပြုလေ့ရှိသူဖြစ်ရန် လေ့ကျင့်အားထုတ်အပ်၏"

# ၁၉။ ဘိက္ခုသံယုတ်

[ရဟန်းတို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ကောလိတသုတ်

[ရှင်မောဂ္ဂလ္လာန်၏ မိန့်ကြားချက်]

၂၃၅။ အခါတပါး၌ အရှင်မောဂ္ဂလ္လာန်သည် ရဟန်းတို့အား ဤသို့ မိန့်ကြား၏။

"ငါ့ရှင်တို့၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ တပါးတည်းနေသော ငါ့အား 'မြတ်သောဆိတ်ဆိတ်နေခြင်းဟူသည် အဘယ်နည်း' ဟူ၍ အကြံဖြစ်ခဲ့၏။ ထို့နောက်ဘဇန် ဝိတက် ဝိစာရတို့ ချုပ်ငြိမ်းခြင်းကြောင့် မိမိ၏အတွင်းစိတ်ကို ကြည်လင်စေသော၊ စိတ်ဘည်ကြည်မှု သမာဓိကို ဖြစ်စေနိုင်သော၊ နှစ်သိမ့်ချမ်းသာခြင်းရှိသော ဒုတိယဈာန်ကို ဝင်စား၍နေခြင်းကို မြတ်သော ဆိတ်ဆိတ်နေခြင်းဟူ၍ ဆိုအပ်၏ ဟု ငါ့အား အကြံဖြစ်ပြန်၏[၁]။ ယင်းသို့ကြံ၍ ဒုတိယဈာန်ကို ဝင်စား၍နေသော ငါ့အား ဝိတက်နှင့်တကွဖြင်သည့် မှတ်သားခြင်း၊ နှလုံးသွင်းခြင်းတို့သည် ဖြစ်ပေါ်လာကုန်၏[၂]။ ထိုအခါ မြတ်စွာဘုရားသည် တန်ခိုးဖြင့် ငါ့ထံသို့ကြွလာပြီး 'ဗြာဟ္မဏအနွယ်ဝင် ဖြစ်သော မောဂ္ဂလ္လာန်၊ သင်သည် မြတ်သော ဆိတ်ဆိတ်နေခြင်းကို မမေ့မလျော့လင့်။

---

၁။ ဒုတိယဈာန်၌ ဝိတက် ဝိစာရချုပ်ငြိမ်း၍ သဒ္ဒါယတန (အသံပြုခြင်း) မရှိတော့သောကြောင့် 'မြတ်သောဆိတ်ဆိတ်နေခြင်း' ဟု ဆိုသည်။

၂။ ဒုတိယဈာန်မှ ထသောအခါ ဝိတက်လျှင်အာရုံရှိသော နှလုံးသွင်းမှုများ ဖြစ်ပေါ်လာခြင်းကို ဆိုလိုသည်။

မြတ်သော ဆိတ်ဆိတ်နေခြင်း၌ စိတ်ကို ကောင်းစွာထားလော့၊ စိတ်စူးစိုက်ခြင်းကို ပြုလော့၊ စိတ်ကို ကောင်းစွာဆောက်တည်လော့’ဟု မိန့်ကြားတော်မူ၏။ ငါ့ရှင်တို့၊ ငါသည် တပါးသော အခါ၌ ဝိတက် ဝိစာရငြိမ်း၍ နှစ်သိမ့်ချမ်းသာခြင်းရှိသော ဒုတိယစျာန်ကို ဝင်စား၍ နေခဲ့၏။ ငါ့ရှင်တို့၊ သာဝကတပါးသည် မြတ်စွာဘုရား၏ ချီးမြှောက်ခြင်းကို ခံရသည်ဖြစ်၍ ကြီးမြတ်သောအဘိညာဏ်ရှိသူအဖြစ်သို့ ရောက်ခဲ့၏ဟူ၍ ဆိုနိုင်သော် ငါ့ကိုသာ ရည်ရွယ်၍ ဆိုခြင်းဖြစ်ပေရာ၏”

## ၂။ ဥပတိဿသုတ်

### [ရှင်သာရိပုတ္တရာ၏ မိန့်ကြားချက်]

၂၃၆။ အခါတပါး၌ ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား ဤသို့ မိန့်ကြား၏။

“ငါ့ရှင်တို့၊ ‘အကြင်တစုံတယောက်သောသူ၏ ဖောက်ပြန်ပျက်စီးခြင်း၊ တမျိုးတဖုံဖြစ်သွားခြင်းကြောင့် ငါ့အား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာ၏။ ထိုတစုံတယောက်သောသူသည် ရှိပါသလော’ဟူ၍ စဉ်းစားသောအခါ ထိုကဲ့သို့သောသူသည် မရှိဟု ငါ့အား အကြံဖြစ်ခဲ့၏”

ထိုအခါ ရှင်အာနန္ဒာက ဤသို့ မေးလျှောက်၏။

“ငါ့ရှင် သာရိပုတ္တရာ၊ မြတ်စွာဘုရား ဖောက်ပြန်ပျက်စီးခြင်းကြောင့်ပင် သင့်အာ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့ မဖြစ်တော့ပြီလော”

“ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရား၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့်ပင် ငါ့အား စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်းစသည်တို့သည် မဖြစ်တော့ပြီ။ သို့သော် ‘ဘုန်းတန်ခိုးကြီးသော မြတ်စွာဘုရားကား ကွယ်လွန်လေပြီ။ အကယ်၍ မြတ်စွာဘုရားသည် ရှည်မြင့်စွာသော ကာလပတ်လုံးတည်ခဲ့သော် နတ်လူတို့၏ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပေရာ၏’ဟူသော စိတ်ကြံစည် တွေးတောခြင်းကား ဖြစ်ပေရာ၏”

“အရှင်သာရိပုတ္တရာသည် ကြာမြင့်သော ကာလမှစ၍ ငါ၊ ငါ့ဟာဟု စွဲယူခြင်း၊ ထောင်လွှားခြင်းဟူသော အနုသယတို့ကို ပယ်အပ်ပြီးဖြစ်ပါသည်။

ထို့ကြောင့်ပင် မြတ်စွာဘုရား၏ဖောက်ပြန်ပျက်စီးခြင်းကြောင့်ပင် အရှင့်အား စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း စသည်တို့မဖြစ်ခြင်း ဖြစ်ရပါ၏”

## ၃။ ဿဠသုတ်

[ဆားအိုးဖြင့် ဥပမာပြု၍ မိန့်ကြားခြင်း]

၂၃၃။ အခါတပါး၌ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး၍ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ကား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေကြ၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ရှင်မောဂ္ဂလ္လာန်ထံ ချဉ်းကပ်၍ ပဋိသန္ဓာရစကား ပြောဆိုလေသည်။

“ငါ့ရှင် မောဂ္ဂလ္လာန်၊ သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ မျက်နှာအဆင်းသည် ဖြူစင်တောက်ပ၏၊ အရှင်မောဂ္ဂလ္လာန်သည် ယနေ့ အေးချမ်းသော နေခြင်းဖြင့် နေခဲ့ဟန်ရှိပါသည်”

“ငါ့ရှင် မောဂ္ဂလ္လာန်၊ ငါသည် ယနေ့ကြမ်းတမ်းသောနေခြင်းဖြင့် နေခဲ့ပါသည်[၁]။ သို့သော် ငါ့အား တရားစကား ပြောဆိုခြင်းသည်ကား ရှိခဲ့ပါသည်”

“အရှင်မောဂ္ဂလ္လာန်အား မည်သူနှင့်တရားစကား ပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသနည်း”

“ငါ့ရှင် သာရိပုတ္တရာ၊ ငါ့အား မြတ်စွာဘုရားနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသည်”

“ငါ့ရှင် မောဂ္ဂလ္လာန်၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေခဲ့ပါသည်။ အသို့ပါနည်း၊ အရှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရားရှိရာသို့ တန်ခိုးဖြင့်သွားပါသလော၊ သို့မဟုတ် မြတ်စွာဘုရားသည် အရှင်မောဂ္ဂလ္လာန်ရှိရာသို့ တန်ခိုးဖြင့် ကြွလာပါသလော”

“ငါ့ရှင် သာရိပုတ္တရာ၊ ငါသည် မြတ်စွာဘုရားရှိရာသို့ တန်ခိုးဖြင့်မသွား၊ မြတ်စွာဘုရားသည်လည်း ငါရှိရာသို့ တန်ခိုးဖြင့် ကြွမလာပေ။ စင်စစ်မြတ်စွာဘုရားကို မြင်နိုင်၊ မြတ်စွာဘုရား၏အသံကို ကြားနိုင်လောက်သော အတိုင်းအတာအားဖြင့် ငါ၏ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတသည် စင်ကြယ်ခဲ့၏။ ငါ့ကို

---

၁။ ရုပ်ကိုအာရုံပြုသော ဒိဗ္ဗစက္ခု၊ သဒ္ဒါရုံကို အာရုံပြုသော ဒိဗ္ဗသောတ အဘိညာဉ်တို့ဖြင့် နေခြင်းကို ‘ကြမ်းတမ်းသောနေခြင်း’ဟု ဆိုသည်။

မြင်နိုင်၊ ငါ့အသံကို ကြားနိုင်လောက်သော အတိုင်းအတာ အားဖြင့်လည်း မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတသည် စင်ကြယ်ခဲ့၏”

“ငါ့ရှင် မောဂ္ဂလ္လာန်၊ အရှင်မောဂ္ဂလ္လာန်အား အဘယ်သို့လျှင် မြတ်စွာဘုရားနှင့် တရားစကား ပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသနည်း”

“ငါ့ရှင်သာရိပုတ္တရာ၊ ငါသည် မြတ်စွာဘုရားအား အဘယ်မျှလောက်ဖြင့် ထက်သန်သော လုံ့လရှိသူဟူ၍ ဆိုအပ်ပါသနည်း”ဟု မေးလျှောက်ခဲ့၏။ “မောဂ္ဂလ္လာန် ဤသာသနာ၌ ရဟန်းသည် စင်စစ် အရေအကြော အရိုးသာ ကြွင်းပစေ၊ ကိုယ်၌ အသားအသွေး ခန်းခြောက်ပစေ၊ ယောကျ်ားတို့၏ စွမ်းအားလုံ့လ ဝီရိယဖြင့် ရောက်သင့်ရောက်ထိုက်သောအဆင့်သို့မရောက်ပဲ ရပ်တန့်ခြင်း မဖြစ်စေအံ့”ဟူ၍ ထက်သန်သောလုံ့လရှိသည်ဖြစ်၍နေ၏။ မောဂ္ဂလ္လာန် ဤသို့လျှင် ထက်သန်သော လုံ့လရှိသူဖြစ်၏ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူ၏။ ငါ့ရှင်သာရိပုတ္တရာ၊ ဤသို့လျှင် ငါ့အား မြတ်စွာဘုရားနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသည်”

“ငါ့ရှင်မောဂ္ဂလ္လာန်၊ သေးငယ်သော ကျောက်စရစ်ခဲသည် ဟိမဝန္တာတောင်နှင့် မယှဉ်သာသကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် အရှင်မောဂ္ဂလ္လာန်နှင့် မယှဉ်သာပါ။ အရှင်မောဂ္ဂလ္လာန်သည်ကား ကြီးမားသော တန်ခိုးအာနုဘော်ရှိပါသည်။ အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးတည်နိုင်ရာပါ၏ [၁]”

“ငါ့ရှင်သာရိပုတ္တရာ၊ သေးငယ်သော ဆားခဲသည် ဆားအိုးကြီးနှင့် မနှိုင်းသာ သကဲ့သို့ ထို့အတူ ကျွန်ုပ်တို့သည် အရှင်သာရိပုတ္တရာနှင့် မယှဉ်သာပါ [၂]”

“သံသရာတဘက်ကမ်းသို့ ရောက်သော ရဟန်းဟူသမျှသည် သာရိပုတ္တရာ သာလျှင် အပိုင်းအခြားရှိ၏။ သာရိပုတ္တရာသည်သာလျှင် သီလ၊ သမာဓိ၊ ပညာ အားဖြင့် ထိုရဟန်းတို့ထက် သာလွန်၏”ဟူ၍ မြတ်စွာဘုရားသည် ချီးမွမ်းအပ်ပါသည်။

ဤသို့လျှင် ရဟန္တာနှစ်ပါးတို့သည် အချင်းချင်း ကောင်းစွာ ပြောဆိုအပ်သော စကားကို ထပ်တူထပ်မျှ ဝမ်းမြောက်ကြလေသည်။

---

၁။ အဘိညာဉ်တန်ခိုးသည်မြင့်တက်ခြင်းသဘောရှိသောကြောင့် တန်ခိုးတေဇာ်ရှိသော ရှင်မောဂ္ဂလ္လာန်အား ဟိမဝန္တာတောင်နှင့် ဥပမာပြု၍ချီးကျူးသည်။

၂။ ပညာသည် တရားအားလုံး၌ ပျံ့နှံ့ခြင်းသဘောရှိသောကြောင့် ပညာတေဇာ်ရှိ ရှင်သာရိပုတ္တရာသည် အားလုံး၌ ပျံ့နှံ့ခြင်းသဘောရှိသော ဆားနှင့် ဥပမာပြု၍ ချီးကျူးသည်။

## ၄။ နဝသုတ်

[ရဟန်းငယ်တပါးအား ဗုဒ္ဓက ချီးကျူးခြင်း]

၂၃၀။ အခါတပါး၌ ရဟန်းငယ်တပါးသည် ဆွမ်းစားပြီး၍ ဆွမ်းခံရာမှ ပြန်လာသည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေ၏။ ရဟန်းများ သင်္ကန်းချုပ်သည့်အခါ၌လည်း ဝေယျာဝစ္စကို မပြုလုပ်။ ထိုအကြောင်းကို ရဟန်းများက ဗုဒ္ဓထံသွား၍ လျှောက်ကြ၏။ ဗုဒ္ဓက ထိုရဟန်းငယ်ကိုခေါ်၍ မေးရာ ရဟန်းငယ်က "တပည့်တော်သည် မိမိကိစ္စကိုပင်ပြုပါသည်" ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓသည် ရဟန်းငယ်၏ စိတ်ကိုသိ၍ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် ဤရဟန်းကို မကဲ့ရဲ့ကြလင့်၊ ဤရဟန်းသည် မြတ်သောစိတ်ကိုမှီ၍ဖြစ်သည့် မျက်မှောက် ချမ်းသာစွာနေကြောင်းဖြစ်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲဝင်စားနိုင်၏။ ရဟန်းပြုသော အမျိုးကောင်းသားတို့ မျှော်မှန်းအပ်သည့် အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍နေနိုင်၏"

ထို့နောက် ဗုဒ္ဓက အောက်ပါစကားကို မိန့်ကြားတော်မူပြန်၏။

"ဆင်းရဲအားလုံးမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ပေါ့လျော့စွာ အားထုတ်ခြင်းဖြင့် မရောက်နိုင်၊ အနည်းငယ်သော အားထုတ်မှုဖြင့် မရောက်နိုင်၊ ဤသူကား ရဟန်းငယ်ပင် ဖြစ်သော်လည်း မြတ်သောယောကျ်ား ဖြစ်၏။ စစ်သည် ဗိုလ်ပါ အပေါင်းနှင့်တကွဖြစ်သော မာရ်နတ်ကို အောင်မြင်၍ အဆုံးစွန်သော ကိုယ်ကိုဆောင်သူဖြစ်ပေ၏"

## ၅။ သုဇာတသုတ်

[အရှင်သုဇာတအား ဗုဒ္ဓက ချီးကျူးခြင်း]

၂၃၉။ အခါတပါး၌ အရှင်သုဇာတသည် ဗုဒ္ဓထံ ချဉ်းကပ်၏။ ဗုဒ္ဓသည် အရှင်သုဇာတ အဝေးမှ လာသည်ကိုမြင်၍ ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏၊

"ရဟန်းတို့ ဤအမျိုးကောင်းသားသည် အဆင်းသဏ္ဌာန်နှင့်ပြည့်စုံခြင်း၊ အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေနိုင်ခြင်း ဟူသော အကြောင်းနှစ်မျိုးလုံးဖြင့် တင့်တယ်လှပေ၏"

ထို့နောက် ဗုဒ္ဓက အောက်ပါအတိုင်းစကားကို မိန့်ကြားတော်မူပြန်၏။

"ကိလေသာတို့နှင့် မယှဉ်သော၊ သံယောဇဉ်ကင်းသော ဤရဟန်းကား ဖြောင့်မတ်သောစိတ်ဖြင့် တင့်တယ်လှပေ၏။ စွဲလမ်းခြင်း မရှိပဲ ကိလေသာငြိမ်းအေးပြီးသော ဤရဟန်းသည် စစ်သည် ဗိုလ်ပါအပေါင်းနှင့်တကွဖြစ်သော မာရ်နတ်ကို အောင်မြင်၍ အဆုံးစွန်သော ကိုယ်ကိုဆောင်သူဖြစ်ပေ၏"

## ၆။ လကုဏ္ဍကဘဒ္ဒိယသုတ်

[အရှင်လကုဏ္ဍကဘဒ္ဒိယအား ဗုဒ္ဓက ချီးကျူးခြင်း]

၂၄၀။ ဗုဒ္ဓသည် အဝေးမှလာသော အရှင်လကုဏ္ဍကဘဒ္ဒိယကို မြင်၍ ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် အဆင်းမလှသော၊ ရှုချင့်စဖွယ်မကောင်းသော၊ ပုကွသော၊ ရဟန်းတို့၏နှိပ်စက်ခြင်းကိုခံရသော ထိုရဟန်းကို ရှုကြလော။ ထိုရဟန်းသည် ကြီးမားသော တန်ခိုးအာနုဘော်ရှိ၏။ ထိုရဟန်းမဝင်စားဖူးသော သမာပတ်ကို ရရန်မလွယ်၊ ထိုရဟန်းသည် ရဟန်းပြုသော အမျိုးကောင်းသားတို့ မျှော်မှန်းအပ်သည့် အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကိုလည်း မျက်မှောက်ပြု၍နေနိုင်ပေ၏"

ထို့နောက် ဗုဒ္ဓက အောက်ပါစကားများကို မိန့်ကြားတော်မူပြန်၏။

"ဟသ်ာ၊ ကြိုးကြာ၊ ဥဒေါင်း၊ ဆင်၊ ချေ၊ သမင်ဟု ဆိုအပ်သော သတ္တဝါအားလုံးတို့သည် ခြင်္သေ့မှ ကြောက်ကုန်၏။ သို့သော် ကိုယ်သဏ္ဌာန် အားဖြင့်မူကား တူမျှခြင်းမရှိချေ။ ထို့အတူပင် လူတို့အတွင်း၌ ငယ်ပင်ငယ်သော်လည်း ပညာရှိသောသူသည်သာလျှင် ကြီးမြတ်သူမည်၏။ ကိုယ်သဏ္ဌာန်ကြီးမားစေကာမူ လူမိုက်သည် ကြီးမြတ်သူမမည်ပေ"

## ၇။ ဝိသာခသုတ်

[အရှင်ဝိသာခအား ဗုဒ္ဓက ချီးကျူးခြင်း]

၂၄၁။ ဝေသာလီပြည် ကူဋာဂါရကျောင်း၌ ဗုဒ္ဓသတင်းသုံးစဉ် ပဥ္စာလမင်း၏ သားဖြစ်သော အရှင်ဝိသာခသည် အစည်းအဝေးဇရပ်၌ ရဟန်းတို့အား ချိုသာသန့်ရှင်း အပြစ်ကင်းသောစကားဖြင့် တရားဟော၏။ ထိုအချိန်တွင် ဗုဒ္ဓကြွလာ၍ "အဘယ်ရဟန်းသည် တရားဟောသနည်း"ဟု မေးတော်မူ၏။ အရှင်ဝိသာခ ဟောကြောင်း လျှောက်ကြားသောအခါ ဗုဒ္ဓက အရှင်ဝိသာခအား ချီးကျူးစကားမိန့်ကြားပြီး အောက်ပါဂါထာကို မြွက်ဆိုတော်မူ၏။

"ဟောပြောခြင်းမပြုပဲ လူမိုက်တို့နှင့်ရောနှော၍နေသော ပညာရှိကို ပညာရှိမှန်းမသိကြချေ။ ဘုရားရှင်ဟောကြားအပ်သည့် အမြိုက်တရားကို ဟောပြောမှသာလျှင် ပညာရှိမှန်း သိနိုင်ကုန်၏။ ထို့ကြောင့် ရသေ့ ရဟန်းတို့၏ တံခွန်အလံသဖွယ်ဖြစ်သော တရားကို ဟောပြောသင့်၏။ ထင်ရှားစေသင့်၏၊ ချီးမြှောက်သင့်၏။ ရသေ့ ရဟန်းတို့သည် ကောင်းစွာ ဟောကြားအပ်သည့် တရားတည်းဟူသော တံခွန်အလံရှိကုန်၏။ မှန်၏၊ တရားသည် ရသေ့ ရဟန်းတို့၏ တံခွန်အောင်လံ ဖြစ်၏။

## ၈။ နန္ဒသုတ်

[အရှင်နန္ဒအား ဗုဒ္ဓက ဆုံးမခြင်း]

၂၄၂။ အခါတပါး၌ မိထွေးတော်၏ သားဖြစ်သော အရှင်နန္ဒသည် လက်လိပ်ထိုး သင်္ကန်းတို့ကို ဝတ်ရုံကြီးလျှင် မျက်လုံးများကို မျက်ရေးကွင်း၍ အရောင်ထွက်သောသပိတ်ကို ယူဆောင်ကာ ဗုဒ္ဓထံသို့ချဉ်းကပ်၏။ ဗုဒ္ဓက ယုံကြည်မှုဖြင့် ရဟန်းပြုသော အမျိုးကောင်းသားများအား ထိုကဲ့သို့နေထိုင်ခြင်းသည် မသင့်၊ အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်တို့ကို

ဆောက်တည်ကာ ကာမဂုဏ်တို့၌ ငဲ့ကွက်မှုမရှိပဲနေရန်သင့်ကြောင်း ဆုံးမတော်မူ၏။ ထို့နောက် ဗုဒ္ဓက အောက်ပါဂါထာကို မိန့်ကြားတော်မူ၏။

"အာရညကင်ဓုတင်၊ ပံသုကူဓုတင်တို့ကို ဆောက်တည်ကာ မသင်မရှား ဆွမ်းခံ၍ ရသောဆွမ်းဖြင့် မျှတရောင့်ရဲသော၊ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းမရှိသော နန္ဒကို ဘယ်အခါ၌ ငါမြင်ရပါအံ့နည်း"

တပါးသောအခါ၌ အရှင်နန္ဒသည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်တို့ကို ဆောက်တည်ကာ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းမရှိပဲ နေလေသည်။

## ၉။ တိဿသုတ်

[အရှင်တိဿအား ဗုဒ္ဓက ဆုံးမခြင်း]

၂၄၃။ အခါတပါး၌ ဗုဒ္ဓ၏ ဘထွေးတော်၏ သားဖြစ်သော အရှင်တိဿသည် ဗုဒ္ဓထံချဉ်းကပ်၍ ကိုယ်စိတ်ဆင်းရဲစွာဖြင့် မျက်ရည်များယိုစီးလျက် အနီးတွင်ထိုင်နေ၏။ ဗုဒ္ဓက အကြောင်းကို မေးသောအခါ မိမိအား ရဟန်းများက စကားတည်းဟူသော လှံတံဖြင့် ထိုးဆွကြသောကြောင့် ဖြစ်ကြောင်း လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက "တိဿ၊ သင်သည် သူတပါးကိုသာ ပြောဆိုတတ်၏။ သူတပါး အပြောကို မခံနိုင်၊ ယင်းသို့ဖြစ်ခြင်းသည်မသင့်" ဟု ဆိုဆုံးမတော်မူပြီး အောက်ပါဂါထာကို ဟောကြားတော်မူ၏။

"တိဿ၊ သင်သည် အဘယ်ကြောင့် အမျက်ထွက်ဘိသနည်း၊ အမျက်မထွက်ပါလင့်၊ အမျက်မထွက်ခြင်းသည်သာ သင့်အား မြတ်၏။ "တိဿ၊ အမျက်ထွက်ခြင်း၊ မာန်မူခြင်း၊ ကျေးဇူးချေဖျက်ခြင်းတို့ကို ပယ်ဖျောက်ရန် အလို့ငှာ အကျင့်မြတ်ကို ကျင့်သုံးသည်မဟုတ်ပါလော"

## ၁၀။ ထေရနာမကသုတ်

[ထေရမည်သောရဟန်းအား ဟောကြားချက်]

၂၄၄။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ထေရ အမည်ရှိသော ရဟန်းသည် တပါးတည်းနေလေ့ရှိ၏။ တပါးတည်းနေခြင်း ၏ ဂုဏ်ကိုလည်း ဆိုလေ့ရှိ၏။ သူသည်တပါးတည်း ဆွမ်းခံသွား၏။ တပါး တည်း ဆွမ်းခံရာမှပြန်၏။ တပါးတည်း ဆိတ်ငြိမ်ရာ၌နေ၏။ တပါးတည်း စင်္ကြံလျှောက်၏၊ ထိုအကြောင်းကို ရဟန်းများက လျှောက်ကြသဖြင့် ဗုဒ္ဓ သည် ထိုရဟန်းကို ခေါ်၍မေးလေသည်။

"ရဟန်း၊ သင်သည် အဘယ်သို့လျှင် တပါးတည်း နေလေ့ရှိသနည်း၊ အဘယ်သို့လျှင် တပါးတည်းနေခြင်း၏ဂုဏ်ကို ဆိုလေ့ရှိသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် တပါးတည်း ဆွမ်းခံသွားပါသည်၊ တပါးတည်း ဆွမ်းခံရာမှ ပြန်ပါသည်၊ တပါးတည်း ဆိတ်ငြိမ်ရာ၌ နေပါ သည်၊ တပါးတည်း စင်္ကြံလျှောက်ပါသည်။ အရှင်ဘုရား၊ တပည့်တော် သည် ဤသို့လျှင် တပါးတည်းနေလေ့ရှိပါသည်၊ ဤသို့လျှင် တပါးတည်း နေခြင်း၏ ဂုဏ်ကို ဆိုလေ့ရှိပါသည်"

"ရဟန်း ထိုကဲ့သို့ တပါးတည်း နေခြင်းသည် ရှိ၏။ သို့သော် အကြင် အကြောင်းကြောင့် တပါးတည်း နေခြင်းသည် ပြည့်စုံသော အဓိပ္ပာယ်နှင့် ပြည့်စုံ၏။ ထိုအကြောင်းကို ငါဟောကြားအံ့၊ နားထောင်လော"

"ကောင်းပါပြီ အရှင်ဘုရား"

"ရဟန်း၊ အဘယ်သို့လျှင် တပါးတည်း နေခြင်းသည် ပြည့်စုံသော အဓိပ္ပာယ်နှင့် ပြည့်စုံသနည်းဆိုသော် အတိတ်ခန္ဓာကိုပယ်၍ အနာဂတ် ခန္ဓာ ကို စွန့်လွှတ်ပြီး ပစ္စုပ္ပန်၌လည်း လိုချင်တပ်မက်မှုကို ကောင်းစွာစွန့်လွှတ်ခြင်း ဖြင့် တပါးတည်းနေခြင်းသည် ပြည့်စုံသော အဓိပ္ပာယ်နှင့် ပြည့်စုံ၏"

ထို့နောက်ဗုဒ္ဓက အောက်ပါဂါထာကို ဟောကြားတော်မူ၏။

"အလုံးစုံသောတရားတို့ကို လွှမ်းမိုးနိုင်သော၊ အလုံးစုံသော တရားတို့ကို သိမြင်သော၊ ကောင်းသောပညာရှိသော၊ အလုံးစုံသောတရားတို့၌ လိမ်းကျံခြင်းမရှိသော၊ အလုံးစုံသော တပ်မက်စွဲလမ်းမှုကို စွန့်ပယ်ပြီးသော တဏှာကုန်ရာ နိဗ္ဗာန်၌ သက်ဝင်သော ပုဂ္ဂိုလ်ကို တပါးတည်း နေလေ့ရှိသူဟူ၍ ငါဆို၏"

## ၁၁။ မဟာကပ္ပိနသုတ်

[ရှင်မဟာကပ္ပိနအား ဗုဒ္ဓက ချီးကျူးခြင်း]

၂၄၅။ ဗုဒ္ဓသည် အရှင်မဟာကပ္ပိန အဝေးမှ လာနေသည်ကိုမြင်၍ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ပိန်ပိန်ပါးပါးဖြင့် အသားဖြူ၍ နှာတံရှည်သော ထိုရဟန်းကို ကြည့်ကြလော။ ထိုရဟန်းသည် ကြီးမားသော တန်ခိုးအာနုဘော်ရှိ၏။ ထိုရဟန်းမဝင်စားဖူးသော သမာပတ်ကို ရရန်မလွယ်၊ သူသည် ရဟန်းပြုသော အကျိုး ကောင်းသားတိုင်း မျှော်မှန်းအပ်သည့် အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကိုလည်း မျက်မှောက်ပြု၍ နေနိုင်၏"

ထို့နောက် ဗုဒ္ဓက အောက်ပါဂါထာတို့ကို ဟောကြားတော်မူ၏။

"အမျိုးအနွယ်ကို စိစစ်လေ့ရှိသော လူအပေါင်းတို့တွင် မင်းမျိုးသည် မြတ်၏။ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံသူသည် နတ်လူအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်၏။

"နေမင်းသည် နေ့အခါ၌သာ ထွန်းပ၏။ လသည် ညအခါ၌သာထွန်းပ၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဝတ်ဆင်မှသာ တောက်ပ၏။ ရဟန္တာသည် ဈာန်ဝင်စားမှသာ တောက်ပ၏။ မြတ်စွာဘုရားသည်ကား အလုံးစုံသော နေ့ညဥ့်ပတ်လုံး တန်ခိုးဖြင့် တောက်ပတော်မူ၏"

## ၁၂။ သဟာယကသုတ်

[အရှင်ကပ္ပိန၏ သူငယ်ချင်းများအား ချီးကျူးခြင်း]

၂၄၆။ အခါတပါး၌ ဗုဒ္ဓသည် အရှင်မဟာ ကပ္ပိန၏ အတူနေ တပည့်ဖြစ်သော သူငယ်ချင်းရဟန်းများ အဝေးမှလာနေသည်ကို မြင်၍ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ကပ္ပိနၡ၏ အတူနေတပည့်ဖြစ်သော ရဟန်းများကို ရှုကြကုန်လော့၊ ထိုရဟန်းတို့သည် ကြီးမားသော တန်ခိုးအာနုဘော်ရှိကုန်၏။ ထိုရဟန်းတို့ မဝင်စားဖူးသော သမာပတ်ကို ရရန်မလွယ်ပေ။ ထိုရဟန်းတို့သည် ရဟန်းပြုသော အမျိုးကောင်းသားတို့ မျှော်မှန်းအပ်သည့် အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကိုလည်း မျက်မှောက်ပြု၍ နေနိုင်ကုန်၏"

ထို့နောက် ဗုဒ္ဓက အောက်ပါဂါထာ တို့ကို ဟောကြားတော်မူ၏။

"ကပ္ပိန၏ သူငယ်ချင်းဖြစ်သော ဤရဟန်းတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ညီညွတ်သော အကျင့်ရှိကုန်၏။ ထိုရဟန်းတို့၏ တရားသည် မြတ်စွာဘုရားဟောကြားအပ်သောတရားနှင့်ညီညွတ်၏။ ကပ္ပိနသည် အရိယာတို့ ဟောကြားအပ်သောတရား၌ ကောင်းစွာ ဆုံးမထားအပ်သော ထိုရဟန်းတို့သည် ဝိုလ်ပါအပေါင်းနှင့်တကွ ဖြစ်သော မာရ်နတ်ကိုအောင်မြင်၍ အဆုံးစွန်သော ကိုယ်ကိုဆောင်သူများဖြစ်ကုန်၏"



# သံယုတ္တနိကာယ်

## ၃။ ခန္ဓဝဂ

# ၁။ ခန္ဓသံယုတ်

[ခန္ဓာ ငါးပါးနှင့်စပ်သော ဟောကြားချက်များ]

## ၁။ နကုလပိတုဝဂ်

### ၁။ နကုလပိတုသုတ်

**[နကုလပိတာသူကြွယ်အား ဟောကြားချက်]**

၁။ ဘဂ္ဂတိုင်း သုသုမာရဂိရ မြို့ [၁] အနီး ပဲစဉ်းငုံတော၌ သီတင်းသုံးစဉ် နကုလပိတာမည်သော သူကြွယ်သည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်၏။

"အရှင်ဘုရား၊ တပည့်တော်သည် ယခုအခါ အိုမင်းပြီဖြစ်၍ အမြဲနာကျင်သော ကိုယ်ရှိပါ၏။ မြတ်နိုးကြည်ညိုဖွယ်ဖြစ်သော ရဟန်းတို့ကိုလည်း အမြဲဖူးမြင်ရသည်မဟုတ်ပါ။ ထို့ကြောင့် ကာလရှည်မြင့်စွာ စီးပွားချမ်းသာသော ကို ဖြစ်စေနိုင်မည့် ဆုံးမစကားကို မိန့်ကြားတော်မူပါလော"

ထိုအခါ ဗုဒ္ဓက အောက်ပါ ဆုံးမစကားကို မိန့်ကြားတော်မူ၏။

"သူကြွယ်၊ သင့်စကားသည် မှန်ပေ၏။ ဤကိုယ်သည် အမြဲနာကျင်နေ၏။ ဤကိုယ်ကိုဆောင်ထားပါလျက် တမုဟုတ်မျှပင် အနာရောဂါ ကင်းခြင်းကို ဝန်ခံသူသည် မိုက်မဲသူသာဖြစ်၏။ သူကြွယ်၊ ထို့ကြောင့် သင်သည်'နာကျင်သော ကိုယ်ရှိသော ငါ၏စိတ်သည်ကား နာကျင်ခြင်း ကင်းစေရမည်' ဟူ၍ ဆင်ခြင်နှလုံးသွင်းအပ်၏"

---

၁။ မြို့တည်စဉ်အချိန်က မိကျောင်း၏ အသံကို ကြားရသောကြောင့် သုသုမာရဂိရ မြို့ဟု တွင်သည်။ သုသုမာရ-မိကျောင်း၊ ဂိရ-အသံ။

ဗုဒ္ဓ၏ ဆုံးမစကားကို နာရသောအခါ နကုလပိတာ သူကြွယ်သည် ဝမ်းမြောက်စွာဖြင့် နေရာမှ ထသွားပြီး ရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ်ပြန်၏။ ရှင်သာရိပုတ္တရာက "သူကြွယ်၊ သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ မျက်နှာ အဆင်းသည်လည်း စင်ကြယ်၏။ သင်သည် မြတ်စွာဘုရားထံမှ တရားနာခဲ့ရသလော"ဟု မေး၏။ သူကြွယ်က မိမိအား ဗုဒ္ဓက တရားတည်းဟူသော အမြိုက်ရေဖြင့် ဆွတ်ဖျန်းလိုက်ပုံကို ပြန်ပြောင်း လျှောက်ကြား၏။

"သူကြွယ်၊ နာကျင်သောကိုယ်လည်း ရှိသော်လည်း နာကျင်သောစိတ် မရှိသူ ဖြစ်ပုံတို့ကို မြတ်စွာဘုရားအားပြန်၍မေးလျှောက်ခဲ့ပါသလော"

ထိုအကြောင်းအရာများကို ဗုဒ္ဓအား မမေးလျှောက်ခဲ့မိသဖြင့် နာယူလိုကြောင်း သူကြွယ်က ရှင်သာရိပုတ္တရာအား လျှောက်သည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာက အောက်ပါအတိုင်းဟောကြားသည်။

သူကြွယ်၊ အဘယ်သို့လျှင် နာကျင်သောကိုယ်လည်းရှိ၊ နာကျင်သောစိတ်လည်း ရှိသူဖြစ်သနည်းဆိုသော် ဤလောက၌ အရိယာ သူတော်စင်တို့ကို မဖူးမြင်ရ၍ ထိုသူတို့၏ တရား၌ ကျွမ်းကျင်လိမ္မာခြင်းမရှိသည့် အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏။ ရုပ်ရှိသော တရားကို သော်လည်း အတ္တ ဟုရှု၏။ အတ္တ၌ ရုပ်သည် တည်၏ ဟူ၍ သော်လည်း ရှု၏။ ရုပ်၌ အတ္တသည် တည်၏ ဟူ၍သော်လည်းကောင်း ရှု၏။ 'ငါသည် ရုပ်ဖြစ်၏။ ငါ၏ရုပ်ဖြစ်၏'ဟူ၍ ထကြွသောအားဖြင့် တည်လေ့ရှိ၏။ ယင်းသို့တည်လေ့ရှိသော ထိုသူ၏ ရုပ်သည် တပါးသော အခါ၌ ဖောက်ပြန်ပြောင်းလဲ၍သွား၏။ ရုပ်ဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ထိုသူအား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်၏၊ (ဝေဒနာ စသည်တို့၌လည်း နည်းတူဟောအပ်၏) သူကြွယ်၊ ဤသို့လျှင် နာကျင်သော ကိုယ်လည်းရှိ၊ နာကျင်သောစိတ်လည်းရှိသူ ဖြစ်၏။

သူကြွယ်၊ အဘယ်သို့လျှင် နာကျင်သောကိုယ် ရှိသော်လည်း နာကျင်သောစိတ် မရှိသူဖြစ်သနည်း ဆိုသော် ဤလောက၌ အကြားအမြင်များသော ပုထုဇဉ်သည် ရုပ်ကို အတ္တစသောအားဖြင့်မရှု၊ 'ငါသည်ရုပ်ဖြစ်၏။ ငါ၏ရုပ်ဖြစ်၏' ဟူ၍ ထကြွသောအားဖြင့် တည်လေ့မရှိ။ ယင်းသို့တည်လေ့မရှိသော ထိုသူ၏ ရုပ်သည် တပါးသောအခါ၌ ဖောက်ပြန် ပြောင်းလဲသွား

သော်လည်း ထိုသူအားစိုးရိမ်ခြင်း စသည်တို့သည် မဖြစ်ကုန်၊ (ဝေဒနာစသည်တို့၌လည်း နည်းတူဟောအပ်၏) သူကြွယ်၊ ဤသို့လျှင် နာကျင်သောကိုယ်ရှိသော်လည်း နာကျင်သောစိတ် မရှိသူ ဖြစ်ပေ၏။

နကုလပိတာ သူကြွယ်သည် ရှင်သာရိပုတ္တရာ၏ ဟောကြားချက်ကို များစွာ ကျေနပ်နှစ်သက်သွားလေသည်။

## ၂။ ဒေဝဒဟသုတ်

### [ဒေဝဒဟ နိဂုံး၌ ဟောကြားချက်]

၂။ သက္ကတိုင်း သာကီဝင်မင်းမျိုးတို့၏ ဒေဝဒဟမည်သော နိဂုံး၌ သီတင်းသုံးစဉ် များစွာသောရဟန်းတို့သည် ဗုဒ္ဓထံချဉ်းကပ်၍ 'တပည့်တော်တို့သည် ပစ္ဆာဘူမ ဇနပုဒ်[၁] သို့သွား၍ နေလိုကြပါသည်' ဟု လျှောက်ကြ၏။ ထိုရဟန်းတို့အား ဗုဒ္ဓက 'သာရိပုတ္တရာကို ပန်ကြား၍ သွားကြလော့'ဟု မိန့်ကြားတော်မူ၏၊ ထိုရဟန်းတို့သည် ဒန့်ကျွဲချုံတခု၌နေသော ရှင်သာရိပုတ္တရာထံသွား၍ ပန်ကြားကြ၏။ ရှင်သာရိပုတ္တရာက ထိုရဟန်းတို့ကို ဤသို့မေးလေသည်။

"ငါ့ရှင်တို့၊ တိုင်းတပါးသို့ သွားသောရဟန်းကို သင်တို့ဆရာသည် မည်သို့ဟောကြားလေ့ရှိပါသနည်း ဟူ၍ ပညာရှိတို့က မေးတတ်ကုန်၏။ ငါ့ရှင်တို့သည် ထိုကဲ့သို့ မေးခြင်းကို ဖြေကြားနိုင်ရန်တရားကို ကောင်းစွာသင်ယူမှတ်သားထားကြပါကုန်၏လော"

ထိုအမေးကို မြတ်စွာဘုရား၏ အလိုတော်နှင့် ညီ မည်ကဲ့သို့ ဖြေဆိုရမည်ကို ရှင်းလင်းဟောကြားရန် ရဟန်းတို့က ရှင်သာရိပုတ္တရာအား တောင်းပန်ကြသည်၊ ရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ဟောကြားလေသည်။

"ငါ့ရှင်တို့၊ သင်တို့၏ဆရာသည် မည်ကဲ့သို့ဟောကြားလေ့ရှိပါသနည်း။ ဟူ၍ ပညာရှိတို့က မေးခဲ့သော် ငါတို့၏ ဆရာသည် လိုချင်တပ်မက်မှုပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိ၏" ဟု ဖြေဆိုကြကုန်လော။

---

၁။ အနောက်ဘက်နယ်မြေ၌ရှိသော ဇနပုဒ်ဟုဆိုလိုသည်။

"ဘယ်အရာ၌ လိုချင်တပ်မက်မှုပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပါသနည်းဟု ထပ်ဆင့်မေးခဲ့သော် ရုပ်ဝေဒနာစသော ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိ၏ ဟု ဖြေကြားကြကုန်လော။

"မည်သို့သော အပြစ်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပါသနည်း" ဟု ထပ်ဆင့်၍ မေးခဲ့သော် ခန္ဓာငါးပါး၌ လိုချင်မှု၊ တပ်မက်မှု၊ ဆာလောင်မှု မကင်းသူအား ထိုခန္ဓာငါးပါးဖောက်ပြန် ပြောင်းလဲသွားသောအခါ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းစသည်တို့ ဖြစ်လာတတ်ကုန်၏။ ငါတို့ဆရာသည် ဤသို့သောအပြစ်ကို မြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိ၏ဟု ဖြေဆိုကြကုန်လော။

"မည်သို့သော အကျိုးအာနိသင်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပါသနည်းဟု ထပ်ဆင့် မေးခဲ့သော် 'ခန္ဓာငါးပါး၌ လိုချင်မှု၊ တပ်မက်မှု၊ ဆာလောင်မှု ကင်းသူအား ထိုခန္ဓာငါးပါး ဖောက်ပြန် ပျက်စီးသွားသော်လည်း စိုးရိမ် ပူဆွေးခြင်း စသည်တို့ မဖြစ်တော့ပေ။ ငါတို့ဆရာသည် ဤသို့သော အကျိုးအာနိသင်ကိုမြင်၍ ခန္ဓာငါးပါး၌ လိုချင်တပ်မက်မှု ပယ်ဖျောက်ရေးကို ဟောကြားလေ့ရှိပေ၏' ဟု ဖြေဆိုကြကုန်လော။

"ငါ့ရှင်တို့၊ အကယ်၍ အကုသိုလ်တရားတို့ကို ပြည့်စုံစေ၍ နေသူအား မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း ဖြစ်ပြီး တမလွန်၌လည်း သုဂတိကို မျှော်လင့်အပ်သည်ရှိသော်၊ မြတ်စွာဘုရားသည် အကုသိုလ်တရားများ ပယ်ရှားခြင်းကို ချီးမွမ်းမည်မဟုတ်၊ စင်စစ်အားဖြင့် အကုသိုလ်တရားတို့ကို ပြည့်စုံစေ၍ နေသူအား မျက်မှောက်ဘဝ၌ဆင်းရဲစွာ နေရခြင်းဖြစ်ပြီး၊ တမလွန်၌လည်း ဒုဂ္ဂတိကိုသာ မျှော်လင့်အပ်၏။ ထို့ကြောင့်လည်း အကုသိုလ်တရားများ ပယ်ရှားခြင်းကို မြတ်စွာဘုရားက ချီးမွမ်းခြင်းဖြစ်ပေ၏။

"ငါ့ရှင်တို့၊ အကယ်၍ ကုသိုလ်တရားများကို ပြည့်စုံစေ၍ နေသူအား မျက်မှောက်ဘဝ၌ ဆင်းရဲစွာ နေရခြင်းဖြစ်ပြီး တမလွန်၌လည်း ဒုဂ္ဂတိကို မျှော်လင့်အပ်သည်ရှိသော် မြတ်စွာဘုရားသည် ကုသိုလ်တရားများ ပြည့်စုံခြင်းကို ချီးမွမ်းမည်မဟုတ်၊ စင်စစ်အားဖြင့် ကုသိုလ်တရားများကို ပြည့်စုံစေ၍

နေသူအား မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းဖြစ်ပြီး တမလွန်၌လည်း သုဂတိကိုသာ မျှော်လင့်အပ်၏။ ထို့ကြောင့်ပင် ကုသိုလ်တရားများ ပြည့်စုံခြင်းကို မြတ်စွာဘုရားက ချီးမွမ်းခြင်း ဖြစ်ပေ၏”

ရှင်သာရိပုတ္တရာက ဤသို့မိန့်ကြားသောအခါ ရဟန်းတို့သည် ထိုမိန့်ကြားချက်ကို နှစ်သက်စွာခံယူကြလေသည်။

## ၃ ။ ဟာလိဒ္ဒိကာနိသုတ်

[ဟာလိဒ္ဒိကာနိသူကြွယ်အား ဟောကြားချက်]

၃။ အခါတပါး၌ ရှင်မဟာကစ္စည်းမထေရ်သည် အဝန္တိတိုင်း ကုရရဃရမြို့အနီး တောင်ကမ်းပါးယံတခု၌ နေ၏။ ထိုအခါ ဟာလိဒ္ဒိကာနိမည်သော သူကြွယ်သည် ရှင်မဟာကစ္စည်းထံချဉ်းကပ်၍ အဋ္ဌကဝဂ် မာဂဏ္ဍိယပဥှာ၌ ဘုရားရှင် ဟောကြားခဲ့သည့် ‘ဩကံပဟာယ’ စသော ဂါထာ၏ အနက်ကို အကျယ်ဖွင့်ဆိုပြရန်တောင်းပန်သည်။ ရှင်မဟာကစ္စည်းက အောက်ပါအတိုင်း ဖွင့်ဆိုလေသည်။

ရူပဝေဒနာစသော ခန္ဓာငါးပါးသည် ဝိညာဏ်၏တည်ရာအိမ်မည်၏။ ထိုခန္ဓာငါးပါး၌ တပ်မက်ဖွဲ့ယှက်နေသော ကမ္မဝိညာဏ်သည် အိမ်ထဲသို့ဝင်သူမည်၏။ ခန္ဓာငါးပါး၌ နှစ်သက်စွဲလမ်းမှုကို အကြွင်းမဲ့ပယ်ပြီးသော မြတ်စွာဘုရားသည် အိမ်ထဲသို့ မဝင်သူမည်၏။

ခန္ဓာငါးပါးတည်းဟူသော နိမိတ်အာရုံ၌ ဖြန့်ကျက်ဖွဲ့ယှက်နေသူသည် အိမ်သို့ဝင်သူမည်၏။ ယင်းသို့ ဖြန့်ကျက်ဖွဲ့ယှက်နေသူကို အကြွင်းမဲ့ပယ်ပြီးသော မြတ်စွာဘုရားသည် အိမ်သို့မဝင်သူ မည်၏။

လူတို့နှင့် ရောနှောလျက် လူတို့ဆင်းရဲသော် မိမိလည်း ဆင်းရဲလျက် လူတို့ချမ်းသာသော် မိမိလည်း ချမ်းသာလျက်နေသော ရဟန်းသည် ရွာ၌ရောနှောခြင်းရှိလျက် နေသူမည်၏။ ထိုသို့မနေသော ရဟန်းသည် ရွာ၌ရောနှောခြင်းရှိလျက် မနေသူ ဖြစ်၏။

ကာမဂုဏ်တို့၌ တပ်စွန်းနှစ်သက်ခြင်း မကင်းသူသည် ကာမဂုဏ်တို့မှ မကင်းဆိတ်သူ မည်၏။ တပ်စွန်းနှစ်သက်ခြင်းကင်းသူသည် ကာမဂုဏ်တို့မှ ကင်းဆိတ်သူမည်၏။

"ငါသည် အနာဂတ်ကာလ၌ ဤသို့သော ရုပ်ရှိသူဖြစ်ပါစေ၊ ဤသို့သော ဝေဒနာရှိသူဖြစ်ပါစေ"စသည်ဖြင့် တောင့်တခြင်းပြုသူသည် ဝဋ်ဆင်းရဲသို့ရှေးရှုနေသူ ဖြစ်၏။ ယင်းသို့ တောင့်တခြင်းမရှိသူသည် ဝဋ်ဆင်းရဲသို့ ရှေးရှုမနေသူမည်၏။

"သင်သည် တရားဝိနည်းကိုမသိ၊ အကျင့်ဖောက်ပြန်သူဖြစ်၏။ စကားကို ရှေ့နောက်မညီ ပြော၏။ ငါသည်ကား တရားဝိနည်းကိုသိ၏။ အကျင့်မှန်သူဖြစ်၏။ ငါ့စကားသည် ရှေ့နောက်ညီ၏"စသည်ဖြင့် ပြောဆိုတတ်သူသည် လူအများနှင့် ငြင်းခုံတတ်သူမည်၏။ ယင်းသို့ မပြောဆိုတတ်သူသည် လူအများနှင့်ငြင်းခုံခြင်း မပြုတတ်သူမည်၏။

ဤသို့လျှင် 'သြက်ပဟာယ'စသော ဂါထာ၏ အနက်ကို ရှင်မဟာကစ္စည်းက အကျယ်ဖွင့်ပြလေသည်။

## ၄။ ဒုတိယဟာလိဒ္ဒိကာနိသုတ်

[ဟာလိဒ္ဒိကာနိသူကြွယ်အား ဟောကြားချက်]

၄။ ဒီဃနိကာယ် သက္ကပဉ္စသုတ်၌ 'တဏှာကုန်ရာ နိဗ္ဗာန်ကိုအာရုံပြု၍ လွတ်မြောက်သော စိတ်ရှိသော ရဟန်းပုဏ္ဏားတို့သည် စင်စစ်ပြီးဆုံးခြင်းရှိသူများ ဖြစ်ကုန်၏'ဟူ၍ အကျဉ်းအားဖြင့် မြတ်စွာဘုရားဟောကြားအပ်သော စကား၏ အနက်အဓိပ္ပာယ်ကို အကျယ်ဖွင့်ဆိုပေးရန် ဟာလိဒ္ဒိကာနိမည်သောသူကြွယ်က ရှင်မဟာကစ္စည်းအား တောင်းပန်သည်။ ရှင်မဟာကစ္စည်းက ရုပ်ခေတ်၊ ဝေဒနာခေတ်စသော ခေတ်ငါးပါး၌ လိုချင်မှု၊ စွဲလမ်းမှု၊ နှစ်သက်မှု စသည်တို့ ကုန်ခန်းချုပ်ငြိမ်းသော် ကိလေသာတို့မှကောင်းစွာလွတ်မြောက်သောစိတ်ဟူ၍ ဆိုရကြောင်း အကျယ်ဖွင့်၍ ဟောကြားသည်။

## ၅။ သမာဓိသုတ်

[သမာဓိကိုပွားလျှင် ဟုတ်တိုင်းမှန်စွာသိပုံ]

၅။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဟောသည်။

ရဟန်းတို့၊ သင်တို့သည် သမာဓိကို ပွားများကြလော၊ သမာဓိရှိသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာသိ၏။ အဘယ်ကို ဟုတ်တိုင်းမှန်စွာသိသနည်း

ဆိုသော် ရုပ်ဝေဒနာ စသော ခန္ဓာငါးပါးကိုလည်းကောင်း၊ သင်တို့၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းများကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာသိ၏။

ရဟန်းတို့၊ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးတို့၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်းဆိုသော် ရုပ်ကို နှစ်သက်စွဲလမ်းသူအား ထိုရုပ်၌ နှစ်သက်ခြင်းသည် ဖြစ်၏။ ထိုနှစ်သက်ခြင်းသည် စွဲလမ်းခြင်းပင်ဖြစ်၏။ စွဲလမ်းခြင်းကြောင့် ဘဝသည်ဖြစ်၏။ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏနှင့် သောကပရိဒေဝစသည်တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ဆင်းရဲအစု၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ ရဟန်းတို့၊ ဤကား ရုပ်၏ ဖြစ်ပေါ်ကြောင်းတည်း။ (ဝေဒနာစသည်တို့၏ ဖြစ်ကြောင်းများကိုလည်း နည်းတူဟော၏)။

ရဟန်းတို့၊ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးတို့၏ ချုပ်ကြောင်းဟူသည် အဘယ်နည်းဆိုသော် ရုပ်ကို နှစ်သက်စွဲလမ်း၍ မတည်သူအား ထိုရုပ်၌ နှစ်သက်ခြင်းသည် ချုပ်၏။ နှစ်သက်မှုချုပ်ခြင်းကြောင့် စွဲလမ်းမှုသည် ချုပ်၏။ စွဲလမ်းမှုချုပ်ခြင်းကြောင့် ဘဝ၊ ဇာတိ စသည်တို့သည် အဆင့်ဆင့်ချုပ်ကုန်၏။ ဤသို့လျှင် ဆင်းရဲအစု၏ ချုပ်ခြင်းသည် ထင်ရှား၏။ ရဟန်းတို့၊ ဤကား ရုပ်၏ ချုပ်ငြိမ်းကြောင်းတည်း။ (ဝေဒနာစသည်တို့၏ ချုပ်ငြိမ်းကြောင်းများကိုလည်း နည်းတူဟော၏)။

## ၆။ ပဋိသလ္လာနသုတ်

[ဆိတ်ငြိမ်ရာ၌နေလျှင် ဟုတ်တိုင်းမှန်စွာသိပုံ]

၆။ ရဟန်းတို့၊ သင်တို့သည် ဆိတ်ငြိမ်ရာ၌ နေခြင်း၌ အားထုတ်ကြကုန်လော့။ ဆိတ်ငြိမ်ရာ၌ နေသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာသိ၏။ (ထို့နောက် ခန္ဓာငါးပါးဖြင့် အထက်သုတ်နည်းတူ အကျယ်ဟောသည်)။

## ၇။ ဥပါဒါပရိတဿနသုတ်

[စွဲလမ်းသဖြင့် တပ်မက်မှုဖြစ်ပုံ]

၇။ ရဟန်းတို့၊ ငါသည် ယင်းတို့အားစွဲလမ်းသဖြင့် တပ်မက်မှုဖြစ်ပုံကိုလည်းကောင်း၊ မစွဲလမ်းသဖြင့် တပ်မက်မှုမဖြစ်ပုံကိုလည်းကောင်း ဟောအံ့၊ နာကြကုန်လော့။

ရဟန်းတို့၊ အဘယ်သို့လျှင် စွဲလမ်းသဖြင့် တပ်မက်မှုသည် ဖြစ်သနည်း ဆိုသော် ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် 'ရုပ်သည် အတ္တဖြစ်၏' စသောအားဖြင့် ရှု၏။ ထိုသူ၏ ရုပ်သည် တပါးသောအခါ၌ ဖောက်ပြန်ပျက်စီးသွား၏။ ထိုအခါ ရုပ်ဖောက်ပြန်ပျက်စီးမှုသို့ အစဉ်လိုက်သော ဝိညာဏ်ကြောင့်[၁] ဖြစ်သည့် တပ်မက်ခြင်း တဏှာနှင့် အခြားသော အကုသိုလ်တရားတို့သည် ထိုသူ၏ ကုသိုလ်စိတ်ကို ကုန်ခန်းစေ၍ တည်ကုန်၏။ ကုသိုလ်စိတ်ကုန်ခန်းခြင်းကြောင့် ထိုသူအား သိတ်လန့်ခြင်း၊ ဆင်းရဲပင်ပန်းခြင်း၊ ငဲ့ကွက်ခြင်းများဖြစ်ကုန်၏။ စွဲလမ်းသဖြင့် တပ်မက်ခြင်းသည်လည်း ဖြစ်၏။ (ဝေဒနာ စသည်ဘို့၌လည်း နည်းတူဟော၏။) ရဟန်းတို့၊ ဤသို့လျှင် စွဲလမ်းသဖြင့် တပ်မက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် မစွဲလမ်းသဖြင့် မတပ်မက်ခြင်းသည် ဖြစ်သနည်း ဆိုသော် ဤလောက၌ အကြားအမြင်များသော အရိယာတပည့်သည် 'ရုပ်သည် အတ္တဖြစ်၏' စသောအားဖြင့် မရှု၊ ထိုသူ၏ ရုပ်သည် တပါးသော အခါ၌ ဖောက်ပြန် ပျက်စီးသွား၏။ သို့သော် ထိုသူအား ရုပ်ဖောက်ပြန်မှုသို့ အစဉ်လိုက်သော ဝိညာဏ်သည် မဖြစ်၊ ထိုရုပ်ဖောက်ပြန်မှုသို့ အစဉ်လိုက်သော ဝိညာဏ်ကြောင့် ဖြစ်သည့် တပ်မက်ခြင်း တဏှာနှင့် အခြားသော အကုသိုလ်တရားတို့သည် ထိုသူ၏ ကုသိုလ်စိတ်သည် ကုန်းခန်းစေ၍ မတည်ကုန်၊ ကုသိုလ်စိတ်များ မကုန်ခန်းခြင်းကြောင့် ထိုသူအား ထိတ်လန့်ခြင်း၊ ဆင်းရဲပင်ပန်းခြင်း၊ ငဲ့ကွက်ခြင်းတို့သည် မဖြစ်ကုန်၊ စွဲလမ်းသဖြင့် တပ်မက်ခြင်းသည်လည်း မဖြစ်တော့ချေ။ (ဝေဒနာစသည်ဘို့၌လည်း နည်းတူဟော၏။) ရဟန်းတို့၊ ဤသို့လျှင် မစွဲလမ်းသဖြင့် မတပ်မက်ခြင်းသည်ဖြစ်၏။

## ဂ။ ဒုတိယဥပါဒါပရိတဿနာသုတ်

### [စွဲလမ်းသဖြင့် တပ်မက်ခြင်းဖြစ်ပုံတမျိုး]

ဂ။ ဤသုတ်၌ စွဲလမ်းသဖြင့် တပ်မက်ခြင်းဖြစ်ပုံနှင့် မဖြစ်ပုံဘို့ကို အောက်ပါအတိုင်း တနည်းဟော၏။

ရဟန်းတို့၊ အဘယ်သို့လျှင် စွဲလမ်းသဖြင့် တပ်မက်ခြင်းသည် ဖြစ်သနည်း ဆိုသော် ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ကို 'ငါ၊

---

၁။ ''ငါ၏ရုပ်သည် ဖောက်ပြန်ပျက်စီးသွားလေပြီ'' စသည်ဖြင့် ဖြစ်သော စိတ်ကို ရုပ်ဖောက်ပြန်မှုသို့ အစဉ်လိုက်သော ဝိညာဏ်ဟု ဆိုသည်။

ဟာ၊ ငါ၊ ငါ၏ကိုယ်''ဟူ၍ ရှု၏။ ထိုသူ၏ ရုပ်သည် တပါးသောအခါ၌ဖောက်ပြန်ပျက်စီးသွား၏။ ထိုအခါ ထိုသူအား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့ ဖြစ်ကုန်၏။ (ဝေဒနာစသည်တို့၌လည်း နည်းတူဟော၏။) ရဟန်းတို့၊ ဤသို့လျှင် စွဲလမ်းသဖြင့် တပ်မက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် မစွဲလမ်းသဖြင့် မတပ်မက်ခြင်းသည် ဖြစ်သနည်းဆိုသော် ဤသာသနာ၌ အကြားအမြင်များသော အရိယာတပည့်သည် ရုပ်ကို 'ငါ့ဟာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ် မဟုတ်'ဟု ရှု၏။ ထိုရုပ်သည် တပါးသောအခါ၌ ဖောက်ပြန်ပျက်စီးသွားသော်လည်း ထိုသူအား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့သည် မဖြစ်ကုန်။ (ဝေဒနာစသည်တို့၌လည်း နည်းတူဟော၏။) ရဟန်းတို့၊ ဤသို့လျှင် မစွဲလမ်းသဖြင့် မတပ်မက်ခြင်းသည် ဖြစ်၏။

## ၉။ ကာလတ္တယအနိစ္စသုတ်

[ကာလသုံးပါး၌ မမြဲခြင်းကိုရှုပုံ]

၉။ ရဟန်းတို့၊ အတိတ်အနာဂတ်ဖြစ်သော ရုပ်သည် မမြဲ၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်ကား ဆိုဖွယ်ရာ မရှိချေ။ ရဟန်းတို့၊ ဤသို့ရှုမြင်သော အရိယာတပည့်သည် အတိတ်ဖြစ်သော ရုပ်၌ ငဲ့ကွက်ခြင်းကင်း၏။ အနာဂတ်ဖြစ်သောရုပ်ကို မနှစ်သက်၊ (မတောင့်တ။) ပစ္စုပ္ပန်ဖြစ်သော ရုပ်အားလည်း ငြီးငွေ့ခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ကျင့်သူဖြစ်၏။ (ဝေဒနာစသည်တို့၌ နည်းတူဟော၏။)

၁၀-၁၁။ ကာလသုံးပါး၌ ဆင်းရဲပုံကိုဟောသော ကာလတ္တယဒုက္ခသုတ်၊ ကာလသုံးပါး၌ အတ္တမဟုတ်ပုံကို ဟောသော ကာလတ္တယအနတ္တသုတ်တို့ကို အထက်သုတ်နည်းတူ သိရာ၏။

## ၂။ အနိစ္စဝဂ်

## ၁။ အနိစ္စသုတ်

[ခန္ဓာငါးပါး၏ မမြဲခြင်းကို ရှုပုံ]

၁၂။ ရဟန်းတို့၊ ရုပ်သည် မမြဲ၊ ဝိညာဏ်သည် မမြဲ။ ရဟန်းတို့၊ ဤသို့ရှုမြင်သော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီး

ငွေ၏။ ငြိးငွေ့သော် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်၏၊ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။ ဘဝအသစ်ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ဟု သိမြင်သွားလေသည်။

၁၃-၁၄။ 'ရုပ်သည် ဆင်းရဲ၏' စသည်ဖြင့် ဟောသော ဒုက္ခသုတ်၊ 'ရုပ်သည် အတ္တမဟုတ်' စသည်ဖြင့် ဟောသော အနတ္တသုတ်တို့ကို အထက်သုတ်နည်းတူ သိရာ၏။

## ၄။ ယဒနိစ္စသုတ်

### [မမြဲသောတရားသည် ဆင်းရဲ၏ဟု ရှုပုံ]

၁၅။ ရဟန်းတို့၊ ရုပ်သည် မမြဲ၊ မမြဲသောတရားသည် ဆင်းရဲ၏။ ဆင်းရဲသော တရားသည် အတ္တမဟုတ်၊ အတ္တမဟုတ်သောတရားကို 'ငါ့ဟာ မဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ် မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုအပ်၏။ (ဝေဒနာစသည်၌ နည်းတူဟော၏)။

၁၆-၁၇။ ယံဒုက္ခသုတ်၌ 'ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသောတရားသည် အတ္တမဟုတ်' စသည်ဖြင့် ဟောသည်။ ယဒနတ္တသုတ်၌ 'ရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သောတရားကို ငါ့ဟာ မဟုတ်' စသည်ဖြင့် ရှုအပ်ကြောင်း ဟောသည်။

## ၅။ သဟေတုအနိစ္စသုတ်

### [အကြောင်းနှင့်တကွ မမြဲခြင်းတို့ ရှုပုံ]

၁၈။ ရဟန်းတို့၊ ရုပ်သည်မမြဲ၊ ရုပ်ကိုဖြစ်ပေါ်စေသော အကြောင်းတရားသည်လည်း မမြဲ။ ရဟန်းတို့၊ မမြဲသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော ရုပ်သည် အဘယ်မှာ မြဲပါအံ့နည်း။ (ဝေဒနာစသည်၌ နည်းတူဟော၏)။

၁၉-၂၀။ အကြောင်းနှင့်တကွ ဆင်းရဲပုံကိုဟောသော သဟေတုဒုက္ခသုတ်၊ အကြောင်းနှင့်တကွ အတ္တမဟုတ်ပုံကို ဟောသော သဟေတုအနတ္တသုတ်တို့၌ အထက်သုတ်နည်းတူသိရာ၏။

## ၁၀။ အာနန္ဒသုတ်

[ရှင်အာနန္ဒာ၏ မေးခွန်းကို ဖြေခြင်း]

၂၁။ "အရှင်ဘုရား၊ ချုပ်ငြိမ်းခြင်း၊ ချုပ်ငြိမ်းခြင်းဟု ဆိုရာ၌ အဘယ်တရားများချုပ်ငြိမ်းသော် ချုပ်ငြိမ်းခြင်းဟု ဆိုအပ်ပါသနည်း"

ဤသို့ ရှင်အာနန္ဒာက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေဆိုလေသည်။

"အာနန္ဒာ၊ ရုပ်သည် မမြဲသော၊ ပြုပြင်စီရင်အပ်သော အကြောင်းကိုစွဲ၍ ဖြစ်သော ကုန်ခြင်း၊ ပျက်ခြင်း၊ ချုပ်ပျောက်ခြင်းသဘောရှိသော တရားဖြစ်၏။ ထိုရုပ်ချုပ်ငြိမ်းသော် ချုပ်ငြိမ်းခြင်းဟု ဆိုအပ်၏။ (ဝေဒနာစသည်၌ နည်းတူ ဟော၏။) အာနန္ဒာ၊ ဤတရားများချုပ်ငြိမ်းသော် ချုပ်ငြိမ်းဟု ဆိုအပ်၏။"

## ၃။ ဘာရဝဂ်

## ၁။ ဘာရသုတ်

[ခန္ဓာငါးပါးကို ဝန်ထုပ်ဟုဆိုအပ်ပုံ]

၂၂။ ရဟန်းတို့၊ ငါသည် သင်တို့အား ဝန်ထုပ်၊ ထိုဝန်ထုပ်ကိုဆောင်သူ၊ ဝန်ထုပ်ကိုယူခြင်း၊ ဝန်ထုပ်ကိုပစ်ချခြင်း တို့ကိုဟောအံ့၊ နာယူကြကုန်လော့။

ရဟန်းတို့၊ ဝန်ထုပ်ဟူသည် အဘယ်နည်း ဆိုသော် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးဟု ဆိုအပ်၏[၁]။ ဝန်ထုပ်ကိုဆောင်သူဟူသည် အဘယ်နည်း ဆိုသော် ပုဂ္ဂိုလ်သတ္တဝါဟု ဆိုအပ်၏။ ဝန်ထုပ်ကို ယူခြင်း ဟူသည် အဘယ်နည်းဆိုသော် တိုအာရုံ၌ နှစ်သက်တတ်သော တဏှာဟု ဆိုအပ်၏။ ဝန်ထုပ်ကို ပစ်ချခြင်းဟူသည် အဘယ်နည်း ဆိုသော် ထိုတဏှာ၏ အကြွင်းမဲ့ ကင်းကွာချုပ်ငြိမ်းခြင်းဟု ဆိုအပ်၏။

ထို့နောက် ဝန်ထုပ်ကိုယူခြင်းသည် ဆင်းရဲကြောင်း၊ ဝန်ထုပ်ကို ပစ်ချခြင်းသည် ချမ်းသာကြောင်း၊ ဝန်ထုပ်ဟောင်းကို ပစ်ချ၍ ဝန်ထုပ်သစ်မယူသော

---

၁။ ရပ်ခြင်း၊ သွားခြင်း၊ စားခြင်း၊ သောက်ခြင်း စသည်တို့ဖြင့် အမြဲစောင့်ရှောက် ထိန်းသိမ်းရသည်မှာ တာဝန်ကြီးလှသောကြောင့် ခန္ဓာငါးပါးကို ဝန်ထုပ်ဟုဆိုသည်။

ပုဂ္ဂိုလ်သည် ဘဝဆင်းရဲမှ ငြိမ်းအေးသွားကြောင်း ဂါထာဖြင့် ဟောမြွက်တော်မူသည်။

## ၂။ ပရိညသုတ်

[ပိုင်းခြား၍ သိအပ်သော တရား]

၂၃။ ရဟန်းတို့၊ ငါသည် သင်တို့အား ပိုင်းခြား၍ သိအပ်သော တရားနှင့် ပိုင်းခြား၍ သိဘတ်သော တရားတို့ကို ဟောကြားပေအံ့၊ နာယူကြကုန်လော့။

ရဟန်းတို့၊ ပိုင်းခြား၍ သိအပ်သော တရားဟူသည် အဘယ်နည်းဆိုသော် ရုပ်သည် ပိုင်းခြား၍ သိအပ်သော တရားဖြစ်၏၊ ဝိညာဏ်သည် ပိုင်းခြား၍ သိအပ်သောတရားဖြစ်၏။

ရဟန်းတို့၊ ပိုင်းခြား၍သိတတ်သောတရားဟူသည် အဘယ်နည်း ဆိုသော် ရာဂ၊ ဒေါသ၊ မောဟ တို့၏ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်ကို ပိုင်းခြား၍ သိတတ်သော တရားဟု ဆိုအပ်၏။

## ၃။ အဘိဇာနသုတ်

[ခန္ဓာငါးပါးကို အထူးသိသူ]

၂၄။ ရဟန်းတို့၊ ရုပ်ကို အထူးမသိသူ၊ ပိုင်းခြား၍မသိသူ၊ မစွန့်ခွာသူသည် ဆင်းရဲကုန်ခြင်းငှာ မထိုက်။ (ဝေဒနာစသည်နည်းတူ)

ရဟန်းတို့၊ ရုပ်ကိုအထူးသိသူ၊ ပိုင်းခြား၍သိသူ၊ စွန့်ခွာသူသည်ကား ဆင်းရဲ ကုန်ခြင်းငှာ ထိုက်၏။ (ဝေဒနာစသည်နည်းတူ)

## ၄။ ဆန္ဒရာဂသုတ်

[လိုချင်တပ်မက်မှုကို စွန့်ရန်ဟောခြင်း]

၂၅။ ရဟန်းတို့၊ သင်တို့သည် ရုပ်၌လိုချင်မှု၊ တပ်စွန်းမှု 'ဆန္ဒရာဂ' ကို စွန့်ကြကုန်လော့။ ယင်းသို့စွန့်သည်ရှိသော် ထိုရုပ်ကိုလည်း ထန်းပင်ငုတ်ကဲ့သို့ အမြစ်ပြတ်အောင် တဖန်မဖြစ်အောင် စွန့်ပယ်ပြီးဖြစ်လတ္တံ့။ (ဝေဒနာစသည်၌ နည်းတူဟော၏)။

## ၅။ အဿာဒသုတ်

[သာယာဖွယ်စသည်တို့ကို သိမြင်ခဲ့ပုံ]

၂၆။ ရဟန်းတို့၊ သစ္စာလေးပါးကို ထိုးထွင်း၍မသိမီ ဘုရားလောင်း ဖြစ်စဉ်ကပင် ငါ့အား 'ရုပ်၏ သာယာဖွယ် "အဿာဒ" သည် အဘယ်နည်း၊ အပြစ် "အာဒီနဝ" သည် အဘယ်နည်း၊ လွတ်မြောက်ရာ "နိဿရဏ" သည်အဘယ်နည်း' စသည်ဖြင့် အကြံဖြစ်ခဲ့၏။ ရဟန်းတို့၊ ထို့နောက် ငါ့အား ဤသို့သော အကြံသည် ထပ်မံ ဖြစ်ပေါ်လာခဲ့၏။ 'ရုပ်ကိုစွဲ၍ ဖြစ်သော ကိုယ်ချမ်းသာခြင်း၊ စိတ်ကြည်နူးခြင်းသည် ရုပ်၏ သာယာဖွယ်ဖြစ်၏။ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောသည် ရုပ်၏အပြစ်ဖြစ်၏။ ရုပ်၌လိုချင်မှု၊ တပ်စွန်းမှုကို ဖျောက်ဖျက်ခြင်းသည် ရုပ်၏လွတ်မြောက်ရာဖြစ်၏။ (ဝေဒနာ စသည်၌ နည်းတူဟော၏)။

ရဟန်းတို့၊ ငါသည် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၏ သာယာဖွယ် အပြစ်နှင့် ထွက်မြောက်ရာ တို့ကို ဟုတ်တိုင်းမှန်စွာ မသိမီက လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းနှင့်တကွ ဖြစ်သော ဤလောက၌ အမြတ်ဆုံး သော သမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိပြီဟု ဝန်မခံခဲ့။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောအခါမှ စ၍သာလျှင် သမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိပြီဟု ဝန်ခံခဲ့ပေသည်။

## ၆။ ဒုတိယ အဿာဒသုတ်

[သာယာဖွယ်စသည်ကို ရှာခဲ့ပုံ]

၂၇။ ရဟန်းတို့၊ ငါသည် ရုပ်၏သာယာဖွယ်ကိုရှာလျက် လှည့်လည်ခဲ့၏၊ ထိုရုပ်၏ သာယာဖွယ်ကိုလည်း ငါတွေ့ရှိခဲ့၏၊ ရုပ်၏ သာယာဖွယ်ဟူသမျှကို ပညာဖြင့်ကောင်းစွာ ငါသိမြင်ခဲ့၏။

ရဟန်းတို့၊ ငါသည် ရုပ်၏အပြစ်ကို ရှာလျက်လှည့်လည်ခဲ့၏။ ထိုရုပ်၏ အပြစ်ကိုလည်း ငါတွေ့ရှိခဲ့၏။ ရုပ်၏ အပြစ်ဟူသမျှကိုလည်း ပညာဖြင့် ကောင်းစွာ ငါသိမြင်ခဲ့၏။ (ဝေဒနာစသည်၌ နည်းတူဟော၏)။

## ၇။ တတိယ အဿာဒသုတ်

[သာယာဖွယ်စသည်ရှိပုံ]

၂၀။ ရဟန်းတို့၊ အကယ်၍ ရုပ်၏သာယာဖွယ်သည် မရှိပါက သတ္တဝါတို့သည် ရုပ်၌ တပ်မက်ကြမည်မဟုတ်၊ စင်စစ် ရုပ်၏သာယာဖွယ်သည် ရှိ၏။ ထို့ကြောင့်သာ သတ္တဝါတို့သည် ရုပ်၌ တပ်မက်ကြခြင်းဖြစ်၏။

ရဟန်းတို့၊ အကယ်၍ ရုပ်၏အပြစ်သည် မရှိခဲ့သော် သတ္တဝါတို့သည် ရုပ်၌ ငြီးငွေ့ကြမည်မဟုတ်၊ စင်စစ် ရုပ်၏အပြစ်သည် ရှိ၏။ ထို့ကြောင့်သာ သတ္တဝါတို့သည် ရုပ်၌ငြီးငွေ့ခြင်းဖြစ်၏။

ရဟန်းတို့၊ အကယ်၍ ရုပ်၏ထွက်မြောက်ရာသည် မရှိခဲ့သော် သတ္တဝါတို့သည် ရုပ်မှထွက်မြောက်ကြမည်မဟုတ်၊ စင်စစ် ရုပ်၏ထွက်မြောက်ရာသည် ရှိ၏။ ထို့ကြောင့်သာ သတ္တဝါတို့သည် ရုပ်မှထွက်မြောက်ကြခြင်း ဖြစ်၏။ (ဝေဒနာစသည်နည်းတူ ဟော၏)

ရဟန်းတို့၊ သတ္တဝါတို့သည် ဉပါဒါနက္ခန္ဓာငါးပါးတို့၏ သာယာဖွယ် အပြစ်နှင့်ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိသေးသမျှကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းနှင့် တကွဖြစ်သော ဤလောကမှ ကျွတ်လွတ်ကင်းကွာလျက် အပိုင်းအခြားကင်းသောစိတ်ဖြင့် မနေနိုင်ကြချေ။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိသောအခါမှစ၍သာလျှင် လောကမှ ကျွတ်လွတ်ကင်းကွာလျက် အပိုင်းအခြားကင်းသောစိတ်ဖြင့် နေနိုင်ကြကုန်၏။

## ၈။ အဘိနန္ဒနသုတ်

[ဆင်းရဲကိုနှစ်သက်သူ]

၂၉။ ရဟန်းတို့၊ ရုပ်ကိုနှစ်သက်သောသူသည် ဆင်းရဲကို နှစ်သက်သူဖြစ်၏။ ဆင်းရဲကိုနှစ်သက်သူသည် ဆင်းရဲမှမလွတ်ဟု ငါဆို၏။

ရဟန်းတို့၊ ရုပ်ကိုမနှစ်သက်သူသည် ဆင်းရဲကိုမနှစ်သက်သူဖြစ်၏။ ဆင်းရဲကိုမနှစ်သက်သူသည် ဆင်းရဲမှလွတ်၏ဟု ငါဆို၏။ (ဝေဒနာစသည်၌နည်းတူ ဟော၏)။

## ၉။ ဥပ္ပါဒသုတ်

[ဆင်းရဲဖြစ်ပေါ်ခြင်း]

၃၀။ ရဟန်းတို့၊ ရုပ်၏ဖြစ်ခြင်း၊ တည်ခြင်း၊ ထင်ရှားပေါ်လာခြင်းသည် ဆင်းရဲ၏ဖြစ်ခြင်း၊ ရောဂါတို့၏ တည်ခြင်း၊ အိုခြင်း၊ သေခြင်းတို့၏ ထင်ရှားပေါ်ပေါက်လာခြင်းပင်ဖြစ်၏။ ရဟန်းတို့ ရုပ်၏ချုပ်ငြိမ်းခြင်း၊ ပျောက်ကွယ်သွားခြင်းသည် ဆင်းရဲ၏ချုပ်ကွယ်ခြင်း၊ ရောဂါတို့၏ ငြိမ်းအေးခြင်း၊ အိုခြင်း၊ သေခြင်းတို့၏ ပျောက်ကွယ်သွားခြင်းပင်ဖြစ်၏။ (ဝေဒနာစသည်တို့၌ နည်းတူဟော၏)။

၃၁။ အဃမူလသုတ်၌ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးသည် ဆင်းရဲခြင်း၊ တဏှာသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း ဟောသည်။

၃၂။ ပဘင်္ဂုသုတ်၌ ခန္ဓာငါးပါးသည် ပျက်စီးခြင်းရှိသောတရားမည်၏။ ခန္ဓာငါးပါးတို့၏ ချုပ်ငြိမ်းကွယ်ပျောက်ရာဖြစ်ခဲ့သော နိဗ္ဗာန်သည် ပျက်စီးခြင်းမရှိသောတရားမည်၏ဟု ဟောသည်။

## ၄။ နတုမှာကဝဂ်

### ၁။ နတုမှာကသုတ်

[သင်တို့၏ဥစ္စာမဟုတ်ဟုဟောခြင်း]

၃၃။ ရဟန်းတို့၊ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးသည် သင်တို့၏ဥစ္စာမဟုတ်။ ဥပမာ၊ ဤဇေတဝန်ကျောင်း၌ရှိသော မြက်ဆင်းတို့ကို လူတို့က မီးရှို့သွားသည်ရှိသော် 'ငါတို့ကို မီးရှို့၏'ဟူ၍ သင်တို့၏စိတ်၌ မဖြစ်သကဲ့သို့ ထို့အတူ သင်တို့၏ ဥစ္စာမဟုတ်သော ခန္ဓာငါးပါးတို့ကို သင်တို့စွန့်ကြကုန်လော။ ယင်းသို့ စွန့်ခြင်းသည် သင်တို့အား အကျိုးစီးပွားများစေခြင်းငှာဖြစ်လတ္တံ့။

၃၄။ ဒုတိယနတုမှာကသုတ်၌ ဥပမာမပါပဲ အထက်သုတ်နည်းတူ ဟောသည်။

## ၃။ အညတရဘိက္ခုသုတ်

[ရဟန်းတပါးအားဟောကြားချက်]

၃၅။ ရဟန်းတပါးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ။ တပည့်တော်သည် တပါးတည်းနေလျက် တရားအားထုတ်လိုပါသည်'ဟု လျှောက်၏၊ ထိုရဟန်းအား ဗုဒ္ဓက 'ရဟန်း အကြင်တရားကိုစွဲ၍ ရာဂဒေါသကိန်း၏၊ ထိုတရားဖြင့် ခေါ်ဝေါ်ခြင်းသို့ရောက်၏။ အကြင်တရားကိုစွဲ၍၊ ရာဂဒေါသမကိန်း၊ ထိုတရားဖြင့် ခေါ်ဝေါ်ခြင်းသို့မရောက်'ဟု မိန့်ကြားတော်မူသည် ။'မြတ်စွာဘုရား တပည့်တော်နားလည်ပါပြီ၊ တပည့်တော်နားလည်ပါပြီ'ဟု ထိုရဟန်းက လျှောက်ရာ 'ရဟန်း၊ အကျဉ်းအားဖြင့် ငါဟောသောတရား၏ အနက်ကို အကျယ်အားဖြင့် သင်မည်သို့ နားလည်သနည်း'ဟု ဗုဒ္ဓက မေးတော်မူသည်၊ ထိုရဟန်းက အောက်ပါအတိုင်း ဖြေကြားလေသည်။

"အရှင်ဘုရား၊ အကယ်၍ ရုပ်ကိုစွဲ၍ ရာဂ ဒေါသ ကိန်းခဲ့သော် ထိုရုပ်ဖြင့် (တပ်မက်သူ၊ စိတ်ဆိုးသူဟူ၍)ခေါ်ဝေါ်ခြင်းသို့ရောက်ပါသည်။အကယ်၍ ဝေဒနာကိုစွဲ၍ ရာဂဒေါသကိန်းခဲ့သော် ထိုဝေဒနာဖြင့် ခေါ်ဝေါ်ခြင်းသို့ ရောက်ပါသည်။ (သညာစသည်၌ နည်းတူဟော၏)။

"အရှင်ဘုရား၊ အကယ်၍ ရုပ်ကိုစွဲ၍ ရာဂဒေါသ မကိန်းခဲ့သော် ထိုရုပ်ဖြင့်(တပ်မက်သူ၊ စိတ်ဆိုးသူဟူ၍) ခေါ်ဝေါ်ခြင်းသို့မရောက်ပါ။ဝေဒနာကိုစွဲ၍ ရာဂဒေါသ မကိန်းခဲ့သော် ထိုဝေဒနာဖြင့် ခေါ်ဝေါ်ခြင်းသို့မရောက်ပါ။ (သညာစသည်၌ နည်းတူဟော၏)။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောအပ်သောတရား၏ အနက်ကို အကျယ်အားဖြင့် တပည့်တော် ဤသို့နားလည်ပါသည်"

ထိုရဟန်း၏အဖြေကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူသည်။ ထိုရဟန်းလည်း တပါးတည်းနေလျက် တရားကို အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

## ၄။ ဒုတိယ အညတရဘိက္ခုသုတ်

[အခြားရဟန်းတပါးအား ဟောကြားချက်]

၃၆။ အခြား ရဟန်းတပါးက အထက်သုတ်နည်းတူ အကျဉ်းအားဖြင့် တရားဟောရန် တောင်းပန်ရာ ဗုဒ္ဓက 'ရဟန်း၊ အကြင်တရားကိုစွဲ၍ ရာဂ ဒေါသကိန်း၏၊ ထိုတရားကိုနှိုင်းယှဉ်အပ်၏။ အကြင်တရားကို နှိုင်းယှဉ်အပ်၏။ ထိုတရားဖြင့် ရေတွက်ခြင်းသို့ ရောက်၏။ အကြင်တရားကို စွဲ၍ ရာဂဒေါသ မကိန်း၊ ထိုတရားကို မနှိုင်းယှဉ်အပ်။ အကြင်တရားကို မနှိုင်းယှဉ်အပ်၊ ထို တရားဖြင့် ရေတွက်ခြင်းသို့ မရောက်' ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ရဟန်းက 'တပည့်တော် နားလည်ပါပြီ၊ တပည့်တော် နားလည်ပါပြီ' ဟု လျှောက်သည်။ 'သင်မည်သို့နားလည်သနည်း'ဟု မေးသောအခါ အောက်ပါ အတိုင်း ဖြေလေသည်။

"အရှင်ဘုရား၊ အကယ်၍ ရုပ်ကိုစွဲ၍ ရာဂဒေါသ ကိန်းခဲ့သော် ထိုရုပ်ကို နှိုင်းယှဉ်အပ်၏။ ထိုနှိုင်းယှဉ်အပ်သော ရုပ်ဖြင့်ပင် (တပ်မက်သူ၊ စိတ်ဆိုးသူ ဟူ၍) ခေါ်ဝေါ်ခြင်းသို့ရောက်၏။ အရှင်ဘုရား၊ အကယ်၍ ရုပ်ကိုစွဲ၍ ရာဂ ဒေါသမကိန်းခဲ့သော် ထိုရုပ်ကို မနှိုင်းယှဉ်အပ်။ ထိုမနှိုင်းယှဉ်အပ်သောရုပ်ဖြင့် လည်း ခေါ်ဝေါ်ခြင်းသို့ မရောက်။ (ဝေဒနာစသည်၌ နည်းတူဟော၏)။ အရှင်ဘုရား၊ ဤသို့ တပည့်တော်နားလည်ပါသည်"

ရဟန်း၏ အဖြေကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူသည်၊ ထိုရဟန်း လည်း တပါးတည်းနေလျက်၊ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေ သည်။

## ၅။ အာနန္ဒသုတ်

[ရှင်အာနန္ဒာအား မေးပုံ]

၃၇။ "အာနန္ဒာ အဘယ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသည်ထင်သနည်း၊ တည်နေစဉ် ရင့်ရော်မှုဟူသော အခြင်းအရာတပါးသို့ ရောက်ခြင်းသည် ထင် သနည်း။ ဤကဲ့သို့မေးခဲ့သော် သင်သည် မည်သို့ဖြေမည်နည်း"

ဘဒ္ဒက ယင်းသို့မေးရာ ရှင်အာနန္ဒာက 'ရုပ်ဝေဒနာစသော ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသည် ထင်၏။ တည်နေစဉ် ရင့်ရော်မှုဟူသော အခြင်းအရာ တပါးသို့ ရောက်ခြင်းသည် ထင်၏' ဟု ဖြေမည်ဖြစ်ကြောင်း လျှောက်လေသည်။

## ၆။ ဒုတိယအာနန္ဒသုတ်

### [ရှင်အာနန္ဒာအား နောက်တမျိုးမေးပုံ]

၃၀။ "အာနန္ဒာ၊ အဘယ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသည် ထင်ခဲ့သနည်း။ တည်နေစဉ် အခြင်းအရာတပါးသို့ရောက်ခြင်းသည် ထင်ခဲ့သနည်း။ အဘယ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသည် ထင်လတ္တံ့နည်း။ တည်နေစဉ် အခြင်းအရာတပါးသို့ ရောက်ခြင်းသည် ထင်လတ္တံ့နည်း။ ဤသို့ မေးခဲ့သော် သင်မည်သို့ ဖြေမည်နည်း"

"အကြင် ရုပ်ဝေဒနာစသော တရားသည် လွန်ပြီး၊ ချုပ်ပြီး၊ ပြောင်းလဲပြီး ဖြစ်၏။ ထိုရုပ်ဝေဒနာစသော တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်း တည်နေစဉ် အခြင်းအရာတပါးသို့ ရောက်ခြင်းသည် ထင်ခဲ့၏။ အကြင်ရုပ်ဝေဒနာစသောတရားသည် မဖြစ်ပေါ်၊ မထင်ရှားသေး။ထိုရုပ်ဝေဒနာစသော တရား၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ တည်နေစဉ် အခြင်းအရာတပါးသို့ ရောက်ခြင်းသည် ထင်လတ္တံ့။ အရှင်ဘုရား တပည့်တော်သည် ဤသို့ဖြေကြားပါအံ့"

ရှင်အာနန္ဒာ၏ လျှောက်ကြားချက်ကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူသည်။

## ၇။ အနုဓမ္မသုတ်

### [တရားနှင့်လျော်သော အကျင့်ကို ကျင့်သူ]

၃၉။ ရဟန်းတို့၊ တရားနှင့်လျော်သော အကျင့်ကို ကျင့်သော ရဟန်းသည် ရုပ်ဝေဒနာစသော ခန္ဓာငါးပါး၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍နေရာ၏။ ခန္ဓာငါးပါး၌ ငြီးငွေ့ခြင်းများသည်ဖြစ်၍ နေသော ရဟန်းသည် ခန္ဓာငါးပါးကို ပိုင်းခြား၍သိ၏။ ခန္ဓာငါးပါးကို ပိုင်းခြားသိသော ရဟန်းသည် ခန္ဓာ ငါးပါးမှ လွတ်၏။ မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းတို့မှလွတ်၏။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့မှလည်း လွတ်၏။

၄၀-၄၂။ ဒုတိယ အနုမွေသုတ်၌ တရားနှင့်လျော်သော အကျင့်ကိုကျင့်သော ရဟန်းသည် ခန္ဓာငါးပါး၌ အနိစ္စဟုရှုလျက်နေသင့်ကြောင်း၊ တတိယသုတ်၌ ဒုက္ခဟု ရှုလျက် နေသင့်ကြောင်း၊ စတုတ္ထသုတ်၌ အနတ္တဟုရှုလျက် နေသင့်ကြောင်း ဟောသည်။

## ၅။ အတ္တဒီပဝဂ်

### ၁။ အတ္တဒီပသုတ်

[မိမိကိုယ်ကို ကိုင်းကျွန်းသဖွယ်ပြု၍နေသင့်ကြောင်း]

၄၃။ ရဟန်းတို့၊ သင်တို့သည် မိမိတည်းဟူသော ကိုင်းကျွန်းရှိသည်ဖြစ်၍ မိမိတည်းဟူသော ကိုးစားရာရှိသည်ဖြစ်၍ နေကြကုန်လော့။ တရားတည်းဟူသော ကိုင်းကျွန်းရှိသည်ဖြစ်၍၊ တရားတည်းဟူသော ကိုးစားရာရှိသည် ဖြစ်၍ နေကြကုန်လော့။ တပါးသော ကိုင်းကျွန်းရှိသည်ဖြစ်၍၊ တပါးသော ကိုးစားရာရှိသည်ဖြစ်၍ မနေကြကုန်လင့်။ ရဟန်းတို့၊ တရားတည်းဟူသော ကိုးစားရာ ရှိသည်ဖြစ်၍ နေသော သင်တို့သည် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့သည် ဘယ်တရားလျှင် ပေါက်ပွားရာရှိသနည်း၊ ဘယ်တရားလျှင် အမွန် အစရှိသနည်း ဟူ၍ စူးစမ်းဆင်ခြင်အပ်၏။

ရဟန်းတို့၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့သည် ဘယ်တရားလျှင် အမွန်အစရှိသနည်းဆိုသော် ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် 'ရုပ်သည် အတ္တဖြစ်၏' စသောအားဖြင့် ရှု၏။ ထိုသူ၏ရုပ်သည် တပါးသောအခါ၌ ဖောက်ပြန်ပြောင်းလဲ၍သွား၏။ ထိုအခါ ထိုသူအား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း စသည်တို့သည် ဖြစ်ကုန်၏။ ရဟန်းတို့၊ ရုပ်၏မမြဲခြင်း၊ ဖောက်ပြန်ခြင်း၊ ချုပ်ပျောက်ခြင်းကို သိ၍ 'ရှေးကရှိခဲ့သော ရုပ်၊ ယခုရှိသောရုပ် အားလုံးသည်မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ခြင်းသဘောရှိ၏' ဟူ၍ ပညာဖြင့် ကောင်းစွာရှုသော ရဟန်းအား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းစသည်တို့သည် ကင်းပျောက်ကုန်၏။ ယင်းတို့ ကင်းပျောက်ခြင်းကြောင့် ပူပန်ခြင်းသည် မဖြစ်၊ ပူပန်ခြင်းမရှိသော ရဟန်းသည် ချမ်းသာစွာနေရ၏။ ချမ်းသာစွာနေရသော ရဟန်းကို တဒင်္ဂအားဖြင့် ငြိမ်းအေးသူဟူ၍ဆိုအပ်၏။ (ဝေဒနာစသည်၌ နည်းတူ ဟော၏)။

## ၂။ ပဋိပဒါသုတ်

[သက္ကာယချုပ်ငြိမ်းရေးအကျင့်]

၄၄။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးသည် အတ္တဖြစ်၏ စသည်ဖြင့်ရှုခြင်းသည် သက္ကာယဖြစ်ခြင်းသို့ ရောက်စေသော အကျင့်ဖြစ်ကြောင်း၊ ထိုကဲ့သို့မရှုခြင်းသည် သက္ကာယချုပ်ငြိမ်းခြင်းသို့ ရောက်စေသောအကျင့် ဖြစ်ကြောင်း ဟောသည်။

## ၃။ အနိစ္စသုတ်

[ခန္ဓာငါးပါး၏ မမြဲခြင်းကိုရှုမှု]

၄၅။ ရဟန်းတို့၊ ရုပ်သည်မမြဲ၊ မမြဲသောတရားသည် ဆင်းရဲ၏။ ဆင်းရဲသောတရားသည် အတ္တမဟုတ်၊ အတ္တမဟုတ်သောတရားကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ဤသို့ရှုသောရဟန်း၏စိတ်သည် တပ်မက်ခြင်းကင်း၏၊ မစွဲလမ်းပဲ အာသဝတို့မှ လွတ်မြောက်၏။ (ဝေဒနာစသည်၌ နည်းတူဟော၏)

ရဟန်းတို့၊ ရူပဓာတ်၌ တပ်ခြင်းကင်းသော ရဟန်း၏စိတ်သည် မစွဲလမ်းပဲ အာသဝတို့မှ လွတ်၏၊ 'ဝိညာဏဓာတ်၌ တပ်ခြင်းကင်းသော ရဟန်း၏ စိတ်သည် မစွဲလမ်းပဲ အာသဝတို့မှလွတ်၏။ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် နှစ်သိမ့်၏။ နှစ်သိမ့်ခြင်းကြောင့် မပူပန်၊ မပူပန်သည်ရှိသော် မိမိအလိုလိုငြိမ်းအေး၏။ ဇာတိကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ဟု သိမြင်လေသည်။

## ၄။ ဒုတိယအနိစ္စသုတ်

[ခန္ဓာငါးပါး၏မမြဲခြင်းကိုရှုမှု]

၄၆။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးသည် မမြဲ၊ မမြဲသောတရားသည် ဆင်းရဲ၏၊ ဆင်းရဲသောတရားသည် အတ္တမဟုတ်၊ အတ္တမဟုတ်သောတရားကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ရှုရမည်။ ဤသို့သော

ရဟန်းအား ရှေ့အဖို့ (အတိတ်)သို့ အစဉ်လိုက်သော ဒိဋ္ဌိတို့သည် မဖြစ်ကုန်၊ ရှေ့အဖို့ အစဉ်လိုက်သော ဒိဋ္ဌိတို့မဖြစ်သော် နောက်အဖို့ (အနာဂတ်) သို့ အစဉ်လိုက်သော ဒိဋ္ဌိတို့သည် မဖြစ်ကုန်၊ နောက်အဖို့အစဉ်လိုက်သော ဒိဋ္ဌိတို့ မဖြစ်သော် ငုံမြဲစွာ မှားသောအားဖြင့် သုံးသပ်ခြင်းသည် မဖြစ်၊ ရုပ်ဝေဒနာ စသည်တို့၌ စွဲမြဲစွာမှားသောအားဖြင့် သုံးသပ်ခြင်းမရှိသော် စိတ်သည် တပ်ခြင်းကင်း၏၊ မစွဲလမ်းပဲ အာသဝတို့မှလွတ်၏။

## ၅။ သမနုပဿနာသုတ်

[အမျိုးမျိုးသော အတ္တကိုရှုသူ]

၄၇။ ရဟန်းတို့၊ အမျိုးမျိုးသော အတ္တကိုရှုသော ရဟန်းပုဏ္ဏားတို့သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုသော်လည်းကောင်း၊ ယင်းငါးပါးတို့တွင် တပါးပါးကိုသော်လည်းကောင်း ရှုကြကုန်၏။ ရဟန်းတို့ ထိုသို့အမျိုးမျိုးသော အတ္တကိုရှုခြင်းရှိသူအား ငါဟူသောထင်မှတ်ခြင်းရှိသော် မျက်စိနာ းစသော ဣန္ဒြေငါးပါးတို့၏ သက်ရောက်ခြင်းသည် ဖြစ်၏။ ရဟန်းတို့၊ မနောဓာတ်သည်ရှိ၏။ အာရုံတရားတို့သည် ရှိကုန်၏။ ဒ.ဝိဇ္ဇာဓာတ်သည်ရှိ၏။ ရဟန်းတို့၊ အဝိဇ္ဇာနှင့်ယှဉ်သော တွေ့ထိမှုကြောင့်ဖြစ်သည့် ခံစားမှုဖြင့် တွေ့ထိအပ်သော ပုထုဇဉ်အား 'ငါဖြစ်၏'ဟူသော မှတ်ထင်ခြင်းသည်လည်းဖြစ်၏။ 'ဤဟာသည် ငါဖြစ်၏'ဟူသော မှတ်ထင်ခြင်းသည်လည်း ဖြစ်၏။ 'ငါသည်ဖြစ်လတ္တံ့၊ ငါသည်မဖြစ်လတ္တံ့'စသော မှတ်ထင်ခြင်းသည်ဖြစ်၏။

ရဟန်းတို့၊ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား ဣန္ဒြေငါးပါး ထင်ရှားရှိလျက်ပင် အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာခြင်းကြောင့် 'ငါဖြစ်၏၊ ဤဟာသည်ငါဖြစ်၏'စသော မှတ်ထင်ခြင်းများ မရှိတော့ချေ။

## ၆။ ခန္ဓသုတ်

[ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ]

၄၈။ ဤသုတ်၌ ခန္ဓာငါးပါးနှင့် ဥပါဒါနက္ခန္ဓာငါးပါးကို ဟောသည်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်းအပ၊ အကြမ်းအနု၊ အယုတ်အမြတ်၊ အဝေးအနီးအားဖြင့် ကွဲပြားသော ရုပ်အားလုံးကို ရူပက္ခန္ဓာဟု ခေါ်သည်၊

(ဝေဒနာ စသည်၌လည်း နည်းတူပင် ဖြစ်၏။) ဤကား ခန္ဓာငါးပါး တည်း။

အတိတ်အနာဂတ် စသည်အားဖြင့် ကွဲပြားသော အာယတနတို့၏ အာရုံ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်ဟူသမျှကို ရူပဥပါဒါနက္ခန္ဓာဟုခေါ်သည်၊ (ဝေဒနာစသည်၌လည်း နည်းတူပင်ဖြစ်၏။) ဤကား ဥပါဒါနက္ခန္ဓာငါးပါး တည်း။

## ၇။ သောဏသုတ်

### [သောဏသူကြွယ်သားအား ဟောကြားချက်]

၄၉။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် သောဏမည် သောသူကြွယ်သားအား ဟောကြားသည်။

"အချင်းသောဏ၊ အကြင်ရဟန်းပုဏ္ဏားတို့သည် မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသောရုပ်ဖြင့် 'ငါသည် မြင့်မြတ်သူဖြစ်၏။ ငါသည် တန်းတူသူဖြစ်၏၊ ငါသည် ယုတ်နိမ့်သူဖြစ်၏' ဟူ၍ မှတ်ထင်ကြကုန်၏၊ ထို ရဟန်းပုဏ္ဏားတို့အား ဟုတ်မှန်သောသဘောကို မမြင်ခြင်းမှတပါး အခြား အကြောင်းမရှိချေ" (ဝေဒနာစသည်၌ နည်းတူဟော၏)။

ထို့နောက် အတိတ်အနာဂတ် စသောအားဖြင့် ကွဲပြားသော ခန္ဓာငါးပါး ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ပညာဖြင့်ရှုရမည်။ ယင်းသို့ရှုသော အရိယာတပည့်သည် ခန္ဓာငါးပါးတို့၌ ငြီးငွေ့၍ ကိလေသာ တို့မှ လွတ်မြောက်သည်ဟု ဆက်လက်ဟောကြားတော်မူသည်။

၅၀။ ဒုတိယသောဏသုတ်၌ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်းနှင့် ချုပ်ခြင်းသို့ရောက်စေသော အကျင့်တို့ကို ဟုတ်တိုင်းမှန်စွာ မသိသူများသည် စင်စစ် ရဟန်းပုဏ္ဏားမည်၊ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိသူများသည် သာလျှင် စင်စစ် ရဟန်းပုဏ္ဏားမည်ကြောင်း ဟောသည်။

## ၉။ နန္ဒိက္ခယသုတ်

[နှစ်သက်ခြင်းကုန်ပုံ]

၅၁။ ရဟန်းတို့၊ မမြဲသောရုပ်ကို မမြဲဟုမြင်ခြင်းသည် မှန်သောအမြင် ဖြစ်၏။ မှန်စွာမြင်သောရုပ်၌ ငြီးငွေ့၏။ နှစ်သက်ခြင်းကုန်သော် စွဲမက်မှု ကုန်၏။ စွဲမက်မှုကုန်သော် နှစ်သက်မှုကုန်၏၊ နှစ်သက်မှုနှင့် စွဲမက်မှုနှစ်ပါးစုံ ကုန်ခြင်းကြောင့် လွတ်မြောက်သောစိတ်ကို ကောင်းစွာလွတ်မြောက်သော စိတ်ဟု ဆိုအပ်၏။ (ဝေဒနာစသည်၌နည်းတူဟော၏)။

၅၂။ ဒုတိယနန္ဒိက္ခယသုတ်၌ ခန္ဓာငါးပါးကို သင့်သောအားဖြင့် နှလုံးသွင်း ၍ ယင်းတို့၏ မမြဲပုံကို ဟုတ်တိုင်းမှန်စွာ ရှုမြင်သောရဟန်းသည် ယင်းတို့၌ ငြီးငွေ့၍ နှစ်သက်မှုကုန်ခြင်းဖြစ်ကြောင်း ဟောကြားသည်။

## (၆) ၁။ ဥပယဝဂ်

## ၁။ ဥပယသုတ်

[ကပ်ရောက်မှုရှိသူသည် ကိလေသာတို့မှ မလွတ်ကြောင်း]

၅၃။ ရဟန်းတို့၊ ကပ်ရောက်မှုရှိသူသည် [၁] ကိလေသာတို့မှ မလွတ်၊ ကပ် ရောက်ခြင်းမရှိသူသည် ကိလေသာတို့မှလွတ်၏။ ရဟန်းတို့၊ဝိညာဏ်သည်တည် လတ်သော် ရုပ်သို့ ကပ်ရောက်သည် ဖြစ်၍သော်လည်း တည်ရာ၏။ ရုပ်ဟူသော အာရုံ၊ ရုပ်ဟူသော တည်ရာရှိသည်ဖြစ်၍ နှစ်သက်ခြင်း တဏှာတည်းဟူသော ရေဖြင့်ပက်ဖျန်းအပ်သည်ဖြစ်၍၊ တိုးပွားစည်ပင်ခြင်းသို့ ရောက်ရာ၏။ဝေဒနာ၊ သညာ၊ သင်္ခါရသို့ကပ်ရောက်သည်ဖြစ်၍သော်လည်းတည်ရာ၏။သင်္ခါရဟူသော အာရုံ၊ သင်္ခါရတည်းဟူသော တည်ရာရှိသည်ဖြစ်၍၊ နှစ်သက်ခြင်း တဏှာ တည်းဟူသောရေဖြင့် ပက်ဖျန်းအပ်သည်ဖြစ်၍ တိုးပွားစည်ပင်ခြင်းသို့ ရောက် ရာ၏။

---

၁။ တဏှာ မာန ဒိဋ္ဌိ တို့ဖြင့်ခန္ဓာ ငါးပါးသို့ ကပ်ရောက်သူဟု ဆိုလိုပါသည်။

ရဟန်းတို့၊ ရုပ်၊ ဝေဒနာ၊ သညာ သင်္ခါရတို့နှင့် ကင်း၍ ဝိညာဏ်၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ တိုးပွားစည်ပင်ခြင်းကို ပညတ်နိုင်ရန် အကြောင်းမရှိ။

ရဟန်းတို့၊ ရူပဓာတ်၌ ရာဂကို ပယ်သောရဟန်းအား အာရုံသည်ပြတ်၏။ ကမ္မဝိညာဏ်၏ တည်ရာသည် မရှိ။ (ဝေဒနာ၊ သညာ၊ သင်္ခါရ နည်းတူ) ဝိညာဏဓာတ်၌ ရာဂကိုပယ်သောရဟန်းအား အာရုံသည် ပြတ်၏။ ကမ္မဝိညာဏ်၏ တည်ရာသည် မရှိ။ ထိုသို့ တည်ရာမရှိသည်ဖြစ်၍ မစည်ပင်သော ဝိညာဏ်သည် ဘဝသစ်ဖြစ်စေရန် ပြုပြင်ဖန်တီးမှု မပြုတော့ပဲ လွတ်မြောက်လေ၏။ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏။ တည်တံ့ခြင်းကြောင့် နှစ်သိမ့်၏။ နှစ်သိမ့်ခြင်းကြောင့် မပူပန်တော့။ မပူပန်သည်ရှိသော် အလိုလိုပင် ငြိမ်းအေးသွားလေ၏။

## ၂။ ဗီဇသုတ်

### [ဝိညာဏ်သည် မျိုးစေ့နှင့်တူကြောင်း]

၅၄။ အမြစ်မျိုးစေ့၊ ပင်စည်မျိုးစေ့၊ အညွန့်မျိုးစေ့၊ အဆစ်မျိုးစေ့၊ အစေ့မျိုးစေ့အားဖြင့် ငါးပါးသော မျိုးစေ့တို့သည် မကျိုးမပျက်၊ လေ နေပူတို့ဖြင့်လည်း မနှိပ်စက်သည်ဖြစ်၍၊ ကောင်းစွာ အောင်မြင်သော်လည်း မြေနှင့်ရေ မရှိခဲ့သော် မစည်ပင်နိုင်။ မြေနှင့် ရေကိုရမှသာလျှင် စည်ပင်နိုင်၏၊ ဤ ဥပမာ၌ ဝိညာဏ်၏တည်ရာ ခန္ဓာလေးပါးသည် မြေဓာတ်နှင့်တူ၏။ နန္ဒီရာဂသည် ရေနှင့်တူ၏။ ဝိညာဏ်သည် မျိုးစေ့ငါးပါးနှင့်တူ၏။ ထို့ကြောင့် ဝိညာဏ်သည် တည်သတ်သော် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဟူသော ခန္ဓာလေးပါးတို့တွင် တပါးပါးသို့ ကပ်ရောက်သည်ဖြစ်၍ တည်၏။ ခန္ဓာငါးပါး၌ ရာဂကိုပယ်လျှင် အာရုံ ပြတ်၍ ဝိညာဏ်တည်ရာ မရှိတော့ကြောင်း အထက်သုတ်နည်းတူပေတည်း။

## ၃။ ဥဒါနသုတ်

### [ဗုဒ္ဓက ဥဒါန်းကျူးရင့်ခြင်း]

၅၅။ အခါတပါး၌ ဗုဒ္ဓသည် "အတိတ်က ငါ၏ အားထုတ်မှု မရှိခဲ့လျှင် ယခု ငါ့ခန္ဓာသည် မဖြစ်ရာ၊ ယခုဘဝ၌ ငါ၏ အားထုတ်မှု မရှိခဲ့သော်

အနာဂတ်ဘဝ၌ ငါ၏ ခန္ဓာသည် ဖြစ်မည်မဟုတ်[၁]။ ဤသို့ နှလုံးသွင်းသော ရဟန်းသည် အောက်အဖို့ရှိသော သံယောဇဉ် တို့ကို ဖြတ်နိုင်ပေရာ၏ ဟူသော ဥဒါန်းစကားကို မြွက်ဆိုတော်မူ၏။ ထိုအခါရဟန်းတပါးက အဘယ်သို့လျှင် အောက်အဖို့ရှိသော သံယောဇဉ် တို့ကို ဖြတ်နိုင်ပါသနည်း'' ဟု မေးလျှောက်သဖြင့် ဗုဒ္ဓက သံယောဇဉ်ဖြတ်ပုံကို အကျယ်ဟောတော်မူသည်။

ရဟန်းတို့၊ ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် 'ရုပ်သည် အတ္တဖြစ်၏' စသောအားဖြင့်ရှု၏။ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော ပြုပြင်စီရင်အပ်သော ရုပ်၊ ဝေဒနာစသည်တို့ကို 'မမြဲသောတရားဖြစ်၏။ ဆင်းရဲသောတရားဖြစ်၏၊ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာမသိ၊ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်ကား 'ရုပ်သည်အတ္တဖြစ်၏' စသောအားဖြင့်မရှု၊ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော၊ ပြုပြင်စီရင်အပ်သော ရုပ်၊ ဝေဒနာစသည်တို့ကို 'မမြဲသောတရားဖြစ်၏။ ဆင်းရဲသောတရားဖြစ်၏။' စသောအားဖြင့် ဟုတ်တိုင်းမှန်စွာသိ၏။ 'ရုပ်သည် ပျက်စီးလိမ့်မည်၊ ဝေဒနာသည် ပျက်စီးလိမ့်မည်' စသောအားဖြင့် ဟုတ်တိုင်းမှန်စွာသိ၏။ ဤသို့ ရုပ်ဝေဒနာ စသည်တို့၏ ပျက်စီးခြင်းသဘောကို မြင်ခြင်းဖြင့် ထိုရဟန်းသည် အောက်အဖို့ရှိသော သံယောဇဉ်တို့ကို ဖြတ်နိုင်ရာ၏။

''အရှင်ဘုရား၊ အဘယ်သို့သိမြင်သူအား အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်ပါသနည်း''

''ရဟန်း၊ ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် မထိတ်လန့်သင့်သောအရာ၌ ထိတ်လန့်ခြင်းသို့ရောက်၏[၂]၊ ရဟန်း၊ အကြားအမြင်နည်းသော ပုထုဇဉ်အား အကယ်၍ အတိတ်က ငါ၏အားထုတ်မှု မရှိခဲ့သော် ယခု ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ်၊ ယခုဘဝ၌ ငါ၏အားထုတ်မှုသည် မရှိခဲ့သော် အနာဂတ်ဘဝ၌ ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ်ဟူ၍ နှလုံးသွင်းခြင်းသည် ထိတ်လန့်ခြင်းပင်ဖြစ်၏။

---

၁။ အဋ္ဌကထာ၌ ဖွင့်သော နည်း၂နည်းတွင် ဒုတိယနည်းဖြင့်ပြန်ဆိုပါသည်။

၂။ အကြားအမြင်နည်းသော ပုထုဇဉ်အားဖြစ်သော ဒုဗ္ဗလဝိပဿနာသည် မိမိကိုယ်၌ ချစ်ခင်တွယ်တာခြင်းကို မဖြတ်နိုင်သောကြောင့် ထိတ်လန့်ခြင်းမည်၏။

"အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည်ကား မထိတ်လန့်သင့်သောအရာ၌ ထိတ်လန့်ခြင်းသို့မရောက်၊ ရဟန်း၊ အကြားအမြင်နှင့်ပြည့်စုံသောအရိယာတပည့်အား 'အကယ်၍ အတိတ်က ငါ၏အားထုတ်မှုမရှိခဲ့သော်ယခု ငါ၏ခန္ဓာသည် ဖြစ်မည်မဟုတ်' ဟူသည်ဖြင့် နှလုံးသွင်းခြင်းသည် ထိတ်လန့်ခြင်းမဟုတ်'၊

"ရဟန်း၊ ဝိညာဏ်သည် တည်လတ်သော် ရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရတို့တွင် တပါးပါးသို့ ကပ်ရောက်သည်ဖြစ်၍သာလျှင်တည်၏။ ယင်းတို့နှင့်ကင်း၍တည်နိုင်သောအကြောင်းမရှိ။ ရူပဓာတ်၊ ဝေဒနာဓာတ်စသော ဓာတ်ငါးပါး၌ ရာဂကိုပယ်သော ရဟန်းအား အာရုံသည်ပြတ်၏။ ဝိညာဏ်၏တည်ရာသည် မရှိ၊ ထိုသို့တည်ရာမရှိသည်ဖြစ်၍ မစည်ပင်သောဝိညာဏ်သည် ဘဝသစ်ဖြစ်စေရန် ပြုပြင်ဖန်တီးမှုမပြုတော့ပဲ လွတ်မြောက်လေ၏။ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် နှစ်သိမ့်၏၊ နှစ်သိမ့်ခြင်းကြောင့် မပူပန်၊ မပူပန်သည်ရှိသော် မိမိအလိုလိုသာလျှင် ငြိမ်းအေးသွားလေ၏။ 'ဘဝအသစ်ဖြစ်ခြင်းကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စပြုပြီးပြီ၊ ဤအတွက် တပါးသောပြုဖွယ်ကိစ္စ မရှိတော့'ဟူ၍ သိလေ၏၊ ရဟန်း ဤသို့သိမြင်သောရဟန်းအား အခြားမဲ့၌ အာသဝတို့၏ကုန်ခြင်းသည်ဖြစ်၏။"

## ၄။ ဥပါဒါနပရိဝတ္တသုတ်

### [ဥပါဒါနက္ခန္ဓာငါးပါးကို အပြန်လေးပါးဖြင့်ဟောခြင်း]

၂၆။ ရဟန်းတို့၊ ဥပါဒါနက္ခန္ဓာတို့သည် [၁]ငါးပါးရှိ၏။ ရဟန်းတို့ ငါသည် အကြင်မျှလောက်သောကာလပတ်လုံး ဤဥပါဒါနက္ခန္ဓာငါးပါးကို လေးပါးသော အပြန်အားဖြင့် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍မသိသေး၊ ထိုမျှလောက်သောကာလပတ်လုံး နတ်ဗြဟ္မာအပေါင်းနှင့်တကွသော လောက၌ အမြတ်

---

၁။ အကြားအမြင်ရှိသော အရိယာတပည့်အားဖြစ်သော ဗလဝဝိပဿနာသည် ထိတ်လန့်ခြင်းမည်၏။ အကြောင်းမှာ ထိုအရိယာသာဝကအား 'ငါပြတ်တော့မည်၊ ငါပျက်စီးတော့မည်'ဟု ကြံစည်ခြင်းမဖြစ်။ သင်္ခါရတို့သည်သာ ဖြစ်ကုန်၏။ သင်္ခါရတို့သည်သာ ချုပ်ကုန်၏'ဟူ၍သာ ကြံစည်ခြင်းဖြစ်သောကြောင့် ဖြစ်ပေသည်။

ဆုံးဖြစ်သော သမ္မာသမ္ဗောဓိညာဏ်ကို သိပြီဟု ဝန်မခံခဲ့၊ ဥပါဒါနက္ခန္ဓာငါးပါးကို အပြန်လေးပါးဖြင့် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိသောအခါမှစ၍ သာလျှင် သမ္မာသမ္ဗောဓိညာဏ်ရပြီဟု ငါဝန်ခံခဲ့၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရုပ်ကို အပြန်လေးပါးဖြင့် ထိုးထွင်း၍သိသနည်းဆိုသော်၊ ရုပ်ကိုထိုးထွင်း၍သိ၏၊ ရုပ်၏ဖြစ်ခြင်းကို ထိုးထွင်း၍သိ၏။ ရုပ်၏ချုပ်ခြင်းကို ထိုးထွင်း၍သိ၏။ ရုပ်၏ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကို ထိုးထွင်း၍သိ၏။

ရဟန်းတို့၊ ရုပ်ဟူသည် အဘယ်နည်းဆိုသော် မဟာဘုတ်လေးပါးနှင့် ယင်းတို့ကိုစွဲ၍ဖြစ်သောရုပ်ကို ရုပ်ဟူ၍ဆိုအပ်၏၊ အာဟာရဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းသည်ဖြစ်၏။ အာဟာရချုပ်ခြင်းကြောင့် ရုပ်၏ချုပ်ငြိမ်းခြင်းသည်ဖြစ်၏။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်သည် ရုပ်၏ချုပ်ရာသို့ရောက်ကြောင်းအကျင့်ဖြစ်၏။

ရဟန်းတို့၊ ရုပ်၊ ရုပ်ဖြစ်ခြင်းစသည်တို့ကို ထိုးထွင်းသိ၍ ရုပ်ကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာကျင့်သော ရဟန်းပုဏ္ဏားတို့သည် ကောင်းစွာကျင့်သူများဖြစ်ကုန်၏။ ထိုသို့ ကောင်းစွာကျင့်သူများသည် ဤသာသနာ၌ ဆောက်တည်ရာကို ရကုန်၏။

ရဟန်းတို့၊ ရုပ်၊ ရုပ်၏ဖြစ်ခြင်းစသည်တို့ကို ထိုးထွင်းသိ၍ ရုပ်ကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းကြောင့် မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်သော ရဟန်းပုဏ္ဏားတို့သည် ကောင်းစွာလွတ်မြောက်သူများဖြစ်ကုန်၏။ ထိုသို့ ကောင်းစွာ လွတ်မြောက်သူများသည် ပြီးပြည့်စုံသူများဖြစ်၏။ ပြီးပြည့်စုံသူများအား ဝဋ်ဆင်းရဲကို ပညတ်ရန်မရှိတော့ချေ။ (ဝေဒနာ စသည်တို့၌ နည်းတူဟောသည်)။

## ၅။ သတ္တဋ္ဌာနသုတ်

[ခုနစ်ဌာန၌ လိမ္မာသူ]

၅၇။ ရဟန်းတို့၊ ခုနစ်ပါးသော ဌာနတို့၌ လိမ္မာသော၊ သုံးပါးသော အခြင်းအရာများအားဖြင့် စူးစမ်း ဆင်ခြင်တတ်သောရဟန်းကို ဤသာသနာ၌ ပြီးပြည့်စုံသော အကျင့်မြတ်ကို ကျင့်သုံးပြီးသောယောကျ်ားမြတ်ဟူ၍ ဆို

အပ်၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ခုနစ်ပါးသော ဌာန၌ လိမ္မာသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ရုပ်ကိုသိ၏။ ရုပ်၏ ဖြစ်ခြင်း၊ ရုပ်၏ ချုပ်ငြိမ်းခြင်း၊ ရုပ်၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်တို့ကို သိ၏။ ရုပ်၏ သာယာဖွယ် အပြစ် နှင့် ထွက်မြောက်ရာ တို့ကို သိ၏။ ရဟန်းတို့၊ ဤသို့ ရုပ်၊ ရုပ်၏ဖြစ်ခြင်းစသည်တို့ကို သိ၍ ရုပ်ကိုငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ကျင့်သောပုဂ္ဂိုလ်တို့သည် ကောင်းစွာ ကျင့်သူများဖြစ်ကုန်၏။ ထိုသို့ ကောင်းစွာကျင့်သူများသည် ဤသာသနာ၌ ထောက်တည်ရာကို ရကြကုန်၏။ ရုပ်ကိုငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းကြောင့် မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်သူတို့သည် ကောင်းစွာ လွတ်မြောက်သူများ ဖြစ်ကုန်၏။ ကောင်းစွာလွတ်မြောက်သူတို့သည် ပြီးပြည့်စုံသူများ ဖြစ်ကုန်၏။ ပြီးပြည့်စုံသူတို့အား ဝဋ်ဆင်းရဲကို ပညတ်ရန် မရှိတော့ချေ။(ဝေဒနာစသည်တို့၌ နည်းတူဟော၏)။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် သုံးပါးသော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်လေ့ရှိသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ဓာတ်အားဖြင့် စူးစမ်းဆင်ခြင်၏၊ အာယတနအားဖြင့် စူးစမ်းဆင်ခြင်၏။ ပဋိစ္စသမုပ္ပါဒ်အားဖြင့် စူးစမ်းဆင်ခြင်၏။ ရဟန်းတို့၊ ခုနစ်ပါးသော ဌာနတို့၌ လိမ္မာသော၊ သုံးပါးသော အခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်လေ့ရှိသော ရဟန်းကို ဤသာသနာ၌ ပြီးပြည့်စုံသော အကျင့်မြတ်ကို ကျင့်သုံးပြီးသော ယောကျ်ားမြတ်ဟူ၍ ဆိုအပ်၏။

## ၆။ သမ္မာသမ္ဗုဒ္ဓသုတ်

[မြတ်စွာဘုရားနှင့် ပညာဝိမုတ္တရဟန်း ထူးခြားပုံ]

၅၇။ ရဟန်းတို့၊ ရုပ်ဝေဒနာစသည်တို့ကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းကြောင့် မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်သည့် မြတ်စွာဘုရားကို သမ္မာသမ္ဗုဒ္ဓဟု ဆိုအပ်၏။ ရုပ်ဝေဒနာ စသည်တို့ကိုငြီးငွေ့ခြင်း၊ တပ်မက်မှု ကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းကြောင့် မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်သော ရဟန်းကိုလည်း ပညာဝိမုတ္တဟု ဆိုအပ်၏။ ရဟန်းတို့ ဤသို့ဆိုရာ၌ မြတ်စွာဘုရား၏ ပညာဝိမုတ္တရဟန်းနှင့် ထူးခြား ကွဲပြားမှုကား အဘယ်နည်းဆိုသော် မြတ်စွာဘုရားသည် မဖြစ်ပေါ်သေးသော လမ်းကို

ဖြစ်ပေါ်စေ၏။ မဟောကြားအပ်သေးသောလမ်းကို ဖြစ်ပေါ်စေ၏။ မဟောကြားအပ်သေးသော လမ်းကို ဟောကြားတတ်၏။ လမ်းကို သိမြင်၏။လမ်း၌ လိမ္မာ၏။ တပည့်သာဝကဖြစ်သော ရဟန်းတို့သည်ကား မြတ်စွာဘုရား ဟောကြားအပ်သော လမ်းသို့ နောက်မှ အစဉ်လိုက်ကုန်လျက် နေကုန်၏။ ဤကား မြတ်စွာဘုရား၏ ပညာဝိမုတ္တရဟန်း နှင့် ထူးခြားပုံတည်း။

## ၇။ အနတ္တလက္ခဏသုတ်

### [ခန္ဓာငါးပါးသည် အတ္တမဟုတ်ကြောင်းဟောခြင်း]

၅၉။ ဗာရာဏသီမြို့အနီး ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ပဉ္စဝဂ္ဂီ ရဟန်းတို့အား ဟောကြားသည်။

"ရဟန်းတို့၊ ရုပ်သည်အတ္တမဟုတ်။ ရဟန်းတို့၊ အကယ်၍ရုပ်သည် အတ္တဖြစ်ခဲ့သော် ဤရုပ်သည် နှိပ်စက်ခြင်းငှာ မဖြစ်ရာ၊ ငါ၏ ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ဤသို့မဖြစ်ပါစေလင့် ဟု ရုပ်၌ စီမံခန့်ခွဲ၍လည်း ရရာ၏။

"ရဟန်းတို့၊ စင်စစ် ရုပ်သည် အတ္တမဟုတ်။ ထိုသို့ အတ္တ မဟုတ်သောကြောင့်ပင် ရုပ်သည် နှိပ်စက်ခြင်းငှာ ဖြစ်၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ဤသို့ မဖြစ်ပါစေလင့် ဟု ရုပ်၌ စီမံခန့်ခွဲ၍လည်းမရချေ။ (ဝေဒနာစသည်၌ နည်းတူဟော၏)။

"ရဟန်းတို့ သင်တို့ မည်သို့ ထင်ကြသနည်း၊ ရုပ်သည် မြဲသလော မမြဲသလော"

"အရှင်ဘုရား၊ ရုပ်သည်မမြဲပါ"

"မမြဲသောရုပ်သည် ဆင်းရဲသလော၊ ချမ်းသာသလော"

"ဆင်းရဲပါသည်ဘုရား"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသောရုပ်ကို 'ငါ့ဟာ ငါ၊ ငါ၏ကိုယ်'ဟု ရှုခြင်းငှာသင့်ပါသလော"

"မသင့်ပါဘုရား"

(ဝေဒနာစသည်၌ နည်းတူမေးသည်)။

ရဟန်းတို့။ ထိုကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်းအပြင် အကြမ်းအနု၊ အယုတ်အမြတ်၊ အနီးအဝေးအားဖြင့် ကွဲပြားသောရုပ်ဟူသမျှကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍သာ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုရမည်။

(ဝေဒနာစသည်၌ နည်းတူဟောသည်)။

ရဟန်းတို့၊ ဤသို့ရှုသည့် အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်မက်မှုကင်း၏၊ တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာတို့မှလွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟုသိသော ဉာဏ်ဖြစ်၏။ ဘဝသင်ဖြစ်မှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးဖြစ်၏။ ကိစ္စပြီးပြီ၊ ဤကိစ္စအတွက် အခြားပြုဖွယ်မရှိတော့ပြီဟု သိသွားလေ၏။

မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်သက်သောစိတ် ရှိကုန်လျက် မြတ်စွာဘုရား၏ ဟောကြားချက်ကို နှစ်သက်စွာလက်ခံကြသည်၊ ဤတရားကို ဟောကြားနေစဉ် ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်တို့သည် တစုံတရာကိုမျှ မစွဲလမ်းပဲ အာသဝတို့မှ လွတ်မြောက်သွားလေသည်။

## ၈။ မဟာလိသုတ်

[မဟာလိ လိစ္ဆဝီမင်းအား ဟောကြားချက်]

၆၀။ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်း၌ သီတင်းသုံးစဉ် မဟာလိမည်သော လိစ္ဆဝီသည် ဗုဒ္ဓထံချဉ်းကပ်၍ မေးလျှောက်၏။

"အရှင်ဘုရား၊ သတ္တဝါတို့အား ညစ်နွမ်းခြင်းငှာလည်းကောင်း၊ ဖြူစင်ခြင်းငှာလည်းကောင်း အကြောင်းအထောက်အပံ့မရှိ၊ သတ္တဝါတို့သည် အကြောင်းအထောက်ပံ့မရှိကုန်မူ၍သာလျှင် ညစ်နွမ်းခြင်း၊ ဖြူစင်ခြင်းသို့ ရောက်ကုန်၏ဟု ပူရဏကဿပက ဆိုပါသည်၊ ဤအရာ၌ မြတ်စွာဘုရားသည် မည်သို့မိန့်ကြားပါသနည်း"

"အချင်းမဟာလိ၊ သတ္တဝါတို့အား ညစ်နွမ်းခြင်းငှာလည်းကောင်း ဖြူစင်ခြင်းငှာလည်းကောင်း အကြောင်းသည်ရှိ၏။ သတ္တဝါတို့သည် အထောက်အပံ့ရှိကုန်သည်ဖြစ်၍သာလျှင် ညစ်နွမ်းခြင်း၊ ဖြူစင်ခြင်းသို့ ရောက်ကုန်၏"

"အရှင်ဘုရား၊ သတ္တဝါတို့ ညစ်နွမ်းခြင်း၏အကြောင်းသည် အဘယ်ပါနည်း၊ သတ္တဝါတို့သည် အဘယ်သို့လျှင် အကြောင်းရှိကုန်သည်ဖြစ်၍ ညစ်နွမ်းခြင်းသို့ ရောက်ပါကုန်သနည်း"

"အချင်းမဟာလိ၊ အကယ်၍ ရုပ်သည် ချမ်းသာခြင်းမဖက် ဆင်းရဲခြင်း သက်သက်သာဖြစ်ခဲ့သော်၊ သတ္တဝါတို့သည် ရုပ်၌ တပ်မက်ကြမည်မဟုတ်၊ စင်စစ် ရုပ်သည် ချမ်းသာခြင်းသို့လည်း သက်ရောက်၏။ ထို့ကြောင့်ပင် သတ္တဝါတို့သည် ရုပ်၌တပ်မက်ကြခြင်းဖြစ်၏။ ရုပ်၌တပ်မက်ခြင်းကြောင့် ရုပ်နှင့် စပ်ယှဉ်၍နေကုန်၏။ စပ်ယှဉ်၍နေခြင်းကြောင့် ညစ်နွမ်းကုန်၏။ မဟာလိ၊ ဤရုပ်သည် သတ္တဝါတို့ ညစ်နွမ်းခြင်း၏အကြောင်းဖြစ်၏၊ ဤသို့လျှင် သတ္တဝါတို့သည် အကြောင်းရှိကုန်သည်ဖြစ်၍ ညစ်နွမ်းခြင်းသို့ ရောက်ကုန်၏"

(ဝေဒနာစသည်၌ နည်းတူဟော၏)။

"အရှင်ဘုရား၊ သတ္တဝါတို့ စင်ကြယ်ခြင်း၏အကြောင်း အထောက်အပံ့သည်ကား အဘယ်ပါနည်း၊ သတ္တဝါတို့သည် အဘယ်သို့လျှင် စင်ကြယ်ခြင်းသို့ ရောက်ကြပါကုန်သနည်း"

"အချင်းမဟာလိ၊ အကယ်၍ ရုပ်သည် ဆင်းရဲခြင်းနှင့်မဖက် ချမ်းသာခြင်းသက်သက်သာဖြစ်ခဲ့သော် သတ္တဝါတို့သည် ရုပ်၌ငြီးငွေ့ကြမည်မဟုတ်၊ စင်စစ်ရုပ်သည် ဆင်းရဲခြင်းသို့လည်း သက်ရောက်၏၊ ထို့ကြောင့်လည်း သတ္တဝါတို့သည် ရုပ်၌ငြီးငွေ့ကြခြင်းဖြစ်၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် စင်ကြယ်ကြကုန်၏။ မဟာလိ ဤရုပ်သည် သတ္တဝါတို့ စင်ကြယ်ခြင်း၏အကြောင်းဖြစ်၏။ ဤသို့လျှင် သတ္တဝါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကုန်၏"

(ဝေဒနာစသည်၌ နည်းတူဟော၏)။

## ၉။ အာဒိတ္တသုတ်

[ခန္ဓာငါးပါးသည် တောက်လောင်နေသောတရားဖြစ်ကြောင်း]

၆၁။ "ရုပ်သည် တောက်လောင်နေသော တရားဖြစ်၏။ ဝေဒနာသည် တောက်လောင်နေသောတရားဖြစ်၏" စသည်ဖြင့်ရှုသော အရိယာတပည့်သည် ထိုရုပ်ဝေဒနာစသည်တို့၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်ကြောင်း ဟောကြားသည်။

## ၁၀။ နိရုတ္တိပထသုတ်

[ပညာရှိတို့ မစွန့်အပ်သော ဝေါဟာရသုံးမျိုး]

၆၂။ ရဟန်းတို့ ပညာရှိသော ရဟန်းပုဏ္ဏားတို့သည် မစွန့်ပယ်၊ မကန့်ကွက်အပ်သည့်အနက်ကိုသိကြောင်းဖြစ်သော ဝေါဟာရတို့သည် သုံးမျိုးရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်းဆိုသော် အကြင်ရုပ်သည်လွန်ပြီး ချုပ်ပြီး ဖောက်ပြန်ပြောင်းလဲသွားပြီဖြစ်၏။ ထိုရုပ်အားဖြစ်ပြီးပြီဟူသော အမည်ပညတ်သည်ဖြစ်၏။ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ဟူသော အမည်ပညတ်သည်မဖြစ်။

အကြင်ရုပ်သည် မဖြစ်ပေါ် မထင်ရှားသေး၊ ထိုရုပ်အား ဖြစ်လတ္တံ့ဟူသော အမည် ပညတ်သည် ဖြစ်၏။ ဖြစ်ဆဲ ဖြစ်ပြီးပြီဟူသောအမည် ပညတ်သည် မဖြစ်။

အကြင်ရုပ်သည် ဖြစ်ပေါ်လာ၏။ ထင်ရှားရှိ၏။ ထိုရုပ်အား ဖြစ်ဆဲ ဟူသော အမည်ပညတ်သည် ဖြစ်၏။ ဖြစ်ပြီးပြီ၊ ဖြစ်လတ္တံ့ ဟူသော အမည်ပညတ်သည် မဖြစ်။ (ဝေဒနာစသည်တို့၌ နည်းတူဟော၏)။

ရဟန်းတို့၊ ဤသုံးမျိုးသော ဝေါဟာရတို့ကို ပညာရှိသော ရဟန်းပုဏ္ဏားတို့သည် ရှေးကလည်း မစွန့်ပယ်ခဲ့၊ ယခုလည်းမစွန့်ပယ်၊ နောင်လည်း စွန့်ပယ်လိမ့်မည်မဟုတ်။ ရဟန်းတို့၊ ဥက္ကလာဇနပုဒ်မှ အဟေတုကဝါဒ၊ အကိရိယဝါဒ၊ နတ္ထိကဝါဒ ရှိသော ဝဿနှင့် ဘည မည်သော ပုဂ္ဂိုလ်တို့သည်လည်း ဤသုံးမျိုးသော ဝေါဟာရ တို့ကို ကဲ့ရဲ့အပ် ကန့်ကွက်အပ်၏ဟု မထင်မှတ်ခဲ့ကြချေ။ အဘယ်ကြောင့်ဆိုသော် ပညာရှိတို့၏ ကဲ့ရဲ့ခြင်း၊ ထိပါးခြင်း၊ အပြစ်တင်ခြင်း၊ ငြင်ချယ်ခြင်းတို့မှ ကြောက်သောကြောင့်ဖြစ်၏။

## (၃) ၂။ အရဟန္တဝဂ်

## ၁။ ဥပါဒိယမာနသုတ်

[စွဲလမ်းလျှင် ဖွဲ့နှောင်ခြင်းခံရကြောင်း]

၆၃။ သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ရဟန်းတပါးက အကျဉ်းအားဖြင့် တရားဟောရန် တောင်းပန်သဖြင့် ဗုဒ္ဓက 'စွဲလမ်းသူသည် မာရ်နတ်၏ နှောင်ဖွဲ့ခြင်း ခံရ၏။ မစွဲလမ်းသူသည် မာရ်နတ်၏ လက်မှ လွတ်၏'ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ရဟန်းက 'ရုပ်ဝေဒနာ စသည်တို့ကို စွဲလမ်းသူသည်

မာရ်နတ်၏ နှောင်ဖွဲ့ခြင်း ခံရ၏။ ရုပ်ဝေဒနာ စသည်တို့ကို မစွဲလမ်းသူသည် မာရ်နတ်၏ လက်မှလွတ်၏' ဟု အကျယ်ချဲ့၍မိမိနားလည်ကြောင်း လျှောက်ရာ ဗုဒ္ဓက လက်ခံတော်မူသည်။

၆၄-၆၅။ "စွဲလမ်းသူသည်"ဟူသော စကားအစား "မှတ်ထင်သူသည်" ဟူသော စကားဖြင့် ပညာမာနသုတ်ကိုလည်းကောင်း၊ "အလွန် နှစ်သက်သူ သည်"ဟူသော စကားဖြင့် အဘိနန္ဒမာနသုတ်ကိုလည်းကောင်း နည်းတူဟော သည်။

## ၄။ အနိစ္စသုတ်

[မမြဲသောတရား၌ ဆန္ဒကို ပယ်သင့်ကြောင်း]

၆၆။ အကျဉ်းအားဖြင့် တရားဟောရန်တောင်းပန်သော ရဟန်းအား 'မမြဲ သော တရား၌ ဆန္ဒကိုပယ်ရမည်'ဟု ဗုဒ္ဓက ဟောကြားရာ ထိုရဟန်းက 'ရုပ် သည် မမြဲသောတရားဖြစ်၏၊ ထိုရုပ်၌ ဆန္ဒကို ပယ်ရမည်'စသည်ဖြင့် အကျယ် ချဲ့၍ မိမိနားလည်ကြောင်း လျှောက်သည်။

၆၇-၇၀။ ဒုက္ခသုတ်၌ 'ဆင်းရဲသော တရား၌ဆန္ဒကို ပယ်ရမည်' ဟူ၍ လည်းကောင်း၊ အနတ္တသုတ်၌'အတ္တ မဟုတ်သောတရား၌ ဆန္ဒကို ပယ်ရမည်' ဟူ၍လည်းကောင်း၊ အနတ္တနိယသုတ်၌ 'မိမိ၏ ဥစ္စာမဟုတ်သော တရား၌ ဆန္ဒကိုပယ်ရမည်'ဟူ၍ လည်းကောင်း၊ ရဇနိယသဏ္ဌိတသုတ်၌ 'နှစ်သက်မှု၏ တည်ရာဖြစ်သောတရား၌ ဆန္ဒကိုပယ်ရမည်'ဟူ၍ လည်းကောင်း ဟောကြား သည်။

## ၉။ ရာဓသုတ်

[ရှင်ရာဓ၏ အမေးကို ဖြေခြင်း]

၇၁။ "အရှင်ဘုရား၊ အဘယ်သို့ရှုမြင်သူအား ဝိညာဏ်နှင့်တကွ ဖြစ်သော ဤကိုယ်၌လည်းကောင်း၊ ပြင်ပနိမိတ်အားလုံးတို့၌ လည်းကောင်း င ါ

ဟုထင်ခြင်း၊ ငါ့ဟာဟုထင်ခြင်း၊ မာနကိန်းဝပ်ခြင်း တို့သည် မဖြစ်ပါကုန်သနည်း"

ဤသို့ ရှင်ရာဓက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားသည်။

"အတိတ် အနာဂတ် စသောအားဖြင့် ကွဲပြားသော ရုပ်၊ ဝေဒနာ စသည်တို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုမြင်သော ရဟန်းအား ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း၊ ပြင်ပ နိမိတ်အာရုံအားလုံးတို့၌ လည်းကောင်း ငါဟုထင်မှတ်ခြင်း၊ ငါ့ဟာဟု ထင်မှတ်ခြင်း၊ မာနကိန်းဝပ်ခြင်းတို့သည် မဖြစ်ကုန်"

## ၁၀။ သုရာဓသုတ်

### [ရှင်သုရာဓ၏ အမေးကို ဖြေခြင်း]

၇၂။ "အရှင်ဘုရား၊ အဘယ်သို့သိမြင်သောသူအား ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း၊ ပြင်ပနိမိတ်အာရုံဟူသမျှတို့၌လည်းကောင်း၊ ငါဟုထင်ခြင်း၊ ငါ့ဟာဟုထင်ခြင်း၊ မာနထောင်လွှားခြင်းမှ ကင်းသော မာနအဖို့အစုတို့ကို လွန်မြောက်၍ ကိလေသာအပူမှ ငြိမ်းချမ်းလွတ်မြောက်သောစိတ်သည် ဖြစ်ပါသနည်း"

ရှင်သုရာဓက ဤသို့မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်းဖြေကြား၏။

"အတိတ် အနာဂတ် စသောအားဖြင့် ကွဲပြားသော ရုပ်ဟူသမျှကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ် မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာမြင်သည်ရှိသော် တစုံတခုကိုမျှ မစွဲလမ်းပဲ ကောင်းစွာလွတ်မြောက်သူဖြစ်၏။ (ဝေဒနာစသည်၌ နည်းတူပေ၏)။

"သုရာဓ၊ ဤသို့သိမြင်သူအား ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း၊ ပြင်ပနိမိတ်အာရုံဟူသမျှတို့၌ လည်းကောင်း၊ ငါဟုထင်ခြင်း၊ ငါ့ဟာဟုထင်ခြင်း၊ မာနထောင်လွှားခြင်းတို့မှ ကင်းသော၊ မာနအဖို့အစုတို့ကို လွန်မြောက်၍ ကိလေသာအပူမှ ငြိမ်းချမ်းလွတ်မြောက်သောစိတ်သည် ဖြစ်၏"

## (ဂ) ၃။ ခန္ဓနိယဝဂ်

### ၁။ အဿာဒသုတ်

[ခန္ဓာငါးပါး၏ သာယာဖွယ်စသည်ကိုမသိသူ]

၄၃။ ရဟန်းတို့၊ အကြားအမြင် နည်းသော ပုထုဇဉ်သည် ရုပ်၊ ဝေဒနာ စသည်တို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိ။

အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည်ကား ရုပ်၊ ဝေဒနာ စသည်တို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန် စွာသိ၏။

၄၄-၄၅။ သမုဒယသုတ်၌ ရုပ်၊ ဝေဒနာ စသည်တို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်းနှင့် သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့ကို မသိသူ သိသူများဖြင့် ဟောသည်။ ဒုတိယသမုဒယသုတ်၌ ယင်းတို့ကို သိသူသက်သက်ဖြင့် ဟောသည်။

### ၄။ အရဟန္တသုတ်

[ရဟန္တာသည် အမြတ်ဆုံးဖြစ်ကြောင်း]

၄၆။ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော၊ ရုပ်ဝေဒနာစသည်တို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟု ရှုသော အရိယာတပည့်သည် ထိုရုပ်ဝေဒနာ စသည်တို့၌ ငြီးငွေ့၍ ကိလေသာတို့မှလွတ်မြောက်သည်။ ယင်းသို့လွတ်မြောက်သော ရဟန္တာတို့သည် သတ္တဝါအပေါင်းတို့တွင် အမြတ်ဆုံး ဖြစ်သည်'ဟု ဟောကြားပြီး ရဟန္တာတို့အား ချီးကျူးသော ဂါထာများကို မြွက်ဆိုတော်မူသည်။

၄၇။ ဒုတိယအရဟန္တသုတ်၌ ဂါထာများမပါခြင်းသာထူး၏။

## ၆။ သိဟသုတ်

### [မြတ်စွာဘုရားသည် ခြင်္သေ့မင်းနှင့်တူကြောင်း]

၇၀။ ရဟန်းတို့၊ သားကောင်တို့၏မင်းဖြစ်သော ခြင်္သေ့သည် ညချမ်းအချိန်၌ နေရာမှထွက်၍ စံပယ်၏။ စံပယ်ပြီးသော် အငုံ်လေးမျက်နှာကို လှည့်၍ကြည့်၏။ လှည့်၍ကြည့်ပြီးသော် အစာစားခြင်းငှာ ထွက်ခွာသွား၏။ တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည် ခြင်္သေ့ဟောက်သံကိုကြားသော် များသောအားဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။ တွင်းနေသတ္တဝါတို့သည် တွင်းထဲသို့ဝင်ကုန်၏။ ရေနေသတ္တဝါတို့သည် ရေထဲသို့ဆင်းကုန်၏။ တောနေသတ္တဝါတို့သည် တောထဲသို့ဝင်ကုန်၏၊ ငှက်တို့သည် ကောင်းကင်သို့ ပျံကုန်၏။ ရွာနိဂုံး မင်းနေပြည်တော်တို့၌ မြဲမြံသောကြိုးဖြင့် ချည်နှောင်ထားသောမင်း၏ဆင်တို့သည်လည်း ထိုကြိုးများကိုဖြတ်တောက်ကာ ကျင်ကြီးကျင်ငယ်များကိုစွန့်ကုန်လျက် ခြေဦးတည့်ရာအရပ်သို့ ပြေးကြကုန်၏။ ရဟန်းတို့ သားကောင်တို့၏ မင်းဖြစ်သော ခြင်္သေ့သည် တိရစ္ဆာန်ဖြစ်သောသတ္တဝါအပေါ်၌ ဤမျှတန်ခိုးအာနုဘော်ကြီး၏။

ရဟန်းတို့၊ ထို့နည်းတူပင် အကြင်အခါ၌ လောက၌ အရဟံအစရှိသော ဂုဏ်တို့နှင့်ပြည့်စုံသော မြတ်စွာဘုရားဖြစ်ပေါ်လာ၍ 'ဤကားရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ပျောက်ကြောင်းတည်း' စသည်ဖြင့် တရားကိုဟော၏။ ထိုအခါ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်းတို့နှင့်ပြည့်စုံ၏။ မြင့်သောဗိမာန်တို့၌ ကြာမြင့်စွာတည်သော နတ်တို့သည်လည်း မြတ်စွာဘုရား၏တရားကို ကြားရသော် 'ငါတို့သည် မမြဲကုန်ပဲလျက်မြဲ၏ဟု မှတ်ထင်ခဲ့ကြကုန်၏။ မတည်တံ့ကုန်ပဲလျက် တည်တံ့၏ဟု မှတ်ထင်ခဲ့ကုန်ကြ၏။ စင်စစ် ငါတို့သည် မမြဲသော မတည်တံ့သော ခန္ဓာငါးပါး၌ အကျုံးဝင်သူများ ဖြစ်ကုန်၏'ဟူ၍ များသောအားဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းသို့ရောက်ကုန်၏။ ရဟန်းတို့၊ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကအပေါ်၌ ဤမျှတန်ခိုးအာနုဘော်ကြီး၏။

## ၇။ ခဇ္ဇနီယသုတ်

[ခန္ဓာငါးပါး၏ ခဲစားခြင်းခံနေရပုံ]

၇၉။ ရဟန်းတို့၊ အမျိုးမျိုးသော ရှေးဘဝဖြစ်စဉ်ကို ပြန်၍ အောက်မေ့သော ရဟန်းပုဏ္ဏားဟူသမျှတို့သည် [၁] ဥပါဒါနက္ခန္ဓာငါးပါးကိုဖြစ်စေ၊ ယင်းငါးပါးတို့တွင် တပါးပါးကိုဖြစ်စေ ပြန်၍အောက်မေ့ကြကုန်၏။ အဘယ်ငါးပါးတို့နည်းဆိုသော်- ငါသည် အတိတ်ကာလ၌ ဤသို့သောရုပ်ရှိသူဖြစ်ခဲ့၏ဟု အောက်မေ့သူသည် ရုပ်ကိုသာလျှင်ပြန်၍အောက်မေ့၏။ ငါသည် အတိတ်ကာလ၌ ဤသို့သော ဝိညာဏ်ရှိသူဖြစ်ခဲ့၏'ဟု အောက်မေ့သူသည် ဝိညာဏ်ကိုသာလျှင် ပြန်၍အောက်မေ့၏။

ရဟန်းတို့၊ အဘယ်ကြောင့် ရုပ်ဟုခေါ်သနည်းဆိုသော် ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟုခေါ်၏။ အဘယ်အကြောင်းကြောင့် ဖောက်ပြန်တတ်သနည်းဆိုသော်-အအေးကြောင့်လည်း ဖောက်ပြန်တတ်၏၊ အပူကြောင့်လည်း ဖောက်ပြန်တတ်၏'၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း တို့၏ အတွေ့အထိကြောင့်လည်း ဖောက်ပြန်တတ်၏။

ရဟန်းတို့၊ အဘယ်ကြောင့် ဝေဒနာဟုခေါ်သနည်းဆိုသော် ခံစားတတ်သောကြောင့် ဝေဒနာဟုခေါ်၏။ အဘယ်ကိုခံစားတတ်သနည်းဆိုသော် ချမ်းသာခြင်းကိုလည်း ခံစားတတ်၏။ ဆင်းရဲခြင်းကိုလည်း ခံစားတတ်၏။ ချမ်းသာဆင်းရဲမဟုတ်သော တွေ့ထိမှုကိုလည်း ခံစားတတ်၏။

ရဟန်းတို့၊ အဘယ်ကြောင့် သညာဟုခေါ်သနည်းဆိုသော် မှတ်သားတတ်သောကြောင့် သညာဟုခေါ်၏။ အဘယ်ကို မှတ်သားတတ်သနည်းဆိုသော်-အညိုကိုလည်း မှတ်သားတတ်၏။ အဝါကိုလည်း မှတ်သားတတ်၏။ အနီအဖြူတို့ကိုလည်း မှတ်သားတတ်၏။

ရဟန်းတို့၊ အဘယ်ကြောင့် သင်္ခါရဟုခေါ်သနည်းဆိုသော် ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရဟုခေါ်ပြီး အဘယ်ကို ပြုပြင်စီရင်တတ်သနည်းဆိုသော်၊ ရုပ်ကို ရုပ်ဖြစ်စေရန် ပြုပြင်စီရင်တတ်၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ဝေဒနာစသည်ဖြစ်စေရန် ပြုပြင်စီရင်တတ်၏။

---

၁။ အဘိညာဉ်ဖြင့် အောက်မေ့ခြင်းကိုဆိုသည်မဟုတ်၊ ဝိပဿနာ ဉာဏ်ဖြင့် အောက်မေ့ခြင်းကိုဆိုသည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။

ရဟန်းတို့၊ အဘယ်ကြောင့် ဝိညာဏ်ဟုခေါ်သနည်းဆိုသော် အချဉ်ကိုလည်း အထူးသိတတ်၏။ အခါး၊ အစပ်၊ အချိုတို့ကိုလည်း အထူးသိတတ်၏။ ငန်သည် ပေါ့သည်ကိုလည်း အထူးသိတတ်၏။

ရဟန်းတို့၊ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ဤကဲ့သို့ဆင်ခြင်၏။ 'ငါသည် ယခုရုပ်၏ ခဲစားခြင်းကို ခံနေရ၏။ အတိတ်ကာလ၌လည်း ရုပ်၏ခဲစားခြင်းကို ခံခဲ့ရ၏။ အကယ်၍ ငါသည် အနာဂတ်ဖြစ်သော ရုပ်ကို နှစ်သက်ခဲ့သော် အနာဂတ်ကာလ၌လည်း ရုပ်၏ခဲစားခြင်းကို ခံရမည်သာဖြစ်၏။

ထိုအရိယာ တပည့်သည် ဤသို့ဆင်ခြင်၍ အတိတ်ဖြစ်သော ရုပ်၌ ငဲ့ကွက်ခြင်း ကင်း၏။ အနာဂတ်ဖြစ်သောရုပ်ကို မနှစ်သက်။ ပစ္စုပ္ပန်ဖြစ်သောရုပ်ကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာကျင့်၏။ (ဝေဒနာ စသည်၌ နည်းတူဟော၏)။

ရဟန်းတို့၊ ရုပ်ဝေဒနာ စသည်တို့သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော တရားများ ဖြစ်ကုန်၏။ ထို့ကြောင့် ယင်းတို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ဤသို့ ရှုသော အရိယာတပည့်သည် ရုပ်ဝေဒနာ စသည်တို့ကို ဖျက်ဆီးသူ၊ မတိုးပွားစေသူမည်၏၊ ဝန်လွှတ်သူ၊ မစွဲလမ်းသူမည်၏။ ဖရိုဖရဲ ကျဲပစ်သူ၊ မစုစည်းသူမည်၏။ ငြိမ်းစေသူ၊ မတောက်လောင်စေသူမည်၏။

ရဟန်းတို့၊ ဤသို့ရှုသော အရိယာတပည့်သည် ရုပ်၌ငြီးငွေ့၏။ ဝေဒနာ စသည်တို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်ခြင်းကင်း၏။ တပ်မက်ခြင်း ကင်းသော် လွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသော ဉာဏ်ဖြစ်၏။ ရဟန်းတို့၊ ဤရဟန်းသည် ရုပ်ဝေဒနာ စသည်တို့ကို ဖျက်ဆီးသူလည်းမမည်။ တိုးပွားစေသူလည်းမမည်။ ဖျက်ဆီးပြီး၍ တည်သူဖြစ်၏။ စွန့်လွှတ်သူသည်းမမည်။ စွဲလမ်းသူသည်းမမည်။ စွန့်လွှတ်ပြီး၍ တည်သူဖြစ်၏။ ဖရိုဖရဲ ကျဲပစ်သူလည်းမမည်။ စုစည်းသူလည်းမမည်။ ဖရိုဖရဲ ကျဲပစ်ပြီး၍ တည်သူဖြစ်၏။ ငြိမ်းစေသူလည်းမမည်။ တောက်လောင်စေသူလည်းမမည်။ ငြိမ်းစေပြီး၍ တည်သူဖြစ်၏။

ရဟန်းတို့ ဤသို့ လွတ်မြောက်သောစိတ် ရှိသော ရဟန်းကို သိကြားဗြဟ္မာ တို့နှင့်တကွသော နတ်တို့သည် အဝေးမှပင် ရှိခိုးကြကုန်၏။

## ၈။ ပိဏ္ဍောလျသုတ်

[ဆွမ်းခံ၍စားခြင်းသည် ယုတ်ညံ့သော အသက်မွေးခြင်းဖြစ်ကြောင်း]

၈၀။ ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးစဉ် တစုံတခုသော အကြောင်းကြောင့် ရဟန်းသံဃာအပေါင်းကို နှင်ထုတ်တော်မူ၏။ ထို့နောက် နှင်ထုတ်ခံရသောရဟန်းများထဲမှ ရဟန်းငယ်များ ဖောက်ပြန် ပျက်စီးသွားမည်ကို စဉ်းစားမိသည့် အပြင် သဟမ္ပတိ ဗြဟ္မာကလည်း လာရောက်တောင်းပန်သောကြောင့် ထိုရဟန်းများတပါးစီ၊ နှစ်ပါးစီ ပြန်လာကြစေရန် တန်ခိုးဖြင့် ပြုလုပ်တော်မူ၏။ ထိုရဟန်းများသည် မဝံ့မရဲဖြင့် တပါးစီနှစ်ပါးစီ ပြန်လာကြသောအခါ ဗုဒ္ဓက ဆုံးမစကား မိန့်ကြားတော်မူ၏။

'ရဟန်းတို့၊ အသက်မွေးခြင်း ဟူသမျှတို့တွင် ဆွမ်းခံ၍ အသက်မွေးခြင်းသည် အယုတ်ညံ့ဆုံး ဖြစ်၏။ ရဟန်းလောက၌ 'သင်သည် ခွက်လက်စွဲကာ ဆွမ်းခံစားသူ ဖြစ်၏' ဟု ဆိုခြင်းသည် ကျိန်ဆဲခြင်းပင် ဖြစ်၏။ ရဟန်းတို့၊ အမျိုးကောင်းသားတို့သည် ထိုကဲ့သို့ ကျိန်ဆိုခြင်း ခံရသော ရဟန်းဘဝသို့ အကျိုးထူးကို လိုလားသည် ဖြစ်၍ ချဉ်းကပ်ကြကုန်၏။ မင်း၊ ခိုးသူ၊ ကြွေးမြီ ဘေးရန်တို့ နှိပ်စက်ခြင်း ခံရသောကြောင့် ချဉ်းကပ်ကြသည် မဟုတ်။ အသက်မွေးဝမ်းကျောင်းမှုကြောင့် ချဉ်းကပ်ကြသည်မဟုတ်၊ မွေးခြင်း၊ အိုခြင်း၊ သေခြင်း စသော ဆင်းရဲအပေါင်း ကုန်ဆုံးရေးအတွက် ချဉ်းကပ်ကြခြင်းဖြစ်၏။

ရဟန်းတို့၊ အကြင်အမျိုးကောင်းသားသည် ဤသို့သော ရည်ရွယ်ချက်ဖြင့် ရဟန်းပြုခဲ့ပါလျက် ကာမဂုဏ်တို့၌ ပြင်းထန်သော စွဲလမ်းခြင်းရှိ၏။ ဖောက်ပြန်သောစိတ်ရှိ၏။ ပျက်စီးသော စိတ်အကြံရှိ၏။ သတိသမ္ပဇဉ် ကင်းလွတ်နေ၏။ မတည်ငြိမ်သောစိတ်၊ တုန်လှုပ်သောစိတ် ရှိ၏။ ပေါ့လွင့်သောဣန္ဒြေရှိ၏။ ထိုအမျိုးကောင်းသားသည် လူ့စည်းစိမ်မှလည်း ဆုံးရှုံး၏။ ရဟန်းတို့၊ ကိစ္စကိုလည်း မပြီးမြောက်စေနိုင်။ ဥပမာ အရင်းအဖျား နှစ်ဘက်စလုံး၌ မီးလောင်ထားပြီး အလယ်၌လည်း မစင်ဖြင့် လိမ်းကျံနေသော ထင်း ကုလားတိုးသည် ရွာ၌လည်းကောင်း တော၌လည်းကောင်း ထင်းကိစ္စကို မပြီးစေနိုင်သကဲ့သို့ဖြစ်၏။

ရဟန်းတို့၊ အကုသိုလ်ဝိတက်တို့သည် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဟူ၍ သုံးပါးရှိ၏။ သတိပဋ္ဌာန် လေးပါးတို့၌ ကောင်းစွာတည်ရှိသော စိတ်ရှိသည်ဖြစ်၍ နေသောသူအားလည်းကောင်း၊ အနိမိတ္တ သမာဓိကို ပွားများသူအားလည်းကောင်း၊ ဤအကုသိုလ်ဝိတက်သုံးပါးတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏။ ရဟန်းတို့၊ အနိမိတ္တသမာဓိသည် ပွားများရန် အလွန် သင့်လျော်သောတရားဖြစ်၏။ အနိမိတ္တသမာဓိကို ပွားများလျှင် များသောအကျိုးအာနိသင်ရှိ၏။

ရဟန်းတို့၊ ဒိဋ္ဌိသည် ဖြစ်ခြင်းနှင့် ယှဉ်သော ဘဝ ဒိဋ္ဌိ၊ ပျက်ခြင်းနှင့် ယှဉ်သော ဝိဘဝ ဒိဋ္ဌိဟူ၍ နှစ်ပါးရှိ၏။ ရဟန်းတို့၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် လောက၌ အကြင်တရားကို စွဲလမ်းသော် အပြစ်မရှိသူ ဖြစ်ရာ၏။ ထိုတရားသည် ရှိသလော ဟု ဆင်ခြင်သော် ထိုတရားသည် မရှိဟုသိမြင်၏။ မှန်၏။ တစုံတခုသော တရားကို စွဲလမ်းသူသည် ရုပ်ဝေဒနာစသော ခန္ဓာငါးပါးတို့တွင် တပါးပါးကိုသာလျှင် စွဲလမ်းမည်ဖြစ်၏။ ယင်းသို့ စွဲလမ်းခြင်းကြောင့် ဘဝ၊ ဇာတိစသော အကျိုးဆက်များဖြစ်၍ ဆင်းရဲအစု၏ ဖြစ်ပေါ်မှုသည်သာလျှင် ထင်ရှားနေရာ၏။

ထိုနောက် မမြဲသော၊ ဆင်းရဲသော ရုပ်ဝေဒနာစသည်တို့ကို ငါ့ဟာ ငါ စသည်ဖြင့် မရှုသင့်ကြောင်း ဟောကြားတော်မူလေသည်။

## ၉။ ပါလိလေယျကသုတ်

[ပါလိလေယျကတော၌ ဟောကြားချက်]

၈၁။ အခါတပါး၌ ဗုဒ္ဓသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဗုဒ္ဓသည် နံနက်ချိန်တွင် မြို့တွင်းသို့ဆွမ်းခံကြွပြီး ဆွမ်းကိစ္စပြီးစီးသောအခါ ကိုယ်တော်တိုင် အိပ်ရာ နေရာများကို သိမ်းဆည်း၍ သပိတ်သင်္ကန်းကို ယူဆောင်က ာ တပါးတည်း ခရီးထွက်တော်မူ၏။ ထိုအခါ ရဟန်းတပါးက ရှင်အာနန္ဒာအား ထိုအကြောင်းကို သွားရောက်ပြောကြား၏။ ရှင်အာနန္ဒာက ထိုကဲ့သို့ အလုပ်အကျွေးများနှင့် ရဟန်းသံဃာအား အသိမပေးပဲ တပါးတည်းခရီးထွက်တော်မူခြင်းမှာ တပါးတည်း နေတော်မူလို၍ ဖြစ်ကြောင်း၊ မည်သူမျှ ဗုဒ္ဓနောက်သို့ လိုက်သွားရန် မသင့်ကြောင်း ပြန်ပြောလေသည်။ ဗုဒ္ဓသည် အစီအစဉ်အတိုင်း ခရီးကြွတော်မူရာ ပါလိလေယျက တောအုပ်သို့ ရောက်၍ အင်ကြင်းပင်ကြီး တပင်အောက်၌ သီတင်းသုံးနေတော်မူ၏။

ထိုသို့ ပါလိလေယျက တောအုပ်၌ ဗုဒ္ဓသီတင်းသုံးနေစဉ် များစွာသော ရဟန်းတို့သည် ရှင်အာနန္ဒာထံ ချဉ်းကပ်၍ မြတ်စွာဘုရားထံမှ တရားမနာရသည်မှာ ကြာပြီဖြစ်၍ တရားနာလိုကြောင်း ပြောကြားကြသည်။ ရှင်အာနန္ဒာသည် ထိုရဟန်းတို့နှင့်အတူ ပါလိလေယျကတောအုပ်၌ သီတင်းသုံးနေသော မြတ်စွာဘုရားထံ ချဉ်းကပ်လေ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား တရားစကားကို ဟောကြားတော်မူ၏။ ထိုအခါ မထင်ရှားသော ရဟန်းတပါးအား ဤသို့အကြံဖြစ်၏။ "အဘယ်သို့သိမြင်သူအား အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်လေသနည်း"

ဗုဒ္ဓသည် ထိုရဟန်း၏ စိတ်အကြံကို သိမြင်တော်မူသဖြင့် အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

ရဟန်းတို့၊ ငါသည် ဉာဏ်ဖြင့် စိစစ်ပိုင်းခြား၍ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး စသောတရားတို့ကို ဟောကြားအပ်၏။ ထိုသို့ဟောကြားအပ်ပါလျက် 'အဘယ်သို့ သိမြင်သူအား အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်လေသနည်း'ဟူ၍ အချို့သော ရဟန်းအား အကြံဖြစ်ဘိ၏။

ရဟန်းတို့၊ အဘယ်သို့သိမြင်သူအား အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်သနည်းဆိုသော် ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏။ ထိုသို့ရှုခြင်းသည် ဒိဋ္ဌိသင်္ခါရပင်ဖြစ်၏။ ထိုသင်္ခါရသည် အဘယ်တရားလျှင် အကြောင်းရှိသနည်းဆိုသော် အဝိဇ္ဇာနှင့် ယှဉ်သော တွေ့ထိမှုကြောင့်ဖြစ်သည့် ဝေဒနာဖြင့် တွေ့ထိအပ်သော ပုထုဇဉ်အား တဏှာသည် ဖြစ်ပေါ်လာ၏။ ထိုသင်္ခါရသည် ထိုတဏှာကြောင့်ဖြစ်၏။ ရဟန်းတို့၊ ဤသို့လျှင် ထိုသင်္ခါရသည် မမြဲသော ပြုပြင်စီရင်အပ်သော အကြောင်းကို စွဲ၍ဖြစ်သော တရားဖြစ်၏။ ထိုတဏှာ၊ ထိုဝေဒနာ၊ ထိုဖဿ၊ ထိုအဝိဇ္ဇာတို့သည်လည်း မမြဲသောတရားများ ဖြစ်ကုန်၏။ ရဟန်းတို့၊ ဤသို့သိမြင်သော ရဟန်းအား အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည်ဖြစ်၏။

(ရုပ်ရှိသောတရားကို အတ္တဟုရှုခြင်း၊ အတ္တ၌ ရုပ်ကိုရှုခြင်း၊ ရုပ်၌ အတ္တကိုရှုခြင်းတို့၌လည်း နည်းတူဟော၏။ထို့ပြင် ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့၌ ရုပ်နည်းတူဟော၏။)

---

ရုပ်ဝေဒနာစသည်တို့ကို အတ္တဟူ၍ မရှုသော်လည်း 'ထိုအတ္တသည် ခိုင်မြဲသော၊ အမြဲတည်သော၊ ဖောက်ပြန်ခြင်းသဘောမရှိသော တရားဖြစ်၏' ဟူ၍

ထင်မှတ်သော သဿတဒိဋ္ဌိသည်လည်း သင်္ခါရပင်ဖြစ်၏။ ထို သင်္ခါရ၏ အကြောင်းရင်းများနှင့် မမြဲပုံကို ရှုမြင်သူအားလည်း အာသဝတို့၏ကုန်ခြင်းသည် ဖြစ်၏။

အကယ်၍ ငါမဖြစ်ခဲ့သော် ငါ၏ပရိက္ခရာသည် မဖြစ်ရာ။ နောင်ဘဝ၌ ငါမဖြစ်ခဲ့သော် ငါ၏ ပရိက္ခရာသည်လည်း ဖြစ်မည်မဟုတ်[1]ဟူ၍ ကြံစည်ခြင်း ဥစ္ဆေဒဒိဋ္ဌိသည်လည်း သင်္ခါရပင်ဖြစ်၏။ ထိုသင်္ခါရ၏ အကြောင်းရင်းများနှင့် မမြဲပုံကို သိမြင်သူအားလည်း အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်၏။

သူတော်ကောင်းတရား၌ တွေးတောခြင်း၊ ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း သည်လည်း သင်္ခါရပင်ဖြစ်၏။ ထိုသင်္ခါရ၏ အကြောင်းရင်းနှင့် မမြဲပုံကို သိမြင်သူအားလည်း အခြားမဲ့၌ အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်၏ဟု ဟော ကြားတော်မူသည်။

## ၁၀။ ပုဏ္ဏမသုတ်

[လပြည့်နေ့၌ ဟောကြားချက်]

၈၂။ အခါတပါး၌ ဗုဒ္ဓသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်း သုံးစဉ် လပြည့်နေ့ညဝယ် ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ ထိုင်နေ တော်မူ၏။ ထိုအခါ ရဟန်းတပါးက နေရာမှထ၍ ဗုဒ္ဓအား လက်အုပ်ချီပြီး ပြဿနာတခုကို မေးခွင့်ပြုရန် ခွင့်တောင်း၏။

ဗုဒ္ဓက 'သင်မေးလိုသော ပြဿနာကို မေးလော'ဟု ခွင့်ပေးလိုက်သော အခါ ထိုရဟန်းက အောက်ပါအတိုင်း မေးလေသည်။

"အရှင်ဘုရား၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ပင် ဖြစ်ပါသလော"

---

၁။ နော စဿံ နော စ မေ သိယာတိ သစေ အဟံ နာဘဝိဿံ၊ မမ ပရိက္ခာရောပိ နာဘဝိဿ၊ န ဘဝိဿံ၊ န စ မေ ဘဝိဿတီတိ။ သစေ ပန အာယတိမ္ပိ အဟံ န ဘဝိဿာမိ၊ ဧဝံ မမ ပရိက္ခာရောပိ န ဘဝိဿတိ။ အဋ္ဌကထာ။

"ရဟန်း၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသည် ရုပ်၊ဝေဒနာ၊သညာ စသည်တို့ပင် ဖြစ်၏"

"အရှင်ဘုရား၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်တရားလျှင် အရင်းမူလရှိပါကုန်သနည်း"

"ရဟန်း၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဆန္ဒလျှင် အရင်းမူလ ရှိကြလေကုန်၏"

"အရှင်ဘုရား၊ ဥပါဒါနက္ခန္ဓာသည်ပင်လျှင် ဥပါဒါန်ဖြစ်ပါသလော၊ သို့မဟုတ် ဥပါဒါနက္ခန္ဓာငါးပါးတို့မှ ကင်း၍ ဥပါဒါန်သည် ဖြစ်ပါသလော"

"ရဟန်း၊ ဥပါဒါန်သည်ပင် ဥပါဒါနက္ခန္ဓာမဖြစ်၊ဥပါဒါနက္ခန္ဓာငါးပါးတို့နှင့် ကင်း၍လည်း ဥပါဒါန်သည် မဖြစ်၊ စင်စစ်အားဖြင့် ထိုဥပါဒါနက္ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်ခြင်းသည် ဥပါဒါန်မည်၏"

"အရှင်ဘုရား၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂကွဲပြားမှု ရှိနိုင်ပါသလော"

"ရဟန်း၊ ဆန္ဒ ရာဂကွဲပြားမှု ရှိနိုင်၏။ 'ငါသည် နောင်သောအခါ၌ ဤသို့ရုပ်ရှိသူဖြစ်ပါစေ၊ ဤသို့သော ဝေဒနာရှိသူ ဖြစ်ပါစေ' စသည်ဖြင့် တောင့်တသူအား ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂ ကွဲပြားမှုသည် ဖြစ်နိုင်၏"

"အရှင်ဘုရား၊ အဘယ်မျှဖြင့် ခန္ဓာတို့အား ခန္ဓာဟူသော ဝေါဟာရသည် ဖြစ်ပါသနည်း"

"ရဟန်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အတွင်းအပြင်၊ အကြမ်း၊အနု၊ အယုတ်အမြတ်၊ အနီးအဝေးအားဖြင့် ကွဲပြားသော ရုပ်ဟူသမျှကို ရူပက္ခန္ဓာဟု ဆိုအပ်၏။ (ဝေဒနာက္ခန္ဓာစသည်တို့၌ နည်းတူဟော၏)။ ရဟန်း၊ ဤမျှဖြင့် ခန္ဓာတို့အား ခန္ဓာဟူသော ဝေါဟာရသည် ဖြစ်၏"

"အရှင်ဘုရား၊ ရူပက္ခန္ဓာကို ပညတ်နိုင်ခြင်း၏အကြောင်းကား အဘယ်နည်း။ ....ဝိညာဏက္ခန္ဓာကို ပညတ်နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း"

"ရဟန်း၊ မဟာဘုတ်လေးပါးတို့သည် ရူပက္ခန္ဓာကို ပညတ်နိုင်ခြင်း၏ အကြောင်းဖြစ်၏။ ဖဿသည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ တို့ကို ပညတ်နိုင်ခြင်း၏ အကြောင်းဖြစ်၏။ နာမ်နှင့်ရုပ်သည် ဝိညာဏက္ခန္ဓာ ကို ပညတ်နိုင်ခြင်း၏အကြောင်း ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိသည် ဖြစ်ပါသနည်း"

"ရဟန်း၊ ရုပ်သည် အတ္တဖြစ်၏ စသောအခြင်းအရာအားဖြင့် ရှုမြင်သည် ရှိသော် သက္ကာယဒိဋ္ဌိသည်ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိသည် မဖြစ်ပါသနည်း"

"ရဟန်း၊ ရုပ်သည် အတ္တ ဖြစ်၏ စသောအားဖြင့် မရှုမြင်သည်ရှိသော် သက္ကာယဒိဋ္ဌိသည် မဖြစ်ပေ"

"အရှင်ဘုရား၊ ရုပ်၊ ဝေဒနာ စသည်တို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက် မြောက်ရာတို့ကား အဘယ်ပါနည်း"

"ရဟန်း၊ ရုပ်ကိုစွဲ၍ဖြစ်သော ချမ်းသာခြင်း၊ ကြည်နူးခြင်းသည် ရုပ်၏ သာယာဖွယ်ဖြစ်၏။ ရုပ်၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘော သည် ရုပ်၏ အပြစ်ဖြစ်၏။ ရုပ်၌ ဆန္ဒရာဂကို ပယ်ခြင်းသည် ရုပ်၏ ထွက် မြောက်ရာဖြစ်၏။ (ဝေဒနာစသည်၌ နည်းတူဟော၏။)

"အရှင်ဘုရား၊ အဘယ်သို့ သိမြင်သောသူအား ဝိညာဏ်နှင့်တကွ ဖြစ်သော ဤကိုယ်၌လည်းကောင်း၊ အပြင်နိမိတ်အာရုံ အားလုံးတို့၌ လည်းကောင်း၊ ငါဟာ ငါဟုဆင်မှတ်ခြင်း၊ မာန်သောင်လွှားမှု ကိန်းဝပ်ခြင်းတို့သည် မဖြစ် ပါကုန်သနည်း"

"ရဟန်း၊ အတိတ်၊ အနာဂတ် စသောအားဖြင့် ကွဲပြားသော ရုပ်၊ ဝေ ဒနာ စသည်တို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုသောသူအား ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း အပြင်နိမိတ်အာရုံအားလုံးတို့၌လည်းကောင်း၊ ငါ၊ ငါ့ဟာဟုထင်မှတ်ခြင်း၊ မာန်ထောင်လွှားမှု ကိန်းဝပ်ခြင်းတို့သည် မဖြစ်ကုန်"

ဗုဒ္ဓက ဤသို့ ဟောကြားသောအခါ ရဟန်းတပါးအား 'ရုပ် ဝေဒနာ စသည်တို့သည် အတ္တမဟုတ်ခဲ့သော် အတ္တမဟုတ်သူက ပြုအပ်သော ကံတရား တို့သည် အဘယ်သို့လျှင် အတ္တကို ထိတွေ့နိုင်ပါမည်နည်း'ဟု အကြံဖြစ်၏။

ဗုဒ္ဓသည် ထိုရဟန်း၏ စိတ်အကြံကိုသိ၍ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့ ဤသာသနာ၌ အဝိဇ္ဇာလွှမ်းမိုးနေသည့် အချည်းအနှီးသော ယောကျ်ားသည် တဏှာရှေ့ဆောင်သောစိတ်ဖြင့် ငါ့ဘုရား၏ အဆုံးအမကို ကျော်လွန်ထိုက်၏ဟု မှတ်ထင်ဖွယ်အကြောင်းရှိ၏။ ထို့ကြောင့် ငါသည် သင်တို့အား ထိုထိုတရားတို့၌ မေးခွန်းထုတ်၍ ဟောကြားအံ့။ ရုပ်သည်မြဲသလော မမြဲသလော"

"ရုပ်သည် မမြဲပါဘုရား"

"မမြဲသောတရားသည် ချမ်းသာသလော၊ ဆင်းရဲသလော"

"ဆင်းရဲပါသည်ဘုရား"

ဤသို့စသည်ဖြင့် (အနတ္တလက္ခဏသုတ် နည်းတူ) ဟောကြားရာ ရဟန်း ငါးရာသို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။

## (၉) ၄၅ ထေရဝဂ်

### ၁။ အာနန္ဒသုတ်

[အရှင်ပုဏ္ဏ၏ ဩဝါဒကို ရှင်အာနန္ဒာက ပြန်၍မိန့်ကြားခြင်း]

၈၃။ အခါတပါး၌ ရှင်အာနန္ဒာသည် မိမိအား ရှင်ပုဏ္ဏမထေရ်က တရားစကားဖြင့် ဆုံးမခဲ့ပုံကို ရဟန်းတို့အား ပြန်လည်မိန့်ကြား၏။

ငါ့ရှင်တို့၊ မန္တာဏိပုဏ္ဏေးမ၏ သားဖြစ်သော အရှင်ပုဏ္ဏသည် သီတင်းငယ်ဖြစ်သော ငါတို့အားအလွန်ကျေးဇူးများ၏။ ထိုအရှင်ပုဏ္ဏသည် ငါတို့ကို ဤသို့သော ဩဝါဒဖြင့် ဆုံးမခဲ့၏။ 'ငါ့ရှင်အာနန္ဒာ၊ တစုံတခုကိုစွဲ၍ ငါဖြစ်၏ ဟူသော မှတ်ထင်ခြင်းသည် ဖြစ်၏။ တစုံတခုကို မစွဲမူ၍ ထိုကဲ့သို့သော မှတ်ထင်ခြင်းသည် မဖြစ်။ အဘယ်ကိုစွဲယူ၍ ဖြစ်သနည်းဆိုသော် ရုပ်ဝေဒနာစသည်တို့ကို စွဲယူ၍ ထိုသို့သော မှတ်ထင်ခြင်းသည် ဖြစ်၏။ ငါ့ရှင်အာနန္ဒာ ဥပမာကား ကြည်လင်သော ကြေးမုံပြင်၌ဖြစ်စေ၊ ကြည်လင်သော ရေခွက်၌ဖြစ်စေ၊ မိမိ၏မျက်နှာရိပ်ကိုကြည့်သော လုလင်ပျို လုံမပျိုသည် ကြေးမုံပြင်၊ သို့မဟုတ် ရေခွက်ကိုစွဲ၍ မျက်နှာရိပ်ကို မြင်ရသကဲ့သို့ပေတည်း"

ထို့နောက် ရုပ်ဝေဒနာ စသည်တို့၏ မမြဲခြင်း၊ ဆင်းရဲခြင်းသဘောရှိပုံ တို့ကို ရှင်ပုဏ္ဏက ဆက်လက်ဟောကြားသဖြင့် မိမိသည် သစ္စာလေးပါးကို သိမြင် (သောတာပန်ဖြစ်)ခဲ့ကြောင်း ရှင်အာနန္ဒာက မိန့်ကြားလေသည်။

## ၂။ တိဿသုတ်

[ညီတော်ရှင်တိဿအား ဆုံးမခြင်း]

၈၄။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဗုဒ္ဓ၏ဘထွေး တော်၏ သားဖြစ်သော ရှင်တိဿက မိမိသည် သာသနာ၌မပျော်ပိုက်ကြောင်း၊ တရားတို့၌လည်းယုံမှားခြင်းဖြစ်နေကြောင်း ရဟန်းတို့အား ဖွင့်ဟပြောကြား ၏။ ရဟန်းတို့က ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ကြားရာ ဗုဒ္ဓက ရှင် တိဿကိုခေါ်၍ မေးတော်မူ၏။

"တိဿ သင်သည် သာသနာ၌ မပျော်ပိုက်ဟု ဆိုသည်မှာမှန်သလော"

"မှန်ပါသည်ဘုရား"

"တိဿ၊ သင်မည်သို့ထင်သနည်း၊ ရုပ်ဝေဒနာ စသည်တို့၌ မကင်းသော ရာဂရှိသူအား ထိုရုပ်ဝေဒနာ စသည်တို့၏ ဖောက်ပြန် ပြောင်းလဲသွားခြင်း ကြောင့် စိုးရိမ်ခြင်း၊ ပူဆွေးခြင်းတို့သည် ဖြစ်ကုန်သလော"

"ဖြစ်ပါသည်ဘုရား"

"ရုပ်ဝေဒနာ စသည်တို့၌ ကင်းသောရာဂ ရှိသူအား ထို ရုပ်ဝေဒနာ စသည်တို့၏ ဖောက်ပြန်ခြင်းကြောင့် စိုးရိမ်ခြင်း၊ ပူပန်ခြင်းတို့သည် ဖြစ်ပါ ကုန်သလော"

"မဖြစ်တော့ပါဘုရား"

ရှင်တိဿက ဤသို့ပြောသောအခါ ဗုဒ္ဓသည် ရုပ်၊ ဝေဒနာ စသည်တို့၏ အနိစ္စ ဒုက္ခသဘောကို ဆက်လက် ဟောကြားပြီး အောက်ပါ ဥပမာကို မိန့် ကြား၏။

"တိဿ၊ ဥပမာကား လမ်းမကျွမ်းသော ယောကျ်ားနှင့် လမ်းကျွမ်းသော ယောကျ်ားနှစ်ယောက်ရှိရာ၏။ လမ်းမကျွမ်းသူကလည်း ကျွမ်းသူအား လမ်း

ကိုမေးရာ၏။ ထိုအခါ လမ်းကျွမ်းသူက အောက်ပါအတိုင်းလမ်းကို ပြောပြရာ၏။ 'အချင်းမိတ်ဆွေ သင်သည် ဤလမ်းဖြင့် အနည်းငယ်သွားလျှင် လမ်းနှစ်ခွကို တွေ့လိမ့်မည်။ ထိုအခါ လက်ဝဲလမ်းကို လွှတ်၍ လက်ယာလမ်းကိုယူလော၊ လက်ယာလမ်းဖြင့် အနည်းငယ်သွားသော် ထူသော တောအုပ်ကို တွေ့လိမ့်မည်။ ထိုတောအုပ်မှ အနည်းငယ်သွားသော် နိမ့်သောချိုင့်ဝှမ်းကို တွေ့လိမ့်မည်။ ထိုချိုင့်ဝှမ်းဖြင့် အနည်းငယ်သွားသော် ချောက်ကမ်းပါးကို တွေ့လိမ့်မည်။ ထိုချောက်ကမ်းပါးဖြင့် အနည်းငယ်သွားသော် မွေ့လျော်ဖွယ်ရှိသည့် ညီညာသော မြေပြင်ကို တွေ့လိမ့်မည်။

"အချင်းတိဿ၊ ငါသည် အနက်အဓိပ္ပာယ်ကို နားလည်စေရန်၊ ဤဥပမာကို ပြုခြင်းဖြစ်၏။ ထိုဥပမာ၌ ဆိုလိုရင်း အနက် အဓိပ္ပာယ်ကား ဤသို့ဖြစ်၏။ လမ်းမကျွမ်းသော ယောကျ်ားဟူသည် ပုထုဇဉ်ကို ဆိုလိုခြင်းဖြစ်၏။ လမ်းကျွမ်းသော ယောကျ်ားဟူသည် မြတ်စွာဘုရားကို ဆိုလိုခြင်း ဖြစ်၏။ လမ်းနှစ်ခွဟူသည် ဝိစိကိစ္ဆာကို ဆိုလိုခြင်းဖြစ်၏။ လက်ဝဲလမ်းဟူသည် အဝိဇ္ဇာ၊ နိမ့်သောချိုင့်ဝှမ်းဟူသည် ကာမဂုဏ်၊ ချောက်ကမ်းပါးဟူသည် ကောဓ နှင့် ဥပါယာသ၊ ညီညာသော မြေပြင်ဟူသည် နိဗ္ဗာန်ကို ဆိုလိုခြင်းဖြစ်၏။

"တိဿ၊ သင်သည် သာသနာ၌ မွေ့လျော်ပါလော၊ ငါသည် သင့်ကို ချီးမြှောက်အံ့၊ သွန်သင်ဆုံးမအံ့"

(တိဿသည် ဗုဒ္ဓ၏ ဟောကြားချက်ကို ကျေနပ်နှစ်သက်၍ တရားအားထုတ်ရာ၊ မကြာမီ ရဟန္တာဖြစ်လေ၏)

## ၃။ ယမကသုတ်

[ရှင်ယမကအား ရှင်သာရိပုတ္တရာက ဆုံးမခြင်း]

၈၅။ အခါတပါး၌ ရှင်ယမကမည်သော ရဟန်းအား "အာသဝကုန်ပြီးသော ရဟန်းသည်၊ ကိုယ်ခန္ဓာပျက်စီးသွားပြီးနောက်ပြတ်စဲ၏၊ သေပြီးနောက်ဘာမျှ မဖြစ်တော့"ဟူသော အယူမှားတခုဖြစ်ပေါ်နေ၏[၁]။ များစွာသောရဟန်းတို့က

---

၁။ သတ္တဝါသည် သေပြီးနောက်၌ ပြတ်သွား၏ဟု ယူဆခြင်းကြောင့် မှားသောအယူဟု ဆိုရခြင်းဖြစ်၏၊ သံသရာ၌ ရတို့သည် ဖြစ်ကုန်ချုပ်ကုန်၏ဟု ယူလျှင် မှန်သောအယူဖြစ်၏။

ထိုအကြောင်းကို ရှင်သာရိပုတ္တရာအား သွား၍လျှောက်ကြရာ ရှင်သာရိပုတ္တရာသည် ရှင်ယမကထံသို့ သွား၍မေးမြန်း၏။ ရှင်ယမကကလည်း ဤသို့ပင် မြတ်စွာဘုရား ဟောကြားသည်ဟု မိမိနားလည် သဘောပေါက်ကြောင်း ပြောကြား၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ရှင်ယမကအား ခန္ဓာငါးပါးတို့၏ အနိစ္စ ဒုက္ခသဘောများကို ထင်ရှားအောင်ပြပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားလေသည်။

"ငါ့ရှင်ယမက သင်သည် ရုပ်ကို သတ္တဝါဟု ရှုသလော"

"အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် ရုပ်ကို သတ္တဝါဟုမရှုပါ"

"ငါ့ရှင်ယမက၊ သင်သည် ရုပ်၌သတ္တဝါဟုရှုသလော"

"အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် ရုပ်၌သတ္တဝါဟုမရှုပါ"

"ငါ့ရှင်ယမက၊ သင်သည် ရုပ်နှင့်ကင်း၍ သတ္တဝါဟုရှုသလော"

"အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် ရုပ်နှင့်ကင်း၍ သတ္တဝါဟုမရှုပါ" (ဝေဒနာစသည်တို့၌ နည်းတူမေးသည်)

"ငါ့ရှင်ယမက၊ သင်သည် ရုပ်ဝေဒနာစသော ခန္ဓာငါးပါးလုံးကို သတ္တဝါ ဟု ရှုသလော"

"အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် ရုပ်ဝေဒနာစသော ခန္ဓာငါးပါးလုံးကို သတ္တဝါဟု မရှုပါ"

"ငါ့ရှင်ယမက၊ သင်မည်သို့ထင်သနည်း၊ ရုပ်၊ဝေဒနာ၊သညာ၊ သင်္ခါရ ဝိညာဏ်ဘို့မှ ကင်းသောအရာသည် သတ္တဝါဖြစ်၏ဟု သင်ရှုသလော"

"အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် ဤသို့လည်းမရှုပါ"

"ငါ့ရှင်ယမက၊ သတ္တဝါဟူသည်ကို အစစ်အမှန်အားဖြင့် ရှာ၍ မရအပ် ပါပဲလျက် အာသဝကုန်ပြီးသောရဟန်းသည် ကိုယ်ခန္ဓာ ပျက်စီးပြီးနောက် ပြတ်စဲ၏။ သေပြီးနောက် ဘာမျှမဖြစ်တော့ဟု ဆိုခြင်းသည် သင့်လျော်ပါ ပည်လော"

"အရှင်သာရိပုတ္တရာ၊ ရှေးအခါက မသိမလိမ္မာသော တပည့်တော်အား ယုတ်ညံ့သော အယူသည် ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ၌ကား အရှင်၏

တရားကို နာရသဖြင့် ထိုအယူသည် ကင်းပျောက်သွားပါပြီ။ အမှန်တရားကို တပည့်တော် ထိုးထွင်းသိမြင်အပ်ပါပြီ”

“ငါ့ရှင် ယမက၊ အာသဝကုန်ပြီးသော ရဟန်းသည် ကိုယ်ခန္ဓာပျက်စီးပြီးနောက် မည်သို့ဖြစ်သွားသနည်းဟု မေးခဲ့သော်၊ သင်သည် မည်သို့ဖြေမည်နည်း”

“အရှင်သာရိပုတ္တရာ၊ ထိုသို့မေးခဲ့သော် ရုပ်ဝေဒနာစသည်တို့သည် မမြဲသောတရားများဖြစ်၏။ မမြဲသောတရားသည် ဆင်းရဲ၏။ ထိုဆင်းရဲသောတရားသည် ချုပ်ငြိမ်းသွား၏။ ပျောက်ကွယ်သွား၏ ဟူ၍ တပည့်တော် ဖြေကြားပါအံ့”

“ငါ့ရှင်ယမက၊ သင်၏အဖြေသည် ကောင်းလှပေ၏။ ထိုအနက်သဘောကို ပို၍ထင်ရှားစေရန် ဥပမာတခုကို ငါဆောင်အံ့။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ၍ အစောင့်အရှောက်နှင့် ပြည့်စုံသော သူကြွယ်တယောက် ရှိရာ၏။ ထိုသူကြွယ်၏ အကျိုးမဲ့ကို လိုလားသော ယောကျ်ားတယောက်သည် ထိုသူကြွယ်ကို သတ်လိုသဖြင့် အယုံသွင်းကာ ဆည်းကပ် လုပ်ကျွေးရာ၏။ မိမိအား ရိုသေကျိုးနွံစွာလုပ်ကျွေးပြုစုသော ထိုယောကျ်ားကို သူကြွယ်သည် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချလျက် အကျွမ်းဝင်ခြင်းသို့ ရောက်ရာ၏။ ထိုအခါ ထိုယောကျ်ားသည် ဆိတ်ငြိမ်ရာ၌ တယောက်တည်းနေသော သူကြွယ်ကို ထက်သော ဓားဖြင့် တချက်တည်းခုတ်သတ်ရာ၏။

“ငါ့ရှင် ယမက၊ ထိုယောကျ်ားသည် သူကြွယ်အား ဆည်းကပ်လုပ်ကျွေးရန် တောင်းပန်စဉ်ကလည်း သူသတ်သမားပင်ဖြစ်၏။ ရိုသေကျိုးနွံစွာလုပ်ကျွေးပြုစုစဉ်ကလည်း သူသတ်သမားပင် ဖြစ်၏။ သို့သော် သူကြွယ်သည် သူသတ်သမားမှန်းမသိခဲ့။ ငါ့ရှင် ယမက၊ ထို့အတူပင် ရုပ်ဝေဒနာစသည်တို့ကို အတ္တဖြစ်၏ စသောအားဖြင့် ရှုသော ပုထုဇဉ်သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော၊ ပြုပြင်စီရင်အပ်သော၊ မိမိအကျိုးကို ဖျက်ဆီးတတ်သော ရုပ်ဝေဒနာစသည်တို့ကို ‘မမြဲသော တရားဖြစ်၏။ ဆင်းရဲသောတရားဖြစ်၏’ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာမသိ။ ဟုတ်တိုင်းမှန်စွာမသိခြင်းကြောင့် ထိုရုပ်ဝေဒနာစသည်တို့ကို ‘ငါ၏ အတ္တဖြစ်၏’ဟု စွဲလမ်း၏။ ထိုသို့ စွဲလမ်းအပ်သော ခန္ဓာငါးပါးတို့သည် ထိုပုထုဇဉ်အား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ကို ဖြစ်စေကုန်၏။

"ငါ့ရှင် ယမက၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ကား 'ခန္ဓာငါးပါးသည် အတ္တဖြစ်၏' စသောအားဖြင့် မရှု၊ 'ခန္ဓာငါးပါး သည် မမြဲသောတရားဖြစ်၏။ ဆင်းရဲသော တရားဖြစ်၏' စသောအားဖြင့် ဟုတ်တိုင်းမှန်စွာသိ၏။ ဟုတ်တိုင်းမှန်စွာသိခြင်းကြောင့် ထိုခန္ဓာငါးပါးကို 'ငါ၏အတ္တဖြစ်၏' ဟူ၍ မစွဲလမ်း၊ ထိုသို့မစွဲလမ်းအပ်သော ခန္ဓာငါးပါးတို့ သည် ထိုအရိယာတပည့်အား ရှည်မြင့်စွာသောကာလပတ်လုံး အကျိုးစီးပွား ကို ဖြစ်စေကုန်၏။

ဤသို့ရှင်သာရိပုတ္တရာက ဟောကြားသောအခါ ရှင်ယမက က 'အရှင်၏ တရားကို ကြားနာရသဖြင့် တပည့်တော်၏စိတ်သည် အာသဝတို့မှ လွတ်မြောက် ရပါပြီဟု လျှောက်ကြားလေသည်။

## ၄။ အနုရာဓသုတ်

### [ရှင်အနုရာဓအား ဟောကြားချက်]

၈၆။ ဝေသာလီပြည် ကူဋာဂါရကျောင်းတိုက်၌ ဗုဒ္ဓ သီတင်းသုံးစဉ် ရှင်အနု ရာဓသည် မြတ်စွာဘုရားနှင့် ခပ်လှမ်းလှမ်းရှိ သစ်ခွက်မိုးကျောင်းငယ်တခု၌ နေ၏။ ထိုအခါ များစွာသော အယူတပါးရှိသည့် ပရိဗိုဇ်တို့သည် ရှင်အနု ရာဓထံ ချဉ်းကပ်၍ နှုတ်ဆက်စကားပြောပြီး ဤသို့ပြောဆိုကြသည်။

"ငါ့ရှင်အနုရာဓ၊ သင်တို့ဆရာမြတ်စွာဘုရားသည် မြတ်သောအဖို့သို့ရောက် သော ယောကျ်ားမြတ်ကို 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၍' ဟူ၍လည်း ကောင်း၊ သေပြီးနောက်၌ မဖြစ်ဟူ၍လည်းကောင်း၊ သေပြီးနောက်၌ ဖြစ် သည်လည်းရှိ၏။ မဖြစ်သည်လည်းရှိ၏ ဟူ၍လည်းကောင်း၊ သေပြီးနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း ပညတ်ပါ သလော"

"ငါ့ရှင်တို့၊ ငါတို့ဆရာ မြတ်စွာဘုရားသည် မြတ်သောအဖို့သို့ ရောက် သော ယောကျ်ားမြတ်ကို ထိုလေးပါးသောအကြောင်းတို့နှင့် ကင်း၍ပညတ် တော်မူ၏"

ဤသို့ အရှင်အနုရာဓက ဖြေသောအခါ ထိုပရိဗိုဇ်တို့သည် 'ဤရဟန်းကား ရဟန်းငယ်သော်လည်း ဖြစ်ရာ၏။ ထေရ်ကြီးဖြစ်ပါကလည်း မိမိဆရာ၏ဝါဒ

၌ တတ်သိနားလည်ခြင်းမရှိသူသာ ဖြစ်ရာ၏’ ဟူ၍ နှိမ့်ချပြောဆိုကာ ထွက်ခွာသွားကြသည်။ ပရိဗိုဇ်များ ထွက်သွားပြီးနောက် မကြာမီပင် ရှင်အနုရာဓအား ‘အကယ်၍ ပရိဗိုဇ်တို့က ပြဿနာကို ဆက်၍မေးခဲ့သော် ဗုဒ္ဓအလိုနှင့် ကိုက်ညီအောင် မည်သို့ဖြေရအံ့နည်း’ အကြံဖြစ်လေသည်။ ထို့နောက် အရှင်အနုရာဓသည် ဗုဒ္ဓထံချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ကြားသည်။

ထိုအခါ ဗုဒ္ဓက ရုပ်ဝေဒနာစသည်တို့၏ အနိစ္စ ဒုက္ခဖြစ်ပုံကိုလည်းကောင်း၊ ယင်းတို့ကို သတ္တဝါဟူ မရှုသင့်ပုံကိုလည်းကောင်း (၈၅-ယမကသုတ်နည်းတူ) ဟောကြားပြီး သတ္တဝါဟူသည်ကို အစစ်အမှန်အားဖြင့် ရှာ၍မရအပ်ပါပဲလျက် ထိုသတ္တဝါကို အကြောင်းလေးပါးနှင့် ကင်း၍ ပညတ်၏ဟု ဖြေကြားခြင်းသည် မသင့်ကြောင်း မိန့်ကြား၏။ ထို့နောက် အောက်ပါ စကားကိုလည်း အဆုံးသတ်မိန့်ကြားတော်မူ၏။

“အနုရာဓ၊ ငါသည် ရှေးအခါက လည်းကောင်း၊ ယခုအခါ၌လည်းကောင်း ဒုက္ခနှင့် ဒုက္ခချုပ်ငြိမ်းခြင်းကိုသာ ဟောကြား၏”

## ၅။ ဝက္ကလိသုတ်

[ရှင်ဝက္ကလိအား ဆုံးမစကား မိန့်ကြားခြင်း]

၈၇။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်ဝက္ကလိသည် အိုးထိန်းသူတဦး၏ အိုးလုပ်တဲ၌ အသည်းအသန် နာမကျန်းဖြစ်နေ၏။ ထိုအခါ ရှင်ဝက္ကလိသည် မိမိ၏ အလုပ်အကျွေး ရဟန်းများကို စေလွှတ်၍ ဗုဒ္ဓအား ပင့်လျှောက်စေ၏။ ဗုဒ္ဓသည် ရှင်ဝက္ကလိထံကြွသွားပြီး ရောဂါသက်သာခြင်း ရှိမရှိ မေးတော်မူ၏။

“ဝက္ကလိ၊ သင်၏ဝေဒနာ သက်သာပါသလော”

“အရှင်ဘုရား၊ တပည့်တော်၏ ဝေဒနာကား ယုတ်လျော့ခြင်းမရှိ၊ တိုး၍သာ နေပါသည်”

“ဝက္ကလိ၊ အသို့နည်း၊ သင့်အား တစုံတရာသော ကုက္ကုစ္စ၊ တစုံတရာသော နှလုံးမသာမယာခြင်းသည် မရှိသည် မဟုတ်သလော”

"အရှင်ဘုရား၊ တပည့်တော်အား များစွာသောကုက္ကုစ္စ၊ များစွာသော နှလုံးမသာယာခြင်းသည် ရှိပါ၏"

"ဝက္ကလိ အသို့နည်း၊ သင်သည် မိမိကိုယ်မိမိ အကျင့်သီလအားဖြင့် မစွပ်စွဲ ရှိပါ၏လော"

"အရှင်ဘုရား၊ တပည့်တော်သည် မိမိကိုယ်မိမိ သီလအားဖြင့် မစွပ်စွဲပါ"

"ဝက္ကလိ၊ သို့ဖြစ်သော် သင့်အား အဘယ်ကြောင့် ကုက္ကုစ္စ ဖြစ်ခြင်း၊ နှလုံးမသာယာခြင်းသည် ဖြစ်သနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမြင်လိုသည်မှာ ကြာမြင့်ပြီ ဖြစ်သော်လည်း မြတ်စွာဘုရားထံ ချဉ်းကပ်နိုင်လောက်အောင် အင်အားမရှိခဲ့ပါ၊ ထို့ကြောင့် တပည့်တော်အား ကုက္ကုစ္စ ဖြစ်ခြင်း၊ နှလုံးမသာယာခြင်းသည် ဖြစ်ပါသည်"

"ဝက္ကလိ၊ ဤကိုယ်ကောင်ပုပ်ကို ဖူးမြင်ခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ တရားကိုမြင်သူသည် ငါ့ကိုမြင်၏။ ငါ့ကိုမြင်သူသည် တရားကိုမြင်၏"

ဗုဒ္ဓသည် ရှင်ဝက္ကလိအား ဤသို့ မိန့်ကြား၍ ရုပ်ဝေဒနာ စသည်တို့၏ အနိစ္စဒုက္ခသဘောကို[၁] ဟောကြားပြီး ဂိဇ္ဈကုဋ်တောင်သို့ ပြန်ကြွလေသည်။ ဗုဒ္ဓ ကြွသွားပြီးနောက် မကြာမီပင် ရှင်ဝက္ကလိသည် တပည့်များကို ခေါ်၍ ငါ့ရှင်တို့၊ သင်တို့သည် ငါ့ကို ညောင်စောင်းငယ်ဖြင့်တင်၍ ဣသိဂိလိတောင် ဘေးရှိ ကာဠသိလာအရပ်သို့ ပို့ဆောင်ကြကုန်လော၊ ငါကဲ့သို့သောသူသည် မြို့တွင်း၌ သေခြင်းငှာ မသင့်'ဟု ပြောဆိုသည်။ တပည့်များလည်း ရှင်ဝက္ကလိအား ကာဠသိလာ အရပ်သို့ ပို့ကြလေသည်။

ဗုဒ္ဓသည် ထိုည၌ ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးတော်မူ၏။ သန်းခေါင် ယံအချိန်တွင် နတ်တပါးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ ဝက္ကလိမည်သော ရဟန်းသည် လွတ်မြောက်ရန် အားထုတ်နေပါသည်' ဟု လျှောက်၏။

---

၁။ ရှင်ဝက္ကလိသည် သမထဝိပဿနာ အစွမ်းကြောင့် မိမိ၌ ကိလေသာကင်းကွာနေသဖြင့် မိမိကိုယ်ကို ရဟန္တာ ဖြစ်ပြီဟု ထင်မှတ်ခဲ့၏။ ထို့ကြောင့် ရောဂါဒဏ်ကို မခံစားလိုသဖြင့် လည်ပင်းကိုဓားဖြင့်ဖြတ်၏။ ယင်းအခါကျမှ ပုထုဇဉ်မျှသာ ဖြစ်ကြောင်း သိ၍ ကမ္မဋ္ဌာန်းကို ပြန်နှလုံးသွင်းရာ မသေမီ ရဟန္တာဖြစ်သွားလေသည်။

အခြားသော နတ်တပါးကမူ 'အရှင်ဘုရား၊ ဝက္ကလိရဟန်းသည် ကောင်းသော လွတ်မြောက်ခြင်းဖြင့် လွတ်မြောက်ပါလိမ့်မည်'ဟု လျှောက်၏။

နံနက်လင်းသောအခါ ဗုဒ္ဓသည် ရှင်ဝက္ကလိထံသို့ ရဟန်းများကို စေလွှတ်ပြီး နတ်နှစ်ပါးက လာရောက် လျှောက်ကြားပုံကိုလည်းကောင်း၊ 'အချင်းဝက္ကလိ မကြောက်လင့်၊ သင့်အား မယုတ်ညံ့သော သေခြင်းသည် ဖြစ်လိမ့်မည်'ဟူသော စကားကိုသည်းကောင်း ပြောကြားစေ၏။ ရှင်ဝက္ကလိကလည်း 'ရုပ်ဝေဒနာစသည်တို့သည် မမြဲသောတရားများဖြစ်၏။ မမြဲသောတရားသည် ဆင်းရဲခြင်း ဖောက်ပြန်ခြင်း သဘောရှိ၏။ ဤအချက်များ၌ တပည့်တော်အား တွေးတောယုံမှားခြင်း မရှိတော့ပါ။ ထိုတရားတို့၌ လိုချင်တပ်မက်နှစ်သက်ခြင်းများလည်း မရှိတော့ပါ'ဟု ထိုရဟန်းတို့မှတဆင့် ဗုဒ္ဓအားလျှောက်ကြားလိုက်၏။ ထိုရဟန်းများ ပြန်သွားပြီးနောက် မကြာမီပင် ရှင်ဝက္ကလိသည် ဓားလက်နက်ကိုဆောင်လေ၏။ (ထက်သောဓားဖြင့်လည်ပင်းကိုလှီးဖြတ်လေ၏)

ဗုဒ္ဓသည် ရှင်ဝက္ကလိ ကွယ်လွန်ကြောင်းသိ၍ ကာဠသိလာ အရပ်သို့ ကြွတော်မူရာ လည်ပင်းပြတ်လျက် အသက်ကုန်နေသော ရှင်ဝက္ကလိကို မြင်တော်မူလေသည်။ ထိုအခါ ရှင်ဝက္ကလိ၏ ထက်အောက်ပတ်ဝန်းကျင်အရပ် မျက်နှာတို့၌ အခိုးအလျှံများ ရွေ့လျားသွားလာနေသည်ကိုမြင်၍ ဗုဒ္ဓက ရဟန်းတို့အား ထိုအရာများသည် မာရ်နတ်က ဝက္ကလိ၏ ဝိညာဉ်ကို ရှာနေခြင်းဖြစ်ကြောင်း၊ သို့သော် ဝက္ကလိမှာ တည်ရာမရှိသော ဝိညာဉ်ဖြင့် ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်ကြောင်း မိန့်ကြားလေသည်။

## ၆။ အဿဇိသုတ်

[ရှင်အဿဇိအား ဆုံးမစကား မိန့်ကြားခြင်း]

၈၈။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ရှင်အဿဇိသည် ကဿပက မည်သော ကျောင်း၌ အသည်းအသန် နာမကျန်းဖြစ်နေ၏။ ထိုအခါ ရှင်အဿဇိသည် အလုပ်အကျွေး ရဟန်းများကို စေလွှတ်၍ ဗုဒ္ဓအား ပင့်လျှောက်စေ၏။ ဗုဒ္ဓသည် ရှင်အဿဇိထံ ကြွသွားပြီး သြဝါဒစကား မိန့်ကြားတော်မူ၏။

"အဿဇိ၊ သင့်အား တစုံတခုသော ကုက္ကုစ္စ၊ တစုံတည်းသော နှလုံးမသာယာခြင်း ရှိပါသလော"

"အရှင်ဘုရား၊ တပည့်တော်အား များစွာသော ကုက္ကုစ္စ၊ များစွာသော နှလုံးမသာယာခြင်းသည် ရှိပါ၏"

"အဿဇိ၊ သင်သည် မိမိကိုယ်မိမိ အကျင့်သီလ အားဖြင့် မစွပ်စွဲပဲ ရှိပါ၏လော"

"အရှင်ဘုရား၊ တပည့်တော်သည် မိမိကိုယ်မိမိ အကျင့်သီလအားဖြင့် မစွပ်စွဲပါ"

"အဿဇိ၊ သို့ဖြစ်သော် သင့်အားအဘယ်ကြောင့် ကုက္ကုစ္စဖြစ်ခြင်း၊ နှလုံးမသာယာခြင်းသည် ဖြစ်ဘိသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် ရှေးယခင် နာမကျန်းဖြစ်စဉ်က ထွက်သက် ဝင်သက်တို့ကို ငြိမ်းပျောက်စေ၍ နေနိုင်ခဲ့ပါသည်။ ယခုအခါတွင်မူ ထိုကဲ့သို့သော သမာဓိကို မရတော့ပါ။ ထို့ကြောင့် 'ငါသည် သာသနာမှ မဆုတ်ယုတ်ပဲ ရှိပါ၏လော'ဟု တပည့်တော်အား အကြံဖြစ်ပါသည်။[၁]

"အဿဇိ၊ သမာဓိကိုသာ အနှစ်သာရဟု ထင်မှတ်ခြင်းရှိသော ရဟန်း ပုဏ္ဏားတို့အား ထိုသမာဓိကို မရသည်ရှိသော် ဤသို့ပင် အကြံဖြစ်တတ်၏။

ဗုဒ္ဓသည် ဤကဲ့သို့မိန့်ကြားပြီး ရုပ်ဝေဒနာ စသည်တို့၏ အနိစ္စ၊ ဒုက္ခ ဖြစ်ပုံ၊ ယင်းတို့ကို 'ငါမဟုတ်၊ ငါ့ဟာမဟုတ်' စသည်ဖြင့် ရှုသင့်ပုံဘို့ကို ဟောကြားသည်။ ထို့နောက် အောက်ပါအတိုင်းဆက်၍ ဟောတော်မူလေသည်။

"အဿဇိ၊ ထိုအရိယာ တပည့်သည် ချမ်းသာသော ဝေဒနာကို ခံစားလျက် 'ဤဝေဒနာသည် မမြဲသောတရား၊ မချိသိပ်အပ်သော တရား၊ မနှစ်သက်အပ်သော တရားဖြစ်၏"ဟု သိ၏။ ဆင်းရဲသောဝေဒနာ၊ ဆင်းရဲသည် လည်းမဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော ဝေဒနာတို့ကို ခံစားလျှင် လည်း ထို့နည်းတူပင်သိ၏။ ချမ်းသာသောဝေဒနာကို ခံစားလျှင် ထိုဝေဒနာ နှင့် မယှဉ်သည်ဖြစ်၍ ခံစား၏။ ဆင်းရဲသော ဝေဒနာ၊ ဆင်းရဲသည်လည်း

---

၁။ ယခင်က ထွက်သက်ဝင်သက်တို့ကို စတုတ္ထဈာန်ဖြင့်ငြိမ် စေ၍ (စတုတ္ထ ဈာန်ဝင်စား၍) နေနိုင်ခဲ့သော်လည်း ယခုအခါတွင်မူ ထိုကဲ့သို့ မနေနိုင်၍ နှလုံးမသာယာခြင်းဖြစ်ကြောင်း လျှောက်ခြင်းဖြစ်သည်။

မဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော ဝေဒနာတို့ကို ခံစားလျှင်လည်း ထို့နည်းတူ ခံ၁ား၏။ ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကိုခံစားလျှင် ကိုယ်လျှင်အပိုင်းအခြားရှိသော ဝေဒနာကိုခံစား၏ဟုသိ၏။ အသက်လျှင်အပိုင်း အခြားရှိသော ဝေဒနာကို ခံစားလျှင် အသက်လျှင် အပိုင်းအခြားရှိသော ဝေ ဒနာကို ခံစား၏ဟုသိ၏။ ခန္ဓာကိုယ်ပျက်စီး၍ အသက်ကုန်ပြီးသည့်နောက်ဝယ် ဤကိုယ်၌သာလျှင် ဝေဒနာ အားလုံးတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟုသိ၏။ အဆီ၊ ဥပမာကား ဆီနှင့် မီးစာကိုစွဲ၍လင်း နေသောဆီမီးခွက်သည် ဆီနှင့်မီးစာကုန်သောအခါ လောင်စာမရှိသည်ဖြစ်၍ ငြိမ်းသွားသကဲ့သို့ပင်တည်း''

## ၇။ ခေမကသုတ်

[ ရှင်ခေမကနှင့် မထေရ်ကြီးများ ဆွေးနွေးပုံ ]

၈၉။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ များစွာသော မထေရ်တို့ သီတင်းသုံးစဉ် ရှင်ခေမကသည်ဗဒရိကာရုံကျောင်း၌အသည်းအသန်နာမကျန်း ဖြစ်နေ၏။ ထိုအခါ မထေရ်တို့သည် လူမမာမေးရန် ရှင်ဒါသကကို ရှင်ခေ မကထံ စေလွှတ်လိုက်ကြ၏။ ရောဂါမသက်သာကြောင်း သိရသောအခါ ရှင်ဒါသကကို နောက်တခေါက်စေလွှတ်၍ 'ရှင်ခေမကသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ တစုံတခုသော အတ္တကိုလည်းကောင်း၊ အတ္တနှင့်စပ်သော အရာ ကိုလည်းကောင်း ရှုပါသလော' ဟု မေးစေကြပြန်သည်။ 'တပည့်တော်သည် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ တစုံတခုသော အတ္တကိုလည်းကောင်း၊ အတ္တနှင့် ဆက်စပ်သော အရာကိုလည်းကောင်း မရှုပါ' ဟု ရှင်ခေမကက ပြန်ကြား၏။ သို့ဖြစ်သော် ရှင်ခေမကသည် အာသဝကုန်ပြီးသော ရဟန္တာဖြစ်ပါသလော' ဟု မေးကြပြန်ရာ ရှင်ခေမကက 'တပည့်တော်သည် ရဟန္တာမဟုတ်သေးပါ။ ဥပါဒါ နက္ခန္ဓာငါးပါးတို့၌ ငါဖြစ်၏ ဟူသော စွဲလမ်းမှု ရှိနေပါသေးသည်။ ဤဟာ သည် ငါဖြစ်၏ဟူ၍ကား မရှုပါ' ဟု ဖြေကြားလိုက်၏။ 'ခန္ဓာငါးပါးကို ငါဖြစ်၏ဟုဆိုသလော၊ သို့မဟုတ် ခန္ဓာငါးပါးနှင့်ကင်း၍ ငါဖြစ်၏ ဟုဆို သလော' ဟု ထပ်၍မေးကြပြန်သောအခါတွင်မူ ရှင်ခေမကသည် တောင်ဝှေး ထောက်၍ မထေရ်တို့ထံ ကိုယ်တိုင်သွားပြီး ရှင်းလင်း ဖြေကြားလေသည်။

'အရှင်ဘုရားတို့၊ တပည့်တော်သည် ရုပ်ဝေဒနာ စသည်တို့ကို ငါဖြစ်၏ဟု မဆိုပါ။ ရုပ်ဝေဒနာ စသည်တို့နှင့် ကင်း၍လည်း ငါဖြစ်၏ဟု မဆိုပါ။ သို့သော် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ ငါဖြစ်၏ဟူသော စွဲလမ်းခြင်းကား ရှိနေပါသေးသည်။ ဤဟာသည် ငါဖြစ်၏ဟူ၍မူ မရှုပါ။

"အရှင်ဘုရားတို့၊ အရိယာဘည့်အား အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကို ပယ်အပ်ပြီးငြားသော်လည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ သိမ်မွေ့သည့် ငါဟူသောမာန၊ ငါဟူသောဆန္ဒ၊ ငါဟူသော အနုသယ ကိုကား မပယ်ရသေးပါ။ ထိုအရိယာ ဘည့်သည် နောင်သောအခါ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ 'ဤကား ရုပ်ဘည်း၊ ဤကား ရုပ်၏ ဖြစ်ခြင်းတည်း' စသည်ဖြင့် ဖြစ်ခြင်းပျက်ခြင်းကိုရှု၍ နေသည်ရှိသော် ထိုသိမ်မွေ့သော မာန စသည်တို့သည် ကင်းကွာခြင်းသို့ ရောက်သွားပါသည်။ အရှင်ဘုရားတို့၊ ဥပမာကား ညစ်ပေနေသော အဝတ်ကို ဆပ်ပြာဖြင့် ပွတ်တိုက်၍ လျှော်ဖွပ်ငြားသော်လည်း ဆပ်ပြာနံ့သည် စွဲနေ၏။ နံ့သာဖြင့် ထုံအပ်သော သေတ္တာ၌ ထည့်ထားသည့်အခါကျမှသာ ထိုဆပ်ပြာနံ့သည် ပျောက်သွားသကဲ့သို့ ဖြစ်ပါသည်"

ဤသို့ ရှင်ခေမက၏ ရှင်းပြချက်ကို ကြားနာရသောအခါ မထေရ်ကြီးတို့က မိမိတို့သည် ရှင်ခေမကကို ညှဉ်းဆဲလို၍ မေးမြန်းခြင်း မဟုတ်။ ရှင်ခေမက၏ အကျယ်ရှင်းပြချက်ကို ကြားနာလိုသောကြောင့်သာ မေးမြန်းခြင်းဖြစ်ကြောင်း ပြောဆိုကြ၏။ ဤတရားကို ဖြေဆိုဟောကြားနေစဉ် ပြဿနာ မေးသော မထေရ်ခြောက်ကျိပ်နှင့်တကွ ပြဿနာကို ဖြေဆိုသော ရှင်ခေမက ပါ အာသဝတို့မှ လွတ်မြောက်၍ ရဟန္တာဖြစ်သွားလေသည်။

[ဃောသိတာရုံကျောင်းနှင့် ဗဒရိကာရုံကျောင်းသည် ဘာဝါဝတ်ဝေး၏။ ရှင်ဒါသကသည် ထိုနှစ်ကျောင်းကို အသွားအပြန် လေးခေါက် ကူးရသဖြင့် နှစ်ယူဇနာခရီးကို သွားခဲ့ရ၏။ ဗဒရိကာရုံကျောင်းမှာ သေးငယ်သော ဘော ကျောင်းကလေးမျှသာ ဖြစ်၍ ခြောက်ကျိပ်အရေအတွက်ရှိသော မထေရ်ကြီး များအတွက် နေရာမရှိ။ ထို့ကြောင့် မထေရ်ကြီးများသည် ရှင်ခေမကထံ မသွားကြခြင်း ဖြစ်၏။ ရှင်ခေမကမှာ နာမကျန်း ဖြစ်နေသောကြောင့် မိမိ တို့ထံ ဖိတ်ခေါ်ရန် မသင့်ဟု ယူဆကြသည်။ သို့သော် နောက်ဆုံးတွင်မူ ရှင် ခေမကကပင် အလိုက်သိစွာဖြင့် မထေရ်ကြီးများထံ သွားခြင်း ဖြစ်ပေသည်။]

## ၈။ ဆန္နသုတ်

[အရှင်ဆန္န တရားထူးရခြင်း]

၉၀။ အခါတပါး၌ များစွာသော မထေရ်ကြီးရဟန်းတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေကြ၏။ ထိုအခါ ရှင်ဆန္နသည် ¹ သော့ကောက်ကိုယူ၍ တကျောင်းမှတကျောင်းလှည့်လည်ကာ မထေရ်ကြီး ရဟန်းတို့အား 'အရှင်ဘုရားတို့သည် တပည့်တော်အား တရားကိုသိမြင်အောင် ဆုံးမကြပါကုန်သော' ဟု လျှောက်ကြား၏။ မထေရ်ကြီးတို့ကလည်း "ရုပ်ဝေဒနာစသည်တို့သည် မမြဲသောတရားများဖြစ်၏။ အတ္တမဟုတ်၊ သင်္ခါရတရားဟူသမျှ အနတ္တသာဖြစ်ကုန်၏' ဟူ၍ ဆုံးမစကား ပြောကြားကြကုန်၏။ ထိုအခါ ရှင်ဆန္နအား ဤသို့ အကြံဖြစ်၏။ 'ရုပ်ဝေဒနာစသည်တို့သည်၊ မမြဲသော၊ အတ္တမဟုတ်သော တရားများဖြစ်ကြောင်းကို ငါလည်း စဉ်းစားမိ၏၊ သို့သော် ငါ၏ စိတ်သည် တဏှာကုန်ရာ နိဗ္ဗာန်၌ မသက်ဝင်ခဲ့၊ ငါ၏အတ္တသည် အဘယ်နည်းဟူ၍ စိတ်သည် ဆုတ်နစ်၏။ စင်စစ်တရားကို သိမြင်သူအား ဤသို့ မဖြစ်ပေ။ အဘယ်သူသည် ငါ့အားတရားကို သိမြင်အောင် ဟောကြားနိုင်အံ့နည်း"

ထို့နောက် ရှင်ဆန္နသည် 'ဗုဒ္ဓ ကိုယ်တိုင်နှင့်တကွ သီတင်းသုံးဖော်တို့၏ ချီးကျူးခြင်းခံရသူ ဖြစ်ပြီး မိမိနှင့်လည်း အကျွမ်းတဝင်ရှိသော ရှင်အာနန္ဒာသည် မိမိအား တရားကို သိမြင်အောင် ဟောကြားနိုင်လိမ့်မည်ဟု' စဉ်းစားမိသဖြင့် ရှင်အာနန္ဒာ သီတင်းသုံးရာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းသို့ အဆောတလျင် ထွက်ခွာသွားလေတော့သည်။ ရှင်အာနန္ဒာနှင့်တွေ့သော် မိမိအား စိတ်အကြံဖြစ်ပုံများကို လျှောက်ကြားပြီး တရားဟောရန် တောင်းပန်သည်။ ထိုအခါ ရှင်အာနန္ဒာက 'ငါ့ရှင်ဆန္န၊ ဤသို့ပွင့်လင်းစွာ ပြောကြားခြင်းဖြင့်ပင် ငါတို့ အလွန်ကျေနပ်မိပါသည်။ သင်သည် တရားကို သိမြင်ထိုက်သူဖြစ်ပေ၏။ နားထောင်ပါလော့'ဟု မိန့်ကြား၏။ 'သင်သည် တရားကို သိမြင်ထိုက်သူ ဖြစ်ပေ၏'ဟူသော စကားကို ကြားရသောအခါ ရှင်ဆန္နအား

---

၁။ ဤရှင်ဆန္နကား ဗုဒ္ဓ၏ ဖွားဖက်တော် ဆန္နဖြစ်၏။ ဗုဒ္ဓရှိစဉ်က ဆိုဆုံးမ၍မရသော ရဟန်းတပါးဖြစ်၏။ ပရိနိဗ္ဗာန်စံခါနီးတွင် ၎င်းအား ဗြဟ္မဒဏ် ပေးရန် မှာကြားခဲ့၏။ သံဃာက ဗြဟ္မဒဏ်ပေးသောအခါ သံဝေဂရ၍ မိမိအား ဆုံးမကြရန် ရဟန်းများထံ လှည့်လည်တောင်းပန်ခြင်းဖြစ်၏။

လွန်ကဲသော နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပေါ်လာ၏။ ထို့နောက် ရှင်အာနန္ဒာသည် ရှင်ကစ္စာနဂေါတ္တ အား ဗုဒ္ဓဟောကြားခဲ့သော(နိဒါနသံယုတ် သုတ်စဉ် ၁၅) ကစ္စာနဂေါတ္တသုတ်ကိုပင် ရှင်ဆန္နအား ဟောကြား၏။ ထိုသုတ်မှာ အလုံးစုံသည်ရှိ၏ ဟူသော သဿတဒိဋ္ဌိအစွန်းနှင့် အလုံးစုံသည်မရှိ ဟူသော ဥစ္ဆေဒ ဒိဋ္ဌိ အစွန်းနှစ်ပါးကို ရှောင်၍ 'အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏' စသောအားဖြင့် ရှုမြင်ခြင်းသည်သာလျှင် တည့်မတ်သော မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ဖြစ်ကြောင်း ဟောကြားထားခြင်းဖြစ်၏။ ထိုသုတ်ကို ကြားနာရသောအခါ ရှင်ဆန္နက မိမိသည် တရားကိုသိမြင်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ လျှောက်ကြားလေသည်။

၉၁-၉၂။ ရာဟုလသုတ်နှင့် ဒုတိယရာဟုလသုတ်တို့သည် နိဒါနဝဂ် ရာဟုလသံယုတ် သုတ်စဉ် ၂၀၀၊ ၂၀၁ တို့နှင့်တူ၏။

## (၁၀) ၅။ ပုပ္ဖဝဂ်

### ၁။ နဒီသုတ်

[မြစ်ရေအလျဉ်ဖြင့် မျောပါသူ]

၉၃။ ရဟန်းတို့၊ မြင့်သောတောင်တန်းများကို မြစ်ဖျားခံ၍ အဟုန်ပြင်းစွာ စီးဆင်းလာသော မြစ်တခု၏ ကမ်းနှစ်ဘက်တို့၌ နွယ်ပင် သစ်ပင်များပေါက်ရောက်လျက် ထိုမြစ်ကို လွှမ်းမိုးတည်ရှိကုန်ရာ၏။ တယောက်သောယောကျ်ားသည် ထိုမြစ်ရေ၏ အလျဉ်ဖြင့် မျောပါလာသည်ရှိသော် ထိုနွယ်ပင်၊ သစ်ပင်တို့ကို ဆွဲရာ၏။ ယင်းသို့ ဆွဲသည်ရှိသော် ထိုနွယ်ပင်၊ သစ်ပင်များ အမြစ်မှ ကျွတ်၍လဲကျသဖြင့် ထိုယောကျ်ားသည် ပျက်စီးခြင်းသို့ရောက်ရာ၏။ ရဟန်းတို့ ထိုဥပမာ နှင့် အလားတူပင် ဤလောက၌ 'ရုပ်သည်အတ္တဖြစ်၏၊ အတ္တသည် ရုပ်ရှိသောတရားဖြစ်၏'' စသောအခြင်းအရာအားဖြင့် ရှုမြင်သော အကြားအမြင်နည်းသော ပုထုဇဉ်သည် ယင်းသို့ ရှုခြင်းဟူသော အကြောင်းကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရလေ၏။

### ၂။ ပုပ္ဖသုတ်

[ကြာပွင့်နှင့်တူသော ပုဂ္ဂိုလ်]

၉၄။ ရဟန်းတို့၊ ငါသည် လောကနှင့် မငြင်းခုံ၊ လောကသည်သာလျှင် ငါနှင့် ငြင်းခုံ၏။ ရဟန်းတို့၊ အမှန်တရားကို ဆိုလေ့ရှိသူသည် လောက၌

တစုံတယောက်သောသူနှင့်မျှ မငြင်းခုံပေ။ ရဟန်းတို့ လောက၌ပညာရှိတို့က မရှိဟုဆိုအပ်သော အရာကို ငါကလည်း မရှိဟုဆို၏။ လောက၌ပညာရှိတို့က ရှိ၏ဟု ဆိုအပ်သော အရာကို ငါကလည်း ရှိ၏ ဟုပင်ဆို၏။

ရဟန်းတို့၊ လောက၌ ပညာရှိတို့က မရှိဟု ဆိုအပ်သောအရာသည် အဘယ်နည်း ဆိုသော် မြဲသော၊ ခိုင်ခံ့သော၊ အစဉ်တည်သော၊ ဖောက်ပြန်ခြင်းသဘောမရှိသော ရုပ်သည် လောက၌ ပညာရှိတို့က မရှိဟုဆိုအပ်သောအရာ ဖြစ်၏၊ (ဝေဒနာစသည်နည်းတူ)။

ရဟန်းတို့၊လောက၌ ပညာရှိတို့က ရှိ၏ဟု ဆိုအပ်သောအရာသည် အဘယ်နည်းဆိုသော် မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်သည် လောက၌ ပညာတို့က ရှိ၏ဟုဆိုအပ်သောအရာ ဖြစ်၏။ (ဝေဒနာစသည်နည်းတူ)။

ရဟန်းတို့၊ လောက၌ လောက ဓမ္မသည် ရှိ၏။ ထိုလောကဓမ္မကို မြတ်စွာဘုရားသည် ထိုးထွင်း၍သိ၏။ ထိုးထွင်း၍ သိပြီးသော် ထင်ရှား ပေါ်လွင်အောင် ဟောကြားပြသ၏။ ထိုလောကဓမ္မဟူသည် အဘယ်နည်း ဆိုသော် ရုပ်ဝေဒနာ စသော ခန္ဓာ ငါးပါးပင်ဖြစ်၏။

ရဟန်းတို့၊ ဤသို့ မြတ်စွာဘုရားက ထင်ရှားပေါ်လွင်အောင် ဟောကြားပြသအပ်ပါလျက် အကြင်သူသည် မသိမမြင်၊ ထိုသို့ မသိမမြင်သော ပုထုဇဉ်လူမိုက်ကို ငါသည်မည်သို့ ပြုနိုင်အံ့နည်း။

ရဟန်းတို့၊ ဥပမာအားဖြင့် ရေ၌ပေါက်ရောက်ကြီးပွားသော ကြာပွင့်တို့သည် ရေကိုကျော်လွန်ပြီး ရေနှင့်မလိမ်းကျံပဲ တည်သကဲ့သို့၊ ထိုအတူလောက၌ ဖြစ်ပေါ်ကြီးပွားသော မြတ်စွာဘုရားသည်လည်း လောကကို လွှမ်းမိုးပြီး လောကနှင့် မလိမ်းကျံပဲနေတော်မူ၏။

### ၃။ ဖေဏပိဏ္ဍူပမသုတ်

[ရုပ်ကို ရေမြှုပ်နှင့်ဥပမာပြု၍ ဟောခြင်း]

၉၅။ ဗုဒ္ဓသည် အယုဇ္ဈမြို့အနီး ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကိုဟောကြားတော်မူ၏။ ရဟန်းတို့၊ မျက်စိအမြင်ကောင်းသော ယောကျ်ားသည် ဤဂင်္ဂါမြစ်၌ မျောလာသော ရေမြှုပ်ဆိုင်ကြီး

တခုကို မြင်၍စူးစိုက်စွာ ကြည့်သည်ရှိသော် ထိုငွေပြုပ်ဆိုင်ကြီးမှာ အနှစ်အသား မရှိ၊ အချည်းနှီးသာ ဖြစ်ကြောင်း ထင်မြင်လာရာ၏။ ရဟန်းတို့၊ ထိုနည်းတူပင် အတိတ်၊ အနာဂတ် စသောအားဖြင့် ကွဲပြားသော ရုပ်ဟူသမျှကို စူးစိုက်စွာ ကြည့်ရှုဆင်ခြင်သော ရဟန်းအား ထိုရုပ်သည် အနှစ်အသား မရှိ အချည်းနှီးသာ ဖြစ်ကြောင်း ထင်မြင်လာ၏။

ရဟန်းတို့၊ သရဒဥတု၌ မိုးလုံးကြီးသော မိုးသည် ရွာသွန်းသည်ရှိသော် ရေပွက်များသည် တခုပြီးတခု ပေါ်လာပြီး မကြာမတင်ပင် ပျောက်သွား၏။ မျက်စိအမြင်ကောင်းသော ယောကျ်ားသည် ထိုရေပွက်များကို စူးစိုက်စွာ ကြည့်သည်ရှိသော် အနှစ်အသားမရှိ၊ အချည်းအနှီးသာ ဖြစ်ကြောင်း ထင်မြင်ရာ၏။ ရဟန်းတို့၊ ထိုနည်းတူပင် အတိတ်၊ အနာဂတ် စသောအားဖြင့် ကွဲပြားသော ဝေဒနာဟူသမျှကို စူးစိုက်စွာ ကြည့်ရှုဆင်ခြင်သော ရဟန်းအား ထိုဝေဒနာတို့သည် အနှစ်အသားမရှိ၊ အချည်းအနှီးသာဖြစ်ကြောင်း ထင်မြင်လာကုန်၏။

ရဟန်းတို့၊ နွေဥတု၏ နောက်ဆုံးလ နေမွန်းတည့်ချိန်ဝယ် လှုပ်ရှားပြေးလွှားနေသော တံလှပ်ကို စူးစိုက်စွာ ကြည့်ရှုသည်ရှိသော် ထိုတံလှပ်သည် အနှစ်အသားမရှိ၊ အချည်းနှီးသာဖြစ်ကြောင်း ထင်မြင်လာရာ၏။ ရဟန်းတို့၊ ထိုနည်းတူပင် အတိတ်၊ အနာဂတ် စသောအားဖြင့် ကွဲပြားသော သညာဟူသမျှကို စူးစိုက်စွာ ကြည့်ရှုဆင်ခြင်သော ရဟန်းအား ထိုသညာတို့သည် အနှစ်အသားမရှိ အချည်းနှီးသာ ဖြစ်ကြောင်း ထင်မြင်လာကုန်၏။

ရဟန်းတို့၊ အနှစ်ကိုလို၍ တောထဲသို့ ဝင်သော ယောကျ်ားသည် ငှက်ပျောပင်ကြီး တပင်ကို မြင်သည်ရှိသော် အရင်းနှင့် အဖျားတို့ကို ဓားဖြင့် ဖြတ်ပြီး အရွက်လိပ်တို့ကို ခွာရာ၏။ ယင်းသို့ခွာသည်ရှိသော် အနှစ်ကို မဆိုထားဘိ၊ အကာမျှကိုပင် ရမည်မဟုတ်။ ရဟန်းတို့၊ ထိုနည်းတူပင် အတိတ်၊ အနာဂတ်စသောအားဖြင့် ကွဲပြားသော သင်္ခါရဟူသမျှကို စူးစိုက်စွာကြည့်ရှုဆင်ခြင်သော ရဟန်းအား ထိုသင်္ခါရတို့သည် အနှစ်အသားမရှိ၊ အချည်းနှီးသာ ဖြစ်ကြောင်း ထင်မြင်လာကုန်၏။

ရဟန်းတို့၊ လမ်းဆုံလမ်းမ၌ မျက်လှည့်ဆရာသည် ပြအပ်သော လှည့်စားမှုတို့ကို မျက်စိအမြင်ကောင်းသော ယောကျ်ားက စူးစိုက်စွာကြည့်သည်ရှိသော် ထိုလှည့်စားမှုတို့မှာ အနှစ်အသားမရှိ၊ အချည်းနှီးသာဖြစ်ကြောင်း ထင်မြင်

လာသကဲ့သို့၊ ထိုအတူပင် အဘိဘ်၊ အနာဂတ် စသောအားဖြင့် ကွဲပြားသော ဝိညာဏ်ဘ္ဘသမျှကို စူးစိုက်စွာကြည့်ရှုဆင်ခြင်သော ရဟန်းအား ထိုဝိညာဏ်တို့သည် အချည်းနှီးသာ ဖြစ်ကြောင်း ထင်မြင်လာကုန်၏။

## ၄။ ဂေါမယပိဏ္ဍသုတ်

[နွားချေးစိုင်မျှပင် ခိုင်မြဲသော အတ္တဘော မရှိကြောင်း]

၉၆။ အခါတပါး၌ ရဟန်းတပါးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ ခိုင်မြဲတည်တံ့၍ ဖောက်ပြန်ခြင်းသဘော မရှိသည့် တစုံတခုသောရုပ်သည် ရှိပါသလော၊ ဝေဒနာသည် ရှိပါသလော' စသည်ဖြင့် မေးလျှောက်၏။

ထိုအခါ ဗုဒ္ဓက သေးငယ်သော နွားချေးစိုင်တခုကို လက်ဖြင့်ကိုင်ပြီး ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်း၊ ခိုင်မြဲတည်တံ့၍ ဖောက်ပြန်ခြင်းသဘောမရှိသော အတ္တဘောကို ရခြင်းသည် ဤနွားချေးစိုင်မျှပင် မရှိချေ။ အကယ်၍ ခိုင်မြဲတည်တံ့သော အတ္တဘောကိုရခြင်းရှိခဲ့သော် ဆင်းရဲကုန်ဆုံးမှုပြုရန်အတွက် ဤအကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ထင်ရှားဖွယ်ရာမရှိ၊ ခိုင်မြဲတည်တံ့သောအတ္တဘောကို ရခြင်းမရှိသောကြောင့်သာ ဤအကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ထင်ရှားခြင်းဖြစ်ပေ၏။

"ရဟန်း၊ ငါသည် ရှေးအခါက ဦးထိပ်၌ အဘိသိက်သွန်းလောင်းခြင်း ခံရသည့် ခတ္တိယနွယ်ဝင် ဘုရင်မင်းတပါးဖြစ်ခဲ့၏။ ထိုမင်းအား ကုသဝတီ နေပြည်တော်လျှင် အမှူးရှိသော မြို့ပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မပြာသာဒ်လျှင် အမှူးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊ သုဘဒ္ဒါမိဖုရားအမှူးရှိသော မိန်းမပေါင်း ရှစ်သောင်းလေးထောင်၊ သားကြီးရာဇနာလျှင် အမှူးရှိသော နောက်လိုက်မင်းပေါင်း ရှစ်သောင်းလေးထောင်၊ အဝတ်အထည်ပေါင်း ကုဋေရှစ်သောင်းလေးထောင်၊ ထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဖြစ်ကုန်၏။

'ရဟန်းတို့၊ ရှစ်သောင်းလေးထောင်သော မြို့တွင် ငါနေသော မြို့သည် ကုသဝတီ နေပြည်တော် တခုသာ ဖြစ်၏။ ရှစ်သောင်းလေးထောင်သော ပြာသာဒ်တို့တွင် ငါနေသော ပြာသာဒ်သည် ဓမ္မပြာသာဒ်တဆောင်သာဖြစ်

၏။ မိုးမပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ငါ့အား လုပ်ကျွေးသော မိန်းမသည် တယောက်တည်းသာ ဖြစ်၏။ အဝတ်အထည်ပေါင်း ကုဋေ ရှစ်သောင်းလေးထောင် တို့တွင် ငါဝတ်သော အထည်သည် တစုံသာဖြစ်၏။ ထမင်းအိုးပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ငါစားသောထမင်းအိုးသည် တလုံးတည်းသာဖြစ်၏။

"ဟေ့ ဟန်းတို့၊ သင်္ခါရအားလုံးတို့သည် ချုပ်ပျောက် ပျက်စီးသွားကုန်လေပြီ၊ ဤသို့သော် သင်္ခါရတို့သည် မမြဲကြကုန်၊ မခိုင်ခံ့ကုန်၊ သာယာဖွယ်မရှိကုန်၊ ဝင်းငင် သင်္ခါရ အားလုံးတို့၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ လွတ်မြောက်ခြင်းငှာ သင့်လှပေ၏"

## ၅။ နခသိခါသုတ်

[လက်သည်းဖျားပေါ် မြဲသောတရားမရှိကြောင်း]

၉၇။ 'မြဲသောရုပ်သည် ရှိပါသလော' ဟူသည်ဖြင့် မေးလျှောက်သောရဟန်းအား ဗုဒ္ဓက လက်သည်းဖျားပေါ်၌ အနည်းငယ်သော မြေမှုန့်ကို တင်ပြီး 'မြဲသော ရုပ်ဝေဒနာ စသည်တို့သည် ဤလက်သည်းဖျားပေါ်မှ မြေမှုန့်မျှလောက်ပင် မရှိချေ'ဟု မိန့်ကြားတော်မူသည်။

၉၈။ သုဒ္ဓိက သုတ်၌ မြဲသောရုပ်စသည် မရှိကြောင်းကို ဥပမာမပါပဲ ဟောကြား၏။

## ၇။ ဂဒ္ဒုလဗဒ္ဓသုတ်

[တောက်ဖြင့်ဖွဲ့ချည်ထားသော ခွေးနှင့်တူသူ]

၉၉။ ရဟန်းတို့၊ ဤသံသရာသည် မသိအပ်သော အစရှိ၏။ အဝိဇ္ဇာဖြင့် မြွေးယှက် တဏှာဖြင့် ဖွဲ့နှောင်အပ်သည်ဖြစ်၍ ကျင်လည် ပြေးသွားကုန်သော သတ္တဝါတို့အား ရှေးအစွန်းသည်မထင်၊ မဟာသမုဒ္ဒရာကြီး ခြောက်ခန်းသွားခြင်း၊ မြင်းမိုရ်တောင်ကြီးပျက်စီးသွားခြင်း၊ မဟာပထဝီမြေကြီး ပျက်စီးသွားခြင်းတို့ ဖြစ်ပေါ်သည့်အခါ၌ပင် အဝိဇ္ဇာဖြင့် မြွေးယှက် တဏှာဖြင့်ဖွဲ့နှောင်အပ်သည် ဖြစ်၍ ကျင်လည် ပြေးသွားကုန်သော သတ္တဝါတို့အား ဒုက္ခကုန်ဆုံးအောင် ပြုခြင်းသည် ဖြစ်လိမ့်မည်ဟု ငါမဟောပေ။

ရဟန်းတို့၊ တောက်ဖြင့်ဖွဲ့လျက် မြဲသော ငုတ်၌ဖြစ်စေ၊ တိုင်၌ဖြစ်စေ၊ ချည်ထားသော ခွေးသည် ထိုငုတ်၊ သို့မဟုတ် တိုင်ကိုသာလျှင်လှည့်၍ ပြေးသွားနေသကဲ့သို့ ထိုအတူပင် အကြားအမြင်နည်းသော ပုထုဇဉ်သည် 'ရုပ်သည် အတ္တဖြစ်၏' စသောအားဖြင့် ရှုလျက် ရုပ်ဝေဒနာ စသည်တို့ကိုသာလျှင် လှည့်ပတ်ပြေးသွား၍ နေ၏။ ယင်းသို့ပြေးသွားသည်ရှိသော် ရုပ်ဝေဒနာစသည်တို့မှ မလွတ်။ မွေးခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှလည်း မလွတ်ဟု ငါဟော၏။

ရဟန်းတို့၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာ တပည့်သည်ကား 'ရုပ်ဝေဒနာ စသည်တို့သည် အတ္တဖြစ်၏' စသောအားဖြင့် မရှုသည်ဖြစ်၍ ထိုရုပ် ဝေဒနာသည်တို့ကို လှည့်ပတ် ပြေးသွား၍ မနေ၊ ယင်းသို့ လှည့်ပတ်ပြေးသွား၍ မနေသည် ရှိသော် ထိုရုပ်ဝေဒနာစသည် တို့မှ လွတ်မြောက်၏။ မွေးခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်၏ဟု ငါဟော၏။

## ၈။ ဒုတိယဂဒ္ဒုလဗဒ္ဓသုတ်

[တောက်ဖြင့် ဖွဲ့ချည်ထားသော ခွေးနှင့်တူသူ]

၁၀၀။ ရဟန်းတို့၊ ဤသံသရာသည် မသိအပ်သော အစရှိ၏။ အဝိဇ္ဇာဖြင့် မြှေးယှက် တဏှာဖြင့် ဖွဲ့နှောင်အပ်သည်ဖြစ်၍ ကျင်လည်ပြေးသွားကုန်သော သတ္တဝါတို့အား ရှေးအစွန်းသည် မထင်။ ရဟန်းတို့၊ ဥပမာကား တောက်ဖြင့် ဖွဲ့လျက် မြဲသောငုတ်၊ သို့မဟုတ် တိုင်၌ချည်ထားအပ်သော ခွေးသည် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို ပြုသောအခါ ထိုငုတ်၊ သို့မဟုတ် တိုင်ကိုသာလျှင် ကပ်၍သွားခြင်း ရပ်ခြင်းစသည်တို့ကိုပြုသကဲ့သို့ ထို့အတူပင် အကြားအမြင်နည်းသောပုထုဇဉ်သည် ရုပ်ကို'ဤရုပ်သည်ငါ့ဟာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ အတ္တဖြစ်၏'ဟူ၍ရှု၏။ ဝေဒနာစသည်တို့ကိုလည်း ထိုနည်းအတူရှု၏။ ထိုပုထုဇဉ်သည် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို ပြုသောအခါ ထို ဥပါဒါနက္ခန္ဓာ ငါးပါးကိုသာလျှင် ကပ်၍ သွားခြင်း၊ ရပ်ခြင်းစသည်တို့ကို ပြု၏။

ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် 'ဤစိတ်ကို ရာဂ၊ ဒေါသ၊ မောဟတို့က ညစ်ညူးအောင် ပြုခဲ့သည်မှာ အချိန်ကြာလှပြီ'ဟူ၍ မိမိစိတ်ကို မပြတ်

ဆင်ခြင်အပ်၏။ ရဟန်းတို့၊ သတ္တဝါတို့သည် စိတ်ညစ်နွမ်းခြင်းကြောင့် ညစ်နွမ်းကုန်၏၊ စိတ်ဖြူစင်ခြင်းကြောင့် ဖြူစင်ကုန်၏။

"ရဟန်းတို့၊ သင်တို့သည် လက်စွမ်းပြ ပန်းချီကားမည်သည်ကို မြင်ဖူးကုန်၏လော"

"မြင်ဖူးပါသည်ဘုရား"

"ရဟန်းတို့၊ ထိုလက်စွမ်းပြ ပန်းချီကားကိုလည်း စိတ်ဖြင့်ပင် ကြံစည်အပ်၏။ ရဟန်းတို့၊ စိတ်သည် ထိုလက်စွမ်းပြ ပန်းချီကားထက်ပင်ဆန်းကြယ်၏။

"ရဟန်းတို့၊ တိရစ္ဆာန်တို့ကဲ့သို့ ဆန်းကြယ်သည့် တပါးသောအစုအဝေးကို ငါမမြင်၊ ရဟန်းတို့၊ ထိုတိရစ္ဆာန်တို့ကိုလည်း စိတ်ကသာလျှင်ဆန်းကြယ်အောင် ပြုထားခြင်းဖြစ်၏။ ရဟန်းတို့၊ စိတ်သည် ထိုတိရစ္ဆာန်တို့ထက်ပင် ဆန်းကြယ်၏။

"ရဟန်းတို့၊ ဆေးဆိုးပန်းရိုက်သမား၊ သို့မဟုတ် ပန်းချီဆရာသည် ဆိုးရည်ချိပ်ရည်တို့ဖြင့်ချောမွေ့သောပျဉ်ချပ်၊နံရံပိတ်ကားချပ်ပေါ်တို့၌အင်္ဂါကြီးငယ်နှင့်ပြည့်စုံသော မိန်းမရုပ်၊ ယောကျ်ားရုပ်ကိုဖြစ်စေသကဲ့သို့ ထိုအတူ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ဝေဒနာ စသည်တို့ကို ဖြစ်စေ၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော ရုပ်ဝေဒနာ စသည်တို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုအပ်၏"

## ၉။ ဝါသိဇဋသုတ်

### [အာသဝကုန်ခြင်းသည် ပဲခွပ်ရိုးကုန်ခြင်းနှင့် တူကြောင်း]

၁၀၁။ ရဟန်းတို့၊ ငါသည် သိမြင်သောသူအား အာသဝကုန်ခြင်းကို ဟော၏။ မသိမမြင်သောသူအား အာသဝကုန်ခြင်းကို မဟော။ အဘယ်သို့ သိမြင်သော သူအား အာသဝကုန်ခြင်းသည် ဖြစ်သနည်း ဆိုသော် ဤကားရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ခြင်းတည်း၊ ဤကား ရုပ်၏ ချုပ်ပျောက်ခြင်းတည်း စသည်ဖြင့် သိမြင်သောသူအား အာသဝ ကုန်ခြင်းသည်ဖြစ်၏။

ရဟန်းတို့၊ ပွားများအားထုတ်မှုကို အားမထုတ်ပဲနေသော ရဟန်းအား 'ငါ၏စိတ်သည် မစွဲလမ်းပဲ အာသဝ တို့မှ လွတ်မြောက်ပါမူ ကောင်းလေစွ'ဟု တောင့်တခြင်း ဖြစ်ငြားသော်လည်း သူ၏ စိတ်သည် အာသဝတို့မှ လွတ်မြောက်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါးစသော တရားတို့ကို မပွားများအပ်သော ကြောင့်ပင်တည်း။ ရဟန်းတို့၊ ဥပမာကား မိခင်ကြက်မကြီးသည် ကောင်းစွာမဝပ်အပ်၊ အပူငွေ့မပေးအပ်သော ကြက်ဥတို့သည် ချမ်းသာစွာ ပေါက်ထွက်ခြင်းငှာ မထိုက်သကဲ့သို့ဖြစ်၏။

ရဟန်းတို့၊ ပွားများအားထုတ်မှုကို အားထုတ်၍နေသော ရဟန်းအား 'ငါ၏စိတ်သည် မစွဲလမ်းပဲ အာသဝတို့မှ လွတ်မြောက်ပါမူ ကောင်းလေစွ' ဟု တောင့်တခြင်းသည် မဖြစ်ငြားသော်လည်း သူ၏စိတ်သည် မစွဲလမ်းပဲ အာသဝတို့မှလွတ်မြောက်၏။ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါးစသော တရားတို့ကို ပွားများအပ်သောကြောင့် ဖြစ်၏။ ဥပမာ မိခင် ကြက်မကြီးက ကောင်းစွာဝပ်အပ်၊ အပူငွေ့ ပေးအပ်သော ကြက်ဥတို့သည် ချမ်းသာစွာ ပေါက်ထွက်ခြင်းငှာ ထိုက်သကဲ့သို့ပေတည်း။

ရဟန်းတို့၊ လက်သမား၏ ပဲခွပ်ရိုး လက်ကိုင်၌ လက်ချောင်းရာ၊ လက်မရာ များများ ထင်နေငြားသော်လည်း ထိုလက်သမားအား 'ငါ့ပဲခွပ်ရိုးသည် ယနေ့ ဤမျှကုန်သွား၏။ မနေ့က ဤမျှကုန်သွား၏'ဟူသော အသိဉာဏ်သည် မဖြစ်။ ကုန်သွားသည်ရှိသော် ကုန်သွား၏ ဟူသော ဉာဏ်သည်သာ ဖြစ်၏။ ထို့နည်းတူပင် ပွားများအားထုတ်မှုကို အားထုတ်၍ နေသော ရဟန်းအား 'ငါ၏ အာသဝတို့သည် ယနေ့ ဤမျှကုန်သွား၏။ မနေ့ကဤမျှကုန်သွားခဲ့၏'ဟူသော အသိဉာဏ်သည် မဖြစ်ငြားသော်လည်း ကုန်သွားသည် ရှိသော် "ကုန်သွားပြီ"ဟူသော အသိဉာဏ်ကားဖြစ်၏။

ရဟန်းတို့၊ တမိုးတွင်းလုံး ရေထဲ၌ထား၍ ဆောင်းရာသီတွင်ကုန်းပေါ်သို့ တင်အပ်သော ပင်လယ်ကူးလှေ၏ ကြိမ်ကြိုး အထုံးအဖွဲ့တို့သည် မိုးရေဖြင့် လွယ်ကူစွာ ပြေလျော့ ဆွေးမြည့်သွားကုန်သကဲ့သို့ ထို့အတူပင် ပွားများ အားထုတ်မှုကို အားထုတ်၍နေသော ရဟန်းအား သံယောဇဉ်ကြိုးတို့သည် လွယ်ကူစွာ ပြေလျော့ ဆွေးမြည့် သွားကုန်၏။

## ၁၀။ အနိစ္စသညာသုတ်

[အနိစ္စသညာသည် ရာဂကို ပယ်နိုင်ကြောင်း]

၁၀၂။ ရဟန်းတို့၊ သရဒ ဥတု၌ ကြီးမားသော ထွန်ခြင့် ထွန်သော လယ်သမားသည် မြေကြီး၌ ဖွဲ့ယှက်တည်နေသော အမြစ်အားလုံးကို ဖြိုခွဲသကဲ့သို့ လည်းကောင်း။

မြက်ရိတ်သမားသည် ဖြူဆံမြက်များကို ရိတ်ဖြတ်ပြီး အဖျားမှ ကိုင်လျက် ခါယမ်းပစ်သကဲ့သို့ လည်းကောင်း။

သရက်သီးခိုင်သည် အညှာပြတ်၍ ကျသည်ရှိသော် အညှာ၌ တွဲနေသော သရက်သီးအားလုံး အညှာနောက်သို့ ပါသွားသကဲ့သို့ လည်းကောင်း။

အထွတ်တပ်သောအိမ်၏ အခြင်ရနယ်အားလုံးတို့သည် အထွတ်သို့ သက်ဝင် ပေါင်းဆုံသကဲ့သို့ လည်းကောင်း။

အမြစ်နံ့သာ အားလုံးတို့တွင် အကြော်နံ့သာကို အမြတ်ဆုံးဟုဆိုအပ်သကဲ့သို့ လည်းကောင်း။

အနှံ့ နံ့သာ အားလုံးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ လည်းကောင်း။

အပွင့်နံ့သာ အားလုံးတို့တွင် မြတ်လေးပန်းကိုအမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ လည်းကောင်း၊

ပြည့်ရှင်မင်း ဟူသမျှတို့သည် စကြာမင်း၏ နောက်လိုက် ဖြစ်ကုန်သကဲ့သို့ လည်းကောင်း။

ကြယ်တာရာတို့၏ အရောင်ဟူသမျှတို့တွင် လ၏ အရောင်အလင်းကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ လည်းကောင်း။

သရဒ ဥတုဝယ် မြူတိမ်ကင်းသော ကောင်းကင်၌နေသည့် အမိုက်မှောင်ဟူသမျှကို ပယ်ခွင်း၍ တောက်ပသကဲ့သို့ လည်းကောင်း။

ထို့အတူပင် ဤကာမရာဂကို ပွားများအပ်သော အနိစ္စသညာ ... ထို့အတူပင် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ ဖြစ်ခြင်းတည်း၊ ဤကား ရုပ်၏ ချုပ်ပျောက်ခြင်းတည်း စသည်ဖြင့် ပွားများအပ်သော အနိစ္စသညာသည် ကာမဘဝ၌ စွဲမက်ခြင်း ကာမရာဂ၊ ရူပဘဝ၌ စွဲမက်ခြင်း ရူပရာဂ၊

အရူပဘဝ၌ စွဲမက်ခြင်း ဘဝရာဂ အားလုံးကို ကုန်စေနိုင်၏။ အဝိဇ္ဇာ အားလုံးကို ကုန်စေနိုင်၏။ ငါဟူသော မာန်တက်ခြင်း အားလုံးကို နုတ်ပယ်နိုင်၏။

## (၁၁) ၁။ အန္တဝဂ်

### ၁။ အန္တသုတ်

[သက္ကာယ အဖို့အစု လေးပါး]

၁၀၃။ သက္ကာယအဖို့ အစု၊ သက္ကာယဖြစ်ကြောင်း အဖို့အစု၊ သက္ကာယ ချုပ်ရာ အဖို့အစု၊ သက္ကာယ ချုပ်ရာသို့ ရောက်ကြောင်း အကျင့် အဖို့ ဟူ၍ အဖို့အစု လေးပါးရှိကြောင်း ဟော၏။ တရားကိုယ်အားဖြင့် အစဉ်အတိုင်း ဥပါဒါနက္ခန္ဓာ ငါးပါး၊ တဏှာ၊ ထိုတဏှာ၏အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန် နှင့် အရိယမဂ်တို့ ဖြစ်၏။

၁၀၄-၁၀၅။ ဒုက္ခသုတ်၌ ဆင်းရဲ၊ ဆင်းရဲဖြစ်ကြောင်းတရား၊ ဆင်းရဲချုပ်ရာ၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တို့ကို ဟော၏။

သက္ကာယသုတ်၌ သက္ကာယ၊ သက္ကာယဖြစ်ကြောင်းတရားစသောလေးပါးကို ဟောသည်။ ဝေါဟာရသာကွဲ၏။ တရားကိုယ်ကား အတူတူပင် ဖြစ်၏။

### ၄။ ပရိညေယျသုတ်

[ပိုင်းခြား၍ သိအပ်သောတရား]

၁၀၆။ ပိုင်းခြား၍ သိအပ်သောတရား၊ ပိုင်းခြား၍ သိသော တရားနှင့် ပိုင်းခြား၍ သိပြီးသော ပုဂ္ဂိုလ်တို့ကို ဟောသည်။ ရုပ်၊ ဝေဒနာ စသည်တို့သည် ပိုင်းခြား၍ သိအပ်သောတရား၊ ရာဂ၊ ဒေါသ၊ မောဟ ကုန်ကြောင်း ဖြစ်သောမဂ်ဉာဏ်သည် ပိုင်းခြား၍သိတတ်သောတရား၊ ရဟန္တာသည် ပိုင်းခြား၍ သိပြီးသူဖြစ်၏။

၁၀၇-၁၀၈။ သမဏသုတ်နှင့် ဒုတိယ သမဏသုတ်တို့၌ ဥပါဒါနက္ခန္ဓာ ငါးပါးသရုပ်ကို ပေါ်ပြပြီး ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိသူကိုသာ ရဟန်း ဟု ဆိုထိုက်ကြောင်း ဟောသည်။

၁၀၉။ သောတာပန်သုတ်၌ ဥပါဒါ နက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာသိသော အရိယာတပည့်ကို သောတာပန်ဟု ဆိုအပ်ကြောင်း ဟောသည်။

၁၁၀။ အရဟန္တသုတ်၌ ဥပါဒါ နက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း စသည်တို့ကို ဟုတ်တိုင်း မှန်စွာသိ၍ တစုံတခုသော အာရုံကို မစွဲယူပဲ ကိလေသာတို့မှ လွတ်မြောက်သွားသော ပုဂ္ဂိုလ်ကို ရဟန္တာဟု ဆိုအပ်ကြောင်း ဟောသည်။

## ၉။ ဆန္ဒပဟာနသုတ်

[ခန္ဓာငါးပါး၌ ဆန္ဒကို ပယ်အပ်ကြောင်း]

၁၁၁-၁၁၂။ "ရုပ်ဝေဒနာ စသည်တို့၌လိုချင်ခြင်း၊ စွဲမက် နှစ်သက်ခြင်း၊ ဆာလောင်ခြင်းကို ပယ်ကြလော၊ ယင်းတို့ကို ပယ်လျှင်၊ ရုပ်ဝေဒနာ စသည်တို့ကိုလည်း အကြွင်းမဲ့ ပယ်ပြီး ဖြစ်လိမ့်မည်" ဟု ဟောကြားသည်။ ဒုတိယ သုတ်၌ လိုချင်ခြင်း စသည်နှင့်တကွ ကပ်ရောက်စွဲလမ်းခြင်း၊ စိတ် ဆောက်တည်ခြင်း၊ လွှမ်းမိုးစွာ နှလုံးသွင်းခြင်း အနုသယတို့ကိုပါ ပယ်ရန်ဟောသည်။

## (၁၂) ၂။ ဓမ္မကထိကဝဂ်

## ၁။ အဝိဇ္ဇာသုတ်

[အဝိဇ္ဇာဟူသည် အဘယ်နည်း]

၁၁၃။ "အရှင်ဘုရား၊ အဝိဇ္ဇာဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ ကပ်ရောက်သူ ဖြစ်ပါသနည်း"ဟု ရဟန်းတပါးက မေးလျှောက်ရာတွင် ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်း၊ ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်၊ ရုပ်၏ဖြစ်ခြင်း၊ ရုပ်၏ ချုပ်ခြင်း၊ ရုပ်၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့် စသည်တို့ကို မသိ၊ ရဟန်း၊ ဤသို့ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်၏။ ဤသို့ မသိခြင်းဖြင့်ပင် အဝိဇ္ဇာသို့ ကပ်ရောက်သူဖြစ်၏။"

## ၂။ ဝိဇ္ဇာသုတ်

[ဝိဇ္ဇာဟူသည် အဘယ်နည်း]

၁၁၄။ "အရှင်ဘုရား၊ ဝိဇ္ဇာဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ကပ်ရောက်သူ ဖြစ်ပါသနည်း"ဟု ရဟန်းတပါးက မေးလျှောက်ရာ- ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်းတို့၊ ဤလောက၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာ တပည့်သည် ရုပ်၊ ရုပ်၏ဖြစ်ခြင်း၊ ရုပ်၏ချုပ်ခြင်း၊ ရုပ်၏ချုပ်ရာသို့ ရောက် ကြောင်း အကျင့်စသည်တို့ကိုသိ၏။ ရဟန်း၊ ဤသို့သိခြင်းကို ဝိဇ္ဇာဟုဆိုအပ် ၏။ ဤသို့သိခြင်းဖြင့်လည်း ဝိဇ္ဇာသို့ ကပ်ရောက်သူဖြစ်၏"

## ၃။ ဓမ္မကထိကသုတ်

[ဓမ္မကထိကဟုဆိုထိုက်သူ]

၁၁၅။ 'အဘယ်မျှဖြင့် ဓမ္မကထိကမည်ပါသနည်း'ဟု ရဟန်းတပါးက မေးလျှောက်၏။ ရုပ်ဝေဒနာ စသည်တို့ကို ငြီးငွေ့ခြင်း၊ စွဲမက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ဟောလျှင် ဓမ္မကထိကမည်၏။ ရုပ်ဝေဒနာစသည်တို့ကို ငြီးငွေ့ခြင်း၊ စွဲမက်မှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်းငှာကျင့်လျှင် တရားနှင့် လျော် သောအကျင့်ကို ကျင့်သူမည်၏။ ရုပ်ဝေဒနာစသည်တို့ကို ငြီးငွေ့ခြင်း၊စွဲမက်မှု ကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းကြောင့် တစုံတခုသော အာရုံကို မစွဲယူပဲ ကိလေသာတို့မှ လွတ်မြောက်သူသည် မျက်မှောက်၌ပင် ငြိမ်းအေးခြင်း (နိဗ္ဗာန်)သို့ ရောက်သူမည်၏ဟု ဗုဒ္ဓကဖြေသည်။

၁၁၆။ ဒုတိယဓမ္မကထိကသုတ်မှာ အမေး၌ ပုဂ္ဂိုလ် သုံးယောက်လုံးကို မေးခြင်းသာ ထူး၏။

## ၄။ ဗန္ဓနသုတ်

[ခန္ဓာငါးပါး၌နှောင်ဖွဲ့ခြင်းခံရသူ]

၁၁၇။ ရဟန်းတို့၊ ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟုရှု၏။ ရုပ်ရှိသော တရားကိုသော်လည်း အတ္တဟုရှု၏။ အတ္တ၌

ရုပ်ရှိ၏ဟုသော်လည်း ရှု၏။ ရုပ်၌ အတ္တရှိ၏ဟုသော်လည်းရှု၏။ ဤပုထုဇဉ်ကို ရုပ်ဖြင့် နှောင်ဖွဲ့ခြင်း ခံနေရသူ၊ အတွင်းရောအပြင်ပါ နှောင်ဖွဲ့ခြင်း ခံနေရသူ ကမ်းမမြင်သူ၊ အနှောင်အဖွဲ့ ခံရလျက်ပင်၊ အိုရ သေရ၊ အနှောင်အဖွဲ့ခံရလျက် ပင် ဤလောကမှ တပါးသောလောကသို့ သွားရသူဟူ၍ဆိုအပ်၏။ (ဝေဒနာ စသည်၌ နည်းတူဟော၏)

ရဟန်းတို့၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည်ကား ရုပ် ကို အတ္တဟု မရှု၊ ရုပ်ရှိသောတရားသည် အတ္တ ဖြစ်၏ဟုလည်းမရှု၊ အတ္တ၌ ရုပ်သည်တည်၏ ဟုလည်းမရှု၊ ရုပ်၌ အတ္တသည်တည်၏ ဟုလည်းမရှု၊ ဤ ပုထုဇဉ်သည် ရုပ်ဖြင့် နှောင်ဖွဲ့ခြင်းခံမနေရသူ၊ အတွင်းရောအပြင်ပါ နှောင် ဖွဲ့ခြင်း မခံရသူ၊ ကမ်းကို မြင်သူဖြစ်၏။ သူသည် ဆင်းရဲမှ လွတ်မြောက်ပြီး သူဖြစ်၏ ဟု ငါဆို၏။ (ဝေဒနာ စသည်၌ နည်းတူဟော၏)

## ၆။ ပရိပုစ္ဆိတသုတ်

[ရဟန်းတို့အားမေး၍ ဟောကြားခြင်း]

၁၁၈။ "ရဟန်းတို့၊ သင်တို့သည် ရုပ်ကို၊ ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်"ဟူ၍ ရှုကြကုန်သလော"

"မရှုကြပါဘုရား"

"ရဟန်းတို့၊ ကောင်းပေစွ၊ သင်တို့သည် ရုပ်ကို ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်"ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ (ဝေဒနာ စသည်၌ နည်းတူဟော၏)

၁၁၉။ ဒုတိယ ပရိပုစ္ဆိတသုတ်၌ 'ရဟန်းတို့၊ သင်တို့သည် ရုပ်ကို ငါ့ဟာ မဟုတ် ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ရှုကြသလောဟု မေးရာ ရဟန်းတို့ က 'ရှုကြပါသည်ဘုရား'ဟု ဖြေကြားသည်။

၁၂၀။ သံယောဇနိယသုတ်၌ ခန္ဓာငါးပါးသည် သံယောဇနိယ၊ ထိုခန္ဓာ ငါးပါး၌ လိုချင် စွဲမက်ခြင်းသည် သံယောဇဉ်မည်ကြောင်း ဟောသည်။

၁၂၁။ ဥပါဒါနိယသုတ်၌ ဥပါဒါန်၏ အာရုံဖြစ်သောတရားနှင့် ဥပါဒါန် မည်သော တရားကို အထက်သုတ် နည်းတူဟော၏။

## ၁၀။ သီလဝန္တသုတ်

[သီလရှိသူ နှလုံးသွင်းရမည့်တရား]

၁၂၂။ ဗာရာဏသီပြည် ဣသိပတနမည်သော သမင်တော၌ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိကတို့ သီတင်းသုံးနေစဉ် ရှင်ကောဋ္ဌိကသည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ ပြဿနာများကို မေးလျှောက်ရာ ရှင်သာရိပုတ္တရာက လည်း ထိုပြဿနာများကို ဖြေကြားလေသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ သီလရှိသော ရဟန်းတို့သည် အဘယ်တရားများကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း"

"ငါ့ရှင် ကောဋ္ဌိက၊ သီလရှိသော ရဟန်းသည် ဥပါဒါ နက္ခန္ဓာငါးပါး တို့ကို မမြဲသော၊ ဆင်းရဲသော၊ အနာရောဂါနှင့်တူသော၊ ဆူးငြောင့်နှင့်တူသော၊ ပျက်စီးတတ်သော၊ ကင်းဆိပ်သော၊ အတ္တမဟုတ်သော တရားဟူ၍ သင့်သောအားဖြင့် နှလုံးသွင်းအပ်၏။ ငါ့ရှင် ကောဋ္ဌိက၊ သီလရှိသောရဟန်း သည် ဤသို့ နှလုံးသွင်းသည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင် ဖွယ် အကြောင်းရှိ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ သောတာပန်ဖြစ်သော ရဟန်းသည် အဘယ်တရား တို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း"

"ငါ့ရှင် ကောဋ္ဌိက၊ သောတာပန် ဖြစ်သော ရဟန်းတို့သည်လည်း ဥပါဒါ နက္ခန္ဓာငါးပါးတို့ကိုပင် သင့်သောအားဖြင့်နှလုံးသွင်းအပ်၏။ ယင်းသို့ နှလုံးသွင်းသည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ဖွယ်အကြောင်း ရှိ၏"

(သကဒါဂါမိရဟန်းသည် အနာဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိ ရဟန်းသည် အရဟတ္တဖိုလ်ကို လည်းကောင်း မျက်မှောက် ပြုနိုင်ကြောင်း အလားတူ ဟောသည်။)

"ငါ့ရှင် သာရိပုတ္တရာ၊ ရဟန္တာဖြစ်သော ရဟန်းသည် အဘယ်တရားတို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း"

"ငါ့ရှင် ကောဋ္ဌိက၊ ရဟန္တာဖြစ်သော ရဟန်းသည်လည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်၏။ ငါ့ရှင်ကောဋ္ဌိက၊ စင်စစ် အားဖြင့် ရဟန္တာ ပုဂ္ဂိုလ်များအား နောက်ထပ်ပြုဖွယ် ကိစ္စသည် လည်းကောင်း၊ ပြုအပ်ပြီးသောကိစ္စကို တဖန် ပွားစေခြင်းသည် လည်းကောင်း မရှိ၊ သို့မဟုတ်ငြားသော်လည်း ဤတရားတို့ကို ပွားများသည်ရှိသော် မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေရခြင်း၊ သတိသမ္ပဇဉ်ရှိခြင်း အလို့ငှာ ဖြစ်ကုန်၏။

## ၁၁။ သုတဝန္တသုတ်

[သုတရှိသူ နှလုံးသွင်းရမည့်တရား]

၁၂၃။ "အကြားအမြင်သုတရှိသော ရဟန်းသည် အဘယ်တရားတို့ကို သင့်သောအားဖြင့် နှလုံးသွင်းအပ်ပါသနည်း" ဟူသော ရှင်ကောဋ္ဌိက၏ အမေးကို ရှင်သာရိပုတ္တရာက အထက်သုတ်နည်းတူ ဖြေကြားသည်။

၁၂၄-၁၂၅။ ကပ္ပသုတ်နှင့် ဒုတိယ ကပ္ပသုတ်တို့သည် သုတ်စဉ် ၉၁၊ ၉၂၊ ရာဟုလသုတ်၊ ဒုတိယ ရာဟုလသုတ်တို့နှင့် တူသည်။ မေးလျှောက်သူ ရှင်ကပ္ပ ဖြစ်ခြင်းသာ ထူး၏။

# (၁၃) ၃။ အဝိဇ္ဇာဝဂ်

## ၁။ သမုဒယဓမ္မသုတ်

[ဖြစ်ခြင်းသဘောရှိသော တရားကိုသိသူ]

၁၂၆။ ရဟန်းတပါး၏ အမေးကို ဗုဒ္ဓက ဖြေကြားခြင်းဖြစ်၏။

"အရှင်ဘုရား၊ အဝိဇ္ဇာဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ ကပ်ရောက်သူ မည်ပါသနည်း"

"ရဟန်း၊ ဤသာသနာ၌ အကြားအမြင်နည်းသော ပုထုဇဉ်သည် ဖြစ်ခြင်း သဘောရှိသော ရုပ်ကို 'ဖြစ်ခြင်းသဘောရှိသော ရုပ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ

မသိ၊ ပျက်ခြင်းသဘောရှိသောရုပ်ကို 'ပျက်ခြင်းသဘောရှိသောရုပ်'ဟု ဟုတ်တိုင်းမှန်စွာမသိ၊ ဖြစ်ခြင်း၊ပျက်ခြင်း သဘောရှိသောရုပ်ကို ဖြစ်ခြင်းပျက်ခြင်း သဘောရှိသော ရုပ်ဟူ၍ ဟုတ်တိုင်းမှန်စွာမသိ။ (ဝေဒနာ စသည်၌ နည်းတူ) ရဟန်း၊ ဤသို့မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်၏။ ဤသို့ မသိခြင်းဖြင့်လည်း အဝိဇ္ဇာသို့ ကပ်ရောက်သူ ဖြစ်၏။

"အရှင်ဘုရား၊ ဝိဇ္ဇာဟူသည်အဘယ်ပါနည်း။ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ကပ်ရောက်သူဖြစ်ပါသနည်း"

"ရဟန်း၊ ဤသာသနာ၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ဖြစ်ခြင်းသဘောရှိသော ရုပ်ကို 'ဖြစ်ခြင်းသဘောရှိသောရုပ်' ဟူ၍ ဟုတ်တိုင်းမှန်စွာသိ၏၊ ပျက်ခြင်းသဘောရှိသောရုပ်ကို 'ပျက်ခြင်းသဘောရှိသောရုပ်' ဟူ၍ ဟုတ်တိုင်းမှန်စွာသိ၏။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ရှိသော ရုပ်ကို 'ဖြစ်ခြင်း၊ပျက်ခြင်းသဘောရှိသောရုပ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏။ (ဝေဒနာစသည်၌နည်းတူ) ရဟန်း၊ ဤသို့သိခြင်းကို ဝိဇ္ဇာဟု ဆိုအပ်၏။ ဤသို့သိခြင်း ဖြင့်လည်း ဝိဇ္ဇာသို့ ကပ်ရောက်သူ ဖြစ်၏။

၁၂၇-၁၂၈။ ဒုတိယ သမုဒယဓမ္မသုတ်၌ ရှင်ကောဋ္ဌိက၏ အဝိဇ္ဇာဟူသည် အဘယ်ပါနည်းဟူသော မေးခွန်းကိုလည်းကောင်း၊ တတိယသုတ်၌ ဝိဇ္ဇာဟူသည် အဘယ်ပါနည်းဟူသော မေးခွန်းကိုလည်းကောင်း ရှင်သာရိပုတ္တရာ က ဖြေကြား၏။

၁၂၉-၁၃၀။ အဿာဒသုတ်၌ ရုပ်ဝေဒနာစသည်တို့၏ သာယာဖွယ်၊အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်ကြောင်း ဖြေကြားသည်။ ဒုတိယအဿာဒသုတ်၌ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းကို ဝိဇ္ဇာဟု ဆိုအပ်ကြောင်း ဖြေကြားသည်။

၁၃၁-၁၃၂။ သမုဒယသုတ်၌ ရုပ်ဝေဒနာ စသည်တို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်းနှင့် သာယာဖွယ်စသည်တို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်ကြောင်းဖြေကြားသည်။ ဒုတိယသမုဒယသုတ်၌ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာသိခြင်းကို ဝိဇ္ဇာဟု ဆိုအပ်ကြောင်း ဖြေကြားသည်။

၁၃၃-၁၃၄။ ကောဋ္ဌိကသုတ်နှင့် ဒုတိယကောဋ္ဌိကသုတ်တို့၌ အထက်ပါ သုတ်လေးသုတ် (၁၂၉-၁၃၂)တို့၌ မေးခဲ့သော မေးခွန်းများကို ရှင်သာရိပုတ္တရာက မေး၍ ရှင်ကောဋ္ဌိကက ဖြေကြားသည်။

၁၃၅။ ဘတိယကောဋ္ဌိကသုတ်၌ ရုပ်၏ဖြစ်ခြင်း၊ ရုပ်၏ချုပ်ခြင်း၊ ရုပ်၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့် စသည်တို့ကိုမသိခြင်းကို အဝိဇ္ဇာဟုလည်းကောင်း၊ ယင်းတို့ကို သိခြင်းကို ဝိဇ္ဇာဟုလည်းကောင်း ဆိုအပ်ကြောင်း ရှင်ကောဋ္ဌိကက ဖြေကြားသည်။

## (၁၄) ၄။ ကုက္ကုဠသုတ်

### ၁။ ကုက္ကုဠသုတ်

[ခန္ဓာငါးပါးသည် ပြာပူနှင့်တူကြောင်း]

၁၃၆။ ရဟန်းတို့၊ ရုပ်သည် ပြာပူနှင့်တူ၏။ ဝေဒနာသည် ပြာပူနှင့်တူ၏။ ဝိညာဏ်သည် ပြာပူနှင့်တူ၏။ရဟန်းတို့၊ ဤသို့ရှုမြင်သော အရိယာတပည့်သည် ရုပ်၌လည်းငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်းငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် လွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသော ဉာဏ်ဖြစ်၏။

### ၂။ အနိစ္စသုတ်

[မမြဲသောတရား၌ ဆန္ဒကိုပယ်အပ်ကြောင်း]

၁၃၇။ ရဟန်းတို့၊ အကြင်တရားသည် မမြဲ၊ ထိုတရား၌ သင်တို့သည် ဆန္ဒကို ပယ်အပ်၏။ မမြဲသောတရားဟူသည် အဘယ်နည်းဆိုသော် ရုပ်သည်မမြဲသော တရားဖြစ်၏။ ထိုရုပ်၌သင်တို့သည် ဆန္ဒကို ပယ်အပ်၏။ (ဝေဒနာစသည်၌ နည်းတူဟော၏)

၁၃၈-၁၃၉။ ဒုတိယအနိစ္စသုတ်၌ 'ရာဂကိုပယ်ရမည်' ဟူ၍လည်းကောင်း၊ တတိယ အနိစ္စသုတ်၌ 'ဆန္ဒရာဂကိုပယ်ရမည်' ဟူ၍လည်းကောင်း ပြောင်း၍ ဟောခြင်းသာထူး၏။

## ၅။ ဒုက္ခသုတ်

[ဆင်းရဲသောတရား၌ ဆန္ဒကိုပယ်အပ်ကြောင်း]

၁၄၀။ ရဟန်းတို့၊ အကြင်တရားသည်ဆင်းရဲ၏၊ ထိုတရား၌ သင်တို့သည် ဆန္ဒကို ပယ်အပ်၏။ ဆင်းရဲသော တရားဟူသည် အဘယ်နည်းဆိုသော် ရုပ်သည် ဆင်းရဲသော တရားဖြစ်၏။ ထိုရုပ်၌ သင်တို့သည် ဆန္ဒကို ပယ်အပ်၏ စသည်ဖြင့် ဟောသည်။

၁၄၁-၁၄၂။ ဒုတိယနှင့် တတိယ သုတ်တို့၌ 'ရာဂကို၊ ဆန္ဒရာဂကို' ဟု ပြောင်း၍ ဟောသည်။

## ဂ။ အနတ္တသုတ်

[အတ္တမဟုတ်သောတရား၌ဆန္ဒကိုပယ်အပ်ကြောင်း]

၁၄၃။ ရဟန်းတို့၊ အကြင်တရားသည် အတ္တ မဟုတ်၊ ထိုတရား၌ သင်တို့သည် ဆန္ဒကိုပယ်အပ်၏။ အတ္တ မဟုတ်သော တရားဟူသည် အဘယ်နည်းဆိုသော် ရုပ်သည် အတ္တ မဟုတ်သော တရားဖြစ်၏။ ထိုရုပ်၌ သင်တို့သည် ဆန္ဒကို ပယ်အပ်၏ စသည်ဖြင့် ဟောကြားသည်။

၁၄၄-၁၄၅။ ဒုတိယနှင့် တတိယသုတ်တို့လည်း ရှေးနည်းတူပင်။

## ၁၁။ နိဗ္ဗိဒါဗဟုလသုတ်

[ငြီးငွေ့ခြင်းများသည်ဖြစ်၍ နေအပ်ကြောင်း]

၁၄၆။ ရဟန်းတို့၊ ယုံကြည်ခြင်းသဒ္ဓါဖြင့် ရဟန်းပြုသော အမျိုးကောင်းသားသည် ရုပ်ဝေဒနာ စသည်တို့၌ ငြီးငွေ့ခြင်း များသည်ဖြစ်၍ နေရာ၏။ ယင်းသို့နေခြင်းသည် တရားနှင့်လျော်သော အကျင့်ဖြစ်၏။ ရုပ်ဝေဒနာစသည်တို့၌ ငြီးငွေ့ခြင်းများသည်ဖြစ်၍ နေသူသည် ရုပ်ဝေဒနာစသည်တို့ကို ပိုင်းခြား၍သိ၏၊ ရုပ်ဝေဒနာစသည်တို့ကို ပိုင်းခြား၍သိသူသည် ရုပ်ဝေဒနာစသည်တို့မှ လွတ်မြောက်၏။ မွေးခြင်း၊ အိုခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်၏ဟု ငါဟော၏။

၁၄၇-၁၄၉။ အနိစ္စာနုပဿီသုတ်၌မမြဲခြင်းကိုရှုလျက်နေရာ၏။ ဒုက္ခာနုပဿီသုတ်၌ ဆင်းရဲခြင်းကိုရှုလျက် နေရာ၏။ အနတ္တာနုပဿီသုတ်၌၊ အတ္တမဟုတ်ဟု ရှုလျက် နေရာဟူ၍ ဟောကြားသည်။

## (၁၅) ၅။ ဒိဋ္ဌိဝဂ်

### ၁။ အဇ္ဈတ္တသုတ်

[ ခန္ဓာငါးပါးကို စွဲ၍ ချမ်းသာဆင်းရဲဖြစ်ကြောင်း ]

၁၅၀။ "ရဟန်းတို့၊ အဘယ်တရားရှိခဲ့သော် အဘယ်တရားကိုစွဲ၍ ကိုယ်အတွင်းသန္တာန်၌ဖြစ်သော ချမ်းသာဆင်းရဲသည် ဖြစ်သနည်း"

"အရှင်ဘုရား၊ တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အရင်းမူလ ရှိပါကုန်၏။ မြတ်စွာဘုရား၏ ဥဒ္ဒေသတော်၌သာလျှင် ထိုမေးခွန်း၏ အဖြေသည် ထင်ပါစေလော"

"ရဟန်းတို့၊ ရုပ်ရှိခဲ့သော် ရုပ်ကိုစွဲ၍ ကိုယ်တွင်းသန္တာန်၌ဖြစ်သော ချမ်းသာ ဆင်းရဲသည် ဖြစ်၏။ ရဟန်းတို့၊ ရုပ်သည် မြဲသလော၊ မမြဲသလော"

"အရှင်ဘုရား၊ ရုပ်သည်မမြဲပါ"

"ရဟန်းတို့၊ မမြဲသောတရားသည် ဆင်းရဲသလော၊ ချမ်းသာသလော"

"အရှင်ဘုရား၊ မမြဲသောတရားသည် ဆင်းရဲပါသည်"

"ရဟန်းတို့၊ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော တရားကို မစွဲမူ၍ ကိုယ်တွင်း၌ဖြစ်သော ချမ်းသာ ဆင်းရဲသည်ဖြစ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါဘုရား"

(ဝေဒနာစသည်၌ နည်းတူဟောသည်) ထိုနောက် ဤသို့ ရှုမြင်သော အရိယာတပည့်သည် ခန္ဓာငါးပါး၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်ကြောင်း ဆက်လက်ဟောကြားသည်။

## (၂) ၉။ တော မမ သုတ်စသည်
[ခန္ဓာငါးပါးကိုစွဲ၍ အယူလွဲမှားမှုဖြစ်ပုံ]

၁၅၁-၁၅၈။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးရှိသော် ယင်းတို့ကိုစွဲ၍ 'ငါဟာ၊ ငါ၊ ငါ၏ကိုယ်'ဟူ၍ ရှုမြင်ခြင်း၊ 'ဤအတ္တသည်ပင် မပျက်မစီးပဲ ခိုင်မြဲဘည်တံ့လျက် တမလွန်ဘဝ၌ ဖြစ်လိမ့်မည်'ဟု ယူဆခြင်း၊ 'ငါမဖြစ်ခဲ့မူ ငါ့ဥစ္စာဟူ၍မဖြစ်ရာ၊ ငါသည်မဖြစ်တော့ဟုဆိုလျှင် ငါ့ဥစ္စာဟူ၍ ဖြစ်တော့မည် မဟုတ်'ဟု ယူဆခြင်းနှင့် အခြားသော မိစ္ဆာဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ စသည်တို့ ဖြစ်ပေါ်ကြောင်း ဟောကြားသည်။

## ၁၀။ အာနန္ဒသုတ်
[ရှင်အာနန္ဒာအား ဟောကြားချက်]

၁၅၉။ အခါတပါး၌ ရှင်အာနန္ဒာသည် ဗုဒ္ဓထံချဉ်းကပ်၍ 'မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ တပည့်တော်သည် ထိုတရားကိုနာပြီး မမေ့မလျော့သော အားထုတ်မှုဖြင့် အားထုတ်လျက် တပါးတည်း နေလိုပါသည်' ဟု တောင်းပန်၏ ¹။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားလေသည်။

"အာနန္ဒာ၊ သင်မည်သို့ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော"

"မမြဲပါ ဘုရား"

"မမြဲသောတရားသည် ချမ်းသာလော၊ ဆင်းရဲလော"

"ဆင်းရဲပါ ဘုရား"

---

၁။ ခန္ဓာငါးပါးနှင့်စပ်သော ကမ္မဋ္ဌာန်းကိုအားထုတ်၍ ရဟန္တာဖြစ်သွားကြသော ရဟန်းများကို အားကျ၍ ဤသို့ တောင်းပန်ခြင်းဖြစ်၏၊ ဗုဒ္ဓသည် မိမိသက်တော်ထင်ရှားရှိစဉ်၌ ရှင်အာနန္ဒာ ရဟန္တာဖြစ်မည် မဟုတ်ကြောင်း သိမြင်သော်သည်း စိတ်ကျေနပ်စေရန် ဤသုတ်ကို ဟောကြားခြင်း ဖြစ်၏။

“မမြဲသော၊ ဆင်းရဲသော၊ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ‘ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်’ ဟူ၍ ရှုခြင်းငှာ သင့်ပါမည်လော”

“မသင့်ပါ ဘုရား”

(ဝေဒနာစသည်၌ နည်းတူဟောသည်။)

“အာနန္ဒာ၊ ဤသို့ ရှုမြင်သော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏။....ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် လွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ် ဖြစ်၏။

# ၂။ ရာဓသံယုတ်

[ရှင်ရာဓအား ဟောကြားချက်များ]

## ၁။ ပထမဝဂ်

### ၁။ မာရသုတ်

[သေခြင်း ဖြစ်ပုံ]

၁၆၀။ အခါတပါး၌ ရှင်ရာဓသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ သေခြင်း၊ သေခြင်းဟုဆိုရာ၌ အဘယ်မျှဖြင့် သေခြင်းသည် ဖြစ်ပါသနည်း' ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်းဖြေကြားလေသည်။

"ရာဓ၊ ရုပ်ရှိသော် သေခြင်းသည်လည်းကောင်း၊ သေစေသူသည်လည်းကောင်း၊ သေသူသည်လည်းကောင်း ဖြစ်၏။ ထို့ကြောင့် သင်သည် ရုပ်ကို သေခြင်းဟု ရှုလော့၊ သေစေသူ၊ သေသူဟု ရှုလော့။ အနာ၊ပြောင့်၊ဆင်းရဲ၊ ဆင်းရဲကြောင်း ရှုလော့၊ ရုပ်ကို ဤသို့ ရှုသူတို့သည် ကောင်းစွာ ရှုမြင်သူမည်ကုန်၏"

(ဝေဒနာစသည်၌ နည်းတူဟော၏။)

"အရှင်ဘုရား၊ ကောင်းစွာရှုမြင်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ရာဓ၊ ကောင်းစွာရှုမြင်ခြင်းသည် ငြီးငွေ့ခြင်း အကျိုးရှိ၏"

"အရှင်ဘုရား၊ ငြီးငွေ့ခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ရာဓ၊ ငြီးငွေ့ခြင်းသည် တပ်မက်မှုကင်းခြင်း အကျိုးရှိ၏"

"အရှင်ဘုရား၊ တပ်မက်မှုကင်းခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ရာဓ၊ တပ်မက်မှုကင်းခြင်းသည် လွတ်မြောက်ခြင်းအကျိုးရှိ၏"

"အရှင်ဘုရား၊ လွတ်မြောက်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ရာဓ၊ လွတ်မြောက်ခြင်းသည် ငြိမ်းအေးခြင်းအကျိုးရှိ၏"

"အရှင်ဘုရား၊ ငြိမ်းအေးခြင်းသည် အဘယ်အကျိုးရှိပါသနည်း"

"ရာဓ၊ သင်သည် ပြဿနာကို လွန်သွားလေပြီ၊ သင်သည် ပြဿနာ၏ အဆုံးကို ယူခြင်းငှာ မစွမ်းနိုင်ခဲ့။ ရာဓ၊ အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ငြိမ်းအေးခြင်းနိဗ္ဗာန်၌ အကျုံးဝင်၏။ နိဗ္ဗာန်လျှင် လဲလျောင်းရာ ရှိ၏။ နိဗ္ဗာန်လျှင် အဆုံးသတ်ရှိ၏"

## ၂။ သတ္တသုတ်

[သတ္တဝါဟု ခေါ်ခြင်းအကြောင်း]

၁၆၁။ "အရှင်ဘုရား၊ သတ္တဝါ၊ သတ္တဝါဟု ဆိုရာ၌ အဘယ်မျှဖြင့် သတ္တဝါဟု ဆိုအပ်ပါသနည်း"

"ရာဓ၊ ရုပ်၌လိုချင်ခြင်း၊ တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ ဆာလောင်ခြင်းကို ထိုရုပ်၌ ကပ်ငြိတတ်သောကြောင့် သတ္တဝါဟု ဆိုအပ်၏"

(ဝေဒနာစသည်၌ နည်းတူဟော၏။)

"ရာဓ၊ မြေအိမ်ငယ်တို့ဖြင့် ကစားသော သားငယ် သမီးငယ်တို့သည် ထိုမြေအိမ်ငယ်တို့၌ တပ်မက်မှုမကင်းသေးသမျှ ကာလပတ်လုံး ထိုမြေအိမ်ငယ်တို့ကို တွယ်တာမြတ်နိုးကြကုန်၏။ ထိုမြေအိမ်ငယ်တို့၌ တပ်မက်မှုကင်းသောအခါ၌ကား ထိုမြေအိမ်ငယ်တို့ကို လက်ခြေတို့ဖြင့် ဖရိုဖရဲကြဲကာ ဖျက်ဆီးပင်ကြကုန်၏။ ရာဓ၊ ထို့အတူပင် သင်တို့သည်လည်း ရုပ်ဝေဒနာစသည်တို့ကို ဖရိုဖရဲကြဲပစ်ကြကုန်လော၊ ဖျက်ဆီးပစ်ကြကုန်လော၊ တဏှာကုန်ခြင်းငှာ ကျင့်ကြကုန်လော။ ရာဓ၊ တဏှာကုန်ခြင်းကား နိဗ္ဗာန်ပင်ဖြစ်၏"

## ။ ဘဝနေတ္တိသုတ်

[ဘဝနေတ္တိကြိုးဟု ဆိုအပ်သောတရား]

၁၆၂။ "အရှင်ဘုရား၊ ဘဝနှောင်ကြိုး၊ ဘဝနှောင်ကြိုးဟု ဆိုရာ၌ အဘယ်သည် ဘဝနှောင်ကြိုး မည်ပါသနည်း၊ အဘယ်သည် ဘဝနှောင်ကြိုး၏ ချုပ်ရာဖြစ်ပါသနည်း"

"ရာဓ၊ ရုပ်၌လိုချင်ခြင်း၊ တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ ဆာလောင်ခြင်း၊ ကပ်ရောက်စွဲယူခြင်း၊ စိတ်ကို ဆောက်တည်ခြင်း၊ မှားသောအားဖြင့် နှလုံးသွင်းခြင်းဟူသော အနုသယတို့ကို ဘဝနှောင်ကြိုးဟု ဆိုအပ်၏။ ထိုရုပ်၌ လိုချင်ခြင်း၊ တပ်မက်ခြင်း စသည်တို့၏ ချုပ်ရာကို ဘဝနှောင်ကြိုး၏ ချုပ်ရာဟု ဆိုအပ်၏။

(ဝေဒနာစသည်၌ နည်းတူဟော၏။)

၁၆၃။ ပရိညေယျသုတ်၌ ရုပ်ဝေဒနာစသည်တို့သည် ပိုင်းခြား၍ သိအပ်သော တရားမည်၏။ ရာဂ၊ ဒေါသ၊ မောဟတို့၏ ကုန်းကြောင်းဖြစ်သော မဂ်ဉာဏ်သည် ပိုင်းခြား၍ သိတတ်သောတရား မည်၏။ ရဟန္တာသည် ပိုင်းခြား၍ သိပြီးသော ပုဂ္ဂိုလ်မည်၏ ဟု ရှင်ရာဓအား ဟောကြားသည်။

၁၆၄။ သမဏသုတ်၌ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာ တို့ကို ဟုတ်တိုင်းမှန်စွာမသိသော ပုဂ္ဂိုလ်တို့ကို စင်စစ် သမဏဗြာဟ္မဏ ဟု မဆိုထိုက်။ ထိုသူတို့သည် သမဏဗြာဟ္မဏဖြစ်ခြင်း၏အကျိုးကိုလည်း မျက်မှောက်ဘဝ၌ ခံစား၍ မနေနိုင်၊ အထက်ပါတရားများကို ဟုတ်တိုင်း မှန်စွာသိသော ပုဂ္ဂိုလ်တို့ကိုသာလျှင် စင်စစ် သမဏဗြာဟ္မဏ ဟုဆိုထိုက်၏။ ထိုသူတို့သည်သာလျှင် မျက်မှောက်ဘဝမှာပင် သာမဏဗြာဟ္မဏဖြစ်ခြင်း၏ အကျိုးကို ခံစား၍ နေနိုင်ကုန်၏ ဟူ၍ ရှင်ရာဓအား ဟောကြားသည်။

၁၆၅။ ဒုတိယ သမဏသုတ်၌ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း နှင့် သာယာဖွယ်စသည်တို့ကို သိမသိဖြင့် ဟောသည်။

၁၆၆။ သောတာပန္နသုတ်၌ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်သွားခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာသိသော အရိယာတပည့်ကို ပျက်စီး၍ ကျရောက်ခြင်းသဘောမရှိသော၊ ကိန်းသေ မြဲသော၊ အထက်မဂ်ဉာဏ်လျှင်လဲလျောင်းရာရှိသော သောတာပန်ဟုဆိုအပ်ကြောင်း ဟောသည်။

၁၆၇။ အရဟန္တသုတ်၌ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်သွားခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာသိ၍ ဘာစိုတခုသော တရားကိုမျှမစွဲယူပဲ ကိလေသာတို့မှ လွတ်မြောက်သွားသော ပုဂ္ဂိုလ်ကို အာသဝကုန်ပြီးသော ရဟန္တာဟု ဆိုအပ်ကြောင်းဟောသည်။

၁၆၈-၁၆၉။ ဆန္ဒရာဂသုတ် နှင့် ဒုတိယ ဆန္ဒရာဂသုတ်တို့သည် အမှတ်စဉ် ၁၁၁- ၁၁၂ မှ ဆန္ဒပဟာနသုတ်တို့နှင့် တူ၏။

## ၂။ ဒုတိယဝဂ်

### ၁။ မာရသုတ်

### [သေခြင်းမည်သောတရား]

၁၇၀။ "အရှင်ဘုရား၊ သေခြင်း၊ သေခြင်းဟုဆိုရာ၌ အဘယ်တရားသည် သေခြင်းမည်ပါနည်း"

"ရာဓ၊ရုပ်သည်သေခြင်းမည်၏၊....ဝိညာဏ်သည်သေခြင်းမည်၏။ရာဓ၊ဤသို့ရှုမြင်သော အရိယာတပည့်သည် ရုပ်၌လည်းငြီးငွေ့၏။....ဝိညာဏ်၌လည်းငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှု ကင်းခြင်းကြောင့် လွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။

၁၇၁-၁၈၁။ မာရဓမ္မသုတ် မှ နိရောဓဓမ္မသုတ် အထိ (၁၁)သုတ်တို့မှာ 'သေခြင်းသဘောရှိသော တရား၊ မမြဲသောတရား၊ မမြဲခြင်း သဘောရှိသော တရား' စသည်ဖြင့် ဝေါဟာရပြောင်း၍ ဟောခြင်းသာ ထူးပါသည်။

## ၃။ အာယာစနဝဂ်

### ၁။ မာရသုတ်

### [သေခြင်းမည်သောတရား၌ဆန္ဒကိုပယ်အောင်ကြောင်း]

၁၈၂။ အခါတပါး၌ ရှင်ရာဓသည် ဗုဒ္ဓထံချဉ်းကပ်၍ 'မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါ၊ တပည့်တော်

သည် တရားကို နားပြီး မမေ့မလျော့ အားထုတ်လျက်တပါးတည်း နေလို ပါသည်'ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်းမိန့်ကြားတော်မူ၏။

"ရာဓ၊ သင်သည် သေခြင်းမည်သော တရား၌ ဆန္ဒရာဂကို ပယ်အပ်၏။ သေခြင်းမည်သော တရားဟူသည် အဘယ်နည်းဆိုသော် ရုပ်ဝေဒနာစသည်တို့ပင်ဖြစ်၏"

၁၀၃-၁၉၃။ မာရဓမ္မသုတ်စသော (၁၁)သုတ်ကို အထက်သုတ်နည်းတူ ဟောကြားသည်။

၁၉၄-၂၀၅။ ဥပနိသိန္နဝဂ်လာ (၁၂)သုတ်မှာ ရှင်ရာဓက မေတောင်းပန်ပဲ ဗုဒ္ဓကအလိုအလျောက် ဟောကြားသောသုတ်များဖြစ်၏။ အာယာစနဝဂ်လာ သုတ်များနှင့် ဟောကြားချက်အတူပင်ဖြစ်ပေသည်။

# ၃။ ဒိဋ္ဌိသံယုတ်

[အယူမှားခြင်းနှင့်စပ်သော ဟောကြားချက်များ]

## ၁။ သောတာပတ္တိဝဂ်

### ၁။ ဝါတသုတ်

[လေတိုက်ခြင်း၌ အမြင်မှားပုံ]

၁။ 'အဘယ်တရားရှိသော်၊ အဘယ်တရားကိုစွဲ၍ အဘယ်တရားကို မှားသောအားဖြင့် နှလုံးသွင်း၍ လေတို့သည်မတိုက်၊ မြစ်တို့သည်မစီး၊ ကိုယ်ဝန်ဆောင် မိန်းမတို့သည် သားမဖွား၊ လနှင့်နေတို့သည် မထွက်မဝင်၊ တံခါးတိုင်ကဲ့သို့ ခိုင်မြဲစွာ တည်နေနိုင်၏' ဟူသော အယူသည် ဖြစ်သနည်းဟု ဗုဒ္ဓက ရဟန်းတို့အားမေးတော်မူသည်။ ထိုအကြောင်းကို ဗုဒ္ဓကိုယ်တော်တိုင်ပင် ဖြေဆို ဟောကြားရန် ရဟန်းတို့က ဘောင်းပန်ကြသည်။ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"ရဟန်းတို့၊ ရုပ်ရှိသော် ရုပ်ကိုစွဲ၍ ရုပ်ကိုမှားသောအားဖြင့် နှလုံးသွင်း၍ လေတို့သည်မတိုက်၊ မြစ်တို့သည်မစီး စသောအယူသည် ဖြစ်၏"

"ရဟန်းတို့၊ ရုပ်သည် မြဲသလော၊ မမြဲသလော"

"မမြဲပါဘုရား"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော တရားကိုအစွဲမပြုပဲ လေတို့သည်မတိုက်၊ မြစ်တို့သည်မစီးစသော အယူသည် ဖြစ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါဘုရား"

(ဝေဒနာစသည်၌ နည်းတူဟော၏)

"ရဟန်းတို့၊ မြင်အပ်၊ ကြားအပ်၊ တွေ့အပ်၊ သိအပ်၊ ရောက်အပ်၊ ရှာမှီးအပ်၊ စိတ်ဖြင့် သုံးသပ်အပ်သောအာရုံသည် မြဲသလော၊ မမြဲသလော"

"မမြဲပါဘုရား"

"မမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော"

"ဆင်းရဲဖြစ်ပါသည်ဘုရား"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော တရားကိုအစွဲမပြုပဲ 'လေတို့သည်မတိုက်၊ မြစ်တို့သည်မစီး'စသော အယူသည် ဖြစ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါဘုရား"

"ရဟန်းတို့၊ ဤအရာတို့၌ ယုံမှားခြင်းကိုပယ်ပြီးသော အရိယာတပည့်အား ဆင်းရဲခြင်း၊ ဆင်းရဲခြင်းဖြစ်ကြောင်း စသည်တို့၌လည်း ယုံမှားခြင်းကိုပယ်ပြီးဖြစ်၏။ ထိုအရိယာတပည့်ကို ပျက်စီး၍ ကျရောက်ခြင်းသဘောမရှိသော၊ ကိန်းသေမြဲသော အထက်မဂ်ဉာဏ်လျှင် လဲလျောင်းရာရှိသော သောတာပန်ဟုဆိုအပ်၏"

## (၂) ၄။ တော မမသုတ်စသည်

[ငါဟာ ငါစသောအယူများဖြစ်ပုံ]

၂၀၇-၂၀၈။ တော်မမသုတ်၌ 'ငါဟာ၊ ငါ၊ ငါ၏အတ္တ' ဟူသော အယူသည် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်ကြောင်း ဟောသည်။ သောအတ္တာသုတ်၌ 'ထိုအတ္တလောကသည်ပင် ခိုင်မြဲတည်တံ့လျက် ဖောက်ပြန် ပြောင်းလဲခြင်းမရှိပဲ၊ တမလွန်ဘဝ၌ ဖြစ်လိမ့်မည်'ဟူသော အယူသည် ခန္ဓာငါးပါးကို စွဲ၍ ဖြစ်ကြောင်း ဟောသည်။ နောစမေသိယာသုတ်၌ 'ငါဟူ၍မဖြစ်ခဲ့လျှင် ငါ၌ဥစ္စာဟူ၍မဖြစ်ရာ၊ ငါမဖြစ်တော့လတ္တံ့ ဟုဆိုလျှင် ငါ၌ဥစ္စာဟူ၍မဖြစ်တော့လတ္တံ့' ဟူသောအယူသည် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်ကြောင်းဟောသည်။

## ၅။ နတ္ထိဒိန္နသုတ်

[ပေးလှူခြင်းမရှိဟူသော အယူဖြစ်ပုံ]

၂၁၀။ ပေးလှူခြင်းသည်မရှိ၊ ယစ်ပူဇော်ခြင်းသည်မရှိ၊ ဟုန်းပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည်မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည်မရှိ၊ အမိအဖသည်မရှိ၊ သေပြီး တဖန်ဖြစ်သော သတ္တဝါမရှိ၊ ဤလောကကိုလည်းကောင်း၊ တပါးသောလောကကိုလည်းကောင်း၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍မျက်မှောက်ပြုကာ ဟောကြားနိုင်သော အကျင့်ကောင်းသည့် ရဟန်းပုဏ္ဏားတို့သည် လောက၌မရှိ၊ ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏။ သေသောအခါ (ထိုသတ္တဝါ၏ကိုယ်မှ) မြေဓာတ်သည် (အပြင်လောကရှိ) မြေဓာတ်အစုအဝေးသို့ ဆိုက်ရောက်၏။ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တို့သည်လည်း သက်ဆိုင်ရာ ဓာတ်အစုသို့ဆိုက်ရောက်ကုန်၏။ နာမ်ဣန္ဒြေတို့သည် ကောင်းကင်သို့ပြောင်းရွှေ့ကုန်၏။ ညောင်စောင်းလျှင် ငါးခုမြောက်သော ယောကျာ်းတို့သည် သူသေကောင်ကို ယူ၍သွားကုန်၏။ သင်္ချိုင်းတိုင်အောင်သူသေကောင်တို့သည် ထင်ကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာလျှင် အဆုံးရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏။ ပေးလှူခြင်း စသည်ရှိ၏ဟု ဆိုသူတို့၏ စကားသည် အချည်းအနှီးသာဖြစ်၏။ လှဲမှား၏။ ကယောင်ကတမ်း ပြောဆိုသောစကားသည် ဖြစ်၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်၏။ သေပြီးနောက်၌ မဖြစ်တော့ဟူသော အယူသည် ခန္ဓာငါးပါးကို စွဲ၍ဖြစ်နိုင်ကြောင်း ဟောကြားသည်။

## ၆။ ကရောတောသုတ်

[ကောင်းမှု မကောင်းမှု မရှိဟူသောအယူဖြစ်ပုံ]

၂၁၁။ "သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ခိုးဝှက်လုယက်ခြင်း၊ မုသားပြောခြင်း စသောအမှုတို့ကို ကိုယ်တိုင်ပြုလုပ်သူသည်လည်းကောင်း၊ သူတပါးတို့ကို ပြုလုပ်စေသူသည်လည်းကောင်း မကောင်းမှုကိုပြုရာမရောက်။ မြေပြင်ရှိသတ္တဝါ အားလုံးကို သင်မုန်းဓားစက်ဖြင့် သတ်ဖြတ်၍ အသား၊ အသားပုံဖြစ်အောင် ပြုလုပ်စေကာမူ မကောင်းမှုမဖြစ်၊ သတ်ဖြတ်ညှဉ်းဆဲခြင်းပြုလျက်

ဂင်္ဂါမြစ်၏တောင်ဘက်ကမ်းသို့သွားစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမဖြစ်၊ ပေးလှူခြင်း၊ ပူဇော်ခြင်းပြုလျက် ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့ သွားစေကာမူ ထိုအကြောင်းကြောင့် ကောင်းမှုမဖြစ်။ ပေးလှူခြင်း၊ လူတို့ကိုဆုံးမခြင်း၊ ကိုယ် နှုတ် စောင့်စည်းခြင်း၊ မှန်သောစကားကို ဆိုခြင်းတို့ကြောင့် ကောင်းမှုမဖြစ်''ဟူသော အယူသည် ခန္ဓာငါးပါးကို စွဲ၍ဖြစ်ပေါ်ကြောင်း ဟောကြားသည်။

## ၇။ ဟေတုသုတ်

[အကြောင်းမရှိဟူသော အယူဖြစ်ပုံ]

၂၁၂။ ''သတ္တဝါတို့အား ညည်းညူရန်အကြောင်းမရှိ၊ သတ္တဝါတို့သည် အကြောင်းမရှိပဲ ညည်းညူကြကုန်၏။ သတ္တဝါတို့အား စင်ကြယ်ရန်အကြောင်းမရှိ၊ သတ္တဝါတို့သည် အကြောင်းမရှိပဲ စင်ကြယ်ကြကုန်၏။ အားအစွမ်း ဝီရိယဟူ၍ မရှိ၊ ယောကျ်ားတို့အင်အား၊ ယောကျ်ားတို့၏အားထုတ်မှုဟူသည် မရှိ၊ သတ္တဝါအားလုံးတို့သည် အားအစွမ်း ဝီရိယမရှိကုန်ပဲ အစဉ်အလာ၊ ဆုံဆည်းခြင်း၊ ပင်ကိုသဘာဝ အားလျော်စွာ ပြောင်းလဲကုန်လျက် ခြောက်ပါးသော အမျိုးဇာတ်တို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကြရကုန်၏'' ဟူသောအယူသည် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်ပေါ်ကြောင်းဟောကြားသည်။

## ၈။ မဟာဒိဋ္ဌိသုတ်

[အယူမှားကြီးတမျိုးဖြစ်ပေါ်ပုံ]

၂၁၃။ ''မြေ၊ ရေ၊ မီး၊ လေ၊ သုခ၊ ဒုက္ခ၊ ဇီဝအားဖြင့် ခုနစ်ပါးသော ကာယတို့သည် တစုံတဦးက ပြုလုပ် ဖန်ဆင်းထားသော အရာများမဟုတ်၊ မြုံသောအရာများဖြစ်၏။ တောင်ထွတ်ကဲ့သို့လည်းကောင်း၊ တံခါးတိုင်ကဲ့သို့လည်းကောင်း တည်မြဲသော အရာများ ဖြစ်၏။ ထိုအရာတို့သည် မတုန်လှုပ်၊ မဖောက်ပြန်၊ အချင်းချင်းမထိခိုက်၊ တပါးသည် တပါးအား ချမ်းသာစေခြင်းငှာလည်းကောင်း၊ ဆင်းရဲစေခြင်းငှာလည်းကောင်း မစွမ်းဆောင်နိုင်၊ ထက်သောဓားဖြင့် ခေါင်းကိုဖြတ်စေကာမူ တစုံတယောက်သော

သူ၏ အသက်ကိုသတ်သည်မမည်၊ ခါးသည် ခုနစ်ပါးသော ကာယတို့၏ကြား သို့သာလျှင် ဝင်သွား၏။ လှမိုက်ဖြစ်စေ၊ လူလိမ္မာဖြစ်စေ၊ မဟာကပ်ပေါင်း ရှစ်သန်းလေးသိန်းတိုင်အောင် ဤသံသရာ၌ ကျင်လည်ပြေးသွားပြီး ဒုက္ခကုန် ဆုံးခြင်းကိုပြု၏။ အကျင့်သီလဖြင့် မရင့်ကျက်သေးသောကံကို ရင့်ကျက်စေခြင်း ငှာလည်းကောင်း၊ ရင့်ကျက်ပြီးသောကံကို ချေဖျက်ခြင်းငှာလည်းကောင်း မစွမ်းနိုင်၊ ချမ်းသာဆင်းရဲသည် ခွက်ဖြင့်ခြင်ထားသကဲ့သို့ ဖြစ်၏။ သံသရာသည် ပြုအပ်ပြီးသော အဆုံး အပိုင်းအခြားရှိ၏။ အတိုးအဆုတ်မရှိ''ဟူသော အယူ သည် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်ကြောင်း ဟောကြားသည်။

## (၉) ၁၈။ သဿတဒိဋ္ဌိသုတ်စသည်

### [လောကသည်မြဲ၏ စသောအယူများဖြစ်ပုံ]

၂၁၄-၂၂၃။ လောကသည် မြဲ၏ဟူသော သဿတဒိဋ္ဌိ၊ လောကသည်မမြဲ ဟူသော အသဿတဒိဋ္ဌိ၊ လောကသည် အဆုံးရှိ၏ ဟူသော အန္တဝါဒိဋ္ဌိ၊ လောကသည် အဆုံးမရှိဟူသော အနန္တဝါဒိဋ္ဌိစသည်တို့သည် ခန္ဓာငါးပါးကို စွဲ၍ဖြစ်ပေါ်ကြောင်း ဟောကြားသည်။

## ၂။ ဒုတိယဂမနဝဂ်

## (၁) ၁၈။ ဝါတသုတ်စသည်

### [လေတိုက်ခြင်းစသည်၌ အမြင်မှားပုံ]

၂၂၄-၂၄၁။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါး ရှိသော် ယင်းတို့ကိုစွဲ၍ 'လေတို့သည်မတိုက်၊ မြစ်တို့သည်မစီး' စသော အယူမှား ဖြစ်ပေါ်ကြောင်း မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော ခန္ဓာငါးပါးကို အစွဲမပြုပဲ ထိုကဲ့သို့သော အယူမှားသည် မဖြစ်ပေါ်နိုင်ကြောင်း မိန့်ကြားပြီး အဆုံးသတ်၌ ရဟန်းတို့၊ ဤသို့လျှင် ဒုက္ခရှိသော် ဒုက္ခကိုအစွဲပြု၍ 'လေ တို့သည်မတိုက်၊ မြစ်တို့သည်မစီး စသော အယူသည် ဖြစ်ပေါ်၏' ဟူသော ဟောကြားခြင်းသာ ယခင်ဝါတသုတ်နှင့် ထူးခြားသည်။ တော် မမသုတ်စသော နောက်သုတ်များလည်း ထိုနည်းတူပင်ဖြစ်၏။

## (၁၉) ၂။ ရူပီအတ္တာသုတ်စသည်

### [အတ္တသည်ရုပ်ရှိ၏ စသောအယူများဖြစ်ပုံ]

၂၄၂-၂၄၉။ အတ္တသည် ရုပ်ရှိသောတရားဖြစ်၏၊ အတ္တသည်ရုပ်မရှိသော တရားဖြစ်၏။ အတ္တသည် ရုပ်ရှိသည်လည်းဟုတ်၊ ရုပ်မရှိသည်လည်းဟုတ်။ အတ္တသည်ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိသည်လည်းမဟုတ်။ သေပြီးနောက်၌ မပျက်စီး။ အတ္တသည် စင်စစ် ချမ်းသာခြင်းရှိ၏။ အတ္တသည် စင်စစ် ဆင်းရဲခြင်းရှိ၏။ အတ္တသည် ချမ်းသာခြင်းလည်းရှိ ၊ ဆင်းရဲခြင်းလည်းရှိသောတရား ဖြစ်၏။ အတ္တသည် ဆင်းရဲခြင်းလည်းမရှိ ချမ်းသာခြင်းလည်းမရှိသော တရား ဖြစ်၏။ သေပြီးနောက်၌ မပျက်စီးဟူသော အယူများသည် ခန္ဓာငါးပါးကို စွဲ၍ဖြစ်ပေါ်ကြောင်း ဟောကြားသည်။

၂၅၀-၂၇၅။ တဘိယဂမနဝဂ် ၂၆သုတ်တို့၌ 'လေတို့သည်မတိုက်၊ မြစ်တို့ သည် မစီး စသော အယူသည် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်ပေါ်၏။ ခန္ဓာငါးပါး သည် မမြဲသော၊ ဆင်းရဲသောတရားဖြစ်၏။ ဆင်းရဲသောတရားရှိခဲ့သော် ယင်း ကိုစွဲ၍ 'လေတို့သည်မတိုက်၊ မြစ်တို့သည်မစီး' စသောအယူသည် ဖြစ်ပေါ် ကြောင်း ဟောကြားသည်။

၂၇၆-၃၀၁။ စတုတ္ထဂမနဝဂ် ၂၆သုတ်တို့၌ 'လေတို့သည်မတိုက်၊ မြစ်တို့ သည် မစီး'စသောအယူသည် ခန္ဓာငါးပါးကိုစွဲ၍ဖြစ်ပေါ်၏။ ထိုခန္ဓာငါးပါး သည် မမြဲ၊ မမြဲသောတရားသည် ဆင်းရဲ၏။ ဤသို့မမြဲသော၊ ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော တရားကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ ရှုခြင်းငှာမသင့်၊ ထို့ကြောင့် ရုပ်ဟူသမျှကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်'ဟူ၍ ပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်အပ်၏။ ယင်းသို့ရှုသော အရိယာသာဝကသည် ခန္ဓာငါးပါးတို့၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ် မြောက်၏ ဟူ၍ ဟောကြားတော်မူသည်။

# ၄။ ဩက္ကန္တသံယုတ်

[မြဲသောသဘောသို့ သက်ရောက်ခြင်းနှင့်စပ်သောဟောကြားချက်များ]

## ၁။ စက္ခုသုတ်

[မျက်စိစသည့်တို့၏ မမြဲခြင်းသဘောကို သိမြင်သူ]

၃၀၂။ ရဟန်းတို့၊ မျက်စိသည်မမြဲ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် သည်မမြဲ။ ဖောက်ပြန်ခြင်းသဘောရှိ၏။ တပါးသောအခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ ရဟန်းတို့၊ အကြင်သူသည် ဤတရားတို့ကို ဤသို့အနိစ္စသောအားဖြင့် သက်ဝင်ယုံကြည်၏။ ထိုသူကို သဒ္ဓါသို့အစဉ်လျှောက်၍ မှန်သော သဘောအားဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့၏ ဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့၏ဘုံကို လွန်မြောက်သူဟုဆိုအပ်၏။ ထိုသူသည် ငရဲ တိရစ္ဆာန် ပြိတ္တာဘုံသို့ ရောက်စေနိုင်သောကံကို ပြုခြင်းငှာ မထိုက်တော့၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုပဲ ကွယ်လွန်ခြင်းငှာသည်း မထိုက်တော့ချေ။

"ရဟန်းတို့၊ အကြင်သူသည် ဤမျက်စိ နား စသော တရားတို့ကို မမြဲခြင်း စသော အခြင်းအရာအားဖြင့် ပညာဖြင့်ရှုခြင်းငှာ စွမ်းနိုင်၏။ ထိုသူကို ဓမ္မသို့အစဉ်လျှောက်၍ မှန်သောသဘောအားဖြင့် မြဲခြင်းသို့သက်ဝင်သူ၊ သူတော်ကောင်းဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်ဘုံကို လွန်မြောက်သူဟုဆိုအပ်၏၊ ထိုသူသည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံသို့ ရောက်စေနိုင်သောကံကိုပြုခြင်းငှာ မထိုက်တော့၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုပဲ ကွယ်လွန်ခြင်းငှာလည်း မထိုက်တော့ချေ။

"ရဟန်းတို့၊ အကြင်သူသည် ဤမျက်စိ နား စသော တရားတို့ကို ဤ မမြဲခြင်းစသော အခြင်းအရာအားဖြင့် သိမြင်၏။ ထိုသူကိုပျက်စီး၍ ကျရောက် ခြင်းသဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက်မဂ်ဉာဏ်လျှင် လဲလျောင်း ရာရှိသော သောတာပန် ဟူ၍ဆိုအပ်၏။

## (၂) ၁၀။ ရူပသုတ်စသည်

[အဆင်းစသည်တို့၏ မမြဲခြင်းသဘောကိုသိမြင်သူ]

၃၀၃-၃၁၁။ အဆင်း၊အသံစသော အာရုံ၆-ပါး၊ စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်စသော ဝိညာဏ်၆ပါး၊ စက္ခုသမ္ဖဿစသော ဖဿ၆ပါး၊ စက္ခုသမ္ဖဿ ကြောင့် ဖြစ်သော ဝေဒနာစသော ဝေဒနာ ၆ပါး၊ အဆင်း၌မှတ်ခြင်း ရူပ သညာ၊ အသံ၌မှတ်ခြင်း သဒ္ဒသညာစသောသညာ၆ပါး၊ အဆင်း၌စေ့ဆော် ခြင်း ရူပသဉ္စေတနာ၊ အသံ၌စေ့ဆော်ခြင်း သဒ္ဒသဉ္စေတနာ စသောစေတနာ ၆ပါး၊ အဆင်း၌ တပ်မက်ခြင်း ရူပတဏှာ၊ အသံ၌တပ်မက်ခြင်း သဒ္ဒတဏှာ၊ စသော တဏှာခြောက်ပါး၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊အာကာသ ဝိညာဏဟူသော ဓာတ်၆ပါး၊ ရုပ်၊ ဝေဒနာစသော ခန္ဓာငါးပါး တို့ဖြင့် လည်း စက္ခုသုတ်နည်းတူဟောကြားသည်။

# ၅။ ဥပ္ပါဒသံယုတ်

[ဒုက္ခဖြစ်ပေါ်ခြင်းနှင့်စပ်သော ဟောကြားချက်များ]

## ၁။ စက္ခုသုတ်

[မျက်စိသည် ဒုက္ခဖြစ်ကြောင်း ဖြစ်ပုံ]

၃၁၂။ ရဟန်းတို့၊ မျက်စိ၏ ဖြစ်ခြင်း၊ တည်ခြင်း၊ အသစ်ဖြစ်ခြင်း၊ ထင်ရှား ပေါ်လွင်လာခြင်းသည် ဆင်းရဲ၏ ဖြစ်ခြင်း၊ ရောဂါတို့၏ တည်ခြင်း၊ အိုခြင်း၊ သေခြင်းတို့၏ ထင်ရှားပေါ်လာခြင်းပင် ဖြစ်၏။ ရဟန်းတို့ မျက်စိ၏ ချုပ်ခြင်း၊ ငြိမ်းခြင်း၊ ကွယ်ပျောက်သွားခြင်းသည် ဆင်းရဲ၏ ချုပ်ခြင်း၊ ရောဂါတို့၏ ငြိမ်းခြင်း၊ အိုခြင်း၊ သေခြင်းတို့၏ ကွယ်ပျောက်သွားခြင်းပင် ဖြစ်၏။

(နားစသည်တို့၌လည်း နည်းတူဟော၏)

၃၁၃-၃၂၁။ ရူပသုတ်၊ ဝိညာဏသုတ် စသော သုတ် (၉) သုတ်မှာလည်း စက္ခုသုတ်နည်းတူပင် ဖြစ်ပါသည်။

# ၆။ ကိလေသသံယုတ်

[ကိလေသာနှင့်စပ်သော ဟောကြားချက်များ]

## ၁။ စက္ခုသုတ်

[မျက်စိသည် စိတ်ညစ်ညူးကြောင်း ဖြစ်ပုံ]

၃၂၂။ ရဟန်းတို့၊ မျက်စိ၌ လိုချင်တပ်မက်ခြင်းသည် စိတ်၏ ညစ်ညူးမှု ဖြစ်၏။ ....စိတ်၌လိုချင်တပ်မက်ခြင်းသည်စိတ်၏ညစ်ညူးမှု ဖြစ်၏။ ရဟန်းတို့ ဤခြောက်ပါးသော အရာတို့၌ စိတ်ညစ်ညူးမှုကို ပယ်ပြီးသော ရဟန်း၏ စိတ်သည် ထွက်မြောက်မှုသို့ ကိုင်းညွတ်၏။ ထွက်မြောက်မှုဖြင့် ထုံအပ်သော စိတ်သည် အသိဉာဏ်ထူးဖြင့် မျက်မှောက်ပြုအပ်သော တရားတို့၌ ခံ့ကျန်း သည်ဖြစ်၍ ထင်၏။

၃၂၃–၃၃၁။ ရူပသုတ်၊ ဝိညာဏသုတ် စသော သုတ် (၉) သုတ်မှာ လည်း စက္ခုသုတ်နှင့် အလားတူပင် ဖြစ်သည်။

# ၇။ သာရိပုတ္တသံယုတ်

[ရှင်သာရိပုတ္တရာ၏ ဟောကြားချက်များ]

## ၁။ ဝိဝေကဇသုတ်

[ကိလေသာကင်းဆိတ်သော နေခြင်း]

၃၃၂။ ရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တနေ့သ၌ မြို့တွင်းသို့ ဆွမ်းခံကြွပြီး ဆွမ်းကိစ္စပြီးသောအခါ အန္ဓဝန်တောအုပ်ထဲသို့ဝင်၍ တခုသောသစ်ပင်ရင်း၌ နေ့သန့်ဇင်ကာ ထိုင်နေတော်မူ၏။ ညနေပိုင်းသို့ ရောက်သောအခါ နေ့သန့်ရာမှထ၍ ဇေတဝန်ကျောင်းသို့ ကြွသွားလေသည်။ ထိုအခါ ရှင်အာနန္ဒာသည် အဝေးမှ ကြွလာသော ရှင်သာရိပုတ္တရာကိုမြင်၍ ဤသို့ မေးလျှောက်လေသည်။

"အရှင်သာရိပုတ္တရာ၊ အရှင်၏ ဣန္ဒြေတို့သည် ကြည်လင်လှပါကုန်၏။ အရှင်၏ မျက်နှာအဆင်းသည်လည်း သန့်ရှင်းဖြူစင်လှပါ၏။ အရှင်သည် ယနေ့ အဘယ်သို့သောနေခြင်းဖြင့် နေခဲ့ပါသနည်း။"

"ငါ့ရှင်အာနန္ဒာ၊ ငါသည် ကာမအာရုံတို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်းကင်းဆိတ်၍ ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်းရှိသော ပထမစျာန်ကို ဝင်စား၍ နေခဲ့၏။ ယင်းသို့နေသော ငါ့အား 'ငါသည် ပထမစျာန်ကို ဝင်စားဆဲ ဖြစ်၏' ဟူ၍လည်းကောင်း၊ 'ငါသည် ပထမစျာန်ကို ဝင်စားခဲ့သည်' ဟူ၍လည်းကောင်း၊ 'ငါသည် ပထမစျာန်မှ ထခဲ့ပြီ' ဟူ၍ လည်းကောင်း စိတ်အကြံသည် မဖြစ်ခဲ့ပေ။

"အရှင်သာရိပုတ္တရာ၊ စင်စစ် အရှင်သည် ရှည်မြင့်စွာသော ကာလမှစ၍ ငါ့ဟာ၊ ငါဟူသောထင်မှတ်မှု၊ မာန်ထောင်လွှားမှု၊ အနုသယတို့ကို အကြွင်းမဲ့

ပယ်အပ်ပြီး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ထိုကဲ့သို့သော စိတ်အကြံများ မဖြစ်ခဲ့ခြင်း ဖြစ်ပါသည်”

၃၃၃-၃၄၀။ အဝိတက္ကသုတ်မှ နိရောဓသမာပတ္တိသုတ်အထိ သုတ်ရှစ်ခုတို့၌ ဒုတိယစျာန် အစရှိသော ရူပစျာန် ၃ ပါး၊ အရူပစျာန် ၄ ပါး၊ နိရောဓသမာပတ်တို့ဖြင့် နေခဲ့ပုံကို ဝိဝေကဇသုတ်နည်းတူ ဖြေကြားသည်။

## ၁၀။ သုစိမုခိသုတ်

[သုစိမုခိပရိဗိုဇ်မ၏ မေးခွန်းကို ဖြေကြားခြင်း]

၃၄၁။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေသော ရှင်သာရိပုတ္တရာသည် တခုသောနံနက်တွင် မြို့တွင်း၌ဆွမ်းခံပြီး နံရံတခုကိုမှီကာ ဆွမ်းဘုဉ်းပေးနေ၏။ ထိုအချိန်တွင် သုစိမုခိမည်သော ပရိဗိုဇ်မတဦးရောက်လာပြီး ‘အိုရဟန်း၊ သင်သည် အောက်သို့ငုံ့၍စားပါသလော’ဟု မေးရာ ရှင်သာရိပုတ္တရာက ‘နှမ၊ ငါသည် အောက်သို့ငုံ့၍မစား’ဟု ဖြေ၏။ ‘အထက်သို့မော့၍ စားပါသလော၊ အရပ်လေးမျက်နှာသို့လှည့်၍ စားပါသလော၊ ထောင့်အရပ်များသို့လှည့်၍ စားပါသလော’ဟု မေးသောအခါ၌လည်း ထိုသို့မစားကြောင်း ဖြေကြား၏။

“အိုရဟန်း၊ သို့ဖြစ်လျှင် သင်သည် မည်ကဲ့သို့ စားပါသနည်း”

“နှမ၊ မြေယာအတတ်ဖြင့် အသက်မွေးခြင်းပြုသော ရဟန်းပုဏ္ဏားတို့ကို အောက်သို့ငုံ့၍စားသူများဟု ဆိုအပ်၏။ နက္ခတ်ပညာဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့ကို အထက်သို့မော့၍ စားသူများဟု ဆိုအပ်၏။ လူတို့အတွက် တမန်လုပ်ခြင်း၊ ခိုင်းစေရာသို့ သွားခြင်းဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍စားသူများဟု ဆိုအပ်၏။ အင်္ဂဝိဇ္ဇာပညာဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့ကို ထောင့်အရပ်များသို့လှည့်၍စားသူများဟု ဆိုအပ်၏။ နှမ၊ ငါသည်ကား မြေယာအတတ်၊ နက္ခတ်ပညာစသည်တို့ဖြင့် လွဲမှားသောအသက်မွေးခြင်းကို မပြု၊ တရားသဖြင့်သာ ဆွမ်းကိုရှာ၍ စား၏”

ရှင်သာရိပုတ္တရာ၏ ဖြေကြားချက်ကို ကြားရသောအခါ ပရိဗိုဇ်မ သည် ရာဇဂြိုဟ်ပြည်မြို့တွင်း၌ တလမ်းပြီးတလမ်း လှည့်လည်လျက် သကျပုတ္တ၏ တပည့်ဖြစ်သော ရဟန်းတို့သည် တရားနှင့်လျော်သော ဆွမ်းကိုစားကြကုန်၏။ အပြစ်ကင်းသောဆွမ်းကို စားကြကုန်၏။ သင်တို့သည် ထိုရဟန်းတို့အား ဆွမ်းကိုလှူကြကုန်လော’ဟု ကြွေးကြော်လေသည်။

# ၀။ နာဂသံယုတ်

[နဂါးတို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ သုဒ္ဓိကသုတ်

[နဂါးလေးမျိုးရှိကြောင်း]

၃၄၂။ နဂါးတို့သည် ဥဥ်ဖြစ်သော အဏ္ဍဇနဂါး၊ သားအိမ်၌ဖြစ်သော ဇလာဗုဇနဂါး၊ အညစ်အကြေး၌ဖြစ်သော သံသေဒဇနဂါး၊ ကိုယ်ထင်ရှား ဖြစ်သော ဩပပါတိက နဂါးဟူ၍ လေးမျိုးရှိကြောင်း ဟောကြားသည်။

## ၂။ ပဏီတတရသုတ်

[နဂါးအချင်းချင်း အမျိုးအားဖြင့်သာလွန်ပုံ]

၃၄၃။ နဂါး လေးမျိုးတို့တွင် အဏ္ဍဇ နဂါး တို့ထက် ဇလာဗုဇစသော နဂါးသုံးမျိုးက သာလွန်ကြောင်း၊ ဇလာဗုဇနဂါး တို့ထက် သံသေဒဇနှင့် ဩပပါတိက နဂါးတို့က သာလွန်ကြောင်း၊ သံသေဒဇ နဂါးတို့ထက် ဩပပါတိကနဂါးတို့က သာလွန်ကြောင်း ဟောသည်။

## ၃။ ဥပေါသထသုတ်

[နဂါးများဥပုသ်စောင့်ခြင်းအကြောင်း]

၃၄၄။ "အရှင်ဘုရား၊ အဏ္ဍဇ နဂါးတို့သည် အဘယ်ကြောင့် ဥပုသ်စောင့်ကြပါသနည်း၊ နဂါးတို့ကိုယ်ကို စွန့်ထားကြပါသနည်း"ဟု ရဟန်းတပါးက မေးလျှောက်ရာ ဗုဒ္ဓကအောက်ပါအတိုင်း ဖြေကြားလေသည်။

"ရဟန်း၊ ဤလောက၌ အချို့သော ဇင္ကာဇနဂါးတို့အား ဤသို့သော စိတ်အကြံသည်ဖြစ်၏။ 'ငါတို့သည် ရှေးအခါက ကိုယ်နှုတ်စိတ် သုံးပါးဖြင့် ကောင်းမှု မကောင်းမှု နှစ်ပါးစုံကို ပြုလုပ်ခဲ့ကြသဖြင့် သေသောအခါအဏ္ဍဇ နဂါးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ခဲ့ရကုန်၏။ အကယ်၍ ငါတို့သည် ယခုဘဝ၌ ကိုယ်နှုတ်စိတ် သုံးပါးဖြင့် ကောင်းသော အကျင့်ကို ကျင့်ခဲ့သော် သေသောအခါ နတ်ပြည်သို့ ရောက်ရာ၏။ ယခု ငါတို့သည် ကိုယ်နှုတ် စိတ် သုံးပါးဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်အံ့။

"ရဟန်း၊ ဤသို့စိတ်အကြံဖြစ်ခြင်းသည် အဏ္ဍဇနဂါးတို့ ဥပုသ်စောင့်ခြင်း၊ နဂါးကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းပေတည်း"

၃၄၁-၃၄၃။ ဒုတိယ၊ တတိယ၊ စတုတ္ထ ဥပေါသထသုတ်တို့၌ ဇလာဗုဇ စသော နဂါးသုံးမျိုးတို့ ဥပုသ်စောင့်ခြင်း အကြောင်းကို အသီးအသီးဟော ကြားသည်။

## ၃။ သုတသုတ်

### [နဂါးအဖြစ်သို့ရောက်ခြင်းအကြောင်း]

၃၄၀။ "အရှင်ဘုရား ဤလောကတွင် အချို့သောသတ္တဝါတို့သည် သေ လွန်ပြီးသောအခါ အဘယ်ကြောင့် အဏ္ဍဇ နဂါးအဖြစ်သို့ ရောက်လာပါ သနည်း"ဟု ရဟန်းတပါးက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်းတို့၊ ဤလောက၌ အချို့လူသည် ကိုယ် နှုတ် စိတ်သုံးပါးဖြင့် ကောင်းမှု မကောင်းမှု နှစ်ပါးစုံကို ပြုလေ့ရှိ၏။ "အဏ္ဍဇနဂါးများသည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာခြင်း များကုန်၏"ဟူ၍လည်း သူကြားဖူး၏။ "ငါသေလွန်သောအခါ အဏ္ဍဇနဂါးတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ပါမူ ကောင်းလေစွ"ဟူ၍လည်း ထိုသူအား တောင့်တခြင်း ဖြစ်၏။

"ရဟန်းတို့၊ ဤသို့တောင့်တခြင်းသည် အချို့သောသူများ အဏ္ဍဇနဂါး အဖြစ်သို့ ရောက်ခြင်းအကြောင်းပေတည်း"

၃၄၉-၃၅၁။ ဒုတိယသုတသုတ်စသည်တို့၌ ဇလာဗုဇစသော နဂါးအဖြစ်သို့ ရောက်ခြင်းအကြောင်းကို အလားတူ ဟောကြားသည်။

## ၁၁။ အဏ္ဍဇဒါနူပကာရသုတ်

[ဒါနကြောင့် အဏ္ဍဇနဂါးဖြစ်ပုံ]

၃၅၂။ အဏ္ဍဇနဂါးဖြစ်ခြင်းအကြောင်းကို ရဟန်းတပါးက မေးလျှောက်သည်၊ ကောင်းမှု မကောင်းမှုနှစ်ပါးစုံကို ပြုလုပ်ခဲ့ရှိသူသည် အဏ္ဍဇနဂါးအဖြစ်ကို တောင့်တ၍ ထမင်းကို ပေးလှူခြင်းကြောင့် သေလွန်သောအခါ အဏ္ဍဇနဂါးအဖြစ်သို့ ရောက်ကြောင်း ဗုဒ္ဓက ဖြေကြားသည်။

၃၅၃-၃၆၁။ အဖျော်၊ အဝတ်အထည်၊ ယာဉ်ရထား၊ ပန်း၊ နံ့သာ၊ နံ့သာရည်၊ အိပ်ရာ၊ အိမ်၊ ကျောင်း၊ အဆောက်အအုံ၊ ဆီမီးတို့ကို ပေးလှူခြင်းကြောင့် အဏ္ဍဇနဂါးအဖြစ်သို့ ရောက်ရကြောင်း အလားတူဟောသည်။

၃၆၂-၃၉၁။ အလှူဆယ်မျိုးကြောင့် ဇလာဗုဇစသော နဂါးအဖြစ်သို့ ရောက်ရကြောင်းများကို အလားတူ ဟောသည်။

# ၉။ သုပဏ္ဏသံယုတ်

[ဂဠုန်တို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ သုဒ္ဓကသုတ်

[ဂဠုန်လေးမျိုးရှိကြောင်း]

၃၉၂။ ဂဠုန်တို့သည် ဥ၌ဖြစ်သော အဏ္ဍဇဂဠုန်၊ သားအိမ်၌ ဖြစ်သော ဇလာဗုဇဂဠုန်၊ အညစ်အကြေး၌ ဖြစ်သော သံသေဒဇဂဠုန်၊ ကိုယ်ထင်ရှား ဖြစ်သော ဩပပါတိကဂဠုန်ဟူ၍ လေးမျိုးရှိကြောင်း ဟောကြားသည်။

## ၂။ ဟရန္တိသုတ်

[ဂဠုန်က နဂါးကို ဖမ်းယူနိုင်ပုံ]

၃၉၃။ ဂဠုန်လေးမျိုးတို့တွင် အဏ္ဍဇဂဠုန်တို့သည် အဏ္ဍဇနဂါးမျိုးကိုသာ ဖမ်းယူနိုင်ကြောင်း၊ ဇလာဗုဇဂဠုန်တို့သည် အဏ္ဍဇနဂါးနှင့် ဇလာဗုဇနဂါးမျိုးကိုသာ ဖမ်းယူနိုင်ကြောင်း၊ သံသေဒဇဂဠုန်တို့သည် အဏ္ဍဇ၊ဇလာဗုဇနှင့် သံသေဒဇနဂါးသုံးမျိုးကိုသာ ဖမ်းယူနိုင်ကြောင်း၊ ဩပပါတိကဂဠုန်တို့သည် နဂါးလေးမျိုးလုံးကို ဖမ်းယူနိုင်ကြောင်း ဟောကြားသည်။

## ၃။ ဒွယကာရီသုတ်

[ဂဠုန်အဖြစ်သို့ ရောက်ခြင်းအကြောင်း]

၃၉၄။ ကုသိုလ်၊ အကုသိုလ် နှစ်ပါးစုံကို ပြုလေ့ရှိသူသည် 'ငါသေလွန်သောအခါ အဏ္ဍဇဂဠုန်အဖြစ်သို့ ရောက်သော် ကောင်းလေစွ'ဟု တောင့်တခြင်းကြောင့် သေလွန်သောအခါ အဏ္ဍဇဂဠုန်အဖြစ်သို့ ရောက်ရကြောင်း ဟောကြားသည်။

၃၉၅-၃၉၇။ ဇလာဗုဇ စသော ဂဠုန်များ အဖြစ်သို့ ရောက်ခြင်း အကြောင်းကို အလားတူဟောသည်။

၃၉၈-၄၃၇။ ထမင်းစသော လှူဖွယ်ပစ္စည်း (၁၀)မျိုးကို ပေးလှူခြင်းကြောင့် ဂဠုန်အဖြစ်သို့ ရောက်ရကြောင်း ဟောသည်။

# ၁၀။ ဂန္ဓဗ္ဗကာယသံယုတ်

[ဂန္ဓဗ္ဗနတ်တို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ သုဒ္ဓိကသုတ်

[ဂန္ဓဗ္ဗနတ် ဆယ်မျိုးရှိကြောင်း]

၄၃၈။ ဂန္ဓဗ္ဗနတ်တို့သည် အမြစ်နံ့သာ၌ အစိုးရသောနတ်၊အနှစ်၊အကာ၊ အခွံ၊အပွေး၊အရွက်၊အပွင့်၊အသီး၊အရသာ၊တပင်လုံး အနံ့ရှိသော သစ်ပင်တို့၏အနံ့ကို အစိုးရသော နတ်ဟူ၍ (၁၀) မျိုးရှိကြောင်း ဟောကြားသည်။

## ၂။ သုစရိတသုတ်

[ကောင်းသောအကျင့်ကြောင့် ဂန္ဓဗ္ဗနတ်ဖြစ်ရပုံ]

၄၃၉။ ကိုယ်နှုတ်စိတ် သုံးပါးဖြင့် ကောင်းသောအကျင့်ကို ကျင့်လေ့ရှိသူသည် 'ငါသေလွန်သော် ဂန္ဓဗ္ဗနတ်အဖြစ်သို့ ရောက်သော် ကောင်းလေစွ' ဟု တောင့်တခဲ့ခြင်းကြောင့် သေလွန်သောအခါ ဂန္ဓဗ္ဗနတ်အဖြစ်သို့ ရောက်ရကြောင်း ဟောကြားသည်။

## ၃။ မူလဂန္ဓဒါတာသုတ်

[အမြစ်နံ့သာကို ပေးလှူသူ]

၄၄၀။ အမြစ်နံ့သာကို ပေးလှူ၍၊ အမြစ်နံ့သာကို အစိုးရသောဂန္ဓဗ္ဗနတ်ဖြစ်ရန် တောင့်တခြင်းကြောင့် ထိုနတ်အဖြစ်သို့ရောက်ရကြောင်း ဟောကြားသည်။

၄၄၁-၄၄၇။ အနှစ်နံ့သာ စသည်ကို အစိုးရသော နတ်အဖြစ်သို့ရောက်ရကြောင်းများကို အလားတူ ဟောသည်။

၄၄၈-၅၄၉။ ထမင်းအဖျော်စသော လှူဖွယ်ပစ္စည်း(၁၀)မျိုးကို ပေးလှူခြင်းကြောင့် ဂန္ဓဗ္ဗနတ်(၁၀)မျိုးအဖြစ်သို့ ရောက်ရကြောင်းကို အသီးအသီး တသုတ်စီခွဲ၍ ဟောသည်။

(ဒါန ၁၀ မျိုး×နတ် ၁၀ မျိုး = သုတ်ပေါင်း ၁၀၀)

## ၁၁။ ဝလာဟကသံယုတ်

[ဝလာဟကနတ်တို့နှင့်စပ်သော ဟောကြားချက်များ]

### ၁။ သုဒ္ဓိကသုတ်

[ဝလာဟကနတ် ၅ မျိုးရှိကြောင်း]

၅၅၀။ ကောင်းကင်၌ လှည့်လည်သော ဝလာဟကနတ်တို့သည် အအေးကိုဆောင်တတ်သောနတ်၊ အပူကိုဆောင်တတ်သောနတ်၊ တိမ်တိုက်ကိုဆောင်တတ်သောနတ်၊ လေကို ဆောင်တတ်သောနတ်၊ မိုးရေကို ဆောင်တတ်သောနတ်ဟူ၍ ၅ မျိုး ရှိကြောင်း ဟောကြားသည်။

### ၂။ သုစရိတသုတ်

[ကောင်းသောအကျင့်ကြောင့် ဝလာဟကနတ်ဖြစ်ပုံ]

၅၅၁။ ကိုယ် နှုတ် စိတ် သုံးပါးဖြင့် ကောင်းသော အကျင့်ကို ကျင့်၍ ဝလာဟကနတ် အဖြစ်ကို တောင့်တ ခဲ့သောကြောင့် သေလွန်သောအခါ ဝလာဟကနတ်အဖြစ်သို့ ရောက်ကြောင်း ဟောကြားသည်။

### (၃) ၅၂။ ဒါနူပကာရသုတ်များ

[ဒါနကြောင့် ဝလာဟကနတ်ဖြစ်ပုံ]

၅၅၂-၆၀၁။ ထမင်း၊ အဖျော်စသော လှူဖွယ်ပစ္စည်း (၁၀) မျိုးကို ပေးလှူခဲ့ခြင်းကြောင့် သီတဝလာဟကနတ်စသော ဝလာဟက နတ်၅မျိုးအဖြစ်သို့ ရောက်ပုံများကို အသီးသီး တသုတ်စီခွဲ၍ဟောသည်။

(နတ်၅မျိုး×စားဖွယ်၁၀မျိုး=သုတ်၅၀)

## ၅၇။ ၇၅။ သီတဝလာဟကသုတ်စသည်
## [အေးခြင်း၊ ပူခြင်း စသည်တို့ဖြစ်ပေါ်ခြင်းအကြောင်း]

၆၀၂-၆၀၆။ "အရှင်ဘုရား ဤလောက၌ အဘယ် အကြောင်းကြောင့် အေးခြင်းသည် ဖြစ်ပေါ်ပါသနည်း"ဟု ရဟန်းတပါးက မေးလျှောက်၏။ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်း၊ အအေးကိုဆောင်တတ်သည့်သီတဝလာဟကမည်သော နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့အား တခါတရံ၌ 'ငါတို့သည် မိမိတို့၏ မွေ့လျော်မှုဖြင့် မွေ့လျော်၍နေရပါမူ ကောင်းလေစွ'ဟု စိတ်တောင့်တခြင်းသည် ဖြစ်၏။ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ လောက၌အေးခြင်းသည် ဖြစ်ပေါ်၏"

ဥဏှဝလာဟက နတ်တို့၏ စိတ်တောင့်တမှုကြောင့် အပူဖြစ်ပေါ်ပုံ၊အဗ္ဘဝလာဟကနတ်တို့၏ စိတ်တောင့်တမှုကြောင့် တိမ်တိုက်များဖြစ်ပေါ်လာပုံ၊ ဝါတဝလာဟက နတ်တို့၏ စိတ်တောင့်တမှုကြောင့် လေတိုက်ခြင်းဖြစ်ပုံ၊ ဝဿဝလာဟက နတ်တို့၏ စိတ်တောင့်တမှုကြောင့် မိုးရွာခြင်း ဖြစ်ပုံတို့ကို အလားတူဟောကြားသည်။

(ဆောင်းရာသီ၌ သာမန်အေးခြင်း၊ နွေရာသီ၌သာမန်ပူခြင်း များသည် ဥတုနှင့်ဆိုင်၏။ ထူးခြားလွန်ကဲသော အေးခြင်း၊ ပူခြင်း စသည်တို့သည်သာ နတ်တို့၏ တန်ခိုးကြောင့်ဖြစ်သည်ဟု အဋ္ဌကထာ၌ဖွင့်သည်။)

# ၁၂။ ဝစ္ဆဂေါတ္တသံယုတ်

[ဝစ္ဆဂေါတ္တ ပရိဗိုဇ်အား ဟောကြားချက်များ]

## ၁။ ရူပအညာဏသုတ်

[ရုပ်၌မသိခြင်းကြောင့် အယူမှားဖြစ်ပုံ]

၆၀၇။ အခါတပါး၌ ဝစ္ဆဂေါတ္တမည်သော ပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင်ဂေါတမ၊ လောကသည် မြဲ၏၊ လောကသည်မမြဲစသောအယူအမျိုးမျိုးတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်ပါကုန်သနည်း"ဟု မေးလျှောက်၏။ "ဝစ္ဆ၊ ရုပ်၌ မသိခြင်း၊ ရုပ်၏ဖြစ်ကြောင်း၊ ရုပ်၏ချုပ်ရာ၊ ရုပ်၏ချုပ်ရာသို့ရောက်ကြောင်း အကျင့်တို့၌ မသိခြင်းကြောင့် လောကသည်မြဲ၏၊ လောကသည် မမြဲ စသောအယူအမျိုးမျိုးတို့သည် ဖြစ်ပေါ်ကုန်၏"ဟု ဗုဒ္ဓက ဖြေကြားတော်မူသည်။

၆၀၈-၆၁၁။ ဝေဒနာစသည်၌ မသိခြင်းကြောင့် အယူအမျိုးမျိုးဖြစ်ပုံကို ရုပ် နည်းတူဟောကြားသည်။

၆၁၂-၆၆၁။ "မသိခြင်းကြောင့်" ဟူသောနေရာ၌ "မမြင်ခြင်းကြောင့်၊ ရှေးရှုမသိခြင်းကြောင့်၊ လျှော်စွာမသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့်၊ ကောင်းစွာမမှတ်ခြင်းကြောင့်၊ နီးကပ်စွာမမှတ်ခြင်းကြောင့်၊ အဖန်တလဲလဲ မမှတ်ခြင်းကြောင့်၊ ကောင်းစွာမရှုခြင်းကြောင့်၊ အဖန်တလဲလဲ မရှုခြင်းကြောင့်၊ မျက်မှောက်မပြုခြင်းကြောင့်"ဟူသော ဝေါဟာရ(၁၀)မျိုးဖြင့် ပြောင်း၍ သုတ်ငါးသုတ်စီ အသီးသီးဟောကြားသည်။ ဤသံယုတ်၌ ခန္ဓာငါးပါးကို(မသိခြင်း၊ မမြင်ခြင်း) စသော ဝေါဟာရ(၁၁)မျိုးဖြင့်လှည့်၍ ဟောသောကြောင့် (၅×၁၀=၅၅)သုတ်ဖြစ်သည်။

# ၁၃။ ဈာနသံယုတ်

## [ဈာန်ဝင်စားခြင်းနှင့် စပ်သော ဟောကြားချက်များ]

### ၁။ သမာဓိ မူလက သမာပတ္တိသုတ်

### [သမာဓိ၌လိမ္မာသူ]

၆၆၂။ "ရဟန်းတို့၊ ဈာန်ရသူတို့သည် လေးမျိုးရှိကုန်၏။ အဘယ် လေးမျိုးတို့နည်းဆိုသော် ဤလောက၌ အချို့သောဈာန်ရသူသည် သမာဓိ၌ လိမ္မာ၏။ သမာဓိဝင်စားခြင်း၌ မလိမ္မာ၊ အချို့သောဈာန်ရသူသည် သမာဓိဝင်စားခြင်း၌ လိမ္မာ၏။ သမာဓိ၌မလိမ္မာ၊ အချို့သောဈာန်ရသူသည် သမာဓိ၌လည်း မလိမ္မာ၊ သမာဓိဝင်စားခြင်း၌လည်း မလိမ္မာ၊ အချို့သောဈာန်ရသူသည် သမာဓိ၌လည်း လိမ္မာ၏။ သမာဓိဝင်စားခြင်း၌လည်း လိမ္မာ၏။

"ရဟန်းတို့၊ ဤလေးယောက်သော ဈာန်ရသူတို့တွင် စတုတ္ထမြောက်ဈာန်ရသူသည် အကြီးမြတ်ဆုံးဖြစ်၏။ ဥပမာ နွားမထက် နို့ကို၊ နို့ထက် နို့ဓမ်းကို၊ နို့ဓမ်းထက် ဆီဦးကို၊ ဆီဦးထက် ထောပတ်ကို၊ ထောပတ်ထက် ထောပတ်ကြည်ကို သာသွန်၏ဟု ဆိုအပ်သကဲ့သို့ဖြစ်၏"

(သမာဓိ၌ လိမ္မာခြင်းဟူသည် 'ပထမဈာန်၌ အင်္ဂါငါးပါးရှိ၏။ ဒုတိယဈာန်၌ အင်္ဂါလေးပါးရှိ၏' စသည်ဖြင့် ဈာန်အင်္ဂါများကို ပိုင်းခြားမှတ်သားခြင်း၌ လိမ္မာခြင်းဖြစ်သည်ဟု အဋ္ဌကထာဖွင့်သည်။)

၆၆၃-၆၇၁။ 'သမာဓိ၌ လိမ္မာ၏'ဟူသော ပုဒ်ကို သမာဓိကတည်တံ့မှု၌ လိမ္မာ၏၊ သမာဓိမှထမှု၌ လိမ္မာ၏။ သမာဓိကို ခန့်ကျန်းအောင်ပြုမှု၌လိမ္မာ၏။ သမာဓိ၏ ကသိုဏ်းအာရုံ၌ လိမ္မာ၏။ သမာဓိ၏ကျက်စားရာ အာရုံ၌ လိမ္မာ၏။ သမာဓိကို ရှေးရှုဆောင်ရွက်ရာ၌ လိမ္မာ၏။ သမာဓိ၌ အရိုအသေပြုလေ့ရှိ၏။ သမာဓိ၌ လျောက်ပတ်စွာ ပြုလေ့ရှိ၏။ သမာဓိ၌ စွဲမြဲစွာပြုလေ့ရှိ၏"ဟူသော ပုဒ်(၉)ပုဒ်နှင့် အသီးအသီးတွဲ၍ ဈာန်ရသူလေးမျိုးကို ဟောသည်။

၆၇၂-၇၁၆။ 'သမာဓိဝင်စားခြင်း၌ လိမ္မာ၏' စသော ရှေ့ရှေ့ပုဒ်များကို သမာဓိတည်တံ့မှု၌ လိမ္မာ၏ စသော နောက်နောက်ပုဒ်များနှင့် တွဲ၍လည်း ဈာန်ရသူလေးမျိုးကို အသီးအသီးဟောကြားသည်။ ဤသံယုတ်၌ သုတ်ပေါင်း (၅၅)သုတ်ရှိ၏။



## သံယုတ္တနိကာယ်

# ၄။ သဠာယတနဝဂ်

# ၁။ သဠာယတနသံယုတ်

[အာယတန (၆) ပါးနှင့်စပ်သောဟောကြားချက်များ[၁]]

## ၁။ အနိစ္စဝဂ်

### ၁။ အဇ္ဈတ္တာနိစ္စသုတ်

[အတွင်းအာယတန (၆) ပါးသည် မမြဲကြောင်း]

၁။ ရဟန်းတို့၊ မျက်စိသည်မမြဲ။ မမြဲသောတရားသည် ဆင်းရဲ၏။ ဆင်းရဲသော တရားသည် အတ္တမဟုတ်။ အတ္တမဟုတ်သောတရားကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုအပ်၏။ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့၌နည်းတူဟောသည်) ရဟန်းတို့၊ ဤသို့ရှုမြင်သောအရိယာတပည့်သည် မျက်စိ၌သည်း ငြီးငွေ့၏၊.... စိတ်၌လည်းငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှု ကင်းခြင်းကြောင့် လွတ်မြောက်၏၊ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။

၂-၃။ 'ရဟန်းတို့၊ မျက်စိသည် ဆင်းရဲ၏။ ဆင်းရဲသောတရားသည် အတ္တမဟုတ်' စသည်ဖြင့် ဒုက္ခသုတ်ကိုလည်းကောင်း၊ 'ရဟန်းတို့၊ မျက်စိသည် အတ္တမဟုတ်' စသည်ဖြင့် အနတ္တသုတ်ကိုလည်းကောင်းနည်းတူဟောသည်။

---

၁။ အာယတန ၁၂ ပါး ရှိသော်လည်း အတွင်းအာယတန (၆) ပါး တစု၊ အပြင်အာယတန (၆) ပါးတစု ခွဲ၍ (၆) ပါးဟု ဆိုခြင်းဖြစ်၏။ (သ၊ ဆ - ၆ပါး၊ အာယတန - အသိစိတ်ဖြစ်ကြောင်းတရား)

## ၄။ ဗာဟိရာနိစ္စသုတ်

[အပြင်အာယတန (၆) ပါးသည် မမြဲကြောင်း]

၄။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ တရားသဘောတို့သည် မမြဲကုန်။ မမြဲသောတရားသည် ဆင်းရဲ၏။ ဆင်းရဲသောတရားသည် အတ္တမဟုတ်။ အတ္တမဟုတ်သောတရားကို 'ငါမဟုတ်၊ ငါ့ဟာမဟုတ်၊ ငါ၏ ကိုယ်မဟုတ်' ဟု၍ ရှုရမည်စသည်ဖြင့် ဟောကြားသည်။

၅-၆။ ဒုက္ခသုတ်နှင့် အနတ္တသုတ်တို့၌လည်း ရှေးနည်းတူပင်ဖြစ်သည်။

## ၇။ အဇ္ဈတ္တာနိစ္စာတီတာနာဂတသုတ်

[အတိတ်၊ အနာဂတ် အတွင်းအာယတနများသည် မမြဲကြောင်း]

၇။ ရဟန်းတို့၊ အတိတ် အနာဂတ် ဖြစ်သော မျက်စိသည်မမြဲ။ ပစ္စုပ္ပန်ဖြစ်သော မျက်စိကား ဘယ်မှာ ဆိုဖွယ်ရှိအံ့နည်း။ ရဟန်းတို့၊ ဤသို့ ရှုမြင်သော အရိယာတပည့်သည် အတိတ်ဖြစ်သော မျက်စိ၌ ငဲ့ကွက်ခြင်း မရှိ။ အနာဂတ်ဖြစ်သော မျက်စိကိုလည်း နှစ်သက် တောင့်တခြင်းမပြု။ ပစ္စုပ္ပန်ဖြစ်သော မျက်စိကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ကျင့်သူဖြစ်၏။ (နား၊ နှာခေါင်း စသည်၌နည်းတူဟော၏။)

၈-၁၂။ 'ရဟန်းတို့၊ အတိတ်၊ အနာဂတ်ဖြစ်သော မျက်စိသည် ဆင်းရဲ၏' စသည်ဖြင့် ဒုက္ခသုတ်ကိုလည်းကောင်း၊ 'ရဟန်းတို့ အတိတ်၊ အနာဂတ်ဖြစ်သော မျက်စိသည် အတ္တမဟုတ်' စသည်ဖြင့် အနတ္တသုတ်ကိုလည်းကောင်း ဟောကြားသည်။ အဆင်း၊ အသံစသော အပြင် အာယတန(၆)ပါး၌လည်း နည်းတူဟောကြားပါသည်။

## ၂။ ယမကဝဂ်

### ၁။ ပဌမပုဗ္ဗေသမ္ဗောဓသုတ်

[သမ္ဗောဓိဉာဏ်မရမီက အကြံဖြစ်ခဲ့မှု]

၁၃။ ရဟန်းတို့၊ သစ္စာလေးပါးကို ထိုးထွင်း၍မသိမီ ဘုရားလောင်း ဖြစ်စဉ်ကပင် ငါ့အား 'မျက်စိ၏သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည်

အဘယ်နည်း၊ ထွက်မြောက်ရာသည်အဘယ်နည်း’ စသည်ဖြင့် အကြံဖြစ်ခဲ့၏။ ရဟန်းတို့၊ ထိုနောက် ငါ့အား ဤသို့ အကြံသည်ထပ်မံဖြစ်ပေါ်ခဲ့၏။

“မျက်စိကို စွဲ၍ ဖြစ်သော ကိုယ်ချမ်းသာခြင်း၊ စိတ်ကြည်နူးခြင်းသည် မျက်စိ၏ သာယာဖွယ်ဖြစ်၏။ မျက်စိ၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောသည် မျက်စိ၏ အပြစ်ဖြစ်၏။ မျက်စိ၌ လိုချင်မှု၊ တပ်စွန်းမှုကို ပျောက်ပယ်ခြင်းသည် မျက်စိ၏ ထွက်မြောက်ရာဖြစ်၏။ (နားစသည်၌ နည်းတူဟောသည်။)

“ရဟန်းတို့၊ ငါသည် ကိုယ်တွင်း၌ဖြစ်သော ဤ အာယတန(၆)ပါးတို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိမီက လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းနှင့်တကွဖြစ်သော၊ ဤလောက၌အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိကို ထိုးထွင်း၍သိပြီဟု ဝန်မခံခဲ့။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောအခါမှစ၍သာလျှင် သမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိပြီဟု ဝန်ခံခဲ့ပေသည်။

၁၄။ ဒုတိယသမ္ဗောဓိသုတ်၌ အဆင်း၊ အသံစသော အပြင်အာယတန(၆)ပါးနှင့် ပတ်သက်၍ ပထမသုတ်နည်းတူဟောသည်။

## ၃။ ပထမအဿာဒပရိယေသနသုတ်

### [သာယာဖွယ်ကို ရှာခဲ့ပုံ]

၁၅။ ရဟန်းတို့၊ ငါသည် မျက်စိ၏သာယာဖွယ်ကိုရှာလျက် လှည့်လည်ခဲ့၏၊ ထိုမျက်စိ၏ သာယာဖွယ်ကိုလည်း ငါသည် တွေ့ရှိခဲ့၏။ မျက်စိ၏ သာယာဖွယ်ဟူသမျှကိုလည်း ငါသည် ပညာဖြင့် ကောင်းစွာသိမြင်ခဲ့၏။

“ရဟန်းတို့၊ ငါသည် မျက်စိ၏ အပြစ်ကိုရှာလျက် လှည့်လည်ခဲ့၏။ ထိုမျက်စိ၏ အပြစ်ကိုလည်း ငါတွေ့ရှိခဲ့၏။ မျက်စိ၏ အပြစ်ဟူသမျှကိုလည်း ငါသည် ပညာဖြင့် ကောင်းစွာသိမြင်ခဲ့၏။

“ရဟန်းတို့၊ ငါသည် မျက်စိ၏ ထွက်မြောက်ရာကိုရှာလျက် လှည့်လည်ခဲ့၏။ ထိုမျက်စိ၏ ထွက်မြောက်ရာကိုလည်း ငါတွေ့ရှိခဲ့၏။ မျက်စိ၏ ထွက်မြောက်ရာ ဟူသမျှကိုလည်း ငါသည် ပညာဖြင့် ကောင်းစွာသိမြင်ခဲ့၏။

(နား၊ နှာခေါင်း စသည်၌နည်းတူဟောသည်။)

"ရဟန်းတို့၊ ငါသည် ကိုယ်တွင်း၌ဖြစ်သော ဤအာယတန (၆)ပါးတို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိမီက ဤလောက၌ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိပြီဟု ဝန်မခံခဲ့။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောအခါမှသာလျှင် သမ္မာသမ္ဗောဓိကို ထိုးထွင်း၍ သိပြီဟုဝန်ခံခဲ့ပေသည်"

၁၆။ ဒုတိယအဿာဒပရိယေသနသုတ်၌ အဆင်း၊ အသံစသော အပြင် အာယတန ၆ ပါးကို ရှာဖွေခြင်းနှင့် ပတ်သက်၍ ပထမသုတ် နည်းတူဟော ကြားသည်။

## ၅။ ပထမနောစေအဿာဒသုတ်

[သာယာဖွယ်စသည် အမှန်တကယ်ရှိကြောင်း]

၁၇။ ရဟန်းတို့၊ အကယ်၍ မျက်စိ၏ သာယာဖွယ်သည် မရှိခဲ့သော် သတ္တဝါတို့သည် မျက်စိ၌ တပ်မက်ကြမည်မဟုတ်။ စင်စစ်မျက်စိ၏ သာယာဖွယ်သည် ရှိ၏။ ထို့ကြောင့်သာ သတ္တဝါတို့သည် မျက်စိ၌ တပ်မက်ကြခြင်း ဖြစ်၏။

ရဟန်းတို့၊ အကယ်၍ မျက်စိ၏အပြစ်သည် မရှိခဲ့သော် သတ္တဝါတို့သည် မျက်စိ၌ ငြီးငွေ့ကြမည်မဟုတ်။ စင်စစ် မျက်စိ၏အပြစ်သည် ရှိ၏။ ထို့ကြောင့်သာ သတ္တဝါတို့သည် မျက်စိ၌ငြီးငွေ့ကြခြင်းဖြစ်၏။ (နားစသည်တို့၌ နည်းတူဟော၏။)

ရဟန်းတို့၊ သတ္တဝါတို့သည်ကိုယ်တွင်း၌ဖြစ်သော ဤအာယတန(၆)ပါးတို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိသေးသမျှ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းနှင့်တကွ ဖြစ်သော ဤလောကမှ ကျွတ်လွတ်ကင်းကွာလျက် အပိုင်းအခြား ကင်းသော စိတ်ဖြင့်[၁] မနေနိုင်ကြချေ။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာသိသောအခါမှစ၍ သာလျှင် လောကမှ ကျွတ်လွတ်ကင်းကွာလျက် အပိုင်းအခြားကင်းသောစိတ် ဖြင့် နေနိုင်ကြကုန်၏။

---

၁။ သဗ္ဗသော ကိလေသာ နဋ္ဌေဝ ဝဋ္ဋသီမ ပဟိနတ္တာ ဝိပရိယာဒိကတေန ကိလေသဝဋ္ဋ မရိယာဒံ အတိက္ကန္တေန စိတ္တေန ဝိဟရိံသု။ အဋ္ဌော ဟူသော အဋ္ဌကထာဖွင့်အရ ကိလေသာဟူသော အပိုင်းအခြားသည် ဝဋ် တည်းဟူသော အပိုင်းအခြားကို ကျော်လွန်သောစိတ်ဟု ဆိုလိုသည်။

၁၈။ ဒုတိယ နေသာစေအဿာဒသုတ်၌ အဆင်း၊အသံစသော အပြင် အာယတန (၆)ပါးတို့၏ သာယာဖွယ် စသည် ရှိပုံကို ပထမသုတ်နည်းတူဟော ကြားသည်။

## ၇။ ပထမာဘိနန္ဒသုတ်

### [ဆင်းရဲကို နှစ်သက်သူ]

၁၉။ ရဟန်းတို့၊ မျက်စိကိုနှစ်သက်သူသည် ဆင်းရဲကို နှစ်သက်သူဖြစ်၏။ ဆင်းရဲကိုနှစ်သက်သူသည် ဆင်းရဲမှမလွတ်ဟု ငါဆို၏။

ရဟန်းတို့၊ မျက်စိကို မနှစ်သက်သူသည် ဆင်းရဲကို မနှစ်သက်သူဖြစ်၏။ ဆင်းရဲကိုမနှစ်သက်သူသည် ဆင်းရဲမှလွတ်၏ဟု ငါဆို၏။

(နား၊ နှာခေါင်းစသည်၌ နည်းတူဟော၏။)

၂၀။ ဒုတိယာဘိနန္ဒသုတ်၌ အဆင်း၊ အသံစသော အပြင်အာယတန(၆) ပါးကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်သူဖြစ်ကြောင်း ပထမသုတ်နည်း တူဟောသည်။

## ၉။ ပထမဒုက္ခုပ္ပါဒသုတ်

### [ဆင်းရဲဖြစ်ပေါ်ခြင်း]

၂၁။ ရဟန်းတို့၊ မျက်စိ၏ ဖြစ်ခြင်း၊ တည်ခြင်း၊ အသစ်ဖြစ်ခြင်း၊ထင်ရှား ပေါ်လာခြင်းသည် ဆင်းရဲ၏ဖြစ်ခြင်း၊ ရောဂါတို့၏ တည်ခြင်း၊ အိုခြင်း၊ သေခြင်းတို့၏ ထင်ရှားပေါ်လာခြင်းဖြစ်၏။ ရဟန်းတို့၊ မျက်စိ၏ ချုပ်ငြိမ်း ပျောက်ကွယ်သွားခြင်းသည် ဆင်းရဲ၏ချုပ်ခြင်း၊ ရောဂါတို့၏ ငြိမ်းခြင်း၊ အို ခြင်း၊ သေခြင်းတို့၏ ပျောက်ကွယ်သွားခြင်းပင်ဖြစ်၏။ (နား၊ နှာခေါင်း စသည်တို့၌ နည်းတူဟော၏။)

၂၂။ ဒုတိယ ဒုက္ခုပ္ပါဒသုတ်၌ အဆင်း၊ အသံစသော အပြင် အာယတန (၆)ပါးတို့၏ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲ၏ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း ဟော ကြားသည်။

## ၃။ သဗ္ဗဝဂ်

### ၁။ သဗ္ဗသုတ်

[အလုံးစုံဟုဆိုအပ်သောတရား]

၂၃။ ရဟန်းတို့၊ ငါသည် သင်တို့အား အလုံးစုံဟု ဆိုအပ်သောတရားကို ဟောကြားအံ့၊ နာကြကုန်လော။ ရဟန်းတို့၊ အလုံးစုံဟု ဆိုအပ်သောတရားဟူသည် အဘယ်နည်းဆိုသော် မျက်စိနှင့် အဆင်း၊ နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့် အတွေ့အထိ၊ စိတ်နှင့် တရားသဘောတို့ကို အလုံးစုံသောတရားဟူ၍ ဆိုအပ်၏။ 'ငါ့ရဟန်းတို့၊ ငါသည် ဤအလုံးစုံကို ပစ်ပယ်၍ တပါးသော အလုံးစုံကို ပညတ်အံ့' ဟူ၍ တဦးတယောက်ကဆိုခဲ့သော် ထိုသူ၏စကားသည် အပြောမျှသာဖြစ်ရာ၏။ မေးလျှင်လည်း ကြောင်းကျိုး ပြည့်စုံအောင် မဖြေနိုင်ပဲ ပင်ပန်းခြင်းသို့သာ ရောက်ရာ၏။ အဘယ့်ကြောင့်ဆိုသော် အရာမဟုတ်သောကြောင့်ဖြစ်၏။

### ၂။ ပဟာနသုတ်

[ပယ်ရမည့်တရားများ]

၂၄။ ရဟန်းတို့၊ ငါသည် သင်တို့အား အလုံးစုံကို ပယ်ခြင်းငှာ တရားကို ဟောကြားအံ့၊ နာကြကုန်လော။ ရဟန်းတို့၊ မျက်စိသည် ပယ်အပ်သောတရားဖြစ်၏။ အဆင်းတို့သည် ပယ်အပ်သောတရားဖြစ်၏။ မျက်စိအတွေ့ – စက္ခုသမ္ဖဿ သည် ပယ်အပ်သောတရားဖြစ်၏။ မျက်စိအတွေ့ကြောင့် ဖြစ်သော ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသော ဝေဒနာသည် ပယ်အပ်သောတရားဖြစ်၏။

(နား နှာခေါင်း စသည်တို့၌ နည်းတူဟော၏။)

### ၃။ အဘိညာ ပရိညာ ပဟာနသုတ်

[အထူးသိ ပိုင်းခြားသိ၍ ပယ်အပ်သောတရား]

၂၅။ ရဟန်းတို့ ငါသည် သင်တို့အား အလုံးစုံကိုအထူးသိ ပိုင်းခြားသိ၍ ပယ်ခြင်းငှာ တရားကိုဟောအံ့။ နာကြကုန်လော။ ရဟန်းတို့၊ မျက်စိသည်

အထူးသိ၊ ပိုင်းခြားသိ၍ ပယ်အပ်သော တရားဖြစ်၏။ အဆင်းတို့သည်အထူးသိ၊ ပိုင်းခြားသိ၍ ပယ်အပ်သောတရားများဖြစ်၏။ မျက်စိအသိစိတ်- စက္ခုဝိညာဏ်သည် အထူးသိ၊ ပိုင်းခြားသိ၍ ပယ်အပ်သောတရားဖြစ်၏။ မျက်စိအတွေ့သည် အထူးသိ၊ ပိုင်းခြားသိ၍ ပယ်အပ်သောတရားဖြစ်၏။ မျက်စိအတွေ့ကြောင့်ဖြစ်သော ချမ်းသာခြင်း ဆင်းရဲခြင်း စသော ဝေဒနာသည် အထူးသိ ပိုင်းခြားသိ၍ ပယ်အပ်သောတရားဖြစ်၏။

(နား နှာခေါင်း စသည်တို့၌ နည်းတူဟော၏။)

## ၄။ ပဌမ အပရိဇာနနသုတ်

[ပိုင်းခြား၍မသိပဲ ဆင်းရဲခြင်း မကုန်နိုင်ကြောင်း]

၂၆။ မျက်စိ၊ အဆင်း၊ မျက်စိအသိစိတ်၊ မျက်စိအတွေ့၊ မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာစသည့် အလုံးစုံသောတရားကို ပိုင်းခြား၍ မသိပဲ မခွာမစွန့်ပဲ ဆင်းရဲကုန်ခြင်းငှာ မထိုက်။ ယင်းတို့ကို ပိုင်းခြား၍သိမှ စွန့်ခွာမှသာလျှင် ဆင်းရဲကုန်ခြင်းငှာ ထိုက်ကြောင်း ဟောကြားသည်။

၂၇။ ဒုတိယ အပရိဇာနနသုတ်၌ မျက်စိ၊ အဆင်းအာရုံ၊ မျက်စိအသိစိတ်၊ မျက်စိအသိစိတ်ဖြင့် သိအပ်သော တရားစသည့် အလုံးစုံသောတရားကို ပိုင်းခြား၍ မသိပဲ မပယ်ခွာပဲ ဆင်းရဲကုန်ဆုံးခြင်းငှာ မထိုက်။ ယင်းတို့ကို ပိုင်းခြား၍သိမှ၊ ပယ်ခွာမှသာလျှင် ဆင်းရဲကုန်ခြင်းငှာ ထိုက်ကြောင်း ဟောသည်။

## ၇။ အာဒိတ္တသုတ်

[မီး(၁၁)ပါးဖြင့် တောက်လောင်နေသောအရာ]

၂၈။ ဂယာမြို့အနီး ဂယာသီသမည်သော အရပ်၌ သီတင်းသုံးစဉ် (ဥရုဝေလကဿပ ညီနောင်သုံးဦးအမှူးရှိသော) ရဟန်းတထောင်တို့အား ဟောကြားသော သုတ်ဖြစ်သည်။

ရဟန်းတို့၊ အလုံးစုံသည် တောက်လောင်နေ၏။ ထိုတောက်လောင်နေသော အလုံးစုံဟူသည် အဘယ်နည်းဆိုသော် မျက်စိသည် တောက်လောင်နေ၏။ အဆင်းအာရုံတို့သည် တောက်လောင်နေကုန်၏။ မျက်စိအသိစိတ်သည်

တောက်လောင်နေ၏။ မျက်စိအတွေ့သည် တောက်လောင်နေ၏။ မျက်စိအတွေ့ကြောင့် ဖြစ်သည့် ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသော ခံစားမှုသည် တောက်လောင်နေ၏။ အဘယ်ဖြင့် တောက်လောင်နေသနည်းဆိုသော် ရာဂ၊ ဒေါသ၊မောဟတည်းဟူသော မီးတို့ဖြင့် တောက်လောင်နေ၏။ မွေးခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတည်းဟူသော မီးတို့ဖြင့် တောက်လောင်နေ၏ဟု ငါဆို၏။

(နား၊ နှာခေါင်း စသည်တို့၌ နည်းတူဟောသည်။)

ရဟန်းတို့၊ ဤသို့ရှုမြင်သော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ အဆင်းအာရုံတို့၌လည်း ငြီးငွေ့၏။ မျက်စိအသိစိတ်၌လည်း ငြီးငွေ့၏။ မျက်စိအတွေ့၌လည်း ငြီးငွေ့၏။ မျက်စိ အတွေ့ကြောင့်ဖြစ်သော ခံစားမှု၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် လွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။

ဤသုတ်ကို ဟောကြားနေစဉ် ထိုရဟန်းတထောင်တို့၏ စိတ်တို့သည် တစုံတခုသောအာရုံကို မစွဲယူပဲ အာသဝတို့မှ လွတ်မြောက်သွားလေသည်။

(ခန္ဓဝဂ်သုတ်စဉ် ၆၁၊ အာဒိတ္တသုတ်၌ ခန္ဓာငါးပါးသည် တောက်လောင်နေသော အရာဖြစ်ကြောင်း ဟောကြားခဲ့သည်။)

## ၇။ အဒ္ဓဘူတသုတ်

[အနှိပ်စက်ခံနေရသောအရာ]

၂၉။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဟောကြားသည်။ မျက်စိ၊ အဆင်းအာရုံ၊ မျက်စိအသိစိတ်၊ မျက်စိအတွေ့၊ မျက်စိအတွေ့ကြောင့်ဖြစ်သည့် ခံစားမှု စသောတရားတို့သည် မွေးခြင်း၊ အိုခြင်း၊ သေခြင်း စသည်တို့ဖြင့် အနှိပ်စက်ခံနေရသော အရာများဖြစ်ကြောင်း အထက်သုတ်နည်းတူ ဟောကြားသည်။ (အဒ္ဓဘူတန္တိ အဓိဘူတံ၊ အဇ္ဈောတ္ထတံ၊ ဥပဒ္ဒုတန္တိအတ္တော။)

## ၈။ သမုဂ္ဃာတသာရုပ္ပသုတ်

[အထင်မှားမှုများကိုပယ်ခွာရန် ထင့်လျော်သောအကျင့်]

၃၀။ ရဟန်းတို့၊ ငါသည် သင်တို့အား အထင်မှားမှုအားလုံးကို ပယ်ခွာရန် သင့်လျော်သော အကျင့်ကို ဟောကြားအံ့၊ နာကြကုန်လော့။ ရဟန်းတို့၊ အထင်မှားမှုအားလုံးကို ပယ်ခွာရန် သင့်လျော်သော အကျင့်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိကို ငါဟုမထင်၊ မျက်စိ၌ ငါသည် တည်၏ဟု မထင်၊ မျက်စိမှငါသည် ဖြစ်၏ဟု မထင်၊ မျက်စိသည် ငါ့ဟာဖြစ်၏ဟု မထင်။ အဆင်းအာရုံတို့ကို ငါဟု မထင်၊ အဆင်းအာရုံတို့မှ ငါသည် ဖြစ်၏ဟု မထင်။ အဆင်းအာရုံတို့သည် ငါ့ဟာဖြစ်၏ဟု မထင်။ (မျက်စိအသိစိတ်၊ မျက်စိအတွေ့ စသည်တို့၌လည်းကောင်း၊ နား၊ နှာခေါင်း စသည်တို့၌လည်းကောင်း နည်းတူ ဟောသည်။)

အလုံးစုံကို ငါဟုမထင်၊ အလုံးစုံ၌ ငါသည် တည်၏ဟု မထင်၊ အလုံးစုံမှ ငါသည် ဖြစ်၏ဟု မထင်၊ အလုံးစုံသည် ငါ့ဟာဖြစ်၏ဟု မထင်။ ထိုရဟန်းသည် ဤသို့မထင်သည်ရှိသော် လောက၌ တစုံတခုသောအရာကိုမျှ စိတ်ဖြင့် မစွဲယူ။ မစွဲယူသည်ရှိသော် မတောင့်တ။ မတောင့်တသည်ရှိသော် မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးသွားလေ၏။ ငါ့အား ဘဝသစ်ဖြစ်ခြင်းကုန်ပြီ။ ကိစ္စပြီးပြီ။ တပါးသောပြုဖွယ် မရှိတော့ပြီ ဟု သိသွား၏။ ရဟန်းတို့၊ ဤကား အထင်မှားမှုအားလုံးကို ပယ်ခွာရန် သင့်လျော်သော အကျင့်ပေတည်း။

## ၉။ ပထမ သမုဂ္ဃာတသပ္ပာယသုတ်

[အထင်မှားမှုများကိုပယ်ခွာရန် လျောက်ပတ်သောအကျင့်]

၃၁။ ရဟန်းတို့၊ ငါသည် သင်တို့အား အထင်မှားမှုအားလုံးကို ပယ်ခွာရန် လျောက်ပတ်သောအကျင့်ကို ဟောကြားအံ့။ နာကြကုန်လော့။ ရဟန်းတို့၊ အထင်မှားမှု အားလုံးကို ပယ်ခွာရန် လျောက်ပတ်သော အကျင့်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိကို ငါဟုမထင်၊ မျက်စိ၌ ငါသည် တည်၏ဟု မထင်၊ မျက်စိမှငါသည် ဖြစ်၏ဟုမထင်၊ မျက်စိကို ငါ့ဟာဖြစ်၏ဟုမထင်၊ (အဆင်းအာရုံစသည်တို့၌နည်းတူဟောသည်)

ရဟန်းတို့၊ အကြင်အရာကို 'ငါဖြစ်၏၊ ငါသည်တည်၏' စသည်ဖြင့် ထင်မှတ်၏။ ထိုအရာသည် ထိုထင်မှတ်သော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့် ဖြစ်တတ်၏။ တပါးသော အခြင်းအရာအားဖြင့် ဖြစ်တတ်သောဘဝ၌ ကပ်ငြိတတ်သော လောကသည် ဘဝကိုသာလျှင် လွန်စွာ နှစ်သက်၏။

(မျက်စိ၊ နား စသည်တို့၌ နည်းတူဟောသည်။)

ရဟန်းတို့၊ ထိုရဟန်းသည် ခန္ဓာ၊အာယတန၊ဓာတ် ရှိသမျှကိုလည်း 'ငါဖြစ်၏၊ ငါသည် ယင်းတို့၌တည်၏' စသည်ဖြင့် မထင်၊ ထိုရဟန်းသည် ဤသို့ မထင်သည်ရှိသော် လောက၌ တစုံတခုသော အရာကိုမျှ စိတ်ဖြင့် မစွဲယူ၊ မစွဲယူသော် မတောင့်တ၊ မတောင့်တသော် မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးလေ၏။ ရဟန်းတို့၊ ဤကား အထင်မှားမှု အားလုံးကိုပယ်ခွာရန် လျောက်ပတ်သော အကျင့်ဖြစ်၏။

၃၂။ ဒုတိယသမုဂ္ဃာတသပ္ပာယသုတ်၌ မျက်စိစသော အတွင်းအာယတန (၆)ပါး၊ အဆင်းအာရုံစသော အပြင်အာယတန (၆)ပါး၊ စက္ခုဝိညာဏ် စသော ဝိညာဏ်(၆)ပါး၊ စက္ခုသမ္ဖဿ စသော ဖဿ(၆)ပါး၊ စက္ခုသမ္ဖဿ ကြောင့်ဖြစ်သော ဝေဒနာစသော ဝေဒနာ(၆)ပါးတို့သည် မမြဲ၊ ဆင်းရဲသော၊ဖောက်ပြန်ခြင်းသဘောရှိသောတရားများဖြစ်၏။ထို့ကြောင့် ယင်းတို့ကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ရှုခြင်းငှာမသင့်။ ဤသို့သိမြင်သော အရိယာ တပည့်သည် ထိုတရားတို့၌ ငြီးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်သွားကြောင်းဟောကြားသည်။

၃၃-၄၂။ ဇာတိဓမ္မဝဂ်မှ ဇာတိဓမ္မသုတ် စသော သုတ်(၁၀)သုတ်တို့၌ မျက်စိ၊ အဆင်းအာရုံစသော တရားတို့သည် မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ရခြင်း၊ ညစ်နွမ်းခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း၊ ဖြစ်ခြင်း၊ ချုပ်ခြင်းသဘောရှိသောတရားများဖြစ်ကြောင်း ဟောကြားသည်။

၄၃-၅၂။ သဗ္ဗအနိစ္စဝဂ်မှ အနိစ္စသုတ်စသော သုတ်(၁၀)သုတ်၌ မျက်စိ၊ အဆင်းအာရုံစသော တရားတို့သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော တရားများဖြစ်ကြောင်း၊ အသူးသိအပ်၊ ပိုင်းခြား၍သိအပ်၊ စွန့်ပယ်

အပ်၊ မျက်မှောက်ပြုအပ်၊ ဉာဏ်အထူးဖြင့် ပိုင်းခြား၍သိအပ်သော တရားများဖြစ်ကြောင်း၊ နှိပ်စက်ခြင်းခံနေရသောတရား၊ ညှဉ်းဆဲခြင်းခံနေရသော တရားများဖြစ်ကြောင်းဟောကြားသည်။

## (၆) ၁။ အဝိဇ္ဇာဝဂ်

### ၁။ အဝိဇ္ဇာပဟာနသုတ်

[အဝိဇ္ဇာကင်းပျောက်မှု]

၅၃။ "အရှင်ဘုရား၊ အဘယ်သို့သိမြင်သောသူအား အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ပါသနည်း" ဟု ရဟန်းတပါးက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"ရဟန်း၊ မျက်စိကို မမြဲဟူ၍ သိမြင်သူအား အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏။ အဆင်းအာရုံတို့ကို မမြဲဟူ၍ သိသူအား အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏။ မျက်စိအသိစိတ်ကို မမြဲဟူ၍ သိမြင်သူအား အဝိဇ္ဇာကင်းပျောက်၍ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏။ မျက်စိအတွေ့၊ ထိုမျက်စိအတွေ့ကြောင့် ဖြစ်သော ဝေဒနာကို မမြဲဟူ၍ သိမြင်သူအား အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏။ (နား၊ နှာခေါင်းစသည်တို့၌လည်း နည်းတူဟောသည်။)

၅၄-၅၅။ သံယောဇနပဟာနသုတ် စသော (၆)သုတ်တို့၌ သံယောဇဉ်ကင်းပျောက်ပုံ၊ သံယောဇဉ်များ ပယ်ခွာခြင်းသို့ရောက်ပုံ၊ အာသဝ ကင်းပျောက်ပုံ၊ အာသဝများပယ်ခွာခြင်းသို့ ရောက်ပုံ၊ အနုသယကင်းပျောက်ပုံ၊ အနုသယများ ပယ်ခွာခြင်းသို့ ရောက်ပုံ တို့ကို အထက်သုတ်နည်းတူဟောကြားသည်။

### ၈။ သဗ္ဗုပါဒါနပရိညာသုတ်

[ဥပါဒါန်အားလုံးကို ပိုင်းခြား၍သိကြောင်းတရား]

၆၀။ ရဟန်းတို့၊ ငါသည် သင်တို့အား ဥပါဒါန်အားလုံးကို ပိုင်းခြား၍ သိကြောင်းဖြစ်သော တရားကို ဟောကြားအံ့။ နာကြကုန်လော့။ ရဟန်းတို့၊

ဥပါဒါန်အားလုံးကို ပိုင်းခြား၍သိကြောင်းဖြစ်သော တရားဟူသည် အဘယ်နည်းဆိုသော် မျက်စိနှင့် အဆင်းအာရုံတို့ကို စွဲ၍ မျက်စိအသိစိတ်သည် ဖြစ်၏။ မျက်စိ၊ အဆင်းအာရုံနှင့် စက္ခုဝိညာဏ်သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိခြင်း ဖဿသည် ဖြစ်၏။ ဖဿကြောင့် ခံစားခြင်းဝေဒနာသည် ဖြစ်၏။ ရဟန်းတို့၊ ဤသို့ရှုမြင်သော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ၏၊ အဆင်းအာရုံတို့၌လည်းငြီးငွေ၏၊ စက္ခုဝိညာဏ်တို့၌လည်း ငြီးငွေ၏၊၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ၏၊ ဝေဒနာ၌လည်း ငြီးငွေ၏။ငြီးငွေသော် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် လွတ်မြောက်၏၊ လွတ်မြောက်ခြင်းကြောင့် 'ငါသည် ဥပါဒါန်ကိုပိုင်းခြား၍ သိပြီ' ဟူ၍သိ၏။

(နား၊ နှာခေါင်း စသည်တို့၌ နည်းတူဟောသည်။)

ရဟန်းတို့၊ ဤကား ဥပါဒါန်အားလုံးကို ပိုင်းခြား၍ သိကြောင်းဖြစ်သောတရားပေတည်း။

၆၁-၆၂။ သဗ္ဗုပါဒါနပရိယာဒါနသုတ်နှစ်သုတ်တွင် ပဌမသုတ်၌ အထက်သုတ်ပါ ဟောကြားချက်ကိုပင် ဥပါဒါန်အားလုံး ကုန်ခန်းကြောင်းဖြစ်သောတရားဟူ၍ ပြောင်းလဲဟောကြားသည်။ ဒုတိယသုတ်တွင်မူ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိ၊ အဆင်း အာရုံစသောတရားများကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ရှုမြင်ခြင်းသည် ဥပါဒါန်အားလုံး ကုန်ခန်းစေနိုင်သော တရားဖြစ်ကြောင်း ဟောသည်။

## (၇) ၂။ မိဂဇာလဝဂ်

### ၁။ ပဌမမိဂဇာလသုတ်

[ရှင်မိဂဇာလအား ဟောကြားချက်]

၆၃။ "အရှင်ဘုရား၊ 'တပါးတည်းနေသူ၊ တပါးတည်းနေသူ'ဟု ဆိုရာ၌ အဘယ်မျှဖြင့် တပါးတည်းနေသူဖြစ်ပါသနည်း၊ အဘယ်မျှဖြင့် အဖော်နှင့်နေသူ ဖြစ်ပါသနည်း"ဟူ၍ ရှင်မိဂဇာလက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားလေသည်။

"မိဂဇာလ၊ လိုလားအပ်၊ နှစ်သက်မြတ်နိုးအပ်ကုန်သော၊ စွဲမက်ဖွယ်ဖြစ်ကုန်သော၊ စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်းအာရုံတို့သည် ရှိကုန်၏။ ထို

အဆင်းအာရုံတို့ကို လွန်စွာနှစ်သက်စွဲလမ်း၍ တည်သော ရဟန်းအား နှစ်သက်မှုသည်ဖြစ်၏။ နှစ်သက်မှုရှိသော် ပြင်းစွာ စွဲမက်မှုဖြစ်၏။ ပြင်းစွာစွဲမက်မှုရှိသော် စပ်ယှဉ်နှောင်ဖွဲ့မှုသည် ဖြစ်၏။ မိဂဇာလ၊ နှစ်သက်မှုဖြင့် စပ်ယှဉ်နှောင်ဖွဲ့ခြင်းခံရသော ရဟန်းကို အဖော်နှင့်တကွ နေသူဟုဆိုအပ်၏။ (အသံအာရုံ၊ အနံ့အာရုံ စသည်တို့၌လည်း နည်းတူဟောသည်) မိဂဇာလ၊ ထိုသို့နေလေ့ရှိသော ရဟန်းသည် လူကင်းဆိတ်သော တောကျောင်းတို့ကို မှီဝဲစေကာမူ အဖော်နှင့်တကွ နေသူဟူ၍သာ ဆိုအပ်၏။ အဘယ့်ကြောင့်ဆိုသော် တဏှာတည်းဟူသော အဖော်ကို မပယ်ရသေးသောကြောင့် ဖြစ်၏။

"မိဂဇာလ၊ လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သော အဆင်းအာရုံတို့ကို လွန်စွာ နှစ်သက်စွဲလမ်း၍ မတည်သောရဟန်းအား နှစ်သက်မှုသည် ချုပ်၏။ နှစ်သက်မှုမရှိသော် ပြင်းစွာစွဲမက်မှုမဖြစ်။ ပြင်းစွာစွဲမက်မှုမရှိသော် စပ်ယှဉ်နှောင်ဖွဲ့မှုမဖြစ်။ မိဂဇာလ၊ နှစ်သက်မှုသံယောဇဉ်ဖြင့် နှောင်ဖွဲ့ခြင်း မခံရသော ရဟန်းကို တပါးတည်းနေသူဟု ဆိုအပ်၏။

(အသံအာရုံ၊ အနံ့အာရုံတို့၌လည်း နည်းတူဟောသည်။)

"မိဂဇာလ၊ ဤသို့နေလေ့ရှိသော ရဟန်းသည် ရဟန်း၊ ရဟန်းမ စသည်တို့နှင့် ရောနှောလျက် ရွာအနီး၌ပင် နေငြားသော်လည်း တပါးတည်းနေသူ ဟူ၍သာ ဆိုအပ်၏။ အဘယ့်ကြောင့်ဆိုသော် တဏှာတည်းဟူသော အဖော်ကို ပယ်အပ်ပြီးသောကြောင့် ဖြစ်၏"

## ၂။ ဒုတိယမိဂဇာလသုတ်

### [ရှင်မိဂဇာလအား ဟောကြားချက်]

၆၄။ အခါတပါး၌ ရှင်မိဂဇာလသည် ဗုဒ္ဓထံချဉ်းကပ်၍ 'တပည့်တော်သည် တပါးတည်းနေလျက် တရားကို အပူတပြင်း အားထုတ်လိုပါသည်။ ယင်းသို့အားထုတ်နိုင်ရန် တရားကိုအကျဉ်းအားဖြင့် တပည့်တော်အား ဟောကြားတော်မူပါ'ဟု တောင်းပန်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားလေသည်။

"မိဂဇာလ၊ လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သော အာရုံ(၆)ပါးတို့ကို လွန်စွာနှစ်သက်စွဲလမ်း၍ တည်သော ရဟန်းအား နှစ်သက်မှုသည်ဖြစ်၏။ နှစ်

သက်မှုဖြစ်ခြင်းကြောင့် ဆင်းရဲခြင်းသည်ဖြစ်၏။ မိဂဇာလ၊ လိုသားနှစ်သက် တပ်မက်ဖွယ်ဖြစ်သော အာရုံ(၆)ပါးတို့ကို လွန်စွာနှစ်သက်စွဲလမ်း၍ မတည် သော ရဟန်းအား နှစ်သက်မှုသည်ချုပ်၏။ နှစ်သက်မှုချုပ်ခြင်းကြောင့် ဆင်း ရဲခြင်းသည် ချုပ်ငြိမ်း၏"

ရှင်မိဂဇာလသည် အထက်ပါ ဟောကြားချက်ကို ကြားနာပြီးနောက် တပါးတည်းနေလျက် အပူဘပြင်း တရားကို အားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေ၏။

## ၁။ သမိဒ္ဓိမာရပဥ္စသုတ်

[မာရအကြောင်း ရှင်သမိဒ္ဓိက မေးလျှောက်ခြင်း]

၆၅။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်သမိဒ္ဓိသည် ဗုဒ္ဓထံ၌ ချဉ်းကပ်၍ 'အရှင်ဘုရား၊ မာရ မာရ ဟု ဆိုရာ၌ အဘယ်မျှဖြင့် မာရ သည်လည်းကောင်း၊ မာရ ဟု ပညတ်ခြင်းသည် လည်းကောင်း ဖြစ်ပါ သနည်း'ဟု မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားလေသည်။

"သမိဒ္ဓိ၊ အကြင်အရပ်၌ မျက်စိ၊ အဆင်းအာရုံ၊ မျက်စိအသိစိတ်၊မျက်စိ အသိစိတ်ဖြင့် သိအပ်သော တရားတို့သည် ရှိကုန်၏။ ထိုအရပ်၌ မာရသည် လည်းကောင်း၊ မာရဟု ပညတ်ခြင်းသည်လည်းကောင်း ရှိ၏။

"သမိဒ္ဓိ၊ အကြင်အရပ်၌ မျက်စိ၊ အဆင်းအာရုံ၊ မျက်စိအသိစိတ်၊ မျက်စိ အသိစိတ်ဖြင့် သိအပ်သောတရားတို့သည် မရှိကုန်။ ထိုအရပ်၌ မာရသည် လည်းကောင်း၊ မာရဟု ပညတ်ခြင်းသည်လည်းကောင်း မရှိပေ"

(နား စသည်တို့၌ နည်းတူဟော၏)

၆၇-၆၉။ သတ္တပဥ္စသုတ်၌ သတ္တဝါ၊ ဒုက္ခပဥ္စသုတ်၌ ဒုက္ခ၊ လောကပဥ္စ သုတ်၌ လောကအကြောင်း မေးခြင်းများကို မာရပဥ္စသုတ်နည်းတူ ဖြေကြား သည်။

## ၇။ ဥပသေနအာသိဝိသသုတ်

[ရှင်ဥပသေန ကိုယ်ပေါ်သို့ မြွေကျခြင်း]

၆၉။ အခါတပါး၌ ရှင်သာရိပုတ္တရာနှင့် ရှင်ဥပသေနတို့ ရာဇဂြိုဟ်ပြည် ယင်းတိုက်တောသပ္ပသောဏ္ဍိကလိုဏ်ဂူ၌ သီတင်းသုံးနေကြသည်။ ထိုအခါ

ဥပသေနသည် မိမိကိုယ်ပေါ်သို့ အဆိပ်ပြင်းသော မြွေတကောင်ကျလာသဖြင့် ရဟန်းတို့အား 'ငါ့ရှင်တို့၊ ငါ၏ ကိုယ်ကို ဖွဲဆုပ်ကဲ့သို့ ဖရိုဖရဲမဖြစ်မီ ညောင်စောင်းဖြင့် တင်၍ အပြင်သို့ထုတ်ကြလော'ဟု ပြော၏။ ထိုအခါ ရှင်သာရိပုတ္တရာက 'အရှင်ဥပသေန၏ ကိုယ်၌ တမျိုးတမည် ဖြစ်ခြင်း၊ မျက်စိ နားစသော ဣန္ဒြေများ ဖောက်ပြန်ခြင်းကို ကျွန်ုပ်တို့ မမြင်ရပါ၊ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် အပြင်သို့ထုတ်ရန် ပြောပါသနည်း'ဟု မေးလေသည်။

"အရှင်သာရိပုတ္တရာ၊ အကြင်သူအား 'ငါသည် မျက်စိဖြစ်၏၊ ငါ၏ မျက်စိဖြစ်၏' စသော ထင်မှတ်ခြင်းသည်ရှိ၏။ ထိုသူအားသာလျှင် ကိုယ်၏ တမျိုးတမည် ပြောင်းလဲခြင်း၊ မျက်စိ နားစသော ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်း သည် ဖြစ်ရာ၏။ ထိုကဲ့သို့သော ထင်မှတ်ခြင်း မရှိတော့သော ကျွန်ုပ်မှာမူ ကိုယ်၏ တမျိုးတဖုံ ပြောင်းလဲခြင်း၊ မျက်စိ နားစသော ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်းသည် ဘယ်မှာ ဖြစ်ပါတော့အံ့နည်း"

"အရှင်ဥပသေနအား ကြာမြင့်စွာသော ကာလမှစ၍ ငါ၊ ငါ့ဟာဟု ထင်မှတ်ခြင်း၊ မာန်ထောင်လွှားခြင်း အနုသယတို့ကို ပယ်အပ်ပြီး ဖြစ်ပါသည်။ သို့ကြောင့်ပင် 'ငါသည် မျက်စိဖြစ်၏၊ ငါ၏ မျက်စိဖြစ်၏'စသော ထင်မှတ်မှု မရှိခြင်း ဖြစ်ရပါသည်"

ဤသို့ ရှင်သာရိပုတ္တရာက ပြောပြီးနောက် ရဟန်းတို့သည် ရှင်ဥပသေနကို ညောင်စောင်းဖြင့် ထမ်း၍ အပြင်သို့ထုတ်သောအခါ ရှင်ဥပသေန၏ ကိုယ်မှာ ဖွဲဆုပ်ကဲ့သို့ ဖရိုဖရဲ ပြန့်ကြဲသွားလေသည်။ (ဤ ဥပသေနကား ရှင်သာရိပုတ္တရာ၏ ညီအရင်းဖြစ်၏။ ထိုအရှင်ကိုယ်ပေါ်သို့ ကျသောမြွေကား ထိရုံဖြင့် အဆိပ်သင့်စေနိုင်သော ဖုဋ္ဌဝိသမြွေဖြစ်၏။)

## ၈။ ဥပဝါဏသန္ဒိဋ္ဌိကသုတ်

[ကိုယ်တိုင်သိမြင်နိုင်သောတရားကို ရှင်ဥပဝါဏက မေးလျှောက်ခြင်း]

၇၀။ "အရှင်ဘုရား၊ ကိုယ်တိုင်သိမြင်နိုင်သော တရား၊ ကိုယ်တိုင်သိမြင်နိုင်သော တရား ဟု ဆိုရာ၌ အဘယ်မျှဖြင့် ကိုယ်တိုင် သိမြင်နိုင်သော တရားမည်ပါသနည်း"

ဤသို့ ရှင်ဥပဝါဏက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားလေသည်။

"ဥပဝါဏ၊ ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ထိုအဆင်းကို ထင်စွာ သိလေ့ရှိ၏။ ထိုအဆင်း၌ တပ်မက်ခြင်းကိုလည်း ထင်စွာ သိလေ့ရှိ၏။ မိမိသန္တာန်၌ ထင်ရှားရှိသော အဆင်းအာရုံ၌ တပ်မက်ခြင်းကို 'ငါ၏သန္တာန်ဝယ် အဆင်းအာရုံတို့၌ တပ်မက်ခြင်းသည် ထင်ရှားရှိ၏' ဟု သိ၏။ ဥပဝါဏ၊ ဤသို့ သိခြင်းဖြင့်လည်း ကိုယ်တိုင်သိမြင်နိုင်သောတရား မည်ပေ၏။

"ဥပဝါဏ၊ ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ထိုအဆင်းကို ထင်စွာသိလေ့ရှိ၏။ ထိုအဆင်း၌ တပ်မက်ခြင်းကိုမူ ထင်စွာသိလေ့မရှိ[၁]။ မိမိသန္တာန်ထင်ရှားမရှိသော အဆင်းအာရုံ၌ တပ်မက်ခြင်းကို 'ငါ၏ သန္တာန်ဝယ်အဆင်းအာရုံတို့၌ တပ်မက်ခြင်းသည် ထင်ရှားမရှိ' ဟု သိ၏။ ဥပဝါဏ၊ ဤသို့သိခြင်းဖြင့်လည်း ကိုယ်တိုင်သိမြင်နိုင်သော တရားမည်ပေ၏"

(နားဖြင့် အသံကိုကြားခြင်း စသည်တို့၌ နည်းတူပေ၏။)

## ၉။ ပဌမဆဖဿာယတနသုတ်

[ဖဿ၏ တည်ရာ အကြောင်း (၆) ပါးကို မသိသူ]

၇၁။ "ရဟန်းတို့၊ အကြင်ရဟန်းသည် ဖဿ၏ တည်ရာအကြောင်း (၆) ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်း မှန်စွာမသိ၊ ထိုရဟန်းသည် အကျင့်မြတ်ကို ကျင့်သုံးပြီးသူမဖြစ်၊ ဤတရား ဝိနည်းမှလည်း ဝေးသူဖြစ်၏"

ဤသို့ ဗုဒ္ဓက မိန့်ကြားလေသော် ရဟန်းတပါးက 'အရှင်ဘုရား၊ တပည့်တော်ကား ဤသာသနာ၌ ပျက်စီးပါပြီ၊ အဘယ့်ကြောင့်ဆိုသော် တပည့်

၁။ အဆင်း၌ တပ်မက်ခြင်းကို ထင်ရှားမသိခြင်းမှာ တပ်မက်မှုကိလေသာ မရှိသောကြောင့်ပင် မသိခြင်းဖြစ်သည်ဟု အဋ္ဌကထာ၌ဖွင့်၏။

တော်သည် ဖဿ၏ တည်ရာအကြောင်း (၆)ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာ မသိသောကြောင့် ဖြစ်ပါသည်' ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

"ရဟန်း၊ သင်သည် မျက်စိကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်'ဟူ၍ ရှုသလော"

"အရှင်ဘုရား၊ တပည့်တော်သည် မျက်စိကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ မရှုပါ"

"ရဟန်း၊ ကောင်းပေစွ၊ ကောင်းပေစွ။ မျက်စိကို 'ငါ့ဟာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာပညာဖြင့် ကောင်းစွာ မြင်အပ်သည်ရှိသော် ဤသို့မြင်ခြင်းသည်ပင် ဆင်းရဲ၏ အဆုံးဖြစ်ပေ၏"

(နား၊ နှာခေါင်း စသည်တို့၌လည်း နည်းတူဟော၏။)

၇၂။ ဒုတိယ ဆဖဿာယတနသုတ်၌ ဖဿ၏ တည်ရာ(၆)ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း စသည်ကို မသိသော ရဟန်းသည် ဤတရားဝိနည်းမှ ဝေးသူဖြစ်ကြောင်း ဗုဒ္ဓက မိန့်ကြားရာ ရဟန်းတပါးက 'တပည့်တော်ကား ထိုတရားများကို မသိသောကြောင့် ဤသာသနာ၌ ပျက်စီးပါပြီ'ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူ၏။

"ရဟန်း၊ သင်သည် မျက်စိကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ် မဟုတ်' ဟူ၍ ရှုပါသလော"

"အရှင်ဘုရား၊ တပည့်တော်သည် မျက်စိကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်' ဟူ၍ ရှုပါသည်"

"ရဟန်း၊ ကောင်းပေစွ၊ ကောင်းပေစွ။ မျက်စိကို 'ငါ့ဟာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာမြင်အပ်သည်ရှိသော် ပဌမဆုံးဖြစ်သော ဖဿ၏ တည်ရာအကြောင်းကို နောက်ထပ်တဖန် မဖြစ်စေရန် ပယ်အပ်ပြီး ဖြစ်လတ္တံ့"

"ရဟန်း၊ စိတ်ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာပညာဖြင့် ကောင်းစွာ မြင်အပ်သည်ရှိသော် ခြောက်ခုမြောက်ဖြစ်သော ဖဿ၏ တည်ရာအကြောင်းကို နောက်ထပ်တဖန် မဖြစ်စေရန် ပယ်အပ်ပြီး ဖြစ်လတ္တံ့"

၇၃။ တတိယ ဆဖဿာယတနသုတ်၌ ဖဿ၏တည်ရာအကြောင်း (၆)ပါးကို မသိခြင်းနှင့် စပ်၍ ဗုဒ္ဓကမိန့်ကြား၍ ရဟန်းတပါးက အထက်သုတ်နည်းတူ လျှောက်ရာ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိ၊ နား စသော ဖဿ၏ တည်ရာ အကြောင်း (၆)ပါးကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ရှုမြင်သော အရိယာတပည့်သည် ထိုမျက်စိ၊ နား စသည်တို့၌ ငြီးငွေ့၍ ကိလေသာတို့မှလွတ်မြောက်ကြောင်း ဟောကြားသည်။

## (၈) ၃။ ဂိလာနဝဂ်

### ၁။ ပဌမဂိလာနသုတ်

[မကျန်းမမာသောရဟန်းအား ဟောကြားချက်]

၇၄။ သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ကျောင်းတကျောင်း၌ မထင်ရှားသော ရဟန်းငယ်တပါး နာမကျန်း ဖြစ်နေကြောင်း ရဟန်းတပါးက လာ၍လျှောက်သည်။ ဗုဒ္ဓသည် ထိုရဟန်းငယ်ရှိရာသို့ ကြွသွား၍ ရောဂါသက်သာမှု ရှိ-မရှိ မေးတော်မူသည်။ ရောဂါ သက်သာခြင်းမရှိကြောင်း ထိုရဟန်းငယ်က ဖြေကြားသည့်အခါ ဗုဒ္ဓက အောက်ပါအတိုင်း ဆက်လက် မိန့်ကြားတော်မူသည်။

"ရဟန်း၊ သင့်အား တစုံတခုသော ပူပန်ခြင်း၊ တစုံတခုသော နှလုံးမသာယာခြင်း ရှိပါသလော"

"အရှင်ဘုရား၊ တပည့်တော်အား များစွာသော ပူပန်ခြင်း၊ များစွာသော နှလုံးမသာယာခြင်းသည် ရှိပါ၏"

"ရဟန်း၊ သင်သည် မိမိကိုယ်မိမိ သီလဖြင့် စွပ်စွဲခြင်း ပြုပါသလော"

"အရှင်ဘုရား၊ တပည့်တော်သည် မိမိကိုယ်မိမိ သီလဖြင့် စွပ်စွဲခြင်းမပြုပါ"

"ရဟန်း၊ သင်သည် မိမိကိုယ်ကိုမိမိ သီလဖြင့် စွပ်စွဲခြင်း မပြုပါပဲလျက် အဘယ့်ကြောင့် သင့်အား ပူပန်ခြင်း၊ နှလုံးမသာယာခြင်းသည်ဖြစ်ဘိသနည်း"

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် သီလစင်ကြယ်ခြင်းအကျိုးငှာ တရားကို ဟောသည်မဟုတ်၊ ရာဂ ကင်းခြင်းအကျိုးငှာ တရားကို ဟောသည်ဟု တပည့်တော် နားလည်ထားသောကြောင့် ဖြစ်ပါသည်"

"ရဟန်း၊ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည် ငါဟောသော တရားကို ကောင်းစွာ နားလည်ပေ၏။ စင်စစ် ငါဟောသော တရားသည် ရာဂ ကင်းခြင်းအကျိုး ရှိပေ၏"

ဗုဒ္ဓသည် ထိုရဟန်းငယ်အား ဤသို့ ချီးကျူးစကား မိန့်ကြားတော်မူပြီး မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော မျက်စိ၊ နား စသည့် အာယတန (၆) ပါးကို 'ငါဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ မရှုသင့်ကြောင်း ဟောကြားတော်မူသည်။ ထိုဟောကြားချက်ကို ကြားနာနေစဉ် မှာပင် မကျန်းမာသော ရဟန်းငယ်အား 'ဖြစ်ခြင်းသဘောရှိသော တရားမှန်သမျှ ပျက်ခြင်းသဘော ရှိပါတကား' ဟူ၍ မြူအညစ်အကြေး ကင်းသော တရားမျက်စိ ဖြစ်ပေါ်လာလေသည်။

၇၅။ ဒုတိယ ဂိလာနသုတ်၌ မကျန်းမာသော ရဟန်းငယ်တပါးထံ ကြွ၍ အထက်ပါ သုတ်နည်းတူ မေးရာ ထိုရဟန်းငယ်က 'မြတ်စွာဘုရားသည် သီလစင်ကြယ်ခြင်း အကျိုးငှာ တရားကို ဟောသည်မဟုတ်၊ စွဲလမ်းမှုမရှိပဲ ဒုက္ခ ငြိမ်းအေးခြင်း အကျိုးငှာ တရားကို ဟောသည်ဟု တပည့်တော် နားလည်ထားသောကြောင့် စိတ်ပူပန်ခြင်း၊ နှလုံးမသာယာခြင်း ဖြစ်နေပါသည်' ဟု လျှောက်၏။ ထိုအခါ ဗုဒ္ဓက ထိုရဟန်းငယ်အား ချီးကျူးစကား မိန့်ကြားပြီး မျက်စိ၊ နား စသော အာယတန (၆) ပါးကို လည်းကောင်း၊ ယင်းတို့ကြောင့် ဖြစ်သော ခံစားမှုဝေဒနာတို့ကို လည်းကောင်း 'ငါဟာ၊ ငါ၊ ငါ၏ ကိုယ်' ဟု မရှုသင့်ကြောင်း ဟောကြားတော် မူသည်။ ထိုဟောကြားချက်ကို ကြားနာနေစဉ်မှာပင် မကျန်းမာသော ရဟန်းငယ်အား မြူအညစ် အကြေးကင်းသော တရားမျက်စိ ဖြစ်ပေါ်လေ၏။

## ၃။ ရာဓ ဘာနိစ္စသုတ်

[ရှင်ရာဓအား မမြဲသော တရားနှင့် ဆန္ဒကို ပယ်အပ်ကြောင်း ဟောခြင်း]

၇၆။ ရှင်ရာဓက ဗုဒ္ဓထံသို့ သွား၍ 'တပည့်တော် တရားအားထုတ်လိုပါသည်။ အကျဉ်းအားဖြင့် တရားဟောတော်မူပါ' ဟု တောင်းပန်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဟောတော်မူသည်။

"ရာဓ၊ အကြင်တရားသည် မမြဲ၊ ထိုတရား၌ သင်သည် ဆန္ဒတို့ကို ပယ်အပ်၏။ ရာဓ၊ အဘယ်တရားသည် မမြဲသနည်းဆိုသော် မျက်စိသည် မမြဲ၊ အဆင်းအာရုံတို့သည် မမြဲ၊ စက္ခုဝိညာဉ်သည် မမြဲ၊ စက္ခုသမ္ဖဿ သည်မမြဲ။ စက္ခုသမ္ဖဿကြောင့် ဖြစ်သောဝေဒနာသည် မမြဲ။ ထိုမမြဲသော မျက်စိ၊ အဆင်းအာရုံ စသည်တို့၌ သင်သည် ဆန္ဒကို ပယ်အပ်၏။ ... စိတ်သည် မမြဲ၊ ဓမ္မာရုံတို့သည် မမြဲ၊ မနောဝိညာဏ်သည် မမြဲ၊ မနောသမ္ဖဿသည် မမြဲ။ မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာသည် မမြဲ၊ ထိုမမြဲသော စိတ်၊ ဓမ္မာရုံ စသည်တို့၌ သင်သည် ဆန္ဒကို ပယ်အပ်၏"

၇၇-၇၈။ ရာဓ ဒုက္ခသုတ်၌ 'အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရား၌ ဆန္ဒကို ပယ်အပ်၏' စသည်ဖြင့်လည်းကောင်း၊ ရာဓ အနတ္တသုတ်၌ 'အကြင်တရားသည် အတ္တ မဟုတ်၊ ထိုတရား၌ ဆန္ဒကို ပယ်အပ်၏' စသည် ဖြင့် လည်းကောင်း ဟောကြားသည်။

## ၆။ ပဌမ အဝိဇ္ဇာ ပဟာနသုတ်

### [အဝိဇ္ဇာ ကင်းပျောက်ပုံကို ဟောခြင်း]

၇၉။ ရဟန်းတပါးက ဗုဒ္ဓထံ ချဉ်းကပ်၍ အဝိဇ္ဇာ ကင်းပျောက်ပုံကို မေးလျှောက်သဖြင့် ဗုဒ္ဓက ဖြေကြားခြင်း ဖြစ်သည်။

"အရှင်ဘုရား၊ အကြင်တရားတပါးကို ပယ်ခြင်းကြောင့် ရဟန်းအား အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏။ ထိုတရားတပါးသည် ရှိပါ သလော"

"ရဟန်း၊ အကြင်တပါးကို ပယ်ခြင်းကြောင့် ရဟန်းအား အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏။ ထိုတရားတပါးသည် ရှိပေ၏"

"အရှင်ဘုရား အကြင်တရားတပါးကို ပယ်ခြင်းကြောင့် အဝိဇ္ဇာ ကင်း ပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏။ ထိုတရားတပါးကား အဘယ်ပါနည်း"

"ရဟန်း၊ အကြင်တရားတပါးကို ပယ်ခြင်းကြောင့် အဝိဇ္ဇာကင်းပျောက် ၍ ဝိဇ္ဇာဉာဏ်ဉာဏ် ဖြစ်ပေါ်၏။ ထိုတရားတပါးကား အဝိဇ္ဇာပင်တည်း"

“အရှင်ဘုရား၊ အဘယ်သို့ သိမြင်သော ရဟန်းအား အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ပါသနည်း”

“ရဟန်း၊ မျက်စိ၊ အဆင်းအာရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ ၊စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာတို့ကို မမြဲဟူ၍ ရှုမြင်သော ရဟန်းအား အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏”

(နား၊ အသံအာရုံ စသည်တို့၌လည်းနည်းတူ ဟော၏။)

၇၀။ ဒုတိယ အဝိဇ္ဇာ ပဟာနသုတ်၌ အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာ ဖြစ်ပေါ်ကြောင်း တရားကို ပထမသုတ် နည်းတူ ဟောကြားပြီး ‘အဘယ်သို့ သိမြင်သော ရဟန်းအား အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ပါသနည်း’ ဟူသော မေးခွန်းကို အောက်ပါအတိုင်း ဖြေကြား၏။

“ရဟန်း၊ ဤသာသနာ၌ ရဟန်းသည် ‘အလုံးစုံသော တရားတို့ကို မှားသောအားဖြင့် နှလုံးသွင်းခြင်းငှာ မသင့်’ ဟု ကြားဖူးသည် ဖြစ်၍ အလုံးစုံသော တရားတို့ကို အထူးသိ၏။ ပိုင်းခြား၍သိ၏။ နိမိတ်အားလုံးတို့ကို တပါးသော အခြင်းအရာအားဖြင့် ရှု၏[၁]။ မျက်စိကို တပါးသော အခြင်းအရာအားဖြင့် ရှု၏။ အဆင်း အာရုံတို့ကို တပါးသော အခြင်းအရာအားဖြင့် ရှု၏။ စက္ခုဝိညာဏ်ကို တပါးသော အခြင်းအရာအားဖြင့်ရှု၏။ စက္ခုသမ္ဖဿကို တပါးသော အခြင်းအရာအားဖြင့်ရှု၏။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို တပါးသောအခြင်းအရာအားဖြင့် ရှု၏။

(နား၊ အသံအာရုံ စသည်တို့ကို နည်းတူဟော၏။)

“ရဟန်း၊ ဤသို့သိမြင်သော ရဟန်းအား အဝိဇ္ဇာ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏”

---

၁။ ပိုင်းခြား၍ မသိသူက **အတ္တဟုရှု၏။** ပိုင်းခြား၍ သိသူက **အနတ္တဟု ရှု၏ ဟူ၍** ဆိုလိုသည်။

## ၈။ သမ္ဗဟုလဘိက္ခုသုတ်

[များစွာသောရဟန်းတို့အား ဟောကြားချက်]

၈၁။ အခါတပါး၌ များစွာသော ရဟန်းတို့သည် ဗုဒ္ဓထံ ချဉ်းကပ်၍၊ ဤသို့ လျှောက်ကြသည်။

"အရှင်ဘုရား အယူတပါးရှိသော ပရိဗိုဇ်တို့က တပည့်တော်တို့အား သင်တို့သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်ကြသနည်း' ဟု မေးကြပါသည်။ 'ငါတို့သည် ဒုက္ခကို ပိုင်းခြား၍ သိခြင်း အကျိုးငှာ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးကြပါသည်'ဟု တပည့်တော်တို့က ဖြေကြားခဲ့ပါသည်။ ဤသို့ဖြေကြားခြင်းသည် မြတ်စွာဘုရား၏ ဟောကြားချက်နှင့် ကိုက်ညီပါ၏လော"

ထိုရဟန်းတို့အား ဗုဒ္ဓက အောက်ပါအတိုင်း ပြန်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် စင်စစ်ငါဟောကြားသည့်အတိုင်းပင် ဖြေကြားခဲ့ကြပေကုန်၏။ ရဟန်းတို့၊ သင်တို့သည် ဒုက္ခကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ ငါ၏ထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏။ ရဟန်းတို့ အကယ်၍ ပရိဗိုဇ်တို့က 'ငါ့ရှင်တို့၊ အကြင်ဒုက္ခကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ သင်တို့သည် ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏။ ထိုဒုက္ခဟူသည် အဘယ်ပါနည်း' ဟူ၍ မေးခဲ့သော် 'ငါ့ရှင်တို့ မျက်စိသည် ဒုက္ခဖြစ်၏။ ထိုမျက်စိကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ ငါတို့သည် မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏။....မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာသည်ဒုက္ခဖြစ်၏။ ထိုဝေဒနာကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ ငါတို့သည် မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏" ဟူ၍ ဖြေကြားကြကုန်လော့။

(နားစသည်တို့၌နည်းတူဟော၏)

## ၉။ လောကပဉှာသုတ်

[လောကဟု ခေါ်ခြင်းအကြောင်းကို မေးလျှောက်ခြင်း]

၈၂။ "အရှင်ဘုရား၊ လောက၊ လောက ဟုဆိုရာ၌ အဘယ်မျှသော အကြောင်းဖြင့် လောကဟု ဆိုအပ်ပါသနည်း" ဤသို့ရဟန်းတပါးက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားလေသည်။

"ရဟန်း၊ ပျက်စီးတတ်သောကြောင့် လောကဟုဆိုအပ်၏။ အဘယ်သည် ပျက်စီးတတ်သနည်းဆိုသော် မျက်စိသည် ပျက်စီးတတ်၏။ အဆင်းအာရုံတို့ သည် ပျက်စီးတတ်၏။ ....မျက်စိအတွေ့ကြောင့် ဖြစ်သောဝေဒနာသည် ပျက်စီး တတ်၏။....စိတ်အတွေ့ကြောင့်ဖြစ်သော ဝေဒနာသည် ပျက်စီးတတ်၏။ ဤ သို့ ပျက်စီးတတ်သောကြောင့် လောကဟုခေါ်၏"

### ၁၀။ ဖဂ္ဂုနပဥ္စာသုတ်

[ရှင်ဖဂ္ဂုန၏ အမေးကိုဖြေခြင်း]

၈၃။ "အရှင်ဘုရား ပရိနိဗ္ဗာန်စံပြီးသော မြတ်စွာဘုရားတို့ကို ပညတ်လိုသူ သည် အကြင်မျက်စိဖြင့်ပညတ်ရာ၏။ ထိုမျက်စိသည် ရှိပါသလော။ ....အကြင် စိတ်ဖြင့် ပညတ်ရာ၏။ ထိုစိတ်သည် ရှိပါသလော" ဤသို့ ရှင်ဖဂ္ဂုနကမေး လျှောက်ရာ ဗုဒ္ဓက ထိုကဲ့သို့သော မျက်စိ၊ နား စသည်တို့မရှိဟု ဖြေကြား တော်မူသည်။

## (၉) ၄။ ဆန္နဝဂ်

### ၁။ ပလောကဓမ္မသုတ်

[ပျက်စီးခြင်းသဘောရှိ၍ လောကဟု ခေါ်ကြောင်း]

၈၄။ "အရှင်ဘုရား၊ လောက၊ လောကဟု ဆိုရာ၌ အဘယ်မျှသော အကြောင်းဖြင့် လောကဟု ဆိုအပ်ပါသနည်း" ဤသို့ ရှင်အာနန္ဒာက မေး လျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"အာနန္ဒာ၊ အကြင်တရားသည် ပျက်စီးခြင်းသဘောရှိ၏။ ထိုတရားကို အရိယာဝိနည်း၌ လောကဟု ဆိုအပ်၏။ အဘယ်တရားသည် ပျက်စီးခြင်း သဘော ရှိသနည်းဆိုသော် မျက်စိသည် ပျက်စီးခြင်းသဘောရှိ၏။ အဆင်း အာရုံတို့သည် ပျက်စီးခြင်းသဘောရှိ၏။....မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒ နာ သည် ပျက်စီးခြင်းသဘောရှိ၏။ ....စိတ်သည် ပျက်စီးခြင်းသဘောရှိ၏။ စိတ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာသည် ပျက်စီးခြင်းသဘော ရှိ၏။

အာနန္ဒာ ပျက်စီးခြင်းသဘောရှိသော တရားကို အရိယာဝိနည်း၌ လောက
ဟုဆိုအပ်၏”

## ၂။ သုညတလောကသုတ်

[ဆိတ်သုဉ်းသောလောကဟုခေါ်ခြင်း]

၈၅။ “အရှင်ဘုရား၊ ဆိတ်သုဉ်းသောလောက၊ ဆိတ်သုဉ်းသောလောက
ဟု ဆိုရာ၌ အဘယ်မျှသောအကြောင်းဖြင့် ဆိတ်သုဉ်းသောလောကဟု ဆိုအပ်
ပါသနည်း” ဤသို့ ရှင်အာနန္ဒာက မေးလျှောက်ရာ ဗုဒ္ဓက အတ္တမှလည်း
ကောင်း၊ အတ္တနှင့်စပ်သောအရာမှလည်းကောင်း၊ ဆိတ်သုဉ်းခြင်းကြောင့်
ဆိတ်သုဉ်းသော လောကဟုဆိုအပ်ကြောင်း၊ မျက်စိ၊ အဆင်း၊ အာရုံတို့သည်
အတ္တမှလည်းကောင်း၊ အတ္တနှင့် စပ်သော အရာမှလည်းကောင်း၊ ဆိတ်သုဉ်း
သောအရာများဖြစ်ကြောင်း ဖြေကြားတော်မူသည်။

## ၃။ သံခိတ္တဓမ္မသုတ်

[အကျဉ်းအားဖြင့် ဟောသောတရား]

၈၆။ အခါတပါး၌ ရှင်အာနန္ဒာက ဗုဒ္ဓအား ‘တပည့်တော်သည် တပါး
တည်းနေလျက် တရားအားထုတ်လိုပါသည်၊ အကျဉ်းအားဖြင့် တရားဟော
တော်မူပါ’ဟု တောင်းပန်သည်။ ထိုအခါ ဗုဒ္ဓက မျက်စိ၊ အဆင်းအာရုံ၊
မျက်စိအသိစိတ် စသည်တို့သည် မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း
သဘောရှိသော တရားများဖြစ်ကြောင်း၊ ထိုတရားများကို ‘ငါဟာ၊ ငါ၊
ငါ၏ကိုယ်’ဟူ၍ ရှုရန် မသင့်ကြောင်း ဟောကြားတော်မူသည်။

## ၄။ ဆန္နသုတ်

[ရှင်ဆန္န၊ ဓားလက်နက်ဖြင့် အသက်ကို ဆောင်ခြင်း]

၈၇။ အခါတပါး၌ ရှင်သာရိပုတ္တရာ၊ ရှင်မဟာ စုန္ဒနှင့် ရှင်ဆန္နတို့သည်
ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေကြ၏။ ထိုအခါ ရှင်ဆန္န
သည် အသည်းအသန် နာမကျန်း ဖြစ်နေ၍ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာ

စုန္ဒတို့က သွားရောက် လူမမာမေးကြသည်။ ရှင်ဆန္နက မိမိရောဂါမှာ မသက်သာကြောင်း ခေါင်းနှင့် ဝမ်းဗိုက်တို့၌ ပြင်းထန်စွာ လေထိုးခြင်းခံရနေရပြီး တကိုယ်လုံးမှာလည်း မီးကျီးတွင်းသို့ ပစ်ချထားသကဲ့သို့ လွန်စွာပူလောင်နေကြောင်း၊ ထို့ကြောင့် ဘုရားသားတော်သည် ဓားလက်နက်ဖြင့် အသက်ကို ဆောင်ပါတော့အံ့၊ အသက်ရှင်ခြင်းကို မလိုလားတော့ပါဟု ပြောလေသည်။

ထိုအခါ ရှင်သာရိပုတ္တရာက ငါ့ရှင် ဆန္န၊ သင်သည် ဓားလက်နက်ဖြင့် အသက်ကို မဆောင်ပါလင့်၊ သင့်မှာ လျော်ကန်ပတ်သော ဆွမ်း၊ လျော်ကန်ပတ်သော ဆေးများ မရှိခဲ့သော် တပည့်တော် ရှာပေးပါမည်။ လျော်ကန်ပတ်သော အလုပ်အကျွေး မရှိခဲ့သော် တပည့်တော် ကိုယ်တိုင် လုပ်ကျွေးပြုစုပါမည်ဟု ပြော၏။ သို့သော် ရှင်ဆန္နကမူ....

တပည့်တော်မှာ လျော်ကန်ပတ်သော ဆွမ်း၊ ဆေး၊ အလုပ်အကျွေးများ ရှိပါသည်။ တပည့်တော်သည် မြတ်စွာဘုရားကို နှစ်လိုဖွယ်သော အမှုအရာဖြင့် ကြာမြင့်စွာ လုပ်ကျွေးခဲ့ပါသည်။ ဆန္နမည်သော ရဟန်းသည် ဘဝသစ်သို့တဖန် ကပ်ရောက်ခြင်း မရှိသည်ဖြစ်၍ ဓားလက်နက်ဖြင့် အသက်ကို ဆောင်လိမ့်မည်ဟူ၍ အရှင်သာရိပုတ္တရာ မှတ်ယူပါလောဟု ပြောဆို၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် ရှင်ဆန္နထံ၌ ပြဿနာ မေးခွင့်ပြုရန် ခွင့်တောင်းပြီး အောက်ပါအတိုင်း မေးလေသည်။

"ငါ့ရှင် ဆန္န၊ သင်သည် မျက်စိ၊ မျက်စိအသိစိတ်၊ ထိုမျက်စိအသိစိတ်ဖြင့် သိအပ်သော တရားတို့ကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟု ရှုပါ သလော"

"အရှင် သာရိပုတ္တရာ၊ တပည့်တော်သည် မျက်စိ၊ မျက်စိအသိစိတ်၊ ထိုမျက်စိ အသိစိတ်ဖြင့် သိအပ်သော တရားတို့ကို 'ငါ့ဟာ မဟုတ်၊ ငါမဟုတ်၊ ကိုယ်မဟုတ်' ဟူ၍ ရှုပါသည်"

"ငါ့ရှင် ဆန္န၊ သင်သည် မျက်စိ၊ မျက်စိအသိစိတ်၊ ထိုမျက်စိအသိစိတ်ဖြင့် သိအပ်သော တရားတို့၌ အဘယ်ကိုမြင်၍၊ အဘယ်ကို အထူးသိ၍ ထိုတရားတို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ရှုသနည်း"

"အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် မျက်စိ၊ မျက်စိအသိစိတ်၊ ထိုမျက်စိအသိစိတ်ဖြင့် သိအပ်သော တရားတို့၌ ချုပ်ပျောက် သွားခြင်းကို မြင်၍၊ ချုပ်ပျောက် သွားခြင်းကို အထူးသိ၍ ထိုတရားတို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍ ရှုပါသည်"

(နား၊ နှာခေါင်း စသည်တို့၌လည်း နည်းတူ မေးဖြေသည်။)

ဤသို့ ရှင်ဆန္နက ဖြေသောအခါ ရှင်မဟာ စုန္ဒသည် ရှင်ဆန္နအား ဤသို့ ပြောဆို၏။

"ငါ့ရှင် ဆန္န၊ တဏှာ၊မာန၊ဒိဋ္ဌိတို့ အမှီခံရသူအား တုန်လှုပ်ခြင်းသည် ဖြစ်၏။ အမှီမခံရသူအား တုန်လှုပ်ခြင်းသည် မဖြစ်။ တုန်လှုပ်ခြင်း မရှိသော် ငြိမ်းအေးခြင်းသည် ဖြစ်၏။ ငြိမ်းအေးခြင်း ဖြစ်သော် ဘဝသို့ တိမ်းညွတ်ခြင်းသည် မဖြစ်။ တိမ်းညွတ်ခြင်း မဖြစ်သော် ဤဘဝသို့ လာခြင်း၊ ထိုဘဝသို့ သွားခြင်းသည် မဖြစ်။ ဤဘဝသို့ လာခြင်း၊ ထိုဘဝသို့ သွားခြင်း မဖြစ်သော် စုတေခြင်း၊ ပဋိသန္ဓေ နေခြင်းသည် မဖြစ်၊ စုတေခြင်း၊ ပဋိသန္ဓေနေခြင်း မဖြစ်သော် ဤဘဝ၌ မဖြစ်။ ထိုဘဝ၌လည်း မဖြစ်၊ ဤဘဝ ထိုဘဝ နှစ်ပါးတို့၏ ကြား၌လည်း မဖြစ်။ ဤသို့ မဖြစ်ခြင်းသည်ပင် ဆင်းရဲ၏ အဆုံးတည်း ဟူ၍ မြတ်စွာဘုရား၏ မိန့်ကြား ဆုံးမချက်ကိုလည်း သင်သည် အမြဲမပြတ် ကောင်းစွာ နှလုံးသွင်းအပ်၏"

ရှင်သာရိ ပုတ္တရာနှင့် ရှင်မဟာ စုန္ဒတို့သည် ရှင်ဆန္နအား ဆုံးမစကား ပြောကြားပြီး ပြန်သွားကြသည်။ ထိုအရှင်များ ပြန်သွား၍ မကြာမီမှာပင် ရှင်ဆန္နသည် ဓားလက်နက်ဖြင့် မိမိအသက်ကို ဆောင်လေ၏။

ရှင်သာရိ ပုတ္တရာသည် ဗုဒ္ဓအား ထိုအကြောင်းကို လျှောက်ကြားပြီး ရှင်ဆန္န၏ လားရာဂတိကို မေးလျှောက်လေ၏။

"အရှင် ဘုရား၊ အရှင်ဆန္နသည် ဓားလက်နက်ဖြင့် မိမိအသက်ကို ဆောင်သွားပါသည်။ ထိုအရှင် ဆန္န၏ လားရာဂတိကား အဘယ်ပါနည်း"

"သာရိ ပုတ္တရာ၊ ဆန္နသည် သင့်မျက်မှောက်၌ပင် ဘဝသစ်သို့တဖန် မချဉ်းကပ်ထိုက်သည့် အဖြစ်ကို ပြောကြားခဲ့သည် မဟုတ်လော ၁"

"အရှင်ဘုရား၊ ပုဗ္ဗဝိဇ္ဇနမည်သော ဝဇ္ဇီရွာ၌ အရှင်ဆန္နအား ချစ်ခင် အပ်သော မိတ်ဆွေအမျိုးတို့ ရှိပါသည်"

"သာရိ ပုတ္တရာ၊ ဤသို့ချစ်ခင်အပ်သော မိတ်ဆွေအမျိုးတို့ ရှိရုံမျှဖြင့် ဘဝသစ်သို့တဖန် ကပ်ရောက်ထိုက်သူ ဖြစ်၏ဟု ငါမဆို။ အကြင်သူသည် ဤကိုယ်ကို ပစ်ချ၍ တပါးသော ကိုယ်ကိုစွဲယူ၏။ ထိုသူကိုသာတဖန် ဘဝသစ် သို့ ကပ်ရောက်ထိုက်သူဟု ငါဆို၏။ ထိုဘဝသစ်သို့ ကပ်ရောက်ခြင်းသည် ဆန္န အားမရှိ၊ ဆန္နသည် ဘဝသစ်သို့ ကပ်ရောက်ခြင်း မရှိသည်ဖြစ်၍ ဓားလက် နက်ဖြင့်အသက်ကိုဆောင်၏ဟူ၍ သင် မှတ်ယူလေလော့"

[ဤအရှင်ဆန္နကား ဘုရားလောင်း တောထွက်စဉ်က လိုက်ပို့သော ဆန္န မဟုတ်၊ တပါးသော အမည်တူ ဆန္နဖြစ်၏။]

## ၅။ ပုဏ္ဏသုတ်

### [ရှင်ပုဏ္ဏအား ဟောကြားချက်]

၈၈။ အခါတပါး၌ ရှင်ပုဏ္ဏသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊တပည့် တော်သည် တပါးတည်း နေလျက် တရားအားထုတ်လိုပါသည်။ အကျဉ်း အားဖြင့် တရားဟောတော်မူပါ'ဟု တောင်းပန်သည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"ပုဏ္ဏ၊ လိုလားနှစ်သက် စွဲမက်ဖွယ်ဖြစ်သော မျက်စိဖြင့် သိအပ်သည့် အဆင်းအာရုံတို့သည် ရှိကုန်၏။ ထိုအဆင်းအာရုံတို့ကို လွန်စွာနှစ်သက်စွဲလမ်း

---

၁။ ဘဝသစ်သို့တဖန် မကပ်ရောက်ထိုက်ဟူ၍ ရှင်ဆန္နက ပြောကြားခြင်းမှာ ပုယုဇဉ် ဘဝဖြင့် ပြောကြားခဲ့ခြင်းဖြစ်၏။ သို့သော် ထိုပြောကြားချက်နှင့် ပင် ပရိနိဗ္ဗာန်ပြုသွားသောကြောင့် ဗုဒ္ဓက ဤသို့ မိန့်ကြားခြင်းဖြစ်၏။

မျှိသိပ်၍ တည်သော ရဟန်းအား နှစ်သက်မှုသည် ဖြစ်၏။ နှစ်သက်မှုဖြစ်ခြင်းကြောင့် ဆင်းရဲခြင်းသည် ဖြစ်၏။

"ပုဏ္ဏ၊ လိုလားနှစ်သက်စွဲမက်ဖွယ်ဖြစ်သော မျက်စိဖြင့်သိအပ်သည့် အဆင်းအာရုံတို့သည် ရှိကုန်၏။ ထိုအဆင်းအာရုံ တို့ကို လွန်စွာ နှစ်သက် စွဲလမ်းမျှိသိပ်၍ မတည်သော ရဟန်းအား နှစ်သက်မှုသည် ချုပ်ငြိမ်း၏။ နှစ်သက်မှု ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲခြင်းသည် ချုပ်ငြိမ်း၏"

(အသံအာရုံ စသည်တို့၌ နည်းတူဟော၏။)

ထိုနောက် ဗုဒ္ဓက ရှင်ပုဏ္ဏအား ဤသို့မေးတော်မူ၏။

"ပုဏ္ဏ၊ သင်သည် ဤဩဝါဒကို ခံယူပြီး အဘယ်ဇနပုဒ်၌ နေမည်နည်း"

"အရှင်ဘုရား၊ တပည့်တော်သည် သုနာပရန္တ ဇနပုဒ်၌ နေပါမည်"

"ပုဏ္ဏ၊ သုနာပရန္တဇနပုဒ်သားတို့သည် ရက်စက်ကြမ်းကြုတ်ကုန်၏။ သူတို့က သင့်ကို ဆဲရေးခြိမ်းခြောက်ခဲ့သော် သင်မည်သို့ သဘောထားမည်နည်း"

"အရှင်ဘုရား၊ အကယ်၍ သုနာပရန္တဇနပုဒ်သားတို့က တပည့်တော်အား ဆဲရေးခြိမ်းခြောက်ခဲ့သော် လက်ဖြင့် မရိုက်သည်မှာ ဘော်ပေသေး၏ ဟု တပည့်တော် သဘောထားပါအံ့"

"အကယ်၍ လက်ဖြင့်ရိုက်ခဲ့သော် သင်မည်သို့ သဘောထားမည်နည်း'

"အကယ်၍ လက်ဖြင့်ရိုက်ခဲ့သော် ခဲဖြင့်မပစ်သည်မှာ တော်ပေသေး၏ ဟု သဘောထားပါအံ့"

'အကယ်၍ ခဲဖြင့်ပစ်ခဲ့သော် တုတ်ဖြင့်မရိုက်သည်မှာ တော်ပေသေး၏ ဟု သဘောထားပါအံ့"

"အကယ်၍ တုတ်ဖြင့်ရိုက်ခဲ့သော် ဓားဖြင့် မခုတ်သည်မှာ တော်ပေသေး၏ ဟုသဘောထားပါအံ့"

"အကယ်၍ ဓားဖြင့်ခုတ်ခဲ့သော် ထက်စွာသောဓားဖြင့် သေအောင်မသတ်သည်မှာ တော်ပေသေး၏ ဟု သဘောထားပါအံ့"

"အကယ်၍ ထက်လှစွာသောဓားဖြင့် အသက်သေအောင် သတ်ခဲ့သော် 'အချို့သော မြတ်စွာဘုရား၏ တပည့်တို့သည် ကိုယ်ဖြင့် လည်းကောင်း၊

အသက်ဖြင့်လည်းကောင်း၊ ငြိးငွေ့ကုန်သည်ဖြစ်၍ မိမိအသက်ကို ဆောင်ရန် ဓားလက်နက်ကိုပင် ရှာကြကုန်သေး၏။ ငါသည်ကား အသက်ကိုဆောင်ရန် ဓားလက်နက်ကို မရှာပဲလျက်ပင် ရပေသည်'ဟု သဘောထားပါအံ့"

ဤသို့ ရှင်ပုဏ္ဏက လျှောက်သောအခါ ဗုဒ္ဓက 'ကောင်းပေစွ၊ ကောင်းပေစွ။ ပုဏ္ဏ၊သင်သည် သုနာပရန္တဇနပုဒ်၌နေရန် စွမ်းနိုင်ပေလိမ့်မည်'ဟု မိန့်ကြားတော်မူ၏။ ရှင်ပုဏ္ဏသည် ဗုဒ္ဓအား အရိုအသေပြုပြီး သပိတ်သင်္ကန်းကို ယူဆောင်ကာ သုနာပရန္တဇနပုဒ်သို့ ကြွသွား၏။ ရှင်ပုဏ္ဏသည် သုနာပရန္တဇနပုဒ်၌ ဝါတွင်းသုံးလ အတွင်းမှာပင် ဥပါသကာ ငါးရာ၊ ဥပါသိကာမ ငါးရာတို့အား တရားထူးကို သိမြင်စေ၏။ မိမိကိုယ်တိုင်လည်း ဝါတွင်း သုံးလအတွင်း၌ပင် ဝိဇ္ဇာသုံးပါးကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် ပြုလေ၏။ ရှင်ပုဏ္ဏ ကွယ်လွန်ကြောင်း ကြားသိသော ရဟန်းတို့က ဗုဒ္ဓထံ၌ ရှင်ပုဏ္ဏ၏ လားရာဂတိကို မေးလျှောက်ရာ 'ပုဏ္ဏသည် ပရိနိဗ္ဗာန် ပြုသွားပြီ'ဟု ဗုဒ္ဓက မိန့်ကြားတော်မူသည်။

(ဤသုတ်သည် မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသမှ ပုဏ္ဏောဝါဒသုတ်နှင့်တူ၏)

## ၆။ ဗာဟိယသုတ်

### [ရှင်ဗာဟိယအား ဟောကြားချက်]

၇၉။ အခါတပါး၌ ရှင်ဗာဟိယသည် ဗုဒ္ဓထံချဉ်းကပ်၍ 'တပည့်တော်အား အကျဉ်းအားဖြင့်တရားဟောတော်မူပါ'ဟုတောင်းပန်သည်။ဗုဒ္ဓကစက္ခုပသာဒ ရူပါရုံ၊စက္ခုဝိညာဏ်စသော တရားတို့သည်မမြဲသောတရား၊ဆင်းရဲသောတရား၊ ဖောက်ပြန်ခြင်းသဘောရှိသော တရားများဖြစ်ကြောင်း၊ ထိုတရားတို့ကို ငါ ဟာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍ရှုခြင်းငှာ မသင့်ဟူ၍ သိမြင်သူသည် ထိုတရား တို့၌ ငြိးငွေ့၍ ကိလေသာတို့မှ လွတ်မြောက်ကြောင်း ဟောကြားတော်မူ သည်။ ရှင်ဗာဟိယသည် ထိုဟောကြားချက်ကို နာယူပြီး တပါးတည်းနေ လျက် တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေ၏။

## ၇။ ပထမဇောသုတ်

### [တဏှာကင်းလျက်နေပုံ]

၉၀။ ရဟန်းတို့၊ တဏှာသည် ရောဂါဖြစ်၏။ တဏှာသည် အိုင်းအမာဖြစ်၏။ တဏှာသည် ဆူးငြောင့်ဖြစ်၏။ ရဟန်းတို့၊ ထို့ကြောင့် မြတ်စွာဘုရားသည် တဏှာကင်းလျက်၊ ဆူးငြောင့်ကင်းလျက် နေတော်မူ၏။ ရဟန်းတို့၊ အကယ်၍ ရဟန်းသည် တဏှာကင်းလျက်၊ ဆူးငြောင့်ကင်းလျက် နေလိုခဲ့သော် မျက်စိကို ငါဟုမထင်မှတ်ရာ၊ မျက်စိ၌ ငါသည်တည်၏ဟု မထင်မှတ်ရာ။ မျက်စိမှ ငါသည် ဖြစ်၏ဟု မထင်မှတ်ရာ၊ မျက်စိသည် ငါ့ဟာဟု မထင်မှတ်ရာ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာတို့ကို ငါဖြစ်၏' စသည်ဖြင့် မထင်မှတ်ရာ။

(နား၊ နှာခေါင်းစသည်တို့၌ နည်းတူဟော၏)

ဤသို့မထင်မှတ်သော ထိုရဟန်းသည် လောက၌ တစုံတခုကိုမျှ မစွဲယူ၊ မစွဲယူသည်ရှိသော် မတောင့်တ၊ မတောင့်တသည်ရှိသော် မိမိအလိုလိုသာလျှင် ငြိမ်းအေးလေ၏[၁]။

## ၈။ ဒုတိယဇောသုတ်

### [အကယ်၍ကြောင့်တဏှာကင်းလျက်နေပုံ]

၉၁။ ရဟန်းတို့၊ တဏှာသည် ရောဂါဖြစ်၏၊ တဏှာသည် အိုင်းအမာဖြစ်၏။ ရဟန်းတို့ ထို့ကြောင့် မြတ်စွာဘုရားသည် တဏှာကင်းလျက်၊ ဆူးငြောင့်ကင်းလျက် နေတော်မူ၏။ ရဟန်းတို့၊ အကယ်၍ ရဟန်းသည် တဏှာကင်းလျက်၊ ဆူးငြောင့်ကင်းလျက် နေလိုခဲ့သော် မျက်စိကို ငါဟုမထင်မှတ်ရာ၊ မျက်စိသည် ငါ့ဟာဖြစ်၏ဟု မထင်မှတ်ရာ။ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ ထိုစက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာတို့ကို ငါဖြစ်၏ စသည်ဖြင့် မထင်မှတ်ရာ။ ရဟန်းတို့၊ အကြင်အရာကို ငါဟု ထင်မှတ်၏။

---

၁။ ပစ္စတ္တညေဝ ပရိနိဗ္ဗာယတိ၊ ဟူသည် ... နအညသာ အာနုဘာဝေန– သံ၄ ၂–၇၂။

အကြောင်းအရာ၌ ငါသည်တည်၏ဟု ထင်မှတ်၏။ အကြောင်းအရာမှ ငါသည်ဖြစ်၏ဟု ထင်မှတ်၏။ အကြောင်းအရာကို ငါ့ဟာဟု ထင်မှတ်၏။ ထိုအရာသည် ထိုထင်မှတ်သော အခြင်းအရာမှ တပါးသောအခြင်းအရာအားဖြင့် ဖြစ်တတ်၏။ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိသည်ဖြစ်၍ ဘဝတို့၌ ငြိကပ်တတ်သော သတ္တဝါအပေါင်းသည် ဘဝကိုသာလျှင် လွန်စွာနှစ်သက်၏။

(နှား၊ နှာခေါင်း စသည်တို့၌ နည်းတူဟော၏)။

ရဟန်းတို့၊ ခန္ဓာဓာတ်အာယတန ရှိသမျှကိုလည်း ငါဟုမထင်မှတ်ရာ၊ ထိုခန္ဓာဓာတ် အာယတန၌ ငါသည်တည်၏ဟု မထင်မှတ်ရာ၊ ထိုခန္ဓာဓာတ် အာယတနမှ ငါသည်ဖြစ်၏ဟု မထင်မှတ်ရာ၊ ထိုခန္ဓာဓာတ် အာယတနသည် ငါ့ဟာဖြစ်၏ဟု မထင်မှတ်ရာ၊ ဤသို့မထင်မှတ်သော ရဟန်းသည် လောက၌ တစုံတခုကိုမျှ မစွဲလမ်း၊ မစွဲလမ်းသော် မတောင့်တ၊ မတောင့်တသော် မိမိအလိုလိုသာလျှင် ငြိမ်းအေးလေ၏။

## ၉။ ပဌမဒွယသုတ်

[စုံတွဲတရားများ]

၉၂။ စက္ခုပသာဒနှင့် ရူပါရုံ၊ သောတပသာဒနှင့် သဒ္ဒါရုံစသည်တို့သည် စုံတွဲတရားများဖြစ်ကြောင်း၊ ယင်းတို့ကို ပစ်ပယ်၍ တပါးသော စုံတွဲတရားများကို ပညတ်ခြင်းငှာ မစွမ်းနိုင်ကြောင်း ဟောသည်။

## ၁၀။ ဒုတိယဒွယသုတ်

[စုံတွဲတရားများကိုစွဲ၍ ဝိညာဏ်ဖြစ်ပုံ]

၉၃။ ရဟန်းတို့ စုံတွဲတရားကိုစွဲ၍ ဝိညာဏ်သည်ဖြစ်၏။ အဘယ်သို့လျှင်စုံတွဲတရားကို စွဲ၍ ဝိညာဏ်ဖြစ်သနည်းဆိုသော် စက္ခုပသာဒနှင့် ရူပါရုံတို့ကိုစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ စက္ခုပသာဒသည် မမြဲသော၊ ဖောက်ပြန်တတ်သော၊ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိသော တရားဖြစ်၏။ ရူပါရုံတို့သည် မမြဲသော၊ ဖောက်ပြန်တတ်သော၊ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိသောတရားများ ဖြစ်ကုန်၏။ ဤသို့လျှင် ဤတရားနှစ်ပါး

သည် တုန်လည်းတုန်လှုပ်တတ်၏။ ပျက်လည်းပျက်စီးတတ်၏။ မမြဲ၊ ဖောက်ပြန်တတ်၏။ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ စက္ခုဝိညာဏ်သည် မမြဲ၊ ဖောက်ပြန်တတ်၏။ တပါးသောအခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ စက္ခုဝိညာဏ် ဖြစ်ပေါ်ခြင်း၏အကြောင်း အထောက်အပံ့ဖြစ်သော တရားသည်လည်း မမြဲ၊ ဖောက်ပြန်တတ်၏။ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ ရဟန်းတို့၊ မမြဲသော အကြောင်းတရားကို စွဲ၍ ဖြစ်သော စက္ခုဝိညာဏ်သည် အဘယ်မှာ မြဲပါအံ့နည်း။

ရဟန်းတို့၊ ဤတရားသုံးပါးတို့၏ ပေါင်းဆုံခြင်းကို စက္ခုသမ္ဖဿဟု ဆိုအပ်၏။ ထိုစက္ခုသမ္ဖဿသည်လည်း မမြဲ။ ဖောက်ပြန်တတ်၏။ တပါးသောအခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ ထိုစက္ခုသမ္ဖဿ ဖြစ်ပေါ်ခြင်း၏အကြောင်း အထောက်အပံ့ဖြစ်သော တရားသည်လည်း မမြဲ၊ ဖောက်ပြန်တတ်၏။ တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေ့ရှိ၏။ ရဟန်းတို့ မမြဲသော အကြောင်းတရားကို စွဲ၍ဖြစ်သော စက္ခုသမ္ဖဿသည် အဘယ်မှာ မြဲပါအံ့နည်း။ ရဟန်းတို့၊ တွေ့ထိအပ်သူသည် ခံစား၏။ တွေ့ထိအပ်သူသည် စေ့ဆော်၏။ တွေ့ထိအပ်သူသည် မှတ်သား၏။ ဤသို့လျှင် တရားတို့သည်လည်းတုန်လှုပ်တတ်ကုန်၏။ ပျက်လည်း ပျက်စီးတတ်ကုန်၏။ မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏။ တပါးသော အခြင်းအရာအားဖြင့်ဖြစ်လေ့ရှိကုန်၏။

(သောတပသာဒနှင့် သဒ္ဒါရုံစသည်တို့၌လည်း နည်းတူဟော၏။)

ရဟန်းတို့၊ ဤသို့လျှင် စုံတွဲတရားကို စွဲ၍ ဝိညာဏ်သည် ဖြစ်ပေါ်၏။

## (၁၀) ၅။ သဠာယတနဝဂ်

### ၁။ အဒန္တအဂုတ္တသုတ်

[မဆုံးမလျှင် အကျိုးမဲ့ကိုဆောင်တတ်သောတရားများ]

၉၄။ မျက်စိ၊ နားစသော ဖဿ၏တည်ရာ 'ဖဿာယတန' ၆ပါးတို့ကိုဆုံးမခြင်း၊ လုံခြုံစေခြင်း၊ စောင့်ထိန်းခြင်း၊ စောင့်စည်းခြင်းမပြုလျှင်၊ ဆင်းရဲကို ဆောင်တတ်ကြောင်း၊ ယင်းတို့ကို ကောင်းစွာ ဆုံးမခြင်း၊ လုံခြုံစေခြင်း၊ စောင့်ထိန်းခြင်း၊ စောင့်စည်းခြင်းပြုလျှင် ချမ်းသာကို ဆောင်တတ်ကြောင်း ဟောသည်။

## ၂။ မာလုကျပုတ္တသုတ်

### [ရှင်မာလုကျပုတ္တအား ဟောကြားမှုက်]

၉၅။ အခါတပါး၌ ရှင်မာလုကျပုတ္တသည်ဗုဒ္ဓထံချဉ်းကပ်၍ မိမိအားတရား ဟောရန် တောင်းပန်သည်။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းချုပ်အား ဖြင့် တရားဟောတော်မူပါ။ တပည့်တော်သည် တပါးတည်းနေလျက် တရား အားထုတ် လိုပါသည်"

"မာလုကျပုတ္တ၊ သင်လို အရွယ်အိုသောရဟန်းကပင် အကျဉ်းချုပ်အားဖြင့် ဆုံးမခြင်းကို တောင်းပန်ဘိ၏။ အရွယ်ငယ်သော ရဟန်းများကိုမူ အဘယ်သို့ ဆိုနိုင်တော့အံ့နည်း"

"အရှင်ဘုရား၊ တပည့်တော်သည် အရွယ်အိုမင်းသောရဟန်းပင် ဖြစ်သော် ငြားလည်း မြတ်စွာဘုရားသည် အကျဉ်းချုပ်အားဖြင့် တရားကို ဟောတော် မူပါ။ တပည့်တော်သည် မြတ်စွာဘုရားဟောကြားအပ်သော တရားတော်၏ အနက်အဓိပ္ပာယ်ကို သိနိုင်ဖွယ်ရှိပါသည်။ တရားတော်၏အမွေကို ခံယူနိုင်ဖွယ် ရှိပါသည်"

"မာလုကျ၊ သင်မည်သို့ထင်သနည်း၊ သင်သည် ယခုဘဝ၌လည်း မမြင်အပ်၊ ရှေးဘဝကလည်း မမြင်ဖူး၊ ယခုလည်း မြင်ဆဲမဟုတ်သော၊ မြင်ရလို၏ဟူ၍ လည်း နှလုံးသွင်းမရှိသော စက္ခုဝိညာဏ်ဖြင့်သိအပ်သည့် ရူပါရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော"

"မဖြစ်ပါ ဘုရား"

"သင်သည် ယခုဘဝ၌လည်း မသိအပ်၊ ရှေးဘဝကလည်း မသိဖူး၊ ယခု လည်း သိဆဲမဟုတ်သော၊ သိလို၏ဟူ၍လည်း နှလုံးသွင်းမရှိသော မနော ဝိညာဏ်ဖြင့် သိအပ်သည့် ဓမ္မာရုံတို့၌ သင့်အား လိုချင်ခြင်း၊ တပ်စွန်းခြင်း၊ ချစ်ခင်ခြင်းသည် ဖြစ်သလော"

"မဖြစ်ပါ ဘုရား"

"မာလုကျပုတ္တ၊ အကြင်အခါ၌ သင့်အား မြင်အပ်၊ ကြားအပ်၊ တွေ့အပ်၊ သိအပ်သောတရားတို့၌ မြင်လျှင် မြင်ကာမတ္တ၊ ကြားလျှင် ကြားကာမတ္တ၊

တွေ့လျှင် တွေ့ကာမတ္တ၊ သိလျှင် သိကာမတ္တမျှသာ ဖြစ်၏။ ထိုအခါ၌ သင့်အား ထိုတရားဖြင့် တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်းသည် ဖြစ်မည် မဟုတ်။ အကြင်အခါ၌ ထိုတရားဖြင့် တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်းသည် မဖြစ်။ ထိုအခါ၌ သင်သည် ထိုတရား၌ တည်မည်မဟုတ်။ အကြင်အခါ၌ သင်သည် ထိုတရား၌မတည်။ ထိုအခါ၌ သင်သည် ဤလောက၌ လည်းကောင်း၊ တပါးသော လောက၌လည်းကောင်း၊ ယင်းနှစ်ပါးတို့၏ ကြား၌လည်းကောင်း ရှိတော့မည် မဟုတ်"

ဤသို့ ဗုဒ္ဓက ဟောကြားသောအခါ ရှင်မာလုကျပုတ္တသည် အကျဉ်းအား ဖြင့် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်၏ အနက်ကို အကျယ် အားဖြင့် မိမိနားလည်ပုံကို ဂါထာများဖြင့် လျှောက်ကြား၏။ ယင်းဂါထာ တို့၏ အဓိပ္ပာယ်အချုပ်ကား အောက်ပါအတိုင်း ဖြစ်၏။

"အဆင်းကိုမြင်၍ နှစ်သက်ဖွယ်ဟု နှလုံးသွင်းသူအား သတိသည် ပျောက် ပျက်သွား၏။ ထိုသူသည် ထိုအာရုံကို လွန်စွာ တပ်မက်မောသော စိတ်ရှိသည် ဖြစ်၍ ခံစား၏။ မျိုသိပ်၍တည်၏။ ထိုသူအား အဆင်းအာရုံကြောင့်ဖြစ်သည့် များစွာသော ဝေဒနာတို့သည် တိုးပွားကုန်၏။ သူတပါးစည်းစိမ်ကို မိမိသို့ ရွေးရှုကြံစည်ခြင်း၊ သူတပါးကို ညှဉ်းဆဲလိုခြင်းတို့သည် ထိုသူ၏စိတ်ကို ညှဉ်းဆဲ နှိပ်စက်ကုန်၏။ ဤသို့လျှင် ဆင်းရဲမှုကိုဆည်းပူး၍ နေသူအား နိဗ္ဗာန်သည် ဝေးကွာလှပေသည်"

(အသံကိုကြားခြင်း စသည်တို့၌လည်း ထိုနည်းတူ လျှောက်၏။)

ထိုနောက် ရှင်မာလုကျပုတ္တသည် တပါးတည်းနေလျက် တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေ၏။

## ၃။ ပရိဟာနဓမ္မသုတ်

[ဆုတ်ယုတ်ခြင်း သဘောရှိသူ]

၉၆။ ရဟန်းတို့၊ ငါသည် သင်တို့အား ဆုတ်ယုတ်ခြင်း သဘောရှိသူ၊ မဆုတ်ယုတ်ခြင်း သဘောရှိသူကိုလည်းကောင်း၊ လွှမ်းမိုးအပ်သော အာယတန တရား ၆ ပါးကိုလည်းကောင်း ဟောပေအံ့၊ နာယူကြကုန်လော့။ ရဟန်းတို့

အဘယ်သို့လျှင် ဆုတ်ယုတ်ခြင်းသဘော ရှိသူဖြစ်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် အဆင်းအာရုံကိုမြင်၍ အကုသိုလ်တရားများ ဖြစ်ပေါ်လာသည်ရှိသော် ထိုတရားတို့ကို လက်ခံထား၏။ စွန့်ပယ် ဖျောက်ဖျက်ခြင်း မပြု။ ထိုရဟန်းသည် "ငါ့ကား ကုသိုလ်တရားတို့မှ ဆုတ်ယုတ်နေ၏"ဟု သိအပ်၏။

(နားဖြင့် အသံကိုကြားခြင်း စသည်တို့၌ နည်းတူ ဟော၏။)

ရဟန်းတို့၊ ဤသို့လျှင် ဆုတ်ယုတ်ခြင်း သဘောရှိသူ ဖြစ်၏။

"ရဟန်းတို့၊ အဘယ်သို့လျှင် မဆုတ်ယုတ်ခြင်း သဘောရှိသူ ဖြစ်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်၍ အကုသိုလ်တရားများ ဖြစ်ပေါ်လာသည်ရှိသော် ထိုတရားတို့ကို လက်ခံမထားပဲ စွန့်ပယ် ဖျောက်ဖျက်၏။ ထိုရဟန်းသည် "ငါကား ကုသိုလ်တရားတို့မှ မဆုတ်ယုတ်" ဟူ၍ သိအပ်၏။

(နားဖြင့် အသံကိုကြားခြင်း စသည်တို့၌ နည်းတူ ဟော၏။)

ရဟန်းတို့၊ ဤသို့လျှင် မဆုတ်ယုတ်ခြင်း သဘောရှိသူ ဖြစ်၏။

ရဟန်းတို့၊ လွှမ်းမိုးအပ်သော အာယတန ၆ ပါးတို့ကား အဘယ်နည်း ဆိုသော် ဤသာသနာ၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သည်ရှိသော် အကုသိုလ်တရားတို့သည် မဖြစ်ကုန်။ ထိုရဟန်းသည် "ငါကား ဤမျက်စိ တည်းဟူသော အာယတနကို လွှမ်းမိုးအပ်ပြီ"ဟု သိအပ်၏။

(နားဖြင့် အသံကိုကြားခြင်း စသည်၌ နည်းတူဟော၏။)

ရဟန်းတို့၊ ဤမျက်စိ၊ နားစသည်တို့ကို လွှမ်းမိုးအပ်သော အာယတန (၆)ပါးဟု ဆိုအပ်ကုန်၏။

## ၄။ ပမာဒဝိဟာရီသုတ်

၉၇။ ရဟန်းတို့၊ မေ့လျော့စွာ နေလေ့ရှိသူကိုလည်းကောင်း၊ မမေ့မလျော့ နေလေ့ရှိသူကိုလည်းကောင်း ငါဟောကြားအံ့၊ နာယူကြလော့။ ရဟန်းတို့၊ အဘယ်သို့လျှင် မေ့လျော့စွာ နေလေ့ရှိသူဖြစ်သနည်း ဆိုသော် စက္ခုန္ဒြေကို မစောင့်စည်းသည် ဖြစ်၍ နေသော ရဟန်းအား စက္ခုဝိညာဏ်

ဖြင့် သိအပ်သော အဆင်း အာရုံတို့၌ စိတ်သည် ကိလေသာဖြင့် စွတ်စို၏။ ကိလေသာဖြင့် စွတ်စိုသော စိတ်ရှိသူအား ဝမ်းမြောက်ခြင်းသည် မဖြစ်။ ဝမ်းမြောက်ခြင်းမရှိသော် နှစ်သိမ့်ခြင်းသည် မဖြစ်။ နှစ်သိမ့်ခြင်း မရှိသော် ငြိမ်းချမ်းခြင်းသည် မဖြစ်။ ငြိမ်းချမ်းခြင်းမရှိသော် ဆင်းရဲခြင်းသည် ဖြစ်၏။ ဆင်းရဲခြင်းရှိသူ၏ စိတ်သည် မတည်ကြည်။ စိတ် မတည်ကြည်သည်ရှိသော် သမထဝိပဿနာတရားတို့သည် မထင်ရှားကုန်။ တရားတို့မထင်ရှားခြင်းကြောင့် မမေ့မလျော့စွာနေလေ့ရှိသူဟူ၍သာ အခေါ်ခံရခြင်းသို့ ရောက်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် မမေ့မလျော့နေလေ့ရှိသူဖြစ်သနည်းဆိုသော် စက္ခုန္ဒြေကို စောင့်စည်းသည် ဖြစ်၍ နေသူအား စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်းအာရုံတို့၌ စိတ်သည် ကိလေသာဖြင့်မစွတ်စို၊ ကိလေသာဖြင့် မစွတ်စိုသောစိတ်ရှိသူအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဝမ်းမြောက်ခြင်း ရှိသူအား နှစ်သိမ့်ခြင်းသည်ဖြစ်၏။ နှစ်သိမ့်ခြင်း ရှိသူ၏ကိုယ်သည် ငြိမ်းချမ်း၏။ ငြိမ်းချမ်းသောကိုယ်ရှိသူ သည် ချမ်းသာစွာနေရ၏။ ချမ်းသာခြင်းရှိသူ၏ စိတ်သည် တည်ကြည်၏။ စိတ်တည်ကြည်သည် ရှိသော် သမထဝိပဿနာ တရားတို့သည် ထင်ရှားကုန်၏။ တရားတို့ထင်ရှားခြင်းကြောင့် မမေ့မလျော့ နေလေ့ရှိသူဟူ၍သာလျှင် အခေါ် ခံရခြင်းသို့ရောက်၏။

(သောတိန္ဒြေစသည်တို့၌ နည်းတူဟော၏။)

## ၅။ သံဝရသုတ်

### [စောင့်စည်းခြင်းနှင့် မစောင့်စည်းခြင်း]

၉၀။ စောင့်စည်းခြင်းနှင့် မစောင့်စည်းခြင်း နှစ်မျိုးကိုဟောသည်။ လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သော အဆင်း အသံစသည့် အာရုံ(၆)ပါးတို့ကို လွန်စွာ နှစ်သက်သော၊ မျိုသိပ်စွဲလမ်း၍ တည်သော ရဟန်းသည် 'ငါကား ကုသိုလ် တရားတို့မှ ဆုတ်ယုတ်နေ၏'ဟု သိရမည်။ ဤသို့ နှစ်သက်ခြင်းသည် မစောင့်စည်းခြင်းမည်၏။

လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သည့် အဆင်း၊ အသံ စသော အာရုံ (၆) ပါးတို့ကိုလွန်စွာ မနှစ်သက်သော၊ မျိုသိပ်စွဲလမ်း၍ မတည်သော ရဟန်းသည် "ငါကား ကုသိုလ်တရားတို့မှ မဆုတ်ယုတ်"ဟူ၍ သိရမည်။ ဤသို့ မနှစ်သက်ခြင်းသည် စောင့်စည်းခြင်း မည်၏။

## ၆။ သမာဓိသုတ်

[သမာဓိကို ပွားများရန် တိုက်တွန်းခြင်း]

၉၉။ တည်ကြည်သော စိတ်ရှိသူသည် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ အဘယ်သို့ ဟုတ်တိုင်းမှန်စွာ သိမြင်သနည်း ဆိုသော် "မျက်စိသည် မမြဲသောတရား ဖြစ်၏။ အဆင်းအာရုံတို့သည် မမြဲသောတရား ဖြစ်ကုန်၏ စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိ၏။ ထို့ကြောင့် သမာဓိကို ပွားများကြကုန်လော့" ဟု ရဟန်းတို့အား တိုက်တွန်းတော်မူသည်။

၁၀၀။ ပဋိသလ္လာနသုတ်၌ တပါးတည်း ကိန်းအောင်း၍နေသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ထို့ကြောင့် သင်တို့သည် တပါးတည်း ကိန်းအောင်း၍ နေခြင်း၌ အားထုတ်ကြကုန်လော့ ဟု ရဟန်းတို့အား တိုက်တွန်းတော်မူသည်။

## ၈။ ပဌမနတုမှာကသုတ်

[မျက်စိသည် သင်တို့ဥစ္စာမဟုတ်ဟု ဟောခြင်း]

၁၀၁။ "ရဟန်းတို့၊ အကြင်အရာသည် သင်တို့၏ ဥစ္စာမဟုတ်။ ထိုအရာကို စွန့်ကြကုန်လော။ ယင်းသို့ စွန့်ခြင်းသည် သင်တို့အား စီးပွားချမ်းသာအလို့ငှာ ဖြစ်လိမ့်မည်။ ရဟန်းတို့၊ ဘယ်အရာသည် သင်တို့၏ဥစ္စာ မဟုတ်သနည်းဆိုသော် မျက်စိသည် သင်တို့၏ဥစ္စာမဟုတ်၊ ရူပါရုံတို့သည် သင်တို့၏ဥစ္စာမဟုတ်၊ စက္ခုဝိညာဏ်သည် သင်တို့၏ဥစ္စာမဟုတ်၊ စက္ခုသမ္ဖဿသည် သင်တို့၏ ဥစ္စာမဟုတ်၊ စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာသည် သင်တို့၏ ဥစ္စာမဟုတ်"

(နား၊ နှာခေါင်း စသည်၌ နည်းတူ ဟောသည်။)

"ရဟန်းတို့၊ ဤဇေတဝန်ကျောင်းဝင်း၌ရှိသော မြက်၊ထင်း၊သစ်ခက်၊သစ်ရွက်တို့ကို လူအပေါင်းက ယူဆောင်သွားခြင်း၊ သို့မဟုတ် မီးရှို့ခြင်း ပြုခဲ့သော် "လူအပေါင်းသည် ငါတို့ကို ယူဆောင်သွား၏။ သို့မဟုတ် ငါတို့ကို မီးရှို့၏ ဟူ၍ သင်တို့အား ထင့်မှတ်ခြင်း ဖြစ်ပါသလော"

"မဖြစ်ပါဘုရား၊ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် တပည့်တော်တို့၏ ကိုယ်သည်းမဟုတ်၊ ကိုယ်နှင့်စပ်သော အရာလည်း မဟုတ်သောကြောင့် ဖြစ်ပါသည်"

"ရဟန်းတို့၊ ထိုနည်းတူပင် အကြင်အရာသည် သင်တို့၏ဥစ္စာမဟုတ်။ ထိုအရာကို သင်တို့ စွန့်ကြကုန်လော့"

၁၀၂။ ဒုတိယ နတုမှာက သုတ်၌ ဥပမာ မပါပဲ ပထမသုတ် နည်းတူးဟောသည်။

## ၁၀။ ဥဒကသုတ်

[ ဥဒက ရသေ့နှင့် စပ်သောဟောကြားချက် ]

၁၀၃။ ရဟန်းတို့၊ ရာမ၏သား ဥဒကသည် 'ငါသည် စင်စစ်ဝေဒနာကို သိသူဖြစ်၏၊ စင်စစ် အလုံးစုံကို အောင်မြင်ပြီးသူ ဖြစ်၏။ စင်စစ် မတူးအပ်သေးသောအနာ၏ အမြစ်ကို တူးပြီးသူဖြစ်၏' ဟူသော စကားကို ဆို၏။ ရဟန်းတို့ ရာမ၏သား ဥဒကသည် ဝေဒကို သိသူမဟုတ်ပဲလျက် 'ငါသည် ဝေဒကို သိသူ ဖြစ်၏'ဟု ဆိုဘိ၏။ အလုံးစုံကို အောင်ပြီးသူ မဟုတ်ပဲလျက် 'ငါသည် အလုံးစုံကို အောင်ပြီးသူ ဖြစ်၏' ဟုဆိုဘိ၏။ အနာ၏ အမြစ်ကို မတူးရသေးပဲလျက် 'ငါသည် အနာ၏ အမြစ်ကို တူးပြီးသူ ဖြစ်၏' ဟုဆိုဘိ၏။ ရဟန်းတို့၊ စင်စစ်သော်ကား ဤသာသနာ၌ ရှိသော ရဟန်းသည်သာလျှင် 'ငါသည် စင်စစ်ဝေဒကို သိသူဖြစ်၏။ စင်စစ်အလုံးစုံကို အောင်ပြီးသူ ဖြစ်၏။ စင်စစ် အနာ၏ အမြစ်ကို တူးပြီးသူဖြစ်၏'ဟု ဆိုသော်ကောင်းစွာ ဆိုသည်မည်ရာ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဝေဒကို သိသူဖြစ်သနည်းဆိုသော် ဖဿ၏တည်ရာ အာယတန (၆)ပါး တို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းဖြင့် ရဟန်းသည် ဝေဒကို သိသူဖြစ်၏။

ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် အလုံးစုံကို အောင်ပြီးသူ ဖြစ်သနည်းဆိုသော် ဖဿ၏ တည်ရာအာယတန (၆) ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိ၍ တစုံတခုသော အာရုံကို မစွဲယူပဲ ကိလေသာတို့မှ လွတ်မြောက်ခြင်းဖြင့် ရဟန်းသည် အလုံးစုံကို အောင်မြင်ပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မတူးအပ်သေးသော အနာ၏ အမြစ်ကို တူးပြီးသူဖြစ်သနည်း ဆိုသော်- အနာဟူသည် မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤခန္ဓာကိုယ်ကို ဆိုလို၏။ အနာ၏ အမြစ်ဟူသည် တဏှာကို ဆိုလို၏။ ထိုတဏှာကို နောက်ထပ် မဖြစ်အောင် အကြွင်းမဲ့ နုတ်ပယ်ခြင်းဖြင့် ရဟန်းသည် မတူးအပ်သေးသော အနာ၏ အမြစ်ကို တူးပြီးသူ ဖြစ်၏။

## ( ၁၁ ) ၁။ ယောဂက္ခေမိဝဂ်

### ၁။ ယောဂက္ခေမိသုတ်

[ ယောဂကို ကုန်စေသူ ]

၁၀၄။ ဤသုတ်၌ ယောဂကို ကုန်စေသူဟူ၍ ဆိုနိုင်ခြင်း၏ အကြောင်းကို ဟောကြားသည်။ မြတ်စွာဘုရားသည် လိုလားနှစ်သက် တက်မက်ဖွယ် ဖြစ်သည့် အဆင်းအသံ စသောအာရုံ (၆) ပါးတို့ကို နောက်ထပ် မဖြစ်အောင် အကြွင်းမဲ့ ဖြတ်ပယ်ပြီးဖြစ်၏။ ထိုတရားတို့ကိုပယ်ရန် အားထုတ်ခြင်းကိုလည်း ဟောကြားတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ယောဂကို ကုန်စေသူဟူ၍ ဆိုထိုက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောကြားသည်။

### ၂။ ဥပါဒါယသုတ်

[ မျက်စိ စသည်ကို စွဲ၍ ချမ်းသာဆင်းရဲ ဖြစ်ပုံ ]

၁၀၅။ မျက်စိ၊ နား စသော အာယတန (၆) ပါးရှိလတ်သော် ယင်းတို့ကို စွဲ၍ ကိုယ်တွင်းသန္တာန်၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် ဖြစ်ပေါ်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘော ရှိသော မျက်စိ နား စသည်တို့ကို မစွဲပဲ ကိုယ်တွင်းသန္တာန်၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်း သည် မဖြစ်။ ဤသို့ ရှုမြင်သော အရိယာ တပည့်သည် မျက်စိ၊ နား စသည်တို့၌ ငြီးငွေ့၍ တပ်မက်ခြင်း ကင်းကာ ကိလေသာမှ လွတ်မြောက် သွားတော့၏ဟု ဟောကြားသည်။

## ၃။ ဒုက္ခသမုဒယသုတ်

### [ ဒုက္ခဖြစ်ပုံနှင့် ချုပ်ပုံ ]

၁၀၆။ ဤသုတ်၌ ဒုက္ခဖြစ်ပုံနှင့် ဒုက္ခပျောက်ကွယ်ပုံကို ဟောသည်။စက္ခုပသာဒနှင့် ရူပါရုံတို့ကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ ယင်းသုံးပါးတို့၏ ပေါင်းဆုံခြင်းသည် ဖဿဖြစ်၏။ တွေ့ထိခြင်း ဖဿကြောင့် ခံစားခြင်း ဝေဒနာသည် ဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်၏။ ဤတဏှာသည် ဒုက္ခဖြစ်ပေါ်ကြောင်း ဖြစ်၏။

စက္ခုပသာဒနှင့် ရူပါရုံတို့ကို စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ ယင်းသုံးပါးတို့၏ ပေါင်းဆုံခြင်းသည် ဖဿ ဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်၏။ ထိုတဏှာ၏ အကြွင်းမဲ့ ကင်းကွာချုပ်ငြိမ်းခြင်းကြောင့် ဥပါဒါန်၊ ဘဝ၊ ဇာတိ စသည်တို့ အဆင့်ဆင့်ချုပ်၍ ဒုက္ခအားလုံး ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ ဤကား ဒုက္ခပျောက်ကွယ်ပုံတည်း။

(သောတ ပသာဒနှင့် သဒ္ဒါရုံစသည်တို့၌ နည်းတူဟောသည်)

၁၀၇။ လောက သမုဒယ သုတ်၌ လောက၏ ဖြစ်ပုံနှင့် ပျောက်ကွယ်ပုံတို့ကို အထက်သုတ်နည်းတူ ဟောသည်။

၁၀၈။ သေယျောဟ မသ္မိ သုတ်၌ မျက်စိ၊ နားစသည်တို့ ရှိ၍ ယင်းတို့ကို စွဲ၍၊ ယင်းတို့ကို မှားသောအားဖြင့် နှလုံးသွင်း၍ 'ငါသည် မြတ်သူ ဖြစ်၏၊ ငါသည် တန်းတူသူ ဖြစ်၏။ ငါသည် နိမ့်ကျသူ ဖြစ်၏' စသော ထင်မှတ်မှုများ ဖြစ်ကြောင်းဟောသည်။

၁၀၉။ သံယောဇနိယသုတ်၌ မျက်စိ၊ နား စသော အာယတန ခြောက်ပါးတို့သည် နှောင်ဖွဲ့အပ်သော တရားများ ဖြစ်ကြောင်း၊ ထိုမျက်စိ၊ နားစသည်တို့၌ လိုချင်တပ်မက်ခြင်းသည် အနှောင်အဖွဲ့ ဖြစ်ကြောင်းဟောကြားသည်။

၁၁၀။ ဥပါဒါနိယ သုတ်၌ မျက်စိ၊ နားစသည်တို့သည် စွဲလမ်းအပ်သောတရားများ ဖြစ်ပြီး ယင်းတို့၌ လိုချင်တပ်မက်ခြင်းသည် စွဲလမ်းတတ်သောတရား ဖြစ်ကြောင်းဟောကြားသည်။

၁၁၁။ အဇ္ဈတ္တိကာယတနပရိဇာနနသုတ်၌ မျက်စိ၊ နားစသော အတွင်းအာယတန (၆)ပါးကို အထူးသိခြင်း၊ ပိုင်းခြား၍ သိခြင်း၊ ပယ်ခွာစွန့်ပစ်ခြင်းမပြုပဲ ဒုက္ခ ကုန်ခြင်းငှာ မသိုက်၊ ယင်းတို့ကို အထူးသိခြင်း၊ ပိုင်းခြား၍ သိခြင်း၊ ပယ်ခွာစွန့်ပစ်ခြင်း ပြုမှသာလျှင် ဒုက္ခကုန်ခြင်းငှာ ထိုက်ကြောင်း ဟောသည်။

၁၁၂။ ဗာဟိရာယတနပရိဇာနနသုတ်၌ ရူပါရုံ၊ သဒ္ဒါရုံစသော အပြင်အာယတန (၆)ပါးကို အထူးသိခြင်း၊ ပိုင်းခြား၍သိခြင်း၊ ပယ်ခွာစွန့်ပစ်ခြင်း ပြုမှသာလျှင် ဆင်းရဲကုန်ခြင်းငှာထိုက်ကြောင်း ဟောသည်။

## ၁၀။ ဥပဿုတိသုတ်

[အနီး၌နေသောရဟန်းအားတိုက်တွန်းခြင်း]

၁၁၃။ ဗုဒ္ဓသည် နာတိကရာအုတ်ကျောင်း၌ သီတင်းသုံးစဉ် ဆိတ်ငြိမ်ရာ၌ တပါးတည်း နေတော်မူလျက် 'စက္ခုပသာဒနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ ထိုသုံးပါးတို့၏ ပေါင်းဆုံခြင်းသည် ဖဿ ဖြစ်၏' စသော တရားဒေသနာကို ရွတ်ဆိုတော်မူ၏။ ထိုအခါ ရဟန်းတပါးသည် ဗုဒ္ဓရွတ်ဆိုသော တရားသံကို ကြားလောက်ရာအရပ်၌ ရပ်နေ၏။ ရဟန်း၊သင်သည် ငါ ရွတ်ဆိုသော တရားကို ကြားသလော' ဟု ဗုဒ္ဓကမေးရာ ရဟန်းက 'ကြားပါသည်' ဟု ဖြေ၏။ ထိုအခါ ဗုဒ္ဓက 'ရဟန်း သင်သည် ဤတရားကို လေ့ကျက်မှတ်သားလော၊ ဤတရားသည် အကျိုးစီးပွားနှင့်ယှဉ်၏။ အကျင့်မြတ်၏ အဦးအစဖြစ်၏' ဟု မိန့်ကြားတော်မူ၏။

## (၁၂) ၂။ လောကကာမဂုဏဝဂ်

### ၁။ ပဌမ မာရပါသသုတ်

[မာရ်နတ်၏ ကျော့ကွင်းမှလွတ်သူ]

၁၁၄။ ရဟန်းတို့၊ လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သည့် အဆင်းအာရုံတို့သည် ရှိကုန်၏။ ထိုအဆင်းအာရုံတို့ကို လွန်စွာ နှစ်သက်သော စွဲလမ်းမျိုသိပ်၍ တည်သော ရဟန်းကို မာရ်နတ်၏ အလို

သို လိုက်ပါနေသူ၊ မာရ်နတ်၏ ကျော့ကွင်းဖြင့် စွပ်ထားခြင်းခံရသူ၊ မာရ်နတ်၏ နှောင်ကြိုးဖြင့် နှောင်ဖွဲ့ထားခြင်း ခံရသူဟု ဆိုအပ်၏။

ရဟန်းတို့၊ လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သည့် စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်းအာရုံတို့သည် ရှိကုန်၏။ ထိုအဆင်းအာရုံတို့ကို လွန်စွာ ပန်နှစ်သက်သော မျိုသိပ်စွဲလမ်း၍ မတည်သော ရဟန်းကို မာရ်နတ်၏ အလိုသို့ မလိုက်ပါသူ၊ မာရ်နတ်၏ ကျော့ကွင်းမှလွတ်သူ၊ မာရ်နတ်၏ နှောင်ကြိုးမှ လွတ်သူဟူ၍ ဆိုအပ်၏။

## (အသံအာရုံ စသည်တို့၌ နည်းတူဟောသည်)

၁၁၅။ ဒုတိယ မာရပါသသုတ်၌ လိုလား နှစ်သက် တပ်မက်ဖွယ်ဖြစ်သော အဆင်းအာရုံတို့ကို လွန်စွာ နှစ်သက် စွဲလမ်းမျိုသိပ်၍တည်သော ရဟန်းကို အဆင်း အာရုံတို့၌ မာရ်နတ်၏အလိုသို့လိုက်သူ၊ မာရ်နတ်၏ ကျော့ကွင်းဖြင့် စွပ်ထားခြင်းခံရသူ၊ မာရ်နတ်၏ နှောင်ကြိုးဖြင့် နှောင်ဖွဲ့ခြင်းခံရသူဟုဆိုအပ်၏။ အဆင်းအာရုံတို့ကို လွန်စွာ နှစ်သက်စွဲလမ်း၍ မတည်သော ရဟန်းကို အဆင်းအာရုံတို့၌ မာရ်နတ်၏ အလိုသို့ မလိုက်သူ၊ မာရ်နတ်၏ နှောင်ကြိုးမှ လွတ်မြောက်သူဟု ဆိုအပ်၏ စသည်ဖြင့် ဟောကြားသည်။

## ၃။ လောကန္တဂမနသုတ်

### [လောက၏ အဆုံးသို့သွားခြင်း]

၁၁၆။ အခါတပါး၌ ဗုဒ္ဓ သည် ရဟန်းတို့အား 'ရဟန်းတို့၊ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ် မြင်အပ် ရောက်အပ်၏ ဟု ငါမဟော။ လောက၏ အဆုံးသို့မရောက်မူ၍လည်း ဆင်းရဲကုန်ဆုံးမှု ပြုခြင်းကို ငါမဟော'ဟူ၍ မိန့်ကြားတော်မူပြီး နေရာမှထကာ ကျောင်းခန်းထဲသို့ ဝင်သွားတော်မူ၏။ ထိုအခါ ရဟန်းတို့က အကျဉ်းအားဖြင့် ဗုဒ္ဓမိန့်ကြားသော စကား၏ အနက်အဓိပ္ပာယ်ကို အကျယ် ဝေဖန်ဟောကြားရန် ရှင်အာနန္ဒာအားတောင်းပန်ကြသည်။ ရှင်အာနန္ဒာက အကြင်အရာဖြင့် လောကဟု မှတ်ထင်ခြင်းသည် ဖြစ်၏။ ထိုအရာကို လောကဟု ဆိုအပ်ကြောင်း၊ ထိုလောကဟု မှတ်ထင်ကြောင်း ဖြစ်သောတရားများမှာ မျက်စိနှားစသော အတွင်းအာယတန (၆)ပါးပင်

ဖြစ်ကြောင်း အကျယ် ဝေဖန်ဟောကြား၏။ ရှင်အာနန္ဒာ၏ ဟောကြားချက်ကို ရဟန်းတို့က ဗုဒ္ဓထံ၌ ပြန်၍ လျှောက်ကြရာ ဗုဒ္ဓက ရှင်အာနန္ဒာအား ချီးကျူးစကား မိန့်ကြားတော်မူသည်။

## ၄။ ကာမဂုဏသုတ်

[ကာမဂုဏ်တို့၌ စိတ်ကို စောင့်ထိန်းသင့်ကြောင်း]

၁၀၇။ အခါတပါး၌ ဗုဒ္ဓသည် ရဟန်းတို့အား အောက်ပါစကားကို မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍မသိမီ ဘုရားလောင်းဖြစ်စဉ်ကပင် 'ငါ၏စိတ်သည် ရှေးက ငါခံစားခဲ့ဖူးသော ကာမဂုဏ်တို့၌လည်းကောင်း၊ ယခုပစ္စုပ္ပန်ဖြစ်သော ကာမဂုဏ်တို့၌လည်းကောင်း များစွာရောက်ရာ၏။ အနာဂတ်ဖြစ်သော ကာမဂုဏ်တို့၌လည်း အနည်းငယ်ရောက်ရာ၏။ ထို့ကြောင့် ငါသည် ရှေးကခံစားခဲ့ဖူးသော ကာမဂုဏ်တို့၌ မမေ့မလျော့ပဲ သတိဖြင့် စိတ်ကို စောင့်ရှောက်ခြင်း ပြုအပ်၏' ဟူ၍ အကြံဖြစ်ခဲ့၏။ ရဟန်းတို့ သင်တို့၏ စိတ်သည်လည်း သင်တို့ ရှေးက ခံစားခဲ့ဖူးသော ကာမဂုဏ်တို့၌လည်းကောင်း၊ ယခု ပစ္စုပ္ပန်ဖြစ်သော ကာမဂုဏ်တို့၌လည်းကောင်း များစွာရောက်ရာ၏။ အနာဂတ်ဖြစ်သော ကာမဂုဏ် တို့၌လည်း အနည်းငယ်ရောက်ရာ၏။ ထို့ကြောင့် သင်တို့သည်လည်း သင်တို့ ရှေးကခံစားခဲ့ဖူးသော ကာမဂုဏ်တို့၌ မမေ့မလျော့ပဲ သတိဖြင့် စိတ်ကို စောင့်ရှောက်ခြင်းပြုအပ်၏။ အကြင်အကြောင်း၌ စက္ခုပသာဒ၊ ရူပါရုံ စသည်တို့သည် ချုပ်ကုန်၏။ ထိုအကြောင်းကိုသိအပ်၏။

ဗုဒ္ဓသည် ဤသို့မိန့်ကြားတော်မူပြီး နေရာမှထကာ ကျောင်းခန်းတွင်းသို့ ဝင်သွား၏။ ထိုအခါ ရဟန်းတို့သည် ဗုဒ္ဓမိန့်ကြားသွားသော စကား၏အနက်အဓိပ္ပာယ်ကို အကျယ်အားဖြင့် ဝေဖန် ပြောကြားရန် ရှင်အာနန္ဒာအား တောင်းပန်ကြသည်။ ရှင်အာနန္ဒာက အာယတန (၆) ပါးတို့ ချုပ်ခြင်းကို ရည်ရွယ်၍ 'အကြင် အကြောင်း၌ စက္ခုပသာဒ၊ ရူပါရုံ စသည်တို့သည်

ချုပ်ကုန်၏။ ထိုအကြောင်းကို သိအပ်၏’ဟူ၍ မိန့်ကြားခြင်း ဖြစ်သည်ဟု မိမိနားလည်းကြောင်း ဝေဖန်ပြောကြား၏။ ရှင်အာနန္ဒာ၏ ဝေဖန်ချက်ကို ရဟန်းတို့က ဗုဒ္ဓအား လျှောက်ကြရာ ဗုဒ္ဓက ရှင်အာနန္ဒာအား ချီးကျူး စကား မိန့်ကြားတော်မူ၏။

## ၅။ သက္ကပဉှသုတ်

[ သိကြားမင်း၏ အမေးကို ဖြေခြင်း ]

၁၁၈။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သိကြားမင်း သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ‘အရှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ သည် မျက်မှောက်ဘဝ၌ပင် ကိလေသာမှ ငြိမ်းအေးကြပါသည်။ အချို့ သော သတ္တဝါတို့ကား မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးကြပါ။ ဤသို့ အချို့ ကိလေသာမှ ငြိမ်းအေး၍ အချို့မငြိမ်းအေးခြင်း၏ အကြောင်း ကား အဘယ်ပါနည်း’ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက ‘သိကြားမင်း၊ လိုလားနှစ်သက် တပ်မက်ဖွယ်သော အာရုံကို မှီသော၊ ထိုအာရုံကို စွဲလမ်း သော ဝိညာဏ်သည် ဖြစ်၏။ စွဲလမ်းခြင်း ရှိသော ရဟန်းသည် ကိလေသာမှ မငြိမ်းအေး၊ လိုလားနှစ်သက် တပ်မက်ဖွယ်သော အာရုံ (၆) ပါးတို့ကို လွန်စွာ နှစ်သက်စွဲလမ်း၍ မတည်သော ရဟန်းအား ထိုအာရုံကို မှီသော၊ ထိုအာရုံကို စွဲလမ်းသော ဝိညာဏ်သည် မဖြစ်။ စွဲလမ်းခြင်း မရှိသော ရဟန်း သည် ကိလေသာမှ ငြိမ်းအေး၏’ဟု ဟောကြားတော်မူသည်။
၁၁၉။ ပဉ္စသိခသုတ်၌ ပဉ္စသိခ မည်သော ဂန္ဓဗ္ဗ နတ်သားက သိကြားမင်း နည်းတူ မေး၍ ဗုဒ္ဓက ဖြေကြားတော်မူသည်။

## ၂၃။ သာရိပုတ္တသဒ္ဓိဝိဟာရိက သုတ်

[ ရှင်သာရိပုတ္တရာ၏တပည့်လူထွက်ခြင်း]

၁၂၀။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရှင်သာရိပုတ္တရာ သီတင်းသုံး နေစဉ် ရှင်သာရိပုတ္တရာ၏ သဒ္ဓိဝိဟာရိက တပည့်ဘပါးသည် သိက္ခာချ၍ လူထွက်သွားကြောင်း ရဟန်းတပါးက လာရောက်လျှောက်ကြား၏။ ထိုအခါ ဤအကြောင်းနှင့်စပ်၍ ရှင်သာရိပုတ္တရာက အောက်ပါအတိုင်း မိန့်ကြားတော် မူ၏။

"ငါ့ရှင်၊ ဣန္ဒြေ (၆) ပါး၌ မလုံခြုံသေးတံခါးရှိသော၊ စားဖွယ် ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော၊ နိုးကြားမှုကို အစဉ် အားမထုတ်သော ရဟန်းအား ဤအတိုင်းပင် ဖြစ်တတ်၏။ ငါ့ရှင်၊ ဣန္ဒြေ (၆) ပါး၌ မလုံခြုံသော တံခါးရှိသော၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော၊ နိုးကြားမှုကို အစဉ်အားမထုတ်သော ရဟန်းသည် အသက်ထက်ဆုံး အကျင့်မြတ်ကို ပြည့်ဝစင်ကြယ်စွာ ကျင့်နိုင်လိမ့်မည်ဟူ၍ မျှော်လင့်ဖွယ် အကြောင်း မရှိ။ ဣန္ဒြေ (၆) ပါး၌ လုံခြုံသော တံခါးရှိသော၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိသော၊ နိုးကြားမှုကို အစဉ်အားထုတ်သော ရဟန်းသည် သာလျှင် အသက်ထက်ဆုံး အကျင့်မြတ်ကို ပြည့်စုံစင်ကြယ်စွာ ကျင့်နိုင်လိမ့်မည် ဟူ၍ မျှော်လင့်ဖွယ် အကြောင်းရှိ၏။

"ငါ့ရှင်၊ အဘယ်သို့လျှင် ဣန္ဒြေ (၆) ပါး၌ လုံခြုံသော တံခါးရှိသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သည် ရှိသော် နိမိတ်ပုံကို စွဲယူလေ့မရှိ၊ အမူအရာကို စွဲယူလေ့မရှိ၊ အကြင်မျက်စိကို မစောင့်စည်းပဲနေသော ရဟန်းအား အဘိဇ္ဈာ၊ ဒေါမနဿ တည်းဟူသော အကုသိုလ် တရားဆိုးတို့သည် အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထိုမျက်စိကို စောင့်စည်းခြင်းငှာ အားထုတ်၏။ မျက်စိတည်းဟူသော ဣန္ဒြေကို စောင့် ထိန်း၏၊ မျက်စိတည်းဟူသောဣန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ စိတ် တည်းဟူသော ဣန္ဒြေ (မနိန္ဒြေ) ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ငါ့ရှင်၊ ဤသို့လျှင် ဣန္ဒြေ (၆) ပါး၌ လုံခြုံသောတံခါးရှိသူ ဖြစ်၏"

"ငါ့ရှင်၊ အဘယ်သို့လျှင် စားဖွယ်၌ အတိုင်းအရှည်ကို သိသူဖြစ်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် သင့်လျော်စွာ ဉာဏ်ဖြင့် ဆင်ခြင်၍ အစားအစာကို မှီဝဲ၏။ ပျော်မြူးရန်၊ မာန်ယစ်ရန်၊ တန်ဆာဆင်ရန်၊ အရေ အဆင်းဖွံ့ဖြိုးတိုးပွားစေရန် အစားအစာ မှီဝဲသည် မဟုတ်။ ကိုယ်ခန္ဓာ တည်တံ့ ရန်၊ မျှတရန်၊ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်၊ အကျင့်မြတ်ကို ချီးမြှောက် နိုင်ရန်အတွက်သာလျှင် အစားအစာကို မှီဝဲ၏။ "ဤအစားအစာကို မှီဝဲခြင်း ဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့။ ဝေဒနာသစ်ကိုလည်း မဖြစ် စေအံ့။ ငါ့အား မျှတခြင်း၊ အပြစ်ကင်းခြင်း၊ ချမ်းသာစွာ နေရခြင်းများ လည်း ဖြစ်လိမ့်မည်' ဟု နှလုံးသွင်း၍ အစားအစာကို မှီဝဲ၏။ ငါ့ရှင်၊ ဤသို့ လျှင် စားဖွယ်၌ အတိုင်းအရှည်ကို သိသူဖြစ်၏။

"ငါ့ရှင်၊ အဘယ်သို့လျှင် နိုးကြားမှုကို အစဉ်အားထုတ်သူ ဖြစ်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် နေ့အချိန်၌ စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သော နီဝရဏ တရားတို့မှ စိတ်ကိုစင်ကြယ်စေ၏။ ညဦးယံ၌ စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သော တရားတို့မှ စိတ်ကို စင်ကြယ်စေ၏။ သန်းခေါင်ယံ၌ ခြေတဘက်၌ ခြေတဘက်ကို စုံးငယ်လွန်၍ တင်ထားကာ သတိသမ္ပဇဉ် ရှိသည်ဖြစ်၍ ထအံ့ဟူသော သညာကို နှလုံးသွင်းလျက် လက်ယာနံပါးဖြင့် မြတ်သောအိပ်ခြင်းကို ပြု၏။ ည၏နောက်ဆုံးယံ (မိုးသောက်ယံ) ၌ အိပ်ရာမှထ၍ စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် ပိတ်ဆို့တတ်သော တရားတို့မှ စိတ်ကို စင်ကြယ်စေ၏။ ငါ့ရှင်၊ ဤသို့လျှင် နိုးကြားမှုကို အစဉ်အားထုတ်သူ ဖြစ်၏။

"ငါ့ရှင်၊ ထို့ကြောင့် သင်တို့သည် ဣန္ဒြေ (၆) ပါး၌ လုံခြုံသော တံခါးရှိသူ၊ စားဖွယ်၌ အတိုင်းအရှည်ကို သိသူ၊ နိုးကြားမှုကို အစဉ်အားထုတ်သူ ဖြစ်ရန် ကြိုးစားအားထုတ်အပ်၏"

## ၈။ ရာဟုလောဝါဒသုတ်

[ရှင်ရာဟုလာအား ဆုံးမခြင်း]

၁၂၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဗုဒ္ဓမြတ်စွာအား 'ယခုအခါ ရာဟုလာ၏ အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်သော (ဝိမုတ္တိပရိပါစနီယ) တရားတို့သည် ရင့်ကျက်ကြကုန်ပြီ၊ ငါသည် ရာဟုလာအား အာသဝ တို့၏ ကုန်ကြောင်းတရား၌ တဆင့်တက်၍ ဆုံးမရသော်သင့်ပေရာ၏' ဟုစိတ်အကြံဖြစ်၏။

နောက်နေ့နံနက်တွင် ဗုဒ္ဓသည် သာဝတ္ထိမြို့တွင်းသို့ဆွမ်းခံဝင်၍ ဆွမ်းကိစ္စပြီးသောအခါ ရှင်ရာဟုလာကို ခေါ်ကာ အန္ဓဝန်တောအုပ်သို့ ကြွသွားတော်မူ၏။ ရှင်ရာဟုလာအား ဗုဒ္ဓက တရားဟောမည်ကို သိသဖြင့် ထောင်ပေါင်းများစွာသော နတ်တို့သည် ဗုဒ္ဓ၏ နောက်မှလိုက်လာကြသည်။ ဗုဒ္ဓသည် တောအုပ်ထဲသို့ ရောက်သည့်အခါ တခုသော သစ်ပင်အောက်တွင် ထိုင်တော်မူပြီး ရှင်ရာဟုလာအား စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿတို့သည် လည်းကောင်း၊ ထိုစက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊

ဝိညာဏ် တို့သည်လည်းကောင်း မမြဲသောတရား၊ ဆင်းရဲသော တရားများ ဖြစ်၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော တရားကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ ရှုခြင်းငှာမသင့်။ ဤသို့ရှုမြင်သောအရိယာ တပည့်သည် စက္ခုပသာဒ ရူပါရုံစသည်တို့၌ ငြီးငွေ့၍ တပ်မက်ခြင်း ကင်းကာ ကိလေသာတို့မှ လွတ်မြောက်သွား၏ ဟူ၍ ဟောကြားတော်မူသည်။ ဤသို့ ဟောကြားစဉ်မှာပင် ရှင်ရာဟုလာ၏စိတ်သည် တစုံတခုသော အာရုံကိုမျှ မစွဲ ယူပဲ အာသဝတို့မှ လွတ်မြောက်သွား၏။ ထောင်ပေါင်းများစွာသော နတ်တို့ အားလည်း ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ ဖြစ်ပေါ် သွားလေသည်။

၁၂၂။ သံယောဇနိယ ဓမ္မသုတ်၌ နှောင်ဖွဲ့ကြောင်းဖြစ်သော တရားနှင့် နှောင်ဖွဲ့တတ်သော တရားနှစ်မျိုးကို ခွဲခြား၍ ဟောတော်မူသည်။ အဆင်း၊ အသံ စသော အာရုံ(၆)ပါးတို့သည် နှောင်ဖွဲ့ကြောင်းဖြစ်သော တရားများ ဖြစ်၏။ ထိုအာရုံ (၆)ပါးတို့၌ လိုချင်တပ်မက်ခြင်းသည် နှောင်ဖွဲ့တတ်သော တရားဖြစ်၏။

၁၂၃။ ဥပါဒါနိယဓမ္မသုတ်၌ စွဲလမ်းကြောင်းဖြစ်သော တရားနှင့် စွဲလမ်း တတ်သော တရားနှစ်မျိုးကို အထက်သုတ်နည်းတူ ခွဲခြား၍ ဟောတော်မူသည်။

## (၁၃) ၃။ ဂဟပတိဝဂ်

### ၁။ ဝေသာလီသုတ်

[ဝေသာလီမှ ဥဂ္ဂသူကြွယ်အား ဟောကြားချက်]

၁၂၄။ ဝေသာလီပြည် မဟာဝုန်တော၊ ကူဋာဂါရကျောင်း၌ ဗုဒ္ဓ သီတင်း သုံးစဉ် ဝေသာလီမြို့သား ဥဂ္ဂမည်သော သူကြွယ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ကိလေ သာမှ ငြိမ်းအေးကြကုန်၏။ အချို့ကား မျက်မှောက်ဘဝ၌ ကိလေသာမှ မငြိမ်းအေးကြပါ။ ဤသို့နှစ်မျိုးကွဲပြားခြင်း၏ အကြောင်းကား အဘယ်ပါ

နည်း' ဟု မေးလျှောက်သည်။ ထိုအခါ ဗုဒ္ဓက 'အာရုံ၆ ပါးကို လွန်စွာစွဲလမ်း နှစ်သက်၍ တည်သောရဟန်းအား ထိုအာရုံကိုမှီသော၊ ထိုအာရုံကိုစွဲလမ်းသော ဝိညာဏ်သည် ဖြစ်ပေ၏၊ စွဲလမ်းခြင်းရှိသူသည် ကိလေသာမှ မငြိမ်းအေး။ အာရုံ(၆)ပါးကို လွန်စွာ စွဲလမ်းနှစ်သက်၍ မတည်သော ရဟန်းအား ထို အာရုံကိုမှီသော ထိုအာရုံကိုစွဲလမ်းသော ဝိညာဏ်သည် မဖြစ်။ စွဲလမ်းခြင်း မရှိသူသည် ကိလေသာမှ လွတ်မြောက်၏ဟု ဟောကြားတော်မူသည်။

၁၂၅။ ဝဇ္ဇီသုတ်မှာ ဝဇ္ဇီတိုင်းဟတ္ထိရွာ၌ ဗုဒ္ဓသီတင်းသုံးစဉ် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်က မေးလျှောက်သဖြင့် အထက်သုတ်နည်းတူ ဖြေကြားခြင်းဖြစ် သည်။

၁၂၆။ နာလန္ဒသုတ်မှာ နာလန္ဒမြို့ ပါဝါရိကသရက်ဥယျာဉ်၌ ဗုဒ္ဓသီတင်း သုံးစဉ် ဥပါလိသူကြွယ်က မေးလျှောက်သဖြင့် အထက်သုတ်နည်းတူဖြေကြား ခြင်းဖြစ်သည်။

## ၄။ ဘာရဒွါဇသုတ်

[ဥဒေနမင်း၏ အမေးနှင့် ရှင်ဘာရဒွါဇ၏ အဖြေ]

၁၂၇။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ရှင်ပိဏ္ဍောလဘာရဒွါဇ သီတင်းသုံးနေစဉ် ဥဒေနမင်းသည် ရှင်ပိဏ္ဍောလထံ ချဉ်းကပ်၍ ပြဿနာတရပ် ကို မေးလျှောက်၏။

"အရှင်ဘာရဒွါဇ၊ ဤသာသနာ၌ ရဟန်းများသည် ငယ်ရွယ်နုပျိုသူများ ဖြစ်ပါလျက် အဘယ့်ကြောင့် ကာမဂုဏ်ကိုမခံစားပဲ အသက်ထက်ဆုံး အကျင့် မြတ်ကို ကျင့်သုံးနိုင်ကြပါသနည်း"

"မင်းမြတ်၊ မြတ်စွာဘုရားသည် ရဟန်းတို့အား မိခင်အရွယ်ရှိသော မာတုဂါမ၌ မိခင်စိတ်၊ နှမအရွယ်ရှိသော မာတုဂါမ၌ နှမစိတ်၊ သမီးအရွယ် ရှိသော မာတုဂါမ၌ သမီးစိတ်ကို ဖြစ်စေရန် ဆုံးမတော်မူ၏။ ဤအကြောင်း ကြောင့် ရဟန်းတို့သည် ငယ်ရွယ်သူများဖြစ်လျက် အသက်ထက်ဆုံး အကျင့် မြတ်ကို ကျင့်သုံးနိုင်ကြခြင်း ဖြစ်၏"

"အရှင်ဘုရားဒ္ဒါ၊ စိတ်သည် လော်လီဖောက်ပြားတတ်ပါသည်။ တခါ တရံ မိခင်အရွယ်၊ နှမအရွယ်၊ သမီးအရွယ်ရှိသော မာတုဂါမတို့၌လည်း တပ်မက်ခြင်း ဖြစ်တတ်ပါသည်။ ငယ်ရွယ်သူများဖြစ်လျက် အသက်ထက်ဆုံး အကျင့်မြတ်ကို ကျင့်သုံးနိုင်ခြင်း၌ တပါးသောအကြောင်းရှိပါသေးသလော"

"မင်းမြတ်၊ မြတ်စွာဘုရားသည် ရဟန်းတို့အား "ဤ ခန္ဓာကိုယ်သည် ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း စသော စက်ဆုပ်ဖွယ် အစိတ်အပိုင်း (ကောဋ္ဌာသ) (၃၂) ပါးတို့ဖြင့်သာ ပြည့်နေ၏" ဟူ၍ ရှုမှတ်ဆင်ခြင်ရန် ဆုံးမတော်မူ၏။ ဤကြောင်းကြောင့်လည်း ရဟန်းတို့သည် အသက်ထက်ဆုံး အကျင့်မြတ်ကို ကျင့်သုံးနိုင်ကြခြင်း ဖြစ်သည်။

"အရှင်ဘုရားဒ္ဒါ၊ ပွားများအပ်သော ကိုယ်စိတ်၊ ပွားများအပ်သော သီလ ပညာရှိသူတို့အား ဤခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ်ဟူ၍ ရှုခြင်းငှာ လွယ်ကူပါသည်။ မပွားများအပ်သော ကိုယ်စိတ်၊ မပွားများအပ်သော သီလ ပညာရှိသူတို့အားမူ ထိုသို့ ပွားများခြင်းငှာ မလွယ်ကူပါ။ အသက်ထက်ဆုံး အကျင့်မြတ်ကို ကျင့်သုံးနိုင်ခြင်း၌ တပါးသောအကြောင်း ရှိပါသေးသလော"

"မင်းမြတ် မြတ်စွာဘုရားသည် ရဟန်းတို့အား မျက်စိဖြင့် အဆင်းအာရုံကို မြင်သောအခါ စသည်တို့၌ နိမိတ်ပုံ၊ အမှုအရာတို့ကို စွဲယူခြင်းမပြုပဲ မျက်စိ၊ နားစသော ဣန္ဒြေ (၆) ပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆုံးမတော်မူ၏။ ဤကြောင်းကြောင့်လည်း ရဟန်းတို့သည် ငယ်ရွယ်သူများဖြစ်လျက် အသက်ထက်ဆုံး အကျင့်မြတ်ကို ကျင့်သုံးနိုင်ကြခြင်း ဖြစ်၏"

ရှင်ပိဏ္ဍောလ၏ အဖြေများကို ကြားရသောအခါ ဥဒေနမင်းက "မြတ်စွာဘုရား၏ ဟောကြားချက်သည် အလွန်ကောင်းလှပါပေသည်" ဟု ချီးကျူး စကား ပြောကြား၏။ ထို့ပြင် မိမိသည်လည်း ဣန္ဒြေတို့ကို မစောင့်စည်းပဲ နန်းတော်ဆောင်ထဲသို့ အမှတ်တမဲ့ ဝင်သွားသည့်အခါ လောဘတရားတို့၏ လွှမ်းမိုးခြင်းကို ခံရကြောင်း။ ဣန္ဒြေတို့ကို စောင့်စည်းလျက် ဝင်သွားသော အခါ၌ကား လောဘတရားတို့၏ လွှမ်းမိုးခြင်းကို မခံရကြောင်း ဖွင့်ဟလျှောက် ကြား၏။ ထို့နောက် ဥပါသကာအဖြစ် ခံယူပြီး နန်းတော်သို့ ပြန်သွား လေသည်။

၁၂၈။ သောဏာသုတ်၌ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် သောဏ မည်သော သူကြွယ်သားက မေးလျှောက်သဖြင့် မျက်မှောက်ဘဝ၌

ပင် ကိလေ့သော ငြိမ်းအေးခြင်းနှင့် မငြိမ်းအေးခြင်း အကြောင်းများကို (၁၂၄၊ ဝေသာလီသုတ်နည်းတူ) ဖြေကြားတော်မူသည်။

## ၆။ ဃောသိတသုတ်

[ဃောသိတသူကြွယ်၏ အမေးနှင့် ရှင်အာနန္ဒာ၏ အဖြေ]

၁၂၉။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ရှင်အာနန္ဒာ သီတင်းသုံးနေစဉ် ဃောသိတ မည်သော သူကြွယ်သည် ရှင်အာနန္ဒာထံ ချဉ်းကပ်၍ 'ဓာတ်ကွဲပြားခြင်း၊ ဓာတ်ကွဲပြားခြင်းဟု ဆိုရာ၌ အဘယ်မျှဖြင့် ဓာတ်တို့၏ ကွဲပြားခြင်းကို မြတ်စွာဘုရားသည် ဟောကြားအပ်ပါသနည်း' ဟု မေးလျှောက်၏။ ထိုအခါ ရှင်အာနန္ဒာက ဓာတ်တို့၏ ကွဲပြားခြားနား ခြင်းကို အောက်ပါအတိုင်း ဟောကြားကြောင်း ဖြေကြားလေသည်။

"စက္ခုဓာတ်၊ နှစ်သက်ဖွယ်ဖြစ်သော အဆင်းအာရုံနှင့် စက္ခုဝိညာဏ်တို့ ထင်ရှားရှိသောအခါ၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကိုစွဲ၍ သုခ ဝေဒနာသည် ဖြစ်ပေါ်၏။ စက္ခုဓာတ်၊ နှစ်သက်ဖွယ် မဟုတ်သော အဆင်းအာရုံနှင့် စက္ခုဝိညာဏ်တို့ ထင်ရှားရှိသောအခါ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကို စွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်ပေါ်၏။ စက္ခုဓာတ်၊ နှစ်သက်ဖွယ် ဖြစ်၍ ဥပေက္ခာ ဝေဒနာ၏အကြောင်းဖြစ်သော အဆင်းအာရုံနှင့် စက္ခုဝိညာဏ်တို့ ထင်ရှားရှိသောအခါ ဥပေက္ခာ ဝေဒနာ၏ အကြောင်း ဖြစ်သော တွေ့ထိမှုကို စွဲ၍ ဥပေက္ခာ ဝေဒနာသည် ဖြစ်ပေါ်၏။

(သောတ ဓာတ်စသည်တို့၌ နည်းတူဟောသည်)။

"သူကြွယ် မြတ်စွာဘုရားသည် ဤမျှဖြင့် ဓာတ်တို့၏ ကွဲပြားခြားနားခြင်းကို ဟောကြားတော်မူ၏"

## ၇။ ဟာလိဒ္ဒိကာနိသုတ်

[ ဟာလိဒ္ဒိကာနိ သူကြွယ်၏ အမေးနှင့် ရှင်ကစ္စည်း၏ အဖြေ ]

၁၃၀။ အဝန္တီတိုင်း ကုရရဃရမြို့၊ ပပါတတောင်၌ ရှင်မဟာကစ္စည်း သီတင်းသုံးနေစဉ် ဟာလိဒ္ဒိကာနိ မည်သော သူကြွယ်သည် ရှင်မဟာကစ္စည်း

ထံ ချဉ်းကပ်၍ 'အဘယ်သို့လျှင် ဓာတ်တို့၏ ကွဲပြားခြင်းကို စွဲ၍ ဖဿ၏ ကွဲပြား ခြင်းသည် ဖြစ်ပါသနည်း။ ဖဿ၏ ကွဲပြားခြင်းကို စွဲ၍ ဝေဒနာ၏ ကွဲပြားခြင်းသည် ဖြစ်ပါသနည်း' ဟု မေးလျှောက်၏။ ထိုအမေးကို ရှင်မဟာ ကစ္စည်းကအောက်ပါအတိုင်း ဖြေကြား၏။

"မျက်စိဖြင့် အဆင်းကို မြင်သော် ဤအဆင်းသည် နှစ်သက်ဖွယ်ဖြစ်၏ ဟု သိသောသူအား စက္ခုဝိညာဏ်နှင့် သုခ ဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ သုခဝေဒနာသည် ဖြစ်ပေ၏။ မျက်စိဖြင့် အဆင်းကို မြင်သော် ဤအဆင်းသည် မနှစ်သက်ဖွယ် ဖြစ်၏ ဟု သိသောသူအား စက္ခုဝိညာဏ်နှင့် ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်ပေ၏။ မျက်စိဖြင့် အဆင်းကို မြင်သော် ဤအဆင်းသည် လျစ်လျူ ရှုသင့်သော အကြောင်းဖြစ်၏ ဟု သိသောသူအား စက္ခုဝိညာဏ်နှင့် ဥပေက္ခာ ဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဥပေက္ခာ ဝေဒနာသည် ဖြစ်ပေ၏"

( နားဖြင့် အသံကို ကြားခြင်း စသည်တို့၌ နည်းတူဟောကြားသည်)။

"ဤသို့လျှင် ဓာတ်တို့၏ ကွဲပြားခြင်းကို စွဲ၍ ဖဿ၏ ကွဲပြားခြင်းသည် ဖြစ်၏။ ဖဿ၏ ကွဲပြားခြင်းကို စွဲ၍ ဝေဒနာ၏ ကွဲပြားခြင်းသည် ဖြစ်၏"

၁၃၁။ နကုလပိတုသုတ်၌ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့၌ ဗုဒ္ဓသီတင်းသုံး နေ၍ နကုလပိတာ မည်သော သူကြွယ်က မေးလျှောက်သဖြင့် မျက်မှောက် ဘဝ၌ပင် ကိလေသာ ငြိမ်းခြင်း၊ မငြိမ်းခြင်း အကြောင်းကို ဝေသာလီ သုတ် နည်းတူ ဖြေကြားသည်။

## ၉။ လောဟိစ္စသုတ်

### [ လောဟိစ္စ ပုဏ္ဏားအား ဟောကြားချက်]

၁၃၂။ အခါတပါး၌ ရှင်မဟာကစ္စည်းသည် အဝန္တီတိုင်း မက္ကရကတမြို့ တောကျောင်းငယ်တခု၌ သီတင်းသုံးနေ၏။ ထိုအခါ လောဟိစ္စ ပုဏ္ဏား၏ တပည့် လုလင်တို့သည် ထင်းခွေရန် ထွက်လာစဉ် ရှင်မဟာ ကစ္စည်း၏

တောကျောင်းငယ်အနီး၌ အခေါက်ခေါက် အပြန်ပြန် လမ်းလျှောက်၍နေကြသည်။ 'ရဟန်းများသည် ဇာတ်နိမ့်သူများဖြစ်သည်' ဟူ၍ ကဲ့ရဲ့ရှုတ်ချကာ ဆူညံသော အသံများကိုလည်း ပြုလုပ်နေကြသည်။ ရှင်မဟာ ကစ္စည်းသည် ကျောင်းထဲမှ ထွက်၍ လုလင်တို့အား မဆူညံရန် ပြော၍ တရားဟောလေသည်။ ရေးအခါက ပုဏ္ဏားတို့သည် သီလကို မြတ်နိုးကြသည်။ ဣန္ဒြေတို့ကို စောင့်စည်းကြသည်။ အမျက်ဒေါသကို ဖိနှိပ်ကြသည်။ ယခုအခါ၌ကား ပုဏ္ဏားတို့သည် ထိုတရားတို့မှ သွေဖည်၍ ဝေဒကို ရွတ်ဖတ်ခြင်းဖြင့် မာန်ယစ်နေကြသည်။ အမျက်ဒေါသဖြင့် လွှမ်းမိုးဖိစီး၍ နေကြသည်။ ဣန္ဒြေတို့ကိုလည်း စောင့်စည်းခြင်း မရှိကြ၊ ကောင်းစွာ စောင့်ထိန်းအပ်သည် ဖြစ်၍ နောက်ကျူခြင်းကင်းကာ သန့်ရှင်းကြည်လင်သော၊ သတ္တဝါ အားလုံးတို့ အပေါ် ထိခိုက်ခြင်း မရှိသော စိတ်သည် ဗြဟ္မာ့အဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သည်ဟူ၍ ရှင်မဟာ ကစ္စည်းက လုလင်တို့အား ဟောကြားဆုံးမလေသည်။

ထိုအခါ ဘုလင်တို့သည် မိမိတို့၏ ဝေဒကျမ်းများကို ရှင်မဟာ ကစ္စည်းက ပြစ်တင်ရှုတ်ချသည်ဟု ယူဆသဖြင့် အမျက်ထွက်ကာ လောဟိစ္စ ပုဏ္ဏားထံ သွား၍ တိုင်တန်းကြသည်။ လောဟိစ္စသည် တပည့်များနှင့်အတူ ရှင်မဟာ ကစ္စည်းထံ သွားကာ အကျိုးအကြောင်းကို မေးလျှောက်သည်။ ရှင်မဟာ ကစ္စည်းကလည်း လုလင်တို့အား မိမိတရား ဟောကြားခဲ့ပုံကို ပြန်၍ မိန့်ကြား၏။ ထိုပြင် လောဟိစ္စပုဏ္ဏားက မေးလျှောက်သဖြင့် မစောင့်စည်းအပ်သော တံခါးရှိပုံနှင့် စောင့်စည်းအပ်သော တံခါးရှိပုံတို့ကို ရှင်မဟာကစ္စည်းက ဟောကြားသည်။

"ဤလောက၌ အချို့သူသည် မျက်စိဖြင့် အဆင်းကို မြင်သော်နှစ်သက်အပ်သော အဆင်း၌ တပ်မက်၏။ မနှစ်သက်အပ်သော အဆင်း၌ အမျက်ထွက်၏။ မထင်သော သတိ၊ ကျဉ်းမြောင်းသောစိတ် ရှိသည်ဖြစ်၍လည်း နေ၏။ အကုသိုလ် တရားများ အကြွင်းမဲ့ ချုပ်ရာဖြစ်သော ဝိမုတ္တိကိုလည်း ဟုတ်တိုင်းမှန်ရာမသိ။ နားဖြင့် အသံကို ကြားခြင်းစသည်တို့၌လည်း ထိုနည်းတူပင် ဖြစ်၏။ ဤသို့လျှင် မစောင့်စည်းအပ်သော တံခါးရှိသူဖြစ်သည်။

"ဤလောက၌ အချို့သူသည် မျက်စိဖြင့် အဆင်းကိုမြင်သော် နှစ်သက်အပ်သော အဆင်း၌မတပ်မက်၊ မနှစ်သက်အပ်သော အဆင်း၌လည်း အမျက်

မထွက်၊ ထင်သောသတိ၊ ကျယ်ပြန့်သောစိတ် ရှိသည်ဖြစ်၍လည်း နေ၏။ အကုသိုလ်တရားများ အကြွင်းမဲ့ ချုပ်ရာဖြစ်သော ဝိမုတ္တိကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏။ နားဖြင့် အသံကိုကြားခြင်း စသည်တို့၌လည်း ထိုနည်းတူပင်ဖြစ်၏။ ဤမျှဖြင့် စောင့်စည်းအပ်သော တံခါးရှိသူဖြစ်လေသည်”

ဤသို့ ရှင်မဟာကစ္စည်းက ဟောကြားသောအခါ လောဟိစ္စ ပုဏ္ဏားသည် လွန်စွာ နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၁၀။ ဝေရဟစ္စာနိသုတ်

[ဝေရဟစ္စာနိပုဏ္ဏေးမအား ရှင်ဥဒါယီ တရားဟောခြင်း]

၁၃၃။ ကာမဏ္ဍမြို့၊ တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ်၌ ရှင်ဥဒါယီ သီတင်းသုံးနေစဉ် ဝေရဟစ္စာနိ အနွယ်ဝင်ဖြစ်သော ပုဏ္ဏေးမ၏ တပည့် လုလင်သည် ရှင်ဥဒါယီထံသို့ ရောက်လာ၏။ ထိုလုလင်အား ရှင်ဥဒါယီက တရား စကားများကို ဟောကြား၏။ လုလင်သည် ရှင်ဥဒါယီထံမှ ပြန်လာသောအခါ၊ ဆရာဖြစ်သော ပုဏ္ဏေးမထံသွား၍ ရှင်ဥဒါယီ၏ အကြောင်းကို ပြောကြားလေသည်။ ထိုအခါ ပုဏ္ဏေးမသည် လုလင်အား ရှင်ဥဒါယီကို ပင့်ဖိတ်စေ၍ ဆွမ်းကပ်၏။ ဆွမ်းကပ်ပြီးသောအခါ ပုဏ္ဏေးမသည် ခြေနင်းများကိုစီးပြီး မြင့်သောနေရာ၌ ထိုင်ကာ ခေါင်းကိုခြုံ၍ ‘ရဟန်း၊ တရားဟောပါသော’ဟု ဆိုလေသည်။ ထိုအခါ ရှင်ဥဒါယီက ‘နှမ၊ တရားဟောရမည့် အချိန်သည် နောင်အခါ၌ ရှိပါလိမ့်မည်’ ဟုဆိုကာ နေရာမှထသွားလေသည်။

လုလင်သည် နောက်တကြိမ် ရှင်ဥဒါယီထံသွားပြီး တရားနာ၍ ပုဏ္ဏေးမအား ရှေးနည်းတူ ပြောပြန်သည်၊ ပုဏ္ဏေးမကလည်း ရှင်ဥဒါယီသည် မိမိအား တရားမဟောပဲ ထသွားခဲ့ပုံကို ပြောပြလေသည်။ ခြေနင်းများကိုစီးပြီး မြင့်သော နေရာ၌နေကာ ခေါင်းမြီးခြုံထားခြင်းကြောင့် ရှင်ဥဒါယီက တရား မဟောပဲ ထသွားခဲ့ခြင်းဖြစ်ကြောင်း လုလင်က ပြန်ပြောသည်။ ထိုအခါ ပုဏ္ဏေးမသည် လုလင်အား ရှင်ဥဒါယီကို နောက်တကြိမ် အပင့်ခိုင်းပြီး ဆွမ်း ကပ်သည်။ ဆွမ်းကပ်ပြီးသောအခါ ပုဏ္ဏေးမသည် ခြေနင်းများကိုချွတ်ပြီး နိမ့်သောနေရာ၌ ထိုင်ကာ ခေါင်းကိုဖွင့်၍ “အရှင်ဘုရား၊ ရဟန္တာ တို့သည်

အဘယ်တရားရှိသော် ချမ်းသာဆင်းရဲကို ပညတ်ကြပါသနည်း၊ အဘယ်တရား မရှိသော် ချမ်းသာဆင်းရဲကို မပညတ်ကြပါသနည်း”ဟူ၍ မေးလျှောက်လေသည်။

“မျက်စိ၊ နား စသည်တို့ ရှိသော် ရဟန္တာတို့သည် ချမ်းသာဆင်းရဲကို ပညတ်ကြ၏။ မျက်စိ၊ နား စသည် မရှိသော် ချမ်းသာဆင်းရဲကို မပညတ်ကြ” ဟူ၍ ရှင်ဥဒါယီက ဖြေကြားသည်။ ပုဏ္ဏေးမသည် ထိုဖြေကြားချက်ကို လွန်စွာ နှစ်သက်၍ ဥပါသိကာအဖြစ်သို့ ရောက်သွားလေသည်။

## (၁၄)။ ၄။ ဒေဝဒဟဝဂ်

### ၁။ ဒေဝဒဟသုတ်

[ဒေဝဒဟနိဂုံး၌ ဟောကြားချက်]

၁၃၄။ ဗုဒ္ဓသည် သက္ကတိုင်း ဒေဝဒဟ မည်သော နိဂုံး၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူလေသည်။

“ရဟန်းတို့၊ အလုံးစုံသော ရဟန်းတို့သည် ဖဿ၏တည်ရာအကြောင်း ခြောက်ပါးတို့၌ မမေ့မလျော့သောအားဖြင့် ပြုရမည်ဟု ငါမဆို။ အလုံးစုံသော ရဟန်းတို့သည် မမေ့မလျော့သဖြင့် မပြုရဟူ၍လည်း ငါမဆို။ ရဟန္တာတို့သည် ဖဿ၏တည်ရာအကြောင်း ၆ ပါးတို့၌ မမေ့မလျော့သဖြင့် ပြုရမည်ဟု ငါမဆို၊ အဘယ့်ကြောင့်ဆိုသော် ရဟန္တာတို့သည် မေ့လျော့ခြင်းငှာ မထိုက်သောကြောင့် ဖြစ်၏။ ရဟန်းတို့၊ သေက္ခပုဂ္ဂိုလ်တို့သည် ဖဿ၏ တည်ရာအကြောင်း ခြောက်ပါးတို့၌ မမေ့မလျော့သဖြင့် မပြုရဟု ငါမဆို၊ အဘယ်ကြောင့်ဆိုသော် မမေ့မလျော့သဖြင့် ပြုသော သေက္ခရဟန်း၏စိတ်ကို သာယာနှစ်သက်ဖွယ်ဖြစ်သော အာရုံတို့သည်လည်းကောင်း၊ မနှစ်သက်ဖွယ် ဖြစ်သော အာရုံတို့သည်လည်းကောင်း သိမ်းကျုံး၍ မတည်နိုင်သောကြောင့် ဖြစ်၏။ စိတ်ကို သိမ်းကျုံး၍ မတည်သောကြောင့် ဝီရိယကို မတွန့်မဆုတ် အားထုတ်အပ်၏။ သတိသည် ထင်၏၊ ကိုယ်သည် ငြိမ်းအေး၏၊ စိတ်သည် တည်ကြည်၏။ ရဟန်းတို့၊ ဤသို့သောအကျိုးထူးကို မြင်သောကြောင့် ထို သေက္ခ ရဟန်းတို့သည် ဖဿ၏ တည်ရာအကြောင်း ၆ ပါးတို့၌ မမေ့မလျော့ သဖြင့် ပြုရမည်ဟု ငါဟောကြားခြင်းဖြစ်၏။

## ၂။ ခဏသုတ်

[အခွင့်ကောင်းကိုရရှိသူ]

၁၃၅။ ရဟန်းတို့၊ သင်တို့သည် အရတော်ကြကုန်၏၊ အကျင့်မြတ်ကိုကျင့်ခြင်းငှာ အခွင့်ကောင်းကို ရကြကုန်၏။ ရဟန်းတို့ ငါသည်တွေ့ထိမှု၏တည်ရာ 'ဖဿာယတန' ၆ ပါးရှိသော ငရဲတို့ကို[၁] မြင်ရ၏။ ထိုငရဲတို့၌ မျက်စိဖြင့် တစုံတခုသော အဆင်းကို မြင်သော် မလိုလား မနှစ်သက်အပ်သော အဆင်းကိုသာလျှင် မြင်ရ၏။ လိုလားနှစ်သက်အပ်သော အဆင်းကို မမြင်ရ။ စိတ် (မနာယတန) ဖြင့် တစုံတခုသော ဓမ္မာရုံကို သိသော် မလိုလား မနှစ်သက်အပ်သော ဓမ္မာရုံကိုသာ သိရ၏။ လိုလားနှစ်သက်အပ်သောဓမ္မာရုံကို မသိရ။

ရဟန်းတို့၊ ငါသည် တွေ့ထိမှု၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးရှိသော နတ်ပြည်တို့ကို[၂] မြင်ရ၏။ ထိုနတ်ပြည်တို့၌ တစုံတခုသော အဆင်းကို မျက်စိဖြင့် မြင်သော် လိုလားနှစ်သက်အပ်သော အဆင်းကိုသာ မြင်ရ၏။ မလိုလား မနှစ်သက်အပ်သော အဆင်းကို မမြင်ရ.... စိတ်ဖြင့် တစုံတခုသော ဓမ္မာရုံကို သိသော် လိုလားနှစ်သက် အပ်သော ဓမ္မာရုံကိုသာ သိရ၏။ မလိုလား မနှစ်သက်အပ်သော ဓမ္မာရုံကို မသိရ၊ ရဟန်းတို့ သင်တို့သည် အရတော်ကြကုန်၏။ အကျင့်မြတ်ကို ကျင့်ခြင်းငှာ အခွင့်ကောင်းကို ရကြကုန်၏။

## ၃။ ပထမ ရူပါရာမသုတ်

[ ရူပါရုံစသည်၌ မွေ့လျော်နေသူ ]

၁၃၆။ ရဟန်းတို့၊ နတ်လူတို့သည် ရူပါရုံလျှင် မွေ့လျော်ရာ ရှိကုန်၏။ ရူပါရုံ၌ မွေ့လျော်ကြည်နူး၍ နေကြကုန်၏။ ရူပါရုံ ဖောက်ပြန် ပျက်ပြယ် ချုပ်ပျောက်သွားသည် ရှိသော် ဆင်းရဲလျက် နေကြကုန်၏။ ....နတ်လူတို့သည်

---

၁။ ငရဲပြည်တိုင်း၌ ဖဿာယတန ၆ ပါး ရှိသော်လည်း ဤ၌မဟာအဝီစိငရဲကို ရည်ရွယ်မိန့်ကြားခြင်းဖြစ်၏။
၂။ နတ်ပြည်တိုင်း၌ ဖဿာယတန ၆-ပါး ရှိသော်လည်း ဤ၌တာဝတိံသာ နတ်ပြည်ကို ရည်ရွယ်မိန့်ကြားခြင်း ဖြစ်၏။

ဓမ္မာရုံလျှင် မွေ့လျော်ရာရှိကုန်၏။ ဓမ္မာရုံဖောက်ပြန် ပျက်ပြယ်ချုပ်ငြိမ်း သွားသည် ရှိသော် ဆင်းရဲလျက် နေကြကုန်၏။

ရဟန်းတို့၊ မြတ်စွာဘုရားသည်ကား ရူပါရုံတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းကြောင့် ရူပါရုံလျှင် မွေ့လျော်ရာမရှိ၊ ရူပါရုံ၌ မွေ့လျော် ကြည်နူး၍ မနေ၊ ....ဓမ္မာရုံ၌မွေ့လျော်ကြည်နူး မနေပေ၊ ဓမ္မာရုံ ဖောက်ပြန် ပျက်ပြယ်ချုပ်ငြိမ်း သွားသည်ရှိသော် ချမ်းသာလျက်နေ၏။

ဗုဒ္ဓသည် ဤသို့ မိန့်ကြားတော်မူပြီးနောက် နှစ်သက်ဖွယ် အဆင်းအသံ စသော အာရုံခြောက်ပါးတို့ကို နတ်နှင့် လူတို့က သုခဟုထင်မှတ် နေကြသော်လည်း အရိယာသူမြတ်တို့ကမူ သက္ကာယ ချုပ်ငြိမ်းခြင်းကိုသာ သုခဟု သတ်မှတ်ကြောင်း ဂါထာများဖြင့် မြွက်ဆိုတော်မူ၏။

၁၃၇။ ဒုတိယ ရူပါရာမသုတ်မှာ ဂါထာများ မပါခြင်းသာ ပထမ သုတ်နှင့် ထူး၏။

၁၃၇။ ပဌမနတုမှာက သုတ်၌ မျက်စိ၊ နား စသော အတွင်းအာယတန (၆) ပါးတို့သည် မိမိတို့ ဥစ္စာ မဟုတ်ကြောင်း သုတ်စဉ် (၁၀၁) နည်းတူ ဟောသည်။

၁၃၈။ ဒုတိယ နတုမှာက သုတ်၌ အဆင်း အသံ စသော အာရုံ (၆) ပါး တို့သည် မိမိတို့ ဥစ္စာမဟုတ်ကြောင်း ဟောသည်။

၁၄၀-၁၄၅။ အဇ္ဈတ္တအနိစ္စ ဟေတုသုတ်စသော သုတ် (၆) သုတ်တို့၌ 'မျက်စိသည် မမြဲ၊ မျက်စိ ဖြစ်ပေါ်ခြင်း၏ အကြောင်းသည်လည်း မမြဲ၊ မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်သော မျက်စိသည် အဘယ်မှာ မြဲပါအံ့နည်း' စသည်ဖြင့် မျက်စိစသော အတွင်းအာယတန ၆-ပါး၊ အဆင်း အသံ စသော အပြင်အာယတန ၆-ပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံကို အကြောင်းနှင့်တကွ ဟောကြားသည်။

## (၁၅) ၅။ နဝပုရာဏဝဂ်

### ၁။ ကမ္မနိရောဓသုတ်

[ ကံ၏ ချုပ်ငြိမ်းရာ ]

၁၄၆။ ဤသုတ်၌ ကံဟောင်းနှင့် ကံသစ်၊ ကံ၏ ချုပ်ငြိမ်းရာ၊ ထိုကံ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တို့ကို ဟောကြားသည်။

မျက်စိ၊ နား စသော အတွင်းအာယတန ၆-ပါးတို့ကို ကံဟောင်းဟု မှတ်ရမည်။

ယခု ဘဝ၌ ကိုယ်နှုတ် စိတ်တို့ဖြင့် ပြုအပ်သော အမှုကို ကံသစ်ဟု မှတ်ရမည်။ (ရှေးကံကြောင့် ဖြစ်သော တရားဟု ဆိုလိုသည်။)

ကာယကံ၊ ဝစီကံ၊ မနောကံ တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ရအပ်သော လွတ်မြောက်မှု (အရဟတ္တဖိုလ်) ကို ကံ၏ ချုပ်ရာဟု မှတ်ရမည်။

အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်ကို ကံ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဟုမှတ်ရမည်။

၁၄၇-၁၄၉။ အနိစ္စ နိဗ္ဗာန သပ္ပာယသုတ် စသော သုတ် (၃) သုတ်၌ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခု ဝိညာဏ်၊ စက္ခုသမ္ဖဿ၊ ထိုစက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာ စသည်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုခြင်းသည် နိဗ္ဗာန်အား လျော်သော အကျင့်ဖြစ်ကြောင်း ဟောကြားသည်။

၁၅၀။ နိဗ္ဗာန သပ္ပာယ ပဋိပဒါသုတ်၌ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခု ဝိညာဏ်စသော တရားတို့ကို 'ငါဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ ရှုခြင်းငှာမသင့်ဟု သိမြင်၍ ယင်းတို့၌ ငြီးငွေ့ကာ၊ တပ်မက်မှု ကင်းခြင်းသည် နိဗ္ဗာန်အားလျော်သော အကျင့်ဖြစ်ကြောင်း ဟောကြားသည်။

## ၆။ အန္တေဝါသိကသုတ်

[ အတွင်းနေ တပည့်နှင့်တကွ နေသူနှင့်မနေသူ ]

၁၅၁။ ရဟန်းတို့၊ ဤအကျင့်မြတ်ကို အတွင်းနေ တပည့်မရှိသည်ဖြစ်၍ ကျင့်အပ်၏။ ဆရာ မရှိသည် ဖြစ်၍ ကျင့်အပ်၏။ ရဟန်းတို့၊ အတွင်းနေ တပည့်ရှိသော၊ ဆရာရှိသော ရဟန်းသည် မချမ်းမသာ ဆင်းရဲစွာ နေရ၏။ အတွင်းနေ တပည့်မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းသာစွာ နေရ၏။

"ရဟန်းတို့၊ အဘယ်သို့လျှင် အတွင်းနေ တပည့်ရှိသော၊ ဆရာရှိသော ရဟန်းသည် မချမ်းမသာဆင်းရဲစွာ နေရသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သည်ရှိသော် အကုသိုလ်တရားဆိုးတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုရဟန်း၏အတွင်းသန္တာန်၌ အကုသိုလ်တရားဆိုးတို့သည် နေကုန်၏၊ ထို့ကြောင့် ထိုရဟန်းကို အတွင်းနေတပည့်ရှိသူဟု ဆိုအပ်၏။ အကုသိုလ် တရားဆိုးတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏။ ထို့ကြောင့် ထိုရဟန်းကို ဆရာရှိသူဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသို့လျှင် အတွင်းနေတပည့်ရှိသော၊ ဆရာရှိသော ရဟန်းသည် မချမ်းမသာ ဆင်းရဲစွာနေရ၏။

"ရဟန်းတို့၊ အဘယ်သို့လျှင် အတွင်းနေတပည့်မရှိသော၊ ဆရာမရှိသော ရဟန်းသည် ချမ်းသာစွာ နေရသနည်းဆိုသော် ဤသာသနာ၌ ရဟန်းအား မျက်စိဖြင့် အဆင်းကိုမြင်သည်ရှိသော် အကုသိုလ်တရားဆိုးတို့သည် မဖြစ်ကုန်။ ထိုရဟန်း၏အတွင်းသန္တာန်၌ အကုသိုလ်တရားဆိုးတို့သည် မနေကုန်။ ထို့ကြောင့် ထိုရဟန်းကို အတွင်းနေတပည့်ရှိသူဟု ဆိုအပ်၏။ ထိုရဟန်းကို အကုသိုလ်တရားဆိုးတို့သည် မလွှမ်းမိုးကုန်။ ထို့ကြောင့် ထိုရဟန်းကို ဆရာမရှိသူဟု ဆိုအပ်၏။

(နားဖြင့် အသံကိုကြားခြင်း စသည်တို့၌ နည်းတူဟော၏)

"ရဟန်းတို့၊ ဤသို့လျှင် အတွင်းနေတပည့်မရှိသော၊ ဆရာမရှိသော ရဟန်းသည် ချမ်းသာစွာ နေရ၏"

## ၇။ ကိမတ္ထိယဗြဟ္မစရိယသုတ်

[အကျင့်မြတ်ကိုကျင့်ခြင်း၏ ရည်ရွယ်ချက်]

၁၅၂။ "သင်တို့သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်ကြသနည်း"ဟူ၍ တပါးသောအယူရှိသော ပရိဗိုဇ်တို့က မေးခဲ့

သော် "ငါတို့သည် ဒုက္ခကိုပိုင်းခြား၍ သိခြင်းအကျိုးငှာ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်ကြပါသည်" ဟု ဖြေဆိုရမည်။ ဒုက္ခဟူသည် အဘယ်နည်း ဆိုသော် စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ ထိုစက္ခုသမ္ဖဿ ကြောင့် ဖြစ်သော ဝေဒနာ စသည်တို့ပင် ဖြစ်သည်ဟု ဟောကြားသည်။

## ၈။ အတ္ထိနုခေါ ပရိယာယသုတ်

[ဇာတိကုန်ပြီဟု ပြောနိုင်သော အကြောင်းပရိယာယ်မျိုး]

၁၅၃။ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း၊ အခြင်းအရာကို ကြံစည်ခြင်း၊ အယူကို ဆင်ခြင်၍ နှစ်သက်ခြင်းတို့နှင့်ကင်း၍ "ငါ့အား ဇာတိကုန်ပြီ" ဟု ပြောကြား နိုင်သော အကြောင်းပရိယာယ်တမျိုးသည် ရှိ၏။ ထိုအကြောင်းပရိယာယ်ကား အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင် သော် မိမိသန္တာန်၌ ထင်ရှားရှိသော ရာဂ ဒေါသ မောဟတို့ ထင်ရှားရှိ၏ဟု သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟကို ထင်ရှားမရှိဟု သိ၏။ ထိုတရားတို့သည် ယုံကြည်ခြင်း၊ နှစ်သက်ခြင်း စသည်တို့ဖြင့် သိအပ် သောတရားမဟုတ်။ ပညာဖြင့် ဆင်ခြင်၍ သိအပ်သော တရားများသာ ဖြစ်၏။ ထို့ကြောင့် ဤသို့ သိခြင်းသည် "ငါ့အားဇာတိကုန်ပြီ" ဟု ပြောဆိုနိုင်ခြင်း၏ အကြောင်းပရိယာယ်တမျိုး ဖြစ်ပေသည်။ နားဖြင့် အသံကိုကြားခြင်း စသည် တို့၌လည်း ထိုနည်းတူပင် ဖြစ်၏။

## ၉။ ဣန္ဒြိယသမ္ပန္နသုတ်

[ဣန္ဒြေနှင့်ပြည့်စုံသူ ဖြစ်ပုံ]

၁၅၄။ "အဘယ်မျှဖြင့် ဣန္ဒြေနှင့်ပြည့်စုံသူ ဖြစ်ပါသနည်း" ဟု ရဟန်း တပါးက မေးလျှောက်သည်။ မျက်စိတည်းဟူသော ဣန္ဒြေ၌ ဖြစ်ခြင်း၊ ပျက် ခြင်းကို အစဉ်ရှု၍နေသောသူသည် ထိုမျက်စိဣန္ဒြေ၌ ငြီးငွေ့၏။ နား စသော ဣန္ဒြေတို့၌ ဖြစ်ခြင်း၊ ပျက်ခြင်းကို အစဉ်ရှု၍နေသောသူသည် ထိုနား စသော ဣန္ဒြေတို့၌ ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်ခြင်းကင်း၏။ တပ်မက်ခြင်း ကင်း ခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ဤမျှဖြင့် ဣန္ဒြေနှင့် ပြည့်စုံသူ ဖြစ်သည်ဟု ဗုဒ္ဓက ဟောကြားသည်။

## ၁၀။ ဓမ္မကထိကပုစ္ဆာသုတ်

[ဓမ္မကထိကဟု ခေါ်ထိုက်သူ]

၁၅၅။ ''အဘယ်မျှဖြင့် ဓမ္မကထိကဟု ခေါ်ထိုက်ပါသနည်း''ဟူ၍ ရဟန်းတပါးက မေးလျှောက်သည်။ မျက်စိ၊ နားစသည်တို့၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်းငှာ တရားဟောသောရဟန်းကို ဓမ္မကထိကဟု ခေါ်သည်။ မျက်စိ၊ နားစသည်တို့ကို ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်းငှာ ကျင့်သောရဟန်းကို တရားနှင့်လျော်သော အကျင့်ကိုကျင့်သူဟု ခေါ်သည်ဟု ဗုဒ္ဓက ဖြေကြားသည်။

## (၁၆) ၁။ နန္ဒိက္ခယဝဂ်

### ၁။ အဇ္ဈတ္တနန္ဒိက္ခယသုတ်

[အတွင်းအာယတနတို့၌ နှစ်သက်ခြင်းကုန်ပုံ]

၁၅၆။ မမြဲသည်သာလျှင် ဖြစ်သောမျက်စိ၊ နားစသည်တို့ကို မမြဲဟု ရှုမြင်ခြင်းသည် မှန်သော အမြင်ဖြစ်၏။ မှန်စွာမြင်သူသည် ငြီးငွေ့၏။ နှစ်သက်မှုကုန်ခြင်းကြောင့် တပ်မက်မှုကုန်ခြင်းသည် ဖြစ်၏။ တပ်မက်မှုကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်ခြင်းသည် ဖြစ်၏။ နှစ်သက်မှုနှင့် တပ်မက်မှု နှစ်ပါးစုံကုန်ခြင်းကြောင့် ထိုရဟန်း၏ စိတ်သည် ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်ပြီဟူ၍ ဆိုအပ်၏။

၁၅၇။ ဗာဟိရနန္ဒိက္ခယသုတ်၌ အဆင်းအသံ စသော အပြင်အာယတန ၆-ပါးတို့နှင့် ပတ်သက်၍ အသက် သုတ်နည်းတူ ဟောသည်။

### ၃။ အဇ္ဈတ္တအနိစ္စနန္ဒိက္ခယသုတ်

[အတွင်း အာယတနတို့၏ မမြဲပုံကို ရှု၍ နှစ်သက်မှုကုန်ခြင်း]

၁၅၈။ ရဟန်းတို့၊ သင်တို့သည် မျက်စိကို သင့်သောအားဖြင့် နှလုံးသွင်းကြကုန်လော့။ မျက်စိ၏ မမြဲခြင်းသဘောကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြ

ကုန်လော။ ရဟန်းတို့၊ မျက်စိကို သင့်သောအားဖြင့် နှလုံးသွင်းသော၊ ချက်စိ၏ မမြဲခြင်း သဘောကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုသောရဟန်းသည် မျက်စိ၌ ငြီးငွေ့၏။ နှစ်သက်မှု ကုန်ခြင်းကြောင့် တပ်မက်မှုကုန်၏။ တပ်မက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှုကုန်၏။ နှစ်သက်မှု၊ တပ်မက်မှု နှစ်ပါးစုံ ကုန်ခြင်းကြောင့် ထိုရဟန်း၏ စိတ်သည် ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏။ (နား စသည်၌ နည်းတူ)

၁၅၉။ ဗာဟိရအနိစ္စနန္ဒိက္ခယသုတ်၌ အဆင်း အသံ စသော အပြင်အာယတန ၆-ပါးတို့နှင့် ပတ်သက်၍ အကကျ်သုတ်နည်းတူ ဟောသည်။

## ၅။ ဇီဝကမ္ဗဝနသမာဓိသုတ်

[ဇီဝက သရက်ဥယျာဉ်၌ သမာဓိကို ပွားရန် ဟောခြင်း]

၁၆၀။ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဇီဝက သရက်ဥယျာဉ်၌ သီတင်းသုံးစဉ် ရဟန်းတို့အား သမာဓိကို ပွားများရန် ဟောသော သုတ်ဖြစ်၏။ ‘ရဟန်းတို့၊ သင့်တို့သည် သမာဓိကို ပွားများ ကြကုန်လော။ တည်ကြည်သော စိတ်ရှိသော ရဟန်းအား ‘မျက်စိသည် မမြဲ၊ အဆင်း အာရုံတို့သည် မမြဲ၊ စက္ခုဝိညာဏ်သည် မမြဲ၊ စက္ခု သမ္ဖဿသည် မမြဲ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာသည်မမြဲ’ ဟူ၍ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် သည်ထင်၏’ စသည်ဖြင့် ဟောတော်မူသည်။

၁၆၁။ ဇီဝကမ္ဗဝန ပဋိသလ္လာနသုတ်၌ တပါးတည်း ကိန်းအောင်းခြင်း၌ အားထုတ်သော ရဟန်းအား ‘မျက်စိသည်မမြဲ’ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်သည် ထင်ကြောင်းဟောကြားသည်။

၁၆၂-၁၆၄။ ကောဋ္ဌိက အနိစ္စသုတ်၊ ဒုက္ခသုတ်၊ အနတ္တသုတ်တို့၌ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ ထိုစက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာ စသော တရားတို့သည် မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော တရားများဖြစ်သည်။ ယင်းတို့၌ ဆန္ဒကို ပယ်ရမည်ဟု ရှင်မဟာ ကောဋ္ဌိကအား ဟောကြားသည်။

၁၆၅-၁၆၇။ မိစ္ဆာဒိဋ္ဌိပဟာနသုတ်၊ သက္ကာယဒိဋ္ဌိပဟာနသုတ်၊ အတ္တာနုဒိဋ္ဌိပဟာနသုတ်တို့၌ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ် စသော တရားတို့ကို

အနိစ္စဟု သိမြင်သူအား မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိတို့ ကင်းပျောက်ကြောင်း ဟောကြားသည်။

၁၆၀-၂၂၇။ သဠာယတနဝဂ်မှ အဇ္ဈတ္တအနိစ္စဆန္ဒသုတ် စသော သုတ်ပေါင်း (၆၀) တို့၌ အတွင်းအာယတန ၆ ပါး၊ အပြင် အာယတန ၆ ပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာသုံးပါး၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသော ကာလသုံးပါးတို့ဖြင့် ရောယှက်၍ "မျက်စိသည် မမြဲ၊ ထိုမျက်စိ၌ ဆန္ဒကို ပယ်ရမည်၊ ရာဂကို ပယ်ရမည်၊ ဆန္ဒရာဂကို ပယ်ရမည်" စသည်ဖြင့် ဟောကြားသည်။

## (၁၈) ၃။ သမုဒ္ဒဝဂ်

### ၁။ ပဌမသမုဒ္ဒသုတ်

[သမုဒ္ဒရာကို ကူးနိုင်သူ]

၂၂၈။ ရဟန်းတို့၊ အကြားအမြင်နည်းသော ပုထုဇဉ်သည် "သမုဒ္ဒရာ၊ သမုဒ္ဒရာ"ဟု ပြောဆို၏။ ဤသို့ ပြောဆိုအပ်သော အရာသည် အရိယာတို့၏ အဆုံးအမ၌ သမုဒ္ဒရာမဟုတ်။ ကြီးကျယ်များပြားသော ရေအစုသာ ဖြစ်၏၊ ကြီးကျယ်များပြားသော ရေအပြင်သာ ဖြစ်၏။ ရဟန်းတို့၊ မျက်စိသည် သတ္တဝါ၏ သမုဒ္ဒရာမည်၏။ ထိုမျက်စိသမုဒ္ဒရာအား အဆင်းဟူသော အဟုန်သည် ရှိ၏။ အကြင်သူသည် အဆင်းဟူသော အဟုန်ကို သည်းခံနိုင်၏။ ထိုသူကို လှိုင်းနှင့်တကွသော၊ ဝဲနှင့်တကွသော၊ ဖမ်းယူတတ်သည့် ရေသတ္တဝါ အထူးနှင့်တကွသော၊ ရေစောင့်ဘီလူးနှင့်တကွသော မျက်စိသမုဒ္ဒရာကို ကူးမြောက်ပြီးဖြစ်၍ တဘက်ကမ်းသို့ရောက်သူ၊ ကုန်းပေါ်၌တည်သူဟု ဆိုအပ်၏။

(နား၊ နှာခေါင်း စသည်တို့၌ နည်းတူဟောသည်။)

၂၂၉။ ဒုတိယသမုဒ္ဒသုတ်၌ လိုလားနှစ်သက်အပ်သည့် အဆင်း၊ အသံ စသော အာရုံ ၆ ပါးကို အရိယာတို့၏ အဆုံးအမ၌ သမုဒ္ဒရာဟု ဆိုအပ်ကြောင်း။ နတ်၊ ဗြဟ္မာတို့နှင့်တကွသော သတ္တဝါအပေါင်းတို့သည် ထိုအာရုံ ၆ ပါးတည်းဟူသော သမုဒ္ဒရာ၌ နစ်မြုပ်လျက် အပါယ်ဘုံသို့ ကျရောက်ခြင်းကို မလွန်မြောက်နိုင်ပဲ ဖြစ်နေကြောင်း ဟောကြားသည်။

## ၃။ ဗာဠိသိကောပမသုတ်

[ငါးများချိတ်ကိုမျိုသော ငါးနှင့်တူသူ]

၂၃၀။ ရဟန်းတို့၊ ဥပမာကား တံငါသည်သည် အစာတပ်ထားသော ငါးများချိတ်ကို နက်သောရေအိုင်၌ ချရာ၏။ အစာ၌သာ မျက်စိရှိသော ငါးတကောင်သည် ထိုငါးများချိတ်ကို မျိုရာ၏။ ဤသို့ ငါးများချိတ်ကို မျိုမိသော ငါးသည် တံငါသည် အလိုရှိတိုင်းလုပ်ခြင်းခံရလျက် ပျက်စီးခြင်းသို့ ရောက်ရာ၏။

ရဟန်းတို့၊ ဤအတူပင် လောက၌ သတ္တဝါများအကျိုးမဲ့ဖြစ်ရန်၊ သတ္တဝါများကိုသတ်ဖြတ်ရန် ငါးများချိတ်တို့သည် ၆ မျိုးရှိ၏။ ထို ၆ မျိုးကား အဘယ်နည်းဆိုသော် လိုလားနှစ်သက်မြတ်နိုးအပ်သည့်အဆင်း၊ အသံစသော အာရုံ ၆ ပါးတို့ပင်ဖြစ်၏။ ထိုအာရုံ ၆ ပါးကို အလွန်နှစ်သက်သော၊ စွဲလမ်းမျိုသိပ်၍ တည်သော ရဟန်းကို မာရ်နတ်၏ ငါးများချိတ်ကို မျိုမိသည်ဖြစ်၍ အကျိုးမဲ့လျက် ပျက်စီးခြင်းသို့ရောက်သူ၊ မာရ်နတ်အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံရသူဟူ၍ ဆိုအပ်၏။

## ၄။ ခီရရုက္ခောပမသုတ်

[အစေးထွက်သော သစ်ပင်နှင့်တူသူ]

၂၃၁။ ညောင်ဗုဒ္ဓဟေပင်၊ ပညောင်ပင်၊ ညောင်ကျပ်ပင်စသည့် အစေးထွက်သော သစ်ပင်ကို စိမ်းလန်းနုပျိုနေစဉ် ဓားဖြင့်ခုတ်သော် ထိုဓားခုတ်ရာအရပ်မှ အစေးများထွက်သကဲ့သို့ ထို့အတူ အဆင်း၊ အသံစသော အာရုံ ၆ ပါးတို့၌ ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးသူ၏ စိတ်ကို အနည်းငယ်မျှသော အာရုံတို့ကပင် ဆွဲဆောင်လွှမ်းမိုးနိုင်ကုန်၏။ အစေးထွက်သော သစ်ပင်မျိုးပင် ဖြစ်စေကာမူ ခြောက်သွေ့နေသော သစ်တုံးကို ဓားဖြင့် ခုတ်သော်လည်း အစေး မထွက်သကဲ့သို့ ထို့အတူ အဆင်း၊ အသံစသော အာရုံ ၆ ပါးတို့၌ ရာဂ၊ ဒေါသ၊ မောဟကင်းပြီး သူ၏စိတ်ကို များပြားအားကြီးသော အာရုံတို့ကပင် ဆွဲဆောင်လွှမ်းမိုးခြင်း မပြုနိုင်ကြောင်း ဟောကြားသည်။

## ၅။ ကောဋ္ဌိကသုတ်

[ရှင်ကောဋ္ဌိက၏အမေးကို ရှင်သာရိပုတ္တရာက ဖြေခြင်း]

၂၃၂။ ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ရှင်မဟာကောဋ္ဌိကက 'မျက်စိသည် ရူပါရုံ၏ အနှောင်အဖွဲ့ ဖြစ်ပါသလော။ သို့မဟုတ် ရူပါရုံတို့သည် မျက်စိ၏အနှောင်အဖွဲ့ ဖြစ်ပါသလော' စသည်ဖြင့် မေးလျှောက်၏။ 'မျက်စိသည် ရူပါရုံတို့၏ အနှောင်အဖွဲ့မဟုတ်၊ ရူပါရုံတို့သည်လည်း မျက်စိ၏ အနှောင်အဖွဲ့မဟုတ်။ ယင်းနှစ်ပါးကို စွဲ၍ဖြစ်သော ဆန္ဒရာဂသည်သာ အနှောင်အဖွဲ့ဖြစ်သည်။ ဥပမာ နွားဖြူနှင့် နွားနက်နှစ်ကောင်ကို ကြိုးတချောင်းတည်းဖြင့် ချည်ထားရာ၌ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ နွားနက်သည်လည်း နွားဖြူ၏အနှောင်အဖွဲ့မဟုတ်။ စင်စစ် ထိုနွားနှစ်ကောင်ကို ချည်ထားသော ကြိုးသည်သာလျှင် အနှောင်အဖွဲ့ဖြစ်သကဲ့သို့ မှတ်ရမည်။ မြတ်စွာဘုရားအား မျက်စိရှိ၏။ ထိုမျက်စိဖြင့် အဆင်းကိုမြင်၏။ နားရှိ၏။ ထိုနားဖြင့် အသံကိုကြား၏။ သို့သော်မြတ်စွာဘုရားအား အဆင်း၊ အသံ စသော အာရုံ ၆ ပါးတို့၌ ဆန္ဒရာဂမဖြစ်၊ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် ကိလေသာတို့မှ လွတ်မြောက်ပြီးသောကြောင့် ဖြစ်သည်ဟု ရှင်သာရိပုတ္တရာက ဖြေကြားသည်။

၂၃၃။ ကာမဘူသုတ်၌ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် 'မျက်စိသည် ရူပါရုံတို့၏ အနှောင်အဖွဲ့ဖြစ်ပါသလော' စသည်ဖြင့် ရှင်ကာမဘူကမေး၍ ရှင်အာနန္ဒာက အထက်သုတ်နည်းတူ ဖြေခြင်းဖြစ်သည်။

## ၇။ ဥဒါယီသုတ်

[ရှင်ဥဒါယီ၏အမေးကို ရှင်အာနန္ဒာက ဖြေခြင်း]

၂၃၄။ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေစဉ် ရှင်ဥဒါယီက ရှင်အာနန္ဒာအား 'ဤကိုယ်သည် အတ္တ မဟုတ်ကြောင်းကို အကြောင်း ပရိယာယ်အမျိုးမျိုးဖြင့် ထင်ရှားအောင် ဟောကြားနိုင်သကဲ့သို့ ထိုအတူ ဝိညာဏ်သည် အတ္တမဟုတ်ကြောင်းကိုလည်း အကြောင်း ပရိယာယ်

အမျိုးမျိုးဖြင့် ထင်ရှားအောင် ဟောနိုင်ပါသလော’ ဟု မေးလျှောက်၏။ ရှင်အာနန္ဒာက ဝိညာဏ်သည် အတ္တမဟုတ်ကြောင်းကိုလည်း ဟောကြားနိုင်ကြောင်းဖြေကြား၏။ ဝိညာဏ်သည် အတ္တမဟုတ်ကြောင်းထင်ရှားစေနိုင်ပုံကား စက္ခုပသာဒနှင့် ရူပါရုံတို့ကိုစွဲ၍ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်ပေရာ ထို စက္ခုဝိညာဏ်ဖြစ်ပေါ်ခြင်း၏ အကြောင်းသည် အချင်းခပ်သိမ်း မရှိခဲ့သော် စက္ခုဝိညာဏ်သည်လည်း ထင်ရှားနိုင်တော့မည်မဟုတ်၊ ဤသို့သောအကြောင်း ပရိယာယ်ဖြင့်လည်း ဝိညာဏ်သည် အတ္တမဟုတ်ကြောင်း ထင်ရှားနိုင်လေသည်။ သောတဝိညာဏ် စသည်တို့၌လည်း ထိုနည်းတူပင် ဖြစ်သည်။ ငှက်ပျောပင်၌ အရွက်အလိပ်များကို တခုပြီးတခု ခွာ၍ ရှာသော်လည်း အနှစ်ကို မတွေ့ရ သကဲ့သို့ ထို့အတူပင် ဖဿ၊ဝေဒနာ၊သညာ၊သင်္ခါရ ဝိညာဏ်ခြောက်ပါးတို့၌လည်း အတ္တကိုလည်းကောင်း၊ အတ္တနှင့်စပ်သော အရာကိုလည်းကောင်း ရှာ၍မတွေ့ နိုင်ကြောင်း ရှင်အာနန္ဒာက ဥပမာပြ၍ ဖြေကြားခဲ့သည်။

## ၈။ အာဒိတ္တပရိယာယသုတ်

[ရဲရဲညီသော သံချောင်းဖြင့် ထိုးခြင်းဥပမာ]

၂၃၅။ ရဟန်းတို့၊ ငါသည် သင်တို့အား အာဒိတ္တပရိယာယမည်သောတရား ဒေသနာကို ဟောအံ့၊ ထိုတရားဒေသနာကို သင်တို့နာကြကုန်လော့။ ရဟန်းတို့၊ လောလောပူသော၊ ရဲရဲညီသော၊ ပြောင်ပြောင်တောက်သော အလျှံနှင့် တကွသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်ခြင်းသည် မြတ်သေး၏။ မျက်စိဖြင့် မြင်အပ်သောအဆင်းတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကိုစွဲယူခြင်းသည် မမြတ်။ ရဟန်းတို့၊ ဝိညာဏ်သည် တည်သည်ရှိသော် နိမိတ်ပုံကို သာယာခြင်းဖြင့် ဖွဲ့အပ်သည် ဖြစ်၍သော်လည်းကောင်း၊ အမှတ်လက္ခဏာကို သာယာခြင်းဖြင့် ဖွဲ့အပ်သည်ဖြစ်၍ သော်လည်းကောင်း တည်၏။ အကယ်၍ ထိုအချိန်၌ သေခဲ့သော် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ နှစ်မျိုးတို့တွင် တမျိုးမျိုးသော ဘုံသို့ ရောက်ရန် အကြောင်းရှိ၏။ ရဟန်းတို့၊ ငါသည် ဤသို့သော အပြစ်ကိုမြင်၍ ဤသို့ ဟောကြားခြင်းဖြစ်၏။

ရဟန်းတို့၊ ရဲရဲညီသော၊ ပြောင်ပြောင်တောက်သော၊ ချွန်ထက်သော သံချွန်ဖြင့် နားကို ထိုးဖောက်ခြင်းသည် မြတ်သေး၏။ နားဖြင့် ကြားအပ်သော အသံတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကို စွဲယူခြင်းသည်မမြတ်

ရဟန်းတို့၊ ရဲရဲညိသော၊ ပြောင်ပြောင်တောက်သော၊ ထက်လှစွာသော လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖောက်ခြင်းသည် မြတ်သေး၏။ နှာခေါင်းဖြင့် နမ်းရှူအပ်သော အနံ့တို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကို စွဲယူခြင်းသည် မမြတ်။

ရဟန်းတို့၊ ရဲရဲညိသော၊ ပြောင်ပြောင်တောက်သော၊ ထက်လှစွာသော သင်ဓုန်းဓားဖြင့် လျှာကို လှီးဖြတ်ခြင်းသည် မြတ်သေး၏။ လျှာဖြင့်လျက်အပ်သော အရသာတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကို စွဲယူခြင်းသည် မမြတ်၊

ရဟန်းတို့၊ ရဲရဲညိသော၊ ပြောင်ပြောင်တောက်သော၊ ချွန်ထက်လှစွာသော လှံဖြင့် ကိုယ်ကိုထိုးဆွခြင်းသည် မြတ်သေး၏။ ကိုယ်ဖြင့် တွေ့ထိအပ်သော အတွေ့အထိတို့၌ အမှတ်လက္ခဏာအားဖြင့် နိမိတ်ပုံကို စွဲယူခြင်းသည် မမြတ်။

ရဟန်းတို့၊ အိပ်ပျော်နေခြင်းသည် မြတ်သေး၏။ ရဟန်းတို့၊ စင်စစ်အားဖြင့် အိပ်ပျော်နေခြင်းသည် အသက်ရှင်လျက် ရှိသူတို့၏ မြုံခြင်း၊ အကျိုးမဲ့ အချည်းနှီးဖြစ်ခြင်း၊ တွေ့စေခြင်းပင်တည်းဟု ငါဆို၏။ အကြင်သို့ သဘောရှိသော အကြံအစည်တို့၏ အလိုသို့လိုက်ပါသော သူသည် သံဃာကို သင်းခွဲရာ၏။ ထိုသို့ သဘောရှိသော အကြံအစည်တို့ကိုကား မကြံစည် အပ်သည်သာတည်း။ ရဟန်းတို့၊ ငါသည် အသက်ရှင်လျက် ရှိသူတို့၏ ဤသို့သော အပြစ်ကိုမြင်၍ ဤသို့ ဟောကြားခြင်း ဖြစ်၏။ (သံဃာကို သင်းခွဲရန် ကြံစည်ခြင်းထက် အိပ်ပျော်နေခြင်းက မြတ်သေး၏ဟု ဆိုလိုသည်။)

ရဟန်းတို့၊ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏။ "လောလော ပူသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်ခြင်းကား ရှိစေတော့၊ မျက်စိသည် မမြဲ၊ အဆင်းအာရုံတို့သည် မမြဲစသည်ဖြင့် ငါနှလုံးသွင်းအံ့....အိပ်ပျော်နေခြင်းကား ရှိစေတော့၊ စိတ်သည် မမြဲ၊ ဓမ္မာရုံတို့သည် မမြဲစသည်ဖြင့် ငါနှလုံးသွင်းအံ့"

ရဟန်းတို့၊ ဤသို့ ရှုမြင်သော အရိယာ တပည့်သည် မျက်စိ၊ အဆင်း၊ အာရုံ စသည်တို့၌ ငြီးငွေ့၍ တပ်မက်မှု ကင်းကာ ကိလေသာတို့မှ လွတ်မြောက် သွားလေ၏။

## ၉။ ပဌမ ဟတ္ထပါဒေါပမသုတ်

[ စက္ခု ပသာဒ စသည်တို့ကို လက်ခြေဖြင့် ဥပမာပြု၍ ဟောခြင်း]

၂၃၆။ လက်ရှိသော် ကိုင်ခြင်း ချခြင်းသည် ထင်ရှား၏။ ခြေရှိသော် ရှေ့သို့ တိုးခြင်း၊ နောက်သို့ ဆုတ်ခြင်းသည် ထင်ရှား၏။ အဆစ်ရှိသော် ကွေးခြင်း၊ ဆန့်ခြင်းသည် ထင်ရှား၏။ ဝမ်းဗိုက်ရှိသော် ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းသည် ထင်ရှား၏။ ထို့အတူ စက္ခုပသာဒ ရှိသော် စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည်ဖြစ်၏။ လက်ခြေစသည်တို့ မရှိသော် ကိုင်ခြင်း၊ ချခြင်း စသည်တို့ မထင်ရှားသကဲ့သို့ စက္ခုပသာဒ မရှိသော် စက္ခုသမ္ဖဿဟုသော အကြောင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် မဖြစ် စသည်ဖြင့် စက္ခုပသာဒ၊ သောတပသာဒ စသည်တို့ကို လက်ခြေစသည်တို့နှင့်ဥပမာပြု၍ ဟောသည်။

၂၃၇။ ဒုတိယ ဟတ္ထပါဒေါပမသုတ်မှာ ပဌမသုတ်နှင့် အဓိပ္ပာယ်ထပ်တူပင် ဖြစ်၏။ လက်ရှိသော် ကိုင်ခြင်း၊ ချခြင်းသည် ထင်ရှား၏ စသော စကား၌ 'လက်ရှိသော် ကိုင်ခြင်း၊ ချခြင်းသည် ဖြစ်၏' စသည်ဖြင့် 'ပညာယတိ' နှင့် 'ဟောတိ' ကို ပြောင်း၍ ဟောခြင်းသာ ထူး၏။

## (၁၉) ၄။ အာသီဝိသဝဂ်

### ၁။ အာသီဝိသောပမသုတ်

[ အဆိပ်ပြင်းသော မြွေကြီးလေးကောင်ဖြင့် ဥပမာပြု၍ဟောခြင်း ]

၂၃၈။ အဆိပ်ပြင်းသော မြွေကြီးလေးကောင်ကို ကျွေးမွေးစောင့်ရှောက်ရမည်ဟု တာဝန်ပေးခြင်း ခံရသော ယောကျ်ား တယောက်သည် ထိုမြွေကြီးများကို ကြောက်သဖြင့် ထွက်ပြေးရာ၏။ ထိုယောကျ်ားကို သတ်ဖြတ်ရန် သူသတ်သမား ငါးယောက်နှင့် သန်လျက်စွဲကိုင်ထားသော သူလျှိုတယောက်တို့သည် နောက်မှ လိုက်လာကြ၏။ ထိုယောကျ်ားသည် လမ်းတွင် ရွာကြီး

တခုကိုတွေ့၍ ခိုးအောင်းရန်အတွက် ဝင်သွား၏။ ထိုသော်ရွာကြီး၌ လူလည်း မရှိ၊ ပစ္စည်းလည်း မရှိ၊ အချည်းနှီးသော အိမ်များကိုသာ တွေ့ရ၏။ ထို့ပြင် ခိုးသား ဒမြတို့ကလည်း ထိုရွာကြီးကို လာရောက် ဖျက်ဆီး တတ်ကြောင်း သိ၍ပြန်သဖြင့် ထိုယောကျ်ားသည် ရှာမှတ်၍ ခရီးဆက်ပြန်ရာ နက်ကျယ်သော ရေပင်လယ်ကြီးကို တွေ့ရှိလေသည်။ ထိုပင်လယ်၏ ဤမှာဘက် ကမ်းသည် အန္တရာယ်ပေါများပြီး ဟိုမှာဘက်ကမ်းမှာမူ အန္တရာယ်ကင်းရှင်းကြောင်း သိရှိ၍၏။ ထိုသော် ကူးရန် လှေ ဖောင်၊ တံတား တစုံတခုမျှမရှိချေ။ ထို့ကြောင့် ထိုယောကျ်ားသည် သစ်ဝါးများကို ရှာဖွေဖောင်ဖွဲ့၍ အားထုတ်ကူးခတ်ရာ ဘေးကင်းသော ဟိုမှာဘက်ကမ်းသို့ ဆိုက်ရောက်လေသည်။

အထက်ပါ ဥပမာ၌ မြွေကြီးလေးကောင် ဟူသည်မဟာဘုတ်လေးပါးကိုဆိုလိုခြင်း ဖြစ်သည်။ သူသတ်သမား ငါးယောက်ဟူသည် ဥပါဒါနက္ခန္ဓာငါးပါးကို ဆိုလိုခြင်းဖြစ်သည်။ သူလျှိုဟူသည် နှစ်သက်စွဲမက်ခြင်း နန္ဒိရာဂကို ဆိုလိုခြင်းဖြစ်၏။ ရွာပျက်ကြီးကား အတွင်း အာယတန ခြောက်ပါးဖြစ်သည်။ ရွာကို ဖျက်ဆီးသော ခိုးသား ဒမြတို့ကား အပြင်အာယတန ခြောက်ပါးဖြစ်၏။ သမုဒ္ဒရာကား ဩဃ လေးပါးဖြစ်သည်။ ဤမှာဘက် ကမ်းဟူသည် ခန္ဓာငါးပါး အပေါင်းသက္ကာယကို ဆိုလိုခြင်းဖြစ်၏။ ဟိုမှာဘက်ကမ်းကား နိဗ္ဗာန်ဖြစ်၏။ ဖောင်ကား အရိယာမဂ် ဖြစ်၏။ အားထုတ်ကူးခတ်၍ ဟိုမှာ ဘက်ကမ်းသို့ ဆိုက်ရောက်သူကား ရဟန္တာ ပုဂ္ဂိုလ်ဖြစ်၏။

ဤသို့လျှင် မဟာဘုတ်လေးပါး စသည်ဘို့ကို မြွေလေးကောင် စသည်တို့နှင့် ဥပမာပြု၍ ဟောကြားလေသည်။

## ၂။ ရထောပမသုတ်

[ ဣန္ဒြေကို စောင့်ထိန်းခြင်းနှင့် ရထားထိန်း ဥပမာ]

၂၃၉။ ဣန္ဒြေတို့ကို လုံခြုံအောင် စောင့်ရှောက်ခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊ နိုးကြားမှုကို အားထုတ်ခြင်း ဟူသော တရားသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရပြီး အာသဝ ကုန်ခြင်း၏ အကြောင်းကိုလည်း အားထုတ်ရာ ရောက်ကြောင်း ဟောကြားသည်။

ကျွမ်းကျင်သော ရထားထိန်းသည် အာဇာနည် မြင်း ကသော ရထားကို နိုင်နင်းစွာ မောင်းနှင်သကဲ့သို့ ရဟန်းသည် မျက်စိ၊ နား စသော ဣန္ဒြေတို့ကို လုံခြုံအောင် စောင့်စည်းရမည်။ အနာ၌ အသားနုတတ်အောင် ဆေးလိမ်း ပေးရ သကဲ့သို့လည်းကောင်း၊ လှည်းဝင်ရိုး၌ ဝန်ဆောင်နိုင်အောင် ဆီထည့် ပေးရသကဲ့သို့ လည်းကောင်း၊ ထိုအတူ ခန္ဓာကိုယ် တည်တံ့၍ အကျင့်မြတ် ကို ကျင့်သုံးနိုင်ရန် အာဟာရကို စားသုံး၏ ဟူ၍ ဆင်ခြင်ခြင်းဖြင့် ရဟန်း သည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိရမည်။

ရဟန်းသည် နေ့အချိန်၌လည်းကောင်း၊ ည၏ ပထမယာမ်၌လည်းကောင်း၊ ထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်းဖြင့် နီဝရဏတရားတို့မှ စိတ်ကို စင်ကြယ်စေရ မည်။ ည၏ အလယ်ယာမ်၌ သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အိပ်စက်ရမည်။ ည၏ နောက်ဆုံး ယာမ်၌ အိပ်ရာမှ ထ၍ ထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်းဖြင့် နီဝရဏ တို့မှ စိတ်ကို စင်ကြယ်စေရမည်။ ဤသို့လျှင် နိုးကြားမှုကို အားထုတ်ရမည် ဟု ဟောကြားတော်မူသည်။

## ၃။ ကုမ္မောပမသုတ်

[ ဣန္ဒြေစောင့်ထိန်းခြင်းကို လိပ်ဖြင့် ဥပမာပြု၍ ဟောခြင်း ]

၂၄၀။ မြစ်ကမ်းနား၌ ကျက်စားသော လိပ်သည် မြေခွေးကို မြင်လျှင် မိမိအား ဖမ်း၍စားမည်ကို ကြောက်သဖြင့် ခေါင်းနှင့် ခြေလက်တို့ကိုလိပ်ခွံ အတွင်းသို့ သွင်းကာ ငြိမ်နေ၏။ မြေခွေးကလည်း ခေါင်းနှင့် ခြေလက်များ အပြင်သို့ ထွက်လာလျှင် ဖမ်း၍ စားရန် စောင့်နေ၏။ သို့သော် လိပ်က လုံးဝမလှုပ်ရှားပဲ ငြိမ်နေသဖြင့် မြေခွေးသည် ကြာမြင့်စွာ မစောင့်နိုင်တော့ပဲ ထွက်ခွာသွားသည်။

အထက်ပါ ဥပမာအတိုင်းပင် မာရ်နတ်သည်လည်း ရဟန်းတို့၏မျက်စိ၊ နားစသော ဣန္ဒြေ ခြောက်ပါးတို့မှ အကုသိုလ်တရား မဝင်နိုင်အောင် လုံခြုံ စွာ စောင့်စည်း ရမည်ဟု ဟောကြားတော်မူသည်။

## ၄။ ပထမ ဒါရုက္ခန္ဓောပမသုတ်

### [ မြစ်ထဲ၌ မျောသော သစ်ထုံးဖြင့် ဥပမာပြု၍ ဟောခြင်း ]

၂၄၁။ ဗုဒ္ဓသည် ကောသမ္ဗီပြည်၊ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးနေစဉ် မြစ်ထဲ၌ မျောပါလာသော သစ်တုံးကြီး တခုကိုမြင်၍ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူသည်။

"ရဟန်းတို့၊ ဤသစ်တုံးကြီးကို ရှုကြလော။ အကယ်၍ ဤသစ်တုံးကြီးသည် ဤဘက်ကမ်းသို့လည်း မတင်၊ ဟိုဘက်ကမ်းသို့လည်း မတင်၊ ရေလယ်၌လည်း မမြုပ်၊ သောင်ပေါ်၌လည်း မတင်၊ လူနှင့် နတ်တို့၏ ဆယ်ယူခြင်းလည်း မခံရ၊ ဝဲ၌လည်း မမြုပ်၊ အတွင်း၌လည်း ပုပ်ဆွေး၍ မသွားခဲ့သော် သမုဒ္ဒရာလျှင် ကိုင်းညွတ်ရာ ရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဂင်္ဂါမြစ်ရေအလျဉ်သည် သမုဒ္ဒရာလျှင် ကိုင်းညွတ်ရာ ရှိသောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ထိုဥပမာအတိုင်းပင် သင်တို့သည်လည်း ဟိုမှာဘက်ကမ်း၊ ဤမှာဘက်ကမ်းပေါ်၌ တင်ခြင်း၊ ရေလယ်၌ နစ်မြုပ်ခြင်း စသည်တို့ မဖြစ်ခဲ့သော် နိဗ္ဗာန်လျှင် ကိုင်းညွတ်ရာ ရှိကြပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်လျှင် ကိုင်းညွတ်ရာရှိသောကြောင့် ဖြစ်၏"

ဤသို့ ဗုဒ္ဓက မိန့်ကြားသောအခါ 'ဤမှာဘက်ကမ်း၊ ဟိုမှာ ဘက်ကမ်းစသည်တို့မှာ အဘယ်ကို ဆိုလိုပါသနည်း' ဟု ရဟန်းတပါးက မေးလျှောက်၏။ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

'ဤမှာ ဘက်ကမ်း' ဟူသည် မျက်စိ၊ နားစသော အတွင်း အာယတန ၆-ပါးကို ဆိုလိုခြင်း ဖြစ်၏၊ 'ဟိုမှာ ဘက်ကမ်း' ဟူသည် အဆင်း၊ အသံစသော အပြင် အာယတန ၆-ပါးကို ဆိုလိုခြင်း ဖြစ်၏။ 'ရေပင်လယ်၌ နစ်မြုပ်ခြင်း' ဟူသည် နှစ်သက်ဖွဲ့လမ်း ခြင်း' နန္ဒီရာဂ ကို ဆိုလိုခြင်းဖြစ်၏။ 'သောင်ပေါ်၌ တင်ခြင်း' ဟူသည် ငါဟူသော မာန်မာနကို ဆိုလို၏။ 'လူတို့၏ ဆယ်ယူခံရခြင်း' ဟူသည် လူတို့နှင့် ရောနှော၍ နေခြင်းကို ဆိုလို၏။ 'နတ်တို့၏ ဆယ်ယူခံရခြင်း' ဟူသည် နတ်အဖြစ်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်ခြင်းကို ဆိုလို၏။ 'ပုပ်ဆွေးခြင်း' ဟူသည် မကောင်းသော အကျင့်သီလရှိလျက် မိမိအပြစ်ကို ဖုံးကွယ်ထားခြင်း၊ ရဟန်းမဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံခြင်းကို ဆိုလို၏"

နန္ဒမည်သော နွားကျောင်းသားသည် အထက်ပါ ဟောကြားချက်ကို ကြားနာရ၍ နှစ်သက်လှသဖြင့် ဗုဒ္ဓထံ၌ ရဟန်းပြု၏။ ရဟန်းဖြစ်ပြီးနောက် မကြာမီ ရဟန္တာဖြစ်သွားလေသည်။

၂၄၂။ ဒုတိယဒါရုက္ခန္ဓောပမသုတ်မှာ ကိမိလမြို့အနီး ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးစဉ် အထက်ပါအကြောင်းအရာကိုပင် ရဟန်းတို့အား ထပ်မံဟောကြားခြင်းဖြစ်၏။

## ၆။ အဝဿုတပရိယာယသုတ်

[ကိလေသာ စွတ်စိုသူနှင့် မစွတ်စိုသူဖြစ်ပုံ]

၂၄၃။ သက္ကတိုင်း၊ ကပိလဝတ်ပြည်၌ ဗုဒ္ဓသီတင်းသုံးစဉ် သာကီဝင်မင်းတို့သည် မိမိတို့၏ ဆောက်လုပ်ပြီးစ ဖြစ်သော အစည်းအဝေးခန်းမဆောင်သို့ ဗုဒ္ဓနှင့် ရဟန်းအပေါင်းကို ပင့်ဆောင်ကြသည်။ ဗုဒ္ဓသည် ညဦးယံ၌ သာကီဝင်မင်းတို့အား တရားဟောကြားပြီး သာကီဝင်မင်းတို့ ပြန်သွားသောအခါ ရဟန်းတို့အား ဆက်လက်တရားဟောရန် ရှင်မောဂ္ဂလ္လာန်အား တာဝန်ပေးပြီး ကျိန်းစက်တော်မူ၏။

ရှင်မောဂ္ဂလ္လာန်သည် ရဟန်းတို့အား ကိလေသာစွတ်စိုသူဖြစ်ပုံနှင့် ကိလေသာ မစွတ်စိုသူဖြစ်ပုံကို ဟောကြား၏။

“အကြင်ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သောအခါ နှစ်သက်ဖွယ် အဆင်း၌ တပ်မက်၏။ မနှစ်သက်ဖွယ်အဆင်း၌ အမျက်ထွက်၏။ ကိုယ်၌သတိ ကင်းလွတ်လျက် ကျဉ်းမြောင်းသော စိတ်ရှိသည်ဖြစ်၍ နေ၏။ အကုသိုလ်တရားတို့ အကြွင်းမဲ့ချုပ်ရာဖြစ်သော လွတ်မြောက်မှုကိုလည်း မသိမြင်။ ဤရဟန်းကို အဆင်းအာရုံတို့၌ ကိလေသာ စွတ်စိုသူဟူ၍ဆိုအပ်၏။ နားဖြင့် အသံကို ကြားခြင်းစသည်တို့၌လည်း ထိုနည်းတူပင် ဖြစ်၏။ ဤသို့ အဆင်း၊ အသံ စသည်တို့၌ ကိလေသာစွတ်စိုသည် ဖြစ်၍နေသော ရဟန်းကို မာရ်နတ်သည် နား၊ မျက်စိ စသည်တို့မှ ဝင်၍နှောင့်ယှက်၏။ ဥပမာ ခြောက်သွေ့သော ကျူပင်၊ မြက်ပင်တို့ဖြင့် မိုး ထားသောအိမ်ကို တစုံတယောက်သောသူသည် အရပ်လေး မျက်နှာမှ ချဉ်းကပ်၍ မြက်မီးရှူးဖြင့် မီးရှို့နိုင်သကဲ့သို့ ဖြစ်၏။

"အကြွင်ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သောအခါ နှစ်သက်ဖွယ် အဆင်း၌ မတပ်မက်၊ မနှစ်သက်ဖွယ်အဆင်း၌လည်း အမျက်မထွက်၊ ကိုယ်၌ သတိစွဲမြဲလျက် ကျယ်ပြန့်သောစိတ်ရှိသည်ဖြစ်၍ နေ၏။ အကုသိုလ်တရားတို့ အကြွင်းမဲ့လွတ်မြောက်ရာ ဖြစ်သော လွတ်မြောက်မှုကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဤရဟန်းကို အဆင်းအာရုံတို့၌ ကိလေသာမစွတ်စိုသူဟူ၍ ဆိုအပ်၏။ နားဖြင့် အသံကိုကြားခြင်းစသည်တို့၌လည်း ထိုနည်းတူပင် ဖြစ်၏။ ဤသို့ အဆင်း၊ အသံ စသည်တို့၌ ကိလေသာမစွတ်စိုသည်ဖြစ်၍နေသော ရဟန်းကို မာရ်နတ်သည် နား၊ မျက်စိ စသည်တို့မှ ဝင်၍ မနှောင့်ယှက်နိုင်။ ဥပမာ ထူထဲသော ရွှံ့မြေအင်္ဂတေတို့ဖြင့် မွမ်းမံ ပြုလုပ်ထားသော ဇရပ်ကို တစုံတယောက်သောသူသည် အရပ်လေးမျက်နှာမှ ချဉ်းကပ်၍ မျက်မီးရှူးဖြင့် မီးရှို့ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ဖြစ်၏"

ရှင်မောဂ္ဂလ္လာန် တရားဟောပြီးသောအခါ ဗုဒ္ဓသည်ကျိန်းစက်ရာမှ ထလာပြီး ရှင်မောဂ္ဂလ္လာန်အား ကောင်းချီးပေးတော်မူ၏။

## ၇။ ဒုက္ခဓမ္မသုတ်

[ဆင်းရဲခြင်းသဘောရှိသော တရားကိုသိသူ]

၂၄၄။ အကြွင်ရဟန်းသည် ဆင်းရဲခြင်းသဘောရှိသောတရားတို့၏ဖြစ်ခြင်း၊ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ထိုရဟန်းသည် ကာမဂုဏ်တို့၌ ကာမစ္ဆန္ဒကိန်းအောင်းခြင်း မရှိအောင် သိမြင်ပြီးသူဖြစ်သည်။ အဘိဇ္ဈာ ဒေါမနဿတည်းဟူသော အကုသိုလ်တရားတို့ မကိန်းအောင်းနိုင်အောင် ကျင့်ကြံနေထိုင်နည်းကိုလည်း လျော်စွာသိပြီးသူဖြစ်၏။

အဘယ်သို့ သိမြင်သူအား ကာမဂုဏ်တို့၌ ကာမစ္ဆန္ဒ မကိန်းအောင်းနိုင်သနည်း ဆိုသော် အသက်ရှင်နေလိုသေးသော သူတယောက်ကို လူတရပ်စာမကနက်သော မီးကျီးတွင်းထဲသို့ ပစ်ချရန် အားကောင်းသော ယောကျာ်းသားနှစ်ယောက်တို့က လက်မောင်း၌ ဆွဲကိုင်၍ ခေါ်သွားခဲ့သော် ထိုယောကျာ်းသည် အစွမ်းကုန် ရုန်းကန်သကဲ့သို့ ထို့အတူ ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့်တူ၏ဟူ၍ သိမြင်သူအား ယင်းကာမဂုဏ်တို့၌ ကာမစ္ဆန္ဒ မကိန်းအောင်းတော့ချေ။

အဘယ်သို့လျှင် အဘိဇ္ဈာ ဒေါမနဿတည်းဟူသော အကုသိုလ်တရားဆိုးတို့ မကိန်းအောင်းနိုင်အောင် ကျင့်ကြံနေထိုင်နည်းကို သိရမည်နည်းဆိုသော်- ဆူးတောထဲသို့ဝင်သော ယောကျ်ားသည် ရှေ့နောက် ဘေးပတ်ဝန်းကျင်တို့၌ ဆူးများဖြင့် ပြည့်နေသောကြောင့် အထူးသတိထားကာ သွားလာရသကဲ့သို့ ထို့အတူပင် ချစ်အပ်၊ သာယာအပ်သော ရုပ်ကို အရိယာအဆုံးအမ၌ ဆူးဟူ၍ သိရမည်။ ယင်းသို့သိမြင်ပြီး မျက်စိဖြင့် အဆင်းကို မြင်ခြင်းစသည်တို့၌ တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း မဖြစ်အောင် စောင့်စည်းရမည်။ ကိုယ်၌စွဲမြဲသော သတိရှိလျက် ကျယ်ပြန့်သော စိတ်ရှိသည်ဖြစ်၍ နေရမည်။ အကုသိုလ်တနးတို့ အကြွင်းမဲ့ ချုပ်ရာဖြစ်သော လွတ်မြောက်မှုကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်ရမည်။

ယင်းသို့ ကျင့်ကြံနေထိုင်သော ရဟန်းအား တခါတရံ သတိလက်လွတ်မှုကြောင့် အကုသိုလ်တရားများ ဖြစ်ပေါ်တတ်သော်လည်း ထိုရဟန်းသည် ထိုအကုသိုလ်တရားများကို ဆောလျင်စွာ ပယ်ဖျောက်ပစ်နိုင်လိမ့်မည်။ ဥပမာ တနေ့လုံးပူလောင်နေသောသံအိုးကင်းထဲသို့ ရေပေါက်အနည်းငယ်ကျသော် ထိုရေပေါက်များသည် ချက်ချင်းခန်းခြောက်သွားသကဲ့သို့ အကုသိုလ်တရားများသည် ချက်ချင်းကင်းပျောက်သွားလိမ့်မည်။

အရှေ့ဘက်သို့ စီးဆင်းနေသောဂင်္ဂါမြစ်ကို လူအပေါင်းသည်အနောက်သို့ စီးဆင်းအောင် မပြုနိုင်သကဲ့သို့ ထိုသို့ ကျင့်ကြံ နေထိုင်သော ရဟန်းကိုလည်း မင်း၊ မင်း၏ အမတ်ကြီးစသော သူတို့ကပင် စည်းစိမ်ဥစ္စာများဖြင့် ဖြားယောင်း သွေးဆောင်၍ လူထွက်အောင် ပြုလုပ်နိုင်မည် မဟုတ်ကြောင်းဟော ကြားသည်။

## ၄။ ကိံသုကောပမသုတ်

[ ပေါက်ပင် ဥပမာဖြင့် ဟောကြားခြင်း ]

၂၄၅။ ရဟန်းတပါးသည် အခြားရဟန်းတပါးထံ ချဉ်းကပ်၍ ‘ငါ့ရှင် အဘယ်မျှဖြင့် ရဟန်း၏ ဉာဏ်အမြင်သည် ကောင်းစွာ စင်ကြယ်ပါသနည်း’ ဟု မေး၏။ ထိုရဟန်းက ဖဿာယတန ခြောက်ပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း

ကို ဟုတ်တိုင်းမှန်စွာ သိခြင်းဖြင့် ရဟန်း၏ ဉာဏ်အမြင်သည် ကောင်းစွာ စင်ကြယ်ကြောင်း ဖြေကြား၏။ သို့သော် မေးသော ရဟန်းသည် ထိုအဖြေဖြင့် မကျေနပ်သဖြင့် အခြားရဟန်းများထံ ဆက်လက် မေးမြန်းပြန်၏။ ထိုအခါ ဒုတိယရဟန်းက ဥပါဒါနက္ခန္ဓာ ငါးပါး၊ တတိယ ရဟန်းက မဟာဘုတ်လေးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိလျှင် ဉာဏ်အမြင်စင်ကြယ်ကြောင်း အသီးသီး ဖြေကြားကြ၏။ စတုတ္ထ ရဟန်းကမူ 'ဖြစ်ခြင်းသဘောရှိသော တရားဟူသမျှသည် ချုပ်ခြင်းသဘောရှိ၏' ဟူ၍ သိမြင်လျှင် ဉာဏ်အမြင် စင်ကြယ်ကြောင်း ဖြေကြား၏။

ထို့နောက် ထိုရဟန်းသည် ဗုဒ္ဓထံ သွား၍ ထိုမေးခွန်းကို မေးမြန်း၏။ ထိုအမေးကို ဗုဒ္ဓက ပေါက်ပင် ဥပမာဖြင့် ဖြေကြားတော်မူလေသည်။ ပေါက်ပင်ကို မမြင်ဖူးသော သူတယောက်သည် အခြားသူများထံ သွား၍ 'ပေါက်ပင်ဆိုတာ ဘယ်လိုနေပါသလဲ' ဟု မေးရာ အမေးခံရသူ လေးယောက်က တမျိုးစီ ဖြေကြားကြ၏။ ပထမလူက ပေါက်ပင်သည် မီးလောင်ထားသော သစ်ငုတ်တိုကဲ့သို့ မည်းနက်၏ ဟူ၍လည်းကောင်း၊ ဒုတိယ လူက သားတစ်ကဲ့သို့ နီရဲနေ၏ ဟူ၍ လည်းကောင်း၊ တတိယလူက ကုက္ကိုပင်ကဲ့သို့ အသီးများ တွဲလွဲကျနေ၏ ဟူ၍ လည်းကောင်း၊ စတုတ္ထလူက ပညောင်ပင်ကဲ့သို့ ထူထပ်သော အရွက်ရှိ၏ ဟူ၍ လည်းကောင်း၊ အသီးသီး ဖြေကြားကြသည်။

ယင်းသို့ ဖြေကြားခြင်းများမှာ မိမိတို့ တွေ့မြင် ရစဉ်က အသွင်အပြင်အတိုင်း ဖြေကြားကြခြင်း ဖြစ်သည်။ ယင်းပေါက်ပင် ဥပမာအတိုင်းပင် ဉာဏ်အမြင် စင်ကြယ်မှုနှင့် ပတ်သက်၍ ဖြေကြားသော ရဟန်းလေးပါးတို့သည်သည်း မိမိတို့ ဉာဏ်အမြင် စင်ကြယ်မှု ရရှိခဲ့သည့် နည်းလမ်းသွင်း ဆင်ခြင်မှု အားလျော်စွာ ဖြေကြားကြခြင်း ဖြစ်ကြောင်း ဗုဒ္ဓက မိန့်ကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓက ဉာဏ်အမြင် စင်ကြယ်မှုနှင့် ပတ်သက်၍ အောက်ပါဥပမာ တရပ်ကို ဆက်လက်မိန့်ကြားတော်မူ၏။ မြို့ရိုး တံတိုင်းများ ကာရံ၍ တံခါး ခြောက်ပေါက်ရှိသော မြို့၌ လိမ္မာသော တံခါးစောင့်သည်ရှိ၏။ တမန်စုံတွဲတတွဲသည် အရှေ့အရပ်မှလာ၍ ထိုတံခါးစောင့်အား 'မြို့ပိုင်ရှင် ဘယ်

မှာနည်း' ဟု မေးရာ တံခါးစောင့်က 'မြို့လယ်လမ်းလေးဆုံ၌ နေသူပင် ဖြစ်၏' ဟု ဖြေကြား၏။ ထိုတမန် စုံတွဲသည် မြို့ပိုင်ရှင်အား မိမိတို့ယူဆောင်လာသော သတင်းစကားကို ပြောကြား အပ်နှံပြီး လာခဲ့သော လမ်းအတိုင်းပင် ပြန်သွားရာ၏။

ဤဥပမာ၌ မြို့ဟူသည် မဟာဘုတ် လေးပါးဖြင့် ပြီးသော ဤကိုယ်ခန္ဓာကို တင်စား၍ ဆိုခြင်းဖြစ်သည်။ တံခါးခြောက်ပေါက်ဟူသည် အတွင်းအာယတန ခြောက်ပါးကို ဆိုလိုခြင်းဖြစ်သည်။ တံခါးစောင့် ဟူသည် သတိကို ဆိုလိုခြင်း ဖြစ်သည်။ တမန်စုံတွဲ ဟူသည် သမထနှင့် ဝိပဿနာကို ဆိုလိုခြင်း ဖြစ်သည်။ မြို့ပိုင်ရှင်ဟူသည် ဝိညာဏ်ကို ဆိုလိုခြင်း ဖြစ်သည်။ လမ်းလေးဆုံဟူသည် မဟာဘုတ် လေးပါးကို ဆိုလိုခြင်း ဖြစ်သည်။ ယူဆောင်လာသော သတင်းစကား ဟူသည် နိဗ္ဗာန်ကို ဆိုလိုခြင်းဖြစ်သည်။ လာခဲ့သောလမ်းဟူသည် အရိယာ မဂ်ကို ဆိုလိုခြင်း ဖြစ်သည်ဟူ၍ ဗုဒ္ဓက ဥပမာ ဥပမေယျ ဟပ်၍ ပြတော်မူသည်။

## ၉။ ဝီဏောပမသုတ်

[ စောင်း ဥပမာဖြင့် ဟောကြားခြင်း ]

၂၄၆။ အဆင်း၊ အသံ စသော အာရုံ ခြောက်ပါးတို့ လိုချင်ခြင်း၊ တပ်မက်ခြင်း စသည်တို့ ဖြစ်ပေါ်လာခဲ့သော် ဘိက္ခု၊ ဘိက္ခုနီတို့သည် ထိုအာရုံတို့မှ မိမိတို့ စိတ်ကို တားဆီးရမည်။ စပါးခင်း စောင့်သူ မေ့လျော့နေစဉ် ထိုစပါးခင်းကို ဝင်၍ စားသော နွားသည် ယစ်မူး မေ့လျော့ခြင်းသို့ ရောက်သကဲ့သို့ ဖဿာယတန ခြောက်ပါးတို့၌ မစောင့်စည်းသော ပုထုဇဉ်သည်လည်း ကာမဂုဏ် ငါးပါးတို့၌ ယစ်မူးမေ့လျော့ခြင်းသို့ ရောက်တတ်၏။ စပါးခင်းကို ဝင်၍ စားသော နွားကို နှင်ကြိမ်သုံးကြိမ်မျှ ရိုက်နှက်ဆုံးမလိုက်သည် ရှိသော် ထိုနွားသည် စပါးခင်းသို့ တဖန်မဝင်တော့သကဲ့သို့ ထို့အတူ ဖဿာယတန ခြောက်ပါးတို့၌ စိတ်ကို နှိုင်နင်းအောင် ဆုံးမလိုက်သည်ရှိသော် ထိုစိတ်သည် အဇ္ဈတ္တ ခန္ဓာ ငါးပါးတို့၌သာ သက်ဝင်နစ်မြုပ်၍ တည်ကြည် ငြိမ်သက်သွားတော့သည်ဟု ဗုဒ္ဓက ဟောကြားတော်မူသည်။

ထို့နောက် ခန္ဓာငါးပါး အတွင်း၌ ငါ၊ ငါ့ဟာဟု စွဲယူစရာ တစ်ခုတလေကို မျှ ရှာ၍ မတွေ့နိုင်ကြောင်းကို စောင်းထဲ၌ စောင်းသံလို ရှာ၍မတွေ့နိုင်ပုံဖြင့် ဥပမာပြု၍ ဟောကြားလေသည်။

## ၁၀။ ဆဠာယတနဝဂ်ဩပမသုတ်

[အာယတန ခြောက်ပါးကို တိရစ္ဆာန် ၆ ကောင်ဖြင့် ဥပမာပြု၍ ဟောခြင်း]

၂၄၇။ အနာရှိသော ယောကျ်ားသည် မြားမြက်တောသို့ ဝင်သည်ရှိသော် ခြေထောက်တို့၌ သမန်းမြက် စူး၍ ကိုယ်၌လည်း မြားရွက်များ ခြစ်မိသဖြင့် ဆင်းရဲ ဒုက္ခကို တိုး၍ ခံစားရသကဲ့သို့ ထို့အတူ စောင့်စည်းမှု မရှိသော အချို့ရဟန်းတို့သည် ရွာသို့ ဖြစ်စေ၊ တောသို့ဖြစ်စေ ကပ်ရောက်သည်ရှိသော် 'ဤရဟန်းသည် ဤသို့သော အကျင့်ရှိ၏၊ 'မစင်ကြယ်သော ရွာသူတို့၏ ဆူးငြောင့် သဖွယ်ဖြစ်၏' ဟူ၍ ပြောဆိုခြင်း ခံရသည်။ မြွေ၊ မိကျောင်း၊ ငှက်ဆင်၊ ခွေး၊ မြေခွေး၊ မျောက်ဟူသော တိရစ္ဆာန် ခြောက်ကောင်ကို ခိုင်ခံ့သော ကြိုးတချောင်းဖြင့် ချည်နှောင်ထားသည်ရှိသော် ထိုတိရစ္ဆာန် အသီးသီးတို့သည် မိမိတို့ ကျက်စားရာ အရပ်သို့ ဆွဲငင်ကြကုန်ရာ၏။ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်သောအခါ၌ကား အားကြီးသော သတ္တဝါ၏ နောက်သို့သာ ပါသွားကုန်ရာ၏။ ထို့အတူ ကာယဂတာ သတိကို မပွားများသော သူကို မျက်စိ၊ နား စသော အတွင်း အာယတန ခြောက်ပါးတို့သည် မိမိတို့ နှစ်သက်မြတ်နိုး အပ်သော အာရုံခြောက်ပါးသို့ ဆွဲဆောင် သွားကုန်၏။ ဤသို့ မျက်စိ၊ နား စသည်တို့၏ ဆွဲဆောင်မှုကို ခံရခြင်းသည် မစောင့်စည်းခြင်း ဖြစ်သည်။

မြွေ၊ မိကျောင်း စသော သတ္တဝါ ခြောက်ကောင်ကို ခိုင်ခံ့သော ကြိုးဖြင့် ခိုင်ခံ့သော တိုင်၌ ချည်ထားသည် ရှိသော် ထိုသတ္တဝါတို့သည် မိမိတို့ ကျက်စားရာ အရပ်သို့ အသီးသီး ဆွဲငင်ကြကုန်ရာ၏၊ ပင်ပန်း နွမ်းနယ်ခြင်းသို့ ရောက်သောအခါ၌ကား ထိုတိုင်၏ အနီး၌သာလျှင် ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းကို ပြု၍ နေကြကုန်ရာ၏။ ထို့အတူ ကာယဂတာ သတိကို ပွားများသော ရဟန်းကို မျက်စိ၊ နား စသော ဣန္ဒြေ ခြောက်ပါးတို့သည် မိမိတို့နှစ်သက် မြတ်နိုးအပ်သော အာရုံခြောက်ပါးတို့ ဆွဲဆောင်ခြင်း မပြု

နိုင်ချေ။ ဤသို့ မျက်စိ၊ နား စသည်တို့၏ ဆွဲဆောင်မှုကို မခံရခြင်းသည် စောင့်စည်းခြင်း ဖြစ်၏။

ဤသို့လျှင်၊ မျက်စိ၊ နား စသည့် အတွင်း အာယတန ခြောက်ပါးကို ကြိုးတချောင်းတည်းဖြင့် ချည်ထားသော သတ္တဝါ ခြောက်ကောင်နှင့် ဥပမာပြု၍ ယင်းသို့ ဆွဲဆောင်ရာသို့ မပါအောင် စောင့်စည်းရန် ဟောကြားတော်မူသည်။

## ၁၁။ ယဝကလာပိသုတ်

[ကောက်လှိုင်းစည်းဖြင့် ဥပမာပြု၍ ဟောခြင်း]

၂၄၀။ အာရုံခြောက်ပါးတို့၏ ညှဉ်းပန်း နှိပ်စက်ခြင်းကို ခံရသော ပုထုဇဉ်ကို ထမ်းပိုး ခြောက်ချောင်းဖြင့် ရိုက်နှက်အပ်သော ကောက်လှိုင်းစည်း များဖြင့် ဥပမာပြု၍ ဟောကြားတော်မူသည်။ လူခြောက်ယောက်တို့က ထမ်းပိုး ခြောက်ချောင်းဖြင့် ရိုက်နှက်ထားသော ကောက်လှိုင်းစည်းများကို နောက်ထပ် လူတယောက်က ထမ်းပိုးတချောင်းဖြင့် ရိုက်ပြန်သော် ထိုကောက်လှိုင်းစည်းများသည် ပို၍ ထိခိုက်ကြေမွ ကုန်သကဲ့သို့ ထို့အတူ အာရုံ ခြောက်ပါးတို့၏ ထိခိုက် နှိပ်စက်မှုကို ခံရသော ပုထုဇဉ်သည် တဖန်ဘဝသစ်ဖြစ်ရန် စေ့ဆော် အားထုတ်ခြင်း ပြုခဲ့သော် ပို၍ ထိခိုက်ပျက်စီးဖွယ်ရာရှိကြောင်း ဟောကြားတော် မူသည်။

နတ်နှင့် အသူရာတို့၏ စစ်ပွဲ၌ နတ်တို့က ဝေပစိတ္တိအသူရိန်မင်းကို ဖမ်းမိ၍ နှောင်ကြိုးဖြင့် ဖွဲ့ချည်ထား၏။ ယင်းသို့ ဖွဲ့ချည်ထားချိန်တွင် ထို ဝေပစိတ္တိအသူရိန်မင်းအား 'နတ်တို့သည် တရားရှိသူများ ဖြစ်ကြသည်။ အသူရာတို့သည် တရားမရှိသူများ ဖြစ်၏' ဟု အကြံဖြစ်ခဲ့သော် နှောင်ကြိုးသည် လွတ်နေ၏။ 'နတ်တို့သည် တရားမရှိသူများ ဖြစ်ကြ၏။ အသူရာတို့ကား တရားရှိသူများ ဖြစ်ကြ၏' ဟူ၍ အကြံ ဖြစ်ခဲ့သော် နှောင်ကြိုးသည် တင်းမြဲ တင်း၍သာ နေ၏။ နတ်တို့က ဝေပစိတ္တိအသူရိန်အား ဖွဲ့ချည်ထားသော နှောင်ကြိုးသည် ဤမျှပင်နူးညံ့သိမ်မွေ့၏။ မာရ်၏ နှောင်ကြိုးကား ထို့ထက်ပင် သိမ်မွေ့ပေသည် ဟူ၍လည်း မိန့်ကြားတော်မူသည်။

# ၂။ ဝေဒနာ သံယုတ်

[ဝေဒနာနှင့်စပ်သော ဟောကြားချက်များ]

## ၃။ သဂါထာဝဂ်

### ၁။ သမာဓိသုတ်

[သမာဓိ ရှိသူဝေဒနာကို သိမြင်ကြောင်း]

၂၄၉။ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခ ဝေဒနာ ဟူ၍ ဝေဒနာ သုံးပါးရှိသည်။ သတိ၊ သမာဓိ၊ ဉာဏ်ပညာတို့နှင့် ပြည့်စုံသော ဗုဒ္ဓ၏ တပည့်သည် ထိုဝေဒနာ သုံးပါးကို လည်းကောင်း၊ ယင်းတို့၏ ဖြစ်ကြောင်း တရား၊ ချုပ်ငြိမ်းရာနှင့် ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို လည်းကောင်း သိမြင်၍ ငြိမ်းအေးခြင်း သို့ ရောက်သည်ဟု ဟောကြားသည်။

### ၂။ သုခသုတ်

[သုခကို ဒုက္ခဟု ရှုအပ်ကြောင်း]

၂၅၀။ ကိုယ်တွင်း ကိုယ်ပဖြစ်သော ဝေဒနာသုံးမျိုးသည် ပျက်စီးခြင်း သဘောရှိ၍ ဆင်းရဲသော တရားများ ဖြစ်၏ဟူ၍ သိမြင်သူသည် ထိုဝေဒနာ သုံးပါး၌ တပ်မက်ခြင်း ကင်းသွားတော့ကြောင်း ဟောသည်။

## ၁။ ပဟာနသုတ်

[ဝေဒနာသုံးပါး၌ ပယ်ရမည့်တရားများ]

၂၅၁။ ဝေဒနာသုံးပါးတို့တွင် သုခဝေဒနာ၌ စွဲမက်ခြင်း ရာဂါနုသယကို ပယ်ရမည်။ ဒုက္ခ ဝေဒနာ၌ အမျက်ထွက်ခြင်း ပဋိဃာ နုသယကို ပယ်ရမည်။ အဒုက္ခမသုခ ဝေဒနာ၌ တွေဝေခြင်း အဝိဇ္ဇာနုသယကို ပယ်ရမည်။ ထိုအနုသယ သုံးပါးကို ပယ်ပြီးသူသည် ကောင်းသောအမြင်ရှိ၍ တဏှာကို ဖြတ်ပြီးသူ၊ ဒုက္ခ ကုန်ဆုံးခြင်းကို ပြုသူဖြစ်ကြောင်း ဟောကြားသည်။

## ၄။ ပါတာလသုတ်

[ဝဲသြဃ၌ ထောက်တည်ရာမရသူ]

၂၅၂။ သမုဒ္ဒရာ၌ရှိသော ဝဲသြဃသည် စင်စစ် ဝဲသြဃမမည်၊ ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာတို့သည်သာလျှင် စင်စစ် ဝဲသြဃမည်၏။ ကိုယ်၌ဖြစ်သော ဆင်းရဲဝေဒနာတို့ကို ခံစားရသောအခါ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ မိန်းမော ခြင်းသို့ ရောက်သောပုထုဇဉ်ကို ဝဲသြဃ၌ ထောက်တည်ရာမရသူဟု ဆိုရမည်။ ကိုယ်၌ဖြစ်သော ဆင်းရဲဝေဒနာ တို့ကို ခံစားရသည့်အခါ စိုးရိမ်ခြင်း၊ ပူပန် ခြင်း၊ မိန်းမောခြင်းသို့ မရောက်သော အရိယာ တပည့်ကို ဝဲသြဃ၌ ထောက် တည်ရာရသူဟု ဆိုရမည်ဖြစ်ကြောင်း ဟောကြားသည်။

## ၅။ ဒဋ္ဌဗ္ဗသုတ်

[ဝေဒနာ သုံးပါးကို ရှုပုံ]

၂၅၃။ ဝေဒနာသုံးပါးတို့တွင် သုခဝေဒနာကို ဒုက္ခဟုရှုရမည်။ ဒုက္ခ ဝေ ဒနာကို ဆူးငြောင့်ဟုရှုရမည်။ အဒုက္ခ မသုခဝေဒနာကို အနိစ္စဟု ရှုမည်။ ဤသို့ရှုသောရဟန်းသည် ကောင်းသောအမြင်ရှိ၍ တဏှာကိုဖြတ်ပြီး ဒုက္ခကုန် ဆုံးခြင်းကို ပြုသူဖြစ်ကြောင်း ဟောကြားသည်၊

## ၆။ သလ္လသုတ်

### [မြောင့်စူးခြင်းဖြင့် ဥပမာပြု၍ ဟောကြားခြင်း]

၂၅၄။ "အကြားအမြင်မရှိသောပုထုဇဉ်သည်လည်းကောင်း၊အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည်လည်းကောင်း သုခဝေဒနာ၊ ဒုက္ခဝေဒနာစသော ဝေဒနာသုံးပါးကို ခံစားကြသည်သာဖြစ်ရာ၏။ ယင်းသို့ခံစားရာ၌ ထူးခြားမှု မည်သို့ရှိပါသနည်း" ဟူသော မေးခွန်းကို ဖြေကြားသောသုတ်ဖြစ်၏။

အကြားအမြင်မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာကို ခံစားရသည့်အခါ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ပင်ပန်းခြင်း၊ မိန်းမောခြင်းသို့ရောက်၏။ ထို့ကြောင့် ကိုယ်ဆင်းရဲခြင်းကို သာမက စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။ ဥပမာ မြောင့်စူးနေသူအား နောက်ထပ် မြောင့်တချောင်းဖြင့် ထပ်၍ထိုးသကဲ့သို့ဖြစ်၏။ ဒုက္ခဝေဒနာကို ခံစားရ၍ စိတ်မကျေနပ်ခြင်းဖြစ်သူအား ပဋိဃာနုသယ သည် ကိန်း၏။ ထိုပုထုဇဉ်သည် ဝေဒနာ တပါးပါးကို ခံစားသည်ရှိသော် ကိလေသာနှင့် ယှဉ်သည်ဖြစ်၍သာလျှင် ခံစား၏။ ထိုပုထုဇဉ်ကို ဇာတိဇရာမရဏ စသည်တို့နှင့် ယှဉ်သူ၊ ဒုက္ခနှင့်ယှဉ်သူဟူ၍ ဆိုအပ်၏။

အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည်ကား ဒုက္ခဝေဒနာကို ခံစားရသည်ရှိသော် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ မိန်းမောခြင်းသို့ မရောက်။ ထို့ကြောင့် ကိုယ်ဆင်းရဲကိုသာ ခံစားရ၏။ စိတ်ဆင်းရဲခြင်းကိုမခံစားရ။ ဥပမာ မြောင့်တချောင်းသာ စူးသူကဲ့သို့ ဖြစ်၏။ ထိုအရိယာ တပည့်တို့အား ဒုက္ခဝေဒနာကိုခံစားရ၍ စိတ်ထိခိုက်ခြင်းမရှိသဖြင့် ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ သည် မကိန်း။ ကာမချမ်းသာကို မတောင့်တသဖြင့် သုခဝေဒနာ၌ အနုသယ သည် မကိန်း။ ဝေဒနာတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်းစသည်ကို ဟုတ်တိုင်းမှန်စွာ သိသဖြင့် အဒုက္ခ မသုခ ဝေဒနာ၌ အဝိဇ္ဇာနုသယသည် မကိန်း။ ထိုအရိယာ တပည့်သည် ဝေဒနာတပါးပါးကို ခံစားသည်ရှိသော် ကိလေသာနှင့် မယှဉ်သည်ဖြစ်၍သာလျှင် ခံစား၏။ ထိုအရိယာတပည့်ကို ဇာတိ ဇရာ မရဏစသည် တို့နှင့် မယှဉ်သူ၊ ဒုက္ခနှင့် မယှဉ်သူဟူ၍ ဆိုအပ်၏။ ဤကား အကြားအမြင် နှင့် ပြည့်စုံသော အရိယာ တပည့်၏ အကြားအမြင် မရှိသော ပုထုဇဉ်နှင့် ထူးခြားပုံဖြစ်၏။

## ၇။ ပဌမဂေလညသုတ်

[သူနာဇရပ်၌ ဟောကြားသောတရား]

၂၅၅။ ဗုဒ္ဓသည် ဝေသာလီပြည် ကူဋာဂါရ ကျောင်း၌ သီတင်းသုံးစဉ် ညနေချမ်းအချိန်၌ သူနာဇရပ်သို့ကြွ၍ 'ရဟန်းမည်သည် သတိသမ္ပဇဉ်ရှိလျက် အချိန်ကို စောင့်မျှော်နေရမည်' ဟု ဆုံးမစကား မိန့်ကြားတော်မူသည်။ ထို့နောက် သတိရှိလျက်နေပုံ၊ သမ္ပဇဉ်ရှိလျက်နေပုံတို့ကို အကျယ်ဟောကြားပြီး သတိသမ္ပဇဉ်ရှိလျက်နေသော ရဟန်းအား ဝေဒနာတပါးပါး ဖြစ်ပေါ်လာသော် မှန်ကန်စွာသိမြင်၍ အနုသယ ကင်းပျောက်ပုံကို ဆက်လက် ဟောကြားတော်မူ၏။

သတိသမ္ပဇဉ်ရှိလျက်နေသော ရဟန်းအား သုခဝေဒနာ ဖြစ်ပေါ်လာခဲ့သော် 'ဤသုခဝေဒနာသည် ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်ပေါ်လာ၏။ မမြဲသော ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော သုခဝေဒနာသည် အဘယ်မှာ မြဲပါအံ့နည်း' ဟူ၍ သိမြင်ပြီး သုခဝေဒနာ၌လည်းကောင်း၊ ခန္ဓာကိုယ်၌လည်းကောင်း မမြဲခြင်း၊ ပျက်စီးခြင်း၊ ချုပ်ငြိမ်းခြင်းသဘောကို ရှု၍နေ၏။ ထိုသို့နေသော ရဟန်းအား ခန္ဓာကိုယ်၌လည်းကောင်း၊ သုခဝေဒနာ၌လည်းကောင်း ရာဂါနုသယ ကင်းပျောက်၏။

ဒုက္ခဝေဒနာ ဖြစ်ပေါ်လာရာ၌ ပဋိဃာနုသယ ကင်းပျောက်ပုံ၊ အဒုက္ခမသုခဝေဒနာ ဖြစ်ပေါ်လာရာ၌ အဝိဇ္ဇာနုသယ ကင်းပျောက်ပုံတို့ကိုလည်း ထိုနည်းတူ ဟောကြား၏။

ထိုရဟန်းသည် ဝေဒနာတပါးပါးကို ခံစားသည်ရှိသော် ထိုဝေဒနာသည် မမြဲသောတရား၊ မနှစ်သက်အပ်သောတရား၊ မမျှော်သိပ်အပ်သော တရား ဖြစ်၏ ဟူ၍သိ၏။ ထိုဝေဒနာကို ကိလေသာနှင့် မယှဉ်သည်ဖြစ်၍သာလျှင် ခံစား၏။ ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသော် 'ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏' ဟု သိ၏။ အသက်လျှင် အပိုင်း အခြားရှိသော ဝေဒနာကို ခံစားသော် အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏' ဟု သိ၏။ ကိုယ်ခန္ဓာ ပျက်စီး၍ အသက် ကုန်ပြီးသည်မှ နောက်ဝယ် ကိုယ်၌ပင် ခံစားမှု ဟူသမျှတို့သည် မနှစ်သက်အပ်သည်

ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့။ ဥပမာ ဆီ နှင့် မီးစာကို စွဲ၍ဖြစ်သောမီးသည် ဆီ နှင့် မီးစာ ကုန်သောအခါ လောင်စာမရှိသည်ဖြစ်၍ ငြိမ်းသွားသကဲ့သို့ ပင်တည်း ဟူ၍ သိမြင်လေ၏။

၂၅၆။ ဒုတိယ ဂေလညသုတ်၌ ဝေဒနာ ဖြစ်ပေါ်လာပုံကို ဟောကြား ရာတွင် 'ဤဝေဒနာသည် ဖဿကို စွဲ၍ ဖြစ်ပေ၏' ဟူ၍ ဟောကြားခြင်းမှ တပါး အခြားဟောကြားချက်များသည် ပဌမသုတ်နှင့် ထပ်တူဖြစ်သည်။

၂၅၇။ အနိစ္စသုတ်၌ သုခ အစရှိသော ဝေဒနာ သုံးပါးတို့သည် မမြဲသော၊ ပြုပြင်အပ်သော၊ အကြောင်းကို စွဲ၍ ဖြစ်သော၊ ကုန်ခြင်းသဘော ရှိသော၊ ပျက်ခြင်းသဘောရှိသော၊ ပြယ်ခြင်းသဘောရှိသော၊ ချုပ်ပျောက်ခြင်း သဘောရှိသော တရားများ ဖြစ်ကြောင်းဟောသည်။

## ၁၀။ ဖဿမူလကသုတ်

### [ ဝေဒနာသည် ဖဿလျှင် အကြောင်းရင်းရှိပုံ]

၂၅၈။ ဝေဒနာသုံးပါးတို့သည် ဖဿကြောင့် ဖြစ်ကုန်၏။ ဖဿလျှင် အကြောင်းရင်း ရှိကုန်၏။ သုခဝေဒနာ၏ အကြောင်း ဖြစ်သော ဖဿကိုစွဲ၍ သုခ ဝေဒနာသည်ဖြစ်၏။ ထိုဖဿ၏ ချုပ်ခြင်းကြောင့် သုခဝေဒနာသည် ချုပ်၏။ ဒုက္ခဝေဒနာ၊ အဒုက္ခ မ သုခ ဝေဒနာတို့သည်လည်း ထိုနည်းတူပင် ဖြစ်၏။ ဥပမာ သစ်သား နှစ်ချောင်းကို ပွတ်တိုက်ခြင်းကြောင့် မီးပွင့်၏။ သစ်သား နှစ်ချောင်းတို့ ကွဲကွာသွားသောအခါ ထိုမီးသည် ငြိမ်းသွားသကဲ့သို့ ဖြစ်၏ဟု ဟောကြားတော်မူသည်။

# ၂။ ရဟောဂတဝဂ်

## ၁။ ရဟောဂတသုတ်

### [ ဆိတ်ငြိမ်ရာ၌ နေ၍စဉ်းစားကြံဖြစ်ပုံ]

၂၅၉။ တရံရောအခါ ရဟန်းတပါးအား မြတ်စွာဘုရားသည် ဝေဒနာ သုံးပါးကို ဟောကြားပြီး 'ခံစားမှု ဟူသမျှသည် ဒုက္ခ၌ အကျုံးဝင်၏

ဟူ၍ တဖန် ဟောကြားခြင်းမှာ အဘယ်ကို ရည်ရွယ်၍ ဟောကြား ပါလိမ့်မည်နည်း’ ဟူ၍ အကြံဖြစ်၏။ ထိုအကြောင်းကို ဗုဒ္ဓထံသွား၍ လျှောက်ကြားရာ ဗုဒ္ဓက သင်္ခါရ ဟူသမျှတို့သည် မမြဲခြင်း၊ ပျက်စီးတတ်ခြင်း စသော သဘောကို ရည်ရွယ်၍ ‘ခံစားမှု ဟူသမျှသည် ဒုက္ခ၌ အကျုံးဝင်၏’ ဟူ၍ ဟောကြားခြင်း ဖြစ်ကြောင်း ဖြေဆိုတော်မူ၏၊ ထို့နောက် ပထမ ဈာန် ဝင်စားသူအား ဝစီ ဝိညတ်ချုပ်ခြင်း၊ ဒုတိယ ဈာန်ဝင်စားသူအား ဝိတက်၊ ဝိစာရ ချုပ်ခြင်းစသည်ဖြင့် အစဉ်အတိုင်း သင်္ခါရတို့၏ ချုပ်ပုံကိုလည်းကောင်း၊ ပထမဈာန်ဝင်စားသူအား ဝစီဝိညတ်၊ ဒုတိယဈာန်ဝင်စားသူအား ဝိတက် ဝိစာရ၊ တတိယဈာန် ဝင်စားသူအား ပီတိ၊ စတုတ္ထဈာန် ဝင်စားသူအား ထွက်သက် ဝင်သက်၊ နိရောဓ သမာပတ် ဝင်စားသူအား သညာ၊ ဝေဒနာ၊ ရဟန္တာအား ရာဂ၊ ဒေါသ၊ မောဟ ငြိမ်းအေးခြင်းဟူသော ငြိမ်းအေးခြင်း (၆) ပါးတို့ကို လည်းကောင်း ဟောကြားတော်မူ၏။

၂၆၀။ ပထမ အာကာသသုတ်၌ ကောင်းကင်တွင် အရှေ့လေ၊ အနောက်လေ၊ မြူမှုန်ပါသော လေ၊ မြူမှုန်မပါသောလေ၊ အေးသော လေ၊ ပူသော လေ၊ အားနည်းသော လေ၊ အားကြီးသော လေ စသော လေအမျိုးမျိုး တိုက်ခတ်သကဲ့သို့ ထိုအတူ ဤခန္ဓာကိုယ်၌လည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ စသော ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်နေကြောင်း ဂါထာများနှင့်တကွ ဟောကြားသည်။

၂၆၁။ ဒုတိယ အာကာသသုတ်၌ ဂါထာများ မပါခြင်းသာထူး၏။

၂၆၂။ အဂါရသုတ်၌ ဧည့်သည်တို့ တည်းခိုရာ ဇရပ်သို့ အရှေ့အရပ်မှ လာသော ဧည့်သည်၊ အနောက်အရပ်မှ လာသော ဧည့်သည်၊ မင်းမျိုးဖြစ်သော ဧည့်သည်၊ ပုဏ္ဏားမျိုး ဖြစ်သော ဧည့်သည် စသော ဧည့်သည်အမျိုးမျိုး လာရောက်တည်းခိုကြသကဲ့သို့ ထိုအတူ ဤခန္ဓာကိုယ်၌လည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ စသော ဝေဒနာအမျိုးမျိုးတို့သည် လည်းကောင်း၊ ကာမဂုဏ် အာမိသနှင့်တကွ ဖြစ်သော ဝေဒနာ၊ ကာမဂုဏ် အာမိသ ကင်းသော ဝေဒနာတို့သည်လည်းကောင်း ဖြစ်ပေါ်နေကြောင်း ဟောကြားသည်။

## ၅။ ပထမ အာနန္ဒသုတ်

[ ရှင်အာနန္ဒာ၏ အမေးကို ဖြေခြင်း ]

၂၆၃။ အခါတပါး၌ ရှင်အာနန္ဒာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'အရှင်ဘုရား ဝေဒနာဟူသည် အဘယ်ပါနည်း၊ ဝေဒနာ၏ ဖြစ်ကြောင်းကား အဘယ်ပါနည်း' စသည်ဖြင့် မေးလျှောက်၏။ ဝေဒနာသည် သုံးပါးရှိ၏။ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။ ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏။ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်သည် ဝေဒနာချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်၏။ ဝေဒနာကို စွဲ၍ ဖြစ်သော ချမ်းသာခြင်း၊ နှစ်သက်ခြင်းသည် ဝေဒနာ၏ သာယာဖွယ် ဖြစ်၏။ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောသည် ဝေဒနာ၏ အပြစ်ဖြစ်၏။ ဝေဒနာ၌ ဆန္ဒ ရာဂကို ပျောက်ပယ်ခြင်းသည် ဝေဒနာ၏ ထွက်မြောက်ရာဖြစ်၏ ဟု ဗုဒ္ဓက ဖြေကြားသည်။ ထို့နောက်သင်္ခါရတို့၏ အစဉ်အတိုင်း ချုပ်ငြိမ်းပုံကိုလည်း ဆက်လက်ဟောကြားတော်မူ၏။

၂၆၄။ ဒုတိယ အာနန္ဒသုတ်၌ ပထမသုတ်ပါ မေးခွန်းကို ဗုဒ္ဓက မေး၍ ရှင်အာနန္ဒာက ဖြေကြား၏။

၂၆၅။ ပထမ သမ္ဗဟုလ သုတ်၌ အထက်ပါ မေးခွန်းကို ရဟန်းအများက မေးလျှောက်၍ ဗုဒ္ဓက ဖြေကြား၏။

၂၆၆။ ဒုတိယ သမ္ဗဟုလသုတ်၌ အထက်ပါ မေးခွန်းကို ဗုဒ္ဓက မေး၍ ရဟန်းအများက ဖြေကြား၏၊

## ၆။ ပဉ္စကင်္ဂသုတ်

[ ပဉ္စကင်္ဂ လက်သမားနှင့် ရှင်ဥဒါယီဆွေးနွေးပုံ ]

၂၆၇။ အခါတပါး၌ ပဉ္စကင်္ဂမည်သော လက်သမားသည် ရှင်ဥဒါယီထံ ချဉ်းကပ်၍ 'အရှင်ဘုရား၊ ဝေဒနာမည်မျှ ရှိ၏ဟု မြတ်စွာဘုရား ဟော

ကြားပါသနည်း’ ဟု မေးလျှောက်၏။ ဝေဒနာသုံးပါးကို မြတ်စွာဘုရား ဟောကြောင်း ရှင်ဥဒါယီက ဖြေ၏။

“အရှင်ဘုရား၊ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ ဟူ၍ ဝေဒနာနှစ်ပါး ကိုသာ မြတ်စွာဘုရား ဟောပါသည်။ အဒုက္ခမသုခ ဝေဒနာကို ငြိမ်သက် မွန်မြတ်သော သုခ ဝေဒနာ၌ သွင်း၍ ဟောကြားပါသည်”

ဤသို့ ပဉ္စကင်္ဂမည်သော လက်သမားက ဆို၏။ သို့သော် သူ့အဆိုကို ရှင်ဥဒါယီက လက်မခံသဖြင့် ဆရာနှင့် ဒကာ အငြင်းပွားနေကြ၏။ ထိုသို့ အငြင်းပွားနေကြသည်ကို ရှင်အာနန္ဒာက ကြားသိ၍ ဗုဒ္ဓထံ သွားရောက် လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက ဝေဒနာကို (၂) ပါးဟူ၍လည်းကောင်း၊ (၃) ပါး၊ (၅) ပါး၊ (၆) ပါး၊ (၁၈) ပါး၊ (၃၆) ပါး၊ (၁၀၈) ပါး ဟူ၍ လည်းကောင်း၊ ဆိုနိုင်သော အကြောင်း ပရိယာယ်များ ရှိကြောင်း၊ အကြောင်း ပရိယာယ် အားလျော်စွာ ဟောကြားရာ၌ ထို အကြောင်း ပရိယာယ်ကို မသိသူတို့ ငြင်းခုံနေကြသော်လည်း ထိုအကြောင်း ပရိယာယ်များကို သိသူတို့ကား မငြင်းခုံပဲ ညီညွတ်စွာ နေကြလိမ့်မည် ဖြစ်ကြောင်း မိန့်တော်မူ၏။

ထို့နောက် လောက၌ ချမ်းသာခြင်း အမျိုးမျိုး ရှိရာတွင် ကာမဂုဏ် ချမ်းသာထက် ပဌမဈာန် ချမ်းသာသည် သာလွန် မွန်မြတ်ကြောင်း၊ ပဌမ ဈာန်စသော အောက်အောက် ဈာန်ချမ်းသာများထက်လည်း ဒုတိယဈာန် စသော အထက်အထက် ဈာန်ချမ်းသာများက သာလွန် မွန်မြတ်ကြောင်း၊ နိရောဓ သမာပတ်သည်ကား ထိုဈာန် ချမ်းသာအားလုံးထက် သာလွန် မွန်မြတ်ကြောင်း မိန့်ကြားပြီး အောက်ပါစကားကို မိန့်မြွက်တော်မူ၏။

“အာနန္ဒာ၊ ရဟန်း ဂေါတမသည် ‘သညာ ဝေဒနာတို့၏ ချုပ်ခြင်း (နိရောဓ သမာပတ်)ကို ချမ်းသာ ဟူ၍ ပညတ်၏။ ထိုသညာဝေဒနာတို့၏ ချုပ်ခြင်းသည် အဘယ့်ကြောင့် ချမ်းသာသနည်း။ အဘယ်သို့ ချမ်းသာ သနည်း’ ဟူ၍ အယူတပါး ရှိသော ပရိဗိုဇ်တို့က ပြောဆိုဖွယ်အကြောင်း ရှိ၏။ အာနန္ဒာ ဤသို့ ပြောဆိုသော ပရိဗိုဇ်တို့ကို ‘ငါ့ရှင်တို့၊ မြတ်စွာ ဘုရားသည် ချမ်းသာ ခံစားမှုကိုသာလျှင် ရည်ရွယ်၍ ချမ်းသာဟု ပညတ် သည် မဟုတ်။ ဒေါ်ကြင်အကြင် အရာ၌ ချမ်းသာခြင်းကို ရအင်၏။ ထိုထို

အရာကို ချမ်းသာဟူ၍ မြတ်စွာဘုရားသည် ပညတ်တော်မူ၏ ဟု တုံ့ပြန်ပြောဆိုကြကုန်လေ၊" (ဆင်းရဲခြင်း မရှိသော အရာမှန်သမျှကိုချမ်းသာဟု သတ်မှတ်သည် ဟု ဆိုလို၏။)

၂၆၈။ ဘိက္ခုသုတ်၌လည်း ဝေဒနာကို နှစ်ပါး၊ သုံးပါး၊ ငါးပါးစသည်ဖြင့် ဆိုနိုင်သော အကြောင်းပရိယာယ်များ ရှိပုံကိုလည်းကောင်း၊ ကာမဂုဏ်ချမ်းသာ၊ ဈာန်ချမ်းသာနှင့် နိရောဓ သမာပတ် ချမ်းသာတို့ အဆင့်ဆင့် သာလွန်ပုံကိုလည်းကောင်း အလက်သုတ်နည်းတူ ရဟန်းတပါးအား ဟောကြား၏။

## ၃။ အင္ဂုသတဝဂ်

### ၁။ သီဝကသုတ်

[ သီဝကပရိဗိုဇ်အား ဟောကြားချက် ]

၂၆၉။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် မောဠိယ သီဝက ပည်သော ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'အရှင်ဂေါတမ၊ ဤလောက၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသော ဝေဒနာတို့ကို ခံစားရခြင်းသည် ရှေးဘဝက ပြုလုပ်ခဲ့သည့် ကံ ဟူသော အကြောင်း ကြောင့်သာ ဖြစ်၏ဟု အယူရှိသော ရဟန်း ပုဏ္ဏားအချို့ ရှိပါသည်။ ဤအရာ၌ အရှင်ဂေါတမသည် မည်သို့ဆိုပါသနည်း' ဟု လျှောက်၏။

ထိုအခါ ဗုဒ္ဓက ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသော ဝေဒနာတို့သည် ကံကြောင့်သာ ဖြစ်သည် မဟုတ်။ သည်းခြေ၊ သလိပ်၊ လေတို့ကြောင့် ဖြစ်သော ဝေဒနာ၊ ထိုသုံးပါး ပေါင်းဆုံခြင်းကြောင့် ဖြစ်သော ဝေဒနာ၊ ဥတု ဖောက်ပြန်ခြင်းကြောင့် ဖြစ်သော ဝေဒနာ၊ မမျှမတဆောင်ရွက်ခြင်းကြောင့် ဖြစ်သော ဝေဒနာ[၁]၊ သူတပါးတို့၏ လုံ့လပယောဂကြောင့်

---

၁။ အလွန်လေးသော ဝန်ကို ထမ်းရွက်ခြင်း၊ အုတ် အင်္ဂတေကို ထုထောင်းခြင်း၊ အချိန်အခါမဲ့၌ သွားလာ၍ မြွေကိုက်ခြင်း၊ တွင်းထဲ ချိုင့်ထဲသို့ ကျခြင်း စသော အကြောင်းများ ဖြစ်သော ဝေဒနာ။

ဖြစ်သော ဝေဒနာများလည်း ရှိကြောင်း။ ထိုသို့ ဝေဒနာအမျိုးမျိုးရှိခြင်း ကို မိမိကိုယ်တိုင်လည်း သိနိုင်၊ လောကဌလည်း အမှန်ဟု သဘောမှတ်ထား ကြောင်း။ ထို့ကြောင့် ဝေဒနာ ဟူသမျှ ဆင်းရဲကြောင်း ဖြစ်သည်ဟုဆိုသော ရဟန်း ပုဏ္ဏားတို့၏ စကားသည် အမှားသော ဖြင့်ကြောင်း ပြကြားတော် မူသည်။

## ၂။ အဋ္ဌသတသုတ်

[ ဝေဒနာအပြား တရာ့ရှစ်ပါး ]

၂၇၀။ ဝေဒနာသည် နှစ်ပါးရှိ၏ ဟူ၍လည်းကောင်း၊ (၃) ပါး၊ (၅) ပါး၊ (၆) ပါး၊ (၁၈) ပါး၊ (၃၆) ပါး၊ (၁၀၈)ပါး ရှိ၏ ဟူ၍ လည်းကောင်း ဆိုနိုင်သော အကြောင်းပရိယာယ်များ ရှိကြောင်း ဟော ကြားသည်။

ဝေဒနာ နှစ်ပါးဟူသည် ကိုယ်နှင့် စပ်သော ခံစားမှု 'ကာယိက ဝေ ဒနာ'၊ စိတ်နှင့် စပ်သော ခံစားမှု 'စေတသိက ဝေဒနာ' တို့ ဖြစ်၏။

ဝေဒနာ သုံးပါးဟူသည် သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ အဒုက္ခ မသုခ ဝေဒနာတို့ဖြစ်၏။

ဝေဒနာ ငါးပါးဟူသည် သုခိန္ဒြေ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါ မနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေတို့ ဖြစ်၏။

ဝေဒနာ ခြောက်ပါး ဟူသည် စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာ၊ သောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာ စသည်တို့ဖြစ်၏။

ဝေဒနာ (၁၈) ပါး ဟူသည် သောမနဿနှင့်တကွ ဖြစ်သော သုံး သပ်မှု ခြောက်ပါး၊ ဒေါမနဿနှင့် တကွ ဖြစ်သော သုံးသပ်မှု ခြောက်ပါး၊ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သော သုံးသပ်မှု ခြောက်ပါး အားဖြင့် ၁၈-ပါး ဖြစ်၏။

ဝေဒနာ(၃၆)ပါးဟူသည် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဟူသော ဝေဒနာ သုံးပါးတို့တွင် တပါးတပါး၌ ကာမဂုဏ်ကို မှီသော ဝေဒနာ ခြောက်ပါး၊

ကာမဂုဏ်မှ ထွက်မြောက်မှုကို မှီသော ဝေဒနာ ခြောက်ပါး အားဖြင့် ၁၂-ပါးစီ ရှိသောကြောင့် (၁၂×၃) ဝေဒနာ ၃၆-ပါး ဖြစ်၏။

ဝေဒနာ(၁၀၈) ပါးဟူသည် အထက်ပါ ဝေဒနာ ၃၆ ပါးကို ပစ္စုပ္ပန် အတိတ် အနာဂတ် ဟူသော ကာလသုံးပါးဖြင့် မြှောက်သော် ဝေဒနာ ၁၀၈-ပါးဖြစ်၏။

၂၇၁။ အညတရ ဘိက္ခုသုတ်၌ ရဟန်းတပါးက မေးလျှောက်သဖြင့် ဝေဒနာ သုံးပါးတို့နှင့် ယင်းတို့၏ ဖြစ်ခြင်း ချုပ်ခြင်း စသည်တို့ကို ဟောကြားသည်။

၂၇၂။ ပုဗ္ဗသုတ်၌ သမ္မာသမ္ဗောဓိဉာဏ်ကိုမရမီ ဘုရားလောင်း ဖြစ်စဉ်ကပင် 'ဝေဒနာဟူသည် အဘယ်နည်း၊ ဝေဒနာ ဖြစ်ပေါ်ကြောင်း ဟူသည် အဘယ်နည်း' စသည်ဖြင့် ကြံစည် စဉ်းစားခဲ့ကြောင်း ဟောကြားသည်။

၂၇၃။ ဉာဏသုတ်၌ 'ဤကား ဝေဒနာတည်း၊ ဤကားဝေဒနာ ဖြစ်ပေါ်ကြောင်းတည်း' စသည်ဖြင့် ဉာဏ်အလင်းရောင် ဖြစ်ပေါ် ခဲ့ကြောင်း ဟောကြားသည်။

၂၇၄။ သမ္ဗဟုလဘိက္ခုသုတ်၌ များစွာသော ရဟန်းတို့က မေးလျှောက်သဖြင့် ဝေဒနာသုံးပါးနှင့် ယင်းတို့၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်း စသည်တို့ကို ဟောကြားသည်။

၂၇၅-၂၇၆။ ပဌမ၊ ဒုတိယနှင့် တတိယသမဏဗြာဟ္မဏသုတ်တို့၌ ဝေဒနာသုံးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း စသည်ကို ဟုတ်တိုင်းမှန်စွာ မသိသူတို့သည် သမဏ ဗြာဟ္မဏမမည်၊ သမဏဗြာဟ္မဏ ဖြစ်ခြင်း၏ အကျိုးကိုလည်း မခံစားရ၊ ယင်းတို့ကို သိသူများသည်သာလျှင် သမဏဗြာဟ္မဏမည်သည်။ သမဏဗြာဟ္မဏ ဖြစ်ခြင်း၏ အကျိုးကိုလည်း ခံစားရသည်ဟု ဟောကြားတော်မူသည်။

၂၇၇။ သုဒ္ဓိကသုတ်၌ ဝေဒနာသုံးပါး သက်သက်ကိုသာ ဟောသည်။

## ၁၀။ နိရာမိသသုတ်

### [ ကိလေသာ အာမိသ ကင်းသောတရား ]

၂၇၆။ ပီတိသည် ကိလေသာ တည်းဟူသော အာမိသနှင့်တကွ ဖြစ်သော ပီတိ၊ အာမိသ ကင်းသော ပီတိ၊ ပို၍ အာမိသကင်းသော ပီတိဟူ၍ သုံးပါး ရှိ၏။ ထိုသုံးပါးတို့တွင် ကာမဂုဏ် ငါးပါးကို စွဲ၍ ဖြစ်သော ပီတိသည် အာမိသနှင့်တကွ ဖြစ်သော ပီတိမည်၏။ ပဌမဈာန် ဒုတိယဈာန်နှင့် ယှဉ်သော ပီတိသည် အာမိသကင်းသော ပီတိမည်၏။ ရာဂ ဒေါသ မောဟတို့မှ လွတ်မြောက်သော စိတ်ကို ဆင်ခြင်သော ရဟန္တာအား ဖြစ်သော ပီတိသည် ပို၍ အာမိသကင်းသော ပီတိမည်၏။

သုခ သည်လည်း ပီတိကဲ့သို့ပင် သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် ကာမဂုဏ် ငါးပါးကို စွဲ၍ ဖြစ်သော သုခသည် အာမိသနှင့် တကွ ဖြစ်သော သုခ မည်၏။ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့နှင့် ယှဉ်သော သုခသည် အာမိသ ကင်းသော သုခ မည်၏။ ရာဂ ဒေါသ မောဟတို့မှ လွတ်မြောက်သော စိတ်ကို ဆင်ခြင်သော ရဟန္တာအား ဖြစ်သော သုခသည် ပို၍ အာမိသ ကင်းသော သုခမည်၏။

ဥပေက္ခာသည်လည်း ပီတိကဲ့သို့ပင် သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် ကာမဂုဏ် ငါးပါးကို စွဲ၍ ဖြစ်သော ဥပေက္ခာသည် အာမိသနှင့်တကွ ဖြစ်သော ဥပေက္ခာမည်၏။ စတုတ္ထဈာန်နှင့်ယှဉ်သော ဥပေက္ခာသည် အာမိသကင်းသော ဥပေက္ခာမည်၏။ ရာဂ ဒေါသ မောဟတို့မှ လွတ်မြောက်သော စိတ်ကိုဆင်ခြင်သော ရဟန္တာအား ဖြစ်သော ဥပေက္ခာသည် ပို၍ အာမိသ ကင်းသော ဥပေက္ခာမည်၏။

လွတ်မြောက်ခြင်း ဝိမောက္ခသည်လည်း ပီတိကဲ့သို့ပင် သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် ရုပ်နှင့်စပ်သော လွတ်မြောက်ခြင်းသည် အာမိသနှင့် တကွ ဖြစ်သော ဝိမောက္ခမည်၏။ နာမ်နှင့် စပ်သော လွတ်မြောက်ခြင်းသည် အာမိသ ကင်းသော ဝိမောက္ခမည်၏။ ရာဂ ဒေါသ မောဟတို့မှ လွတ်မြောက်သော စိတ်ကို ဆင်ခြင်သော ရဟန္တာအား ဖြစ်သော လွတ်မြောက်ခြင်းသည် ပို၍ အာမိသ ကင်းသော ဝိမောက္ခမည်၏။

ဤသို့လျှင် အာမိသကင်းခြင်း၊ မကင်းခြင်းတို့နှင့် စပ်၍ ပီတိ သုခ စသည်တို့ သုံးပါးစီ ရှိပုံကို ဟောကြားသည်။

# ၃။ မာတုဂါမ သံယုတ်

[ မာတုဂါမနှင့် စပ်သော ဟောကြားချက်များ ]

## ၁။ ပဌမ ပေယျာလဝဂ်

### ၁။ မာတုဂါမသုတ်

[ ယောကျ်ားနှစ်သက်သော မိန်းမ၏ အင်္ဂါငါးပါး ]

၂၀၀။ အဆင်းမလှခြင်း၊ ပစ္စည်းဥစ္စာ မရှိခြင်း၊ သီလ မရှိခြင်း၊ ပျင်းရိခြင်း၊ သားသမီး မရခြင်း ဟူသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော မိန်းမသည် ယောကျ်ားတို့၏ နှစ်သက်မှုကို မခံရ။ အဆင်းလှခြင်း၊ ပစ္စည်းဥစ္စာရှိခြင်း၊ သီလ ရှိခြင်း၊ သွက်လက် ကျွမ်းကျင်ခြင်း၊ သားသမီး ရခြင်း ဟူသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော မိန်းမသည် ယောကျ်ားတို့၏ နှစ်သက်မြတ်နိုးမှုကို ခံရကြောင်း ဟောကြားသည်။

### ၂။ ပုရိသသုတ်

[မိန်းမနှစ်သက်သော ယောကျ်ား၏ အင်္ဂါငါးပါး]

၂၀၁။ အဆင်းမလှခြင်း၊ ပစ္စည်းဥစ္စာ မရှိခြင်း စသောအင်္ဂါ ငါးပါးနှင့် ပြည့်စုံသောယောကျ်ားသည် မိန်းမတို့၏နှစ်သက်မြတ်နိုးမှုကို မခံရ။ အဆင်းလှခြင်း၊ ပစ္စည်းဥစ္စာ ရှိခြင်းစသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ယောကျ်ားသည် မိန်းမတို့၏ နှစ်သက်မြတ်နိုးမှုကို ခံရကြောင်းဟောသည်။

## ၃။ အာဝေဏိကဒုက္ခသုတ်

[မိန်းမတို့၏ ဒုက္ခငါးပါး]

၂၀၂။ လင့်အိမ်သို့ လိုက်ရခြင်း၊ ရာသီပန်းပွင့်ခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်း၊ သားဖွားရခြင်း၊ လင်ကိုလုပ်ကျွေးရခြင်းတို့သည် မိန်းမတို့သာ ခံစားရသော အာဝေဏိက ဒုက္ခငါးပါးဖြစ်၏။

## ၄။ တီဟိဓမ္မေဟိသုတ်

[အပါယ်ငရဲသို့ ရောက်ကြောင်း တရားသုံးပါး]

၂၀၃။ နံနက်ချိန်၌ ဝန်တိုခြင်းလွှမ်းမိုးသောစိတ်၊ နေ့လယ်အချိန်၌မနာလိုခြင်း လွှမ်းမိုးသောစိတ်၊ ညပိုင်း၌ ကာမရာဂ လွှမ်းမိုးသောစိတ်ဖြင့် နေသော မိန်းမသည် သေလွန်သောအခါ များသောအားဖြင့် အပါယ်ငရဲသို့ ကျရောက်တတ်လေသည်။

## ၅။ ကောဓနသုတ်

[အမျက်ဒေါသကြီးသူ အပါယ်ငရဲသို့ရောက်ကြောင်း]

၂၀၄။ အခါတပါး၌ ရှင်အနုရုဒ္ဓါသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ တပည့်တော်သည် သေလွန်ပြီးနောက် အပါယ်ငရဲသို့ ကျရောက်နေသော မာတုဂါမကို ဒိဗ္ဗစက္ခုဖြင့် တွေ့မြင်ရပါသည်။ အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် အပါယ်ငရဲသို့ ကျရောက်ပါသနည်း' ဟု မေးလျှောက်၏။ သဒ္ဓါတရား မရှိခြင်း၊ အရှက် မရှိခြင်း၊ အကြောက် မရှိခြင်း၊ အမျက်ဒေါသကြီးခြင်း၊ ပညာမရှိခြင်း ဟူသော တရားငါးပါးနှင့်ပြည့်စုံသော မာတုဂါမသည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်တတ်သည်ဟု ဗုဒ္ဓက ဖြေကြား၏။

၂၀၅-၂၁၂။ ဥပနာဟိသုတ်မှ မုဋ္ဌဿတိသုတ်အထိ (၈) သုတ်တို့၌ အထက်ပါ တရားငါးပါးအနက် အမျက်ဒေါသကြီးခြင်းအစား ရန်ငြိုးဖွဲ့ခြင်း၊ မနာ

လိုခြင်း၊ ဝန်တိုခြင်း၊ ယောကျ်ားဘပါးနှင့် ဖောက်ပြားခြင်း၊ သီလမရှိခြင်း၊ အကြားအမြင်နည်းခြင်း၊ ပျင်းရိခြင်း၊ သပိတ်ကင်းလွတ်ခြင်း ဟူသော တရားရှစ်ပါးတို့ကို တပါးစီထည့်၍ တသုတ်စီ ဟောခြင်းဖြစ်သည်။

## ၁၄။ ပဥ္စင်္ဂသုတ်

[ဘေးရှိခြင်းသောတရားငါးပါး]

၂၉၃။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာကျင့်ခြင်း၊ မုသားပြောခြင်း၊ သေရည်သေရက်သောက်ခြင်းဟူသော တရားငါးပါးနှင့်ပြည့်စုံသော မိန်းမသည် သေလွန်သောအခါ အပါယ် ငရဲသို့ကျရောက်တတ်ကြောင်း ဟောသည်။

## ၂။ အင်္ဂကော္ဘနေသုတ်

[အမျက်ဒေါသမကြီးသူ နတ်ပြည်သို့ရောက်ကြောင်း]

၂၉၄။ သဒ္ဓါတရားရှိခြင်း၊ အရှက်ရှိခြင်း၊ အကြောက်ရှိခြင်း၊ အမျက်ဒေါသ မကြီးခြင်း၊ ပညာရှိခြင်း ဟူသော တရားငါးပါးနှင့် ပြည့်စုံသော မိန်းမသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်ကြောင်း ရှင်အနုရုဒ္ဓါအား ဟောကြားသည်။

၂၉၅–၃၀၂။ အနုပနာဟီသုတ်မှ ဥပေက္ခာသလီသုတ် ဒုထိ (၈) သုတ်တို့၌ အထက်ပါ တရားငါးပါး အနက် "အမျက်ဒေါသမကြီးခြင်း" အစား "ရန်ငြိုးမဖွဲ့ခြင်း၊ မနာလိုမှု မရှိခြင်း၊ ဝန်တိုမှု မရှိခြင်း၊ ယောကျ်ားတပါးနှင့် မဖောက်ပြန်ခြင်း၊ သီလရှိခြင်း၊ အကြားအမြင်များခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ထင်သောသတိရှိခြင်း" ဟူသော တရားရှစ်ပါးကို တပါးစီထည့်၍ တသုတ်စီ ဟောသည်။

၃၀၃။ ယခုယ်လာလုက်၌ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော ငါးပါးသီလနှင့် ပြည့်စုံသော မိန်းမသည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြောင်းဟောကြားသည်။

## ၃။ ပလာသ

### ၁။ ဝိသာခသုတ်

[ရဲရင့်သောမိန်းမ]

၃၀၄။ အဆင်း၊ စည်းစိမ်၊ ဆွေမျိုး၊ သားသမီး၊ သီလ တည်းဟူသော အားငါးပါးနှင့် ပြည့်စုံသောမိန်းမသည် အိမ်ထောင်ကို ရဲရင့်စွာ အုပ်ချုပ်နိုင်ကြောင်း ဟောသည်။

၃၀၅-၃၀၆။ ပသယှသုတ်နှင့်အဘိဘုယျသုတ်တို့၌ အထက်ပါအား ငါးပါးနှင့် ပြည့်စုံသော မိန်းမသည် လင်ကိုလွှမ်းမိုး၍ အိမ်ထောင်ကို အုပ်ချုပ်နိုင်ကြောင်း ဟောကြားသည်။

### ၄။ ကေသုတ်

[မိန်းမကို လွှမ်းမိုးနိုင်သော ယောကျ်ား၏ အားတပါး]

၃၀၇။ အစိုးရခြင်းတည်းဟူသော အားတပါးနှင့် ပြည့်စုံသော ယောကျ်ားသည် မိန်းမကို လွှမ်းမိုးနိုင်သည်။ မိန်းမ၏ အဆင်း၊ စည်းစိမ်စသော အားငါးပါးသည် ယောကျ်ား၏ အစိုးရခြင်းဟူသော အားကိုမယှဉ်နိုင်ဟု ဟောသည်။

၃၀၈။ အင်္ဂသုတ်၌ မိန်းမတို့၏ အားငါးပါးတို့တွင် တပါးပါး ချို့တဲ့သူသည် အင်္ဂါတပါးယုတ်လျော့သူဖြစ်ကြောင်းဟောသည်။

၃၀၉။ နာသေန္တိသုတ်၌ အဆင်း၊ စည်းစိမ်စသော အားလေးပါးနှင့်ပြည့်စုံသော်လည်း သီလတည်းဟူသော အားမရှိသော မိန်းမကို လင်၊ ယောက္ခမစသူတို့က အိမ်မှ နှင်ထုတ်မည်သာဖြစ်သည်ဟု ဟောသည်။

### ၇။ ဟေတုသုတ်

[နတ်ပြည်ရောက်ကြောင်း အားတပါး]

၃၁၀။ မိန်းမသည် အဆင်း၊ စည်းစိမ် စသော အားလေးပါးကြောင့် နတ်ပြည်သို့ မရောက်နိုင်၊ သီလ ဟူသော အားကြောင့်သာ နတ်ပြည်သို့ ရောက်နိုင်ကြောင်း ဟောသည်။

## ၈။ ဌာနသုတ်

[မိန်းမများ ရနိုင်ခဲသော အရာငါးပါး]

၃၁၁။ ဘင့်လျော်သော အမျိုး၌ ဖြစ်ခြင်း၊ သင့်လျော်သော လင့်အိမ်သို့ ရောက်ရခြင်း၊ မယားပြိုင်မရှိသော အိပ်ထောင်ကို အုပ်ချုပ်ရခြင်း၊ သားသမီး ရရှိခြင်း၊ လင်ကို လွှမ်းမိုးနိုင်ခြင်းဟူသော အရာငါးပါးကို ပြုအပ်သော ကောင်းမှုမရှိသော မိန်းမသည် ရရန်မလွယ်၊ ပြုအပ်သော ကောင်းမှုရှိသော မိန်းမသည်ကား ရရန်လွယ်ကြောင်း ဟောသည်။

၃၁၂။ ပဉ္စသီလ ဝိသာရဒသုတ်၌ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း စသော ငါးပါးသီလနှင့် ပြည့်စုံသော မိန်းမသည် အိမ်ထောင်ကို ရဲရင့်စွာ အုပ်ချုပ်နိုင်ကြောင်း ဟောသည်။

၃၁၃။ ဝုဍ္ဎိသုတ်၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟူသော ကြီးပွားခြင်း ငါးပါးဖြင့် ကြီးပွားသော အရိယာ သာဝိကာမသည် မြတ်သော ကြီးပွားခြင်းဖြင့် ကြီးပွားသူ ဖြစ်ကြောင်း ဟောသည်။

## ၄။ ဇမ္ဗုခါဒ သံယုတ်

[ ဇမ္ဗုခါဒက ပရိဗိုဇ်နှင့် စပ်သော ဟောကြားချက်များ ]

### ၁။ နိဗ္ဗာနပဉှာသုတ်

[ နိဗ္ဗာန်ပြဿနာ ]

၃၁၄။ မဂဓတိုင်း နာလကရွာ၌ ရှင်သာရိပုတ္တရာ သီတင်းသုံးစဉ် ဇမ္ဗုခါဒက မည်သော ပရိဗိုဇ်သည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ 'နိဗ္ဗာန်ဟူသည် အဘယ်ပါနည်း' ဟု မေး၏။ ရာဂ ဒေါသ မောဟတို့၏ ကုန်ရာကို နိဗ္ဗာန်ဟု ဆိုအပ်ကြောင်း ရှင်သာရိပုတ္တရာက ဖြေ၏။ တဖန် ပရိဗိုဇ်က 'ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကျင့်လမ်းစဉ်ရှိပါသလော'ဟု မေးပြန်ရာ 'နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကျင့်လမ်းစဉ်သည် ရှိ၏။ ထိုလမ်းစဉ်ကား အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယ မဂ်ပင်ဖြစ်သည်'ဟု ဖြေကြား လေသည်။

၃၁၅။ အရဟတ္တ ပဉှ သုတ်၌ 'အရဟတ္တဖိုလ်ဟူသည် အဘယ်ပါနည်း' ဟူသော ပရိဗိုဇ်၏ အမေးကို အထက်သုတ်နည်းတူ ဖြေ၏။

### ၃။ ဓမ္မဝါဒီပဉှာသုတ်

[တရားကို ဆိုလေ့ရှိသူပြဿနာ]

၃၁၆။ "လောက၌ တရားကို ဆိုလေ့ရှိသူ၊ ကောင်းစွာကျင့်သူ၊ ကောင်းသောလားရာ ရှိသူတို့သည် အဘယ်သူတို့ဖြစ်ပါသနည်း" ဟု ပရိဗိုဇ်က မေး၏။

'ရာဂ ဒေါသ မောဟ တို့ကို ပယ်ခြင်းငှာ တရားဟောသူများသည် တရားကို ဆိုလေ့ရှိသူများ ဖြစ်၏။ ရာဂ ဒေါသ မောဟတို့ကို ပယ်ခြင်းငှာ ကျင့်သူတို့သည် ကောင်းစွာ ကျင့်သူများဖြစ်၏။ ရာဂ ဒေါသ မောဟတို့ကို အကြွင်းမဲ့ ပယ်ပြီး သူတို့သည် ကောင်းသော လားရာရှိသူများ ဖြစ်၏'' ဤသို့ ရှင်သာရိပုတ္တရာက ဖြေ၏။

## ၄။ ကိမတ္ထိယသုတ်

[အကျင့်မြတ်၏အကျိုး]

၃၁၇။ 'ငါ့ရှင်သည် အဘယ်အကျိုးငှာ ရဟန်း ဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်ပါသနည်း' ဟု ပရိဗိုဇ်က မေးသည်။ 'ဒုက္ခကို ပိုင်းခြား၍ သိခြင်းအကျိုးငှာ အကျင့်မြတ်ကို ကျင့်သည်'ဟု ရှင်သာရိပုတ္တရာက ဖြေသည်။

၃၁၈-၃၁၉။ အဿာသပတ္တသုတ်နှင့် ပရမဿာသပတ္တသုတ်တို့၌ ဖဿာယတန (၆) ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်းနှင့် သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းဖြင့် ထောက်တည်ရာသို့ ရောက်သူ၊ အမြတ်ဆုံး ထောက်တည်ရာသို့ ရောက်သူ ဖြစ်သည်ဟု ဖြေသည်။

၃၂၀။ ဝေဒနာ ပဉှာသုတ်၌ 'ဝေဒနာဟူသည် အဘယ်ပါနည်း'ဟုမေး၍ ဝေဒနာ သုံးပါးကို လည်းကောင်း၊ ဝေဒနာ သုံးပါးကို ပိုင်းခြား၍သိရန် အကျင့် လမ်းစဉ်ကား အရိယမဂ် ဖြစ်ကြောင်းကို လည်းကောင်း ဖြေကြားသည်။

၃၂၁။ အာသဝပဉှာသုတ်၌'အာသဝဟူသည် အဘယ်ပါနည်း' ဟု မေးရာ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ အားဖြင့် အာသဝ သုံးပါးရှိပုံနှင့် ထိုအာသဝသုံးပါးကို ပယ်ရန်အကျင့်လမ်းစဉ်ကား အရိယမဂ်ပင်ဖြစ်ကြောင်း ဖြေသည်။

၃၂၂။ အဝိဇ္ဇာပဉှာသုတ်၌ 'အဝိဇ္ဇာဟူသည် အဘယ်ပါနည်း' ဟုမေးရာ ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ကြောင်း၊ ဆင်းရဲချုပ်ရာ၊ ထိုဆင်းရဲချုပ်ရာသို့ ရောက်

ကြောင်းအကျင့်တို့၌ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်ကြောင်း။ ထိုအဝိဇ္ဇာကို ပယ်ရန်အကျင့်လမ်းစဉ်ကား အရိယမဂ်ပင်ဖြစ်ကြောင်း ပြသည်။

၃၂၃။ တဏှာသုတ်၌ 'တဏှာဟူသည် အဘယ်ပါနည်း'ဟု မေးရာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာအားဖြင့် တဏှာသုံးပါး ရှိပုံနှင့် ထို တဏှာသုံးပါးကို ပယ်ရန်အကျင့်လမ်းစဉ်ကား အရိယမဂ်ပင် ဖြစ်ကြောင်း ပြသည်။

၃၂၄။ ဩဃသုတ်၌ 'ဩဃဟူသည် အဘယ်ပါနည်း'ဟု မေးရာ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ အားဖြင့် ဩဃလေးပါးရှိပုံနှင့် ထို ဩဃလေးပါးကို ပယ်ရန်အကျင့်လမ်းစဉ်ကား အရိယမဂ်ပင် ဖြစ်ကြောင်း ပြသည်။

၃၂၅။ ဥပါဒါနသုတ်၌ 'ဥပါဒါန်ဟူသည် အဘယ်ပါနည်း'ဟု မေး၍ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် အားဖြင့် ဥပါဒါန်လေးပါးရှိပုံနှင့် ထိုဥပါဒါန်လေးပါးကိုပယ်ရန် အကျင့်လမ်းစဉ်ကား အရိယမဂ်ဖြစ်ကြောင်း ပြသည်။

၃၂၆။ ဘဝသုတ်၌ 'ဘဝဟူသည် အဘယ်ပါနည်း'ဟု မေး၍ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ အားဖြင့် ဘဝသုံးပါးရှိပုံနှင့် ထိုဘဝသုံးပါးကို ပိုင်းခြား၍သိရန် အကျင့်လမ်းစဉ်ကား အရိယမဂ်ပင်ဖြစ်ကြောင်း ပြကြားသည်။

၃၂၇။ ဒုက္ခသုတ်၌ 'ဒုက္ခဟူသည် အဘယ်ပါနည်း' ဟု မေး၍ ဒုက္ခဒုက္ခ၊ သင်္ခါရ ဒုက္ခ၊ ဝိပရိဏာမဒုက္ခ အားဖြင့် ဒုက္ခသုံးပါး ရှိပုံနှင့် ထိုဒုက္ခသုံးပါးကို ပိုင်းခြား၍သိရန် အကျင့်လမ်းစဉ်ကား အရိယမဂ်ပင်ဖြစ်ကြောင်း ပြသည်။

၃၂၀။ သက္ကာယပဥှသုတ်၌ 'သက္ကာယဟူသည် အဘယ်ပါနည်း' ဟုမေး၍ ဥပါဒါနက္ခန္ဓာငါးပါးကို သက္ကာယဟု ဆိုအပ်ကြောင်း၊ ထိုသက္ကာယကို ပိုင်းခြား၍သိရန် အကျင့်လမ် စဉ်ကား အရိယမဂ်ပင် ဖြစ်ကြောင်း ဖြေသည်။

## ၁၆။ ဒုက္ကရပဥှသုတ်

[ခက်ခဲသော အရာများကို မေးခြင်း]

၃၂၉။ ဇမ္ဗုခါဒကပရိဗိုဇ် က မေးသော မေးခွန်းလေးခုကို ရှင်သာရိပုတ္တရာက ဖြေကြားခြင်းဖြစ်၏။

"အရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ဘယ်အရာသည် ခက်ခဲပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ ဤသာသနာ၌ ရဟန်းအဖြစ်သည် ခက်ခဲ၏"

"ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းဖြစ်သူအား အဘယ်အရာသည် ခက်ခဲပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ ရဟန်းဖြစ်သူအား တရားဖြင့် မွေ့လျော်ရေးသည် ခက်ခဲ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ တရားအားဖြင့် မွေ့လျော်သော ရဟန်းအား ဘယ်အရာသည် ခက်ခဲပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ တရားဖြင့် မွေ့လျော်သော ရဟန်းအား တရားနှင့် လျော်သော အကျင့်ကို ကျင့်ရေးသည် ခက်ခဲ၏"

"ငါ့ရှင် သာရိပုတ္တရာ၊ အဘယ်မျှကြာမြင့်အောင် တရားနှင့်လျော်သော အကျင့်ကို ကျင့်သော ရဟန်းသည် ရဟန္တာဖြစ်နိုင်ပါသနည်း"

"ငါ့ရှင် ဇမ္ဗုခါဒက၊ မကြာမီပင် ရဟန္တာဖြစ်နိုင်၏"

# ၅။ သာမဏ္ဍကသံယုတ်

[သာမဏ္ဍကပရိဗိုဇ်နှင့်စပ်သော ဟောကြားချက်များ]

၃၃၀-၃၃၁။ ဝဇ္ဇီတိုင်း ဥက္ကာစေလမြို့အနီး ဂင်္ဂါမြစ်ကမ်း၌ ရှင်သာရိပုတ္တရာ သီတင်းသုံးစဉ် သာမဏ္ဍကမည်သော ပရိဗိုဇ်သည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ 'နိဗ္ဗာန်ဟူသည် အဘယ်ပါနည်း' စသော မေးခွန်း ၁၆ ခုကို မေးသည်။ ရှင်သာရိပုတ္တရာက ဖြေသည်။ အမေးနှင့်အဖြေအားလုံး ဇမ္ဗုခါဒကသံယုတ်နှင့် ထပ်တူ ဖြစ်သည်။

# ၆။ မောဂ္ဂလ္လာနသံယုတ်

[ရှင်မောဂ္ဂလ္လာန်၏ ဟောကြားချက်များ]

## ၁။ ပဌမဈာနပဉှာသုတ်

[ပဌမဈာန်ပြဿနာ]

၃၃၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရှင်မဟာမောဂ္ဂလ္လာန်သည် ရဟန်းတို့အား အောက်ပါအတိုင်း မိန့်ကြား၏။

“ငါ့ရှင်တို့၊ ဆိတ်ငြိမ်ရာအရပ်၌ တပါးတည်း ကပ်ရောက်နေစဉ် ငါ့အား ‘ပဌမဈာန်ဟူသည် အဘယ်နည်း’ဟူ၍ အကြံဖြစ်ခဲ့သည်။ ထိုနောက် ‘ကာမတို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်း၊ ကင်းဆိတ်၍ ဝိတက် ဝိစာရနှင့်တကွဖြစ်သော၊ ကိလေသာကင်းဆိတ်မှုကြောင့်ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်းရှိသော ပဌမဈာန်ကိုဝင်စား၍ နေခြင်းကို ပဌမဈာန်ဟု ဆိုအပ်၏’ ဟူ၍ ငါ့အား အကြံဖြစ်ပြန်၏။ ထိုနောက် ငါသည် ထိုပဌမဈာန်ကို ဝင်စား၍ နေခဲ့၏၊ ပဌမဈာန်ကို ဝင်စား၍နေသော ငါ့အား ကာမနှင့်တကွ ဖြစ်သော မှတ်သားခြင်း၊ နှလုံးသွင်းခြင်းတို့သည် လွှမ်းမိုးလာကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် တန်ခိုးဖြင့် ငါ့ထံသို့ချဉ်းကပ်လာပြီး ‘မောဂ္ဂလ္လာန်၊ သင်သည် ပဌမဈာန်ကို ပမေ့လင့်၊ ပဌမဈာန်၌ စိတ်ကို ကောင်းစွာထားလော၊ စိတ်ကိုတည်အောင်ပြုလော’ ဟု မိန့်ကြားတော်မူ၏။ ငါ့ရှင်တို့၊ ငါသည် တပါးသောအခါ၌ ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်၍ ပဌမဈာန်ကို ဝင်စား၍ နေခဲ့၏။ ငါ့ရှင်တို့၊ ဆရာ၏ ချီးမြှောက်ခြင်းကို ခံရ၍ မြင့်သော အဘိညာဉ်နှင့် ပြည့်စုံခြင်းသို့ ရောက်သော တပည့်ဟူ၍ ပြောဆိုခဲ့သော် ငါ့ကိုသာ ပြောဆိုရာ၏”

၃၃၃-၃၃၉။ ဒုတိယဗျာန ပဥ္စာသုတ်မှ နေဝသညာ နာသညာ ယတနသုတ် အထိ (၇) သုတ်တို့၌လည်း ပထမဗျာန်နည်းတူ ဟောသည်။

## ၉။ အနိမိတ္တပဥှာသုတ်

[အနိမိတ္တသမာဓိ ပြဿနာ]

၃၄၀။ နိမိတ်အာရုံဟူ၍ ကို နှလုံးမသွင်းပဲ အနိမိတ္တ မည်သော စေတော သမာဓိကို ဝင်စား၍ နေသော မိမိအား နိမိတ်အာရုံသို့ အစဉ်လိုက် ဝိညာဏ် ဖြစ်ပေါ်လာသဖြင့် ဗုဒ္ဓက တန်ခိုးဖြင့် ကြွလာပြီး သတိပေးစကား မိန့်ကြားခဲ့ကြောင်း။ ထို့ကြောင့် မိမိသည် တပါးသောအခါ၌ အနိမိတ္တ စေတောသမာဓိကို ဝင်စား၍ နေနိုင်ခဲ့ကြောင်း ရှင်မောဂ္ဂလ္လာန်က ရဟန်း တို့အား ပြန်လည်ဟောကြား သည်။

## ၁၀။ သက္ကသုတ်

[သိကြားမင်းအား ဟောကြားချက်]

၃၄၁။ အခါတပါး၌ ရှင်မဟာ မောဂ္ဂလ္လာန်သည် ဇေတဝန်ကျောင်း၌ ရုတ်တရက် ကွယ်ပျောက်၍ တာဝတိံသာ နတ်ပြည်၌ ထင်ရှားဖြစ်ပေါ်၏။ ထိုအခါ သိကြားမင်းသည် အခြံအရံဖြစ်သော နတ်တို့နှင့်တကွ ရှင် မောဂ္ဂလ္လာန်ထံ ချဉ်းကပ်၏။ ရှင်မောဂ္ဂလ္လာန်က ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ရတနာသုံးပါး၌ သက် ဝင်ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်းတို့ ကြောင့် နတ်ပြည်သို့ ရောက်ပုံ၊ အသက်အဆင်းစသော အကြောင်းဆယ်ပါး ဖြင့် တပါးသော နတ်တို့ထက်သာလွန်ပုံများကို ဟောကြားလေသည်။

၃၄၂။ စန္ဒနသုတ်၌ စန္ဒနနတ်သား၊ သုယာမနတ်သား၊ သန္တုသိတ နတ်သား၊ သုနိမ္မိတနတ်သား၊ ဝသဝတ္တိ နတ်သားတို့အား သိကြားမင်း နည်းတူ ဟောကြားကြောင်း ဖော်ပြသည်။

# ၇။ စိတ္တသံယုတ်

[ စိတ္တ သူကြွယ်နှင့် စပ်သော ဟောကြားချက်များ ]

## ၁။ သံယောဇနသုတ်

[သံယောဇဉ်နှင့် သံယောဇနိယ ထူးခြားပုံ]

၃၄၃။ အခါတပါး၌ မစ္ဆိကာသဏ္ဍမြို့အနီး ဝေခပင်တောကျောင်း၌ သီတင်းသုံး နေကြသော မထေရ်ကြီး ရဟန်းတို့အား တန်ဆောင်းဝင်း၌ စည်းဝေးနေစဉ် ပြဿနာတရပ် ဖြစ်ပေါ်၏။ ထိုပြဿနာမှာ "သံယော ဇဉ်" နှင့် "သံယော ဇနိယ" ဟူသော ဝေါဟာရ နှစ်ခုသည် အနက် အားဖြင့် ထူးခြားမှု ရှိပါသလောဟု ဆွေးနွေးကြခြင်း ဖြစ်၏။ ထိုသို့ ဆွေး နွေးရာတွင် အချို့သော မထေရ်ကြီးတို့က အဆိုပါ ဝေါဟာရ နှစ်ခုသည် သဒ္ဒါအားဖြင့်လည်းကောင်း၊ အနက်အားဖြင့် လည်းကောင်း ထူးခြား၏ဟု မိန့်ဆိုကြ၏။ အချို့သော မထေရ်ကြီးတို့ကမူ သဒ္ဒါအားဖြင့်သာ ကွဲခြား ပြီး အနက်အားဖြင့် ထူးခြားမှု မရှိဟု ဆိုကြလေသည်။

ထိုအချိန်တွင် တစုံတခုသော ကိစ္စဖြင့် ဝေခပင်တောကျောင်း အနီးရှိ မိဂပထရွာသို့ ဆိုက်ရောက်နေသော စိတ္တသူကြွယ်သည် မထေရ်ကြီးများ သံယောဇဉ် ပြဿနာ ဆွေးနွေးနေသည့် အကြောင်းကို ကြားသိ၍ မထေရ် ကြီးများထံ ချဉ်းကပ်ပြီး သံယောဇဉ် နှင့် သံယောဇနိယတို့သည် သဒ္ဒါအား ဖြင့် လည်းကောင်း၊ အနက်အားဖြင့် လည်းကောင်း ထူးခြားကြောင်း လျှောက်ကြားလေသည်။

"အရှင်ဘုရားတို့၊ နွား နှစ်ကောင်ကို ကြိုးတချောင်းတည်းဖြင့် ချည်ထားရာ၌ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ နွားနက်သည်လည်း နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်။ စင်စစ်အားဖြင့် ကြိုးသည်သာလျှင် ထိုနွားနှစ်ကောင်၏ အနှောင်အဖွဲ့ ဖြစ်ပါသည်။ အရှင်ဘုရားတို့၊ ထိုနည်းတူပင် စက္ခုပသာဒနှင့် ရူပါရုံတို့ကို စွဲ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာရာ၌ စက္ခုပသာဒသည် ရူပါရုံတို့၏ အနှောင်အဖွဲ့မဟုတ်။ ရူပါရုံတို့သည်လည်း စက္ခုပသာဒ၏ အနှောင်အဖွဲ့ မဟုတ်။ စင်စစ်အားဖြင့် ထိုစက္ခုပသာဒနှင့် ရူပါရုံတို့ကို စွဲ၍ ဖြစ်သော လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' သည်သာလျှင် အနှောင်အဖွဲ့ဖြစ်ပါသည်"

(ဆန္ဒရာဂသည် သံယောဇဉ်၊ စက္ခုပသာဒနှင့် ရူပါရုံသည် သံယောဇနိယ-သံယောဇဉ်၏ အကြောင်းဟု ဆိုလို၏)

ဤသို့ စိတ္တသူကြွယ်က ဥပမာဖြင့် ရှင်းပြသောအခါ မထေရ်ကြီးတို့သည် လွန်စွာကျေနပ် နှစ်သက်၍ 'စိတ္တသူကြွယ်ကား ဉာဏ်ပညာနှင့် ပြည့်စုံပေစွ' ဟု ချီးကျူးကြလေသည်။

## ၂။ ပဌမ ဣသိဒတ္တသုတ်

[စိတ္တသူကြွယ်၏ မေးခွန်းကို ရှင်ဣသိဒတ္တက ဖြေခြင်း]

၃၄၄။ အခါတပါး၌ စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍမြို့အနီး ငွေးပင်တောကျောင်း၌သီတင်းသုံးနေသောမထေရ်ကြီးရဟန်းများကို မိမိနေအိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်၏။ ဆွမ်းမကပ်မီ 'အဘယ်မျှဖြင့် ဓာတ်ကွဲပြားခြင်းကိုမြတ်စွာဘုရားသည် ဟောကြားအပ်ပါသနည်း' ဟူ၍ မထေရ်ကြီးများအားမေးလျှောက်ရာ မထေရ်ကြီးရဟန်းက မဖြေပဲ ဆိတ်ဆိတ်နေ၏။ သူကြွယ်က သုံးကြိမ်တိုင်အောင် မေးသော်လည်း မထေရ်ကြီးကမဖြေသောအခါ ဆွမ်းစားကြွလာသော ရဟန်းများထဲမှ ဝါအငယ်ဆုံးဖြစ်သော ရှင်ဣသိဒတ္တသည် မထေရ်ကြီးထံ၌ ခွင့်တောင်းပြီး စိတ္တသူကြွယ်၏ မေးခွန်းကို ဖြေကြားလေသည်။ ၎င်းဖြေမှာ 'မြတ်စွာဘုရားသည် စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဓာတ်၊ သဒ္ဒဓာတ်၊ သဒ္ဒဝိညာဏဓာတ် စသည့် (၁၈)ပါးသော အပြားအားဖြင့် ဓာတ်တို့၏ ကွဲပြားခြင်းကို ဟောကြားခဲ့ပါသည်' ဟူ၍ ဖြစ်၏။

စိတ္တသူကြွယ်သည် ပြဿနာ၏အဖြေကို ကြားနာပြီးသောအခါ မထေရ်ကြီးများအား မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေးပြုစုခဲ့၏။ မထေရ်ကြီးတို့သည် ကျောင်းသို့ပြန်ရောက်သောအခါ ရှင်ဣသိဒတ္တ၏ ဉာဏ်ပညာပြည့်စုံမှုကို ချီးကျူး၍ "နောင်အလားတူ ပြဿနာများကို မေးမြန်း လာပါကလည်း ယခုပင်ဖြေကြားပါလော"ဟု ပြောဆိုကြလေသည်။

## ၃။ ဒုတိယဣသိဒတ္တသုတ်

[စိတ္တသူကြွယ်၏ မေးခွန်းကို ရှင်ဣသိဒတ္တက ဖြေခြင်း]

၃၄၅။ စိတ္တသူကြွယ်သည် ဝေါ့ပင်တောကျောင်း၌ သီတင်းသုံးနေသော မထေရ်ကြီးများအား ဆွမ်းစားပင့်ဖိတ်၍ ပြဿနာတရပ်ကို မေးလျှောက်၏။

"အရှင်ဘုရား၊ လောကသည် မြဲ၏။ လောကသည် မမြဲစသော မိစ္ဆာအယူတို့သည် လည်းကောင်း၊ ဗြဟ္မဇာလသုတ်၌ ဟောကြားအပ်သော အယူ(၆၂)ပါးတို့သည်လည်းကောင်း၊ အဘယ်တရားရှိသော် ဖြစ်ပါကုန်သနည်း။ အဘယ်တရားမရှိသော် မဖြစ်ပါကုန်သနည်း"

ထိုမေးခွန်းကိုလည်း မထေရ်ကြီးဖြစ်သော ဇဟာန်းက မဖြေကြားပဲနေသဖြင့် ရှင်ဣသိဒတ္တက ခွင့်တောင်းပြီး ဖြေကြားလေသည်။

"သူကြွယ်၊ လောကသည် မြဲ၏၊ လောကသည် မမြဲ စသော မိစ္ဆာအယူတို့သည်လည်းကောင်း၊ ဗြဟ္မဇာလသုတ်၌ ဟောကြားအပ်သော မိစ္ဆာအယူ(၆၂)ပါးတို့သည်လည်းကောင်း၊ သက္ကာယဒိဋ္ဌိရှိသော် ဖြစ်ကုန်၏။ သက္ကာယဒိဋ္ဌိမရှိသော် မဖြစ်ကုန်"

ထို့နောက် စိတ္တသူကြွယ်က သက္ကာယဒိဋ္ဌိဖြစ်ပုံကို မေးလျှောက်ပြန်၏။

ခန္ဓာ ငါးပါး ကို အတ္တ ဟု ရှုခြင်း စသော အကြောင်းများကြောင့် သက္ကာယဒိဋ္ဌိဖြစ်ပုံကို ရှင်ဣသိဒတ္တက ဖြေကြား၏။ ဤသို့ ပြဿနာ များကို ဖြေပြီးသောအခါတွင်မှ ရှင်ဣသိဒတ္တမှာ အဝန္တိ တိုင်းမှ လူချင်း မတွေ့ဖူးသော မိမိ မိတ်ဆွေ ဣသိဒတ္တ ဆိုသူပင် ဖြစ်နေကြောင်း သိရသဖြင့် စိတ္တသူကြွယ်သည်လွန်စွာဝမ်းမြောက်၍ ပစ္စည်းလေးပါးဖြင့်ဖိတ်ကြားပြီး မစ္ဆိကာ

သဏ္ဍာ၌ သီတင်းသုံးရန် ဘောင်းပန်သည်။ သို့သော် ရှင်ဝက္ကလိထေရ်အား ကျောင်း သို့ပြန်ရောက်လျှင် အိပ်ရာနေရာတို့ကို သိမ်းဆည်းပြီး မစ္ဆိကာသဏ္ဍမှ အပြီး အပိုင် ထွက်ခွာသွားလေသည်။

## ၄။ မဟာကပ္ပိနာရိယသုတ်

[ရှင်မဟာက တန်ခိုးပြခြင်း]

၃၄၆။ အခါတပါး၌ စိတ္တသူကြွယ်သည် ဝေ့ဝင်ဘောကျောင်း၌ သီတင်း သုံးနေသော မထေရ်ကြီး ရဟန်းများကို မိမိ၏နွားခြံသို့ ငြင့်ဖိတ်၍ ထောပတ် နှင့်ရောသော နို့ဃနာဆွမ်းကို ဆက်ကပ်၏။ ဆွမ်းစားပြီး၍ မထေရ်ကြီးများ ပြန်ကြသောအခါ စိတ္တသူကြွယ်သည်လည်း မထေရ်ကြီးများနောက်မှ လိုက်ပါ သွား၏။ ထိုအချိန်တွင် နေအလွန်ပူနေသောကြောင့် ဆွမ်းစားပြီးဖြစ်သော မထေရ်ကြီးများမှာ ပင်ပန်းစွာသွားကြရကုန်၏။ ထိုအခါ မထေရ်ကြီးများထဲမှ ဝါအငယ်ဆုံးဖြစ်သော ရှင်မဟက မထေရ်က 'ယခုအချိန်တွင် လေအေးကလေး တိုက်၍ မိုးတိမ်တွေအုပ်လာပြီး မိုးတဖြောက်ဖြောက် ရွာလိုက်ယင် မကောင်း ပါလား ဘုရား' ဟု မထေရ်ကြီးရဟန်းအား လျှောက်ထား၏။ မထေရ်ကြီးက 'ကောင်းတာပေါ့ ငါ့ရှင်' ဟု မိန့်ကြားသောအခါ ရှင်မဟကသည် လေအေး ကလေးတိုက်ခတ်၍ တိမ်တွေအုပ်လာပြီး မိုးတဖြောက်ဖြောက် ရွာလာအောင် တန်ခိုးဖြင့် ပြုလုပ်လိုက်လေသည်။ ထိုအခါ စိတ္တသူကြွယ်အား "ရဟန်းသံဃာ အပေါင်း၌ အငယ်ဆုံးဖြစ်သော ရဟန်းသည်ပင် ဤမျှ တန်ခိုးကြီးဘိ၏" ဟူ၍ အလွန် အံ့သြသောစိတ် ဖြစ်ပေါ်လေ၏။ ထို့ကြောင့် ကျောင်းသို့ရောက် သောအခါ မိမိအား တန်ခိုးပြရန် ရှင်မဟကကို တောင်းပန်၏။ ရှင်မဟက သည် စိတ္တသူကြွယ်အား ကျောင်းဦး၌ အပေါ်ရုံပုဆိုးကို ဖြန့်ခင်း၍ မြက် စည်းများကို ဖြန့်ကြဲထားပြီး ကျောင်းခန်းထဲသို့ ဝင်သွား၏၊ ထို့နောက် ပိတ်ထားသော ကျောင်းခန်းတံခါး၏ သော့ပေါက်မှလည်းကောင်း၊ တံခါး ရွက်များ ကြားမှလည်းကောင်း မီးတောက်မီးလျှံများ ထွက်လာပြီး မြက်တို့ ကိုသာ လောင်၏၊ ဖြန့်ခင်းထားသော အဝတ်ကိုမူ မလောင်ချေ။ ထိုအံ့သြဖွယ် ကို တွေ့မြင်ရသောအခါ စိတ္တသူကြွယ်သည် ရှင်မဟကအား အလွန်ကြည်ညို၍ မစ္ဆိကာသဏ္ဍ၌ ဆက်လက် သီတင်းသုံးရန် တောင်းပန်သည်။ သို့သော် ရှင်မဟကကား နောက်နေ့မှာပင် မစ္ဆိကာသဏ္ဍမှ အပြီးအပိုင် ထွက်ခွာသွား လေသည်။

## ၅။ ပထမ ကာမဘူသုတ်

[ ရှင်ကာမဘူ၏ မေးခွန်းကို စိတ္တသူကြွယ်က ဖြေခြင်း ]

၃၄၇။ 'အပြစ်ကင်းသော အင်္ဂါရှိသော၊ ဖြူသော အမိုးရှိသော၊ တခု သော အကန့်ရှိသော ရထားသည်လည်း၏။ ဆင်းရဲကင်းသည် ဖြစ်၍ အလျဉ်ကို ဖြတ်ပြီးသည်ဖြစ်၍ အနှောင်အဖွဲ့ကင်းသည်ဖြစ်၍ လာသူကိုရှုပါလော'ဟူသော ဂါထာ၏ အနက်ကို ရှင်းပြရန် ရှင်ကာမဘူက စိတ္တသူကြွယ်အား တောင်းပန်၏။ စိတ္တ သူကြွယ်က အောက်ပါအတိုင်း ရှင်းပြ၏။

"အပြစ်ကင်းသော အင်္ဂါဟူသည် စင်ကြယ်သော သီလကို ဆိုလို၏။ ဖြူသော အမိုးဟူသည် အရဟတ္တဖိုလ်ကို ဆိုလိုသည်။ တခုသော အကန့်ဟူသည် သတိကို ဆိုလိုသည်။ ရထားဟူသည် ပဟာဘုတ်လေးပါးဖြင့် ပြီးသော ကျွန်ုပ်ကိုယ်ကို ဆိုလိုသည်။ ရာဂ၊ ဒေါသ၊ မောဟ တည်းဟူသော ဆင်းရဲကို အကြွင်းမဲ့ ပယ်ပြီးသောကြောင့် ရဟန္တာကို ဆင်းရဲကင်းသူဟုဆိုသည်။ တဏှာကို အကြွင်းမဲ့ ပယ်ပြီးသောကြောင့် အလျဉ်ကို ဖြတ်ပြီးသူဟု ဆိုသည်။ ရာဂ၊ ဒေါသ၊ မောဟ၊ ဟူသော အနှောင်အဖွဲ့ မရှိသောကြောင့် အနှောင် အဖွဲ့ ကင်းသူဟု ဆိုပေသည်"

## ၆။ ဒုတိယ ကာမဘူသုတ်

[စိတ္တ သူကြွယ်၏ မေးခွန်းကို ရှင်ကာမဘူက ဖြေခြင်း]

၃၄၈။ အခါတပါး၌ စိတ္တသူကြွယ်သည် ဝွေးပင်တောကျောင်း၌ သီတင်း သုံးနေသော ရှင်ကာမဘူထံ ချဉ်းကပ်၍ သင်္ခါရနှင့် စပ်သော မေးခွန်း၊ နိရောဓ သမာပတ်နှင့် စပ်သော မေးခွန်းများကို မေးလျှောက်၏။

"အရှင် ဘုရား၊ သင်္ခါရတို့သည် အဘယ်မျှ ရှိပါသနည်း"

"သူကြွယ်၊ သင်္ခါရတို့သည် ကာယ သင်္ခါရ၊ ဝစီ သင်္ခါရ၊ စိတ္တသင်္ခါရ ဟူ၍ သုံးပါးရှိသည်"

"အရှင် ဘုရား၊ ကာယသင်္ခါရဟူသည် အဘယ်ပါနည်း၊ ဝစီသင်္ခါရဟူသည် အဘယ်ပါနည်း၊ စိတ္တသင်္ခါရဟူသည် အဘယ်ပါနည်း"

"သူကြွယ်၊ ထွက်သက် ဝင်သက်တို့သည် ကာယသင်္ခါရ မည်၏။ ဝိတက်နှင့် ဝိစာရတို့သည် ဝစီသင်္ခါရမည်၏။ သညာနှင့် ဝေဒနာတို့သည် စိတ္တသင်္ခါရမည်၏"

"အရှင်ဘုရား၊ အဘယ့်ကြောင့် ထွက်သက် ဝင်သက်တို့သည် ကာယသင်္ခါရ မည်ပါကုန်သနည်း။ အဘယ်ကြောင့် ဝိတက်နှင့် ဝိစာရတို့သည် ဝစီ သင်္ခါရ မည်ပါကုန်သနည်း။ အဘယ့်ကြောင့် သညာနှင့်ဝေဒနာတို့သည် စိတ္တ သင်္ခါရ မည်ပါသနည်း"

"သူကြွယ်၊ ထွက်သက် ဝင်သက်တို့သည် ကိုယ်၌ ဖြစ်ကုန်၏။ ကိုယ်နှင့် စပ်ကုန်၏။ ထို့ကြောင့် ကာယသင်္ခါရမည်ကုန်၏။

"သူကြွယ်၊ ရှေးဦးစွာ (ဝိတက် ဝိစာရတို့ဖြင့်) ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း ပြုပြီးမှ စကားကို မြွက်ဆိုရ၏။ ထို့ကြောင့် ဝိတက်နှင့် ဝိစာရတို့သည် ဝစီ သင်္ခါရ မည်၏။

"သူကြွယ်၊ သညာနှင့် ဝေဒနာတို့သည် စိတ်နှင့် ယှဉ်ကုန်၏။ စိတ်နှင့်စပ်ကုန်၏။ ထို့ကြောင့် စိတ္တ သင်္ခါရ မည်၏"

"အရှင်ဘုရား၊ အဘယ်သို့လျှင် သညာဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'ကို ဝင်စားခြင်းသည် ဖြစ်ပါသနည်း"

"သူကြွယ်၊ နိရောဓ သမာပတ်ကို ဝင်စားသော ရဟန်းအား 'ငါသည် နိရောဓ သမာပတ်ကို ဝင်စားအံ့၊ ဝင်စားနေ၏။ ဝင်စားခဲ့၏' ဟူ၍ ကြံစည်ခြင်းသည် မဖြစ်။ စင်စစ်သော်ကား နိရောဓ သမာပတ်ကို ဝင်စားနိုင်ရန် ရှေးဦးမဆွကပင် စိတ်ကို ပွားများထားခဲ့၏"

"အရှင်ဘုရား၊ နိရောဓ သမာပတ်ကို ဝင်စားသော ရဟန်းအားအဘယ် တရားတို့သည် ရှေးဦးစွာ ချုပ်ပါကုန်သနည်း"

"သူကြွယ်၊ နိရောဓ သမာပတ်ကို ဝင်စားသော ရဟန်းအား ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်၏။ ယင်းနောက် ကာယသင်္ခါရသည် ချုပ်၏။ ထို့နောက် စိတ္တ သင်္ခါရသည် ချုပ်၏"

"အရှင် ဘုရား၊ သေလွန်သော သူနှင့် နိရောဓသမာပတ် ဝင်စားသော သူတို့သည် မည်ကဲ့သို့ ထူးခြားပါသနည်း"

"သူကြွယ်၊ သေလွန်သော သူအား ကာယ သခ်ါရ၊ ဝစီသခ်ါရ၊ စိတ္တသခ်ါရ တို့သည် ချုပ်ငြိမ်းကုန်၏။ အသက်သည် ကုန်၏၊ ကိုယ်ငွေ့သည် ငြိမ်၏၊ မျက်စိ၊ နား စသော ဣန္ဒြေတို့သည် ပျက်စီးကုန်၏၊ နိရောဓ သမာပတ်ဝင်စားသော ရဟန်းအား သခ်ါရ သုံးပါးတို့သည် ချုပ်ငြိမ်းကုန်၏၊ သို့သော် အသက်သည် မကုန်၊ ကိုယ်ငွေ့သည် မငြိမ်း၊ မျက်စိ၊ နား စသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ သူကြွယ်၊ ဤကား သေလွန်သော သူနှင့် နိရောဓ သမာပတ် ဝင်စားသူတို့၏ ထူးခြားပုံတည်း"

"အရှင်ဘုရား၊ အဘယ်သို့လျှင် နိရောဓသမာပတ်မှ ထခြင်းသည် ဖြစ်ပါသနည်း"

"သူကြွယ်၊ နိရောဓ သမာပတ်မှ ထသော ရဟန်းအား 'ငါသည် နိရောဓ သမာပတ်မှ ထအံ့' ဟူ၍ လည်းကောင်း၊ 'ထနေ၏' ဟူ၍ လည်းကောင်း၊ 'ထခဲ့၏' ဟူ၍ လည်းကောင်း၊ ကြံစည်ခြင်းသည် မဖြစ်၊ စင်စစ်အားဖြင့် နိရောဓ သမာပတ်မှ ထနိုင်ရန် ရှေးဦးမဆွကပင် စိတ်ကို ပွားများထားခဲ့၏"

"အရှင်ဘုရား၊ နိရောဓ သမာပတ်မှ ထသော ရဟန်းအား၊ အဘယ်တရားတို့သည် ရှေးဦးစွာ ဖြစ်ပါကုန်သနည်း"

"သူကြွယ်၊ နိရောဓ သမာပတ်မှ ထသော ရဟန်းအား စိတ္တ သခ်ါရသည် ရှေးဦးစွာ ဖြစ်၏။ ထို့နောက် ကာယသခ်ါရသည် ဖြစ်၏။ ထို့နောက် ဝစီသခ်ါရသည် ဖြစ်၏"

"အရှင်ဘုရား၊ နိရောဓ သမာပတ်မှ ထသော ရဟန်းကို အဘယ်မျှသော ဖဿတို့သည် တွေ့ထိပါကုန်သနည်း"

"သူကြွယ်၊ နိရောဓသမာပတ်မှ ထသော ရဟန်းကို သုညတဖဿ၊ အနိမိတ္တဖဿ၊ အပ္ပဏိဟိတဖဿဟူသော ဖဿသုံးပါးတို့သည် တွေ့ထိကုန်၏"

"အရှင်ဘုရား၊ နိရောဓသမာပတ်မှ ထသော ရဟန်း၏စိတ်သည် အဘယ်သို့ တိမ်းညွတ်ပါသနည်း"

"သူကြွယ်၊ နိရောဓသမာပတ်မှ ထသော ရဟန်း၏စိတ်သည် ကိလေသာကင်းဆိတ်ရာ နိဗ္ဗာန်သို့တိမ်းညွတ်၏"

"အရှင်ဘုရား၊ အဘယ်မျှသော တရားတို့သည် နိရောဓသမာပတ်အား ကျေးဇူးပြုပါကုန်သနည်း"

"သူကြွယ်၊ သင်ကား ရှေးဦးစွာ မေးရမည့်အကြောင်းကို ယခုမှ မေးဘိ၏၊ သို့သော် ငါဖြေအံ့။ သမထနှင့်ဝိပဿနာ တရား နှစ်ပါးတို့သည် နိရောဓ သမာပတ်အား ကျေးဇူးပြုနိုင်၏"

## ၇။ ဂေါဒတ္တသုတ်

[ရှင်ဂေါဒတ္တ၏ မေးခွန်းကို စိတ္တသူကြွယ်က ဖြေခြင်း]

၃၄၉။ အခါတပါး၌ စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍမြို့ ဝေဠုပင်တော ကျောင်း၌ သီတင်းသုံးနေသော ရှင်ဂေါဒတ္တထံ ချဉ်းကပ်သွား၏။ ထိုအခါ ရှင်ဂေါဒတ္တက စိတ္တသူကြွယ်အား ပြဿနာတခုကို မေးလေသည်။

"သူကြွယ်၊ အပ္ပမာဏမည်သော စိတ်၏ လွတ်မြောက်ခြင်း၊ အာကိဉ္စညမည်သော စိတ်၏ လွတ်မြောက်ခြင်း၊ သုညတမည်သော စိတ်၏လွတ်မြောက်ခြင်း၊ အနိမိတ္တမည်သော စိတ်၏ လွတ်မြောက်ခြင်းတို့သည် အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း ထူးပါကုန်သလော၊ သို့မဟုတ် သဒ္ဒါအားဖြင့်သာထူး၍ အနက်အားဖြင့် တူကုန်သလော"

ထိုစိတ်၏ လွတ်မြောက်ခြင်းလေးမျိုးတို့သည် အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း ထူးကုန်၏ဟု ဆိုနိုင်သော အကြောင်း ရှိသကဲ့သို့ သဒ္ဒါအားဖြင့်သာထူး၍၊ အနက်အားဖြင့် တူကုန်၏ဟူ၍ဆိုနိုင်သောအကြောင်း လည်း ရှိကြောင်း စိတ္တသူကြွယ်က ဖြေ၏။ ထို့နောက် ထူးပုံ တူပုံတို့ကိုလည်း ရှင်းပြ၏။

မေတ္တာ၊ ကရုဏာ စသော ဗြဟ္မဝိဟာရလေးပါးကိုအတိုင်းအရှည်မရှိပွား များခြင်းသည် အပ္ပမာဏ စေတောဝိမုတ္တိမည်၏။ ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်ပြီး 'ဘာမျှမရှိ' ဟူ၍ ပွားများခြင်းဖြင့် ရအပ်သောစျာန်သည် အာကိဉ္စညစေတောဝိမုတ္တိမည်၏။ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် 'ဤတရား အပေါင်းသည် အတ္တမှလည်းကောင်း၊ အတ္တနှင့်စပ်သော အရာမှလည်းကောင်း

ကင်းဆိတ်၏’ ဟူ၍ ဆင်ခြင်ပွားများခြင်းသည်သုညတစေတော ဝိမုတ္တိမည်၏။ နိမိတ်အာရုံ့ရှိသော စိတ်၏ တည်ကြည်မှုကို ပွားများခြင်းသည် အနိမိတ္တစေတော ဝိမုတ္တိမည်၏။ ဤကား စေတောဝိမုတ္တိ လေးပါးတို့၏ သဒ္ဒါရော အနက်ပါ ထူးခြားပုံဖြစ်၏။

ရာဂ၊ ဒေါသ၊ မောဟတို့သည် အတိုင်းအရှည်ကို ပြုတတ်သော တရားများဖြစ်၏။ ထိုတရားများကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် အရဟတ္တဖိုလ်သည် အပ္ပမာဏ စေတောဝိမုတ္တိ မည်၏။ ရာဂ၊ ဒေါသ၊ မောဟတို့မှ ကင်းဆိတ်သောကြောင့် သုညတစေတော ဝိမုတ္တိမည်၏။ ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အနှောင့်အယှက်များမှ ကင်းသောကြောင့် အာကိဉ္စညစေတောဝိမုတ္တိ မည်၏။ နိမိတ်အာရုံကိုပြုတတ်သည့် ရာဂ၊ ဒေါသ၊ မောဟတို့ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် အနိမိတ္တစေတော ဝိမုတ္တိ မည်၏။ ဤကား စေတောဝိမုတ္တိလေးပါး၏ သဒ္ဒါအားဖြင့်သာ ထူး၍ အနက်အားဖြင့် တူပုံဖြစ်၏။

ဤသို့ စိတ္တသူကြွယ်က ဖြေသောအခါ ရှင်ဂေါဒတ္တသည် ထိုအဖြေကို လွန်စွာ နှစ်သက်သွားလေသည်။

## ၈။ နိဂဏ္ဌနာဋပုတ္တသုတ်

[နိဂဏ္ဌနာဋပုတ္တ၏ မေးခွန်းကို စိတ္တသူကြွယ်ကဖြေခြင်း]

၃၅၀။ အခါတပါး၌ နာဋပုတ္တမည်သော နိဂဏ္ဌဆရာကြီးသည် များစွာသော ပရိသတ်နှင့်အတူ မစ္ဆိကာသဏ္ဍမြို့သို့ ဆိုက်ရောက်လာ၏။ စိတ္တသူကြွယ်သည် ထိုနိဂဏ္ဌဆရာကြီးထံသို့ချဉ်းကပ်၍ ဝမ်းမြောက်ဖွယ်စကားများကို ပြောဆို၏။ ထိုအခါ နိဂဏ္ဌဆရာကြီးက စိတ္တသူကြွယ်အား ‘သင်သည် ရဟန်းဂေါတမ၌ ဝိတက်ဝိစာရ ကင်းသော သမာဓိရှိ၏ ဟု ယုံကြည်ပါသလော၊ ဝိတက်၊ ဝိစာရတို့၏ ချုပ်ငြိမ်းရာသည် ရှိ၏ ဟုယုံကြည်ပါသလော’ဟု မေးလေသည်။

“အရှင်ဘုရား၊ ဝိတက်ဝိစာရကင်းသော သမာဓိသည် ရှိ၏။ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းရာသည် ရှိ၏ ဟူသောအရာ၌ ကျွန်ုပ်သည် ယုံကြည်ခြင်းသဒ္ဒါဖြင့် မှတ်ယူသည် မဟုတ်ပါ”

ဤသို့ စိတ္တသူကြွယ်က ပြောသောအခါ "ဤသူကြွယ်ကား ရိုးသားဖြောင့်မတ် ပေစွ"ဟု နိဂဏ္ဌဆရာကြီးက ချီးကျူး၏။ သို့သော် သူကြွယ်က အောက်ပါအတိုင်း ဆက်၍ပြောပြန်၏။

"အရှင်ဘုရား၊ အသိဉာဏ် နှင့် ယုံကြည်ခြင်းသဒ္ဓါ တို့တွင် ဘယ်အရာက သာလွန်ပါသနည်း"

"သူကြွယ်၊ ယုံကြည်ခြင်းသဒ္ဓါထက် အသိဉာဏ်က သာလွန်ပေ၏"

"အရှင်ဘုရား၊ ကျွန်ုပ်သည် ပထမဈာန်၊ ဒုတိယဈာန် စသော ဈာန်လေးပါးကို အလိုရှိတိုင်းဝင်စား၍နေနိုင်ပါသည်။ ဤသို့ ကိုယ်တိုင်သိမြင်သော ကျွန်ုပ်သည် 'ဝိတက်၊ ဝိစာရကင်းသော သမာဓိသည် ရှိ၏။ ဝိတက်၊ ဝိစာရတို့၏ ချုပ်ငြိမ်းရာသည် ရှိ၏'ဟူသော ဤအဆုံး‌ တပါးသော ရဟန်းပုဏ္ဏားတို့အား ယုံကြည်ခြင်းသဒ္ဓါဖြင့် အဘယ်မှာ မှတ်ယူပါအံ့နည်း"

ဤသို့ စိတ္တသူကြွယ်က ပြောသောအခါ နိဂဏ္ဌဆရာကြီးက 'အချင်းတို့၊ ရှုကြလော၊ ဤစိတ္တသူကြွယ်ကား အလွန် မဖြောင့်မတ်သူ မည်၏၊ အလွန်လှည့်စားတတ်သူဖြစ်၏' ဟုဆို၏။ ထိုအခါ စိတ္တသူကြွယ်က 'အရှင်၏ စကားများကား ရှေ့နောက် မညီညွတ်လှပါကလား' ဟုဆို၍ အကြောင်းနှင့်တကွ ဖြစ်သော ပြဿနာဆယ်ချက်ကို မေး၏။ ထို့နောက် စိတ္တသူကြွယ်သည် ဤ ပြဿနာဆယ်ချက်၏ အနက်အဓိပ္ပာယ်ကို သိသောအခါ ကျွန်ုပ်ထံလာ၍ ဖြေရှင်းလှည့်ပါလော'ဟု ပြောကိုပြီး နိဂဏ္ဌဆရာကြီးထံမှ ပြန်သွားလေသည်။

## ၉။ အစေလက ကဿပသုတ်

[ကဿပအက္ကဘွန်းနှင့် စိတ္တသူကြွယ်]

၃၅၁။ အခါတပါး၌ စိတ္တသူကြွယ်၏ မိတ်ဆွေဟောင်းဖြစ်သော ကဿပ တက္ကတွန်းသည် မစ္ဆိကာသဏ္ဍမြို့သို့ ဆိုက်ရောက်လာ၏။ စိတ္တသူကြွယ်သည် ကဿပတက္ကတွန်းထံ ချဉ်းကပ်၍ နှုတ်ဆက်စကားပြောကြားပြီး 'အရှင်ဘုရား ရဟန်းပြုသည်မှာ ဘယ်မျှကြာပြီနည်း'ဟုမေးရာ ကဿပက နှစ်ပေါင်းသုံးဆယ် ရှိပြီဖြစ်ကြောင်း ပြောကြား၏၊ 'ယင်းနှစ်ပေါင်းသုံးဆယ်အတွင်း တစုံတခုသော တရားထူးကို ရခဲ့ပါသလော'ဟု မေးမြန်းရာ အဝတ်မဝတ်ခြင်း၊ ခေါင်းဦး

ပြည်းနေရခြင်းတို့မှ တပါး အခြား မည်သည့်အကျိုးထူးကိုမျှ မရခဲ့ကြောင်း ကဿပက ပြေကြားသည်။ ထို့နောက် ကဿပ၏ မေးခွန်းကို ဖြေကြားရာ၌ စိတ္တသူကြွယ်က မိမိသည် ဥပါသကာအဖြစ်သို့ ရောက်သည့် နှစ်ပေါင်း(၃၀) အတွင်း ပဉ္စမဈာန် စသော ဈာန်လေးပါးကို အလိုရှိသလောက် ဝင်စားနိုင်ခဲ့ကြောင်း၊ ကာမဘုံသို့ နောင်ဘဝ ပြန်လာကြောင်းဖြစ်သော သံယောဇဉ်တို့ကိုလည်း ပယ်ခွာပြီးဖြစ်ကြောင်း ပြောကြားသည်။

ထိုအခါ ကဿပဘက္ကတွန်းက 'လူဝတ်ကြောင်အဖြစ်ဖြင့်ပင် ဤသို့တရားထူးကို ရရှိနိုင်ခြင်း မှာ အံ့ဩဖွယ်ကောင်းလှပါသည်။ ကျွန်ုပ်သည်လည်း ဗုဒ္ဓသာသနာ၌ ရဟန်းပြုလိုပါသည်' ဟု ပြောကြား၏၊ စိတ္တသူကြွယ်သည် ကဿပတက္ကတွန်းကို မထေရ်ကြီးများထံခေါ်သွားပြီး ရဟန်းပြုပေးရန်တောင်းပန်သည်။ ကဿပသည် ရဟန်းအဖြစ်သို့ရောက်ပြီးနောက် တပါးတည်းနေ၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

## ၁၀။ ဂိလာနဒဿနသုတ်

[စိတ္တသူကြွယ် မကျန်းမာခြင်း]

၃၅၂။ အခါတပါး၌ စိတ္တသူကြွယ်သည် ပြင်းထန်စွာ မကျန်းမာဖြစ်လေသည်။ ထိုအခါ အရံစောင့်နတ်၊ ဥယျာဉ်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ ဆေးပင် မြက်ပင် တို့ကို စောင့်သောနတ် အစရှိသော နတ်အပေါင်းတို့သည် စိတ္တသူကြွယ်ထံ ချဉ်းကပ်၍ 'သူကြွယ်၊ သင်သည် နောင်ဘဝ၌ စကြာမင်းအဖြစ်ကို တောင့်တပါလေ' ဟု တိုက်တွန်းကြ၏။ စိတ္တသူကြွယ်က 'ဒါလဲ မမြဲပါဘူး၊ စွန့်ခွာသွားရမှာပဲ' ဟု ပြန်ပြော၏။ ဤသို့ စိတ္တသူကြွယ်က ပြောသည်ကို လူနာစောင့်သော ဆွေမျိုးမိတ်ဆွေများကြားလျှင် ''သခင်၊ မရေမရာ မယောင်ရမ်းပါလင့်၊ သတိထားပါလော'' ဟု ဆိုကြလေသည်။

ထိုအခါ စိတ္တသူကြွယ်က မိမိသည် ယောင်ရမ်းခြင်းမဟုတ်၊ နတ်တို့အား ပြောခြင်းဖြစ်ကြောင်းရှင်းပြ၏။ ထို့နောက် စိတ္တသူကြွယ်သည် ဆွေမျိုးမိတ်ဆွေတို့အား 'သင်တို့သည် ရတနာသုံးပါး၌ ယုံကြည်ကြကုန်လော၊ အကျင့်သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား ပေးလှူစွန့်ကြဲခြင်း ပြုကြကုန်လော' ဟု ဆုံးမစကား ပြောကြားပြီး ကွယ်လွန်သွားလေသည်။

# ၈။ ဂါမဏိသံယုတ်

[ရွာသူကြီးတို့နှင့်စပ်သော ဟောကြားချက်များ]

## ၁။ စဏ္ဍသုတ်

[စဏ္ဍရွာသူကြီးအား ဟောကြားချက်]

၃၅၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် စဏ္ဍ မည်သော ရွာသူကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'ကြမ်းတမ်းသူဟု ခေါ်ခြင်း၊ သိမ်မွေ့သူဟု ခေါ်ခြင်းတို့အကြောင်းကား အဘယ်ပါနည်း'ဟု မေးလျှောက်၏။ ရာဂ၊ ဒေါသ၊ မောဟ တို့ကို မပယ်ရသေးသည်ဖြစ်၍ သူတပါးတို့ကို အမျက်ထွက်အောင်ပြုခြင်း၊ သူတပါးတို့က အမျက်ထွက်အောင်ပြုသည်ရှိသော် မိမိ၏ အမျက်ကို ထင်ရှားပြုခြင်းကြောင့် ကြမ်းတမ်းသူဟု ခေါ်ခြင်းဖြစ်ကြောင်း၊ ရာဂ၊ ဒေါသ၊ မောဟ တို့ကို ပယ်အပ်ပြီးသည်ဖြစ်၍ သူတပါးတို့ကို အမျက်ထွက်အောင်မပြုခြင်း၊ သူတပါးတို့က အမျက်ထွက်အောင်ပြုငြားသော်လည်း မိမိ၏အမျက်ကို ထင်ရှား မပြုခြင်းတို့ကြောင့် သိမ်မွေ့သူဟု ခေါ်ခြင်း ဖြစ်ကြောင်း ဗုဒ္ဓက ဖြေကြားး၏။ စဏ္ဍရွာသူကြီးသည် ထိုအဖြေကို နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၂။ တာလပုဋသုတ်

[သဘင်အဖွဲ့ခေါင်းဆောင်၏ မေးခွန်းကို ဖြေခြင်း]

၃၅၄။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် တာလပုဋ မည်သော သဘင်အဖွဲ့ခေါင်းဆောင်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်၏။

"အရှင်ဂေါတမ၊ လူအပေါင်းကိုပျော်ရွှင်စေသောသဘင်သည်တို့သည် သေလွန်သောအခါ ပဟာသ မည်သော နတ်အဖြစ်သို့ရောက်၏ဟူ၍ သဘင်ဆရာ စဉ်ဆက် ပြောဆိုခဲ့ကြပါသည်၊ ထိုစကားသည် မှန်ပါသလော"

"အချင်းတာလပုဋ္ဌ၊ သင်သည် ဤမေးခွန်းကို ငါ့အားမမေးလင့်"

ဗုဒ္ဓက ဤသို့တားမြစ်၏။ သို့သော် တာလပုဋ္ဌက သုံးကြိမ်တိုင်အောင် ထပ်၍ မေးသောကြောင့် ဗုဒ္ဓက အောက်ပါအတိုင်းဖြေကြားလေသည်။

"အချင်းတာလပုဋ္ဌ၊ ပင်ကိုယ်အားဖြင့် ရာဂ၊ ဒေါသ၊ မောဟ မကင်းသော လူအများအား ရာဂ၊ ဒေါသ၊ မောဟဖြစ်ဖွယ်အာရုံတို့ဖြင့် ပြားယောင်း သွေးဆောင်သော သဘင်သည်တို့သည် သေလွန်သောအခါ ပဟာသ မည်သော ငရဲသို့ ကျရောက်ကုန်၏။ သဘင်သည်များသေလျှင် နတ်ပြည်သို့ရောက်၏ ဟူသောအယူသည် လွဲမှားသော မိစ္ဆာအယူ ဖြစ်၏။ မိစ္ဆာအယူရှိသူအား ငရဲ၊ တိရစ္ဆာန်ဟူသော လားရာဂတိ နှစ်မျိုးတွင် တမျိုးမျိုးကို ငါဟော၏"

ဗုဒ္ဓ၏အဖြေကို ကြားရသောအခါ တာလပုဋ္ဌသည် သည်းထန်စွာ ငိုကြွေးလေ၏။ ထို့နောက် ဗုဒ္ဓထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွားလေသည်။

## ၃။ ယောဓာဇီဝသုတ်

### [စစ်သူကြီး၏ မေးခွန်းကို ဖြေခြင်း]

၃၂၂။ ယောဓာဇီဝ မည်သော စစ်သူကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား ဤလောက၌ စစ်တိုက်ခြင်းဖြင့် အသက်မွေးသူများသည် သေလွန်သော အခါ နတ်ပြည်သို့ ရောက်ကုန်၏' ဟု ဆရာစဉ်ဆက်တို့ပြောသည်ကို ကျွန်ုပ် ကြားဖူးပါသည်။ ဤအရာ၌ မြတ်စွာဘုရားသည် မည်သို့မိန့်ဆိုပါသနည်း' ဟု မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက နှစ်ကြိမ်တိုင်အောင် မဖြေပဲ ငြင်းပယ်၏။ သုံးကြိမ်မြောက်သောအခါတွင်မူ သူတပါးတို့အား သေကြေပျက်စီးစေသော စစ်တိုက်ခြင်း အမှုဖြင့် အသက်မွေးသူများသည် သေလွန်သောအခါ ငရဲသို့ကျ ရောက်ကြောင်း ဖြေကြားတော်မူ၏။ ယင်းအခါ ယောဓာဇီဝ စစ်သူကြီးသည်

သည်းထန်စွာငိုကြွေး၏။ ထို့နောက် ဗုဒ္ဓထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွားလေသည်။

၃၅၆-၃၅၇။ ဟယာရောဟသုတ်၌ ဆင်စီးသူရဲသေလျှင် ငရဲသို့ ရောက်ကြောင်း ကိုလည်းကောင်း၊ အဿာရောဟသုတ်၌ မြင်းစီးသူရဲသေလျှင် ငရဲသို့ ရောက်ကြောင်း ကိုလည်းကောင်း အထက်သုတ်နည်းတူ ဟောကြားသည်။

## ၆။ အသိဗန္ဓကပုတ္တသုတ်

[အသိဗန္ဓကပုတ္တ ရွာသူကြီး၏ မေးခွန်းကို ဖြေခြင်း]

၃၅၈။ နာလန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ်၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် အသိဗန္ဓကပုတ္တ မည်သော ရွာသူကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့ လျှောက်ထား၏။

"အရှင်ဘုရား ပစ္ဆာဘူမိ အရပ်၌နေသည့် မီးပူဇော်သော ပုဏ္ဏားတို့သည် သေလွန်သွားသူကို ဖြောင့်ဖြည့်၍ နတ်ပြည်သို့ရောက်စေနိုင်ပါကုန်၏။ မြတ်စွာဘုရားသည် တလောကလုံးကို သေလွန်သောအခါ နတ်ပြည်သို့ရောက်အောင် ပြုလုပ်ခြင်းငှာ စွမ်းနိုင်ပါသလော"

ထိုအမေးကို ဗုဒ္ဓက ဥပမာအားဖြင့် ဖြေကြား၏။ နက်သောရေအိုင်ထဲသို့ ပစ်ချလိုက်သောကျောက်တုံးကို ပေါ်ပေါ်ပေါ်ရန် လူအများက ဝိုင်းဝန်းတောင်းပန်၍ မရ၊ ထောပတ်အိုးကိုဖြစ်စေ၊ ဆီအိုးကိုဖြစ်စေ နက်သောရေအိုင်ထဲ၌ ခွဲချလိုက်ပြီး ထိုထောပတ်များ၊ ဆီများကို ရေအောက်သို့နစ်သွားစေရန် လူအများက ဝိုင်းဝန်းတောင်းပန်၍မရ၊ ထို့အတူပင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုများကို ပြုလုပ်လေ့ရှိသူအား သေလွန်သောအခါ နတ်ပြည်သို့ ရောက်ပါစေဟူ၍ လူအများက ဝိုင်းဝန်းတောင်းပန်သော်လည်း မရနိုင်၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်လေ့ရှိသူအားလည်း သေလွန်သောအခါ အပါယ်ငရဲသို့ရောက်ပါစေ ဟူ၍ လူအများက ဝိုင်းဝန်းတောင်းပန်သော်လည်း မရနိုင်ချေ။

ဤသို့ ဗုဒ္ဓက ဖြေကြားသောအခါ အသိဗန္ဓကပုတ္တရှင်သူကြီးသည် လွန်စွာ ကျေနပ်နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၇၁ ခေတ္တူပမသုတ်

[လယ်မြေသုံးစားနှင့် ဥပမာပြု၍ တရားဟောပုံ]

၃၅၉။ နာလန္ဒာမြို့ ပါဝါရိက သရက်ဥယျာဉ်၌ သီတင်းသုံး နေစဉ်၊ အသိဗန္ဓက ပုတ္တမည်သော ရွာသူကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'မြတ်စွာဘုရားသည် သတ္တဝါအားလုံးကို သနားကြင်နာခြင်း ရှိသူဖြစ်ပါလျက် အဘယ်ကြောင့် အချို့သော သူတို့အား တရားကို ကောင်းစွာဟောကြား၍ အချို့သူတို့အား တရားကို ကောင်းစွာ မဟောကြားပါ သနည်း'ဟု လျှောက်မေး၏။

ထိုအမေးကို ဗုဒ္ဓက ဥပမာဖြင့် ဖြေကြား၏။ အကောင်းစား၊ အလတ်စား၊ အညံ့စားအားဖြင့် လယ်မြေသုံးမျိုးရှိသော လယ်သမားသည် ပထမဦးစွာ အကောင်းစား လယ်မြေ၌ မျိုးစေ့များကို စိုက်ပျိုး၏။ ထို့နောက် အလတ်စား လယ်မြေ၌ စိုက်ပျိုး၏။ အညံ့စား ဖြစ်သော လယ်မြေ၌မူ နွားစာပင် ဖြစ်စေတော့ဟု သဘောထားကာ စိုက်ပျိုးခြင်း ပြုချင်ပြုမည်။ မပြုပဲလည်း နေချင်နေလိမ့်မည်။ ထို့အတူပင် မြတ်စွာဘုရားသည် ဘိက္ခု၊ ဘိက္ခုနီတို့အား ကောင်းခြင်း သုံးပါးနှင့် ပြည့်စုံသော တရားကို ဟောကြားတော်မူ၏။ အဘယ်ကြောင့် ဆိုသော် ထိုဘိက္ခု၊ ဘိက္ခုနီတို့သည် မြတ်စွာဘုရားသာလျှင် မှီခိုရာ ထားရာ ရှိသည် ဖြစ်၍ နေကြသူများ ဖြစ်သောကြောင့် ဖြစ်၏။ ထို့နောက် ဥပါသကာနှင့် ဥပါသိကာမတို့အားလည်း ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော တရားကို ဟောကြားတော်မူ၏။ အဘယ့်ကြောင့် ဆိုသော် ထိုသူတို့သည်လည်း မြတ်စွာဘုရားသာလျှင် မှီခိုအားထားရာဖြစ်၍ နေကြသူများ ဖြစ်သောကြောင့် ဖြစ်၏။ ထို့နောက် အယူတပါးရှိသော ရဟန်းပုဏ္ဏား၊ ပရိဗိုဇ်တို့အားလည်း ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော တရားကိုဟော၏။ အဘယ်ကြောင့် ဆိုသော် တပုဒ် တဂါထာမျှကို နားလည်လျှင်ပင် ထိုသူတို့အား အကျိုးစီးပွား များနိုင်သောကြောင့် ဖြစ်၏။

ဤသို့ ဗုဒ္ဓက ဖြေကြားသောအခါ၊ အသိ ဗန္ဓက ပုတ္တသည် ကျေနပ်နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၈။ သင်္ခမသုတ်

[ခရုသင်း မှုတ်သူ ဥပမာဖြင့် ဟောကြားခြင်း]

၃၆၀။ နာလန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ် ဗုဒ္ဓ သီတင်းသုံးနေစဉ် နိဂဏ္ဌတို့၏တပည့် အသိဗန္ဓက ပုတ္တမည်သော ရွာသူကြီးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်လာ၏။ ထိုရွာသူကြီးကို ဗုဒ္ဓက 'နိဂဏ္ဌ နာဋပုတ္တသည် တပည့်တို့အား မည်သို့တရား ဟောသနည်း' ဟု မေး၏။ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း စသော ကံငါးပါးကို လျှုံးလွန်သူအားလုံးသည် အပါယ်ငရဲသို့ကျရောက်၏။ သတ္တဝါသည် အကြင်အကြင်ကံဖြင့် များစွာနေ၏။ ထိုထိုကံ၏ ပို့ဆောင်ခြင်းကို ခံရ၏' ဟူ၍ နာဋပုတ္တသည် တပည့်တို့အား တရားဟောကြောင်း ရွာသူကြီးက ဖြေကြားသည်။

ထိုအခါ သူ့အသက် သတ်ခြင်းစသော မကောင်းမှုကို ကျူးလွန်သူအား ထိုမကောင်းမှုကို ကျူးလွန်သော အချိန်သည် မကျူးလွန်ပဲ နေသောအချိန်ထက် များစွာ နည်းကြောင်း၊ ထို့ကြောင့် 'သတ္တဝါသည် အကြင်အကြင်ကံဖြင့် များစွာနေ၏။ ထိုထိုကံ၏ ပို့ဆောင်ခြင်းကို ခံရ၏' ဟူသော နာဋပုတ္တ၏ စကားအရဆိုသော် အပါယ်ငရဲသို့ ကျရောက်သူ တစုံတယောက်မျှ ရှိတော့မည် မဟုတ်ကြောင်း၊ ထို့ပြင် တစုံတခုသော မကောင်းမှုကို ပြုလုပ်မိသူသည် နာဋ ပုတ္တ၏ စကားကို ယုံကြည်၍ 'ငါသည်လည်း အပါယ်ငရဲသို့ ကျရောက်ရတော့မည်' ဟူ၍ စိတ်စွဲလမ်းမှု ရှိနေခဲ့သော် အပါယ်ငရဲသို့ မလွဲမသွေ ကျရောက်မည် ဖြစ်ကြောင်း ဗုဒ္ဓက မိန့်ကြားတော်မူလေသည်။

မြတ်စွာဘုရားသည်ကား၊ သူ့အသက်သတ်ခြင်း စသော မကောင်းမှုတို့ကို ကဲ့ရဲ့တော်မူ၏၊ ယင်းတို့မှ ရှောင်ကြဉ်ရန်လည်း တပည့်တို့အား ဆုံးမတော်မူ၏။ ထိုမြတ်စွာဘုရား၌ ယုံကြည်သော တပည့်သည် မိမိကျူးလွန်မိသော

မကောင်းမှုအတွက် စိတ်နှလုံး မသာယာခြင်း ဖြစ်မနေပဲ၊ ထိုမကောင်းမှုကို စွန့်ပယ်၏။ နောင်သောအခါ၌လည်း ယိုမကောင်းမှုမှ ရှောင်ကြဉ်၏။ ဤသို့ဖြင့် ထိုမကောင်းမှုကို စွန့်ပယ်ခြင်း လွန်မြောက်ခြင်းသည် ဖြစ်လေ၏။

ထိုသို့ မကောင်းမှုတို့မှ ရှောင်ကြဉ်၍ အပိုင်းအခြား အကန့်အသတ် မရှိသည့် မေတ္တာ ကရုဏာ စသည်တို့နှင့် ယှဉ်သော စိတ်ဖြင့် အရပ်လေးမျက်နှာနှင့် အထက်အောက် အရပ်တို့ကို ဖြန့်၍ နေသော အရိယာ တပည့်အား အပိုင်းအခြားကို ပြုတတ်သော အကုသိုလ်ကံတို့သည် မကြွင်းကျန်တော့ချေ။ ဥပမာ အားကောင်းသော ခရုသင်းမှုတ်သူသည် သက်သက်သာသာဖြင့်ပင် အရပ်လေးမျက်နှာ၌ တည်သော လူအပေါင်းအား ခရုသင်းသံကို ကြားစေနိုင်သကဲ့သို့ ထို့အတူ အပိုင်းအခြား မရှိသည့် မေတ္တာကရုဏာ စသည်တို့ကို ကြိမ်ဖန်များစွာ ပွားများပြုသည်သည်း အပိုင်းအခြားကို ပြုတတ်သော အကုသိုလ်ကံတို့ကို လွှမ်းမိုးနိုင်၏။

ဤသို့ "မကောင်းမှု ပြုလုပ်မိသူတိုင်းသည် အပါယ်ငရဲသို့ ကျရောက်၏" ဟူသော နာဋပုတ္တ၏ စကားသည် လွဲမှားကြောင်းနှင့် မကောင်းမှုတို့မှ လွန်မြောက်အောင် အားထုတ်ပုံ အားထုတ်နည်းကို ဗုဒ္ဓက ဟောကြားသော အခါ အသိဗန္ဓကပုတ္တ ရွာသူကြီးသည် ဗုဒ္ဓ၏ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၄။ ကုလသုတ်

### [ဆွမ်းလောင်းခြင်းကြောင့် ပျက်စီးသော မျိုး မရှိခဲ့ကြောင်း]

၃၆၁။ အခါတပါး၌ နာလန္ဒမြို့တွင် ဆင်ရဲပါး ရှားပါး၍ လူအများ ငတ်မွတ်ခေါင်းပါး နေကြ၏။ ထိုအချိန်မှာပင် ဗုဒ္ဓသည် ရဟန်းများစွာတို့နှင့်အတူ နာလန္ဒမြို့သို့ ကြွရောက်လာ၏။ ထိုအခါ နိဂဏ္ဌဆရာကြီး နာဋပုတ္တသည် မိမိ၏တပည့် ဖြစ်သော အသိဗန္ဓက ပုတ္တရွာသူကြီးကို ဗုဒ္ဓထံသွား၍ အပြင်တင်စကား ပြောကြားရန် ညွှန်ကြားလိုက်၏။ ထိုရွာသူကြီးသည် မိမိဆရာ ညွှန်ကြားသည့်အတိုင်း ဗုဒ္ဓထံသွား၍ နာလန္ဒာမြို့လုံး ငတ်မွတ်ခေါင်းပါးသော အချိန်၌ ရဟန်းများစွာနှင့်အတူ ကြွလာခြင်းသည် လူအပေါင်း

ပျက်စီးအောင် ပြုလုပ်ရာ မရောက်ပါသော’ဟု အပြစ်ဘာဝစကား ပြောကြား
လေသည်။

ထိုအခါ ဗုဒ္ဓက လွန်ခဲ့သော (၉၁) ကမ္ဘာအတွင်းဝယ် ကျက်ပြီးသော ထမင်းကို ပေးလှူခြင်း ဟူသော အကြောင်းမှုဖြင့် ပျက်စီးသွားသော အမျိုး ဟူ၍ မရှိခဲ့ကြောင်း၊ ချမ်းသာ ကြွယ်ဝသော အမျိုးဟူသမျှတို့သည် ပေးလှူခြင်း (ဒါန)၊ မှန်ကန်ခြင်း (သစ္စာ)၊ အကျင့် သီလ စောင့်ထိန်းခြင်း (သာမည) ဟူသော အကြောင်း သုံးပါးကြောင့်သာ ချမ်းသာကြွယ်ဝခြင်း ဖြစ်ကြောင်း ဖြေကြားတော်မူသည်။ ထို့နောက် အမျိုးတို့ ပျက်စီးခြင်း၏ အကြောင်းများမှာ မင်း၊ ခိုးသူ၊ မီး၊ ရေ၊ မြုပ်နှံသိမ်းဆည်း ထားသော ပစ္စည်းများ နေရာရွေ့သွားခြင်း၊ ကောင်းစွာ အားထုတ် အပ်သော လုပ်ငန်းများ ပျက်စီးသွားခြင်း၊ အမျိုးဝယ်မှာပင် ဖျက်ဆီးသူ ပေါ်လာခြင်း ဟူ၍ ရှစ်ပါးရှိကြောင်း ဟောကြားသည်။

အသိဗန္ဓကပုတ္တ ရွာသူကြီးသည် ဗုဒ္ဓ၏ ဟောကြားချက်ကို နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၁၀။ မဏိစူဠကသုတ်

[မဏိစူဠက ရွာသူကြီးအား ဟောကြားချက်]

၃၆၂။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် ဘုရင့် နန်းတော်တွင်း၌ စည်းဝေးနေသော ပင်းရိကတ်အား စကားတစ်ရပ် ဖြစ်ပေါ်၏။ ထိုစကားမှာ “သာကီဝင် မင်းသားဖြစ်သော မြတ်စွာဘုရား၏ တပည့်ရဟန်းတို့အား ရွှေငွေသည် အပ်၏၊ ရဟန်းတို့သည် ရွှေငွေကို သာယာကြ၏။ ရွှေငွေကို ခံယူကြ၏” ဟူ၍ ပြောဆိုကြခြင်း ဖြစ်၏။ ထိုအခါ မဏိစူဠကမည်သော ရွာသူကြီးက ရဟန်းများအား ရွှေငွေသည် မအပ် ကြောင်း၊ ရဟန်းများသည် ရွှေငွေကို သာယာခြင်း၊ ခံယူခြင်း၊ မပြုကြ ကြောင်း ဖြေရှင်းပြောဆို၏။ ပရိသတ်ကလည်း ထိုပြောဆိုချက်ကို လက်ခံ ယုံကြည်သွား၏။ ထို့နောက် မဏိစူဠကသည် ဗုဒ္ဓထံ သွား၍ မိမိဖြေရှင်း ပြောဆိုခဲ့သော စကားမှာ မြတ်စွာဘုရား၏ ဟောကြားချက်နှင့် ညီညွတ် ခြင်း ရှိမရှိကို မေးလျှောက်၏။ ဗုဒ္ဓက ညီညွတ်ကြောင်း ဖြေကြား၏။ထို့ပြင်

မြွေငွေ အပ်စပ်သူအား ကာမဂုဏ်ငါးပါးသည်လည်း အပ်စပ်သော့မည်ဖြစ်ကြောင်း၊ ရဟန်းများသည် မြက်ကို အလိုရှိလျှင် မြက်ကိုရှာရမည်။ ထင်းကို အလိုရှိလျှင် ထင်းကိုရှာရမည်။ ရွှေငွေကိုမူ မည်သည့်နည်းနှင့်မျှ သာယာခြင်း၊ ရှာမှီးခြင်း မပြုအပ်ကြောင်း ဆက်လက် ဟောကြားတော်မူသည်။

## ၁၁။ ဘဒြကသုတ်

[ဘဒြက ရွာသူကြီးအား ဟောကြားချက်]

၃၆၃။ မလ္လတိုင်း ဥရုဝေလကပ္ပမည်သော နိဂုံး၌ ဗုဒ္ဓ သီတင်းသုံးစဉ် ဘဒြကမည်သော ရွာသူကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိအား ဒုက္ခ၏ ဖြစ်ပုံ ချုပ်ပုံကို ဟောကြားရန် တောင်းပန်သည်။ ထိုအခါ ဗုဒ္ဓက အတိတ် အနာဂတ်ကို အကြောင်းပြု၍ ဒုက္ခ၏ ဖြစ်ပုံ ချုပ်ပုံကို ဟောကြားလျှင် တွေးတောယုံမှားခြင်း ဖြစ်နိုင်သောကြောင့် ပစ္စုပ္ပန် ဆတ်ဆတ်၌ပင် ဒုက္ခဖြစ်ပုံကို ဟောကြားတော်မူသည်။

"ဤဥရုဝေလကပ္ပ နိဂုံး၌နေသော လူများအနက် အချို့လူများ သေကြေပျက်စီးခြင်းကြောင့် သင့်အား စိုးရိမ်ပူဆွေးမှုဖြစ်ပြီး အချို့လူများ သေကြေ ပျက်စီးခြင်းကြောင့်မူ သင့်အား စိုးရိမ်ပူဆွေးမှု မဖြစ်ခြင်းမှာ အဘယ်ကြောင့်ပါနည်း'ဟု ဗုဒ္ဓက မေးတော်မူ၏။ လိုချင် တပ်မက်မှုရှိခြင်းနှင့် လိုချင်တပ်မက်မှု မရှိခြင်းဟူသော အကြောင်း နှစ်ပါးကြောင့် စိုးရိမ်ပူဆွေးမှု ဖြစ်ခြင်းနှင့် စိုးရိမ်ပူဆွေးမှု 'မဖြစ်ခြင်းဟူသော အကျိုးတရား နှစ်ပါး ကွဲပြားခြင်းဖြစ်ကြောင်း ဘဒြကရွာသူကြီးက ဖြေကြားသည်။ ထိုအခါ ဗုဒ္ဓက ယင်းသို့ မျက်မှောက်ဆတ်ဆတ် သိမြင်အပ်သော အချက်ဖြင့် အတိတ်၊ အနာဂတ်တို့၌လည်း နည်းမှီ၍ ဒုက္ခဟူသမျှသည် ဆန္ဒလျှင် အကြောင်းရင်း ရှိသည်ဟု သိမြင်ရမည်ဖြစ်ကြောင်း ဟောကြားတော်မူသည်။ ထို့ပြင် ဝိရဝါသီမည်သော သားငယ်၊ ထိုသားငယ်၏ မိခင်တို့ဖြင့် ဥပမာပြု၍လည်း ဒုက္ခ ဟူသမျှသည် အလိုဆန္ဒလျှင် အကြောင်းရင်း ရှိကြောင်း ဆက်လက် ဟောကြားတော် မူသည်။

## ၁၂။ ရာသိယသုတ်

[ရာသိယ မည်သော ရွာသူကြီးအား ဟောကြားချက်]

၃၆၄။ အခါတပါး၌ ရာသိယ မည်သော ရွာသူကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်၍= 'အရှင်ဂေါတမသည် ခြိုးခြံသော အကျင့်ကိုလည်းကောင်း၊ ခြိုးခြံသော အကျင့်ရှိသူ အားလုံးကို လည်းကောင်း၊ တဘက်သတ် ကဲ့ရဲ့ရှုတ်ချ ပေ့ရှိသည် ဟူ၍ ကျွန်ုပ်ကြားဖူးပါသည်။ ထိုစကားသည် မှန်ပါသလော'ဟု မေးလျှောက်၏။ ထိုစကားသည် မမှန်ကြောင်း၊ ဗုဒ္ဓက ဖြေကြားပြီး ကာမ ချမ်းသာ ခံစားမှု၌ အာရုံအားထုတ်နေခြင်း၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် အဖန်တလဲလဲ အားထုတ်ခြင်း ဟူသော အစွန်းနှစ်ပါးသို့ မကပ်ရောက်ပဲ ဖြောင့်တန်းတည့်မတ်သည့် အရိယာမဂ် ကညီးဟူသော လမ်းစဉ် ကို မြတ်စွာဘုရားသည် ထိုးထွင်းသိမြင်ခဲ့ကြောင်း မိန့်ကြားသည်။

ထို့နောက် ကာမ ချမ်းသာကို ခံစားသူများသည် သုံးမျိုးရှိသကဲ့သို့ ခြိုးခြံသောအကျင့်ကို ကျင့်သော ရဟန်းတို့သည်လည်း သုံးမျိုး ရှိကြောင်း ဟောကြားသည်။ ကာမ ချမ်းသာကို ခံစားသော လူသုံးမျိုးမှာ –

( ၁ ) မတရားသဖြင့် ပစ္စည်းဥစ္စာများကို ရှာသူ။

( ၂ ) တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့် ဖြစ်စေ၊ ပစ္စည်း ဥစ္စာ များကို ရှာသူ။

( ၃ ) တရားသဖြင့်သာလျှင် ပစ္စည်းဥစ္စာ များကို ရှာသူတို့ဖြစ်သည်။

အထက်ပါ နည်းသုံးမျိုးဖြင့် ရှာဖွေရရှိသော ပစ္စည်းများကိုလည်း အချို့သော သူများသည် မိမိကိုယ်တိုင်လည်း သုံးဆောင်ခံစားခြင်း မပြု၊ သူတပါးတို့အားလည်း ပေးကမ်းခြင်းမပြု၊ အချို့ကား မိမိကိုယ်တိုင်သာ သုံးဆောင် ခံစား၍ သူတပါးတို့အား ပေးကမ်း လှူဒါန်းခြင်း မပြု၊ အချို့ကမူ မိမိ ကိုယ်တိုင်လည်း သုံးဆောင် ခံစား၍ သူတပါးတို့အားလည်း ပေးကမ်း လှူဒါန်းခြင်းပြု၏။

ထိုပြင် မိမိကိုယ်တိုင် သုံးဆောင် ခံစားရာ၌လည်း မပြင်မမြင်ပဲမက်မက် မောမော သုံးဆောင်ခံစားသူနှင့် အပြစ်ကို ရှုလျက်၊ မက်မော ယစ်မူးခြင်း မရှိပဲ ခံစားသူဟူ၍ နှစ်မျိုးရှိသည်။

ဤသို့ရှိရာ၌ ပစ္စည်းကိုမတရားသဖြင့်ရှာခြင်း၊ မိမိကိုယ်တိုင် မခံစားခြင်း၊ သူတပါးတို့အား ပေးကမ်းလှူဒါန်းမှုမပြုခြင်း၊ အပြစ်ကိုမရှုပဲသုံးဆောင်ခြင်းတို့သည် ကဲ့ရဲ့အပ်သောအကြောင်းများဖြစ်၏။ ပစ္စည်းကို တရားသဖြင့်ရှာခြင်း၊ မိမိကိုယ်တိုင်ခံစားခြင်း၊ သူတပါးတို့အား ပေးကမ်းလှူဒါန်းခြင်း၊ အပြစ်ကိုရှုလျက် သုံးဆောင်ခြင်းတို့သည် ချီးမွမ်းအပ်သော အကြောင်းများ ဖြစ်ပေသည်။

မြိုးမြဲသောအကျင့်ကို ကျင့်သော ရသေ့ ရဟန်းသုံးမျိုးမှာ

(၁) မိမိကိုယ်တိုင် ဆင်းရဲပင်ပန်းစေ၍ ကုသိုလ်တရားကိုလည်းမရ၊ အရိယာတို့၏ ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက် မပြုနိုင်သော ပုဂ္ဂိုလ်။

(၂) မိမိကိုယ်ကို ဆင်းရဲပင်ပန် စေ၍ ကုသိုလ်တရားကိုကား ရ၏။ အရိယာတို့၏ ဉာဏ်အမြင်ထူးကို မျက်မှောက် မပြုနိုင်သော ပုဂ္ဂိုလ်။

(၃) မိမိကိုယ်ကို ဆင်းရဲပင်ပန်းစေ၍ ကုသိုလ်တရားကိုလည်း ရ၏၊ အရိယာတို့၏ ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်တို့ဖြစ်၏။ ထိုသုံးမျိုး၌ မိမိကိုယ်ကို ဆင်းရဲပင်ပန်းစေခြင်းသည် ကဲ့ရဲ့အပ်သောအကြောင်းဖြစ်၏။ ကုသိုလ်တရားကို ရခြင်း၊ အရိယာတို့၏ ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုခြင်းတို့ကား ချီးမွမ်းအပ်သောအကြောင်းများဖြစ်၏။

ဤသို့မြိုးမြဲသော အကျင့်ရှိသော ရသေ့ ရဟန်းသုံးမျိုးကိုဟောကြားပြီးနောက် ကိုယ်တိုင်ကိုယ်ကြပ် သိမြင်နိုင်သည့် အကြွင်းမဲ့ ကိလေသာပယ်ခြင်းသုံးမျိုးကို ဆက်လက်ဟောကြားတော်မူသည်။ အကြွင်း မဲ့ ကိလေသာပယ်ခြင်းသုံးမျိုးကား....

(၁) ရာဂ ဟူသော အကြောင်းကြောင့် မိမိ၏ လည်ပင်းကောင်း၊ သူတပါး၏လည်ပင်းကောင်း ဆင်းရဲခြင်းငှာ စေ့ဆော်အားထုတ်သူသည် ရာဂ ကို ပယ်ပြီးသည်ဖြစ်၍ ထိုကဲ့သို့ အားထုတ်မှု မပြုတော့ခြင်း။

(၂) ဒေါသ ဟူသော အကြောင်းကြောင့် မိမိ၏ လည်းကောင်း၊ သူတပါး၏လည်းကောင်း ဆင်းရဲခြင်းငှာ စေ့ဆော်အားထုတ်သူသည် ဒေါသကို ပယ်ပြီးသည်ဖြစ်၍ ထိုကဲ့သို့ စေ့ဆော်အားထုတ်မှုမပြုခြင်း။

(၃) မောဟ ဟူသော အကြောင်းကြောင့် မိမိ၏ လည်းကောင်း၊ သူတပါး၏လည်းကောင်း ဆင်းရဲခြင်းငှာ စေ့ဆော် အားထုတ်သူသည် မောဟကိုပယ်ပြီးသည်ဖြစ်၍ ထိုကဲ့သို့ စေ့ဆော်အားထုတ်မှု မပြုတော့ခြင်းတို့ဖြစ်သည်။

ဗုဒ္ဓ၏ ဟောကြားချက်ကို ကြားနာရသောအခါ ဘဒ္ဒိယ ရွာသူကြီးသည် ကျေနပ်နှစ်သက်၍ ဥပါသကာအဖြစ်ခံယူသွားလေသည်။

## ၁၃။ ပါဋလိယသုတ်

### [ပါဋလိယ ရွာသူကြီးအား ဟောကြားချက်]

၃၆၅။ ကောလိယတိုင်း ဥတ္တရနိဂုံး၌ ဗုဒ္ဓသီတင်းသုံးစဉ် ပါဋလိယမည်သော ရွာသူကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဂေါတမသည် လှည့်စားခြင်း "မာယာ" ကို သိ၏ဟု ကျွန်ုပ်ကြားဖူးပါသည်။ ထိုစကားသည် မှန်ပါသလော' ဟုမေးလျှောက်၏။ ဗုဒ္ဓက ထိုစကားသည် မှန်ကန်ကြောင်း၊ သို့သော် မာယာကို သိသူ နှင့် မာယာရှိသူ နှစ်ဦးသည်မတူ၊ ဥပမာ ကောလိယမင်းတို့၏ လမ္ဗစူဠက မည်သော ကျေးကျွန်တို့သည် မကောင်းသောအကျင့်ရှိကုန်၏' ဟူ၍သိသောသူသည် ထိုကျေးကျွန်တို့ကဲ့သို့ပင် မကောင်းသောအကျင့်ရှိ၏ဟူ၍ မဆိုနိုင်သကဲ့သို့ ဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားတော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် မာယာကိုလည်းကောင်း၊ မာယာ၏အကျိုးကိုလည်းကောင်း၊ မာယာရှိသူသည် မည်ကဲ့သို့ကျင့်ကြံ၍ဖြင့် အပါယ်ငရဲသို့ ကျရောက်ရကြောင်းကိုလည်းကောင်း သိမြင်ကြောင်း၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှု ဒုစရိုက်တို့နှင့် ပတ်သက်၍လည်း ထိုနည်းတူ သိမြင်ကြောင်း ဗုဒ္ဓက ဆက်လက်ဟောကြားသည်။

"ဤလောက၌ သူ့အသက် သတ်သူ အားလုံးသည် မျက်မှောက်ဘဝ၌ပင် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းကို ခံစားရ၏" ဟူ၍ အယူရှိသော ရဟန်း ပုဏ္ဏား အချို့ရှိ၏။ စင်စစ်အားဖြင့် သူ့အသက် သတ်ခြင်းကြောင့် ခေါင်း ဖြတ်၍ အသတ်ခံရသူများရှိသကဲ့သို့၊ သူ့အသက်သက်ခြင်းကြောင့်ပင် မျက် မှောက် ဘဝ၌ စည်းစိမ်ချမ်းသာ ခံစားရသူများလည်းရှိ၏။ သူ့ဥစ္စာ ခိုးယူ ခြင်း၊ သူ့သားမယားကိုပစ်မှားခြင်း၊ မုသားပြောခြင်းတို့၌လည်း ထိုနည်းတူ ပင်ဖြစ်၏။ ထိုကဲ့သို့ အယူရှိသောသူများသည် လွဲမှားသော အယူရှိသူများဖြစ် ၏။ လွဲမှားသောအယူရှိသူများ၌ ကြည်ညိုခြင်းငှာ မသင့်ဟု ဗုဒ္ဓက မိန့်ကြား တော်မူသည်။

ထိုအခါ ပါဋလိယ ရွာသူကြီးက မိမိသည် "ပေးလှူခြင်း၊ ပူဇော်ခြင်း၏ အကျိုးသည် ရှိ၏" ဟူ၍ လည်းကောင်း၊ 'ပေးလှူခြင်း၊ ပူဇော်ခြင်း၏ အကျိုးသည် မရှိ' ဟူ၍ လည်းကောင်း၊ ပြောဆိုသော ဆရာအမျိုးမျိုးတို့၏ အယူဝါဒများကို ကြားရသဖြင့် တွေးတော ယုံမှားခြင်းများ ရှိနေပါသည်။ ထိုတွေးတောယုံမှားခြင်းများ ကင်းပျောက်စေရန် တရား ဟောကြားတော်မူပါ ဟု ဗုဒ္ဓအား လျှောက်ထားပန်ကြားသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှု ဒုစရိုက်တို့မှ ရှောင်ကြဉ်၍ မေတ္တာ၊ ကရုဏာကသော ဖြူစင်ကာချရော ပေးပါးကို ပွား များသောသူအား မိမိ၏ အပြစ်ကင်းစင်မှုကို ဆင်ခြင်သည့် ရှိသော ဝမ်းမြောက် ခြင်း၊ နှစ်သိမ့်ခြင်း၊ ကိုယ်ငြိမ်၍ချမ်း ခြင်း ဖြစ်၏။ ကိုယ်ငြိမ်းချမ်းခြင်းရှိသူသည် ချမ်းသာ ခြင်းကို ခံစားရ၏။ ချမ်းသာခြင်းရှိသူ၏စိတ် ပည် တည်ငြိမ်၏။ ဤသို့ တည်ငြိမ်မှုကိုရသည်ရှိသော် သင်သည် ယုံမှားခြင်းများကို လွန်မြောက်နိုင် ပေလိမ့်မည် ဟု ဗုဒ္ဓက ဟောကြားတော်မူသည်။

ပါဋလိယရွာသူကြီးသည် ဗုဒ္ဓ၏ဟောကြားချက်ကို နှစ်သက်၍ ဥပါသကာ အဖြစ် ခံယူသွားလေသည်။

# ၉။ အသင်္ခတသံယုတ်

[အသင်္ခတ တရားနှင့်စပ်သော ဟောကြားချက်များ]

## ၁၊ ပဌမဝဂ်

### ၁။ ကာယဂတာသတိသုတ်

[ကာယဂတာ သတိသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်ပုံ]

၃၆၆။ ရဟန်းတို့၊ ငါသည်သင်တို့အား ပြုလုပ်ဖန်တီး၍မရသော အသင်္ခတတရားကိုလည်းကောင်း၊ ထိုအသင်္ခတသို့ရောက်ကြောင်းဖြစ်သော တရားကိုလည်းကောင်း ဟောအံ့၊ သင်တို့နားယူကြကုန်လော။

ရဟန်းတို့၊ အသင်္ခတ တရားဟူသည် အဘယ်နည်းဆိုသော် ရာဂ၊ ဒေါသ၊ မောဟတို့၏ ကုန်ရာပင်ဖြစ်၏။ အသင်္ခတသို့ ရောက်ကြောင်းဟူသည် အဘယ်နည်း ဆိုသော် ကာယဂတာ သတိပင်ဖြစ်၏။

ရဟန်းတို့၊ ဤသို့လျှင် ငါသည် သင်တို့အား အသင်္ခတကိုလည်းကောင်း၊ အသင်္ခတသို့ ရောက်ကြောင်း ကိုလည်းကောင်း ဟောကြားအပ်ပြီး ဖြစ်၏။ တပည့်တို့၏ အကျိုးကို လိုလားသော ဆရာသည် ပြုသင့်ပြုထိုက်သော ကိစ္စကို ပြုအပ်ပြီးဖြစ်၏။ ရဟန်းတို့၊ သစ်ပင်ရင်းတို့သည် ရှိကုန်၏၊ ဆိတ်ငြိမ်ရာကျောင်းတို့သည် ရှိကုန်၏။ သင်တို့သည် တရားကို ရှုမှတ်ဆင်ခြင်ကြကုန်လော၊ မမေ့ကြကုန်လင့်။ နောင်တွင်မှ နှလုံးမသာမယာမဖြစ်ကြကုန်လင့်။ ဤကား သင်တို့အား ငါ၏ သွန်သင်ဆုံးမခြင်းပေတည်း။

၃၆၇။ သမထဝိပဿနာသုတ်၌ သမထ နှင့် ဝိပဿနာသည် အသင်္ခတသို့ ရောက်ကြောင်း ဖြစ်ကြောင်း ဟောသည်။

၃၆၈။ သဝိတက္က၊ သဝိစာရသုတ်၌ ဝိတက်၊ ဝိစာရနှင့် တကွ ဖြစ်သော သမာဓိ၊ ဝိတက်မရှိ ဝိစာရသာ ရှိသော သမာဓိ၊ ဝိတက်လည်းမရှိ ဝိစာရလည်း မရှိသော သမာဓိတို့သည် အသင်္ခတသို့ ရောက်ကြောင်း ဖြစ်ကြောင်း ဟောသည်။

၃၆၉။ သုညတ သမာဓိသုတ်၌ အတ္တမှ ကင်းဆိတ်သော သုညတသမာဓိ၊ နိစ္စ နိမိတ်မရှိသော အနိမိတ္တသမာဓိ၊ ရာဂဖြင့် တောင့်တခြင်း မရှိသော အပ္ပဏိဟိတ သမာဓိတို့သည် အသင်္ခတသို့ ရောက်ကြောင်း ဖြစ်ကြောင်း ဟောသည်။

၃၇၀-၃၇၆။ သတိပဋ္ဌာန သုတ်စသော (၇) သုတ်တို့၌ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့သည် အသင်္ခတသို့ ရောက်ကြောင်း ဖြစ်ကြောင်း ဟောသည်။

## ၂။ ဒုတိယဝဂ်

### [ နိဗ္ဗာန်-ပရိယာယ် (၃၃) ပုဒ်]

၃၇၇-၄၀၉။ အသင်္ခတ-အကြောင်း တရားများက ပြုလုပ်ဖန်တီး၍ မရသော တရား၊ အနတ-တဏှာဟူသော တိမ်းညွတ်ခြင်း မရှိရာ၊ အနာသဝ-အာသဝေါတရား လေးပါးကင်းရာ၊ သစ္စ-မှန်ကန်သောတရား၊ ပါရ- ဟိုဘက်ကမ်း၊ နိပုဏ-သိမ်မွေ့သော တရား၊ သုဒုဒ္ဒသ-အလွန်မြင်နိုင်ခဲသော တရား၊ အဇဇ္ဇရ-ဆွေးမြည့်ခြင်း မရှိသော တရား၊ ဓုဝ-ခိုင်မြဲသောတရား၊ အပလောကိတ ပျက်စီးခြင်း မရှိသောတရား၊ အနိဒဿန- မျက်စိဖြင့်မမြင်ရသောတရား၊ နိပ္ပပဉ္စ-ပပဉ္စတရား သုံးပါးမရှိရာ၊ သန္တ-ငြိမ်းချမ်းသောတရား၊ အမတ-သေခြင်း မရှိသောတရား၊ ပဏီတ၊ မွန်မြတ်သောတရား၊ သိဝ-

အေးချမ်းသော တရား၊ ခေမ-ဘေးကင်းသောတရား၊ တဏှက္ခယ-တဏှာကုန်ရာ၊ အစ္ဆရိယ-အံ့ချီးထိုက်သော တရား၊ အဗ္ဘုတ-တစုံ တခုသော အကြောင်းကြောင့် မဖြစ်ပေါ်ပဲလျက် ထင်ရှားရှိသောတရား၊ အနီတိက-ဆင်းရဲ မရှိသောတရား၊ အနီတိကဓမ္မ—ဆင်းရဲခြင်း သဘော မရှိသောတရား၊ နိဗ္ဗာန-ငြိမ်းအေးရာ၊ အဗျာပဇ္ဈ-ဆင်းရဲခြင်း မရှိရာ၊ ဝိရာဂ- ရာဂကင်းရာ၊ သုဒ္ဓိ-စင်ကြယ်သောတရား၊ ဝိမုတ္တိ-လွတ်မြောက်ရာ၊ အနာလယ-တပ်မြဲခြင်း မရှိရာ၊ ဒီပ-ကိုင်းကျွန်းသဖွယ်ဖြစ်သောတရား၊ လေဏ—ပုန်းအောင်းရာ ဖြစ်သောတရား။ တာဏ-စောင့်ရှောက်ရာ ဖြစ်သောတရား၊ သရဏ-ဘေးကို ဖျက်ဆီးတတ်သော တရား၊ ပရာယန-လဲလျောင်းရာ ဖြစ်သောတရား ဟူသော ပရိယာယ် ဝေါဟာရ (၃၃) ပုဒ်ဖြင့် နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားများကိုဟောသည်။ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားများမှာ အထက်သုတ်များတွင်ပါခဲ့သော ကာယဂတာသတိ၊ သမထ၊ ဝိပဿနာ စသည်တို့ပင် ဖြစ်သည်။

# ၁၀။ အဗျာကတ သံယုတ်

[အဗျာကတ တရားနှင့် စပ်သော ဟောကြားချက်များ]

## ၁။ ခေမာသုတ်

[ကောသလမင်း အမေးနှင့် ခေမာဘိက္ခုနီ၏အဖြေ]

၄၁၀။ ။အခါတပါး၌ ကောသလမင်းကြီးသည် သာကေတမြို့မှ သာဝတ္ထိမြို့တော်သို့ ပြန်လာစဉ် လမ်းခရီးအကြားရှိ တောရဏဝတ္ထုမြို့၌ တညတာ မျှတည်းခိုနေ၏။ ခေမာ အမည်ရှိသော ဘိက္ခုနီသည်လည်း ထိုမြို့၌ သီတင်းသုံးနေကြောင်း ကြားသိရသဖြင့် မင်းကြီးသည် ထိုဘိက္ခုနီထံ ချဉ်းကပ်၍ 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်ပါသလော၊ သေပြီးနောက်၌ မဖြစ်ပါသလော၊ သေပြီးနောက်၌ ဖြစ်သည်လည်း ဟုတ်၊ မဖြစ်သည်လည်း ဟုတ်ပါသလော၊ သေပြီးနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ပါသလော' ဟူသော ပြဿနာ လေးချက်ကို မေးလျှောက်၏။ ခေမာဘိက္ခုနီက 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏' စသည်ဖြင့် ဗုဒ္ဓက ဟောကြားခြင်း မပြုကြောင်းဖြေသည်။

"အဘယ်ကြောင့် ထိုသို့ ဟောကြားခြင်း မပြုပါသနည်း"ဟု မင်းကြီးက မေးလျှောက်သောအခါ ခေမာဘိက္ခုနီက အောက်ပါအတိုင်း ဖြေကြား၏။

မဟာသမုဒ္ဒရာ၌ ရှိသော သဲများကို ဤရွေ့ ဤမျှ ရှိ၏ဟု ရေတွက်ခြင်းငှာ မစွမ်းနိုင်၊ အဘယ်ကြောင့်ဆိုသော် အလွန်နက်သောကြောင့်ဖြစ်၏။ ထို့နည်းတူပင် မြတ်စွာဘုရားသည် သတ္တဝါဟူ၍ ပညတ်ကြောင်း ဖြစ်သော

ရုပ်ဝေဒနာစသည်တို့ကို အကြွင်းမဲ့ ပယ်ပြီးသူဖြစ်၏။ ဤသို့ ရုပ်ဝေဒနာစသော အဖို့အစုမှ လွတ်မြောက်ပြီးသူဖြစ်၍ မဟာသမုဒ္ဒရာကဲ့သို့ နက်နဲသော မြတ်စွာဘုရားအား 'သတ္တဝါသည် သေသည်မှ နောင်၌ဖြစ်၏။ မဖြစ်' စသော အယူများသို့ ကပ်ရောက်ခြင်း မရှိတော့ပေဟု ဖြေကြားလေသည်။

ကောသလမင်းကြီးသည် ခေမာ ဘိက္ခုနီ၏ အဖြေကို ကြားနာပြီးနောက်တွင် ဗုဒ္ဓထံ ချဉ်းကပ်၍ ထိုပြဿနာလေးချက်ကိုပင် မေးလျှောက်ပြန်၏။ ဗုဒ္ဓက ခေမာဘိက္ခုနီ နည်းတူပင် ဖြေကြား၏။ ထိုအခါ မင်းကြီးက ဗုဒ္ဓ၏ အဖြေနှင့် တပည့်ဖြစ်သော ခေမာ ဘိက္ခုနီ၏ အဖြေတို့မှာ သဒ္ဒါအားဖြင့် လည်းကောင်း၊ အနက်အားဖြင့် လည်းကောင်း တထပ်တည်း ကိုက်ညီနေသောကြောင့် အံ့ဩဖွယ် ကောင်းလှကြောင်း လျှောက်ကြားလေ၏။

## ၂။ အနုရာဓသုတ်

[ပရိဗိုဇ်တို့၏ အမေးနှင့် ရှင်အနုရာဓ၏ အဖြေ]

၄၁၁။ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်အနုရာဓသည် ဗုဒ္ဓအနီးရှိ တောကျောင်း၌နေ၏။ ထိုအခါ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ရှင်အနုရာဓထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်ကြ၏။

"ငါ့ရှင် အနုရာဓ၊ အမြတ်ဆုံး ပုဂ္ဂိုလ်တို့ ရောက်သင့် ရောက်ထိုက်သော တရားသို့ ရောက်ပြီးသည့် ယောကျ်ားမြတ်ဖြစ်သော သတ္တဝါကို 'သေပြီးနောက်၌ ဖြစ်၏။ သေပြီးနောက်၌မဖြစ်' စသော လေးပါးသောအကြောင်းတို့၌ မြတ်စွာဘုရားသည် ပညတ်ပါသလော"

ယောကျ်ားမြတ် ဖြစ်သော သတ္တဝါတို့ကို မြတ်စွာဘုရားသည် ထိုအကြောင်း လေးပါးတို့နှင့် ကင်း၍ ပညတ်ကြောင်း ရှင်အနုရာဓက ဖြေကြား၏။ ပရိဗိုဇ်တို့သည် 'ဤရဟန်းကား ရဟန်းသစ်သော်လည်းကောင်း၊ တတ်သိနားလည်မှု မရှိသော မထေရ်ကြီး သော်လည်းကောင်း ဖြစ်လိမ့်မည်' ဟု ဆိုကာ နေရာမှ ထသွားကြ၏။ ထိုအခါ ရှင်အနုရာဓအား 'အကယ်၍

ပရိဗိုဇ်တို့က ထုံပြုသနာကို ဆက်၍ မေးခဲ့သော် မြတ်စွာဘုရား၏ ဟော ကြားချက်နှင့် ကိုက်ညီအောင် ငါမည်သို့ ဖြေရမည်နည်း’ ဟု အကြံ ဖြစ် ပေါ်လာ၏။ ထို့ကြောင့် ရှင်အနုရာဓသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ထိုအကြောင်း ကို လျှောက်ကြားလေ၏။ ထိုအခါ ရုပ်ဝေဒနာ အစရှိသော တရားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများ ဖြစ်ကြောင်း၊ ရုပ်ဝေဒနာ အစရှိသော တရားတို့ကိုလည်းကောင်း၊ ယင်းတို့နှင့် ကင်း၍လည်းကောင်း သတ္တဝါဟု မရှုသင့်ကြောင်း၊ ဤသို့ သတ္တဝါဟူသည်ကို အစစ်အမှန်အားဖြင့် ရှာ၍မရ အပ်ပါပဲလျက် ‘အမြတ်ဆုံး ယောကျ်ား ဖြစ်သော သတ္တဝါကို သေပြီး နောက် ဖြစ်၏။ သေပြီးနောက် မဖြစ် စသော အကြောင်း လေးပါးတို့နှင့် ကင်း၍ မြတ်စွာဘုရားသည် ပညတ်၏’ဟု ဖြေခြင်းသည် မသင့်လျော်ကြောင်း ဗုဒ္ဓက မိန့်ကြားတော်မူသည်။ ‘အနုရာဓ၊ ငါသည် ရှေးအခါ၌ လည်း ကောင်း၊ ယခုအခါ၌ လည်းကောင်း ဒုက္ခနှင့် ဒုက္ခ ချုပ်ငြိမ်းခြင်းကိုသာ ပညတ်သည်’ ဟူ၍လည်း နိဂုံးချုပ်စကား မိန့်ကြားတော်မူသည်။

၃။ ပဌမ သာရိပုတ္တ ကောဋ္ဌိက သုတ်

[ရှင်ကောဋ္ဌိက၏ အမေးနှင့် ရှင်သာရိပုတ္တရာ၏ အဖြေ]

၄၁၂။ အခါတပါး၌ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိက တို့သည် ဗာရာဏသီပြည် ဣသိပတန၊ မိဂဒါဝုန်တော၌ သီတင်းသုံးနေကြ၏။ ထိုအခါ ရှင်မဟာကောဋ္ဌိက သည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ ‘သတ္တဝါသည် သေ ပြီးနောက်၌ ဖြစ်ပါသလော၊ မဖြစ်ပါသလော’ စသော မေးခွန်း လေးရပ်ကို မေးလျှောက်၏။ ရှင်သာရိပုတ္တရာက ‘သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏ ဟူ၍လည်းကောင်း၊ မဖြစ် စသည်ဖြင့်လည်းကောင်း မဟော၊ အဘယ်ကြောင့် ဆိုသော် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်မျှသာဖြစ်သောကြောင့် တည်း’ ဟု ဖြေကြားလေသည်။

၄၁၃။ ဒုတိယ သာရိပုတ္တ ကောဋ္ဌိကသုတ်၌ ‘သတ္တဝါသည် သေပြီး နောက်၌ ဖြစ်ပါသလော၊ မဖြစ်ပါသလော’ စသော မေးခွန်း လေးရပ်ကို ရှင်မဟာ ကောဋ္ဌိက က မေးသည်။ ထိုအကြောင်းများကို မြတ်စွာဘုရားက

မဟောကြားခဲ့၊ အဘယ်ကြောင့် ဆိုသော် ရုပ် ဝေဒနာ စသည်တို့ကိုလည်း ကောင်း၊ ယင်းတို့၏ဖြစ်ကြောင်း၊ ယင်းတို့၏ ချုပ်ရာ၊ ထိုချုပ်ရာသို့ ရောက်ကြောင်း အကျင့်တို့ကိုလည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ မသိသူအားသာလျှင် 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏၊ သေပြီးနောက်၌မဖြစ်' စသော အယူများသည် ဖြစ်၏။ ထိုအကြောင်းများကို ဟုတ်တိုင်းမှန်စွာသိသူအား ထိုအယူများသည် မဖြစ်တော့သောကြောင့်ပင်တည်း ဟု ရှင်သာရိပုတ္တရာအား ဖြေလေသည်။

၄၁၄။ တတိယ သာရိပုတ္တ ကောဋ္ဌိကသုတ်၌ အထက်ပါမေးခွန်းလေးရပ်ကို ပင် ရှင်မဟာကောဋ္ဌိက က မေး၏။ ရုပ်ဝေဒနာ စသည်တို့၌ တပ်စွန်းခြင်း ရှိသူအားသာလျှင် 'သတ္တဝါသည် သေပြီး နောက်၌ ဖြစ်၏၊ သေပြီးနောက်၌ မဖြစ်၊ စသောအယူများသည် ဖြစ်၏။ တပ်စွန်းခြင်း ကင်းသူအား ထိုအယူများသည် မဖြစ်၊ ထို့ကြောင့် 'သတ္တဝါသည် သေပြီးနောက်၌ဖြစ်၏၊ သေပြီးနောက်၌ မဖြစ်၊ စသည်ဖြင့် မြတ်စွာဘုရားကမဟောကြားခဲ့ခြင်းဖြစ်ပါသည်' ဟု ရှင်သာရိပုတ္တရာအား ဖြေလေသည်။

## ၆။ စတုတ္ထ သာရိပုတ္တ ကောဋ္ဌိကသုတ်

### [ရှင်သာရိပုတ္တရာ၏ အမေးနှင့် ရှင်ကောဋ္ဌိက ၏ အဖြေ]

၄၁၅။ အထက်ပါ မေးခွန်းလေးရပ်ကိုပင် ရှင်သာရိပုတ္တရာ က ရှင်မဟာ ကောဋ္ဌိက အား ပြန်မေးသည်။ ရုပ်ဝေဒနာစသည်တို့၌ နှစ်သက်ပျော်မွေ့၍ ယင်းတို့၏ ချုပ်ရာကို ဟုတ်တိုင်းမှန်စွာ မသိမမြင်သူအားသာလျှင် 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏၊ သေပြီး နောက်၌ မဖြစ်' စသော အယူများသည် ဖြစ်၏။ ရုပ်ဝေဒနာစသည်တို့၌ နှစ်သက်ပျော်မွေ့ခြင်း မရှိသည်ဖြစ်၍ ယင်းတို့၏ ချုပ်ရာကို ဟုတ်တိုင်းမှန်စွာ သိမြင်သူအား ထိုအယူများသည် မဖြစ်၊ ထို့ကြောင့် သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏၊ သေပြီးနောက်၌ မဖြစ်၊ စသည်ဖြင့် မြတ်စွာဘုရားက မဟောကြားခဲ့ခြင်း ဖြစ်ပါသည်' ဟု ရှင်မဟာ ကောဋ္ဌိက က ဖြေလေသည်။

ဘ၀၊ ဥပါဒါန်၊ တဏှာ တို့ဖြင့်လည်း အထက်ပါနည်းတူပြေ၏။ 'တဏှာ ကုန်ရာ နိဗ္ဗာန်၌ သက်ဝင်သောစိတ် ရှိသော ရဟန်းအားမူ ပညတ်ပြောဆိုရန် သံသရာဝဋ် မရှိတော့ပါ' ဟုလည်း ရှင်မဟာကောဋ္ဌိက က ပြောဆိုလေသည်။

## ၇။ မောဂ္ဂလ္လာနသုတ်

[ဝစ္ဆဂေါတ္တ ပရိဗိုဇ်၏ အမေးနှင့် ရှင်မောဂ္ဂလ္လာန်၏ အဖြေ]

၄၁၆။ ဝစ္ဆဂေါတ္တပရိဗိုဇ်က ရှင်မောဂ္ဂလ္လာန်အား 'လောကသည်မြဲသလော၊ လောကသည် မမြဲသလော' စသော ပြဿနာဆယ်ခုကို မေး၏။ ထိုပြဿနာဆယ်ခုကို ဗုဒ္ဓက ဟောကြားခြင်းမပြုဟု ရှင်မောဂ္ဂလ္လာန်က ဖြေသည်။ အဘယ်ကြောင့် အယူတပါးရှိသော ပရိဗိုဇ်တို့အား 'လောကသည်မြဲ၏၊ လောက သည် မမြဲ' စသည်ဖြင့် ပြောဆိုခြင်းသည် ဖြစ်ပါသနည်း' ဟု ဝစ္ဆဂေါတ္တ ပရိဗိုဇ်က တဖန်မေးသည်။ အယူတပါးရှိသော ပရိဗိုဇ်တို့သည် မျက်စိ၊ နား၊ စသည်တို့ကို ငါဟာ၊ ငါ၊ ငါ၏ကိုယ် ဟူ၍ ရှုမြင်ခြင်းကြောင့် ထိုကဲ့သို့ ပြောဆိုခြင်းသည် ဖြစ်၏'ဟု ရှင်မောဂ္ဂလ္လာန်က ဖြေလေသည်။

ထို့နောက် ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဗုဒ္ဓထံ၌လည်း အထက်ပါမေးခွန်းကို မေးလျှောက်၏။ ဗုဒ္ဓက ရှင်မောဂ္ဂလ္လာန်နည်းတူပင် ဖြေကြား၏။ ထိုအခါ ဆရာနှင့် တပည့်တို့၏ အဖြေများမှာ တထပ်တည်း တူညီနေသဖြင့် အံ့ဩဖွယ် ကောင်းလှပေသည်ဟု ဝစ္ဆဂေါတ္တ ပရိဗိုဇ်က ချီးကျူးလေသည်။

## ၈။ ဝစ္ဆဂေါတ္တသုတ်

[ဝစ္ဆဂေါတ္တ ပရိဗိုဇ်၏ အမေးနှင့် ဗုဒ္ဓ၏ အဖြေ]

၄၁၇။ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ 'လောကသည်မြဲသလော၊ လောကသည် မမြဲသလော' စသော ပြဿနာဆယ်ခုကို မေး၏။ ဗုဒ္ဓက မိမိ သည် ထိုအချက်များကို ဟောကြားခြင်းမပြုဟု ဖြေသည်။ အယူတပါးရှိ သော ပရိဗိုဇ်တို့က ထိုအချက်များကို ဟောကြားပါကုန်လျက် အရှင်ဂေါတမ က အဘယ့်ကြောင့် ထိုအချက်များကို ဟောကြားခြင်း မပြုပါသနည်း' ဟု ဝစ္ဆဂေါတ္တက မေးလျှောက်ပြန်၏၊ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ရုပ်

ဝေဒနာ စသည်တို့ကို အတ္တ စသောအားဖြင့် ရှုကြကုန်၏။ ထို့ကြောင့် ပရိဗိုဇ်တို့အား 'လောကသည် မြဲ၏၊ လောကသည်မမြဲ' စသောအားဖြင့် ပြောဆိုခြင်းသည် ဖြစ်၏။ မြတ်စွာဘုရားသည်ကား ရုပ် ဝေဒနာစသည်တို့ကို အတ္တ စသောအားဖြင့် မရှုခြင်းကြောင့် ထိုကဲ့သို့ ပြောဆိုခြင်းသည် မဖြစ်ဟု ဗုဒ္ဓက ဖြေဆိုသည်။

ထိုနောက် ဝစ္ဆဂေါတ္တသည် ရှင်မောဂ္ဂလ္လာန်ထံ၌လည်း အဆက်ပါ ပြဿနာတို့ကို မေးပြန်၏။ ရှင်မောဂ္ဂလ္လာန်ကလည်း ဗုဒ္ဓနည်းတူပင်ဖြေ၏။ ထိုအခါ ဆရာနှင့်တပည့်တို့၏ အဖြေများမှာ တထပ်တည်း တူနေသဖြင့် အံ့ဩဖွယ် ကောင်းလှပါသည်ဟု ဝစ္ဆဂေါတ္တ ပရိဗိုဇ်က ချီးကျူးလေသည်။

## ၉။ ကုတူဟလသာလသုတ်

[အစည်းအဝေး ဇရပ်၌ ပေါ်သောပြဿနာ]

၄၁၈။ အခါတပါး၌ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ လျှောက်ကြား၏။

''အရှင်ဂေါတမ၊ လွန်ခဲ့သော နေ့များက အထူးအဆန်းကို ပြောဆိုရာ ဇရပ်၌ စုဝေးနေကြသည့် အယူဂါဒ အမျိုးမျိုး ရှိသော ရဟန်းပုဏ္ဏားပရိဗိုဇ်တို့၏ ကြား၌ စကားတရပ် ဖြစ်ပေါ်ခဲ့ပါသည်။ ပူရဏကဿပ၊ မက္ခလိဂေါသာလ စသည့် ထင်ရှားသော ဂိုဏ်းဆရာကြီးများသည် ကွယ်လွန်သွားသည့် တပည့်များကိုလည်းကောင်း၊ အထွတ်အထိပ်သို့ ရောက်၍ ကွယ်လွန်သွားသည့် တပည့်များကိုလည်းကောင်း 'ဤသူသည် ဤဘုံ၌ဖြစ်၏။ ဤသူသည် ဤဘုံ၌ဖြစ်၏' ဟူ၍ ဖြစ်ရာဘဝကို ဟောကြားလေ့ ရှိကြပါသည်။ ရဟန်းဂေါတမသည်ကား ကွယ်လွန်သွားသည့် အခြားတပည့်များကို 'ဤသူသည် ဤဘုံ၌ဖြစ်၏။ ဤသူသည် ဤဘုံ၌ ဖြစ်၏' ဟု ပြောကြားလေ့ ရှိသော်လည်း အထွတ်အထိပ်သို့ ရောက်၍ ယောကျ်ားမြတ် ဖြစ်သော တပည့်ကိုမူ ထိုကဲ့သို့ ပြောကြားလေ့ မရှိပါ။ တဏှာကို ဖြတ်ပြီးပြီ၊ သံယောဇဉ်ကို ပြန်လှည့်ပြီးပြီ၊ မာနကို ကောင်းစွာ ထိုးထွင်း၍ သိခြင်းကြောင့် ဒုက္ခ၏ အဆုံးကို ပြုပြီးပြီ' ဟူ၍သာ ပြောကြားလေ့ ရှိပါသည်။ ဤသို့လျှင် ရဟန်း ပုဏ္ဏား ပရိဗိုဇ်တို့၏ ကြား၌ စကားတရပ် ဖြစ်ပေါ်ခဲ့ပါ

သည်။ 'ရဟန်း ဂေါတမ သိအပ်သော တရားကား အဘယ်သို့ပါနည်း' ဟူ၍ ကျွန်ုပ်အား တွေးတောယုံမှားခြင်း ဖြစ်ပေါ်ခဲ့ပါသည်''

''ဤသို့ ဝစ္ဆဂေါတ္တက လျှောက်ကြည့်သောအခါ အောက်ပါအတိုင်း မိန့်ကြားသည်။

''အချင်း ဝစ္ဆ၊ သင်သည် တွေးတော ယုံမှားသင့်ပေ၏။ တွေးတော ယုံမှားသင့်သော အရာ၌ သင့်အား ယုံမှားခြင်းသည် ဖြစ်ခဲ့၏။ အချင်း ဝစ္ဆ၊ ငါသည် စွဲလမ်းခြင်း ရှိသူအား ဘဝ၌ ဖြစ်ခြင်းကို ဟောကြား၏။ စွဲလမ်းခြင်း မရှိသူအား ဘဝ၌ ဖြစ်ခြင်းကို ငါမဟော။ ဥပမာ မီးသည် လောင်စာရှိသော် တောက်၏။ လောင်စာမရှိသော် မတောက်သကဲ့သို့ ဖြစ်၏''

''အရှင်ဂေါတမ လေတိုက်၍ အဝေးသို့ လွင့်သွားသော မီးတောက်ကို အဘယ်သို့သော လောင်စာကြောင့်ဟု ပညတ်ပါသနည်း''

''အချင်းဝစ္ဆ၊ လေတိုက်၍ အဝေးသို့ လွင့်သွားသော မီးတောက်သည် လေဟူသော လောင်စာ ရှိ၏'' ဟု ငါပညတ်၏။ ဝစ္ဆ၊ မှန်၏။ ထိုအခါ၌ လေသည် ထိုမီး၏ လောင်စာဖြစ်၏''

''အရှင် ဂေါတမ၊ ဤကိုယ်ကောင်ကို ပစ်ချပြီး တစုံတခုသော ကိုယ်သို့ မကပ်ရောက်သော သတ္တဝါအား အဘယ်သို့သော စွဲလမ်းခြင်းကြောင့်ဟု ပညတ်ပါသနည်း''

''အချင်း ဝစ္ဆ၊ ထိုသတ္တဝါအား တဏှာဟူသော စွဲလမ်းခြင်းကြောင့်ဟု ငါ ပညတ်၏။ မှန်၏၊ ထိုသတ္တဝါအား ထိုအချိန်၌ တဏှာသည် စွဲလမ်းခြင်းဖြစ်၏''

## ၁၀။ အာနန္ဒသုတ်

[ ရှင်အာနန္ဒာ၏ အမေးနှင့် ဗုဒ္ဓ၏အဖြေ ]

၄၁၉။ အခါတပါး၌ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'အတ္တသည် ရှိပါသလော' ဟု မေးရာ ဗုဒ္ဓက ဆိတ်ဆိတ်နေ၏။ 'အတ္တသည် မရှိပါသလော' ဟု မေးသောအခါလည်း ဆိတ်ဆိတ်ပင်နေ၏။ ဝစ္ဆဂေါတ္တ

ထွက်ခွာသွားသောအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓအား 'အဘယ်ကြောင့် ဝစ္ဆဂေါတ္တ၏ အမေးကို မဖြေကြားပါသနည်း'' ဟု မေးလျှောက်၏။

ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

''အာနန္ဒာ၊ အတ္တသည် ရှိ၏ဟု ဖြေခဲ့သော် ငါ၏ အဖြေသည် သဿတ အယူရှိသူတို့နှင့် တူရာ၏၊ အတ္တသည် မရှိဟု ဖြေခဲ့သော် ငါ၏ အဖြေသည် ဥစ္ဆေဒအယူ ရှိသူတို့နှင့် တူရာ၏။ ထို့ပြင် အတ္တသည် ရှိ၏ဟု ဖြေခဲ့သော် ငါ၏အဖြေသည် 'အလုံးစုံသော တရားတို့သည် အနတ္တဖြစ်ကုန်၏' ဟူ၍ အသိဉာဏ်ဖြစ်ခြင်းငှာ မလျော်သည် ဖြစ်ရာ၏။ အတ္တသည် မရှိဟု ဖြေခဲ့သော် ဝစ္ဆဂေါတ္တအား 'ငါ၏ အတ္တသည် ရှေးကရှိခဲ့ပြီး ယခုမရှိတော့ပြီလော' ဟူ၍ အလွန်အကဲ တွေဝေခြင်းငှာ ဖြစ်ရာ၏''

## ၁၁။ သဘိယကစ္စာနသုတ်

[ ဝစ္ဆဂေါတ္တ၏ အမေးနှင့် ရှင်သဘိယ၏ အဖြေ ]

၄၂၀။ အခါတပါး၌ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဉာတိကရွာအုတ်ကျောင်း၌ သီတင်းသုံးနေသော ရှင်သဘိယထံ ချဉ်းကပ်၍ 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်ပါသလော' စသော မေးခွန်းလေးရပ်ကို မေးလျှောက်၏၊ ရှင်သဘိယက 'သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏' စသည်ဖြင့် မြတ်စွာဘုရားသည် မဟော ပါဟု ဖြေ၏။ 'အဘယ်ကြောင့် ထိုသို့ မဟောပါသနည်း' ဟု မေးသောအခါ ရုပ်ရှိသူ၊ ရုပ်မရှိသူ၊ သညာရှိသူ၊ သညာမရှိသူ၊ သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်သူ ဟူ၍ ပညတ်ခြင်း၏ အကြောင်းသည် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခဲ့သော် ထိုသို့ ပညတ်ဖွယ်မရှိတော့ကြောင်း ရှင်သဘိယက ဖြေကြား၏၊ ထိုအခါ 'သုံးဝါမျှသာ ရသေးသော ရှင်သဘိယသည်ပင်လျှင် ဤမျှ ဖြေနိုင်သေး၏။ သူ့ထက်သာလွန်သော ရဟန်းများကား ဆိုဖွယ် မရှိတော့ချေ' ဟူ၍ ဝစ္ဆဂေါတ္တက ချီးကျူး စကားပြောဆို သွားလေသည်။



# သံယုတ္တ နိကာယ်

# ၅။ မဟာဝဂ်

# ၁။ မဂ္ဂသံယုတ်

[မဂ္ဂင်ရှစ်ပါးနှင့်စပ်သော ဟောကြားချက်များ]

## ၁။ အဝိဇ္ဇာဝဂ်

### ၁။ အဝိဇ္ဇာသုတ်

[အကုသိုလ်တရားများ အဝိဇ္ဇာရှေ့သွားရှိပုံ]

၁။ ရဟန်းတို့၊ မသိခြင်း အဝိဇ္ဇာသည် အကုသိုလ်တရားများဖြစ်ရန်ရှေ့ပြေး ဖြစ်၏။ မရှက်ခြင်း၊ မကြောက်ခြင်းတို့သည် နောက်လိုက်မျှသာ ဖြစ်ကုန်၏။ ရဟန်းတို့၊ အဝိဇ္ဇာ ကပ်ရောက်နေသည့် ပညာမဲ့သူအား မှားသော အမြင်သည် ဖြစ်၏။ မှားသောအမြင်ရှိသူ အား မှားသော ကြံစည်ခြင်းသည်ဖြစ်၏။ မှားသော ကြံစည်ခြင်းရှိသူအား မှားသော ပြောဆိုခြင်းသည်ဖြစ်၏။ မှားသော ပြောဆိုခြင်း ရှိသူအား မှားသော ပြုလုပ်ခြင်းသည် ဖြစ်၏။ မှားသော ပြုလုပ်ခြင်း ရှိသူအား မှားသော အသက်မွေးခြင်းသည်ဖြစ်၏။ မှားသောအသက်မွေးခြင်း ရှိသူအား မှားသော အားထုတ်ခြင်းသည် ဖြစ်၏။ မှားသော အားထုတ်ခြင်း ရှိသူအား မှားသောသတိရခြင်းသည် ဖြစ်၏။ မှားသောသတိရခြင်းရှိသူအား မှားသော တည်ကြည်ခြင်းသည်ဖြစ်၏။

ရဟန်းတို့၊ အသိဥာဏ်ဝိဇ္ဇာသည်ကား ကုသိုလ်တရားများဖြစ်ရန် ရှေ့ပြေး ဖြစ်၏။ ရှက်ခြင်း၊ ကြောက်ခြင်း တို့ကား နောက်လိုက်မျှသာ ဖြစ်ကုန်၏။ ရဟန်းတို့၊ အသိဉာဏ်ဝိဇ္ဇာ ကပ်ရောက်နေသည့် ပညာရှိသူအား မှန်သောအမြင် သည် ဖြစ်၏။ မှန်သောအမြင်ရှိသူအား မှန်သော ကြံစည်ခြင်းသည် ဖြစ်၏။

“အရှင်ဘုရား၊ အယူတပါးရှိသော ပရိဗိုဇ်တို့က တပည့်တော်တို့အား ‘သင်တို့သည် အဘယ်အကျိုးကို လို၍ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးကြပါသနည်း’ ဟု မေးကြပါသည်။ ထိုအခါ တပည့်တော်တို့က ဒုက္ခကို ပိုင်းခြား သိလို၍ အကျင့်မြတ်ကို တပည့်တော်တို့ ကျင့်သုံးခြင်း ဖြစ်ကြောင်း ဖြေကြားကြပါသည်။ ယင်းသို့ ဖြေကြားခြင်းသည် မြတ်စွာဘုရား၏ ဟောကြားချက်နှင့် လျော်ညီပါ၏လော”

ထိုရဟန်းတို့အား ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားလေသည်။

“ရဟန်းတို့၊ သင်တို့၏ အဖြေသည် ငါဘုရား၏ ဟောကြားချက်နှင့် လျော်ညီပေ၏။ ရဟန်းတို့၊ တပါးသော အယူရှိသော ပရိဗိုဇ်တို့က ‘ဒုက္ခကို ပိုင်းခြား၍ သိရန်အကျင့် လမ်းစဉ်သည် ရှိပါ၏လော’ ဟု မေးခဲ့သော် ‘ရှိ၏’ ဟု ဖြေကြားကြကုန်လော၊ ရဟန်းတို့၊ ဒုက္ခကို ပိုင်းခြား၍ သိရန်အကျင့် လမ်းစဉ်ဟူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ပင် ဖြစ်ပေ၏”

## ၆။ ပထမအညတရ ဘိက္ခုသုတ်

[ရဟန်းတပါး၏ အမေးကို ဖြေခြင်း]

၆။ ရဟန်းတပါးက ‘အရှင်ဘုရား၊ အကျင့်မြတ်ဟူသည် အဘယ်ပါနည်း၊ အကျင့်မြတ်၏ အဆုံးကား အဘယ်ပါနည်း’ ဟု မေးလျှောက်၏။ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

“ရဟန်း၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်သည် အကျင့်မြတ် ဖြစ်၏။ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ဖျောက်ခြင်းသည် အကျင့်မြတ်၏ အဆုံးဖြစ်ပေ၏။

## ၇။ ဒုတိယအညတရဘိက္ခုသုတ်

[ရဟန်းတပါး၏ အမေးကို ဖြေခြင်း]

၇။ ‘အရှင်ဘုရား၊ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ဖျောက်ခြင်းဟူသည် အဘယ်တရား၏ အမည်ဖြစ်ပါသနည်း”

"ရဟန်း၊ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ဖျောက်ခြင်း ဟူသည် နိဗ္ဗာနဓာတ်၏ အမည်ဖြစ်၏။ အာသဝတို့၏ ကုန်ခြင်းကို ဆိုအပ်၏"

"အရှင်ဘုရား၊ သေခြင်းကင်းသော တရားဟူသည် အဘယ်ပါနည်း၊ သေခြင်းကင်းရာသို့ ရောက်ကြောင်း လမ်းဟူသည် အဘယ်ပါနည်း"

"ရဟန်း၊ ရာဂ၊ ဒေါသ၊ မောဟတို့၏ ကုန်ရာကို သေခြင်းကင်းသော တရားဟု ဆိုအပ်၏။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်သည် သေခြင်းကင်းရာသို့ ရောက်ကြောင်း လမ်းဖြစ်၏။

## ဂ။ ဝိဘင်္ဂသုတ်

[အရိယမဂ်ကို အကျယ်ဝေဖန်၍ ဟောကြားခြင်း]

ဂ။ ရဟန်းတို့၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ဟူသည် အဘယ်နည်း ဆိုသော် မှန်သောအမြင်၊ မှန်သောကြံစည်ခြင်း၊ .... မှန်သော တည်ကြည်ခြင်း တို့ဖြစ်၏။ ရဟန်းတို့၊ မှန်သောအမြင် ဟူသည် အဘယ်နည်းဆိုသော် ဒုက္ခ၌ သိခြင်း၊ ဒုက္ခဖြစ်ကြောင်း၌ သိခြင်း၊ ဒုက္ခချုပ်ရာ၌ သိခြင်း၊ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိခြင်းတို့ဖြစ်၏။

ရဟန်းတို့၊ မှန်သော ကြံစည်ခြင်းဟူသည် အဘယ်နည်း ဆိုသော် ထွက်မြောက်ရေးနှင့် ယှဉ်သော ကြံစည်ခြင်း၊ မပျက်စီးရေးနှင့် ယှဉ်သောကြံစည်ခြင်း၊ မညှဉ်းဆဲရေးနှင့် ယှဉ်သော ကြံစည်ခြင်းတို့ဖြစ်၏။

ရဟန်းတို့၊ မှန်သော ပြောဆိုခြင်း ဟူသည် အဘယ်နည်း ဆိုသော် လိမ်ပြောခြင်း၊ ကုန်းချောခြင်း၊ ကြမ်းတမ်းစွာ ပြောခြင်း၊ သိမ်ဖျင်းစွာ ပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။

ရဟန်းတို့၊ မှန်သော ပြုလုပ်ခြင်း ဟူသည် အဘယ်နည်းဆိုသော် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ မေထုန်မှီဝဲခြင်းတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။

ရဟန်းတို့၊ မှန်သောအသက်မွေးခြင်းဟူသည် အဘယ်နည်း ဆိုသော် မှားသော အသက်မွေးခြင်းကို ပယ်၍ မှန်သောအသက်မွေးခြင်းဖြင့် အသက်မွေးမှုပြုခြင်းပင် ဖြစ်၏။

ရဟန်းတို့၊ မှန်သော အားထုတ်ခြင်း ဟူသည် အဘယ်နည်း ဆိုသော် မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပေါ်လာသော အကုသိုလ်တရားများကို ပယ်ရှားရန် အားထုတ်ခြင်း၊ မဖြစ်ပေါ်သေးသောကုသိုလ် တရားများဖြစ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ တည်တံ့တိုးပွားစေရန် အားထုတ်ခြင်းတို့ ဖြစ်၏။

ရဟန်းတို့၊ မှန်သော သတိရခြင်းဟူသည် အဘယ်နည်းဆိုသော် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်နေခြင်း၊ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက်နေခြင်း၊ စိတ်၌ စိတ်ဟု အဖန်ဖန် ရှုလျက်နေခြင်း၊ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက် နေခြင်းတို့ဖြစ်၏။

ရဟန်းတို့၊ မှန်သော တည်ကြည်ခြင်း ဟူသည် အဘယ်နည်း ဆိုသော် ကာမအာရုံနှင့် ကိလေသာတို့မှ ကင်းဆိတ်သည် ဖြစ်၍ ထေပကျန် အစ ရှိသော စျာန်တို့ကို ဝင်စား၍ နေခြင်းပင်ဖြစ်၏။

## ၉။ သုကသုတ်

[အမြိုယ်မင်သည် စပါးဆူးနှင့် တူကြောင်း]

၉။ ရဟန်းတို့၊ မကောင်းသဖြင့် ထားအပ်သော (လှဲ၍ထားအပ်သော) သလေးစပါး ဆူး၊ သို့မဟုတ် မုယောစပါး ဆူးသည် လက်ခြေတို့ဖြင့် ဖိနင်းမိသည်ရှိသော် လက်ခြေကို စူးရှစေရန်၊ သွေးထွက်စေရန် အကြောင်း မရှိ။ အဘယ့်ကြောင့် ဆိုသော် မကောင်းသဖြင့် ထားအပ်သောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ထိုနည်းတူပင် မကောင်းသဖြင့် ထားအပ်သော အယူ၊ မကောင်းသဖြင့် ထားအပ်သော မဂ်ကို ပွားခြင်းဖြင့် အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာကို ဖြစ်စေရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကြောင်း မရှိ၊ အဘယ့်ကြောင့် ဆိုသော် အယူကို မကောင်းသဖြင့် ထားအပ်သော ကြောင့် ဖြစ်၏။

ရဟန်းတို့၊ ကောင်းစွာထားအပ်သော (ထောင်၍ထားအပ်သော) သလေးစပါး၊ သို့မဟုတ် မုယောစပါး၊ ဆူးသည် လက်ခြေတို့ဖြင့် ဖိနင်းသည်ရှိသော် လက်ခြေကို စူးရှစေရန်၊ သွေးထွက်စေရန် အကြောင်း ရှိ၏။ အဘယ့်ကြောင့်

ဆိုသော် ကောင်းစွာ ထားအပ်သောကြောင့် ဖြစ်၏။ ရဟန်းတို့ ထိုနည်း တူပင် ရဟန်းသည် ကောင်းစွာ ထားအပ်သော အယူ၊ ကောင်းစွာ ထား အပ်သော မဂ်ကို ပွားခြင်းဖြင့် အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာကို ဖြစ်စေ ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကြောင်းရှိ၏။ အဘယ့်ကြောင့်ဆိုသော် အယူကို ကောင်းစွာ ထားအပ်သောကြောင့် ဖြစ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ကောင်းစွာ ထားအပ်သော အယူ၊ ကောင်းစွာထားအပ်သော မဂ်ကို ပွားခြင်းဖြင့် အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာဖြစ်စေသနည်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းတပါးသည် ကိလေသာ ကင်းဆိတ်ရေး၊ တပ်မက်မှုကင်းရေး၊ ကိလေသာ ချုပ်ငြိမ်းရေးကို မှီသော၊ စွန့်လွှတ်မှုကို ကိုင်းညွတ်သော သမ္မာ ဒိဋ္ဌိကို ပွားစေ၏။ သမ္မာသမာဓိကိုပွားစေ၏။ ....သမ္မာသမာဓိကို ပွားစေ၏။ ဤသို့လျှင် ရဟန်းသည်ကောင်းစွာ ထားအပ်သော အယူ၊ ကောင်းစွာ ထားအပ်သော မဂ်ကို ပွားခြင်းဖြင့် အဝိဇ္ဇာကို ဖောက်ခွဲ၍ဝိဇ္ဇာကို ဖြစ် စေ၏။နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

## ၁၀။ နန္ဒိယသုတ်

[နန္ဒိယပရိဗိုဇ်အား ဟောကြားချက်]

၁၀။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် နန္ဒိယ မည် သော ပရိဗိုဇ်က မေးလျှောက်သဖြင့် ဖြေကြားသော သုတ်ဖြစ်၏။

"အရှင် ဂေါတမ၊ အဘယ်မျှသော တရားတို့သည် ပွားများလေ့ကျက် အပ်သည်ရှိသော် နိဗ္ဗာန်သို့ရောက်စေပါကုန်သနည်း၊ နိဗ္ဗာန်လျှင် အဆုံးရှိ ပါကုန်သနည်း"

"နန္ဒိယ၊ ရှစ်ပါးသော တရားတို့သည် ပွားများ လေ့ကျက် အပ်သည် ရှိသော် နိဗ္ဗာန်သို့ ရောက်စေကုန်၏။ နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ ထိုရှစ်ပါး ကား သမ္မာဒိဋ္ဌိ....သမ္မာသမာဓိတို့ဖြစ်၏။

## ၂။ ဝိဟာရ ဝဂ်

### ၁။ ပထမ ဝိဟာရသုတ်

[တပါးတည်း ကင်းဆိတ်စွာ နေခြင်း]

၁၁။ အခါတပါး၌ ဗုဒ္ဓသည် ဆွမ်းကပ်သော ရဟန်းမှတပါး အခြားမည်သူနှင့်မျှ အတွေ့မခံပဲ လဝက် ပတ်လုံး တပါးတည်း ကင်းဆိတ်စွာနေတော်မူ၏[၁]။ ထို့နောက် ယင်းသို့ ကင်းဆိတ်စွာ နေခြင်းမှ ထတော်မူသောအခါ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ငါသည် ဘုရားဖြစ်စ အချိန်က နေခဲ့သော နေခြင်း၏ တစိတ်တဒေသဖြင့် နေခဲ့၏[၂]။ ထိုငါသည် ဤသို့ သိမြင်၏။ မိစ္ဆာဒိဋ္ဌိ ဟူသော အကြောင်းကြောင့်လည်း ခံစားခြင်း ဝေဒနာသည် ဖြစ်၏။ သမ္မာဒိဋ္ဌိ ဟူသော အကြောင်းကြောင့်လည်း ခံစားခြင်းသည် ဖြစ်၏။ မိစ္ဆာ သမာဓိဟူသော အကြောင်း ကြောင့်လည်း ခံစားခြင်းသည်ဖြစ်၏။ သမ္မာသမာဓိ ဟူသော အကြောင်းကြောင့်လည်း ခံစားခြင်းသည် ဖြစ်၏။ ဆန္ဒ၊ ဝိတက်၊ သညာ ဟူသော အကြောင်းများကြောင့်လည်း ခံစားခြင်းသည် ဖြစ်၏။ ဆန္ဒ၊ ဝိတက်၊ သညာတို့ မငြိမ်းခြင်းဟူသော အကြောင်းကြောင့်လည်း ခံစားခြင်းသည် ဖြစ်၏၊ ယင်းတို့ ငြိမ်းခြင်းဟူသော အကြောင်း ကြောင့်လည်း ခံစားခြင်းသည် ဖြစ်၏။ မရောက်သေးသော တရားသို့ ရောက်ရန် အားထုတ်ခြင်းသည် ရှိ၏။ ထိုတရားသို့ ရောက်သည်ရှိသော် ထိုတရား ဟူသောအကြောင်းကြောင့်လည်း ခံစားခြင်းသည် ဖြစ်၏"

၁၂။ ဒုတိယ ဝိဟာရသုတ်၌ သုံးလကြာမျှ တပါးတည်း ကင်းဆိတ်စွာ နေပြီး အထက်သုတ် နည်းတူ မိန့်ကြား၏။

---

၁။ ထို လဝက်အတွင်း၌ တရားဟောကြား ဆုံးမရမည့် သတ္တဝါကို မမြင်သောကြောင့် ဤသို့ တပါးတည်းနေခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ဖွင့်သည်။

၂။ ဘုရားဖြစ်စ ၄၉ ရက်အတွင်းက ခန္ဓာငါးပါး ဒသန ၁၂–ပါးစသော တရားတို့ကို အကြွင်းမဲ့ ဆင်ခြင် သုံးသပ်ခဲ့၏။ ယခု နေခြင်းတွင်မူ ယင်းတို့၏ အစိတ်အပိုင်း ဖြစ်သော ဝေဒနာကိုသာ ဆင်ခြင် သုံးသပ်ခဲ့လေသည်။

## ၃။ သေက္ခသုတ်

### [သေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်သူ]

၁၃။ ရဟန်းတပါးက 'အဘယ်မျှဖြင့် သေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်ပါသနည်း' ဟု မေးလျှောက်၏။ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမ္မာဒိဋ္ဌိ....သမ္မာသမာဓိတို့နှင့် ပြည့်စုံလျှင် သေက္ခ ပုဂ္ဂိုလ်ဟု ဆိုအပ်ကြောင်း ဗုဒ္ဓက ဖြေကြား၏။

## ၄။ ပဌမ ဥပ္ပါဒသုတ်

### [အရိယမဂ် ဖြစ်ပေါ်လာပုံ]

၁၄။ ရဟန်းတို့၊ ပုဗ္ဗဇာတ်အထူးကို ခံထိုက်၍ ကိုယ်တိုင် မှန်စွာ သိမြင်သော မြတ်စွာဘုရား၏ ဖြစ်ပေါ်လာခြင်းကြောင့်သာလျှင် ပွားများ လေ့ကျက်အပ်သည့် မဖြစ်ပေါ်သေးသော တရားရှစ်ပါးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထို တရားရှစ်ပါးတို့ကား အဘယ်နည်းဟူသော် သမ္မာဒိဋ္ဌိ....သမ္မာသမာဓိတို့ ဖြစ်၏။

၁၅။ ဒုတိယ ဥပ္ပါဒသုတ်၌ မြတ်စွာဘုရား၏ အဆုံးအမကြောင့်သာလျှင် သမ္မာဒိဋ္ဌိ စသော တရားရှစ်ပါး ဖြစ်ပေါ်လာကြောင်း အထက်သုတ်နည်းတူ ဟောသည်။

၁၆-၁၇။ စင်ကြယ်သော၊ ဖြူစင်သော၊ အညစ်အကြေးကင်းသော တရား ရှစ်ပါးဖြစ်ပေါ်လာပုံကို အထက်သုတ် နှစ်သုတ်နည်းတူဟောကြားသည်။

၁၈။ အခါတပါး၌ ရှင်အာနန္ဒာ နှင့် ရှင်ဘဒ္ဒ တို့သည် ပါဋလိပုတ်ပြည်၊ ကုက္ကုဋာရာမကျောင်း၌သီတင်းသုံးနေကြ၏။ထိုအခါ ရှင်ဘဒ္ဒ က ရှင်အာနန္ဒာ အား 'ငါ့ရှင် အာနန္ဒာ၊ မမြတ်သော အကျင့်ဟူသည် အဘယ်ပါနည်း' ဟု မေးလျှောက်ရာ ရှင်အာနန္ဒာက 'ငါ့ရှင် ဘဒ္ဒ၊ မမြတ်သော အကျင့်ဟူသည် မှားသောအမြင် ... မှားသောတည်ကြည်ခြင်းဟု ဆိုအပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် မှားသောလမ်း ဖြစ်၏' ဟု ဖြေကြားလေသည်။

၁၉။ ဒုတိယ ကုဏ္ဍုဋ္ဌာရာမသုတ်၌ ရှင်ဘဒ္ဒာ မေးလျှောက်သဖြင့် ရှင်အာနန္ဒာက အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ကို အကျင့်မြတ် ဟု ဆိုအပ်ကြောင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့၏ကုန်ခြင်းကို အကျင့်မြတ်၏ အဆုံးဟု ဆိုအပ်ကြောင်း ဖြေကြားသည်။

၂၀။ တတိယ ကုက္ကုဋ္ဌာရာမသုတ်၌ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ကို အကျင့်မြတ်ဟုဆိုအပ်ကြောင်း၊ ယင်း အရိယမဂ်နှင့် ပြည့်စုံသူကို အကျင့်မြတ် ရှိသူဟုဆိုအပ်ကြောင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့ ကုန်ခြင်းကို အကျင့်မြတ်၏ အဆုံးဟုဆိုအပ်ကြောင်း ရှင်အာနန္ဒာက ဖြေကြားသည်။

## ၃။ မိစ္ဆတ္တဝဂ်

### ၁။ မိစ္ဆတ္တသုတ်

[မှားသောသဘော နှင့် မှန်သောသဘော]

၂၁။ မှားသောအမြင်၊ မှားသောတည်ကြည်ခြင်းတို့ကို မှားသောသဘောဟု ဆိုအပ်ကြောင်း၊ မှန်သောအမြင်၊ မှန်သော တည်ကြည်ခြင်း တို့ကို မှန်သော သဘောဟု ဆိုအပ်ကြောင်းဟောကြားသည်။

၂၂။ အကုသလဓမ္မသုတ်၌ မှားသောအမြင် စသည်ကို အကုသိုလ်တရား၊ မှန်သောအမြင် စသည်ကို ကုသိုလ်တရားဟုဆိုအပ်ကြောင်း ဟောကြားသည်။

### ၃။ ပဌမ ပဋိပဒါသုတ်

[မှားသောအကျင့်နှင့် မှန်သောအကျင့်]

၂၃။ မှားသောအမြင် စသည်ကို မှားသောအကျင့်၊ မှန်သောအမြင်စသည်ကို မှန်သောအကျင့်ဟုဆိုအပ်ကြောင်း ဟောကြားသည်။

၂၄။ ဒုတိယပဋိပဒါသုတ်၌ ရဟန်းတို့၊ ငါသည် လူ၏ ဖြစ်စေ၊ ရဟန်း၏ ဖြစ်စေ မှားသောအကျင့်ကို မချီးမွမ်း၊ ရဟန်းတို့၊ လူဖြစ်စေ၊ ရဟန်း ဖြစ်စေ မှားသောအားဖြင့် ကျင့်သည်ရှိသော် မှားသော အကျင့် ဟူသော အကြောင်းကြောင့် သင့်လျော်သော ကုသိုလ်တရားကြီးကို ပြီးမြောက်စေသူ မဖြစ်နိုင်ချေ၊

ရဟန်းတို့၊ ငါသည် လူ၏ ဖြစ်စေ၊ ရဟန်း၏ဖြစ်စေ မှန်သောအကျင့်ကို ချီးမွမ်း၏။ ရဟန်းတို့၊ လူဖြစ်စေ၊ ရဟန်း ဖြစ်စေ မှန်သောအားဖြင့် ကျင့်သည်ရှိသော် မှန်သောအကျင့်ဟူသော အကြောင်းကြောင့် သင့်လျော်သော ကုသိုလ်တရားကို ပြီးမြောက်စေသူ ဖြစ်နိုင်ပေ၏'ဟု ဟောသည်။

## ၅။ ပဌမ အသပ္ပုရိသသုတ်

### [သူယုတ်မာ နှင့် သူတော်ကောင်း]

၂၅။ မှားသောအမြင်၊ ....မှားသောတည်ကြည်ခြင်း ရှိသူကို သူယုတ်မာဟု ဆိုအပ်ကြောင်း၊ မှန်သောအမြင်၊ မှန်သော တည်ကြည်ခြင်း ရှိသူကို သူတော်ကောင်း ဟုဆိုအပ်ကြောင်း ဟောကြားသည်။

၂၆။ ဒုတိယအသပ္ပုရိသသုတ်၌ မှားသောအမြင်၊ .... မှားသောတည်ကြည်ခြင်းရှိသူကို သူယုတ်မာ၊ မှားသောအမြင်၊ မှားသော တည်ကြည်ခြင်း၊ မှားသောဉာဏ်၊ မှားသောလွတ်မြောက်ခြင်းရှိသူကို သူယုတ်မာထက် ပို၍ယုတ်မာသူဟု ဆိုအပ်ကြောင်း၊ မှန်သောအမြင်၊ မှန်သောတည်ကြည်ခြင်း ရှိသူကို သူတော်ကောင်း၊ မှန်သောအမြင်၊ မှန်သောတည်ကြည်ခြင်း၊ မှန်သောဉာဏ်၊ မှန်သောလွတ်မြောက်ခြင်းရှိသူကို သူတော်ကောင်းထက် ပို၍ ကောင်းသူဟု ဆိုအပ်ကြောင်း ဟောကြားသည်။

## ၇။ ကုမ္ဘသုတ်

### [စိတ်သည်အိုးနှင့်တူပုံ]

၂၇။ ရဟန်းတို့၊ တည်ရာကရွတ်ခွေမရှိသောအိုးသည် လိမ့်လွယ်၍ တည်ရာကရွတ်ခွေရှိသောအိုးသည် မလိမ့်နိုင်သကဲ့သို့၊ ထို့အတူ တည်ရာမရှိသော စိတ်

သည် ပျံ့လွင့်လွယ်၏။ တည်ကြည်ရာရှိသောစိတ်ကား ပျံ့လွင့်ခဲ၏။ ရဟန်းတို့၊ စိတ်၏တည်ကြည်ရာပျံ့သည် အဘယ်နည်းဟုဆိုသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ပင် ဖြစ်ပေ၏။

## ၈။ သမာဓိသုတ်

[အခြံအရံနှင့်တကွဖြစ်သော သမာဓိ]

၂၀။ မှန်သောအမြင်၊ မှန်သောသတိရခြင်းဟူသော အင်္ဂါခုနစ်ပါးတို့ဖြင့် စိတ်၏ တခုတည်းသော အာရုံရှိသည့်အဖြစ်ကို အကြောင်းနှင့်တကွ ဖြစ်သော၊ အခြံအရံနှင့်တကွဖြစ်သော သမ္မာသမာဓိဟု ဆိုအပ်ကြောင်း ဟောသည်။

၂၉။ ဝေဒနာသုတ်၌ ဝေဒနာသုံးပါးကို ပိုင်းခြား၍သိရန် အရိယမဂ်ကို ပွားများအပ်ကြောင်းဟောကြားသည်။

၃၀။ ဥတ္တိယသုတ်၌ ကာမဂုဏ်ငါးပါးကို ပယ်ရှားနိုင်ရန် အရိယမဂ်ကို ပွားများအပ်ကြောင်း ရှင်ဥတ္တိယအား ဟောကြားသည်။

## ၄။ ပဋိပတ္တိဝဂ်

၃၁။ ပထမ ပဋိပတ္တိသုတ်၌ မှားသောအမြင် စသည်ကို မှားသောအကျင့်၊ မှန်သောအမြင်စသည်ကို မှန်သောအကျင့်ဟုဆိုအပ် ကြောင်း ဟောကြားသည်။

၃၂။ ဒုတိယ ပဋိပတ္တိသုတ်၌ မှားသောအမြင်၊ ....မှားသော တည်ကြည်ခြင်း ရှိသူကို မှားသောအကျင့်ရှိသူ၊ မှန်သောအမြင်၊ ... မှန်သော တည်ကြည်ခြင်း ရှိသူကို မှန်သောအကျင့်ရှိသူဟု ဆိုအပ်ကြောင်း ဟောကြားသည်။

## ၃။ ဝိရဒ္ဓသုတ်

[လမ်းမှန်မှ လွဲချော်သူ]

၃၃။ ရဟန်းတို့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို လွဲချော်စေသူတို့သည် ဒုက္ခကုန်ရာသို့ရောက်ကြောင်း လမ်းကို လွဲချော်စေသူများဖြစ်၏။ အင်္ဂါရှစ်ပါး

ရှိသော အရိယမဂ်ကို အားထုတ်သူဟူသည် ပုဂ္ဂုဏ်ရာသို့ ရောက်ကြောင်း လမ်းကို အားထုတ်သူများဖြစ်၏။

၃၄။ ပါရံဂမသုတ်၌ မှန်သော အမြင်စသည့် တရားရှစ်ပါးကို ပွားများ လေ့လာလျှင် သံသရာ၏ တဘက်ကမ်းသို့ရောက်နိုင်ကြောင်း ဟောကြားသည်။

၃၅။ ပထမ သာမညသုတ်၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ရဟန်း အကျင့်၊ သောတာပတ္တိဖိုလ်စသော ဖိုလ်လေးပါးကို ရဟန်းအကျင့်၏ အကျိုး ဟု ဆိုအပ်ကြောင်း ဟောသည်။

၃၆။ ဒုတိယ သာမညသုတ်၌ အရိယမဂ်ကို ရဟန်းအကျင့်၊ ရာဂ၊ ဒေါသ၊ မောဟ ကုန်ခြင်းကို ရဟန်းအကျင့်၏ အစီးအပွားဟု ဆိုအပ်ကြောင်းဟော သည်။

၃၇။၃၈။ ဗြဟ္မည သုတ်များ၌ ဗြဟ္မဏအကျင့်နှင့် ပတ်သက်၍ အသက် သုတ်များနည်းတူ ဟောသည်။

၃၉။၄၀။ ဗြဟ္မ စရိယ သုတ်များ၌ အကျင့်မြတ်နှင့် ပတ်သက်၍ အထက် သုတ်များနည်းတူ ဟောသည်။

## ၅။ အညတိတ္ထိယပေယျာလဝဂ်

### ၁။ ရာဂ ဝိရာဂ သုတ်

[ ရာဂကင်းရေး ]

၄၁။ ရဟန်းတို့၊ 'သင်တို့သည် အဘယ်အကျိုးငှာ၊ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးကြသနည်း' ဟူ၍ အယူတပါးရှိသော ပရိဗိုဇ်တို့က မေးခဲ့သော် ရာဂ ကင်းခြင်းအကျိုးငှာ အကျင့်မြတ်ကို ကျင့်ဆုံးခြင်း ဖြစ်

ကြောင်း ဖြေကြားကုန်လော၊ 'မဂ္ဂကို ကင်းရန် အကျင့်လမ်းစဉ်သည် ရှိပါသလော' ဟု မေးခဲ့သော် ရှိ၏ဟု ဖြေကြားကြလော။ ရဟန်းတို့၊ ထိုအကျင့်လမ်းစဉ်ကား အဘယ်နည်းဟူသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင် ဖြစ်ပေ၏။

၄၂-၄၈။ သံယောဇန ပဟာနသုတ် စသည်တို့၌ သံယောဇဉ်ကိုပယ်ခြင်းငှာ၊ အနုသယကို ခွာခြင်းငှာ၊ သံသရာ အစွန်းကို ပိုင်းခြား၍ သိခြင်းငှာ၊ အာသဝတို့ ကုန်ခြင်းငှာ၊ ဝိဇ္ဇာဝိမုတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ၊ ဉာဏ် အမြင်ကို ရခြင်းငှာ၊ မစွဲလမ်းပဲ ကိလေသာ ငြိမ်းခြင်းငှာ အကျင့်မြတ်ကို ကျင့်ခြင်း ဖြစ်ကြောင်း ဖြေကြားရန်အတွက်သုတ်နည်းတူ ဟောသည်။

## ၆။ သူရိယပေယျာလဝဂ်

### ၁။ ကလျာဏ မိတ္တသုတ်

### [ မိတ်ဆွေကောင်းနှိခြင်း ]

၄၉။ ရဟန်းတို့၊ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ထိုအတူ မိတ်ဆွေကောင်း ရှိခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပေါ်ခြင်းငှာ ရှေ့သွားဖြစ်၏။ ရဟန်းတို့၊ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများစေနိုင်ဖွယ်အကြောင်း ရှိပေ၏။ ရဟန်းတို့ မိတ်ဆွေကောင်း ရှိသော ရဟန်းသည် အဘယ်သို့လျှင် အရိယမဂ်ကို ပွားစေသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိလေသာ ကင်းဆိတ်ရေး၊ ရာဂကင်းရေး၊ ချုပ်ငြိမ်းရေးကို မှီသော၊ စွန့်လွှတ်မှုသို့ ကိုင်းညွတ်သော သမ္မာဒိဋ္ဌိကို ပွားစေ၏။....သမ္မာသမာဓိကို ပွားစေ၏။

၅၀-၅၅။ သီလသမ္ပဒါစသော သုတ်များ၌ သီလပြည့်စုံခြင်း၊ ဆန္ဒပြည့်စုံခြင်း၊ ပြည့်စုံသောစိတ်ရှိခြင်း၊ အယူပြည့်စုံခြင်း၊ မမေ့မလျော့ခြင်းနှင့်ပြည့်စုံခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းမှု ပြည့်စုံခြင်းသည် အရိယမဂ် ဖြစ်ပေါ်ခြင်း၏ ရှေ့ပြေး ဖြစ်ကြောင်း အထက်သုတ်နည်းတူ ဟောသည်။

၅၆။ ကလျာဏ မိတ္တသုတ်၌ အရုဏ်တက်ခြင်းသည် နေလက်ခြင်း၏ ရှေ့ပြေး ဖြစ်သကဲ့သို့ ယင်းအတူ မိတ်ဆွေကောင်း ရှိခြင်းသည် အရိယမဂ်ဖြစ်ပေါ်ခြင်း၏ ရှေ့ပြေးဖြစ်၏။.... မိတ်ဆွေကောင်း ရှိသော ရဟန်းသည် အဘယ်သို့လျှင် အရိယမဂ်ကို ပွားစေသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ရာဂကင်းခြင်း၊ ဒေါသကင်းခြင်း၊ မောဟကင်းခြင်းလျှင် အဆုံးရှိသော သမ္မာဒိဋ္ဌိကို ပွားစေ၏။....သမ္မာသမာဓိကို ပွားစေ၏ဟု ဟောသည်။

၅၇-၆၂။ သီလသမ္ပဒါစသော သုတ်များ၌ သီလပြည့်စုံခြင်းစသည်ဖြင့် အထက်သုတ် နည်းတူ ဟောသည်။

၆၃-၇၆။ ပဌမပေယျာလဝဂ်၌ "မိတ်ဆွေကောင်း ရှိခြင်းတည်းဟူသော တခုသောတရားသည် အရိယမဂ် ဖြစ်ပေါ်ခြင်းငှာ များစွာကျေးဇူးပြုတတ်သော တရားဖြစ်၏" စသည်ဖြင့် အထက်ဝဂ် နည်းတူ သုတ်(၁၄) သုတ်ဟောသည်။

၇၇-၉၀။ ဒုတိယပဌမပေယျာလဝဂ်၌ "ရဟန်း တို့၊ မိတ်ဆွေကောင်း ရှိခြင်းမှတပါး မဖြစ်ပေါ် သေးသော အရိယမဂ်ကို ဖြစ်ပေါ်စေနိုင်သည့်၊ ဖြစ်ပေါ်ပြီးသော အရိယမဂ်ကိုလည်း ပွားများပြည့်စုံခြင်းသို့ ရောက်စေနိုင်သည့် တရားကို ငါမမြင်ပေ" စသည်ဖြင့် အထက်ဝဂ်နည်းတူ သုတ်(၁၄) သုတ်ကိုဟောသည်။

၉၁-၁၃၈။ ဂင်္ဂါ ပေယျာလဝဂ်များ၌၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဟူသော မြစ်ကြီးငါးစင်းတို့သည် အရှေ့အရပ်သို့ ကိုင်းညွတ်ကုန်သကဲ့သို့ လည်းကောင်း၊ သမုဒ္ဒရာသို့ ကိုင်းညွတ်ကုန် သကဲ့သို့လည်းကောင်း ထို့အတူ အရိယမဂ်ကို ပွားများသော ရဟန်းသည် နိဗ္ဗာန်သို့ကိုင်းညွတ်ကြောင်း ဥပမာအသီးသီးဖြင့် သုတ်ပေါင်း (၄၈) သုတ်ဟောသည်။

## ၅။ အပ္ပမာဒပေယျာလဝဂ်

### ၁။ တထာဂတသုတ်

[သတ္တဝါတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်ကြောင်း]

၁၃၉။ ရဟန်းတို့၊ အခြေမရှိသော သတ္တဝါ၊ အခြေနှစ်ချောင်း ရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသောသတ္တဝါ၊ အခြေများစွာရှိသောသတ္တဝါ၊ ရုပ်ရှိသောသတ္တဝါ၊ ရုပ်မရှိသောသတ္တဝါ၊ သညာရှိသောသတ္တဝါ၊ သညာမရှိသောသတ္တဝါ၊ သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်း မဟုတ်သော သတ္တဝါ ဟူသမျှတို့တွင် မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့၊ ကုသိုလ်တရားဟူသမျှတို့သည် မမေ့မလျော့ခြင်းပင် အရင်းခံရှိကုန်၏။ ထိုတရားတို့တွင် မမေ့မလျော့ခြင်းကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့၊ မမေ့မလျော့သော ရဟန်းသည် အရိယမဂ်ကို ပွားများစေလိမ့်မည်ဟု မျှော်လင့်အပ်၏။

၁၄၀–၁၄၈။ ပဒသုတ်စသည်တို့၌....

ကုန်းသတ္တဝါဟူသမျှတို့၏ခြေရာတို့တွင် ဆင်ခြေရာကို အကြီးဆုံးဟု ဆိုအပ်သကဲ့သို့၊

အလွှပ်တက်သောအိမ်၏ အခြင်ရနယ် ဟူသမျှတို့တွင် အထွတ်ကိုအမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့၊

အမြစ်နံ့သာ ဟူသမျှတို့တွင် အကျော်နံ့သာဟု ဆိုအပ်သကဲ့သို့၊

အနှစ်နံ့သာ ဟူသမျှတို့တွင် စန္ဒကူးနံ့သာကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့၊

အပွင့်နံ့သာ ဟူသမျှတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့၊

အရံမင်းငယ်ဟူသမျှတို့ထက် ကြာမင်းကို အမြတ်ဆုံးဟုဆိုအပ်သကဲ့သို့၊

ကြယ်တာရာတို့၏ အရောင်ဟူသမျှတို့တွင် လရောင်ကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့၊

ထိုအတူ ကုသိုလ်တရားဟူသမျှတို့တွင် မမေ့မလျော့ခြင်း "အပ္ပမာဒ" ကို အမြတ်ဆုံးဟုဆိုအပ်ကြောင်း ဟောကြားသည်။

## ၆။ ဗလကရဏီယသုတ်

### ၁။ ဗလသုတ်

[ ခွန်အားဖြင့်လုပ်အပ်သောအလုပ် ]

၁၄၉။ ရဟန်းတို့၊ ခွန်အားဖြင့်ပြုလုပ်အပ်သော အလုပ်ဟူသမျှကို မြေကြီးကို မှီ၍၊ မြေကြီး၌တည်၍ ပြုလုပ်အပ်သကဲ့သို့၊ ထို့အတူ ရဟန်းသည် သီလကိုမှီ၍၊ သီလ၌တည်၍အရိယမဂ်ကိုပွားများ၏။ အဘယ်သို့ ပွားများသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိလေသာကင်းဆိတ်ရာကို မှီသော.... ရာဂ၊ ဒေါသ၊ မောဟ ကင်းပျောက်ခြင်းလျှင် အဆုံးရှိသော.... အမြိုက် နိဗ္ဗာန်လျှင် အဆုံးရှိသော.... နိဗ္ဗာန်သို့ကိုင်းညွတ်သောသမ္မာဒိဋ္ဌိကိုပွားစေ၏။ သမ္မာသမာဓိကို ပွားစေ၏။

### ၂။ ဗီဇသုတ်

[ အရိယမဂ်သည် မျိုးစေ့နှင့်တူကြောင်း ]

၁၅၀။ ရဟန်းတို့၊ ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းသို့ ရောက်သော မျိုးစေ့နှင့် သစ်ပင် ဟူသမျှတို့သည် မြေကြီးကိုမှီ၍၊ မြေကြီး၌တည်၍ ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းသို့ရောက်သကဲ့သို့ ထို့အတူ ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အရိယမဂ်ကို ပွားများသည် ရှိသော် တရားတို့၌ ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းသို့ ရောက်၏။

### ၃။ နာဂသုတ်

[ သီလရှိသောရဟန်းသည် နဂါးနှင့်တူကြောင်း ]

၁၅၁။ ရဟန်းတို့၊ နဂါးတို့သည် ဟိမဝန္တာတောင်မင်းကို မှီ၍ ကိုယ်ကို ကြီးပွားစေပြီး၊ အားကိုယူပြီး အိုင်ငယ်များသို့ သက်ဆင်းကုန်၏။ အိုင်ငယ်များသို့သက်ဆင်းပြီး အိုင်ကြီးများ၊ မြစ်ငယ်များ၊ မြစ်ကြီးများနှင့် မဟာသမုဒ္ဒရာသို့ အစဉ်အတိုင်းသက်ဆင်းကုန်၏။ ရဟန်းတို့၊ ထို့အတူပင် ရဟန်းသည် သီလကိုမှီ၍၊ သီလ၌တည်၍ အရိယမဂ်ကို ပွားများသည်ရှိသော် တရားတို့၌ ကြီးပွားခြင်း၊ ပြန့်ပြောခြင်းသို့ရောက်၏။

## ၄။ ရုက္ခသုတ်

[အရိယမဂ်ကို ပွားသောရဟန်းသည် သစ်ပင်နှင့် တူကြောင်း]

၁၅၂။ ရဟန်းတို့၊ အရှေ့အရပ်သို့ ညွတ်ကိုင်းသော သစ်ပင်သည် အမြစ်မှ ပြတ်၍ လဲကျသည်ရှိသော် ညွတ်ကိုင်းရာ အရှေ့အရပ်သို့သာ လဲကျရာသကဲ့သို့ ထို့အတူ အရိယမဂ်ကို ပွားများသော ရဟန်းသည် နိဗ္ဗာန်သို့သာ ကိုင်းညွတ်ခြင်းရှိ၏။

## ၅။ ကုမ္ဘသုတ်

[အရိယမဂ်ကို ပွားများသောရဟန်းသည် အိုးနှင့်တူကြောင်း]

၁၅၃။ ရဟန်းတို့၊ ရေအိုးကို မှောက်သည်ရှိသော် ရေသည် အန်ထွက်သည်သာဖြစ်၏။ ပြန်၍ ဝင်မည်မဟုတ်။ ရဟန်းတို့၊ ထို့အတူပင် ရဟန်းသည် အရိယမဂ်ကို ပွားများသည်ရှိသော် အကုသိုလ်တရားတို့ကို အန်ထွက်သည်သာ ဖြစ်၏။ ပြန်၍ဝင်မည်မဟုတ်။

## ၆။ သူကသုတ်

[ကောင်းစွာထားအပ်သော အယူသည် စပါးဆူးနှင့်တူကြောင်း]

၁၅၄။ ရဟန်းတို့၊ ကောင်းစွာထားအပ်သော (ကောင်းစွာထားအပ်သော) စပါးဆူးသည် လက်ခြေဖြင့် ဖိနင်းမိသည် ရှိသော် လက်ခြေတို့ကို စူးရှစေလျက် သွေးထွက်စေဖွယ် အကြောင်းရှိသကဲ့သို့၊ ထို့အတူ ကောင်းစွာထား အပ်သောအယူ၊ ကောင်းစွာ ထားအပ်သော မဂ်ကို ပွားများခြင်းဖြင့် အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာကို ဖြစ်စေရန်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရန် အကြောင်းရှိပေ၏။

## ၇။ အာကာသသုတ်

[သတိပဋ္ဌာန် ပွားများသောရဟန်းသည် ကောင်းကင်နှင့်တူကြောင်း]

၁၅၅။ ရဟန်းတို့၊ ကောင်းကင်၌ အရှေ့လေ၊ အနောက်လေ၊ လေပူ၊ လေအေးအစရှိသော လေအမျိုးမျိုးတို့သည် တိုက်ခတ်ကုန်သကဲ့သို့ ထို့အတူ

သတိပဋ္ဌာန် တရား လေးပါးကို ပွားများသော ရဟန်းအား သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါးအစရှိသော (ဗေ ဓိ ပက္ခိယတရား) ၃၇ပါး တို့သည် ပြည့်စုံခြင်းသို့ရောက်ကုန်၏။

## ၈-၉။ မေဃသုတ်များ

[အရိယမဂ်ကို ပွားရသော ရဟန်းသည် မိုးရေနှင့်တူကြောင်း]

၁၅၆-၁၅၇။ ရဟန်းတို့၊ နွေဥတု၏နောက်ဆုံးလ၌ အပေါ်သို့ တက်လာသော မြူမှုန်တို့ကို အခါမဲ့ရွာသော မိုးကြီးသည် တခဏချင်းဖြင့်ပင် ငြိမ်း ပျောက်စေသကဲ့သို့လည်းကောင်း၊ ရွာရန် တက်လာသော မိုးတိမ်တို့ကို လေ ပြင်းမုန်တိုင်းသည် မရွာမီ အကြားခ၌ပင် ပျောက်ပျက်သွားစေသကဲ့သို့လည်း ကောင်း၊ ထို့အတူပင် အရိယမဂ်ကို ပွားများသော ရဟန်းသည် ဖြစ်တိုင်း ဖြစ်တိုင်းသော အကုသိုလ်တရားတို့ကို တခဏချင်းဖြင့်ပင် ငြိမ်းပျောက်စေ၏။ မဖြစ်မီအကြား၌ပင် ငြိမ်းပျောက်စေ၏။

## ၁၀။ နာဝါသုတ်

[သံယောဇဉ်တို့သည် လှေကြိုးနှင့်တူကြောင်း]

၁၅၈။ ရဟန်းတို့၊ ခြောက်လပတ်လုံး ရေ၌ အခေါက်ခေါက် သွားလာ၍ ဆောင်းဥတု၌ ကုန်းပေါ်သို့ တင်ထားသော ပင်လယ်ကူး ကြိမ်ချုပ်လှေ၌ လေ၊ နေပူတို့ဖြင့် နှိပ်စက်အပ်သော ကြိမ်ကြိုးတို့သည် ရွာသွန်းသောမိုးရေ ဖြင့် စွတ်စိုအပ်သည်ဖြစ်၍ အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက်ဆွေး မြည့် ကုန်သကဲ့သို့၊ ထို့အတူ အရိယမဂ်ကို ပွားများသော ရဟန်းအား သံယောဇဉ်တို့သည် အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက် ဆွေးမြည့် ကုန်၏။

## ၁၁၊ အာဂန္တုကသုတ်

[အရိယမဂ်သည် ဧည့်ရိပ်သာနှင့်တူကြောင်း]

၁၅၉။ ရဟန်းတို့၊ ဧည့်သည်များ တည်းခိုနိုင်ရန် ဆောက်လုပ်ထားသော ဧည့်ရိပ်သာသို့ အရှေ့အရပ်၊ အနောက် အရပ် စသည်တို့မှလာသော ဧည့်သည်

အမျိုးမျိုး၊ မင်းပုဏ္ဏားအစရှိသော ညှော်သည်အမျိုးမျိုးတို့သည် လာ၍တည်းခို ကြသကဲ့သို့၊ ထို့အတူ အရိယမဂ်ကို ပွားများသောရဟန်းသည် အသိဉာဏ် ထူးဖြင့် ပိုင်းခြား၍ သိထိုက်သော တရားတို့ကို ပိုင်းခြား၍သိ၏။ စွန့်ပယ်ထိုက် သော တရားတို့ကို စွန့်ပယ်၏။ မျက်မှောက်ပြုထိုက်သော တရားတို့ကို မျက် မှောက်ပြု၏။ ပွားများထိုက်သောတရားတို့ကို ပွားများ၏။

ဤ၌ အသိဉာဏ်ထူးဖြင့် ပိုင်းခြား၍သိထိုက်သော တရားဟူသည် ဥပါဒါ နက္ခန္ဓာ ငါးပါးဖြစ်၏။ ပယ်ထိုက်သောတရား ဟူသည် အဝိဇ္ဇာနှင့် ဘဝ တဏှာဖြစ်၏။ မျက်မှောက်ပြုထိုက်သောတရားဟူသည် ဝိဇ္ဇာနှင့် ဝိမုတ္တိဖြစ်၏။ ပွားများထိုက်သောတရားဟူသည် သမထနှင့် ဝိပဿနာဖြစ်၏။

## ၁၂။ နဒီသုတ်

[အရိယမဂ်ကို ပွားသော ရဟန်းသည် မြစ်နှင့် တူကြောင်း]

၁၆၀။ ရဟန်းတို့၊ အရှေ့အရပ်သို့ ကိုင်းညွတ်သော ဂင်္ဂါမြစ်ကို များစွာ သော လူအပေါင်းသည် အနောက်အရပ်သို့ ကိုင်းညွတ်အောင် ပြုရန် အား ထုတ်သော်လည်း ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ရာ သကဲ့သို့ ထို့အတူ အရိယ မဂ်ကို ပွားများသော ရဟန်းကို မင်း၊ မင်၏အမတ်ကြီး ဆွေမျိုးသားချင်း စသော သူတို့က ဘူဘွက်၍ ကာမ စည်းစိမ်ခံစားရန် ဖိတ်ခေါ်သော်လည်း ထိုရဟန်းကား လူထွက်ဖွယ် အကြောင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ထိုရဟန်း၏ စိတ်သည် ဆိတ်ငြိမ်ရာတွင် ကြာမြင့်စွာ ကိုင်းညွတ်နေပါသော ကြောင့် ဖြစ်၏။

# ၇။ သေနာဝဂ်

## ၁။ သေနာသုတ်

[ရှာမှီးခြင်း သုံးပါး]

၁၆၁။ ရဟန်းတို့၊ ကာမကို ရှာမှီးခြင်း၊ ဘဝကို ရှာမှီးခြင်း၊ အကျင့် မြတ်ကို ရှာမှီးခြင်း ဟူ၍ ရှာမှီးခြင်း သုံးပါးရှိ၏။ ထိုရှာမှီးခြင်း သုံးပါးကို

အထူးသိခြင်းငှာ၊ ပိုင်းခြား၍ သိခြင်းငှာ၊ ကုန်ခန်းစေခြင်းငှာ၊ ပယ်ခြင်းငှာ အရိယမဂ်ကို ပွားများအပ်၏။

၁၆၂။၁၇၁။ ဝိဇ္ဇာသုတ် စသည်တို့၌ "ငါမြတ်၏၊ ငါတန်းတူ၏၊ ငါ ယုတ်ညံ့၏" ဟူသော မာန သုံးပါး၊ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ ဟူသော အာသဝ သုံးပါး၊ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ ဟူသော ဘဝ သုံးပါး၊ ဒုက္ခ ဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခ ဟူသော ဒုက္ခသုံးပါး၊ ရာဂ၊ ဒေါသ၊ မောဟ ဟူသော ငြောင့် သုံးပါး၊ အညစ်အကြေးသုံးပါး၊ ဆင်းရဲခြင်းသုံးပါး၊ သုခ ဒုက္ခ ဥပေက္ခာဟူသော ဝေဒနာသုံးပါး၊ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူသော တဏှာသုံးပါး၊မွတ်သိပ်ခြင်း သုံးပါးတို့ကို အထူးသိခြင်း၊ ပိုင်းခြား၍ သိခြင်းစသော အလို့ငှာလည်း အရိယမဂ်ကို ပွားများအပ်ကြောင်း ဟောကြားသည်။

၁၇၂-၁၈၁။ ဩဃဝဂ်၌ ဩဃလေးပါး၊ ယောဂလေးပါး၊ ဥပါဒါန်လေးပါး၊ ဂန္ထလေးပါး၊ အနုသယ ခုနစ်ပါး၊ ကာမဂုဏ်ငါးပါး၊ နီဝရဏ ငါးပါး၊ ဥပါဒါနက္ခန္ဓာ ငါးပါး၊ ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါး၊ ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့ကို အထူးသိခြင်းစသော အလို့ငှာ အရိယမဂ်ကို ပွားအပ်ကြောင်း ဟောသည်။

# (၂) ဗောဇ္ဈင်္ဂသံယုတ်

[ဗောဇ္ဈင်ခုနစ်ပါးနှင့် စပ်သော ဟောကြားချက်များ]

## ၁။ ပဗ္ဗတဝဂ်

### ၁။ ဟိမဝန္တသုတ်

[သီလသည် ဟိမဝန္တာတောင်နှင့် တူကြောင်း]

၁၈၂။ ရဟန်းတို့၊ နဂါးတို့သည် ဟိမဝန္တာတောင်မင်းကိုမှီ၍ကိုယ်ကိုကြီးပွားစေပြီး၊ အားကိုယူကုန်ပြီး အိုင်ငယ်များသို့ သက်ဆင်းကုန်၏။ အိုင်ငယ်များသို့ သက်ဆင်းပြီး အိုင်ကြီးများ၊ မြစ်ငယ်များ၊ မြစ်ကြီးများနှင့် မဟာသမုဒ္ဒရာသို့ အစဉ်အတိုင်း သက်ဆင်းကုန်၍ ထိုမဟာသမုဒ္ဒရာ၌ ကိုယ်အားဖြင့် ကြီးထွားခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့၊ ထို့အတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသည်ရှိသော် တရားတို့၌ ကြီးထွားခြင်းသို့ ရောက်၏။ အဘယ်သို့လျှင် ကြီးထွားခြင်းသို့ ရောက်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိလေသာ ကင်းဆိတ်ရေး၊ ရာဂကင်းရေး၊ ချုပ်ငြိမ်းရေးကို မှီသော၊ စွန့်လွှတ်မှုသို့ ကိုင်းညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွားစေ၏၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားစေ၏။ ဤသို့လျှင် ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသည်ရှိသော် တရားတို့၌ ကြီးထွားခြင်းသို့ ရောက်၏။

### ၂။ ကာယသုတ်

[နီဝရဏတရားငါးပါးကို ကိုယ်ဖြင့် ဥပမာပြု၍ ဟောခြင်း]

၁၈၃။ ရဟန်းတို့၊ ဤကိုယ်သည် အစာကြောင်းကိုစွဲ၍ တည်၏၊ အကြောင်းကင်းလျှင် မတည်။ ထို့အတူ နီဝရဏငါးပါးတို့သည် အကြောင်းကိုစွဲ၍ တည်ကုန်၏။ အကြောင်းကင်းလျှင် မတည်ကုန်။

ရဟန်းတို့၊ တင့်တယ်သော အာရုံ (သုဘနိမိတ်)၌ မသင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ပွား၍ ဖြစ်ပြီးသော ကာမစ္ဆန္ဒ တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ထိခိုက်ဖွယ်ဖြစ်သောအာရုံ(ပဋိဃနိမိတ်)၌ မသင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် ဗျာပါဒဖြစ်ပေါ် တိုးပွားခြင်း၏ အကြောင်းဖြစ်၏၊

မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက် တဆန့်ငင်ငင်ဖြစ်ခြင်း၊ ထမင်းဆိုယစ်ခြင်း၊ စိတ်ဆုတ်နစ်ခြင်းတို့၌ မသင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ထိနမိဒ္ဓဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

စိတ်မငြိမ်းအေးခြင်း၌ မသင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ယုံမှားခြင်း၏ တည်ရာဖြစ်သောတရားတို့၌ မသင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် ဝိစိကိစ္ဆာဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ရဟန်းတို့၊ ဤကိုယ်သည် အကြောင်းကိုစွဲ၍ တည်သကဲ့သို့ ထိုအတူ ဗောဇ္ဈင်ခုနစ်ပါးတို့သည် အကြောင်းကိုစွဲ၍ တည်ကုန်၏၊ အကြောင်းကင်းလျက် မတည်ကုန်။

ရဟန်းတို့၊ သတိသမ္ဗောဇ္ဈင်၏တည်ရာဖြစ်သောတရားတို့၌ သင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ဖြစ်ပေါ်ခြင်း၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ကုသိုလ်နှင့်အကုသိုလ်၊ အပြစ်ရှိနှင့်အပြစ်မဲ့၊ အယုတ်နှင့် အမြတ်၊ မည်းညစ်ခြင်းနှင့် ဖြူစင်ခြင်း အဖို့ရှိသောတရားတို့၌ သင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

စတင်အားထုတ်ခြင်းသဘော၊ ပျင်းရိမှုမှ ထွက်မြောက်ခြင်းသဘော၊ ထပ်ဆင့်အားထုတ်ခြင်းသဘောတို့၌ သင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ပီတိသမ္ဗောဇ္ဈင်၏တည်ရာဖြစ်သောတရားတို့၌ သင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ကိုယ်၏ငြိမ်းအေးခြင်း၊ စိတ်၏ ငြိမ်းအေးခြင်းတို့၌ သင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပေါ် တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

သာယထအာရုံတို့၌ သင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် သမာဓိသမ္ဗောဇ္ဈင်ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။

ဥပေက္ခာသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်သော တရားတို့၌ သင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပေါ် တိုးပွားခြင်း၏ အကြောင်း ဖြစ်၏။

## ၃။ သီလသုတ်

[သီလရှိသောရဟန်းအား ဆည်းကပ်သင့်ကြောင်း]

၁၀၄။ ရဟန်းတို့၊ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော၊ ဝိမုတ္တိနှင့်ပြည့်စုံသော၊ ဝိမုတ္တိဉာဏဒဿနနှင့်ပြည့်စုံသော ရဟန်းတို့အား ဖူးမြင်ခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏။ ထိုရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုကြားရခြင်း၊ ထိုရဟန်းတို့အား ဆည်းကပ်ခြင်း၊ အဖန်တလဲလဲအောက်မေ့ရခြင်း၊ ထိုရဟန်း များသို့ အတုလိုက်၍ ရဟန်းပြုခြင်းကိုလည်း ကျေးဇူး များ၏ဟု ငါဆို၏။ အဘယ်ကြောင့် ဆိုသော် ထိုသို့သဘောရှိသော ရဟန်းတို့၏ တရားကို ကြားနာရသည်ရှိသော် ကိုယ်၏ငြိမ်းချမ်းခြင်း၊ စိတ်၏ငြိမ်းချမ်းခြင်း နှစ်ပါးဖြင့် ငြိမ်းချမ်းစွာနေရ၏။ ထိုသို့ငြိမ်းချမ်းစွာ နေသော ရဟန်းသည် မိမိကြားနာရသော တရားကို အဖန်ဖန်အောက်မေ့၏၊ အဖန်ဖန်ကြံစည်၏။ ယင်းသို့ အောက်မေ့ကြံစည်သော ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။

ထိုသို့ သတိရှိလျက်နေသော ရဟန်းသည် အကြင်အခါ၌ ထိုတရားကို ပညာဖြင့် စိစစ်၏၊ စူးစမ်းဆင်ခြင်ခြင်းသို့ ရောက်၏။ ထိုအခါ၌ ထိုရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

တရားကိုပညာဖြင့် စိစစ်သော ရဟန်းအား အကြင်အခါ၌ ဝီရိယကို မတွန့်မဆုတ် အားထုတ်အပ်၏။ ထိုအခါ၌ ထိုရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

အားထုတ်အပ်သော ဝီရိယရှိသော ရဟန်းအား အကြင်အခါ၌ တွယ်တာမှုကင်းသော နှစ်သိမ့်ခြင်းသည် ဖြစ်၏။ ထိုအခါ၌ ထိုရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

နှစ်သိမ့်သော စိတ်ရှိသော ရဟန်းအား အကြင်အခါ၌ ကိုယ်စိတ်သည် ငြိမ်းချမ်း၏။ ထိုအခါ၌ ထိုရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။

ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသော ရဟန်းအား အကြင်အခါ၌ စိတ်သည် တည်ကြည်၏။ ထိုအခါ၌ ထိုရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။

ယင်းသို့တည်ကြည်သောစိတ်ကို ကောင်းစွာ လျစ်လျူရှုသောရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွားများပြည့်စုံခြင်းသို့ရောက်၏။

ရဟန်းတို့၊ ဗောဇ္ဈင်ခုနစ်ပါးကို ဤသို့ပွားများအပ်သည်ရှိသော် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို ဧကန်ရလိမ့်မည်ဟု မျှော်လင့်အပ်၏။ အကျိုး ခုနစ်ပါးကား —

(၁) မျက်မှောက်ဘဝ၌ စောစီးစွာ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။

(၂) စောစီးစွာအရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့သော် သေခါနီး အချိန်၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။

(၃) သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့သော် အောက် အဖို့ရှိသော သံယောဇဉ်ငါးပါးကုန်ခြင်းကြောင့် သက်တမ်း၏ အလယ်၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ရ၏၊

(၄) သက်တမ်း၏အလယ်၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ်မဖြစ်ခဲ့သော် သက်တမ်း၏ ထက်ဝက်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ် ပုဂ္ဂိုလ်ဖြစ်နိုင်၏။

(၅) သက်တမ်း၏ ထက်ဝက်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့သော် လုံ့လပယောဂမပါပဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ် ပုဂ္ဂိုလ်ဖြစ်နိုင်၏။

(၆) လုံ့လပယောဂမပါပဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့ သော် လုံ့လပယောဂနှင့်တကွ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်၏။

(၇) လုံ့လပယောဂနှင့်တကွ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ်မဖြစ်ခဲ့ သော် အထက်အထက်ဘုံသို့ အဆင့်ဆင့်တက်၍ အကနိဋ္ဌဘုံ၌ ပရိ နိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်နိုင်ပြီ။

## ၄။ ဝတ္ထသုတ်

[ဗောဇ္ဈင်ခုနစ်ပါးနှင့် အဝတ်ပုဆိုးဥပမာ]

၁၇၅။ ရှင်သာရိပုတ္တရာက ရဟန်းတို့အား ဟောကြားသောသုတ်ဖြစ်သည်။

ငါ့ရှင်တို့၊ ငါသည် နံနက်အချိန်၌ ဗောဇ္ဈင် ခုနစ်ပါးတို့တွင် နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏၊ နေ့ခင်း အချိန်၌လည်း နေလိုသောဗောဇ္ဈင်ဖြင့် နေ

နိုင်၏။ ညချမ်းအချိန်၌လည်း နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏။ ငါ့ရှင်တို့ သတိသမ္ဗောဇ္ဈင်ဟူ၍ ငါ့အား နှလုံးသွင်းခြင်း ဖြစ်ခဲ့သော် အတိုင်းအဆမရှိသောဗောဇ္ဈင်ဟူ၍ ငါ့အား နှလုံးသွင်းခြင်းသည် ဖြစ်၏။ ပြီးပြည့်စုံသောဗောဇ္ဈင်ဟူ၍ ငါ့အား နှလုံးသွင်းခြင်းသည် ဖြစ်၏။ တည်တံ့သော ဗောဇ္ဈင်ကိုလည်း တည်တံ့၏ဟု ငါသိ၏။ ငါ့အား သတိသမ္ဗောဇ္ဈင် ရွေ့လျောသွားခဲ့သော် ဤအကြောင်းကြောင့် ရွေ့လျော၏ဟု ငါသိ၏။

ငါ့ရှင်တို့၊ ဥပမာကား မင်း၊ သို့မဟုတ်၊ မင်း၏အမတ်ကြီးသည် အသွေးအရောင် အမျိုးမျိုးသော ပုဆိုးဝတ်စုံတို့ဖြင့်ပြည့်နေသော ပုဆိုးသေတ္တာထဲမှ နံနက်ချိန်တွင် အလိုရှိသော ပုဆိုးအစုံကို ဝတ်ရုံနိုင်ရာ၏။ နေ့ခင်း အချိန်၊ ညချမ်းအချိန် တို့၌လည်း အလိုရှိသောပုဆိုးကို ဝတ်ရုံနိုင်ရာ၏။ ငါ့ရှင်တို့၊ ထို အတူပင် ငါသည် အလိုရှိသောဗောဇ္ဈင်ဖြင့် နေနိုင်၏။

## ၅။ ဘိက္ခုသုတ်

[ရဟန်းတပါးအား ဗောဇ္ဈင်ခေါ်ပုံကို ဟောကြားခြင်း]

၁၈၆။ ရဟန်းတပါးက ဗုဒ္ဓအား 'အရှင်ဘုရား ဗောဇ္ဈင် .... ဗောဇ္ဈင်ဟု ဆိုအပ်ပါ၏၊ အဘယ်ကြောင့် ဗောဇ္ဈင်ဟုဆိုအပ်ပါသနည်း' ဟု မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်း၊ သိခြင်းအလို့ငှာ ဖြစ်တတ်သောကြောင့် ဗောဇ္ဈင်ဟု ဆိုအပ်၏။ ဤသာသနာ၌ ရဟန်းသည် ကိလေသာ ကင်းဆိတ်ရာ၌ မှီသော .... သတိသမ္ဗောဇ္ဈင်ကို ပွားများ၏။ ... ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများ၏။ ဤဗောဇ္ဈင်ခုနစ်ပါးကို ပွားများသော ရဟန်း၏ စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့မှ လွတ်မြောက်၏၊ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသော ဉာဏ်ဖြစ်၏။ ဇာတိကုန်ပြီ ...၊ တပါးသော ပြုဖွယ်ကိစ္စမရှိပြီဟုသိ၏။ ရဟန်း၊ ဤသို့လျှင် သိခြင်းအလို့ငှာ ဖြစ်တတ်သောကြောင့် ဗောဇ္ဈင် ဟု ဆိုအပ်၏"

## ၆။ ကုဏ္ဍလိယသုတ်

[ကုဏ္ဍလိယပရိဗိုဇ်အား ဟောကြားချက်]

၁၈၇။ သာကေတမြို့၊ သားသမင်တို့အား ဘေးမဲ့ပေးရာဖြစ်သော အဉ္ဇနတောအုပ်၌ ဗုဒ္ဓသီတင်းသုံးနေစဉ် ကုဏ္ဍလိယ မည်သော ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ မေးလျှောက်သဖြင့် ဗုဒ္ဓက ဖြေကြားသောသုတ်ဖြစ်၏။

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် အရံကို အမှီပြု၍ နေလေ့ရှိသူ၊ ပရိသတ်၌ ကျက်စားသူ ဖြစ်ပါသည်။ နံနက် စားပြီးလျှင် အရံဉယျာဉ်တခုမှ တခုသို့

လှည့်လည်လေ့ရှိပါသည်၊ ယင်းသို့လှည့်လည်ရာတွင် သူတပါးတို့၏ တင်းစီး ပြောဆိုခြင်းမှ လွတ်မြောက်ခြင်းနှင့် သူတပါးတို့အား ချုပ်ချယ်ခြင်း၊ အကျိုးရှိသောစကားကို ပြောဆိုနိုင်ကြသော ဟန်းပုဏ္ဏားအချို့ကို ကျွန်ုပ် တွေ့မြင်ရပါသည်။ အရှင်ဂေါတမသည် အဘယ်သို့သောအကျိုးရှိသည်ဖြစ်၍ နေပါသနည်း”

“ကုဏ္ဍလိယ၊ မြတ်စွာဘုရားသည် ဝိဇ္ဇာနှင့် ဝိမုတ္တိဟူသော အကျိုး ရှိသည်ဖြစ်၍ နေ၏”

“အရှင်ဂေါတမ၊ အဘယ်တရားများကို ပွားများအပ်သော် ဝိဇ္ဇာ နှင့် ဝိမုတ္တိကို ပြည့်စုံစေနိုင်ပါကုန်သနည်း”

“ကုဏ္ဍလိယ၊ ဗောဇ္ဈင် ခုနစ်ပါးတို့ ပွားများအပ်သော် ဝိဇ္ဇာ နှင့် ဝိမုတ္တိ ကို ပြည့်စုံစေနိုင်၏။ သတိပဋ္ဌာန် လေးပါးကို ပွားများလျှင် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေနိုင်ကြောင်း၊ သုစရိုက်သုံးပါးကို ပွားများလျှင် သတိပဋ္ဌာန်လေးပါး ကို ပြည့်စုံစေနိုင်ကြောင်း၊ ဣန္ဒြေ စောင့်စည်းခြင်းကို ပွားများလျှင် သုစရိုက် သုံးပါးကို ပြည့်စုံစေနိုင်ကြောင်း အဆက်ဆက်နည်းတူ ဟောကြားသည်။

“ကုဏ္ဍလိယ၊ ဣန္ဒြေစောင့်စည်းခြင်းကို အဘယ်သို့ပွားများလျှင် သုစရိုက် သုံးပါးကို ပြည့်စုံစေနိုင်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် မျက်စိ ဖြင့် နှစ်သက်ဖွယ် ရူပါရုံကိုမြင်လျှင် မက်မောခြင်း၊ ရွှင်ပျခြင်း၊ စွဲမက်ခြင်း မဖြစ်၊ ထိုရဟန်း၏ နာမကာယသည် အတွင်းအာရုံ၌ တည်၏။ စိတ်သည်လည်း အတွင်းအာရုံ၌ တည်၏၊ ကိလေသာမှ လွတ်မြောက်၏။ မျက်စိဖြင့် မနှစ် သက်ဖွယ် အာရုံကိုမြင်လျှင် မျက်နှာမသာမှု မဖြစ်၊ စိတ်ဖောက်ပြန်ဆင်းရဲခြင်း မဖြစ်၊ ထိုရဟန်း၏ နာမကာယသည် အတွင်းအာရုံ၌ တည်၏၊ စိတ်သည်လည်း အတွင်းအာရုံ၌တည်၏၊ ကိလေသာမှ လွတ်မြောက်၏၊ (နားဖြင့် သဒ္ဒါရုံကို ကြားခြင်း စသည်တို့၌လည်း နည်းတူဟောအပ်၏) ကုဏ္ဍလိယ၊ ဣန္ဒြေ စောင့် စည်းခြင်းကို ဤသို့ပွားများလျှင် သုစရိုက်သုံးပါးကိုပြည့်စုံစေနိုင်၏၊

“ကုဏ္ဍလိယ၊ သုစရိုက်သုံးပါးကို အဘယ်သို့ ပွားများလျှင် သတိပဋ္ဌာန် လေးပါးကို ပြည့်စုံစေသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကာယ ဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွားများ၏။ ဝစီဒုစရိုက်ကိုပယ်၍ ဝစီ သုစရိုက်ကို ပွားများ၏။ မနောဒုစရိုက်ကိုပယ်၍ မနောသုစရိုက်ကို ပွားများ ၏။ ကုဏ္ဍလိယ၊ သုစရိုက်သုံးပါးကို ဤသို့ပွားများသော် သတိပဋ္ဌာန်လေးပါး ကို ပြည့်စုံစေနိုင်၏။

"ကုဏ္ဍလိယ၊ သတိပဋ္ဌာန်လေးပါးကို အဘယ်သို့ပွားများလျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ပြင်းစွာလုံ့လစိုက်လျက် သတိသမ္ပဇဉ်နှင့်ယှဉ်ကာ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ ဝေဒနာ၊ စိတ်၊ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက် နေ၏။ ကုဏ္ဍလိယ၊ သတိပဋ္ဌာန်လေးပါးကို ဤသို့ ပွားများသော် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေနိုင်၏။

"ကုဏ္ဍလိယ၊ ဗောဇ္ဈင်ခုနစ်ပါးကို အဘယ်သို့ပွားများလျှင် ဝိဇ္ဇာနှင့် ဝိမုတ္တိကို ပြည့်စုံစေသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိလေသာကင်းဆိတ်ရေးကိုမှီသော သတိသမ္ဗောဇ္ဈင်ကို ပွားစေ၏....၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားစေ၏။ ကုဏ္ဍလိယ၊ ဗောဇ္ဈင်ခုနစ်ပါးကို ဤသို့ပွားစေသည်ရှိသော် ဝိဇ္ဇာနှင့် ဝိမုတ္တိကိုပြည့်စုံ စေနိုင်၏"

ဗုဒ္ဓက ဤသို့ဟောကြားလျှင် ကုဏ္ဍလိယ ပရိဗိုဇ်သည် လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

၁၈၈။ ကုဋ္ဌာဂါရသုတ်၌ 'ရဟန်းတို့၊ အထွတ်တပ်သောအိမ်၏ အခြင်ရနယ်ဟူသမျှတို့သည် အထွတ်လျှင် ကိုင်းညွတ်ရာ ရှိကုန်သကဲ့သို့ ထို့အတူ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသော ရဟန်းသည် နိဗ္ဗာန်လျှင် ညွတ်ယိမ်းကိုင်းရှိုင်းရာ ရှိပေ၏'ဟု မိန့်ကြားပြီး ဗောဇ္ဈင်ပွားများပုံကို ရှေးနည်းတူ ဟော၏။

## ၈။ ဥပဝါနသုတ်

[ရှင်သာရိပုတ္တရာ၏ မေးခွန်းကို ရှင်ဥပဝါန ကဖြေခြင်း]

၁၈၉။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာသည် ရှင်ဥပဝါန ထံ ချဉ်းကပ်၍ ဗောဇ္ဈင်ခုနစ်ပါးနှင့်စပ်သော မေးခွန်းကို မေးသဖြင့် ရှင်ဥပဝါနက ဖြေကြားခဲ့၏။

"ငါ့ရှင် ဥပဝါန၊ ရဟန်းသည် မိမိကိုယ်မိမိ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် 'ငါသည်ကောင်းစွာအားထုတ်အပ်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ချမ်းသာစွာနေခြင်းငှာ ဖြစ်ကုန်၏'ဟူ၍ သိနိုင်ရာပါသလော"

"ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းသည် မိမိကိုယ် မိမိ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် 'ငါသည် ကောင်းစွာအားထုတ်အပ်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ချမ်းသာစွာနေခြင်းငှာ ဖြစ်ကုန်၏'ဟူ၍ သိနိုင်ပေရာ၏။ ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို အားထုတ်သည်ရှိသော် ငါ၏ စိတ်သည် ကိလေသာမှ ကောင်းစွာ လွတ်၏။ ထိနမိဒ္ဓကိုလည်း ငါပယ်ခွာအပ်

ပြီး ဖြစ်၏။ ဥဒ္ဒစ္စကုက္ကုစ္စကိုလည်း ပယ်ဖျောက်အပ်ပြီးဖြစ်၏၊ ဝီရိယကိုလည်း ငါ အားထုတ်အပ်ပြီး ဖြစ်၏။ ငါသည် လိုလိုလားလားဖြင့် နှလုံးသွင်း၏။ တွန့်ဆုတ်ခြင်းကို မပြု'ဟူ၍သိ၏။.... ဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်သည်ရှိသော်....သိ၏။ ငါ့ရှင်သာရိပုတ္တရာ၊ ဤသို့လျှင်ရဟန်းသည် "ဗောဇ္ဈင်ခုနစ်ပါးတို့သည် ချမ်းသာစွာ နေခြင်ငှာ ဖြစ်ကုန်၏"ဟူ၍ သိနိုင်ပေရာ၏။

၁၉၀-၁၉၁။ ပထမနှင့် ဒုတိယ ဥပ္ပန္နသုတ်တို့၌ မဖြစ်သေးသော ဗောဇ္ဈင် ခုနစ်ပါး တို့သည်၊ မြတ်စွာဘုရား ဖြစ်ပေါ်လာခြင်ကြောင့် ဖြစ်ပေါ်လာကြောင်း၊ မြတ်စွာဘုရား၏ အဆုံးအမကြောင့် ဖြစ်ပေါ်လာကြောင်း ဟောကြားသည်။

## ၂။ ပါဏဝဂ်

၁၉၂။ ပါဏသုတ်၌ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းဟူသော ဣရိယာပုထ်လေးပါးကိုပြုသော သတ္တဝါဟူသမျှတို့သည် မြေကြီးကိုအမှီပြု၍ မြေကြီး၌တည်၍ ဣရိယာပုထ်လေးပါးကို ပြုကြသကဲ့သို့၊ ထို့အတူ ဗောဇ္ဈင် ခုနစ်ပါးကို ပွားများသော ရဟန်းသည်၊ နိဗ္ဗာန်လျှင် ညွတ်ယိမ်းကိုင်းရှိုင်းရာ ရှိကြောင်း ဟောသည်။

၁၉၃။ ပထမ သူရိယသုတ်၌ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်သကဲ့သို့၊ ထို့အတူ မိတ်ဆွေကောင်းရှိခြင်းသည် ဗောဇ္ဈင် ခုနစ်ပါး ဖြစ်ပေါ်ခြင်း၏ ရှေ့ပြေး နိမိတ် ဖြစ်ကြောင်း၊ မိတ်ဆွေကောင်းရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလိမ့်မည်ဟု မျှော်လင့်အပ်ကြောင်း ဟော၏။

၁၉၄။ ဒုတိယသူရိယသုတ်၌ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေး နိမိတ် ဖြစ်သကဲ့သို့၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းသည် ဗောဇ္ဈင် ပွားများခြင်းဖြစ်ကြောင်း ဟောကြားသည်။

## ၄။ ပထမဂိလာနသုတ်

[ဗောဇ္ဈင်တရားဖြင့် ရောဂါပျောက်ကင်းပုံ]

၁၉၅။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်မဟာကဿပသည် ပြင်းစွာ နာမကျန်းဖြစ်လျက် ပိပ္ပလိလိုဏ်ဂူ၌ နေ၏။ ဗုဒ္ဓသည် ညနေချမ်းအခါချိန်တွင် ရှင်မဟာကဿပထံ ချဉ်းကပ်၍ 'ရောဂါသက်သာပါ၏လော'ဟု မေး၏။ မသက်သာကြောင်း ရှင်မဟာကဿပက ဖြေကြားသော အခါ ဗောဇ္ဈင် ခုနစ်ပါးကို ဟောကြားလေသည်။

"ကဿပ၊ ငါဟောကြားအပ်သော ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသည့်ရှိသော် အထူးသိခြင်း၊ ထိုးထွင်း၍သိခြင်း၊ ငြိမ်းအေးခြင်းအလို့ငှာ ဖြစ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း ဆိုသော် ကဿပ၊ ငါဟောကြားအပ်သော သတိသမ္ဗောဇ္ဈင်ကို ပွားများအပ်သည်ရှိသော် အထူးသိခြင်း၊ ထိုးထွင်း၍သိခြင်း၊ ငြိမ်းအေးခြင်းအလို့ငှာ ဖြစ်၏၊....ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများအပ်သည်ရှိသော်.... ငြိမ်းအေးခြင်းအလို့ငှာ ဖြစ်၏"

ဗုဒ္ဓဟောကြားသည့် ဗောဇ္ဈင်တရားကို ဝမ်းမြောက်စွာ နာယူသော ရှင်မဟာကဿပအား ရောဂါ လုံးဝ ပျောက်ကင်းသွားလေသည်၊

၁၉၆။ ဒုတိယဂိလာနသုတ်၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နာမကျန်းဖြစ်နေသော ရှင်မဟာမောဂ္ဂလ္လာန်အား ဗုဒ္ဓက ဗောဇ္ဈင် တရားကို ဟောကြားသဖြင့် ရောဂါပျောက်ကင်းသွားကြောင်း ဖော်ပြထားသည်။

၁၉၇။ တတိယဂိလာနသုတ်၌ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ နာမကျန်းဖြစ်နေသော ဗုဒ္ဓအား ရှင်စုန္ဒက ဗောဇ္ဈင်ခုနစ်ပါးကို ရွတ်ဆို လျှောက်ကြားသဖြင့် ရောဂါပျောက်ကင်းသွားကြောင်း ဖော်ပြထားသည်။

၁၉၈။ ပါရင်္ဂမသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလျှင် သံသရာဟည်းဟူသော ဤဘက်ကမ်းမှ နိဗ္ဗာန်ဟည်းဟူသော ဟိုဘက်ကမ်းသို့ရောက်စေနိုင်ကြောင်း ဟောကြားသည်။

၁၉၉။ ဝိရဒ္ဓသုတ်၌ ဗောဇ္ဈင်ခုနစ်ပါကို လွဲချော်စေသူတို့သည် ဒုက္ခကုန်ရာသို့ ရောက်ကြောင်း အရိယမဂ်ကို လွဲချော်စေသူဖြစ်ကြောင်း ဟောကြားသည်။

၂၀၀။ အရိယသုတ်၌ ဖြူစင်သော ဗောဇ္ဈင် ခုနစ်ပါးကို ပွားများလျှင် ဒုက္ခကုန်ရာသို့ ပို့ဆောင်နိုင်ကြောင်း ဟောကြားသည်။

၂၀၁။ နိဗ္ဗိဒါသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလျှင် စင်စစ် ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ကိလေသာချုပ်ငြိမ်းခြင်း၊ ငြိမ်းအေးခြင်း၊ အထူးသိခြင်း၊ ဒုက္ခငြိမ်းခြင်းအလို့ငှာ ဖြစ်ကြောင်း ဟောကြားသည်။

## ၃။ ဥပါယဝဂ်

၂၀၂။ ဗောဓာယသုတ်၌ သိခြင်းအလို့ငှာ ဖြစ်သောကြောင့် ဗောဇ္ဈင်ဟုခေါ်ကြောင်း ဟောသည်။

၂၀၃။ ဗောဇ္ဈင်ဒေသနာသုတ်မှာ ဗောဇ္ဈင် ခုနစ်ပါးကိုပင် အကျဉ်းဟောခြင်း ဖြစ်၏။

## ၃။ ဌာနိယသုတ်

[ဗောဇ္ဈင်တို့၏ တည်ရာအကြောင်းများကို နှလုံးသွင်းခြင်း]

၂၀၄။ ရဟန်းတို့၊ ကာမရာဂ၏ တည်ရာအကြောင်းဖြစ်သော တရားတို့ကို များစွာ နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ကာမစ္ဆန္ဒသည် ဖြစ်၏၊ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒသည် တိုးပွား၏။ ဝိစိကိစ္ဆာ၏ တည်ရာအကြောင်း ဖြစ်သော တရားတို့ကို များစွာ နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဝိစိကိစ္ဆာသည် ဖြစ်၏။ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာသည် တိုးပွား၏။

ရဟန်းတို့၊ သတိသမ္ဗောဇ္ဈင်၏ တည်ရာအကြောင်းဖြစ်သော တရားတို့ကို များစွာ နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည် တိုးပွား၏။ (ဓမ္မဝိစယစသည်တို့၌ နည်းတူဟော၏။)

## ၄။ အယောနိသောမနသိကာရသုတ်

[မသင့်သောအားဖြင့် နှလုံးသွင်းခြင်း]

၂၀၅။ ရဟန်းတို့၊ မသင့်သောအားဖြင့်နှလုံးသွင်းသူအား မဖြစ်သေးသော ကာမစ္ဆန္ဒသည် ဖြစ်၏၊ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒသည် တိုးပွား၏။ (ဗျာပါဒ စသည် နည်းတူ) မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည် မဖြစ်။ ဖြစ်ပေါ်လာသော သတိသမ္ဗောဇ္ဈင်သည်လည်း ချုပ်ပျောက်သွား၏ (ဓမ္မဝိစယ စသည်နည်းတူ)

ရဟန်းတို့၊ သင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော ကာမစ္ဆန္ဒသည် မဖြစ်၊ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒသည်လည်း ကင်းပျောက်၏။ (ဗျာပါဒစသည်နည်းတူ) မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည် ဖြစ်၏။ ဖြစ်ပေါ်လာသော သတိသမ္ဗောဇ္ဈင်သည်လည်း တိုးပွား၏။ (ဓမ္မဝိစယစသည် နည်းတူ)

၂၀၆။ အပရိဟာနိယသုတ်၌ ဗောဇ္ဈင် ခုနစ်ပါးတို့သည် ဆုတ်ယုတ်ကြောင်း တရားခုနစ်ပါး ဖြစ်ကြောင်း ဟောကြားသည်။

## ၆။ တဏှက္ခယသုတ်

[တဏှာကုန်ကြောင်းအကျင့်]

၂၀၇။ ရဟန်းတို့၊ သင်တို့သည် တဏှာကုန်ကြောင်း အကျင့်လမ်းစဉ်ကို ပွားများကြကုန်လော၊ တဏှာကုန်ကြောင်း အကျင့်လမ်းစဉ်ဟူသည် အဘယ်နည်း ဆိုသော် ဗောဇ္ဈင်ခုနစ်ပါးပင်ဖြစ်၏။

ထိုအခါ ရှင်ဥဒါယီက 'ပေဗျာင် ခုနစ်ပါးကို အဘယ်သို့ ပွားများလျှင် တဏှာကုန်ခြင်းငှာ ဖြစ်ပါသနည်း'ဟု မေးလျှောက်သဖြင့် ဗုဒ္ဓက အောက်ပါ အတိုင်း ဖြေကြား၏။

"ဥဒါယီ၊ ဤသာသနာ၌ ရဟန်းသည် ကိလေသာကင်းဆိတ်မှု၊ ရာဂကင်းမှု၊ ချုပ်ငြိမ်းမှုကို မှီသော၊ စွန့်လွှတ်မှုသို့ ညွတ်သော၊ ပြန့်ပြောသော၊ မြင့်မြတ်သော၊ အတိုင်းအဆမရှိသော၊ ဗျာပါဒကင်းသော သတိသမ္ဗောဇ်ကို ပွားများ၏၊ ယင်းသို့ ပွားများသော ရဟန်းအား တဏှာသည် ကင်းပျောက်၏၊ တဏှာကင်းပျောက်ခြင်းကြောင့် ကံသည် ကင်းပျောက်၏။ (ဓမ္မဝိစယ စသည်တို့၌ နည်းတူ) ဥဒါယီ၊ ဤသို့လျှင် တဏှာကင်းပျောက်ခြင်းကြောင့် ကံကင်းပျောက်ခြင်းသည် ဖြစ်၏၊ ကံကင်းပျောက်ခြင်းကြောင့် ဆင်းရဲကင်း ပျောက်ခြင်းသည် ဖြစ်၏။

၂၀၀။ တဏှာနိရောဓသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးသည် တဏှာချုပ်ကြောင်း အကျင့်လမ်းစဉ်ဖြစ်ကြောင်း ဟောကြားသည်။

## ဂ။ နိဗ္ဗေဓဘာဂိယသုတ်

[ဖောက်ခွဲခြင်းအဖို့ရှိသောတရား]

၂၀၉။ ရဟန်းတို့၊ ငါသည် သင်တို့အား ဖောက်ခွဲခြင်းအဖို့ရှိသော တရားကို ဟောကြားအံ့။ ရဟန်းတို့၊ ဖောက်ခွဲခြင်းအဖို့ရှိသော တရားဟူသည် အဘယ်နည်းဆိုသော် ဗောဇ္ဈင်ခုနစ်ပါးတို့ပင်ဖြစ်၏။

ထိုအခါ ရှင်ဥဒါယီက 'အရှင်ဘုရား အဘယ်သို့လျှင် ပွားများအပ်သော ဗောဇ္ဈင် ခုနစ်ပါးတို့သည် ဖောက်ခွဲခြင်းငှာဖြစ်ပါကုန်သနည်း'ဟု မေးလျှောက် သဖြင့် ဗုဒ္ဓက အောက်ပါအတိုင်းဖြေကြား၏။

'ဥဒါယီ၊ ဤသာသနာ၌ ရဟန်းသည် ကိလေသာကင်းဆိတ်မှုကို မှီသော.... ကြွင်းကြမ့်ကင်းသော သတိသမ္ဗောဇ္ဈင်ကို ပွားများ၏။ ထိုရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွားများသောစိတ်ဖြင့် ရှေးက မဖောက်ခွဲဖူးသေးသော လောဘတုံး၊ ဒေါသတုံး၊ မောဟတုံး ကိုဖောက်ခွဲ၏။ (ဓမ္မဝိစယသည်တို့၌ နည်းတူ) ဥဒါယီ၊ ဤသို့လျှင် ပွားများအပ်သော ဗောဇ္ဈင် ခုနစ်ပါးတို့သည် ဖောက်ခွဲခြင်းငှာ ဖြစ်ကုန်၏။

## ၉။ ကောမ္ပသုတ်

[သံယောဇဉ်ကိုပယ်သောတရား]

၂၁၀။ ရဟန်းတို့၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကဲ့သို့ ပွားများအပ်သည် ရှိသော် သံယောဇဉ်၏ အကြောင်းဖြစ်သော တရားတို့ကို[၁] ပယ်ရှားခြင်းအလို့ငှာ ဖြစ်သည့် အခြားတပါးသော တရားကိုမျှလည်း ငါမမြင်ပေ။ (ပွားများပုံကို ရှေးနည်းတူ ဟောသည်)

ရဟန်းတို့၊ သံယောဇဉ်၏ အကြောင်းဖြစ်သော တရားဟူသည် အဘယ်နည်းဆိုသော် မျက်စိသည် သံယောဇဉ်၏အကြောင်းဖြစ်သော တရားဖြစ်၏။ ဤမျက်စိ၌ သံယောဇဉ်အနှောင်အဖွဲ့တို့သည် လွှမ်းမိုးသက်ဝင်လျက် ဖြစ်ကုန်၏။ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်သည် သံယောဇဉ်၏အကြောင်းဖြစ်သော တရားဖြစ်၏။ ဤစိတ်၌ သံယောဇဉ် အနှောင်အဖွဲ့တို့သည် လွှမ်းမိုးသက်ဝင်လျက်ဖြစ်ကုန်၏။ ရဟန်းတို့၊ ဤတရားတို့ကို သံယောဇဉ်၏အကြောင်းဖြစ်သော တရားဟုဆိုအပ်ကုန်၏။

## ၁၀။ ဥဒါယိသုတ်

[ရှင်ဥဒါယီ၏ လျှောက်ကြားချက်]

၂၁၁။ သုမ္ဘတိုင်း သေတကနိဂုံး၌ သီတင်းသုံးစဉ် ရှင်ဥဒါယီသည် ဗုဒ္ဓထံ ချဉ်းကပ်၍ အောက်ပါအတိုင်း လျှောက်ကြား၏။

“အရှင်ဘုရား။ အံ့ဖွယ်သူရဲထူးကဲလှပါသည်။ တပည့်တော်သည် မြတ်စွာဘုရား၌ ချစ်ခင် ရိုသေခြင်း၊ ရှက်ကြောက်ခြင်းကို များစွာ ပြုအပ်ပါ၏။ အရှင်ဘုရား၊ တပည့်တော်သည် ရှေးလူဖြစ်စဉ်က တရားသံဃာ၌ များစွာ မြတ်နိုးခြင်း မပြုခဲ့ပါ။ တပည့်တော်သည် မြတ်စွာဘုရား၌ ချစ်ခင်ရိုသေခြင်း ရှက်ကြောက်ခြင်းကို မြင်သည်ဖြစ်၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရားသည် တပည့်တော်အား ‘ဤကားရုပ်တည်း၊ ဤကား ရုပ်ဖြစ်ကြောင်းတည်း၊ ဤကားရုပ်၏ ချုပ်ရာတည်း’ စသည်ဖြင့် တရားကို ဟောခဲ့ပါသည်။ တပည့်တော်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အပြန်ပြန်အလှန်လှန် ဆင်ခြင်သည်ရှိသော် ‘ဤကား ဆင်းရဲတည်း၊ ဤ

---

၁။ သံယောဇနိယာ ဓမ္မာ၊ ဗန္ဓနိယာ ဗန္ဓနဿ ပစ္စယဘူတာ။
“အနှောင်အဖွဲ့ဖြစ်သော တရားတို့ကို” ဟုလည်း ပြန်ဆိုနိုင်သည်။ (အဋ္ဌကထာ)

က : သင် ရဲဖြစ်ကြောင်းတည်း စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့ပါသည်။ ငါ ကြည့်ခဲ့သော်သည် အကြောင်းတရားလမ်းစဉ်ကို ပွားများသည်ရှိသော် 'ငါ့အား ဇာတိကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စပြီးဆုံးပြီ'ဟူ၍ သိနိုင်ရာ၏။ ဗောဇ္ဈင်ခုနစ်ပါးဟူသော ထိုတရားလမ်းစဉ်ကိုလည်း တပည့်တော် သိအပ်ချေအပ်ပါပြီ"

"ဥဒါယိ၊ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည် ဤ ကြောင်းလမ်းစဉ်ကို ပွားများသည်ရှိသော် 'ငါ့အား ဇာတိကုန်ပြီ' စသည်ဖြင့် သိနိုင်ရာ၏။ ထိုလမ်းစဉ်ကို သင် သိအပ်ပေပြီ"ဟု ဗုဒ္ဓက မိန့်ကြားလေသည်၊

## ၄။ နီဝရဏဝဂ်

### ၁။ ပဌမကုသလသုတ်
[ကုသိုလ်တရားတို့၏ အခြေအမြစ်]

၂၁၂။ ရဟန်းတို့၊ ကုသိုလ်ဖို့ရှိသော၊ ကုသိုလ် အသင်းအပင်းဝင် ဖြစ်သော တရားဟူသမျှတို့သည် မမေ့မလျော့ခြင်းလျှင် အရင်းအမြစ်ရှိကုန်၏။ မမေ့မလျော့ခြင်းလျှင် စုဝေးရာရှိကုန်၏။ မမေ့မလျော့ခြင်းကို ထိုတရားတို့တွင် အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့၊ မမေ့မလျော့သော ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါးကို ပွားများလိမ့်မည်ဟု မျှော်လင့်အပ်၏။

၂၁၃။ ဒုတိယကုသလသုတ်၌ ကုသိုလ်တရားဟူသမျှတို့သည် သင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင် အရင်းအမြစ်ရှိကြောင်း ဟောကြားသည်။

### ၃။ ဥပက္ကိလေသသုတ်
[စိတ်၏ အညစ်အကြေး ငါးပါး]

၂၁၄။ ရဟန်းတို့၊ ရွှေ၏ အညစ်အကြေးတို့သည် ငါးပါးရှိ၏။ ယင်းတို့ဖြင့် ညစ်နွမ်းသော ရွှေသည် မနူးညံ့၊ အရောင်မတောက်၊ ကြွပ်ဆတ်၏။ လက်ဝယ်တန်သော ပြုခြင်းငှါလည်း မခန့်၊ ရွှေ၏အညစ်အကြေး ငါးပါး ဟူသည် အဘယ်နည်းဆိုသော် သံ၊ ကြေး၊ ခဲပုပ်၊ ခဲမဖြူ၊ ငွေတို့ဖြစ်၏။

ရဟန်းတို့၊ ထိုနည်းတူပင် စိတ်၏ အညစ်အကြေး တို့သည် ငါးပါးရှိ၏။ ယင်းတို့ဖြင့် ညစ်နွမ်းသော စိတ်သည် မနူးညံ့၊ အရောင်မတောက်၊ ကြွပ်ဆတ်၏။ အာသဝတရားတို့ ကုန်ခြင်းငှာ ကောင်းစွာမတည်ကြည်။ စိတ်၏ အညစ်အကြေး ငါးပါးဟူသည် အဘယ်နည်းဆိုသော် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ တို့ဖြစ်၏။

၂၁၅။ အနုသ္သတိလ သုတ်၌ 'ရဟန်းတို့၊ စိတ်ကို ပိတ်ဆို့တာ ဆီးခြင်း မပြုတတ်သော၊ စိတ်ကို မညစ်နွမ်းစေတတ်သော ဥဿဗောဇ္ဈင်ခုနစ်ပါးကို ပွား များသည်ရှိသော် ဝိဇ္ဇာ နှင့် ဝိမုတ္တိတည်းဟူသော အကျိုးကို မျက်မှောက်ပြု ခြင်းငှာ ဖြစ်ကုန်၏' ဟု ဟောသည်။

၂၁၆။ အယောနိသောမနသိကာရ သုတ်၌ မသင့်သောအားဖြင့် နှလုံး သွင်းသူအား မဖြစ်သေးသော ကာမစ္ဆန္ဒ စသည့် နီဝရဏများ ဖြစ်ပေါ်၍ ဖြစ်ပေါ်လာသော နီဝရဏများလည်း တိုးပွား ကြောင်း ဟောကြားသည်။

၂၁၇။ ယောနိသောမနသိကာရသုတ်၌ သင့်သောအားဖြင့် နှလုံးသွင်းသူ အား မဖြစ်သေးသော ဗောဇ္ဈင်များဖြစ်ပေါ်၍ ဖြစ်ပေါ်လာသော ဗောဇ္ဈင် များလည်း တိုးပွား ကြောင်း ဟောကြားသည်။

၂၁၈။ အပရိဟာနိယသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလျှင် အသိဉာဏ် မဆုတ်ယုတ်ခြင်းငှာ ဖြစ်ကြောင်း ဟောကြားသည်။

## ၈။ အာဟာရဝဂ်နိဝရဏသုတ်

[စိတ်ကို တားဆီးပိတ်ဆို့တတ်သော အရေးများ]

၂၁၉။ ကာမစ္ဆန္ဒစသော တရားငါးပါးတို့သည် စိတ်ကို ပိတ်ဆို့တားဆီး တတ်ကုန်၏၊ စိတ်ကို ညစ်နွမ်းစေတတ်ကုန်၏၊ ပညာကို အားနည်းစေတတ် ကုန်၏၊ သတိအစရှိသော ဗောဇ္ဈင်ခုနစ်ပါးတို့သည် စိတ်ကို မတားဆီးမပိတ် ဆို့တတ်ကုန်၊ စိတ်ကိုမညစ်နွမ်းစေတတ်ကုန်၊ ပွားများအပ်သည်ရှိသော် ဝိဇ္ဇာ နှင့် ဝိမုတ္တိ တည်းဟူသော အကျိုးကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။ ကောင်းစွာအာရုံစိုက်၍ တရားကိုနာသော အရိယာတပည့်အား ယင်းသို့နာယူ နေချိန်၌ နီဝရဏငါးပါးတို့ မဖြစ်၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

## ၉။ ရုက္ခသုတ်

[နီဝရဏ ငါးပါးကို သစ်ပင်နှင့် ဥပမာပြု၍ဟောခြင်း]

၂၂၀။ ရဟန်းတို့၊ အစေ့ငယ်၍ ပင်စည်ကြီးကုန်သော ၊ တပါးသော သစ်ပင်တို့ကို လွှမ်းမိုး၍ ပေါက်ရောက်တတ်သော ... စ် ပင် ကြီး တို့သည် ရှိကုန်၏။ ယင်းတို့ကား ညောင်ဗုဒ္ဓဟောပင်၊ ပညောင်ပင်၊ ပညောင်ကြတ်ပင်၊ ရေသဖန်းပင်၊ ခအောင်းပင်၊ ညောင်ဥဲပင်တို့ပေတည်း။ ယင်းတို့ လွှမ်းမိုးခြင်း ခံရသော သစ်ပင်တို့သည် ကျိုးပြတ် ပျက်စီး၍ လဲကျကုန်၏။ ရဟန်းတို့၊ ဤ

လောက၌ အချို့သော အမျိုးကောင်းသားသည် ကြင်သို့သော သဘောရှိသော ကာမဂုဏ်တို့ကို စွန့်၍ ရဟန်းပြု၏၊ ထိုသို့ သဘောရှိသော ကာမဂုဏ်တို့ဖြင့်လည်း ကောင်း၊ ထို့ထက်ပို၍ ယုတ်ညံ့သော ကာမဂုဏ်တို့ဖြင့် လည်းကောင်း ကျိုးပြတ် ပျက်စီး၍ လူထွက်၏။ ရဟန်းတို့၊ ဤ နီဝရဏ ငါးပါး တို့သည် စိတ်ကိုလွှမ်းမိုးတတ်ကုန်၏။ ပညာကို အားနည်းစေတတ်ကုန်၏။

ရဟန်းတို့၊ ဗောဇ္ဈင်ခုနစ်ပါး တို့သည်ကား စိတ်ကို မလွှမ်းမိုးတတ်ကုန်.... ပွားများအပ်သည်ရှိသော် ဝိဇ္ဇာ နှင့် ဝိမုတ္တိ တည်းဟူသော အကျိုးကို မျက်မှောက် ပြုခြင်းငှာ ဖြစ်ကုန်၏။

## ၁၀။ နီဝရဏသုတ်

[နီဝရဏတို့သည် ဉာဏ်မျက်စိကို ကန်းစေတတ်ကြောင်း]

၂၂၁။ နီဝရဏငါးပါးတို့သည် ဉာဏ်မျက်စိကန်းအောင် ပြုတတ်ကုန်၏၊ ပညာကို ချုပ်ပျောက်စေတတ်ကုန်၏။ ဆင်းရဲခြင်းအဖို့ ရှိကုန်၏။ ငြိမ်းချမ်းမှုကို မဖြစ်စေကုန်။ ဗောဇ္ဈင်ခုနစ်ပါးတို့သည်ကား ဉာဏ်မျက်စိပွင့်စေတတ်ကုန်၏။ ပညာကိုတိုးပွားစေတတ်ကုန်၏။ ဆင်းရဲခြင်းအဖို့မရှိ၊ ငြိမ်းအေးမှုကိုဖြစ်စေတတ်ကုန်၏။

# ၅။ စက္ကဝတ္တိဝဂ်

## ၁။ ဝိဓာသုတ်

[မာနထောင်လွှားမှုကိုပယ်သူ]

၂၂၂။ အတိတ်ကာလ၌ ဖြစ်စေ၊ အနာဂတ်ကာလ၌ဖြစ်စေ၊ ယခုပစ္စုပ္ပန်ကာလ၌ ဖြစ်စေ မာနထောင်လွှားမှုကို[၁] စွန့်ပယ်သော ရဟန်းပုဏ္ဏားတို့သည် ဗောဇ္ဈင် ခုနစ်ပါးကို ပွားများခြင်းကြောင့်သာ ပယ်စွန့်နိုင်ခြင်း ဖြစ်ကြောင်း ဟောကြားသည်။

## ၂။ စက္ကဝတ္တိသုတ်

[စကြာမင်း၏ ရတနာခုနစ်ပါးနှင့်တူကြောင်း]

၂၂၃။ စကြာမင်း၏ ဖြစ်ပေါ်ခြင်းကြောင့် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူဌေးရတနာ၊ သားကြီး

---

၁။ တိဿော ဝိဓာတိ တယော မာနကောဋ္ဌာသာ၊ မာနာယေဝ ဝါ။ တထာ တထာ ဝိဒဟနတော ဟိ မာနောယေဝ ဝိဓာတိ ဝုစ္စတိ။ (အဋ္ဌကထာ)

ရတနာ ဟူသော ရတနာခုနစ်ပါး ဖြစ်ပေါ်သကဲ့သို့ မြတ်စွာဘုရား၏ ဖြစ်ပေါ်ခြင်းကြောင့် ဗောဇ္ဈင်ခုနစ်ပါးဖြစ်ပေါ်လာကြောင်း ဟောကြားသည်။

၂၂၄။ မာရသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးသည် မာရ်၏စစ်သည်ကို နှိမ်နင်းရေး လမ်းစဉ်ဖြစ်ကြောင်းဟောကြားသည်။

၂၂၅-၂၂၀။ ဒုပ္ပညသုတ်စသည်တို့၌ ဗောဇ္ဈင်ခုနစ်ပါးကို မပွားခြင်းကြောင့် ပညာမဲ့သူ၊ သင်းရဲသူဟု ဆိုအပ်ပြီး ဗောဇ္ဈင်ခုနစ်ပါးကို ပွားခြင်းကြောင့် ပညာရှိသူ၊ ချမ်းသာသူဟုဆိုအပ်ကြောင်း ဟောပြသည်။

၂၂၉။ အာဒိစ္စသုတ်သည် ၁၉၃၊ ပထမသူရိယသုတ်နှင့်တူ၏။

၂၃၀-၂၃၁။ အင်္ဂသုတ်များ၌ ဗောဇ္ဈင်ခုနစ်ပါးတို့ဖြစ်ပေါ်ရန်သင့်သော အားဖြင့် နှလုံးသွင်းခြင်း မှတပါး အတွင်းအင်္ဂါဖြစ်စေ၊ အပြင်အင်္ဂါ ဖြစ်စေ အခြားတစုံတခုသော အကြောင်းအင်္ဂါကိုမျှ မမြင်ကြောင်း ဟောကြားသည်။

## ၆။ သာကစ္ဆဝဂ်

### ၁။ အာဟာရသုတ်

### [နီဝရဏနှင့် ဗောဇ္ဈင်တို့၏ အကြောင်းတရားများ]

၂၃၂။ နီဝရဏငါးပါးနှင့် ဗောဇ္ဈင်ခုနစ်ပါးတို့၏ အကြောင်းဖြစ်သော တရားနှင့် အကြောင်းမဟုတ်သောတရားကို ဟောကြားသည်။

**နီဝရဏ၏ အကြောင်းများ**

(၁) တင့်တယ်သောအာရုံ (သုဘနိမိတ်)၌ မသင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ကာမစ္ဆန္ဒ ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ မတင့်တယ်သောအာရုံ (အသုဘနိမိတ်)၌ သင့်သောအားဖြင့် နှလုံးသွင်းခြင်းသည် ကာမစ္ဆန္ဒဖြစ်ပေါ် တိုးပွားကြောင်း မဟုတ်သောတရားဖြစ်၏။

(၂) ထိခိုက်ဖွယ်အာရုံ (ပဋိဃနိမိတ်)၌ မသင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ဗျာပါဒဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ စိတ်၏ ဆန့်ကျင်ဘက်တို့မှ လွတ်သော မေတ္တာ၌ သင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ဗျာပါဒဖြစ်ပေါ် တိုးပွားကြောင်းမဟုတ်သော တရားဖြစ်၏။

(၃) မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက်ဆန့်ငင်ငင်ဖြစ်ခြင်း၊ ထမင်းဆိမ့်ယစ်ခြင်း၊ စိတ်တွန့်ဆုတ်ခြင်းတို့၌ မသင့်သောအားဖြင့် များစွာနှလုံးသွင်း

ခြင်းသည် ထိနမိဒ္ဓဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ စိတ်အားထုတ်ခြင်း၊ ပျင်းရိမှုမှ ထွက်မြောက်ခြင်း၊ အဆင့်ဆင့်အားထုတ်ခြင်း သဘောတို့၌ သင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ထိနမိဒ္ဓ ဖြစ်ပေါ် တိုးပွားကြောင်းမဟုတ်သော တရားဖြစ်၏။

(၄) စိတ်၏မငြိမ်းအေးခြင်း၌ မသင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ စိတ်ငြိမ်းအေးခြင်း၌ များစွာ နှလုံးသွင်းခြင်းသည် ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပေါ်တိုးပွားကြောင်း မဟုတ်သောတရားဖြစ်၏။

(၅) ဝိစိကိစ္ဆာ၏ တည်ရာအကြောင်းဖြစ်သော တရားတို့၌ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းသည် ဝိစိကိစ္ဆာ ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ ကုသိုလ်၊ အကုသိုလ် စသော တရားတို့၌ သင့်သောအားဖြင့် နှလုံးသွင်းခြင်းသည် ဝိစိကိစ္ဆာဖြစ်ပေါ်တိုးပွားကြောင်း မဟုတ်သော တရားဖြစ်၏။

**ဗောဇ္ဈင်တို့၏ အကြောင်းများ**

(၁) သတိသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်သောတရားတို့၌ သင့်သောအားဖြင့် များစွာ နှလုံးသွင်းခြင်းသည် သတိသမ္ဗောဇ္ဈင် ဖြစ်ပေါ် တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ ယင်းတို့၌ များစွာနှလုံးမသွင်းခြင်းသည် သတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းမဟုတ်သော တရားဖြစ်၏။

(၂) ကုသိုလ်၊ အကုသိုလ် စသော တရားတို့၌ သင့်သောအားဖြင့် အဖန်ဖန် နှလုံးသွင်းခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏အကြောင်းဖြစ်၏။ ယင်းတို့၌ အဖန်ဖန်နှလုံးမသွင်းခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ပေါ် တိုးပွားခြင်း၏ အကြောင်းမဟုတ်သော တရားဖြစ်၏။

(၃) စိတ်အားထုတ်ခြင်း၊ ပျင်းရိမှုမှထွက်မြောက်ခြင်း၊ အဆင့်ဆင့် အားထုတ်ခြင်း သဘောတို့၌ သင့်သောအားဖြင့် များစွာနှလုံးသွင်းခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်ပြီး၊ ယင်းတို့၌အဖန်ဖန်နှလုံးမသွင်းခြင်းသည် ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းမဟုတ်သော တရားဖြစ်၏။

(၄) ပီတိသမ္ဗောဇ္ဈင်၏ တည်ရာအကြောင်းတရား၌ သင့်သောအားဖြင့် အဖန်ဖန် နှလုံးသွင်းခြင်းသည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ် တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ ယင်းတို့၌ အဖန်ဖန်နှလုံးမသွင်းခြင်းသည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းမဟုတ်သောတရားဖြစ်၏။

(၅) ကိုယ်စိတ်ငြိမ်းချမ်းခြင်းတို့၌ သင့်သောအားဖြင့် အဖန်ဖန်နှလုံးသွင်းခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ပေါ်တိုးပွားခြင်း၏အကြောင်းဖြစ်၏။ ယင်းတို့၌ အဖန်ဖန် နှလုံးမသွင်းခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းမဟုတ်သောတရားဖြစ်၏။

(၆) သမထနိမိတ်၌ သင့်သောအားဖြင့် အဖန်ဖန် နှလုံးသွင်းခြင်းသည် သမာဓိသမ္ဗောဇ္ဈင်ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ ယင်းတို့၌ အဖန်ဖန်နှလုံးမသွင်းခြင်းသည် သမာဓိသမ္ဗောဇ္ဈင်ဖြစ်ပေါ်တိုးပွားခြင်း၏အကြောင်း မဟုတ်သောတရားဖြစ်၏။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်၏ တည်ရာအကြောင်းတရားတို့၌ သင့်သော အားဖြင့် အဖန်ဖန်နှလုံးသွင်းခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ ယင်းတို့၌ အဖန်ဖန်နှလုံးမသွင်းခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းမဟုတ်သောတရားဖြစ်၏။

## ၂။ ပရိယာယသုတ်

[ပရိယာယ်အားဖြင့် နီဝရဏ ၁၀ ပါး၊ ဗောဇ္ဈင် ၁၄ ပါး ဖြစ်ပုံ]

၂၃၃။ အခါတပါး၌ များစွာသော ရဟန်းတို့သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ အချိန်စောနေသဖြင့် အယူဘပါးရှိသော ပရိဗိုဇ်တို့၏ကျောင်းသို့ ဝင်သွားကြသည်။ ထိုအခါ ပရိဗိုဇ်တို့က မိမိတို့သည်လည်း ရဟန်းဂေါတမနည်းတူပင် နီဝရဏငါးပါးကိုပယ်၍ ဗောဇ္ဈင်ခုနစ်ပါးကိုပွားများနိုင်ကြောင်း ဟောပြောကြသဖြင့် ရဟန်းဂေါတမနှင့် အယူဝါဒကွဲပြားခြင်း မရှိကြောင်း ပြောဆိုကြသည်။ ထိုရဟန်းတို့သည် ပရိဗိုဇ်တို့အား တစုံတရာ တုံ့ပြန်ပြောဆိုခြင်းမပြုခဲ့ပဲ ဇေတဝန်ကျောင်းသို့ ပြန်ရောက်သောအခါ ဗုဒ္ဓအား ထိုအကြောင်းကို လျှောက်ထားကြသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် ထိုပရိဗိုဇ်တို့အား 'အကြင်ပရိယာယ်ကိုစွဲ၍ နီဝရဏငါးပါးမှ ဆယ်ပါးဖြစ်နိုင်၏။ ဗောဇ္ဈင်ခုနစ်ပါးမှ တဆယ့်လေးပါး ဖြစ်နိုင်၏။ ထိုပရိယာယ်ကို သိကြပါကုန်၏လော' ဟု မေးမြန်းအပ်၏။ ပရိဗိုဇ်တို့သည် ထိုအမေးကို ပြေလည်အောင် ဖြေနိုင်ကြမည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ အရာမဟုတ်သောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ အကြင်ပရိယာယ်ကိုစွဲ၍ နီဝရဏငါးပါးသည် ဆယ်ပါး ဖြစ်၏။ ထိုပရိယာယ်ကား အဘယ်နည်းဆိုသော် မိမိကိုယ်ကိုစွဲ၍ ဖြစ်သော

ကာမစ္ဆန္ဒသည်လည်း ကာမစ္ဆန္ဒနီဝရဏမည်၏။ တပါးသောခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်သော ကာမစ္ဆန္ဒသည်လည်း ကာမစ္ဆန္ဒနီဝရဏမည်၏။ ဤသို့သောပရိယာယ် အားဖြင့် ကာမစ္ဆန္ဒနီဝရဏသည် နှစ်ပါးဖြစ်၏။ (ဗျာပါဒ စသည်တို့နှင့်လည်း နည်းတူဟော၏)။ ရဟန်းတို့၊ ဤကား နီဝရဏငါးပါးမှ ဆယ်ပါးဖြစ်ပုံ ပရိယာယ်တည်း။

''ရဟန်းတို့၊အကြင်ပရိယာယ်ကိုစွဲ၍ ဗောဇ္ဈင်ခုနစ်ပါးသည် တဆယ့်လေး ပါးဖြစ်၏။ ထိုပရိယာယ်ကား အဘယ်နည်းဆိုသော် ကိုယ်၏ အတွင်းတရား တို့၌ဖြစ်သော သတိသည်လည်း သတိသမ္ဗောဇ္ဈင်မည်၏။ ကိုယ်၏အပြင်တရား တို့၌ဖြစ်သော သတိသည်လည်း သတိသမ္ဗောဇ္ဈင်မည်၏။ ဤသို့သော ပရိယာယ် အားဖြင့် သတိသမ္ဗောဇ္ဈင်သည် နှစ်ပါးဖြစ်၏။

(အတွင်းတရားတို့ကို သုံးသပ်ခြင်း၊ အပြင်တရားတို့ကို သုံးသပ်ခြင်းအားဖြင့် ဓမ္မဝိစယသည် သမ္ဗောဇ္ဈင်နှစ်ပါး။ ကိုယ်၌ဖြစ်သော ဝီရိယ၊ စိတ်၌ဖြစ်သော ဝီရိယအားဖြင့် ဝီရိယသမ္ဗောဇ္ဈင်နှစ်ပါး။ ဝိတက်ဝိစာရနှင့်တကွဖြစ်သော ပီတိ၊ ဝိတက် ဝိစာရကင်းသော ပီတိအားဖြင့် ပီတိသမ္ဗောဇ္ဈင် နှစ်ပါး။ ကိုယ်၏ ငြိမ်းချမ်းခြင်း၊ စိတ်၏ငြိမ်းချမ်းခြင်း အားဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင် နှစ်ပါး။ ဝိတက်ဝိစာရနှင့်တကွဖြစ်သော သမာဓိ၊ ဝိတက်ဝိစာရကင်းသော သမာဓိအား ဖြင့် သမာဓိသမ္ဗောဇ္ဈင် နှစ်ပါး။ အတွင်းတရားတို့၌ဖြစ်သောဥပေက္ခာ၊ အပြင် တရားတို့၌ဖြစ်သော ဥပေက္ခာအားဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်နှစ်ပါး ဖြစ်ပုံကို လည်း ရှေးနည်းတူဟော၏။)

''ရဟန်းတို့၊ ဤကား ဗောဇ္ဈင်ခုနစ်ပါးမှ တဆယ့်လေးပါးဖြစ်ပုံ ပရိယာယ် တည်း''

## ၃။ အဂ္ဂိသုတ်

[ဗောဇ္ဈင်ပွားများပုံကို မီးဘောက် ဥပမာဖြင့် ဟောခြင်း]

၂၃၄။ အထက်သုတ်နည်းတူ ရဟန်းတို့ ဂ ပရိဗိုဇ်များမေးပုံကို လျှောက် သဖြင့် ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြား၏။

''ရဟန်းတို့၊ သင်တို့သည် ပရိဗိုဇ်တို့အား စိတ်တွန့်ဆုတ်နေသောအခါ၌ အဘယ်ဗောဇ္ဈင်ကို မပွားများသင့်၍ အဘယ်ဗောဇ္ဈင်ကို ပွားများသင့်ပါ သနည်း''ဟု မေးအပ်၏။ ပရိဗိုဇ်တို့သည် ထိုအမေးကို ပြေလည်အောင် ဖြေနိုင် ကြလိမ့်မည်မဟုတ်။အဘယ့်ကြောင့်ဆိုသော် သူတို့၏ အရာမဟုတ်သောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ စိတ်တွန့်ဆုတ်နေသော အခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများရန် မသင့်။ အဘယ့်ကြောင့်ဆိုသော် တွန့်ဆုတ်နေသော စိတ်ကို ထိုတရားတို့ဖြင့် တက်ကြွလာစေရန် မလွယ်ခြင်းကြောင့်ဖြစ်၏။ ဥပမာ အနည်းငယ်သော မီးကို တောက်စေလိုသော် မြက်စို၊ ထင်းစိုများ ထည့်ခြင်း၊ ရေ၊ သဲ ပက်ခြင်းဖြင့် ထိုမီးကိုတောက်စေရန် မစွမ်းနိုင်သကဲ့သို့ ဖြစ်၏။

"ရဟန်းတို့၊ စိတ်တွန့်ဆုတ်နေသောအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားများသင့်၏။ အဘယ့်ကြောင့် ဆိုသော် တွန့်ဆုတ်နေသောစိတ်ကို ထိုတရားတို့ဖြင့် တက်ကြွစေရန်လွယ်ကူသောကြောင့် ဖြစ်၏။ ဥပမာ အနည်းငယ်သောမီးကို တောက်စေလိုသော် ခြောက်သွေ့သော မြက်၊ ထင်းများထည့်ခြင်း၊ လေမှုတ်ခြင်းဖြင့် ထိုမီးကိုတောက်စေရန် စွမ်းနိုင်သကဲ့သို့ ဖြစ်၏။

"ရဟန်းတို့၊ စိတ်ပျံ့လွင့်နေသောအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကိုပွားများရန်မသင့်။ အဘယ့်ကြောင့်ဆိုသော် ထိုတရားတို့ဖြင့် ပျံ့လွင့်နေသောစိတ်ကို ငြိမ်းအေးစေရန် မလွယ်သောကြောင့် ဖြစ်၏။ ဥပမာ ကြီးမားသော မီးပုံကြီးကို ငြိမ်းစေလိုသော် ခြောက်သွေ့သော မြက်၊ ထင်းများထည့်ခြင်း၊ လေမှုတ်ခြင်းဖြင့် ထိုမီးကို ငြိမ်းစေရန် မစွမ်းသကဲ့သို့ ဖြစ်၏။

"ရဟန်းတို့၊ စိတ်ပျံ့လွင့်နေသောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများသင့်၏။ အဘယ့်ကြောင့် ဆိုသော် ထိုတရားတို့ဖြင့် ပျံ့လွင့်သောစိတ်ကို ငြိမ်သက်စေရန် လွယ်ကူသောကြောင့် ဖြစ်၏။ ဥပမာ ကြီးမားသော မီးပုံကြီးကို ငြိမ်းစေလိုသော် စိုသော မြက်၊ ထင်းများထည့်ခြင်း၊ ရေ၊ သဲများ ပက်ဖျန်းခြင်းဖြင့် ထိုမီးကိုငြိမ်းစေနိုင်သကဲ့သို့ ဖြစ်၏။

"ရဟန်းတို့၊ သတိကိုမူ အလုံးစုံသောအရာ၌ အလိုရှိအပ်၏ဟု ငါဆို၏"

## ၄။ မေတ္တာသဟဂတသုတ်

[မေတ္တာနှင့်တကွ ဗောဇ္ဈင်ပွားများနည်း]

၂၃၅။ ကောလိယတိုင်း၊ ဟလိဒ္ဒဝသနမည်သော နိဂုံး၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် များစွာသော ရဟန်းတို့သည် ဆွမ်းခံသွားယင်း အယူတပါးရှိသော ပရိဗိုဇ်တို့၏ ကျောင်းသို့ ဝင်သွားကြ၏။ ထိုအခါ ပရိဗိုဇ်တို့က မိမိတို့သည်လည်း

ရဟန်း ဂေါတမ နည်းတူပင် နီဝရဏငါးပါးကို ပယ်၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ပွားများကြရန် ဟောကြားကြသဖြင့် ရဟန်းဂေါတမနှင့် အယူဝါဒကွဲပြားခြင်းမရှိပါဟု ပြောဆိုကြသည်။ ရဟန်းတို့သည် ပရိဗိုဇ်တို့၏ စကားကို နှစ်သက်မှု တုံ့ပြန်ခြင်း မပြုပဲ ပြန်လာကြပြီး ကျောင်းရောက်သောအခါ၌ ဗုဒ္ဓအား ထိုအကြောင်းကို လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားလေသည်။

"ရဟန်းတို့၊ သင်တို့သည် ထိုပရိဗိုဇ်တို့အား ဆန့်ကျင်ဘက်မှ လွတ်မြောက်သည့် မေတ္တာနှင့်ယှဉ်သောစိတ်ကို အဘယ်သို့ပွားလျှင် အဘယ်သို့သောအလားအလာ၊ အဘယ်သို့သောအကျိုး၊ အဘယ်သို့သော ပြီးဆုံးခြင်းရှိသနည်း"ဟူ၍ မေးအပ်၏၊ (ကရုဏာစသည့်၌လည်း နည်းတူ) ပရိဗိုဇ်တို့သည် ထိုအမေးကို ပြေလည်အောင် ဖြေဆိုနိုင်ကြလိမ့်မည်မဟုတ်။

"ရဟန်းတို့၊ ဆန့်ကျင်ဘက်တို့မှ လွတ်မြောက်သည့် မေတ္တာနှင့်ယှဉ်သောစိတ်ကို အဘယ်သို့ ပွားလျှင် အဘယ်သို့သော အလားအလာ၊ အဘယ်သို့သောအကျိုး၊ အဘယ်သို့သော ပြီးဆုံးခြင်းရှိသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် မေတ္တာနှင့်တကွဖြစ်သော သတိသမ္ဗောဇ္ဈင် .... ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများ၏။ ထိုရဟန်းသည် အလိုရှိခဲ့သော် စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက် နေနိုင်၏[၁]။ စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေနိုင်၏[၂]။ ယင်းနှစ်ပါးစုံသောအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေနိုင်၏။ ယင်းနှစ်ပါးစုံသောအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေနိုင်၏။ ယင်းနှစ်ပါးစုံကို ကြဉ်ပြီး လျစ်လျူရှုလျက်နေနိုင်၏။ တင့်တယ်မှုကို အာရုံပြု၍ ဖြစ်သော လွတ်မြောက်ခြင်းသုဘဝိမောက္ခ သို့ ရောက်၍ နေ၏။ ရဟန်းတို့၊ အသက် လောကုတ္တရာတရားကို မသိနိုင်၍ လောကီပညာသာရှိသော ရဟန်း၏ မေတ္တာစေတော ဝိမုတ္တိကို သုဘဝိမောက္ခသျှင် ပြီးဆုံးခြင်းရှိ၏ ဟု ငါဆို၏"

---

၁။ အသုဘကမ္မဋ္ဌာန်းကို ပွားခြင်း၊ အနိဋ္ဌသဘောကို ရှုခြင်းဖြင့် စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေနိုင်၏၊

၂။ မေတ္တာပွားခြင်း၊ ဓာတ်သဘောကို နှလုံးသွင်းခြင်းဖြင့် စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေနိုင်၏။

(ကရုဏာ စေတောဝိမုတ္တိသည် အာကာသာနဉ္စာယတနချွန်လျှင် ပြီးဆုံးခြင်းရှိကြောင်း၊ မုဒိတာ စေတောဝိမုတ္တိသည် ဝိညာဏဉ္စာယတန ချွန်လျှင် ပြီးဆုံးခြင်းရှိကြောင်း၊ ဥပေက္ခာစေတော ဝိမုတ္တိသည် အာကိဉ္စညာယတနချွန်လျှင် ပြီးဆုံးခြင်းရှိကြောင်း နည်းတူဟောကြား၏။)

## ၅။ သင်္ဂါရဝသုတ်

### [ သင်္ဂါရဝ ပုဏ္ဏားအား ဟောကြားချက် ]

၂၃၆။ သင်္ဂါရဝမည်သော ပုဏ္ဏား က ဗုဒ္ဓ အား 'အရှင် ဂေါတမ- တခါ တရံ ကြာမြင့်စွာ ရွတ်အံသားသော ဗေဒင်တို့သည်ပင် ဉာဏ်၌ မထင်ကြခြင်းမှာ အဘယ့်ကြောင့်ပါနည်း' ဟု မေးလျှောက်၏၊ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားလေသည်။

''ပုဏ္ဏား၊ အကြင်အခါ၌ ရာဂ လွှမ်းမိုးအပ်သော စိတ်ဖြင့်နေ၏။ ဖြစ်ပေါ်လာသော ကာမရာဂ၏ လွတ်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ ထိုအခါ၌ မိမိအကျိုး စီးပွားကို လည်းကောင်း၊ သူတပါး၏ အကျိုးစီးပွားကို လည်းကောင်း၊ နှစ်ပါးစုံ၏ အကျိုးစီးပွားကိုလည်းကောင်း မသိမြင်။ ကြာမြင့်စွာ ရွတ်အံအပ်သော ဗေဒင်တို့သည်လည်း ဉာဏ်၌ မထင်ကုန်။ ဥပမာ ချိပ် နနွင်း မဲနယ်စသည်တို့ဖြင့် ရောထားသော ရေခွက်၌ မျက်နှာရိပ်ကို မမြင်ရသကဲ့သို့ ဖြစ်၏။

''ပုဏ္ဏား၊ အကြင်အခါ၌ ကာမ ရာဂ မလွှမ်းမိုးအပ်သော စိတ်ဖြင့်နေ၏။ ဖြစ်ပေါ်လာသော ကာမ ရာဂ ထွက်မြောက် ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ ထိုအခါ မိမိအကျိုး၊ သူတပါးအကျိုး၊ နှစ်ပါးစုံတို့၏ အကျိုးကို သိမြင်၏' ကြာမြင့်စွာ ရွတ်အံမထားသော ဗေဒင်တို့သည်ပင် ဉာဏ်ထင်ကုန်၏။ ဥပမာ ချိပ် နနွင်း စသည်တို့နှင့် ရောမထားသော ရေခွက်၌ မျက်နှာရိပ်ကို မြင်ရသကဲ့သို့ ဖြစ်၏။ (ဗျာပါဒ၌ ဆူပွက်နေသော ရေခွက် ဥပမာ၊ ထိနမိဒ္ဓ၌ မှော်ညှိတို့ မြေးယှက်နေသော ရေခွက်ဥပမာ၊ ဥဒ္ဓစ္စကုက္ကုစ္စ၌ လေကြောင့် လှုပ်ရှားနေသော ရေခွက်ဥပမာ၊ ဝိစိကိစ္ဆာ၌ နောက်ကျုသော ရေခွက်ဥပမာ တို့ဖြင့် ရှေးနည်းတူ ဟောသည်) ထို့နောက် ဗေ ဇ္ဈင် ခုနစ်ပါးကို ပွားလျှင် စိတ်ညစ်ညူးခြင်း ကင်း၍ ဝိဇ္ဇာနှင့် ဝိမုတ္တိကို မျက်မှောက် ပြုနိုင်ကြောင်း ဆက်လက်ဟောကြားရာ သင်္ဂါရဝ ပုဏ္ဏားဥပါသကာဖြစ်သွား၏။)

## ၆။ အဘယသုတ်

[အဘယ မင်းသားအား ဟောကြားချက်]

၂၃၇။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်၌ ဗုဒ္ဓသီတင်းသုံးနေစဉ် အဘယ မင်းသားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်၏။

"အရှင်ဘုရား၊ ပူရဏ ကဿပက မသိခြင်း၊ မမြင်ခြင်းနှင့် သိမြင်ခြင်း တို့သည် အကြောင်း အထောက်အပံ့ မရှိပဲ ဖြစ်ကုန်၏ဟု ဆိုပါသည်။ဤ အရာ၌ မြတ်စွာဘုရားသည် မည်သို့ ဆိုပါသနည်း"

"မင်းသား၊ မသိခြင်း၊ မမြင်ခြင်းနှင့် သိခြင်း မြင်ခြင်းတို့သည် အကြောင်း အထောက်အပံ့နှင့်တကွ ဖြစ်ကုန်၏"

"အရှင်ဘုရား၊ မသိခြင်း၊ မမြင်ခြင်း၏ အကြောင်းကား အဘယ်ပါ နည်း"

"မင်းသား၊ အကြင်အခါ၌ ကာမရာဂ လွှမ်းမိုးအပ်သော စိတ်ဖြင့်နေ၏။ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း မသိ။ ယင်း သို့ မသိခြင်းသည် မသိခြင်း၊ မမြင်ခြင်း၏ အကြောင်းဖြစ်၏။ (ဗျာပါဒ စသည်တို့၌ နည်းတူဟော၏) မင်းသား၊ ဤသို့လျှင် မသိခြင်း မမြင်ခြင်း သည် အကြောင်းနှင့်တကွ ဖြစ်၏"

"အရှင်ဘုရား၊ ဤကာမ ရာဂစသော တရားတို့သည် အဘယ်မည်ပါ သနည်း"

"မင်းသား၊ ဤတရားတို့သည် နီဝရဏ မည်ကုန်၏"

"အရှင်ဘုရား၊ စင်စစ် နီဝရဏ မည်ထိုက်ပါကုန်၏။ အရှင်ဘုရား တပါး ပါးသော နီဝရဏဖြင့် လွှမ်းမိုးခြင်း ခံရသူသည်ပင် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင် မည် မဟုတ်ပါ၊ နီဝရဏ ငါးပါးလုံးဖြင့် လွှမ်းမိုးခြင်း ခံရသူကားဆိုဖွယ် မရှိတော့ပါ"

"အရှင်ဘုရား၊ သိခြင်း မြင်ခြင်းအကြောင်းကား အဘယ်ပါနည်း"

"မင်းသား၊ ဤသာသနာ၌ ရဟန်းသည် ကိလေသာ ကင်းဆိတ်မှုကိုမှီ သော သတိသမ္ဗောဇ္ဈင်ကို ပွားစေ၏။ ထိုရဟန်း အား သတိသမ္ဗောဇ္ဈင်ကို ပွား များသော စိတ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဤသို့ သတိသမ္ဗောဇ္ဈင်ကို ပွားခြင်းသည် သိခြင်း၊ မြင်ခြင်း၏ အကြောင်းဖြစ်၏။ (ဓမ္မဝိစယစသည် တို့၌ နည်းတူဟော၏) မင်းသား၊ ဤသို့လျှင် သိခြင်း၊ မြင်ခြင်းသည် အကြောင်းနှင့်တကွ ဖြစ်၏"

"အရှင်ဘုရား၊ ဤသတိ စသော တရားတို့သည် အဘယ်မည်ပါနည်း"

"မင်းသား၊ ဤတရားတို့သည် ဗောဇ္ဈင် မည်ကုန်၏"

"မြတ်စွာဘုရား၊ စင်စစ် ဗောဇ္ဈင် မည်ထိုက်ပါကုန်၏။ အရှင်ဘုရား၊ တပါးပါးသော ဗေ ဇ္ဈင်နှင့် ပြည့်စုံသော သူသည်ပင် ဟုတ်တိုင်းမှန်စွာ သိမြင်ရာပါ၏။ ဗောဇ္ဈင်ခုနစ်ပါးနှင့်ပြည့်စုံသူကား ဆိုဖွယ်မရှိတော့ပါ။ အရှင်ဘုရား ဂိဇ္ဈကုဋ်တောင်ကို တက်ရသဖြင့် ဖြစ်ပေါ်သော ကိုယ်စိတ်ပင်ပန်း ခြင်းသည်ပင် ကျွန်ုပ်အား ပြေပျောက် သွားပါပြီ။ တရားကိုလည်း ကျွန်ုပ် သိမြင် အပ်ပါပြီ"

## ၇။ အာနာပါနဝဂ်

### ၁။ အဋ္ဌိကသညာသုတ်

[ အရိုးစုကမ္မဋ္ဌာန်းကို ပွားပုံ]

၂၃၀။ ရဟန်းတို့၊ အရိုးစုဟု မှတ်ခြင်း အဋ္ဌိကသညာကို ပွားများလျှင် များသော အကျိုးအာနိသင်ရှိ၏။ အဋ္ဌိက သညာကို အဘယ်သို့ ပွားများလျှင် များသောအကျိုးအာနိသင် ရှိသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် အဋ္ဌိက သညာနှင့်တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွားများ၏၊ ....ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွားများ၏။ ရဟန်းတို့ ဤသို့ ပွားများ အပ်သော အဋ္ဌိကသညာသည်များသော အကျိုးအာနိသင်ရှိ၏။

အညတရ ဖလသုတ်၌ အဋ္ဌိကသညာကို ပွားများသည် ရှိသော်မျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ် ရရှိခြင်း၊ စွဲလမ်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမ်ဖြစ်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် တပါးပါးကို မျှော်လင့်အပ် ကြောင်း ဟောသည်။

မဟတ္တ သုတ် စသည်တို့၌ အဋ္ဌိကသညာကို ပွားများလျှင် များသော အကျိုး ဖြစ်ထွန်းခြင်း၊ ယောဂကုန်ခြင်း၊ ကြီးစွာသော ထိတ်လန့်မှု သံဝေဂ ဖြစ်ခြင်း၊ ချမ်းသာစွာ နေရခြင်းအလို့ငှာ ဖြစ်ကြောင်း ရှေးနည်းတူ ဟော ကြားသည်။

၂၃၄-၂၅၇။ ပုဠဝကသုတ် စသည်တို့၌ ပိုးလောက်အစုစုဟု မှတ်ခြင်း ပုဠဝက သညာစသည်တို့ဖြင့် ရှေးနည်းတူ ဟောကြား၏။

၂၅၀-၃၆၆။ ဂင်္ဂါပေယျာလ စသည်တို့မှ "ဂင်္ဂါမြစ်သည် အရှေ့အရပ် သို့ ကိုင်းညွတ် သကဲ့သို့ ဗောဇ္ဈင် ခုနစ်ပါးကို ပွားများသူသည် နိဗ္ဗာန်သို့ ကိုင်းရှိုင်း၏" စသော ဟောကြားချက်များသည် မဂ္ဂသံယုတ်နှင့် တူ၏။

# ၃။ သတိပဋ္ဌာန သံယုတ်

သတိပဋ္ဌာန် လေပါးနှင့် စပ်သော ဟောကြားချက်များ]

## ၁။ အမ္ဗပါလိသုတ်

[အမ္ဗပါလိ ဥယျာဉ်၌ဟောကြားချက်]

၃၆၇။ ဝေသာလီပြည် အမ္ဗပါလိ ဥယျာဉ်၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဟောကြားသည်။ 'ရဟန်းတို့ သတ္တဝါတို့ စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော လမ်းကား သတိပဋ္ဌာန်လေးပါးပင် ဖြစ်၏။ သတိပဋ္ဌာန်လေးပါးဟူသည် အဘယ်နည်းဆိုသော် ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် ပြင်းစွာအားထုတ်ခြင်း ရှိသည်ဖြစ်၍ သတိသမ္ပဇဉ်နှင့်ယှဉ်လျက် လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက်နေ၏၊ စိတ်၌ စိတ်ဟု အဖန်ဖန် ရှုလျက်နေ၏။ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက် နေ၏။ ရဟန်းတို့ သတ္တဝါတို့ စင်ကြယ်ရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော လမ်းကား ဤသတိပဋ္ဌာန် လေးပါးပင်ဖြစ်၏။

## ၂။ သတိသုတ်

[သတိသမ္ပဇဉ်ရှိလျက်နေပုံ]

၃၆၈။ ဝေသာလီပြည် အမ္ဗပါလိ ဥယျာဉ်၌ ဟောကြားသည်။

ရဟန်းတို့၊ ရဟန်းသည် သတိသမ္ပဇဉ်နှင့်ပြည့်စုံလျက် နေရာ၏။ ဤကား ငါတို့၏ အဆုံးအမဖြစ်၏။ ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် သတိနှင့်

ပြည့်စုံလျက် နေရာသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟုအဖန်ဖန် ရှုလျက်နေ၏။ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက်နေ၏။ ရဟန်းတို့၊ ရဟန်းသည် ဤသို့လျှင် သတိနှင့် ပြည့်စုံလျက် နေ၏။

'ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် သမ္ပဇဉ်နှင့် ပြည့်စုံလျက် နေရာသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ရှေ့သို့တိုးခြင်း နောက်သို့ဆုတ်ခြင်း၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ တည့်တည့်ကြည့်ခြင်း၊ တစောင်းကြည့်ခြင်းနှင့် ကွေးခြင်း၊ဆန့်ခြင်း၊ ဒုကုဋ်သပိတ်သင်္ကန်းကိုဆောင်ခြင်း၌ စားခြင်း၊ သောက်ခြင်း၊ ကိုက်ခြင်း၊ လျက်ခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်း၌ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးကြားခြင်း၌ စကားပြောခြင်း၊ ဆိတ်ဆိတ်နေခြင်း၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ရဟန်းတို့၊ ရဟန်းသည် ဤသို့လျှင် သမ္ပဇဉ်နှင့်ပြည့်စုံလျက် နေရာ၏။ ဤကား ငါတို့၏ အဆုံးအမ ဖြစ်၏။

## ၃။ ဘိက္ခုသုတ်

[ရဟန်းတပါးအား ဟောကြားချက်]

၃၆၉။ ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရဟန်းတပါးက တရားအားထုတ်လိုသဖြင့် မိမိအား အကျဉ်းအားဖြင့် တရားဟောရန် တောင်းပန်သည်။ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားသည်။

ရဟန်း၊သို့ဖြစ်သော် သင်သည် ကုသိုလ်တရားတို့၌ အစကိုသာလျှင် သုတ်သင်လော၊ ကုသိုလ်တရားတို့၏ အစဟူသည် အဘယ်နည်းဆိုသော် ကောင်းစွာ စင်ကြယ်သောသီလနှင့် ဖြောင့်မတ်သောအယူဖြစ်၏။ ရဟန်း၊သီလ စင်ကြယ်၍ အယူဖြောင့်မတ်သည်ရှိသော် သင်သည် သီလကိုမှီ၍၊ သီလ၌တည်၍ သတိပဋ္ဌာန် လေးပါးကို သုံးပါးသော အခြင်းအရာအားဖြင့် ပွားများလော၊ အဘယ်သို့ ပွားများရမည်နည်းဆိုသော်....

ဤသာသနာ၌ ရဟန်းသည် အတွင်းဖြစ်သောကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် နေ၏၊ အပဖြစ်သောကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ အတွင်းအပဖြစ်သော ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ (ဝေဒနာစသည်တို့၌ နည်းတူဟော၏) ရဟန်း၊ အကြင်အခါ၌ သင်သည် သီလကိုမှီ၍ သတိပဋ္ဌာန် လေးပါးကို သုံးပါးသော အခြင်းအရာအားဖြင့် ပွားများ၏။ ထိုအခါ သင့်အား ရောက်လာသောနေ့ဟူသမျှတို့၌ တရားတို့၌ ကြီးပွားခြင်းကိုသာ မျှော်လင့်အပ်၏။ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်....။

ထိုရဟန်းသည် ဗုဒ္ဓ၏ ဟောကြားချက်ကိုနာယူပြီး တပါးတည်းနေလျက် အပူဘပြင်း အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

## ၄။ သာလသုတ်

[သာလာရွာ၌ ဟောကြားချက်]

၃၇၀။ ကောသလတိုင်း သာလာမည်သော ပုဏ္ဏားရွာ၌ ဟောကြားသည်။

"ရဟန်းတို့၊ သင်တို့သည် ဤသာသနာသို့ ဝင်လာစဖြစ်သော ရဟန်းသစ်တို့ကို သတိပဋ္ဌာန် လေးပါး ပွားများရန် ဆောက်တည်စေအပ်၏။ အဘယ်သို့ ဆောက်တည်စေအပ်သနည်း ဆိုသော် ငါ့ရှင်တို့၊ သင်တို့သည် ကိုယ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းငှာ တည်ငြိမ်သောစိတ် ရှိကုန်သည်ဖြစ်၍ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် နေကြကုန်လော့။ (ဝေဒနာစသည်တို့၌နည်းတူ ဟော၏) ဤသို့လျှင် ဆောက်တည်စေအပ်၏။

ရဟန်းတို့၊ အရဟတ္တဖိုလ်သို့ မရောက်သေးသည်ဖြစ်၍ အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကို တောင့်တလျက်နေကုန်သော သေက္ခ ပုဂ္ဂိုလ်တို့သည်လည်း ကိုယ်ကိုပိုင်းခြား၍သိရန် တည်ငြိမ်သောစိတ် ရှိကုန်သည်ဖြစ်၍ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေကုန်၏။ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက် နေကုန်၏။

ရဟန်းတို့၊ အာသဝကုန်ပြီးသောရဟန္တာတို့သည်လည်း ကိုယ်နှင့်မစပ်ယှဉ်ပဲ တည်ငြိမ်သောစိတ်ရှိကုန်သည်ဖြစ်၍ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေကုန်၏။ ရဟန်းတို့၊ ဤသာသနာသို့ရောက်လာစဖြစ်သော ရဟန်းသစ်တို့ကိုလည်း သင်တို့သည် ဤသတိပဋ္ဌာန်လေးပါး ပွားခြင်း၌ တည်စေအပ်ကုန်၏။

## ၅။ အကုသလရာသိသုတ်

[အကုသိုလ်အစုနှင့် ကုသိုလ်အစု]

၃၇၁။ ရဟန်းတို့၊ "အကုသိုလ်အစု" ဟူသော စကားကို မှန်ကန်စွာပြောဆိုသည်ရှိသော် နီဝရဏ ငါးပါးကိုသာ ပြောဆိုရာ၏။ ရဟန်းတို့၊ နီဝရဏ ငါးပါးတို့သည် အကုသိုလ်အစုသက်သက်ဖြစ်၏။

"ရဟန်းတို့၊ "ကုသိုလ်အစု" ဟူသော စကားကို မှန်ကန်စွာ ပြောဆိုသည်ရှိသော် သတိပဋ္ဌာန် လေးပါးကိုသာ ပြောဆိုရာ၏။ ရဟန်းတို့၊ သတိပဋ္ဌာန် လေးပါးတို့သည် ကုသိုလ်အစုသက်သက် ဖြစ်၏။

## ၆။ သကုဏဂ္ဃိသုတ်

[သိမ်းငှက်နှင့် ဗီလုံးငှက် ဥပမာ]

၃၇၂။ ရဟန်းတို့၊ ရှေးအခါက သိမ်းငှက်ကကောင်သည် ဗီလုံးငှက်ကိုစမ်း လေသည်။ ထိုအခါ ဗီလုံးငှက်က "မိမိကျက်စားရာမဟုတ်သော သူတပါး နယ်မြေ၌ ကျက်စားမိခြင်းမှာ မှားလေစွ"ဟုမြည်တမ်း၏။ "သင်၏ကျက်စား ရာ နယ်မြေကား အဘယ်နည်း" ဟု သိမ်းငှက်ကမေးသော် ထွန်ချေးခဲများ ရှိရာအရပ်ဖြစ်ကြောင်း ဗီလုံးငှက်က ဖြေ၏။ ထိုအခါ သိမ်းငှက်သည် မိမိ၏ ခွန်အားကို ယုံကြည်သဖြင့် ဗီလုံးငှက်အား လွှတ်လိုက်ရာ ဗီလုံးငှက်သည် ထွန် ချေးခဲများရှိရာ အရပ်သို့ သွား၍ ကြီးမားသော ထွန်ချေးခဲတုံးတခုပေါ်သို့ တက်ပြီး "အိုသိမ်းငှက်၊ သင်သည် ယခု ငါ့ကိုဖမ်းလှည့်ပါလော...."ဟုဆို၏။ သိမ်းငှက်သည် အတောင်နှစ်ဘက်ကိုယှက်၍ ဗီလုံးငှက်ကို ထိုးသုတ်ရန် ကြိုးစား ရာ ဗီလုံးငှက်သည် ထွန်ချေးခဲကြားထဲသို့ဝင်သွား၏။ သိမ်းငှက်သည် ရင်ဘတ် ဖြင့် ထွန်ချေးခဲကို တိုက်မိသဖြင့် သေဆုံးရှာလေသည်။

"ရဟန်းတို့၊ ဤသို့လျှင် မိမိကျက်စားရာမဟုတ်သော သူတပါးနယ်မြေ၌ ကျက်စားသူများ ပျက်စီးခြင်းသည် ဖြစ်တတ်၏.... ထို့ကြောင့် သင်တို့သည် မိမိကျက်စားရာ မဟုတ်သော သူတပါး နယ်မြေ၌ မကျက်စားကြ ကုန်လင့်၊ ရဟန်းတို့၊ မိမိကျက်စားရာမဟုတ်သော သူတပါးနယ်မြေ၌ ကျက်စားသူအား မာရ်နတ်သည် နှောင့်ယှက်ဖျက်ဆီးရန် အကြောင်းအခွင့်ကိုရနိုင်၏။

"ရဟန်းတို့၊ ရဟန်းအား မိမိကျက်စားရာမဟုတ်သော သူတပါး နယ်မြေ ဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်ငါးပါးပင် ဖြစ်၏။

"ရဟန်းတို့၊ သင်တို့သည် မိမိကျက်စားရာဖြစ်သော ဘိုးဘပိုင်နယ်မြေ၌ ကျက်စားကြကုန်လော့။... မိမိကျက်စားရာ ဖြစ်သော ဘိုးဘပိုင် နယ်မြေ၌ ကျက်စားသူဘို့အား မာရ်နတ်သည် နှောင့်ယှက်ဖျက်ဆီးရန် အကြောင်းအခွင့် ကို ရနိုင်လိမ့်မည်မဟုတ်။ ရဟန်းတို့၊ ရဟန်းအား မိမိကျက်စားရာဖြစ်သော ဘိုးဘပိုင် နယ်မြေဟူသည်အဘယ်နည်းဆိုသော် သတိပဋ္ဌာန်လေးပါးပင်ဖြစ်၏"

## ၇။ မက္ကဋသုတ်

[မျောက်နှဲ့ခစးကို ထိကိုင်သော မျောက်ဥပမာ]

၃၇၃။ ရဟန်းတို့၊ ဟိမဝန္တာတောင်၌ မျောက်များလည်း မသွားနိုင်၊ လူများလည်း မသွားနိုင်သည့် မညီညာသောအရပ်သည် ရှိ၏။ မျောက်များသာ သွားလာနိုင်၍ လူများ မသွားလာနိုင်သည့် မညီညာသော အရပ်သည်လည်း ရှိ၏။ မျောက်များလည်း သွားနိုင်၊ လူများလည်း သွားနိုင်သည့် ညီညာသော

မြေအရပ်သည်လည်း ရှိ၏။ ထိုအရပ်၌ မုဆိုးတို့သည် မျောက်များကို ဖမ်းဆီးနှိပ်စက်ရန်အတွက် မျောက်နဲ့ခေးကို ချထားကြ၏။ ယင်းသို့ ချထားသောအခါ မမိုက်မဲသော၊ လျှပ်ပေါ်ခြင်း သဘောမရှိသော မျောက်တို့သည် ထိုမျောက်နဲ့စေးကိုမြင်လျှင် အဝေးမှ ရှောင်ရှားသွားကြ၏။ မိုက်မဲသော၊ လျှပ်ပေါ်သော မျောက်တို့သည်ကား ထိုမျောက်နဲ့စေးသို့ ချဉ်းကပ်၍ လက်ဖြင့်ကိုင်ရာ ထိုလက်သည် မျောက်နဲ့စေး၌ ငြိကပ်နေ၏။ ပဌမလက်ကို လွတ်စေရန် ဒုတိယလက်ဖြင့်ကိုင်ရာ ဒုတိယလက်သည်လည်း ငြိကပ်နေပြန်၏။ လက်နှစ်ဘက်ကိုလွတ်စေရန် ခြေနှစ်ဘက်ဖြင့် ကိုင်ပြန်ရာ ထိုခြေနှစ်ဘက်သည်လည်း ငြိကပ်နေပြန်၏။ ထို့နောက် နှုတ်သီးဖြင့် ကိုင်ပြန်ရာ နှုတ်သီးသည်လည်း ငြိကပ်နေပြန်၏။ ရဟန်းတို့၊ ဤသို့ဖြင့် ထိုမျောက်သည် ၅ ါးနေရာဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ မုဆိုးလုပ်သမျှ ခံရလေတော့သည်။ မုဆိုးသည် ထိုမျောက်ကို တံစို့ဖြင့်ထိုးလျက် မီး၌ကင်မြှိုက်ပြီး အလိုရှိရာအရပ်သို့ ထွက်ခွာသွားလေသည်။

ရဟန်းတို့၊ မိမိကျက်စားရာမဟုတ်သော သူတပါးနယ်ပယ်၌ ကျက်စားသူအား ဤသို့ပင် ပျက်စီးခြင်းသည် ဖြစ်တတ်၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် မိမိကျက်စားရာ မဟုတ်သော သူတပါးနယ်ပယ်၌ မကျက်စားကြကုန်လင့်။

## ၇။ သူဒသုတ်

### [စားတော်ကဲနှင့်တူသော ရဟန်း]

၃၇၄။ ရဟန်းတို့၊ ဥပမာအား မလိမ္မာသော စားတော်ကဲသည် မင်းအား ဟင်းအမျိုးမျိုးကို စီမံချက်ပြုတ်၍ ဆက်သ၏။ သို့သော် အဘယ်ဟင်းကို မင်းသည် နှစ်သက်၍ အဘယ်ဟင်းကို မနှစ်သက်ကြောင်း မှတ်သားခြင်း မပြု။ ထိုစားတော်ကဲသည် မင်းထံမှ လခရိက္ခာဆုလာဘ်တို့ကို များစွာရမည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် မင်း၏အကြိုက်ကို မသိသောကြောင့် ဖြစ်၏။

ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ မလိမ္မာသော ရဟန်းသည် ကိုယ်၌ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏။ သို့သော် ထိုရဟန်း၏ စိတ်သည် မတည်ငြိမ်၊ ကိလေသာ အညစ်အကြေး တို့သည်လည်း မကင်းပျောက်၊ ထိုရဟန်းသည် ထိုကမ္မဋ္ဌာန်းအာရုံကိုစိတ်ထဲ၌ စွဲမှတ်ထားခြင်းငှာမစွမ်းနိုင်။ (ဝေဒနာစသည်တို့၌လည်း နည်းတူ) ရဟန်းတို့၊ ထိုရဟန်းသည် မျက်မှောက် ချမ်းသာစွာ နေရခြင်းကိုလည်းကောင်း၊ သတိသမ္ပဇဉ်ကို လည်းကောင်း ရမည်မဟုတ်။ အဘယ့်ကြောင့် ဆိုသော် ကမ္မဋ္ဌာန်းအာရုံကို စိတ်ထဲ၌ စွဲမှတ်ထားရန် မစွမ်းနိုင်သောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ လိမ္မာကျွမ်းကျင်သော စားတော်ကဲသည် မင်းအား အမျိုးမျိုးသော ဟင်းတို့ကို စီမံချက်ပြုတ်၍ ဆက်သ၏။ ထိုစားတော်ကဲသည်အဘယ်ဟင်းများကို မင်းသည် နှစ်သက်၍ အဘယ်ဟင်းများကို မနှစ်သက်ကြောင်း သိရှိမှတ်သား၏။ ထိုစားတော်ကဲသည် မင်းထံမှ လခ ရိက္ခာ ဆုလာဘ်တို့ကို များစွာ ရရှိစေရာ၏။ အဘယ့်ကြောင့် ဆိုသော် မင်း၏ အကြိုက်ကို သိရှိမှတ်သားတတ်သောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ လိမ္မာကျွမ်းကျင်သော ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏၊ ထိုရဟန်း၏ စိတ်သည်တည်ငြိမ်၏။ ကိလေသာ အညစ်အကြေးတို့သည် ကင်းပျောက်ကုန်၏။ ထိုရဟန်းသည် ထိုကမ္မဋ္ဌာန်း အာရုံကို စိတ်ထဲ၌ စွဲမှတ်ထားနိုင်၏။ (ဝေဒနာစသည်တို့၌ နည်းတူ) ရဟန်းတို့၊ ထိုရဟန်းသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းကို လည်းကောင်း၊ သတိသမ္ပဇဉ်ကိုလည်းကောင်း ရနိုင်ပေရာ၏။ အဘယ့်ကြောင့် ဆိုသော် ကမ္မဋ္ဌာန်း အာရုံကို စိတ်ထဲ၌ စွဲမှတ်ထားနိုင်သောကြောင့်ဖြစ်၏။

## ၉၆ ဂိလာနသုတ်

### [နာမကျန်း ဖြစ်စဉ်ဟောကြားချက်]

၃၇၅။ အခါတပါး၌ ဗုဒ္ဓသည် ရဟန်းတို့အား ဝေသာလီပြည်၏ အနီးပတ်ဝန်းကျင်ဝယ် မိတ်ဆွေ အသိအကျွမ်းရှိရာ အရပ်အသီးသီး၌ ဝါဆိုကြရန် ညွှန်ကြားပြီး ဗုဒ္ဓမြတ်စွာကား ဝေဠုဝရွာငယ်၌ပင် ဝါဆိုတော်မူ၏။ ယင်းသို့ ဝါဆိုနေစဉ် ဗုဒ္ဓအား ပြင်းထန်သော ဝေဒနာ ဖြစ်ပေါ်လာ၏။ ဗုဒ္ဓသည် ထိုဝေဒနာကို သတိသမ္ပဇဉ်နှင့် ယှဉ်လျက် မညည်းမညူ သည်းခံတော်မူ၏။ ထို့နောက် ဗုဒ္ဓသည် တပည့်သာဝက တို့အား မသိမပေးပဲ ပရိနိဗ္ဗာန် ပြုရန်မသင့်'ဟု ဆင်ခြင်ကာ ရောဂါကို ဝီရိယဖြင့် ပယ်ခွာ၍ အသက်ရှည်ကြောင်း ဖြစ်သော သမာပတ်ကို ဝင်စားနေလေသည်။

ရောဂါမှထ၍ မကြာမီ ဗုဒ္ဓသည် ကျောင်းတွင်းမှ ထွက်၍ ကျောင်းရိပ်တွင် ခင်းထားအပ်သော နေရာ၌ ထိုင်နေ၏။ ထိုအခါ ရှင်အာနန္ဒာက ဗုဒ္ဓအား ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ တပည့်တော်သည် ယခု မြတ်စွာဘုရား၏ ကျန်းမာချမ်းသာခြင်းကို တွေ့မြင်ရပါပြီ၊ မြတ်စွာဘုရား၏ မကျန်းမာခြင်းကြောင့် တပည့်

တော်၏ ခန္ဓာကိုယ်သည် လေးလံတောင့်တင်း သကဲ့သို့ ဖြစ်နေခဲ့ပါသည်။ အရပ်လေးမျက်နှာ တို့သည်လည်း မထင်ပါကုန်။ သို့သော်လည်း မြတ်စွာဘုရားသည် ရဟန်းသံဃာ အပေါင်းနှင့် ငြ်၍ တစုံတရာ မိန့်မှာခြင်း မပြုသေးသမျှ ပရိနိဗ္ဗာန် ပြုမည်မဟုတ်ဟု စဉ်းစားမိသောကြောင့် တပည့်တော် အနည်းငယ် သက်သာရ ရခဲ့ပါသည်"

ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"အာနန္ဒာ၊ ရဟန်းသံဃာ အပေါင်းသည် ငါ့ထံမှ ဘာကိုမျှော်လင့် နေသနည်း။ ငါသည် တရားကို အတွင်းအပြင် မထားပဲ ဟောကြားခဲ့၏။ အာနန္ဒာ၊ ငါ့အား တရားတို့၌ ဆရာ့လက်ဆုပ် ပြုထားခြင်း မရှိ၊ အာနန္ဒာ၊ ရဟန်းသံဃာကို ငါသာလျှင် ဆောင်အံ့၊ ရဟန်းသံဃာသည် ငါ့ကိုသာ အားကိုးပြု၍ နေကြစေဟူ၍ လိုလား သူသည်သာလျှင် ရဟန်းသံဃာနှင့် စပ်၍ တစုံတရာမှာကြားခြင်း ပြုရာ၏။ ငါသည်ကား ယင်းသို့ လိုလားခြင်း မရှိသဖြင့် ရဟန်းသံဃာနှင့် စပ်၍ တစုံတရာမှာကြားရန် မလိုပေ။

"အာနန္ဒာ၊ ယခုအခါ ငါသည် အိုမင်းကြီးရင့် လှပြီ၊ အသက်ရှစ်ဆယ်ရှိနေပြီ။ ဖွဲ့စည်း တုပ်နှောင်ခြင်းဖြင့် တည်တံ့နေသော လှည်းအိုကဲ့သို့ငါ၏ ခန္ဓာကိုယ်သည်လည်း ဖွဲ့စည်း တုပ်နှောင်ခြင်းဖြင့်သာ တည်တံ့နေ၏"

"အာနန္ဒာ အကြင်အခါ၌ ငါသည် အလုံးစုံသော အာရုံနိမိတ်တို့ကိုနှလုံးမသွင်းခြင်း၊ အချို့သော ဝေဒနာတို့၏ ချုပ်ခြင်းကြောင့် သခါျ နိမိတ်မရှိသော စိတ်တည်ကြည်မှုသို့ ရောက်၍နေ၏။ ထိုအခါ၌ ငါ၏ခန္ဓာကိုယ်သည် ပို၍ ချမ်းသာပေ၏"

"အာနန္ဒာ ထို့ကြောင့် သင်တို့သည် မိမိကိုယ်မိမိ မှီခိုရာ ကိုင်းကျွန်းသဖွယ်ပြု၍ နေကြကုန်လော၊ တရားကို မှီခိုရာ ကိုင်းကျွန်းသဖွယ် ပြု၍ နေကြကုန်လော၊ အဘယ်သို့ နေရမည်နည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက် နေ၏။ တရား သဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက်နေ၏"

"အာနန္ဒာ၊ ယခုအခါ၌ဖြစ်စေ၊ ငါကွယ်လွန်သောအခါ၌ ဖြစ်စေ တရားကို မှီခိုရာ ကိုင်းကျွန်းသဖွယ် ပြု၍နေသော ရဟန်းသည် အကျင့်သိက္ခာကို လိုလားသော ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံး ဖြစ်လတ္တံ့"

(ဤဟောကြားချက်သည် ဒီဃနိကာယ် မဟာပရိနိဗ္ဗာန သုတ်၌လည်း ပါ၏)

## ၁၀။ ဘိက္ခုနုပဿယ သုတ်

## [ဘိက္ခုနီတို့နှင့် စပ်သော ဟောကြားချက်]

၃၇၆။ အခါတပါး၌ ရှင်အာနန္ဒာသည် နံနက်ချိန်တွင် ဘိက္ခုနီကျောင်း တခုသို့ ကြွသွား၏။ ဘိက္ခုနီတို့သည် ရှင်အာနန္ဒာအား ရှိခိုးပြီး 'အရှင်ဘုရား၊ ဤကျောင်း၌ များစွာသော ဘိက္ခုနီတို့သည် သတိပဋ္ဌာန် လေးပါး၌ ကောင်းစွာတည်သောစိတ် ရှိကုန်သည်ဖြစ်၍ အသစ်အသစ် ဖြစ်သော တရားထူးကို ရရှိကြပါသည်' ဟု လျှောက်ကြသည်။ ရှင်အာနန္ဒာက သတိပဋ္ဌာန်လေးပါးကို ပွားများလျှင် အသစ်အသစ်သော တရားထူးများကို ရနိုင်ကြောင်း မိန့်ကြား၍ တရားဟောပြီး ဘိက္ခုနီ ကျောင်းမှ ထွက်ခွာခဲ့၏။

ရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းသို့ ပြန်ရောက်သောအခါ ဗုဒ္ဓအား ဘိက္ခုနီတို့၏ စကားကို တဆင့်လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက အောက်ပါ အတိုင်း ဟောကြားလေသည်။

"အာနန္ဒာ ဤသို့ပင် ဖြစ်ရပေမည်။ သတိပဋ္ဌာန် လေးပါးတို့၌ ကောင်းစွာ တည်သောစိတ် ရှိလျက်နေသော ဘိက္ခု သို့မဟုတ် ဘိက္ခုနီသည် အသစ်အသစ်ဖြစ်သော တရားထူးကို သိလိမ့်မည်ဟု မျှော်လင့်အပ်၏။ သတိပဋ္ဌာန် လေးပါးဟူသည် အဘယ်နည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏။ ယင်းသို့နေသော ရဟန်းအား ကိုယ်လျှင် အာရုံရှိသည့် ကိုယ်၌ဖြစ်သော ပူလောင်ခြင်း သော်လည်းကောင်း၊ စိတ်၏ တွန့်ဆုတ်ခြင်း သော်လည်းကောင်း ဖြစ်ပေါ်လာတတ်၏။ စိတ်သည် ပြင်ပ အာရုံများသို့သော်လည်း ပျံ့လွင့်နေတတ်၏။ အာနန္ဒာ၊ ထိုရဟန်းသည် ကြည်ညိုဖွယ်ဖြစ်သော အာရုံတခုခု၌ စိတ်ကို ထားအပ်၏။ ကြည်ညိုဖွယ် ဖြစ်သော အာရုံတခုခု၌ စိတ်ကို ထားသောရဟန်းအား ဝမ်းမြောက်ခြင်း သည် ဖြစ်၏။ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်ခြင်းသည် ဖြစ်၏။ နှစ်သိမ့်ခြင်းရှိသော ရဟန်း၏ စိတ်သည် ငြိမ်းချမ်း၏။ ကိုယ်ငြိမ်းချမ်းသော ရဟန်းသည် ချမ်းသာခြင်းကို ခံစားရ၏။ ချမ်းသာခြင်းကို ခံစားရသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ယင်းသို့ တည်ကြည်သောစိတ် ရှိသော ရဟန်းသည် မိမိအလိုရှိအပ်သော အကျိုးပြည့်စုံသဖြင့် စိတ်ကို ထိုကြည်ညို ဖွယ် အာရုံမှ ရုပ်သိမ်း၏။ ကြံစည်ခြင်း သုံးသပ်ခြင်းလည်း မပြု။ ကြံစည် သုံးသပ်ခြင်း ကင်းသည်ဖြစ်၍ အတွင်းသဏ္ဌာန်၌သာ သတိဖြင့် ရှုလျက်ချမ်း

သာစွာ နေ၏ဟု သိ၏။ (ဝေဒနာစသည်၌ နည်းတူဟော၏။) အာနန္ဒာ၊ ဤသို့လျှင် အပြင်အာရုံ၌ စိတ်ကိုထား၍ ပွားများခြင်းသည် ဖြစ်၏။

''အာနန္ဒာ၊ အဘယ်သို့လျှင် အမြင်အာရုံ၌ စိတ်ကိုမထားမူ၍ ပွားများခြင်းသည် ဖြစ်သနည်းဆိုသော် ရဟန်းသည် ပြင်ပအာရုံ၌ စိတ်ကိုမထားပဲ၊ ယင်းသို့ မထားခြင်းကိုလည်း သိ၍ နေ၏။ 'ငါ၏စိတ်သည် ရှေ့နှင့်နောက်တို့၌ ကျဉ်းကြုံ့ခြင်း မရှိပဲ လွတ်လပ်၍ နေ၏' ဟု သိ၏။ ငါသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက် ချမ်းသာစွာနေရ၏ဟု သိ၏။ (ဝေဒနာစသည်၌ နည်းတူ ဟော၏) အာနန္ဒာ ဤသို့လျှင် ပြင်ပအာရုံ၌ စိတ်ကို မထားမူ၍ ပွားများခြင်းသည် ဖြစ်၏။

''အာနန္ဒာ၊ ဤသို့လျှင် ငါသည် စိတ်ကို ပြင်ပအာရုံ၌ထား၍ ပွားများခြင်းကိုလည်း ဟောအပ်ပြီ၊ စိတ်ကိုပြင်ပအာရုံ၌ မထားမူ၍ ပွားများခြင်းကိုလည်း ဟောအပ်ပြီ။ တပည့်တို့၏ အကျိုးစီးပွားကို လိုလားသော ဆရာတပါး အနေဖြင့် ပြုသင့် ပြုထိုက်သော ကိစ္စကို ငါဆောင်ရွက်ပြီးပြီ၊ သစ်ပင်ရင်း ဆိတ်ငြိမ်သော ကျောင်းတို့သည် ရှိကုန်၏။ သင်တို့သည် တရားကို ရှုမှတ်ကြကုန်လော။ မေ့လျော့၍ မနေကြကုန်လင့်။ နောက်မှ နှလုံး မသာ မယာ မဖြစ်ကြကုန်လင့်။ ဤကား သင်တို့အတွက် ငါ၏ သတိပေးဆုံးမချက် ပေတည်း။

## ၂။ နာလန္ဒဝဂ်

### ၁။ မဟာပုရိသ သုတ်

[ယောကျ်ားမြတ်ဟု ဆိုထိုက်သူ]

၃၇၇။ ''အရှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် ယောကျ်ားမြတ်ဟု ဆိုအပ်ပါသနည်း'' ဟု ရှင်သာရိပုတ္တရာက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

''သာရိပုတ္တရာ လွတ်မြောက်သော စိတ်ရှိခြင်းကြောင့် ယောကျ်ားမြတ်ဟု ဆိုအပ်၏။ မလွတ်မြောက်သော စိတ်ရှိခြင်းကြောင့် ယောကျ်ားမြတ် မဟုတ်သူဟု ဆိုအပ်၏။

''သာရိပုတ္တရာ၊ အဘယ်သို့လျှင် လွတ်မြောက်သော စိတ်ရှိသူ ဖြစ်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်

နေ၏။ .... တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက်နေ၏။ ယင်းသို့ နေသော ရဟန်း၏ စိတ်သည် တပ်မက်ခြင်းကင်း၏။ မငြိလမ်းပဲ အာသဝတို့မှ လွတ်မြောက်၏။ သာရိပုတ္တရာ ဤသို့လျှင် လွတ်မြောက်သော စိတ်ရှိသူ ဖြစ်၏''

## ၂။ နာလန္ဒ သုတ်

### [နာလန္ဒမြို့၌ ဟောကြားချက်]

၃၇၈။ နာလန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ်၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် ရှင်သာရိ ပုတ္တရာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့လျှောက်၏။

''အရှင်ဘုရား၊ သစ္စာလေးပါးကိုသိမြင်ခြင်း၌ မြတ်စွာဘုရားထက် သာလွန်သော ပုဂ္ဂိုလ်သည် ရှေးကလည်း မရှိခဲ့။ နောင်တွင်လည်း ရှိမည်မဟုတ်။ ယခုလည်း မရှိဟု တပည့်တော် ယုံကြည်ပါသည် ဘုရား''

''သာရိပုတ္တရာ သင်သည် ကြီးကျယ် ခန့်ညားသော စကားကို ဆိုဘိ၏။ ခြင်္သေ့ ဟောက်သကဲ့သို့ ရဲရင့်သော စကားကို ဆိုဘိ၏။ အသို့နည်း၊ သင်သည် ရှေးအခါက ပွင့်ခဲ့သော မြတ်စွာဘုရားတို့ကို လည်းကောင်း၊ နောင်အခါ၌ ပွင့်မည့် မြတ်စွာဘုရားတို့ကို လည်းကောင်း၊ ယခုရှိဆဲ ငါဘုရားကို လည်းကောင်း၊ 'ဤသို့သော သီလသမာဓိ ပညာတို့နှင့် ပြည့်စုံကုန်၏။ ဤသို့သော လွတ်မြောက်ခြင်းနှင့်ပြည့်စုံ ကုန်၏' ဟူ၍ သင့်စိတ်ဖြင့် ပိုင်းခြား၍ သိမြင်ပါသလော''

''အရှင်ဘုရား၊ တပည့်တော်သည် ယင်းသို့ကား စိတ်ဖြင့် ပိုင်းခြား၍ မသိမြင်နိုင်ပါ''

''သာရိပုတ္တရာ၊ သင်သည် ယင်းသို့ မိမိစိတ်ဖြင့် ပိုင်းခြား၍ မသိပါပဲလျက် အဘယ့်ကြောင့် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်သော စကားကိုမြွက်ဆိုဘိသနည်း''

''အရှင်ဘုရား၊ တပည့်တော်သည် ဘုရားရှင်တို့ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ မသိသော်လည်း မျက်စိအမြင်နှင့်ဆက်စပ်၍ မှန်းဆသိမြင်နိုင်သော အနုမာန ဉာဏ်ကိုမူ ရရှိထားပါသည်။အရှင်ဘုရား ဥပမာအားဖြင့် တောင့်တင်း ခိုင်မာသော မြို့ရိုးတံတိုင်းနှင့် သံတံခါးတပေါက်သာရှိသောမြို့၌ လိမ္မာသော တံခါး စောင့်တယောက် ရှိသည်ဆိုပါစို့၊ ထိုတံခါးစောင့်သည် မြို့ရိုးတံတိုင်း၏ လေးဘက် လေးတန်ကို လှည့်လည်ကြည့်ရှု၍ အယုတ်ဆုံးအားဖြင့် ကြောင်ထွက်နိုင်လောက်သော အပေါက်မျှကိုပင် မတွေ့မြင်သောအခါ 'ဤမြို့သို့ ဝင်သူ

ထွက်သူ မှန်သမျှတို့သည် ဤတံခါးတပေါက်ဘည်းမှသာ ဝင်ထွက်ကြကုန်၏'' ဟူ၍ မှန်းဆဆင်ခြင် သိမြင်နိုင်ရာ ပါသည်။

''အရှင်ဘုရား၊ ထို့အတူပင် ဘုရားရှင် အားလုံးတို့သည် နီဝရဏ ငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါး၌ တည်ကုန်လျက် ဗောဇ္ဈင်ခုနစ်ပါးကို ပွားများကာ သမ္မာသမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်တော်မူကြကုန်၏ ဟူ၍ တပည့်တော် မှန်းဆ ဆင်ခြင် သိမြင်ခဲ့ပါသည်''

''သာရိပုတ္တရာ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည် ဤတရားကို ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့အား မပြတ်ဟောကြားလော၊ ငါဘုရား၌ တွေးတော ယုံမှားခြင်း ရှိနေသည့် အချည်းနှီးသော ယောကျ်ားတို့အားပင် ဤတရားကို ကြားနာရသည် ရှိသော် တွေးတော ယုံမှားခြင်း ကင်းပျောက်လတ္တံ့''

## ၃။ စုန္ဒသုတ်

[ရှင်စုန္ဒအား ဟောကြားချက်]

၃၇၉။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်သာရိပုတ္တရာသည် မဂဓတိုင်း နာလကရွာ၌ ပရိနိဗ္ဗာန်ပြုသွား၏။ ထိုအခါ အလုပ်အကျွေးဖြစ်သော ရှင်စုန္ဒသည် ရှင်သာရိပုတ္တရာ၏ သပိတ်သင်္ကန်းကို ယူခဲ့၍ ဇေတဝန်ကျောင်း၊ ရှင်အာနန္ဒာထံ ချဉ်းကပ်၏။ ရှင်အာနန္ဒာသည် ရှင်စုန္ဒနှင့်အတူ ဗုဒ္ဓထံ ချဉ်းကပ်၍ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် ပြုသွားပြီ ဖြစ်ကြောင်း လျှောက်ကြားလေသည်။

''အရှင်ဘုရား၊ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုပြီဟု ကြားရသောကြောင့် တပည့်တော်၏ကိုယ်သည် လေးလံ တောင့်တင်းသကဲ့သို့ ဖြစ်ပါ၏။ အရပ်လေးမျက်နှာနှင့် တရားမှတို့သည်လည်း တပည့်တော်ဉာဏ်၌ မထင်မရှားဖြစ်သွားပါကုန်၏''

''အာနန္ဒာ၊ သာရိပုတ္တရာသည် သင်၏ သီလသမာဓိ စသော ဂုဏ်ကျေးဇူး အစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသွားပါသလော''

''အရှင်ဘုရား၊ ရှင်သာရိပုတ္တရာသည် တပည့်တော်၏ သီလသမာဓိ စသော ဂုဏ်ကျေးဇူး အစုကိုယူ၍ ပရိနိဗ္ဗာန် ပြုသွားသည်ကား မဟုတ်ပါ။ သို့သော်လည်း ရှင်သာရိပုတ္တရာသည် တပည့်တော်အား သွန်သင်ဆုံးမ တရားပြ၍ သီတင်းသုံးဖော်တို့အားလည်း ချီးမြှောက်တတ်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။

တပည့်တော်တို့သည် ရှင်သာရိပုတ္တရာ၏ တရားဖြင့် ချီးမြှောက်မှုကို အစဉ်အောက်မေ့နေကြပါသည်"

"အာနန္ဒာ၊ ချစ်ခင်မြတ်နိုးသူတို့နှင့် ကွဲကွာ ကွေကွင်းရခြင်းကို ကြိုတင်၍ ငါဟောကြား ခဲ့ပြီးဖြစ်၏။ ဖြစ်ပေါ်လာသော အရာ၊ ပြုလုပ်ဖန်တီး အပ်သော အရာဟူသမျှကို မပျက်စီးပါစေနှင့်ဟူ၍ တောင့်တ၍ ဘယ်မှာရနိုင်မည်နည်း။ အာနန္ဒာ၊ ကြီးစွာသော သစ်ပင်ကြီး တည်ရှိနေစဉ်မှာပင် ထိုသစ်ပင်၏အကြီးဆုံးအကိုင်းသည် ပျက်စီးသကဲ့သို့ ထို့အတူ သံဃာအများ တည်ရှိနေစဉ်မှာပင် သာရိပုတ္တရာကား ပရိနိဗ္ဗာန်ပြုလေပြီ။

"အာနန္ဒာ၊ ထို့ကြောင့် သင်တို့သည် မိမိကိုယ်ကိုသာလျှင် ကိုင်းကျွန်း ပမာမှီခိုရာပြု၍ နေကြကုန်လော၊ တရားကိုသာလျှင် ကိုင်းကျွန်းပမာ မှီခိုရာပြု၍ နေကြကုန်လော"

(တရားကို မှီခိုရာပြု၍ နေပုံမှာ သတိပဋ္ဌာန်လေးပါးကို ပွား၍နေခြင်းပင်ဖြစ်ကြောင်း ဟောကြားသည်။)

"ရဟန်းတို့၊ ယခုအခါ၌ဖြစ်စေ၊ ငါဘုရား ကွယ်လွန်သောအခါ၌ဖြစ်စေ တရားကို မှီခိုရာပြု၍နေသော ရဟန်းတို့သည် အကျင့်သိက္ခာကို လိုသားသော ရဟန်းတို့တွင် အမြတ်ဆုံးရဟန်းများ ဖြစ်ကြလိမ့်မည်"

## ၄။ ဥက္ကာစေလသုတ်

[ဥက္ကာစေလမြို့၌ ဟောကြားချက်]

၃၈၀။ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန်ပြု၍ကြာမီ ကာလ၌ ဗုဒ္ဓသည် ဝဇ္ဇီတိုင်း ဥက္ကာစေလမြို့ဂင်္ဂါမြစ်ကမ်းနား၌ သီတင်းသုံးနေ၏။ ထိုအခါ ဗုဒ္ဓသည် ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ ထိုင်နေတော်မူယင်း တိတ်ဆိတ်စွာနေသော ရဟန်းအပေါင်းကို လှည့်၍ကြည့်တော်မူပြီး ဤသို့ မိန့်ကြားလေသည်။

"ရဟန်းတို့၊ သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန်ပြုပြီးသည်ရှိသော် ငါ၏ ပရိသတ်သည် ဆိတ်သုဉ်းသကဲ့သို့ထင်ရ၏။ ရဟန်းတို့၊ စင်စစ်အားဖြင့် ငါ၏ ပရိသတ်သည် မဆိတ်သုဉ်းပေ။ သာရိပုတ္တရာနှင့်မောဂ္ဂလ္လာန်တို့၏ နေရာအရပ်၌ ငဲ့ကွက်ခြင်းမရှိပေ။ ရဟန်းတို့၊ အတိတ်ကာလ၌ ပွင့်တော်မူခဲ့ကုန်သော မြတ်စွာဘုရားတို့အားလည်း ဤသာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်ကဲ့သို့သောတပည့်အစုံသည် ဖြစ်ခဲ့၏။ နောင် အနာဂတ်၌ ပွင့်တော်မူမည့် မြတ်စွာဘုရားတို့အား

လည်း ဤသာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်ကဲ့သို့သော တပည့်အစုံသည် ဖြစ်လတ္တံ့။

"ရဟန်းတို့၊ ဆရာ၏ အဆုံးအမ ဩဝါဒကို နာယူလျက် ပရိသတ်လေးပါး၏ ချစ်ခင်လေးစားခြင်းကို ခံရကုန်သော တပည့်သာဝကတို့၏အဖြစ်သည် အံ့ဩလောက်ပေ၏။ ဤကဲ့သို့သော တပည့်သာဝကအစုံသည် ပရိနိဗ္ဗာန်ပြုသွားသော်လည်း စိုးရိမ်ပူဆွေးခြင်း မရှိသော မြတ်စွာဘုရား၏ အဖြစ်သည်လည်း အံ့ဩလောက်ပေ၏။

"ရဟန်းတို့၊ သစ်ပင်ကြီးသည် ထင်ရှားတည်ရှိနေစဉ် ထိုသစ်ပင်ကြီး၏ အကိုင်းတို့သည် ပျက်စီးကုန်သကဲ့သို့ ထို့အတူပင် များစွာသော ရဟန်းသံဃာတို့ တည်ရှိနေစဉ် သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့သည် ပရိနိဗ္ဗာန်ပြုခဲ့ကုန်၏။

"ရဟန်းတို့၊ ဖြစ်ပေါ်လာသောအရာ၊ ပြုလုပ်ဖန်တီးအပ်သောအရာဟူသမျှ မပျက်မစီးပါစေလင့်ဟု တောင့်တ၍ ဘယ်မှာရနိုင်ပါအံ့နည်း။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် တရားကိုမှီခိုရာပြု၍ နေကြကုန်လော့"

## ၅။ ဗာဟိယသုတ်

[ရှင်ဗာဟိယအား ဟောကြားချက်]

၃၀၁။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်ဗာဟိယသည် ဗုဒ္ဓထံချဉ်းကပ်၍ မိမိအား အကျဉ်းအားဖြင့် တရားဟောရန် တောင်းပန်သည်။ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားလေသည်။

"ဗာဟိယ၊ သို့ဖြစ်သော် သင်သည် ကုသိုလ်တရားတို့၌ အဦးအစကိုသာ သုတ်သင်လော့၊ ကုသိုလ်တရားတို့၏ အဦးအစဟူသည် အဘယ်နည်းဆိုသော် စင်ကြယ်သော သီလနှင့်ဖြောင့်မှန်သော အယူပင် ဖြစ်၏။ ဗာဟိယ၊ သီလစင်ကြယ်၍ အယူဖြောင့်မှန်သောအခါ သင်သည် သီလကို မှီ၍ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးကို ပွားများလော့၊ (ပွားများပုံကို ရှေးနည်းတူဟော၏) ဗာဟိယ၊ သတိပဋ္ဌာန်လေးပါးကို ပွားများသော အခါမှစ၍ ရောက်လာသော ညတိုင်း နေ့တိုင်း သင့်အား ကုသိုလ်တရားတို့၌ တိုးပွားခြင်းကိုသာ မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မျှော်လင့်ရန်မရှိတော့ပေ"

ရှင်ဗာဟိယလည်း ဗုဒ္ဓ ဟောကြားသည့်အတိုင်း အားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်လေသည်။

၃၀၂။ ဥတ္တိယသုတ်၌ အရှင်ဥတ္တိယအား အထက်သုတ်နည်းတူ ဟော၏။ 'သတိပဋ္ဌာန်လေးပါးကို ပွားများလျှင် သေမင်းနိုင်ငံ၏ ဟိုမှာဘက်သို့ရောက်လိမ့်မည်'ဟူသော စကားရပ်မျှသာ ထူး၏။
၃၀၃။ အရိယသုတ်၌ သတိပဋ္ဌာန်လေးပါးကို အဖန်ဖန်ပွားများလျှင် အရိယာအဖြစ်ကို ပြုတတ်ကြောင်း၊ ဒုက္ခကုန်ရာသို့ ပို့ဆောင်တတ်ကြောင်း ဟောကြားသည်။

## ၈။ ဗြဟ္မသုတ်

[သဟမ္ပတိဗြဟ္မာ လျှောက်ကြားပုံ]

၃၀၄။ ဘုရားဖြစ်ပြီး၍ နေရဉ္ဇရာမြစ်ကမ်းရှိ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာအား 'သတ္တဝါတို့ စင်ကြယ်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသောလမ်းကား ဤသတိပဋ္ဌာန်လေးပါး ပင်တည်း'ဟု အကြံဖြစ်၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ဗုဒ္ဓရှေ့မှောက်၌ ထင်ရှားပေါ်လာပြီး ဗုဒ္ဓအား အကြံဖြစ်သည့်အတိုင်းမှန်ပါကြောင်းထောက်ခံ လျှောက်ကြားလေသည်။

## ၉။ သေဒကသုတ်

[သေဒကနိဂုံး၌ ဟောကြားချက်]

၃၀၅။ သုမ္ဘတိုင်း၊ သေဒကမည်သော နိဂုံး၌ သီတင်းသုံးစဉ် ဗုဒ္ဓသည် ရဟန်းတို့အား အောက်ပါအတိုင်း မိန့်ကြားလေသည်။

"ရှေးအခါက ဝါးတိုင်တက်တတ်သောဆရာနှင့် တပည့်တယောက်ရှိ၏။ ဆရာသည် ဝါးတိုင်ကို စိုက်ထူစေပြီး တပည့်အား 'သင်သည် ဝါးတိုင်သို့ တက်၍ ငါ့ပခုံးပေါ်၌ ရပ်ပြလော'ဟု ဆို၏။ တပည့်လည်း ဆရာဆိုတိုင်း ပြု၏။ ထို့နောက် ဆရာက တပည့်အား ပြောပြန်၏။ 'တပည့်၊ သင်သည် ငါ့ကိုစောင့်ရှောက်ပါ။ ငါကလည်း သင့်ကို စောင့်ရှောက်ပါမည်။ ဤသို့ အချင်းချင်း စောင့်ရှောက်လျက် အတတ်ပညာကို ပြကြမည် လာဘ်ကိုလည်း ရကြလိမ့်မည်၊ ဝါးတိုင်မှလည်း ချမ်းသာစွာ ဆင်းကြမည်"

ထိုအခါ တပည့်က ဆရာအား ဤသို့ပြန်ပြော၏။ 'ဆရာ၊ ဆရာ့စကားသည် မသင့်ပါ။ ဆရာသည်လည်း မိမိကိုယ်ကို မိမိစောင့်ရှောက်ပါ။ ကျွန်ုပ်သည်လည်း မိမိကိုယ်ကို မိမိစောင့်ရှောက်ပါမည်။ ဤသို့ မိမိကိုယ်မိမိစောင့်ရှောက်လျက် အတတ်ပညာကိုပြကြပါမည်။ လာဘ်ကိုလည်း ရကြလိမ့်မည်။ ဝါးတိုင်မှလည်း ချမ်းသာစွာဆင်းကြပါမည်"

"ရဟန်းတို့၊ ထိုဆရာတပည့်နှစ်ယောက်တို့တွင် တပည့်၏စကားသည် သင့်မြတ်ပေ၏။ ရဟန်းတို့၊ မိမိကိုယ်မိမိစောင့်ရှောက်အံ့ဟု ကြံသူသည် သတိပဋ္ဌာန်ကို ပွားများအပ်၏။ သူတပါးကို စောင့်ရှောက်အံ့ဟု ကြံသူသည်လည်း သတိပဋ္ဌာန်လေးပါးကို ပွားများအပ်၏။ ရဟန်းတို့၊ မိမိကိုယ် မိမိစောင့်ရှောက်သူသည် သူတပါးကို စောင့်ရှောက်ရာရောက်၏။ သူတပါးကို စောင့်ရှောက်သူသည်လည်း မိမိကိုယ်ကို စောင့်ရှောက်ရာရောက်၏။

"ရဟန်းတို့၊ အဘယ်သို့လျှင် မိမိကိုယ်ကို စောင့်ရှောက်သူသည် သူတပါးကို စောင့်ရှောက်ရာရောက်သနည်းဆိုသော်.... အဖန်ဖန်မှီဝဲခြင်း၊ ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုခြင်းဖြင့် မိမိကိုယ်ကို စောင့်ရှောက်သူသည် သူတပါးကို စောင့်ရှောက်ရာ ရောက်၏ ၁။ ရဟန်းတို့၊ အဘယ်သို့လျှင် သူတပါးကိုစောင့်ရှောက်သူသည် မိမိကိုယ် ကိုစောင့်ရှောက်ရာ ရောက်သနည်းဆိုသော်.... သည်းခံခြင်း၊ မညှဉ်းဆဲခြင်း၊ မေတ္တာစိတ်ထားခြင်း၊ အစဉ်သနားခြင်းဖြင့် သူတပါးကို စောင့်ရှောက်သူသည် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်၏။

## ၁၀။ ဇနပဒကလျာဏီသုတ်

[အလှမယ်နှင့် ဆီခွက်ကိုဆောင်သော ယောက်ျားဥပမာ]

၃၀၆။ သုမ္ဘတိုင်း သေဒကနိဂုံး၌ ဟောသည်။

"ရဟန်းတို့၊ ပြည်နယ် သို့မဟုတ် တိုင်းတခုလုံး၌ အလှဆုံးဖြစ်သော အလှမယ်သည် သီဆိုကပြလိမ့်မည်ဟု ကြားသဖြင့် များစွာသော လူအပေါင်းသည် စုဝေးနေကြရာ၏။ ထိုအခါ အသက်ရှင်လိုသော ယောက်ျားတယောက်အား အနားနှင့်အညီ ပြည့်နေသော ဆီခွက်တခုကို ပေး၍ 'အမောင် ယောက်ျား၊ သင်သည် ဤဆီခွက်ကို ပရိသတ်နှင့် အလှမယ်တို့၏ကြားမှ ယူဆောင်သွားလော။ ဆီအနည်းငယ်မျှ ဖိတ်ကျခဲ့သော် သင်၏ခေါင်းကို ဖြတ်အံ့'ဟု ဆို၍ ယောက်ျားတယောက်က နောက်မှ သန်လျက်မိုးလျက် လိုက်ရာ၏။ ယင်းသို့ လိုက်သည်ရှိသော် ထိုယောက်ျားသည် ဆီခွက်ကို အာရုံမပြုပဲ အလှမယ် တည်းဟူသော အခြားသော အာရုံဖြင့် မေ့လျော့ကာ ယူဆောင်သွားမည် မဟုတ်ပေ။

---

၁။ ကမ္မဋ္ဌာန်းကို အားထုတ်၍ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်ကိုမြင်သူများသည် ထိုပုဂ္ဂိုလ်၌ ကြည်ညို၍ နတ်ပြည်သို့ရောက်နိုင်၏။ ဤသို့လျှင် မိမိကိုယ် မိမိ စောင့်ရှောက်သူသည် သူတပါးကိုလည်း စောင့်ရှောက်ရာ ရောက်၏။

"ရဟန်းတို့၊ အနက်အဓိပ္ပာယ်ကို နားလည်စေခြင်းငှာ ဤဥပမာကို ငါပြုအပ်၏။ ဤဥပမာ၌ 'အနားနှင့်အညီ ပြည့်သော ဆီခွက်'ဟူသည် ကာယဂတာသတိကို ဆိုလိုခြင်းဖြစ်၏၊ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ကာယဂတာသတိကို ပွားများခြင်းငှာ ကြိုးစားအားထုတ်အပ်၏။

## ၃။ သီလဋ္ဌိတိဝဂ်

### ၁။ သီလသုတ်

[ကုသိုလ်-သီလတို့၏ အကျိုး]

၃၇၇။ ပါဋလိပုတ်ပြည် ကုက္ကုဋာရာမကျောင်း၌ သီတင်းသုံးစဉ် ရှင်ဘဒ္ဒက မေး၍ ရှင်အာနန္ဒာက ဖြေကြားခြင်း ဖြစ်သည်။

"ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရား ဟောကြားအပ်သော ကုသိုလ်သီလတို့သည် အဘယ်အကျိုး ရှိပါကုန်သနည်း"

"ငါ့ရှင် ဘဒ္ဒ၊ မြတ်စွာဘုရားသည် ကုသိုလ်သီလတို့ကို သတိပဋ္ဌာန်လေးပါးကို ပွားများနိုင်ရန် အကျိုးငှာသာ ဟောကြားအပ်ပေ၏"

### ၂။ ဝိရဋ္ဌိတိသုတ်

[သူတော်ကောင်းတရား တည်တံ့ခြင်းအကြောင်း]

၃၇၈။ ရှင်ဘဒ္ဒက မေး၍ ရှင်အာနန္ဒာကဖြေကြားခြင်း ဖြစ်၏။

"ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာ မတည်တံ့ခြင်းနှင့် ကြာမြင့်စွာ တည်တံ့ခြင်း၏ အကြောင်းတို့ကား အဘယ်ပါနည်း"

"ငါ့ရှင် ဘဒ္ဒ၊ သတိပဋ္ဌာန်လေးပါးကို မပွားများခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည်ရှိသော် သူတော်ကောင်းတရားသည် ကြာမြင့်စွာ မတည်ခြင်းဖြစ်၏။ သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့် သူတော်ကောင်းတရားသည် ကြာမြင့်စွာ တည်တံ့ခြင်းဖြစ်၏"

၃၇၉။ ပရိဟာနသုတ်၌ သူတော်ကောင်းတရား ဆုတ်ယုတ်ခြင်းနှင့် မဆုတ်ယုတ်ခြင်း၏ အကြောင်းများကို အထက်သုတ်နည်းတူ မေးမြန်းသည်။

၃၈၀။ သုဒ္ဓသုတ်၌ သတိပဋ္ဌာန်လေးပါး သရုပ်သက်သက်ကို ဟောသည်။

၃၈၁။ အညတရဗြာဟ္မဏသုတ်၌ သူတော်ကောင်းတရားကြာမြင့်စွာမတည်ခြင်း နှင့် ကြာမြင့်စွာတည်ခြင်းအကြောင်းများကို ပုဏ္ဏားတယောက်ကမေး၍ ဗုဒ္ဓက အထက်သုတ်(၃၇၈)နည်းတူ ဖြေသည်။

## ၆။ ပဒေသသုတ်

[တစိတ်အားဖြင့် ပွားများခြင်း]

၃၉၂။ သာကေတမြို့၊ ကဏ္ဍကီတောအုပ်၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့က မေး၍ ရှင်အနုရုဒ္ဓါက ဖြေခြင်းဖြစ်သည်။

"ငါ့ရှင် အနုရုဒ္ဓါ၊ သေက္ခပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်ဟု ဆိုကြရာ၌ အဘယ်မျှသောအကြောင်းဖြင့် သေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင်တို့ သတိပဋ္ဌာန် လေးပါးကို တစိတ်တဒေသအားဖြင့် ပွားများခြင်းကြောင့် သေက္ခ ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

## ၇။ သမတ္တသုတ်

[အပြည့်အစုံ ပွားများခြင်း]

၃၉၃။ "ငါ့ရှင် အနုရုဒ္ဓါ၊ အသေက္ခ ပုဂ္ဂိုလ် အသေက္ခ ပုဂ္ဂိုလ်ဟုဆိုကြရာ၌ အဘယ်မျှသော အကြောင်းဖြင့် အသေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်ပါနည်း"

"ငါ့ရှင်တို့၊ သတိပဋ္ဌာန် လေးပါးကို အပြည့်အစုံ ပွားများခြင်းကြောင့် အသေက္ခ ပုဂ္ဂိုလ်ဟု ဆိုအပ်ပေ၏"

## ၈။ လောက သုတ်

[တထောင်သော လောကဓာတ်ကို သိမြင်သူ]

၃၉၄။ "ငါ့ရှင်၊ အနုရုဒ္ဓါ၊ အဘယ်တရားတို့ကို ပွားများခြင်းကြောင့် မြတ်သော အဘိညာဉ်နှင့် ပြည့်စုံသူအဖြစ်သို့ ရောက်ပါသနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ သတိပဋ္ဌာန် လေးပါးကို ပွားများခြင်းကြောင့် မြတ်သော အဘိညာဉ်နှင့် ပြည့်စုံသောသူအဖြစ်သို့ ရောက်ပါသည်။ ငါ့ရှင် သာရိပုတ္တရာ၊ တပည့်တော်သည် ဤသတိပဋ္ဌာန် လေးပါးကို ပွားများခြင်းကြောင့်ပင် တထောင်သော လောက (စကြဝဠာ) ကို အထူးသိမြင်ခြင်း ဖြစ်ပါသည်"

## ၉။ သီရိဝဍ္ဎသုတ်

[ သီရိဝဍ္ဎသူကြွယ်က အနာဂါမိ ဖိုလ်ကို ပြောကြားခြင်း]

၃၉၅။ ရာဇဂြိုဟ် 'ဝေဠုဝန်ကျောင်း၌ ရှင်အာနန္ဒာ သီတင်းသုံးနေစဉ် သီရိဝဍ္ဎမည်သော သူကြွယ်သည် အသည်းအသန် နာမကျန်း ဖြစ်နေသဖြင့်

လူတယောက်ကို စေလွှတ်ကာ ရှင်အာနန္ဒာကို ပင့်ဖိတ်၏။ ရှင်အာနန္ဒာက အိမ်သို့ ကြွလာ၍ သူကြွယ်အား သတိပဋ္ဌာန်လေးပါးကို ပွားများရန် မိန့်ကြားရာ သူကြွယ်က အောက်ပါအတိုင်း လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားအပ်သော သတိပဋ္ဌာန် လေးပါးတို့သည် တပည့်တော်၌ ထင်ရှားရှိပါသည်။ တပည့်တော်သည်လည်း ထိုတရားတို့၌ တည်ပါသည်။ အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးတို့တွင် တပည့်တော် မပယ်ရသေးပဲ ကြွင်းကျန်နေသည် တပါးပါးသော သံယောဇဉ်ကိုမျှ မတွေ့မမြင်ပါ"

ထိုအခါ ရှင်အာနန္ဒာက "သူကြွယ် သင်ကား အရတော်ပေစွ၊ အနာဂါမိဖိုလ်ကို ပြောကြားပေ၏"ဟု မိန့်ဆိုလေသည်။

## ၁၀။ မာနဒိန္နသုတ်

[မာနဒိန္နသူကြွယ်က အနာဂါမိဖိုလ်ကို ပြောကြားခြင်း]

၃၉၆။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ရှင်အာနန္ဒာ သီတင်းသုံးနေစဉ် မာနဒိန္န မည်သော သူကြွယ်သည် အသည်းအသန် နာမကျန်းဖြစ်နေသဖြင့် ရှင်အာနန္ဒာကို မိမိနေအိမ်သို့ ပင့်ဖိတ်၏။ ရှင်အာနန္ဒာ ကြွရောက်လာသောအခါ သူကြွယ်က မိမိသည် ရောဂါဝေဒနာ ခံစားနေရသော်လည်း သတိပဋ္ဌာန်လေးပါးကို ပွားများနေကြောင်း၊ အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကိုလည်း အကြွင်းမဲ့ပယ်ပြီး ဖြစ်ကြောင်း လျှောက်ကြား၏။ ထိုအခါ ရှင်အာနန္ဒာက "သူကြွယ် သင်ကား အရတော်ပေစွ၊ အနာဂါမိဖိုလ်ကို ပြောကြားပေ၏"ဟု မိန့်ဆိုလေသည်။

## ၄။ အနုရုဒ္ဓသံယုတ်

## ၁။ အနုရုဒ္ဓသုတ်

[မကြားဖူးသော တရားတို့၌ အသိဉာဏ်ဖြစ်ပုံ]

၃၉၇။ "ရဟန်းတို့၊ 'ဤကား ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုခြင်းတည်း'ဟု ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ဉာဏ်မျက်စိ ဖြစ်ပေါ်လာခဲ့၏။ 'ထိုကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုခြင်းသည် ပွားများရမည့် တရားဖြစ်၏'ဟု ရှေးက မကြားဖူးသော တရားတို့၌ ဉာဏ် မျက်စိဖြင့် ဖြစ်ပေါ်ခဲ့၏။ 'ထိုကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုခြင်းကို ငါသည် ပွားများပြီးပြီ'ဟု

ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ဉာဏ်မျက်စိ ဖြစ်ပေါ်ခဲ့၏။ အလင်းရောင် ဖြစ်ပေါ်ခဲ့၏။ (ဝေဒနာစိတ် စသည် နည်းတူဟောသည်)
၃၉၇။ ဝိရာဂသုတ်၌ သတိပဋ္ဌာန် လေးပါးကို ပွားများလျှင် ငြီးငွေ့ခြင်း၊ တပ်မက်ခြင်း အလို့ငှာ ဖြစ်ကြောင်း ဟောကြားသည်။
၃၉၉။ ဝိရဒ္ဓသုတ်၌ သတိပဋ္ဌာန်လေးပါးကို လွှဲချော်စေသူတို့သည် ဒုက္ခကုန်ဆုံးခြင်းသို့ ရောက်စေနိုင်သော အရိယမဂ်ကို လွှဲချော်စေသူများ ဖြစ်ကြောင်း ဟောကြားသည်။

## ၅။ သတိသုတ်

[သတိသမ္ပဇဉ် ရှိလျက်နေသူ]

၄၀၁။ ရဟန်း တို့၊ ရဟန်းသည် သတိရှိလျက် သမ္ပဇဉ်ဉာဏ် ရှိလျက်နေရာ၏။ ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် သတိရှိသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏။.... တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက်နေ၏။ ရဟန်းတို့ ရဟန်းသည် ဤသို့လျှင် သတိရှိသူဖြစ်၏။

ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် သမ္ပဇဉ်ဉာဏ်ရှိသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းအား ခံစားခြင်း ဝေဒနာတို့သည် ထင်ရှားလျက် ဖြစ်ကုန်၏၊ ထင်ရှားလျက် ထင်ကုန်၏။ ထင်ရှားလျက် ချုပ်ပျောက်သွားကုန်၏။ ကြံစည်ခြင်း ဝိတက်တို့သည် .... မှတ်သားခြင်း သညာတို့သည် ထင်ရှားလျက် ဖြစ်ကုန်၏။ ထင်ရှားလျက် ထင်ကုန်၏။ ထင်ရှားလျက် ချုပ်ပျောက်သွားကုန်၏။ ရဟန်းတို့၊ ရဟန်းသည် ဤသို့လျှင် သမ္ပဇဉ်ဉာဏ်ရှိသူ ဖြစ်၏။

၄၀၂။ အညာသုတ်၌ သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း၊ ဥပါဒါန်အကြွင်းရှိခဲ့သော် အနာဂါမိဖိုလ်ကို ရရှိခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် တပါးပါးကို မုချရလိမ့်မည်ဟု မျှော်လင့်အပ်ကြောင်း ဟောကြားသည်။

## ၇။ ဆန္ဒသုတ်

[အလိုဆန္ဒ ကင်းပျောက်ပုံ]

၄၀၃။ ရဟန်းတို့၊ သတိပဋ္ဌာန်သည် လေးပါးရှိကုန်၏။ အဘယ်လေးပါးနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်

နေ၏။ ယင်းသို့နေသော ရဟန်းအား ကိုယ်၌အလိုဆန္ဒသည် ကင်းပျောက်၏။ အလိုဆန္ဒကင်းပျောက်သွားခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဖြစ်လေ၏။ .... တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက်နေ၏။ ယင်းသို့နေသော ရဟန်းအား တရားသဘောတို့၌ အလိုဆန္ဒသည် ကင်းပျောက်သွား၏။ အလိုဆန္ဒ ကင်းပျောက်သွားခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက် ပြုပြီး ဖြစ်လေ၏။

## ၉။ ပရိညာတသုတ်

[သတိပဋ္ဌာန်လေးပါးကို ပိုင်းခြား၍သိပုံ]

၄၀၄။ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေသော ရဟန်းအား ကိုယ်ကို ပိုင်းခြား၍ သိအပ်ပြီးဖြစ်၏။ ကိုယ်ကို ပိုင်းခြား၍ သိအပ်ပြီးခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီး ဖြစ်၏။ ဝေဒနာ စသည်၌ နည်းတူ ဖြစ်ကြောင်း ဟောကြားသည်။

၄၀၅။ ဘာဝနာသုတ်၌ သတိပဋ္ဌာန်ပွားများပုံကို အကျဉ်းချုပ် ဟောသည်။

## ၁၀။ ဝိဘင်္ဂသုတ်

[သတိပဋ္ဌာန်လေးပါးကို ဝေဖန်ဟောကြားခြင်း]

၄၀၆။ ရဟန်းတို့၊ ငါသည် သင်တို့အား သတိပဋ္ဌာန်ကို လည်းကောင်း၊ သတိပဋ္ဌာန် ပွားများခြင်းကိုလည်းကောင်း၊ သတိပဋ္ဌာန်ပွားများခြင်းသို့ရောက်စေသောအကျင့်ကိုလည်းကောင်း ဟောကြားအံ့။ သင်တို့ နာယူကြကုန်လော့။ ရဟန်းတို့ သတိပဋ္ဌာန်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ .... တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက်နေ၏။ ရဟန်းတို့၊ ဤသည်ကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ရဟန်းတို့၊ သတိပဋ္ဌာန်ပွားများခြင်းဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ဖြစ်ခြင်းသဘောကို အဖန်ဖန်ရှုလျက်နေ၏။ ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလျက်နေ၏။ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလျက်နေ၏။ (ဝေဒနာစသည်၌ နည်းတူ) ရဟန်းတို့၊ ဤသည်ကို သတိပဋ္ဌာန်ပွားများခြင်းဟု ဆိုအပ်၏။

ရဟန်းတို့၊ သတိပဋ္ဌာန် ပွားများခြင်းသို့ ရောက်စေသော အကျင့်ဟူသည် အဘယ်နည်းဆိုသော် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤအရိယမဂ်င် ဖြစ်၏။

## ၅။ အမတဝဂ်

### ၁။ အမတသုတ်

[အမြိုက်နိဗ္ဗာန်ကို မဆုံးရှုံးစေသင့်ကြောင်း]

၄၀၇။ ရဟန်းတို့၊ သင်တို့သည် သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာတည်သောစိတ် ရှိသည်ဖြစ်၍ နေကြကုန်လော့။ သင်တို့အား အမြိုက်နိဗ္ဗာန်သည် မပျက်စီးစေလင့်ဟု မိန့်ကြားပြီး သတိပဋ္ဌာန်လေးပါးကို ဟောကြား၏။

### ၂။ သမုဒယသုတ်

[သတိပဋ္ဌာန်လေးပါးတို့၏ ဖြစ်ပုံ ချုပ်ပုံကို ဟောခြင်း]

၄၀၈။ ရဟန်းတို့၊ ငါသည် သင်တို့အား သတိပဋ္ဌာန်လေးပါးတို့၏ ဖြစ်ပုံ ချုပ်ပျောက်သွားပုံကို ဟောကြားအံ့။

ရဟန်းတို့၊ ကိုယ်၏ဖြစ်ကြောင်းဟူသည် အဘယ်နည်းဆိုသော် အာဟာရ၏ ဖြစ်ခြင်းကြောင့် ကိုယ်၏ဖြစ်ခြင်းသည် ဖြစ်၏။ အာဟာရ၏ ချုပ်ခြင်းကြောင့် ကိုယ် ချုပ်ပျောက်သွားခြင်းသည် ဖြစ်၏၊ ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာတို့ ချုပ်ပျောက်သွားခြင်းသည် ဖြစ်၏။ နာမ်နှင့်ရုပ်၏ ဖြစ်ခြင်းကြောင့် စိတ်၏ ဖြစ်ခြင်းသည် ဖြစ်၏။ နာမ်နှင့် ရုပ်၏ ချုပ်ခြင်းကြောင့် စိတ်၏ ချုပ်ပျောက်သွားခြင်းသည် ဖြစ်၏။ နှလုံးသွင်းခြင်း၏ ဖြစ်ခြင်းကြောင့် တရားသဘောတို့၏ ဖြစ်ခြင်းသည် ဖြစ်၏။ နှလုံးသွင်းခြင်း၏ ချုပ်ခြင်းကြောင့် တရားသဘောတို့၏ ချုပ်ခြင်းသည် ဖြစ်၏။

### ၃။ မဂ္ဂ သုတ်

[နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တခုကြောင်းတည်းသောလမ်း]

၄၀၉။ ဘုရားဖြစ်ပြီးစက ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်း၌ရှိ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာအား 'သတ္တဝါတို့ စင်ကြယ်ရန်.... နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အတွက် တကြောင်းတည်းသောလမ်းကား သတိပဋ္ဌာန်လေးပါးပင် ဖြစ်၏'ဟု အကြံဖြစ်ပေါ်ခဲ့၏။ ထို့နောက် သဟမ္ပတိ ဗြဟ္မာကလည်း ဗုဒ္ဓရှေ့မှောက်၌ ရုတ်တရက် ထင်ရှားဖြစ်ပေါ်လာ

ပြီး အကြံဖြစ်သည့်အတိုင်း မှန်ကန်ကြောင်း လျှောက်ကြား၏။ ဤသုတ်၌ ယင်းအကြောင်းကို ဗုဒ္ဓက ရဟန်းတို့အား ပြန်လည်ဟောကြားခြင်း ဖြစ်၏။ (သုတ်စဉ် ၃၇၄၊ ဗြဟ္မ သုတ်ကို ကြည့်ပါ)

## ၄။ သတိသုတ်

[သတိရှိလျက်နေသူ]

၄၁၀။ ရဟန်းတို့၊ ရဟန်းသည် သတိရှိလျက်နေရာ၏။ အဘယ်သို့လျှင် သတိရှိလျက် နေရမည်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏။ ....တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက်နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတိရှိလျက်နေရာ၏။ ဤကား ငါတို့၏ သွန်သင်ဆုံးမချက်ပေးတည်း။

၃၁၁။ ကုသလရာသိ သုတ်၌ 'ရဟန်းတို့၊ ကုသိုလ်အစုဟု ဆိုသူသည် ကောင်းစွာ ဆိုလိုခဲ့သော် သတိပဋ္ဌာန်လေးပါးတို့ကိုဆိုရာ၏။ ရဟန်းတို့ မှန်၏။ သတိပဋ္ဌာန် လေးပါးသည် ကုသိုလ် အစုသက်သက် ဖြစ်၏ဟု မိန့်ကြားပြီး သတိပဋ္ဌာန်လေးပါးကို ဟော၏။

## ၆။ ပါတိမောက္ခ သံဝရသုတ်

[ပါတိမောက္ခ သီလကို စောင့်စည်းခြင်း]

၄၁၂။ ရဟန်းတပါးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ 'အရှင်ဘုရား တပည့်တော်သည် တပါးတည်း ကင်းဆိတ်စွာနေလျက် တရားကို အားထုတ်လိုပါသည်။ ယင်းသို့ အားထုတ်နိုင်ရန် တရားကို အကျဉ်းအားဖြင့် ဟောကြားပါလော ဟု တောင်းပန်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားလေသည်။

ရဟန်း သို့ဖြစ်သော် သင်သည် ကုသိုလ်တရားတို့၌ အဦးအစကိုသာ သုတ်သင်လော။ ကုသိုလ်တရားတို့၏ အဦးအစဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ သင်သည် ပါတိမောက် သီလကိုစောင့်စည်းလျက် နေလော။ အကျင့် ကျက်စားရာနှင့် ပြည့်စုံလျက် သေးငယ်သော အပြစ်တို့၌ပင် ဘေးဟု ရှုလျက်နေလော။

သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်လော။ ယင်းသို့ ကျင့်သည် ရှိသော် သင်သည် သီလကို မှီ၍ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးကို ပွားများ နိုင်ရာ၏။ (ထို့နောက် သတိပဋ္ဌာန်လေးပါးကို ဟောသည်)

ထိုရဟန်းသည် ဗုဒ္ဓ ဟောကြားသည့်အတိုင်း အားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်သွားလေ၏။

## ၇။ ဒုစ္စရိတသုတ်

[ဒုစရိုက်ကို ပယ်ရန် ဟောကြားခြင်း]

၄၁၃။ ရဟန်းဘပါးက အထက်သုတ်နည်းတူ ဘောင်းပန်သဖြင့် ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြား၏။

ရဟန်း၊ သို့ဖြစ်သော် သင်သည် ကုသိုလ်တရားတို့၌ အဦးအစကိုသာလျှင် သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အဦးအစဟူသည် အဘယ်နည်းဆိုသော် ရဟန်း၊ ဤသာသနာ၌ သင်သည် ကာယဒုစရိုက်ကိုပယ်၍ ကာယ သုစရိုက်ကို ပွားများလော့၊ ဝစီ ဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွားများလော့၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကိုပွားများလော့၊ ယင်းသို့ပွားများသည် ရှိသော် သင်သည် သီလကို မှီ၍ သီလ၌ တည်၍ သတိပဋ္ဌာန် လေးပါးကို ပွားများ နိုင်ရာ၏။ (ထို့နောက် သတိပဋ္ဌာန် လေးပါးကို ဟောသည်)

ထိုရဟန်းလည်း ဗုဒ္ဓ ဟောကြားသည့်အတိုင်း အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွား၏။

## ၈။ မိတ္တသုတ်

[မိတ်ဆွေတို့အား သတိပဋ္ဌာန်၌ တည်စေသင့်ကြောင်း]

၄၁၄။ ရဟန်းတို့၊ သင်တို့သည် မိမိတို့ သနားကြင်နာသော မိမိစကားကို နားထောင်လိမ့်မည်ဟု ထင်ရသော ဆွေမျိုးမိတ်ဆွေ သားချင်းတို့အား သတိပဋ္ဌာန်လေးပါးကို ပွားများရန် ဆောက်တည်စေအပ်၏ဟု မိန့်ကြားကာ သတိပဋ္ဌာန်လေးပါးကို ဟောသည်။

၄၁၅။ ဝေဒနာသုတ်၌ သုခ၊ ဒုက္ခ၊ အဒုက္ခ မသုခ ဟူသော ဝေဒနာ သုံးပါးကို ပိုင်းခြား၍ သိရန် သတိပဋ္ဌာန်လေးပါးကို ပွားများအပ်ကြောင်း ဟော၏။

၄၁၆။ အာသဝသုတ်၌ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ ဟူသော အာသဝ သုံးပါးကို ပယ်နိုင်ရန် သတိပဋ္ဌာန်လေးပါးကို ပွားများအပ် ကြောင်း ဟောသည်။

၄၁၇-၄၇၀။ ဂင်္ဂါပေယျာလစသော ဝဂ် (၅) ဝဂ်မှ သုတ်ပေါင်း (၅၄) သုတ်မှာ မဂ္ဂသံယုတ်နှင့် နည်းတူပင် ဖြစ်ပါသည်။

# ၄။ ဣန္ဒြိယသံယုတ်

[ဣန္ဒြေငါးပါးနှင့်စပ်သော ဟောကြားချက်များ]

## ၁။ သုဒ္ဓိကဝဂ်

### ၁။ သုဒ္ဓိကသုတ်

[ဣန္ဒြေငါးပါးသရုပ်ကို ဟောခြင်း]

၄၇၁။ ရဟန်းတို့၊ ဣန္ဒြေတို့သည် ငါးပါးရှိကုန်၏။ အဘယ် ငါးပါးတို့နည်း ဆိုသော် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဣန္ဒြေတို့ ဖြစ်၏။

၄၇၂။ ပဌမ သောတာပန္နသုတ်၌ ဣန္ဒြေငါးပါးတို့၏သာယာဖွယ် အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သော အရိယာတပည့်ကို သောတာပန်ဟု ဆိုအပ်ကြောင်း ဟောသည်။

၄၇၃။ ဒုတိယသုတ်၌ ဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်သွားခြင်း၊ သာယာဖွယ် အပြစ်နှင့်ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သော အရိယာတပည့်ကိုလည်း သောတာပန်ဟု ဆိုအပ်ကြောင်း ဟောသည်။

၄၇၄။ ပဌမ အရဟန္တသုတ်၌ ဣန္ဒြေငါးပါးတို့၏သာယာဖွယ် အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ စွဲလမ်းခြင်းမရှိပဲ လွတ်မြောက်သွားသော အရိယာတပည့်ကို ရဟန္တာဟု ဆိုကြောင်း ဟောသည်။

၄၇၅။ ဒုတိယသုတ်၌ ဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်သွားခြင်း၊ သာယာဖွယ် အပြစ်နှင့်ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ မစွဲလမ်းပဲ့ လွတ်မြောက်သွားသော အရိယစတပည့်ကိုလည်း အာသဝ ကုန်ပြီးသော ရဟန္တာဟု ဆိုအပ်ကြောင်း ဟောသည်။

## ၆။ ပဌမ သမဏဗြာဟ္မဏသုတ်

[ရဟန်းပုဏ္ဏားဟု ဆိုထိုက်သူ]

၄၇၆။ ဣန္ဒြေငါးပါးတို့၏ သာယာဖွယ် စသည်ကို ဟုတ်တိုင်းမှန်စွာ မသိသူကို ရဟန်းပုဏ္ဏားဟု အသိအမှတ် မပြုအပ်။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိသူကိုသာ ရဟန်း ပုဏ္ဏားဟု အသိအမှတ်ပြုအပ်ကြောင်း ဟောသည်။

၄၇၇။ ဒုတိယသုတ်၌ သဒ္ဓါစသော ဣန္ဒြေအသီးသီး၏ ဖြစ်ခြင်း၊ ချုပ်ခြင်းသို့ရောက်စေသော အကျင့်တို့ကို မသိသူများကို ရဟန်းပုဏ္ဏားဟု အသိအမှတ် မပြုအပ်။ ယင်းတို့ကို သိသူများကိုသာလျှင် ရဟန်းပုဏ္ဏားဟု အသိအမှတ် ပြုအပ်ကြောင်း ဟောသည်။

## ၈။ ဒဋ္ဌဗ္ဗသုတ်

[ဣန္ဒြေ ငါးပါးကို မှတ်သားအပ်သော အရာဌာနများ]

၄၇၈။ ဣန္ဒြေငါးပါးတို့တွင် သဒ္ဓိန္ဒြေကို သောတာပတ္တိမဂ်၏အင်္ဂါလေးပါးတို့၌လည်းကောင်း၊ ဝီရိယိန္ဒြေကို သမ္မပ္ပဓာန် လေးပါး တို့၌လည်းကောင်း၊ သတိန္ဒြေကို သတိပဋ္ဌာန် လေးပါး တို့၌လည်းကောင်း၊ သမာဓိန္ဒြေကို ဈာန် လေးပါးတို့၌လည်းကောင်း၊ ပညိန္ဒြေကို အရိယသစ္စာ လေးပါး တို့၌လည်းကောင်း (အစိုးရသော တရားအဖြစ်ဖြင့်) မှတ်သားအပ်ကြောင်း ဟောကြားသည်။

## ၉။ ပဌမဝိဘင်္ဂသုတ်

[ဣန္ဒြေငါးပါးကို အကျယ်ဝေဖန်ခြင်း]

၄၇၉။ ရဟန်းတို့၊ ဣန္ဒြေတို့သည် သဒ္ဓါစသောအားဖြင့် ငါးပါးရှိကုန်၏။ ရဟန်းတို့ သဒ္ဓါဣန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ထိုမြတ်စွာဘုရားသည် ဤသို့သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏ စသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏။ ရဟန်းတို့၊ ဤသို့ ယုံကြည်ခြင်းကို သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့၊ အဘယ်ကို ဝီရိယိန္ဒြေ ဟုဆိုအပ်သနည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှာ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍နေ၏။ ကုသိုလ်တရား

တို့၌ မြဲမြံသော အားထုတ်ခြင်းရှိလျက်၊ မချုပ်သော ဝန် ရှိလျက်နေ၏။ ရဟန်းတို့၊ ဤသို့အားထုတ်နေခြင်းကို ဝီရိယိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့၊ သတိန္ဒြေဟူသည်အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် သတိရှိသူဖြစ်၏။ လွန်ကဲသော သတိပညာနှင့် ပြည့်စုံ၏။ ကြာမြင့်စွာက ပြုလုပ်ခဲ့သောအမှု၊ ပြောဆိုခဲ့သောစကားကိုပင် ပြန်၍ အောက်မေ့နိုင်၏။ ရဟန်းတို့၊ ဤသို့အောက်မေ့နိုင်ခြင်းကို သတိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ သမာဓိန္ဒြေ ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာတပည့်သည် နိဗ္ဗာန်ကိုအာရုံပြု၍ စိတ်တည်ကြည်ခြင်းကိုရ၏။ စိတ်၏ တခုတည်းသောအာရုံရှိသည့်အဖြစ်ကိုရ၏။ ရဟန်းတို့၊ ဤသို့ စိတ်တည်ကြည်မှုခြင်းကို သမာဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့၊ ပညိန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် ပညာရှိ၏။ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိမ်းဆည်းတတ်သော ရုပ်နာမ်ကို ဖောက်ထွင်း၍ သိနိုင်သော ဆင်းရဲခြင်းကုန်ရာနိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေနိုင်သော အရိယာပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့၊ ဤသို့ ပညာနှင့် ပြည့်စုံခြင်းကို ပညိန္ဒြေဟုဆိုအပ်၏။

## ၁၀။ ဒုတိယဝိဘင်္ဂသုတ်

### [ဣန္ဒြေငါးပါးကို တနည်းအကျယ် ဝေဖန်ခြင်း]

၄၇၀။ ရဟန်းတို့၊ ဣန္ဒြေတို့သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားဖြင့် ငါးပါးရှိကုန်၏။ ရဟန်းတို့၊ သဒ္ဓိန္ဒြေဟူသည် အဘယ်နည်း ဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် ယုံကြည်ခြင်း သဒ္ဓါရှိ၏။ မြတ်စွာဘုရား၏ ပေးဗောဓိဉာဏ်ကို ယုံကြည်၏။ ဤသို့ ယုံကြည်ခြင်းကို သဒ္ဓိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ ဝီရိယိန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ နေ၏။ မချုအပ်သော ဝီရိယရှိလျက်နေ၏။ မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေခြင်းငှာ အားထုတ်၏။ ဖြစ်ပေါ်လာသော အကုသိုလ်တရားများကို ပယ်ခြင်းငှာ အားထုတ်၏။ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ခြင်းငှာ အားထုတ်၏။ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ တည်တံ့ တိုးပွားခြင်းငှာ အားထုတ်၏။ ယင်းသို့ အားထုတ်ခြင်းကို ဝီရိယိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ သတိန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယ တပည့်သည် လွန်ကဲသော သတိပညာနှင့် ပြည့်စုံ၏။ ကြာမြင့်စွာက ပြုခဲ့သော အမှု၊ ပြောခဲ့သော စကားများကိုပင် ပြန်ပြောင်းအောက်မေ့နိုင်၏။ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏.... တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှုလျက်နေ၏။ ရဟန်းတို့၊ ဤသို့နေခြင်းကို သတိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့၊သမာဓိန္ဒြေဟူသည်အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် နိဗ္ဗာန်ကို အာရုံပြု၍ စိတ်တည်ကြည်မှုကိုရ၏။ စိတ်၏ တခုဘည်းသော အာရုံရှိသည့်အဖြစ်ကို ရ၏။ ကာမဂုဏ်တို့မှသည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်း ကင်းဆိတ်၍ ဝိတက်ဝိစာရ တို့နှင့်တကွ ဖြစ်သော၊ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ပထမဈာန်ကို ဝင်စား၍နေ၏.... စတုတ္ထဈာန်ကို ဝင်စား၍ နေ၏။ ရဟန်းတို့၊ ဤသို့ ဈာန်ဝင်စား၍ နေခြင်းကို သမာဓိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ ပညိန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် ပညာရှိ၏။ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိမ်းဆည်းနိုင်သော နာမ်ရုပ်ကို ဖောက်ခွဲနိုင်သော၊ ဆင်းရဲခြင်းကုန်ဆုံးရာသို့ ကောင်းစွာ ရောက်စေနိုင်သော အရိယာပညာနှင့် ပြည့်စုံ၏၊ ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်း၊ ဤကား ဆင်းရဲချုပ်ရာတည်း၊ ဤကား ဆင်းရဲချုပ်ရာရောက်စေနိုင်သောအကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ ရဟန်းတို့၊ ဤသို့သိခြင်းကို ပညိန္ဒြေဟုဆိုအပ်၏။

## ၂။ မုဒုတရဝဂ်

### ၁။ ပဋိလာဘသုတ်

### [ဣန္ဒြေကို ရရှိခြင်း]

၄၇၁။ ရဟန်းတို့၊ ဣန္ဒြေတို့သည် သဒ္ဓါစသောအားဖြင့် ငါးပါးရှိကုန်၏။ ရဟန်းတို့၊ သဒ္ဓိန္ဒြေ ဟူသည် အဘယ်နည်း ဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် ယုံကြည်ခြင်းရှိသူဖြစ်၏။ မြတ်စွာဘုရား၏ဗောဓိဉာဏ်ကို ယုံကြည်၏။ ရဟန်းတို့၊ ဤသို့ယုံကြည်ခြင်းကို သဒ္ဓိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ ဝီရိယိန္ဒြေဟူသည် အဘယ်နည်းဆိုသော် သမ္မပ္ပဓာန်လေးပါးကို အကြောင်းပြု၍ ဝီရိယကို ရရှိခြင်းကို ဝီရိယိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ သတိန္ဒြေဟူသည် အဘယ်နည်းဆိုသော် သဘိပဋ္ဌာန်လေးပါးကို အကြောင်းပြု၍ သတိကိုရရှိခြင်းကို သတိန္ဒြေဟုဆိုအပ်၏။

ရဟန်းတို့၊ သမာဓိန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် နိဗ္ဗာန်ကို အာရုံပြု၍ စိတ်တည်ကြည်မှုကို ရရှိ၏။ စိတ်၏ တခုဘည်းသော အာရုံရှိသည့်အဖြစ်ကို ရရှိ၏။ ရဟန်းတို့၊ ဤသို့ စိတ်တည်ကြည်မှုကို ရရှိခြင်းကို သမာဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့၊ ပညိန္ဒြေဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ အရိယာ တပည့်သည် ပညာရှိ၏။ဖြစ်ခြင်း၊ ပျက်ခြင်းကို သိမ်းဆည်းနိုင်သော ပညာနှင့် ပြည့်စုံ၏။ ဤသို့ ပညာနှင့် ပြည့်စုံခြင်းကို ပညိန္ဒြေဟုဆိုအပ်၏။

## ၂။ ပထမသံခိတ္တသုတ်

[ဣန္ဒြေ ငါးပါးကို အကျဉ်းဟောကြားခြင်း]

၄၀၂။ ရဟန်းတို့၊ ဣန္ဒြေတို့သည် ငါးပါး ရှိကုန်၏။ ရဟန်းတို့၊ ဣန္ဒြေ ငါးပါး တို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏။ ယင်းတို့ထက်နုသော ဣန္ဒြေတို့ကြောင့် အနာဂါမ် ဖြစ်၏။ ယင်းတို့ထက် နုသော ဣန္ဒြေ တို့ကြောင့် သကဒါဂါမ် ဖြစ်၏။ ယင်းတို့ထက်နုသော ဣန္ဒြေတို့ကြောင့် သောတာပန် ဖြစ်၏။ ယင်းတို့ထက်နုသောဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီ မည်သော ပုဂ္ဂိုလ် ဖြစ်၏။ ယင်းတို့ထက်နုသောဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော ပုဂ္ဂိုလ် ဖြစ်၏။

၄၀၃။ ဒုတိယ သံခိတ္တသုတ်၌ အထက်သုတ်နည်းတူဟောကြားပြီး အဆုံး၌ ရဟန်းတို့၊ ဤသို့လျှင် ဣန္ဒြေ ထူးခြားမှုကြောင့် ဖိုလ် ထူးခြားခြင်း ဖြစ်သည် ဖြစ်၏။ ဖိုလ် ထူးခြားခြင်းကြောင့် ပုဂ္ဂိုလ် ထူးခြားခြင်းသည် ဖြစ်၏ ဟူသော စာပိုဒ်ဖြင့် အဆုံးသတ်၏။

၄၀၄။ တတိယသံခိတ္တသုတ်၌ အထက်သုတ်နည်း တူ ဟောကြားပြီး 'ရဟန်းတို့၊ ဤသို့လျှင် ပြည့်စုံစွာ ပြုလေ့ရှိသူသည် ပြည့်စုံသောအကျိုးကို ပြီးစေ၏။ တစိတ်တဒေသအားဖြင့် ပြုလေ့ရှိသူသည် တစိတ်တဒေသသော အကျိုးကို ပြီးစေ၏။ ဣန္ဒြေ ငါးပါးတို့သည် မမြုံသည်သာဖြစ်ကုန်၏ ဟူ ငါဆို၏'ဟူသောစာပိုဒ်ဖြင့် အဆုံးသတ်၏။

## ၅။ ဝိတ္ထာရသုတ်

[ဣန္ဒြေငါးပါးကို အကျယ် ဟောကြားခြင်း]

၄၇၅။ ဣန္ဒြေတို့သည် ငါးပါးရှိကုန်၏။ ယင်းဣန္ဒြေ ငါးပါးတို့၏ ပြီးစီး ပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏။ ယင်းတို့ထက် အဆင့်ဆင့်သော ဣန္ဒြေတို့ကြောင့် သက်တမ်း၏ အလယ်၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိ နိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီ အနာဂါမ်၊ သက်တမ်း၏ ထက်ဝက်ကို လွန်မှ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စ ပရိနိဗ္ဗာယီ အနာ ဂါမ်ပုဂ္ဂိုလ်၊ လုံ့လပယောဂ မပါပဲ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြု သော အသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်၊ လုံ့လပယောဂနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ် ပုဂ္ဂိုလ်၊ အထက်ဘုံသို့ အစဉ်အတိုင်း တက်၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြု သော ဥဒ္ဓံသောတ အနာဂါမ် ပုဂ္ဂိုလ်၊ သကဒါဂါမ်၊ သောတာပန်၊ ဓမ္မာ နုသာရီ၊ သဒ္ဓါနုသာရီပုဂ္ဂိုလ်များ ဖြစ်နိုင်ကြောင်း ဟောသည်။

၄၇၆။ ဒုတိယဝိတ္ထာရသုတ်၌ အထက်သုတ်နည်းတူဟောပြီး 'ရဟန်းတို့၊ ဤသို့လျှင် ဣန္ဒြေထူးခြားမှုကြောင့် ဖိုလ်ထူးခြားခြင်းသည် ဖြစ်၏။ ဖိုလ်ထူး ခြားမှုကြောင့် ပုဂ္ဂိုလ်ထူးခြားခြင်းဖြစ်သည် ဖြစ်၏' ဟူသောစကားဖြင့် အဆုံး သတ်၏။

၄၇၇။ တတိယ ဝိတ္ထာရသုတ်၌ အထက်သုတ်နည်းတူ ဟောကြားပြီး 'ရဟန်းတို့၊ ဤသို့လျှင် ပြည့်စုံစွာ ပြုလေ့ရှိသူသည် ပြည့်စုံသော အကျိုးကို ပြီးစေ၏။ တစိတ်တပိုင်းအားဖြင့် ပြုလေ့ရှိသူသည် တစိတ်တပိုင်းသော အကျိုးကို ပြီးစေ၏' ဟူသော စကားဖြင့် အဆုံးသတ်၏။

## ၈။ ပဋိပန္နသုတ်

[ဣန္ဒြေ ငါးပါး ပြည့်စုံအောင် ကျင့်သူ]

၄၇၈။ ဣန္ဒြေငါးပါးတို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်သည်။ ယင်းထက် အဆင့်ဆင့်သော ဣန္ဒြေတို့ကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ ကျင့်သူ အနာဂါမ်၊ အနာဂါမိ ဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သူ သကဒါဂါမ်၊ သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုခြင်းငှာကျင့်သူ၊

သောတာပန်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သူ ဖြစ်နိုင်သည်၊ ဣန္ဒြေ ငါးပါး အချင်း-ခပ်သိမ်း မရှိသူကိုမူ 'ပုထုဇဉ်အဖို့၌ တည်သော အပြင်လူ'ဟု ဆိုကြောင်းဟောသည်။

၄၉၀။ အာသဝက္ခယသုတ်၌ ဣန္ဒြေ ငါးပါးကို ပွားများခြင်းကြောင့် အာသဝေါ ကုန်ခန်း၍ စိတ်၏ လွတ်မြောက်မှု၊ ပညာဖြင့် လွတ်မြောက်မှုကို မျက်မှောက် ပြုနိုင်ကြောင်း ဟောသည်။

## ၃။ ဆဠိန္ဒြိယဝဂ်

## ၁။ ပုနဗ္ဘဝသုတ်

[နောက်ဘဝမရှိတော့ဟု သိမြင်ခြင်း]

၄၉၁။ ရဟန်းတို့၊ ငါသည် အကြင်မျှလောက်သော ကာလပတ်လုံး ဤဣန္ဒြေငါးပါး တို့၏။ ဖြစ်ခြင်း၊ ချုပ်ပျောက်သွားခြင်း၊ သာယာဖွယ် အပြစ်နှင့် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုမျှလောက်သော ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွဖြစ်သော လောက၌၊ ရဟန်း ပုဏ္ဏား နတ်လူတို့နှင့် တကွဖြစ်သော သတ္တဝါအပေါင်း၌ အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်မခံခဲ့၊ အကြင် ၌ကား ငါသည် ဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်း ချုပ်ပျောက် သွားခြင်းစသည် တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့၏။ ထိုအခါ၌ ငါသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံခဲ့၏။ ငါ၏ လွတ်မြောက်ခြင်းသည် မပျက်စီးနိုင်၊ ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏။ ယခု နောက်ထပ် ဘဝသစ်ဖြစ်ရန် မရှိတော့ဟူသော ဉာဏ်ဒဿနသည်လည်း ငါ့အား ဖြစ်ပေါ်ခဲ့၏။

၄၉၂။ ဇီဝိတိန္ဒြိယသုတ်၌ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေဟူ၍ ဣန္ဒြေသုံးပါး ရှိကြောင်းဟောသည်။

၄၉၃။ အညိန္ဒြိယသုတ်၌ အနညာတဉ္ဉဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာ ဝိန္ဒြေဟူ၍ ဣန္ဒြေသုံးပါး ရှိကြောင်းဟောသည်။

## ၄။ ဧကဗီဇီသုတ်

[တဘဝသာ ဖြစ်မည့် သောတာပန်]

၄၉၄။ ဣန္ဒြေငါးပါးတို့ ပြီးစီးပြည့်စုံလျှင် ရဟန္တာ ဖြစ်နိုင်သည်။ အဆင့်ဆင့် ပို၍ ပို၍ နုသော ဣန္ဒြေတို့ကြောင့် အန္တရာပရိနိဗ္ဗာယီ စသော အနာ

ဂါမ် ပုဂ္ဂိုလ်များ၊ သကဒါဂါမ် ပုဂ္ဂိုလ်၊ တဘဝသာဖြစ်မည့် ကေဝိဇိသော တာပန်၊ နှစ်ဘဝ သုံးဘဝဖြစ်မည့် ကောလံကောလ သောတာပန်၊ ခုနစ် ဘဝဖြစ်မည့် သတ္တက္ခတ္တုပရမ သောတာပန်၊ ဓမ္မာနုသာရီ၊ သဒ္ဓာနုသာရီမည် သော သောတာပန်များ ဖြစ်နိုင်ကြောင်း ဟောသည်။

၄၉၅။ သုဒ္ဓိကသုတ်၌ စက္ခုသောတ၊ ဃာန၊ ဇိဝှာ-ကာယ၊ မနအားဖြင့် ဣန္ဒြေခြောက်ပါး ရှိကြောင်းဟောသည်။

၄၉၆။ သောတာပန္နသုတ်၌ ဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်း စသည်ကို သိသော အရိယာ တပည့်ကို သောတာပန်ဟု ဆိုအပ်ကြောင်းဟောသည်။

၄၉၇။ အရဟန္တသုတ်၌ ဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်း စသည်ကို ဟုတ် တိုင်းမှန်စွာ သိ၍ မစွဲလမ်းပဲ လွတ်မြောက်သော ရဟန်းကို ရဟန္တာဟု ဆို အပ်ကြောင်း ဟောသည်။

၄၉၈။ သမ္ဗုဒ္ဓသုတ်၌ ဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်း စသည်ကိုဟုတ်တိုင်း မှန်စွာ မသိမီက ဘုရားဟု ဝန်မခံခဲ့။ ယင်းတို့ကို သိသည့်အချိန်မှ စ၍သာ ဘုရားဟု ဝန်ခံခဲ့ကြောင်း ဟောသည်။

၄၉၉။ ပဌမသမဏ ဗြာဟ္မဏသုတ်၌ ဣန္ဒြေခြောက်ပါးတို့၏ဖြစ်ခြင်းစသည် ကို ဟုတ်တိုင်းမှန်စွာ မသိသူများကို စင်စစ်ရဟန်း ပုဏ္ဏားဟု အသိအမှတ် မပြုအပ်၊ ယင်းတို့ကို သိသူများ ကိုသာလျှင် စင်စစ်ရဟန်းပုဏ္ဏားဟု အသိ အမှတ်ပြုအပ်ကြောင်း ဟောသည်။

၅၀၀။ ဒုတိယသုတ်၌ ဣန္ဒြေခြောက်ပါးကို လည်းကောင်း၊ ယင်းတို့၏ဖြစ် ခြင်း၊ ချုပ်ခြင်း၊ ချုပ်ခြင်းသို့ ရောက်စေနိုင်သော အကျင့်တို့ကို လည်း ကောင်း၊ ဟုတ်တိုင်းမှန်စွာ သိသူများကိုသာလျှင် စင်စစ်ရဟန်း ပုဏ္ဏား ဟု အသိအမှတ် ပြုအပ်ကြောင်း ဟောသည်၊

## ၄။ သုခိန္ဒြိယဝဂ်

၅၀၁-၅၀၅။ သုဒ္ဓိက သုတ်စသော သုတ်ငါးသုတ်၌ သုခ၊ ဒုက္ခ၊ သော မနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ဟူ၍ ဣန္ဒြေ ငါးပါး ရှိကြောင်း၊ယင်းတို့၏ ဖြစ်ခြင်းစသည်ကို သိသူကို သောတာပန်ဟု ဆိုအပ်ကြောင်း စသည်ဖြင့် အထက်သုတ်များနည်းတူ ဟောသည်။

## ၆-ဂ။ ဝိဘင်္ဂသုတ်များ

[ဣန္ဒြေ ငါးပါးကို ဝေဖန်ဟောကြားခြင်း]

၇၀၆-၇၀ဂ။ ဣန္ဒြေတို့သည် သုခ၊ ဒုက္ခ စသောအားဖြင့် ငါးပါးရှိ၏။ ယင်းတို့တွင် ကိုယ်၌ဖြစ်သောချမ်းသာခြင်း၊ ကိုယ်၌ဖြစ်သော သာယာဖွယ်၊ ကိုယ်အတွေ့ကြောင့် ဖြစ်သည့် ချမ်းသာသော၊ သာယာဖွယ်ဖြစ်သော ခံစားမှုကို သုခိန္ဒြေ ဟု ဆို၏။

ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း၊ ကိုယ်၌ဖြစ်သော မသာယာဖွယ်၊ ကိုယ်အတွေ့ကြောင့်ဖြစ်သည့် ဆင်းရဲသော၊ မသာယာဖွယ်ဖြစ်သောခံစားမှုကိုဒုက္ခိန္ဒြေ ဟုဆို၏။

စိတ်၌ဖြစ်သော ချမ်းသာခြင်း၊ စိတ်၌ဖြစ်သော သာယာဖွယ်၊ စိတ်၌ ဖြစ်သည့် ချမ်းသာသော၊ သာယာဖွယ်ဖြစ်သော ခံစားမှုကို သောမနဿိန္ဒြေဟု ဆို၏။

စိတ်၌ဖြစ်သော ဆင်းရဲခြင်း၊ စိတ်၌ဖြစ်သော မသာယာဖွယ်၊ စိတ်၌ဖြစ်သည့် ဆင်းရဲသော၊ မသာယာဖွယ်ဖြစ်သော ခံစားမှုကို ဒေါမနဿိန္ဒြေဟု ဆို၏။

ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေဖြစ်သော၊ သာယာဖွယ်လည်းမဟုတ်၊ မသာယာဖွယ်လည်း မဟုတ်သော ခံစားမှုကို ဥပေက္ခိန္ဒြေဟု ဆို၏။

ထိုငါးပါးတို့တွင် သုခိန္ဒြေနှင့် သောမနဿိန္ဒြေကို သုခဝေဒနာဟု မှတ်အပ်၏။ ဒုက္ခိန္ဒြေနှင့် ဒေါမနဿိန္ဒြေကို ဒုက္ခဝေဒနာဟု မှတ်အပ်၏။ ဥပေက္ခိန္ဒြေကို အဒုက္ခမသုခဝေဒနာဟု မှတ်အပ်၏။ ဤသို့လျှင် ဣန္ဒြေတို့သည် ပရိယာယ်အားဖြင့် ငါးပါးမှ သုံးပါးဖြစ်သကဲ့သို့ သုံးပါးမှလည်း ငါးပါး ဖြစ်နိုင်၏။

## ၉။ ကဋ္ဌောပမသုတ်

[ဝေဒနာကို သစ်သားချင်းပွတ်တိုက်မှုကြောင့် ဖြစ်သော မီးနှင့် ဥပမာပြု၍ ဟောခြင်း]

၇၀၉။ သုခအစရှိသော ဣန္ဒြေငါးပါးတို့တွင် သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှုကိုစွဲ၍ သုခိန္ဒြေသည် ဖြစ်ပေါ်၏။ ထိုသူသည် ချမ်းသာခြင်း ရှိသည်ဖြစ်၍သာလျှင် ‘ငါချမ်းသာ၏’ဟု သိ၏။ ထိုတွေ့ထိမှု၏ ချုပ်ခြင်းကြောင့် ယင်းကိုစွဲ၍ ဖြစ်သော သုခိန္ဒြေသည် ချုပ်ငြိမ်း၏ဟု သိ၏။ ဒုက္ခိန္ဒြေ စသည်တို့၌လည်း နည်းတူပင် ဖြစ်၏။ ဥပမာ သစ်သားချောင်းနှစ်ခုတို့ ထိခိုက်

ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသောမီးသည် ထိုသစ်သားနှစ်ချောင်းကို တခြားစီ ခွဲထားလိုက်သောအခါ ငြိမ်းပျောက်သွားသကဲ့သို့ ဖြစ်၏။

## ၁၀။ ဥပ္ပဋိပါဋိကသုတ်

[ဗုဒ္ဓနေ့ဒေါ်းပါးကို အစဉ်ဖျက်၍ ဟောကြားခြင်း]

၅၁၀။ ရဟန်းတို့၊ ဤသာသနာ၌ မမေ့ လျော့ အားထုတ်၍နေသော ရဟန်းအား ဒုက္ခိန္ဒြေဖြစ်ပေါ်လာသည် ရှိသော် ထိုရဟန်းသည် 'ငါ့အား ဒုက္ခိန္ဒြေသည် ဖြစ်ပေါ်၏။ ယင်းသည် အကြောင်းနှင့်တကွ ဖြစ်၏။ အကြောင်း ကင်းလျက် မဖြစ်' ဟူ၍ သိ၏။ ထိုရဟန်းသည် ဒုက္ခိန္ဒြေကိုလည်း သိ၏။ ဒုက္ခိန္ဒြေဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။ ဒုက္ခိန္ဒြေ ချုပ်ငြိမ်းရာကိုလည်း သိ၏။ ဖြစ်ပေါ်လာသော ဒုက္ခိန္ဒြေသည် အဘယ်၌အကြွင်းမဲ့ချုပ်ငြိမ်းသနည်း ဆိုသော် ပထမဈာန်၌ အကြွင်းမဲ့ချုပ်ငြိမ်း၏။ ရဟန်းတို့၊ ပထမဈာန်ဝင်စားသော ရဟန်းကို ဒုက္ခိန္ဒြေ၏ ချုပ်ရာကို သိပြီးသူ၊ ဒုက္ခိန္ဒြေချုပ်ခြင်း အလို့ငှာ စိတ်ကို ရှေးရှုဆောင်သူဟု ဆိုအပ်၏။

[ဒေါမနဿိန္ဒြေ၊ သုခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေတို့၌ နည်းတူဟော၏။ အထူးမှာ ဒေါမနဿိန္ဒြေ၏ ချုပ်ရာကား ဒုတိယဈာန်၊ သုခိန္ဒြေ၏ ချုပ်ရာကား တတိယဈာန်၊ သောမနဿိန္ဒြေ၏ ချုပ်ရာကား စတုတ္ထဈာန်၊ ဥပေက္ခိန္ဒြေ၏ ချုပ်ရာကား နိရောဓသမာပတ် ဖြစ်၏။]

## ၅။ ဇရာဝဂ်

## ၁။ ဇရာဓမ္မသုတ်

[အိုခြင်းတရားက နှိပ်စက်နေပုံ]

၅၁၁။ အခါတပါး၌ ဗုဒ္ဓသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးစဉ် ညနေချမ်းအချိန်၌ ကျောင်းအနောက်ဘက် နေပူဆာ၌ ကျောကုန်းကို နေစာလှုံ၍ နေတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ ဗုဒ္ဓ၏ကိုယ်ကို လက်ဖြင့် အဖန်ဖန်ဆုပ်နယ်ကာ ဤသို့လျှောက်လေ၏။

"အရှင်ဘုရား၊ အံ့ဖွယ်ကောင်းလှပါသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါသည်။ အရှင်ဘုရား၊ ယခုအခါ မြတ်စွာဘုရား၏ အရေအဆင်းသည် ရှေးကကဲ့သို့ ဖြူစင်တောက်ပခြင်း မရှိတော့ပါ။ ကိုယ်အင်္ဂါတို့သည် လျော့ရဲနေပါသည်။

အံတွန့်အလိပ်များ ဖြစ်နေပါသည်။ ကိုယ်သည် ရှေ့သို့ကိုင်း၍ နေပါသည်။ မျက်စိနားစသော ဣန္ဒြေတို့၏ ဖောက်ပြန်မှုသည်လည်း ထင်ရှား၍နေပါသည်"

"အာနန္ဒာ၊ မှန်ပေ၏။ နုပျိုခြင်းသဘောရှိခဲ့သော် အိုခြင်းသဘောသည် ရှိ၏၊ ကျန်းမာခြင်းသဘောရှိခဲ့သော် နာခြင်းသဘောသည်ရှိ၏။ အသက်ရှင်ခြင်းသဘောရှိခဲ့သော် သေခြင်းသဘောသည်ရှိ၏"

ဗုဒ္ဓသည် ယင်းသို့ မိန့်ကြားပြီး ခန္ဓာကိုယ်အား အိုခြင်းတရားက ဖိစီးနှိပ်စက်နေပုံကို ဂါထာဖြင့် မြွက်ကြားတော်မူလေသည်။

## ၂။ ဥဏ္ဏာဘဗြာဟ္မဏသုတ်

[ဥဏ္ဏာဘ ပုဏ္ဏားၡ၏ မေးခွန်းကို ဖြေကြားခြင်း]

၅၁၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ဥဏ္ဏာဘ မည်သော ပုဏ္ဏားကမေးလျှောက်၍ ဗုဒ္ဓက ဖြေကြားသောသုတ်ဖြစ်၏။

"အရှင်ဂေါတမ၊ မျက်စိ၊နားစသော ဣန္ဒြေ ငါးပါးတို့သည် အသီးသီးသော အာရုံ၊ အသီးသီးသော ကျက်စားရာရှိကြသည်၊ တပါးသည် တပါး၏ ကျက်စားရာအာရုံကို မခံစားနိုင်ကြပါ။ ထိုဣန္ဒြေငါးပါး၏မှီခိုရာကား အဘယ်ပါနည်း။ အဘယ်တရားသည် ထိုဣန္ဒြေငါးပါး တို့၏ ကျက်စားရာ အာရုံကို ခံစားနိုင်ပါသနည်း"

"ပုဏ္ဏား၊ ထိုဣန္ဒြေ ငါးပါ တို့၏ မှီခိုရာကား စိတ်ပင်ဖြစ်၏။ စိတ်သည်သာလျှင် ယင်းတို့၏ ကျက်စားရာအာရုံကိုခံစားနိုင်၏"

"အရှင်ဂေါတမ၊ စိတ်၏ မှီခိုရာကား အဘယ်ပါနည်း"

"ပုဏ္ဏား၊ စိတ်၏ မှီခိုရာကား သတိပင် ဖြစ်၏"

"အရှင်ဂေါတမ၊ သတိ၏ မှီခိုရာကားအဘယ်ပါနည်း"

"ပုဏ္ဏား၊ သတိ၏မှီခိုရာကားလွတ်မြောက်မှုပင်ဖြစ်၏"

"အရှင်ဂေါတမ၊ လွတ်မြောက်မှု၏မှီခိုရာကားအဘယ်ပါနည်း"

"ပုဏ္ဏား၊ လွတ်မြောက်မှု၏မှီခိုရာကား နိဗ္ဗာန်ပင်ဖြစ်၏"

"အရှင်ဂေါတမ၊ နိဗ္ဗာန်၏မှီခိုရာကား အဘယ်ပါနည်း"

"ပုဏ္ဏား၊ သင်ကား ပြဿနာကို လွန်သွားလေပြီ၊ ပြဿနာ၏ အဆုံးကို ယူခြင်းငှာ သင် မစွမ်းနိုင်ခဲ့၊ မှန်၏။ အကျင့်မြတ်ကို နိဗ္ဗာန်လျှင်အဆုံးရှိသည် ဖြစ်၍ ကျင့်သုံးအပ်ပေ၏"

ဗုဒ္ဓ၏ အဖြေများကို ကြားနာရသောအခါ ဥဏ္ဏာဘပုဏ္ဏားသည် ဝမ်းမြောက် နှစ်သက်စွာဖြင့် ဗုဒ္ဓအား အရိုအသေပြုပြီးပြန်သွားလေ၏။ ထိုနောက် မကြာမီ ဗုဒ္ဓသည် ရဟန်းတို့အား အောက်ပါအတိုင်း မိန့်ကြားလေသည်။

“ရဟန်းတို့၊ ဥပမာကား အထွတ်တပ်သောအိမ်၊ သို့မဟုတ် အထွတ်ဘပ်သော ဇရပ်၌ အနေ့ရှေဘက် ပြတင်းပေါက်မှ ဝင်လာသော နေရောင်ခြည်သည် အနောက်ဘက် နံရံ၌တည်သကဲ့သို့ ထို့အတူ ဥဏ္ဏာဘ ပုဏ္ဏားအား ငါဘုရား၌ ယုံကြည်ခြင်းသဒ္ဓါသည် စွဲမြဲစွာ တည်လေပြီ။ လောက၌ တစုံတယောက်သော သူကမျှ ရွေ့လျားစေခြင်း မစွမ်းနိုင်။ ရဟန်းတို့၊ အကယ်၍ ဥဏ္ဏာဘ ပုဏ္ဏားသည် ယခုအချိန်၌သေလွန်ခဲ့သော် ဤလောကသို့တဖန်ပြန်လာကြောင်း ဖြစ်သော သံယောဇဉ် မရှိတော့ချေ”

## ၃။ သာကေတသုတ်

[သာကေတမြို့၌ ဟောကြားချက်]

၅၁၃။ သာကေတမြို့ သားသမင်တို့အား ဘေးမဲ့ပေးရာဖြစ်သော အဉ္စနတောအုပ်၌ သီတင်းသုံးစဉ် ဟောကြားသောသုတ်ဖြစ်၏။

“ရဟန်းတို့၊ အကြောင်းအကြောင်းပရိယာယ်ကိုစွဲ၍ ဣန္ဒြေငါးပါးတို့သည် ဗိုလ်ငါးပါး ဖြစ်ကုန်၏၊ ဗိုလ်ငါးပါးတို့သည် ဣန္ဒြေငါးပါးဖြစ်ကုန်၏။ ထိုအကြောင်း ပရိယာယ်သည် ရှိ၏။ ရဟန်းတို့ ထိုအကြောင်း ပရိယာယ်ကား အဘယ်နည်းဆိုသော် သဒ္ဓိန္ဒြေသည် သဒ္ဓါဗိုလ်ဖြစ်၏။ သဒ္ဓါဗိုလ်သည် သဒ္ဓိန္ဒြေဖြစ်၏.... ပညိန္ဒြေသည် ပညာဗိုလ်ဖြစ်၏။ ပညာဗိုလ်သည် ပညိန္ဒြေဖြစ်၏။

“ရဟန်းတို့၊ ဥပမာကား အရှေ့အရပ်သို့ ညွတ်ကိုင်းသော မြစ်၏အလယ်၌ ကျွန်းသည်ရှိရာ၏။ ထိုမြစ်၏ ရေအလျဉ်သည် တခုတည်းသာတည်းဟုဆိုနိုင်သော အကြောင်းပရိယာယ်သည်လည်းကောင်း၊ ထိုမြစ်၏ ရေအလျဉ်ကား နှစ်ခုတည်းဟု ဆိုနိုင်သော အကြောင်းပရိယာယ်သည်လည်းကောင်းရှိ၏။ ထိုအကြောင်း ပရိယာယ်များကား အဘယ်နည်းဆိုသော် ထိုကျွန်း၏အရှေ့ဘက် အစွန်း၌လည်း ရေရှိ၏။ အနောက်ဘက်အစွန်း၌လည်း ရေရှိ၏။ ဤသို့ရှိခြင်းသည် ရေအလျဉ် တခုတည်းဟုဆိုနိုင်သော အကြောင်း ပရိယာယ်ဖြစ်၏။ ထိုကျွန်း၏ မြောက်ဘက်အစွန်း၌လည်း ရေရှိ၏။ တောင်ဘက်အစွန်း၌လည်း ရေရှိ၏။ ဤသို့ရေရှိခြင်းသည် ရေအလျဉ် နှစ်ခုတည်းဟုဆိုနိုင်သော အကြောင်း ပရိယာယ်ဖြစ်၏။

ရဟန်းတို့၊ ဣန္ဒြေငါးပါးကို ပွားများခြင်းကြောင့် ရဟန်းသည် အာသဝေါ ကင်းသောစိတ်၏ လွတ်မြောက်မှု၊ ပညာဖြင့် လွတ်မြောက်မှုကို မျက်မှောက် ဘဝ၌ပင် ထူးခြားသော အသိဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဝင်စား၍ နေနိုင်၏။

## ၄။ ပုဗ္ဗကောဋ္ဌကသုတ်

[ပုဗ္ဗကောဋ္ဌက အရပ်၌ ဟောကြားချက်]

၅၁၄။ ဗုဒ္ဓသည် သာဝတ္ထိပြည် ပုဗ္ဗကောဋ္ဌက အရပ်၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာအား မေးတော်မူ၏။

"သာရိပုတ္တရာ၊ ဣန္ဒြေငါးပါးကိုပွားများလျှင် အမြိုက်နိဗ္ဗာန်လျှင် အပြီးအဆုံးရှိ၏ဟု သင်ယုံကြည်ပါသလော"

"အရှင်ဘုရား၊ ဤအရာ၌ တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့် ဆည်းကပ်သည် မဟုတ်ပါ။ ပညာဖြင့် မသိမမြင်သူတို့သည်သာလျှင် သူတပါးတို့အား ယုံကြည်ခြင်းဖြင့် ဆည်းကပ်ကုန်ရာပါသည်။ ပညာဖြင့် သိမြင်သူတို့သည်ကား ဤအရာ၌ တွေးတောယုံမှားခြင်းမရှိကြပါ။ အရှင်ဘုရား၊ တပည့်တော်သည်ကား ဤအကြောင်းကို ပညာဖြင့် သိအပ်၊ မြင်အပ်၊ တွေ့ထိအပ်ပြီး ဖြစ်ပါသည်။

ရှင်သာရိပုတ္တရာ၏ အဖြေကို ကြားသောအခါ ဗုဒ္ဓက "ကောင်းပေ၏၊ ကောင်းပေ၏" ဟု ထောက်ခံစကားမြွက်ကြားတော်မူလေသည်။

## ၅။ ပထမ ပုဗ္ဗာရာမသုတ်

[ပုဗ္ဗာရုံ ကျောင်း၌ ဟောကြားချက်]

၅၁၅။ "ရဟန်းတို့၊ တပါးသော ဣန္ဒြေကို ပွားများခြင်းကြောင့် အာသဝေါ ကုန်သောရဟန်းသည် အရဟတ္တဖိုလ်ကို ပြောကြား၏။ တပါးသော ဣန္ဒြေဟူသည် အဘယ်နည်းဆိုသော် ပညိန္ဒြေပင်ဖြစ်၏။ ရဟန်းတို့၊ ပညာရှိသော အရိယာတပည့်အား ထိုပညာသို့ အစဉ်လိုက်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိသည် တည်၏။

၅၁၆။ ဒုတိယသုတ်၌ အရိယာ ပညာ၊ အရိယာဝိမုတ္တိဘည်းဟူသော ဣန္ဒြေနှစ်ပါးကို ပွားများခြင်းကြောင့် အာသဝေါကုန်သောရဟန်းသည် အရဟတ္တ

ဖိုလ်ကို ပြောကြား၏။ ထိုရဟန်း၏ အရိယာပညာသည် ပညိန္ဒြေပင်ဖြစ်၏။ အရိယာ ဝိမုတ္တိသည် သမာဓိန္ဒြေပင် ဖြစ်၏ဟုဟောသည်။

၃၁၇။ တတိယသုတ်၌ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော ဣန္ဒြေ လေးပါးကိုပွားများခြင်းကြောင့် အာသဝေါကုန်သော ရဟန်းသည် အရဟတ္တ ဖိုလ်ကို ပြောကြားကြောင်း ဟောသည်။

၃၁၈။ စတုတ္ထသုတ်၌ 'ရဟန်းတို့၊ သဒ္ဓါ၊ ဝီရိယ စသော ဣန္ဒြေငါးပါး ကို ပွားများခြင်းကြောင့် အာသဝေါကုန်သော ရဟန်းသည် အရဟတ္တဖိုလ်ကို ပြောကြား၏' ဟုဟောသည်။

## ၉။ ပိဏ္ဍောလဘာရဒ္ဒါဇသုတ်

### [ရှင်ပိဏ္ဍောလ အရဟတ္တဖိုလ်ကို ပြောကြားခြင်း]

၃၁၉။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် ရှင်ပိဏ္ဍောလသည် မိမိ အရဟတ္တဖိုလ် ရရှိခြင်းကို ရဟန်းတို့အား ထုတ်ဖော် ပြောကြား၏။ 'ရှင်ပိဏ္ဍောလသည် မည်သို့သော အကျိုးထူးကို သိမြင်၍ အရဟတ္တဖိုလ်ကို ပြောကြားပါသနည်း' ဟု ရဟန်းတို့က ဗုဒ္ဓအားမေးလျှောက် ကြသည်။ ဗုဒ္ဓက အောက်ပါအတိုင်းဖြေကြား၏။

"ရဟန်းတို့၊ ပိဏ္ဍောလမည်သော ရဟန်းသည် သတိ၊ သမာဓိ၊ ပညာ ဟူသော ဣန္ဒြေ သုံးပါးကို ပွားများခြင်းကြောင့် အရဟတ္တဖိုလ်ကို ပြောကြား ခြင်း ဖြစ်၏။ ရဟန်းတို့ ဣန္ဒြေသုံးပါးတို့သည် ဇာတိ၊ ဇရာ၊ မရဏကုန်ခြင်း လျှင် အဆုံးရှိကုန်၏။ ရဟန်း ပိဏ္ဍောလမည်သောရဟန်းသည် ဇာတိ၊ဇရာ၊ မရဏ ကုန်ပြီဟု သိမြင်သည်ဖြစ်၍ အရဟတ္တဖိုလ်ကို ပြောကြားခြင်းဖြစ်၏"

## ၁၀။ အာပဏသုတ်

### [အာပဏနိဂုံး၌ ဟောကြားချက်]

၃၂၀။ အင်္ဂတိုင်း အာပဏ နိဂုံး၌သီတင်းသုံးစဉ် ဗုဒ္ဓသည် ရှင်သာရိပုတ္တရာ အား 'သာရိပုတ္တရာ၊ မြတ်စွာဘုရား၌ ကောင်းစွာစစ်သက်ဝင်၍ ယုံကြည်သော အရိယာသာဝကသည် မြတ်စွာဘုရား၌လည်းကောင်း၊ မြတ်စွာဘုရား၏အဆုံးအမ ၌လည်းကောင်း တွေဝေ ယုံမှားတော့မည်မဟုတ်' ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာကလည်း အောက်ပါအတိုင်းလျှောက်ကြားလေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရား၌ ကေန်စင်စစ် သက်ဝင် ယုံကြည်သော အရိယာတပည့်သည် မြတ်စွာဘုရား၌လည်း ကောင်း၊ မြတ်စွာဘုရား၏ တရား၌ လည်းကောင်း ဘေးတော်ဟုံမှားတော့မည်မဟုတ်ပါ။ အရှင်ဘုရား ယုံကြည် ခြင်းသဒ္ဓါနှင့် ပြည့်စုံသော ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ် တရားတို့ကို ပြည့်စုံစေရန် အားထုတ်၍ နေလိမ့်မည်ဟု မျှော်လင့်အပ်ပါသည်။ ယင်းသို့အားထုတ်ခြင်းကား ဝီရိယိန္ဒြေပင် ဖြစ်ပါသည်"

"အရှင်ဘုရား၊ ယုံကြည်ခြင်း သဒ္ဓါ၊ အားထုတ်ခြင်းဝီရိယနှင့် ပြည့်စုံသော အရိယာတပည့်သည် လွန်ကဲသော အောက်မေ့ခြင်းသတိနှင့် ပြည့်စုံသူ ဖြစ်လိမ့် မည်ဟု မျှော်လင့်အပ်ပါသည်။ ထိုသို့သော အောက်မေ့ခြင်း သတိကား သတိန္ဒြေပင် ဖြစ်ပါသည်"

"အရှင်ဘုရား၊ ယုံကြည်ခြင်း သဒ္ဓါ၊ အားထုတ်ခြင်း ဝီရိယ၊ စွဲမြဲသောသတိ နှင့်ပြည့်စုံသော အရိယာတပည့်သည် စိတ်တည်ကြည်ခြင်းသမာဓိကို ရလိမ့်မည် ဟု မျှော်လင့်အပ်ပါသည်။ ထိုသို့ စိတ်တည်ကြည်ခြင်း သမာဓိကား သမာ ဓိန္ဒြေ ပင်ဖြစ်ပါသည်"

"အရှင်ဘုရား၊ ယုံကြည်ခြင်းသဒ္ဓါ၊ အားထုတ်ခြင်းဝီရိယ၊ စွဲမြဲသောသတိ၊ တည်ကြည်သောစိတ်ရှိသော အရိယာတပည့်သည် 'သံသရာသည်မသိအပ်သော အစရှိ၏။ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်၏ အကြွင်းမဲ့ချုပ်ရာ နိဗ္ဗာန်သည် သာ ငြိမ်းချမ်း၏' ဟူ၍ သိမြင်လိမ့်မည်ဟု မျှော်လင့်အပ်ပါသည်။ ဤသို့ သိခြင်းကား ပညိန္ဒြေပင်ဖြစ်ပါသည်"

"အရှင်ဘုရား၊ ထိုအရိယာတပည့်သည် ဤသို့ အားထုတ်ခြင်း၊ အောက် မေ့ခြင်း၊ ဆောက်တည်ခြင်း၊ သိမြင်ခြင်းများကို ပြုပြီးနောက် 'ဤတရားတို့ ကား ရှေးက ငါကြားဖူးသော တရားများ ဖြစ်ခဲ့၏။ ယခုအခါ ငါသည် ထိုတရားတို့ကို ကိုယ်ဖြင့်လည်း တွေ့ထိ၍ နေနိုင်၏။ ပညာဖြင့်လည်း ထိုးထွင်း ၍ သိမြင်၏'ဟုယုံကြည်၏။ ထိုသို့ယုံကြည်ခြင်းကား သဒ္ဓိန္ဒြေပင် ဖြစ်ပါသည်"

ရှင်သာရိပုတ္တရာက ဤသို့ လျှောက်ကြားသောအခါ ဗုဒ္ဓက 'ကောင်း ပေစွ၊ ကောင်းပေစွ' ဟု ထောက်ခံစကား မိန့်ကြားတော်မူသည်။

## ၆။ သုကရခန္ဓဝဂ်

### ၁။ သာလသုတ်

[သာလရွာ၌ဟောကြားချက်]

၅၂၁။ ကောသလတိုင်း သာလမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံးစဉ် ဟောကြားသည်။

"ရဟန်းတို့၊ တိရစ္ဆာန်အပေါင်းတို့တွင် ခြင်္သေ့ကို အင်အား၊ လျင်မြန်ခြင်း၊ ရဲရင့်ခြင်းတို့အားဖြင့် အမြတ်ဆုံးဟူ၍ ဆိုအပ်သကဲ့သို့၊ ထို့အတူ ဗောဓိပက္ခိယ တရားတို့တွင် ပညိန္ဒြေကို ဗောဓိဉာဏ်အလို့ငှာ ဖြစ်ခြင်းအားဖြင့် အမြတ်ဆုံး ဟု ဆိုအပ်၏။ ရဟန်းတို့၊ ဗောဓိပက္ခိယ တရားတို့သည် အဘယ်နည်းဆိုသော် ရဟန်းတို့၊ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယတရားဖြစ်၏။ ဗောဓိဉာဏ်အလို့ငှာ ဖြစ်၏ ... ပညိန္ဒြေသည် ဗောဓိပက္ခိယတရားဖြစ်၏။ ဗောဓိဉာဏ်အလို့ငှာ ဖြစ်၏"

### ၂။ မလ္လိကသုတ်

[မလ္လတိုင်း၌ ဟောကြားချက်]

၅၂၂။ မလ္လတိုင်း ဥရုဝေလကပ္ပမည်သော နိဂုံး၌ သီတင်းသုံးစဉ် ဟောကြားသည်။

"ရဟန်းတို့၊ ဥပမာကား အထွတ်တပ်သော အိမ်၏ အထွတ်ကို မစိုက်ထူရသေးမီ အခြင်ရနယ်တို့၏ တည်တံ့ခြင်းသည် မဖြစ်။ အထွတ်တပ်ပြီးသော အခါမှသာလျှင် အခြင်ရနယ်တို့၏ တည်တံ့ခြင်းသည် ဖြစ်၏။ ရဟန်းတို့၊ ထို့နည်းတူပင် အရိယာတပည့်အား အရိယဉာဏ် မဖြစ်ပေါ်သေးမီ၊ ဣန္ဒြေလေးပါးတို့၏ တည်တံ့ခြင်းသည် မဖြစ်။ အရိယဉာဏ် ဖြစ်ပေါ်သည့်အခါမှသာလျှင် ဣန္ဒြေလေးပါးတို့၏ တည်တံ့ခြင်းသည် ဖြစ်၏။ ဣန္ဒြေလေးပါး ဟူသည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ တို့ဖြစ်၏။ ရဟန်းတို့၊ ပညာရှိသော အရိယာတပည့်အား ထိုပညာသို့ အစဉ်လိုက်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ တို့သည် တည်ကုန်၏။

### ၃။ သေက္ခသုတ်

[မိမိကိုယ်ကို သေက္ခဟု သိမြင်ခြင်း၏ အကြောင်း]

၅၂၃။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ ဟောကြားသည်။

"ရဟန်းတို့၊ အကြင် အကြောင်းကိုစွဲ၍ ကျင့်ဆဲဖြစ်သော သေက္ခရဟန်းသည် သေက္ခဘုံ၌တည်လျက် 'ငါသည် သေက္ခဖြစ်၏' ဟု သိနိုင်ရာ၏။ ကျင့်ပြီး

သော အသေက္ခ ရဟန်းသည် အသေက္ခဘုံ၌တည်လျက် 'ငါသည် အသေက္ခ ဖြစ်၏' ဟု သိနိုင်ရာ၏။ ထိုအကြောင်းသည် ရှိသည်။ ထိုအကြောင်းကား အဘယ်နည်းဆိုသော်၊ ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်း တည်း စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် သေက္ခဘုံ၌ တည်လျက် 'ငါသေက္ခ' ဟုသိခြင်း၏ အကြောင်းဖြစ်၏။

ထို့ပြင် 'ဤသာသနာမှအပ၌ မြတ်စွာဘုရားကဲ့သို့ ဟုတ်မှန်သောတရားကို ဟောကြားတတ်သော ရဟန်းပုဏ္ဏားသည် မရှိ' ဟုသိခြင်းသည်လည်း သေက္ခ ဘုံ၌တည်လျက် 'ငါသေက္ခ' ဟု သိခြင်း၏ အကြောင်းဖြစ်၏။

ထို့ပြင် သဒ္ဓါစသော ဣန္ဒြေ ငါးပါးတို့၏ အကျိုးဖြစ်သော အရဟတ္တဖိုလ် ကို နာမကာယဖြင့် တွေ့ထိ၍ မနေနိုင်သော်လည်း ယင်းတို့ကို ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင်၍ သိမြင်ခြင်းသည်လည်း သေက္ခဘုံ၌တည်လျက်'ငါသေက္ခ' ဟု သိခြင်း၏ အကြောင်းဖြစ်၏။

ရဟန်းတို့၊ သဒ္ဓါစသော ဣန္ဒြေငါးပါးတို့၏အကျိုးဖြစ်သော အရဟတ္တဖိုလ် ကို နာမကာယဖြင့် တွေ့ထိ၍နေပြီး ယင်းတို့ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့်လည်း ဆင်ခြင်၍ သိမြင်ခြင်းသည် အသေက္ခဘုံ၌တည်လျက် 'ငါအသေက္ခ'ဟုသိခြင်း ၏ အကြောင်းဖြစ်၏။ ထို့ပြင် 'စက္ခု၊ သောတစသော ဣန္ဒြေ ၆ ပါးတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းလိမ့်မည်။ တပါးသောဣန္ဒြေ ၆ ပါး တို့သည်လည်း တစုံတခုသော ဘဝ၌ ဖြစ်လိမ့်မည်မဟုတ်' ဟု သိမြင်ခြင်းသည်လည်း အသေက္ခ ဘုံ၌ တည်လျက် 'ငါအသေက္ခ'ဟု သိခြင်း၏ အကြောင်းဖြစ်၏။

## ၄။ ပဒသုတ်

[ပညာသည် ဆင်ခြေရာနှင့်တူကြောင်း]

၅၂၄။ ရဟန်းတို့၊ ကုန်းပေါ်၌သွားသော သတ္တဝါတို့၏ ခြေရာဟူသမျှ တို့တွင် ဆင်ခြေရာကို အကြီးဆုံးဟု ဆိုအပ်သကဲ့သို့၊ ထို့အတူ အသိဉာဏ်ပွင့် ခြင်းငှာ ဖြစ်သော တရားအစုတို့တွင်လည်း ပညိန္ဒြေကို အမြတ်ဆုံးဟု ဆိုအပ် ၏။ ရဟန်းတို့၊ အသိဉာဏ်ပွင့်ခြင်းငှာဖြစ်သော တရားများကား အဘယ် နည်းဆိုသော် သဒ္ဓါ၊ ဝီရိယစသော ဣန္ဒြေငါးပါးပင် ဖြစ်၏။

၅၂၅။ သာရသုတ်၌ အနှစ်နံ့သာဟူသမျှတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ဗောဓိပက္ခိယ တရားတို့တွင်လည်း ပညိန္ဒြေကို အမြတ်ဆုံးဟု ဆိုအပ်ကြောင်း ဟောသည်။

## ၆။ ပတိဋ္ဌိတသုတ်

[ဗုလ္လေခြေတို့၏ တည်ရာဖြစ်သောတရား]

၃၂၆။ ရဟန်းတို့၊ မမေ့မလျော့ခြင်း ဟူသော တရားတပါး၌တည်သော ရဟန်းအား ဗုလ္လေ ငါးပါး တို့သည် ပွားများအပ်ပြီး ဖြစ်ကုန်၏။ မမေ့မလျော့ခြင်းဟူသည် အာသဝတို့၌လည်းကောင်း၊ အာသဝတို့၏ အာရုံဖြစ်သော တရားတို့၌လည်းကောင်း စိတ်ကို စောင့်ရှောက်ခြင်းဖြစ်၏။ ဤသို့ စိတ်ကို စောင့်ရှောက်သော ရဟန်းအား သဒ္ဓါစသောဗုလ္လေ ငါးပါး တို့သည် တိုးပွားပြည့်စုံခြင်းသို့ ရောက်ကုန်၏။

## ၇။ သဟမ္ပတိဗြဟ္မသုတ်

[သဟမ္ပတိဗြဟ္မာ၏ လျှောက်ထားချက်]

၃၂၇။ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူစ– ဥရုဝေလတော၊ နေရဉ္ဇရာမြစ်အနီး အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးစဉ် 'ဗုလ္လေငါးပါးတို့ကို ပွားများလျှင် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏' ဟု အကြံဖြစ်၏။ ထိုအချိန်မှာပင် သဟမ္ပတိ ဗြဟ္မာသည် ဗုဒ္ဓရှေ့မှောက်၌ ထင်ရှား ပေါ်လာပြီး အကြံဖြစ်သည့်အတိုင်း မှန်ကန်ကြောင်း၊ မိမိသည် ကဿပမြတ်စွာဘုရားသာသနာ၌ ရဟန်းပြု၍ ဗုလ္လေငါးပါး ပွားများခဲ့သောကြောင့် ဗြဟ္မာပြည်သို့ ရောက်ခဲ့ရကြောင်း လျှောက်ကြားသေသည်။

## ၈။ သူကရကန္ဒတသုတ်

[သူကရကန္ဒတလိုဏ်ဂူ၌ ဟောကြားချက်]

၃၂၈။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် သူကရကန္ဒတလိုဏ်ဂူ၌ သီတင်းသုံးစဉ် ဗုဒ္ဓက ရှင်သာရိပုတ္တရာအား မိန့်ကြား၏။

'သာရိပုတ္တရာ၊ အာသဝေါကုန်ပြီးသော ရဟန်းသည် အဘယ်သို့သော အကျိုးထူးကို ကောင်းစွာ မြင်သည်ဖြစ်၍ မြတ်စွာဘုရား၌ လည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာ၌လည်းကောင်း လွန်ကဲသော ရိုသေတုပ်ဝပ်မှုကို ဖြစ်စေသနည်း''

''အရှင်ဘုရား၊ အာသဝေါကုန်ပြီးသော ရဟန်းသည် အမြတ်ဆုံးဖြစ်သော ယောဂကုန်ရာကို ကောင်းစွာ မြင်သည်ဖြစ်၍ မြတ်စွာဘုရား၌လည်းကောင်း၊

မြတ်စွာဘုရား၏ သာသနာ၌လည်းကောင်း လွန်ကဲသော ရှိသေတုပ်ဝပ်မှုကို ဖြစ်စေပါသည်”

“သာရိပုတ္တရာ၊အမြတ်ဆုံးဖြစ်သော ယောဂကုန်ရာဟူသည် အဘယ်နည်း”

“အရှင်ဘုရား ဤသာသနာ၌ အာသဝေါကုန်ပြီးသောရဟန်းသည် ငြိမ်းအေးခြင်းသို့ရောက်စေနိုင်သော၊ ဉာဏ်ပွင့်ခြင်းသို့ရောက်စေနိုင်သော သဒ္ဓိန္ဒြေ.... ပညိန္ဒြေတို့ကို ပွားများ၏။ အရှင်ဘုရား၊ ဤမြတ်ဆုံးဖြစ်သော ယောဂကုန်ရာဟူသည် ဤသည်ပင်ဖြစ်ပါ၏”

“သာရိပုတ္တရာ၊ မြတ်စွာဘုရား၌လည်းကောင်း၊ မြတ်စွာဘုရား၏သာသနာ၌လည်းကောင်း လွန်ကဲသောရှိသေတုပ်ဝပ်မှုဟူသည် အဘယ်နည်း”

“အရှင်ဘုရား၊ ဤသာသနာ၌ အာသဝေါကုန်ပြီးသောရဟန်းသည် မြတ်စွာဘုရား၌ ရှိသေတုပ်ဝပ်ခြင်း ရှိလျက် နေ၏။ တရား၊ သံဃာ၊ ဤကျင့်သိက္ခာ၊ သမာဓိတို့၌ ရှိသေတုပ်ဝပ်ခြင်း ရှိလျက် နေ၏။ အရှင်ဘုရား၊ဤကား မြတ်စွာဘုရား၌လည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာ၌လည်းကောင်း၊ လွန်ကဲသော ရှိသေတုပ်ဝပ်ခြင်းဖြစ်ပါ၏”

၅၂၉-၅၃၀။ ပထမနှင့် ဒုတိယ ဥပ္ပါဒသုတ်တို့၌ မြတ်စွာဘုရားဖြစ်ပေါ်လာသောအခါ၊ မြတ်စွာဘုရား၏ အဆုံးအမရှိသော အခါ၌သာ ဣန္ဒြေငါးပါးကို ပွားများလျှင် မဖြစ်ပေါ်သေးသော ဣန္ဒြေတို့ ဖြစ်ပေါ်လာနိုင်ကြောင်း ဟောကြားသည်။

## ၄။ ဗောဓိပက္ခိယ ဝဂ်

၅၃၁–၅၃၄။ သံယောဇနစသောသုတ် ၄ သုတ်၌ ဣန္ဒြေငါးပါးကို ပွားများလျှင် သံယောဇဉ်တို့ကို ပယ်ခြင်း၊ အနုသယတို့ကိုခွာခြင်း၊ ရှည်လျားသော သံသရာခရီးကို ပိုင်းခြား၍သိခြင်း၊ အာသဝေါ တရားတို့ကို ကုန်စေခြင်း အလို့ငှာ ဖြစ်ကြောင်းဟောကြားသည်။

## ၅။ ပထမဖလသုတ်

[ဣန္ဒြေ ငါးပါး ပွားများခြင်း၏ အကျိုး၂ပါး]

၅၃၅။ ဣန္ဒြေငါးပါးကို ပွားများခြင်းကြောင့် မျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်ခြင်း၊ စွဲလမ်းမှုကြွင်းကျန်နေသေးလျှင် အနာဂါမ်အဖြစ်သို့ ရောက်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် တပါးပါးသော အကျိုးကို မုချရလိမ့်မည်ဟု မျှော်လင့်အပ်ကြောင်း ဟောကြားသည်။

## ၆။ ဒုတိယ ဖလသုတ်

[ရှင်ရှေ့ ၅ပါး ပွားခြင်း၏ အကျိုး ၇ ပါး]

၃၃၆။ ဣန္ဒြေငါးပါးကို ပွားများခြင်းကြောင့် ခုနစ်ပါးသော အကျိုးတို့ကို မျှော်လင့်အပ်ကုန်၏။ ခုနစ်ပါးသော အကျိုးများကား....

(၁) မျက်မှောက်ဘဝ၌ပင် စောစီးစွာ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း။

(၂) စောစောက မပြီးစေနိုင်ခဲ့သော် သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း။

(၃) သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့သော် အောက်အဖို့ ရှိသော သံယောဇဉ်ငါးပါးကုန်ခြင်းကြောင့် သက်တမ်းတဝက်အတွင်း၌ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အန္တရာ ပရိနိဗ္ဗာယီ အနာဂါမ် ဖြစ်နိုင်ခြင်း။

(၄) သက်တမ်းတဝက်လွန်ပြီးမှ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်နိုင်ခြင်း။

(၅) အားထုတ်ခြင်း မပြုပဲ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် ဖြစ်နိုင်ခြင်း။

(၆) အားထုတ်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုရသော သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ဖြစ်နိုင်ခြင်း။

(၇) အထက်ဘုံများသို့အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုရသော ဥဒ္ဓံသောတ အနာဂါမ်ဖြစ်နိုင်ခြင်းတို့ဖြစ်၏။

## ၇-၁၀။ ရုက္ခသုတ်များ

[ပညာကို သစ်ပင်တို့နှင့် နှိုင်းယှဉ်ခြင်း]

၃၃၇-၃၄၀။ ဇမ္ဗူဒိပ်ရှိသစ်ပင်တို့တွင် သပြေပင်၊ တာဝတိံသာရှိ သစ်ပင်တို့တွင် ပင်လယ်ကသစ်ပင်၊ အသူရာတို့၏ သစ်ပင်များတွင် သခွတ်ပင်၊ ဂဠုန်တို့၏ သစ်ပင်များတွင် လက်ပံပင်ကို အမြတ်ဆုံးဟုဆိုအပ်သကဲ့သို့ ထို့အတူ ဗောဓိပက္ခိယတရားတို့တွင် ပညိန္ဒြေကို အမြတ်ဆုံးဟုဆိုအပ်ကြောင်း ဟောကြား၏။

၃၄၁-၆၅၀။ ဂင်္ဂါပေယျာလ စသော ဝဂ် (၁၀) ဝဂ်မှ သုတ်ပေါင်း (၁၁၀)မှာ အထက်သံယုတ်များ နည်းတူပင်ဖြစ်ပါသည်။

## ၅ သမ္မပ္ပဓာနသံယုတ်

[သမ္မပ္ပဓာန် လေးပါး နှင့် စပ်သော ဟောကြားချက်များ]

### ၁။ ပါစီနနိန္နသုတ်

[သမ္မပ္ပဓာန်ပွားသူသည် အရှေ့ဘက်သို့ စီးသော ဂင်္ဂါမြစ်နှင့်တူကြောင်း]

၆၅၁။ ရဟန်းတို့၊ သမ္မပ္ပဓာန်တို့သည် လေးပါးရှိကုန်၏။ အဘယ် လေးပါးတို့နည်းဆိုသော် ရဟန်းတို့၊ ဤသာသနာ၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားတို့ မဖြစ်စေခြင်းငှာ လည်းကောင်း၊ ဖြစ်ပေါ်လာသော အကုသိုလ်တရားများကို ပယ်ရှားခြင်းငှာလည်းကောင်း၊ မဖြစ်ပေါ်သေးသော ကုသိုလ်တရားများ ဖြစ်ပေါ်စေခြင်းငှာ လည်းကောင်း၊ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ တည်တံ့တိုးပွားစေခြင်းငှာလည်းကောင်း ဆန္ဒကိုဖြစ်စေ၏။ လုံ့လပြု၏။ ဝီရိယကို အားထုတ်၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ရဟန်းတို့၊ ဤကား သမ္မပ္ပဓာန် လေးပါးတို့ပင်တည်း။

ရဟန်းတို့၊ ဂင်္ဂါမြစ်သည် အရှေ့ဘက်သို့ ကိုင်းညွတ်သကဲ့သို့ ထို့အတူ သမ္မပ္ပဓာန်လေးပါးကို ပွားများသောရဟန်းသည် နိဗ္ဗာန်လျှင် ညွတ်ပိမ်း ကိုင်းရှိုင်းရာရှိသူဖြစ်ပေ၏။

(ဤသံယုတ်၌ ဂင်္ဂါပေယျာလ စသော ဝဂ် (၅)ဝဂ် ဖြင့် သုတ်ပေါင်း ၅၄ သုတ် ပါရှိရာ ယင်းတို့ကို မဂ္ဂသံယုတ်၌ ဖော်ပြခဲ့သော နည်းအတိုင်း သိနိုင်ပါသည်)

# ၆။ ဗလသံယုတ်

[ဗိုလ်ငါးပါးနှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဗလသုတ်

[ဗိုလ်ငါးပါးကို ပွားများသူ]

၇၀၅။ ရဟန်းတို့၊ ဗိုလ်တို့သည်ငါးပါးရှိကုန်၏။ အဘယ်ငါးပါးတို့နည်း ဆိုသော် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့ဖြစ်၏။

ရဟန်းတို့၊ ဂင်္ဂါမြစ်သည် အရှေ့ဘက်သို့ကိုင်းညွတ်သကဲ့သို့ ထို့အတူ ဗိုလ်ငါးပါးကို ပွားများသော ရဟန်းသည် နိဗ္ဗာန်လျှင် ညွတ်ယိမ်းကိုင်းရှိုင်းရာရှိသူဖြစ်၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ဗိုလ်ငါးပါးကို ပွားများသောရဟန်းသည် နိဗ္ဗာန်လျှင် ညွတ်ယိမ်းကိုင်းရှိုင်းရာရှိသူဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကင်းဆိတ်ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်းကိုမှီသော၊ နိဗ္ဗာန်သို့တိမ်းညွတ်သော၊ သဒ္ဓါဗိုလ်ကိုပွားများ၏.... ပညာဗိုလ်ကိုပွားများ၏။ ရဟန်းတို့၊ ဤသို့လျှင် ဗိုလ်ငါးပ းကိုပွားများသော ရဟန်းသည် နိဗ္ဗာန်လျှင် ညွတ်ယိမ်းကိုင်းရှိုင်းရာရှိသူ ဖြစ်ပေ၏။

(ဤသံယုတ်၌လည်း ဂင်္ဂါပေယျာလ စသော ဝဂ် (၁၀) ဝဂ်ဖြင့် သုတ်ပေါင်း (၁၀၈)သုတ် ပါရှိရာ ယင်းတို့ကို မဂ္ဂသံယုတ်၌ ဖော်ပြခဲ့သောနည်းဖြင့် သိပါလေ)

# ၇။ ဣဒ္ဓိပါဒသံယုတ်

[ဣဒ္ဓိပါဒ် လေးပါးနှင့်စပ်သော ဟောကြားချက်များ]

## ၁။ စာပါလဝဂ်

### ၁။ အပါရသုတ်

[တဘက်ကမ်းသို့ ရောက်စေနိုင်သော တရား]

၈၁၃။ ရဟန်းတို့၊ လေးပါးသောဣဒ္ဓိပါဒ်တို့ကို ပွားများအပ်သည်ရှိသော် သံသရာတည်းဟူသော ဤဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းသို့ ကူးမြောက်ခြင်းငှာဖြစ်ကုန်၏။အဘယ်လေးပါးတို့နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားစေ၏။ ဝီရိယကိုမှီ၍ ဖြစ်သော သမာဓိ၊ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားစေ၏။ စိတ်ကိုမှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားစေ၏။ ပညာကို မှီ၍ ဖြစ်သော သမာဓိ၊ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားစေ၏။ ရဟန်းတို့၊ ဤလေးပါးသောဣဒ္ဓိပါဒ်တို့ကို ပွားများသည်ရှိသော် သံသရာတည်းဟူသော ဤဘက်ကမ်းမှ နိဗ္ဗာန်ဘည်းဟူသောဟိုဘက်ကမ်းသို့ ကူးမြောက်ခြင်းငှာ ဖြစ်ကုန်၏။

၈၁၄။ ဝိရဒ္ဓသုတ်၌ ဣဒ္ဓိပါဒ် လေးပါးကို လွဲချော်စေသူများသည် ဒုက္ခကုန်ရာသို့ ရောက်စေနိုင်သော အရိယမဂ်ကို လွဲချော်စေသူများ ဖြစ်သည်။ ဣဒ္ဓိပါဒ် လေးပါးကို ပြီးမြောက်စေသူများကား အရိယမဂ်ကို ပြီးမြောက်စေသူများဖြစ်ကြောင်း ဟောသည်။

၁၁၅။ အရိယသုတ်၌ ဣဒ္ဓိပါဒ် လေးပါးတို့သည် ဖြူစင်သောတရားများ ဖြစ်၍ ပွားများအပ်သည်ရှိသော် ဒုက္ခကုန်ဆုံးရာသို့ ပို့ဆောင်တတ်ကြောင်း ဟောကြားသည်။

၁၁၆။ နိဗ္ဗိဒါသုတ်၌ ဣဒ္ဓိပါဒ် လေးပါးကို ပွားများလျှင် စင်စစ်ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ ငြိမ်းအေးခြင်း၊ အထူးသိခြင်းအလို့ငှာ ဖြစ်နိုင်ကြောင်း ဟောကြားသည်။

၁၁၇။ ဣဒ္ဓိပဒေသသုတ်၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ တန်ခိုးသိဒ္ဓိ တစိတ်တဒေသကို ပြီးမြောက်စေနိုင်သော ရဟန်းပုဏ္ဏားတို့သည် ဣဒ္ဓိပါဒ် လေးပါးကို ပွားများခြင်းကြောင့်သာ ပြီးမြောက်စေနိုင်ကြခြင်းဖြစ်ကြောင်း ဟောကြားသည်။

၁၁၈။ သမတ္တသုတ်၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူသောကာလသုံးပါး၌ တန်ခိုးဣဒ္ဓိ အပြည့်အစုံကို ပြီးမြောက်စေနိုင်သော ရဟန်းပုဏ္ဏားတို့သည် ဣဒ္ဓိပါဒ် လေးပါးကို ပွားများခြင်းကြောင့်သာ ပြီးမြောက်စေနိုင်ကြခြင်း ဖြစ်ကြောင်း ဟောကြားသည်။

၁၁၉။ ဘိက္ခုသုတ်၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ အာသဝေါကင်းသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို မျက်မှောက်ပြုသော ရဟန်းတို့သည် ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်းကြောင့်သာ ယင်းတို့ကို မျက်မှောက်ပြုနိုင်ခြင်းဖြစ်ကြောင်း ဟောကြား၏။

၁၂၀။ ဗုဒ္ဓသုတ်၌ ဣဒ္ဓိပါဒ်လေးပါးကို ပွားများပြီးသူဖြစ်ခြင်းကြောင့်သာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဟုဆိုအပ်ကြောင်း ဟောကြား၏။

## ၉။ ဉာဏသုတ်

[ဉာဏ်အမြင်ဖြစ်ပေါ်ပုံ]

၁၂၁။ ရဟန်းတို့၊ 'ဤကားဆန္ဒကိုမှီ၍ဖြစ်သောသမာဓိ၊ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့၏.... 'ဤကား ပညာကိုမှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့၏။

## ၁၀။ စေတီယသုတ်

### [စာပါလစေတီ၌ ဟောကြားချက်]

၈၂၂။ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည် ကူဋာဂါရကျောင်းတိုက်၌သီတင်းသုံးစဉ် တခုသော နံနက်ခင်းဝယ် မြို့တွင်း၌ ဆွမ်းခံ၍ ကိစ္စပြီးသောအခါ ရှင်အာနန္ဒာနှင့်အတူ စာပါလစေတီသို့ နေ့သန့်စင်ရန် ကြွတော်မူ၏။ စာပါလစေတီအနီး ခင်းထားအပ်သော နေရာ၌ ထိုင်ပြီးသောအခါ ဗုဒ္ဓ သည် ရှင်အာနန္ဒာအား ဝေသာလီပြည်နှင့်တကွ အနီးပတ်ဝန်းကျင်ရှိ ဥဒေနစေတီ၊ ဂေါတမကစေတီ စသော အရပ်ဌာနများသည် မွေ့လျော်ဖွယ် ရှိကြောင်း ချီးကျူးပြောဆိုပြီး ဤသို့ ဆက်လက်မိန့်ကြား၏။

"အာနန္ဒာ၊ ဣဒ္ဓိပါဒ်လေးပါးကို စွဲမြဲစွာ လေ့ကျင့်ပွားများထားသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် လွန်၍ ဖြစ်စေ တည်နိုင်၏။ အာနန္ဒာ၊ ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို စွဲမြဲစွာ လေ့ကျင့် ပွားများထားပြီးဖြစ်၏။ ထို့ကြောင့် ငါသည် အလိုရှိခဲ့သော် အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏"

ဤသို့ ဗုဒ္ဓက နိမိတ်ပြစကားကို သုံးကြိမ်တိုင်အောင် မိန့်ကြားသော်လည်း ရှင်အာနန္ဒာကား မာရ်နတ် နှောင့်ယှက်ခြင်း ခံရသူကဲ့သို့ ဖြစ်၍ ဗုဒ္ဓ အား အာယုကပ်ပတ်လုံးတည်ရန် တောင်းပန်ခြင်း မပြုချေ။ ထို့နောက် မကြာမီ ရှင်အာနန္ဒာ ထွက်ခွာသွား၍ ဗုဒ္ဓမြတ်စွာ တပါးတည်းရှိနေချိန်တွင် မာရ်နတ် သည် ဗုဒ္ဓထံချဉ်းကပ်၍ တောင်းပန်လေ၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တခါက ကျွန်ုပ်အား 'ငါ၏တပည့် သာဝကများ တတ်သိလိမ္မာခြင်းမရှိကြသေးမီ ငါ၏သာသနာ စည်ပင်ပြန့်ပွားခြင်းသို့ မရောက်သေးမီ ပရိနိဗ္ဗာန်ပြုမည်မဟုတ်' ဟု မိန့်ကြားခဲ့ဖူးပါသည်။ ယခုအခါ မြတ်စွာဘုရား၏ တပည့်သာဝကများသည် တတ်သိလိမ္မာခြင်းသို့ ရောက်နေကြပါပြီ၊ မြတ်စွာဘုရား၏ သာသနာသည်လည်း စည်ပင်ပြန့်ပွားခြင်းသို့ ရောက်နေပါပြီ။ သို့ဖြစ်၍ ယခုပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ၊ ပရိနိဗ္ဗာန် ပြုတော်မူပါလော"

ဤသို့ မာရ်နတ်က တောင်းပန်သောအခါ ဗုဒ္ဓက 'အချင်းမာရ်နတ်၊ သင်မကြောင့်ကြလင့်၊ ယနေ့မှစ၍ သုံးလလွန်မြောက်သောအခါ ငါ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လိမ့်မည်' ဟု မိန့်ကြားတော်မူ၏။ ထို့နောက်ဗုဒ္ဓသည်

သတိသမ္ဗောဇ္ဈင်နှင့်ယှဉ်လျက် ဒုက္ခကုန်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူ၏။ ယင်းသို့ အာယုသင်္ခါရကို စွန့်လွှတ်တော်မူသောအခါ ကြီးစွာသော မြေလှုပ်ခြင်း၊ တော်လဲခြင်းတို့သည် ဖြစ်ကုန်၏။ ထိုအခါ ဗုဒ္ဓသည် အောက်ပါ ဥဒါန်းစကားကို မြွက်ဆိုတော်မူ၏။

"ရဟန်းမြတ်သည် ဒုတိယနိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်ခြင်းဘဝတို့ကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့် တူသော မိမိသန္တာန်ရှိ ကိလေသာ ကွန်ယက်ကိုဖျက်ဆီးခဲ့လေပြီ"

(ဤဟောကြားချက်သည် ဒီဃနိကာယ်မဟာပရိနိဗ္ဗာနသုတ်၌လည်းပါ၏)

## ၂။ ပါသာဒကမ္ပနဝဂ်

### ၁။ ပုဗ္ဗသုတ်

### [ရှေးအခါက အကြံဖြစ်ခဲ့ပုံ]

၇၂၃။ ရဟန်းတို့၊ သစ္စာလေးပါးကိုမသိသေးသော ဘုရားလောင်း ဖြစ်စဉ်ကပင် 'ဣဒ္ဓိပါဒ်ကိုပွားများခြင်း၏အကြောင်းကားအဘယ်နည်း' ဟူ၍ ငါ့အား အကြံဖြစ်ခဲ့၏။ ထို့နောက် ငါ့အား ဤသို့အကြံဖြစ်ခဲ့၏။ 'ဤသာသနာ၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားစေ၏။ ဤသို့လျှင် ငါ၏ ဆန္ဒသည် အလွန်လည်း မတွန့်ဆုတ်၊ အလွန်လည်း ချီးမြှောက်အပ်သည် ဖြစ်လတ္တံ့၊ ရှေ့နှင့်နောက် အထက်နှင့် အောက်၊ နေ့နှင့်ည အညီအမျှ ဖြစ်လတ္တံ့၊ ဤသို့လျှင် ပွင့်လင်းသော၊ အပိတ်အပင် မရှိသော စိတ်ဖြင့် အလင်းရောင်နှင့်တကွဖြစ်သော စိတ်ကို ပွားစေ၏။

ဝီရိယ၊ စိတ်၊ ပညာကို မှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားစေ၏။ ဤသို့လျှင် ငါ၏ပညာသည် အလွန်လည်း မတွန့်ဆုတ်၊ အလွန်လည်း မချီးမြှောက်အပ်သည်ဖြစ်လတ္တံ့၊ အလင်းရောင်နှင့် တကွဖြစ်သော စိတ်ကိုပွားစေ၏။

ဤသို့လျှင် ဣဒ္ဓိပါဒ်လေးပါးကို ပွားများအပ်သည်ရှိသော် ရဟန်းသည် အမျိုးမျိုးသောတန်ခိုးကို ဖန်ဆင်းခြင်း၊ ဒိဗ္ဗသောတဉာဏ်ဖြင့် နတ်လူတို့၏ အသံများကို ကြားခြင်း၊ သူတပါးတို့၏ စိတ်ကို ပိုင်းခြားသိခြင်း၊ ရှေးက မိမိဖြစ်ခဲ့ဖူးသော ဘဝတို့ကို ပြန်ပြောင်းအောက်မေ့နိုင်ခြင်း၊ ဒိဗ္ဗစက္ခုဖြင့် စုတေ

သော သတ္တဝါ၊ ပဋိသန္ဓေနေသောသတ္တဝါတို့ကို မြင်ခြင်း၊ အာသဝေါကင်းသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို မျက်မှောက်ပြုခြင်းဟူသော အကျိုးများကို ပြီးမြောက်စေနိုင်၏။

၈၂၄။ မဟာပ္ဖလသုတ်၌ ဣဒ္ဓိပါဒ်လေးပါးကို ပွားများလျှင် အကျိုးအာနိသင်ကြီးမားကြောင်း၊ ဣဒ္ဓိဝိဓအဘိညာဉ်စသည်တို့ကို ပြီးမြောက်စေနိုင်ကြောင်း အထက်သုတ်နည်းတူ ဟောသည်။

## ၃။ ဆန္ဒသမာဓိသုတ်

[ဆန္ဒကိုမှီ၍ ဖြစ်သော သမာဓိ]

၈၂၅။ ရဟန်းတို့၊ ရဟန်းသည် ဆန္ဒကိုမှီ၍ စိတ်တည်ကြည်ခြင်း သမာဓိကို ရခဲ့သော် ဤသမာဓိကို ဆန္ဒသမာဓိဟု ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန်၊ ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကိုပယ်ရှားရန်၊ မဖြစ်သေးသော ကုသိုလ်တရားများဖြစ်ပေါ်စေရန်၊ ဖြစ်ပေါ်လာသောကုသိုလ်တရားများ တည်တံ့ တိုးပွားစေရန်၊ ဆန္ဒကို ဖြစ်စေပြီးလုံ့လပြု၏၊ အားထုတ်၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ယင်းတို့ကို အားထုတ်မှုများဟုဆိုအပ်ကုန်၏။ ရဟန်းတို့၊ ဤသည်ကို ဆန္ဒကိုမှီ၍ဖြစ်သောသမာဓိ၊ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။ ရဟန်းတို့၊ ရဟန်းသည် ဝီရိယကို၊ စိတ်ကို၊ ပညာကိုမှီ၍ စိတ်တည်ကြည်မှု သမာဓိကို ရခဲ့သော် ဤသမာဓိကို ဝီမံသ သမာဓိဟု ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေရန် .... ဖြစ်ပေါ်လာသော ကုသိုလ်တရားများ တည်တံ့ တိုးပွားစေရန် ဆန္ဒကို ဖြစ်စေ၏။ လုံ့လပြု၏။ အားထုတ်၏။ စိတ်ကိုချီးမြှောက်၏။ ထောက်တည်၏။ ယင်းတို့ကို အားထုတ်မှုများဟု ဆိုအပ်ကုန်၏။ ရဟန်းတို့၊ ဤသည်ကို ပညာကိုမှီ၍ ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

## ၄။ မောဂ္ဂလ္လာနသုတ်

[ဝိသာခါ ပြာသာဒ်ကို ရှင်မောဂ္ဂလ္လာန်က တုန်လှုပ်စေခြင်း]

၈၂၆။ အခါတပါး၌ များစွာသော ရဟန်းတို့သည် မိဂါရ မာတာ ဝိသာခါ၏ ပြာသာဒ်အောက်ထပ်၌ ကိုယ်နှုတ်စိတ်သုံးပါးကို မစောင့်စည်းပဲ၊ သတိသမ္ပဇဉ် ကင်းလွတ်လျက် ပေါ့ပေါ့ဆဆ နေကြကုန်၏။ ထိုအခါ ဗုဒ္ဓ

သည် ရှင်မောဂ္ဂလ္လာန်ကို ခေါ်၍ "မောဂ္ဂလ္လာန်၊ သင်သည် ထိုရဟန်းတို့ကို ထိတ်လန့်စေလော" ဟု မိန့်ကြားတော်မူ၏။ ရှင်မောဂ္ဂလ္လာန်သည် တန်ခိုးဖန်ဆင်းခြင်းကို ပြု၍ ခြေမဖြင့် ဝိသာခါ ပြာသာဒ်ကို ထက်အောက်ဝန်းကျင် တုန်လှုပ်ချောက်ချားစေ၏။ ထိုအခါ ထိုရဟန်းတို့သည် ထိတ်လန့်ကုန်လျက် ခိုင်မြဲစွာ ဆောက်လုပ်ထားသော ဤပြာသာဒ်သည် လေမတိုက်ပဲလျက် ထက်အောက်ဝန်းကျင် တုန်လှုပ်ချောက်ချားဘိ၏။ ထူးဆန်းပေစွ"ဟု ပြောဆိုနေကြသည်။ ထိုအချိန်တွင် ဗုဒ္ဓက ထိုရဟန်းများထံ ကြွသွားပြီး အကြောင်းကို မေးမြန်းရာ ထိုရဟန်းများက လေမတိုက်ပဲ ပြာသာဒ်ဆောင်ကြီး လှုပ်သွားသဖြင့် ထိတ်လန့်အံ့ဩနေကြကြောင်း လျှောက်ကြလေသည်။ ထိုအခါဗုဒ္ဓက 'ရဟန်းတို့၊ မောဂ္ဂလ္လာန်သည် သင်တို့ကို ထိတ်လန့်စေလိုသဖြင့် ပြာသာဒ်ဆောင်ကို ခြေမဖြင့် တုန်လှုပ်စေခဲ့ခြင်း ဖြစ်၏" ဟု မိန့်ကြားပြီး ရှင်မောဂ္ဂလ္လာန်သည် ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်းကြောင့် ဤကဲ့သို့တန်ခိုး အာနုဘော်ကြီးခြင်း ဖြစ်ကြောင်း ဆက်လက်မိန့်ကြားတော်မူသည်။

## ၅။ ဥဏ္ဏာဘဗြာဟ္မဏသုတ်

[ဥဏ္ဏာဘပုဏ္ဏား၏ အမေးကို ဖြေခြင်း]

၈၂၇။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ရှင်အာနန္ဒာသီတင်းသုံးနေစဉ် ဥဏ္ဏာဘမည်သော ပုဏ္ဏားသည် ရှင်အာနန္ဒာထံ ချဉ်းကပ်၍ "အရှင်တို့သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးကြပါသနည်း"ဟု မေး လျှောက်၏။ ရှင်အာနန္ဒာက ဆန္ဒကို ပယ်ခြင်းအကျိုးငှာအကျင့်မြတ်ကို ကျင့်သုံးခြင်း ဖြစ်ကြောင်း၊ ဆန္ဒကို ပယ်ရန်အတွက် အကျင့် လမ်းစဉ်ကား ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်းပင် ဖြစ်ကြောင်း ဖြေကြား၏။

"အရှင်အာနန္ဒာ၊ သို့ဖြစ်သော် အဆုံးရှိသော အကျင့်ဖြစ်ပါတော့မည်လော၊ အဆုံးမရှိသော အကျင့်မဖြစ်ပဲ ရှိပါတော့မည်လော"

ဤသို့ ပုဏ္ဏားက မေးမြန်းရာ ရှင်အာနန္ဒာက အောက်ပါ အတိုင်း ဆက်လက်ဖြေကြားလေသည်။

"ပုဏ္ဏား၊ ဤအရာ၌ သင့်ကို ငါတခုမေးအံ့၊ သင်ကြိုက်သလို ဖြေလော၊ ဤဃောသိတာရုံ ကျောင်းတိုက်သို့ လာမီက သင့်အား 'ငါသည် ဃောသိတာရုံ ကျောင်းတိုက်သို့ သွားအံ့" ဟူသောဆန္ဒ၊ 'သွားအံ့' ဟူသော အားထုတ်ခြင်း၊ သွားအံ့ ဟူသော စိတ်အကြံ၊ သွားအံ့ဟူသော

ဆင်ခြင်ဥာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ဤကျောင်းတိုက်သို့ ရောက်လာသောအခါ ယခင်က ဖြစ်ပေါ်ခဲ့သော ဆန္ဒ ဝီရိယစသည်တို့သည် ပျောက်ငြိမ်းသွားသည် မဟုတ်ပါလော”

“ပျောက်ငြိမ်းသွားပါသည် ရှင်အာနန္ဒာ”

“ပုဏ္ဏား၊ ဤနည်းတူပင် အာသဝေါ ကုန်ပြီးသော ရဟန္တာအား အရဟတ္တဖိုလ်သို့ ရောက်ရန်အတွက် ရှေးအခါက ဖြစ်ပေါ်ခဲ့သော ဆန္ဒဝီရိယစသည်တို့သည် ပျောက်ငြိမ်းသွားကုန်၏။ ပုဏ္ဏား၊ သို့ဖြစ်သော် အဆုံးရှိသော အကျင့်မြတ်ဖြစ်သလော၊ သို့မဟုတ် အဆုံးမရှိသော အကျင့်မြတ်ဖြစ်သလော”

“အရှင် အာနန္ဒာ၊ သို့ဖြစ်သော် စင်စစ်အဆုံးရှိသော အကျင့်မြတ်ဖြစ်ပါ၏”

ဉဏ္ဏာဘ ပုဏ္ဏားသည် ရှင်အာနန္ဒာ၏ ဖြေကြားချက်ကို ကျေနပ်နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

၁၂၈--၁၂၉။ ပဌမ နှင့် ဒုတိယ သမဏဗြာဟ္မဏသုတ်များ၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ တန်ခိုးအာနုဘော်ကြီးသော၊ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ရဟန်းပုဏ္ဏားတို့သည် ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်းကြောင့်သာ တန်ခိုးအာနုဘော်ကြီးခြင်း၊ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်းဖြစ်ကြောင်း၊ ဟောကြားသည်။

၁၃၀။ ဘိက္ခုသုတ်၌ ဣဒ္ဓိပါဒ် လေးပါးကို ပွားများသော ရဟန်းသည် အာသဝေါတရားများကုန်၍ အာသဝေါကင်းသော ပညာဝိမုတ္တိ၊ စေတောဝိမုတ္တိကို မျက်မှောက်ပြုနိုင်ကြောင်း ဟောကြားသည်။

## ၉။ ဣဒ္ဓါဒိဒေသနာသုတ်

### [ဣဒ္ဓိစသည်ကို ဟောကြားခြင်း]

၁၃၁။ ရဟန်းတို့၊ ငါသည် သင်တို့အား ဣဒ္ဓိ ကိုလည်းကောင်း၊ ဣဒ္ဓိပါဒ်ကိုလည်းကောင်း၊ ဣဒ္ဓိပါဒ်ပွားများခြင်းကို လည်းကောင်း၊ ဣဒ္ဓိပါဒ်ပွားများခြင်းသို့ ရောက်စေသော အကျင့်ကို လည်းကောင်း ဟောကြားအံ့။ နာယူကြကုန်လော။ ရဟန်းတို့၊ ဣဒ္ဓိဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် များစွာသောတန်ခိုးဖန်ဆင်းခြင်းကိုပြုစေ၏။ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်၏။ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်၏.... ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ဖြင့် မိမိအလိုသို့လိုက်စေ၏။ ရဟန်းတို့၊ ဤသည်ကို ဣဒ္ဓိ ဟု ဆိုအပ်၏။

ရဟန်းတို့၊ ဣဒ္ဒိပါဒ်ဟူသည် အဘယ်နည်းဆိုသော် ဣဒ္ဒိကို ရရှိခြင်းအလို့ငှာ ဖြစ်သော အကျင့်လမ်းစဉ်ကို ဣဒ္ဒိပါဒ်ဟုဆိုအပ်၏။

ရဟန်းတို့၊ ဣဒ္ဒိပါဒ်ကို ပွားများခြင်းဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဒိပါဒ်ကိုပွားများ၏.... ပညာကိုမှီ၍ဖြစ်သော သမာဓိ၊ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားများ၏။ ရဟန်းတို့၊ ဤသည်ကို ဣဒ္ဓိပါဒ်ကိုပွားများခြင်းဟု ဆိုအပ်၏။

ရဟန်းတို့၊ ဣဒ္ဓိပါဒ်ကိုပွားများခြင်းသို့ ရောက်စေသော အကျင့်ဟူသည် အဘယ်နည်းဆိုသော် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ပင်ဖြစ်၏။

## ၁၀။ ဝိဘင်္ဂသုတ်

### [ဣဒ္ဓိပါဒ်လေးပါးကို ဝေဖန်ဟောကြားခြင်း]

၈၃၂။ ရဟန်းတို့၊ ဤလေးပါးသောဣဒ္ဓိပါဒ်တို့ကို ပွားများလျှင် များသော အကျိုးအာနိသင် ရှိကုန်၏။ အဘယ်သို့ ပွားများလျှင် များသော အကျိုးအာနိသင် ရှိသနည်းဆိုသော်၊ ဤသာသနာ၌ ရဟန်းသည် ဆန္ဒကို အမှီပြု၍ ဖြစ်သော သမာဓိ၊ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။ ဤသို့လျှင် ငါ၏ဆန္ဒသည် အလွန်တွန့်ဆုတ်ခြင်းရှိသည် မဖြစ်လတ္တံ့။ အလွန်ချီးမြှောက်အပ်သည်လည်း မဖြစ်လတ္တံ့။ အတွင်းသန္တာန်၌ကျဉ်း—ကျုံ့သည် မဖြစ်လတ္တံ့။ အပြင်အာရုံ၌ ပျံ့လွင့်ခြင်း ရှိသည် မဖြစ်လတ္တံ့။ ရှေ့နှင့် နောက် အောက်နှင့်အထက်၊ နေ့နှင့်ည ညီမျှသော အမှတ်သညာ ရှိသည် ဖြစ်၍နေ၏။ဤသို့လျှင် မြေးယှက်ခြင်းကင်း၍ ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းနှင့်တကွဖြစ်သော စိတ်ကိုပွားများ၏။

ရဟန်းတို့၊ အလွန်တွန့်ဆုတ်သော ဆန္ဒဟူသည် ပျင်းရိခြင်းနှင့်တကွ ဖြစ်သော ဆန္ဒပင်ဖြစ်၏။

ရဟန်းတို့၊ အလွန်ချီးမြှောက်အပ်သော ဆန္ဒဟူသည် ပျံ့လွင့်ခြင်းနှင့်တကွ ဖြစ်သော ဆန္ဒပင်ဖြစ်၏။

အတွင်း သန္တာန်၌ ကျဉ်းကျုံ့သော ဆန္ဒဟူသည် ထိုင်းမှိုင်းခြင်းနှင့်တကွ ဖြစ်သော ဆန္ဒဖြစ်၏။

အပြင်အာရုံ၌ ပျံ့လွင့်သော ဆန္ဒဟူသည် အပြင်ကာမဂုဏ် ငါးပါးကို အကြောင်းပြု၍ ပျံ့လွင့်သော ဆန္ဒပင်ဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် ရှေ့အဖို့ နောက်အဖို့တို့၌ ညီမျှသော အမှတ်သညာရှိသည်ဖြစ်၍ နေသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ရှေ့အဖို့ နောက်အဖို့၌ဖြစ်သော အမှတ်သညာကို ကောင်းစွာ သင်ယူထား၏။ ကောင်းစွာ နှလုံးသွင်းထား၏။ ကောင်းစွာ မှတ်ယူထား၏။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိမြင်ထား၏။ ရဟန်းတို့၊ ဤသို့လျှင် ရဟန်းသည် ရှေ့အဖို့၊ နောက်အဖို့ တို့၌ ညီမျှသော အမှတ်သညာရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် အောက်နှင့်အထက်၊ အထက်နှင့် အောက် ညီမျှသော အမှတ်သညာ ရှိသည်ဖြစ်၍ နေသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ခြေဖျားမှအထက်၊ ဆံပင်ဖျားမှအောက်၌ အရေပါးဖြင့် ပိုင်းခြားအပ်သော ဤကိုယ်ကို ဆံပင်အမွေး၊ ခြေသည်း၊ လက်သည်း အစရှိသော စက်ဆုပ်ဖွယ် အမျိုးမျိုးဖြင့် ပြည့်လျက်နေ၏ဟု ဆင်ခြင်၏။ ရဟန်းတို့၊ ဤသို့လျှင် ရဟန်းသည် အောက်နှင့်အထက်၊ အထက်နှင့်အောက် ညီမျှသော အမှတ်သညာရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် နေ့နှင့် ည၊ ညနှင့် နေ့ အညီအမျှ ပြု၍နေသနည်းဆိုသော်၊ ဤသာသနာ၌ ရဟန်းသည် အကြင်သို့သော အခြင်းအရာ အသွင်အပြင်၊ အမှတ်နိမိတ်တို့ဖြင့် နေ့အခါ၌ ဆန္ဒကိုမှီ၍ ဖြစ်သော သမာဓိ၊ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။ ထိုသို့သော အခြင်းအရာ အသွင်အပြင် အမှတ်နိမိတ်တို့ဖြင့်ပင် နေ့အခါ၌လည်း ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နေ့နှင့်ည၊ ညနှင့်နေ့ အညီအမျှ ပြု၍နေ၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် မြေးယုက်မှုကင်း၊ ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းနှင့်တကွဖြစ်သော စိတ်ကိုပွားများသနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် အလင်းရောင်၌မှတ်သားမှု အာလောကသညာကို ကောင်းစွာသင်ယူထား၏။ နေ့ဟူသောအမှတ်သညာကို ကောင်းစွာ ဆောက်တည်ထား၏။ ရဟန်းတို့၊ ဤသို့လျှင် ရဟန်းသည် မြေးယုက်မှုကင်း၊ ပွင့်လင်းသော စိတ်ဖြင့် အလင်းရောင်နှင့်တကွဖြစ်သော စိတ်ကိုပွားများ၏။

(ဆန္ဒနည်းတူ ဝီရိယ၊ စိတ်၊ ဝီမံသတို့၌လည်း အသီးသီးအကျယ်ဟော၏)

ရဟန်းတို့၊ ဣဒ္ဓိပါဒ်လေးပါးကို ဤသို့ ပွားများလျှင် များသောအကျိုး အာနိသင် ရှိပေ၏။

## ၃။ အယောဂုဠဝဂ်

၇၃၃။ မဂ္ဂသုတ်၌ ဗုဒ္ဓသည် သစ္စာလေးပါးကို မသိမြင်မီ၊ ဘုရားလောင်းဘဝက ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်း၏ အကြောင်းဖြစ်သော အကျင့်လမ်းစဉ်ကား အဘယ်နည်းဟု ကြံစည် စဉ်းစားခဲ့ပုံ၊ ဣဒ္ဓိပါဒ် လေးပါးပွားများခြင်းဖြင့် အဘိညာဉ်ခြောက်ပါး ရရှိနိုင်ပုံတို့ကို ဟောကြားသည်။

## ၂။ အယောဂုဠသုတ်

[ပူသောသံချောင်းကဲ့သို့ ပေါ့ပါးသောကိုယ်ရှိခြင်း]

၇၃၄။ အခါတပါး၌ ရှင်အာနန္ဒာသည် ဗုဒ္ဓထံချဉ်းကပ်၍ မေးလျှောက်၏။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တန်ခိုးအစွမ်းအားဖြင့်စိတ်ဖြင့်ပြီးသော ကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ ချဉ်းခဲ့ဖူးသည်ကို မှတ်မိပါသလော"

"အာနန္ဒာ၊ ငါသည် တန်ခိုးအစွမ်းအားဖြင့် စိတ်ဖြင့်ပြီးသော ကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ ချဉ်းကပ်ခဲ့ဖူးသည်ကို မှတ်မိပေ၏"

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် မဟာဘုတ်လေးပါးဖြင့်ပြီးသော ဤကိုယ်ဖြင့် တန်ခိုးအစွမ်းအားဖြင့် ဗြဟ္မာ့ပြည်သို့ ချဉ်းကပ်ခဲ့ဖူးသည်ကို မှတ်မိပါသလော"

"အာနန္ဒာ၊ ငါသည်မဟာဘုတ်လေးပါးဖြင့်ပြီးသောဤကိုယ်ဖြင့် တန်ခိုးအစွမ်းအားဖြင့် ဗြဟ္မာပြည်သို့ ချဉ်းကပ်ခဲ့ဖူးသည်ကို မှတ်မိပေ၏"

"အရှင်ဘုရား၊ ထိုကဲ့သို့ ဗြဟ္မာပြည်သို့ ချဉ်းကပ်နိုင်ခြင်းသည် အံ့ဩဖွယ်ကောင်းလှပါသည်"

"အာနန္ဒာ၊ မြတ်စွာဘုရားတို့သည် အံ့ဩဖွယ်ကောင်းပေ၏။ အံ့ဩဖွယ်ကောင်းသော တရားတို့နှင့်လည်းပြည့်စုံကုန်၏။ အာနန္ဒာ၊ မြတ်စွာဘုရားသည် အကြင်အခါ၌ ကိုယ်ကို စိတ်၌ တင်ထား၏ [၁]။ စိတ်ကိုလည်း ကိုယ်၌ တင်ထား၏ [၂]။ ချမ်းသာသောအမှတ်သညာ၊ ပေါ့ပါးသော အမှတ်သညာတို့ကို ကိုယ်၌ သက်ဝင်စေ၍ နေ၏။ ထိုအခါ မြတ်စွာဘုရား၏ကိုယ်သည် ပို၍ပေါ့ပါး နူးညံ့၏။ ပို၍လည်း ခန့်ငြား၏။ ပို၍လည်း တောက်ပ၏။ ဥပမာတနေ့လုံး အပူခံထားသော သံတွေခဲကဲ့သို့ ဖြစ်၏။

---

၁။ စိတ်အလိုအတိုင်း ဖြစ်စေ၏ဟု ဟော၏။
၂။ စိတ်သွားသလို လိုက်ပါစေ၏ဟု ဟော၏၊

"အာနန္ဒာ၊ မြတ်စွာဘုရားသည် အကြင်အခါ၌ ကိုယ်ကို စိတ်၌တင်ထား၏။ စိတ်ကိုလည်း ကိုယ်၌ တင်ထား၏။ ချမ်းသာသောအမှတ်သညာ၊ ပေါ့ပါးသော အမှတ်သညာတို့ကို ကိုယ်၌သက်ဝင်စေ၍ နေ၏။ ထိုအခါ မြတ်စွာဘုရား၏ ကိုယ်သည် လွယ်ကူစွာ မြေကြီးမှ ကောင်းကင်သို့ ပျံတက်နိုင်၏။ တန်ခိုးအမျိုးမျိုးကို ပြီးမြောက်စေနိုင်၏။ လဲမှို့စိုင်၊ ဝါဂွမ်းစိုင်သည် လေတိုက်သောအခါ ကောင်းကင်သို့ အလွယ်တကူ ပျံတက်သကဲ့သို့ဖြစ်၏။

၇၃၅။ ဘိက္ခုသုတ်၌ ဣဒ္ဓိပါဒ်လေးပါးကို ပွားများသော ရဟန်းသည် အာသဝေါကင်းသော လွတ်မြောက်မှုကို မျက်မှောက်ပြုနိုင်ကြောင်း ဟောကြား၏။

၇၃၆။ သုဒ္ဓိကသုတ်၌ ဣဒ္ဓိပါဒ်လေးပါးကို အကျဉ်းအားဖြင့် ဟော၏။

၇၃၇-၇၃၈။ ပဌမနှင့်ဒုတိယ ဖလသုတ်တို့၌ ဣဒ္ဓိပါဒ်လေးပါးကိုပွားများခြင်းကြောင့် အရဟတ္တဖိုလ်၊ အနာဂါမိဖိုလ်ဟူသော အကျိုးနှစ်ပါးတို့တွင် တပါးပါးကိုသော်လည်းကောင်း၊ မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ပြီးမြောက်စေခြင်း စသော အကျိုး ခုနစ်ပါးတို့တွင် တပါးပါးကိုသော်လည်းကောင်း ရရှိနိုင်ကြောင်း ဟောကြား၏။

၇၃၉-၇၄၀။ အာနန္ဒသုတ် ၂-သုတ်၌ "ဣဒ္ဓိ ဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ်ဟူသည်အဘယ်နည်း" စသော မေးခွန်းလေးခုကို ရှင်အာနန္ဒာအား ဖြေဆိုဟောကြား၏၊

၇၄၁—၇၄၂။ ဘိက္ခုသုတ် ၂-သုတ်၌ အထက်ပါ မေးခွန်းလေးခုကိုပင် များစွာသော ရဟန်းတို့အား ဖြေဆိုဟောကြား၏။

၇၄၃။ မောဂ္ဂလ္လာနသုတ်၌ ဣဒ္ဓိပါဒ် လေးပါးကို ပွားများခြင်းကြောင့် ရှင်မောဂ္ဂလ္လာန်သည် တန်ခိုးကြီးခြင်းဖြစ်ကြောင်း ဟောကြား၏။

၇၄၄။ တထာဂတသုတ်၌ ဣဒ္ဓိပါဒ်လေးပါးကို ပွားများခြင်းကြောင့် မြတ်စွာဘုရားသည် တန်ခိုးကြီးခြင်းဖြစ်ကြောင်း ဟောကြား၏။

(၇၄၅-၇၉၈၊ ဂင်္ဂါပေယျာလစသော ဝဂ် ၅-ခုမှ သုတ်ပေါင်း ၅၄-သုတ်ကား ရှေးသံယုတ်များနှင့်တူ၏။)

# ၈။ အနုရုဒ္ဓသံယုတ်

[ရှင်အနုရုဒ္ဓာ၏ဟောကြားချက်များ]

## ၁။ ရဟောဂတဝဂ်

### ၁။ ပဌမရဟောဂတသုတ်

[ဆိတ်ငြိမ်ရာ၌ နေစဉ်အကြံဖြစ်ပုံ]

၈၉၉။ အခါတပါး၌ ဆိတ်ငြိမ်ရာအရပ်၌ နေစဉ် ရှင်အနုရုဒ္ဓာအား စိတ်အကြံတခုဖြစ်ပေါ်၏။

"သတိပဋ္ဌာန် လေးပါးကို လွဲချော်စေသူတို့သည် ကောင်းစွာ ဒုက္ခကုန်ရာသို့ ရောက်စေနိုင်သော အရိယမဂ်ကို လွဲချော်စေသူများဖြစ်၏။ သတိပဋ္ဌာန်လေးပါးကို ပြီးမြောက်စေသူတို့ကား ကောင်းစွာ ဒုက္ခကုန်ရာသို့ ရောက်စေနိုင်သော အရိယမဂ်ကို ပြီးမြောက်စေသူများဖြစ်ကုန်၏။

ထိုအခါ ရှင်မောဂ္ဂလ္လာန်သည် ရှင်အနုရုဒ္ဓာ၏စိတ်အကြံကိုသိ၍ ရှင်အနုရုဒ္ဓာ၏ ရှေ့မှောက်၌ ရုတ်တရက် ထင်ရှားပေါ်လာပြီး....

"ငါ့ရှင်အနုရုဒ္ဓာ၊ အဘယ်မျှဖြင့် ရဟန်းသည် သတိပဋ္ဌာန်လေးပါးကို ပြီးမြောက်စေပြီး ဖြစ်ပါသနည်း"ဟု မေးလျှောက်၏။ ထိုအခါရှင်အနုရုဒ္ဓာက အောက်ပါအတိုင်း ဖြေကြား၏။

"ငါ့ရှင် မောဂ္ဂလ္လာန်၊ ဤသာသနာ၌ ရဟန်းသည်ပြင်းစွာအားထုတ်လျက် သတိသမ္ပဇဉ်နှင့်ယှဉ်လျက် လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ မိမိကိုယ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလျက်နေ၏။ သူတပါးတို့၏ကိုယ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကိုအဖန်ဖန်ရှုလျက်နေ၏။ မိမိကိုယ်၊ သူတပါး

ကိုယ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန် ရှုလျက်နေ၏။

ထိုရဟန်းသည် အလိုရှိခဲ့သော် စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍နေ၏။ စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍နေ၏။ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍နေ၏။ စက်ဆုပ်ဖွယ်အာရုံ၌ လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏။ အလိုရှိခဲ့သော် စက်ဆုပ်ဖွယ်၊ မစက်ဆုပ်ဖွယ် နှစ်ပါးစုံကို ကြဉ်၍ သတိသမ္ပဇဉ်နှင့်ယှဉ်ကာ လျစ်လျူရှုလျက်နေ၏။

(ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌လည်း အလားတူဟော၏)

"ငါ့ရှင်မောဂ္ဂလ္လာန်၊ ဤမျှဖြင့် ရဟန်းသည်သတိပဋ္ဌာန်လေးပါးကို ပြီးမြောက်စေပြီး ဖြစ်ပေ၏"

၉၀၀။ ဒုတိယရဟောဂတသုတ်၌ အထက်သုတ်အတိုင်း ရှင်မောဂ္ဂလ္လာန်၏ အမေးကို ရှင်အနုရုဒ္ဓါကဖြေကြားခြင်းဖြစ်၏။ "မိမိကိုယ်၌ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုလျက်နေ၏" စသောနေရာ၌ "မိမိကိုယ်၌ ကိုယ်ဟု အဖန်ဖန် ရှုလျက်နေ၏"စသည်ဖြင့် ပြောင်း၍ ဟောခြင်းသာထူး၏။

## ၃။ သုတနုသုတ်

### [သုတနုမြစ်ကမ်း၌ ဟောကြားချက်]

၉၀၁။ သာဝတ္ထိပြည် သုတနုမြစ်ကမ်း၌ ရှင်အနုရုဒ္ဓါ သီတင်းသုံးနေစဉ် များစွာသော ရဟန်းများသည် ရှင်အနုရုဒ္ဓါထံချဉ်းကပ်၍ 'ရှင်အနုရုဒ္ဓါသည် အဘယ်တရားများကို ပွားများခြင်းကြောင့် မြတ်သော အဘိညာဉ်နှင့် ပြည့်စုံခြင်းသို့ ရောက်ပါသနည်း'ဟု မေးလျှောက်ကြသည်။ ထိုအခါ ရှင်အနုရုဒ္ဓါက မိမိသည် သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့် မြတ်သော အဘိညာဉ်နှင့် ပြည့်စုံခြင်းသို့ ရောက်ခဲ့ကြောင်း ဖြေကြားလေသည်။

၉၀၂–၉၀၄။ ကဏ္ဍကီသုတ် ၃-သုတ်၌ သာကေတမြို့ ကဏ္ဍကီတောအုပ်၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓါအား 'သေက္ခရဟန်းသည် အဘယ်တရားများသို့ ကပ်ရောက်၍ နေအပ်ပါသနည်း၊ အသေက္ခရဟန်းသည် အဘယ်တရားများသို့ ကပ်ရောက်၍ နေအပ်ပါသနည်း' ဟူသော မေးခွန်း

နှစ်ပုဒ်ကို မေး၏။ ထိုအခါ ရှင်အနုရုဒ္ဓာက ထိုရဟန်းနှစ်ပါးလုံးသည် သတိပဋ္ဌာန်လေးပါးသို့ ကပ်ရောက်၍နေအပ်ကြောင်း ဖြေကြားသည်။ 'ရှင်အနုရုဒ္ဓာသည် ဘယ်တရားများကို ပွားများသောကြောင့် မြတ်သောအဘိညာဉ်နှင့် ပြည့်စုံခြင်းသို့ ရောက်ပါသနည်း'ဟု မေးသောအခါ၌လည်း သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့်ဖြစ်ကြောင်း ဖြေကြားသည်။

၉၀၅။ တဏှာကုန်ခန်းဖို့ သတိပဋ္ဌာန်လေးပါးကို ပွားများလျှင် တဏှာကို ကုန်ခန်း စေနိုင်ကြောင်း ရှင်အနုရုဒ္ဓါက ရဟန်းတို့အားဟောသည်။

### ၈။ သလဠာဂါရသုတ်

[ထင်းရှူးပင်ကျောင်း၌ ဟောကြားချက်]

၉၀၆။ ရှင်အနုရုဒ္ဓာသည် သာဝတ္ထိပြည် ထင်းရှူးပင်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသို့မိန့်ကြား၏။

"ငါ့ရှင်တို့၊ အရှေ့ဘက်သို့ စီးဆင်းနေသောဂင်္ဂါမြစ်ကို လူအပေါင်းသည် အနောက်ဘက်သို့ စီးဆင်းအောင် ပြုလုပ်ခြင်းငှာ တတ်ကောင်းအံ့လော"

"အရှင်ဘုရား၊ မတတ်ကောင်းပါ ပင်ပန်းရုံသာ ရှိပါလိမ့်မည်"

"ငါ့ရှင်တို့၊ ထိုနည်းတူပင် သတိပဋ္ဌာန်လေးပါးကို ပွားများသော ရဟန်းကို မင်း၊ မင်း၏အမတ်ကြီးကသော်လည်းကောင်း၊ ဆွေမျိုး မိတ်ဆွေ တို့ကသော်လည်းကောင်း ကာမဂုဏ်စည်းစိမ်တို့ဖြင့် ဖိတ်ကြားစေကာမူ ထိုရဟန်းသည် သိက္ခာချ၍ လူထွက်ချိန်အကြောင်းမရှိ၊ အဘယ်ကြောင့်ဆိုသော် ထိုရဟန်း၏ စိတ်သည် ကိလေသာ ကင်းဆိတ်မှု၌ ကြာမြင့်စွာ တိမ်းညွတ်နေသောကြောင့် ဖြစ်၏"

### ၉။ အမ္ဗပါလိသုတ်

[အမ္ဗပါလိ ဥယျာဉ်၌ ဟောကြားချက်]

၉၀၇။ ဝေသာလီပြည်အမ္ဗပါလိဥယျာဉ်၌သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာက ရှင်အနုရုဒ္ဓာအား....

"ငါ့ရှင်အနုရုဒ္ဓာ၊ သင်၏ဣန္ဒြေတို့သည်ကြည်လင်ကုန်၏။ မျက်နှာအဆင်းသည် သန့်ရှင်းကြည်လင်လှ၏။ ရှင်အနုရုဒ္ဓာသည် ယနေ့ အဘယ်သို့သော နေခြင်းဖြင့် များစွာနေပါသနည်း"ဟု မေးလျှောက်၏။

"ငါ့ရှင်သာရိပုတ္တရာ၊ တပည့်တော်သည် သတိပဋ္ဌာန်လေးပါးတို့၌ကောင်းစွာ တည်သော စိတ်ရှိသည်ဖြစ်၍ များစွာနေ၏။ ငါ့ရှင် သာရိပုတ္တရာ၊ အာသဝေါကုန်ခန်းပြီးသော ရဟန္တာသည် သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သောစိတ် ရှိသည်ဖြစ်၍ များစွာနေ၏"

ဤသို့ ရှင်အနုရုဒ္ဓါက ပြောသောအခါ ရှင်သာရိပုတ္တရာက 'ရှင်အနုရုဒ္ဓါ ၏ ရဲရင့်သောစကားကိုကြားရသော ကျွန်ုပ်တို့ကား အရတော်လှပေစွ' ဟု ပြောဆိုလေသည်။

၁၀။ ဗာဠှဂိလာနသုတ်

[နာမကျန်းဖြစ်နေစဉ် ဟောကြားချက်]

၉၀၇။ သာဝတ္ထိပြည် အန္ဓဝန်တောအုပ်၌ ရှင်အနုရုဒ္ဓါနာမကျန်းဖြစ်နေစဉ် များစွာသောရဟန်းတို့သည် ရှင်အနုရုဒ္ဓါထံ ချဉ်းကပ်၍ အဘယ်သို့သော နေခြင်းဖြင့်နေသော အရှင်အနုရုဒ္ဓါအား ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာတို့သည် စိတ်ကိုလွှမ်းမိုး၍ မတည်ပ'ကုန်သနည်း'ဟု မေးလျှောက်ကြသည်။ ထိုအခါ ရှင်အနုရုဒ္ဓါက သတိပဋ္ဌာန် လေးပါးတို့၌ ကောင်းစွာတည်သောစိတ်ရှိသည်ဖြစ်၍ နေသော ငါ့အားဖြစ်ပေါ်လာသော ဒုက္ခဝေဒနာတို့သည် စိတ်ကို လွှမ်းမိုး၍ မတည်ကုန်'ဟု ဖြေကြားလိုက်၏။

၂။ ဒုတိယဝဂ်

၁။ ကပ္ပသဟဿသုတ်

[ကမ္ဘာပေါင်း တထောင်ကို အောက်မေ့နိုင်ခြင်း]

၉၀၉။ ''အရှင်သည် အဘယ်တရားများကို ပွားများခြင်းကြောင့် မြတ်သော အသိဉာဉ်နှင့် ပြည့်စုံခြင်းသို့ရောက်ပါသနည်း''ဟု ရဟန်းများက မေးကြရာ သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့် မြတ်သောအသိဉာဉ်နှင့် ပြည့်စုံခြင်းသို့ရောက်ခဲ့ကြောင်း ကမ္ဘာပေါင်း တထောင် ကိုလည်း ပြန်ပြောင်း အောက်မေ့နိုင်ခဲ့ကြောင်း ဖြေကြား၏။

၉၁၀-၉၂၂။ ဣဒ္ဓိဝိဓသုတ်စသည်တို့၌လည်း သတိပဋ္ဌာန်လေးပါးကို ပွားများခြင်းကြောင့် ဣဒ္ဓိဝိဓ ဒိဗ္ဗသောတစသော အသိဉာဉ်များကို ရခဲ့ကြောင်း အကြောင်းဟုတ်မဟုတ်သိသောဉာဏ် ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို ဟုတ်တိုင်းမှန်စွာသိသောဉာဏ်၊ ဘဝအားလုံးကိုရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်၊ ဓာတ်အမျိုးမျိုးရှိသော လောကကို ဟုတ်တိုင်းမှန်စွာသိသောဉာဏ်၊ သတ္တဝါတို့၏ နှလုံးသွင်းအမျိုးမျိုးရှိပုံကို သိသောဉာဏ်၊ တပါးသော သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိသော ဉာဏ်၊ ဈာန်ဝိမောက္ခ သမာဓိ၊ သမာပတ်တို့၏ ညစ်နွမ်းခြင်း၊ ဖြူစင်ခြင်း၊ ထမြောက်ခြင်းကို သိသောဉာဏ်တို့ကိုရရှိခဲ့ကြောင်း ဖြေကြား၏။

# ၉။ ဈာနသံယုတ်

[ဈာန်နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဂင်္ဂါပေယျာလဝဂ်

### ဈာနသုတ်

[ဈာန်၄ပါးကို ဟောကြားခြင်း]

၉၂၃။ ရဟန်းတို့၊ ဈာန်တို့သည် လေးပါးရှိကုန်၏။ အဘယ်လေးပါးတို့နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ်တို့မှကင်းဆိတ်၍ အကုသိုလ် တရားတို့မှကင်းဆိတ်၍ ဝိတက်ဝိစာရတို့နှင့်တကွဖြစ်သော၊ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်းရှိသော ပထမဈာန်ကိုဝင်စား၍နေ၏။ ဝိတက် ဝိစာရတို့ ငြိမ်းအေးခြင်းကြောင့် အတွင်းစိတ်ကို ကြည်လင်စေသော စိတ်ကို အာရုံတခုတည်း၌ တည်နေအောင်ပြုတတ်သော၊ ဝိတက် ဝိစာရမရှိသော သမာဓိကြောင့်ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်းရှိသော ဒုတိယဈာန်ကို ဝင်စား၍နေ၏။ ထိုရဟန်းသည် နှစ်သိမ့်မှုကင်းကွာ၍ သတိသမ္ပဇဉ်နှင့် ယှဉ်ကာ လျစ်လျူရှုလျက်နေ၏။ ချမ်းသာခြင်းကိုလည်း ကိုယ်ဖြင့်ခံစား၏။ 'လျစ်လျူရှုလျက် သတိနှင့်ယှဉ်ကာ ချမ်းသာစွာနေသူ' ဟူ၍ အရိယာတို့၏ ချီးကျူးပြောဆိုခြင်းကို ခံရခြင်းဖြစ်သော တတိယဈာန်ကို ဝင်စား၍နေ၏။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းကိုပယ်၍ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့၏လည်း ရှေးမဆွကပင် ကင်းပျောက်ပြီးဖြစ်ခြင်းကြောင့် ချမ်းသာခြင်း၊ ဆင်းရဲခြင်း ကင်းသော ဥပေက္ခာနှင့် ယှဉ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်ကို ဝင်စား၍ နေ၏။ ရဟန်းတို့၊ ဤကား ဈာန်လေးပါးတို့ပင်တည်း။

ရဟန်းတို့၊ ဂင်္ဂါမြစ်သည် အရှေ့ဘက်သို့ စီးသွားသကဲ့သို့ ထို့အတူ ဈာန်လေးပါးကို ပွားများသောရဟန်းသည် နိဗ္ဗာန်လျှင် ညွတ်ယိမ်းကိုင်းရှိုင်းရာ ရှိပေ၏။

၉၂၄-၉၃၄။ ကြွင်းသောသုတ်ခေါင်း (၁၁)သုတ်ကို မဂ္ဂသံယုတ် နည်းတူ ဟောကြား၏။

# ၁၀။ အာနာပါနသံယုတ်

[ထွက်သက်ဝင်သက်နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဧကဓမ္မဝဂ်

### ၁။ ဧကဓမ္မသုတ်

**[အကျိုးများသောတရားတပါး]**

၉၇၇။ တခုသော တရားကို ပွားများအပ်၊ ကြိမ်ဖန်များစွာပြုလုပ်အပ်သည် ရှိသော် များသောအကျိုးအာနိသင်ရှိ၏။ တခုသောတရားဟူသည် အဘယ်နည်းဆိုသော် ထွက်သက် ဝင်သက်ကို ရှုမှတ်ခြင်း အာနာပါနသတိပင် ဖြစ်၏။ ရဟန်းတို့၊ အာနာပါနသတိကို အဘယ်သို့ပွားများသော် များသော အကျိုးအာနိသင် ရှိသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် တော၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ်တခုခုသို့ သွားရောက်၍ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကိုရှေးရှုထင်စေလျက်ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှူထုတ်၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူသွင်း၏။

ရှည်ရှည်ရှူထုတ်လျှင် ရှည်ရှည်ရှူထုတ်၏ဟု သိ၏။ ရှည်ရှည်ရှူသွင်းလျှင် ရှည်ရှည်ရှူသွင်း၏ဟု သိ၏။ တိုတိုရှူသွင်းလျှင် တိုတိုရှူသွင်း၏ဟုသိ၏။ တိုတိုရှူထုတ်လျှင် တိုတိုရှူထုတ်၏ဟုသိ၏။

အစ အလယ် အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ထွက်သက်လေကို ရှူထုတ်မည်။ အစ အလယ် အဆုံး သုံးပါးလုံးကိုထင်ရှားသိလျက် ဝင်သက်လေကို ရှူသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

ရှန့်ရှင်းသော ထွက်သက်လေကို ငြိမ်းစေလျက်ရှုထုတ်မည်။ ရှန့်ရှင်းသော ဝင်သက်လေကို ငြိမ်းစေလျက် ရှုသွင်းမည်ဟု သေ့ကျင့်အားထုတ်၏။

နှစ်သိမ့်ခြင်းပီတိကို ထင်ရှားသိလျက် ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့် အားထုတ်၏။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့် အားထုတ်၏။

ချမ်းသာခြင်းသုခကို ထင်ရှားသိလျက် ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ဝင်သက်လေကိုရှုသွင်းမည်ဟုလေ့ကျင့်အားထုတ်၏။

စိတ္တသင်္ခါရကို ထင်ရှားသိလျက် ထွက်သက်လေကိုရှုထုတ်မည်။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

စိတ်ကိုထင်ရှားသိလျက် ထွက်သက်လေကို ရှုထုတ်မည်၊ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

စိတ်ကို လွန်စွာဝမ်းမြောက်စေလျက် ထွက်သက်လေကိုရှုထုတ်မည်၊ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

စိတ်ကို ကောင်းစွာထားလျက် ထွက်သက်လေကို ရှုထုတ်မည်၊ ဝင်သက်လေကို ရှုသွင်းမည်ဟု သေ့ကျင့်အားထုတ်၏။

စိတ်ကို လွတ်စေလျက် ထွက်သက်လေကို ရှုထုတ်မည်၊ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

မမြဲခြင်း သဘောကို အဖန်ဖန်ရှုလျက် ထွက်သက်လေကိုရှုထုတ်မည်၊ ဝင်သက် လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

တပ်မက်မှုကင်းရေးကို အဖန်ဖန်ရှုလျက် ထွက်သက်လေကို ရှုထုတ်မည်။ ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

ချုပ်ပျောက်ခြင်းသဘောကို အဖန်ဖန်ရှုလျက် ထွက်သက်လေကို ရှုထုတ်မည်၊ ဝင်သက်လေကို ရှုသွင်းမည်ဟုလေ့ကျင့်အားထုတ်၏။

စွန့်လွှတ်မှုကို အဖန်ဖန်ရှုလျက် ထွက်သက်လေကို ရှုထုတ်မည်၊ ဝင်သက် လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။

ရဟန်းတို့၊ အာနာပါနသတိကို ဤသို့ ပွားများသော် များသောအကျိုး အာနိသင် ရှိပေ၏။

၉၇၈။ ဗောဇ္ဈင်္ဂသုတ်၌ အာနာပါနသတိနှင့်တကွဖြစ်သောဗောဇ္ဈင်ခုနစ်ပါးကို ပွားများလျှင် များသောအကျိုးအာနိသင်ရှိကြောင်း ဟောကြားသည်။

၉၇၉။ သုဒ္ဓိကသုတ်၌ အာနာပါနသတိ ပွားများပုံကို ပဌမသုတ်နည်းတူ ဟော ကြားသည်။

၉၀၀-၉၀၁။ ပထမနှင့် ဒုတိယဖလသုတ်တို့၌ အာနာပါနသတိကိုပွားများလျှင် အရဟတ္တဖိုလ်နှင့် အနာဂါမိဖိုလ်ဟူသောအကျိုးနှစ်ပါးတွင် တပါးပါးကိုသော်လည်းကောင်း၊ မျက်မှောက်ဘဝ၌ပင် စောစီးစွာ အရဟတ္တဖိုလ်ကိုရခြင်း၊ သို့မဟုတ် သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကိုရခြင်း စသော အကျိုးခုနစ်ပါးတွင် တပါးပါးကိုသော်လည်းကောင်း ရနိုင်ကြောင်း ဟောကြားသည်။ (အကျိုး ခုနစ်ပါးကို ဗောဇ္ဈင်္ဂသံယုတ် သုတ်စဉ် ၅၃၆၊ ဒုတိယဖလသုတ်၌ ပြန်ကြည့်ပါ)

## ၆။ အရိဋ္ဌသုတ်

[ရှင်အရိဋ္ဌအား အာနာပါနပွားပုံ ဟောကြားခြင်း]

၉၀၂။ အခါတပါး၌ ဗုဒ္ဓသည် 'ရဟန်းတို့အား ရဟန်းတို့၊ သင်တို့သည် အာနာပါနသတိကို ပွားများကြကုန်၏လော' ဟု မေးမြန်းတော်မူသည်။

"တပည့်တော်သည် အာနာပါနသတိကို ပွားများပါ၏" ဟု ရှင်အရိဋ္ဌက ဖြေကြားရာ 'အရိဋ္ဌ၊ သင်သည် အာနာပါနသတိကို မည်သို့ ပွားများသနည်း' ဟု ထပ်မံ မေးမြန်းတော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်အား အတိတ်ဖြစ်သော ကာမဂုဏ်တို့၌ ကာမစ္ဆန္ဒကို ပယ်အပ်ပြီးဖြစ်ပါ၏။ အနာဂတ်ဖြစ်သော ကာမဂုဏ်တို့၌လည်း ကာမစ္ဆန္ဒ သည် ကင်းကွာပြီးဖြစ်ပါ၏။ အတွင်း အပြင် တရားတို့၌လည်း ထိပါးမှုသညာကိုကောင်းစွာပယ်ဖျောက်ပြီးဖြစ်ပါ၏။ တပည့်တော်သည် သတိရှိလျက် သာလျှင် ထွက်သက်လေကိုရှိုက်ထုတ်ပါ၏။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူသွင်းပါ၏။ အရှင်ဘုရား၊ တပည့်တော်သည် ဤသို့လျှင် အာနာပါန သတိကို ပွားများပါသည်"

"အရိဋ္ဌ၊ ဤသို့သောအာနာပါနသတိသည် ရှိ၏။ မရှိဟုငါမဆို၊ သို့သော် အကျယ်အားဖြင့် ပြည့်စုံသော အာနာပါန သတိကို သင့်အား ငါဟောအံ့၊ နာကြားလော"

ဗုဒ္ဓသည် ဤသို့မိန့်ကြားပြီး အာနာပါနသတိပွားများပုံကို အကျယ်ဟောတော်မူသည်။ (ရှင်အရိဋ္ဌသည် အနာဂါမိမဂ်ကို ရပြီးသူဖြစ်၍ အရဟတ္တမဂ်သို့ ရောက်စေရန် အာနာပါနသတိပွားပုံကို အကျယ်ဟောခြင်းဖြစ်၏)

## ၇။ မဟာကပ္ပိနသုတ်

[ရှင်မဟာကပ္ပိန နှင့် စပ်သောဟောကြားချက်]

၉၀၃။ အခါတပါး၌ ရှင်မဟာကပ္ပိနသည် ဗုဒ္ဓမြတ်စွာ၏ အနီး၌ တင်ပျဉ်ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားပြီး သတိကို အာရုံသို့ ရှေးရှုတည်စေ၍ ထိုင်

နေ၏။ ဗုဒ္ဓသည် ရှင်မဟာကပ္ပိနကို မြင်သော် "ရဟန်းတို့၊ သင်တို့သည် ဤရဟန်း၏ တုန်လှုပ်ခြင်းကို မြင်ကြပါသလော"ဟု ရဟန်းတို့အား မေးမြန်းတော်မူ၏။ "အရှင်ဘုရား၊ တပည့်တော်တို့သည် သံဃာအလယ်၌ဖြစ်စေ၊ ဆိတ်ငြိမ်ရာ၌ တပါးတည်းနေစဉ်ဖြစ်စေ၊ ဤရဟန်း၏ တုန်လှုပ်ခြင်းကို မတွေ့မြင်ကြပါ"

"ရဟန်းတို့၊ ဤရဟန်းသည် ကိုယ်စိတ်မတုန်လှုပ်ကြောင်းဖြစ်သော သမာဓိကို မပင်မပန်း ရရှိထားသူဖြစ်၏။ ကိုယ် စိတ် မတုန်လှုပ်ကြောင်းဖြစ်သော သမာဓိဟူသည် အဘယ်နည်းဆိုသော် အနာပါနသတိနှင့်ယှဉ်သော သမာဓိပင်ဖြစ်၏"

(ထို့နောက် အာနာပါနသတိပွားများပုံကို အကျယ်ဟောသည်)

## ၇။ ပဒီပေါပမသုတ်

### [ခံစားမှုများ ဆိတ်ငြိမ်ပုံအကြောင်း]

၉၈၄။ ရဟန်းတို့၊ အာနာပါနသတိကို ပွားများလျှင် များသောအကျိုးအာနိသင်ရှိ၏။ ရဟန်းတို့၊ ငါသည်လည်း သစ္စာလေးပါးကို ထိုးထွင်း၍ မသိမီ ဘုရားလောင်းဖြစ်စဉ်က ဤအာနာပါနသတိကို ပွားများ၍နေခြင်းဖြင့် များစွာနေခဲ့၏။ ရဟန်းတို့၊ ဤအာနာပါနသတိကို ပွားများ၍နေခြင်းဖြင့် များစွာနေသော ငါ့အား ကိုယ်သည်လည်းကောင်း၊ မျက်စိတို့သည်လည်းကောင်း မပင်ပန်းခဲ့။ ငါ၏စိတ်သည်လည်း မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့၏။

ရဟန်းတို့၊ ထို့ကြောင့် ကိုယ်လည်း မပင်ပန်း၊ မျက်စိလည်း မပင်ပန်းပဲ အာသဝေါတရားတို့မှ လွတ်မြောက်ရန်အလိုရှိသော ရဟန်းသည် အာနာပါနသတိကို ကောင်းစွာနှလုံးသွင်းအပ်၏။ ကာမဂုဏ်တည်းဟူသော အိမ်ကိုမှီ၍ဖြစ်သော စိတ်ကြံစည်ပြေးသွားခြင်းကို ပယ်ရှားရန် စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြု၍နေရန်။ စက်ဆုပ်ဖွယ်အာရုံနှင့် စက်ဆုပ်ဖွယ်မဟုတ်သော အာရုံနှစ်ပါးစုံကို ရှောင်ကြဉ်၍ သတိသမ္ပဇဉ်နှင့် ယှဉ်ကာ လျစ်လျူရှု၍နေရန် အလိုရှိသောရဟန်းသည် အာနာပါနသတိကို ကောင်းစွာနှလုံးသွင်းအပ်၏။

ရဟန်းတို့၊ ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တို့မှ လည်းကောင်း ကင်းဆိတ်၍ ပထမဈာန်ကို ဝင်စား၍နေရန် .... သညာဝေဒနာတို့၏ ချုပ်ရာ

နိရောဓသမာပတ်ကို ဝင်စား၍နေရန် အလိုရှိသောရဟန်းသည် အာနာပါန သတိကို ကောင်းစွာနှလုံးသွင်းအပ်၏။

ရဟန်းတို့၊ ဤအာနာပါနသတိကို ပွားများသည်ရှိသော် သုခဝေဒနာကို ခံစားလျှင် 'ထိုသုခဝေဒနာသည် မမြဲသော၊ မမျိုသိပ်အပ်သော၊ မနှစ်သက် အပ်သော တရားတည်း'ဟု သိ၏။ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာတို့ကို လည်း ထိုနည်းတူ သိ၏။

သုခဝေဒနာကို ခံစားလျှင် ကိလေသာနှင့်မယှဉ်သည်ဖြစ်၍ခံစား၏။ ဒုက္ခ ဝေဒနာ၊ အဒုက္ခ မသုခဝေဒနာတို့ကို ခံစားလျှင်လည်း ကိလေသာနှင့် မယှဉ် သည်ဖြစ်၍ ခံစား၏။

ထိုရဟန်းသည် ကိုယ်လျှင်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသော် ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ ဟု သိ၏။ အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသော် အသက်လျှင် အပိုင်းအခြားရှိ သော ဝေဒနာကို ခံစား၏ ဟု သိ၏။ ကိုယ်ခန္ဓာပျက်စီး၍ အသက်ကုန်ပြီး နောက်၌ ဤကိုယ်၌ပင် ခံစားမှုအားလုံးတို့သည် မနှစ်သက်အပ်ကုန်သည် ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ ဟု သိ၏။ ရဟန်းတို့၊ ဥပမာကား ဆီနှင့် မီးစာကိုစွဲ၍ ဖြစ်သော ဆီမီးသည် ဆီနှင့်မီးစာကုန်သောအခါ လောင်စာမရှိသည်ဖြစ်၍ ငြိမ်းအေးသွားသကဲ့သို့ဖြစ်၏။

## ၉။ ဝေသာလီသုတ်

### [ဝေသာလီပြည်၌ အသုဘကမ္မဋ္ဌာန်းဂုဏ် ဟောခြင်း]

၉၈၅။ ဗုဒ္ဓသည် ဝေသာလီပြည် ကူဋာဂါရကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား များစွာသောနည်းပရိယာယ်ဖြင့် အသုဘတရားကို ဟောပြော ၏။ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကျေးဇူး၊ အသုဘကမ္မဋ္ဌာန်း ပွားများခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး၏။ ထို့နောက် ဗုဒ္ဓသည် မိမိထံ ဆွမ်းပို့သောရဟန်း မှတပါး မည်သူမျှ ချဉ်းကပ်ခွင့် မပေးပဲ လဝက်ပတ်လုံး တပါးတည်း ကိန်း အောင်း၍ နေတော်မူ၏။ ထိုအခါ ရဟန်းတို့သည် 'အသုဘကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ချီးမွမ်း၏' ဟု ကြံကုန်၍ အမျိုးမျိုးသော အခြင်းအရာအားဖြင့် အသုဘကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်၏။ ထိုရဟန်းတို့သည် မိမိတို့ကိုယ်ခန္ဓာ ဖြင့် စက်ဆုပ်ငြီးငွေ့ကာ ဓားလက်နက်ကို ဆောင်ကြကုန်၏။ (ဓားဖြင့် သတ်သေကြကုန်၏) တနေ့လျှင် ရဟန်း နှစ်ဆယ်၊ သုံးဆယ်အထိ သေကြ ကုန်၏။

ဗုဒ္ဓသည် လဝက်လွန်၍ တပါးတည်း ကိန်းအောင်းရာမှ ထလတ်သော် ရှင်အာနန္ဒာအား 'အာနန္ဒာ၊ ရဟန်းသံဃာအပေါင်းသည် လျော့ပါးသွားသကဲ့သို့ဖြစ်၏' ဟု မိန့်ကြား၏။ ထိုအခါ ရှင်အာနန္ဒာလည်း ရဟန်းများ မားလက်နက်ဆောင်၍ သတ်သေကြသည့် အကြောင်းကို လျှောက်ကြားပြီး မြတ်စွာဘုရားသည် ရဟန်းများ အရဟတ္တဖိုလ်၌ တည်စေရန် အသုဘကမ္မဋ္ဌာန်းမှတပါးသော တရားကို ဟောကြားတော်မူပါလော' ဟု တောင်းပန်သည်။ 'ဗုဒ္ဓသည် ဝေသာလီပြည်ကိုမှီ၍ နေသော ရဟန်းအားလုံးကို အစည်းအဝေးကျောင်းဆောင်၌ စည်းဝေးစေပြီး အာနာပါနသတိကို ဟောကြားလေသည်။

"ရဟန်းတို့၊ အာနာပါနသတိနှင့်ယှဉ်သော သမာဓိသည် ပွားများအပ်သည်ရှိသော် ငြိမ်သက်၏။ မွန်မြတ်၏။ ထပ်လောင်းဖြည့်စွက်စရာမလို၊ ချမ်းသာသော၊ နေခြင်းဖြစ်၏။ ဖြစ်ပေါ်လာတိုင်းသော အကုသိုလ်တရားတို့ကို တခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်၏။ ရဟန်းတို့၊ ဥပမာကား နွေဥတု၏ နောက်ဆုံးလ၌ အပေါ်သို့ လွင့်တက်သော မြူမှုန်များကို အခါမဲ့ သည်းထန်စွာ ရွာသော မိုးသည် တခဏချင်းကွယ်ပျောက် ငြိမ်းအေးစေသကဲ့သို့ ပေတည်း။

(ထို့နောက် ပွားများပုံကို အကျယ်ဟော၏)

## ၁၀။ ကိမိလသုတ်

[ရှင်ကိမိလအား အာနာပါနသတိကို ဟောခြင်း]

၉၇၆။ ကိမိလမြို့ ဝါးတော၌ သီတင်းသုံးစဉ် ဗုဒ္ဓသည် ရှင်ကိမိလအား– 'ကိမိလ၊ အဘယ်သို့ ပွားများအပ်သော အာနာပါန သတိ သမာဓိသည် များသော အကျိုးအာနိသင်ရှိသနည်း'ဟု မေးမြန်းတော်မူ၏။ သုံးကြိမ်တိုင်အောင် မေးသော်လည်း ရှင်ကိမိလသည် ဆိတ်ဆိတ်နေ၏။ ထိုအခါ ရှင်အာနန္ဒာက ကြားဝင်တောင်းပန်သဖြင့် ဗုဒ္ဓက အာနာပါနသတိ သမာဓိပွားများပုံကို ဟောကြားပြီး အောက်ပါအတိုင်း ဆက်လက် မိန့်ကြားတော်မူ၏။

အာနန္ဒာ၊ အကြင်အခါ၌ ရှည်ရှည်ရှူရှိုက်သော် ရှည်ရှည်ရှူရှိုက်၏ဟု သိ၏။ တိုတိုရှူရှိုက်သော် တိုတိုရှူရှိုက်၏ဟုသိ၏။ ထွက်သက်ဝင်သက်တို့၏ အစ အလယ် အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ရှူရှိုက်အံ့ဟု လေ့ကျင့် အားထုတ်၏။ ရုန့်ရင်းသော ထွက်သက် ဝင်သက်ကို ငြိမ်းစေလျက် ရှူရှိုက်အံ့ဟု လေ့ကျင့် အားထုတ်၏။ အာနန္ဒာ၊ ထိုအခါ၌ ရဟန်းသည်

ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် နေသည်မည်၏။ အဘယ်ကြောင့်ဆိုသော် ထွက်သက် ဝင်သက်သည် ကိုယ်၌ အကျုံးဝင်သောကြောင့် ဖြစ်၏။

အာနန္ဒာ၊ အကြင်အခါ၌ ရဟန်းသည် နှစ်သိမ့်ခြင်းကို ထင်ရှားသိလျက် ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ ချမ်းသာခြင်းကို ထင်ရှားသိလျက် ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ စိတ္တသင်္ခါရကို ထင်ရှားသိလျက်ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ စိတ္တသင်္ခါရကို ငြိမ်းစေလျက် ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ အာနန္ဒာ၊ ထိုအခါ၌ ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက် နေသည်မည်၏။ အဘယ်ကြောင့်ဆိုသော် ထွက်သက် ဝင်သက်တို့ကို ကောင်းစွာ နှလုံးသွင်းခြင်းသည် ဝေဒနာ၌ အကျုံးဝင်သောကြောင့် ဖြစ်၏။

အာနန္ဒာ၊ အကြင်အခါ၌ ရဟန်းသည် စိတ်ကိုထင်ရှားသိလျက်ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ စိတ်ကို ရွှင်လန်း ဝမ်းမြောက်စေလျက် ရှုရှိုက်အံ့ဟု လေ့ကျင့် အားထုတ်၏။ အာနန္ဒာ၊ ထိုအခါ၌ ရဟန်းသည် စိတ်၌စိတ်ဟု အဖန်ဖန် ရှုလျက် နေသည်မည်၏။ အဘယ်ကြောင့်ဆိုသော် သတိသမ္ပဇဉ် ကင်းလွတ်နေသူအား အာနာပါန သတိသမာဓိကို ပွားများခြင်းမဖြစ်သော ကြောင့်ဖြစ်၏။

အာနန္ဒာ၊ အကြင်အခါ၌ ရဟန်းသည် 'မမြဲခြင်းသဘောကို အဖန်ဖန် ရှုလျက် ရှုရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။ တပ်မက်ဖွယ်ကင်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုလျက် ရှုရှိုက်အံ့ဟုလေ့ကျင့်အားထုတ်၏။ အာနန္ဒာ၊ ထိုအခါ၌ ရဟန်းသည် တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက်နေသည် မည်၏။ အဘယ်ကြောင့်ဆိုသော် ထိုရဟန်းသည် အဘိဇ္ဈာ ဒေါမနဿတို့အား ပယ်ရှားခြင်းကို ပညာဖြင့် မြင်၍ ကောင်းစွာ လျစ်လျူရှုတတ်သောကြောင့်ဖြစ်၏။

အာနန္ဒာ၊ လမ်းလေးခွ၌ရှိသော မြေမှုန့်ပုံကြီးကို အရပ်လေးမျက်နှာမှလာသော လှည်းရထားတို့သည် ဖျက်ဆီးသကဲ့သို့ ထို့အတူ ကိုယ်၌ကိုယ်ဟု အဖန်ဖန်ရှုလျက်နေသော ရဟန်းသည်လည်း အကုသိုလ်တရားတို့ကို ဖျက်ဆီးနိုင်သည်သာဖြစ်၏။ ဝေဒနာစိတ်၊ တရားသဘောတို့၌ ဝေဒနာ၊ စိတ်၊ တရားသဘောဟု အဖန်ဖန်ရှုလျက်နေသော ရဟန်းသည်လည်း အကုသိုလ်တရားတို့ကို ဖျက်ဆီးနိုင်သည်သာ ဖြစ်၏။

## ၂။ ဒုတိယဝဂ်

### ၁။ ဣစ္ဆာနင်္ဂလသုတ်

### [ဣစ္ဆာနင်္ဂလမြို့၌ ဟောကြားချက်]

၉၀၇။ ဗုဒ္ဓသည် ဣစ္ဆာနင်္ဂလမြို့အနီးရှိတောအုပ်၌ သီတင်းသုံးစဉ် ဝါတွင်းသုံးလပတ်လုံး တပါးတည်းကိန်းအောင်းနေရာမှ ထတော်မူပြီး ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ အကယ်၍ တပါးသောအယူရှိသော ပရိဗိုဇ်တို့က 'ရဟန်းဂေါတမသည် ဝါတွင်းသုံးလပတ်လုံး အဘယ်သို့သောနေခြင်းဖြင့် များစွာနေပါသနည်း' ဟူ၍ သင်တို့အား မေးခဲ့သော် 'မြတ်စွာဘုရားသည် အာနာပါန သမာဓိဖြင့် ဝါတွင်းသုံးလပတ်လုံး များစွာနေတော်မူ၏' ဟူ၍ သင်တို့ ပြောကြားကြကုန်လော့။

"ရဟန်းတို့၊ ငါသည် သတိရှိလျက်သာလျှင် ထွက်သက်ဝင်သက်ကိုရှူရှိုက်၏။ ရှည်ရှည်ရှူရှိုက်သော် ရှည်ရှည်ရှူရှိုက်၏ဟုသိ၏။ တိုတိုရှူရှိုက်သော် တိုတိုရှူရှိုက်၏ဟုသိ၏.... စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုလျက် ရှူရှိုက်အံ့ဟု လေ့ကျင့်အားထုတ်၏။

"ရဟန်းတို့၊ အာနာပါန သတိသမာဓိကို အရိယာတို့၏နေခြင်း၊ ဗြဟ္မာတို့၏ နေခြင်း၊ မြတ်စွာဘုရားတို့၏ နေခြင်းဟုဆိုထိုက်၏။ ရဟန်းတို့၊ မရောက်သေးသော သေက္ခပုဂ္ဂိုလ်တို့အား အာနာပါန သတိ သမာဓိကို ပွားများခြင်းသည် အာသဝေါတရားကုန်ခြင်းအလို့ငှာ ဖြစ်၏။ အာသဝေါကုန်ပြီးသော ရဟန္တာတို့အားမျက်မှောက်ချမ်းသာစွာနေခြင်း၊ သတိသမ္ပဇဉ်စွဲမြဲခြင်းအလို့ငှာ ဖြစ်၏"

### ၂။ ကင်္ခေယျသုတ်

### [ယုံမှားမှုကို ပယ်ဖျောက်ခြင်း]

၉၀၈။ အခါတပါး၌ အရှင်လောမသကင်္ဂိယ သည် ကပ္ပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေ၏။ ထိုအခါ မဟာနာမ်မည်သော သာကီဝင် မင်းသားသည် အရှင် လောမသထံချဉ်းကပ်၍

"အရှင်ဘုရား၊ သေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းသည်ပင် မြတ်စွာဘုရားတို့၏ နေခြင်းဖြစ်ပါသလော။ သို့မဟုတ် ယင်းနေခြင်း နှစ်ပါးတို့သည် တခြားစီ ဖြစ်ပါကုန်သလော" ဟု မေးလျှောက်၏။ ထိုအမေးကို အရှင်လောမသက အောက်ပါအတိုင်း ဖြေကြား၏။

"မဟာနာမ်၊ သေက္ခပုဂ္ဂိုလ်၏ နေခြင်းသည်ပင် ဖြစ်စွာဘုရား၏ နေခြင်း မဟုတ်၊ စင်စစ်ကား သေက္ခပုဂ္ဂိုလ်၏ နေခြင်းသည် တခြား၊ မြတ်စွာဘုရား၏ နေခြင်းသည် တခြားဖြစ်၏။ မဟာနာမ်၊ ယောဂကုန်ရာနိဗ္ဗာန်ကို တောင့်တ၍ နေသော သေက္ခရဟန်းတို့သည် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတည်းဟူသောနီဝရဏ ငါးပါးကို ဖယ်ရှား၍ နေကုန်၏။ အာသဝေါကုန်ပြီးသော ရဟန္တာတို့မှာမူ နီဝရဏငါးပါးကို အကြွင်းမဲ့ပယ်ပြီး ဖြစ်၏။ မဟာနာမ်၊ ဤဆိုခဲ့သော အကြောင်းပရိယာယ်အား သေက္ခပုဂ္ဂိုလ်၏ နေခြင်းသည်တခြား၊ မြတ်စွာဘုရားတို့၏နေခြင်းသည် တခြားဖြစ်ကြောင်း သိအပ်ပေ၏"

ထို့နောက် လောမသကင်္ဂိယ သုတ်၌ ဗုဒ္ဓဟောကြားခဲ့ပုံကို ပြန်လည်မိန့်ကြားပြီး ထိုအကြောင်းဖြင့်လည်း သေက္ခဝိဟာရနှင့် တထာဂတဝိဟာရ တခြားစီဟု သိအပ်ကြောင်း ဟောကြား၏)

## ၃။ ပဌမအာနန္ဒသုတ်

### [ရှင်အာနန္ဒာ၏ မေးခွန်းကို ဖြေခြင်း]

၉၇၉။ ရှင်အာနန္ဒာ၏ မေးခွန်းကို ဗုဒ္ဓက ဖြေကြားခြင်းဖြစ်၏။

"အရှင်ဘုရား၊ အကြင်တရားတပါးကို ပွားများသည်ရှိသော် လေးပါးသော တရားတို့ကိုပြည့်စေ၏။ လေးပါးသောတရားတို့ကို ပွားများသည်ရှိသော် ခုနစ်ပါးသော တရားတို့ကို ပြည့်စေ၏။ ခုနစ်ပါးသောတရားတို့ကို ပွားများသည် ရှိသော် နှစ်ပါးသောတရားတို့ကိုပြည့်စေ၏။ ထိုကဲ့သို့သော တရားတပါးသည် ရှိပါသလော"

"အာနန္ဒာ၊ ထိုကဲ့သို့သောတရားတပါးသည် ရှိပေ၏"

"အရှင်ဘုရား၊ ထိုကဲ့သို့သော တရားတပါးကား အဘယ်ပါနည်း"

"အာနန္ဒာ၊ အာနာပါန သတိသမာဓိတည်းဟူသော တရားတပါးကို ပွားများသည် ရှိသော် သတိပဋ္ဌာန် လေးပါးကို ပြည့်စေ၏။ သတိပဋ္ဌာန်လေးပါးကို ပွားများသည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စေ၏။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသည်ရှိသော် ဝိဇ္ဇာနှင့် ဝိမုတ္တိကို ပြည့်စေ၏။

(အာနာပါနသတိကို ပွားများလျှင် သတိပဋ္ဌာန်လေးပါးကို ပြည့်စေပုံကို အမှတ်စဉ် ၉၇၆၊ ကိမိလသုတ်မှာကဲ့သို့ ဟောကြား၏)

"အာနန္ဒာ၊ သတိပဋ္ဌာန်လေးပါးကို ပွားများ၍နေသော ရဟန်းအား သတိစွဲမြဲသဖြင့် သတိသမ္ဗောဇ္ဈင်သည် ပြည့်၏။ သတိရှိလျက်နေသော ရဟန်း

သည် တရားသဘောကိုဆင်ခြင်သုံးသပ်သဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုပြည့်စေ၏။ တရားသဘောကို ဆင်ခြင်သုံးသပ်သော ရဟန်းအား အားထုတ်ခြင်း လုံ့လ ထက်သန်၍ ဝီရိယသမ္ဗောဇ္ဈင်သည် ပြည့်၏။ အားထုတ်အပ်သော ဝီရိယရှိသူအား ကာမလောကနှင့်မသက်ဆိုင်သော နှစ်သိမ့်ခြင်းဖြစ်၍ ပီတိသမ္ဗောဇ္ဈင်သည် ပြည့်၏။ နှစ်သိမ့်သောစိတ်ရှိသူအား ကိုယ်စိတ်ငြိမ်းချမ်း၍ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပြည့်၏။ ကိုယ်ငြိမ်းချမ်းခြင်း ရှိသူအား စိတ်တည်ကြည်၍ သမာဓိသမ္ဗောဇ္ဈင်သည် ပြည့်၏။ တည်ကြည်သောစိတ်ကို လျစ်လျူရှုသူအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပြည့်၏။ အာနာပါန၊ ဤသို့လျှင် သတိပဋ္ဌာန်လေးပါးကို ပွားများသည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စေ၏။

ဤသာသနာ၌ ရဟန်းသည် ကင်းဆိတ်ခြင်း၊ တပ်မက်ဖွယ်ကင်းခြင်း၊ ချုပ်ငြိမ်းခြင်းကိုမှီသော၊ နိဗ္ဗာန်သို့ တိမ်းညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွားများ၏။.... ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများ၏။ အာနာပါန၊ ဤသို့ပွားများအပ်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝိဇ္ဇာ နှင့် ဝိမုတ္တိတို့ကို ပြည့်စေကုန်၏။

၉၉၀။ ဒုတိယအာနန္ဒသုတ်မှာ ရှင်အာနန္ဒာကမမေးပဲ ဗုဒ္ဓကအလိုအလျောက် ဟောကြားခြင်းဖြစ်၏။

၉၉၁။ ပထမဘိက္ခုသုတ်နှင့် ဒုတိယဘိက္ခုသုတ် တို့၌လည်း အထက်ပါ အကြောင်းအရာများကိုပင် များစွာသော ရဟန်းတို့အား ဟောကြားခြင်း ဖြစ်၏။

၉၉၃–၉၉၆။ သံယောဇနပဟာနသုတ်စသောသုတ်၄သုတ်၌ အာနာပါန သတိသမာဓိကို ပွားများလျှင် သံယောဇဉ်ကိုပယ်ခြင်း၊ အနုသယကိုခွာခြင်း၊ အဓွန့်ကာလကို ပိုင်းခြားရှင်းခြင်း၊ အာသဝေါတရားတို့ကို ကုန်စေခြင်းငှာ ဖြစ်ကြောင်းဟောကြား၏။

# ၁၁။ သောတာပတ္တိသံယုတ်

[သောတာပတ္တိဖိုလ်နှင့်စပ်သော ဟောကြားချက်များ]

## ၁။ ဝေဠုဒွါရဝဂ်

### ၁။ စက္ကဝတ္တိရာဇသုတ်

[သောတာပန်သည် စကြာမင်းထက်သာလွန်ကြောင်း]

၉၉၇။ ရဟန်းတို့၊ စကြာမင်းသည် လေးကျွန်းလုံးကို အစိုးရသောမင်း အဖြစ်ကိုပြု၍ သေလွန်သောအခါ တာဝတိံသာနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်၏။ နန္ဒဝန်ဥယျာဉ်၌ နတ်သမီးအပေါင်းခြံရံလျက် နတ်တို့၏ ကာမဂုဏ်ငါးပါးဖြင့် ပြည့်စုံစွာခံစားရ၏။ သို့သော်လည်း ထိုစကြာမင်းသည် လေးပါးသော တရားတို့နှင့် မပြည့်စုံသည်ဖြစ်၍ အပါယ်လေးပါးသို့ကျရောက်ခြင်းမှ မလွတ်သေးချေ။ ရဟန်းတို့၊ အရိယာတပည့်သည် အိမ်စဉ်လှည့်၍ ရသော ဆွမ်းဖြင့်မျှတခြင်း၊ စုတ်ပြတ်သော အဝတ်တို့ကို ဝတ်ဆင်ခြင်းပြုငြား သော်လည်း လေးပါးသောတရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ အပါယ်လေးပါး သို့ ကျရောက်ခြင်းမှ လွတ်မြောက်ပြီ ဖြစ်၏၊

“ရဟန်းတို့၊ အရိယာတပည့်သည် အဘယ်တရားလေးပါးတို့နှင့် ပြည့်စုံ သနည်းဆိုသော် ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ တရား၌စွဲမြဲစွာ သက် ဝင်ယုံကြည်ခြင်း၊ သံဃာ၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက် အပ်သော သီလနှင့်ပြည့်စုံခြင်းတို့ဖြစ်၏။ ရဟန်းတို့၊ ကျွန်းလေးကျွန်းကိုအစိုးရ သော စကြာမင်းအဖြစ်ရရှိခြင်းသည် ဤလေးပါးသောတရားတို့ကို ရရှိခြင်း၏

၄၄ ၁၆-စိတ် တစိတ်မျှကိုပင်မမီချေ”

## ၂။ ဗြဟ္မစရိယောဂသုတ်

[အကျင့်မြတ်၌ အကျုံ့ဝင်သော ချမ်းသာ]

၉၉၀။ အောက်ပါ တရားလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် ဖောက်ပြန်စွာ ကျရောက်ခြင်းသဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက်မဂ်ဉာဏ်လျှင် လဲလျောင်းရာရှိသော သောတာပန်ဖြစ်ကြောင်း ဟောကြား၏။ ထို့နောက် အောက်ပါဂါထာကိုလည်း မိန့်မြွက်တော်မူ၏။

ယုံကြည်ခြင်း၊ စောင့်ထိန်းခြင်း၊ ကြည်ညိုခြင်း၊ အမှန်တရားကို သိမြင်ခြင်းတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် သင့်လျော်သောအခါ၌ အကျင့်မြတ်၌ အကျုံးဝင်သော မဂ်ဖိုလ်ချမ်းသာသို့ ကျေနပ်မှုချရောက်ကြကုန်၏။

## ။ ဒီဃာဝုသုတ်

[ဒီဃာဝုဉပါသကာအားဟောကြားချက်]

၉၉၉။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဒီဃာဝုမည်သော ဥပါသကာသည် သည်းထန်းစွာနာမကျန်းဖြစ်နေ၍ ဖခင် ဇောတိပါလ သူကြွယ်ကို ဗုဒ္ဓထံသို့စေလွှတ်လိုက်၏။ ဇောတိပါလသူကြွယ်၏ လျှောက်ကြားချက်အရ ဗုဒ္ဓသည် ဒီဃာဝုထံသို့ကြွလာပြီး ရောဂါအခြေအနေကိုမေးမြန်းတော်မူ၏။

"ဒီဃာဝု၊ မျှတပါ၏လော၊ ရောဂါသက်သာပါ၏လော"

"အရှင်ဘုရား၊ တပည့်တော်အား ရောဂါတို့၏ ဆုတ်ယုတ်ခြင်းသည်မထင်၊ တိုးပွားခြင်းသာ ထင်ပါသည်"

"ဒီဃာဝု၊ သို့ဖြစ်သော် သင်သည်ဘုရား၌ယုံကြည်ခြင်း၊ တရား၌ယုံကြည်ခြင်း၊ သံဃာ၌ယုံကြည်ခြင်း၊ အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံသူ ဖြစ်ရန် လေ့ကျင့်အားထုတ်အပ်၏"

"အရှင်ဘုရား၊ မြတ်စွာဘုရားဟောကြားအပ်သော သောတာပန်၏ အင်္ဂါလေးပါးတို့သည် တပည့်တော်၌ ထင်ရှားရှိပါကုန်၏။ တပည့်တော်သည်လည်း ထိုတရားတို့၌ ထင်ပါ၏"

"ဒီဃာဝု၊ သို့ဖြစ်သော် သင်သည် ဤသောတာပန်၏ အင်္ဂါလေးပါးတို့၌ တည်၍ ဝိဇ္ဇာအဖို့ရှိသော တရားခြောက်ပါးတို့ကို တိုးတက်ပွားများလော၊ သင်္ခါရတရားတို့၌ မမြဲခြင်းသဘော၊ မမြဲသောတရား၌ ဆင်းရဲခြင်းသဘော၊ ဆင်းရဲသောတရား၌ အတ္တမဟုတ်သော သဘောတို့ကို အဖန်ဖန်ရှုလျက်လည်း

ကောင်း၊ ပယ်အပ်သော အမှတ်သညာ၊ စွဲမက်မှုကင်းစေအပ်သော အမှတ်သညာ၊ ချုပ်ငြိမ်းစေအပ်သော အမှတ်သညာရှိသည်ဖြစ်၍ လည်းကောင်း နေလော"

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားအပ်သည့် ဝိဇ္ဇာအဖို့ရှိသော တရား ၆ ပါးတို့သည် တပည့်တော်၌ ထင်ရှား ရှိပါကုန်၏။ တပည့်တော်သည်လည်း ထိုတရားတို့၌ ထင်ပါ၏။ သို့သော်လည်း 'ငါ ကွယ်လွန်ခြင်းကြောင့် ဖခင် ဇောတိကသည် စိတ်ပင်ပန်းခြင်းသို့ မရောက်ပါစေလင့်' ဟူသော ကြောင့်ကြခြင်းသည် တပည့်တော်အား ဖြစ်ပေါ်ခဲ့ပါသည်။"

ဤသို့ ဒီဃာဝုက လျှောက်ကြားသောအခါ ဖခင် ဇောတိက သူကြွယ်က 'ချစ်သား ဒီဃာဝု– ဤသို့ မကြောင့်ကြလင့်၊ မြတ်စွာဘုရားဟောကြားသည့် အတိုင်းသာ နှလုံးသွင်းလော့'ဟု ကြားဝင် ပြောဆိုလေသည်။ ဗုဒ္ဓသည်လည်း ဒီဃာဝုအား ဆုံးမစကားမိန့်ကြားပြီး ပြန်လည် ကြွသွားတော်မူ၏။ ဗုဒ္ဓ ကြွသွား၍ မကြာမီပင် ဒီဃာဝုလည်း ကွယ်လွန်လေ၏။ ရဟန်းတို့က ဒီဃာဝု၏ လားရာဂတိကို မေးလျှောက်ကြသောအခါ ဒီဃာဝုသည် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် ဤကာမဘုံသို့ ပြန်မလာတော့ပဲ ဗြဟ္မာ ပြည်၌ပင် ပရိနိဗ္ဗာန်ပြုမည့် 'အနာဂါမ်' ဖြစ်သွားပြီ ဖြစ်ကြောင်း၊ ဗုဒ္ဓက ဖြေကြားလေသည်။

### ၄။ ပထမ သာရိပုတ္တသုတ်
### [ရှင်အာနန္ဒာ၏အမေးနှင့် ရှင်သာရိပုတ္တရာ၏အဖြေ]

၁၀၀၀။ ရှင်အာနန္ဒာ၏အမေးကို ရှင်သာရိပုတ္တရာက ဖြေကြားခြင်းဖြစ်၏။

"အရှင်သာရိပုတ္တရာ၊ အဘယ်မျှသော တရားတို့နှင့် ပြည့်စုံခြင်းကြောင့်၊ ဖောက်ပြန်စွာ ကျရောက်ခြင်း သဘောမရှိသော၊ ကိန်းသေမြဲသော၊ အထက် မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင်အာနန္ဒာ (ဘုရား၌ ယုံကြည်ခြင်း စသော) လေးပါးသော တရားတို့နှင့် ပြည့်စုံခြင်းကြောင့် သောတာပန်ဟု ဆိုအပ်ပေ၏"

### ၅။ ဒုတိယ သာရိပုတ္တသုတ်
### [ဗုဒ္ဓ၏အမေးနှင့် ရှင်သာရိပုတ္တရာ၏ အဖြေ]

၁၀၀၁။ ဗုဒ္ဓ၏အမေးကို ရှင်သာရိပုတ္တရာက ဖြေကြားခြင်း ဖြစ်၏။

"သာရိပုတ္တရာ၊ သောတာပန်ဖြစ်ခြင်း၏ အကြောင်းဟူသည် အဘယ် နည်း"

"အရှင်ဘုရား၊ သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့သည် သောတာပန်ဖြစ်ခြင်း၏ အကြောင်းများ ဖြစ်ကုန်၏"

"သာရိပုတ္တရာ၊ သောတဟူသည် အဘယ်နည်း"

"အရှင်ဘုရား၊ သောတဟူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤအရိယမဂ်ပင် ဖြစ်ပါသည်"

"သာရိပုတ္တရာ၊ သောတာပန်ဟူသည် အဘယ်နည်း"

"အရှင်ဘုရား၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်ဆိုအပ်ပါသည်"

## ၆။ ထပတိသုတ်

[လက်သမားဆရာနှစ်ယောက်အား ဟောကြားချက်]

၁၀၀၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် များစွာသော ရဟန်းတို့သည် သင်္ကန်းချုပ်ဆိုးခြင်းအမှုကို ပြုလုပ်နေကြ၏။ အကြောင်းကား နောက်သုံးလလွန်သောအခါ ဗုဒ္ဓသည် ဒေသစာရီကြွတော်မူမည် ဖြစ်ကြောင့် ဖြစ်၏။ ကိစ္စတခုကြောင့် သာဓုကရွာသို့ ရောက်နေသည့် ဣသိဒတ္တနှင့် ပုရာဏအမည်ရှိသော လက်သမားဆရာနှစ်ယောက်တို့သည် ထိုအကြောင်းကို ကြားသိသော် ဗုဒ္ဓကြွသည်ကိုမြင်လျှင် မိမိအား ပြောကြားရန် မှာကြား၍ လူတယောက်ကို လမ်း၌ အစောင့်ထားကြ၏။

လမ်း၌ စောင့်နေသောသူသည် နှစ်ရက်သုံးရက်ခန့် ကြာသောအခါ ဗုဒ္ဓကြွလာသည်ကိုမြင်၍ လက်သမား ဆရာကြီးများအား ပြောကြား၏။ လက်သမား ဆရာကြီးများသည် ဗုဒ္ဓနောက်ပါးမှ လိုက်ပါသွားကြ၏။ ဗုဒ္ဓသည် လမ်းပေါ်ဖဲ၍ သစ်ပင်တပင်အောက်၌ ထိုင်နေသောအခါ လက်သမားဆရာနှစ်ယောက်တို့သည် ဗုဒ္ဓအား ရိုသေစွာရှိခိုး၍ ထိုင်နေကြပြီး ဤသို့ လျှောက်ထားကြလေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ထွက်ခွာ၍ ကောသလတိုင်းအတွင်း၌လည်းကောင်း၊ မလ္လတိုင်း၊ ဝဇ္ဇီတိုင်း၊ ကာသိတိုင်း၊ မဂဓတိုင်းတို့၌လည်းကောင်း ဒေသစာရီကြွတော်မူသောအခါ မြတ်စွာဘုရားနှင့် ဝေးရသည့်အတွက် တပည့်တော်တို့အား စိတ်နှလုံးမရွှင်လန်းခြင်း၊ ဝမ်းနည်းခြင်း ဖြစ်ကြရပါသည်။ သာဝတ္ထိပြည်သို့ မြတ်စွာဘုရား ကြွလာသောအခါ၌ကား နှစ်သက်ရွှင်လန်းခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်ကြရပါသည်"

"လက်သမားကြီးတို့၊ အိမ်ယာထောင်သော လူ့ဘောင်၌ နေခြင်းသည် ကျဉ်းမြောင်း၏။ မြူမှုန်ထသော လမ်းနှင့်တူ၏။ ရဟန်းအဖြစ်သည် ဟင်းလင်းပြင်နှင့် တူ၏။ ထို့ကြောင့် သင်တို့သည် မမေ့မလျော့ခြင်းငှာ သင့်၏"

"အရှင်ဘုရား၊ တပည့်တော်တို့အား ထိုထက် ပို၍ ကျဉ်းမြောင်းသော အရာ ရှိပါသေး၏"

"လက်သမားကြီးတို့၊ သင်တို့အား ထို့ထက် ပို၍ ကျဉ်းမြောင်းသော အရာကား အဘယ်ပါနည်း"

"အရှင်ဘုရား၊ တပည့်တော်တို့သည် ကောသလမင်းကြီး ဥယျာဉ်တော်သို့ ထွက်လိုသောအခါ မင်းကြီး၏စီးတော်ဆင်တို့ကို တန်ဆာတင်၍ မင်း၏မိဖုရားတို့ကို ရှေ့တယောက်၊ နောက်တယောက် တင်ကြရပါသည်။ နံ့သာလိမ်းခြယ်ထားသော ထိုမိဖုရားတို့၏အနံ့သည် ဖွင့်လှစ်ခါစဖြစ်သော နံ့သာကြုတ်မှ အနံ့ကဲ့သို့ မွှေးကြိုင်လှပါသည်။ ထိုမိဖုရားတို့၏ကိုယ်အတွေ့မှာလည်း ဝါဂွမ်းစိုင် လဲမွေ့စိုင်ကဲ့သို့ နူးညံ့လှပါသည်။ ထိုအချိန်၌ တပည့်တော်တို့သည် ဆင်ကို လည်းကောင်း၊ ထိုမိဖုရားတို့ကိုလည်းကောင်း၊ မိမိကိုယ် မိမိလည်းကောင်း စောင့်ထိန်းကြရပါသည်။ တပည့်တော်တို့သည် ထိုမိဖုရားတို့အပေါ်၌ ယုတ်ညံ့သောစိတ်ကို မဖြစ်စေခဲ့ကြဖူးပါ။ အရှင်ဘုရား၊ ဤသို့ စောင့်ထိန်းခြင်းသည် တပည့်တော်တို့အတွက် ပို၍ကျပ်တည်း ကျဉ်းမြောင်းလှပါသည်"

"လက်သမားတို့၊ အိမ်ယာထောင်သော လူ့ဘောင်သည် ကျဉ်းမြောင်း၏။ မြူမှုန်ထရာ လမ်းနှင့်တူ၏။ ရဟန်းအဖြစ်သည် ဟင်းလင်းပြင်နှင့် တူ၏။ ထို့ကြောင့် သင်တို့သည် မမေ့မလျော့ခြင်းငှာ သင့်၏။ လက်သမားတို့၊ ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ ဝန်တိုခြင်း ကင်းသောစိတ်ဖြင့် ပေးလှူခြင်း၊ ခွဲခြမ်းဝေဖန်မှု၌ မွေ့လျော်သည်ဖြစ်၍ အိမ်ထောင်ကို ဦးစီးနေခြင်း ဟူသော တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ဖောက်ပြန်စွာ ကျရောက်ခြင်း သဘောမရှိသော၊ ကျေန် မြဲသော၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန် ဖြစ်၏။

"လက်သမားတို့၊ သင်တို့သည် ဘုရား၊ တရား၊ သံဃာတို့၌ ကြည်ညိုခြင်း နှင့် ပြည့်စုံကုန်၏။ အိမ်၌ရှိသော လှူဖွယ်ဝတ္ထုဟူသမျှကို သီလရှိသော၊ အကျင့်ကောင်းသော ပုဂ္ဂိုလ်တို့နှင့် သီးခြားမခွဲပဲ အညီအမျှ သုံးဆောင်ကြကုန်၏။ လက်သမားတို့၊ ဤကောသလတိုင်းအတွင်း၌ ပေးလှူခြင်း၊ ဝေဖန် ခွဲခြမ်း၍ ပေးခြင်းအရာ၌ သင်တို့နှင့်တူညီသူ မည်မျှရှိသည်ဟု သင်တို့ထင်ကြ သနည်း"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ထိုသက်သမာ-ဆရာ နှစ်ယောက်တို့သည် "ဗုဒ္ဓမြတ်စွာသည် တပည့်တော်တို့အကြောင်းကို ဤမျှသိမြင်တော်မူ၏။ တပည့်တော်တို့ကား အရတော်ပေစွ"ဟု ဝမ်းမြောက်စွာ လျှောက်ကြားကြလေသည်။

## ၇။ ဝေဠုဒွာရေယျသုတ်

[ဝေဠုဒွာရရွာသားတို့အား ဟောကြားချက်]

၁၀၁၃။ အခါတပါး၌ ဗုဒ္ဓသည် ကောသလတိုင်းအတွင်း၌ ဒေသစာရီ လှည့်လည်စဉ် ဝေဠုဒွာရမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်လေ၏။ ဗုဒ္ဓ ကြွလာကြောင်း ကြားသိသော ဝေဠုဒွာရရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဗုဒ္ဓထံချဉ်းကပ်၍ ပဋိသန္ထာရစကား လျှောက်ကြားခြင်း၊ အရိုအသေပေးခြင်း များ ပြုလုပ်ကြပြီး မိမိတို့အား တရားဟောရန် လျှောက်ထား တောင်းပန် ကြလေသည်။

"အရှင်ဂေါတမ၊ ကျွန်ုပ်တို့သည် သားသမီးတို့ဖြင့် ကျဉ်းကျပ်သော အိမ်ထောင်ကို ဦးစီးလျက် ကာသိတိုင်းထွက် စန္ဒကူးနံ့သာကိုလည်း ခံစား လိုကြပါကုန်၏။ ပန်းနံ့သာကိုလည်း ပန်ဆင်လိမ်းကျံလိုကြပါကုန်၏။ ရွှေငွေကိုလည်း သာယာလိုကြပါကုန်၏။ သေသောအခါ၌လည်း နတ်ပြည်သို့ ရောက်လိုကြပါကုန်၏။ အရှင်ဂေါတမ ဤကဲ့သို့သော တောင့်တခြင်းရှိသော ကျွန်ုပ်တို့အား တောင့်တတိုင်းဖြစ်နိုင်သော တရားနည်းလမ်းကို ဟောကြား ပါလော"

"သူကြွယ်တို့၊ ငါသည် သင်တို့အား မိမိ၌ဆောင်အားထိုက်သော တရားကို[၁] ဟောကြားအံ့၊ ကောင်းစွာ နာယူကြကုန်လော့။ သူကြွယ်တို့၊ ဤလောက၌ အရိယာတပည့်သည် ဤသို့ ဆင်ခြင်စဉ်းစား၏။ 'ငါသည် အသက်ရှင်ခြင်း၊ ချမ်းသာခြင်းကို လိုလား၏။ ဆင်းရဲခြင်းကို မနှစ်သက်၊ အသက်ရှင်နေလိုလား သော ငါ့အား သူတပါးက သတ်ဖြတ်ခြင်းကို ငါမနှစ်သက်သကဲ့သို့ အသက် ရှင်မှန်လိုလားသော သူတပါးအား ငါက သတ်ဖြတ်ခြင်းကိုလည်း သူတပါးက လိုလားမည် မဟုတ်။ ငါမနှစ်သက်သောအရာကို သူတပါး မနှစ်သက်သကဲ့သို့ သူတပါး မနှစ်သက်သောအရာကိုလည်း ငါမနှစ်သက်ချေ။ ငါသည် အဘယ် ကြောင့် သူတပါးအား ငါမနှစ်သက်သော အရာနှင့် ယှဉ်စေရအံ့နည်း"

---

၁။ အတ္တုပနာယိကဓမ္မ အတ္တနိဥပနေတဗ္ဗ"။ အဋ္ဌကထာ၊ မိမိနှင့်စပ်နော၍ ကျင့် သုံးအပ်သော တရားဟု ဆိုလိုသည်။

ထိုအရိယာတပည့်သည် ဤသို့ ဆင်ခြင်စဉ်းစားပြီး မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန် ဆောက်တည်စေ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ချီးကျူးပြောဆို၏။ ဤသို့လျှင် ထိုအရိယာတပည့်၏ ကိုယ်အကျင့်သည် အစွန်းသုံးပါးအားဖြင့် စင်ကြယ်လေ၏။

(သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယား ပြစ်မှားခြင်း၊ မုသားပြောခြင်း၊ ကုန်းချောစကား ပြောခြင်း၊ ကြမ်းတမ်းသောစကားကို ပြောခြင်း၊ သိမ်ဖျင်းသော စကားကို ပြောခြင်းတို့၌လည်း အလားတူ ဟောကြား၏။)

"ထိုအရိယာတပည့်သည် ဘုရား၌ ယုံကြည်ခြင်း၊ တရား၌ ယုံကြည်ခြင်း၊ သံဃာ၌ ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။

"သူကြွယ်တို့၊ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းစသော တရားခုနစ်ပါးတို့နှင့်လည်းကောင်း၊ ဘုရား၌ ကြည်ညိုခြင်း စသည်၌ လိုလားတောင့်တ အပ်သော အကြောင်းလေးပါးတို့နှင့်လည်းကောင်း ပြည့်စုံသော အရိယာတပည့်သည် အလိုရှိခဲ့သော် မိမိကိုယ်မိမိ ဤသို့ ထုတ်ဖော်ပြောကြားနိုင်၏။ 'ငါသည် ငရဲဘဝကုန်ပြီးသူ၊ တိရစ္ဆာန်ဘဝကုန်ပြီးသူ၊ ပြိတ္တာဘဝကုန်ပြီးသူ၊ အပါယ် ဒုဂ္ဂတိသို့ ကျရောက်ခြင်း ကုန်ပြီးသူ ဖြစ်၏။ ငါသည် ဖောက်ပြန်စွာ ကျရောက်ခြင်းသဘောမရှိသော၊ ကေန်မြဲသော၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန် ဖြစ်၏"

ဗုဒ္ဓက ဤသို့ ဟောကြားသောအခါ ဝေဠုဒွါရ ရွာသား ပုဏ္ဏား သူကြွယ်တို့သည် ထိုဟောကြားချက်ကို လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားကြလေသည်။

## ဂ။ ပထမ ဂိဉ္ဇကာ ဝသထသုတ်

### [အုတ်ကျောင်း၌ ဟောကြားသော တရားကြေးမုံ]

၁၀၀၄။ ဉာတိကရွာ အုတ်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် ရှင်အာနန္ဒာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဉာတိကာရွာ၌ ကွယ်လွန်သွားသော သာဠှမည်သော ရဟန်း၊ နန္ဒာမည်သော ဘိက္ခုနီ၊ သုဒတ္တ မည်သော ဥပါသကာ၊ သုဇာတာ မည်သော ဥပါသိကာ တို့၏ လားရာဂတိကို မေးလျှောက်၏။ ဗုဒ္ဓက ထိုပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်တို့ကို အသီးသီး မျက်မှောက်ပြုသွား ကြ ကြောင်း ဖြေကြားတော်မူ၏။ ထို့နောက်တဖန် ဗုဒ္ဓက လူသေတိုင်း ထိုသူ၏ လားရာဂတိကို မေးနေလျှင် ပင်ပန်းရုံသာ ရှိကြောင်း မိန့်ကြား၍ တရား

ကြေးမုံမည်သော ဒေသနာကို ဟောတော်မူ၏။ တရားကြေးမုံ ဟူသည် မိမိကိုယ်မိမိ အပါယ်လေးဘုံသို့ ကျရောက်ခြင်း ကုန်ဆုံး၍ မြဲသောလားရာ ဂတိရှိသော သောတာပန် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားနိုင်ရန် နည်းလမ်းကို ညွှန်ပြသော ဒေသနာဖြစ်၏။ ထိုဒေသနာအရ ဘုရား၊ တရား၊ သံဃာတို့၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလ ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် မိမိကိုယ်မိမိ အပါယ်လေးပါးသို့ ကျရောက်ခြင်းမှ ကင်းလွတ်သည့် သောတာပန်ဖြစ်ပြီဟု ထုတ်ဖော်ပြောကြား နိုင်ပေသည်။

၁၀၀၅။ ဒုတိယ ဂိဉ္ဇကာဝသထသုတ်၌ ရှင်အာနန္ဒာက ဉာတိကရွာ၌ ကွယ်လွန်သွားသည့် အသောကမည်သော ရဟန်း၊ သော ပုဂ္ဂိုလ်လေးယောက်တို့၏ လားရာဂတိကို မေးလျှောက်ရာ ဗုဒ္ဓက ယင်းအမေးကို ဖြေကြားပြီး တရားကြေးမုံကို ဟောကြားသည်။

၁၀၀၆။ တတိယ ဂိဉ္ဇကာဝသထသုတ်၌ ဉာတိကရွာမှ ကွယ်လွန်သွားသည့် (၅၅၀) ကျော်မျှသော ဥပါသကာတို့၏ လားရာ ဂတိကို မေးလျှောက်ရာ ဗုဒ္ဓက ထိုအမေးကို ဖြေပြီး တရားကြေးမုံကို ဟောကြား၏။

## ၂။ ရာဇကာ ရာမဝဂ်

### ၁။ သဟဿ ဘိက္ခုနီ သံဃသုတ်

[ဘိက္ခုနီ တထောင်အား ဟောကြားချက်]

၁၀၀၇။ သာဝတ္ထိပြည် မင်းကျောင်း၌ သီတင်းသုံးစဉ် ဘိက္ခုနီတထောင်တို့အား သောတာပန် ပုဂ္ဂိုလ်၏ အင်္ဂါလေးပါးကို ဟောကြားသည်။

### ၂။ ဗြာဟ္မဏသုတ်

[ပုဏ္ဏားတို့ ဆောက်တည်သောအကျင့်]

၁၀၀၇။ ရဟန်းတို့၊ ပုဏ္ဏားတို့သည် ကြီးပွားခြင်းသို့ ရောက်ကြောင်း အကျင့်မည်သည်ကို ပညတ်ကြကုန်၏။ ထိုပုဏ္ဏားတို့သည် တပည့်ကို ဤသို့ ဆောက်တည်စေကြကုန်၏။ "အချင်းတပည့်၊ သင်သည် နံနက်စောစော ထ၍ အရှေ့အရပ်သို့ ရှေးရှုသွားလော၊ သင်သည် ချောက်ကို မရှောင်လင့်၊ ကမ်းပါးပြတ်ကို မရှောင်လင့်၊ သစ်ငုတ်ကို မရှောင်လင့်၊ ဆူးကို မရှောင်လင့်၊ တန်စီးတွင်း၊ တန်စီးအိုင်တို့ကို မရှောင်လင့်၊ ကျရာအရပ်၌ပင် သေခြင်းကို

လိုလား တောင့်တရာ၏။ အချင်းတပည့်၊ သင်သည် ဤသို့ ကျင့်ခဲ့သော် သေပြီးနောက်ဘွင် သုဂတိနတ်ပြည်သို့ ရောက်လိမ့်မည်။

ရဟန်းတို့၊ ပုထုဇဉ်တို့၏ ထိုအကျင့်သည် မိုက်မဲတွေဝေ သူတို့၏ သွားရာလမ်းဖြစ်၏။ ငြိမ်းငွေ့ခြင်း၊ ဆင်းရဲ ငြိမ်းခြင်းငှာ မဖြစ်။ ရဟန်းတို့၊ ငါသည်လည်း အရိယာ အဆုံးအမ၌ ကြီးပွားခြင်းသို့ ရောက်ခြင်း ဖြစ်သောအကျင့်ကို ပညတ်၏။ ထိုအကျင့်သည် ငြိမ်းငွေ့ခြင်း၊ ဆင်းရဲငြိမ်းခြင်း ငှာ ဖြစ်၏။ထို အကျင့်သည် အဘယ်နည်း ဆိုသော် ဘုရား၌ သက်ဝင် ယုံကြည်ခြင်း၊ တရား၌ သက်ဝင် ယုံကြည်ခြင်း၊ သံဃာ၌ သက်ဝင် ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်းတို့ပင်ဖြစ်ပေ၏။

## ၃။ အာနန္ဒတွေရသုတ်

[ရှင်သာရိပုတ္တရာ အမေးနှင့် ရှင်အာနန္ဒာ၏ အဖြေ]

၁၀၀၉။ ရှင်သာရိပုတ္တရာ၏ အမေးကို ရှင်အာနန္ဒာက ဖြေကြားခြင်း ဖြစ်၏။

“ငါ့ရှင် အာနန္ဒာ၊ အဘယ်မျှသော တရားတို့ကို ပယ်၍ အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သောတာပန်ဟု မြွက်ကြားအပ်ပါသနည်း”

“အရှင် သာရိပုတ္တရာ၊ လေးပါးသော တရားတို့ကို ပယ်၍ လေးပါးသော တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သောတာပန်ဟု မြွက်ကြားအပ်ပါသည်။ ပယ်အပ် ပြည့်စုံစေအပ်သော လေးပါးသော တရားဟူသည် အဘယ်နည်း ဆိုသော် ဘုရား၌ မကြည်ညိုခြင်းကို ပယ်၍ ဘုရား၌ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ တရား၌ မကြည်ညိုခြင်းကို ပယ်၍ တရား၌ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ သံဃာ၌ မကြည်ညိုခြင်းကို ပယ်၍ သံဃာ၌ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ သီလပျက်ခြင်းကို ပယ်၍ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင် တို့ ဖြစ်ပါသည်”

၁၀၁၀-၁၀၁၁။ ပထမနှင့်ဒုတိယ ဒုဂ္ဂတိဘယသုတ်တို့၌ ဘုရား၌ ကြည်ညိုခြင်းစသော တရားလေးပါးနှင့် ပြည့်စုံသော အရိယာ တပည့်သည် မကောင်းသော ဘုံဘဝသို့ ကျရောက်ခြင်းကို လွန်မြောက်ပြီး ဖြစ်ကြောင်း ဟောကြားသည်။

## ၆။ ပထမ မိတ္တာမစ္စသုတ်များ

[မိတ်ဆွေတို့အား ဆောက်တည်စေအပ်သော တရား]

၁၀၁၂။ ရဟန်းတို့၊ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက် ဆွေမျိုး သွေးချင်း စသော အကြင်သူတို့ကို သင်တို့သည် သနားကြင်နာကုန်၏။ အကြင် သူတို့သည်လည်း သင်တို့၏ စကားကို နားယူထိုက်၏ဟု မှတ်ထင်ကုန်၏။ ထိုသူတို့ကို သင်တို့သည် ဘုရား၌ ကြည်ညိုခြင်း စသော သောတာပန်၏ အင်္ဂါလေးပါးတို့၌ တည်စေအပ်ကုန်၏။

၁၀၁၃။ ဒုတိယသုတ်၌ "ရဟန်းတို့၊ မဟာဘုတ်လေးပါးတို့၏ တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန် ပြောင်းလဲသွားခြင်းသည် ဖြစ်ကောင်း ဖြစ်ရာ၏။ ဘုရား၌ ကြည်ညိုခြင်းစသော တရားလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်၏ တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်ပြောင်းလဲသွားခြင်းသည်ကား လုံးဝမဖြစ်နိုင်ချေ။ ထိုအရိယာ တပည့်သည် ငရဲ တိရစ္ဆာန် ပြိတ္တာ ဘုံများသို့ ကျရောက်ရန် အကြောင်း မရှိတော့ချေ"ဟု ဟောကြားသည်။

## ၈။ ပထမ ဒေဝစာရိက သုတ်

[ရှင်မောဂ္ဂလ္လာန် နတ်ပြည်သို့ကြွ၍ တရားဟောခြင်း]

၁၀၁၄။ အခါတပါး၌ ရှင်မဟာ မောဂ္ဂလ္လာန်သည် တာဝတိံသာ နတ်ပြည်သို့ ကြွ၍ နတ်အပေါင်းအား အောက်ပါတရားကို ဟောကြားခဲ့လေသည်။

"အချင်းတို့၊ ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းသည် ကောင်း၏။ ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းဟူသော အကြောင်းကြောင့် အချို့သော သတ္တဝါတို့သည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြ ကုန်၏။ အချင်းတို့၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်းသည် ကောင်း၏။ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်း ဟူသောအကြောင်းကြောင့် အချို့သော သတ္တဝါတို့သည် သေလွန်သောအခါနတ်ပြည်သို့ ရောက်ကြကုန်၏"

၁၀၁၅။ ဒုတိယ ဒေဝစာရိကသုတ်သည် ပထမသုတ်နှင့်တူ၏။ တတိယသုတ်၌ ဗုဒ္ဓကိုယ်တိုင် ကြွ၍ ဟောသည်။

## ၃။ သရဏာနိဝဂ်

## မဟာနာမသုတ်

### [မဟာနာမ်အား ဟောကြားချက်]

၁၀၁၇။ ကပိလဝတ်ပြည်နိဂြောဓာရုံကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် မဟာနာမ် မည်သော သာကီဝင်မင်းသားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ ဤကပိလဝတ်မြို့တော်သည် စည်ပင်ဝပြော၍ များသော လူဦးရေရှိပါသည်။ လူမျိုးစုံရောပြွမ်း၍ ကျဉ်းသော လမ်းတို့များလည်း ရှိပါသည်။ တပည့်တော်သည် တခါတရံ မြတ်စွာဘုရားနှင့် ရဟန်း သံဃာတို့ကို ဆည်းကပ် ဖူးမြော်ပြီး ကပိလဝတ် မြို့တွင်းသို့ ဝင်သည်ရှိသော် လှည့်လည် ပြေးသွားနေသော ဆင်း၊ မြင်း၊ ရထားတို့နှင့် ရင်ဆိုင်တွေ့ဆုံ ရတတ်ပါသည်။ ထိုအခါ တပည့်တော်အား ဘုရား၊ တရား၊ သံဃာကို အောက်မေ့ ဆင်ခြင်ခြင်းသည် မေ့ပျောက် သွားတတ်ပါသည်။ 'ဒီလိုအချိန်မျိုးမှာ ငါသေသွားယင် ဘယ်ဘဝကို ရောက်မလဲ' ဟူ၍ လည်း တပည့်တော် ကြံစည်စဉ်းစားမိပါသည်"

ထိုအခါ ဗုဒ္ဓက မဟာနာမ်အား ဤသို့ မိန့်ကြားတော်မူ၏။

"မဟာနာမ်၊ မကြောက်ပါလင့်၊ သင့်အား မယုတ်ညံ့သော သေခြင်းသည် ဖြစ်ပါလိမ့်မည်။ သဒ္ဓါသီလစသည်တို့ဖြင့် ကြာမြင့်စွာ ထုံအပ်သော စိတ်ရှိသူ၏ ကိုယ်ခန္ဓာသည် ကျီးလင်းတတို့၏ အစာဖြစ်သော်လည်း ထိုသူ၏ စိတ်သည်ကား အထက်သို့ တက်သွားလတ္တံ့။ မဟာနာမ်၊ ဥပမာကား နက်သော ရေအိုင်ထဲ၌ ထောပတ်အိုး၊ ဆီအိုးများ ကွဲကျသည်ရှိသော် အိုးခြမ်းကွဲများသည် ရေအောက်သို့ နစ်သွားသော်လည်း ထောပတ်နှင့် ဆီတို့ကား ရေပေါ်၌ တက်၍ တည်သကဲ့သို့ ဖြစ်၏"

၁၀၁၈။ ဒုတိယမဟာနာမ သုတ်၌ မဟာနာမ်က အထက်သုတ်နည်းတူ လျှောက်ကြားရာ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။ 'မဟာနာမ် မကြောက်လင့်၊ သင့်အား ယုတ်ညံ့သော သေခြင်းသည် ဖြစ်လိမ့်မည်မဟုတ်၊ မဟာနာမ်၊ အရှေ့ဘက်သို့ ကိုင်းညွတ်နေသော သစ်ပင်သည် အမြစ်ပြတ်၍ လဲကျသည် ရှိသော် အရှေ့ဘက်သို့သာ လဲကျရာ သကဲ့သို့ ထို့အတူဘုရား၌ ကြည်ညိုခြင်း စသော တရားလေးပါးနှင့် ပြည့်စုံသော အရိယာ တပည့်သည် နိဗ္ဗာန်လျှင် ညွတ်ယိမ်း ကိုင်းရှိုင်းရာ ရှိပေ၏။

## ၃။ ဂေါဓသက္ကသုတ်

### [ဂေါဓနှင့် မဟာနာမ် တို့၏ ဆွေးနွေးခြင်း]

၁၀၁၉။ ကပိလဝတ်ပြည်မှ မဟာနာမ် မည်သော သာကီဝင် မင်းသား သည် ဂေါဓမည်သော သာကီဝင် မင်းသားထံသို့ သွား၍ သောတာပန် ပုဂ္ဂိုလ်နှင့် စပ်လျဉ်းသော အကြောင်းများကို မေးမြန်း ဆွေးနွေးလေသည်။

"အချင်းဂေါဓ၊ သင်သည် အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း မရှိပဲ ကိန်းသေမြဲသော အထက် မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန် ပုဂ္ဂိုလ်ဟု ဝန်ခံပါသနည်း"

"အချင်း မဟာနာမ်၊ ငါသည် ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည် ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း ဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို သောတာပန်ပုဂ္ဂိုလ်ဟု ဝန်ခံပေ၏။ အချင်းမဟာနာမ် သင်သည်ကား အဘယ် မျှသော တရားတို့နှင့် ပြည့်စုံသူကို သောတာပန်ဟု ဝန်ခံပါသနည်း"

"အချင်း ဂေါဓ၊ ငါသည် ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညို ခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလဟူသော တရားလေးပါးနှင့် ပြည့်စုံသူကို သောတာပန်ဟု ဝန်ခံပေ၏"

ဤသို့ မဟာနာမ်က ပြောကြားသောအခါ မင်းသား နှစ်ပါးတို့သည် "အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသူသည် သောတာပန် ဖြစ်ကြောင်းကို မြတ်စွာဘုရားသာလျှင် သိတော်မူဖွယ် ရှိ၏" ဟု စဉ်းစား ကြံစည်မိကြသဖြင့် ဗုဒ္ဓထံချဉ်းကပ်၍ မိမိတို့နှစ်ယောက် ပြောဆိုဆွေးနွေးခဲ့ကြပုံကို လျှောက်ကြား ကြသည်။

"အရှင်ဘုရား၊ ဤလောက၌ တစုံတခုသော ငြင်းခုံမှုဖြစ်ပေါ်၍ မြတ်စွာ ဘုရားကတဘက်၊ ရဟန်းသံဃာအပေါင်းကတဘက် ဖြစ်ခဲ့သော် တပည့်တော် သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ မြတ်စွာဘုရားက တဘက်၊ နတ် ဗြဟ္မာအပေါင်းနှင့် တကွသော တလောကလုံးက တဘက်ဖြစ်ခဲ့လျှင်လည်း တပည့်တော်သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ မြတ်စွာဘုရားသည် တပည့်တော်အား မြတ်စွာဘုရား၌ ဤမျှကြည်ညိုသူဟူ၍ မှတ်ယူတော်မူပါ လော"

ဤသို့ မဟာနာမ်က လျှောက်ကြားသောအခါ ဗုဒ္ဓက ဂေါဓအား "အချင်း ဂေါဓ၊ ဤသို့ ပြောဆိုသော မဟာနာမ်ကို သင် မည်သို့ ပြောမည် နည်း" ဟု မေးတော်မူ၏။ ဂေါဓကလည်း "အရှင်ဘုရား၊ အပြစ်ကင်းစင်

ကောင်းမွန်ကြောင်းမှတပါး တပည့်တော် မည်သို့မျှ ပြောရန်မရှိပါ" ဟု ဖြေကြားလေသည်။

## ၄။ သရဏာနိသက္ကသုတ်

[သရဏာနိသာကီဝင်နှင့် စပ်သော ဟောကြားချက်]

၁၀၂၀။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် သရဏာနိမည်သော သာကီဝင်မင်းသား ကွယ်လွန်သွားရာ ထိုမင်းသားသည် အပါယ်ဘုံသို့ ကျရောက်ခြင်းမရှိသော သောတာပန် ဖြစ်ကြောင်း ဗုဒ္ဓက ဟောကြားတော်မူ၏။ ထိုအခါ သာကီဝင်မျိုး များစွာက "အကျင့်သိက္ခာ၌ အားနည်း၍ သေအရက်ကိုပင် သောက်ခဲ့သော သရဏာနိသည် သောတာပန် ဖြစ်ခဲ့သော် အခြားဘယ်သူ သောတာပန်မဖြစ်ပဲ ရှိမည်နည်း" ဟူ၍ ကဲ့ရဲ့ကြလေသည်။ မဟာနာမ်မည်သော သာကီဝင်သည် ထိုသူတို့၏ ကဲ့ရဲ့စကားကို ကြားလျှင် ဗုဒ္ဓထံသွား၍ လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

မဟာနာမ်၊ ဘုရား၊ တရား၊ သံဃာတို့ကို ရှည်မြင့်စွာ ကိုးကွယ်ဆည်းကပ်သူသည် အပါယ်လေးပါးသို့ ကျရောက်ဖွယ်မရှိ၊ မဟာနာမ်၊ သရဏာနိမည်သော သာကီဝင်သည် ဘုရား၊ တရား၊ သံဃာတို့ကို ရှည်မြင့်စွာ ကိုးကွယ်ဆည်းကပ်ခဲ့သူ ဖြစ်၏။ သူသည် အပါယ်လေးပါးသို့ ကျရောက်ဖွယ် မရှိ။

မဟာနာမ် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာတို့၌ စွဲမြဲစွာ သက်ဝင်ယုံကြည်၏။ ရွှင်သောပညာ၊ လျင်သောပညာနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် အာသဝေါကင်းသော လွတ်မြောက်မှုကို မျက်မှောက်ပြု၍ နေနိုင်၏။ ဤပုဂ္ဂိုလ်သည် အပါယ်ဘုံသို့ ကျရောက်ခြင်းမှ လွတ်မြောက်ပြီးသူ ဖြစ်၏။

မဟာနာမ်၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာတို့၌ စွဲမြဲစွာ သက်ဝင်ယုံကြည်၏။ ရွှင်သောပညာ၊ လျင်သောပညာရှိ၏။ လွတ်မြောက်ခြင်းနှင့်ကား မပြည့်စုံ၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် ဤကာမဘုံသို့ မပြန်လာတော့ပဲ ထိုဗြဟ္မာဘုံ၌ပင် ဘဝဇာတ် ချုပ်ငြိမ်းသူ ဖြစ်၏။ ဤပုဂ္ဂိုလ်သည်လည်း အပါယ်ဘုံသို့ ကျရောက်ခြင်းမှ လွတ်မြောက်ပြီးသူ ဖြစ်၏။

မဟာနာမ်၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာတို့၌ စွဲမြဲစွာ သက်ဝင်ယုံကြည်၏။ ရွှင်သောပညာ၊ လျင်သောပညာ

မရှိ၊ လွတ်မြောက်ခြင်းနှင့်လည်း မပြည့်စုံ၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ်သုံးပါး ကုန်ပြီး ရာဂ၊ ဒေါသ၊ မောဟများလည်း ခေါင်းပါးခြင်းကြောင့် သကဒါဂါမ်အဖြစ်သို့ ရောက်၍ အပါယ်ဘုံသို့ ကျရောက်ခြင်းမှ လွတ်မြောက်ပြီးသူ ဖြစ်၏။

မဟာနာမ်၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာတို့၌ စွဲမြဲစွာ သက်ဝင်ယုံကြည်၏။ ရွှင်သောပညာ၊ လျင်သောပညာ မရှိ၊ လွတ်မြောက်ခြင်းနှင့်လည်း မပြည့်စုံ၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ်သုံးပါး ကုန်ခြင်းကြောင့် ဖောက်ပြန်စွာ ကျရောက်ခြင်း မရှိပဲ ကိန်းသေ မြဲသော သောတာပန်ဖြစ်၏။ ဤပုဂ္ဂိုလ်သည်လည်း အပါယ်ဘုံသို့ ကျရောက်ခြင်းမှ လွတ်မြောက် ပြီးသူဖြစ်၏။

မဟာနာမ်၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာတို့၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်း မရှိ။ ရွှင်သောပညာ၊ လျင်သော ပညာလည်း မရှိ၊ လွတ်မြောက်ခြင်းနှင့်လည်း မပြည့်စုံ၊ သို့သော် ထိုပုဂ္ဂိုလ်အား သဒ္ဓါ ဝီရိယစသော ဣန္ဒြေငါးပါး ထင်ရှားရှိ၏။ မြတ်စွာဘုရား ဟောကြားအပ်သော တရားတို့ကိုလည်း ပညာဖြင့် နှိုင်းဆ ဆင်ခြင်နိုင်၏။ ဤပုဂ္ဂိုလ်သည်လည်း အပါယ်ဘုံသို့ မသွားတော့ချေ။

မဟာနာမ်၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာ တို့၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း မရှိ၊ ရွှင်သောပညာ၊ လျင်သော ပညာ မရှိ။ လွတ်မြောက်ခြင်းနှင့်လည်း မပြည့်စုံ၊ သို့သော် ထိုပုဂ္ဂိုလ်အား သဒ္ဓါ ဝီရိယစသော ဣန္ဒြေ ငါးပါးတို့သည် ထင်ရှားရှိကုန်၏။ မြတ်စွာ ဘုရား၌လည်း ယုံကြည်ခြင်း၊ ချစ်ခင်ခြင်းမျှသည်ရှိ၏။ ဤပုဂ္ဂိုလ်သည်လည်း အပါယ်ဘုံသို့ မသွားတော့ချေ။

မဟာနာမ်၊ အကယ်၍ ဤအင်ကြင်းပင်ကြီးတို့သည် ကောင်းသောစကား မကောင်းသော စကားတို့ကို သိကုန်ငြားအံ့၊ ငါသည် ဤအင်ကြင်းပင်ကြီး တို့ကို ဖောက်ပြန်စွာ ကျရောက်ခြင်း မရှိသော သောတာပန်များဟူ၍ မိန့်ကြား ပေရာ၏။ သရဏာနိ မည်သော သာကီဝင်မင်းကိုမူ အထူးဆိုဖွယ် မရှိပေ။ မဟာနာမ်၊ သရဏာနိ မည်သော သာကီဝင် မင်းသည် သေခါနီးတွင် အကျင့်သိက္ခာကို ဆောက်တည်ခဲ့၏။

၁၀၂၁။ ဒုတိယ သရဏာနိသုတ်တွင် ကွယ်လွန်သွားသည့် သရဏာနိမည် သော သာကီဝင် မင်းသားအား ဗုဒ္ဓက သောတာပန်ဟု ဟောကြားခဲ့ရ "အကျင့် သိက္ခာကို ဖြည့်ကျင့်ခြင်း မပြုသော သရဏာနိသည် အဘယ်သို့

လျှင် သောတာပန် ဖြစ်နိုင်အံ့နည်း” ဟူ၍ အခြားသော သာကီဝင်မင်းတို့က ကဲ့ရဲ့ကြသည်။ ထိုအကြောင်းကို မဟာနာမ်က ဗုဒ္ဓအား လျှောက်ကြားသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားစေလေသည်။

မဟာနာမ်၊ ဘုရား၊ တရား၊ သံဃာတို့ကို ရှည်မြင့်စွာ ကိုးကွယ်ဆည်းကပ်သော ဥပါသကာသည် အပါယ်သို့ ကျရောက်ဖွယ် မရှိ၊ မဟာနာမ်၊ သရဏာနိသည် ဘုရား၊ တရား၊ သံဃာတို့ကို ရှည်မြင့်စွာ ကိုးကွယ်ဆည်းကပ်ခဲ့သူဖြစ်၏။

(ထို့နောက် အပါယ်ကျခြင်းမှ လွတ်မြောက်သည့် အခြားပုဂ္ဂိုလ်များကို ရွေးသုတ်နည်းတူ ဟောကြားပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြား၏)

“မဟာနာမ်၊ မကောင်းသော လယ်မြေ၌ ပုပ်သောမျိုးစေ့တို့ကို စိုက်ပျိုးခဲ့သော် မိုးကောင်းစွာ ရွာသွန်းငြားသော်လည်း ထိုမျိုးစေ့တို့သည် စည်ပင် ဖြစ်ထွန်းမည် မဟုတ်၊ မဟာနာမ်၊ မကောင်းသဖြင့် ဟောကြားအပ်သော တရားကို မကောင်းသော လယ်မြေဟု ငါဆို၏၊ ထိုမကောင်းသော တရား၌ ရှိသေစွာ ကျင့်ကြံအားထုတ် သူကို မကောင်းသော မျိုးစေ့ဟု ငါဆို၏။ မဟာနာမ်၊ ကောင်းသော လယ်မြေ၌ ကောင်းမြင်သော မျိုးစေ့တို့ကို စိုက်ပျိုး၍ မိုးကောင်းစွာ ရွာသွန်းခဲ့သော် ထိုမျိုးစေ့တို့သည် စည်ပင် ဖြစ်ထွန်းကုန်ရာ၏၊ မဟာနာမ်၊ ကောင်းစွာ ဟောကြားအပ်သော တရားကို ကောင်းသော လယ်မြေဟု ငါဆို၏။ ထိုကောင်းစွာ ဟောကြား အပ်သော တရား၌ ကောင်းစွာ ကျင့်သူကို ကောင်းသော မျိုးစေ့ဟု ငါဆို၏၊ မဟာနာမ်၊ သရဏာနိ မည်သော သာကီဝင်မင်းသည် သေခါနီး အချိန်၌ အကျင့်သိက္ခာကို ဖြည့်ကျင့်ခဲ့ပေ၏”

## ၆။ ပထမအနာထပိဏ္ဍိကသုတ်

[အနာထပိဏ်သဌေးအား ရှင်သာရိပုတ္တရာ ဆုံးမခြင်း]

၁၀၂၂။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် အနာထပိဏ်သဌေးသည် သည်းထန်စွာ နာမကျန်းဖြစ်နေ၍ လူတယောက်ကို စေလွှတ်ကာ ရှင်သာရိပုတ္တရာအား ပင့်ဖိတ်စေ၏။ ရှင်သာရိပုတ္တရာသည် ရှင်အာနန္ဒာအား နောက်လိုက် ရဟန်းအဖြစ်ဖြင့် ခေါ်ကာ အနာထပိဏ်သဌေး ထံသို့ ကြွလာပြီး ရောဂါသက်သာခြင်း ရှိမရှိ မေးမြန်း၏။ အနာထပိဏ်

သဒ္ဒေးက ရောဂါမသက်သာကြောင်း ပြောကြားသောအခါ ရှင်သာရိပုတ္တရာက ဩဝါဒစကား မိန့်ကြားတော်မူ၏။

သူကြွယ်၊ သင့်အား ဘုရား၊ တရား၊ သံဃာ၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းသည် ရှိ၏။ ထိုသက်ဝင်ယုံကြည်ခြင်းကို ကောင်းစွာရှုသော သင့်အား ရောဂါဝေဒနာတို့သည် တခဏချင်း ငြိမ်းပေရာ၏။

သူကြွယ်၊ သင့်အား အရိယာတို့ နှစ်သက်အပ်သော သီလသည် ရှိ၏။ ထိုသီလကို ကောင်းစွာရှုသော သင့်အား ရောဂါဝေဒနာသည် တခဏချင်း ငြိမ်းပေရာ၏။

သူကြွယ်၊ သင့်အား သေလွန်သောအခါ အပါယ်သို့ ကျရောက်ကြောင်းဖြစ်သော ဒိဋ္ဌိသည် မရှိ။ စင်စစ် သင့်အား သမ္မာဒိဋ္ဌိသည် ရှိ၏။ ထိုသမ္မာဒိဋ္ဌိကို ကောင်းစွာရှုသော သင့်အား ရောဂါဝေဒနာသည် တခဏချင်း ငြိမ်းပေရာ၏။

(သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ခုနစ်ပါးနှင့် သမ္မာဉာဏ်၊ သမ္မာဝိမုတ္တိတို့ဖြင့်လည်း နည်းတူဟော၏။)

ဤသို့ ရှင်သာရိပုတ္တရာက မိန့်ကြားသောအခါ အနာထပိဏ်သဒ္ဒေးအား တခဏချင်း ရောဂါဝေဒနာ ပျောက်ငြိမ်းလေ၏။ သဒ္ဒေးသည် အရှင်နှစ်ပါးအား မိမိအတွက် ချက်ထားသော ထမင်းဖြင့် ဆက်ကပ်လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော် ရှင်သာရိပုတ္တရာသည် သဒ္ဒေးအား တရားဂါထာတို့ဖြင့် အနုမောဒနာပြု၏။

မြတ်စွာဘုရား၌ ခိုင်မြဲသော ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်ချီးမွမ်းအပ်သော သီလ၊ သံဃာ၌ ကြည်ညိုခြင်း၊ ဖြောင့်မှန်သောအမြင်တို့နှင့် ပြည့်စုံသူကို သူဆင်းရဲမဟုတ်ဟု ဆိုကုန်၏။ ထိုသူ၏ အသက်ရှင်ခြင်းသည် အချည်းနှီးမဖြစ်။ ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမကို ဆင်ခြင် အောက်မေ့သော ပညာရှိသည် သဒ္ဓါ၊ သီလ ဖြောင့်မှန်သောအမြင်တို့နှင့် ပြည့်စုံရန် အားထုတ်သင့်၏။

ကျောင်းသို့ ပြန်ရောက်၍ ရှင်အာနန္ဒာက အကြောင်းစုံကို လျှောက်ကြားသောအခါ "သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါးကို ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဝေဖန်ဟောကြားနိုင်သော သာရိပုတ္တရာကား ပညာရှိပေစွ" ဟု ဗုဒ္ဓက ချီးကျူးလေသည်။

## ၇။ ဒုတိယ အနာထပိဏ္ဍိကသုတ်

[အနာထပိဏ်သဌေးအား ရှင်အာနန္ဒာ ဆုံးမခြင်း]

၁၀၂၃။ အနာထပိဏ်သဌေးသည် နာမကျန်းဖြစ်နေ၍ ရှင်အာနန္ဒာကို ပင့်ဖိတ်၏။ ရှင်အာနန္ဒာသည် သဌေးထံကြွသွားပြီး ရောဂါသက်သာခြင်း ရှိမရှိ မေးမြန်း၏။ ရောဂါမသက်သာကြောင်း သဌေးကလျှောက်သောအခါ ဩဝါဒစကား မိန့်ကြားတော်မူ၏။

"သူကြွယ်၊ ဘုရား၌ မကြည်ညိုခြင်း စသော တရားလေးပါးနှင့် ပြည့်စုံသော ပုထုဇဉ်အား ထိတ်လန့်တုန်လှုပ်ခြင်း၊ သေဘေးကို ကြောက်ခြင်းသည် ဖြစ်၏။ ဘုရား၌ ကြည်ညိုခြင်း စသော တရားလေးပါးနှင့် ပြည့်စုံသူအား ထိတ်လန့်တုန်လှုပ်ခြင်း၊ သေဘေးကို ကြောက်ခြင်းသည် မဖြစ်"

"အရှင်ဘုရား၊ တပည့်တော်သည် မကြောက်ပါ၊ တပည့်တော်သည် မြတ်စွာဘုရားနှင့် တရားသံဃာတို့၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံသူ ဖြစ်ပါသည်။ ထို့ပြင် တပည့်တော်သည် မြတ်စွာဘုရား ဟောကြားအပ်သော လူတို့နှင့်လျော်သော သိက္ခာပုဒ်တို့တွင် တစုံတခုသော သိက္ခာပုဒ်၌မျှ ကျိုးပေါက်ခြင်း မရှိပါ"

"သူကြွယ်၊ သင်ကား အရတော်လှပေ၏၊ သင်သည် သောတာပတ္တိဖိုလ်ကို ထုတ်ဖော် ပြောကြားအပ်ပေ၏"

## ၈။ ပဌမ ဘယဝေရူပသန္တသုတ်

[ဘေးရန်ငါးပါး ငြိမ်းအေးသူ]

၁၀၂၄။ ဗုဒ္ဓက အနာထပိဏ်သဌေးအား ဟောကြားချက် ဖြစ်သည်။

သူကြွယ်၊ အကြင်အရိယာတပည့်အား ဘေးရန်ငါးပါး ငြိမ်းအေးပြီး ဖြစ်၏။ သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါးနှင့်လည်း ပြည့်စုံ၏။ အရိယာလမ်းစဉ်ကိုလည်း ပညာဖြင့် ကောင်းစွာသိမြင်ပြီး ဖြစ်၏။ ထိုအရိယာတပည့်သည် အလိုရှိခဲ့သော် မိမိကိုယ်မိမိ အပါယ်သို့ ကျရောက်ခြင်း ကုန်ပြီးသော သောတာပန်ဟူ၍ ထုတ်ဖော်ပြောကြားနိုင်၏။

သူကြွယ်၊ ဘေးရန်ငါးပါးဟူသည် အဘယ်နည်းဆိုသော် သူ့အသက်ကို သတ်လေ့ရှိသူသည် ထိုသို့ သူ့အသက်ကို သတ်ခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်ကို ပွားစေ၏။ စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ထိုကဲ့သို့သော

ဘေးရန်သည် ငြိမ်းပျောက်၏။ (အဒိန္နာဒါန၊ မုသာဝါဒ၊ ကာမေသုမိစ္ဆာစာရတို့၌ နည်းတူဟော၏) သူကြွယ်၊ ဤဘေးရန်ငါးပါးတို့သည် ငြိမ်းအေးကုန်၏။

သူကြွယ်၊ သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါးဟူသည် အဘယ်နည်းဆိုသော် ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ တရား၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်း၊ သံဃာ၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်းတို့ ဖြစ်၏။

ထိုအရိယာတပည့်သည် အဘယ်သို့သော အရိယာလမ်းစဉ်ကို ပညာဖြင့် ကောင်းစွာ သိမြင်အပ်သနည်း ဆိုသော် သူကြွယ်၊ ဤသာသနာ၌ အရိယာတပည့်သည် ပဋိစ္စသမုပ္ပါဒ်ကို ကောင်းစွာ နှလုံးသွင်း၏။ ‘ဤတရား ရှိသော် ဤတရားသည် ဖြစ်၏။ ဤတရား ဖြစ်ခြင်းကြောင့် ဤတရားသည် ဖြစ်၏။ ဤတရား မရှိသော် ဤတရားသည် မရှိ။ ဤတရား ချုပ်ခြင်းကြောင့် ဤတရားသည် ချုပ်၏။ အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ အဝိဇ္ဇာ၏ အကြွင်းမဲ့ကင်းကွာ ချုပ်ငြိမ်း ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။.... ဤသို့လျှင် ဤဆင်းရဲ အစု၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ ထိုအရိယာ တပည့်သည် ဤသို့သော အရိယာလမ်းစဉ်ကို ပညာဖြင့်ကောင်းစွာ သိမြင် အပ်ပေသည်။

၁၀၂၅။ ဒုတိယ ဘယဝေရ ရှုပမသုတ်၌ အထက်သုတ်ပါ အကြောင်းအရာကိုပင် ပဟန်းတို့အား ဟောကြားခြင်း ဖြစ်၏။

## ၁၀။ နန္ဒကလိစ္ဆဝီသုတ်

[နန္ဒက မည်သော လိစ္ဆဝီအမတ်ကြီးအား ဟောကြားချက်]

၁၀၂၆။ ဝေသာလီပြည် မဟာဝုန်တော၊ ကူဋာဂါရ ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် နန္ဒက မည်သော လိစ္ဆဝီအမတ်ကြီးသည် ဗုဒ္ဓထံ ချဉ်းကပ်လာ၏။ ဗုဒ္ဓက အမတ်ကြီးအား သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါးကို ဟောကြားပြီး အောက်ပါအတိုင်း ဆက်လက် ဟောကြားတော်မူ၏။

“နန္ဒက၊ ဤလေးပါးသော တရားတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်းတို့နှင့် လည်းကောင်း၊ လူ၌ ဖြစ်သောအသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသည်တို့နှင့် လည်းကောင်း ယှဉ်၏။ နန္ဒက၊

ငါသည် ဤအကြောင်းကို တပါးသော ရဟန်းပုဏ္ဏားတို့ထံမှ တဆင့်ကြား၍ ဟောကြားခြင်း မဟုတ်၊ ကိုယ်တိုင် သိမြင်၍ ဟောကြားခြင်းသာ ဖြစ်၏။

ဤသို့ ဗုဒ္ဓက ဟောကြားစဉ် မင်းချင်းတယောက်သည် အမတ်ကြီးအား "အရှင်၊ ရေချိုးချိန်ကျပါပြီ" ဟု ပြော၏။ ထိုအခါ အမတ်ကြီးက "အချင်း၊ အပဖြစ်သော ရေးချိုးခြင်းဖြင့် အကျိုးမရှိ၊ မြတ်စွာဘုရား၌ ကြည်ညိုခြင်း ဟူသော အတွင်းရေချိုးခြင်းသည်သာ မြတ်၏" ဟု ပြန်ပြောလေ၏။

## ၄။ ပုညာဘိသန္ဒဝဂ်

### ၁။ ပထမ ပုညာဘိသန္ဒသုတ်

[ကောင်းမှုအလျဉ် ၄ ပါး]

၁၀၂၇။ ချမ်းသာကို ဆောင်တတ်သော ကုသိုလ်ကောင်းမှု အလျဉ်လေးပါးရှိကြောင်း၊ ယင်းတို့မှာ ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း သံဃာ၌ ကြည်ညိုခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်းတို့ ဖြစ်ကြောင်း ဟောကြားသည်။
၁၀၂၈။ ဒုတိယသုတ်၌ အထက်ပါလေးပါးတွင် ပေးကမ်းလှူဒါန်းခြင်း၌ မွေ့လျော်လျက် ဝန်တိုခြင်း ကင်းသောစိတ်ဖြင့် အိမ်ထောင်ကို ဦးစီးနေခြင်းဟူသော အချက်ကို စတုတ္ထအင်္ဂါအဖြစ် အစားထိုး၍ ဟောသည်။
၁၀၂၉။ တတိယသုတ်၌ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိတတ်သည့် အရိယာပညာနှင့် ပြည့်စုံခြင်းကို စတုတ္ထအင်္ဂါအဖြစ် အစားထိုး၍ ဟောသည်။

### ၄။ ပထမ ဒေဝပဒသုတ်

[နတ်တို့ဥာဏ်ဖြင့် သက်ရောက်အပ်သော တရား ၄ ပါး]

၁၀၃၀။ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေနိုင်သည့် နတ်တို့၏ ဥာဏ်ဖြင့် သက်ရောက်အပ်သော တရားလေးပါးရှိကြောင်း၊ ယင်းတို့မှာ ဘုရား၌ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်းတို့ပင် ဖြစ်ကြောင်း ဟောသည်။
၁၀၃၁။ ဒုတိယသုတ်၌ ဘုရား၌ ကြည်ညိုခြင်းနှင့် ပြည့်စုံသော အရိယာတပည့်သည် "နတ်တို့သည် ညှဉ်းဆဲနှိပ်စက်ခြင်း မရှိသူများ ဖြစ်၏ဟု ငါကြားရ၏။ ငါသည်လည်း ထိတ်လန့်တတ်သူကို ဖြစ်စေ၊ မထိတ်လန့်တတ်သူကို

ဖြစ်ခစေ၊ ညှဉ်းဆဲ နှိပ်စက်ခြင်းမပြု၊ ထို့ကြောင့် ငါသည် စင်စစ် နတ်တို့၏ ဥာဏ်ဖြင့် သက်ရောက်အပ်သောတရားနှင့် ပြည့်စုံသည်ဖြစ်၍ နေသူဖြစ်၏” ဟု ဆဲခြင်းသိမြင်၏။ ဤကား မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေနိုင်သည့် နတ်တို့၏ ဥာဏ်ဖြင့် သက်ရောက်အပ်သော ပထမတရားဖြစ် ၏။ (ကျန်သုံးပါး၌လည်း အလားတူဟော၏)

## ၆။ ဒေဝသဘာဂသုတ်
### [နတ်တို့နှင့် သဘောတူသူ]

၁၀၃၂။ ရဟန်းတို့၊ လေးပါးသော တရားတို့နှင့် ပြည့်စုံသူကို နတ်တို့သည် နှစ်သက်သော စိတ်ရှိကုန်သည် ဖြစ်၍ မိမိတို့နှင့် သဘောတူသူ ဖြစ်ကြောင်း ပြောကြားကြကုန်၏။ ထိုတရား လေးပါးကား အဘယ်နည်း ဆိုသော် ဤသာသနာ၌ အရိယာတပည့်သည် ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍လူ့ပြည်မှ စုတေပြီး နတ်ပြည်သို့ သွားရောက်ကြသော နတ်တို့အား “ငါတို့ကဲ့သို့ ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းနှင့်ပြည့်စုံသော အရိယာတပည့်သည် နတ်တို့ထံသို့ ကေန်ရောက်လိမ့်မည်”ဟု အကြံဖြစ်၏။ (ကျန်အင်္ဂါသုံးပါးတို့၌လည်း အလားတူ ဟောကြားသည်)

## ၇။ မဟာနာမသုတ်
### [မဟာနာမ်အား ဟောကြားချက်]

၁၀၃၃။ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံးစဉ် မဟာနာမ် မည်သော သာကီဝင်မင်း၏ မေးလျှောက်ချက်များကို ဖြေကြားခြင်း ဖြစ်၏။

“အရှင်ဘုရား အဘယ်မျှဖြင့် ဥပါသကာ ဖြစ်ပါသနည်း”

“မဟာနမ်၊ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ရာ ဟူ၍ဆည်းကပ်ခြင်းဖြင့် ဥပါသကာ ဖြစ်၏”

“အရှင်ဘုရား၊ အဘယ်မျှဖြင့် သီလနှင့် ပြည့်စုံသော ဥပါသကာ ဖြစ်ပါသနည်း”

“မဟာနာမ်၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်း၊ မုသားပြောခြင်း၊ သေအရက် သောက်စားခြင်းတို့မှ ရှောင်ကြဉ်ခြင်းအားဖြင့် သီလနှင့် ပြည့်စုံသော ဥပါသကာ ဖြစ်ပေ၏”

"အရှင်ဘုရား၊ အဘယ်မျှဖြင့် သဒ္ဓါနှင့် ပြည့်စုံသော ဥပါသကာဖြစ်ပါသနည်း"

"မဟာနာမ်၊ မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်ခြင်းဖြင့် သဒ္ဓါနှင့် ပြည့်စုံသော ဥပါသကာဖြစ်၏"

"အရှင်ဘုရား၊ အဘယ်မျှဖြင့် စွန့်လွှတ်ခြင်းနှင့် ပြည့်စုံသော ဥပါသကာဖြစ်ပါသနည်း"

"မဟာနာမ်၊ ဤလောက၌ ဥပါသကာသည် ဝန်တိုခြင်း တည်းဟူသော အညစ်အကြေး ကင်းသောစိတ်ဖြင့် အိမ်ကို ကြီးမှူးရ၍နေ၏။ လွှတ်လွှတ် စွန့်ကြဲခြင်းရှိ၏။ ဆေးကြောအပ်ပြီးသောလက်ရှိ၏။ စွန့်ကြဲခြင်း၌ မွေ့လျော်၏။ ဖုန်းတောင်း ယာစကာတို့နှင့် ယှဉ်၏။ ပေးကမ်းခြင်း၊ ဝေဖန်ခြင်း၌ မွေ့လျော်၏။ မဟာနာမ်၊ ဤမျှဖြင့် စွန့်လွှတ်ခြင်းနှင့် ပြည့်စုံသောဥပါသကာ ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်မျှဖြင့် ပညာနှင့် ပြည့်စုံသော ဥပါသကာ ဖြစ်ပါသနည်း"

"မဟာနာမ်၊ ဤသာသနာ၌ ဥပါသကာသည်ဖြစ်ခြင်း၊ ပျက်ခြင်းကို သိသော၊ ထိုးထွင်းနိုင်သော၊ ဆင်းရဲကုန်ဆုံးခြင်းသို့ ကောင်းစွာ ရောက်စေနိုင်သော ပညာနှင့် ပြည့်စုံ၏။ မဟာနာမ်၊ ဤမျှဖြင့် ပညာနှင့် ပြည့်စုံသော ဥပါသကာ ဖြစ်၏"

## ၈။ ဝဿသုတ်

[မိုးရေကဲ့သို့ စီးသွားသော တရားလေးပါး]

၁၀၃၄။ ရဟန်းတို့၊ ဥပမာကား တောင်ထိပ်၌ မိုးကြီးသည်းထန်စွာ ရွာသွန်းသောအခါ ထိုမိုးရေသည် နိမ့်ရာအရပ်သို့ စီးဆင်းသည်ရှိသော် တောင်ကြား၊ ချောက်ကြား မြောင်းကြီး မြောင်းငယ်တို့ကို ပြည့်စေ၏။ ယင်းတို့ ပြည့်သည်ရှိသော် အိုင်ငယ်တို့ကို ပြည့်စေ၏။ ယင်းတို့ ပြည့်သည်ရှိသော် အိုင်ကြီးတို့ကို ပြည့်စေ၏။ ယင်းတို့ ပြည့်သည်ရှိသော် မြစ်ငယ်တို့ကို ပြည့်စေ၏။ ယင်းတို့ ပြည့်သည်ရှိသော် မြစ်ကြီးတို့ကို ပြည့်စေ၏။ ယင်းတို့ ပြည့်သည်ရှိသော် မဟာသမုဒ္ဒရာကို ပြည့်စေ၏။ ရဟန်းတို့၊ ထိုနည်းတူပင် အရိယာ ဟုပည့်အား ဘုရား၌ ယုံကြည်ခြင်း၊ တရား၌ ယုံကြည်ခြင်း၊ သံဃာ၌ ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလတို့သည် စီးပွားကုန်သည် ရှိသော် နိဗ္ဗာန်ဟူသော တဘက်ကမ်းသို့ ရောက်၍ အာသဝေါတရားများကို ကုန်ခန်းစေကုန်၏။

## ၉။ ကာဠိဂေါဓသုတ်

[ကာဠိဂေါဓမည်သော သာကီဝင် မင်းသမီးအား ဟောကြားချက်]

၁၀၃၅။ ဗုဒ္ဓသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးစဉ် ကာဠိဂေါဓာမည်သော သာကီဝင် မင်းသမီးအိမ်သို့ကြွ၍ ထိုမင်းသမီးအား ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ ဝန်တိုမှုကင်း၍ လွတ်လွတ်စွန့်ကြဲခြင်း ဟူသော တရားလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်မသည် သောတာပန် ဖြစ်ကြောင်း မိန့်ကြား၏။ ထိုအခါ မင်းသမီးက မိမိ၌ ထိုတရားလေးပါး ထင်ရှားရှိကြောင်း၊ မိမိသည်လည်း ထိုတရားလေးပါး၌ ထင်ကြောင်း ဖွင့်ဟလျှောက်ကြား၏။ ''ဂေါဓာ၊ သင်ကား အရတော်ပေစွ၊ သင်သည် သောတာပတ္တိဖိုလ်ကို ဖွင့်ဟပြောကြားပေ၏''ဟု ဗုဒ္ဓက ချီးကျူးစကား မိန့်ကြားလေသည်။

## ၁၀။ နန္ဒိယသက္ကသုတ်

[နန္ဒိယမည်သော သာကီဝင် မင်းအား ဟောကြားချက်]

၁၀၃၆။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးစဉ် နန္ဒိယမည်သော သာကီဝင်မင်း၏ မေးလျှောက်ချက်ကို ဗုဒ္ဓက ဖြေကြားခြင်း ဖြစ်၏။

''အရှင်ဘုရား၊ သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါး လုံးဝမရှိသော အရိယာတပည့်သည်သာလျှင် မေ့လျော့စွာနေသူ မည်ပါသလော''

''နန္ဒိယ၊ သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါး လုံးဝမရှိသော အရိယာတပည့်ကို အပြင်လူ၊ ပုထုဇဉ်အဖို့၌ တည်သူဟု ငါဆို၏။ နန္ဒိယ၊ အကြင်အခြင်းအရာအားဖြင့် အရိယာတပည့်သည် မေ့လျော့စွာ နေလေ့ရှိသူ၊ မမေ့မလျော့ နေလေ့ရှိသူ ဖြစ်၏။ ထိုအခြင်းအရာကို ငါဟောကြားအံ့၊ သင်ကောင်းစွာ နာယူလော''

''ကောင်းပါပြီ၊ ဘုရား''

''နန္ဒိယ၊ အရိယာတပည့်သည် အဘယ်သို့လျှင် မေ့လျော့စွာ နေလေ့ရှိသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ အရိယာတပည့်သည် ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ သူသည် ထိုဘုရား၌ သက်ဝင်ယုံကြည်ခြင်း

ဖြင့် ရောင့်ရဲကျေနပ်သည်ဖြစ်၍ နေ့၌ ကင်းဆိတ်စွာ နေခြင်းငှာလည်းကောင်း၊ ညဉ့်၌ တပါးတည်း ကိန်းအောင်းခြင်းငှာလည်းကောင်း ဆက်၍ အားမထုတ်၊ ဤသို့ မေ့လျော့စွာနေသော ထိုသူအား ဝမ်းမြောက်ခြင်းသည် မဖြစ်၊ ဝမ်းမြောက်ခြင်း မဖြစ်သော် နှစ်သိမ့်ခြင်းသည် မဖြစ်၊ နှစ်သိမ့်ခြင်း မဖြစ်သော် ငြိမ်းချမ်းခြင်းသည် မဖြစ်၊ ငြိမ်းချမ်းခြင်း မဖြစ်သော် ဆင်းရဲစွာ နေရ၏။ ဆင်းရဲခြင်းရှိသူ၏ စိတ်သည် မတည်ကြည်၊ စိတ်မတည်ကြည်သော် ကုသိုလ်တရားတို့သည် ထင်ရှားမဖြစ်ကုန်၊ ကုသိုလ်တရားတို့ ထင်ရှားမဖြစ်ခြင်းကြောင့် ထိုသူသည် မေ့လျော့စွာ နေလေ့ရှိသူဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

"နန္ဒိယ၊ ထိုမှတပါး အရိယာတပည့်သည် တရား၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ သံဃာ၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံ၏။ သူသည် ထိုသီလတို့ဖြင့် ရောင့်ရဲ ကျေနပ်သည်ဖြစ်၍ နေ့၌ ကင်းဆိတ်စွာ နေခြင်းငှာလည်းကောင်း၊ ညဉ့်၌ တပါးတည်း ကိန်းအောင်းခြင်းငှာလည်းကောင်း ဆက်၍ အားမထုတ်၊ ဤသို့ မေ့လျော့စွာနေသော ထိုသူအား ဝမ်းမြောက်ခြင်းသည် မဖြစ်၊ ကုသိုလ်တရားများ ထင်ရှားမဖြစ်ခြင်းကြောင့် ထိုသူသည် မေ့လျော့စွာနေလေ့ ရှိသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ နန္ဒိယ၊ ဤသို့လျှင် အရိယာတပည့်သည် မေ့လျော့စွာ နေလေ့ရှိသူ ဖြစ်၏။

"နန္ဒိယ၊ အရိယာတပည့်သည် အဘယ်သို့လျှင် မမေ့မလျော့ နေလေ့ရှိသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ အရိယာတပည့်သည် ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ သူသည် ထိုဘုရား၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်းဖြင့် တင်းတိမ်ကျေနပ်မနေပဲ နေ့၌ ကင်းဆိတ်စွာ နေခြင်းငှာလည်းကောင်း၊ ညဉ့်၌ တပါးတည်း ကိန်းအောင်းခြင်းငှာ လည်းကောင်း ဆက်၍ အားထုတ်၏။ ဤသို့ မမေ့မလျော့နေသော ထိုသူအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဝမ်းမြောက်ခြင်းဖြစ်သော် နှစ်သိမ့်ခြင်းသည် ဖြစ်၏။ နှစ်သိမ့်ခြင်းဖြစ်သော် ကိုယ်သည် ငြိမ်းချမ်း၏။ ငြိမ်းချမ်းသောကိုယ်ရှိသူသည် ချမ်းသားခြင်းကို ခံစားရ၏။ ချမ်းသာခြင်းရှိသူ၏ စိတ်သည် တည်ကြည်၏။ စိတ်တည်ကြည်သော် ကုသိုလ်တရားများ ဖြစ်ကုန်၏။ ကုသိုလ်တရားများ ထင်ရှားဖြစ်ခြင်းကြောင့် ထိုသူသည် မမေ့မလျော့ နေလေ့ရှိသူဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ (ကျန်အင်္ဂါ သုံးပါး၌လည်း အလားတူဟော၏) နန္ဒိယ၊ ဤသို့လျှင် အရိယာတပည့်သည် မမေ့မလျော့ နေလေ့ ရှိသူ ဖြစ်ပေ၏"

## ၅။ သဂါထက ပုညာဘိသန္ဒဝဂ်

### ပထမအဘိသန္ဒသုတ်

[ကောင်းမှု တည်းဟူသော ရေအလျှဉ်လေးမျိုး]

၁၀၃၇။ ချမ်းသာခြင်းကို ဆောင်တတ်သည့် ကုသိုလ်ကောင်းမှု တည်းဟူသော ရေအလျှဉ်တို့သည် လေးမျိုးရှိကုန်၏။ ထိုလေးမျိုးကား ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်းတို့ဖြစ်၏။ ဤလေးပါးတို့နှင့် ပြည့်စုံသော အရိယာဘာပည့်၏ ကုသိုလ်ကောင်းမှုများကို ဤမျှရှိ၏ဟု တွက်ရန် မလွယ်၊ ဥပမာ မဟာသမုဒ္ဒရာ၌ ရှိသောရေများကို ဤမျှ ဤမျှဟု ခြင်တွယ် ရေတွက်ရန်မလွယ် သကဲ့သို့ဖြစ်၏။

၁၀၃၈။ ဒုတိယ အဘိသန္ဒသုတ်၌ ချမ်းသာခြင်းကို ဆောင်တတ်သည့် ကုသိုလ် ကောင်းမှုဘည်းဟူသော ရေအလျှဉ်တို့သည် ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ ဝန်တိုခြင်းကင်းသော စိတ်ဖြင့် လွတ်လွတ် စွန့်ကြဲခြင်း ရှိလျက် အိမ်ထောင်ကို အုပ်စီးနေခြင်း ဟူ၍ လေးမျိုးရှိ၏။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဟူသော မြစ်ကြီးငါးစင်း စီးဆင်းရာအရပ်၌ရှိသော ရေများကို ဤမျှ ဤမျှ ရှိ၏ဟု ခြင်တွယ်ရေတွက်ရန် မလွယ်သကဲ့သို့ ထိုအတူ လေးပါးသော ကုသိုလ်ကောင်းမှု အလျှဉ်တို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကုသိုလ်ကောင်းမှုတို့ကိုလည်း ဤမျှ ဤမျှရှိ၏ဟု ရေတွက်ခြင်းငှာ မလွယ်ပေ။

၁၀၃၉။ တတိယအဘိသန္ဒသုတ်၌ ချမ်းသာခြင်းကို ဆောင်တတ်သည့် ကုသိုလ်ကောင်းမှု တည်းဟူသော ရေအလျှဉ်တို့သည် ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်းကို သိသော အရိယာပညာနှင့် ပြည့်စုံခြင်း ဟူ၍ လေးပါးရှိ၏။ ဤလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်၏ ကုသိုလ်ကောင်းမှုများကို ဤမျှ ဤမျှရှိ၏ဟု ရေတွက်ခြင်းငှာ မလွယ်။ စင်စစ်အားဖြင့် မရေတွက်နိုင်၊ မတိုင်းတာနိုင်သော ကောင်းမှုအစုဟူ၍ သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

၁၀၄၀-၄၁။ ပထမနှင့်ဒုတိယ မဟဒ္ဓနသုတ်တို့၌ ဘုရား၌ ကြည်ညိုခြင်း စသော အင်္ဂါ လေးပါးနှင့် ပြည့်စုံသော အရိယာတပည့်ကို ကြွယ်ဝသူ၊ များသော ဥစ္စာရှိသူ၊ များသော စည်းစိမ်ရှိသူဟု ဆိုအပ်ကြောင်းဟောသည်။

၁၀၄၂။ သုဒ္ဓိကသုတ်၌ ဘုရား၌ ကြည်ညိုခြင်း စသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် ဖောက်ပြန်စွာ ကျရောက်ခြင်း သဘော မရှိသော၊ ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လဲလျောင်းရာ ရှိသော သောတာပန် ဖြစ်ကြောင်း ရဟန်းတို့အား ဟောကြားသည်။

၁၀၄၃-၄၅။ နန္ဒိယသုတ်၊ ဘဒ္ဒိယသုတ်၊ မဟာနာမသုတ်တို့၌ အထက်ပါ အကြောင်းအရာကိုပင် ကပိလဝတ်ပြည်မှ နန္ဒိယဥပါသကာ၊ ဘဒ္ဒိယမည်သော သာကီဝင် မင်းနှင့် မဟာနာမ် မည်သော သာကီဝင်တို့အား အသီးသီး ဟောကြားသည်။

## ၁၀။ အင်္ဂသုတ်

[သောတာပန် ဖြစ်ကြောင်း အင်္ဂါလေးပါး]

၁၀၄၆။ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ သူတော်ကောင်းတရား ကြားနာခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားနှင့်လျော်သော အကျင့်ကို ကျင့်ခြင်းတို့သည် သောတာပန် ဖြစ်ကြောင်း အင်္ဂါလေးပါးတို့ ဖြစ်ကုန်၏။

## ၆။ သပ္ပညဝဂ်

## ၁။ သဂါထက သုတ်

[ဂါထာနှင့်တကွ ဟောခြင်း]

၁၀၄၇။ ဘုရား၌ ကြည်ညိုခြင်း စသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် သောတာပန် ဖြစ်ကြောင်း ဟောပြီး အောက်ပါ ဂါထာ တို့ကို ဆက်သက် မြွက်ကြားတော်မူ၏။

"အကြင်သူအား မြတ်စွာဘုရား၌ မလှုပ်မယုက် ကောင်းစွာ တည်သော ယုံကြည်ခြင်းရှိ၏။ အရိယာတို့ နှစ်သက်ချီးမွမ်း အပ်သည့် ကောင်းသော အကျင့်သီလလည်းရှိ၏။ သံဃာ၌ ကြည်ညိုခြင်းနှင့် ဖြောင့်မှန်သော အမြင် လည်း ရှိ၏။ ထိုသူကို ဆင်းရဲသား မဟုတ်သူဟု ဆိုကြကုန်၏။ ထိုသူ၏ အသက်ရှင်ခြင်းသည် အချည်းနှီးမဖြစ်။ ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမကို ဆင်ခြင် အောက်မေ့သော ပညာရှိသည် သဒ္ဓါသီလနှင့် ကြည်လင်သောတရား အမြင်တို့ကို ပြည့်စုံအောင် အားထုတ်သင့်ပေသည်။

## ၂။ ဝေသာလီသုတ်

[ပါကျွတ်ချိန်တွင် ရောက်လာသော ရဟန်း၏ ဟောကြားချက်]

၁၀၄၀။ သာဝတ္ထိပြည်၌ ဗုဒ္ဓနှင့်အတူ ဝါဆိုသော ရဟန်းတပါးသည် ဝါကျွတ်သောအခါ တစုံတခုသော ကိစ္စဖြင့် ကပိလဝတ်ပြည်သို့ ကြွသွား၏။ ကပိလဝတ်ပြည်မှ သာကီဝင် မင်းမျိုးတို့သည် ထိုရဟန်းထံ ချဉ်းကပ်၍ ဗုဒ္ဓနှင့် ရဟန်းသံဃာအပေါင်း၏ ကျန်းမာရေးကို မေးမြန်းကြပြီး၊ ထိုဝါတွင်းကာလ၌ ဗုဒ္ဓမြတ်စွာ ထံမှ နာယူခဲ့ရသော တရားရှိပါက မိမိတို့အား တဆင့် ဟောကြားရန် တောင်းပန်ကြသည်။ ထိုရဟန်းက ဗုဒ္ဓထံမှ နာယူခဲ့ရသည့် အောက်ပါ တရားကို ဟောကြားလေသည်။

''ရဟန်းတို့၊ အာသဝေါကုန်ခြင်းကြောင့် အာသဝေါကင်းသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို မျက်မှောက်ဘဝ၌ ကိုယ်တိုင်မျက်မှောက်ပြု၍ နေနိုင်သော ရဟန်းတို့သည် နည်းပါးကုန်၏။ စင်စစ်ကား အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကုန်ခြင်းကြောင့် ဤကာမဘုံသို့ မပြန်လာတော့ပဲ ထိုဗြဟ္မာဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည့် ရဟန်းတို့သည်သာ ပို၍များကုန်၏''

''ရဟန်းတို့၊ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် ဤကာမဘုံသို့ မပြန်တော့ပဲ ထိုဗြဟ္မာဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည့် ရဟန်းတို့သည် နည်းပါးကုန်၏။ စင်စစ်ကား သံယောဇဉ်သုံးပါးကုန်၍ ရာဂ၊ ဒေါသ၊ မောဟ ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာပြန်လာ၍ ဒုက္ခကုန်ဆုံးခြင်းကိုပြုမည့် သကဒါဂါမ် ရဟန်းတို့သည်သာ ပို၍များကုန်၏''

''ရဟန်းတို့၊ သံယောဇဉ်သုံးပါးကုန်၍ ရာဂ၊ ဒေါသ၊ မောဟ ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာပြန်လာပြီး ဒုက္ခကုန်ဆုံးခြင်းကိုပြုမည့် သကဒါဂါမ် ရဟန်းတို့သည် နည်းပါးကုန်၏။ စင်စစ်ကား သံယောဇဉ်သုံးပါးကုန်ခြင်းကြောင့် ဖောက်ပြန်စွာ ကျရောက်ခြင်း မရှိတော့ပဲ ကိန်းသေမြဲသော သောတာပန် ရဟန်းတို့သည်သာ ပို၍များကုန်၏''

## ၃။ ဓမ္မဒိန္နသုတ်

[ဓမ္မဒိန္နဥပါသကာအား ဟောကြားချက်]

၁၀၄၉။ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဗုဒ္ဓသီတင်းသုံးစဉ် ဓမ္မဒိန္နာမည်သော ဥပါသကာသည် ဥပါသကာ ငါးရာတို့နှင့်အတူ ဗုဒ္ဓထံချဉ်းကပ်၍ မိမိတို့အား ဆုံးမဩဝါဒစကား မိန့်ကြားရန် တောင်းပန်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါ ဩဝါဒစကားကို မိန့်ကြားတော်မူ၏။

"ဓမ္မဒိန္န၊ သို့ဖြစ်ခဲ့သော် သင်တို့သည် နက်နဲသော၊ နက်နဲသောအနက်ရှိသော၊ လောကမှ လွန်မြောက်ကြောင်းဖြစ်သော၊ ကိလေသာကင်းဆိတ်ရေးနှင့်စပ်သော မြတ်စွာဘုရား ဟောကြားသည့် သုတ္တန်တို့ကို အခါပေါ်သိမ်းရ ရောက်၍ နေကုန်အံ့ဟူ၍ လေ့ကျင့်အားထုတ်အပ်၏"

"အရှင်ဘုရား၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော လူ့ဘောင်၌ နေရကုန်သော ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင်ကုန်သော၊ ပန်းနံ့သာကို ဆောင်ကုန်သော၊ ရွှေငွေကို သာယာကုန်သော တပည့်တော်တို့သည် ထိုကဲ့သို့သော ဘုရားဟောသုတ္တန်တို့ကို အခါခပ်သိမ်း ကပ်ရောက်၍ နေခြင်းငှာ မလွယ်ပါ။ အရှင်ဘုရား၊ သိက္ခာပုဒ်ငါးပါး၌တည်သော တပည့်တော်တို့အား မြတ်စွာဘုရားသည် အထက်ဖြစ်သော တရားကို ဟောကြားတော်မူပါလော"

"ဓမ္မဒိန္န၊ သို့ဖြစ်ခဲ့သော် သင်တို့သည် ဘုရား၌ စွဲမြဲစွာသက်ဝင် ကြည်ညိုခြင်းနှင့်ပြည့်စုံသူ ဖြစ်ကုန်အံ့၊ အရိယာတို့နှစ်သက်အပ်သော သီလနှင့်ပြည့်စုံသူ ဖြစ်ကုန်အံ့" ဟူ၍ လေ့ကျင့်အားထုတ်အပ်၏"

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားအပ်သော သောတာပတ္တိဖိုလ်၏ အင်္ဂါလေးပါးတို့သည် တပည့်တော်တို့၌ ထင်ရှားရှိပါကုန်၏။ တပည့်တော်တို့သည်လည်း ထိုတရားတို့၌ ထင်ပါကုန်၏။ အရှင်ဘုရား၊ တပည့်တော်တို့သည် ဘုရား၌ ကြည်ညိုခြင်းနှင့် ပြည့်စုံကြပါသည်။ .... အရိယာတို့နှစ်သက်အပ်သော သီလနှင့် ပြည့်စုံကြပါသည်"

"ဓမ္မဒိန္န = သင်တို့ကား အရတော်လှပေကုန်၏။ သင်တို့သည် သောတာပတ္တိဖိုလ်ကို ပြောကြားအပ်ပေ၏"

## ၄။ ဂိလာနသုတ်

[မကျန်းမာသူအား ဆုံးမပုံ]

၁၀၅၀။ အခါတပါး၌ ဗုဒ္ဓသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် "သုံးလလွန်၍ သင်္ကန်းကိစ္စ ပြီးသောအခါ မြတ်စွာဘုရားသည် ခရီးထွက်တော်မူလိမ့်မည်" ဟု ကြံစည်ကာ မြတ်စွာဘုရား၏ သင်္ကန်း ချုပ်ဆိုးခြင်းအမှုကို ပြုလုပ်နေကြကုန်၏။ မဟာနာမ် မည်သော သာကီဝင် မင်းသည် ထိုကြောင်းကို ကြားသိလျှင် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား၊ ပညာရှိသော ဥပါသကာသည် သည်းထန်စွာ နာမကျန်း ဖြစ်နေသည့် ပညာရှိသော

ဥပါသကာအား ဆုံးမအပ်၏ဟူ၍ မြတ်စွာဘုရား၏ မျက်မှောက်မှ တပည့်တော် မကြားနာ ခဲ့ရဖူးပါ''ဟု လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓက မဟာနာမ်အား အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

မဟာနာမ်၊ ပညာရှိသော ဥပါသကာသည် သည်းထန်စွာ နာမကျန်းဖြစ်နေသည့် ပညာရှိသော ဥပါသကာကို သက်သာရာ ရစေနိုင်သော လေးပါးသော တရားတို့ဖြင့် နှစ်သိမ့်စေအပ်၏။ 'အရှင်သည် နှစ်သိမ့်ပါလော၊ အရှင်အား ဘုရား၌ ကြည်ညိုခြင်းသည် ရှိ၏။ တရား၌ ကြည်ညိုခြင်းသည် ရှိ၏။ သံဃာ၌ ကြည်ညိုခြင်းသည် ရှိ၏။ အရိယာတို့ နှစ်သက်အပ်သော သီလသည်ရှိ၏' ဤသို့ နှစ်သိမ့်စေအပ်၏။

ဤသို့ နှစ်သိမ့်စေပြီးသော် 'အရှင့်အား မိဘတို့ အပေါ် ငဲ့ကွက်ခြင်းရှိပါသေးသလော'ဟု မေးအပ်၏။ 'ကျွန်ုပ်မှာ မိဘတို့အပေါ် ငဲ့ကွက်ခြင်းရှိပါသေးသည်' ဟု ဖြေခဲ့သော် 'အရှင်သည် သေခြင်းသဘောရှိသူ ဖြစ်ပါသည်။ မိဘတို့အပေါ် ငဲ့ကွက်ခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ သေရမည်သာ ဖြစ်၏။ ထို့ကြောင့် မိဘတို့အပေါ် ငဲ့ကွက်ခြင်းကို စွန့်ပါလော'ဟု တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် မိဘတို့အပေါ် ငဲ့ကွက်ခြင်းကို ပယ်အပ်ပြီး ဖြစ်ပါသည်'ဟု ဖြေဆိုခဲ့သော် 'အရှင့်အား သားမယားတို့အပေါ် ငဲ့ကွက်ခြင်း ရှိပါသေးသလော'ဟု မေးမြန်းအပ်၏။ 'ရှိပါသေးသည်'ဟု ဖြေခဲ့သော် ယင်းငဲ့ကွက်ခြင်းကို စွန့်ပယ်ရန် တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် သားမယားတို့အပေါ် ငဲ့ကွက်ခြင်းကို ပယ်အပ်ပြီး ဖြစ်ပါသည်' ဟု ဖြေဆိုခဲ့သော် 'အရှင်အား လူ၌ ဖြစ်သော ကာမဂုဏ် ငါးပါးတို့၌ ငဲ့ကွက်ခြင်း ရှိပါသေးသလော' ဟု မေးအပ်၏။ 'ရှိပါသေးသည်'ဟု ဖြေခဲ့သော် 'နတ်ပြည်၌ ဖြစ်သော ကာမဂုဏ်တို့သည် လူပြည်၌ ဖြစ်သော ကာမဂုဏ်တို့ထက်သာလွန် မွန်မြတ်ပါသည်၊ အရှင်သည် လူ့ပြည်၌ ဖြစ်သော ကာမဂုဏ်တို့မှ စိတ်ကိုထစေပြီး စတုမဟာရာဇ် နတ်တို့၌ စိတ်ကိုသက်ဝင်စေ ပါလော' ဟု တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် လူ့ပြည်၌ ဖြစ်သော ကာမဂုဏ်တို့မှ စိတ်ကိုထစေပြီး စတုမဟာရာဇ် နတ်တို့၌ စိတ်ကို သက်ဝင်စေအပ်ပါပြီ'ဟု ထိုသူက ပြောခဲ့သော် 'တာဝတိံသာ နတ်တို့သည် စတုမဟာရာဇ် နတ်တို့ထက်သာလွန် မွန်မြတ်ကုန်

၏။ အရှင်သည် စတုမဟာရာဇ် နတ်တို့မှ စိတ်ကို ထစေပြီး တာဝတိံသာနတ်တို့၌ စိတ်ကို သက်ဝင်စေပါလော’ဟု တိုက်တွန်းအပ်၏။

(ယာမာ၊တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိနတ်တို့၌ စိတ်ကို သက်ဝင်စေရန်လည်း အလားတူ တိုက်တွန်းအပ်၏။)

‘ကျွန်ုပ်သည် ပရနိမ္မိတ ဝသဝတ္တိ နတ်တို့မှ စိတ်ကိုထစေပြီး၊ ဗြဟ္မာလောက၌ စိတ်ကို သက်ဝင်စေအပ်ပါပြီ’ ဟု ထိုသူက ပြောခဲ့သော် ‘ဗြဟ္မာလောကသည်လည်း မတည်မြဲသော သက္ကာယ၌ အကျုံးဝင်သော တရားဖြစ်၏။ အရှင်သည် ဗြဟ္မာလောကမှ စိတ်ကိုထစေပြီး သက္ကာယ၏ ချုပ်ရာ နိဗ္ဗာန်၌ စိတ်ကို ရှေးရှုဆောင်ပါလော’ ဟု တိုက်တွန်းအပ်၏။

‘ကျွန်ုပ်သည် ဗြဟ္မာလောကမှ စိတ်ကို ထစေပြီး၊ သက္ကာယ ချုပ်ရာ နိဗ္ဗာန်၌ စိတ်ကို ရှေးရှုဆောင်ပါ၏’ ဟု ထိုသူက ပြောခဲ့သော် ဤသို့ လွတ်မြောက်သော စိတ်ရှိသော ဥပါသကာ၏ လွတ်မြောက်မှုကို နှစ်ပေါင်းတရာပတ်လုံး လွတ်မြောက်သော စိတ်ရှိသော ရဟန်း၏ လွတ်မြောက်မှုနှင့် တစုံတရာ ခြားနားခြင်း မရှိဟုငါဆို၏။

၁၀၅၁-၁၀၅၇။ သောတာပတ္တိ ဖလသုတ် စသည်တို့၌ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ သူတော်ကောင်းတရား ကြားနာခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားနှင့် လျော်သောအကျင့်ကို ကျင့်ခြင်းဟူသော တရားလေးပါးကို ပွားများလျှင် ဖိုလ်လေးပါးကို မျက်မှောက်ပြုခြင်း၊ ပညာရခြင်း၊ ပညာတိုးပွားခြင်း၊ ပညာပြန့်ပြောခြင်းအလို့ငှာ ဖြစ်ကြောင်း ဟောကြားသည်။

## ၇။ မဟာပညာဝဂ်

၁၀၅၈-၇၀။ မဟာပညာဝဂ်မှ သုတ်ပေါင်း (၁၃) သုတ်တို့၌ အထက်ပါတရားလေးပါးကို ပွားများလျှင် ကြီးသောပညာ ရှိခြင်း၊ ကျယ်သောပညာရှိခြင်း၊ ပြန့်ပြောသော ပညာရှိခြင်း၊ နက်နဲသော ပညာရှိခြင်း၊ အတိုင်းအရှည် မရှိသော ပညာရှိခြင်း၊ မြေကြီးအထုနှင့် တူသော ပညာရှိခြင်း၊ ပညာများပြားခြင်း၊ လျင်သော ပညာရှိခြင်း၊ ပေါ့သောပညာရှိခြင်း၊ ရွှင်သော ပညာရှိခြင်း၊ သွက်သောပညာရှိခြင်း၊ ဖောက်ထွင်းနိုင်သော ပညာရှိခြင်း အလို့ငှာ ဖြစ်ကြောင်း ဟောကြားသည်။

# ၁၂။ သစ္စသံယုတ်

[သစ္စာလေးပါးနှင့်စပ်သော ဟောကြားချက်များ]

## ၁။ သမာဓိဝဂ်

### ၁။ သမာဓိသုတ်

[သမာဓိရှိသူသည် အမှန်ကို သိမြင်ကြောင်း]

၁၀၇၁။ ရဟန်းတို့၊ သင်တို့သည် သမာဓိကို ပွားများကြကုန်လော့။ ရဟန်းတို့၊ စိတ်တည်ကြည်သော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏။ အဘယ်သို့ ဟုတ်တိုင်းမှန်စွာ သိသနည်းဆိုသော် ဤကား ဒုက္ခတည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤကား ဒုက္ခဖြစ်ကြောင်းတည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤကား ဒုက္ခချုပ်ရာတည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။

"ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤကား ဒုက္ခတည်းဟု သိရန် အားထုတ်ရမည်။ ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်းဟု သိရန် အားထုတ်ရမည်"

### ၂။ ပဋိသလ္လာနသုတ်

[တပါးတည်း ကိန်းအောင်းသူသည် အမှန်ကိုသိမြင်ကြောင်း]

၁၀၇၂။ ရဟန်းတို့၊ သင်တို့သည် တပါးတည်းကိန်းအောင်းခြင်း၌ အားထုတ်ခြင်းသို့ ရောက်ကြကုန်လော့။ ရဟန်းတို့၊ တပါးတည်းကိန်းအောင်းသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ အဘယ်သို့ ဟုတ်တိုင်းမှန်စွာ သိမြင်သနည်းဟုဆိုသော် ဤကား ဒုက္ခတည်းဟု ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဤကား ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။

## ၃။ ပထမ ကုလပုတ္တသုတ်

[သစ္စာလေးပါးကိုသိရန် အမျိုးကောင်းသားများ ရဟန်းပြုကြကြောင်း]

၁၀၇၃။ ရဟန်းတို့၊ အတိတ်ကာလက လူ့ဘောင်မှထွက်၍ ကောင်းစွာ ရဟန်းပြုသော အမျိုးကောင်းသားဟူသမျှတို့သည် အရိယ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ ရဟန်းပြုခဲ့ကြကုန်၏။ အနာဂတ်ကာလ၌ ရဟန်းပြုမည့် အမျိုးကောင်းသားဟူသမျှတို့သည်လည်း အရိယသစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ ရဟန်းပြုကြကုန်လတ္တံ့။ ယခု မျက်မှောက်ကာလ၌ ရဟန်းပြုသော အမျိုးကောင်းသားဟူသမျှတို့သည်လည်း အရိယသစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ ရဟန်းပြုကြကုန်၏။ အရိယသစ္စာလေးပါးဟူသည် အဘယ်နည်း ဆိုသော် ဆင်းရဲခြင်း ဒုက္ခအရိယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း ဒုက္ခသမုဒယ အရိယသစ္စာ၊ ဆင်းရဲချုပ်ရာ ဒုက္ခနိရောဓအရိယသစ္စာ၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာတို့ ဖြစ်၏။

"ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤကား ဒုက္ခတည်းဟု သိရန် အားထုတ်ရမည်။ ဤကား ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု သိရန် အားထုတ်ရမည်"

၁၀၇၄။ ဒုတိယကုလပုတ္တကသုတ်၌ ရဟန်းတို့၊ အတိတ်ကာလက ကောင်းစွာ ရဟန်းပြု၍ ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့သော အမျိုးကောင်းသား ဟူသမျှတို့သည် အရိယသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့ကြကုန်၏။ အနာဂတ်ကာလ၌ ကောင်းစွာ ရဟန်းပြု၍ ဟုတ်တိုင်းမှန်စွာ သူမြင်မည့် အမျိုးကောင်းသားဟူသမျှ တို့သည်လည်း အရိယသစ္စာလေးပါးကိုပင် ဟုတ်တိုင်းမှန်စွာ သိမြင်ကြကုန်လတ္တံ့။ ယခု မျက်မှောက်ကာလ၌ ကောင်းစွာ ရဟန်းပြု၍ ဟုတ်တိုင်းမှန်စွာသိမြင်သော အမျိုးကောင်းသားဟူသမျှတို့သည်လည်း အရိယ သစ္စာလေးပါးကိုပင် ဟုတ်တိုင်းမှန်စွာ သိမြင်ကြကုန်၏ ဟု ဟောကြားသည်။

## ၅။ ပဌမ သမဏဗြာဟ္မဏသုတ်

[ဟုတ်တိုင်းမှန်စွာ သိမြင်သော ရဟန်းပုဏ္ဏားများ]

၁၀၇၅။ ရဟန်းတို့၊ အတိတ်ကာလက ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ခဲ့သော ရဟန်းပုဏ္ဏားဟူသမျှတို့သည် အရိယသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိမြင်ခဲ့ကြကုန်၏။ အနာဂတ်ကာလ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း

သိမြင်မည့် ရဟန်းပုဏ္ဏား ဟူသမျှတို့သည်လည်း အရိယသစ္စာလေးပါးကိုပင် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိမြင်ကြကုန်လတ္တံ့။ ယခု မျက်မှောက်ကာလ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်သည့် ရဟန်းပုဏ္ဏား တို့သည်လည်း အရိယသစ္စာလေးပါးကိုပင် ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ကြကုန်၏။

၁၀၇၆။ ဒုတိယသုတ်၌ "ရဟန်းတို့၊ အတိတ်ကာလက ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်အပ်သော တရားကို ထင်ရှားပြခဲ့သော ရဟန်းပုဏ္ဏားဟူသမျှတို့ သည် အရိယသစ္စာလေးပါးကိုပင် ထင်ရှားပြခဲ့ကြကုန်၏။ ....ယခု မျက်မှောက် ကာလ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိအပ်သော တရားကို ထင်ရှားပြသည့် ရဟန်းပုဏ္ဏားဟူသမျှတို့သည်လည်း အရိယသစ္စာလေးပါးကိုပင် ထင်ရှားပြကြ ကုန်၏ ဟု ဟောကြားသည်။

## ၇။ ဝိတက္ကသုတ်

### [မကောင်းသောအကြံနှင့် ကောင်းသောအကြံ]

၁၀၇၇။ ရဟန်းတို့၊ သင်တို့သည် ကာမဝိတက် စသည့် မကောင်းသော အကြံတို့ကို မကြံကြကုန်လင့်။ အဘယ့်ကြောင့်ဆိုသော် ထိုအကြံတို့သည် အကျိုးစီးပွားနှင့်မစပ်၊ အကျင့်မြတ်၏ အဦးအစလည်း မဟုတ်။ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း စသည့်အလို့ငှာလည်း မဖြစ်သောကြောင့် ပေတည်း။

ရဟန်းတို့၊ သင်တို့သည် ကြံစည်ကုန်သည်ရှိသော် 'ဤကား ဒုက္ခတည်း' ဟု ကြံကြကုန်လော့။ 'ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်း' ဟု ကြံကြကုန်လော့။ အဘယ့်ကြောင့်ဆိုသော် ဤအကြံတို့သည် အကျိုး စီးပွားနှင့် စပ်ကုန်၏။ အကျင့်မြတ်၏ အဦးအစ ဖြစ်ကုန်၏။ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း အလို့ငှာလည်း ဖြစ်သောကြောင့် ပေတည်း။

၁၀၇၈။ စိန္တာသုတ်၌ ရဟန်းတို့၊ သင်တို့သည် 'လောကသည်မြဲ၏၊ လောကသည်မမြဲ' စသည့် မကောင်းသော စိတ်အကြံကို မကြံကြကုန်လင့် စသည်ဖြင့် ဟောကြားသည်။

## ၉။ ဝိဂ္ဂါဟိကကထာသုတ်

### [ငြင်းခုန်စကား မပြောကြားရန် ဆုံးမခြင်း]

၁၀၇၉။ ရဟန်းတို့၊ သင်တို့သည် 'သင်သည် ဤတရားဝိနည်းကို မသိ၊ ငါသည် ဤတရားဝိနည်းကို သိ၏။ သင်သည် ဤတရားဝိနည်းကို အဘယ်သို့သိ နိုင်အံ့နည်း၊ သင်သည် လွဲမှားစွာ ကျင့်သူဖြစ်၏။ ငါကား ကောင်းစွာ

ကျင့်သူဖြစ်၏။ ငါ၏ စကားသည် ပြေပြစ်၏။ သင်၏စကား ကား မပြေပြစ်၊ သင်သည် ရှေးဦးစွာ ပြောရမည့် စကားကို နောက်မှပြော၏။ နောက်မှ ပြောရမည့် စကားကို ရှေးဦးစွာ ပြော၏။ သင်စွဲမြဲစွာ လေ့ကျင့်ထားသော စကားသည် ပြောင်းပြန်လည်၍ သွားပြီ။ သင့်အပေါ်၌ စွဲချက်တင်လိုက်ပြီ။ ထိုစွဲချက်မှ လွတ်မြောက်ရန် သင်ရှာကြံပေတော့။ သင်ကား အရေးနိမ့်လေပြီ။ စွမ်းနိုင်လျှင်လည်း ဖြေရှင်းလော'ဟူ၍ ငြင်းခုံသောစကားကို မဆိုကြကုန်လင့်။ အဘယ့်ကြောင့် ဆိုသော် ထိုစကားများသည် အကျိုးစီးပွားနှင့် မစပ်၊ အကျင့်မြတ်၏ အဦးအစလည်း မဖြစ်။ ငြီးငွေ့ခြင်းစသော အလို့ငှာလည်း မဖြစ်သောကြောင့် ပေတည်း။

ရဟန်းတို့၊ သင်တို့သည် ပြောဆိုကုန်သည်ရှိသော် 'ဤကား ဒုက္ခတည်း' ဟု ပြောဆိုကြကုန်လော၊ ဤကား ဒုက္ခ ချုပ်ရာသို့ ရောက်စေသော အကျင့်တည်း'ဟု ပြောဆိုကြကုန်လော၊ အဘယ့်ကြောင့် ဆိုသော် ဤစကားများသည် အကျိုးစီးပွားနှင့် စပ်၏။ အကျင့်မြတ်၏ အဦးအစလည်း ဖြစ်၏။ ငြီးငွေ့ခြင်းစသော အလို့ငှာလည်း ဖြစ်သောကြောင့်ပေတည်း။

### ၁၀။ တိရစ္ဆာနကထာသုတ်

[မဂ်ဖိုလ်နှင့် ဖီလာဖြစ်သော စကားကို မပြောဆိုရန် ဆုံးမခြင်း]

၁၁၁၀။ ရဟန်းတို့၊ သင်တို့သည် မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်ကြီးနှင့် စပ်သောစကား၊ စစ်တပ်နှင့် စပ်သောစကား၊ ဘေးနှင့် စပ်သောစကား၊ တိုက်ပွဲနှင့် စပ်သောစကား၊ ထမင်းနှင့် စပ်သောစကား၊ အဖျော်နှင့် စပ်သော စကား၊ အဝတ်နှင့်စပ်သောစကား၊ အိပ်ရာနှင့် စပ်သောစကား၊ ပန်းနှင့်စပ်သော စကား၊ နံ့သာနှင့် စပ်သော စကား၊ ဆွေမျိုးနှင့် စပ်သောစကား၊ ယာဉ်နှင့်စပ်သော စကား အစရှိသော မဂ်ဖိုလ်နှင့် ဖီလာ ဖြစ်သော စကားတို့ မပြောဆိုကြကုန်လင့်....။

## ၂။ ဓမ္မစက္ကပဝတ္တနဝဂ်

### ၁။ ဓမ္မစက္ကပဝတ္တနသုတ်

[တရားတည်းဟူသော ဘီးကိုလည်စေခြင်း]

အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီမြို့နယ် ဣသိပတန မည်သော သမင်တော၌ သီတင်းသုံး နေပါသည်။ ယင်းသို့ နေစဉ် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီမည်သော ရဟန်းတို့အား ဤသို့ မိန့်ကြားခဲ့ပါသည်။

“ရဟန်းတို့၊ ရှင်ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည်ဤနှစ်ပါးသောအစွန်းတို့ကို မမှီဝဲအပ်။ ယင်းနှစ်ပါးသော အစွန်းတို့သည် အဘယ်နည်းဆိုသော် ကာမအာရုံတို့၌ တွယ်တာနှစ်သက်လျက် ကာမချမ်းသာကို ခံစားနေခြင်း၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် အားထုတ် ကျင့်ကြံခြင်းတို့ဖြစ်၏။

ရဟန်းတို့၊ ကာမချမ်းသာကို ခံစားနေခြင်းသည် ယုတ်ညံ့၏။ ရွာသူရွာသားတို့၏ အလေ့အကျင့်ဖြစ်၏။ ပုထုဇဉ်လူများတို့၏ အလေ့အကျင့် ဖြစ်၏။ အရိယာ သူမြတ်တို့၏ အကျင့်မဟုတ်၊ အကျိုးစီးပွားနှင့် မဆက်စပ်၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် အားထုတ်ခြင်းသည်ကား ဆင်းရဲ၏။ အရိယာ သူမြတ်တို့၏ အကျင့်မဟုတ်၊ အကျိုးစီးပွားနှင့်လည်း မစပ်ပေ။

ရဟန်းတို့၊ မြတ်စွာဘုရားသည် ဤနှစ်ပါးသော အစွန်းများသို့ မကပ်ရောက်ပဲ အလယ်လမ်းဖြစ်သော အကျင့်ကို ထိုးထွင်းသိမြင်ခဲ့ပြီဖြစ်၏။ ယင်းအကျင့်သည်ကား ပညာမျက်စိကို ဖြစ်စေတတ်၏။ အသိဉာဏ်ကို ဖြစ်စေတတ်၏၊ ကိလေသာ ငြိမ်းအေးရန် အလို့ငှာဖြစ်၏။ ထူးခြားသော အသိဉာဏ်အလို့ငှာဖြစ်၏။ ထိုးထွင်း၍ သိရန်အလို့ငှာဖြစ်၏။ ဆင်းရဲ ခပ်သိမ်းငြိမ်းရန်အလို့ငှာလည်း ဖြစ်ပေ၏။

ရဟန်းတို့၊ မြတ်စွာဘုရားသည် ထိုးထွင်းသိမြင်အပ်သော အလယ်လမ်းဟူသည် အဘယ်နည်းဆိုသော် မှန်စွာမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောခြင်း၊ မှန်စွာပြုခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာအမှတ်ရခြင်း၊ မှန်စွာစူးစိုက် တည်ကြည်ခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အရိယမဂ်ပင်ဖြစ်ပေ၏။

(၁) ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားကား အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲခြင်း အမှန်တရားဖြစ်၏။ ဘဝအသစ် ဖြစ်ရခြင်းသည်ဆင်းရဲ၏။ အိုခြင်းသည် ဆင်းရဲ၏။ သေခြင်းသည် ဆင်းရဲ၏။ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်း တို့သည် ဆင်းရဲကုန်၏။ မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ်အာရုံတို့နှင့်တွေ့ဆုံယှဉ်တွဲရခြင်းသည် ဆင်းရဲ၏။ ချစ်ခင်နှစ်သက်အပ်သော ပုဂ္ဂိုလ်အာရုံတို့နှင့် ကွဲကွာရခြင်းသည် ဆင်းရဲ၏။ လိုချင်လျက် မရခြင်းသည် ဆင်းရဲ၏။ အကျဉ်းအားဖြင့်မူ ငါ၊ ငါ့ဟာ စသည်ဖြင့် စွဲလမ်းအပ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏။

(၂) ရဟန်းတို့၊ အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲဖြစ်ကြောင်း အမှန်တရားဟူသည် ကာမဂုဏ်၌ ဆာလောင်ခြင်း ကာမတဏှာ၊ ဘဝ၌ ဆာလောင်

ခြင်း၊ ဘဝတဏှာ၊ ဘဝပြတ်ခြင်း၌ ဆာလောင်ခြင်း၊ ဝိဘဝတဏှာဟူသော တဏှာ သုံးပါးပင် ဖြစ်၏။ ယင်းတဏှာသုံးပါးသည် တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုဘဝ၊ ကိုထိုအာရုံ၌ ပျော်မွေ့လေ့ရှိ၏။

(၃) ရဟန်းတို့၊ အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရားဟူသည် ထိုတဏှာ၏အကြွင်းမဲ့ ပျက်ပြယ်ချုပ်ငြိမ်းခြင်း၊ ထိုတဏှာကို စွန့်ခြင်း၊ ဝေးစွာစွန့်ခြင်း၊ ဆုပ်ကိုင်မထားပဲ လွှတ်လိုက်ခြင်း၊ တွယ်တာမှု ကင်းခြင်းပင် ဖြစ်၏။

(၄) ရဟန်းတို့၊ အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်စေတတ်သော အမှန်တရားဟူသည် မှန်စွာမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောခြင်း၊ မှန်စွာလုပ်ခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာသတိရခြင်း၊ မှန်စွာစူးစိုက် တည်ကြည်ခြင်းဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည့် အရိယာမဂ်ပင် ဖြစ်၏။

× × ×

(၁) ရဟန်းတို့၊ 'ဤသည်ကား အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲခြင်း အမှန်တရားတည်း' ဟူ၍ ငါ့အားရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၂) ရဟန်းတို့၊ 'အရိယာတို့သိမြင်အပ်သည့် ထိုဆင်းရဲခြင်း အမှန်တရားသည် ပိုင်းခြား၍ သိရမည့်တရား ဖြစ်၏' ဟူ၍ ငါ့အားရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၃) ရဟန်းတို့၊ 'အရိယာတို့သိမြင်အပ်သည့် ထိုဆင်းရဲခြင်း အမှန်တရားကို ပိုင်းခြား၍ သိအပ်ပြီး ဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

× × ×

(၁) ရဟန်းတို့၊ 'ဤသည်ကား အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရားတည်း' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၂) ရဟန်းတို့၊ 'အရိယာတို့သိမြင်အပ်သည့် ထိုဆင်းရဲဖြစ်ကြောင်းအမှန်တရားသည် ပယ်ရသည့်တရားဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၃) ရဟန်းတို့၊ 'အရိယာတို့ သိမြင်အပ်သည့် ထိုဆင်းရဲဖြစ်ကြောင်းအမှန်တရားကို ပယ်အပ်ပြီးဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည်ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

× × ×

(၁) ရဟန်းတို့၊ 'ဤသည်ကား အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရားတည်း' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၂) ရဟန်းတို့၊ 'အရိယာတို့ သိမြင်အပ်သည့် ထိုဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရားသည် မျက်မှောက်ပြုရမည့် တရားဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၃) ရဟန်းတို့၊ 'အရိယာတို့ သိမြင်အပ်သည့် ထိုဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရားကို မျက်မှောက်ပြုပြီးဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာသည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၁) ရဟန်းတို့၊ 'ဤသည်ကား အရိယာတို့သိမြင်အပ်သည့် ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော အမှန်တရားတည်း' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၂) ရဟန်းတို့၊ 'အရိယာတို့ သိမြင်အပ်သည့် ထိုဆင်းရဲ ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော အမှန်တရားသည် ပွား‌များရမည့်တရားဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

(၃) ရဟန်းတို့၊ 'အရိယာတို့သိမြင်အပ်သည့် ထိုဆင်းရဲ ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော အမှန်တရားကို ပွားများပြီးဖြစ်၏' ဟူ၍ ငါ့အား ရှေးက မကြားဖူးသေးသော တရားတို့၌ ပညာမျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။

ရဟန်းတို့၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ့အား ဤလေးပါးသော အရိယသစ္စာတို့၌ ဤဟောကြားခဲ့ပြီးသော နည်းအားဖြင့် အပြန်သုံးပါး အခြင်းအရာ တဆယ့်နှစ်ပါး ရှိသော ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် ကောင်းစွာမစင်ကြယ်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာတို့နှင့်တကွဖြစ်သော လောက၌ ရဟန်း၊ ပုဏ္ဏားတို့နှင့်တကွဖြစ်သော နတ်လူအပေါင်း၌ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကိုသိမြင်ပြီ ဟူ၍ ဝန်မခံခဲ့ပေ။

ရဟန်းတို့၊ အကြင်အခါ၌ကား ငါ့အား ဤလေးပါးသော အရိယသစ္စာတို့၌ ဟောကြားခဲ့ပြီးသော နည်းအားဖြင့် အပြန်သုံးပါး၊ အခြင်းအရာ တဆယ့်နှစ်ပါးရှိသော ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် ကောင်းစွာစင်ကြယ်၏။ ထိုအခါမှစ၍ ငါသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာတို့နှင့်တကွသော လောက၌ ရဟန်း၊ ပုဏ္ဏားတို့နှင့်တကွသော နတ်လူအပေါင်း၌ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို သိမြင်ပြီဟူ၍ ဝန်ခံခဲ့၏။

ငါ၏ ကိလေသာမှ လွတ်ခြင်းသည် မပျက်စီးနိုင်တော့ပြီ။ ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏။ ယခုတဖန်ဖြစ်မည့်ဘဝသစ် မရှိတော့ ဟူ၍ ငါ့အား ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြားတော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် ဝမ်းမြောက်သောစိတ်ရှိကုန်လျက် မြတ်စွာဘုရား၏စကားကို အလွန်ကျေနပ်စွာ လက်ခံကြလေသည်။

ဤတရားကို ဟောကြားနေစဉ် အရှင်ကောဏ္ဍညအား 'ဖြစ်ခြင်းသဘောရှိသော တရားဟူသမျှသည် ချုပ်ပျောက်ခြင်း သဘောရှိ၏' ဟူ၍ မြူအညစ်အကြေးကင်းသော တရားမျက်စိသည် ဖြစ်ပေါ်လာ၏။

မြတ်စွာဘုရားက တရားစက်ဘီးကို လည်စေအပ်သည်ရှိသော် မြေ၌တည်သော နတ်တို့သည် ဤသို့ကြွေးကြော်ကြလေသည်။

"မြတ်စွာဘုရားသည် ဗာရာဏသီမြို့နယ် ဣသိပတနမည်သော သမင်တော၌ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာတို့ ကဖြစ်စေ၊ အခြားတစုံတယောက်ကဖြစ်စေ၊ မတားဆီးနိုင်သော တရားစက်ဘီးကို လည်စေအပ်လေပြီ"

မြေ၌တည်သော နတ်တို့၏ ကြွေးကြော်သံကို ကြား၍ စတုမဟာရာဇ်နတ်တို့သည် တဆင့်ကြွေးကြော်ကြကုန်၏။ စတုမဟာရာဇ်နတ်တို့၏ ကြွေးကြော်သံကို ကြား၍ တာဝတိံသာနတ်၊ ယာမာနတ်၊ တုသိတာနတ်၊နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်၊ ဗြဟ္မာအပေါင်း၌ တည်သောနတ်တို့သည် အဆင့်ဆင့်ကြွေးကြော်ကြကုန်၏။

ဤသို့လျှင် တခဏအတွင်း၊ တမုဟုတ်အတွင်း၌ ဗြဟ္မာ့ပြည်တိုင်အောင် ကြွေးကြော်သံသည် ပျံ့နှံ့သွားလေ၏။ ဤတသောင်းသော လောကဓာတ်သည်လည်း မြင့်တက်ကာ လှုပ်၏။ မြင့်လိုက်၊ နိမ့်လိုက်ဖြစ်ကာ လှုပ်၏။ ခါယမ်းလျက် လှုပ်၏။

အတိုင်းမသိ ပြန့်ပြောသော အလင်းရောင်သည်လည်း နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ လောက၌ ထင်ရှားဖြစ်ပေါ်လာ၏။

ထိုအခါ မြတ်စွာဘုရားက 'အချင်းတို့၊ ကောဏ္ဍညသည် စင်စစ်နားလည်သွားပြီ။ အချင်းတို့၊ ကောဏ္ဍညသည် စင်စစ်နားလည်သွားပြီ' ဟူ၍ ဝမ်းမြောက်ရွှင်လန်းသော ဥဒါန်းစကားကို မြွက်ဆိုတော်မူ၏။ ဤသို့လျှင် အရှင်ကောဏ္ဍညအား 'အညာသိ ကောဏ္ဍည' ဟူ၍ သာလျှင် အမည်ဖြစ်ပေါ်ခဲ့လေသည်။

ထိုအခါ အရှင်ကောဏ္ဍညသည် မြင်အပ်၊ ရအပ်၊ ထင်ရှားသိအပ်ပြီးသော တရားရှိသူ၊ သက်ဝင်အပ်ပြီးသော တရားရှိသူ၊ ယုံမှားခြင်းကို လွန်မြောက်ပြီးသူ၊ သို့လော သို့လောတွေးတောခြင်းမှ ကင်းပြီးသူ၊ မြတ်စွာဘုရား၏ အဆုံးအမ၌ ရဲရင့်ခြင်းသို့ရောက်သူ၊ သူတပါးအား ယုံကြည်အားကိုးခြင်း မပြုရသူ

ဖြစ်၍ 'အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရားထံ၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါသည်' ဟူ၍ မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားက 'ရဟန်း၊ လာလော၊ တရားကို ကောင်းစွာ ဟောကြားအပ်ပြီး ဖြစ်၏။ ကောင်းစွာ ဆင်းရဲကုန်ဆုံး၍ ရဟန်းပြုရန်အလို့ငှာ အကျင့်မြတ်ကိုကျင့်လော' ဟု မိန့်ကြားတော်မူ၏။ ထိုသို့မိန့်ကြားခြင်းသည်ပင်လျှင် အရှင်ကောဏ္ဍညအား ရဟန်းပြုပေးခြင်းဖြစ်လေသည်။

## ၂။ တထာဂတသုတ်
## [မြတ်စွာဘုရားတို့အား ဉာဏ်အမြင်ဖြစ်ပုံ]

၁၀၈၂။ ရဟန်းတို့၊ ဤကား ဆင်းရဲခြင်းအရိယသစ္စာတည်းဟူ၍ မြတ်စွာဘုရားတို့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ဉာဏ်မျက်စိသည် ဖြစ်ပေါ်ခဲ့၏။ အသိဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ ပညာသည် ဖြစ်ပေါ်ခဲ့၏။ ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်ခဲ့၏။ အလင်းရောင်သည် ဖြစ်ပေါ်ခဲ့၏။

ထိုဒုက္ခအရိယသစ္စာသည် ပိုင်းခြား၍ သိအပ်သောတရားဖြစ်၏ဟူ၍ မြတ်စွာဘုရားတို့အား ဉာဏ်မျက်စိသည် ဖြစ်ပေါ်ခဲ့၏။ ....

ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြား၍ သိအပ်ပြီဟူ၍ မြတ်စွာဘုရားတို့အား ရှေးက မကြားဖူးသေးသောတရားတို့၌ ဉာဏ်မျက်စိသည် ဖြစ်ပေါ်ခဲ့၏။ ....

(ကျန်သစ္စာသုံးပါးတို့၌ ဉာဏ်အမြင်ဖြစ်ပုံကို အထက်သုတ်ကိုမှီး၍ သိနိုင်ခဲ့ပြီ။)

၁၀၈၃။ ခန္ဓသုတ်၌ သစ္စာလေးပါးသရုပ်ကို ဟောကြားရာတွင် ဒုက္ခသစ္စာ၌ ဥပါဒါနက္ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟုဆိုအပ်ကြောင်း ဟောကြားခြင်းသာ ဓမ္မစက္ကပဝတ္တနသုတ်နှင့် ထူး၏။

၁၀၈၄။ အဇ္ဈတ္တိကာယတနသုတ်၌ သစ္စာလေးပါးသရုပ်ကို ဟောကြားရာတွင် ဒုက္ခသစ္စာ၌ အတွင်း အာယတန ၆ ပါးကို ဒုက္ခသစ္စာ ဟု ဆိုအပ်ကြောင်း ဟောကြားခြင်းသာ ထူး၏။

## ၃။ ပဌမ ဓာရဏသုတ်
## [သစ္စာလေးပါးကို မှတ်သားရန်တိုက်တွန်းခြင်း]

၁၀၈၅။ ရဟန်းတို့၊ သင်တို့သည် ငါဟောကြားအပ်သော သစ္စာလေးပါးကို မှတ်သားထားကြပါကုန်၏လော။ ဤသို့ ဗုဒ္ဓမြတ်စွာက မေးရာ ရဟန်းတပါးက အဖြေပေးလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရား ဟောကြားအပ်သော သစ္စာလေးပါးတို့ကို မှတ်သားထားပါ၏"

"ရဟန်း၊ သင်သည် ငါဟောကြားအပ်သော သစ္စာလေးပါးတို့ကို အဘယ်သို့ မှတ်သားထားသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် ဆင်းရဲခြင်းဒုက္ခကို မြတ်စွာဘုရားဟော ကြားသည့် ပဌမအရိယသစ္စာဟု မှတ်သားထားပါ၏။ ဆင်းရဲဖြစ်ကြောင်း တဏှာကို မြတ်စွာဘုရားဟောကြားသည့် ဒုတိယအရိယသစ္စာဟု မှတ်သား ထားပါ၏။ ဆင်းရဲချုပ်ရာနိဗ္ဗာန်ကို မြတ်စွာဘုရား ဟောကြားသည့် တတိယ အရိယသစ္စာဟု မှတ်သားထားပါ၏၊ ဆင်းရဲချုပ်ရာသို့ ရောက်စေသော အကျင့်ကို မြတ်စွာဘုရားဟောကြားသည့် စတုတ္ထအရိယသစ္စာဟူ၍ မှတ်သား ထားပါသည်"

"ရဟန်း၊ ကောင်းပေစွ၊ ကောင်းပေစွ။ သင်သည် ငါဟောကြားသော အရိယသစ္စာလေးပါးကို ကောင်းစွာ မှတ်သားထားပေ၏။ ရဟန်း၊ ငါသည် ဆင်းရဲခြင်းဒုက္ခကို ပဌမအရိယသစ္စာဟု ဟောကြားအပ်၏။ သင်သည် ထို အတိုင်း မှတ်သားလော။ ဆင်းရဲဖြစ်ကြောင်း တဏှာကို ဒုတိယအရိယသစ္စာ ဟု ဟောကြားအပ်၏။ သင်သည် ထိုအတိုင်းမှတ်သားလော။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကို တတိယ အရိယာသစ္စာဟု ဟောကြားအပ်၏။ သင်သည် ထိုအတိုင်း မှတ်သားလော။ ဆင်းရဲချုပ်ရာသို့ ရောက်စေသောအကျင့်ကို စတုတ္ထအရိယ သစ္စာဟု ဟောကြားအပ်၏။ သင်သည် ထိုအတိုင်းမှတ်သားလော။ ရဟန်း၊ သင်သည် ဤသို့လျှင် ငါဟောကြားအပ်သော အရိယသစ္စာလေးပါးကို မှတ် သားလော"

### ၆။ ဒုတိယ ဓာရဏသုတ်

[သစ္စာလေးပါးကို မှတ်သားပုံ]

၁၀၈၆။ "ရဟန်းတို့၊ သင်တို့သည် ငါ ဟောကြားအပ်သော သစ္စာ လေးပါးကို မှတ်သားထားကြကုန်၏လော" ဤသို့ ဗုဒ္ဓက မေးရာ ရဟန်း တပါးက မှတ်သားထားကြောင်းအဖြေပေး၏။

"ရဟန်း၊ သင်သည် ငါဟောကြားသော သစ္စာလေးပါးကို မည်သို့ မှတ်သားထားသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် ဆင်းရဲခြင်းဒုက္ခကို မြတ်စွာဘုရား ဟောကြားအပ်သော ပထမအရိယသစ္စာဟု မှတ်သားထားပါသည်။ အရှင်ဘုရား၊ အကယ်၍ တစုံတယောက်သော ရဟန်း၊ ပုဏ္ဏားက 'ရဟန်း ဂေါတမ ဟောကြားအပ်သော ဆင်းရဲခြင်းဒုက္ခသည် ပထမအရိယသစ္စာမဟုတ်။ ငါသည် တပါးသော ပထမအရိယသစ္စာကို ပညတ်အံ့' ဟု ပြောဆိုစေကာမူ ထိုသို့ ပညတ်နိုင်ရန် အကြောင်းမရှိပါ။ (ကျန် သစ္စာသုံးပါး၌လည်း နည်းတူလျှောက်၏။ ဗုဒ္ဓကလည်း ထိုရဟန်း၏ လျှောက်ကြားချက်ကို ထောက်ခံစကား မိန့်ကြားတော်မူ၏။)

၁၀၀၇။ အဝိဇ္ဇာသုတ်၌ "အရှင်ဘုရား၊ အဝိဇ္ဇာ အဝိဇ္ဇာ ဟု ဆိုရာ၌ အဘယ်သည် အဝိဇ္ဇာမည်ပါသနည်း။ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ကပ်ရောက်သူ ဖြစ်ပါသနည်း"

အထက်ပါ ရဟန်းတပါး၏ အမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်း၊ ဆင်းရဲခြင်း ဒုက္ခ၊ ဆင်းရဲဖြစ်ကြောင်း သမုဒယ၊ ဆင်းရဲချုပ်ရာ နိရောဓ၊ ဆင်းရဲချုပ်ရာသို့ ရောက်စေသောအကျင့်တို့၌ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်၏။ ဤမျှဖြင့်လည်း အဝိဇ္ဇာသို့ ကပ်ရောက်သူဖြစ်၏"

၁၀၀၈။ ဝိဇ္ဇာသုတ်၌ "အရှင်ဘုရား၊ ဝိဇ္ဇာ ဝိဇ္ဇာ ဟုဆိုရာ၌ အဘယ်သည် ဝိဇ္ဇာမည်ပါသနည်း။ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ကပ်ရောက်သူဖြစ်ပါသနည်း"

အထက်ပါ ရဟန်းတပါး၏ မေးခွန်းကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"ရဟန်း၊ ဆင်းရဲခြင်း ဒုက္ခ၊ ဆင်းရဲဖြစ်ကြောင်း သမုဒယ၊ ဆင်းရဲချုပ်ရာ နိရောဓ၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်တို့၌ သိခြင်းကို ဝိဇ္ဇာဟု ဆိုအပ်၏။ ဤမျှဖြင့်လည်း ဝိဇ္ဇာသို့ကပ်ရောက်သူ ဖြစ်၏"

## ၉။ သင်္ကာသနသုတ်

### [အက္ခရာပုဒ်ဗျည်း၊ မဆုံးနိုင်ကြောင်း]

၁၀၀၉။ ရဟန်းတို့၊ 'ဤကား ဒုက္ခအရိယ သစ္စာတည်း' ဟု ငါ ဟောကြားအပ်သော တရား၌ 'ဤအကြောင်း ဤအကြောင်းကြောင့်လည်း ဒုက္ခသည် အရိယသစ္စာမည်၏' ဟု ချဲ့အပ်သည်ရှိသော် အက္ခရာတို့သည် အတိုင်း

အရှည် မရှိကုန်၊ ဗျည်းတို့သည် အတိုင်းအရှည် မရှိကုန်၊ ဝိတက်တို့သည် အတိုင်းအရှည်မရှိကုန်။ (ကျန်သစ္စာ သုံးပါး၌လည်း အလားတူ ဟော၏)။
၁၀၉၀။ တထသုတ်၌ ဒုက္ခအစရှိသော တရားလေးပါးတို့သည် မှန်သော၊ မချွတ်ယွင်းသော၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်သော တရားများ ဖြစ်ကြောင်း ဟောကြားသည်။

## ၃။ ကောဋိဂါမဝဂ်

### ၁။ ပထမကောဋိဂါမသုတ်

### [ကောဋိရွာ၌ ဟောကြားချက်]

၁၀၉၁။ ဝဇ္ဇီတိုင်း ကောဋိရွာ၌ သီတင်းသုံးစဉ် ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ငါသည်လည်းကောင်း၊ သင်တို့သည်လည်းကောင်း၊ အရိယသစ္စာလေးပါးကို လျော်စွာမသိခြင်း၊ ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှရှည်လျားသော ကာလပတ်လုံး သံသရာ၌ ကျင်လည်ပြေးသွားခဲ့ရကုန်၏။ ရဟန်းတို့၊ ယခုငါသည် ဆင်းရဲခြင်း အရိယသစ္စာကို လျော်စွာသိအပ်ပြီးဖြစ်၏၊ ထိုးထွင်း၍ သိအပ်ပြီးဖြစ်၏။ .... ဆင်းရဲချုပ်ရာသို့ ရောက်စေသော အကျင့်တည်းဟူသော အရိယသစ္စာကို လျော်စွာသိအပ်ပြီး ဖြစ်၏။ ထိုးထွင်း၍ သိအပ်ပြီးဖြစ်၏။ ဘဝတဏှာကို ဖြတ်အပ်ပြီးဖြစ်၏။ ဘဝနှောင်ကြိုးကုန်ပြီး ဖြစ်၏။ ဘဝသစ်ဖြစ်ရန် မရှိတော့ပေ"

၁၀၉၂။ ဒုတိယကောဋိဂါမသုတ်၌ 'ဤကား ဒုက္ခတည်း၊ ဤကားဒုက္ခဖြစ်ကြောင်းတည်း' စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ မသိသော ရဟန်း၊ ပုဏ္ဏားတို့ကို စင်စစ် ရဟန်း၊ ပုဏ္ဏားဟု အသိအမှတ်မပြုအပ်၊ ထိုသူတို့သည် ရဟန်း၊ ပုဏ္ဏားပြုခြင်း၏ အကျိုးကိုလည်း မခံစားကြရကုန် ဟု ဟောကြားသည်။

၁၀၉၃။ သမ္မာသမ္ဗုဒ္ဓသုတ်၌ အရိယသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိမြင်ခြင်းကြောင့် သမ္မာသမ္ဗုဒ္ဓဟု ဆိုအပ်ကြောင်းဟောကြားသည်။
၁၀၉၄။ အရဟန္တသုတ်၌ ကာလသုံးပါး၌ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်သော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့သည် အရိယသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ကြခြင်း ဖြစ်ကြောင်း ဟောကြားသည်။

## ၅။ အာသဝက္ခယသုတ်

[သိမြင်သူအားသာလျှင် အာသဝေါကုန်ခြင်းကို ဟောကြောင်း]

၁၀၄၅။ ရဟန်းတို့၊ ငါသည် သိသူ၊ မြင်သူအားသာလျှင် အာသဝတို့၏ ကုန်ခြင်းကို ဟော၏။ မသိသူ၊ မမြင်သူအား အာသဝတို့၏ ကုန်ခြင်းကို မဟော။ အဘယ်သို့ သိသူမြင်သူအား အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်သနည်း ဆိုသော် 'ဤကား ဒုက္ခတည်း.... ဤကား ဒုက္ခချုပ်ရာသို့ရောက်စေသော အကျင့်တည်း' ဟု သိသူမြင်သူအား အာသဝတို့၏ ကုန်ခြင်းသည် ဖြစ်၏။ ထို့ကြောင့် သင်တို့သည် 'ဤကား ဒုက္ခတည်း....ဤကား ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်း' ဟု သိမြင်ရန် အားထုတ်အပ်၏။

## ၆။ မိတ္တသုတ်

[မိတ်ဆွေတို့အား ဆောက်တည်စေသင့်သော တရား]

၁၀၄၆။ ရဟန်းတို့၊ သင်တို့သည် အကြင်သူတို့ကို သနားကြင်နာကုန်၏။ အကြင်မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်၊ ဆွေမျိုးသားခြင်းတို့သည်လည်း သင်တို့၏ စကားကို နာယူထိုက်၏ဟု မှတ်ထင်ကုန်၏။ သင်တို့သည် ထိုသူတို့ကို အရိယသစ္စာ လေးပါးကို ထိုးထွင်း၍သိခြင်းငှာ ဆောက်တည်စေအပ်ကုန်၏။

၁၀၄၇။ တထသုတ်၌ ဆင်းရဲခြင်းဒုက္ခ၊ ဆင်းရဲဖြစ်ကြောင်း သမုဒယစသော အရိယသစ္စာလေးပါးတို့သည် မှန်ကန်သောတရား၊ မချွတ်ယွင်းသောတရား၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်သောတရားများ ဖြစ်သောကြောင့် အရိယသစ္စာဟု ဆိုအပ်ခြင်းဖြစ်ကြောင်း ဟောသည်။

၁၀၄၈။ လောကသုတ်၌ ဆင်းရဲခြင်းဒုက္ခ၊ ဆင်းရဲခြင်းဖြစ်ကြောင်း သမုဒယစသော အရိယသစ္စာ လေးပါးတို့သည် နတ်ဗြဟ္မာအပေါင်းနှင့်တကွ ဖြစ်သော ဤလောက၌ အရိယာဖြစ်သော မြတ်စွာဘုရားသည် ဟောကြားအပ်၊ ထိုးထွင်းသိမြင်အပ်သော တရားဖြစ်သောကြောင့် အရိယသစ္စာဟု ခေါ်ဆိုအပ်ခြင်းဖြစ်ကြောင်း ဟောကြား၏။

၁၀၄၉။ ပရိညေယျသုတ်၌ အရိယသစ္စာ လေးပါးတို့တွင် ဒုက္ခသည် ပိုင်းခြား၍ သိအပ်သောတရား၊ သမုဒယသည်ပယ်အပ်သောတရား၊ နိရောဓ

သည် မျက်မှောက်ပြုအပ်သောတရား၊ မဂ္ဂသည် ပွားများအပ်သောတရား ဖြစ်ကြောင်း ဟောကြား၏။

## ၁၀။ ဂဝမ္ပတိသုတ်

### [မထေရ်ကြီးတို့၏ပြဿနာကို ရှင်ဂဝမ္ပတိ က ဖြေခြင်း]

၁၁၀၀။ အခါတပါး၌ များစွာသော မထေရ်တို့သည် စေတီတိုင်း သဟဇ္ဇနိက မြို့၌ သီတင်းသုံးနေကြကုန်၏။ ထိုမထေရ်တို့သည် တနေ့သ၌ ဆွမ်းစားပြီး၍ တန်ဆောင်းဝန်း၌ စည်းဝေးနေကြစဉ် ‘ဒုက္ခသစ္စာကို မြင်သောသူသည် အခြား သစ္စာသုံးပါးကိုလည်း မြင်ပါသလော’ ဟု စကားတရပ် ဖြစ်ပေါ်၏။ ထိုအခါ ရှင်ဂဝမ္ပတိမထေရ်က သစ္စာလေးပါးတို့တွင် တပါးပါးကို မြင်သောသူသည် ကြွင်းသော သစ္စာသုံးပါးကိုလည်း မြင်သည်ဟု မြတ်စွာဘုရားထံမှ မိမိနာယူမှတ်သားခဲ့ရကြောင်း ဖြေကြားလေသည်။

## ၄။ သီသပါဝနဝဂ်

## ၁။ သီသပါဝနသုတ်

### [ယင်းတိုက်ရွက်ဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၀၁။ အခါတပါး၌ ဗုဒ္ဓသည် ကောသမ္ဗီပြည် ယင်းတိုက်တော၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါဗုဒ္ဓသည် အနည်းငယ်သော ယင်းတိုက်ရွက်တို့ကို လက်ဖြင့်ဆုပ်ကိုင်ထားပြီး ‘ရဟန်းတို့၊ ယခု ငါလက်တွင်ဆုပ်ကိုင်ထားသော ယင်းတိုက်ရွက်နှင့် ဤယင်းတိုက်တောတခုလုံး၌ ရှိသော ယင်းတိုက်ရွက်တို့တွင် ဘယ်ဟာကပိုများသနည်း’ဟု ရဟန်းတို့ကို မေးတော်မူ၏။

“အရှင်ဘုရား၊ မြတ်စွာဘုရားလက်၌ ဆုပ်ကိုင်ထားသော ယင်းတိုက်ရွက်တို့သည် အနည်းငယ်မျှသာ ဖြစ်ပါသည်။ ဤယင်းတိုက်တော တခုလုံး၌ ရှိသော ယင်းတိုက်ရွက်တို့သည်ကား အလွန်ပင် များပြားလှပါသည်”

“ရဟန်းတို့၊ ဤဥပမာအတိုင်းပင် ငါသည် ဉာဏ်အထူးဖြင့်သိ၍ မဟောကြားအပ်သော တရားတို့သည် ဟောကြားအပ်သော တရားထက် ပို၍များကုန်၏။ အဘယ့်ကြောင့် မဟောကြားသနည်း ဆိုသော် ထိုတရားတို့သည်

အကျိုးစီးပွားနှင့်မစပ်၊ အကျင့်မြတ်၏ အဦးအစလည်းမဟုတ်၊ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်းစသော အလို့ငှာလည်း မဖြစ်သောကြောင့်ပေတည်း''

ရဟန်းတို့၊ ငါသည် အဘယ်တရားကို ဟောကြားအပ်သနည်းဆိုသော် ဤကား ဒုက္ခတည်းဟု ဟောကြား၏။ ဤကားဒုက္ခချုပ်ရာသို့ရောက်စေသော အကျင့်တည်းဟု ဟောကြား၏။ အဘယ့်ကြောင့် ဤသို့ဟောကြားအပ်သနည်း ဆိုသော် ဤတရားများသည် အကျိုးစီးပွားနှင့်စပ်၏။ အကျင့်မြတ်၏ အဦး အစလည်းဖြစ်၏၊ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း စသော အလို့ငှာလည်း ဖြစ်၏။ ထို့ကြောင့် ဟောကြားခြင်းဖြစ်၏။

## ၂။ ခဒိရပတ္တသုတ်

[ရှားရွက်ဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၀၂။ ရဟန်းတို့၊ တစုံတယောက်သောသူသည် ရှားရွက်၊ထင်းရှူးရွက်၊ သျှစ်ရှားရွက်တို့ဖြင့် ဖက်ခွက်ပြုလုပ်၍ ရေကိုဆောင်အံ့၊ ဖက်လိပ်နားတောင်း ပြု၍သော်လည်း ပန်အံ့ဟု ဆိုခဲ့သော် ထိုသို့ပြုလုပ်နိုင်ရန် အကြောင်းမရှိသကဲ့ သို့ ထို့အတူပင် တစုံတယောက်သောသူသည် ဒုက္ခအရိယသစ္စာကို ဟုတ်တိုင်း မှန်စွာ ထိုးထွင်း၍မသိပဲ.... ဒုက္ခချုပ်ရာသို့ ရောက်စေသော အရိယသစ္စာကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍မသိပဲ ဒုက္ခကုန်ဆုံးခြင်းကို ကောင်းစွာပြုပေအံ့ ဟု ဆိုခဲ့သော် ထိုကဲ့သို့ ပြုနိုင်ရန်အကြောင်းမရှိပေ။

ရဟန်းတို့၊ တစုံတယောက်သောသူသည် 'ပဒုမ္မာကြာရွက်၊ ပေါက်ရွက်၊ မာလောရွက်တို့ဖြင့် ခွက်ပြု၍ ရေကိုဆောင်အံ့၊ ဖက်လိပ်နားတောင်းပြု၍လည်း ဆောင်အံ့'ဟု ဆိုခဲ့သော် သူဆိုသည့်အတိုင်း ပြုလုပ်နိုင်ရန် အကြောင်းရှိ သကဲ့သို့ ထို့အတူပင် တစုံတယောက်သောသူသည် ဒုက္ခအရိယသစ္စာကို ဟုတ် တိုင်းမှန်စွာ ထိုးထွင်းသိ၍ ကောင်းစွာ ဒုက္ခကုန်ဆုံးခြင်းကိုပြုပေအံ့ဟု ဆိုခဲ့ သော် သူဆိုသည့်အတိုင်း ပြုနိုင်ရန်အကြောင်းရှိပေ၏။

## ၃။ ဒဏ္ဍသုတ်

[ကောင်းကင်သို့ပစ်လိုက်သော တုတ်ချောင်းဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၀၃။ ရဟန်းတို့၊ ကောင်းကင်ပေါ်သို့ ပစ်လိုက်သော တုတ်သည် တခါ တရံ အရင်းဖြင့်ကျ၍ တခါတရံ အဖျားနှင့်ကျသကဲ့သို့ ထို့အတူပင် အဝိဇ္ဇာ

ဖြင့် ပိတ်ကာ၍ တကျောဖြင့် နှောင်ဖွဲ့အပ်သော သတ္တဝါတို့သည် သံသရာ၌ ကျင်လည်ပြေးသွားကုန်သည်ရှိသော် တခါတရံ ဤလူ့ပြည်လောကမှ တပါးသော လောကသို့ သွားကုန်၏။ တခါတရံ တပါးသောလောကမှ ဤလူ့ပြည် လောကသို့လာကုန်၏။ အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်းဆိုသော် အရိယသစ္စာလေးပါးကို မသိမြင်အပ်သောကြောင့်ပေတည်း။

## ၄။ စေလသုတ်

### [ပုဆိုးမီးလောင်ခြင်း ဥပမာဖြင့်မိန့်ကြားခြင်း]

၁၁၀၄။ "ရဟန်းတို့၊ ပုဆိုးကိုဖြစ်စေ၊ ခေါင်းကို ဖြစ်စေ မီးလောင်သည် ရှိသော် အဘယ်သို့ပြုအပ်သနည်း"

"အရှင်ဘုရား၊ မီးလောင်သောပုဆိုး၊ သို့မဟုတ် ခေါင်းကိုမီးငြိမ်းစေခြင်းငှာ လွန်ကဲသော ဆန္ဒ၊ ပြင်းထန်သောအားထုတ်မှု၊ မဆုတ်နစ်သော သတိသမ္ပဇဉ်ကို ပြုလုပ်အပ်ပါသည်"

"ရဟန်းတို့၊ မီးလောင်နေသော ပုဆိုး၊ မီးလောင်နေသော ဦးခေါင်းကို ပင် လျစ်လျူရှုထားပြီး ထိုးထွင်း၍ မသိအပ်သေးသော သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှာ လွန်ကဲသော ဆန္ဒ၊ ပြင်းထန်သော အားထုတ်မှု၊ မဆုတ်မနစ်သော သတိသမ္ပဇဉ်ကို ပြုအပ်ပေ၏"

## ၅။ သတ္တိသတသုတ်

### [လှံချက်တရာထိုးခြင်း ဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၀၅။ ရဟန်းတို့၊ နှစ်ပေါင်းတရာအသက်ရှည်မည့်ယောကျ်ားတယောက်ကို 'အချင်း ယောကျ်ား၊ သင့်ကို နံနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညနေတကြိမ် လှံဖြင့် အချက်ပေါင်းတရာစီ ထိုးကြလိမ့်မည်။ ဤသို့နေ့စဉ် လှံဖြင့် အချက်ပေါင်း သုံးရာ ထိုးခြင်းခံရသော သင်သည် နှစ်ပေါင်းတရာ လွန်သော အခါ ထိုးထွင်း၍ မသိအပ်သေးသော အရိယသစ္စာလေးပါးကို ထိုးထွင်း၍ သိလိမ့်မည်' ဟု တစုံတယောက်သောသူက ပြောဆိုရာ၏။ ယင်းသို့ပြောဆိုခဲ့သော် မိမိအကျိုးစီးပွားကို တကယ်လိုလားသော အမျိုးကောင်းသားသည် ထိုလှံဖြင့် ထိုးမည့်အရပ်သို့ ချဉ်းကပ်ခြင်းငှာသင့်၏။ အဘယ့်ကြောင့်ဆိုသော် သံသရာသည် မသိအပ်သောအစရှိ၏။ လှံဖြင့် ထိုးခံရခြင်း၊ သန်လျက်ဖြင့် ခုတ်ခံရခြင်း၊ မြားဖြင့် ပစ်ခံရခြင်း၊ ပုဆိန်ဖြင့် ပေါက်ခံရခြင်းတို့၏ ရှေ့ အစွန်းသည် မထင်သောကြောင့် ဖြစ်၏။

## ၆။ ပါဏသုတ်

[မဟာသမုဒ္ဒရာရှိ သတ္တဝါများအလွန်များပုံ]

၁၁၀၆။ ရဟန်းတို့၊ ဥပမာကား တဦးသောယောကျ်ားသည် ဤဇမ္ဗူဒိပ်ကျွန်း၌ရှိသော မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်တို့ကို ထုပ်၍ တပေါင်းတည်းပြုရာ၏၊ ထိုသို့ တပေါင်းတည်းပြုပြီး တံစို့ပြုလုပ်ရာ၏။ တံစို့ပြုလုပ်ပြီး မဟာသမုဒ္ဒရာထဲမှ ကြီးသော သတ္တဝါတို့ကို ကြီးသောတံစို့တို့၌သီရာ၏။ မဟာသမုဒ္ဒရာထဲမှ အလယ်အလတ်ဖြစ်သော သတ္တဝါတို့ကို အလယ်အလတ်ဖြစ်သောတံစို့တို့၌ သီရာ၏။ မဟာသမုဒ္ဒရာထဲမှ သေးငယ်သော သတ္တဝါတို့ကို သေးငယ်သော တံစို့တို့၌ သီရာ၏။ ထိုသို့ သီသည်ရှိသော် မဟာသမုဒ္ဒရာ၌ သတ္တဝါများမကုန်မီပင် ဤဇမ္ဗူဒိပ်ကျွန်းလုံး၌ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်တို့သည် ကုန်ခန်းခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့၊ မဟာသမုဒ္ဒရာထဲ၌ အလွန်သေးငယ်သဖြင့် တံစို့ဖြင့်သီခြင်းငှာ မတတ်ကောင်းသော သတ္တဝါတို့သည် တံစို့ဖြင့် သီခြင်းငှာတတ်ကောင်းသောသတ္တဝါတို့ထက် ပို၍များကုန်၏၊ ရဟန်းတို့၊ အပါယ်သတ္တဝါအပေါင်းသည် ဤမျှများပြား၏။ ရဟန်းတို့၊ ဤမျှ များပြားသော အပါယ်မှ လွတ်မြောက်ပြီးသည့် အမြင်မှန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် 'ဤကား ဒုက္ခတည်း' ဟု ဟုတ်တိုင်းမှန်စွာသိ၏။.... 'ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်း' ဟု ဟုတ်တိုင်းမှန်စွာသိ၏။

## ၇။ ပဌမ သူရိယသုတ်

[နေအရုဏ်တက်ခြင်း ဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၀၇။ ရဟန်းတို့၊ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်သကဲ့သို့ ထိုအတူ မှန်သောအယူသည် အရိယသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ခြင်း၏ ရှေ့ပြေးနိမိတ် ဖြစ်၏။

ရဟန်းတို့၊ မှန်သောအမြင်ရှိသော ရဟန်းသည် 'ဤကား ဒုက္ခတည်း.... ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်း' ဟု ဟုတ်တိုင်းမှန်စွာ သိလိမ့်မည်ဟူ၍ မလွဲမသွေမျှော်လင့်အပ်ပေ၏။

## ၈။ ဒုတိယ သူရိယသုတ်

### [နေနှင့်လ ထွက်ပေါ်လာခြင်းဥပမာ]

၁၁၀၈။ ရဟန်းတို့၊ လောက၌ လနှင့် နေ မဖြစ်ပေါ်သေးသမျှ ကာလ ပတ်လုံး ကြီးမားသော အလင်းရောင်သည် မထင်ရှား။ အမိုက်မှောင်ထုမျှသာ ဖြစ်၏။ ညနှင့်နေ့၊ လနှင့်လဝက်၊ ဥတုနှင့် နှစ်တို့သည် မထင်ရှားကုန်။ ရဟန်းတို့၊ လောက၌ လနှင့်နေတို့ ဖြစ်ပေါ်လာသည့် အခါမှစ၍ သာလျှင် ကြီးမားသော အလင်းရောင်သည် ထင်ရှား၏။ အမိုက်မှောင်ထုသည် ကွယ်ပ ခဲ့၏။ ညနှင့်နေ့၊ လနှင့်လဝက်၊ ဥတုနှင့်နှစ်တို့သည် ထင်ရှားကုန်၏။

ရဟန်းတို့၊ ထိုဥပမာအတိုင်းပင် လောက၌ မြတ်စွာဘုရားသည် မဖြစ်ပေါ် သေးသမျှ ကာလပတ်လုံး ကြီးမားသော အလင်းရောင်သည် မထင်ရှားခဲ့။ အမိုက်မှောင်အတိသာ ဖြစ်ခဲ့၏။ အရိယာသစ္စာလေးပါးကို ဟောကြားဖွင့်ဟ ခြင်းသည် မရှိခဲ့။ ရဟန်းတို့၊ လောက၌ မြတ်စွာဘုရား ဖြစ်ပေါ်လာသည့် အခါမှစ၍သာလျှင် ကြီးမားသော အလင်းရောင်သည် ထင်ရှားခဲ့၏။ အမိုက် မှောင်ထုသည် ကွယ်ပခဲ့၏။ အရိယသစ္စာလေးပါးကို ဟောကြား ဖွင့်ပြခြင်း သည် ရှိခဲ့၏။

## ၉။ ဣန္ဒခီလသုတ်

### [တံခါးတိုင် ဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၀၉။ ရဟန်းတို့၊ လေဆောင်ယူနိုင်လောက်အောင် ပေါ့ပါး၍ ညီညာ သော မြေပြင်၌ ချထားအပ်သော လဲစိုင်၊ ဝါဂွမ်းစိုင်ကို အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေတို့သည် ဆန့်ကျင်ဘက်အရပ်သို့ ရွေ့လျားစေနိုင် သကဲ့သို့ ထိုအတူ ဤကား ဒုက္ခတည်း၊ ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေ သော အကျင့်တည်း ဟု ပဋိတ်တိုင်းမှန်စွာ မသိရသေးသော ရဟန်း၊ ပုဏ္ဏား ဟူသမျှတို့သည် 'ဤအရှင်ကား သိထိုက် မြင်ထိုက်သော တရားကို သိမြင်လေ ယောင်တကား'ဟု ကြံလျက် တပါးသော ရဟန်း၊ ပုဏ္ဏား၏ မျက်နှာကို မော် ကြည့်တတ်ကုန်၏[၁]။ အဘယ့်ကြောင့် ထိုသို့ကြည့်သနည်းဆိုသော် အရိယ သစ္စာလေးပါးကို မမြင်သောကြောင့်ပေတည်း။

---

၁။ တပါးသော ရဟန်း၊ ပုဏ္ဏား၏ အလိုဆန္ဒကို ရှုစမ်းလေ့လာကုန်၏ ဟု ဆိုလိုသည်။ (မုခံ ဩလောကေန္တိတိ အဇ္ဈာသယံ ဩလောကေန္တိ)

ရဟန်းတို့၊ မြေဝင်နက်၍ မလှုပ်မယှက်အောင် ကောင်းစွာ စိုက်ထားအပ်သော သံတိုင်၊ သို့မဟုတ် တံခါးတိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေတို့ကြောင့် မရွေ့လျားသကဲ့သို့ ထို့အတူ 'ဤကား ဒုက္ခတည်း၊ ဤကား ဒုက္ခချုပ်ရာသို့ရောက်စေသော အကျင့်တည်း' ဟု ဟုတ်တိုင်းမှန်စွာ သိသော ရဟန်း၊ ပုဏ္ဏား ဟူသမျှတို့သည် 'ဤအရှင်ကား သိထိုက် မြင်ထိုက်သောတရားကို သိမြင်လေယောင်တကား' ဟု ကြံလျက် တပါးသော ရဟန်း၊ ပုဏ္ဏားတို့၏ မျက်နှာကို မေ၍မကြည့်ကုန်။ အဘယ့်ကြောင့် မကြည့်သနည်း ဆိုသော် အရိယသစ္စာလေးပါးကို ကောင်းစွာမြင်ပြီးသောကြောင့် ပေတည်း။

## ၁၀။ ဝါဒတ္ထိကသုတ်

[ဝါဒရေးရာဖြင့် အပြစ်ရှာလိုသူများ မချောက်ချားစေနိုင်သူ]

၁၁၁၀။ ရဟန်းတို့၊ မြေဝင်ရှစ်တောင်၊ မြေပေါ်ရှစ်တောင်ရှိ၍ တဆယ့်ခြောက်တောင်ရှိသော ကျောက်တိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခိုက်လာသော လေပြင်းမုန်တိုင်းတို့ကြောင့် မရွေ့လျားသကဲ့သို့ ထို့အတူ 'ဤကား ဒုက္ခတည်း၊ .... ဤကားဒုက္ခချုပ်ရာသို့ရောက်စေသော အကျင့်တည်း' ဟု ဟုတ်တိုင်းမှန်စွာ သိမြင်သော ရဟန်းကို ဝါဒရေးရာဖြင့် အပြစ်ရှာလို၍ အရပ်လေးမျက်နှာမှ လာသော ပုဏ္ဏားရဟန်းတို့သည် ကျိုးကြောင်း ယုတ္တိရှိသော စကားဖြင့် လှုပ်ယှက်ချောက်ချားစေနိုင်ရန် အကြောင်းမရှိ။ အဘယ့်ကြောင့် ဆိုသော် အရိယသစ္စာ လေးပါးကို ကောင်းစွာ သိမြင်ပြီးသူဖြစ်သောကြောင့် ပေတည်း။

## ၅။ ပပါတဝဂ်

## ၁။ လောကစိန္တာသုတ်

[လောကအကြောင်းကို မကြံစည်သင့်ကြောင်း]

၁၁၁၁။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဟောကြားသည်။

''ရဟန်းတို့၊ ရှေးအခါက ရာဇဂြိုဟ်ပြည်မှ ယောကျ်ားတယောက်သည် သုမာဂဓမည်သော ရေကန်၏အနီး၌ လောကအကြောင်းကို ကြံစည်လျက်[၁]

၁။ လောကအကြောင်းဟူသည် နေ၊ လ၊ သမုဒ္ဒရာ၊ မြေကြီး စသည်တို့ကို မည်သူက ဖန်ဆင်းသနည်း၊ သတ္တဝါများကို မည်သူက ဖန်ဆင်းသနည်း စသောအကြောင်းအရာများဖြစ်၏။

ထိုင်နေ၏။ ယင်းသို့ထိုင်နေစဉ် ထိုယောကျ်ားသည် ကြာတောအတွင်းသို့ဝင်သွားသည့် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးတခုကို တွေ့မြင်ရလေ၏။ ထိုအခါ ထိုယောကျ်ားအား "ငါသည် ရူးသွပ်သွားပြီလော၊ စိတ်ဖောက်ပြန်သွားပြီလော၊ လောက၌မရှိသောအရာကိုမြင်၏"ဟု အကြံဖြစ်လေ၏။

ထို့နောက် ထိုယောကျ်ားသည် မြို့တွင်းသို့ပြန်သွားပြီး လူအပေါင်းအား မိမိ၏ အဖြစ်အပျက်ကို ပြောပြလေ၏။ သူ့စကားကိုကြားရသောလူအပေါင်းကလည်း "သင်ကား ရူးသွပ်နေပြီ"ဟု ပြော၏။

ရဟန်းတို့၊ စင်စစ်ကား ထိုယောကျ်ားသည် အမှန်ကို တွေ့မြင်ခဲ့ခြင်းသာဖြစ်၏။ ထိုအခါက နတ်နှင့်အသူရာတို့ စစ်ပွဲဖြစ်ပွားရာ စစ်ရှုံးသော အသူရာတို့သည် နတ်တို့ကိုမျက်ခြည်ပြတ်အောင်လှည့်စားလျက် ကြာတောသို့ဝင်သွားကြကုန်၏။ ထိုယောကျ်ားသည် ထိုအသူရာစစ်တပ်ကို တွေ့မြင်ခဲ့ခြင်းဖြစ်၏။

ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် 'လောကသည်မြဲ၏၊ လောကသည်မမြဲ' စသော လောကအကြောင်းကို မကြံစည်ကြကုန်လင့်၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ကြံစည်ခြင်းသည် အကျိုးစီးပွားနှင့်မစပ်၊ အကျင့်မြတ်၏အဦးအစလည်း မဟုတ်၊ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်းစသော အလို့ငှာလည်း မဖြစ်သောကြောင့်ပေတည်း။

ရဟန်းတို့၊ သင်တို့သည် ကြံစည်စဉ်းစားကုန်သည်ရှိသော် 'ဤကား ဒုက္ခတည်း'ဟု ကြံစည်ကြကုန်လော့။.... 'ဤကားဒုက္ခချုပ်ရာသို့ ရောက်စေသောအကျင့်တည်း'ဟု ကြံစည်ကြကုန်လော့။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ကြံစည်ခြင်းသည် အကျိုးစီးပွားနှင့်လည်းစပ်၊ အကျင့်မြတ်၏ အဦးအစလည်းဖြစ်၊ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်းစသော အလို့ငှာလည်း ဖြစ်သောကြောင့်ပေတည်း။

## ၂။ ပပါတသုတ်

[ဇာဘိစသော ဆင်းရဲသည့် အလွန်နက်သော ချောက်ကမ်းပါးနှင့် တူကြောင်း]

၁၁၁၂။ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစဉ် များစွာသော ရဟန်းတို့နှင့်အတူ ပဋိဘာနမည်သော တောင်ထွတ်သို့ကြွတော်မူ၏။ ထိုအခါ ရဟန်းတပါးသည် အလွန်နက်သော ချောက်ကမ်းပါးတခုကို မြင်၍ 'အရှင်ဘုရား၊ ဤချောက်ကမ်းပါးထက် ပို၍နက်၊ ပို၍ကြောက်စရာကောင်းသည့် တပါးသော ချောက်ကမ်းပါးသည် ရှိပါသေးသလော'ဟု ဗုဒ္ဓအား မေးလျှောက်၏။ ဗုဒ္ဓက ရှိကြောင်းဖြေကြားရာ 'ဤချောက်ကမ်းပါး

ထက် ပို၍နက်၊ ပို၍ ကြောက်စရာကောင်းသော ချောက်ကမ်းပါးကား အဘယ်ပါနည်း’ ဟု မေးလျှောက်ပြန်၏၊ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

ရဟန်းတို့၊ ‘ဤကား ဒုက္ခဟည်း... ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်း’ဟူ၍ ဟုတ်တိုင်းမှန်စွာမသိသော ရဟန်းပုဏ္ဏားတို့သည် မွေးခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ဆင်းရဲခြင်းကို ဖြစ်စေသော ပြုလုပ်အားထုတ်မှု သင်္ခါရတို့၌ မွေ့လျော်ကြကုန်၏။ မွေးခြင်း၊ သေခြင်း စသည်ကို ဖြစ်စေသော သင်္ခါရတို့၌ မွေ့လျော်ကုန်သည်ရှိသော် ယင်းသင်္ခါရတို့ကို ပြုလုပ်ပြုလုပ်ကြကုန်၏။ ယင်းသင်္ခါရတို့ကို ပြုလုပ်ကြကုန်သည်ရှိသော် မွေးခြင်း၊ အိုခြင်း၊ သေခြင်း အစရှိသော ချောက်ကမ်းပါးသို့ ကျရောက်ကြကုန်၏။ ထိုသူတို့သည် မွေးခြင်း၊ သေခြင်း အစရှိသော ဆင်းရဲအပေါင်းမှ မလွတ်နိုင်ကြတော့ချေ။

ရဟန်းတို့၊ ဤကား ဒုက္ခတည်း စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိသော ရဟန်းပုဏ္ဏားတို့သည်ကား မွေးခြင်း သေခြင်းအစရှိသော ဆင်းရဲဖြစ်စေသော သင်္ခါရတို့၌ မမွေ့လျော်ကြကုန်။ မမွေ့လျော်သည်ရှိသော် ယင်းသင်္ခါရတို့ကို မပြုလုပ်ကြကုန်၊ မပြုလုပ်သည်ရှိသော် မွေးခြင်း၊ သေခြင်း အစရှိသောအပူဖြင့် ပူလောင်၍ မနေကြကုန်၊ ထိုသူတို့သည် မွေးခြင်း၊ သေခြင်းအစရှိသော ဆင်းရဲမှ လွတ်မြောက်ကြကုန်၏။

## ၃။ မဟာပရိဠာဟသုတ်

### [အလွန်ပြင်းသော ပူလောင်ခြင်း]

၁၁၁၃။ “ရဟန်းတို့၊ ကြီးစွာ ပူလောင်သည့် မဟာပရိဠာဟ မည်သော ငရဲသည်ရှိ၏။ ထိုငရဲ၌ မြင်ရကြားရ၊ တွေ့သိခံစားရသော အဆင်း၊ အသံ စသည့် အာရုံ ၆ ပါးတို့သည် မနှစ်သက်ဖွယ်သော အာရုံများသာ ဖြစ်ကုန်၏။ နှစ်သက်အပ်သော အာရုံဟူ၍ မရှိချေ”

ဤသို့ ဗုဒ္ဓက မိန့်ကြားသောအခါ ရဟန်းတပါးက “အရှင်ဘုရား၊ ထိုပူလောင်ခြင်းကား ကြီးမားလှပေစွ၊ ထိုပူလောင်ခြင်းထက်ပို၍ ကြီးမားသည့် အခြားပူလောင်ခြင်း ရှိပါသေးသလော”ဟု မေးလျှောက်၏။ ဗုဒ္ဓက ရှိကြောင်း ဖြေကြားပြီး အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူ၏။

“ရဟန်းတို့ ဤကား ဒုက္ခတည်း.... ဤကားဒုက္ခချုပ်ရာသို့ရောက်စေသော အကျင့်တည်း” ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိသော ရဟန်းပုဏ္ဏား တို့သည်

မွေးခြင်း၊ သေခြင်းစသော ဆင်းရဲကို ဖြစ်စေသော သင်္ခါရတို့၌ မွေ့လျော်ကုန်၏။ သင်္ခါရတို့၌မွေ့လျော်သည်ရှိသော် ယင်းသင်္ခါရတို့ကို ပြုလုပ်ကြကုန်၏။ ပြုလုပ်ကြကုန်သည်ရှိသော် အိုခြင်း၊ သေခြင်း အစရှိသော အပူဖြင့် ပူလောင်၍ နေကြရကုန်၏။ ထိုသူတို့သည် မွေးခြင်း၊ သေခြင်း အစရှိသော ဆင်းရဲမှ မလွတ်မြောက်နိုင်ကြချေ။

"ရဟန်းတို့၊ 'ဤကား ဒုက္ခတည်း' စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိသော ရဟန်းပုဏ္ဏားတို့သည်ကား မွေးခြင်း၊ သေခြင်းအစရှိသော ဆင်းရဲကို ဖြစ်စေသော သင်္ခါရတို့၌ မမွေ့လျော်ကြကုန်၊ မမွေ့လျော်သည်ရှိသော် ယင်းသင်္ခါရတို့ကို မပြုလုပ်ကြကုန်၊ မပြုလုပ်သည်ရှိသော် မွေးခြင်း၊ သေခြင်း အစရှိသော အပူဖြင့် ပူလောင်၍ မနေကြရကုန်။ ထိုသူတို့သည် မွေးခြင်း၊ သေခြင်း အစရှိသောဆင်းရဲမှ လွတ်မြောက်ကြကုန်၏။

၁၁၁၄။ ကူဋာဂါရသုတ်၌ အထွတ်တပ်သောအိမ်ကို ဆောက်လုပ်ရာ၌ အောက်ပိုင်းမပြီးမီ အထက်ပိုင်းကို မဘင်နိုင်၊ အောက်ပိုင်းပြီးမှသာ အထက်ပိုင်းကို တင်နိုင်သကဲ့သို့၊ ထို့အတူ သစ္စာလေးပါးကို မသိပဲ ဒုက္ခကုန်ဆုံးခြင်းကို မပြုနိုင်။ သစ္စာလေးပါးကိုသိမှသာ ဒုက္ခကုန်ဆုံးခြင်းကို ပြုနိုင်ကြောင်း ဟောကြားသည်။

## ၅။ ဝါလသုတ်

[သားမြီးများကိုဖောက်ထွင်းခြင်း ဥပမာဖြင့် မိန့်ကြားခြင်း]

၁၁၁၅။ အခါတပါး၌ ရှင်အာနန္ဒာသည် ဝေသာလီပြည်သို့ ဆွမ်းခံဝင်စဉ် မင်းကွန်း၌ မြားပစ်လေ့ကျင့်နေကြသော လိစ္ဆဝီမင်းသားငယ်တို့ကို တွေ့မြင်လေ၏။ ထိုမင်းသားငယ်တို့သည် အဝေးမှနေ၍ မြားကိုသေးငယ်သော သံပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ပဲ ကျစေနိုင်ကြကုန်၏။ ထိုအခြင်းအရာကို မြင်လျှင် ရှင်အာနန္ဒာအား 'ဤမင်းသားငယ်တို့ကား ကျွမ်းကျင်လှပေကုန်၏'ဟု အကြံဖြစ်၏။ ရှင်အာနန္ဒာသည် ဆွမ်းခံရာမှ ပြန်လာသောအခါ ဗုဒ္ဓအား ထိုအကြောင်းကို လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြား၏။

"အာနန္ဒာ၊ အဝေးမှနေ၍ မြားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ပဲ ကျစေခြင်းနှင့် ခုနစ်စိတ်ခွဲထားသော သားမြီးများချင်း ဖောက်ထွင်းခြင်းတို့တွင် ဘယ်ဟာကပို၍ ခဲယဉ်းသနည်း"

"အရှင်ဘုရား၊ ခုနစ်စိတ်ခွဲထားသော သားမြီးများချင်း ဖောက်ထွင်ခြင်းတို့သည် ပို၍ ခဲယဉ်းပါသည်"

"အာနန္ဒာ၊ စင်စစ်အားဖြင့် 'အကြင်သူတို့သည် ဤကား ဒုက္ခတည်း.... ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသောအကျင့်တည်း'ဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏။ ထိုသူတို့သည်သာ ပို၍ ဖောက်ထွင်းနိုင်ခဲသော အရာကို ဖောက်ထွင်း၍ သိသူများဖြစ်ကုန်၏"

## ၆။ အန္ဓကာရ သုတ်

[လောကန္တရိတ်ငရဲထက်ကြီးသော အမိုက်တိုက်]

၁၁၁၆။ "ရဟန်းတို့၊ အပိအကာခရှိဟင်းလင်းပွင့်လျက် အမိုက်မှောင် အတိဖြစ်သော လောကန္တရိတ်ငရဲဟူသည် ရှိကုန်၏၊ ထိုငရဲ၌ ရှိသောသတ္တဝါတို့သည် အလွန်တန်ခိုးအာနုဘော်ကြီးသော လနေ တို့၏ အလင်းရောင်ကို မခံစားရကုန်"

ဤသို့ ဗုဒ္ဓက မိန့်ကြားသောအခါ ရဟန်းတပါးက

"အရှင်ဘုရား၊ ဤလောကန္တရိက်ငရဲထက်ပို၍ကြီးမားသော၊ ပို၍ကြောက်စရာကောင်းသော အမိုက်မှောင်သည်ရှိပါသေးသလော"ဟု မေးလျှောက်၏။ သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာမသိသဖြင့် ကျရောက်ရသည့် မွေးခြင်း၊သေခြင်း အစရှိသော အမိုက်မှောင်သည် ပို၍ကြီးမားကြောင်း၊ ပို၍ကြောက်စရာကောင်းကြောင်း ဗုဒ္ဓက ဖြေကြားတော်မူ၏။

## ၇။ ပထမ ဆိဒ္ဒဋ္ဌယုဂ သုတ်

[လိပ်ကန်းနှင့် ထမ်းပိုးပေါက်ဥပမာ]

၁၁၁၇။ "ရဟန်းတို့၊ ဥပမာကား ယောကျာ်းတယောက်သည် မဟာသမုဒ္ဒရာ၌ အပေါက်တပေါက်သာရှိသော ထမ်းပိုးတချောင်းကို ပစ်ချထားရာ၏။ ထိုသမုဒ္ဒရာ၌ လိပ်ကန်းတကောင်သည်လည်းရှိရာ၏။ထိုလိပ်ကန်းသည် နှစ်ပေါင်းတရာလွန်မှ တကြိမ်သာရေပေါ်သို့ ပေါ်လာရာ၏၊ ရဟန်းတို့၊ သင်တို့သည် မည်သို့ထင်ကုန်ကြသနည်း။ ဤသို့နှစ်ပေါင်းတရာလွန်မှ တကြိမ်သာ ရေပေါ်သို့ ပေါ်လာသော လိပ်ကန်းသည် အပေါက်တပေါက်သာပါသော ထိုထမ်းပိုး၌ လည်ပင်းဖြင့် စွပ်မိနိုင်ရာပါသလော"

"အရှင် ဘုရား၊ ထိုလိပ်ကန်း၏ ထိုထမ်းပိုးပေါက်၌ လည်ပင်းဖြင့် စွပ်မိခြင်းသည် အလွန် အချိန်ကြာမြင့်သောအခါမှသာ ဖြစ်နိုင်ကောင်း ဖြစ်နိုင်ရာပါ၏"

"ရဟန်းတို့၊ နှစ်ပေါင်းတရာကြာမှ တကြိမ်သာ ရေထက်သို့ ပေါ်လာသော လိပ်ကန်း၏ အပေါက်တပေါက်သာပါသော ထမ်းပိုး၌ စွပ်မိခြင်းသည်

လျှင်မြန်ရာသေး၏။ တကြိမ်မျှ အပါယ်သို့ ကျရောက်သွားသော လူမိုက်သည် လူအဖြစ် ပြန်ရ နိုက်ား မလွယ်တော့ချေ။ ရဟန်းတို့၊ အပါယ်ဘုံ၌ တရားကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းသည် မရှိ။ အချင်းချင်း စားခြင်း၊ အားနည်းသူကို အားကြီးသူကစားခြင်းသည်သာ ရှိ၏။ ထိုသို့ဖြစ်ခြင်းမှာလည်း အရိယသစ္စာလေးပါးကို မမြင်ခြင်းကြောင့်ဖြစ်၏"

၁၁၁၈။ ဒုတိယဆိဒ္ဓင္ဂယုဂသုတ်၌ "ရဟန်းတို့၊ ဥပမာကား ဤမဟာပထဝီမြေကြီးသည် ရေပြင်တစပ်တည်းဖြစ်ရာ၏။ထိုရေပြင်၌ ယောကျ်ားတယောက်သည် အပေါက်တပေါက်သာပါသော ထမ်းပိုးတချောင်းကို ပစ်ချရာ၏။ ထိုထမ်းပိုးကိုလည်း အရပ်လေးမျက်နှာမှ တိုက်ခတ်သောလေတို့သည် ဆန့်ကျင်ဘက်အရပ်သို့ ဆောင်သွားကုန်ရာ၏။ ထိုရေပြင်၌ နှစ်ပေါင်းတရာကြာမှ တကြိမ်သာ ရေထက်သို့ ပေါ်လာသည့် လိပ်ကန်းတကောင်သည် ရှိရာ၏။ ရဟန်းတို့၊ သင်တို့မည်သို့ထင်ကြကုန်သနည်း။ နှစ်ပေါင်းတရာကြာမှ တကြိမ်သာ ရေပြင်သို့ ပေါ်လာသော ထိုလိပ်ကန်း၏ အပေါက်တပေါက်သာပါသော ထမ်းပိုး၌ စွပ်မိခြင်းသည် ဖြစ်နိုင်ဖွယ်ရှိပါ၏လော"

"အရှင်ဘုရား၊ ထိုလိပ်ကန်း၏ ထမ်းပိုး၌ စွပ်မိခြင်းသည် အကြောင်းတိုက်ဆိုင်မှသာ ဖြစ်နိုင်ရာပါသည်"

"ရဟန်းတို့၊ ဤနည်းတူပင် လူ့ဘဝဖြစ်ကိုရခြင်းသည် အကြောင်းတိုက်ဆိုင်မှသာ ဖြစ်နိုင်၏။ လောက၌ မြတ်စွာဘုရားဖြစ်ပေါ်လာခြင်းသည် အကြောင်းတိုက်ဆိုင်မှသာဖြစ်နိုင်၏။ လောက၌ မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယ ထွန်းပခြင်းသည် အကြောင်းတိုက်ဆိုင်မှသာ ဖြစ်နိုင်၏။

"ရဟန်းတို့၊ ယခု (သင်တို့သည်) လူ့ဘဝဖြစ်ကို ရအပ်ပြီ၊ မြတ်စွာဘုရားသည်လည်း လောက၌ ဖြစ်ပေါ်နေပြီ၊ မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယသည်လည်း လောက၌ ထွန်းပနေပြီ။ ထို့ကြောင့် သင်တို့သည် 'ဤကား ဒုက္ခတည်း' ဟု သိရန် အားထုတ်အပ်၏။ .... ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသော အကျင့်တည်း' ဟု သိရန်အားထုတ်အပ်၏" ဟု ဟောကြားသည်။

## ၉။ ပထမ သိနေရုပဗ္ဗတရာဇသုတ်

[မြင်းမိုရ်တောင်နှင့် ကျောက်စရစ်ခဲဥပမာ]

၁၁၁၉။ မြင်းမိုရ်တောင်နှင့် ပဲနောက်စေ့အရွယ်မျှရှိသော ကျောက်စရစ်ခဲခုနစ်လုံးကို နှိုင်းယှဉ်လျှင် မြင်းမိုရ်တောင်မှာ အလွန်ကြီး၍ ကျောက်စရစ်ခဲ

များသည် မနေပြာပလောက်များသာ ဖြစ်သကဲ့သို့ ထို့အတူ သစ္စာလေးပါးကို သိမြင်သော အရိယာသာဝကအား ကုန်ပြီးသောဒုက္ခသည် အလွန်များ၍ ကြွင်းကျန်သောဒုက္ခကား အနည်းငယ်မျှသာ ဖြစ်ကြောင်း ဟောကြား၏။

၁၁၂၀။ ဒုတိယသုတ်၌ မြင်းမိုရ်တောင်သည် ပဲနောက်စေ့အရွယ်ရှိသော ကျောက်စရစ်ခဲခုနစ်လုံးမျှသာ ကြွင်းကျန်၍ အခြားသော အစိတ်အပိုင်းများ ကုန်ခန်းခြင်းသို့ ရောက်သွားခဲ့သော် ကုန်ခန်းသွားသော အစိတ်အပိုင်းများသည် လွန်စွာများပြီး ကျန်သော အစိတ်အပိုင်းကား အနည်းငယ်မျှသာ ဖြစ်သကဲ့သို့ ထို့အတူ သစ္စာလေးပါးကို သိမြင်သော အရိယာသာဝကအား ကုန်ပြီးသော ဒုက္ခသည် လွန်စွာများပြီး ကျန်သော ဒုက္ခကား အနည်းငယ်မျှသာ ဖြစ်ကြောင်း ဟောကြား၏။

၁၁၂၁-၁၁၃၀။ အဘိသမယဝဂ်မှ နခသိခသုတ်စသော(၁၀)သုတ်သည် နိဒါနဝဂ်၊ အဘိသမယသံယုတ်၌ ဖော်ပြခဲ့ပြီးသော သုတ်များနှင့် အဓိပ္ပာယ်တူပါသည်။

### အာမကဓညပေယျာလဝဂ်

[လက်သည်းဖျားပေါ်မှ မြေမှုန့်နှင့်ဥပမာပြု၍ ဟောကြားချက်များ]

၁၁၃၁-၁၁၇၁။ အာမကဓညပေယျာလဝဂ် ၄ ခုတွင် ပါဝင်သောသုတ်ပေါင်း (၄၁)သုတ်မှာ လက်သည်းဖျားပေါ်၌ တင်ထားသော မြေမှုန့်နှင့် မဟာပထဝီမြေကြီးတခုလုံးကို ဥပမာပြု၍ အောက်ပါ အကြောင်းအရာများကို ဟောကြားထားပါသည်။

(၁) အခြားဘုံတို့၌ဖြစ်သော သတ္တဝါတို့နှင့် နှိုင်းစာလျှင် လူ့ဘုံ၌ပြန်ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်သည်။

(၂) ပစ္စန္တရာဇ်အရပ်၌ဖြစ်သော သတ္တဝါတို့နှင့် နှိုင်းစာလျှင် မဇ္ဈိမဇနပုဒ်၌ ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။

(၃) အဝိဇ္ဇာလွှမ်းမိုး၍ တွေဝေသောသတ္တဝါတို့နှင့် နှိုင်းစာလျှင် အရိယာတို့၏ ပညာမျက်စိနှင့်ပြည့်စုံသူတို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏။

(၄) ရေသတ္တဝါတို့နှင့် နှိုင်းစာလျှင် ကုန်းသတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။

(၅) မိဘကိုလုပ်ကျွေးသူနှင့် မလုပ်ကျွေးသူ နှိုင်းစာလျှင် လုပ်ကျွေးသူများမှာ အနည်းငယ်မျှသာ ဖြစ်၏။

(၆) ရဟန်း၊ ပုဏ္ဏားတို့အား ရိုသေလေးစားသူနှင့် ရိုသေလေးစားခြင်း မရှိသူ နှိုင်းစာလျှင် ရိုသေလေးစားသူများမှာ အနည်းငယ်မျှသာ ဖြစ်၏။

-၁၅၄၁-

(၇) အသက်ကြီးသူတို့အား ရိုသေလေးစားသူနှင့် ရိုသေလေးစားခြင်း မရှိသူကိုနှိုင်းစာလျှင် ရိုသေလေးစားသူများမှာ အနည်းငယ်မျှသာဖြစ်၏။

(၈) ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သူနှင့် မရှောင်ကြဉ်သူကို နှိုင်းစာလျှင် ရှောင်ကြဉ်သူများမှာ အနည်းငယ်မျှသာ ဖြစ်၏။

(၉) မြက်သစ်ပင်ကို ဖျက်ဆီးခြင်း၊ နေလွဲညစာ စားခြင်း၊ ပန်းနံ့သာ ဆောင်ခြင်း၊ ကခြင်း၊ ဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်း၊ ရွှေငွေ၊စပါးစိမ်း၊ သားစိမ်း၊ငါးစိမ်း၊မိန်းမ၊ကျွန်ထီး၊ကျွန်မ၊ဆိတ်၊သိုး၊ကြက်၊ဝက်၊ဆင်၊ နွား၊ မြင်း၊ လယ်ယာတို့ကို ခံယူခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်း၊ လူတို့၏ တမန်ဆက်သားအဖြစ် ဆောင်ရွက်ခြင်း၊ ချိန်စဉ်းလဲ၊တောင်းစဉ်းလဲ၊ အသပြာစဉ်းလဲခြင်း၊ တံစိုးယူခြင်း၊ လှည့်ဖြားခြင်း၊ အတုလုပ်၍လိမ်ခြင်း၊ လက်ခြေစသည်ကို ဖြတ်ခြင်း၊ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ လုယက်ဖျက်ဆီးခြင်းတို့မှ ရှောင်ကြဉ်သူနှင့် မရှောင်ကြဉ်သူကို နှိုင်းစာလျှင် ရှောင်ကြဉ်သူများမှာ အနည်းငယ်မျှသာဖြစ်သည်။

## ၁၁။ ပဉ္စဂတိပေယျာလဝဂ်

## [လူ့ပြည်၊ နတ်ပြည်၌ ဖြစ်သူနည်းပုံ]

၁၁၇၂-၁၂၀၁။ ဤဝဂ်တွင် ပါဝင်သောသုတ်ပေါင်း (၃၀)တို့၌လည်း လက်သည်းဖျားပေါ်၌ တင်ထားသောမြေမှုန့်ကို မဟာပထဝီမြေကြီးနှင့်ဥပမာပြုပြီး အောက်ပါအကြောင်းများကို ဟောကြားတော်မူသည်။

(၁) လူ့ပြည်၊ နတ်ပြည်တို့မှ စုတေ၍ လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်သူနည်း၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်ဘုံတို့၌ ဖြစ်သူတို့ကားများကုန်၏။

(၂) အပါယ်လေးဘုံတို့မှ စုတေ၍ လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်သူနည်း၏။ အပါယ်လေးဘုံ၌ပင် ပြန်ဖြစ်သူတို့ကား အလွန်များကုန်၏။ ထိုသို့ဖြစ်ခြင်း၏အကြောင်းကား အရိယသစ္စာလေးပါးကို မသိမမြင်သောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် အရိယသစ္စာလေးပါးကို သိမြင်ရန် အားထုတ်အပ်ပေသည်။

ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်

ဤတွင်ပြီး၏။

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( က )** | |
| ကကုဓနတ်သား | ၅၇ |
| ကစ္စာနဂေါတ္တ | ၁၉၆ |
| ကပိလဝတ်ပြည် | ၂၆၊၃၆၈၊၅၀၅ |
| ကပ်ရောက်မှုရှိသူ | ၃၅၁ |
| ကမ္ဘာတထောင်ကို အောက်မေ့နိုင်သူ | ၆၈၈ |
| ကမ္ဘာသည်ရှည်လျား၏ | ၂၆၉ |
| ကလလရေကြည် | ၁၆၁ |
| ကဿပနတ်သား | ၅၁ |
| ကဏ္ဍာရခတ္တိယမည်သောရဟန်း | ၂၁၁ |
| ကာမချမ်းသာခံစားသူသုံးမျိုး | ၅၁ |
| ကာမဂုဏ်ငါးပါးတို့တွင် အမြတ်ဆုံး | ၅၅၅ |
| ကာမဂုဏ်တို့၌ စိတ်ကို စောင့်ရှောက်အပ်၏ | ၄၈၈ |
| ကာမဏ္ဍမြို့ | ၄၇၈ |
| ကာမဒနတ်သား | ၅၂ |
| ကာဠိဂေါဓ (သာကီဝင်မင်းသမီး) | ၇၁၀ |
| ကိမိလမြို့ ဝါးတော၌ သီတင်းသုံးစဉ် | ၆၇၄ |
| ကိလေသာကင်းဆိတ်သော နေခြင်း | ၄၂၂ |
| ကိလေသာစွတ်စိုသူနှင့် မစွတ်စိုသူ | ၅၀၅ |
| **( က )** | |
| ကိလေသာနှင့်စပ်သော ဟောကြားချက်များ | ၄၂၁ |
| ကိလေသာပယ်ခြင်းသုံးမျိုး | ၅၅၆ |
| ကိသာဂေါတမီ | ၁၁၀ |
| ကုဏ္ဍလိယပရိဗိုဇ် | ၅၉၇ |
| ကုရုတိုင်းကမ္မာသဓမ္မနိဂုံး | ၂၂၇ |
| ကုသဝတီနေပြည်တော် | ၃၇၉ |
| ကုသိနာရုံပြည့် မလ္လာမင်းတို့၏ | ၁၂၆ |
| ကုသိုလ်တရားတို့၏အဦးအစ | ၆၁၉ |
| ကုသိုလ်အစု | ၆၂၀ |
| ကုသိုလ်ကောင်းမှု အလျဉ်လေးပါး | ၈၀၈၊၈၁၂ |
| ကူဋာဂါရသာလာ ကျောင်းတိုက် | ၃၈၇ |
| ကောကာလိကရဟန်း | ၁၂၁၊၁၂၂ |
| ကောလိယတိုင်း ဟာလိဒ္ဒဝသနနိဂုံး | ၆၁၃ |
| ကောလိယတိုင်း ဥတ္တရနိဂုံး | ၅၅၈ |
| ကောသလမင်းနှင့်စပ်သော ဟောကြားချက်များ | ၆၇၊၉၀ |
| ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း | ၂၃၅၊၃၇၃၊ ၃၇၅၊ ၄၇၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


( က )

ကောသမ္ဗီပြည်နေ
မထေရ်ကြီးများ ၂၃၉
ကောသမ္ဗီပြည်
ယင်းတိုက်တော ၇၃၂
ကောသလတိုင်း ၁၅၄
ကံချုပ်ငြိမ်းရာသို့
ရောက်ကြောင်းအကျင့် ၄၉၁
ကံသည် တွေ့ထိအပ်သူ ၁၄
ကိုယ်တိုင်သိမြင်နိုင်သောတရား ၄၄၉
ကိုယ်တွင်း၌သုံးသပ်ခြင်း ၂၃၅
ကိုယ်လျှင် အပိုင်းအခြားရှိသော
ဝေဒနာ ၂၂၄၊ ၃၀၃
ကောက်လှိုင်းစည်းဥပမာ ၅၁၁
ကောင်းစွာပြောဆိုအပ်သော
စကား ၁၄၇
ကောင်းမှု မကောင်းမှု မရှိ
ဟူသော အယူ ၄၁၄
ကောင်းသောစကားဖြင့်
အောင်မြင်ခြင်း ၁၇၄
ကောင်းသော မိတ်ဆွေရှိသူ ၈၀
ကျောက်စရစ်ခဲနှင့်
ဟိမဝန္တာတောင် ၃၁၉
ကြမ်းတမ်းသောနေခြင်း ၃၁၀
ကြာစွယ်ကိုစားသောဆင်များ ၃၀၂
ကြာပွင့်နှင့်တူသောပုဂ္ဂိုလ် ၃၀၆
ကြောင့်ကြဗျာပါဒမရှိ ၁၇
ကြွက်ကိုမဝါးပဲ
မျိုချသော ကြောင် ၃၁၄

( ခ )

ခန္ဓာငါးပါးနှင့်စပ်သော
ဟောကြားချက်များ ၃၂၉၊ ၄၀၆
ခုဇ္ဇုတ္တရာ နှင့် ဝေဠုကဏ္ဍကီ
ဥပါသိကာ ၂၉၅
ခုနစ်ပါးသောဌာနတို့၌
လိမ္မာသူ ၃၅၅
ခုနစ်ရက်သာကိုလေသာနှင့်
တကွ ဆွမ်းကိုစားခဲ့၏ ၂၀၆
ခရလောမဘီလူး ၁၆၂
ခေမနတ်သား ၆၀
ခေမာနှင့် ဥပ္ပလဝဏ် ၂၉၅
ခေမာဘိက္ခုနီ ၅၆၂
ခေါမဒုဿနိဂုံး ၁၄၃
ခံစားမှုဟူသမျှ
ဒုက္ခ၌အကျုံးဝင်၏ ၅၁၆
ခိုင်မြဲသော အနှောင်အဖွဲ့ ၇၅
ချစ်အပ်၊ သာယာအပ်သော
သဘော ၂၃၆
ခြိုးခြံစွာကျင့်ခြင်းမှဖဲ့ခွာ၍ ၉၁
ခွန်အားဖြင့်ပြုလုပ်အပ်သော
အလုပ် ၅၀၉

( ဂ )

ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးစဉ်
၃၀၇
ဂင်္ဂါယမုနာစသော
မြစ်ကြီးငါးစင်း ၅၀၇
ဂန္ဓဗ္ဗနတ်တို့နှင့်စပ်သော

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( ဂ )** | |
| ဟောကြားချက်များ | ၄၂၈ |
| ဂယာမြို့ ဂယာသီသအရပ် | ၄၄၁ |
| ဂယာရွာ | ၁၆၂ |
| ဂင်္ဂုန်တို့နှင့်စပ်သော | |
| ဟောကြားချက်များ | ၄၂၇ |
| ဂါထာနှင့်တကွ | |
| ဟောကြားချက် | ၂၆၀၊၂၉၃ |
| ဂိဇ္ဈကုဋ်တောင် | ၉၇ |
| ဂေါမည်သောသာကီဝင် | ၇၀၀ |
| **(ဃ)** | |
| ဃဋိကာရဗြဟ္မာ | ၃၄ |
| ဃောသိတသူကြွယ် | ၄၈၄ |
| **( င )** | |
| ငယ်သည်ဟူ၍မထီမဲ့မြင်မပြုအပ် | ၆၈ |
| ငါဟာ၊ငါ၊ငါ၏အတ္တ | ၄၁၃ |
| ငါးများချိတ်ကိုမျိုမိသောငါး | ၄၉၇ |
| ငြိုးငွေ့ခြင်းများသည်ဖြစ်၍ | ၄၁၃ |
| ငြောင့်စူးနေသူ | ၅၁၄ |
| ငွေခွက်ကြောင့်ပင် | |
| မှုသားမဆိုသူ | ၂၉၄ |
| **( စ )** | |
| စက္ခုပသာဒသည်မမြဲ | ၃၀၀ |
| စက်လေးပါးရှိသောခန္ဓာကိုယ် | ၁၇ |
| **( စ )** | |
| စကြာမင်း၏ရတနာခုနစ်ပါး | ၆၀၈ |
| စဏ္ဍာလသူကြီး | ၅၄၇ |
| စန္ဒန နတ်သား | ၅၇ |
| စန္ဒိမသနတ်သား | ၅၆ |
| စမ္ပာမြို့ ဂဂ္ဂရာရေကန် | ၁၅၂ |
| စာပါသစေတီ | ၆၆၅ |
| စာလာဘိက္ခုနီ | ၁၁၂ |
| စိတ္တသူကြွယ်နှင့်စပ်သော | |
| ဟောကြားချက်များ | ၅၃၆-၅၄၆ |
| စိတ်နှင့်ယှဉ်သောကျေ့ကွင်း | ၉၉ |
| စိတ်၏လွတ်မြောက်ခြင်း | |
| လေးမျိုး | ၅၄၃ |
| စိတ်၏အညစ်အကြေးငါးပါး | ၆၁၆ |
| စိရာဘိက္ခုနီ | ၁၆၇ |
| စေဘောဝိမုတ္တိ၊ပညာဝိမုတ္တိ | ၇၁၄ |
| စီးသွားသောတရား ၄ ပါး | ၇၀၉ |
| စောင့်စည်းခြင်းနှင့် | |
| မစောင့်စည်းခြင်း | ၄၇၀ |
| စောင့်စည်းအပ်သော | |
| တံခါးရှိသူ | ၄၈၆ |
| စောင်းသံကိုရှာမတွေ့နိုင်ပုံ | ၅၁၀ |
| စုံတွဲဘုရားများကိုစွဲ၍ | ၄၆၅ |
| စွဲလမ်းမှုဥပါဒါန် | ၂၂၅ |
| စွဲလမ်းသူသည် နှောင်ဖွဲ့ခြင်း | |
| ခံရ၏ | ၃၆၀ |
| စွဲလမ်းသဖြင့်တပ်မက်မှုဖြစ်ပုံ | ၃၃၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( ဆ )** | |
| ဆရာရှိသူနှင့် မရှိသူ | ၄၉၂ |
| ဆင်ကောင်ကြီးကိုထန်းရွက်ဖြင့် ဖုံးသကဲ့သို့ | ၂၈၄-၂၈၆ |
| ဆင်းရဲကို ကိုယ်တိုင် ပြုအပ်သလော | ၁၉၈ |
| ဆင်းရဲချုပ်ငြိမ်းခြင်းဟူသည် | ၂၁၉ |
| ဆင်းရဲခြင်းသဘောရှိသော တရားကိုသိသူ | ၅၀၆ |
| ဆန့်ကျင်ဘက်ကို လိုလားသော ပုဏ္ဏား | ၁၃၉ |
| ဆိတ်သုဉ်းသော လောက | ၄၅၈ |
| ဆုတ်ယုတ်ခြင်းသဘောရှိသူ | ၃၆၈ |
| ဆွမ်းခံ၍အသက်မွေးခြင်း | ၃၆၇ |
| ဆွေ့မြည့်သောဒေရနှင့် မဆွေးမြည့်သောဒေရ | ၄၇ |
| **( ဇ )** | |
| ဇန္တုနတ်သား | ၆၂ |
| ဇမ္ဗုခါဒကပရိဗိုဇ်နှင့်စပ်သော ဟောကြားချက်များ | ၅၂၉ |
| ဇမ္ဗူဒိပ်ကျွန်း၌ရှိသော | |
| ဇရာမရဏကိုမသိသူနှင့်သိသူ | ၂၄၅ |
| ဇာဏုဿောဏိပုဏ္ဏား | ၂၂၀၊၅၇၅ |
| ဇာတ်ကုန်ပြီဟု ပြောကြား နိုင်သောအကြောင်း | ၄၉၃ |
| ဇာလိနီ နတ်သမီး | ၁၅၆ |
| ဇီဝကသရက်ဥယျာဉ် | ၄၉၅ |
| ဇေတဝန်ကျောင်းသည် | ၃၃ |
| ဇေတိက သူကြွယ် | ၆၉၀ |
| **( ဈ )** | |
| ဈာန်နှင့်စပ်သော ဟောကြားချက်များ | ၆၇၈ |
| ဈာန်ဝင်စားခြင်းနှင့်ဆပ်သော ဟောကြားချက်များ | ၄၃၂ |
| **( ည )** | |
| ဉာဏ်၏ဘည်ရာ အကြောင်းဘရား ၄၄ ပါး | ၂၁၃ |
| ဉာဏ်၏တည်ရာ အကြောင်းတရား ၇၇ ပါး | ၂၁၄ |
| ဉာတိကရွာ အုဘ်ကျောင်း | ၅၉၅ |
| **( တ )** | |
| တည်မြဲသောကာမဂုဏ်မရှိ | ၂၃ |
| တည်ရာကရွတ်ခွေမရှိသောအိုး | ၅၈၃ |
| တကျာကင်းလျက်နေလိုသော် | ၄၆၄ |
| တကျာကုန်ကြောင်းအကျင့် | ၆၁၃ |
| တထောင်သောလောကကို သိမြင်သူ | ၆၃၄ |
| တပါးတည်းနေသူဖြစ်ပုံ | ၄၄၆ |
| တရားကို ဆိုလေ့ရှိသူ | ၅၂၉ |
| တရားကိုသိခြင်းသည် ပို၍မြတ်၏ | ၂၂ |
| တရားကြေးမုံမည်သော ဒေသနာ | ၆၉၆ |
| တရားနှင့်လျော်သော အကျင့်ကို ကျင့်သူ | ၃၄၆ |
| တဦးတည်းသောသားကို | |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ( တ ) | |
| ဘောင်းပန်လိုသော် | ၂၉၅ |
| တဦးတည်းသော သမီးကို | |
| တောင်းပန်လိုသော် | ၂၉၅ |
| တရားကိုဟောခြင်းငှာမသင့် | ၁၁၅ |
| တရားရှုံး၍မှုသားပြောသူများ | ၇၃ |
| တာယန နတ်သား | ၅၄ |
| တာဝတိံသာနတ်ပြည် | ၆၉၈ |
| တိတ္ထိတို့၏ဘပည့်နတ်သားများ | ၆၅ |
| တိမ္ဗရုကပရိဗိုဇ် | ၁၉၉ |
| တုရူဗြဟ္မာ | ၁၂၂ |
| တောဒေယျပုဏ္ဏား၏ | |
| သရက်ဥယျာဉ် | ၄၈၇ |
| တောနေရဟန်းတို့နှင့်စပ်သော | |
| ဟောကြားချက်များ | ၁၅၄၊၁၆၀ |
| တောအုပ်၌အုပ်စိုးနေသောနတ် | ၁၅၄ |
| တင့်တယ်သောအဆင်း၊မတင့် | |
| တယ်သောအဆင်းတို့ကိုပြ၏ | ၉၂ |
| ဘောင်းစားသောပုဏ္ဏား | ၁၄၁ |
| ဘောင့်တတိုင်းဖြစ်နိုင်သော | |
| တရားနည်းလမ်း | ၆၉၄ |
| ( ထ ) | |
| ထင်းကုလားတုံးကဲ့သို့ | ၃၆၇ |
| ထင်းခွေသောပုဏ္ဏား | ၁၄၀ |
| ထင်းရှူးပင်ကျောင်း | ၆၇၆ |
| ထိတ်လန့်ခြင်းမရှိသူနှင့်ရှိသူ | ၂၇၅ |
| ထေရမည်သော ရဟန်း | ၃၂၄ |
| ထောင်လွှားမှုကိုလိုသားသူ | ၇ |
| ထွက်သက် ဝင်သက်နှင့်စပ်သော | |
| ဟောကြားချက်များ | ၆၇၉၊၆၈၈ |
| ( ဒ ) | |
| ဒသာ ရဟာမင်းတို့၏မှုရှိ စည် | ၃၁၁ |
| ဒါမလိနတ်သား | ၅၂ |
| ဒါယကာတို့အိမ် ချဉ်းကပ် | |
| ထိုက်သော ရဟန်း | ၂၇၈ |
| ဒိဋ္ဌိ သင်္ခါရပင်ဖြစ်၏ | ၃၆၉ |
| ဒီဃာဝုဥပါသကာ | ၆၉၀ |
| ဒုက္ခဖြစ်ပုံနှင့်ချုပ်ကွယ်ပုံ | ၄၇၄ |
| ဒုက္ခဖြစ်ပေါ်ခြင်းနှင့်စပ်သော | |
| ဟောကြားချက်များ | ၄၂၀ |
| ဒုက္ခဟူသည်အဘယ်နည်း | ၄၅ |
| ဒေဝဒတ်အား ဆည်းကပ်သူ | ၂၉၈ |
| ဒေဝဒဟနိဂုံး | ၃၃၁ |
| ဒေဝဟိဘပုဏ္ဏား | ၁၃၆ |
| ( ဓ ) | |
| ဓနဉ္စာနီမည်သောပုဏ္ဏေးမ | ၁၂၈ |
| ဓမ္မကထိကဟု | |
| ဆိုထိုက်သူ | ၁၉၇၊၃၉၇၊၄၉၄ |
| ဓမ္မဒိန္နဥပါသကာ | ၇၁၄ |
| ဓာတ်ခုနစ်ပါး | ၂၅၆ |
| ဓာတ်သဘောနှင့်စပ်သော | |
| ဟောကြားချက်များ | ၂၆၃၊၂၆၆ |
| ( န ) | |
| နကုလပိတာသူကြွယ် | ၃၂၉၊၄၈၅ |
| နဂါးတို့နှင့်စပ်သော | |
| ဟောကြားချက်များ | ၄၂၄၊၄၂၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ( န ) | |
| နတ်တို့သည်လည်းထိတ်လန့်ခြင်းသို့ ရောက်ကုန်၏ | ၃၆၄ |
| နတ်နှင့်အသုရာတို့ စစ်ဖြစ်ကြလေသော် | ၁၇၃ |
| နန္ဒကမည်သော လိစ္ဆဝီအမတ်ကြီး | ၇၀၆ |
| နန္ဒန နတ်သား | ၅၇ |
| နန္ဒန နွားကျောင်းသား | ၅၁၅ |
| နန္ဒနဥယျာဉ် | ၈ |
| နန္ဒိယပရိဗိုဇ် | ၅၇၉ |
| နန္ဒိယသာကီဝင်မင်း | ၇၁၀ |
| နာကျင်သောစိတ်ရှိသူ | ၃၃၀ |
| နာတိကရွာအုတ်ကျောင်း | ၄၇၅ |
| နာမ်ရုပ်ကို မိမိပြုအပ်ပါသလော | ၂၃၈ |
| နာမ်ရုပ်၏သက်ဝင်ခြင်း | ၂၂၇ |
| နာလန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ် | ၅၅၁ |
| နိဗ္ဗာန်ပရိယာယ်(၃၃)ပုဒ် | |
| နိဗ္ဗာန်ဟူသည်အဘယ်ပါနည်း | ၅၂၉ |
| နိရောဓသမာပတ် | ၅၄၁ |
| နေနတ်သားကို အသုရိန်ဖမ်း၏ | ၅၅ |
| နိုးကြားသည်မည်သော တရားများ | ၆ |
| နွားချေးစိုင်မျှပင် ခိုင်မြဲသောအတ္တဘောမရှိ | ၃၈၉ |
| နှစ်ပါးသောအစွန်း | ၇၂၁ |
| နှစ်သက်မှုနှင့် စွဲမက်မှု | ၁၅၁ |
| နှစ်သက်ရသူနှင့် စိုးရိမ်ရသူ | ၈၊ ၉၅ |
| ( ပ ) | |
| ပစ္ဆာဘူမဇနပုဒ် | ၃၃၁ |
| ပဇ္ဇုန္နနတ်၏သမီး | ၂၈ |
| ပဉ္စကင်္ဂမည်သော လက်သမား | ၅၁၈ |
| ပဉ္စဝဂ္ဂီရဟန်း | ၃၅၈၊ ၇၂၁ |
| ပဉ္စာလစဏ္ဍနတ်သား | ၅၄ |
| ပညာဖြင့်လွတ်မြောက်သူ | ၂၄၂ |
| ပညာရှိတို့ မစွန့်အပ်သော ဝေါဟာရသုံးပါး | ၃၆၀ |
| ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်နည်း | ၁၈၉ |
| ပထမဈာန်ဟူသည် အဘယ်နည်း | ၅၃၄ |
| ပဒုမ ငရဲ၌သက်တမ်း | ၁၂၃ |
| ပရိနိဗ္ဗာန် ပြုခါနီးဝယ် | ၁၂၆ |
| ပါဋလိပုတ်ပြည် ကုက္ကုဋာရာမကျောင်းတိုက် | ၅၈၁၊ |
| ပါဋလိရွာသူကြီး | ၅၅၇ |
| ပါလိလေယျက တောအုပ်သို့ | ၃၆၈ |
| ပိပ္ပလိလိုဏ်ဂူ | ၆၀၁ |
| ပိယင်္ကမာတာ(ဘီလူးမ) | ၁၆၄ |
| ပုဂ္ဂိုလ်လေးမျိုး | ၈၄ |
| ပုဏ္ဏားတို့၏ အကျင့် | ၆၉၇ |
| ပုဏ္ဏားတို့နှင့်စပ်သော ဟောကြားချက်များ | ၁၂၈၊၁၄၃ |
| ပုနဗ္ဗသုမာတာ(ဘီလူးမ) | ၁၆၅ |
| ပုဗ္ဗကောဋ္ဌကအရပ်၌ သီတင်းသုံးစဉ် | ၆၅၃ |
| ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးစဉ် | ၃၇၀ |

အက္ခရာစဉ် — စာမျက်နှာ

( ပ )

ပေးလှူခြင်းသည်မရှိ ၄၁၄
ပေါက်ပင်ကိုမမြင်ဖူးသူ ၅၀၀
ပိုင်းခြား၍သိအပ်သောတရား ၃၄၀
ပျက်စီးခြင်းသဘောရှိသော တရား ၄၅၇
ပြင်းစွာအားထုတ်ခြင်း မရှိသူနှင့် ရှိသူ ၂၇၆
ပြည့်စုံသောအမည်ရှိသော မြတ်စွာဘုရား ၃၁

( ဖ )

ဖဿအမျိုးမျိုး ကွဲပြားပုံ ၂၅၃
ဖဿ၏တည်ရာအကြောင်း ၄၅၀
ဖောက်ခွဲခြင်းအဖို့ရှိသော တရား ၆၁၄

( ဗ )

ဗကဗြဟ္မာ ၁၁၀
ဗိလင်္ဂိကမည်သောပုဏ္ဏား ၁၃၀
ဗုဒ္ဓအား ပြင်းထန်သော ဝေဒနာ ဖြစ်ပေါ်၏ ၆၂၃
ဗောဇ္ဈင်ခုနစ်ပါး နှင့် စပ်သော ဟောကြားချက် ၅၉၄
ဗောဇ္ဈင်ခုနစ်ပါး ပွားများခြင်း၏ အကျိုး ၅၉၇
ဗုဒ္ဓသည် ဥဒါန်းစကား မြွက်ဆိုတော်မူ၏ ၃၅၂
ဗြဟ္မယာဉ်၊ ဓမ္မယာဉ် ဟူသော ဝေါဟာရ ၅၇၅

( ဘ )

ဘဒြက ရွာသူကြီး ၅၂၄
ဘဝဒိဋ္ဌိနှင့် ဝိဘဝဒိဋ္ဌိ ၃၆၀
ဘဝနှောင်ကြိုးတရား ၄၀၉
ဘယ်အရာကိုဖြတ်လျှင် ချမ်းသာစွာနေရသနည်း ၄၄
ဘယ်အရာကို လမ်းမှားဟု ဆိုအပ်သနည်း ၃၀
ဘီလူးနှင့်စပ်သော ဟောကြားချက်များ ၁၆၁၊၁၆၉
ဘုရားလောင်းဖြစ်စဉ်က ၄၃၆
ဘုရားမဟုတ်သူ၌ ဘုရားဟုယူဆခြင်း ၂၅၉
ဘေးရန်ငါးပါးငြိမ်းသူ ၂၁၇
ဘောဇဉ်၌ အတိုင်းအရှည် ၄၇၉

( မ )

မဂဓတိုင်း နာလကရွာ ၆၂၀
မဂဓတိုင်း အန္ဓကဝိန္ဒရွာ ၁၂၄
မဂ္ဂင်ရှစ်ပါးနှင့်စပ်သော ဟောကြားချက်များ ၇၂၁
မစင်ကြယ်သောတရား ဟောခြင်း ၂၇၀
မစောင့်စည်းအပ်သော တံခါးရှိသူ ၄၀၆
မစ္ဆိကာသဏ္ဍမြို့ ၅၃၆
မညှဉ်းဆဲသူသည်သာလျှင် အဟိံသကမည်၏ ၁၃၁

အက္ခရာစဉ် စာမျက်နှာ

( ရ )

ရှင်ဂေါဓိက ၁၀၄
ရှင်ဆန္န ၃၀၅၊၄၉၀
ရှင်ပိဏ္ဍောလဘာရဒွါဇ ၄၀၂၊၆၅၄
ရှင်ပုဏ္ဏ ၄၆၁
ရှင်ဖဂ္ဂုန ၄၅၇
ရှင်ဗာဟိယ ၆၃၀
ရှင်ဘူမိဇ ၂၈၆
ရှင်မဟာကစ္စည်း ၃၃၃၊၄၀၄
ရှင်မဟာကပ္ပိန ၃၂၅၊၆၀၁
ရှင်မဟာကဿပနှင့်စပ်သော
ဟောကြားချက်များ ၂၇၅
ရှင်မဟာကောဋ္ဌိက ၄၉၀၊၅၆၄
ရှင်မဟာမောဂ္ဂလ္လာန် ၃၁၆၊၅၃၄
ရှင်မာလုကျ ၄၆၇
ရှင်မိဂဇာလ ၄၄၆
ရှင်မောဠိယဖဂ္ဂုန ၁၉၄
ရှင်ယမက ၃၇၅
ရှင်ရာဓ ၃၆၁
ရှင်ရာဓအား ဟောကြားချက် ၄၀၇
ရှင်ရာဟုလာနှင့်စပ်သော
ဟောကြားချက်များ ၃၀၀
ရှင်လက္ခဏနှင့်စပ်သော
ဟောကြားချက်များ ၃၀၃
ရှင်လောမသကံဘိယ ၆၀
ရှင်ဝက္ကလိ ၃၇၉
ရှင်ဝင်္ဂီသနှင့်စပ်သော
ဟောကြားချက်များ ၁၄၄၊၁၅၃
ရှင်သမိဒ္ဓိ ၁၀၃

အက္ခရာစဉ် စာမျက်နှာ

( ရ )

ရှင်သာရိပုတ္တရာနှင့်စပ်သော
ဟောကြားချက်များ ၄၂၂၊၄၂၃
ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလ္လာန်
တို့ ပရိနိဗ္ဗာန်ပြုရှိ မကြာမီ ၆၂၉
ရှင်သာရိပုတ္တရာသည်
ပရိနိဗ္ဗာန်ပြု၏ ၆၂၀
ရှင်သုရာဓ ၃၆၂
ရှင်အနုရာဓ ၃၇၀
ရှင်အနုရုဒ္ဓါ၏ဟောကြားချက် ၆၇၇
ရှင်အရိဋ္ဌ ၆၀၁
ရှင်အဿဇိ ၃၀၁
ရှင်အာနန္ဒာ ၂၀၅၊၃၄၅၊၃၃၉၊
ရှင်အာနန္ဒာ၏တပည့်သုံးကျိပ် ၂၀၄
ရှင်ဥဒါယီ ၄၉၀
ရှင်ဥပသေန ၄၄၀
ရှာမှီးခြင်းသုံးမျိုး ၅၉၂
ရှိခြင်းမရှိခြင်းတရားနှစ်ပါး ၁၉၇
ရွှေခွက်ကြောင့်ပင်
မူသားမဆိုသူ ၂၉၃
ရွှေ၏အညစ်အကြေးငါးပါး ၆၁၆

( လ )

လနတ်သား၊ကို အသူရိန်ဖမ်း၏ ၅၅
လသည်ကောင်းကင်၌
မကပ်ငြိသကဲ့သို့ ၂၇၇
လက်ခြေစသည်တို့နှင့်
ဥပမာပြု၍ ၅၀၁

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( လ )** | |
| လက်သည်းဖျားမျှပင်မြဲသော တရားမရှိ | ၃၉၀ |
| လက်သမားပုဏ္ဏား | ၁၃၅ |
| လယ်မြေသုံးမျိုး | ၅၅၀ |
| လာဘသက္ကာရနှင့်စပ်သော ဟောကြားချက်များ | ၂၈၉၊၂၉၉ |
| လိပ်ကန်းတကောင်ဥပမာ | ၇၄၁ |
| လူတို့၏အသက်သည်တို၏ | ၉၆ |
| လူမိုက်နှင့်ပညာရှိတို့၏ ထူးခြားချက် | ၂၀၀ |
| လေးသမားလေးယောက် | ၃၁၀ |
| လောကဓမ္မဟူသည် | ၃၈၇ |
| လေးကဏ်၏အဆုံးသို့ | ၄၇၆ |
| လောက၏စီးပွားမဲ့တရား | ၈၇ |
| လောကာယတကျမ်း၌ ကျွမ်းကျင်သော | ၂၂၁ |
| လောကအကြောင်းကို ကြံစည်လျက် | ၇၃၇ |
| လိုက်လျောခြင်းနှင့်ဆန့်ကျင် ခြင်းတို့မှ လွတ်သူ | ၉၉ |
| လေးငင်မြိုက်နေသောလောက | ၂၉ |
| လွတ်မြောက်သောစိတ်ရှိသူ | ၆၂၆ |
| လုံ့ကိုဆုပ်ကိုင်သောယောကျ်ား | ၃၁၀ |
| လွှမ်းမိုးအပ်သော အာယတန ၆ ပါး | ၄၆၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( ဝ )** | |
| ဝစ္ဆဂေါတ္တပရိဗိုဇ်အား ဟောကြားချက်များ | ၄၃၁ |
| ဝဇိရာ ဘိက္ခုနီ | ၁၁၄ |
| ဝဇ္ဇီတိုင်း ဥက္ကာစေလမြို့ | ၆၂၉ |
| ဝန်တိုခြင်းရှိသူ | ၁၉ |
| ဝလာဟနတ်တို့နှင့်စပ်သော ဟောကြားချက်များ | ၄၂၉၊၄၃၀ |
| ဝါးတိုင်တက်သောဆရာနှင့် တပည့် | ၆၃၁ |
| ဝိဇ္ဇာနှင့်ဝိမုတ္တိကိုပြည့်စေနိုင်၏ | ၁၁၁ |
| ဝိဇ္ဇာသည်ကုသိုလ်တို့၏ ရှေ့သွားဖြစ်၏ | ၅၇၃ |
| ဝိဇ္ဇာဟူသည့်အဘယ်နည်း | ၃၉၇၊ |
| ဝိဇ္ဇာအဖို့ရှိသောတရား ၆ပါး | ၆၉၀ |
| ဝိညာဏ်သည်အတ္တမဟုတ် | ၄၉၈ |
| ဝိညာဏ်သည် မျိုးစေ့ငါးပါး နှင့်တူ၏ | ၃၅၂ |
| ဝိညာဏ်၏သက်ဝင်ခြင်းသည် | ၂၂၈ |
| ဝိတက်တို့သည် အကြောင်းနှင့် တက္ကဖြစ်ကုန်၏ | ၂၅၇ |
| ဝိသာခါ ပြာသာဒ် | ၆၆၇ |
| ဝေဏ္ဍုနတ်သား | ၅၆ |
| ဝေဒကို မသိသူနှင့် သိသူ | ၄၇၂ |
| ဝေဒနာနှင့်စပ်သော ဟောကြားချက်များ | ၅၁၂ |
| ဝေပုလ္လတောင်နှင့်အမျှ | ၂၇၁ |
| ဝေပုလ္လတောင်သည် | ၂၇၃ |
| ဝေရဟစ္စာနီပုဏ္ဏေးမ | ၄၈၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

( ဝ )

| | |
|---|---|
| ဝေသာလီပြည် ကူဋာဂါရ ကျောင်း | ၂၀၊၁၀၀၊၃၇၀ |
| ဝေသာလီမြို့သားဥဂ္ဂသူကြွယ် | ၄၀၁ |
| ဝေဠုဒ္ဒါရ ပုဏ္ဏားရွာ | ၆၉၄ |
| ဝေဠုဝန်ကျောင်း | ၃၇၉၊၃၀၁ |

( သ )

| | |
|---|---|
| သကဒါဂါမိဖရဟန်း | ၇၁၄ |
| သက္ကတိုင်းကပိလဝတ်ပြည် | ၂၆၊၅၀၅ |
| သက္ကတိုင်း ဒေါမနဿနိဂုံး | ၁၄၃ |
| သက္ကတိုင်း ဒေဝဒဟနိဂုံး | ၄၀၈ |
| သက္ကတိုင်း သက္ကရနိဂုံး | ၅၇၄ |
| သက္ကမည်သောဘီလူး | ၆၁ |
| သက္ကာယချုပ်ငြိမ်းခြင်းသို့ | ၃၄၀ |
| သက္ကာယဒိဋ္ဌိ | ၃၇၂ |
| သက္ကာယအဖို့အစုလေးပါး | ၃၉၅ |
| သင်္ခါရနိမိတ်မရှိသော စိတ်တည်ကြည်မှု | ၆၂၄ |
| သင်္ဂါရဝမည်သောပုဏ္ဏား | ၁၄၂ |
| သစ္စာလေးပါးကိုသိမြင်ခြင်းနှင့် စပ်သောဟောကြားချက်များ | ၂၄၇ |
| သစ်တုံးကိုခေါင်အုံးပြု၍ နေကုန်၏ | ၃၁၂ |
| သည်း၊ဝေဒနာတို့၏ချုပ်ခြင်း | ၅၁၉ |
| သည်းခံခြင်းထက်သာလွန်သော အကျိုးမရှိ | ၁၃၄ |
| သတိပဋ္ဌာန်လေးပါးနှင့် စပ်သောဟောကြားချက် | ၆၁၀ |

( သ )

| | |
|---|---|
| သတ္တဝါသည်သေပြီးနောက် ဖြစ်သလော | ၂၀၇ |
| သနင်္ကုမာရမည်သောဗြဟ္မာ | ၁၂၄ |
| သပ္ပသောဏ္ဍိကလိုဏ်ဂူ | ၄၄၀ |
| သမာဓိကိုပွားများကြ | ၃၃၄ |
| သမ္မပ္ပဓာန်လေးပါးနှင့် စပ်သောဟောကြားချက်များ | ၆၆၁ |
| သမ္မာသမ္ဗောဓိဉာဏ် | |
| သမီးခုနစ်ယောက်ရှိသူ | ၁၃၄ |
| သရဏာနိမည်သောသာကီဝင် | ၇၀၁ |
| သာကေတမြို့ကဏ္ဍကီတောအုပ် | ၆၃၄ |
| သာကေတမြို့အဥ္စနတောအုပ် | ၅၂ |
| သာကေတမြို့မှသာဝတ္ထိသို့ | ၅၆၂ |
| သာစုကရွာ | ၆၉၂ |
| သာမဏ္ဍကပရိဗိုဇ်နှင့်စပ်သော ဟောကြားချက်များ | ၅၃၃ |
| သာယာဖွယ်သည်အဘယ်နည်း | ၄၃၇ |
| သာလာမည်သောပုဏ္ဏားရွာ | ၆၂၁ |
| သားသမီးနှင့်တူသောချစ်ခင်သူ | ၈ |
| သားသမီးမရှိသောသဌေး | ၈၂ |
| သိကြားမင်းနှင့်စပ်သော ဟောကြားချက်များ | ၁၇၀၊၁၈၆ |
| သိခိမြတ်စွာဘုရား | ၁၂၅ |
| သိမြင်ခြင်း၏အကြောင်း | ၆၁၆ |
| သိရိဝဍ္ဎသူကြွယ် | ၆၃၄ |
| သိသပါဝနတောအုပ် | ၁၁၃ |
| သုက္ကာမည်သောဘိက္ခုနီ | ၁၆၆ |
| သုစိမုခိမည်သော ပရိဗိုဇ်မ | ၄၂၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( သ )** | |
| သုဒတ္တ (အနာထပိဏ်သဌေး) | ၁၆၆ |
| သုဒ္ဓိကမည်သောပုဏ္ဏား | ၁၃၀ |
| သုနာပရန္တဇနပုဒ် | ၄၆၂ |
| သုပ္ပဗုဒ္ဓနတ်သား | ၅၈ |
| သုသိမနတ်သား | ၆၄ |
| သုသိမပရိဗိုဇ် | ၂၄၁ |
| သုမ္ဘတိုင်း သေဒကနိဂုံး | ၆၃၁၊ ၆၃၂ |
| သုကရခတလိုဏ်ဂူ | ၆၅၈ |
| သူစိလောမဘီလူး | ၁၆၂ |
| သူတော်ကောင်းတရား၏ | |
| ကွယ်ခြင်း | ၂၀၇ |
| သူတော်ကောင်းတရား | |
| ကြာမြင့်စွာတည်တံ့ခြင်း | ၆၃၃ |
| သူနာဇရပ်သို့ကြွ၍ | ၅၁၅ |
| သူယုတ်မာဟုဆိုအပ်၏ | ၅၀၃ |
| သေက္ခပုဂ္ဂိုလ်ဟုဆိုအပ်သူ | ၅၀၁ |
| သေရီသကနတ်သား | ၆၁ |
| သေလဘိက္ခုနီ | ၁၁၃ |
| သောဏမည်သောသူကြွယ်သား | ၃၅၀ |
| သောတာပတ္တိဖိုလ်နှင့်စပ်သော | |
| ဟောကြားချက် | ၆၀၉၊ ၇၁၇ |
| သောတာပန်ရဟန်း | ၇၁၄ |
| သောမာဘိက္ခုနီ | ၁၁၀ |
| သံဃာတော်ကို အောက်မေ့ကြ | ၁၇၂ |
| သံယောဇဉ်၏အကြောင်း | ၆၁၅ |
| သံယောဇဉ်နှင့်သံယောဇနီယ | ၅၃၆ |
| သံသရာရေအိုင် | ၁၆ |
| သံသရာ၏အစကိုမသိနိုင် | ၂၆၇ |
| သံသရာရေအလျဉ် | ၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( ဟ )** | |
| ဟတ္ထိကရွာသားဥဂ္ဂသူကြွယ် | ၄၀၂ |
| ဟာလိဒ္ဒိကာနိသူကြွယ် | ၄၀၄ |
| ဟိမဝန္တာတောင် | ၂၅၁ |
| **( အ )** | |
| အကုသိုလ်ဝိတက်သုံးပါး | ၃၆၀ |
| အကုသိုလ်အစု | ၆၂၀ |
| အကျင့်မြတ်ဟူသည် | ၅၇၆ |
| အကျိုးကြီးသောယဇ်ပူဇော်မှု | ၁၀၁ |
| အကျိုးမဲ့ဖြစ်စေသော | |
| တရားသုံးပါး | ၆၉ |
| အကြားအမြင်မရှိသော | |
| ပုထုဇဉ် | ၂၂၀ |
| အကြောင်းကိုစွဲ၍ | |
| အကျိုးဖြစ်ပေါ်ခြင်း | ၁၀၉ |
| အကြောင်းကိုစွဲ၍ဖြစ်သော | |
| အကျိုးတရား | ၂၀၁ |
| အကြောင်းမရှိပဲ | |
| ညစ်ညူးကုန်၏ | ၄၁၅ |
| အကြောင်းရင်းတရားနှင့် | |
| စပ်သောဟောကြားချက်များ | ၁၀၉ |
| အခြားမဲ့၌ | |
| အာသဝတို့၏ကုန်ခြင်း | ၃၅၃၊ ၃၆၉ |
| အခြံအရံနှင့်တကွ | |
| ဖြစ်သော သမာဓိ | ၅၀၄ |
| အင်္ဂတိုင်း အာပဏနိဂုံး၌ | ၆၅၄ |
| အစေလကဿပသည် | ၁၉၀ |
| အစိုးရခြင်းဟူသည် | ၄၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **( အ )** | |
| အဆင်းမလှ | |
| ပုဂ္ဂိုလ်သနတ်သား | ၁၈၄ |
| အဆုံးရှိသောအကျင့် | ၆၆၈ |
| အညစ်အကြေးကင်းသူ | ၅၀ |
| အသက်အဖို့ရှိသော | |
| သုံးယောဇဉ်ငါးပါး | ၅ |
| အထင်မှားမှုကိုပယ်ခွာရန် | ၄၄၃ |
| အထူးအဆန်းကို | |
| ပြောဆိုရာဇရပ်၌ | ၅၆၉ |
| အနာထပိဏ်နတ်သား | ၆၀ |
| အနိမိတ္တသမာဓိ | ၃၆၈၊၅၃၅ |
| အနုမာနညာဏ် | ၆၂၇ |
| အနွဝန်တော | ၁၀၉၊၄၈၀ |
| အပြစ်ကို အပြစ်ဟုမမြင်သူ | ၁၈၅ |
| အဗျာကတနှင့်စပ်သော | |
| ဟောကြားချက်များ | ၅၆၂ |
| အဘယမင်းသား | ၆၁၆ |
| အမ္ဗပါလီဥယျာဉ်၌ | |
| သီတင်းသုံးစဉ် | ၆၁၈၊၆၇၆ |
| အမျိုးမျိုးသော | |
| အတ္တကိုရှာခြင်း | ၃၄၉ |
| အယုဇ္ဈမြို့ | ၃၈၇ |
| အယူမှားဖြစ်ခြင်းနှင့်စပ်သော | |
| ဟောကြားချက်များ | ၄၁၂ |
| အရိယသစ္စာလေးပါး | ၇၁၉ |
| အရဉာဝတီနေပြည်တော် | ၁၂၅ |
| အရိုးစုပြိတ္တာ | ၃၈၃ |
| အရောင်အလင်းလေးမျိုး | ၁၆ |
| **( အ )** | |
| အရှင်ကောဏ္ဍည | ၁၅၁ |
| အရှင်တိဿ | ၃၂၂ |
| အရှင်နန္ဒ | ၃၂၂ |
| အရှင်ကုဏ္ဍလဘဒ္ဒိယ | ၃၂၁ |
| အရှင်ဝိသာခ | ၃၂၂ |
| အရှင်သမိဒ္ဓိ | ၁၁ |
| အရှင်သုဇာတ | ၃၂၀ |
| အလယ်လမ် ဖြစ်သောအကျင့် | ၇၂၁ |
| အလုံးစုံသည် ရှိသလော | ၂၂၀ |
| အလုံးစုံဟုဆိုအပ်သောတရား | ၄၄၀ |
| အဝန္တီတိုင်း မက္ကရကဘမြို့ | ၄၈၅ |
| အဝိဇ္ဇာဟူသည် | ၃၉၆၊၄၀၀ |
| အသက်ဖြင့် | |
| ပိုင်းခြားအပ်သောဝေဒနာ | ၂၂၄ |
| အသင်္ခတနှင့်စပ်သော | |
| ဟောကြားချက်များ | ၅၅၉ |
| အသိဗန္ဓကပုတ္တရွာသူကြီး | ၅၄၉ |
| အသုန္ဒရိကပုဏ္ဏား | ၁၃၀ |
| အသုဘတရား | ၆၈၃ |
| အာနာပါနသတိ | ၆၇၉ |
| အာမိသနှင့်တကွဖြစ်သောပီတိ | ၅၂၃ |
| အာသဝကုန်ခြင်း | ၃၉၂ |
| အာသဝကင်းသော | |
| လွတ်မြောက်မှု | ၇၀၁ |
| အာဟာရလေးပါး | ၁၉၄၊၂၄၀ |
| အာဠဝီပြည်အဂ္ဂါဠဝစေတီ | ၁၄၄ |
| အာဠဝကဘီလူး | ၁၆၇ |
| အာဠာဝိကာဘိက္ခုနီ | ၁၀၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **(ဣ)** | |
| ဣစ္စာနင်္ဂလမြို့ | ၆၀၆ |
| ဣဒ္ဓိပါဒ်လေးပါးနှင့်စပ်သော | |
| ဟောကြားချက် | ၆၆၃၊ ၆၇၃ |
| ဣန္ဒကဘီလူး | ၁၆၁ |
| ဣန္ဒြေ ၆ပါး၌ | |
| လုံခြုံသောတံခါးရှိသူ | ၄၇၉ |
| ဣသိဒတ္တနှင့်ပုရာဏ | ၆၉၂ |
| **(ဉ)** | |
| ဥက္ကာဘာပုဏ္ဏား | ၆၅၁၊ ၆၆၀ |
| ဥဒယပုဏ္ဏား | ၁၃၆ |
| ဥပ္ပလဝဏ္ဏာဘိက္ခုနီ | ၁၁၁ |
| ဥပါဒါန်၏အကြောင်းတရား | ၂၂၅ |
| ဥပါဒါနက္ခန္ဓာငါးပါး | ၃၅၄၊ ၃၇၁ |
| ဥဒေနမင်း | ၄၀၂ |
| ဥဒါန်းစကားကိုမြွက်ဆို၏ | ၆၆၆ |
| ဥပစာလာ ဘိက္ခုနီ | ၃၀၀ |

# အမှား အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၄ | ၁၉ | ကဋ္ဌိကာရသုတ် | ဃဋ္ဌိကာရသုတ် |
| ၆၂ | ၁၀ | ကဋ္ဌိကာရသုတ် | ဃဋ္ဌိကာရသုတ် |
| ၁၀၄ | အောက်ခြေမှတ်စု | အပ္ပိဘာက္ခတော | အပ္ပိဘာက္ခဏော |
| ၁၂၄ | ၉ | သနင်္ကုမာခသုတ်ဖြဟ္မာ | သနင်္ကုမာရဗြဟ္မာ |
| ၂၅၅ | ၁၀ | ဇာတ်အမျိုးမျိုးကို | ခတ်အမျိုးမျိုးကို |
| ၂၇၈ | ၂၀ | ချဉ်းကပ်ခြင်းငှာထိုက် | ချဉ်းကပ်ခြင်းငှာ မထိုက် |
| ၂၉၁ | ၂၆ | ကြိုး၊သွားဟူသည် | မိုးကြိုးသွားဟူသည် |
| ၂၉၂ | ၁ | ဒိဒ္ဓသုတ် | ဒိဒ္ဓသုတ် |
| ၃၅၁ | ၄ | မှန်စွာမြင်သောရုပ်၌ | မှန်စွာမြင်သော် ရုပ်၌ |
| ၃၆၄ | ၁၉ | ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၏ | ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၍ |
| ၃၉၀ | ၁၁ | လက်သည်းဖျားပင် | လက်သည်းဖျားမျှပင် |
| ၄၅၃ | ၂၆ | မမြဲသောတရားနှင့် | မမြဲသောတရား၌ |
| ၄၅၄ | ၂၅ | အဝိဇ္ဇာပင်တည်း | ဝိဇ္ဇာပင်တည်း |
| ၄၇၅ | ၁၁ | နာတိကရာ | နာတိကရွာ |
| ၄၁၅ | ၁၀ | ညည်းညူကြကုန်၏ | ညစ်ညူးကြကုန်၏ |
| ၄၇၂ | ၇ | ဝေဒနာကို | ဝေဒကို |
| ၄၇၈ | ၁၃ | တပ်မက်ဖွယ်သောအာရုံ ကိုမှီသော | တပ်မက်ဖွယ်သော အာရုံ ၆ ပါးကိုလွန်စွာ နှစ်သက်စွဲလမ်း၍တည်သော |
| ၅၈၈ | ၈ | မမေ့မလျော့ခြင်းပင် | မမေ့မလျော့ခြင်းလျှင် |
| ၆၁၂ | ၁၂ | ဓမ္မဝိစယသည့်သမ္ဗောဇ္ဈင် | ဓမ္မဝိစယ သမ္ဗောဇ္ဈင် |
| ၆၁၆ | ၂၅ | ထိုရဟန်းအား | ထိုရဟန်းသည် |
| ၆၂၁ | ၃ | စမ်းလေသည် | ဖမ်းလေသည် |
| ၆၂၆ | ၃ | အမြင်အာရုံ၌ | အပြင်အာရုံ၌ |
| ၆၆၇ | ၂၁ | ထောက်တည်၏ | ဆောက်တည်၏ |
| ၆၉၅ | ၁၂ | ဘုရား၌ကြည်ညိုခြင်း စသည်၌ | ဘုရား၌ကြည်ညိုခြင်း စသည့် |
| ၆၉၈ | ၁၃၊၁၄ | ဇောတိပါလသူကြွယ် | ဇောတိကသူကြွယ် |

# ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်

ပိဋကသုံးပုံဟု ဆိုအပ်သော နိကာယ်ကြီး ငါးရပ်အနက် တတိယမြောက်ဖြစ်သော သံယုတ္တနိကာယ်သည် ကျမ်းအားဖြင့် ငါးကျမ်း၊ သံယုတ္တခေါ် အပိုင်းကဏ္ဍအားဖြင့် ၅၆ ခုရှိ၏။ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ သာဝကများ ဟောကြားသည့် သုတ်ပေါင်း ၇၇၆၂ သုတ် ပါဝင်ပါသည်။

ပိဋက အနှစ်ချုပ် သံယုတ္တနိကာယ်မည်သော ဤကျမ်း၌ နတ် ဗြဟ္မာတို့၏ အမေးကို ဖြေကြားချက်များလည်း ပါဝင်ပါသည်။ ထို့ပြင် ပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဗောဇ္ဈင်၊ မဂ္ဂင် စသည့် တရားသဘော အမျိုးမျိုးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်း ဟောကြားချက်များ ပြည့်ပြည့်စုံစုံ ပါရှိပါသည်။

ဆဋ္ဌသံဂါယနာမူ ပါဠိတော်စာမျက်နှာအားဖြင့် ၁၄၅၄ မျက်နှာမျှရှိသော သံယုတ္တနိကာယ်ကြီးတခုလုံးကို ဓမ္မာစရိယ ဦးမောင်မောင်လေးက စာအုပ်တအုပ်တည်းဖြင့် မူရင်းလည်း မပျက် အနက်အဓိပ္ပာယ်လည်း ပေါ်လွင်အောင် သိပ်သည်း ကျစ်လျစ်စွာ ပြန်ဆိုထားပါသည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို လိုလားသူ သူတော်စင်များ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသော ယောဂီများနှင့် စာပေပညာရှင်များ မြတ်မြတ် နိုးနိုး တန်ဖိုးထားကာ လေ့လာဖတ်ရှုနိုင်ရန် အထူးကြိုးစား၍ စီစဉ်တင်ဆက်လိုက်ပါသည်။